ပဝေသနက္ခဏစသည်။ ။ရန်သူရဟန်းတို့ ခေါ်ဆောင်အပ်ခဲ့သော မိန်းမက ရဲဟန်း၏ အင်္ဂါဇာတ်ကို သူ၏မင်္ဂတ်ဝင်းသို့ သွင်းဆဲခဏကို "ပဝေသနက္ခဏ"ဟု ခေါ်၏၊ ဝင်သင့်ရာအရပ် ဆုံးသည်တိုင်အောင် သွင်းပြီးရာခဏကို "ပဝိဋ္ဌက္ခဏ"ဟုခေါ်၏၊ ဆုံးပြီးနောက် ပြန်၍ မန္ဒတ်ခင် ရပ်တန့်ဆဲခဏကို "ဌိတက္ခဏ"ဟုခေါ်၏၊ နှုတ်သည်မှစ၍ အပြင်ရောက်သည်တိုင်အောင် ခဏကို"ဥဒ္ဓါရက္ခဏ"ဟု ခေါ်သည်။

ဒုတိယပါရာဇိကအဖွင့်

[အဒိန္နဒါန ပါရာဇိက ဟုလည်းခေါ်၏။]

၃။ အာဒိယေယျ ဟရေယျာဝ-ဟရေယျ ဣရိယာပထံ။
ကောပေယျ ဌာနာ စာဝေယျ၊ သင်္ကေတံ ဝီတိနာမယေ။

၄။ အဒိန္နံ ထေယျစိတ္တော၊ ဘဝေ ပါရာဇိကော-ထဝါ။
ထေယျဇ္ဈ ကုသစ္ဆန္နေ-ပရိကပ္ပါဝဟာရကော။
ဘဏ္ဍကာလဋ္ဌဒေသေဟိ၊ ပရိဘောဂေတ္ထ နိစ္ဆယော။

၃,၄။ အနိက္ခိတ္တသိက္ခော၊ သည်။ဝါ၊သည်။အဒိန္နံ၊ ဥစ္စာရ္ဂင်သည်မပေးအပ်သော လူ့ဥစ္စာကို။ ထေယျစိတ္တော၊ ခိုးသူ၏ ဖြစ်ကြောင်းဖြစ်ရာစိတ်ဖြင့်။ ဝါ၊ ခိုးလိုသောစိတ်ဖြင့်။ အာဒိယေယျ၊ တရားစွဲ၍ယူအံ့။ ဟရေယျ၊ ဆောင်ယူသွားစဉ် ခိုးစိတ်ဝင်၍ ဆောင်ယူအံ့။ အဝဟရေယျ၊ အပ်နှံထားအပ်သော ဘဏ္ဍာကို ပြန်မပေးဘဲယူအံ့။ ဣရိယာပထံ၊ ဘဏ္ဍာရှင်၏ ဣရိယာပုထ် သက်ရှိဘဏ္ဍာ၏ ဣရိယာပုထ်ကို။ ကောပေယျ၊ ပျက်စေအံ့။ ဌာနာ၊ ငွေအိုးစသည်တို့၏တည်ရာအရပ်မှ။စာဝေယျ၊ ရွေ့စေအံ့။သင်္ကေတံ၊ ကြံဆအပ်သောအရပ် သတ်မှတ်အပ်သော ကင်းခွန်ကောက်ရာအရပ်ကို။ ဝီတိနာမယေ၊ လွန်စေအံ့၊ (သော ဘိက္ခု၊ သည်။) ပါရာဇိကော၊ သာသနာတော်မှ ဆုံးရှုံးစေအပ်သူသည်။ ဝါ၊ ပါရာဇိကကျသူသည်။ ဘဝေ၊ ဖြစ်၏။

အနက်ပေးပုံ။ ။ရွှေဂါထာမှ “အနိက္ခိတ္တသိက္ခော” ဟူသော ကတ္တားပုဒ်ကို နောက်နောက် သိက္ခာပုဒ်များသို့လည်း ထိုက်သလို လိုက်စေထိုက်၏၊ ထိုပုဒ်ကို “အဒိန္နံ ထေယျစိတ္တော” နှင့်တွဲပြီးလျှင် ဝီတိနာမယေ၏အဆုံး၌ “ပါရာဇိကော ဘဝေ” နှင့်ဆက်၍ အနက်ပေးရသည်၊ သို့သော် နောက်နောက် သိက္ခာပုဒ်၌ကား ထည့်သင့်သောပုဒ်များကို ထည့်၍ရင်း, လုံးလုံး မထည့်ဘဲသော်ရင်း ပေးလိမ့်မည်။

အာဒိယေယျ။ ။"ယူငြားအံ့" ဟု သဒ္ဒါနက် ထွက်သော်လည်း "အာဒိ-ယေယျာတိ အာရာမံ အဘိယုဉ္ဇတိ-သစ်သီးအရာမ် ပန်းအရာမဲ် (သစ်သီးခြံ ပန်းခြံ) ကိုတရားစဲ့၍ ယူအံ့" ဟု အဋ္ဌကထာဌ် ဖွင့်သောကြောင့် ထိုအတိုင်း နိဿယဌ်အနက်ပေးထားသည်။

အာပတ်သင့်ပုံ။ ။သူ့ပစ္စည်းကို မိမိပစ္စည်းဖြစ်အောင် မတရားသဖြင့် တရားစဲ့ရာဌ် တရားစဲ့လျှင် ဒုက္ကဋ်အာပတ်၊ ဥစ္စာရှင်က "ငါ့ရုံးမှာလေလား" ဟု ယုံမှားသံသယဖြစ်လျှင် တရားစဲ့သောရဟန်းမှာ ထုလ္လစ္စဉ်းအာပတ်၊ ဥစ္စာရှင်က ဓုရနိကွေ့ပပြုလျှင် တရားစဲ့သော ရဟန်းမှာ ပါရာဇိကအာပတ်သင့်၏။

ဓုရနိကွေ့ပ။ ။မိမိဥစ္စာကို ရဘို့ရန် အားမထုတ်တော့ဘဲ လုလ္လဝိရိယကို လျှော့ချလိုက်ခြင်းကို ပါဠိလို "ဓုရနိကွေ့ပ" ဟု ခေါ်သည်၊ [ရှေးက "ဝန်ချခြင်း" ဟု အနက်ပေးသောကြောင့် အဓိပ္ပါယ် မသိသာဘဲ ရှိရသည်၊ အမှန်မှာ တောင်းပန်သော ဝန်ချခြင်းမဟုတ်၊ ရအောင် အားထုတ်ရမည့် တာဝန်ကို+လျှော့ချလိုက်ခြင်းတည်း၊ ဓုရ-လုလ္လဝိရိယကို၊ ဝါ-တာဝန်ကို+နိကွေ့ပ-လျှော့ချခြင်း။]

ဟရေယျ။ ။"ဆောင်ယူအံ့" ဟု အနက်ထွက်သော်လည်း "ဟရေယျာတိ အညဿ ဘဏ္ဍံ ဟရန္တော—ဥစ္စာရှင်က ခရီးသွားမည်ဖြစ်သော မိမိအား အခြားသူထံပေးဘို့ရန် လူကြုံပေးအပ်လိုက်သော ဘဏ္ဍာကို ဆောင်ယူသွားစဉ်၊ သီသေ ဘာရံ ထေယျစိတ္တော အာမသတိ–ဦးခေါင်းပေါ်က အထုပ်အပိုးကို ခိုးလိုသော စိတ်ရှိသည်ဖြစ်၍ သုံးသပ်အံ့ (ကိုင်အံ့)၊ ဤသို့စသည်ဖြင့် အဋ္ဌကထာဖွင့်သောကြောင့် ထိုအတိုင်း အနက်ပေးရသည်။ [ဦးခေါင်းပေါ်က ဘဏ္ဍာထုပ်ကို ထိရုံဖြင့် ဒုက္ကဋ်၊ လှုပ်စေလျှင် ထုလ္လစ္စဉ်း၊ ပခုံးပေါ်ချလျှင် ပါရာဇိကတည်း။]

အဝဟရေယျ။ ။[ဟရေယျာဝကို "ဟရေယျ+အဝ" ဟုခွဲ။] အဝဟရေ-ယျာတိ ဥပနိက္ခိတ္တံ ဘဏ္ဍံ–မိမိအထံ၌ ခေတ္တာမျှ အပ်ထားအပ်သော ဘဏ္ဍာကို၊ ဒေဟိ မေ ဘဏ္ဍံတိ ဝုစ္စမာနော—တပည့်တော်၏ ဘဏ္ဍာကိုပြန်ပေးပါတော့ဟု

ပြောဆိုအပ် တောင်းအပ်သော်၊ နာဟံ ဂဏှာမိတိ ဘဏတိ၊ အာပတ္တိ ဒုက္ကဋဿ-တပည့်တော်မယူပါဟု ပြောလျှင် ဒုက္ကဋ်အာပတ်၊ ဥစ္စာရှင်က "ပြန်ရတော့မှာမဟုတ်" ဟု ဓုရနိက္ခေပပြုလျှင် ပြန်မပေးသော ရဟန်းသည် ပါရာဇိကကျ၏။

ဣရိယာပထံ ဝိကောပေယျ။ ။အထုပ်ထမ်း၍ လမ်းသွားနေသော ခရီးသည်၏ အထုပ်ကို ယူလိုသောကြောင့် ထိုသူ၏ သွားမြဲ ဣရိယာပုထ်ကို ပျက်စေလျက် မိမိသွားစေလိုရာ အခြားတလမ်းသို့ သွားအောင် ခြိမ်းခြောက်လျှင် ပဌမခြေတလှမ်း အပြောင်း၌ ရဟန်းမှာ ထုလ္လစ္စဉ်း, ဒုတိယခြေတလှမ်း၌ ပါရာဇိကကျ၏၊ ဤကား ဘဏ္ဍာရှင်၏ ဣရိယာပုထ်ကို ပျက်စေခြင်းတည်း။

တနည်း။ ။ကျွန်, နွားစသော သက်ရှိ ဘဏ္ဍာကို ခိုးယူလိုစိတ်၌ လည်း ထိုသတ္ဝါ၏ သွားမြဲလမ်းမှ မိမိခေါ်လို-ယူလို ရာရာလမ်းသို့ ပြောင်း၍ သွားအောင် ခြိမ်းခြောက် မောင်းနှင်လျှင် ထိုကျွန်-နွား စသူတို့၏ ပဌမခြေလှမ်း၌ ထုလ္လစ္စဉ်း, ဒုတိယခြေလှမ်း၌ ပါရာဇိကတည်း၊ ဤကား အသက်ရှိသော ဘဏ္ဍာ၏ သွားမြဲဣရိယာပုထ်ကို ပျက်စေခြင်းတည်း၊ [ဤနည်းကို အဋ္ဌကထာ၌ "ကောဘဏ္ဍဝသေန ပန သဿာမိကံ ဒါသံ ဝါ တိရစ္ဆာနဂတံ ဝါ" စသည်ဖြင့် ပြသည်။]

ဌာနာ စာဝေယျ။ ။ထလဋ္ဌံ ဘဏ္ဍံ ထေယျစိတ္တော အာမသတိ—မြေကြီး၌ မြုပ်ထားအပ်သည်ဖြစ်၍ (ရေထည်း၌ မဟုတ်) ကုန်းပေါ်၌ တည်သည်ဟု ဆိုရသော ငွေအိုးစသည်ကို ခိုးလိုသောစိတ်ဖြင့် ကိုင်အံ့၊ ဒုက္ကဋ်သင့်၏။ လှုပ်စေအံ့၊ ထုလ္လစ္စဉ်းသင့်၏။ နေရာမှ ရွှေ့အံ့၊ တဆစ်ချည်မျှ ရွှေ့လျှင် ပါရာဇိကကျ၏။ သေတ္တာစသည်ဝယ် ထည့်ထားအပ်သောဘဏ္ဍာ၌လည်း နည်းတူ။

သင်္ကေတံ ဝိတိနာမယေ။ ။မိမိမှန်းထားအပ်သော အရပ်ကိုဌင်း, အစိုးရတို့က ကင်းခွန်ကောက်ရာဌာနဟု မှတ်သားအပ်သောအရပ်ကိုဌင်း "သင်္ကေတ" ဟု ခေါ်၏၊ ကျောင်းတိုက်အတွင်းရှိ သူတပါးပစ္စည်းကို ခိုးယူလိုသော ရဟန်းသည် "ကျောင်းတိုက်အပြင်ရောက်မှ ယူမည်" ဟု ခိုးရာအရပ်ကို သတ်မှတ်၍ ပစ္စည်းကို ယူသွား၏၊ ကျောင်းတိုက်အတွင်း၌ ဥစ္စာရှင်က မြင်လျှင် "နမူနာပြဘို့

အထဝါ၊ ထို့ပြင် တနည်းကား။ ထေယျဗ္ဗလကုသစ္ဆန္နပရိကပ္ပါဝဟာရကော၊ ပုန်းလျှိုးကွယ်လျှိုး လှည့်ပတ်၍ ခိုးသောရဟန်း မိမိအင်အားဖြင့် လှမ်းမိုး၍ လုယူသောရဟန်း မဲလိပ်ကဗျည်းကို ပြောင်း၍ ခိုးသောရဟန်း မြေမှုန့် သစ်ရွက်စသည်တို့ဖြင့် ဖုံးအုပ်၍ ခိုးသောရဟန်း ဘဏ္ဍာ , အရပ်ကို ကြံဆ၍ ခိုးသော ရဟန်းသည်။ ပါရာဇိကော၊ သည်။ ဝါ၊ သည်။ ဘဝေ၊ ဖြစ်၏။

ဇေတ္ထ၊ ဤအဒိန္နာဒါန ဒုတိယပါရာဇိကဉ်။ ဘဏ္ဍကာလဉ္ဆဒေသေဟိ၊ ဥစ္စာရှင် ရှိ-မရှိသောဘဏ္ဍာ ယူရာကာလ အသစ်- အဟောင်းတန်ဘိုး ယူရာဒေသတို့ အားဖြင့်ငင်း။ ပရိဘောဂါ၊ သုံးစွဲခြင်းအားဖြင့်ငင်း။ နိစ္ဆယော၊ ဆုံးဖြတ်ရ ခြင်းသည်။ (ဟောတိ)။

ရန် ခေတ္တယူတာပါ”ဟု ပြောမည်ဟု ကြံထား၏၊ ဤနည်းအားဖြင့် ယူသွားပြီး နောက် သတ်မှတ်အပ်သော ကျောင်းပြင်ဘက်အရပ်ကို လွန်စေလျှင် ပါရာဇိက ကျ၏။

ရဟန်းတပါးကား အခွန်ကောက်ဘို့ရန် သတ်မှတ်အပ်သော အရပ်ကို (အခွန်မပေးလို၍) ရှောင်လွဲသွား၏၊ ယခုခေတ်၌ ရထားသဘော်စသည်ဝယ် လက်မှတ်တန်ဆာ မပါဘဲ စီးပြီး , တင်ပြီးနောက် လွတ်အောင် ကြံဆောင်၍ စစ်ဆေးရာဌာနကို ရှောင်လျှင်လည်း ဤသကဲ့တံ ဝိတိနာမယောပင်တည်း၊ ထို့သို့ သကဲ့တကို လွန်စေရာ၌ အခွန်အကောက် ပေးစရာက တပါဒတန်လျှင် ပဌမခြေလှမ်းဝယ် ထုလ္လစ္စဉ်း၊ ဒုတိယခြေလှမ်း၌ ပါရာဇိကတည်း။

အထဝါ။ ။အဋ္ဌကထာ၌ ခိုးနည်း (မတရားယူနည်း) ကို ၂၅- ပါးပြထား၏၊ ထို ၂၅-ပါးသည် ပြအပ်ပြီးသော “အာဒိယေယျ” စသော ၆-ပါး၌ ထိုက်သည်အားလျော်စွာပါဝင်၏၊ ထို့သို့ပါဝင်သော်လည်း လောက၌ အဖြစ်များ၍ ထင်ရှားသော ခိုးနည်းယူနည်း ၅-ပါးကို အဋ္ဌကထာဝယ် “ထေယျာဝဟာရပဥ္စက” ဟူသောနာမည်ဖြင့် ပြထား၏၊ ထို ၅-ပါးကို ပြလို၍ “အထဝါ” စသော ပက္ခန္ဒရနိပါတ်ကိုမိန့်သည်။

ဒုဋ္ဌသိက္ခာ ၂—ပ-မ-ဗ-သ-စ

ထေယျ၊ပေါဝဟာရကော။ ။အဝဟာရက ပုဒ်ကို ရွေ့ပုဒ်တို့နှင့် တဲ့၍ ထေယျာဝဟာရက ဗလာဝဟာရက ကုသာဝဟာရက ဆန္နာဝဟာရက ပရိ-ကပ္ပါဝဟာရကဟု အဝဟာရက ၅-မျိုးကိုမှတ်ပါ။ [အဝဟာရကော၌ အဝသဒ္ဒါသည် ထေယျအနက်ကိုဟော၏၊ အဝဟရတိ၊ ခိုးဆောင်တတ်၏။ ဣတိ အဝဟာရကော။]

ထေယျာဝဟာရက။ ။"ထေယျ၊ ခိုးသူ၏ ဖြစ်ကြောင်းဖြစ်ရာ" ဟု အနက်ထုတ်သောကြောင့် မသိအောင်ခိုးယူခြင်း လှည့်ပတ်၍ခိုးယူခြင်း ဒါးမြှောက်ခြင်းစသော အားလုံးနှင့် ဆိုင်သော်လည်း ဤနေရာ၌ကား "သန္ဓိစ္ဆေဒါဒိနိကတ္တာ အဒိဿမာနော အဝဟရတိ၊ အိမ်၏အဆက်အစပ်ကို ဖောက်ဖြတ်မှုစသည်ကိုပြု၍ ဥစ္စာရှင်တို့မမြင်နိုင်အောင်ပုန်းလျှိုးကွယ်လျှိုးခိုး၏။ကုဋ္ဌမာနကုဋ္ဌကဟာ-ပဏာဒီဟိ ဝါ ဝဥ္ဆတ္တာ ဂဏှာတိ၊ အလေး တောင်း ချိန်ခွင် မမှန်သောငွေစသည်တို့ဖြင့် လှည့်ပတ်၍ယူ၏"ဟု အဋ္ဌကထာ ဆိုသောကြောင့် "ပုန်းလျှိုးကွယ်လျှိုးလှည့်ပတ်၍ခိုးခြင်းကို ထေယျ"ဟု မှတ်ပါ၊ ထိုနည်းအားဖြင့် ခိုးယူသူကို "ထေယျ+အဝဟာရက"ဟု ခေါ်သည်။ [ထေယျေန+အဝဟာရကော ထေ-ယျာဝဟာရကော။]

ဗလာဝဟာရက။ ။[ထေယျဗွလ၌ ဆန်းကိုဏ်းတဲ့အောင် ဗွဒ္ဓဘော်ပြုထားသည်။] "ယော ပန ပရေ ပသယျ ဗလသာ အာဘိဘုယျ၊ သူတပါးတို့ကို မိမိအင်အားဖြင့် လှုပ်မိုး၍။ အထဝါ ပန သန္တေဇေတွာ ဘယံ ဒဿေတွာ၊ တနည်းအင်အားဖြင့် ဘေးကိုပြကာ ခြိမ်းခြောက်၍။ တေသံ သန္တကံ ဂဏှာတိ၊ ထိုသူတို့၏ဥစ္စာကိုယူ၏"ဟု အဋ္ဌကထာဖွင့်သောကြောင့် မိမိ၏ကိုယ်အင်အား ဥစ္စာအင်အား ရာထူးအင်အားဖြင့် လှုပ်မိုးခြိမ်းခြောက်၍ယူခြင်း အတင်းလုခြင်း ဒါးမြှောက်ခြင်းအားဖြင့်ယူသူကို "ဗလာဝဟာရက" ဟုခေါ်သည်။ [ဗလေန+အဝဟာ-ရကော ဗလာဝဟာရကော။]

မှတ်ချက်။ ။ဂါထာဖြစ်၍ စကားကျဉ်းအောင် "ဗလာဝဟာရက"ဟု ဆိုသော်လည်း အဋ္ဌကထာ၌ ဗလနေရာဝယ် "ပသယျ"ဟု သုံးစွဲ၏။ ယခုခေတ်ဝယ် အသင်း၌ အတွက်ကျခဲ့ထားသောငွေကို မထည့်လျှင်ရင်း ဘုန်းကြီးက ကြေးပစ်

၍ ခဲ့ထားသောဥေကို မထည့်လျှင်၎င်း အသင်းကဖြစ်စေ ဘုန်းကြီးကဖြစ်စေ "သပိတ်မှောက်မည်" စသည်ဖြင့် ခြိမ်းခြောက်ခြင်း မျိုးလည်း ပသယှာဝဟာရပင်ဖြစ်စရာရှိသည်။

ကုသာဝဟာရက။ ။"ကုသံ သက်္ခမေတ္ထာ ပန အဝဟရဏံ ကုသာဝဟာရောတိ ဝုစ္စတိ" ဟု အဋ္ဌကထာ ဖွင့်သောကြောင့် ဝေဘန်ဘုံရာ ဘဏ္ဍာကို (သက်နှံးစသည်ကို) မဲချ၍ဝေရာ၌ မိမိမဲကို အမှတ်တမဲ့ဖတ်ပြီးလျှင် ညှံသောဘဏ္ဍာ၌ ကျနေလျှင် သူတပါးမသိအောင် ကောင်းသောဘဏ္ဍာသို့ ပြောင်းလဲ၍ ချထားသောအားဖြင့် ခိုးသောရဟန်းကို "ကုသာဝဟာရက" ဟု ခေါ်၏။ [ကုသံ၊ အကွာရုရေးအပ်သော ကဗျည်းကို။ ဝါ၊ မဲကို+သက်္ခမေတ္ထာ၊ ပြောင်းရွှေ့၍+အဝဟာရကော ကုသာဝဟာရကော။]

ဆန္နာဝဟာရကော။ ။[အဋ္ဌကထာ၌ "ပဋိစ္ဆန္နံ" ဟု သုံးစဲ့၏၊ ဤ၌ ဂါထာဖြစ်၍ စကားကျဉ်းအောင် "ဆန္နံ" ဟု သုံးစဲ့သည်။] "ပဋိစ္ဆာဒေတ္ထာ ပန အဝဟရဏံ၊ ဖုံမြက် သစ်ရွက် စသည်တို့ဖြင့် ဖုံးအုပ်၍ ခိုးခြင်းသည်ကား။ ပဋိစ္ဆန္နာဝဟာရော" ဟု အဋ္ဌကထာဖွင့်သောကြောင့် ဥစ္စာရှင်တို့၏ ကျ၍နေရစ်သော လက်စွပ်စသည်ကို မိမိက မြေမှုန့်ဖြင့် ဖုံးထားလိုက်၏၊ ဥစ္စာရှင်တို့ ပြန်၍ရှာသောအခါ မတွေ့ကြ၊ ထို့နောက်မှ ထိုရဟန်းက လာ၍ ယူ၏၊ ဤနည်းအားဖြင့် ခိုးသူကို "ဆန္နာဝဟာရက" ဟုခေါ်၏။ [ဆန္နေန၊ ဖုံးထားခြင်းအားဖြင့်+အဝဟာရကော ဆန္နာဝဟာရကော။]

ပရိကပ္ပါဝဟာရက။ ။ပရိကပ္ပ – ကြံဆအပ်သောဘဏ္ဍာ, ကြံဆအပ်သောအရပ်၊ ဤသို့ ပရိကပ္ပ ၂-မျိုးရှိ၏၊ ထိုတွင် အဝတ်ကို အလိုရှိသောရဟန်းသည် မှောင်နေသော အခန်းတွင်းသို့ဝင်၍ ခိုးဘို့ရန် ပစ္စည်းရှာဘွေရာ ဘဏ္ဍာထုပ်တခုကိုတွေ့ရ၏၊ ထိုအခါ "ဤအထုပ်၌ အဝတ် ဖြစ်လျှင်ယူမည်၊ ချည်တွေ ဖြစ်နေလျှင်မယူ" ဟု ကြံစည်လိုက်၏၊ အဝတ်ထုပ်ဖြစ်နေသော် မြွောက်ယူလိုက်လျှင်ပင် ပါရာဇိက၊ ချည်ထုပ်ဖြစ်မူကား မကျသေး၊ အပြင်ရောက်သော် ချည်ထုပ်မှန်းသိ၍ "ထိုချည်ထုပ်ကိုပင်ယူမည်" ဟု ကြံလျှင်ကား ပဌမခြေလှမ်း၌ထုလ္လစ္စည်း၊ ဒုတိယခြေလှမ်း၌ ပါရာဇိကတည်း။ [အရပ်ကို ကြံဆပုံမှာ – "သင်္ကေတံ ဝီတိနာမယေ" တုန်းက ကြံဆအပ်သော အရပ်ကို လွန်စေပုံနှင့် သဘောတူပင်တည်း။]

ဘဏ္ဍာ၊ ပေ၊ နိစ္ဆယော။ ။ ဤ ၂-ပါဒဖြင့် ဝိနည်းဓိုရိပုဂ္ဂိုလ်၏ ဆုံးဖြတ်နည်းကို ပြသည်၊ တရားဆုံးဖြတ်မည့် ဝိနည်းဓိုရိပုဂ္ဂိုလ်သည် မိမိအထံ၌ ဒုတိယပါရာဇိက သိက္ခာပုဒ်နှင့်စပ်၍ အဆုံးအဖြတ်ခံဘို့ရန် ရောက်လာသည်ရှိသော် ခိုးအပ်သော ဘဏ္ဍာကိုငင်း ခိုးရာကာလကိုငင်း ဘဏ္ဍာ၏တန်ဘိုးကိုငင်း ခိုးရာအရပ်ကိုငင်း ထိုဘဏ္ဍာ၏သုံးစွဲဘူးခြင်းကိုငင်း၊ ဤ ၅-ချက်ကို နှိုင်းချိန်၍ ဆုံးဖြတ်ရသည်။

ဘဏ္ဍ။ ။လမ်း၌ ကျနေရစ်သော ဘဏ္ဍာကိုတွေ့၍ ခိုးလိုသောစိတ်ဖြင့် ကောက်ယူမိသော ရဟန်းသည် အဆုံးအဖြတ်ခံဘို့ရန်လာသောအခါ ထိုဘဏ္ဍာ၏ ဥစ္စာရှင် ရှိ-မရှိကိုငင်း ဥစ္စာရှင်ရှိပြန်လျှင် ထိုဥစ္စာရှင်က ထိုဘဏ္ဍာအပေါ်၌ တွယ်တာမှု ရှိ-မရှိကိုငင်း စုံစမ်းပြီးမှ ဆုံးဖြတ်ရသည်။

ကာလ။ ။ဘဏ္ဍာကိုယူရာကာလကို နှိုင်းချိန်၍ဆုံးဖြတ်ရာ၏၊ တခို့ဘဏ္ဍာသည် ကာလအလိုက် တန်ဘိုးအပြောင်းအလဲရှိတတ်၏။

အဂ္ဃ။ ။ဘဏ္ဍာ၏အသစ်တုန်းက တန်ဘိုးသည် အနည်းငယ်ဟောင်းသောအခါ လျော့သွား၏၊ ထို့ကြောင့် ဘဏ္ဍာ၏ အသစ် အဟောင်းလိုက်၍ တန်ဘိုးထားရသည်။

ဒေသ။ ။ဘဏ္ဍာထုတ်ရာအရပ်၌ တန်ဘိုးသည် အခြားအရပ်သို့ ရောက်သောအခါ တိုး၍သွားတတ်၏၊ ထို့ကြောင့် ခိုးရာအရပ်၏ တန်ဘိုးအတိုင်း ဆုံးဖြတ်ရသည်။

ပရိဘောဂ။ ။ဘဏ္ဍာ၏ မသုံးစွဲအပ်သေးမီက တန်ဘိုးသည် တကြိမ်လောက်သုံးစွဲမိသောအခါ လျော့သွား၏၊ ထို့ကြောင့် သုံးစွဲမှုရှိ-မရှိကိုလည်း စုံစမ်း၍ တန်ဘိုးထားရသည်၊ အကျယ်ကို ဒုတိယပါရာဇိကအဋ္ဌကထာ ပဥ္စဝိသတိအဝဟာရကထာ၌ရှုပါ။

တတိယပါရာဇိကအဖွင့်

[မနုဿဝိဂ္ဂဟ ပါရာဇိက ဟုလည်းခေါ်၏။]

၅။ မနုဿဝိဂ္ဂဟံ စိစ္စ၊ ဇီဝိတာ ဝါ ဝိယောဇယေ။
သတ္ထံ ဝါ အဿ မရဏ - စေတနော ဥပနိက္ခိပေ။

၆။ ဂါဟေယ္ယ မရဏူပါယံ၊ ဝဒေယ္ယ မရဏေ ဂုဏံ။
စုတော ပယောဂါ သာဟတ္ထိ - နိသဂ္ဂါ-ဏတ္တိထာဝရာ။

မနုဿ၊ပေ၊မရဏေ ဂုဏံ။ ။“မနုဿဝိဂ္ဂဟံ စိစ္စ”မှစ၍ “ဝဒေယ္ယ မရဏေ ဂုဏံ” တိုင်အောင်သောစကားသည် “ယော ပန ဘိက္ခု သဉ္ဇိစ္စ မနုဿဝိဂ္ဂဟံ ဇီဝိတာ ဝေါရောပေယ္ယ” စသော ပါတိမောက်ပါဠိတော်ကို အကျဉ်းချုံးထားသောစကားဖြစ်၏၊ ထို့ကြောင့် မျှားစ့ဉာသောအဓိပ္ပါယ်ကို ပါတိမောက်ဘာသာဋီကာ၌ ပြအပ်ပြီးဖြစ်၍ ထိုအတိုင်းမှတ်ပါ။

မနုဿ၊ပေ၊ဝိယောဇယေ။ ။ဤဝါကျသည် “သဉ္ဇိစ္စ မနုဿဝိဂ္ဂဟံ ဇီဝိတာ ဝေါရောပေယ္ယ” အတိုင်းပင်တည်း၊“ စိစ္စ”၌ “သံစိစ္စ”ကဲ့သို့ သံ သဒ္ဒါ မပါသောကြောင့် “သတ္ဝာ ဟု သိသောသညာနှင့် တက္ဝ” ဟု မထည့်ရ။

မနုဿဝိဂ္ဂဟံ။ ။“ဝိဂ္ဂဟ”ဟု လာသမျှ၌ အစစ်ဖြစ်သောကိုယ်ကို ယူရ၏၊ လူယောင်ဆောင်ထားသော နဂါးစသည်တို့၏ ကိုယ်ကိုမယူရ၊ အကျယ်ကို ပါတိမောက်ဘာသာဋီကာ၌ ပြထားပြီ။

ဇီဝိတာ ဝါ ဝိယောဇယေ။ ။ပါဠိတော်၌ “ဝေါရောပေယ္ယ”ကို အဋ္ဌကထာ၌ “ဝိယောဇေယ္ယ”ဟု ဖွင့်သောကြောင့် ထိုအဖွင့်ကိုယူ၍ “ဝိယောဇယေ” ဟုဆို သည်၊ ဝိ+ယုဇ, ကာရိတ်ဟော ပစ္စည်း, ယ္ယကို ဧပြု၍ “ဝိယောဇယေ-မယ္ယဉ် စေရာ” ဟု သဒ္ဒတ္ထဖြစ်၏၊“ကိုယ်ကိုအသက်မှမယ္ယဉ်စေ”ဟုဆိုလျှင် ကိုယ်တခြား, အသက်တခြားဖြစ်အောင် ပြုရာရောက်၏၊ ထိုသို့ပြုခြင်းကား ကိုယ်နှင့် အသက်ကိုခွဲခြင်း သတ်ခြင်းပင်တည်း။

၇။ ဣဒ္ဓိဝိဇ္ဇာမယာ ကာလ - ဝတ္ထာဝုဓိရိယာပထာ။
ကြိယာဝိသေသော ဩကာသော၊ ဆ အာဏတ္တိနိယာမကာ။

၅,၆,၇။ အနိက္ခိတ္တသိက္ခော၊ သည်။ ဝါ၊ သည်။ မနုဿဝိဂ္ဂဟံ၊ လူဇာတ် ရှိသူ၏ကိုယ်ကို။ စိစ္စ၊ သေစေလိုသောစေတနာဖြင့် စေ့ဆော်၍။ ဇီဝိတာ၊ ဇီဝိတိန္ဒြေမှ။ ဝိယောဇယေ ဝါ၊ ခဲ့မူလည်း ခဲ့အုံ့။ မရဏစေတနော၊ သေခြင်းဌ် စေတနာရှိသည်။ ဝါ၊ သေစေလိုသောစေတနာရှိသည်။ (ဟုတ္ဝာ၊ ဖြစ်၍။) သတ္တံ၊ ဒါးစသော လက်နက်ကို။ အဿ၊ ထိုလူ့ကိုယ်၏။ ဥပနိက္ခိပေ ဝါ၊ အနီးဌ်မူလည်း ချထားအုံ့။

သတ္တံ ဝါ၊ ပေ၊ ဥပနိက္ခိပေ။ ။"သတ္ထဟာရကံ ဝါသေ ပရိယေသေယျ"ကို ဂါထာဖြစ်၍ သင့်တော်အောင် စီထားခြင်းတည်း။ [တချို့စာအုပ်ဌ် "သတ္ထဟာရကံ ဝါသေ"ဟုရှိ၏၊ အကွရာလုံးရေပိုနေသောကြောင့် "သတ္ထံ ဝါ" ပါဌ်က ကောင်းမည်ထင်သည်။] မရဏစေတနောကား "ဣတိ စိတ္တမနော စိတ္တသင်္ကပ္ပေါ"၏ အဓိပ္ပါယ်ကိုချုံး၍ ယူထားအပ်သောစကားတည်း၊ သေစေလိုသော စေတနာရှိသည်ဖြစ်၍ လူကိုယ်၏အနီးဌ် ဒါး-လုံ-သေနတ် စသောလက်နက်ကို ချထားအုံ့၊ ထိုသို့ချထားခြင်း၏ ရည်ရွယ်ချက်ကား စိတ်ညစ်သောကြောင့် သူ့ကိုယ်သူသတ်၍သေလိုသောအခါ အလွယ်တကူလက်နက်ရအောင်ဖြစ်သည်။

ဂါဟေယျ မရဏူပါယံ။ ။"မရဏာယ ဝါ သမာဒပေယျ"ကို အကျဉ်းချုံးသောစကားတည်း၊ ထိုပါဠိတော်ဌ် "မရဏတ္ထာယ ဝါ ဥပါယံ ဂါဟာပေယျ"ဟု အဋ္ဌကထာဖွင့်သောကြောင့် ဤဌ်လည်း "ဂါဟေယျ မရဏူပါယံ"ဟု ဆိုသည်၊ "ဒါးဖြင့် ကိုယ့်ကိုယ်ကို ထိုးသတ်၍ သေပါလား၊ အဆိပ်သောက်၍ သေပါလား" စသည်ဖြင့် သေချင်နေသူအား သေဘို့ရန် နည်းလမ်းကို ယူစေအုံ့,နည်းပေးအုံ့" ဟူလို။

ဝဒေယျ မရဏေ ဂုဏံ။ ။"မရဏဝဏ္ဏံ ဝါ သံဝဏ္ဏေယျ"ဟူသော သိက္ခာပုဒ်ပါဠိတော်ကို "ဝဒေယျ မရဏေ ဂုဏံ"ဟု ဆိုသည်။ [သိက္ခာပုဒ်ပါဠိတော်ဌ်

မရဏူပါယံ၊ သေဘို့ရန်နည်းလမ်းကို။ ဂါဟေယျ ဝါ၊ ယူမူလည်း ယူစေအံ့။ မရဏော၊ သေခြင်း၌။ ဂုဏံ၊ ဂုဏ်ကျေးဇူးကို။ ဝဒေယျ ဝါ၊ ပြောဆိုမူလည်း ပြောဆိုအံ့။ (သော ဘိက္ခု၊ သည်။) စုတော၊ ၏။

ပယောဂါ၊ ပယောဂတို့သည်။ သာဟတ္ထိနိသဂ္ဂါ-ဏတ္တိထာဝရာ၊ မိမိလက်ဖြင့် ဖြစ်စေအပ်သောပယောဂ ပစ်လွှတ်ခြင်းဟူသောပယောဂ စေခိုင်းခြင်းဖြင့် ဖြစ်စေအပ်သောပယောဂ ခိုင်မြဲသောပယောဂတို့ဌင်း။ ဣဒ္ဓိဝိဇ္ဇာ-မယာ၊ ကမ္မဇဋ္ဌိကို အသုံးပြုခြင်း ဟူသောပယောဂ ဂါထာမန္တန်အတတ်ကို မန်းမှုတ်ခြင်း ဟူသောပယောဂတို့ ဌင်းတည်း။

"မရဏဝဏ္ဏံ ဝါ သံဝဏ္ဏေယျ" သည် "မရဏာယ ဝါ သမာဒပေယျ"၏ ရှေ့ကျသော်လည်း ဂါထာဖြစ်သောကြောင့် ဤ၌(ဂါထာဆန်းတဲ့အောင်) နောက်ထား သည်။]

အက္ခိုးကျေးဇူးပြောပုံ။ ။သေခြင်း၌ အက္ခိုးကျေးဇူးပြောပုံကို သိက္ခာပုဒ်ပါဠိတော်၌ "ကိံ တုယ္ဘိမိနာ၊ ပေ၊ မတံ တေ ဇီဝိတာ သေယျော" ဟု တိုက်ရိုက်ပြထား၏၊ ထိုစကား ၂-ရပ်တွင် "ကိံ တုယ္ဘိမိနာ ပါပကေန ဒုဇ္ဇီဝိ-တေန- သင့်မှာ ဤကဲ့သို့ ယုတ်ညံ့သော အသက်ရှင်နေရခြင်းဖြင့် ဘာအက္ခိုးရှိအံ့နည်း၊ စားချင်တာ မစားရသော, ရောဂါခံနေရသော ဆင်းဆင်းရဲရဲ အသက်ရှင်ရခြင်းထက် သေရတာက ကောင်းပါသေးရဲ့"ဟု ပြောခြင်းသည် ဆင်းရဲသူ ရောဂါများသူအား ပြောခြင်းတည်း။ "မတံ တေ ဇီဝိတာ သေယျော-ကုသိုလ် ကောင်းမှု များစွာပြုပြီးသော သင့်မှာ အသက်ရှင်၍ နေရခြင်းထက် သေရခြင်းက ပို၍ မြတ်ပါတယ်"ဟု ပြောခြင်းသည် ကုသိုလ်ရှင်အား ပြောခြင်းတည်း။

ပယောဂါ၊ ဣဒ္ဓိဝိဇ္ဇာမယာ။ ။သူတပါးကို သေစေရာ၌(သတ်ရာ၌) ကာယပယောဂ- ကိုယ်ဖြင့်အားထုတ်ခြင်း ဝစီပယောဂ- နှုတ်ဖြင့်အားထုတ်ခြင်းအား ဖြင့် ၂-ပါးပြား၏၊ ထို ၂-ပါးကို အကျယ်ခွဲလျှင် သာဟတ္ထိကပယောဂ အာ-

ကာလဝတ္ထာဝုဓိရိယာပထာ၊ နံနက်စသောကာလ သတ်ထိုက်သော ပုဂ္ဂိုလ် ဟူသောဝတ္ထု ဒါးစသောလက်နက် သွားခြင်းစသောဣရိယာပုထ် တို့ဝင်း။ ကြိယာဝိသေသော၊ သတ်ပုံအမူအရာ အထူးဂင်း။ သြကာသော၊ သတ်ရာအရပ်ဂင်း။ (ဣတိ၊ ဤသို့။) ဆ၊ ခြောက်ပါးတို့သည်။ အာဏတ္တိ-နိယာမကာ၊ အာဏတ္တိပယောဂ၏ အမှတ်အသားတို့တည်း။

ဏတ္တိကပယောဂ နိသဂ္ဂိယပယောဂ ထာဝရပယောဂ ဣဒ္ဓိမယပယောဂ ဝိဇ္ဇာ-မယပယောဂဟု ၆-ပါး ပြား၏။ [အဋ္ဌကထာ၌ ဤအစဉ်အတိုင်း ရှိ၏၊ ဤ၌ကား ဂါထာဖြစ်၍ တမျိုးစဉ်ထားသည်။]

သာဟတ္ထိကစသော ၃-ပါး။ ။မိမိလက်ဖြင့် ကိုယ်တိုင် သတ်ခြင်းသည် သာဟတ္ထိကပယောဂမည်၏။ သူတပါးကို အသင်္ကေတခိုင်းခြင်းသည် အာဏတ္တိက ပယောဂမည်၏၊ အဝေးဒ္ဓ နေသူကို သတ်ဘို့ရန် သေနတ် လှံ မြားစသည်ကို ပစ်လွှတ်ခြင်းသည် နိသဂ္ဂိယပယောဂမည်၏။

ထာဝရစသော ၃-ပါး။ ။လာလာသမျှလူတွေ့သေအောင် တွင်းတူးထား ခြင်း တကဲမှို ပျဉ်ချပ်ဒ္ဓ အဆိပ်သုတ်လိမ်းထားခြင်း (လူးထားခြင်း) ရေဒ္ဓ (သောက်သူတွေ့ သေအောင်) အဆိပ်ခတ်ခြင်းစသော ပယောဂသည် ခိုင်မြဲ သော ထာဝရပယောဂမည်၏။ [တွင်းကို မဖို့သမျှ, အဆိပ်ကို သုတ်၍ မပစ်သမျှ, ရေတွေ့ကို ခန်းအောင် မလုပ်သမျှ တည်နေသောကြောင့် "ထာဝရ"ဟု ဆို သည်၊ သူတပါးသတ်ဘို့ရန် လက်နက်လုပ်ထားခြင်းလည်း ထာဝရပင်တည်း။] မိမိ၏ ရန်သူသေအောင် ဂါထာမန္တန်ကို စုတ်ခြင်းသည် ဝိဇ္ဇာမယပယောဂမည် ၏၊ မိမိ၏ ရှေးကံကြောင့် ရအပ်သော တန်ခိုးသည် ဣဒ္ဓိမည်၏၊ ဘုန်းကြီးသော မင်းတို့၏အစွယ်ဒ္ဓရှိသောတန်ခိုး မျက်လုံးဒ္ဓရှိသောတန်ခိုး နဂါးတို့၏တန်ခိုး ဂဠုန်တို့၏တန်ခိုး နတ်တို့၏တန်ခိုးတည်း၊ ထိုတန်ခိုးဖြင့် အစွယ်ကို ခေါက်၍ ဂင်း မျက်စောင်းထိုး၍ဂင်း နှာခေါင်းလေမှုတ်၍ဂင်း သတ်ခြင်းသည် ဣဒ္ဓိ-မယပယောဂမည်၏။

စတုတ္ထပါရာဇိကအဖွင့်

[ဥတ္တရိမနုဿဓမ္မ ပါရာဇိက ဟုလည်းခေါ်၏။]

၈။ စျာနာဒိဘေဒ နောသန္တ- မတ္တာနတ္တာ၊ပနာယိကံ။
ကတ္ဝာ ကောဋ္ဌာသမေကေကံ၊ ပစ္စုပ္ပန္နဘဝသ္မိတံ။

၉။ အညာပဒေသရဟိတံ၊ ဒိပေန္တော နာဓိမာနိကော။
ကာယေန ဝါစာ ဝိညတ္တိ - ပထေ ဉာတေ စုတော ဘဝေ။

ကာလ၊ ပေ၊ နိယာမကာ။ ။ဤစကားသည် အာဏတ္တိကပယောဂဖြင့် စေခိုင်းရာ၌ ခိုင်းသည့်အတိုင်း လုပ်-မလုပ်ကိုလိုက်၍ ဆုံးဖြတ်ဘို့ရန် နည်းလမ်းပြသော စကားတည်း၊ ထို့ကြောင့် (ကာလ) "နံနက်ကာလဝယ် သတ်ပါ"ဟု ခိုင်းရာ၌ နေ့လည်စသော အခြားကာလရောက်မှ သတ်လျှင်၎င်း ထိုထက်စောလျှင်သတ်လျှင်၎င်း အမှတ်အသား လွဲသောကြောင့် ခိုင်းသူမှာ ပါရာဇိကမကျ၊

(ဝတ္ထု) သတ်ထိုက်သော ပုဂ္ဂိုလ်ကို "ဝတ္ထု"ဟု ခေါ်၏၊ "ငါ့ကို သတ်ပါ"ဟု ခိုင်းရာ၌ ငမဲစသူကို သတ်လျှင်၎င်း၊ (အာဝုဓ) "သေနတ်လက်နက်ဖြင့် သတ်ပါ"ဟု ခိုင်းရာ၌ ဒါးလက်နက်ဖြင့် သတ်လျှင်၎င်း၊ (ဣရိယာပထ) "အိပ်နေတုန်း သတ်ပါ"ဟု ခိုင်းရာ၌ သွားနေတုန်း သတ်လျှင်၎င်း၊ (ကြိယာ-ဝိသေသ=သတ်ပုံအမူအရာအထူး) "ဒါးဖြင့် ထိုး၍ သတ်ပါ"ဟု ခိုင်းရာ၌ ခုတ်ခြင်းအမူအရာဖြင့် သတ်လျှင်၎င်း၊ (ဩကာသ) "ရွာထည်း၌ သတ်ပါ"ဟု ခိုင်းပါလျက် တောထည်း၌ သတ်လျှင်၎င်း အမှတ်အသား လွဲသောကြောင့် ခိုင်းသူမှာ ပါရာဇိကမကျ၊ ခိုင်းသည့်အတိုင်း တိကျအောင် သတ်မှ ခိုင်းသူမှာ ပါရာဇိက ကျသည်။

စျာနာဒိဘေဒ။ ။["စျာနာဒိဘေဒံ"ဟု ဆိုလိုလျက် ဆန်းကိုဏ်းတဲ့အောင် နိဂ္ဂဟိတ်ကို ချေ၍ "စျာနာဒိဘေဒ"ဟု ဆိုသည်။] အာဒိဖြင့် ပါဠိတော်၌လာသော ဝိမောက္ခ, သမာဓိ, သမာပတ္တိ, ဉာဏဒဿန, မဂ္ဂဘာဝနာ, ဖလသစ္ဆိကိရိ-

၇,၉။ အနိက္ခိတ္တသိက္ခော၊ မချအပ်သေးသော သိက္ခာရှိသည်။ ဝါ၊ သိက္ခာ မချရသေးသည်။ (ဟုတ္ထ၊ ဖြစ်၍။ ဒီပေန္တော-၌စပ်)၊ အတ္တနိ၊ မိမိ၌။ နော-သန္တံ၊ ထင်းရှား မရှိသော။ စျာနဒီဘေဒံ၊ စျာန်အစရှိသော အပြားရှိသော ဥတ္တရိမနုဿဓမ္မကို။ အတ္တူပနာယိကာ၊ မိမကို ဥတ္တရိမနုဿဓမ္မသို့ ကပ ဆောင်သည်ကိုဎင်း။ ဝါ၊ မိမိ၌ ဥတ္တရိမနုဿဓမ္မကိုကပ်ဆောင်သည်ကိုဎင်း။ ကောဋ္ဌာသံ၊ တစုတစုကိုသော်ဎင်း။ ဧကေကံ၊ တပါးစီ တပါးစီကိုသော်ဎင်း။ ပစ္စုပ္ပန္နဘဝသိတံ၊ ပစ္စုပ္ပန်ဘဝ၌ မှီသည်ကိုဎင်း။ အညာပဒေသရဟိတံ၊ သူ တပါးကဲ့သို့ ညွှန်ပြခြင်းမှကင်းသည်ကိုဎင်း။ ကတ္ထ၊ ပြု၍။ နာဓိမာနိကော၊

ယာ, ကိလေသပပဟာန, ဝိနီဝရဏတာ စိတ္တဿ, သုညာဂါရေ အဘိရတိ ဟူသော ၉-ပါးကို ယူပါ၊ စျာနန္ဒင့် ပေါင်းလျှင် အားလုံး ၁၀-ပါးတည်း။

ဥတ္တရိမနုဿဓမ္မ။ ။အမျှားလူတို့ထက် သာလွန်မြင့်မြတ်သော လူကို “ဥတ္တရိမနုဿ”ဟု ခေါ်၏၊ စျာယီ-စျာန်ဝင်စားလေ့ရှိသော (စျာန်ရသော) လူနှင့် အရိယ(မဂ်ဖိုလ်ရသော)လူမျှားတည်း၊ ထိုလူမျှား၏ တရား (ထိုလူမျှား ရအပ်သောတရား)ကို “ဥတ္တရိမနုဿဓမ္မ”ဟု ခေါ်သည်။ [ဥတ္တရိမနုဿာနံ၊ မြင့်မြတ်သော စျာယီ, အရိယာလူတို့၏။ ဓမ္မော၊ စျာန်မဂ်ဖိုလ်တရားတည်း။ ဥတ္တရိ-မနုဿဓမ္မော၊မြင့်မြတ်သော စျာယီ, အရိယာ လူတို့၏ စျာန် မဂ် ဖိုလ် တရား၊ ထိုတရားကား ပြအပ်ခဲ့သော စျာန, ဝိမောက္ခ စသောတရားပင်တည်း။]

စျာနံ။ ။လောကီဆိုင်ရာ ပဌမစျာန်မှ စ၍ နေဝသညာနာသညာယတန စျာန်တိုင်အောင် စျာန်မျှားသည်ဎင်း မေတ္တာစျာန်, အသုဘစျာန်, အာနာ-ပါနဿတိသမာဓိစျာန်စသောစျာန်မျှားသည်ဎင်း လောကုတ္တရာစျာန်အားလုံး သည်ဎင်း စျာနံအရ၌ ပါဝင်၏။

[**ဆောင်**] လောကီဆိုင်ရာ၊ မေတ္တာ စသည်၊ အလိလီနှင့်၊ ထို ဤပဌမ၊ဒုတိယ မှ၊ စ၍ သိမ်းကြုံး၊ လောကုတ်ဆုံး၊ အားလုံးစျာန်ခေါ်သင့်။

ရအပ်ပြီဟု မှတ်ထင်ခြင်းရှိသူမဟုတ်ပါဘဲ။ ကာယေန၊ ကိုယ်ဖြင့်သော်၎င်း။ ဝါစာ (ဝါစာယ)၊ နှုတ်ဖြင့်သော်၎င်း။ ဝိညတ္တိပထေ၊ ကာယဝိညတ် ဝစီဝိညတ်၏လမ်း၌။ ဝါ၊ ကာယဝိညတ် ဝစီဝိညတ်ကို ယူနိုင်လောက်ရာ အရပ်၌။ (ဌတ္ဝာ၊ တည်၍။) ဒီပေန္တော၊ ထင်ရှားပြသောရဟန်းသည်။ ဉာတော၊ ထင်ရှား ပြရာ လူဇာတ်ရှိသူက သိအပ်သော်။ စုတော၊ သည်။ ဘဝေ၊ ၏။

ဝိမောက္ခ, သမာဓိ, သမာပတ္တိ။ ။သုညတမက်, အနိမိတ္တမက်, အပ္ပဏိဟိတမက် ဟူသော မက် ၃-ပါးသည် ဝိမောက္ခ မည်၏၊ သုညတမက် စသော မက် ၃-ပါးသည့် သမာဓိလည်း မည်၏၊ သမာပတ္တိဖြင့် ဝင်စားအပ်သော အရိယာဖိုလ်ကို ပြသည်။

[**ဆောင်**] သုညတာ နိမိ၊ အပ္ပဏိဟု၊ တည်ရှိသုံး၀၊ ဝိမောက္ခနှင့်၊သမာဓိမှာ၊ အရိယာမက်၊ မပျက်စွဲမှတ်၊ သမာပတ်မူ၊ ဖိုလ်ဟူယူ၊ ဆူဆူ ကျမ်း၌ဖွင့်။

ဉာဏ၊ ပေ၊ သစ္ဆိကိရိယာ။ ။ပုဗ္ဗေနိဝါသာနုဿတိ,ဒိဗ္ဗစက္ခု,အာသဝက္ခယ (အရဟတ္တမက်)၊ ဤ ဝိဇ္ဇာ ၃-ပါးသည် ဉာဏဒဿန မည်၏၊ "မဂ္ဂဘာဝနာ" အရ၀ယ် မက်နှင့်ယှဉ်သော ဗောဓိပက္ခိယတရားတို့ကို ပါဠိတော်၌ပြ၏၊ ဖလ-သစ္ဆိကိရိယာကား သောတာပတ္တိဖိုလ် စသော ၄-ပါးပင်တည်း။

[**ဆောင်**] ဉာဏဒဿန၊ အမည်ရ၌၊ သုံး၀ဝိဇ္ဇာ၊ ဘာဝနာမဂ္ဂ၊ အမည်ရ၀ယ်၊ သုံးဆယ်ခုနစ်၀၊ မက်ယှဉ်ကြသည့်၊ ပက္ခဗောဓိ၊ ဖလသစ္ဆိမှာ၊ ဖိုလ် လေးဖြာ၊ မှတ်ပါကျမ်းအဖွင့်။

ကိလေသပပွဟာနစသော ၃ ပါး။ ။"ကိလေသပပွဟာနံ"အရ "ကိလေသာ ကိုပယ်တတ်သော တရား"ဟူသည် အရိယာမက်တည်း၊ "ဝိနိဝရဏတာ စိတ္တဿ" အရ "စိတ်၏ နိဝရဏမှကင်းခြင်း"ဟူသည် လောကုတ္တရာစိတ် ၈-ပါးတည်း၊ "သုညာဂါရေ အဘိရတိ–တိတ်ဆိတ်သောကျောင်း၌ မွေ့လျော်၏"ဟု ဆိုရုံဖြင့်

ဥတ္တရိမနုဿဓမ္မကို ပြောရာမရောက်သေး၊ “ပဌမစျာန်ဖြင့် တိတ်ဆိတ်သော ကျောင်းဌာ မွေ့လျော်၏” စသည်ဖြင့် စျာန်နှင့်တွဲ၍ပြောမှ ပါရာဇိကကျသည်။

[ဆောင်] ကိလေသာကို၊ပယ်၏ဆိုလျှင်၊မဂ်ကိုရမှု၊ဝန်ခံပြု၏၊ ဝိနီဝရဏာ၊စိတ်ဟူကလည်း၊ မဂ္ဂနှင့်ဖိုလ်၊ ရှစ်ပါးကိုပင်၊ ဆိုလိုချင်၏၊ ထိုပြင်ဆိတ်ရာ၊မွေ့လျော်မှာမူ၊စျာန်ပါဖိုလ်စပ်၊ ပြောဆိုအပ်မှ၊ အပြစ်ရ၊ မှတ်ကြကျမ်းအာဖွင့်။

နောသန္တမတ္တနိ။ ။[နောသန္တံ+အတ္တနိ။] “မိမိ၌ ထင်ရှားမရှိ”ဟူသည် ထိုဥတ္တရိမနုဿဓမ္မကို မရခြင်း ရသော်လည်း ကွယ်ပျောက် သွားသောကြောင့် မရှိတော့ခြင်းတည်း။

အတ္တူပနာယိကံ။ ။ဤပုဒ်ကား ပါတိမောက်၌ တိုက်ရိုက်ပါ၏၊ “အတ္တ-မိမိ၌+ဥပနာယိက-ဥတ္တရိမနုဿဓမ္မကို ကပ်ဆောင်”ဟူသည် “ငါ့သန္တာန်၌ ပဌမစျာန်ထင်ရှားရှိ၏” စသည်ဖြင့် ပြောခြင်းတည်း၊ “အတ္တ-မိမိကို+ဥပနာယိက-ဥတ္တရိမနုဿဓမ္မသို့ ကပ်ဆောင်”ဟူသည် “ငါသည် ပဌစျာန်၌ ထင်ရှား၏၊ (ငါသည် ပဌမစျာန်ရ၏)”ဤသို့စသည်ဖြင့်ပြောခြင်းတည်း၊ ဤသို့လျှင် ဥတ္တရိမနုဿဓမ္မကို ကတ္တားလုပ်လျှင် ဥတ္တရိမနုဿဓမ္မကို မိမိသို့ ကပ်ဆောင်သည် မည်၏၊ “အဟံ” ဟု ကတ္တားလုပ်လျှင် မိမိကို ဥတ္တရိမနုဿဓမ္မသို့ ကပ်ဆောင်သည် မည်၏၊ ဤပုဒ်ကို ကတ္တာ၌စပ်ပါ။

ကောဋ္ဌာသံ ကေကံ။ ။စျာန ဝိမောက္ခ စသောအားဖြင့် အစုဆယ်ပါးတွင် တစုတစု၏ နာမည်ဖြင့် “အဟံ စျာနလာဘီ အမှိ-ငါသည် စျာန်ရသူဖြစ်၏၊ အဟံ ဝိမောက္ခလာဘီ အမှိ” ဤသို့ ပြောသူကို ကောဋ္ဌာသံ ကတ္တာ(အစုပြု၍ပြောသူ)ဟု ခေါ်၏၊ “အဟံ ပဌမဿ စျာနဿ လာဘီ အမှိ-ငါသည် ပဌမစျာန်ကို ရသူဖြစ်၏၊ သုတဿ ဝိမောက္ခဿ လာဘီ အမှိ” ဤသို့ စသည်ဖြင့် အစုတပါးတွင် တစုတစုကိုယူ၍ ပြောသူကို “ဧကေကံ ကတ္တာ”ဟုဆိုသည်။

မှတ်ချက်။ ။ဤကား ဋီကာဟောင်းဖွင့်ပုံတည်း၊ ဤအဖွင့်သည် “သတိပဋ္ဌာနာနံ လာဘီ အမှိတိ ဧဝံ ဧကေကကောဋ္ဌာသဝသေနာပိ, ကာယာနုပဿနာသတိပဋ္ဌာနဿ လာဘီ အမှိတိ ဧဝံ တတ္ထ (ထိုကောဋ္ဌာသထဲ၌) ဧကေက-

ဓမ္မဝသေနာပိ ဝဒတော ပါရာဇိကမေဝ” ဟူသော အဋ္ဌကထာစကားနှင့် ညီပေသည်။ [ဋီကာသစ်၌ကား ကောဋ္ဌာသအရ တမျိုးဖွင့်သွား၏။]

ပစ္စုပ္ပန္နဘဝသိတံ။ ။“ငါသည် စျာန်ရ၏,မဂ်ရ၏”ဟု ပြောရာ၌ ယခု ပစ္စုပ္ပန်ဘဝကို မှီ၍ပြောမှ (ယခုရနေသည်ဟု ပြောမှ) ပါရာဇိက ကျသည်၊ “ရှေးဘဝတုန်းက စျာန်ရခဲ့ဘူးပြီ,မဂ်ရခဲ့ဘူးပြီ”စသည်ဖြင့် ပြောလျှင် ပါရာဇိက မကျ။ [“အတီတဘဝေ သောတာပန္နောမှိ”တိ ဝဒတော အတီတဘဝံ သန္ဓာယ ကထိတတ္တာ ပါရာဇိကံ နတ္ထိ၊ ဋီကာသစ်။]

အညာပဒေသရဟိတံ။ ။“သူတပါးကို ညွှန်ပြခြင်း” ဟူသည် မိမိကိုယ်ကို ပြောသော်လည်း “ငါရသည်”ဟု မပြော၊ “ယော တေ ဝိဟာရေ ဝသတိ၊ သော ဘိက္ခု အရဟာ–အသင်ဒါယကာ၌ ကျောင်းဘုန်းကြီးသည် ရဟန္တာတည်း”ဟု သူယ်ဝိုက်၍ ပြောခြင်းတည်း၊ ဤသို့ မိမိကိုပင် သူတပါးကဲ့သို့ (သူတပါးအဖြစ်ဖြင့်)ပြောလျှင် ပါရာဇိက မကျ၊ နှားထောင်သော ဒါယကာက အဓိပ္ပါယ်ကို နားလည်လျှင် ထုလ္လစ္စဉ်း၊ နားမလည်လျှင် ဒုက္ကဋ်တည်း၊ ဤသို့ သူတပါးကို ပြောသလို မဟုတ်ဘဲ “ငါ စျာန်ရသည်” စသည်ဖြင့် တိုက်ရိုက် ပြောခြင်းကို “အညာပဒေသရဟိတ”ဟု ခေါ်သည်။

အနဓိမာနိကော။ ။မိမိကိုယ်ကို စျာန်ရ, မဂ်ရပုဂ္ဂိုလ်ဟု မထင်သော ပုဂ္ဂိုလ်ကို ‘အနဓိမာနိက”ဟု ခေါ်၏၊ ထိုပုဂ္ဂိုလ်သည် ဝါကြွား ညာဖြန်းလို သော မရိုးမသားစိတ်ဖြင့်“ငါ စျာန်ရပြီ, မဂ်ရပြီ”ဟု ပြောလျှင် ပါရာဇိက ကျ၏။ [ကမ္မဋ္ဌာန်းကို လွန်စွာအားထုတ်နေသော ယောဂီဖြစ်လျှင် မိမိကိုယ်ကို “စျာန်ရပြီ, မဂ်ရပြီ”ဟု မှတ်ထင်တတ်၏၊ ထိုသို့မှတ်ထင်သူကို “အဓိမာနိက”ဟု ခေါ်၏၊ ထိုသို့ မှတ်ထင်၍ ရိုးရိုးသားသားစိတ်ဖြင့်“ငါ စျာန်ရသည်, မဂ်ရသည်” ဟု ပြောလျှင် အာပတ်မသင့်ပါ။]

ဒီပေန္တော။ ။“ဒီပေန္တော၊ ပြသော”ဟူရာ၌ မိမိကိုယ်ကို “စျာန်,မဂ်ရသူ” ဟု သူတပါးသိအောင် စာရေး၍ ဖြစ်စေ ကိုယ်လက်အမူအရာဖြင့်ဖြစ်စေ နှုတ်အမူအရာဖြင့် ဖြစ်စေ ပြောပြခြင်းတည်း၊ ထို့ကြောင့် “ကာယေန,ဝါစာ” ဟု ဆိုသည်။ [ဝါစာ၌ ယအက္ခရာ ကြေသည်။]

ဝိညတ္တိပထေ။ ။ဥတ္တရိမနုဿဓမ္မကို ပြောပြသော ရဟန်း၌ ကိုယ်အမူအရာကို ဖြစ်စေနိုင်သောကာယဝိညတ် နှုတ်အမူအရာကို ဖြစ်စေနိုင်သော ဝစီဝိညတ်ဖြစ်၏၊ ထိုဝိညတ်တပါးပါးကို (နားထောင်သူက)သိနိုင်လောက်သော အရပ်ကို "ဝိညတ္တိပထ-ဝိညတ်ကိုယူနိုင်လောက်သောလမ်း" ဟုခေါ်၏၊ "လမ်း" ဟူသည်လည်း အရပ်ဒေသတခုခုပင်တည်း၊ "ဌတ္ဝာ" ဟု ထည့်ပါ၊ ထိုကဲ့သို့ဝိညတ္တိပထ၌တည်၍ "ဒိပေန္တော၊ ပြသောပုဂ္ဂိုလ်" ဟူလို။

ဉာတေ။ ။ပြောအပ်ပြအပ်သောအကြောင်းအရာကို နှုတ်ဖြင့်အပြောခံရ-လက်စသည်ဖြင့် အပြုခံရသော လူဇာတ်ရှိသူအခြားလူက(ပြောပြီးလျှင်ပြီးခြင်း) "ဤရဟန်းသည် စျာန်ရသူဘည်း၊ သို့မဟုတ် မဂ်ဖိုလ် ရသူတည်း" ဟုသိအပ်သော် (သိမှ) ပါရာဇိကကျသည်၊ မသိလျှင်ကား ထုလ္လစ္စဉ်းသာတည်း၊ မှန်၏—ပဌမပါရာဇိက၏အနိး အာပတ်သည် ဒုက္ကဋ်အာပတ်ဖြစ်၍ ကြွင်းပါရာဇိက ၃-ပါး တို့၏ အနိးအာပတ်ကား ထုလ္လစ္စဉ်းအာပတ်တည်း၊ ထို့ကြောင့် ဝိနယဝိနိစ္ဆယ၌ အောက်ပါဂါထာကို မိန့်သည်။

ဒုက္ကဋံ ပဌမဿေဝ၊ သာမန္တမိတိ ဝဏ္ဏိတံ။
သေသာနံ ပန တိဏ္ဏမ္ပိ၊ ထုလ္လစ္စယမုဒီရိတံ။

ပါရာဇိကကျသူ ရဟန်းထပ်၍မပြုနိုင်

၁၀။ ပါရာဇိကေတေ စတ္တာရော၊ အသံဝါသာ ယထာ ပုရေ။
အဘဗ္ဗာ ဘိက္ခုဘာဝါယ၊ သီသစ္ဆိန္နော၀ ဇီဝိတုံ။

၁၀။ ပါရာဇိကာ၊ သာသနာတော်မှဆုံးရှုံးစေအပ်ကုန်သော။ ဝါ၊ ပါရာဇိကကျကုန်သော။ စတ္တာရော၊ လေးယောက်ကုန်သော။ ဧတေ၊ ဤပုဂ္ဂိုလ်တို့သည်။ ပုရေ၊ ရှေးလူဖြစ်စဉ်,သာမဏေဖြစ်စဉ်အခါ၌။ အသံဝါသာ၊ ကေကမ္မ, ကေဒ္ဒေသ , သမသိက္ခာဟူသော သံဝါသ မရှိကုန်သည်။ (ဟောန္တိ) ယထာ၊ ဖြစ်ကုန်သကဲ့သို့။ (တထာ၊ ထိုအတူ။) အသံဝါသာ၊ ကေကမ္မ , ကေဒ္ဒေသ,

---

ပါရာဇိကေတေ။ ။ပါရာဇိကကျပြီးသော ပုဂ္ဂိုလ် ၄ ယောက်တို့၏ ရဟန်းကောင်းတို့နှင့် ပေါင်းသင်းဆက်ဆံခွင့် မရှိတော့ကြောင်းကို ပြခြင်းငှါ“ပါရာဇိကေတေ” စသော ဂါထာကို မိန့်သည်။ “ပါရာဇိကာ+ဧတေ” ဟု ပုဒ်ဖြတ်ပါ၊ “ပါရာဇိကာ”အရ အာပတ်ကိုဂုဏ်း သိက္ခာပုဒ်ကိုဂုဏ်း မယူဘဲ ပါရာဇိက ကျူးပြီးသော ပုဂ္ဂိုလ်များကိုယူရသည်။

ဝိဂ္ဂိုဟ်။ ။ပရာဇီယတေ၊ သာသနာတော်မှ ဆုံးရှုံးစေအပ်၏၊ ဣတိ၊ ထို့ကြောင့်။ ပါရာဇိကော၊ ပါရာဇိကမည်၏။ လောကဋ္ဌလူဖြစ် ရှုံးလောက်အောင် မှားယွင်းမိသူသည် လူရာမဝင်တော့သကဲ့သို့ ထို့အတူ သာသနာ တော်၌လည်း မေထုန်စသောအပြစ်ကြီးများကို ကျူးလွန်ကြသော ရဟန်းသည် ရဟန်းအရာမဝင်တော့ချေ၊ ထို့ကြောင့် “အဘဗ္ဗာ ဘိက္ခုဘာဝါယ” ဟုဆိုသည်၊ သိက္ခာပုဒ်ကိုဂုဏ်း အာပတ်ကိုဂုဏ်း ပါရာဇိကဟုခေါ်ရာ၌ ဝိဂ္ဂိုဟ်ပြုပုံကို ပါတိမောက် ဘာသာဋီကာ ပဌမပါရာဇိကအဖွင့်၌ ရှုပါ။

အသံဝါသာ ယထာ ပုရေ။ ။အတူတကွ ပေါင်းသင်း နေထိုင်ရာဖြစ်သောကြောင့် ကေကမ္မ, ကေဒ္ဒေသ , သမသိက္ခာကို “သံဝါသ” ဟုခေါ်၏၊ သဟ+ဝသန္တိ ဇော်ထာတိ သံဝါသော၊ ဇော်ထာ၊ ဤကေကမ္မ အစရှိသော သာသနာ့ တာဝန်၌။ ဘိက္ခု။၊ ရဟန်းတို့သည်။ သဟ၊ အတူတကွ။ ဝသန္တိ၊ နေကြရ,ဖြစ်ကြရကုန်၏။

သမသိက္ခာဟူသော သံဝါသမရှိကုန်သည်။ ဝါ၊ ရဟန်းကောင်းတို့နှင့် ပေါင်းသင်းခွင့် မရှိကုန်သည်။ (ဟောန္တိ၊ ဖြစ်ကုန်၏။) သီသစ္ဆိန္နော၊ ပြတ်ပြီးသော ဦးခေါင်းရှိသော ယောကျ်ားသည်။ ဇီဝိတုံ၊ အသက်တဖန် ရှင်ပြန်ခြင်းငှါ။ အဘဗ္ဗော ဣဝ၊ မထိုက်သကဲ့သို့။ (တထာ၊ တူ။)ဘိက္ခုဘာဝါယ၊ ရဟန်းအဖြစ်အကျိုးငှါ။ အဘဗ္ဗော၊ မထိုက်ကုန်။

ဣတိ၊ ထိုသို့အတူတကွဖြစ်ကြရာ၏ အဖြစ်ကြောင့်။ သော၊ ထိုသာသနာ့တာဝန်သည်။ သံဝါသော၊ သံဝါသမည်၏။ နတ္ထိ+သံဝါသော ဧတေဟိတိ အသံဝါသာ-သံဝါသမရှိသူတို့၊ ရွေးလူအဖြစ် သာမဏေအဖြစ်တုန်းက ရဟန်းကောင်းတို့နှင့် ပေါင်းသင်းမှု ဟူသော သံဝါသမရှိသကဲ့သို့ ထိုအတူ ပါရာဇိကကျပြီးသော ပုဂ္ဂိုလ်တို့သည် ရဟန်းကောင်းတို့နှင့် ပေါင်းသင်းမှုသံဝါသမရှိကြတော့။

ကေကမ္မစသည်။ ။ရဟန်းခံ ဥပုသ် ပဝါရဏာစသော ကံကြီးကံငယ်သည် ရဟန်းကောင်းတို့ အတူတကွ ပြုထိုက်သောကြောင့် ဧကကမ္မ မည်၏၊ ဥပုသ်ပြုသော်အခါ ရွတ်ပြအပ်သော ပါတိမောက်သည် ရဟန်းကောင်းတို့ အတူတကွ ရွတ်ပြထိုက် နာယူထိုက်သောကြောင့် ဧကုဒ္ဒေသမည်၏၊ ဝိနည်းဥဒ္ဒါလာသော သိက္ခာပုဒ်အားလုံးသည် ရဟန်းကောင်းတို့အတူတကွ သင်ယူပို့ချထိုက် ကျင့်ထိုက်သောကြောင့် သမသိက္ခာမည်၏၊ [အကျယ်ကို ပါရာဇိက အဋ္ဌကထာ အသံဝါသောအဖွင့် ဘာသာဋီကာ၌ရှုပါ၊ သမသိက္ခာနေရာဝယ်“သမသိက္ခတာ” ဟုလည်း ရှိ၏။]

အဘဗ္ဗော ဘိက္ခုဘာဝါယ။ ။ပါရာဇိကကျပြီးသော ထိုပုဂ္ဂိုလ် ၄ ယောက်တို့သည် နောက်ထပ် ရဟန်းဖြစ်ခြင်းငှါ မထိုက်ကြတော့၊ နောက်ထပ် ရဟန်းခံ၍ ရဟန်းမဖြစ်နိုင်တော့၊ ဥပမာ—ဦးခေါင်းပြတ်ပြီးသူသည် နောက်ထပ် အသက်ရှင်ဘို့ရန် မဖြစ်တော့သကဲ့သို့ ထိုအတူ ပါရာဇိကကျပြီးသူသည် နောက်ထပ် ရဟန်းအသက် မရှင်တော့-ဟူလို၊ [သာမဏေအဖြစ်ဖြင့်ကား နေနိုင်သေး၏၊ ထိုသို့ သာမဏေဖြစ်နိုင်ခြင်း၏ အကြောင်းကို ပါရာဇိကအဋ္ဌကထာ ဝဇ္ဇီပုတ္တက ဝတ္ထုအဖွင့်၌ ရှုပါ။]

ပရိယာယ်နှင့် အာဏတ္တိ ရ-မရ

၁၁။ ပရိယာယော စ အာဏတ္တိ၊ တတိယေ ဒုတိယေ ပန။
အာဏတ္တိယေဝ သေသေသု၊ ဒ္ဝယမေတံ န လဗ္ဘတိ။

၁၁။ တတိယေ၊တတိယပါရာဇိကဋ္ဌ။ပရိယာယော စ၊ပရိယာယ်ပြောခြင်းကိုဂုဏ်း။ အာဏတ္တိ စ၊ စေခိုင်းခြင်းကိုဂုဏ်း။ လဗ္ဘတိ၊ ရအပ်၏။ ဒုတိယေ ပန၊ ဒုတိယပါရာဇိကဋ္ဌကား။ အာဏတ္တိယေဝ၊ စေခိုင်းခြင်းကိုသာ။ လဗ္ဘတိ၊ ရအပ်၏။[ဧဝဖြင့် ပရိယာယကို ကန့်သည်။] သေသေသု၊ ကြွင်းသော ပဌမ စတုတ္ထ ပါရာဇိကတို့ဋ္ဌ။ တေ ဒ္ဝယံ၊ ဤပရိယာယ, အာဏတ္တိနှစ်ပါးစုံကို။ န လဗ္ဘတိ၊ မရအပ်။

ပရိယာယေဝ၊ပေ၊ တတိယေ။ ။တတိယပါရာဇိကဋ္ဌ ပရိယာယ်ပြောခြင်းကြောင့်ဂုဏ်း စေခိုင်းခြင်းကြောင့်ဂုဏ်း ပါရာဇိက ကျနိုင်၏၊ ခဲ့ဦးအံ့—တတိယပါရာဇိကဋ္ဌ “မရဏဝဏ္ဏံ ဝါ သံဝဏ္ဏေယျ”ဟု ဟောတော်မူ၏၊ ထိုပါဠိတော်အရသေခြင်းဌ္ဌ ဂုဏ်ကျေးဇူးကို ပြောရာဝယ် တိုက်ရိုက်ပြောရုံသာမက ပရိယာယ်အားဖြင့် ပြောခြင်းလည်း ပါဝင်၏၊ “မြစ်ထဲခုန်ချပြီး သေလိုက်လျှင်တော့ နာမည်ကျော်သွားမှာဘဲ”ဟု ပြောခြင်းမျိုးလည်း ထိုသူသေချင်အောင် ပရိယာယ်ပြောခြင်းပင်တည်း၊ထိုသို့ပရိယာယ်ပြောခြင်းကြောင့် မိမိသေစေလိုသူက ထိုပြောသည့်အတိုင်း သူကိုသူ သတ်၍သေလျှင် ပြောသူမှာ ပါရာဇိကကျ၏၊ ထို့အတူ “ဒီလိုအကောင်သတ်မဲ့လူ မရှိဘူး” စသည်ဖြင့် (သွား၍ သတ်အောင်) ပရိယာယ်ပြောရာဌ္ဌလည်း နည်းတူ၊ သတ်ဘို့ရန် စေခိုင်းခြင်းဟူသော အာဏတ္တိဌ္ဌကား“ပါရာဇိက”ဟု အထူးပြောဘွယ်မလို။

ဒုတိယေ ပန။ ။ဒုတိယပါရာဇိကဋ္ဌကား ပရိယာယ်ကြောင့် ပါရာဇိကမကျ၊ တိုက်ရိုက်စေခိုင်းအပ်သူက ခိုးမှ ပါရာဇိက ကျသည်၊ ခဲ့ဦးအံ့—“မည်သည့်အရပ်ဌ ဥစ္စာတွေ့ ရှိလေရဲ့ အစောင့်အရှောက်လည်း မရှိ သွားပြီးခိုးလျှင် အလွယ်တကူ ရနိုင်တာဘဲ”ဟု ခိုးခအောင် ပရိယာယ်ပြောသော်လည်း (ကြား

ပဌမပါရာဇိကအင်္ဂါ ၂-ပါး

၁၂။ သေဝိတုကာမတာစိတ္တံ၊ မဂ္ဂေ မဂ္ဂပ္ပဝေသနံ။
ဣမံ မေထုနဓမ္မဿာ၊ အာဟု အင်္ဂဒ္ဒယံ ဗုဓာ။

၁၂။ သေဝိတုကာမတာစိတ္တံ၊ မိုဝဲခြင်းငှါ အလိုရှိသူ၏ဖြစ်ကြောင်းဖြစ်ရာ စိတ်ဇင်း။ ဝါ၊ မိုဝဲလိုသောစိတ်ဇင်း။ မဂ္ဂေ၊ သူ၏မင်္ဂ၌။ မဂ္ဂပ္ပဝေသနံ၊ မိမိမင်္ဂကို သွင်းခြင်းငင်း။ ဣမံ ဒွယံ၊ ဤနှစ်ပါးအပေါင်းကို။ မေထုနဓမ္မဿာ၊ မေထုနဓမ္မပါရာဇိက၏။ အင်္ဂံ၊ အင်္ဂါဟူ၍။ ဗုဓာ၊ အဋ္ဌကထာဆရာ ပညာရှိတို့သည်။ အာဟု၊ ဆိုကြကုန်ပြီ။

သူက သွား၍ ခိုးစေကာမူ) ပြောသူမှာ ပါရာဇိကမကျ၊ တိုက်ရိုက်စေခိုင်းမှ ကျသည်။

သေသေသု။ ။တတိယ ဒုတိယမှကြွင်းသော ပဌမ စတုတ္ထဉ်ကား ပရိယာယ်ပြောမှုကြောင့်ငင်း မေထုန်မိုဝဲခိုင်းမှုကြောင့်ငင်း ဥတ္တရိမနုဿဓမ္မကို အပြောခိုင်းမှုကြောင့်ငင်း ပါရာဇိကမကျ၊ ထို့ကြောင့် "သေသေသု ဒွယမေတံ နှ လဇ္ဇတိ"ဟု ဆိုသည်။

အင်္ဂဒ္ဒယံ။ ။အင်္ဂသဒ္ဒါသည် "အကြောင်း" ဟူသောအနက် "အစိတ်"ဟူသောအနက်ကို ပော၏၊ လူဟုခေါ်ဝေါ်ဘို့ရန် လူ၏အစိတ်အပိုင်း အင်္ဂါစုံရသကဲ့သို့ ပဌမပါရာဇိက အာပတ်သင့်ဘို့ရန် အစိတ်အင်္ဂါ ၂-ပါး ပြည့်စုံရသည်၊ "သေဝိတုကာမတာစိတ္တံ"ဖြင့် မေထုန်မိုဝဲလိုသောစိတ်ကို ပြ၏၊ "မဂ္ဂေ မဂ္ဂပ္ပ-ဝေသနံ"ဖြင့် သူ၏မင်္ဂတွင်းသို့ ကိုယ့်မင်္ဂကို သွင်းခြင်းကို ပြသည်။ [ပါတိမောက်ဘာသာဋီကာ၌ ဆောင်ပုဒ်နှင့်တကွ ပြထား၏။]

မေထုနဓမ္မဿ။ ။ဤပုဒ်၏ ဝိဂြိုဟ်ကို ပါတိမောက်ဘာသာဋီကာ၌ ပြထားပြီ၊ ထို၌ "မိထုနာနံ+အယံ မေထုနော"ဟု ဓမ္မောကို ငဲ့၍ ပုလ္လိင်ချ၏၊ ဋီကာသစ်၌ နပုလ္လိင်တွေ့ရသည်၊ ပါဠိတော်မျှားဌ "မေထုနော ဓမ္မော နု ပဋိ-သေဝိတဗ္ဗော"စသည်ဖြင့် ပုလ္လိင်ပင်တည်း၊ ဤဝိဂြိုဟ်အရ မေထုန်အကျင့်ကိုသာ

ဒုတိယပါရာဇိကအင်္ဂါ ၅-ပါး

၁၃။ မနုဿသံ တထာသညီ၊ ထေယျစိတ္တဉ္စ ဝတ္ထုနော။
ဂရုတာ အဝဟာရော စ၊ အဒိန္နာဒါနဟေတုယော။

၁၃။ မနုဿသံ၊လူ၏ဥစ္စာဂုဏ်း။တထာသညီ၊ ထိုလူ့ဥစ္စာဟု အမှတ်ရှိသူ၏ အဖြစ်ဂုဏ်း။ [တာပစ္စည်း အကြေကြံ။] ထေယျစိတ္တဉ္စ၊ ခိုးသူ၏ဖြစ်ကြောင်း ဖြစ်ရာ စိတ်ဂုဏ်း။ ဝါ၊ ခိုးလိုသောစိတ်ဂုဏ်း။ ဝတ္ထုနော၊ခိုးယူအပ်သောဝတ္ထု၏။ ဂရုတာ၊ တမတ်, တမတ်ထက် အပိုအလွန်ကိုထိုက်သော ဂရုကဝတ္ထု၏အဖြစ်ဂုဏ်း။ .အဝဟာရော စ၊ ခိုးယူခြင်းဂုဏ်း။ (ဣတိ၊ ဣ၅ ၅-ပါးတို့သည်။) အဒိန္နာဒါ-နဟေတုယော၊ အဒိန္နာဒါနဒုတိယပါရာဇိက၏ အကြောင်း အင်္ဂါတို့တည်း။

ရသော်လည်း ထိုအကျင့်ကြောင့် သင့်အပ်သော အာပတ်ကိုပါ ကာရဏူပစာရ အားဖြင့် "မေထုနဓမ္မ"ဟု ခေါ်နိုင်ပါသည်။

မနုဿသံ စသည်။ ။"မနုဿသံ"ဖြင့် လူ့ဥစ္စာကို ပြသည်၊ [လူ့ဥစ္စာကို ခိုးမှ ပါရာဇိကကျ၏၊ တိရစ္ဆာန်ဥစ္စာ နတ်ဥစ္စာကို ခိုးလျှင် မကျ၊] "တထာသညီ" ဖြင့် လူ့ဥစ္စာဟုသိခြင်းကိုပြ၏၊ "ထေယျစိတ္တံ"ဖြင့် ခိုးလိုသောစိတ်ကိုပြ၏၊ "ဝတ္ထုနော ဂရုတာ"ဖြင့် ခိုးအပ်သော ဥစ္စာ၏ ဂရုကအဖြစ်ကိုပြ၏၊ [တမတ်-တမတ်တန် ပစ္စည်းမှစ၍ အထက်ဖြစ်သော ငွေ-ပစ္စည်းဝတ္ထုကို အလေးဂရုပြုအပ်သော ကြောင့်(ထိုပစ္စည်းလောက်ကို ခိုးလျှင်ပင် ထိုခေတ်က အသတ်ခံရသောကြောင့်) "ဂရု"ဟုဆိုသည်၊] "အဝဟာရော"ဖြင့် ပါဠိတော်၌လာသော အာဒိယေယျ ဟရေယျ စသော ခိုးနည်း ၂၅-တို့တွင် တပါးပါးဖြင့် ခိုးခြင်း လုခြင်း လိမ်ခြင်း ဒါးမြတိုက်ခြင်းကိုပြသည်။

မှတ်ချက်။ ။တမတ်,တမတ်တန်မှစ၍ အထက်ကိုခိုးလျှင် ပါရာဇိက၊ တပဲ, တပဲတန်မှစ၍ အောက်ကိုခိုးလျှင် ဒုက္ကဋ်၊ အလယ်ငွေနှင့် တန်ဘိုးရှိသော ပစ္စည်းကိုခိုးလျှင် ထုလ္လစ္စဉ်းဘည်း။

တတိယပါရာဇိကအင်္ဂါ ၅-ပါး

၁၄။ ပါဏော မာနုသကော ပါဏ-သညိတာ ဃာတစေတနာ။
ပယောဂေါ တေန မရဏံ၊ ပဉ္စတေ ဝဓဟေတုယော။

၁၄။ မာနုသကော၊ လူဇာတ်ရှိသော။ ပါဏော၊ သတ္တဝင်း။ ပါဏ-သညိတာ၊ သတ္တဝဟု အမှတ်ရှိသူ၏ အဖြစ်ဝင်း။ ဃာတစေတနာ၊ သတ်ကြောင်းစေတနာဝင်း။ ပယောဂေါ၊ သတ်ကြောင်း လုံ့လဝင်း။ တေန၊ ထို လုံ့လကြောင့်။ မရဏံ၊ သေခြင်းဝင်း။ (ကွတိ၊ ဤသို့။) စေတေ ပဉ္စ၊ ဤငါးပါးတို့သည်။ ဝဓဟေတုယော၊ သတ်ခြင်း၏အကြောင်းအင်္ဂါတို့တည်း။ ဝါ၊ မနုဿဝိဂ္ဂဟတတိယပါရာဇိက၏အကြောင်းအင်္ဂါတို့တည်း။

ပါဏော ပါဏသညိတာ။ ။“ပါဏော မာနုသကော”ဖြင့် လူဇာတ်ရှိခြင်းကိုပြ၏၊ [လူကိုသတ်မှ ပါရာဇိက၊ နတ်ကိုသတ်လျှင် ထုလ္လစ္စဉ်း၊ တိရစ္ဆာန်ကိုသတ်လျှင် သပ္ပါဏကဝဂ်-သဉ္စိစ္စပါဏသိက္ခာပုဒ်အရပါစိတ်။] “ပါဏသညိတာ”ဖြင့် သတ္တဝဟု အမှတ်ရှိခြင်းကို ပြ၏၊[“မနုဿသညိတာ”ဟု မဆိုဘဲ“ပါဏသညိတာ”ဟု ဆိုသောကြောင့် သက်ရှိသတ္တဝါမှန်းသိလျှင် လူကို သားကောင်ထင်၍ သတ်သော်လည်း ပါရာဇိကကျ၏။]

ဃာတစေတနာစသည်။ ။“ဃာတစေတနာ”ဖြင့် သတ်လိုသောစိတ်ကိုပြ၏၊ [သတ်လိုသောစိတ်မရှိဘဲ မတော်တဆ သေစေမိလျှင် အနာပတ္တိ၊] “ပယောဂေါ”ဖြင့် သာဟတ္ထိက စသော ပယောဂကိုပြ၏၊ “တေန မရဏံ”ဖြင့် သေခြင်းကိုပြ၏၊[ထိုပယောဂကြောင့် သေမှ ပါရာဇိက၊ အခြားပယောဂကြောင့် သေလျှင် အနာပတ္တိ။]

စတုတ္ထပါရာဇိက အင်္ဂါ၅-ပါး

၁၅။ အသန္တိတာ အတ္တနိ ပါပမိစ္ဆတာ-
ယာရောစနာ တဿ မနုဿဇာတိတာ။
နာညာပဒေသော စ တဒေဝ ဇာနနံ၊
ပဠေတ္ထ အင်္ဂါနိ အသန္တိဒိပနေ။

၁၅။ အတ္တနိ၊ မိမိ၌။ အသန္တိတာ၊ ဥတ္တရိမနုဿဓမ္မ၏ ထင်ရှားမရှိသည်၏ အဖြစ်ဝင်း။ ပါပမိစ္ဆတာယ၊ ယုတ်မာသောအလိုရှိသူ၏အဖြစ်ဖြင့်။ အာရော-စနာ၊ ပြောခြင်းဝင်း။ တဿ၊ ထိုပြောအပ်ရာပုဂ္ဂိုလ်၏။ မနုဿဇာတိတာ၊ လူဇာတ်ရှိသူ၏ အဖြစ်ဝင်း။ နာညာပဒေသော စ၊ သူတပါးကဲ့သို့ မည်သုန်ပြခြင်း ဝင်း။ တဒေဝ၊(တဒါ+ဧဝ)၊ထိုပြောရာဓဏ်၌ပင်။ဇာနနံ၊သိခြင်းဝင်း။(ဣတိ၊ ဤသို့။) အသန္တိဒိပနေ၊ထင်ရှားမရှိသော ဥတ္တရိမနုဿဓမ္မကို ထင်ရှားပြခြင်း ဟူသော။ ဧတ္ထ၊ ဤစတုတ္ထပါရာဇိကဒ်၌။ အင်္ဂါနိ၊ အင်္ဂါတို့သည်။ ပဠေ၊ ငါးပါး တို့တည်း။

အသန္တိတာစသည်။ ။"အတ္တနိ အသန္တိတာ"ဖြင့် ဥတ္တရိမနုဿဓမ္မ၏ မိမိ၌ မရှိခြင်းကိုပြ၏၊"ပါပမိစ္ဆတာယ အာရောစနာ"ဖြင့် ကြားဝါလိုသော အလိုဆိုး (ယုတ်မာသောအလို)ရှိခြင်းကိုပြ၏၊ [ယုတ်မာသော အလိုကြောင့် မဟုတ်ဘဲ အဓိမာနကြောင့်ပြောလျှင် အနာပတ္တိ၊ ညှဉ်ဖျင်းတွေဝေခြင်းကြောင့် ပြောလျှင် လည်း အနာပတ္တိ ဟု ဋီကာဟောင်းဖွင့်၏။] "တဿ မနုဿဇာတိတာ"ဖြင့် ပြောရာ ပုဂ္ဂိုလ်က လူဇာတ်ရှိခြင်းကိုပြ၏၊ [နတ်ကိုပြောလျှင် ပါရာဇိကမကျ။] "နာညာပဒေသော"ဖြင့် သူတပါးကဲ့သို့ မည်သုန်ပြခြင်းကို ပြ၏၊ [စတုတ္ထပါရာဇိက၌ "ပရိယာယ်ကို မရအပ်"ဟု ဆိုခဲ့၏၊ မိမိကိုယ်ကိုပင် သူတပါးအနေအား ဖြင့် ပြောခြင်းသည် ပရိယာယ်အားဖြင့် ပြောခြင်းတည်း၊ ထို့ကြောင့် ပါရာဇိက မသင့်၊ "အပြောခံရသူက ပြောသည့်အတိုင်းသိလျှင်(စျာန်ရ သို့မဟုတ် အရိယာ ဟု သိလျှင်)တုလ္လစ္စဉ်း၊ မသိလျှင် ဒုက္ကဋ်"ဟု ဆိုခဲ့သည်၊ "တဒေဝ ဇာနနံ"ဖြင့် ပြောပြီးရာဓဏ်၌ သိခြင်းကိုပြသည်။

ပါရာဇိက ၂၄-ပါး

၁၆။ အသာဓာရဏာ စတ္တာရော၊ ဘိက္ခုနီနမဘဗ္ဗကာ။
ကောဒသ စ ဝိဘ္ဘန္တာ၊ ဘိက္ခုနီ မုဒုပိဋ္ဌိကော။

၁၇။ လမ္ဖိ မုခေန ဂဏ္ဌန္တော၊ အင်္ဂဇာတံ ပရဿ စ။
တတ္ထေဝါဘိနိသီဒန္တော၊ စတ္တာရော အနုလောမိကာ။

၁၈။ မဂ္ဂေ မဂ္ဂပ္ပဝေသနာ၊ မေထုနဿ ဂ္ဂဓာဂတာ။
စတ္တာရောတိ စတုဗ္ဗီသ၊ သမောဓာနာ ပါရာဇိကာတိ။

၁၆,၁၇,၁၈။ ဘိက္ခုနိနံ၊ ဘိက္ခုနီတို့၏။ အသာဓာရဏာ၊ ဘိက္ခုတို့နှင့် မဆက်ဆံကုန်သော။စတ္တာရော၊လေးပါးသော ပါရာဇိကတို့ဝင်း။အဘဗ္ဗကာ စ၊ ရှင်ရဟန်းအဖြစ်ကိုမထိုက်ကုန်သော။ကောဒသ၊၁၁-ယောက်သော ပဂ္ဂိုလ်တို့ဝင်း။ ဝိဘ္ဘန္တာ၊ မရပ်မတည် လူ့ဘောင်သို့ လည်သော။ ဝါ၊ လူဝတ်ကြောင်

အသာဓာရဏာ စတ္တာရော။ ။ယခုအခါရထိုက်သော ပါရာဇိကတို့ကိုပေါင်း၍ပြလိုသောကြောင့် "အသာဓာရဏာ" စသည်ကိုမိန့်သည်၊ ဘိက္ခုနီတို့အတွက် ပါရာဇိကသိက္ခာပုဒ် ဂ-ပါးရှိ၏၊ ထို ဂ-ပါးတွင် ၄-ပါးသည် ဘိက္ခုတို့နှင့် တူသောကြောင့် သာဓာရဏ (ဘိက္ခုတို့နှင့်ဆက်ဆံသော) ပါရာဇိကမည်၏၊ ကျန် ၄-ပါးသည် ဘိက္ခုတို့နှင့် မဆက်ဆံသောကြောင့် **အ**သာဓာရဏ ပါရာဇိကမည်၏၊ ထို ၄-ပါးကား—ဥဒ္ဓဇာဏုမဏ္ဍလိကာ, ဝဇ္ဇပုဋိစ္ဆာဒိကာ, ဥက္ခိတ္တာနုဝတ္တိကာ, အဋ္ဌဝတ္ထုကာတို့တည်း၊ အကျယ်ကို ဘိက္ခုနီပါတိမောက်၌ရှုပါ။

အဘဗ္ဗကာ ကောဒသ။ ။[ပဏ်ဍေ ပက် ဆာန်၊ ပဥ္ဍာနန်၊ ဒူသံဥဘော ဗျည်း။] ပဏ္ဍုက်, ထေယျသံဝါသက, တိတ္ထိယပက္ကန္တက, တိရစ္ဆာန်, [မာတုဃာတက, ပိတုဃာတက, အရဟန္တဃာတက, လောဟိတုပ္ပါဒက, သံဃဘေဒက-ဟူသော] အာနန္တရိယကံထိုက်သော ပုဂ္ဂိုလ် ၅-ယောက်, ဘိက္ခုနီဒူသက, ဥဘတောဗျည်း၊ ကျိတကျိပ်တယောက်သော ပုဂ္ဂိုလ်တို့သည် မူလကပင် ရဟန်းမပြုထိုက်သောကြောင့် ပါရာဇိက (သာသနာတော်မှ ဆုံးရှုံးစေအပ်သူများ) ဖြစ်ကြ၏။

အဝတ်ကို ဝတ်သော။ ဘိက္ခုနီ၊ ဘိက္ခုနီဂုဏ်း။ မုဒုပိဋ္ဌကော၊ နှုံ့ပျော့ပြောင်းသော ကျောက်ကုန်းရှိသည်ဖြစ်၍ မိမိအင်္ဂါဇာတ်ကို မိမိ၏ မုခမဂ်, ဝစ္စမဂ်သို့ သွင်းသော ရဟန်းဂုဏ်း။ လမ္မီ၊ ရှည်သော အင်္ဂါဇာတ်ရှိသည်ဖြစ်၍ မိမိမုခမဂ်,ဝစ္စမဂ်သို့ သွင်းသောရဟန်းဂုဏ်း။ ပရဿ၊ သူတပါး၏၊ အင်္ဂဇာတံ၊ အင်္ဂါဇာတ်ကို။ မုခေန၊ ပါးစပ်ဖြင့်။ ဂဏှန္တော၊ စုတ်ယူသောရဟန်းဂုဏ်း။ တတ္ထေဝ၊ ထိုသူတပါး အင်္ဂါဇာတ်ပေါ်၌ပင်။ အဘိနိသီဒန္တော၊ ဖိ၍ထိုင်သောရဟန်းဂုဏ်း။ (ဣတိ၊ ဤသို့။) မဂ္ဂေ မဂ္ဂပ္ပဝေသနာ မေထုနဿ၊ မဂ္ဂေ မဂ္ဂပ္ပဝေသန မေထုန်အား။ အနုလောမိကာ၊ လျော်စွာ ဖြစ်ကုန်သော။ စတ္တာ့ရော၊ လေးပါးသော ပါရာဇိကတို့ဂုဏ်း။ ဣဓ၊ ဤဒုဿိက္ခာ၌။ အာဂတာ၊ တိုက်ရိုက်လာကုန်သော။ စတ္တာရော၊ လေးပါးသောပါရာဇိကတို့ဂုဏ်း။ ဣတိ၊ ဤသို့။ သမောဓာနာ၊ အပေါင်းအားဖြင့်။ ပါရာဇိကာ၊ ပါရာဇိကတို့သည်။ စတုဇ္ဈာသာ၊ ၂၄-ပါးသည်။ (ဘဝန္တိ၊ ဖြစ်ကုန်၏။)ဣတိ၊ ပါရာဇိကနှင့် စပ်၍ မှတ်ဘွယ်အပြီးတည်း။

ဝိဇ္ဈန္တော ဘိက္ခုနီ။ ။ဘိက္ခုနီတို့သည် လူထွက်လိုသောအခါ သိက္ခာချဘွယ်မလို၊ လူအာဝတ်ကိုဝတ်လိုက်လျှင် သို့မဟုတ် သင်္ကန်းကိုပင် လူဝတ်သလိုဝတ်လိုက်လျှင် လူဝတ်ကြောင်ဖြစ်ရုံသာမက နောက်ထပ်လည်းဘိက္ခုနီ မဖြစ်တော့ရကား ပါရာဇိကကျသူနှင့်တူတော့၏။

မုဒုပိဋ္ဌကော။ ။ကျောက်ကုန်း (ခါး)ကို ပျော့အောင် အလေ့အကျင့်လုပ်ထားသောကြောင့် နှုံ့ပျော့ပြောင်းသော ကျောက်ကုန်းရှိသူကို "မုဒုပိဋ္ဌ-က"ဟု ခေါ်၏၊ [မုဒု+ပိဋ္ဌ ယဿာတိ မုဒုပိဋ္ဌကော၊] ထိုသူသည် ကျောက်ကုန်းနှုံ့ရုံမျှဖြင့် ပါရာဇိက မကျပါ၊ သာသနာတော်၌ မပျော်မွေ့သောအခါ ခါးကိုကုန်း၍ မိမိ၏ အင်္ဂါဇာတ်စုတ်မှု, ဝစ္စမဂ်သို့ သွင်းမှု တခုခုပြုမှ ပါရာဇိကကျသည်။

လမ္မီ။ ။လမ္ဗံ ယဿ အတ္ထိတိ လမ္မီ။ ယဿ၊ အကြင်ရဟန်း၏။ လမ္ဗံ၊ တွဲလျားကျသော အင်္ဂါဇာတ်သည်။ ဝါ၊ ရှည်သော အင်္ဂါဇာတ်သည်။ အတ္ထိ၊

ရှိ၏။ ဣတိ၊ ထို့ကြောင့်။ သေ၁၊ ထိုရဟန်းသည်။ လမ္မိ၊ မည်၏။ ဤရဟန်းလည်း အင်္ဂါဇာတ် ရှည်ရုံဖြင့် ပါရာဇိက မကျပါ၊ သာသနာတော်၌ မပျော်မွေ့သည် အတွက် ထိုအင်္ဂါဇာတ်ကို မိမိပါးစပ်ဖြင့် စုင်မှု, ဝစ္စမဂ်သို့သွင်းမှု တခုခုပြုမှု ပါရာဇိက ကျသည်။

မုခေန၊ ပေ၊ ပရဿ။ ။သာသနာတော်၌ မပျော်မွေ့သည်ဖြစ်၍ အိပ်ပျော်နေသော သို့မဟုတ် အမှတ်တမဲ့နေသော သူတပါး၏ အင်္ဂါဇာတ်ကို ပါးစပ်ဖြင့် စုပ်ယူသော ရဟန်းသည် ပါရာဇိက ကျ၏။

တတ္ထေဝါဘိနိသီဒန္တော်။ ။သာသနာတော်၌ မပျော်မွေ့သော ရဟန်းသည် သူတပါး၏ တောင့်တင်းခိုင်မာနေသော အင်္ဂါဇာတ်ပေါ်၌ မိမိ၏ ဝစ္စမဂ်ဖြင့် ဖိ၍ ထိုင်သည်ရှိသော် ပါရာဇိက ကျ၏။

စတွာရော အနုလောမိကာ။ ။မုဒုပိဋ္ဌိကစသော ၄-ယောက်သည် မိထုန်မည်သော ယောကျ်ားမိန်းမတို့၏ ပေါင်းဖော်ခြင်း မဟုတ်ပါသော်လည်း မဂ် တခု၌ မဂ်တခုကို သွင်းခြင်းကြောင့် မေထုနပါရာဇိက၏ အလျော်ဖြစ်ရကား "အနုလောမိကပါရာဇိက" အမည်ရသည်။

ဣဓဝဂတာ။ ။ဤခုဒ္ဒသိက္ခာ၌ တိုက်ရိုက်လာသော ပဌမ (မေထုနဓမ္မ) ပါရာဇိကစသော ၄-ပါး။

စတုဗ္ဗိသ သမောဓာနာ။ ။အားလုံးပေါင်းသော် ပါရာဇိကဖြစ်နေသော ပုဂ္ဂိုလ်ပေါင်း ၂၄-ပါး ရှိသည်၊ [ပါတိမောက်ဘာသာဋီကာ၌ လက်နှင့်တက္ခြုထားပြီ။]

မှတ်ချက်။ ။မာတုဃာတက, ပိတုဃာတက, အရဟန္တဃာတကတို့သည် ရဟန်း မဟုတ် လူဝတ်ကြောင် သာမဏေများတည်း၊ ဘိက္ခုနီဒူသကလည်း လူဝတ်ကြောင်သာမဏေပင်တည်း၊ ထို့ကြောင့် ရဟန်းဘဝမှကျသော ပါရာဇိက များ မဟုတ်ရကား သီးခြားပါရာဇိကအဖြစ်ဖြင့် ပြုရသည်၊ လမ္မိစသော ၄-ယောက်တို့ကား ရဟန်းများတည်း၊ သူတို့၏အမှုသည် ပဌမပါရာဇိက၌ ပါဝင်၏၊ သို့သော် မေထုန်မှီဝဲသူများ မဟုတ်သောကြောင့် သီးခြားခွဲ၍ ပြရသည်ဟု မှတ်ပါ။

ဂရုကနှင့်ဒွေသ

ဂရုကာ နဝါတိ—

ဂရုကာ နဝါတိ၊ "ဂရုကာ နဝ" ဟူသော ဥဒ္ဒေသ၏။ (နိဒ္ဒေသော၊ နိဒ္ဒေသကား—)

ဂရုကာ။ ။ပရိဝါသ် မာနတ်ဆောက်တည်ရခြင်းဟူသော ကြီးလေးသောကံဖြင့် ဖြေဖျောက်မှု ပြေနိုင်သောကြောင့် သံဃာဒိသိသ်အာပတ်များကို "ဂရုကအာပတ်" ဟု ခေါ်ရသည်။ [ထုလ္လစ္စဉ်း စသော အာပတ် ၅-ပုံကား ဒေသနာပြောရုံမျှဖြစ်သော ပေါ့သောကံဖြင့် ဖြေနိုင်သောကြောင့် လဟုက အာပတ်မည်၏။]

မှတ်ချက်။ ။ပါရာဇိကအာပတ်ကိုလည်း "ဂရုကအာပတ်" ဟု ခေါ်နိုင်၏၊ သို့သော် ပါရာဇိကတို့ကို သီးခြားပြအပ်ပြီး ဖြစ်သောကြောင့် ဤ၌ မယူရတော့၊ ဂရုကအရ ပါရိဝေသန နည်းအားဖြင့် သံဃာဒိသိသ်ကိုသာ ယူရသည်၊ ထို့ပြင်– အာပတ်ဖြေမှု၏ ဂရုကနာမည်ကို အာပတ်ပေါ်တင်စား၍ ဖလူပစာရအားဖြင့် အာပတ်ကိုဌင်း ပရမ္မရူပစာရ (အဆက်ဆက်တင်စားအပ်သော ဖလူပစာရ) အားဖြင့် ထိုအာပတ်ကိုပြသော သိက္ခာပုဒ်များကိုဌင်း "ဂရုက" ဟု ခေါ်နိုင်သည်။

နဝ။ ။ဂရုကသံဃာဒိသိသ်အာပတ်တို့သည် ပါတိမောက်၌ လာသည့်အတိုင်း ပဌမာပတ္တိက ၉-ပါး ယာဝတတိယက ၄-ပါးရှိပါသော်လည်း ယာဝတတိယက ၄-ပါးတို့သည် သံဃာက ၃-ကြိမ်ပြည့်အောင် ကမ္မဝါစာဖြင့်ဆုံးမ၍ မရမှ သင့်ရသောကြောင့် သင့်ဘို့ရန်မလွယ်ကူ၊ လွန်ကြူ ရာခဏ၌ သင့်အပ်သော ပဌမာပတ္တိက အာပတ် ၉-ပါးတို့သာ သင့်ဘို့ရန်လွယ်ကူသောကြောင့် ထို ၉-ပါးတို့ကိုသာ ဤခုဒ္ဒသိက္ခာ၌ ပြထားသည်-ဟု မှတ်ပါ။

သုက္ကဝိသဋ္ဌိသိက္ခာပုဒ်

၁၉။ မောစေတုကာမတာ သုက္က-ဿုပက္ကမ္မ ဝိမောစယံ။
အညတြ သုပိနန္တေန၊ သမဏော ဂရုကံ ဖုသေ။

၁၉။ သုပိနန္တေန၊ အိပ်မက်၌ သုက်လွှတ်ခြင်းကို။ အညတြ၊ ကြဉ်ထား၍။ မောစေတုကာမတာ၊ လွှတ်စေခြင်းငှါအလိုရှိသူ၏အဖြစ်ဖြင့်။ ဝါ၊ လွှတ်စေလိုသော စေတနာဖြင့်။ သုက္ကဿ၊ သုက်ကို။ ဥပက္ကမ္မ၊လုံ့လပြု၍။ ဝိမောစယံ၊ လွှတ်စေသော။ သမဏော၊ ရဟန်းသည်။ ဂရုကံ၊ ဂရုကအာပတ်သို့။ ဖုသေ၊ ထိရောက်၏။ [“အနိက္ခိတသိက္ခော”ပုဒ်ကို လိုက်စေနိုင်သော်လည်း ရှည်၍ ရှုပ်နေမည်စိုးသောကြောင့် မလိုက်ဘဲ အနက်ပေးလိုက်သည်။] (ဝိ ပါ ၁-၁၅၁၊ ဝိ ဋ္ဌ ၂-၁၀၅)

မောစေတုကာမတာ။ ။“ကာမတာယ”ဟု ဆိုလိုလျက် ဂါထာဖြစ်၍ အက္ခရာမပို့စေခြင်းငှါငင်း အလင်္ဂီတာ - စသော ပုဒ်တို့၌ ယအက္ခရာ ကြွရိုးရှိသောကြောင့်ငင်း ယအက္ခရာကို ချေထားသည်။

သုက္ကဿ ဥပက္ကမ္မ ဝိမောစယံ။ ။သုက်လွှတ်အောင် လက်စသည်ဖြင့် လှုံ့လပြု၍ လွှတ်စေသော ရဟန်းသည် ဂရုက (သံဃာဒိသိသ်) အာပတ်သင့်၏။

အင်္ဂါ ၃-ပါး။ ။“မောစေတုကာမတာယ”ဖြင့် လွှတ်စေလိုသော စေတနာရှိခြင်း အင်္ဂါကို ပြ၏၊ “ဥပက္ကမ္မ ဝိမောစယံ”ဖြင့် လှုံ့လပြုခြင်း အင်္ဂါ, သုက်လွှတ်ခြင်းအင်္ဂါ ၂-ပါးကို ပြ၏၊ ဤ အင်္ဂါ (၃) ပါးညီမှု(ပြည့်စုံမှု)ပဌမသံဃာဒိသိသ် ဂရုကအာပတ် သင့်သည်။

အညတြ သုပိနန္တေန။ ။မေထုန်နှင့်စပ်၍ အိပ်မက် မက်သောအခါ ဤ အင်္ဂါ ၃ ပါးနှင့်ညီစွာ သုက်လွှတ်တတ်ပါ၏၊ သို့သော်မစောင့်ထိန်းနိုင်သော အရာဌာနဖြစ်သောကြောင့် အိပ်မက်ထဲ၌ သုက်လွှတ်မှုကို အနာပတ်ဟု ခြွင်းချက်ပြုတော်မူသည်၊ သို့ရာဝယ် ထိုကဲ့သို့ အိပ်မက် မမက်ဘို့ရန် “အိပ်

ကာယသံသဂ္ဂသိက္ခာပုဒ်

၂၀။ ဣတ္ထိသညီ မနုဿိတ္ထိံ၊ ကာယသံသဂ္ဂရာဂဝါ။
သဖုသန္တော ဥပက္ကမ္မ၊ သမဏော ဂရုကာ ဖုဋေ။

၂၀။ မနုဿိတ္ထိံ၊ လူမိန်းမကို။ ဣတ္ထိသညီ၊ မိန်းမဟု အမှတ်ရှိသည်။ (ဟုတ္ဝာ၊ ဖြစ်၍၎င်း။) ကာယသံသဂ္ဂရာဂဝါ၊ ကာယသံသဂ္ဂရာဂရှိသည်။ (ဟုတ္ဝာ၊ ဖြစ်၍၎င်း။) ဥပက္ကမ္မ၊ လုံ့လပြု၍။ သံဖုသန္တော၊ တို့ထိသော်။ သမဏော၊ ရဟန်းသည်။ ဂရုကံ၊ ဂရုကအာပတ်သို့။ ဖုဋေ၊ ထိရောက်၏။
(ဝိ ပါ၊ ၁-၁၇၂၊ ဝိ ဋ္ဌ ၂-၁၁၉)

ခါနိုး၌ ဗုဒ္ဓါနုဿတိ-စသော ၁၀-ပါးတို့တွင် မိမိစိတ်ကြိုက် ကမ္မဋ္ဌာန်းတပါးပါးကို ပွါးများပြီးမှ အိပ်ရမည်”ဟု အဋ္ဌကထာဆရာ ဩဝါဒပေးတော်မူသည်။

ဣတ္ထိသညီ မနုဿိတ္ထိံ။ ။ထိုနှစ်၌ ဖွားမြင်သော မိန်းကလေးပင် ဖြစ်စေကာမူ မိန်းမဟု အမှတ်ရှိသည်ဖြစ်၍ သံဖုသန္တောဋ္ဌစပ်၊ [မိန်းမဟု အမှတ်မရှိဘဲ ပဏ္ဍုက် ယောကျ်း·တိရစ္ဆာန် ဟု မှတ်ထင်၍ ကာယသံသဂ္ဂရာဂဖြင့်ကိုင်လျှင် ထုလ္လစ္စဉ်း။]

ကာယသံသဂ္ဂရာဂဝါ။ ။“ကာယ·ကိုယ်ဖြင့် + သံသဂ္ဂ - ရောနှော”ဟူသည် ကိုင်ခြင်း ဆွဲခြင်း ဆိတ်ခြင်း တို့ခြင်း နမ်းခြင်း-စသော လောကအပြုအမူအားလုံးတည်း၊ ထိုအမူကိုပြုဘို့ရန် ရာဂရှိသူကို “ကာယ-သံသဂ္ဂရာဂဝါ”ဟု ဆိုသည်။

အင်္ဂါ ၅-ပါး။ ။“မနုဿိတ္ထိံ”ဖြင့် လူမိန်းမဖြစ်ခြင်းကို ပြ၏၊ “ဣတ္ထိသညီ”ဖြင့် လူမိန်းမမှန်း သိခြင်းကို ပြ၏၊ “ကာယသံသဂ္ဂရာဂဝါ” ဖြင့် ကာယသံသဂ္ဂရာဂရှိခြင်းကို ပြ၏၊ “ဥပက္ကမ္မ”ဖြင့် ထိမိအောင် လုံ့လပြုခြင်းကို ပြ၏၊ “သံဖုသန္တော”ဖြင့် လက်စသည်ကို ကိုင်ခြင်းကိုပြသည်၊ ဤသို့ အင်္ဂါ ၅-ပါးစုံမှ သံဃာဒိသိသ်အာပတ်သင့်သည်။

ဒုဋ္ဌုလ္လဝါစာသိက္ခာပုဒ်

၂၁။ တထာ သုဏန္တိံ ဝိညုဠူ၊ မဂ္ဂံ ဝါရဇ္ဈ မေထုနံ။
ဒုဋ္ဌုလ္လဝါစာရာဂေန၊ ဩဘာသေတ္ဝာ ဂရုံ ဖုသေ။

၂၁။ တထာ၊ ထို လူမိန်းမဟု အမှတ်ရှိသည်ဖြစ်၍။ သုဏန္တိံ၊ ကြားနိုင်လောက်သော။ ဝိညုဠူ၊ ပြောစကားကို နားလည်သူလည်း ဖြစ်သော။ (မနုဿိတ္ထိံ၊ လူမိန်းမကို။) မဂ္ဂံ ဝါ၊ ဝစ္စမဂ်, ပဿာဝမဂ်ကိုသော်၎င်း။ မေထုနံ ဝါ၊ မေထုန်ကိုသော်၎င်း။ အာရဇ္ဈ၊ အကြောင်းပြု၍။ ဒုဋ္ဌုလ္လဝါစာရာဂေန၊ ဒုဋ္ဌုလ္လဝါစာ၌ သာယာသောရာဂဖြင့်။ ဩဘာသေတ္ဝာ၊ ယုတ်ယုတ်မာမာ ပြောဆို၍။ ဝါ၊ ယုတ်ယုတ်မာမာ ပြောဆိုခြင်းကြောင့်။ (သမဏော၊ ရဟန်းသည်။) ဂရုံ၊ ဂရုကအာပတ်သို့။ ဖုသေ၊ ထိရောက်၏။ (ဝိ ပါ ၁-၁၀၆၊ ဝိ ဋ္ဌ ၂-၁၃၂)

မှတ်ချက်။ ။ကာယသံသဂ္ဂရာဂမရှိဘဲ အမိကို အမိအချစ်အားဖြင့် ကိုင်လျှင် သံဃာဒိသိသ်မသင့်၊ သို့သော် မသုံးသပ်ကောင်း မကိုင်ကောင်းသောကြောင့် အနာမာသဒုက္ကဋ်ကား သင့်သည်၊ မိန်းမက အတင်းကိုင်ရာ၌ကား မိမိက မသာယာလျှင်၎င်း သာယာသော်လည်း မလှုပ်မလှုက် ငြိမ်သက်စွာနေလျှင်၎င်း အာပတ်မသင့်။

တထာ သုဏန္တိံ။ ။"တထာ"ဖြင့် ကွက်သည် မနုဿိတ္ထိံကို ညွှန်းသည်၊ "သုဏန္တိံ-ကြားလောက်သော(ကြားနိုင်သော)"ဟု ဆိုသောကြောင့် "ဝေးလွန်း၍ မကြားနိုင်သော မိန်းမကို ပြောသော်လည်း အာပတ်မသင့်"ဟု ပြသည်၊ ထို့အတူ တမန်စေလွှတ်၍ပြောလျှင်၎င်း စာရေး၍ပြောလျှင်၎င်း ဤသိက္ခာပုဒ်ဖြင့် အာပတ်မသင့်ဟု ဋီကာဟောင်း၌ ဆိုသည်။

ဝိညုံ။ ။အနီးအပါး ကြားလောက်သောအရပ်၌ နေစေကာမူ ပြောအပ်သောစကားကို နားလည်သောမိန်းမအား ပြောမှ အာပတ်သင့်သည်၊ ငယ်လွန်းသောကြောင့်ဖြစ်စေ ဘာသာစကားမတူသောကြောင့်ဖြစ်စေ ဖျင်းလွန်း(အ)

အတ္တကာမပါရိစရိယသိက္ခာပုဒ်

၂၂။ ဝတ္ဝာ-တ္တကာမုပဋ္ဌာန-ဝဏ္ဏံ မေထုနရာဂိနော။
ဝါစာ မေထုနယုတ္တော်နှ၊ ဂရု မေထုနယာစနေ။

၂၂။ မေထုနရာဂိနော၊ မေထုန်၌ဖြစ်သော ရာဂရှိသောဇဟန်း၏။ မေထုနယုတ္တော်နှ၊ မေထုန်နှင့်စပ်ယှဉ်သော။ ဝါစာ (ဝါစာယ)၊ စကားဖြင့်။ (တနည်း)ဝစော(ဝစေန)၊ ဖြင့်။ အတ္တကာမုပဋ္ဌာနဝဏ္ဏံ၊ မိမိအကျိုးငှါ ကာမဂုဏ်ဟု မေထုန်မှုဖြင့် ပြုစုလုပ်ကျွေးခြင်း၏ ဂုဏ်ကျေးဇူးကို။ [တနည်း အတ္တကာမုပဋ္ဌာနဝဏ္ဏံ၊ မိမိသည် အလိုရှိအပ်သော မေထုန်မှုဖြင့် ပြုစုလုပ်

လွန်းသောကြောင့်ဖြစ်စေ နားမလည်သော မိန်းမအားပြောလျှင် အာပတ်မသင့်။

မဂ္ဂံ ဝါ။ ။"ဒုဋ္ဌုလ္လဝါစာ-ရုန့်ရင်းကြမ်းတမ်းသောစကား"ဟူသည် ဝစ္စမဂ်ပဿာဝမဂ်၏ လှုပတင့်တယ်ကြောင်းကို ချီးမွမ်းသောစကား, ဝစ္စမဂ် ပဿာဝမဂ်၏ မလှကြောင်း(ပဿာဝမဂ်၌ သီခရဏီ-အသားစွန်း ထွက်နေကြောင်းစသည်ဖြင့်)ကဲ့ရဲ့သော စကားတည်း။

မေထုနံ။ ။"ငါ့အား မေထုန်ပေးစမ်းပါ, ငါ့အား မေထုန်ပေးထိုက်ပါတယ်, သင်၏ယောကျ်ားအား မေထုန် ဘယ်လိုပေးသလဲ"စသည်ဖြင့် မေထုန်နှင့်စပ်သော စကားလည်း ဒုဋ္ဌုလ္လဝါစာပင်တည်း။

အင်္ဂါ ၅-ပါး။ ။"တထာ"ဖြင့် လူမိန်းမဖြစ်ခြင်း, လူမိန်းမဟု မှတ်ထင်ခြင်း အင်္ဂါ ၂-ပါးကို ပြ၏၊ "မဂ္ဂံ ဝါ၊ ပေ၊ ဒုဋ္ဌုလ္လဝါစာရာဂေန"ဖြင့် ဒုဋ္ဌုလ္လဝါစာကို ပြောရခြင်း၌ သာယာသောရာဂကို ပြ၏၊ "သြဘာသေတ္ဝာ"ဖြင့် ဝစ္စမဂ် ပဿာဝမဂ်နှင့်စပ်သော သို့မဟုတ် မေထုန်နှင့်စပ်သော ယုတ်မာသောစကားကို ပြောခြင်းကို ပြ၏၊ "သုဏာဒီ ဝိညုံ"ဖြင့် ထိုစကားကို နားလည်ခြင်းကို ပြ၏။

ဝတ္ဝာ။ ။ရှေ့သိက္ခာပုဒ်မှ တထာကိုလိုက်စေ၍ "ပြောအပ်သောစကားကို နားလည်၍ ကြားလောက်သော လူမိန်းမကို မိန်းမဟု အမှတ်ရှိသည်ဖြစ်၍

ကျေးခြင်း၏ ဂုဏ်ကျေးဇူးကို။] ဝတ္ဌာ၊ ပြောဆို၍။ မေထုနယာစနေ၊ မေထုန်ကို တောင်းခြင်းကြောင့်။ ဂရု၊ ဂရုကအာပတ်သည်။ "ဟောတီ၊ ၏။ [ဂရု ဟောတီတိ ဂရုကာပတ္တိ ဟောတီတိ အတ္ထော၊ ဋီကာသင်္။] (ဝိ ပါ ၁-၁၉၂၊ ဝိ ဋ္ဌ ၂-၁၃၆)

ပြောဆို"ဟု အနက်မှတ်ပါ၊ ထို့ကြောင့် ဋီကာ၌ "ဝတ္ဌာတိ ဒုဋ္ဌုလ္လောဘာသနေ ဝုတ္တပ္ပကာရံ သုဏန္တိံ ဝိညုံ ဣတ္ထိံ ဣတ္ထိသညီယေဝ ဟုတ္ဝာ ဝတ္ဌာ"ဟု ဖွင့်သည်။

အတ္တကာမုပဋ္ဌာနဝဏ္ဏံ။ ။ဤပုဒ်ကို ပါရာဇိကအဋ္ဌကထာသို့လိုက်၍ ဋီကာ၌ ၂-နည်းဖွင့်၏၊ ထိုတွင် ပဌမနည်း၌.... "အတ္တ-မိမိအကျိုးငှါ+ကာမ-ဖောဋ္ဌဗ္ဗာရုံ ကာမဂုဏ်ဟူသော မေထုန်ဖြင့်+ဥပဋ္ဌာန–ပြုစုလုပ်ကျေးခြင်း၏+ဝဏ္ဏံ–ဂုဏ်ကျေးဇူးကို"ဟု အနက်မှတ်ပါ။

ဒုတိယနည်း။ ။ဤနည်း၌.... "အတ္တ-မိမိသည်+ ကာမ-အလိုရှိအပ်သော၊ (မေထုနရာဂဖြင့် တောင့်တအပ်သော)+ဥပဋ္ဌာန-ပြုစုလုပ်ကျေးခြင်း၏+ဝဏ္ဏံ-ဂုဏ်ကျေးဇူးကို"ဟု အနက်မှတ်ပါ၊ "မိမိအလိုရှိအပ် တောင့်တအပ်သော လုပ်ကျေးခြင်း၏ ဂုဏ်ကျေးဇူး"ဟူလို။

ဝဏ္ဏံ။ ။ဝဏ္ဏံကိုလည်း ပါရာဇိကအဋ္ဌကထာ၌ "ဂုဏံ-ဂုဏ်+အာနိသံသ-အကျိုးကျေးဇူး"ဟု ဖွင့်သည်။ [ဝဏ္ဏသဒ္ဒါ၏အနက်တို့တွင် ဂုဏအနက်ကိုငင်း ဂုဏသဒ္ဒါ၏ အနက်တို့တွင် အာနိသံသအနက်ကိုငင်း ဖွင့်ခြင်းတည်း။] ဝဏ္ဏအရ ဂုဏ်ကျေးဇူးပြောပုံမှာ ပါတိမောက်၌လာသည့်အတိုင်း "ဇေဒဂ္ဂံ ဘဂိ-နီ ယာ မာဒိသံ"စသောစကား, ထိုစကားနှင့် အလားတူစကားများတည်း။

မေထုနရာဂိနော။ ။ထိုသို့ပြောရာ၌ ပြောသောရဟန်း၏စိတ်မှာ မေထုန်မှီဝဲလိုသော ရာဂစိတ်ဖြစ်နေ၏၊ ထိုရာဂဖြင့် "အရဟာသိ တုံ မေထုနံ ဒါတုံ-သင်သည် ငါ့အား မေထုန် ပေးထိုက်၏"စသည်ဖြင့် မေထုန်ကိုတောင်းမှ ဤသိက္ခာပုဒ်အရ အာပတ်သင့်၏၊ ဒုဋ္ဌုလ္လဝါစာကို ပြောနေရခြင်း၌ သာယာသောရာဂဖြင့် "ဒေဟိ မေ မေထုနံ၊ငါ့အား မေထုန်ပေးစမ်းပါ"ဟုတောင်းလျှင် ရှေသိက္ခာပုဒ်အရ အာပတ်သင့်သည်-ဟု ရာဂ ၂-မျိုး ခွဲခြားပါ၊ ဤသို့ ခွဲခြား

သဉ္ဇရိတ္တသိက္ခာပုဒ်

၂၃။ ပဋိဂ္ဂဟေတ္ဝာ သန္ဒေသံ၊ ဣတ္ထိယာ ပုရိသဿ ဝါ။
ဒိမံသိတ္ဝာ ဟရုံပစ္စာ၊ သမဏော ဂရုကံ ဖုသေ။

၂၃။ ဣတ္ထိယာ ဝါ၊ မိန်းမ၏သော်၎င်း။ ပုရိသဿ ဝါ၊ ယောကျ်ား၏သော်၎င်း။ သန္ဒေသံ၊ အကြောင်းအရာ ကောင်းစွာ ညွှန်ပြကြောင်း စကားကို။ [အကြောင်းအရာ ကောင်းစွာညွှန်ပြကြောင်းစာကို။] ပဋိဂ္ဂဟေတ္ဝာ၊ လက်ခံပြီး၍။ [လက်ခံပြီးနောက်။] ဒိမံသိတ္ဝာ၊ စုံစမ်းပြီး၍။[စုံစမ်းပြီးလျှင်။] ပစ္စာဟရုံ၊ ပြန်၍ဆောင်သော။ သမဏော၊ ရဟန်းသည်။ ဂရုကံ၊ ဂရုကအာပတ်သို့။ ဖုသေ၊ ထိရောက်၏။ ["ပစ္စာဟရုံ"-ဟူ ဆိုလိုလျက် ဂါထာဖြစ်၍ ရွှေနောက် ပြောင်းထားသည်။] (ဝိ ပါ ၁-၁၉၇၊ ဝိ ဋ္ဌ ၂-၁၃၉)

ထားမှ မေထုန် တောင်းခြင်းတူသော်လည်း သိက္ခာပုဒ် ၂-မျိုးအရ အာပတ် ၂-မျိုး ကဲ့ပြားပုံကို နားလည်နိုင်မည်။

ဝါစာမေထုနယုတ္တေန။ ။"ဝါစာယ"ဟု ဆိုလိုလျက် ယ-အက္ခရာကို ချေထားသည်၊ ဝါစာယန့် လိုင်တူအောင် "မေထုနယုတ္တာယ"ဟု ရှိသင့်သော်လည်း လိင်္ဂဝိပလ္လာသနည်း (ဣတ္ထိလိင်မှ ပုလ္လိင်ပြန်သောနည်း) အားဖြင့် "မေထုနယုတ္တေန"ဟု ထားသည်၊ [ဤကား ဋီကာအဖွင့်အတိုင်းတည်း၊ "ဝစာမေထုနယုတ္တေန"ဟုလည်း မူကဲ့ရှိ၏၊ ဝစာ (ဝစေန) ဟု ပြင်ပါ၊ ထိုသို့ ရှိခြင်းသည် ပါဠိတော်စာသွားနှင့် သဘောတူ၏၊ ပါဠိတော်၌လည်း "ဝစနေန"ဟု ရှိသည်၊ ဤသိက္ခာပုဒ်၌ အင်္ဂါများကို ပါတိမောက်ဘာသာဋီကာ၌ ရှုပါ၊ ဤဂါထာ၌ အကျဉ်းမျှသာဖြစ်၍ ကောက်ယူဘို့ မလွယ်ပါ။]

သန္ဒေသံ။ ။စေခိုင်းကြောင်းစကားကို "သန္ဒေသ"ဟု ခေါ်၏၊ ထို့ကြောင့် ဋီကာဟောင်း၌ "အယမ္ပိ ပုရိသဿ သန္ဒေသောယေဝ နာမ၊ အာဏာပနံ-စေခိုင်းကြောင်းစကား၊ ဣတိ အတ္ထော"ဟု ဖွင့်သည်၊ အချို့နေရာ စာပေး

စာယူအနေအားဖြင့် မှာကြားကြောင်းစကားကိုလည်း “သန္ဒေသကထာ”ဟု ခေါ်ကြ၏၊ ဆိုလိုရင်းမှာ ယောကျ်ားဘက်ကဖြစ်စေ မိန်းမဘက်ကဖြစ်စေ စေခိုင်းသောအားဖြင့် မှာလိုက်သောစကား နှုတ်မှာစကားကို “သန္ဒေသ”ဟု ဆိုလိုသည်၊ [သန္ဒေသိယတိ ဇေတနာတိ သန္ဒေသော စေခိုင်းသူ၏ အဓိပ္ပါယ်ကို ထင်ရှားပြကြောင်း စကား။ ဤသို့ သဒ္ဒတ္ထ ဖြစ်၏။]

ပဋိဂ္ဂဟေတ္ဝာ၊ ပေ၊ ပုရိသဿ ဝါ။ ။မိန်းမဘက်က (မိန်းမကိုယ်တိုင် သို့မဟုတ် မိဘစသူတို့က) ဖြစ်စေ ယောကျ်ားဘက်က (ယောကျ်ားကိုယ်တိုင် သို့မဟုတ် မိဘစသူတို့က) ဖြစ်စေ “မည်သူကို အလိုရှိကြောင်း (လက်ထပ်လိုကြောင်း)”ကို သွား၍ ပြောပေးဘို့ရန် စေခိုင်းကြောင်းစကားကို “အိမ်း” သို့မဟုတ် “ကောင်းပြီ” သို့မဟုတ် “ပြောပေးမည်”ဟု ဝန်ခံခြင်းကို “ပဋိဂ္ဂဟေတ္ဝာ”ဟု ဆိုသည်။

ဝိမံသိတ္ဝာ ဟရုံပစ္စာ။ ။ထိုသို့ ဝန်ခံပြီးနောက် သွား၍ဖြစ်စေ မိမိအထံသို့ လာသောကြောင့်ဖြစ်စေ “နှစ်သက်-မနှစ်သက်” (လက်ထပ်လို-လက်မထပ်လို) ကို စုံစမ်းမေးမြန်း၏၊ ထိုသို့ စုံစမ်းပြီးနောက် သူတို့၏စိတ်သဘောကို ပြန်၍ ဆောင်ပို့၏၊ (ပြန်၍ ပြော၏၊) [ဤ ရဟန်းကို “အောင်တမန်”ဟုငင်း “အောင်သွယ်”ဟုငင်း ခေါ်၏၊ “ထိုသူ ၂-ယောက် အောင်မြင်အောင် သွားလိုက် လာလိုက်အားဖြင့် ဆက်သွယ်ပေးသောရဟန်း”ဟူလို။

အင်္ဂါ ၅-ပါး။ ။“ဣတ္ထိယာ ပုရိသဿ ဝါ”ဖြင့် ယောကျ်ား မိန်းမ ၂-ဦး သားတို့၏ လူဇာတ်ရှိခြင်း (လူသတ္ဝာဖြစ်ခြင်း) ကို ပြ၏၊ “သန္ဒေသံ”ဟူသော အောင်သွယ်စကားဖြင့် အောင်သွယ်ပေးထိုက်သူ (လင်မယား မဟုတ်သူ, လင်မယားဖြစ် ဘူးသော်လည်း ကွာရှင်းထားသူ) ဖြစ်ကြောင်းကိုလည်း ပြ၏၊ “ပဋိဂ္ဂဟေတ္ဝာ”ဖြင့် အပြောခိုင်းသည်ကို ဝန်ခံခြင်းကိုငင်း “ဝိမံသိတ္ဝာ”ဖြင့် စုံစမ်းခြင်းကိုငင်း “ပစ္စာဟရံ”ဖြင့် ပြန်၍ပြောခြင်းကိုငင်း ပြသည်၊ ဤအင်္ဂါ ၅-ပါးညီလျှင် အာပတ် သင့်၏၊ သူတို့ချင်း လက်ထပ်ခြင်း လက်မထပ်ခြင်းမှာ လိုရင်းမဟုတ်။

ကုဋိကာရသိက္ခာပုဒ်

၂၄။ သယာစိတပရိက္ခာရံ၊ ကတ္ဝာ-ဒေသိတဝတ္ထုကံ။
ကုဋိံ ပမာဏာတိက္ကန္တံ၊ အတ္တုဒ္ဒေသံ ဂရုံ ဖုသေ။

၂၄။ သံယာစိတပရိက္ခာရံ၊ မိမိကိုယ်တိုင် တောင်းအပ်သော ဒါး ပေါက်ဆိန် စသော ပရိက္ခရာရှိသော။ အဒေသိတဝတ္ထုကံ၊ မည္သူနှင့်ပြအပ်သော ကျောင်းရာရှိသော။ ပမာဏာတိက္ကန္တံ၊ ပမာဏကိုလွန်သော။ အတ္တုဒ္ဒေသံ၊ မိမိဟူသော ညွှန်ပြထိုက်သူရှိသော။ [မိမိနေဘို့ဖြစ်သော။] ကုဋိံ၊ ဥလ္လိတ္တစသော ကျောင်းငယ်ကို။ ကတ္ဝာ၊ ပြု၍။ [ပြုခြင်းကြောင့်။] (သမဏော၊ သည်။) ဂရုံ၊ သို့။ ဖုသေ၊ ၏။ (ဝိ ပါ ၁-၂၁၈၊ ဝိ ဋ္ဌ ၂-၁၄၇)

သံယာစိတပရိက္ခာရံ။ ။ဘုရားရှင်၏အထူးတော်အားဖြင့် အလျား ၁၂-ထူ အနုံ ၇-ထူမျှရှိသော ကျောင်းငယ်ကို "ကုဋိ" ဟု ခေါ်၏၊ ထိုကုဋိကို ဆောက်လုပ်ရာ၌ ကျောင်းဒကာ သို့မဟုတ် ကျောင်းအမ မရှိသောကြောင့် သစ်ဝါး မြေစသည်ကို ခုတ်ယူဘို့ တူးယူဘို့ရန် ရဟန်းကိုယ်တိုင် ဒကာတို့အိမ်သို့သွား၍ "ဒါး ၄ လုံးကြစမ်းပါ, ပေါက်တူး ၄ လုံးကြစမ်းပါ, လှည်း ၄ လုံးကြစမ်းပါ" စသည်ဖြင့် တောင်းရ၏၊ ထိုသို့ (တောင်းအပ်-၄ လုံးအပ်) သော ဒါးစသော ပရိက္ခရာရှိသော ကုဋိကို "သံယာစိတပရိက္ခာရ" ဟု ဆိုသည်။ [သယံ+ယာစိတော+ပရိက္ခာရော ယဿာတိ သံယာစိတပရိက္ခာရာ (ကုဋိ)။]

အဒေသိတဝတ္ထုကံ။ ။ထိုကုဋိကို ဆောက်လုပ်ရာ၌ သံဃာ့အထံသို့ ရှေးဦးစွာ ကျောင်းနေရာကြည့်မည့် ရဟန်းတော်များကို တောင်းရ၏၊ ရဟန်းတော်များကသော်း၍ ကုဋိဆောက်ဘို့ရန် သင့်သောနေရာ ဟုတ်-မဟုတ်ကို ကြည့်ရ၏၊ ထိုသို့ကြည့်ရာ၌ သနားစဘွယ် ပိုးကောင်ငယ် ကလေးများ, ကြောက်စရာကျား စသော သတ္တဝါများ, ကောက်ပဲသီးနှံ စိုက်ပျိုးရာဌာနစသည်များ ဟုတ်မဟုတ်ကိုလည်း ချောက်ကမ္ဘားနှင့် နွား ၂-ကောင်ကပ် လှည်းတစီး သော်းလောက် အောင် လုတ်လပ်-မလုတ်လပ်စသည်ကိုလည်း ကြည့်ပြီးလျှင် ထိုရဟန်းတို့က သံဃာ့အထံပြန်၍ ဘေးရန်ရှိ-မရှိ, လုတ်လပ်-မလုတ်လပ်ကို လျှောက်ရ၏၊ ထိုအခါ

ကျောင်းရာကို ညွှန်ပြဘို့ရန် သံဃာ့ထံလျှောက်၍ ဘေးရန်မရှိ - လှည်းတစီး လှည့်ပတ်လောက်လျှင် သံဃာက ထိုနေရာ၌ ဆောက်လုပ်ဘို့ရန် ညွှန်ပြရသည်၊ ထိုသို့မဟုတ်ပဲ ဘေးရန်စသည်ရှိ၍ လှည်းတစီးမလှည့်လောက်လျှင် မညွှန်ပြရ၊ ဤသို့ မညွှန်ပြအပ်သော ကျောင်းကို "အဒေသိတဝတ္ထု[က]"ဟု ခေါ်သည်။ [အဒေသိတံ+ဝတ္ထု ယဿာတိ အဒေသိတဝတ္ထု[ကာ]။]

ပမာဏာတိက္ကန္တံ။ ။သိက္ခာပုဒ်၌ ပြအပ်သော အတိုင်းအရှည် ပမာဏကို ကျော်လွန်၍ ကြီးသောကုဋိကို "ပမာဏာတိက္ကန္တ"ဟု ခေါ်သည်၊ [ထိုပမာဏကား သိက္ခာပုဒ်၌ လာသော "ဒီဃသော ဒ္ဝါဒသ ဝိဒတ္ထိယော သုဂတဝိဒတ္ထိယာ" စသော ပမာဏတည်း။]

[ပမာဏံ+အတိက္ကန္တာ ပမာဏာတိက္ကန္တာ (ပမာဏကို လွန်သောကုဋိ)။]

အတ္တုဒ္ဒေသံ။ ။"ဤကျောင်းငယ်သည် ဘယ်သူ့ဘို့ကျောင်းငယ်ပါနည်း" ဟု မေးလာသူအား "မိမိနေဘို့ကျောင်း"ဟု ညွှန်ပြအပ်သည်ကို "အတ္တုဒ္ဒေသ" ဟု ဆိုသည်။ [အတ္တာ+ဥဒ္ဒေသော ယဿာတိ အတ္တုဒ္ဒေသာ (ကုဋိ)၊ မိမိနေဘို့ မဟုတ်လျှင်ဂျင်း မိမိ၏ဆွမ်းစားကျောင်း စသည်ဖြစ်လျှင်ဂျင်း အာပတ်မသင့်။]

မှတ်ချက်။ ။ဤကုဋိသည် ရိုးရိုးကျောင်းမဟုတ်၊ အင်္ဂတေ သို့မဟုတ် မြေညက်တို့ဖြင့် အပေါ်က သုတ်ထားအပ်သော သစ်သားကျောင်း သစ်ရွက်ကျောင်း အုဋ်ကျောင်း ကျောက်သားကျောင်းတည်း၊ ထိုသို့ အင်္ဂတေ မြေညက်မသုတ်လျှင်ဂျင်း သုတ်သော်လည်း အင်္ဂတေ မြေညက်တို့ မဆက်မစပ်မိလျှင်ဂျင်း အနာပတ်ဟု မှတ်ပါ။ အင်္ဂါနှင့် သံဃာဒိသိသ် ၂-ပါး တပြိုင်နက် သင့်ပုံကို ပါတိမောက်ဘာသာဋီကာ ကြည့်ပါ။

ဝိဟာရကာရသိက္ခာပုဒ်

၂၅။ မဟလ္လကံ ဝိဟာရံ ဝါ၊ ကတ္ဝာ-ဒေသိတဝတ္ထုကံ။
အတ္တနော ဝသနတ္ထာယ၊ သမဏော ဂရုကံ ဖုသေ။

၂၅။ အတ္တနော၊ မိမိ၏။ ဝသနတ္ထာယ၊ နေခြင်းအကျိုးငှါ။ အဒေသိတ-ဝတ္ထုကံ၊ မည္သည်ပြအပ်သော ကျောင်းရာရှိသော။ မဟလ္လကံ၊ ကြီးသော။ ဝိဟာရံ ဝါ၊ ဥလ္လိတ္တစသောကျောင်းကိုမူလည်း။ ကတ္ဝာ၊ ပြု၍။ [ပြုခြင်း ကြောင့်။] သမဏော၊ သည်။ ဂရုကံ၊ သို့။ ဖုသေ၊ ၏။ (ဝိ ပါ ၁-၂၃၇၊ ဝိ ဋ္ဌ ၂-၁၆၀)

မဟလ္လကံ။ ။ကျောင်းဒါယကာ ရှိသောကြောင့် ရှေးကဋ္ဌိထက် မြင့်မြတ်သည်ကို "မဟလ္လက"ဟု ခေါ်၏၊ တနည်း— ဒကာရှိသည့်အတွက် ရှေသိက္ခာပုဒ်လာကဋ္ဌိထက် ပမာဏကိုလွန်အောင် ကြီးနိုင်သည်ကို "မဟလ္လက"ဟု ခေါ်သည်။ [မဟတ္တံ– မြတ်သည်၏ အဖြစ်ကို၊ ဝါ-ကြီးသည်၏အဖြစ်ကို+ လာတိ– ယူတတ်၏၊ ဣတိ မဟလ္လကော၊ "မဟတ္တ+လက"ဟု ဖြစ်ပြီးမှ တ္တ ကို ဓျ၊ လက၌ လာဓာတ် ဏ္ဍု ပစ္စည်း, လ ၁-လုံး လာ။]

ဝိဟာရံ။ ။"ဝိဟာရ"ဟု ဆိုသော်လည်း ရှေသိက္ခာပုဒ်၌ ပြအပ်ခဲ့သော ဥလ္လိတ္တ– အင်္ဂတေ (သို့မဟုတ်) မြေညက်တို့ဖြင့် အတွင်း၌ သုတ်အပ်သော ကျောင်း, အဝလိတ္တ-အပြင်ဘက်၌ သုတ်အပ်သောကျောင်း, ဥလ္လိတ္တာဝလိတ္တ-အတွင်းအပြင် သုတ်အပ်သော ကျောင်း ၃-မျိုးတွင် တမျိုးမျိုးသောကျောင်း ပင်တည်း၊ "ကုဋိ"ဟု ခေါ်အပ်သော ကျောင်းငယ်ထက် ကြီးသောကြောင့် "ဝိဟာရ" ဟု နာမည်တပ်သည်။

အတ္တနော ဝသနတ္ထာယ။ ။ရှေကုဋိဖြစ်စေ ဤဝိဟာရကိုဖြစ်စေ မိမိနေဘို့ အကျိုးငှါ ပြုလုပ်ရာ၌သာ အာပတ်သင့်၏၊ သူတပါးနေဘို့ ပြုလုပ်ရာ၌ရင်း နေဘို့မဟုတ်ဘဲ မိမိ၏ဆွမ်းစားကျောင်း စသည်ပြုလုပ်ရာ၌ရင်း ဥလ္လိတ္တ စသော ကျောင်းပင်ဖြစ်သော်လည်း အာပတ်မသင့်၊ ဤ၌ ပမာဏကို လွန်ခြင်းကြောင့် သံဃာဒိသိသ် မသင့်ရကား အင်္ဂါ ၆-ပါးသာ ရှိ၏။

(၁) ဒုဋ္ဌဒေါသသိက္ခာပုဒ်

[အမူလကသိက္ခာပုဒ်ဟုလည်းခေါ်၏။]

၂၆။ အမူလကေန စောဒေန္တော၊ စောဒါပေန္တော ဝ ဝတ္ထုနာ။ အန္တိမေန စ စာဝေတုံ၊ သုဏာမာနေန ဂရု ဖုဏေ။

၂၆။ အမူလကေန၊ မြင်ခြင်း ကြားခြင်း ယုံမှားခြင်းဟူသော အကြောင်းရင်းမရှိသော။ [အခြေအမြစ်မရှိသော။] အန္တိမေန စ၊ အဆုံးဥ်လည်းဖြစ်သော။ ဝတ္ထုနာ၊ ပါရာဇိကဝတ္ထုဖြင့်။ စာဝေတုံ၊ သာသနာတော်မှ ချွေလျော်စေခြင်းငှါ။ သုဏာမာနံ၊ ကြားလောက်သောပုဂ္ဂိုလ်ကို၊ စောဒေန္တော ဝါ၊ ကိုယ်တိုင်စောဒနာသည်မူလည်းဖြစ်သော၊ စောဒါပေန္တော ဝါ၊ သူတပါးကို စောဒနာစေသည်မူလည်းဖြစ်သော။ (သမဏော၊ သည်။) ဂရုံ၊ သို့။ ဖုဏေ၊ ၏။ (ဝိ ပါ ၁-၂၄၃၊ ဝိ ဋ္ဌ ၂-၁၆၁)

အမူလကေန။ ။ရဟန်းတပါးအပေါ်၌ မလိုလားသော မုန်းသော ဒေါသစိတ်ရှိသည်ဖြစ်၍ ပါရာဇိကအာပတ်ဖြင့် စောဒနာရာဒ်၌ အခြေအမြစ်မရှိသော အမှုကို "အမူလကဝတ္ထု" ဟု ခေါ်သည်။

မူလ ၃-မျိုး။ ။ထိုမူလသည် ဒိဋ္ဌ, သုတ, ပရိသင်္ကာ (မြင်ခြင်း, ကြားခြင်း, ယုံမှားသံသယဖြစ်ခြင်း) အားဖြင့် ၃-ပါးရှိ၏၊ ထိုတွင် မာတုဂါမနှင့်အတူ မေထုန်မှီဝဲနေသည်ကို မြင်ရခြင်းသည် ဒိဋ္ဌမူလမည်၏။ မေထုန်မှီဝဲသံကို ကြားရခြင်း, သူတပါးက တဆင့်ပြောသည်ကို ကြားရခြင်းသည် သုတမူလမည်၏။

ပရိသင်္ကာဖြစ်ပုံ။ ။ဒိဋ္ဌ, သုတ မရှိသော်လည်း မာတုဂါမနှင့်အတူ ဆိတ်ကွယ်ရာ၌ ၂-ယောက်တည်းနေသည်ကို မြင်ရခြင်းကြောင့် ယုံမှားခြင်းသည် ဒိဋ္ဌပရိသင်္ကာမည်၏၊ ညဉ့်မှောင်မိုက်၌ ၂-ယောက်တည်း စကားပြောသံကိုကြား၍ (အနားဥ် ဝိညူပုရိသ ရှိကြောင်းကို မသိသောကြောင့်)ယုံမှားခြင်းသည် သုတပရိသင်္ကာမည်၏၊ အရက်အနံ့ပါသော အရိဋ္ဌဆေးရည်ကို သောက်ထားသောကြောင့် အနံ့ရသဖြင့် "ဤရဟန်းသည် အရက်သောက်လေသလား" ဟု ယုံမှား

ခြင်းသည် မုတပရိသက်ာ မည်၏။ [ဃာနဝိညာဉ်ဖြင့် သိခြင်းကို "မုတ" ဟု ဆို၏၊ ဤ မုတ ယုံမှားခြင်းကား ပါရာဇိကနှင့် မဆိုင်၊ သုရာမေရယ အာပတ်နှင့် ဆိုင်သည်၊ ဤဝတ္ထု ၃-မျိုးလုံး အာခြေအမြစ်မရှိလျှင် "အမူလက" ဟု ခေါ် သည်။]

အန္တိမေန ဝတ္ထုနာ။ ။အာပတ်၏ တည်ရာအကြောင်း ဖြစ်သောကြောင့် အမှုတစုံဘခုကို "ဝတ္ထု" ဟု ခေါ်၏၊ ထိုဝတ္ထုသည် ဒုဗ္ဘာသိတအာပတ်၏ တည်ရာ စသောအား ဖြင့် အဆင့်ဆင့်ရှိရာဝယ် ပါရာဇိကအာပတ်၏ တည်ရာအကြောင်း ဝတ္ထုသည် အဆုံးစွန်ဖြစ်၏၊ ထို့ထက်ကြီးသောဝတ္ထု(အမှု)မရှိတော့၊ ထို့ကြောင့် "အန္တိမဝတ္ထု" ဟု ခေါ် သည်။

[အန္တေ၊အဆုံး၌။ဘဝံ၊ဖြစ်သောဝတ္ထုတည်း။အန္တိမံ၊အဆုံး၌ဖြစ်သောဝတ္ထု။]

စောဒေန္တော စောဒါပေန္တော ဝ။ ။[ဝါ-ဟု ဆိုလိုလျက် ဆန်းကိုက်းတဲ့အောင် ရဿ ပြုထားသည်။] "သင်သည် ပါရာဇိက ကျသူတည်း" စသည်ဖြင့် ကိုယ်တိုင် စွပ်စွဲသည်ဖြစ်စေ သူတပါးကို စွပ်စွဲခိုင်းသည်ဖြစ်စေ အာပတ်သင့်၏၊ "စောဒနာ" ဟူရာ၌ ဝိနည်းဓိုရ်အထံသွား၍ စောဒက (တရားလို) အနေဖြင့် စောဒနာခြင်းကို ဆိုလိုသည်မဟုတ်၊ အောက်ပါ အချက် ၄-ချက်တွင် တနည်းနည်း စောဒနာလျှင် "စောဒနာ" ဟု ဆိုရသည်။

စောဒနာ ၄-မျိုး။ ။"ဝတ္ထုသန္ဒဿနာ, အာပတ္တိသန္ဒဿနာ, သံဝါသပပ္ပဋိက္ခေပေါ, သာမီစိပပ္ပဋိက္ခေပေါ" အားဖြင့် စောဒနာနည်း (စွပ်စွဲနည်း) ၄-မျိုး ရှိ၏၊ ထိုတွင် "သင်သည် မေထုန် မှိဝဲပြီ, သူဉစ္စာကို ခိုးပြီ, လူကိုသတ်ခဲ့ပြီ, ဥတ္တရိမနုဿဓမ္မကို ပြောပြီ" ဟု စွပ်စွဲခြင်းသည် ပါရာဇိက အာပတ်၏ ဝတ္ထုကို ပြသောကြောင့် "ဝတ္ထုသန္ဒဿနာစောဒနာ" မည်၏၊ သင်သည် မေထုနဓမ္မ ပါရာဇိကသို့ရောက်ပြီ စသည်ဖြင့် စွပ်စွဲခြင်းသည် "အာပတ္တိသန္ဒဿနာစောဒနာ" မည်၏။

သင့်နှင့်အတူ ဥပုသ်ပဝါရဏာစသော သံဃကံကို မပြုနိုင်၊ ဘာကြောင့်နည်း၊ သင်က ရဟန်းမဟုတ်သောကြောင့်တည်း၊ ဤသို့ စသည်ဖြင့် စွပ်စွဲခြင်းသည် "သံဝါသပပ္ပဋိက္ခေပစောဒနာ" မည်၏၊ ကြီးငယ် အစဉ်အတိုင်း ရှိခိုးမှုကိုပြုရာဝယ်

(၂) ဒုဋ္ဌဒေါသသိက္ခာပုဒ်

[အညဘာဂိယသိက္ခာပုဒ်ဟုလည်းခေါ်၏။]

၂၇။ အညဿ ကိရိယံ ဒိသ္ဝာ၊ တေန လေသေန စောဒယံ။
ဝတ္ထုနှာ အန္တိမေနှာ-ညာ၊ စာဝေတု ဂရုက ဖုသေ။

၂၇။ အညဿ၊ အခြားသော ခတ္တိယယောကျ်ားး အစရှိသူ၏။ ကိရိယံ၊ မေထုန်မှီဝဲခြင်းစသော အမှုအရာကို။ ဒိသ္ဝာ၊ မြင်ရ၍။ တေန လေသေန၊ ထို အမြွက်ဖြင့်။ [ထိုအနည်းငယ်သော အကြောင်းဖြင့်။] အညံ၊ အခြားသော ခတ္တိယရဟန်းစသူကို။ စာဝေတုံ၊ သာသနာတော်မှ ရွှေ့လျော့စေခြင်းငှါ။ အန္တိမေန၊ အဆုံးဥဖြစ်သော။ ဝတ္ထုနှာ၊ ပါရာဇိကဝတ္ထုဖြင့်။ စောဒယံ (စောဒယန္တော)၊ ကိုယ်တိုင်သော်လည်း စောဒနာ, သူတပါးကိုသော်လည်း စောဒနာစေသော။ (သမန္တော၊ သည်။) ဂရုကံ၊ သို့။ ဖုသေ၊ ၏။ (ဝိ ပါ ၁-၂၅၅၊ ဝိ ဋ္ဌ ၂-၁၈၃)

ထိုရဟန်းကို ရှိမခိုးဘဲ နေသောအခါ "ဘာကြောင့် ရှိမခိုးသနည်း"ဟု မေးလျှင် "သင်က ရဟန်းမဟုတ်သောကြောင့်"ဟု စွပ်စွဲခြင်းသည် "သာမိစိပ္ပပဋိက္ခေပ စောဒနာ"မည်၏။

စာဝေတုံ။ ။ထိုသို့ စောဒနာရာဌ် ထိုရဟန်းကို သာသနာတော်မှ ရွှေ့လျော့စေလို လူထွက်စေလိုသော အလိုဆန္ဒလည်း ရှိရမည်၊ ထိုသို့သော ဆန္ဒဖြင့် စောဒနာလျှင် စွပ်စွဲခံရသော ရဟန်းသည် သုဒ္ဓ(ပါရာဇိကမှ စင်ကြယ်သူ) အသုဒ္ဓ (မစင်ကြယ်သူ) ဖြစ်ခြင်း-မဖြစ်ခြင်းမှာ လိုရင်းမဟုတ်ပါ။

သုဏာမာနံ။ ။ထိုသို့ စွပ်စွဲရာဌ် အစွပ်စွဲခံရသူက ကြားသိမှ အာပတ်သင့်သည်၊ ထို့ကြောင့် တမန်စေလွှတ်၍ဖြစ်စေ စာရေး၍ဖြစ်စေ စွပ်စွဲစောဒနာရာဌ် အာပတ်မသင့်။

အညဿ ကိရိယံ ဒိသ္ဝာ။ ။မိမိက ခတ္တိယဇာတ်ရှိသော ရဟန်းတပါးကို စွပ်စွဲဘို့ရန် အကြောင်းရှာနေစဉ် ခတ္တိယဇာတ်ရှိသော လူယောကျ်ားတယောက်

ကျင့်ဘွယ်အခြင်းအရာ

၂၀။ ဆာဒေတိ ဇာနမာပန္နံ၊ ပရိဝဿေယျ တာဝတာ။
စရေယျ သံဃေ မာနတ္တံ၊ ပရိဝုတ္ထော ဆ ရတ္တိယော။
စိဏ္ဏမာနတ္တမဒ္ဓေယျ၊ တံ သံဃော ဝိသတိဂဏော။

၂၀။ အာပန္နံ၊ သင့်ရောက်အပ်သော အာပတ်ကို။ ဇာနံ၊ သိလျက်။ ယာဝ-တာ၊ အကြင်မျှလောက်သော ရက်တို့ပတ်လုံး။ ဆာဒေတိ၊ ဖုံးထား၏။

၏ မေထုန်မှီဝဲခြင်း အမှုအရာကို ကိုယ်တိုင်မြင်ရ၍ ထို ခတ္တိယဇာတ်ရှိသော ရဟန်းအပေါ်၌ ဇာတ်ချင်းဘူမှုဟူသော အနည်းငယ်သော အကြောင်း ကလေးကို စွဲ၍ "တပည့်တော်သည် ခတ္တိယဇာတ်ရှိသော အသင့်ကို မေထုန်မှီဝဲ နေတာကိုမြင်တယ်"ဟု စွပ်စွဲ၏၊ ထို သို့စွပ်စွဲခြင်းကို "တေန လေသေန စောဒယုံ" ဟု ဆို သည်။

လေသေန။ ။လိသတိ သိလိသတိ၊ မူလဝတ္ထုမှ အခြားဝတ္ထုကိုလည်း ငြိကပ်တတ်၏၊ ဣတိ လေသော၊ လူတယောက်၏ ခတ္တိယဇာတ်သည် အခြား သော မင်းမျိုး ရဟန်းသို့လည်း ငြိကပ်၏၊ ထို့ကြောင့် ထို ခတ္တိယဇာတ်သည် ဇာတိလေသ မည်၏၊ ဤသို့ စသည်ဖြင့် ဂေါတ္တလေသ, နာမလေသ စသော အားဖြင့် လေသ ၁၀-မျိုး ရှိ၏၊ အကျယ်ကို ကခ်ီဘာသာ ဋီကာ၌ ရှုပါ၊ ထို လေသကိုပင် ရှေးဆရာတို့က "အမြက်"ဟု အနက်ပေးကြ၏၊ အနည်းငယ်သော အကြောင်းကို "အမြက်"ဟု ခေါ်ခြင်းတည်း။

အမှာ။ ။ပါတိမောက်ဘာသာဋီကာ၌ ပြောပြီ လျှင်ပြီးခြင်း သိမှုအားဖြင့် တူသော ဖ-ဌာနကို ဆောင်ပုဒ်နှင့်တကွ ပြထား၏၊ ထို ဖ-ဌာနနှင့်တကွ အင်္ဂါ ဖ-ပါးကို ထို ပါတိမောက်ဘာသာ ဋီကာ၌ ရှုပါ။

ဆာဒေတိ။ ။"ဂရုကာ နဝ"ဟူသော ဥဒ္ဒေသ၏ နိဒ္ဒေသကို ပြပြီး၍ ယခု အခါ ထို ဂရုကသံဃာဒိသိသ် အာပတ်သင့်သော ရဟန်း၏ ပြုဘွယ် အခြင်း အရာ(အစီအစဉ်)ကို ပြလိုသောကြောင့် "ဆာဒေတိ ဇာန"စသည်ကို မိန့်သည်၊ ပရိဝါသ်နေရခြင်းစသော အကျင့်သည် ပြုဘွယ်အခြင်းအရာပင်တည်း။

တာဝတာ၊ ထိုဖုံးထားရာရက်တို့ပတ်လုံး။ ပရိဝသေယျ၊ ပရိဝါသ်နေရာ၏။ ပရိဝုတ္ထော၊ ပရိဝါသ်နေပြီးသည်။ (သမာနော၊ ဖြစ်လသော်။) ဆ ရတ္တိ-ယော၊ ၆-ည၌တို့ပတ်လုံး။ သံဃော၊ သံဃာ၌။ မာနတ္တံ၊ မာနတ်ကို၊ စရေယျ၊ ကျင့်ရာ၏။ စိဏ္ဏမာနတ္တံ၊ ကျင့်အပ်ပြီးသော မာနတ်ရှိသော။ [မာနတ်ကျင့်ပြီးသော။] တံ၊ ထိုရဟန်းကို။ ဝိသတိဂဏော ၂-ကျိပ်ဂိုဏ်းရှိသော။ သံဃော၊ သံဃာသည်။ အဗ္ဘေယျ၊ အဗ္ဘာန်သင့်းရာ၏။ (ဝိ ပါ ၁-၂၇၃၊ ဝိ ပါ ၄-၁၀၄၊ ဝိ ဋ္ဌ ၂-၂၁၂)

ဇာနံ အာပန္နံ။ ။ယခု ငါ့မှာသင့်သော အာပတ်သည် ပဌမသံဃာဒိသိသ် အာပတ်တည်း၊ ဤသို့ စသည်ဖြင့် အာပတ်ကို သိခြင်းသည်၎င်း ဝိနည်း၌ မကျွမ်းကျင်သောကြောင့် အာပတ်ကို နာမည်မတပ်တတ်လျှင်လည်း "ဤအမှု သည် ရဟန်းတို့အား မအပ်သောသူက်ကို လွှတ်စေမှုတည်း"ဟု ဝတ္ထုကိုသိခြင်း သည်၎င်း ထို ၂-မျိုးတွင် တမျိုးကိုဖြစ်စေ ၂-မျိုးလုံးကိုဖြစ်စေ သိသောရဟန်း သည် "ဇာနံ"မည်၏၊ [အယံ ဣတ္ထန္နာမာ အာပတ္တိ၊ ဤအာပတ်သည် သုက္ကဝိ သဋ္ဌိအာပတ်တည်း၊ ဤတိ အာပတ္တိဝသေန ဝါ။ ဤဒံ ဘိက္ခုနံ နဝန္နတိ၊ ဤသို့ သုက်ကို လွှတ်စေမှုသည် ရဟန်းတို့အား မအပ်၊ ဤတိ ဧဝံ ဝတ္ထုဝသေန ဝါ ဇာနံ။ –ဋီကာဟောင်း၊] ထိုသို့ သိလျက် ဒေသနာမပြောဘဲ ဖုံးထားသော ရဟန်းကို "ဆာဒေတိ ဇာနံ အာပန္နံ"ဟု ဆိုသည်။

ပရိဝသေယျ တာဝတာ။ ။ထိုသို့ ဖုံးထားရာ ညဉ့်က ၁-ရက်ဖြစ်လျှင် ၁-ရက် ပရိဝါသ်နေရ၏၊ (ပေယျာလ) ၁၀-ရက်ဖြစ်လျှင် ၁၀-ရက် ပရိဝါသ် နေရသည်။

ပရိဝါသ။ ။ထောမနိဝိဒ္ဓ ပရိသဒ္ဒါ၏ အနက်တို့တွင် နိယမ (တရံတခါ ကျင့်ခြင်း)ဟူသော အနက်လည်း ပါ၏၊ ထို့ကြောင့် ဘုရားအမိန့်တော်အတိုင်း အာပတ်သင့်ရာ တရံတခါ၌ ကျင့်သောအားဖြင့် နေခြင်းကို "ပရိဝါသ"ဟု ခေါ်၏၊ မြန်မာလို "ပရိဝါသ်"ဟု ပြန်ကြသည်၊ ယမ, နိယမ အကျင့် ၂-မျိုးကို အဘိဓာန် (၄၄၄) ဂါထာ၌ ရှုပါ။

ဖုံးထားခြင်း၏အင်္ဂါ

၂၉။ အာပတ္တိနုက္ခိတ္တမနွတ္ထရာယ-
ပဟုတ္တတာယော တထာသညိတာ စ။
ဆာဒေတုကာမော အထ ဆာဒနာတိ၊
ဆန္နာ ဒဿင်္ဂေဟျရုက္ခုဂ္ဂမမ္မိတိ။

၂၉။ အာပတ္တိနုက္ခိတ္တမနွတ္ထရာယပဟုတ္တတာယော၊ အာပတ်၏ အဖြစ်, ဥက္ခိတ္တကပုဂ္ဂိုလ်မဟုတ်သည်၏အဖြစ်, အနွတ္ထရာယ် ၁၀-ပါး မရှိသည်၏အဖြစ်, ဒေဿနာပြောခြင်းငှာ စုံမ်းနိုင်သည်၏အဖြစ်တို့ငင်း။ ["ပဟုတတာယော"ဟု ဆိုလိုလျက် ဆန်းကြောင့် "ပဟုတ္တာ"ဟု တဒ္ဒေဘော်ဖြင့် ရှိရသည်။] တထာသညိတာ စ၊ ထို ၄-မျိုးအဘိုင်း အမှတ်ရှိသူ၏အဖြစ်ငင်း။ ဆာဒေတုကာမော၊ ဖုံးထားခြင်းငှါ အလိုရှိခြင်းငင်း။ အထ၊ ထိုမှတပါး။ ဆာဒနာ၊ ဖုံးထားခြင်းငင်း။ ဣတိ၊ ဤသို့။ ဒဿင်္ဂေဟိ၊ ၁၀-ပါးသောအင်္ဂါတို့ကြောင့်။ အရုဏုဂ္ဂမမ္မိ၊ အရုဏ်တက်ရာအခါ၌။ (အာပတ္တိ၊ အာပတ်သည်။ ဝါ၊ အာပတ်ကို။) ဆန္နာ၊ ဖုံးထားအပ်သည်။ (ဟောတိ၊ ၏။) ဣတိ၊ ဂရုကနှင့်စပ်၍ မှတ်ဘွယ်အပြီးတည်း။ (ဝိ ဋ္ဌ ၄-၁၈)

စရေယျ၊ ပေ၊ ဂဏော။ ။ဤ ဝါကျတို့သည် ပါတိမောက်အတိုင်းဖြစ်၍ အဓိပ္ပါယ်ကို ပါတိမောက်ဘာသာ ဋီကာ၌ ရှုပါ၊ ဤ ဂါထာ၌ "သံဃေ မာနတ္တံ" ဟု သံဃေသဒ္ဒါ အပိုပါ၏၊ ထို သံဃေသဒ္ဒါဖြင့် သံဃာ့အထံ၌သာ မာနတ် ကျင့်ရမည်၊ ၂-ပါး ၃-ပါးသာရှိသော ဂိုဏ်း၌ငင်း ၁-ပါးအထံ၌ငင်း မာနတ် မကျင့်ရဟု ပြသည်၊ ["ဆာရတ္တံ ဘိက္ခုမာနတ္တာယ ပဋိပဇ္ဇိတဗ္ဗံ" ဟူသော ပါတိမောက် ပါဠိတော်ကို ထောက်၍ ရဟန်းတော်တို့၏ ကျေနပ်မြတ်နိုးခြင်းကို "မာနတ္တ"ဟု ခေါ်သည်ဟု မှတ်ပါ၊ (မာနတ္တံ–မြတ်နိုးကုန်သည်၏အဖြစ်။)]

အာပတ္တိနုက္ခိတ္တ။ ။"ဆာဒေတိ ဇာနမာပန္နံ"ဟူသော ရှေဂါထာ၌ "ဆာဒေတိ"နှင့်စပ်၍ အာပတ်ကို ဖုံးထားသည် မည်လောက်သော အင်္ဂါကို

ပြလိုသောကြောင့် "ဆာဒေတိ၊ပ၊ ဆန္နော ဒသင်္ဂေဟျရုဏုဂ္ဂမမ်ိ" ဟု မိန့်သည်၊ ဤအင်္ဂါ ၁၀-ပါးကိုလည်း ပါတိမောက်ဘာသာဋီကာ၌ ဆောင်ပုဒ်နှင့်တကွ ပြထားပြီ၊ ထို၌ ပကတတ်ဟူသည်နှင့် ဤ၌ အနုက္ခိတ္တဟူသည် သဘောတူပင်တည်း၊ ဥက္ခိတ္တမဟုတ်သော ပုဂ္ဂိုလ်ကို ပါဆုဇိကမကျလျှင် "ပကတတ္တပုဂ္ဂိုလ်" ဟု ခေါ်သည်၊ ပကတိ+အတ္တ-ပင်ကိုယ်+သဘောရှိသော=ပင်ကိုယ်သီလရှိသော ပုဂ္ဂိုလ်။

တထာသညိတာ ။ ။ အာပတ္တိသညိတာ (အာပတ်ဟု အမှတ်ရှိသူ၏အဖြစ်)၊ အနုက္ခိတ္တသညိတာ (ဥက္ခိတ္တပုဂ္ဂိုလ်မဟုတ်ဟု အမှတ်ရှိသူ၏အဖြစ်)၊ အနန္တရာယသညိတာ (အန္တရာယ် ၁၀-ပါး တပါးပါးမျှ မရှိဟု အမှတ်ရှိသူ၏အဖြစ်)၊ ပဟုတ္တသညိတာ (ဒေသနာပြောခြင်းငှါ စွမ်းနိုင်သူဟု အမှတ်ရှိသူ၏အဖြစ်)၊ဤ ၄-ပါးကို "တထာသညိတာ" ဖြင့် ပြသည်၊ အန္တရာယ် ၁၀ ပါးကို ပါတိမောက်ဘာသာဋီကာ နောက်ဆက်တွဲ၌ ပြထားသည်။

စီဝရိုဒ္ဒေသ

စီဝရိုတို့—

စီဝရိုတို့၊ "စီဝရံ" ဟူသော ဥဒ္ဒေသ၏။ (နိဒ္ဒေသော၊ နိဒ္ဒေသကား—)

သင်္ကန်းချုပ်ရန်အဝတ် ၆-မျိုး

၃၀။ ခေါမကောသေယျကပါသ-သာဏဘင်္ဂါနိ ကမ္မလံ။
ကပိယာနိ ဆဋ္ဌေတာနိ၊ သာနုလောမာနိ ဇာတိတော။

၃၀။ ခေါမကောသေယျကပါသသာဏဘင်္ဂါနိ၊ ခုံချည်အဝတ်, ပိုးချည်အဝတ်, ဝါချည်အဝတ်, ပိုက်ဆံလျော်ချည်အဝတ်, ဘန်ချည်အဝတ်တို့ဝင်း။ ကမ္မလံ၊ သားမွေးအဝတ်ဝင်း။ (သင်္ကလပ်အဝတ်ဝင်း။) (ဣတိ၊ ဤသို့။) ဇာတိတော၊ အမျိုးဇာတ်အားဖြင့်။ သာနုလောမာနိ၊ အနုလောမအဝတ်နှင့်တကွ ဖြစ်ကုန်သော။ ဆ၊ ၆-မျိုးကုန်သော။ ဇတော၊ ဤအဝတ်တို့သည်။ ကပိယာနိ၊ ရဟန်းတို့အား အပ်သော အဝတ်တို့တည်း။ (သင်္ကန်းချုပ်ဘို့ရာ အပ်သော အဝတ်တို့တည်း။) (ဝိ ပါ ၃-၃၉၄၊ ဝိ ဋ္ဌ ၂-၂၂၁၊ ကင်္ခါ ဋ္ဌ-၁၅၃)

ခေါမံ။ ။ကျေးဇူးရှင် အဘယာရာမဆရာတော်၏ အဘိဓာန် (၂၉၁) နိဿယဋ္ဌ "ခေါမံ-ခုံချည်အဝတ်"ဟု အနက်ပေး၏၊ ထောမနိဓိဋ္ဌ "ခုမာယ (အတသိယာ)-နှမ်းကြပ်လျှော်၏+ဝိကာရော–အထူးပြုအပ်သော အဝတ်"ဟု ဖွင့်၏၊ ထို့ကြောင့် "ခုံချည်"ဟူသည် "နှမ်းကြပ်လျှော်ချည် (နှမ်းကြပ်ပင်မှ ဖြစ်သော လျှော်ချည်)ပင်တည်း"ဟု သိသာ၏၊ ["ခေါမတိုင်းဋ္ဌဖြစ်သော အဝတ်"ဟုလည်း ပေးကြသေး၏၊] "ကုံလျှော်ချည်" (ကုံအိတ်ရက်သောချည်) လည်း ဖြစ်နိုင်၏၊ ထို့ကြောင့် အဘိဓာန်(၄၅၂)နိဿယဋ္ဌ "ကုံချည်"ဟုလည်း ဆိုသည်။

[ဆောင်] ခေါမတိုင်းပြည်၊ ဖြစ်အထည်နှင့်၊ ခုံချည်ဂုံချည်၊ ရက်အထည်၊ ခေါ်မည် ခေါမတဲ့။

ကောသေယံ။ ။ကောသတော – ပိုးကောင်ကလေးတို့၏ အိမ်မှ + ဥဋ္ဌိတံ – ထွက်သောချည်တည်း၊ ကောသေယံ – ပိုးချည်, ထိုပိုးချည်ဖြင့် ရက်အပ်သော အဝတ်(ပိုးထည်)သည်လည်း ကာရကူပစ္စာရအားဖြင့် ကောသေယ မည်၏၊ ["ကောသေယ"ဟု ဣယ-ပစ္စည်းဖြင့် ယ ၁-လုံးတည်း ရှိ၏။]

[ဆောင်] ပိုးကောင်တို့မှ၊ ထွက်ပေါ်ရသဖြင့်၊ ကောသိယချည်၊ ရက်အထည်၊ ခေါ်မည်ကောသေယ။

ကပ္ပါသံ။ ။သက္ကတ၌ "ကရ်ပါသ"ဟု ရှိ၏၊ ရ်-ပျောက်၍ ပပ္ဒဒ္ဒဘော် ရောက်သည်၊ အဝတ်ကို ပြုကြောင်းဖြစ်သော "ဝါပင်"ဟူသော အနက်ကို ဟော၏၊ ထိုဝါပင်မှဖြစ်သော ဝါဂုမ်းလည်း ကပ္ပါသ မည်၏၊ ထိုကပ္ပါသဖြင့် ရက်အပ်သောအဝတ်(ပိတ်ဖျင်အမျိုးမျိုး)သည် ကပ္ပါသိကမည်၏၊ ဂါထာဖြစ်၍ "ကပ္ပါသ"ဟု ဆိုထားသည်။

[ဆောင်] ဝါပင်တို့မှ၊ ဖြစ်ပေါ်ရသဖြင့်၊ ကပ္ပါသချည်၊ ဝါဂုမ်းထည်၊ ခေါ်မည် ကပ္ပါသိက။

သာဏံ။ ။သဏေန - ပိုက်ဆံလျှော်ချည်ဖြင့် + နိမ္မိတံ - ရက်လုပ်အပ်သော အဝတ်တည်း၊ သာဏံ-အဝတ်၊ ဆရာတော်၏ အဘိဓာန်နိဿယ၌ "သျှမ်ချည် အဝတ်"ဟုလည်း အနက်ပေး၏။

[ဆောင်] သဏခေါ်တွင်၊ ပိုက်ဆံပင်မှ၊ လျှော်မျှင်ရ၍၊ ရက်ကြကိုယ်စီ၊ ပိုက်ဆံထည်၊ ခေါ်မည်သာဏတဲ့။

ဘင်္ဂံ။ ။ဘန္ဇဓာတ်, ဏ-ပစ္စည်းဖြင့် "ဘဉ္ဇီယတိ-ဖျက်ဆီးအပ်၏၊ ဣတိ ဘင်္ဂံ"ဟုပြု၊ ဆရာတော်၏ အဘိဓာန်နိဿယ၌ "ဘန်ချည်"ဟု ပေး၏၊ ယခုခေတ် ဘန်ချည်ကြိုးလုပ်စရာချည်မျိုးတည်း၊ ပြအပ်ပြီးသော ချည်တို့ကို ၂-မျိုး ၃-မျိုး စသည်ရောရ၍ ရက်အပ်သောကြောင့် "ချည်အမျိုးမျိုး ရက်အပ်သောအဝတ်"ဟုလည်း ပေး၏၊ ဋီကာသစ်၌လည်း "ခေါမသုတ္တာဒီနိ သင်္ဃာနိ

အနုလောမသင်္ကန်းမျှား

၃၁။ ဒုကူလဥ္စေဝ ပဒုံကဉ္စ-ပဒုံ သောမာရစိနဇံ။
ကဒ္ဒိဇံ ဒေဝဒိန္နဥ္စ၊ တဿ တဿာနုလောမိကံ။

၃၁။ ဒုကူလဥ္စေဝ၊ ဘဲ့ဖြူခေါ်မည် လျှော်ချည်အဝတ်၎င်း။ ပဒုံကဉ္စပဒုံ၊ ပဒုံကတိုင်း၌ဖြစ်သောပိုးချည်အဝတ်၎င်း။ သောမာရစိနဇံ၊ သောမာရတိုင်း,

---

(၅-မျိုးလုံးကိုသော်၎င်း)ကေစ္စာနိ ဝါ(တချို့ကိုသော်၎င်း)ဝေါမိဿိတ္တာ(ရောရှိ)ဝါယိဘစိဝရံ(ရက်အပ်သော)"ဟု ဖွင့်ပြီးလျှင် "ဝါကမယမေဝ ဝါတိ ကေစိ (တချို့က လျှော်ချည်တမျိုးဖြင့်=ဘန်ချည်ဖြင့်) ရက်အပ်သော"ဟု တနည်းဖွင့်သည်။

[ဆောင်] ဘန်ချည်၎င်း၊ အမျိုးပေါင်းလျက်၊ သောင်းပြောင်းသောချည်၊ ရက်အထည်၊ ခေါ်မည်ဘင်္ဂံတဲ့။

ကမ္မလံ။ ။ရက္ခာအနက်ဟော ကမ္မဓာတ် အလစ်ပစ္စည်းဖြင့် "ကမ္မတိတိ ကမ္မလံ-လူကို စောက်ရှောက်တတ်သော အခင်း, အရုံ, ခြုံထည်, အဝတ်"ဟု ဖြစ်၏၊ ထိုအဝတ်ကို သားကောင်အမျိုးမျိုးတို့၏ အမွေးဖြင့်၎င်း အထူးအားဖြင့် သိုး၏အမွေးဖြင့်၎င်း ပြုလုပ်အပ်၏၊ ထို့ကြောင့် သားမွေးအဝတ်, သိုးမွေးအဝတ်, သကလပ်တို့ကို "ကမ္မလခေါ်သည်"ဟု မှတ်ပါ၊ ပါဠိတော်များ၌ "ကေသကမ္မလ-လူဆံပင်ဖြင့် ရက်အပ်သော ကမ္မလာ"ဟုလည်း တွေ့ရ၏၊ သို့သော် လူ၏ဆံပင်အမွေး, ခြင်္သေ့သစ်ကျားစသော သားရဲအကောင်တို့၏ အမွေးသည် ရဟန်းတို့အား မအပ်သောကြောင့် "မနုဿလောမံ ဝါဠလောမဉ္စ ဌပေတ္ဝာ သေသလောမေဟိ ဝါယိတံ"ဟု ဋီကာသစ်ဖွင့်သည်။

[ဆောင်] ခြင်္သေ့သစ်ကျား၊ လူမွေးများကို၊ ဖယ်ရှား၍ချန်၊ ကျန်လေသမျှ၊ သိုးကောင်စ၍၊ ရသမျှချည်၊ သားမွေးထည်၊ ခေါ်မည် ကမ္မလ။

အနုလောမ။ ။ရွှေဂါထာ၌ "သာနုလောမာနိ"ဟူသော ပုဒ်အရ မူလသင်္ကန်း ၆-မျိုး၌ ထိုက်သည်အားလျော်စွာ ပါဝင်သောကြောင့် အနုလောမ

စိန့်တိုင်းတို့ဌ်ဌ်ဖြစ်သော ပိုးချည်အဝတ်ၚင်း။ ကဒ္ဒိဇံ၊ ကမ္မဇိဒ္ဓိကြောင့်ဖြစ်သော အဝတ်ၚင်း။ ဒေဝဒိန္နဠ္ဌ၊ နတ်သည်ပေးအပ်သော အဝတ်ၚင်း။ (ကုတိ၊ ဤ ၆-မျိုးသော အဝတ်သည်။ (တဿ တဿ၊ ထိုထိုခေါမ, ကောသေယ စသော အဝတ်၆-မျိုးအား။ အနုလောမိကံ၊ လျော်သောအဝတ်တည်း။ (အဝတ် နေရာဌ်"သင်္ကန်း"ဟု အနက်ပေးလျင်လည်း အားလုံးပုဒ်များကို "သင်္ကန်း" ဟုချည်းပေးပါ။) (ဝိဇ္ဇ ၃-၃၈၅)

(အလျော်)ဖြစ်သော အဝတ် သင်္ကန်းတို့ကို ပြလိုရကား "ဒုကူလဥ္စေဝ"စသော ဂါထာကို မိန့်သည်၊ လောမာနိ၊ မိမိမှကြွင်းသော အမွေးတို့သို့။ အနုဂတံ၊ အစဉ်လိုက်သော အမွေးတည်း။ အနုလောမံ၊ မွေး။ အခြား အမွေးသို့ အစဉ် လိုက်သော အမွေးသည် ထိုအမွေးတို့အား လျော်သကဲ့သို့ ထို့အတူ အလျော်ဖြစ်သော အရောဝတ္ထုဟူသမျှကိုလည်း သဒိသူပစာ အတင်ရွဋ္ဌအား ဖြင့် "အနုလောမ"ဟု ခေါ်ရသည်၊ ထို့နောက် သတ္တဌ် ဣကပစ္စည်းသက်၍ "အနုလောမိကံ"ဟု ဖြစ်သည်။ [ဋီကာသစ်]

ဒုကူလံ။ ။ဆရာတော်၏ အဘိဓာန်နိဿယဌ် "ဒုကူလ-လျော်ချည်အဝတ်" ဟု ပေး၏၊ "ဘွဲ့ဖြူပုဆိုး"ဟု ရှေးက ပေးကြ၏၊ ဖွဲ့ချည်ဘို့ရာ ကြိုးလုပ်၍လည်း ရကောင်းသော အလွန် ဖြူစင်စွာသော လျော်ချည်ဖြင့်ပြုလုပ်အပ်သောကြောင့် "ဘွဲ့ဖြူ"ဟု ခေါ်ကြဟန် ဘူသည်၊ သာမညဖလသုတ် သီလက္ခန်ဓိကာသစ်၌လည်း "ဝါကဝိသေသမယံ သေတဝတ္ထံ (လျော် အထူးဖြင့် ပြုအပ်သော ဖြူသော အဆင်းရှိသော အဝတ်သည်) ဒုကူလံ"ဟု သဘောတူပင် ဖွင့်သည်။

[ဆောင်] ဘွဲ့ဖြူပုဆိုး၊ ခေါ်ကြရိုးဖြင့်၊ လျော်မျိုးထူးလည်၊ အဖြူထည်၊ ခေါ်မည် ဒုကူလ။

ပဉ္စင်္ကံ (ပဋ္ဌံ)။ ။"ဖွဲပ်လျော်အပ်ပြီးသော ပိုးချည်အဝတ်။ ဝါ၊ ပဉ္စင်္ကတိုင်း၌ဖြစ်သော ပိုးထည်အဝတ်"ဟု အဘိဓာန်နိဿယဌ် ပေး၏၊ သီလက္ခန်ဓိကာသစ်၌လည်း "ပဉ္စင်္ကဒေသေ ပါဏကေဟိ သဉ္ဇာတဝတ္ထံ ပဉ္စင်္ကံ"ဟု

နောက်နည်းအတိုင်း ဖွင့်သည်၊ [သောမာရ, စိနဇတ္တိလည်း တိုင်းပြည်၏အမည် ဖြင့် ရအပ်သော နာမည်ရှိသော အဝတ်များပင်တည်း၊ ထို့ကြောင့် ဋီကာ သစ်၌ "တထာ သောမာရာ စ စိနာ စ၊ တေသု ဇာတံ သောမာရစိနဇံ"ဟု ၎င်း "ဣမာနိ တီဏိ ပါဏကေဟိ ကတသုတ္တမယာနိ-ပိုးချည်အဝတ်တို့ ဖြစ်ကုန်၏"ဟုဆိုင်း ဖွင့်သည်။]

[ဆောင်] ပဋ္ဋုဏ္ဏန့်၊ သောမာရတဖြာ၊ စိနမှာမူ၊ ဌာနာတိုင်းမှ၊ ထွက်ကြ ပိုးချည်၊ ရက်အထည်၊ ခေါ်မည် တိုင်းဌာန။

ဏ္ဍဒ္ဓိဇံ။ ။ဟိ ဘိက္ခု ခေါ်တော်မူသောအခါ၌ ရှေးကံ၏ အစွမ်းကြောင့် ဖြစ်ပေါ်လာသော အဝတ် သက်န်းသည် ဏ္ဍဒ္ဓိဇ မည်၏၊ ဏ္ဍဒ္ဓိယာ+ဇာတံ ဏ္ဍဒ္ဓိဇံ။

ဒေဝဒိန္နံ။ ။အရှင်အနုရုဒ္ဓါသည် ပုံသကူသက်န်းကို ရှာတော်မူသောအခါ ရှေးဘဝတုန်းက ဇနိုးဟောင်းဖြစ်သော ဇာလိနီမည်သော နတ်ဒေဝီသည်လာ၍ အမှိုက်ပုံပေါ်၌ နတ်အဝတ်ကို ချထား၏၊ ထိုကဲ့သို့ အဝတ်မျိုးကို "ဒေဝဒိန္နအဝတ်"ဟု ခေါ်၏၊ ပဒေသာပင်၌ သီးနေသော အဝတ်များလည်း ဒေဝဒိန္နပင်တည်း၊ [ဒေဝေန (ဒေဝိယာ ဝါ)+ဒိန္နံ ဒေဝဒိန္နံ။] ထိုအဝတ်များသည် ခေါမကောသေယ်-စသော အဝတ်များနှင့် သဘောတူပင်တည်း။

[ဆောင်] ဏ္ဍဒ္ဓိဇနှင့်၊ ဒေဝဒိန္နာ၊ အထည်မှာမူ၊ ခေါမာစသား၊ အထည် များသို့၊ မခြားရက်ထည်၊ ဖြစ်နိုင်သည်၊ နာမည် အတူသာ။

အနုလောမိကံ။ ။ဒုကူလသည် သာဏအား လျော်၏၊ (လျော်မှဖြစ်သော အဝတ်ချင်း တူသောကြောင့်တည်း၊) ပဋ္ဋုဏ္ဏ စသော ၃-ထည်သည် (ပိုးချည် အဝတ်ချင်း တူသောကြောင့်) ကောသေယအား လျော်၏၊ ဏ္ဍဒ္ဓိဇ, ဒေဝဒိန္နတို့ကား (အမျိုးမျိုးသော ချည်ဖြင့် ရက်အပ်သော အဝတ်အမျိုးမျိုးဖြစ်နိုင်သောကြောင့်) ခေါမ စသော ၆-မျိုးလုံးအား လျော်၏။

[ဆောင်] ဒုကူလနှင့်၊ သာဏတူပုံ၊ ပဋ္ဋုဏ်-စိန၊ သောမာရတို့၊ ကောသေ ယတွင်း၊ ပိုးချည်ချင်း၊ မယှင်း သွင်းလိုက်ပါ။

အဝတ် ၉-မျိုးနှင့်
အဓိဋ္ဌာန်စသော အစီအရင်

၃၂,၃။ တိစီဝရံ ပရိက္ခာရ-စောဠံ ဝဿိကသာဋိကံ။
အဓိဋ္ဌေ နာ ဝိကပ္ပေယျ၊ မုခပုဉ္ဆနိသီဒနံ။
ပစ္ဆိမ္ဆရဏကံ ကဏ္ဍု-စ္ဆာဒီမေတ္ထ တိစီဝရံ။
နာ ဝသေယျ ဝိနေကာဟံ၊ စာတုမာသံ နိသီဒနံ။

၃၂,၃။ တိစီဝရံ၊ သုံးထည်သော သင်္ကန်းကိုဆိုင်း။ ပရိက္ခာရစောဠံ၊ ပရိက္ခာရအဝတ်ကိုဆိုင်း။ ဝဿိကသာဋိကံ၊ မိုးအခါ၌ဝတ်အပ်သော အဝတ်ကိုဆိုင်း။ [မိုးရေခံသင်္ကန်းကိုဆိုင်း။] မုခပုဉ္ဆနိသီဒနံ၊ မျက်နှာသုတ်ပုဝါ, နိသီဒိုင်အဝတ်ကိုဆိုင်း။ ပစ္ဆိမ္ဆရဏကံ၊ ကြမ်းပေါ်စသည်၌ ခင်းအပ်သော အခင်းကိုဆိုင်း။ ကဏ္ဍုစ္ဆာဒိံ၊ အနာကိုဖုံးလွှမ်းကြောင်း သင်္ကန်းကိုဆိုင်း။ အဓိဋ္ဌေ၊ သံဃာဋိစသော မိမိနာမည်ဖြင့် အဓိဋ္ဌာန်တင်ရာ၏။ နာ ဝိကပ္ပေယျ၊ သံဃာဋိစသော မိမိနာမည်ဖြင့် ဝိကပ္ပနာမပြုရာ။ ဇွတ္ထ၊ ဤ ၉-ထည်သော သင်္ကန်းတို့တွင်။ တိစီဝရံ၊ အဓိဋ္ဌာန်တင်အပ်ပြီးသော သုံးထည်သော သင်္ကန်းကို။ ဝိနာ၊ ကြဉ်၍။ ဇကောဟံ၊ တရက်မျှ။ နာ ဝသေယျ၊ မနေရာ။ နိသီဒနံ၊ နိသီဒိုင်အခင်းကို။ ဝိနာ၊ ကြဉ်၍။ စာတုမာသံ၊ လေးလပတ်လုံး။ နာ ဝသေယျ၊ မနေရာ။ (ဝိ ပါ ၃-၄၁၁၊ ကင်္ခါ ဋ္ဌ-၁၅၃၊ ဝိ ပါ ၁-၂၉၇၊ ဝိ ပါ ၄-၂၆၁။)

အဝတ် ၉-မျိုး။ ။အန္တရဝါသက (သင်းပိုင်)၊ ဥတ္တရသင် (အပေါ်ရုံ ဇကသီ)၊ သံဃာဋိ (၂-ထပ် သင်္ကန်း, ၂-ထပ်ဖြစ်သောကြောင့် "ဒုဂုဏ(ဒုဂုဏ်)" ဟုလည်း ခေါ်၏။) ပရိက္ခာရစောဠ (ပရိက္ခာရအဝတ်)၊ ဝဿိကသာဋိကာ (မိုးခံသင်္ကန်း)၊ မုခပုဉ္ဆန(မျက်နှာသုတ်ပုဝါ)၊ နိသီဒန(နိသီဒိုင်)၊ ပစ္ဆိမ္ဆရဏ(ကြမ်းပေါ်စသည်၌ ခင်းအပ်သော အခင်း)၊ ကဏ္ဍုပဋိစ္ဆာဒိ (အနာဖုံး=အနာလွှမ်းအဝတ်)၊ ဤအဝတ် ၉-ထည်ကိုပင် သင်္ကန်း ၉-ထည်ဟု ခေါ်ကြသည်။

တိစီဝရံ။ ။သင်းပိုင်, ဧကသီ, ၂-ထပ်သင်္ကန်း၊ ဤ ၃-ထည်ကို "တိစီဝရ"ဟု ခေါ်၏၊ [အဓိဋ္ဌာန်တင်ပြီးရာအခါမှစ၍ ဤ ၃-ထည်ကို "တိစီဝရ"ဟု ခေါ်နိုင်၏၊ အဓိဋ္ဌာန်မတင်ခင်ကား "တိစီဝရ"ဟု မခေါ်ရသေး၊ ဘာ့ကြောင့်နည်း.... သံဃာဋီပင်ဖြစ်သော်လည်း အခင်းလုပ်လိုလျှင် ပစ္စတ္ထရဏနာမည်ဖြင့် အဓိဋ္ဌာန်တင်ခွင့်ပြုတော်မူသောကြောင့်တည်း။ အဓိဋ္ဌာနတော ပုဗ္ဗေ တိစီဝရံ နာမ ပါဠေါက္ကံ နတ္ထိ၊ သံဃာဋီအာဒိပဟောနကဿ ပစ္စတ္ထရဏဝေသနာပိ အဓိဋ္ဌာတုံ အနုညာတတ္တာ၊ ဋီကာဟောင်း၊] ဤစကားကိုထောက်၍ သင်္ကန်း ၃-ထည် မဟုတ်၊ အဝတ် ၃-မျိုးသာဖြစ်ကြောင်း သိသာ၏။

ပရိက္ခာရစောဋ္ဌ။ ။[သင်္ကတဌီ "ပရိသ္ကာရ"သည် ပါဠိဋ္ဌ (သ်) ပျောက်၍ က-ဒေဘောဖြင့် "ပရိက္ခာရ"ဟု ဖြစ်၏၊] ပရိ (သမန္တတော)၊ ပတ်ဝန်းကျင်၌+ ကရိယတိ၊အသုံးပြုအပ်၏။ ဤတိ ပရိက္ခာရော၊ ပရိက္ခာရော စ+သော+စောဋ္ဌံ (အဝတ်) စာတိ ပရိက္ခာရစောဋ္ဌံ-ရဟန်း၏ အသုံးအဆောင် အဝတ်ဟူသမျှကို "ပရိက္ခာရစောဋ္ဌ"ဟု ခေါ်နိုင်၏၊ ပြအပ်ခဲ့သော အဝတ် ၃-ထည်လုံးကိုပင် အန္တရဝါသက စသော နာမည်ဖြင့် အဓိဋ္ဌာန် မတင်လိုပါလျှင် ဤပရိက္ခာရစောဋ္ဌ နာမည်ဖြင့် အဓိဋ္ဌာန် တင်နိုင်၏၊ ထို့ကြောင့် နောက်(၄၃)ဂါထာ၌ "ပရိက္ခာရ-စောဋ္ဌသည် မည်ဓ္ဂ မည်မျှသာ ရှိရမည်ဟု အရေအတွက် မရှိ၊ မည်မျှလောက်သာ အတိုင်းအရှည် ရှိရမည်ဟု ပမာဏလည်း မရှိ"ဟု ဆိုလိမ့်မည်။

ဝဿိကသာဋိကာ။ ။ဤအဝတ်၏ ပမာဏ စသည်ကို ဘိက္ခုပါတိမောက်ရတနဝဂ် ဝဿိကသာဋိကာသိက္ခာပုဒ်၌ ပြထားပြီ။ ရဟန်းများသည် မိုးဃ်း အခါဝယ် မိုးဃ်းရေခံရာ၌ (မိုးဃ်းရေချိုးရာ၌) မိုးဃ်းရေခံဘို့ရာ သင်္ကန်းမရှိသော ကြောင့် ဤအဝတ်ကို ခွင့်ပြုတော်မူရသည်။ [မဟာဝဂ္ဂ စီဝရက္ခန္ဓက]

မုခပုဉ္ဆ။ ။"မုခပုဉ္ဆန"ဟု ဆိုလိုလျက် ဂါထာဖြစ်သောကြောင့် (န) အက္ခရာကို ချထား၏၊ အချို့ စာဌ်ကား "မုခပုဉ္ဆန"ဟုပင် ရှိသည်၊ ပုဉ္ဆီယတိ အနေနာတိ ပုဉ္ဆနံ၊ မုခဿ+ပုဉ္ဆနံ မုခပုဉ္ဆနံ-မျက်နှာကို သုတ်ကြောင်း အဝတ် (မျက်နှာသုတ်ပုဝါ)။ [ဤမျက်နှာသုတ်ပုဝါမှာ တထည်ဖွဲပ်ခိုက် အခြားတထည်ကို

သုံးဘို့ရန် ၂-ထည် ထားကောင်း၏ဟု ဆို၏၊ "အများပင် ထားကောင်း၏" ဟုလည်း ပဌမကထိနသိက္ခာပုဒ် ပါရာဇိကအဋ္ဌကထာ၌ ဆို၏။]

နိသီဒနံ။ ။ဤအဝတ်၏ အကြောင်းအရာကိုလည်း ထိုရတနဝဂ် ပါတိမောက်ဘာသာဋီကာ၌ ပြထားပြီ။

ပစ္စတ္ထရဏံ။ ။ဝိနည်း မဟာဝဂ္ဂ စီဝရက္ခန္ဓက၌ ကျောင်း၏ကြမ်းပြင်ဝယ် ပေနေသောကြောင့် ကြမ်းပြင်ပေါ်၌ ခင်းဘို့ရန် ခွင့်ပြုတော်မူအပ်သော အခင်းတည်း၊ ခတင်ပေါ်၌လည်း ခင်းကောင်းပါ၏၊ တထည်မက အများပင် ထားကောင်း၏၊ ပမာဏအားဖြင့်လည်း အလိုရှိသလောက် ကြီးနိုင်၏၊ အသွေးအရောင်လည်း အမျိုးမျိုးရှိနိုင်သည် ဟု ပဌမကထိနသိက္ခာပုဒ် ပါရာဇိကအဋ္ဌကထာ၌ ဆိုသည်၊ ပတိ၊ ကြမ်းအခင်းပေါ်၌ တဖန် ထပ်၍ + အတ္ထရိယတေ၊ ခင်းအပ်၏။ ဣတိ ပစ္စတ္ထရဏံ။

မှတ်ချက်။ ။"ခေါင်းအုံးနှင့်တကွ မွေ့ရာ(ဘုံလျှို), ခြုံထည်စောင်, ကော်ဇောတို့သည် အခင်းသဘောမျိုးဖြစ်သော်လည်း (စောင်ကိုလည်း ခင်းနိုင်၏) အဓိဋ္ဌာန်မတင်ဘဲ သုံးစွဲနိုင်၏"ဟု ထိုအဋ္ဌကထာဆို၏၊ ခြင်ထောင်လည်း ထို့အတူပင် ဖြစ်သင့်၏။

ကဏ္ဍုစ္ဆာဒိ။ ။ကဏ္ဍုပ္ပဋိစ္ဆာဒိအဝတ်ကိုပင် ဂါထာဖြစ်၍ အကွာရာနည်းအောင် "ကဏ္ဍုစ္ဆာဒိ"ဟု ဆိုသည်၊ ဤအဝတ်၏ အကြောင်းအရာကိုလည်း ရတနဝဂ် ပါတိမောက်ဘာသာဋီကာ၌ ရှုပါ။

အဓိဋ္ဌေ နာ ဝိကပ္ပေယျ။ ။"အဓိဋ္ဌာန်တင်ရာ၏၊ ဝိကပ္ပနာမပြုရာ"ဟု ဆိုသောကြောင့် ပြအပ်ခဲ့သော အဝတ် ၉-ထည်လုံးကို အဓိဋ္ဌာန်သာတင်ကောင်း၏၊ ဝိကပ္ပနာမပြုကောင်း"ဟု မှတ်စရာရှိ၏၊ ထိုသို့မမှတ်ရပါ၊ သံဃာဋီစသော သူ့နာမည်ဖြင့်ဆိုလျှင် အဓိဋ္ဌာန်သာ တင်ကောင်း၏၊ ဝိကပ္ပနာမပြုကောင်း၊ "ကွမ်ံ စီဝရံ"ဟု စီဝရ သာမညနာမည်ဖြင့် ဆိုလျှင်ကား ဝိကပ္ပနာပြုကောင်း ပါ၏။

ဋီကာသဒ်။ ။အဓိဋ္ဌဟေတိ – “ဣမံ သံဃာဋိံ အဓိဋ္ဌာမိ” တိအာဒိနာ နဝန္နံ နာမံ ဂဟေတ္ဝာ (၉-ထည်လုံးတို့၏ သံဃာဋိ ဥတ္တရာသင်္ဃ အန္တရဝါသက ပရိက္ခာရစောဠ စသော သူနာမည်ကိုယူ၍) အဓိဋ္ဌေယျ၊ န ဝိကပ္ပေယျာတိ – တဿ တဿ နာမံ ဂဟေတ္ဝာ နံ ဝိကပ္ပေယျ၊ တဿ တဿ ပန နာမံ အဂ္ဂ-ဟေတ္ဝာ(သံဃာဋိ စသော ထိုထိုသင်္ဃန်း၏ နာမည်ကို မယူဘဲ) “ဣမံ စီဝရံ တုယ္ဟံ ဝိကပ္ပေမိ”တိ ဝိကပ္ပေယျာတိ အဓိပ္ပါယော။

န ဝေသေယျ ဝိနေကာဟံ။ ။သင်္ဃန်း ၉-မျိုးတွင် တိစီဝရိက်အဓိဋ္ဌာန်တင်၍ ဆောင်ထားအပ်သောသင်္ဃန်းနှင့် တည်ဥမ္မ (အရဏ်တက်ချိန်၌)ကင်း၍မနေရ၊ ကင်း၍နေလျှင် ဒုတိယကထိနသိက္ခာပုဒ်တော်အရ သင်္ဃန်းလည်း နိဿဂ်ိယ ဖြစ်၍ ရဟန်းမှာလည်း အာပတ်သင့်သည်။

မှတ်ချက်။ ။ဤသို့ အဓိဋ္ဌာန်ဘင်၍ သင်္ဃန်း ၃-ထည်ကို ဆောင်ခြင်းကို “ဝိနည်း တိစီဝရိက်ဆောင်ခြင်း”ဟု ခေါ်၏၊ ဝိနည်း တိစီဝရိက်ဆောင်သော ပုဂ္ဂိုလ်သည် အပိုသင်္ဃန်းအဝတ်များကို ဝိကပ္ပနာသော်ငင်း ပရိက္ခာရစောဠ သော်ငင်း ပြု၍ ထားကောင်းသေး၏၊ ဓုတင် တိစီဝရိက်ဆောင်သော ပုဂ္ဂိုလ်ကား အခြားအဝတ်ကို မထားကောင်းတော့။

စာတုမာသံ နိသီဒနံ။ ။နိသီဒိုင်သင်္ဃန်းနှင့်ကား ၄-လပတ်လုံး မကင်းရ၊ “၄-လမပြည့်မီကား ကင်းနိုင်သည်”ဟု အဓိပ္ပါယ်ရ၏၊ ဥပမာ – ဒုတိယသဟ-သေယျသိက္ခာပုဒ်၌ “၃-ညဉ့်ပတ်လုံး အတူမအိပ်ရ”ဟု ဆိုသဖြင့် “၂-ညဉ့် ပတ်လုံးတော့ အတူအိပ်နိုင်၏”ဟု အဓိပ္ပါယ်ရသကဲ့သို့တည်း၊ ထိုသို့ ၄-လပတ်လုံး မကင်းရခြင်းမှာလည်း စုဠဝဂ္ဂဒုဒ္ဒကဝတ္ထုခန္ဓက ၌ ဆဗ္ဗဂ္ဂိယရဟန်းတို့၏ ၄-လ ပတ်လုံး ကင်း၍နေမှုကို အကြောင်းပြု၍ “နာ ဘိက္ခဝေ စာတုမာသံ နိသီဒနေန ဝိပ္ပဝသိတဗ္ဗံ၊ ယော ဝိပ္ပဝသေယျ, အာပတ္တိ ဒုက္ကဋဿ”ဟု ပညတ်တော်မူသော ကြောင့်တည်း။

မှတ်ချက်။ ။တိစီဝရိက်နှင့် နိသီဒိုင်ကိုသာ သီးခြားမိန့်တော်မူသော ကြောင့် “အခြားသင်္ဃန်းများကိုကား ညဉ့်ကင်း၍နေကောင်း၏”ဟု စကား အဓိပ္ပါယ်ကျရောက်၏၊ ထို့ပြင် – အဓိဋ္ဌာန်မတင်ဘဲ တိစီဝရိက်နှင့် နိသီဒိုင်တို့ကို

အဓိဋ္ဌာန်တင်ပုံ

၃၄။ ဣမံ သံဃာဋိံ ဓိဋ္ဌာမိ၊ သံဃာဋိမိစ္စဓိဋ္ဌဟော။
အဟတ္ထပါသမေတာန္တိ၊ သေသေသုပိ အယံ နယော။

၃၄။ ဣမံ သံဃာဋိံ၊ ဤသင်္ကန်းကြီးကို။ အဓိဋ္ဌာမိ၊ ကိုယ့်ဥစ္စာဟု စွဲမြဲစွာ ဆောက်တည်ပါ၏။ (တနည်း) ဣမံ၊ ဤသင်္ကန်းကို။ သံဃာဋိံ၊ သံဃာဋိဟူ၍။ အဓိဋ္ဌာမိ၊ စွဲမြဲစွာ ဆောက်တည်ပါ၏။ ဣတိ၊ ဤသို့ဆို၍။ သံဃာဋိံ၊ ၂-ထပ်သင်္ကန်းကြီးကို။ အဓိဋ္ဌဟော၊ အဓိဋ္ဌာန်တင်ရာ၏။ အဟတ္ထပါသံ၊ ဟတ္ထပါသ်အတွင်း၌ မရှိသော သင်္ကန်းကြီးကို။ ဧတန္တိ၊ "ဧတံ"ဟု ဆို၍။ အဓိဋ္ဌဟော၊ အဓိဋ္ဌာန်တင်ရာ၏။ သေသေသုပိ၊ သင်္ကန်းကြီးမှ ကြွင်းသော ရှစ်မျိုးသော သင်္ကန်းတို့၌လည်း။ အယံ နယော၊ ဤနည်းတည်း။ (ဝိ ဋ္ဌ ၂-၂၂၆၊ ကခ်ီ ဋ္ဌ-၁၅၄)

ဝိကပ္ပနာပြုထားလျှင်၎င်း ပရိက္ခာရစောင်္ဂအဓိဋ္ဌာန်တင်ထားလျှင်၎င်း ညှဉ်းကင်း၍ နေကောင်းသည်-ဟု မှတ်ပါ။ [ပရိက္ခာရစောင်္ဂ အဓိဋ္ဌာန်တင်ပုံသည် နောက် (၅၃) ဂါထာ၌၎င်း ဝိကပ္ပနာပြုပုံသည် ဝိကပ္ပနာအကျယ်၌၎င်း လာပါလိမ့်မည်။]

ဣမံ သံဃာဋိံ။ ။"အဓိဋ္ဌေ နု ဝိကပ္ပေယျ"ဟူသော စကားနှင့်စပ်၍ အဓိဋ္ဌာန်တင်ပုံကို ပြလိုသောကြောင့်၎င်း ထိုသို့ပြရာဝယ် သံဃာဋိအဓိဋ္ဌာန်တင်ပုံကို ပုံစံအဖြစ်ဖြင့် ပြလိုသောကြောင့်၎င်း "ဣမံ သံဃာဋိံ အဓိဋ္ဌာမိ" စသည်ကို မိန့်သည်၊ သံဃာဋိကို အဓိဋ္ဌာန်တင်လိုသောအခါ "ဣမံ သံဃာဋိံ အဓိဋ္ဌာမိ"ဟုဆို၍ အဓိဋ္ဌာန်တင်ပါ-ဟူလို။

အနက်ပေးပုံ။ ။ဣမံ သံဃာဋိံ၊ ဤ ၂-ထပ်သင်္ကန်းကို။ အဓိဋ္ဌာမိ၊ ကိုယ့်ဥစ္စာဟု ဆောက်တည်ပါ၏။ (တနည်း)ဣမံ၊ ဤသင်္ကန်းကို။ သံဃာဋိံ၊ သံဃာဋိဟူ၍။ အဓိဋ္ဌာမိ၊ ဆောက်တည်ပါ၏။ [ဤသို့ ၂-နည်းပေးရာ၌ "ဣမံ သံဃာဋိံ အဓိဋ္ဌာမိတိ ဧတ္ထ ဣမံ စီဝရံ သံဃာဋိံ အဓိဋ္ဌာမိတိ ဧဝံပိ ဝတ္တုံ ဝဋ္ဋတိတိ ဂဏ္ဌိ-

ပဒေသု ဝုတ္တံ”ဟူသော ပဌမကထိနသိက္ခာပုဒ်အဖွင့် တရာသကဏ်ဋီကာကို နည်းမှီ၍ပေးသည် ဟု မှတ်ပါ။] ထိုဋီကာ၌ “ဣမံ စီဝရံ သံဃာဋိံ အဓိဋ္ဌာမိ” ဟုလည်း ဆိုသင့်ကြောင်း ပြထား၏၊ ဤဋီကား ထိုနည်းကို အနက်၌သင်း၍ ပေးထားသည်။

အဟတ္ထပါသမေတန္တိ။ ။“ဣမံ”ဟု ဤမသဒ္ဒါဖြင့် သုံးစွဲခြင်းမှာ ၂-တောင့်ထွာ ဟတ္ထပါသ်အတွင်း၌ရှိသော သင်္ဃန်းကြီးကို ရည်ရွယ်၍ သုံးစွဲခြင်းတည်း၊ ဟတ္ထပါသ်အတွင်းမဟုတ် (အဝေး၌ရှိနေ)လျှင်ကား “တေံ သံဃာဋိံ-ထိုသံဃာဋီကို”ဟု တသဒ္ဒါဖြင့် သုံးစွဲပါဟူလို။ သို့သော် အဝေး၌ရှိသော သင်္ဃန်းကို အဓိဋ္ဌာန်တင်ရာ၌ “မည်သည့်ဌာနဝယ် ရှိသည်”ဟု စိတ်၌မှန်း၍ အဓိဋ္ဌာန်တင်ရသည်။ [ဟတ္ထဿ+ပါသော (သမီပေါ) ဟတ္ထပါသော-လက်၏ အနီးအရပ်၊ လက်လှမ်းမှီလောက်သောအရပ်၊ ထိုဟတ္ထပါသ်ဟူသည် ၂-တောင့်ထွာ အရပ်တည်း၊ ပါစိတ်ဘာသာဋီကာ ပဌမပဝါရဏာသိက္ခာပုဒ်၌လည်း ဝစနတ္ထအမျိုးမျိုးကို ပြထားသည်။]

သေသေသုပီ အယံ နယော။ ။ဥတ္တရာသင်္ဃ-စသော အခြားရှစ်ထည်တို့၌လည်း အနှီးဖြစ်လျှင် “ဣမံ ဥတ္တရာသင်ံ အဓိဋ္ဌာမိ”ဟုငင်း အဝေးဖြစ်လျှင် “တေံ ဥတ္တရာသင်ံ အဓိဋ္ဌာမိ”ဟုငင်း အနက္တရဝါသကမှစ၍ ကဏ္ဍုပ္ပဋိစ္ဆာဒိတိုင်အောင်သိပါ။

ကာယ-ဝါစာအဓိဋ္ဌာန်။ ။ဤသို့ အဓိဋ္ဌာန်တင်ရာ၌ နှုတ်ဖြင့် မဆိုနိုင်လျှင် သို့မဟုတ် မဆိုလိုလျှင် ဤစကား၏အဓိပ္ပါယ်ကို နှလုံးသွင်း၍ သင်္ဃန်းကို လက်ဖြင့်ထိကာ သုံးသပ်ကာဖြင့် အဓိဋ္ဌာန်တင်နိုင်၏၊ ပြအပ်ခဲ့သော အဓိဋ္ဌာန်ကား ဝါစာအဓိဋ္ဌာန်တည်း၊ ဤသို့ ကာယအဓိဋ္ဌာန်, ဝါစာအဓိဋ္ဌာန်အားဖြင့် အဓိဋ္ဌာန် ၂-မျိုးရှိပုံကိုလည်း သိပါ၊ ကာယအဓိဋ္ဌာန်တင်သောအခါ တကြိမ်သုံးသပ်ရုံဖြင့် ပြီးနိုင်သကဲ့သို့ ဝါစာအဓိဋ္ဌာန်၌လည်း တကြိမ်ဆိုရုံဖြင့် ပြီးနိုင်သည်၊ တချို့က ၃-ကြိမ်ဆိုကြ၏၊ ၃-ကြိမ်ဆိုမှကြောင့်ကား အပြစ်တော့မရှိပါ။

ပစ္စုဒ္ဓိုရ်ပြုပြီးမှ အဓိဋ္ဌာန်တင်ရပုံ

၃၅။ အဓိဋ္ဌဟန္တော သံဃာဋိ-ပဘုတိ ံ ပုဗ္ဗစိဝရံ။
ပစ္စုဒ္ဓရိဘ္ဘာဓိဋ္ဌေယျ၊ ပတ္တာဓိဋ္ဌဟနေ တထာ။

၃၅။ သံဃာဋိပဘုတိ ံ၊ သံဃာဋိ အစရှိသော အသစ်သင်္ကန်းကို။ အဓိဋ္ဌ-ဟန္တော၊ အဓိဋ္ဌာန်တင်လိုသော ရဟန်းသည်။ ပုဗ္ဗစိဝရံ၊ ရှေးဖြစ်သော သံဃာဋိအစရှိသော သင်္ကန်းဟောင်းကို။ ပစ္စုဒ္ဓရိတ္ဘာ၊ ပစ္စုဒ္ဓိုရ် ပြုပြီး၍။ ဝါ၊ အဓိဋ္ဌာန်ချပြီးမှ။ အဓိဋ္ဌေယျ၊ အဓိဋ္ဌာန်တင်ရာ၏။ ပတ္တာဓိဋ္ဌဟနေ၊ သပိတ်သစ်ကို အဓိဋ္ဌာန်တင်ရာ၌။ တထာ၊ ထို့အတူတည်း။ (ဝိ ဋ္ဌ ၂-၂၂၆၊ ကင်္ခါ ဋ္ဌ-၁၅၄)

အဓိဋ္ဌဟန္တော၊ ပေ၊ အဓိဋ္ဌေယျ။ ။[ပဘုတိ သဒ္ဒါသည် နိပါတ်ပုဒ်ဖြစ်သော ကြောင့် ဝိဘတ်ချေရိုးရှိသော်လည်း ဤနေရာ၌ သမာသ်အတွင်းဖြစ်၍ ဒုတိယာ ဝိဘတ်မပျောက်ဘဲ "ပဘုတိ ံ"ဟု ရှိရသည်၊ သံဃာဋိ+ပဘုတိ+ယဿာတိ သံဃာဋိပဘုတိ၊ (နဝစီဝဏ်)၊]သံဃာဋိစသော နာမည်ဖြင့် အဓိဋ္ဌာန်တင်လိုသော ရဟန်းသည် အဓိဋ္ဌာန်တင်အပ်ပြီးသော အဟောင်းသင်္ကန်းမရှိလျှင် ပစ္စုဒ္ဓိုရ်ပြုဘွယ်မလိုသော်လည်း အဟောင်းသင်္ကန်း ရှိလျှင်ကား ထို အဟောင်းကို ပစ္စုဒ္ဓိုရ်ပြုပြီးမှ အသစ်ကို အဓိဋ္ဌာန် တင်ရသည်၊ ဘာ့ကြောင့်နည်း.... "အဓိဋ္ဌာန်" ဟူသည် မိမိဥစ္စာဟု စွဲမြဲစွာ ဆောက်တည်ခြင်း ဖြစ်၏၊ ရဟန်းတော်တို့မှာလည်း ကိုယ်ပိုင်ဥစ္စာအဖြစ်ဖြင့် သပိတ်တလုံး သင်္ကန်း ၃-ထည်သာ ထားကောင်းသော ကြောင့်တည်း၊ ထို့ကြောင့် အဓိဋ္ဌာန်သင်္ကန်း ၂-ထည်, အဓိဋ္ဌာန်သပိတ် ၂-လုံး မရှိထိုက်ရကား အဟောင်းကို ပစ္စုဒ္ဓိုရ် ပြုရသည်။

ပစ္စုဒ္ဓိရ်ပြုပုံ

၃၆။ ဧတံ ဣမံ ဝ သံဃာဋိံ၊ သံသေ ပစ္စုဒ္ဓရာမိတိ။
ဧဝံ သဗ္ဗာနိ နာမေန၊ ဝတ္ဘာ ပစ္စုဒ္ဓရေ ဝိဒူ။

၃၆။ ဧတံ သံဃာဋိံ၊ ထိုသံဃာဋိအခိဋ္ဌာန်ကို။ ပစ္စုဒ္ဓရာမိ၊ ရုပ်သိမ်းပါ၏။ ဣတိ ဝါ၊ ဤသို့သော်၎င်း။ ဣမံ သံဃာဋိံ၊ ဤသံဃာဋိအဓိဋ္ဌာန်ကို။ ပစ္စုဒ္ဓ-ရာမိ၊ ရုပ်သိမ်းပါ၏။ ဣတိ ဝါ၊ ဤသို့သော်၎င်း။ သံသေ၊ ဆိုရာ၏။ ဧဝံ၊ ဤအဘူ။ သဗ္ဗာနိ၊ အလုံးစုံသောသင်္ဃန်း ကိုးထည်တို့ကို။ နာမေန၊ မိမိနာမည်ဖြင့်။ ဝတ္ဘာ၊ ဆို၍။ ဝိဒူ၊ ဝိနည်းတတ်သိ ပညာရှိသည်။ ပစ္စုဒ္ဓရေ၊ ပစ္စုဒ္ဓိရ်ပြု၏ဟု။ ဝါ၊ အခိဋ္ဌာန်ချရာ၏။ (ဝိ ဋ္ဌ ၂-၂၃၀၊ ကင်္ခါ ဋ္ဌ-၁၅၄)

ဧတံ ဣမံ ဝ ၊ပေ၊ သံသေ။ ။"ဣမံ ဝါ"ဟု ဆိုလိုလျက် ဂါထာ ဖြစ်သော ကြောင့် ဆန်းကိုဏ်းတဲ့အောင် ရဿပြုထား၏၊ သံသရတ်သည် ကထာ(ပြောဆို ခြင်း)အနက်ကို ဟော၏၊ အနိုးသင်္ဃန်းကို "ဣမံ သံဃာဋိံ ပစ္စုဒ္ဓရာမိ"ဟု ဆို၍ ဟတ္ထပါသ်အပြင်ဘက်၌ရှိသော အဝေးသင်္ဃန်းကို "ဧတံ သံဃာဋိံ ပစ္စုဒ္ဓရာမိ" ဟု ဆိုပါ ဟူလို။

အနက်ပေးပုံ။ ။ဣမံ သံဃာဋိံ၊ ဤ သံဃာဋိအဓိဋ္ဌာန်ကို။ ပစ္စုဒ္ဓရာမိ၊ ရုပ်သိမ်းပါ၏။ ဝါ၊ စွန့်ပါ၏။ ဤသို့ အနက်ပေးရာ၌ "ဣမံ သံဃာဋိံ အဓိဋ္ဌာမိတိ ဣမံ သံဃာဋိအဓိဋ္ဌာနံ ဥက္ခိပါမိ, ပရိစ္စဇာမိတိ အတ္ထော"ဟူသော ပဋမကထိန သိက္ခာပုဒ် ဝိမတိဋီကာကို မှီသည်၊ တရဿကဏ်ဋီကာ၌ "ထပေမိ-တန့်ရပ် ထား၏၊ ပရိစ္စဇာမိတိ ဝါ အတ္ထော"ဟု ဖွင့်၏၊ အဓိပ္ပါယ်တူပင်တည်း၊ [ပစ္စုဒ္ဓ-ရိတ္ဘာတိ ပန ဝဿိကသာဋိကဘာဝတော အပနေတ္ဘာတိ အတ္ထော"ဟု နောက် နား၌ တရဿကဏ်တနည်း ဖွင့်သေး၏၊ အဓိပ္ပါယ်ဖွင့်သာ။]

ဧဝံ သဗ္ဗာနိ နာမေန။ ။အဓိဋ္ဌာန်တင်တုန်းက မိမိနာမည်ဖြင့်တင်ခဲ့သော ကြောင့် အဓိဋ္ဌာန်ချသောအခါ၌လည်း မိမိနာမည်အတိုင်း ချရသည်-ဟူလို။ [ပစ္စုဒ္ဓိရ်ပြုခြင်းကိုပင် "အဓိဋ္ဌာန်ချခြင်း"ဟု ခေါ်သည်၊ "ရှေးက တင်ထား အပ်ပြီးသော အဓိဋ္ဌာန်ကို ချခြင်း"ဟူလို။] "ဣမံ အန္တရဝါသကံ ပစ္စုဒ္ဓရာမိ" စသည်ဖြင့် ဆိုပုံကို သိပါ။

တိစီဝရိုက်၏ ပမာဏ

၃၇,၃၈။ သံဃာဋိ ပစ္ဆိမန္တေန၊ ဒီဃသော မုဋ္ဌိပဉ္စကော။
ဥတ္တမန္တေန သုဂတ-စီဝရေနပိ ဝဋ္ဋတိ။
မုဋ္ဌိတ္တိကဉ္စ တိရိယံ၊ တထာ ကံသိကာသပိ။
အန္တရဝါသကော စာပိ၊ ဒီဃသော မုဋ္ဌိပဉ္စကော။
အဓုတေယျော ဒ္ဝိဟတ္ထော ဝါ၊ တိရိယန္တေန ဝဋ္ဋတိ။

၃၇-၃၈။ သံဃာဋိ၊ ၂-ထပ်သင်္ကန်းကြီးသည်။ ပစ္ဆိမန္တေန၊ နောက်ဆုံး၌ဖြစ်သော အပိုင်းအခြားအားဖြင့်။ ဒီဃသော၊ အလျားအားဖြင့်။ မုဋ္ဌိပဉ္စကော၊ လက်ဆုပ်အားဖြင့် ငါးတောင်ရှိသည်။ (သမာနော၊ ဖြစ်လသော်။) ဝဋ္ဋတိ၊ အပ်၏။ ဥတ္တမန္တေန၊ အလွန်ဆုံးအပိုင်းအခြားအားဖြင့်။ သုဂတ-စီဝရေနပိ၊ မြတ်စွာဘုရားသင်္ကန်းတော်အောက် ယုတ်လျော့သော သင်္ကန်းသည်လည်း။ ဝဋ္ဋတိ၊ အပ်၏။

တိရိယံ၊ အနံအားဖြင့်။ မုဋ္ဌိတ္တိကဉ္စ။ လက်ဆုပ်အားဖြင့် သုံးတောင်သည်လည်း။ ဝဋ္ဋတိ၊ အပ်၏။ ကံသိကာသပိ၊ ဧကသီ၏လည်း။ တထာ၊ ထို့အတူတည်း။ အန္တရဝါသကော စာပိ၊ သင်းပိုင်သည်လည်း။ ဒီဃသော၊ အလျားအားဖြင့်။ မုဋ္ဌိပဉ္စကော၊ လက်ဆုပ်အားဖြင့် ငါးတောင်ရှိသည်။ (သမာနော၊ ဖြစ်လသော်။) ဝဋ္ဋတိ၊ အပ်၏။ တိရိယန္တေန၊ အနံအားဖြင့်။ အဓုတေယျော၊ အခွဲအားဖြင့် သုံးတောင်ရှိသည်။ (သမာနော)ဝါ၊ ဖြစ်သော်ငင်း။ ဒ္ဝိဟတ္ထော၊ နှစ်တောင်ရှိသည်။ (သမာနော) ဝါ၊ ဖြစ်သော်ငင်း။ ဝဋ္ဋတိ၊ အပ်၏။(ဝိ ဋ္ဌ ၂-၂၂၆၊ ကင်္ခါ ဋ္ဌ-၁၅၃-၄)

ပစ္ဆိမန္တေ, ဥတ္တမန္တေ။ ။ပစ္ဆိမ-နောက်ဆုံး၌ဖြစ်သော+အန္တ- အပိုင်းအခြား(အတိုဆုံးအပိုင်းအခြား၊)ဥတ္တမ+အန္တ-အမြတ်ဆုံး(အရှည်ဆုံး)အပိုင်းအခြား။

ဒီဃသော မုဋ္ဌိပဉ္စကော။ ။၂-ထပ်သင်္ကန်းသည် အလျားအားဖြင့် အတိုဆုံး လက်ဆုပ်အတောင် ၅-တောင်ရှိရသည်၊ [သံဃာဋိယတော-၂ လှာ ၂ ထပ်

စပ်အပ်၏၊ ဣတိ သံဃာဋ္ဌိ၊ "သံဃာဋ္ဌိ"ဟူသော ဣတ္ထိလိင်နှင့် အရတူအောင် "မုဋ္ဌိပဠကာ"ဟု ရှိသင့်သော်လည်း လိင်္ဂဝိပလ္လာသ (ဣတ္ထိလိင်မှ ပုလ္လိင်ပြောင်းနေသော)နည်းအားဖြင့် "မုဋ္ဌိပဠကော"ဟု ဆိုကြောင်းကို ဋီကာသစ် ဖွင့်၏။]

ဋီကာဟောင်း။ ။ဋီကာဟောင်း၌ကား "ဒီဃသော မုဋ္ဌိပဠကတော ပဋ္ဌာယ၊ ပေ၊ သုဂတစီဝရုနာပိ ဝဋ္ဋတီ"ဟု ဖွင့်၏၊ ထိုအလို "မုဋ္ဌိပဠတော"ဟု ပါဌ်ရှိရလိမ့်မည်၊ ပဋ္ဌာယပုဒ်၏အနက်ကိုလည်း ထည့်၍ "မုဋ္ဌိပဠတော၊ လက် ဆုပ်တောင်နှင့်တက္ခ ငါးတောင်မှစ၍"ဟု ပေးရလိမ့်မည်။

မုဋ္ဌိပဠကော။ ။သင်္ဃန်းကို အတိုင်းအရှည် ပမာဏပြုသောအခါ၄-တောင် အပြည့် (လက်ချောင်းတို့ကို ဆန့်၍) တောင်ပြီးလျှင် နောက်ဆုံးတတောင်ကို လက်သီးဆုပ်၍ တောင်ခြင်းကို "မုဋ္ဌိပဠက"ဟု ဆိုသည်ဟု ဝိမတိဋီကာ ဖွင့်၏၊ မုဋ္ဌိဖြင့် မုဋ္ဌိဟတ္ထ-တိုင်အောင် ယူပါ၊ မုဋ္ဌိယာ ဥပလက္ခိတံ ပဠက် ယဿာတိ မုဋ္ဌိပဠကာ-လက်ဆုပ်တောင်ဖြင့် မှတ်သားအပ်သော ငါးတောင်ရှိသော ၂-ထပ် သင်္ကန်း။

ဝိမတိဋီကာ။ ။မုဋ္ဌိပဠကန္တိ မုဋ္ဌိယာ၊ (လက်ဆုပ်တတောင်ဖြင့်)။+ဥပ-လက္ခိတံ+ပဠက်၊ ငါးတောင်အပေါင်းတည်း။ စတုဟတ္ထေ မိနိတ္ဝာ (၄-တောင် တို့ကို လက်မဆုပ်ဘဲ တိုင်းတာပြီး၍) ပဠမံ ဟတ္ထံ မုဋ္ဌိ ကတ္ဝာ မိနိတဗ္ဗန္တိ အဓိပ္ပါယော။ ပါရာဇိက ပဌမကထိနသိက္ခာပုဒ်အဖွင့်။

ကေစိဝါဒ။ ။ထိုဝိမတိဋီကာ၌ ကေစိဝါဒကိုလည်း ပြသေး၏၊ ထိုကေစိ ဆရာတို့ကား—"မုဋ္ဌိပဠက-အရ ငါးတောင်လုံးကိုပင် လက်ဆုပ်တောင်ချည်း တောင်ရမည်"ဟု ဆိုကြ၏၊ "မုဋ္ဌိပဠမက-လက်ဆုပ်အတောင်ဟူသော ငါး တောင်မြောက်ရှိသော"ဟု မဆိုဘဲ "မုဋ္ဌိပဠက-လက်ဆုပ်တောင်အားဖြင့် ငါး တောင်တို့၏အပေါင်း"ဟု ဆိုသောကြောင့် ကေစိဝါဒသည် သဒ္ဒါအနေနှင့် သင့်၍ လိုက်လျော၏။

ဆက်ဦးအံ့—ငါးတောင်လုံးကို တောင်ဆုပ်ချည်း တောင်လျှင် ၄-တောင် သာသာရှိရာသောကြောင့်ဂုဏ်း ဘုရားရှင်၏ သင်္ကန်းတော်သည် ဘုရားအထွာ တော်ဖြင့် ၉-ထွာ (၄-တောင်ထွာ) ရှိရကား ရဟန်းများ၏ သင်္ကန်းလည်း

သက််နိးရှင်၏အတောင်ဖြင့် ၄-တောင်သာသာရှိလျှင် တော်လောက်ပြီဟု ယူသင့်၏၊ ထို့ကြောင့် မုဋ္ဌိပဉ္စကကို ပစ္ဆိမန္တိ (အတိုဆုံး) ဟု သတ်မှတ်၍ ဥတ္တမန္တိ (အရှည်ဆုံး)မှာ ဘုရားသက််နိးတော်အောက် လျှောရမည်ဟူသော စကားကို ထောက်လျှင် ကေစိဝါဒသည် သာ၍ သင့်သကဲ့သို့ ထင်ပါသည်။

သုဂတစီဝရုနာပီ။ ။ဥတ္တမန္တိ (အရှည်ဆုံးအပိုင်းအခြား)မှာ သုဂတစီဝရအောက် လျှောလျှင်လည်း အပ်ပါ၏၊ ဘုရားသက််နိးလောက် ရှည်ဘို့ကိုကား ပါတိမောက် ရတနဝဂ် နန္ဒသိက္ခာပုဒ်၌ တားမြစ်ပြီး ဖြစ်သည်၊ [သုဂတစီဝရ-တော+ဥိနာ-သုဂတစီဝရုနာ(သံဃာဋီ)၊ အပိုဖြင့် ပြအပ်ပြီးသော မုဋ္ဌိပဉ္စကကို ပေါင်းသည်။]

မုဋ္ဌိတ္တိကဉ္စ တိရိယံ။ ။ ၂-ထပ်သက််နိး၏အနံမှာ မုဋ္ဌိဘို့ကတည်း၊ "လက်ဆုပ်တောင်ချည်း ၃-တောင်" ဟု ကေစိဝါဒအတိုင်းဌင်း "၂-တောင်ကို အပြည့်တောင်၍ တတောင်ကို လက်ဆုပ်တောင်" ဟု ဝိမတိဝါဒအတိုင်းဌင်း မုဋ္ဌိတ္တိကကို သိပါ။

တထာ ကေံသိကဿပီ။ ။ကေသိ၏ အလျားအနံ ပမာဏသည် သံဃာဋီ၏ ပမာဏနှင့် တူ၏၊ "ကေံသံ ဥတ္တရာသင်္ဂံ ကရိတ္တာ-တခုသော လက်ဝဲအဖို့၌ အပေါ်ခြုံကိုပြု၍" ဟု ပါဠိတော်၌ သုံးစွဲလေ့ရှိသောကြောင့် အပေါ်ခြုံ(သင်းပိုင်အပေါ်၌ ရမ်းအပ်သော)သက််နိးကိုပင် "ကေံသိက" ဟု ခေါ်၏၊ ကေော+အံသော ကေံသော-တခုသော လက်ဝဲအဖို့၊ ကေံသေ+ကတ္တဗ္ဗန္တိ ကေံသိကံ-လက်ဝဲတဖက် ပုခုံးထက်၌ တင်အပ်သော သက််နိး၊ ဤကေံသိကပုဒ်ကို ထောက်၍ "ကေသိ" ဟု မြန်မာလို ခေါ်ကြသည်။

အန္တရဝါသကဿာပီ။ ။ကေသိ၏အတွင်း၌ ဝတ်အပ်သော ခါးဝတ်=သင်းပိုင်ကို "အန္တရဝါသက" ဟု ခေါ်၏၊ အန္တရေ၊ အလယ်ဟူသောခါးအရပ်၌+ဝါသော၊ ဝတ်အပ်သော အဝတ်တည်း။ အန္တရဝါသကော၊ အလယ် သတ်မှတ်ခါးအရပ်၌ ဝတ်အပ်သော အဝတ်။ [တနည်း—"ဝါသီယတေ၊ ဝတ်အပ်၏၊ ဣတိဝါသကော၊ (ဤပစ္စည်း ကံ ဟော ဟု ကြံ)။ အန္တရံ၊ ကေသိ၏ အတွင်း၌+ဝါသကော၊ ဝတ်အပ်သော သင်းပိုင်တည်း။ အန္တရဝါသကော၊ အတွင်းဝတ်။ ဝါ၊

နိသီဒန၏ပမာဏ

၃၉။ နိသီဒနဿ ဒီဃေန၊ ဝိဒတ္ထိ ဒ္ဝေ ဝိသာလတော။
ဒီယဈုံ ဒသာ ဝိဒတ္ထိ၊ သုဂတဿ ဝိဒတ္ထိ'ယာ။

၃၉။ နိသီဒနဿ၊ နိသီဒိုင်၏။ သုဂတဿ၊ မြတ်စွာဘုရား၏။ ဝိဒတ္ထိယာ၊ အထွာတော်အားဖြင့်။ ဒီဃေန၊ အလျားအားဖြင့်။ဒ္ဝေ ဝိဒတ္ထိ၊ ၂-ထွာတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဝိသာလတော၊ အနံအားဖြင့်။ ဒီယဈုံ၊ အခဲ့အားဖြင့် ၂-ထွာသည်။ ဝါ၊ တထွာခဲ့သည်။ ဟောတိ၊ ဖြစ်၏။ ဒသာ၊ အမြိတ်အဆာသည်။ ဝိဒတ္ထိ၊ တထွာရှိသည်။ ဟောတိ၊ ဖြစ်၏။[ပါတိမောက် ဘာသာဋီကာ ရာဘနဝံဂ် နိသီဒနသိက္ခာပုဒ်အတိုင်းပင်ဖြစ်၍ အဓိပ္ပါယ်ကို ထိုဘာသာဋီကာ၌ ရှုပါ။] (ဝိပါ ၂-၂၂၁၊ ဝိဋ္ဌ ၃-၁၅၅၊ ကင်္ခါဋ္ဌ-၂၇၀)

သင်းပိုင်၊] အပိုဖြင့် မုဋ္ဌိပဉ္စကချင်း တူသောကြောင့် သံဃာဋီကို ပေါင်းသည်၊ အန္တရဝါသက၏ အလျား ပမာဏမှာ မုဋ္ဌိပဉ္စကပင် ဖြစ်သည်-ဟူလို။

အမှုတေယျော ဒ္ဒိဟတ္ထော ဝါ။ ။အနံ ပမာဏအားဖြင့် ၂-တောင့်ထွာလည်း ရှိနိုင် သို့မဟုတ် ၂-တောင်လည်း ရှိနိုင်၏၊ ဆက်ဦးအံ့– ၂-တောင်မျှသာ ရှိသော သင်းပိုင်သည် အောက်၌ ပုဆစ်ဒူးဝန်းအောက် လက်ရှစ်သစ်လောက် ချ၍ ဝတ်သောအခါ အထက်ပိုင်းက နာဘိမဏ္ဍလ (ချက်ပတ်ဝန်းကျင်)ကို အဘယ်သို့ ဖုံးနိုင်တော့မည်နည်း-ဟု စောဒနာဘွယ် ရှိ၏၊ ထို့ကြောင့် သေခိယအဋ္ဌကထာ၌ "နာဘိမဏ္ဍလံ ပန စီဝရေနာပိ သက္ကာ ပဋိစ္ဆာဒေတုံ၊ ချက်အဝန်းအဝိုင်းကိုကား ကေသီဖြင့် ဖုံးခြင်းငှါ တတ်ကောင်း၏"ဟု မိန့်သည်၊ ထို့ကြောင့် အနံ ၂-တောင်ရှိသော သင်းပိုင်သည် (အဝတ် မလောက်၍) ခွေခွေ တာတာ ချုပ်ရသော သင်းပိုင်ဟု မှတ်ပါ။ ["စီဝရေနာပိ"နေရာဝယ် "ပါရုပနေနာပိ-အပေါ်ခြုံဖြင့်လည်း"ဟု ပဌမကထိနအဋ္ဌကထာ၌ ရှိ၏။]

ကဏ္ဍုပ္ပဋိစ္ဆာဒိ၏ပမာဏ

၄၀။ ကဏ္ဍုပ္ပဋိစ္ဆာဒိကဿ၊ တိရိယံ ဒ္ဝေ ဝိဒတ္ထိယော။
ဒီဃန္တတော စတသ္သောဝ၀၊ သုဂတဿ ဝိဒတ္ထိယာ။

၄၀။ ကဏ္ဍုပ္ပဋိစ္ဆာဒိကဿ၊ အနာကိုဖုံးလွှမ်းကြောင်း သက်နှံး၏။ သုဂတဿ၊ မြတ်စွာဘုရား၏။ ဝိဒတ္ထိယာ၊ အထွာတော်အားဖြင့်၊ တိရိယံ၊ အနံအားဖြင့်။ ဒ္ဝေ ဝိဒတ္ထိယော၊ ၂-ထွာဘို့သည်။ (ဟောန္တိ၊ ဖြစ်ကုန်၏။) ဒီဃန္တတော၊ အလျားအပိုင်းအခြားအားဖြင့်။ စတသ္သောဝ၀၊ ၄-ထွာတို့သည်သာ။ (ဟောန္တိ၊ ဖြစ်ကုန်၏။) [ဤအဝတ်နှင့်စပ်၍ မှတ်ဘွယ်ကို ပါတိမောက်ဘာသာဋီကာ၊ ရတနဝဂ် ကဏ္ဍုပ္ပဋိစ္ဆာဒိသိက္ခာပုဒ်၌ ရှုပါ။] (ဝိ ပါ ၂-၂၂၃၊ ဝိ ၃-၄၁၀၊ ဝိဋ္ဌ ၃-၁၅၆၊ ကင်္ခါ ဋ္ဌ-၂၇၁)

ဝဿိကသာဋိကာ၏ပမာဏ

၄၁။ ဝဿိကသာဋိကာယပိ၊ ဒီဃသော ဆ ဝိဒတ္ထိယော။
တိရိယံ အဈ့ဏေယျော၀၊ သုဂတဿ ဝိဒတ္ထိယာ။

၄၁။ ဝဿိကသာဋိကာယပိ၊ မိုးဝင်းအခါ၌ ဝတ်အပ်သော သက်နှံး၏လည်း။ ဝါ၊ မိုးဝင်းရေခံသက်နှံး၏လည်း။ သုဂတဿ၊ မြတ်စွာဘုရား၏။ ဝိဒတ္ထိယာ၊ အထွာတော်အားဖြင့်။ ဒီဃသော၊ အလျားအားဖြင့်။ ဆ ဝိဒတ္ထိယော၊ ၆-ထွာတို့သည်။ (ဟောန္တိ၊ ဖြစ်ကုန်၏။) တိရိယံ၊ အနံအားဖြင့်။ အဈ့ဏေယျော၀၊ အခွံအားဖြင့် ၃-ထွာဘို့သည်သာ။ ဝါ၊ ၂-ထွာခွံတို့သည်သာ။ (ဟောန္တိ၊ ဖြစ်ကုန်၏။) [ဤအဝတ်နှင့်စပ်၍ မှတ်ဘွယ်ကိုလည်း ထိုသိက္ခာပုဒ်ပါတိမောက်ဘာသာဋီကာ၌ ရှုပါ။] (ဝိ ပါ ၂-၂၂၄၊ ဝိ ဋ္ဌ ၃-၁၅၆)

၄၂။ ဇတ္ထ ဆေဒနပါစိတ္တိ၊ ကရောန္တဿ တဒုတ္တရိ။
ပစ္စတ္ထရမုခစောဋ္ဌာ၊ အာကၠဳဓိတပ္ပမာဏိကာ။

၄၂။ ဇတ္ထ၊ ဤ ဖြ-ထည်သောသက်နှံးတို့ဌ်၌။ တဒုတ္တရိ၊ ထိုပမာဏထက် အလွန်ကို။ ကရောန္တဿ၊ ပြုသောရဟန်း၏။ ဆေဒနပါစိတ္တိ၊ အပိုအလွန်ကို ဖြတ်ခြင်းရှိသော ပါစိတ်အာပတ်သည်။ (ဟောတိ-ဖြစ်၏။) ပစ္စတ္ထရမုခ-စောဋ္ဌာ၊ ကြမ်းပေါ်စသည်၌ခင်းအပ်သောအခင်း, မျက်နှာသုတ်ပုဝါတို့သည်။ အာကၠဳဓိဘပ္ပမာဏိကာ၊ အလိုရှိအပ်သော ပမာဏရှိကုန်၏။ (ဝိ ပါ ၂-၂၂၁၊ ဝိ ပါ ၃-၄၁၁)

ဇတ္ထ ဆေဒနပါစိတ္တိ။ ။သံဃာဋီမှစ၍ ဝဿိကသာဋီကာတိုင်အောင်သော သက်နှံး ဖြ-ထည်တို့ဌ်၌ ပြအပ်သော ပမာဏကိုလွန်လျှင် ဆေဒနပါစိတ်အာပတ်သင့်၏၊ ဤစကားသည် သိက္ခာပုဒ်၂၂ဋ္ဌေတော်၌လာသော "ဆေဒနကံ ပါစိတ္တိယံ" ကို ရည်ရွယ်သော စကားတည်း၊ "အပိုကိုလည်း ဖြတ်ရမည်, ပါစိတ်အာပတ်ကိုလည်း ဒေသနာ ပြောရမည်"ဟု ဆိုလိုသည်၊ နိဿဂ်ပစ္စည်းမျှးကဲ့သို့ သူတပါး အား စွန့်ဘဲယ် မလို၊ အပိုကို ဖြတ်ပြီး၍ အာပတ်ကို ဒေသနာ ပြောပြီးနောက် ဆက်၍ သုံးစွဲနိုင်သည်။

ပစ္စတ္ထရ၊ ပေ၊ ပမာဏိကာ။ ။ပစ္စတ္ထရဏနှင့် မုခပုဉ္ဆနစောဋ္ဌတို့ကား အတိုင်းအရှည် ပမာဏမရှိသောကြောင့် အလိုရှည်သလို ရှည်နိုင် တိုနိုင် (ကြီးနိုင်-ငယ်နိုင်)၏၊ အာကၠဳတံ+ပမာဏံ အာကၠဳဓိတပမာဏံ-အလိုရှိအပ်သောအတိုင်း အရှည်၊ အာကၠဳဓိတပမာဏံ ယေသံတိ အာကၠဳဓိတပမာဏိကာ။]

ပရိက္ခာရစောဋ္ဌေ။ ။အဋ္ဌကထာ၌ ပရိက္ခာရစောဋ္ဌအတွက် "အထည်ပေါင်း မည်မျှသာ"ဟု အရေအတွက်ကို မပြအပ်၊ အတိုအရှည် ပမာဏကိုလည်း မပြ အပ်၊ ထို့ကြောင့် အလိုရှိသလောက် ပမာဏဖြင့် အလိုရှိသလောက် အရေ အတွက် ထားနိုင်သည်-ဟု မှတ်ပါ၊ "ပမာဏ မရှိ"ဟု ဆိုသော်လည်း "အရှည် (အကြီး)အတွက်သာ မရှိ"ဟု မှတ်ပါ၊ အတိုဆုံးပမာဏကိုကား နောက် (၅၂) ဂါထာ၌ ပြလိမ့်မည်။

ပရိက္ခာရစောဠဒ္ဒ ဂဏနာပမာဏ မရှိ

၄၃။ ပရိက္ခာရစောဠေ ဂဏနာ၊ ပမာဏံ ဝါ နာ ဒီပိတံ။
တထာ ဝတ္ဘာ အခိဠေယျ။ ထဝိကာဒိ ံ ဝိကပ်ိယံ။

၄၃။ ပရိက္ခာရစောဠေ၊ ပရိက္ခရာအဝတ်ဒ္ဒ။ ဂဏနာ၊အနည်းအများအရေ အဘွက်ကိုဆိုင်း။ ပမာဏံ ဝါ၊ အတိုအရှည်ပမာဏကိုဆိုင်း။ နာ ဒီပိတံ၊အဋ္ဌကထာတို့ဒ္ဒ မပြအပ်။ ဝိကပ်ိယံ၊ ဝိကပ္ပနာပြုထိုက်သော။ ဝါ၊ ဝိကပ္ပနာလောက်သော။ ထဝိကာဒိ ံ၊ အိတ်အစရှိသည်ကို။ တထာ၊ ထိုပရိက္ခရာရစောဠဟူ၍။ ဝတ္ဘာ၊ ဆို၍။ အခိဠေယျ၊ အဝိဋ္ဌာန်တင်ရာ၏။ (ဝိ ပါ ၃၊ ၄၁၁၊ ဝိ ဋ္ဌ ၂-၂၂၇၊ ကင်္ခါ ဋ္ဌ-၁၅၄)

အများကို ပရိက္ခာရစောဠတင်နိုင်။ ။အရေအတွက် မရှိသောကြောင့် အများကို ပေါင်း၍ "ဣမာနိ စီဝရာနိ ပရိက္ခာရစောဠာနိ အဓိဋ္ဌာမိ"ဟုလည်း အဓိဋ္ဌာန် တင်နိုင်ပါ၏၊ ["ဣမံ သံဃာဋိ ံ"ကဲ့သို့ စီဝရသဒ္ဒါမထည့်ဘဲ "ဣမံ ပရိက္ခာရစောဠံ အဓိဋ္ဌာမိ"ဟုလည်း အဓိဋ္ဌာန်တင်နိုင်စရာရှိ၏၊ မှန်၏–သံဃာဋိ အဓိဋ္ဌာန်တုန်းကလည်း "ဣမံ သံဃာဋိ ံ အဓိဋ္ဌာမိ"ဟုဆင်း "ဣမံ စီဝရံ သံဃာဋိ ံ အဓိဋ္ဌာမိ"ဟုဆင်း ၂-နည်းပြခဲ့သည်။]

တထာ ဝတ္ဘာ၊ပေ၊ ဝိကပ်ိယံ။ ။ပဌမကထိနသိက္ခာပုဒ်အဋ္ဌကထာဒ္ဒ "ထဝိ-ကာပိ ပရိဿာဝနံပိ ဝိကပ္ပနုပဂံ(ဝိကပ္ပနာလောက်သော)ပစ္ဆိမစီဝရံ(နောက်ဆုံး သက်နှံး(အဝတ်)ဖြစ်လျှင်)ပရိက္ခာရစောဠံတိ အဓိဋ္ဌာတဗ္ဗမေဝ"ဟု မိန့်၏၊ ထို စကားကိုယူ၍ ဤဂါထာ ၂-ပါဒကိုဆိုသည်၊ "ထဝိကာဒိ ံ"ဒ္ဒ အာဒိဖြင့် ပရိဿာဝန (အဝတ်ရေစစ်)ယခုခေတ် လက်ကိုင်ပုဝါ, ခေါင်းအုံဖုံး, ကုလားထိုင်ဖုံးစသည်ကို ယူရသည်။ [ဝိ+ကပ္ပဓာတ်,ဏျုပစ္စည်း၊ ဋီကာသစ်ဒ္ဒ ဝိကပ်ိယံကို ဝိကပ္ပဿ+ဥပဂံ-ဝိကပ္ပနာလောက်သော"ဟု ဖွင့်သည်ကား အဓိပ္ပါယ်ဖွင့်တည်း၊ "ဝိကပ်ိတဗ္ဗံတိ ဝိကပ်ိယံ"ဟုပြု၊ ဝိကပ္ပနာလောက်သော နောက်ဆုံးအဝတ်၏ ပမာဏကို(၅၂)ဂါထာဒ္ဒ ပြပါလိမ့်မည်။]

တိစီဝရိုက်၏အထပ်ပမာဏ

၄၄။ အဟတာဟတကပ္ပါနံ၊ သံဃာဋိ ဒိဂုဏာ သိယာ။
ကေစ္စိယောတ္တရာသင်္ဂေါ၊ တထာ အန္တရဝါသကော။

၄၄။ အဟတာဟတကပ္ပါနံ၊ အစာမချေအပ်သေးသော အဝတ်သစ်, အဝတ်သစ်နှင့်အလားတူသော အဝတ်တို့၏။ သံဃာဋိ၊ စပ်၍ချုပ်အပ်သော သင်္ကန်းသည်။ ဒိဂုဏာ၊ ၂-ထပ် ၂-လွှာရှိသည်။ သိယာ၊ ဖြစ်ရာ၏။ ဥတ္တရာသင်္ဂေါ၊ အပေါ်ခြုံ ကေသီသည်။ [အပေါ်သတ်မှတ် ကိုယ်အရပ်၌ ငြိကပ်စေအပ်သော ကေသီသည်။] ကေစ္စိယော၊ တထပ်တလွှာရှိသည်။ သိယာ၊ ဖြစ်ရာ၏။ အန္တရဝါသကော၊ သင်းပိုင်သည်။ [အလယ်သတ်မှတ် ခါးအရပ်၌ ဝတ်အပ်သော သင်းပိုင်သည်။] တထာ၊ ထို့အဘူ တထပ်တလွှာရှိသည်။ သိယာ၊ ဖြစ်ရာ၏။ (ဝိ ပါ ၃-၄၀၃)

အဟတာဟတကပ္ပါနံ။ ။အဟညိ၊ ထုရိုက်၍ ဖွပ်သောအားဖြင့် နှိပ်စက်အပ်ပြီ။ ဣတိ ဟတံ၊ န+ဟတံ အဟတံ-တခါမျှ မဖွပ်အပ်သေးသော အဝတ်၊ "အစာမချေအပ်သေးသော အသစ်စက်စက်အဝတ်"ဟူလို၊ ကပ္ပသဒ္ဒါသည် သဒိသအနက်ကိုဟော၏၊ "အဟတကပ္ပ-ထို့အဝတ်သစ်နှင့် တူသောအဝတ်" ဟူသည် တကြိမ်ဘခါလောက်သာ ဖွပ်အပ်သောအဝတ်တည်း၊ [အဟတေန (နဝေန အမောတေန) +ကပ္ပံ(သဒိသံ)အဟတကပ္ပံ၊ ကေဝါရမောတံ၊—ဋီကာသစ်။]

သံဃာဋိ ဒိဂုဏာ။ ။အဟတ အဝတ်ကို ဖြစ်စေ အဟတကပ္ပ အဝတ်ကို ဖြစ်စေ သံဃာဋိပြုလုပ်လျှင် ၂-ထပ်သာချုပ်ရမည်-ဟူလို၊ [ဘုရားရှင်သည် အနေအားဆုံးဖြစ်သော တပို့တဲ့နှင့် တပေါင်းလအကြား ညဉ့်ကာလ၌ သင်းပိုင် တထည်, ကေသီ ၃ ထည် ပေါင်း ၄-ထည်ဖြင့် နေတော်မူ၏၊ ထို့ကြောင့် သာဝက များအတွက် ခွင့်ပြုတော်မူလျှင် သူဌားရာအရပ်သို့ ယူဆောင်ဘို့ရာ တထည်အပို ပါနေသဖြင့် ဝန်လေးသောကြောင့် သူဌားလေရာ၌ သင်းပိုင်ကိုဝတ်, ကေသီကို ရမ်းပြီးလျှင် ၂-ထပ်သင်္ကန်းကို ပခုံးပေါ်တင်၍ လွယ်လွယ်ကူကူ ဆောင်ယူ

အဝတ်ဟောင်း၌ ၄-ထပ်, ၂-ထပ်

၄၅။ ဥတုဒ္ဓတာနံ ဒုဿာနံ၊ သံဃာဋိ စ စတုဂ္ဂုဏာ။
ဘဝေယ္ယုံ။ ဒိဂုဏာ သေသာ၊ ပံသုကူလေ ယထာရုစိ။

၄၅။ စ၊ အဘို့တပါးကား။ ဥတုဒ္ဓတာနံ၊ ဥတုမျှားစွာ ရှည်ကြာသော ကာလမှ ထုတ်ယူအပ်ကုန်သော။ ဒုဿာနံ၊ အဝတ်ဟောင်းတို့၏။ သံဃာဋိ၊ သင်္ကန်းကြီးသည်။ စတုဂ္ဂုဏာ၊ ၄-ထပ် ၄-လွှာရှိသည်။ ဘဝေယ္ယ၊ ဖြစ်နိုင်၏။ သေသာ၊ သင်္ကန်းကြီးမှ ကြွင်းသော ဧကသီ သင်းပိုင်တို့သည်။ ဒိဂုဏာ၊ ၂-ထပ် ၂-လွှာရှိကုန်သည်။ ဘဝေယ္ယုံ၊ ဖြစ်နိုင်ကုန်၏။ ပံသုကူလေ၊ ပုံသုကူသင်္ကန်း၌။ ယထာရုစိ၊ အလိုရှိတိုင်းသော အထပ်အလွှာသည်။ ဘဝေယ္ယ၊ ဖြစ်နိုင်၏။ (ဝိ ပါ ၃-၄၀၃-၄)

နိုင်ဘို့အကျိုးငှါ ဧကသီ ၂-ထည်ကို ၂-ထပ်သင်္ကန်းပြု၍ "သံဃာဋိ"ဟူသော အမည်ဖြင့် သင်္ကန်း ၃-ထည်ကိုသာ ခွင့်ပြုတော်မူသည်။] ဒွေ+ဂုဏာ(အထပ်တို့သည်) ယဿာ အတ္ထိတိ ဒုဂုဏာ၊ ဤပုဒ်ကိုကြည့်၍ သံဃာဋိကိုပင် "ဒုဂုဏ် သင်္ကန်း"ဟု ခေါ်ကြသည်။

ဧကစ္စိယောတ္တရာသင်္ဂေါ်။ ။ဧကစ္စသဒ္ဒါသည် ဧကနှင့် အနက်တူ၏။ စ္စ-အတွက် အနက်သီးခြားမရှိ၊ "ဧကစ္စံ(တထပ်သည်)ယဿ အတ္ထိတိ ဧကစ္စိကော" ဟု ဖြင်ပြီးမှ က-ကို ယ-ပြု၍ "ဧကစ္စိယော"ဟု ဖြစ်၏၊ ဋီကာသစ်၌ ဤပစ္စည်းဖြင့် "ဧကစ္စိ"ဟု တွေ့ရ၏၊ ဤပုဒ်ကိုကြည့်၍ "ဧကစိ"ဟုလည်း သုံးစဲ့ကြသည်၊ ဥတ္တရသို့-အထက်ပိုင်း ကိုယ်အဖို့၌+အာသဠှီယတေ·ငြိကပ်စေအပ်၏၊ ဣတိ ဥတ္တရာသင်္ဂေါ်။

အန္တရဝါသကော။ ။ဤပုဒ်၏ဝစနတ္ထကို ဧဝ(ဂါထာ)၌ ပြခဲ့ပြီ၊ ဧကသီနှင့် သင်းပိုင်မှာ အဟာတအဝတ် သို့မဟုတ် အဟာတကပ္ပအဝတ်ကိုချုပ်လျှင် တထပ်တလွှာသာ ချုပ်ရမည်-ဟူလို။

ဥတုဒ္ဓဥာနံ။ ။"ဥတု+ဥဒ္ဓဠ"ဟု ခဲ့၍ "ဥတု"အရ အနေကဥတု (ဥတုမျှားစွာ)ကိုယူ၍ ရှည်ကြာသောကာလကို "ဥတု"ဟု ဆိုလို၏၊ ထို့ကြောင့်

မဖြတ်လောက်လျှင် စီစဉ်ဘုံယ်

၄၆။ တီသု ဒွေ ဝါပိ ဧကံ ဝါ၊ ဆိန္ဒိတဗ္ဗံ ပဟောတိ ယံ။
သဗ္ဗေသု အပုဟောန္တေသု၊ အန္ဓာဓိ'မာဒိယေယျ ဝါ။
အစ္ဆိန္နဉ္စ အနာဒိန္နံ၊ န ဓာရေယျ တိစီဝရံ။

၄၆။ တီသု၊ သုံးထည်သော သင်္ကန်းတို့တွင်။ (ယာနို၊ အကြင် နှစ်ထည်သော သင်္ကန်းတို့သည်။ ပဟောန္တိ၊ ဖြတ်သည်ရှိသော် အယုတ်ဆုံး ပမာဏ

"ဥတုတော ဒိဃကာလတော"ဟု ဋီကာသစ်ဖွင့်သည်၊ ဥတုတော၊ကြာမြင့်သော ကာလမှ။ ဥဒ္ဓဋ္ဌာ၊ ထုတ်ယူအပ်ကုန်သော အဝတ်တို့တည်း။ ဥတုဒ္ဓဋ္ဌာ....တို့။ ထို အဝတ်ကိုပင် "ပိလောတိက-အဝတ်နှမ်း အဝတ်ဟောင်း"ဟု သရုပ်ဖော်သည်။

ဋီကာသစ်။ ။ဥတူတိ အနေကဥတု ဂဟိတာတိ၊ ("ဥတု"ဟူသောပါဠိဖြင့် များစွာသော ဥတုကိုယူအပ်ပြီ၊ ထို့ကြောင့်)ဥတုတော ဒိဃကာလတော+ဥဒ္ဓဋ္ဌာ ဥတုဒ္ဓဋ္ဌာ၊ တေသံ ပိလောတိကာနန္တိ အတ္ထော။

စတုဂ္ဂါဏာ ဒိဂုဏာ။ ။အဝတ်ဟောင်းဖြစ်သောကြောင့် စုတ်လှယ်ရကား သံဃာဋီကို ၄-ထပ်၊ ဥတ္တရာသင်္ဂ အန္တရဝါသကကို ၂-ထပ်ချုပ်နိုင်သည်။

ပံသုကူလေ ယထာရုစိ။ ။စီဝရကွန္ဓကပါဠိတော်၌ "ပံသုကူလေ ယာဝဒတ္ထံ" ဟူသော ပညတ်တော်ကို ယူထားသော စကားတည်း၊ အဝတ်ဆိုင်၌ ကျွေနေရစ်သော အဝတ်ပိုင်းကလေးများကိုဖြစ်စေ သုသာန်မှ အဝတ်ကိုဖြစ်စေ ပံသုကူကောက်၍ အစပ်များစွာစပ်ပြီးမှ ချုပ်အပ်သော သင်္ကန်းဖြစ်သောကြောင့် အထပ်ကို မိမိအလိုရှိသလောက်(၄-ထပ်မက အထပ်တရာဖြစ်စေ)ထပ်၍ သင်္ကန်းချုပ်နိုင်သည်။ [ပံသု ဝိယ၊ မြေမှုန့်(ဖုံ)ကဲ့သို့။ ကုစ္ဆိတံ၊ စက်ဆုပ်ဘွယ်။ ဥလတိ ပဝတ္တတိ၊ ဖြစ်၏။ ဣတိ ပံသုကူလိကံ၊ မြေမှုန်သို့နှယ် စက်ဆုပ်ဘွယ်ဖြစ်သော အဝတ်စုတ်။—ဋီကာသစ်၊ "ပံသု+ကု+ဥလ"ဟု ခဲ့၍ ကု-ကို "ကုစ္ဆိတံ" ဟုဋ္ဌင်း ဥလတိ-ကို "ပဝတ္တတိ"ဟုဋ္ဌင်း ဖွင့်သည်။

ဒွေ ဝါပိ ဧကံ ဝါ။ ။သင်္ကန်းချုပ်သောအခါ ဆိုင်ရာ အခန်းအတွက် အဝတ်တို့ကို ဒါးဖြင့် ဖြတ်ပြီးမှ ချုပ်လျှင် အဝတ်သည် နဂို ပမာဏထက်

လောက်ကုန်၏။) ဒေ့၊ နှစ်ထည်ကုန်သော။ (တာနိ)ဝါပိ၊ ထိုသင်္ကန်းတို့ကို သော်လည်း။ ဆိန္ဒိတဗ္ဗာနိ၊ ဖြတ်ထိုက်ကုန်၏။ ယံ၊ အကြင် တထည်သော သင်္ကန်းသည်။ ပဟောတိ၊ ဖြတ်သည်ရှိသော် အယုတ်ဆုံး ပမာဏ လောက် အံ့။ ကံ၊ တထည်သော။ (တံ)ဝါ၊ ထိုသင်္ကန်းကိုသော်လည်း။ ဆိန္ဒိတဗ္ဗံ၊ ဖြတ်ထိုက်၏။ သဗ္ဗေသု၊ အလုံးစုံသော သုံးထည်သော သင်္ကန်းတို့သည်။ အပဟောန္တေသု၊ ဖြတ်သည့်အတွက် အယုတ်ဆုံး ပမာဏ မလောက်ကုန်လ သော်။ အန္ဓာဓိ ံဝါ၊ နောက်ထပ်တင်ထားအပ်သော သလင်းထောင်ကိုသော် လည်း။ ဝါ၊ အာဂန္တုကအလ္ဘာကိုသော်လည်း။ အာဒိယေယျ၊ ယူရာ၏။ အစ္ဆိန္နဠု၊ မဖြတ်အပ်သည်မူလည်းဖြစ်သော။ အနာဒိန္နံ စ၊ ယူအပ်သော သလင်းထောင် မရှိသည်မူလည်းဖြစ်သော။ တိစီဝရံ၊ သုံးထည်သောသင်္ကန်း ကို။ န ဓာရေယျ၊ အဓိဋ္ဌာန်တင်၍ မဆောင်ရာ။ (ဝိ ပါ ၃-၄၀၁-၄၁၂)

တိုသွား၏။ ထိုသို့ တိုသွားသောကြောင့် ခွင့်ပြုတော်မူအပ်သော အတိုဆုံး သင်္ကန်းပမာဏမရှိလျှင် ၃-ထည်လုံးကို မဖြတ်ဘဲ ၂-ထည်သော်လည်း ဖြတ်ပါ၊ ၂-ထည်ဖြတ်သောအခါလည်း အတိုဆုံးသင်္ကန်းပမာဏမလောက်လျှင် တထည် သာသော်လည်း ဖြတ်ပါ။

ယံ ပဟောတိ။ ။ဤသို့ ၂-ထည်ဖြတ်မှု တထည်ဖြတ်မှု၌ အတိုဆုံးသင်္ကန်း ပမာဏလောက်မှုကို ပဓာနပြုရမည် ဖြစ်သောကြောင့် "ယံ ပဟောတိ"ဟု မိန့်သည်၊ တထည်ဖြတ်မှု သင်္ကန်းပမာဏလောက်မည်ဖြစ်လျှင် တထည်သာ ဖြတ်ပါ၊ ၂-ထည်ဖြတ်သော်လည်း အတိုဆုံးသင်္ကန်းပမာဏလောက်နိုင်သေးလျှင် ၂-ထည်ဖြတ်ပါ-ဟူလို၊ [၂-ထည်ဖြတ်ရာ၌ "ယာနိ ပဟောန္တိ၊ တာနိ ဒွေ ဝါပိ ဆိန္ဒိတဗ္ဗာနိ"ဟု ဋီကာသစ်အတိုင်း အနက်ပေးသည်။]

အန္ဓာဓိ ံ အာဒိယေယျ။ ။တထည်ဖြတ်လျှင်ပင် သင်္ကန်း ၃-ထည်လုံးသည် အတိုဆုံးသင်္ကန်းပမာဏ မလောက်တော့လျှင်ကား တထည်မျှ မဖြတ်တော့ဘဲ ၂-ထပ်သင်္ကန်းအတွက် အန္ဓာဓိကို ယူရမည်၊ "အန္ဓာဓိ"ဟူသည် အနားပတ်၌ ၂-ထပ်ဖြစ်သကဲ့သို့ တထည်လုံး ၂-ထပ်ဖြစ်အောင် ကောသိအပေါ်ဝယ် နောက်

ထပ်ပိုး၍ တင်အပ်သော အာဂန္တုကအလ္ကာတထပ်တည်း၊ ထိုအာဂန္တုက အထပ်အလ္ကာကို "သလင်းထောင်"ဟု ခေါ်ကြသည်။

မှတ်ချက်။ ။အာဂန္တုကအလ္ကာထပ်၍တင်ရာ၌ တလုပ်မြောင်းနေရာ၌သာ ထပ်သည်ကို တွေ့ရဘူးပါသည်၊ ထိုအတိုင်းလည်း မဟာဝဂ္ဂစီဝရက္ခန္ဓက ဘာသာဋီကာ၌ ရေးခဲ့ပါသည်။ သို့သော် "အနု၊နောက်ထပ်+အာဓိယတော၊ တင်ထားအပ်၏။ ဣတိ အန္တရာဓိ" ဟူသော သဒ္ဒါနည်းအရငင်း "အန္တရာဓိန္တိ အာဂန္တုကပတ္တံ၊ အနုပစ္ဆာ+အာဓိယတီတိ အန္တရာဓိ၊ ယံ (ယင်းအန္တရာဓိကို) စီဝရဿ+ဥပရိ (ကေသိသက်န်း၏ အပေါ်၌) သံဃာဋီအာကာရေန (နှစ်ထပ်သက်န်းပုံသဏ္ဌာန်အားဖြင့်) အာရောပေတဗ္ဗံ၊ (တင်ထိုက်၏)။ ဤသို့ ဋီကာသစ်ဖွင့်သောကြောင့်ငင်း ကေသိသက်န်း၏ အပေါ်ဝယ် အခန်းတိုင်း တလုပ်မြောင်းတိုင်း၌ ထပ်၍တင်ခြင်းကိုသာ အန္တရာဓိကိုယူခြင်း"ဟု ထင်ပါသည်၊ ဝိနည်းဓိုရ်ဆရာတော်များ၏ အထံ၌ ဤသာဓကပါဋိကို ပြ၍ လျှောက်ထားကြပါလေ။

အစ္ဆိန္နဥ္စ အနာဒိန္နံ။ ။ဒါးဖြင့်လည်း မဖြတ်အပ်, သလင်းထောင်(အန္တရာဓိ) ကိုလည်း မတင်အပ်ဘဲ တိစီဝရိက်အဓိဋ္ဌာန်တင်၍ မဆောင်အပ်၊ ဆောင်လျှင် ဒုက္ကဋ်အာပတ်ဟု ပြသည်၊ [နှ ဓာရေယျာတိ ဤမိနာ ယဒိ ဓာရေယျ၊ ဒုက္က-ဋန္တိ ဒီပေတိ၊ –ဋီကာသစ်။]

ဆိုလိုရင်း။ ။တိစီဝရိက်အဓိဋ္ဌာန်တင်၍ သွားလေရာသို့ သက်န်းကိုဆောင်လိုသော ရဟန်းသည် (၁) ၃-ထည်လုံးဖြတ်သည့်အတွက် နောက်ဆုံးသက်န်း ပမာဏလောက်လျှင် ၃-ထည်လုံးကိုဖြတ်ပါ၊ (၂) မလောက်လျှင် ၂-ထည်ကို ဖြတ်ပါ၊ (၃) ၂-ထည်ဖြတ်၍ လောက်မည် မဟုတ်လျှင် တထည်ကို ဖြတ်ပါ၊ (၄) တထည်ကိုမျှ မဖြတ်လောက်လျှင် လုံးလုံးမဖြတ်တော့ဘဲ ၂-ထပ်သက်န်း ဖြစ်အောင် "အန္တရာဓိ" ဟု ခေါ်အပ်သော တထပ်တလ္ကာကိုတင်ပါ၊ ဖြတ်လည်း မဖြတ် အန္တရာဓိလည်း မတင်လျှင်ကား အဓိဋ္ဌာန်တင်၍ ဝိနည်းတိစီဝရိက် မဆောင်ကောင်းပါ-ဟူလို၊ ပရိက္ခာရစောဋအဓိဋ္ဌာန်ကား တင်ကောင်းပါ၏၊ စိကပ္ပနာလည်း ပြုကောင်းပါသည်။

သင်္ကန်းထားရာ ဌာန-၁၅

၄၇။ ဂါမေ နိဝေသနေ ဥဒေါ်-သိတ ပါသာဒဟာမိုယေ။
နာဝါင်္ဂ မာဋ္ဌ အာရာမေ၊ သတ္ထ ခေတ္တ ခလေ ဒုမေ။

၄၈။ အဇ္ဈောကာသေ ဝိဟာရေ ဝါ၊ နိက္ခိပိတ္ဝာ တိစီဝရံ။
ဘိက္ခုသမုတိယာဉ်တြ၊ ဝိပ္ပဝတ္ထုံ နာ ဝဇ္ဇတိ။

၄၇,၈။ ဂါမေ၊ ရွာ၌ဂျင်း။ နိဝေသနေ၊ ရွာပြင်ဘက်အိမ်၌ဂျင်း။ ဥဒေါ်-သိဘပါသာဒဟာမိုယေ၊ ယာဉ်စသောဘဏ္ဍာထားရာဘိုက်, ပြာသာဒ်ရှည်, ပြာသာဒ်ဦးပြည်း၌ဂျင်း။ နာဝါင်္ဂမာဋ္ဌအာရာမေ၊ လှေ, ပြအိုး, တန်ဆောင်း, သစ်သီးခြံ ပန်းခြံ၌ဂျင်း။ သတ္ထခေတ္တခလေ၊ ကုန်သည်အပေါင်း, လယ်, ကောက်နယ်တလင်း၌ဂျင်း။ ဒုမေ၊ သစ်ပင်၌ဂျင်း။ အဇ္ဈောကာသေ၊ ဝိဏ္ဍာ-ဥဝ စသော တော သမုဒ္ဒရာအလယ် ကျွန်းငယ်အရပ်ဝယ် တည်ရှိသော လှိုင်တီးခေါင်၌ဂျင်း။ ဝိဟာရေ ဝါ၊ ကျောင်းတကျောင်း၌ဂျင်း။ တိစီဝရံ၊ တိစီဝ-ရိက်အခိဋ္ဌာန်တင်အပ်သော သင်္ကန်းကို။ နိက္ခိပိတ္ဝာ၊ ထား၍။ ဘိက္ခုသမု-တိယာ၊ ဂိလာနရဟန်းအား ပေးအပ်သော သမုတိကို။ အညတြ၊ ကြဉ်၍။ ဝိပ္ပဝတ္ထုံ၊ ရွာစသည်နှင့် ကင်း၍ နေခြင်းငှါ။ နာ ဝဇ္ဇတိ၊ မအပ်။ (ဝိ ပါ ၁-၂၉၉၊ ဝိ ဋ္ဌ ၂-၂၃၃၊ ကင်္ခါ ဋ္ဌ-၁၅၈)

ဌာန- ၁၅။ ။ဥဒေါ်သိတသိက္ခာပုဒ်ဟုလည်း အမည်ရှိသော နိဿဂ်ိယ ဒုတိယ ကထိနသိက္ခာပုဒ်ပါဠိတော်၌ ဂါမ, နိဝေသန စသောအားဖြင့် သင်္ကန်း ထားရာဌာန ၁၅-ပါးကိုပြပြီး၍ “မည်သို့သော ဂါမ၌ အဓိဋ္ဌာန်တင်အပ်သော တိစီဝရိက်ကိုထားလျှင် မည်ကဲ့သို့သော အရပ်၌ နေရမည်”စသည်ဖြင့် အကျယ် ပြတော်မူသည်။

ဂါမေ။ ။ရွာသည် မင်းတယောက်, သူကြီးတယောက်ပိုင်ဖြစ်လျှင်ရင်း ရွာစည်းရိုးရှိလျှင်ရင်း တခုတည်းသော ဥပစာရှိသော တယောက်ပိုင်ရွာမည်၏၊ ထိုရွာမျိုးဝယ် အဓိဋ္ဌာန်တင်အပ်သော သင်္ကန်းကြီး စသည်ကိုထားလျှင် ထို့ရွာ

အတွင်းဝယ် အလိုရှိရာအရပ်၌ နေနိုင်၏၊ အရဏ်တက်ခြိန် သက်နှင့် ဟတ္ထပါဒ် ကင်းနေသော်လည်း နိဿဂ်ိယမထို်က်၊ ရှာသည် အကာအရံမရှိလျှင် သက်နှံ ထားရာအိမ်၌သာ (အရဏ်တက်ခြိန်၌)နေရမည်၊ ထိုအိမ်၏ ဟတ္ထပါဒ်ကို မစွန့်ရ၊ အကယ်၍ ဝေသာလီပြည် ကုသိနာရုံပြည်ကဲ့သို့ မင်းအမျိုးအုပ်စိုးအပ် သောရွာ, သူကြီးအမျိုး အုပ်စိုးအပ်သောရွာ ဖြစ်အုံ၊ အကာအရံရှိလျှင် သက်နှံ ထားရာ အိမ်၌ဝင်း ထိုအိမ်၏ဆိုင်ရာလမ်းဝယ် စေ့းရုံ, ရုံး, မြို့တံခါး၌ဝင်း နေနိုင်၏၊ ထိုစေ့းရုံစသည်ဘို့၏ ဟတ္ထဝါဒ်ကို(အရဏ်တက်ခြိန်၌)မစွန့်ရ၊ ဤသို့ စသည်ဖြင့် ကျယ်ဝန်းစွာ ထိုပါဠိတော် အဋ္ဌကထာကို မှီး၍ ဤဒီကာတို်၌ ပြထား၏။

မှတ်ချက်။ ။ဤသို့ တိစီဝရိက်သက်နှံနှင့် ဝေးသော အရပ်ဝယ် ညဉ့်အခါ (အရဏ်တက်ခြိန်)၌ ကင်းကွာ၍ နေခွင့်ပြုတော်မမူခြင်းမှာ ထိုသက်နှံးပျောက် သွားမည်မှ တင်ကြို၍ ကာကွယ်တော်မူလိုသောကြောင့် ဖြစ်သည်၊ မှန်၏၊ ဝိနည်း တိစီဝရိက်အဓိဋ္ဌာန်တင်အပ်သော သက်နှံးသည် ထိုရဟန်းမှာ တထည်စီသာ ရှိ၏၊ ထိုတထည်ပျောက်လျှင် နောက်ထပ်ရဘို့ မျှားစွာကြိုးစားရလိမ့်မည်၊ သို့ဖြစ်၍ "ဣမံ သံဃာဋိံ အဓိဋ္ဌာမိ၊ ဤ ၂-ထပ်သက်နှံးကို ကိုယ့်ဥစ္စာဟု စွဲမြဲစွာ ဆောက်တည်ပါ၏"ဟူ၍ ဓိဋ္ဌာန်ခဲ့သည်အားလျော်စွာ ကိုယ့်ဥစ္စာမှတ်မှတ်ဖြင့် ကိုယ်နှင့်မကွဲအောင် နေရသည်။

နိဝေသန။ ။ဤနိဝေသနမှစ၍ ဟမ္မိယတိုင်အောင် အဆောက်အဦမျှားသည် ရှာတွင်း၌ရှိသော အိမ်စသည် မဟုတ်၊ ရှာတွင်း၌ရှိသော အိမ်စသည် ဖြစ်လျှင် ရှာ၌ ပြအပ်ခဲ့သည့်အတိုင်း ဆုံးဖြတ်ရာ၏၊ ထို့ကြောင့် ရှာ၏အပြင် ဘက်၌တည်ရှိသော အိမ်စသည်မျှား ဖြစ်ကြသည်ဟု မှတ်ပါ။

ဥဒေါသိတစသည်။ ။ယာဉ်စသည်တို့ထားရာ ဂိုဒေါင်ကို "ဥဒေါသိတ"ဟု ခေါ်၏၊ ဥဒေါသိတပုဒ်ပြီးပုံ,ဟမ္မိယပုဒ်ပြီးပုံစသည်နှင့်တကွ အကျယ်မှတ်ဘွယ်ကို ပါရာဇိကဏ် ဒုတိယ ကထိနသိက္ခာပုဒ် အဋ္ဌကထာနှင့် ဘာသာဋီကာ၌ ရှုပါ၊ ဆောင်ပုဒ်ကိုကား "ရှာ အိမ်နှင့်တိုက်"စသည်ဖြင့် ပါတိမောက်ဘာသာဋီကာ၌ ပြထားပြီ၊ အာရာမ ဟူသည် သစ်သီးခြံ ပန်းခြံစသော ဥယျာဉ်ခြံတည်း။

အနာလ္ဘမ်ိးနှင့် မိုးရေခံအတွက်
ကာလအပိုင်းအခြား

၄၉။ ရောဂဝဿပရိယန္တာ၊ ကဏ္ဍုစ္ဆာဒိကသာဋီကာ။
တတော ပရံ ဝိကပ္ပေယျ၊ သေသာ အပရိယန္တိကာ။

၄၉။ ကဏ္ဍုစ္ဆာဒိကသာဋီကာ၊ အနာလ္ဘမ်းသင်္ကန်း, မိုးရေခံ သင်္ကန်းတို့သည်။ ရောဂဝဿပရိယန္တာ၊ အနာရောဂါဟူသော အဆုံးအပိုင်းအခြားရှိ

ဝိဟာရ, အဇ္ဈောကာသ။ ။ဝိဟာရဟူသည် ကျောင်းတိုက်ကြီး တခုလုံးမဟုတ်၊ သင်္ကန်းထားရာ ကျောင်းတကျောင်းသာတည်း၊ ထို့ကြောင့် ပါဠိတော်၌ "ကေကုလဿ ဝိဟာရော ဟောတိ ပရိက္ခိတ္တော စ၊ (ကျောင်းပရဝုဏ် တခုလုံးကို ကာရံထားသည်" ဟု ဆိုလိုသည်၊) အဇ္ဈောဝိဟာရေ ဝတ္ထုဗ္ဗံ။ အပရိက္ခိတ္တော ဟောတိ၊ ယသ္မိံ ဝိဟာရေ စိဝရံ နိက္ခတ္တံ ဟောတိ၊ တသ္မိံ ဝိဟာရေ ဝတ္ထုဗ္ဗံ၊ ဟတ္ထပါသော ဝါ နော ဝိဇဟိတဗ္ဗံ" ဟု မိန့်သည်၊ အဇ္ဈောကာသဟူသည် ဝိဇ္ဈာဋဝီ အစရှိသော တောကြီးမျိုးနှင့် တံငါသည်တို့ မရောက်နိုင်သော သမုဒ္ဒာအလယ်ကျန်းငယ်၌ တည်သော လှင်ပြင်တည်း။

ဘိက္ခုသမူဟိယာညတြ။ ။သင်္ကန်းကြီးကိုဖြစ်စေ ကေသီကိုဖြစ်စေ ယူ၍ အရပ်တပါးသို့ သွားခြင်းငှါ မစွမ်းနိုင်လောက်အောင် မကျန်းမာသော ဂိလာနရဟန်းအား (အဓိဋ္ဌာန်တင်အပ်သော သင်္ကန်းနှင့်ကင်း၍ နေခြင်းကြောင့် နိဿဂ္ဂိယပါစိတ်အာပတ် မသင့်ဘူးရာ) အဝိပ္ပဝါသသမူဟတိကို သံဃာက ဥတ္တိဒုတိယကမ္မဝါစာဖြင့် ပေးရ၏၊ ထိုသမူဟတိရသော ဂိလာနရဟန်းသည် ရောဂါရှိနေသမျှ တိစီဝရိက်သင်္ကန်းနှင့် အရုဏ်တက်ချိန်၌ ကင်း၍နေသော်လည်း အာပတ် မသင့်၊ ထိုရဟန်းမှတပါး အခြားရဟန်းကား ဂါမ စသည်၌ ထားသော်လည်း အဓိဋ္ဌာန်သင်္ကန်းနှင့် ကင်း၍ မနေရ၊ နေလျှင် ဒုတိယ ကထိနသိက္ခာပုဒ်တော်အရ နိဿဂ္ဂိယပါစိတ် အာပတ် သင့်၏။

ရောဂပရိယန္တာ။ ။ရောဂဝဿပရိယန္တာကို "ရောဂပရိယန္တာ, ဝဿပရိယန္တာ" ဟုခွဲ၍ ကဏ္ဍုပ္ပဋိစ္ဆာဒိအတွက် အဓိဋ္ဌာန်တင်ရာကာလသည် အနာ ရော

ကုန်,မိုးလေးလ ဟူသော အဆုံးအပိုင်းအခြားရှိကုန်သည်။ (ဟောန္တိ၊ ဖြစ်ကုန်၏။) တတော၊ ထိုအနာရောဂါပျောက်ရာအခါ, မိုးလကုန်ရာအခါမှ။ ပရုံ၊ နောက်၌။ ဝိကပ္ပေယျ၊ ဝိကပ္ပနာပြုရာ၏။ သေသော၊ ကြွင်းသော ခုနစ်ထည်သော သင်္ဃန်းတို့သည်။ အပရိယန္တိကာ၊ အခိုင်ဘန်တင်ရာ ကာလအပိုင်းအခြား မရှိကုန်သည်။ (ဟောန္တိ၊ ဖြစ်ကုန်၏။ [အဓိဋ္ဌာန်မချမချင်း အဓိဋ္ဌာန်တည်သည်-ဟူလို။] (ဝိ ဟ၊ ၃-၄၁၁)

ဂါသာလျှင် အပိုင်းအခြား ရှိ၏၊ အနာရှိတုန်း၌ အဓိဋ္ဌာန်တင်၍ အနာပျောက်လျှင် ပစ္စုဒ္ဓိရ်ပြုကာ ဝိကပ္ပနာ ပြုရ၏။

ဝဿပရိယန္တာ။ ။ဝဿိကသာဋိကာအတွက် မိုး ၄-လသည် အဓိဋ္ဌာန်တင်ရာ ကာလအပိုင်းအခြားတည်း၊ မိုး ၄-လလုန်လျှင် ပစ္စုဒ္ဓိရ်ပြုကာ ဝိကပ္ပနာပြုရ၏။ [ကဏ္ဍုပ္ပဋိစ္ဆာဒိ ယာဝ အာဗာဓာ အတ္ထိ၊ တာဝ ပမာဏိကာ (ပမာဏရှိသော အနာလွှမ်းကို) အဓိဋ္ဌာတဗ္ဗာ။ အာဗာဓေ ဝူပသန္တေ ပစ္စုဒ္ဓရိတ္ဗာ ဝိကပ္ပေတဗ္ဗာ။ ဝဿိကသာဋိကာ၊ ပေ၊ စတ္တာရော မာသေ အဓိဋ္ဌာတဗ္ဗာ၊ တတော ပရံ ပစ္စုဒ္ဓရိတ္ဗာ ဝိကပ္ပေတဗ္ဗာ။—ပါရာဇိကအဋ္ဌကထာ ပဌမကထိန။]

မုတ်ချက်။ ။"ဝိကပ္ပေယျ"ဟု ဆိုသော်လည်း ပရိက္ခာရစောင်္ဂ အဓိဋ္ဌာန်သည် သင်္ဃန်း ၉-မျိုးလုံးအတွက်ဖြစ်သောကြောင့် ဝိကပ္ပနာမပြုဘဲ ပရိက္ခာရ-စောင်္ဂအဓိဋ္ဌာန်လည်း တင်နိုင်ပါ၏။ ပရိက္ခာရစောင်္ဂ နာမ ပါဠိတော်က နိဓာနမုခ-မေတံ။—ပဌမကထိနအဋ္ဌကထာ။

ဗိန္ဒုမထိုး, မဆိုးလဲ အပ်ဿောသက်န်း

၅၀။ ပစ္စတ္ထရဏာ ပရိက္ခာရ-မုခပုဉ္ဆနစောဋကံ။
ဒသံပျရတ္တနာဒိန္န-ကပ္ပံ လဗ္ဘံ နိသီဒနံ။

၅၀။ ပစ္စတ္ထရ ပရိက္ခာရ မုခပုဉ္ဆန စောဋကံ၊ အပေါ်လွှမ်းအခင်း, ပရိက္ခာရအဝတ်, မျက်နှာသုတ်ပုဝါကို။ ဒသံ၊ အမြိတ်အဆာရှိသည်။[ဋီကာများဌ် "သဒသံ"ဟု ပါဌ်ရှိ၏၊ အနက်မှာ အတူပင်တည်း၊] (သမာနံ)ပိ၊ ဖြစ်သော်ငင်း။ အရတ္တနာဒိန္နကပ္ပံ၊ မဆိုးအပ်, မယူအပ်သော ကပ္ပဗိန္ဒုရှိသည်။ (သမာနံပိ၊ ဖြစ်သော်ငင်း။) လဗ္ဘံ၊ ရအပ်၏။ ဝါ၊ သုံးစွဲကောင်း၏။ နိသီဒနံ၊ နိသီဒိုင်ကို။ အရတ္တ နာဒိန္နကပ္ပံ၊ မဆိုးအပ်, မယူအပ်သော ကပ္ပဗိန္ဒုရှိသည်။ (သမာနံပိ၊ ဖြစ်သော်လည်း။) လဗ္ဘံ၊ ရအပ်၏။ ဝါ၊ သုံးစွဲကောင်း၏။ (ဝိဋ္ဌ ၂-၂၂၇၊ ကင်္ခါ ဋ္ဌ-၁၅၄)

ပစ္စတ္ထရဏစသည်။ ။ပစ္စတ္ထရဏာ, ပရိက္ခာရစောဋ, မုခပုဉ္ဆနစောဋ, နိသီဒန ဟူသော ဤသက်န်း (အဝတ်) ၄-ထည်တို့သည် သဒသံပိ၊ အမြိတ်အဆာ ပါရှိသော်လည်း အပ်၏။ အရတ္တံပိ- အပ်သော ဆိုးရည်ဖြင့် မဆိုးအပ်သော်လည်း အပ်၏။ အနာဒိန္နကပ္ပံပိ- ယူအပ်သော ကပ္ပဗိန္ဒုမရှိသော်လည်း(ကပ္ပဗိန္ဒု မထိုးအပ်သော်လည်း) အပ်၏။ ဘာ့ကြောင့်နည်း—ခန္ဓာကိုယ်နှင့် ကပ်၍ အမြဲဝတ်အပ်သော အဝတ်သက်န်းများ မဟုတ်သောကြောင့်တည်း၊ နိသီဒနသည်လည်း နေရာထိုင်သဘောမျိုးပင် ဖြစ်နိုင်၏။

ပိသဒ္ဒါ။ ။ပိသဒ္ဒါသည် အဝုတ္တ သမုစ္စည်း အနက်ရှိရကား အဒသံ, ရတ္တံ, အာဒိန္နကပ္ပံကို ဆည်း၍ "အမြိတ်အဆာမရှိသော်ငင်း နီလ-ပီတ စသော မအပ်သော ဆိုးရည်, အပ်သော ဆိုးရည်တို့ဖြင့် ဆိုးအပ်သော်ငင်း ကပ္ပဗိန္ဒု မထိုးအပ်သော်ငင်း အပ်၏"ဟု မှတ်ပါ၊ သို့သော် နိသီဒနအတွက်ကား "သဒသံဝ နိသီဒနံ"ဟု ဆိုလတံ့ဖြစ်သောကြောင့် "အဒသံ"ဟု မဆည်းနိုင်။

ကြင်းသင်္ကန်း ၅-ထည်

၅၁။ အဒသံ ရဇိတံယေဝ၊ သေသစီဝရပဥ္စကံ။
ကပ္ပတာဒိန္နကပ္ပံဝ၊ သဒသံဝ နိသီဒနံ။

၅၁။ သေသစီဝရပဥ္စကံ၊ ကြင်းသော သင်္ကန်းငါးထည်အပေါင်းသည်။ အဒသံ၊ အမြိတ်အဆာမရှိသည်။ ရဇိတံ၊ ဆိုးအပ်သည်။ (သမာနံယေဝ၊ ဖြစ်သော်သာ၎င်း။) အာဒိန္နကပ္ပံ၊ ယူအပ်သောကပ္ပဗိန္ဒုရှိသည်။ (သမာနံဝ၊ ဖြစ်သော်သာ၎င်း။) ကပ္ပတိ၊ အပ်၏။ နိသီဒနံ၊ နိသီဒိုင်သည်။ သဒသံ၊ အမြိတ်အဆာရှိသည်၊ (သမာနံဝ၊ ဖြစ်သော်သာ။) ကပ္ပတိ၊ အပ်၏။ (ဝိ ပါ ၂-၁၅၈-၂၂၁၊ ဝိ ဋ္ဌ ၂-၂၂၆-၇)

အဒသံ ရဇိတံယေဝ။ ။သံဃာဋိစသော ၃-ထည်, ကဏ္ဍုပ္ပဋိစ္ဆာဒိ, ဝဿိကသာဋိကာ ဤငါးထည်သော သင်္ကန်းကား အဒသ-အမြိတ်အဆာ မပါရ။ ရဇိတ-အပ်သော ဆိုးရည်ဖြင့် ဆိုးရမည်။ အာဒိန္နကပ္ပ-ကပ္ပဗိန္ဒု ထိုးရမည်။ ဘာ့ကြောင့်နည်း—သုံးစွဲသောအခါ ကိုယ်၌ ကပ်၍ ဝတ်၍ သုံးစွဲရသောကြောင့်တည်း။ [ရဇိတံယေဝ၌ ဧဝဖြင့် သဒသ, အရဇိတ, အနာဒိန္နကပ္ပတို့ကို နှစ်စေသည်။]

သဒသံဝ နိသီဒနံ။ ။ရွှေဂါထာ၌ သဒသံပိဖြင့် အဒသံကို ဆည်းဆူဝယ် နိသီဒိုင်အတွက်ပါ ဆည်းမည်စိုးသောကြောင့် "နိသီဒိုင်မှာ သဒသတမျိုးသာ ဖြစ်သည်"ဟု မှတ်ချက် ပြသည်။ [သဒသံဝ နိသီဒနန္တိ ဣဒံ ပန ပုဗ္ဗေ (ရွှေဂါထာ၌) သဒသံပိတိ ဧတ္ထ ဝုတ္တတ္တာ အဒသံပိ နိသီဒနံ ဝဋ္ဋတီတိ သမ္မောဟနိဝါရဏတ္ထံ ဝုတ္တံတိ ဝဒန္တိ—အဒသနိသီဒိုင်လည်း အပ်၏ဟု တွေ့တွေ့ဝေဝေ ဖြစ်မည်ကို တားမြစ်ခြင်းငှါ ဆိုအပ်၏-ဟု ဆိုကြသည်—ဋီကာ။]

ဝိကပ္ပနာလောက်သော ပမာဏ

၅၂။ အနဓိဋ္ဌိတနိဿဋ္ဌံ၊ ကပ္ပေတ္ဝာ ပရိဘုဉ္ဇယေ။
ဟတ္ထဒီဃံ တတော-ပဈ္၊ ဝိတ္ထာရဉ္စ ဝိကပ္ပိယံ။

၅၂။ အနဓိဋ္ဌိတနိဿဋ္ဌံ၊ အခိဋ္ဌာန်လည်းမတင်အပ်, သူတပါးအားလည်း မစွန့်အပ်သော သင်္ဃန်းကို။ ကပ္ပေတ္ဝာ၊ ဝိကပ္ပနာပြု၍။ ပရိဘုဉ္ဇယေ၊ သုံးစွဲရာ၏။ ဟတ္ထဒီဃံ၊ အလျားတတောင်ရှိသည်လည်းဖြစ်သော။ တတော၊ ထို အလျားတဇတောင်မှ၊ ဥပဈုဝိတ္ထာရဉ္စ၊ ထက်ဝက်အနံရှိသည်လည်းဖြစ်သော။ (အနံတထ္ဝာရှိသည်လည်းဖြစ်သော။) (ဝတ္ထုံ၊ အဝတ်သည်။) ဝိကပ္ပိယံ၊ ဝိကပ္ပနာပြုထိုက်၏။ ဝါ၊ ဝိကပ္ပနာလောက်၏။ (ဝိ ပါ ၁-၂၉၅၊ ဝိ ဋ္ဌ ၂-၂၂၁၊ ကင်္ခါ ဋ္ဌ ၁၅၃၊ ဝိ ပါ ၃-၄၀၃-၄၁၂)

အနဓိဋ္ဌိတ ၊ပေ၊ ဘုဉ္ဇယေ။ ။သံဃာဋီစသော သင်္ဃန်း (အဝတ်) ၉-ထည်ကို ပြအပ်ပြီးသောနည်းဖြင့် အဓိဋ္ဌာန်လည်း မတင်အပ်၊ သူတပါးအားလည်း မပေး မစွန့်ဘဲထားလျှင် နိဿဂ်ိယ အာပတ်မသင့်အောင် ဝိကပ္ပနာပြု၍ သုံးစွဲနိုင်သည်၊ ဝိကပ္ပနာပြုပုံ အစီအရင်မှာ နောက် ဝိကပ္ပနာအခန်း၌ လာပါလိမ့်မည်။

ဟတ္ထဒီဃံ ၊ပေ၊ ဝိကပ္ပိယံ။ ။အလျား တတောင်, အနံ တထ္ဝာရှိသော အဝတ်သည် ဝိကပ္ပနာ လောက်၏၊ ဤစကားသည် "ဤဒါနိ တဿ ပမာဏံ ဒဿေတုံ ဝိကပ္ပနူပဂံ ပစ္ဆိမံတိ အာဟ—တဿ ပမာဏံ ဒီဃတော ဒ္ဝေ ဝိဒတ္ထိ-ယော (အလျား ၂-ထ္ဝာ) တိရိယံ ဝိဒတ္ထိ" ဟူသော နိဿဂ်ိယ-ပဌမကထိနသိက္ခာပုဒ် အဋ္ဌကထာမှယူ၍ ဆိုအပ်သော စကားတည်း၊ ဤစကားကို ရည်ရွယ်၍ "အလျားတတောင်မှန်၊ ထ္ဝာအနံ၊ ဓိဋ္ဌာန်ဝိကပ်လောက်" ဟု ရှေးဆရာတို့ မိန့်တော်မူကြသည်။

ပါဠိတော်။ ။မဟာဝဂ် စီဝရက္ခန္ဓကပါဠိတော်၌—"အနုဇာနာမိ ဘိက္ခဝေ အာယာမေန အဋ္ဌင်္ဂုလံ သုဂတင်္ဂုလေန, စတုရင်္ဂုလဝိတ္ထတံ ပစ္ဆိမံ စီဝရံ ဝိကပ္ပေတုံ-ဘုရားရှင်၏ လက်သစ်တော်အားဖြင့် ရှစ်သစ်အလျားရှိသော အနံလက် ၄-သစ် ရှိသော အငယ်ဆုံးအဝတ်သင်္ဃန်းကို ဝိကပ္ပနာပြုခြင်းငှါ ခွင့်ပြုတော်မူ၏"ဟု

တေစီဝရိကအတွက် ပြခြင်းသာ ပရိက္ခာရစောဠလည်း အပ်၏

၅၃။ တိစီဝရဿ ဘိက္ခုဿ၊ သဗ္ဗမေတံ ပကာသိတံ။ ပရိက္ခာရစောဠံယော သဗ္ဗံ၊ တထာ ဝတ္ဘာ အဓိဋ္ဌဟေ။

၅၃။ တိစီဝရဿ၊ သုံးထည်သော သင်္ကန်းရှိသော။ ဝါ၊ ဝိနည်းတိစီဝရိက် ဆောင်သော။ ဘိက္ခုဿ၊ ရဟန်း၏အတွက်။ သဗ္ဗံ၊ အလုံးစုံသော၊ ဧတံ၊ ဤအစီအရင်ကို။ ပကာသိတံ၊ ပြအပ်ပြီ။ ပရိက္ခာရစောဠံယော၊ ပရိက္ခာရစောဠအဓိဋ္ဌာန်တင်၍ ဆောင်သော ရဟန်းသည်။ သဗ္ဗံ၊ အလုံးစုံသော သင်္ကန်း ၉-ထည်ကို။ တထာ၊ ထိုပရိက္ခာရစောဠဟု။ ဝတ္ဘာ၊ ဆို၍။ အဓိဋ္ဌဟေ၊ အဓိဋ္ဌာန် တင်နိုင်၏။ (ဝိ ပါ ၃-၁၁၁၊ ဝိဋ္ဌ ၂-၂၂၇၊ ကင်္ခါ ဋ္ဌ-၁၅၄)

မိန့်တော်မူ၏၊ ထိုအမိန့်တော်အရ "ရှင်စောတထ္ထာ၊ မင် ၃-ထ္ထာ" နှင့်အညီ လက်ရှစ်သစ်ကို သုံးဆတက်၍ မဇ္ဈိမပုရိသ၏ အတိုင်းအတာအားဖြင့် အလျား ၂၄-သစ်(တတောင်)၊ လက် ၄-သစ်ကို ၃-ဆတက်၍ အနံ ၁၂-သစ်(တထ္ထာ) ဖြစ်သည်။

တိစီဝရဿ ၊ပေ၊ ပကာသိတံ။ ။"သဗ္ဗမေတံ-အလုံးစုံသော ဤအစီအရင်" ဟူသည် သင်္ကန်း ၉-ထည်လုံးကို မိမိနာမည်ဖြင့် အဓိဋ္ဌာန်တင်ပုံ အစီအရင်, တိစီဝရနှင့် (အရှဏ်တက်ချိန်၌) ကင်း၍ မနေရပုံ အစီအရင်, တိစီဝရမှတပါး အခြားသင်္ကန်းများကို ဝိကပ္ပနာပြုနိုင်ပုံ အစီအရင်များတည်း၊ ဤအစီအရင် အားလုံးကို ဝိနည်းတိစီဝရိက်ဆောင်သော ရဟန်းအတွက် ပြအပ်သော အစီ အရင် ဖြစ်သည်။

တိစီဝရဿ။ ။တီဏိ+စီဝရာနိ ယဿာတိ တိစီဝရော–၃-ထည်သော သင်္ကန်းရှိသော ရဟန်း၊ ဤသို့ ဝိဂြိုဟ်ပြုလျှင် "တေစီဝရိက"ပုဒ်နှင့် အနက် တူ၏၊ ထိုတိစီဝရိက်ဆောင်သော ပုဂ္ဂိုလ်သည် ဝိနည်း၌လာသော ကထိန သိက္ခာပုဒ်အရ ဝိနည်းတိစီဝရိက်ဆောင်သော ပုဂ္ဂိုလ်, ဓုတင် တိစီဝရိက်ဆောင်

သော ပုဂ္ဂိုလ်ဟု ၂-မျိုးရှိ၏၊ ဓုတင်တိစီဝရိက်ဆောင်သောပုဂ္ဂိုလ်မှာ အဝတ်မှန်လျှင် သင်္ကန်း ၃-ထည်သာ ရှိရ၏၊ ထို့ကြောင့် ထိုပုဂ္ဂိုလ်အတွက် အခြားသင်္ကန်းများကို အဓိဋ္ဌာန်တင်ပုံနှင့် ဝိကပ္ပနာပြုပုံကို ပြဘွယ်မလို၊ ဝိနည်းတိစီဝရိက်ဆောင်သော ပုဂ္ဂိုလ်အတွက် ပြဘွယ်ရှိ၏၊ ထို့ကြောင့် "တိစီဝရဿ"အရ ဝိနည်းတိဓဝရိက်ဆောင်သော ပုဂ္ဂိုလ်ဟု မှတ်ပါ။

ပရိက္ခာရ၊ပေ၊ အဓိဋ္ဌဟေ။ ။ပြအပ်ခဲ့သော သင်္ကန်း ၉-ထည်လုံးကို သူနာမည်ဖြင့် အဓိဋ္ဌာန်မတင်လိုလျှင်ရင်း ဝိကပ္ပနာလည်း မပြုလိုလျှင်ရင်း ပရိက္ခာရစောဠနာမည်ဖြင့် အဓိဋ္ဌာန်တင်၍လည်း သုံးစွဲကောင်း၏၊ ထင်ရှားစေအံ့ – တိဓဝရိက် အဓိဋ္ဌာန်တင်ထားလျှင် ညဉ့်အခါ၌ အရုဏ်တက်ချိန်ဂယ် ထိုသင်္ကန်းနှင့်မကင်းအောင် အမြဲစောင့်ရှောက်ရသောကြောင့် တာဝန်ကြီး၏၊ ဝိကပ္ပနာပြုလျှင်လည်း အခြားရဟန်းတပါးထံ ပြုရသောကြောင့် ရဟန်းတပါးရှာနေရသဖြင့် တာဝန်ပို၏၊ ထို့ကြောင့် ရှေးက ကောစာရီ တောကျောင်းဘုန်းတော်ကြီးများသည် သင်္ကန်း ၃ ထည်လုံးကိုပင် ပရိက္ခာရစောဠ အဓိဋ္ဌာန်တင်၍ ဆောင်ကြပါသတဲ့။ [ပရိက္ခာရစောဠ အဓိဋ္ဌာန်တင်ပုံကို ရှေ့၌ ပြခဲ့ပြီ။]

ဆရာများ။ ။သို့သော် တိစီဝရိက် အဓိဋ္ဌာန်တင်၍ ဆောင်ခြင်းသည် ဝိနည်းတော်လာ ဒုတိယကထိနသိက္ခာပုဒ်တော်ကို လက်တွေ့ကျင့်သုံးရာရောက်၍ ကုသိုလ်တရားတိုးပွါးသောကြောင့် ရဟန်းဖြစ်စ ပုဂ္ဂိုလ်များကို . အနည်းဆုံး တဝါလောက်မျှဖြစ်စေ ဝိနည်းတိစီဝရိက်ဆောင်စေတော်မူကြပါသည်၊ ထို့ပြင်– ဝိကပ္ပနာပြုထားလျှင် မိမိမေ့နေသောကြောင့် ထိုသင်္ကန်းအတွက် ဝိနည်းကံပြုမပြု သံသယရှိခဲ့သော် ဝိကပ္ပနာပြုပေးသောပုဂ္ဂိုလ်က ဝိနည်းကံပြုပြီး ဖြစ်ကြောင်းကို သတိပေးနိုင်သောကြောင့် ဝိကပ္ပနာပြုရကျိုးလည်း ရှိပါသည်၊ ထို့ကြောင့် ဝိကပ္ပနာပြုဘို့ရန်လည်း ဆရာတို့က တိုက်တွန်းကြပါသည်။

အဓိဋ္ဌဟေ။ ။စာအုပ်တို့၌ "အဓိဋ္ဌတိ"ဟု ဆန်းဂိုဏ်းသင့်အောင် ဋ္ဌာ-၌ ရဿ-ပြုထား၏၊ ဒီကာလည်း ဖွဲ့၏၊ သို့သော် "အဓိဋ္ဌဟေ"ဟု ရှေ့ ၃၄-ဂါထာ၌လည်း သုံးစွဲခဲ့သောကြောင့်ရင်း သဒ္ဒါအသုံး ဆန်းအသုံး ၂-မျိုးလုံး သင့်သောကြောင့်ရင်း "အဓိဋ္ဌဟေ"ဟု ရှိလျှင် ကောင်းပါသည်။

အဓိဋ္ဌာန်ကျပုံ

၅၄။ အစ္ဆေဒ ဝိဿဇ္ဇန ဂါဟ ဝိဇ္ဇာမာ၊ ပစ္စုဒ္ဓါရော မာရဏာ လိင် သိက္ခာ။
သဗ္ဗေသ္ဝေဋ္ဌာနဝိယောဂကာရဏာ၊ နိဗ္ဗိဒ္ဓဆိဒ္ဒဥ္စ တိစီဝရဿပိ။

၅၄။ အစ္ဆေဒ ဝိဿဇ္ဇန ဂါဟ ဝိဇ္ဇာမာ၊ လုယူခြင်း, စွန့်ပေးခြင်း, ဝိဿာသဂ္ဂါဟဖြင့် ယူခြင်း, လူထွက်ခြင်းတို့သည်၎င်း။ ပစ္စုဒ္ဓါရော၊ ပစ္စုဒ္ဓိရ်ပြုခြင်းသည်၎င်း။ မာရဏာ လိင် သိက္ခာ၊ သေခြင်း, လိင်ပြန်ခြင်း, သိက္ခာချခြင်းတို့သည်၎င်း။ သဗ္ဗေသု၊ အလုံးစုံသော သင်္ကန်း ၉-ထည်တို့၌။ အဓိဋ္ဌာနဝိယောဂကာရဏာ၊ အဓိဋ္ဌာန်ကင်းခြင်း၏အကြောင်းတို့တည်း။ တိစီဝရဿပိ၊ တိစီဝရိက်၏ကား။ နိဗ္ဗိဒ္ဓဆိဒ္ဒဥ္စ၊ လက်သန်း၏ လက်သည်းခုံလောက် ထုတ်ချင်းပေါက်သော အပေါက်သည်လည်း။ (အဓိဋ္ဌာနဝိယောဂကာရဏံ၊ အဓိဋ္ဌာန်ကင်းခြင်း၏ အကြောင်းတည်း။) [ဤဂါထာသည် ပဌမကထိန သိက္ခာပုဒ်၌ အဋ္ဌကထာလာ အဓိဋ္ဌာန်စွန့်ပုံ (ကျပုံ)ကို ပြသော ဂါထာတည်း။]
(ဝိ ဋ္ဌ ၂-၂၂၇-ဂ၊ ကင်္ခါ ဋ္ဌ-၁၅၅)

အစ္ဆေဒစသည်။ ။နိဿယအနက်ပေးပုံကိုကြည့်၍ အဓိပ္ပါယ်သိလောက်ပြီ၊ ထို့တွင် အဋ္ဌကထာဋ္ဌလာသော ဟိနာယာဝတ္ထာနကို ဤ၌ "ဝိဇ္ဇာမ"ဟု ဆို၏၊ သိက္ခာမချဘဲ (သင်္ကန်းကိုစွန့်၍)လူဝတ်လဲခြင်းကို "ဟိနာယာဝတ္ထာန"ဟု ဂဏ္ဌိပုဒ် ၃-စောင်တို့၌ ဖွင့်ကြသတတ်၊ ထိုအဖွင့်ကို သာရတ္ထဋီကာလည်း ထောက်ခံထား၏၊ ဤဋီကာသစ်ဆရာကား သာရတ္ထဋီကာဆရာ၏ တပည့်အဆက်ဖြစ်သည်၊ ထို့ကြောင့် သာရတ္ထဋီကာအတိုင်းပင် ဆို၏။ [ဝိဿာသဂ္ဂါဟကို ဒါနဟု ဖွင့်၏၊ ဂါဟကို "ဝိဿာသဂ္ဂါဟ"ဟု ဖွင့်၏၊ ထို ၂-မျိုးနှင့်စပ်၍ သုဒါနသုဂ္ဂဟိတ ဖြစ်ပုံကိုလည်း ဝိဿာသဂ္ဂါဟ အဂ်ါကိုလည်း ဋီကာ၌ ရှုပါ။]

ဝိမတိဋီကာ။ ။(၁) ပါရာဇိကကျပြီးသူမှာ ရဟန်းအဝတ်ဖြင့် နေသေးသမျှ တိစီဝရိက် အခိဋ္ဌာန် မပျက်သေး၊ ထို့ကြောင့် ထိုပါရာဇိက ကျပြီးသူ၏ လူဝတ်လဲခြင်းကိုလည်း (၂) တိတ္ထိဘောင်သို့ ပြောင်းသွားသူ၏ တိတ္ထိအသွင်

မအပ်သော အဝတ်သင်္ကန်းများ

၅၅။ ကုသဝါကဖလကာနိ၊ ကမ္မဲလံ ကေသဝါဠဇံ။
ထုလ္လစ္စယံ ဓာရယတော၊ လူကပက္ခာဇိနက္ခိပေ။

၅၅။ ကုသဝါကဖလကာနိ၊ သမန်းမြက်တို့ဖြင့် ရက်အပ်သောအဝတ်, လျှော်တေတို့ဖြင့် ရက်အပ်သောအဝတ်, ပျဉ်ချပ်သဏ္ဌာန်ရှိသော အပြားတို့ဖြင့်စီအပ်သောအဝတ်တို့ကိုဆိုင်း။ ကေသဝါဠဇံ၊ ဆံပင်မှဖြစ်, သားမြီးမှဖြစ်သော။ ကမ္မလံ၊ ကမ္မလာကိုဆိုင်း။ ဥလူကပက္ခ အဇိနက္ခိပေ၊ ခင်ပုပ်တောင်ဖြင့် ရက်အပ်သော အဝတ်, အမွေးနှင့်တကွ ခွါနှင့်တကွဖြစ်သော သမင်ရေတို့ကိုဆိုင်း။ ဓာရယတော၊ ဆောင်သောရဟန်း၏။ ထုလ္လစ္စယံ၊ ထုလ္လစ္စည်းအာပတ်သည်။ (ဟောတိ၊ ၏။) (ဝိ ပါ ၃-၄၂၁-၂၊ ဝိ ဋ္ဌ ၃-၄၁၆)

ယူခြင်းကိုဆိုင်း (၃) ဘိက္ခုနိ၏ လူ့အသွင်ယူခြင်းကိုဆိုင်း၊ ဤ ၃-မျိုးကို "ဟိနာယာဝတ္တန(ဝိဗ္ဘမ)"ဟု ဆိုသည်၊ ထို ၃-မျိုးတွင် နောက်ဆုံးတမျိုးကိုသာ ဤဋီကာဟောင်း၌ ဖွင့်၏၊ ပါတိမောက်ဘာသာဋီကာ၌လည်း ဤတမျိုးကိုသာ ပြခဲ့ပါသည်။

နိဗ္ဗဒ္ဓဆိဒ္ဒဠု။ ။တိစီဝရိက်သင်္ကန်းအတွက်ကား ပြခဲ့သော ရှစ်ချက်အပြင် လက်သန်း၏ လက်သည်းခွံမျှ ထုတ်ချင်းပေါက်သော အပေါက်ဖြစ်မှုကိုလည်း အဓိဋ္ဌာန်ကျကြောင်း၌ ထည့်၍ထား၏၊ ထို့ကြောင့် သံဃာဋိနှင့် ဥတ္တရာသင်္ဃ အတွက် အလျားတထွာ, အနံလက်ရှစ်သစ်ပမာဏရှိသော သင်္ကန်း၏အတွင်း၌ ဖြင်း အန္တရဝါသကအတွက် အလျားတထွာ, အနံ လက် ၄-သစ်ပမာဏ၏ အတွင်း၌ဖြင်း ပေါက်မှသာ "အပေါက်"ဟု ယူရသည်၊ အနားစွန်း၌ပေါက်လျှင် "အပေါက်"ဟု မယူရသေး၊ ထိုအပေါက်လည်း နိဗ္ဗိဒ္ဓ(အလယ်၌ ချည်မျှင်တမျှင်မျှ မကျန်အောင်)ထုတ်ချင်းပေါက်သော အပေါက်သာ ဖြစ်ရမည်၊ ချည်မျှင် တမျှင်မျှ အလယ်၌ရှိသေးလျှင် အဓိဋ္ဌာန်မပျက်သေးပါ။

ကုသဝါကဖလကာနိ။ ။မဟာဝဂ္ဂ စီဝရက္ခန္ဓက၌ ပယ်တော်မူအပ်သော အဝတ်(သင်္ကန်း)တို့ကိုပြသော ဂါထာတို့တည်း။ "ကုသစီရ"စသည်ဖြင့် ဆိုလို

လျက် စီရပုဒ်ကို ချေထားသည်၊ [စီယတေ-စီအပ်၏+ဣတိ စီရုံ၊ စီခေတ်,ရက် ပစ္စည်း၊ ဣကို ဒီဃပြု၊ ကုသေဟိ၊ တိုဖြင့်+စီရုံ၊ စီအပ်သော အဝတ်တည်း။ ကုသစီရုံ၊ သမန်းမြက်အဝတ်။] "ကုသစီရန္တိ ကုသေ ဂန္ဆေတ္ဝာ ကတစီရုံ-သမန်း မြက်တို့ကို သိ၍ပြုအပ်သော အဝတ်သည် ကုသစီရ မည်၏"ဟူသော ပဌမ-ပါရာဇိကအဋ္ဌကထာကား အဓိပ္ပါယ်ဖွင့်တည်း။

ဝါကစီရုံ။ ။ဝါကစီရုံ နာမ တာပသာနုံ ဝက္ကလံ-ရသေ့တို့၏ သစ်ခွံအဝတ် (လျှော်တေ)သည် ဝါကစီရ မည်၏။ ထုရိုက်ခြင်းကို "တေ"ဟု ခေါ်၏။ လျှော် ချည်း ကျန်အောင် ထုရိုက် တေထားအပ်သော သစ်ခွံကို "လျှော်တေ"ဟု ခေါ်သည်။

ဖလကစီရုံ။ ။ဖလကစီရုံ နာမ ဖလကသဏ္ဌာနာနိ ဖလကာနိ သိဗ္ဗိတ္ဝာ ကတစီရုံ-ပျဉ်ပြားငယ်ပုံသဏ္ဌာန်ရှိသော အပြားတို့ကို ချုပ်စပ်၍ပြုအပ်သော အဝတ်သည် ဖလကစီရ မည်၏။

ကမ္မလံ ကေသဝါဠဇံ။ ။ကမ္မလန္တိ စမရဝါဠဇေဟိ ဝါယိတ္ဝာ ကတကမ္မလံ-စမရ (စာမရီ) သားကောင်၏ အမြီးဆံတို့ဖြင့် ရက်အပ်သော ကမ္မလာသည် ကမ္မလ မည်၏။ ပဌမပါရာဇိကပါဠိတော်၌ "ဝါဠကမ္မလော"ဟု ဝါဠပုဒ် တိုက် ရိုက်ပါ၏။ ကေသကမ္မလောတိ ကေသေဟိ တန္တေ ဝါယိတ္ဝာ ကတကမ္မလော-လူဆံပင်တို့ဖြင့် ရက်ကန်းစင်ပေါ်၌ ရက်အပ်သော ကမ္မလာသည် ကေသကမ္မလ မည်၏။ ထိုကမ္မလာ ၂-မျိုးကိုပင် ဂါထာဖြစ်၍ ရွှေနောက်ပြန်လျက် ကေသ-ဝါဠဇ ဟု ဆိုသည်။ "ကေသဇ, ဝါဠဇ"ဟု ၂-မျိုး ခဲ့ပါ၊ ကေသဇသည် ကေသ-ကမ္မလာတည်း၊ ဝါဠဇသည် ဝါဠကမ္မလာတည်း။

ဥလူကပက္ခံ။ ။ဥလူကပက္ခိကန္တိ ဥလူကသကုဏသ ပက္ခေဟိ ကတနိဝါ-သနံ-ခင်ပုပ်ဌက်၏ အဝတ်တို့ဖြင့် ပြုအပ်သောအဝတ်သည် ဥလူကပက္ခိက မည်၏၊ ဤ၌ ဂါထာဖြစ်၍ "ဥလူကပက္ခံ"ဟု ဆိုသည်။

အဇိနက္ခိပံ။ ။အဇိနက္ခိပံတိ သလောမံ သခုရံ အဇိနမိဂစမ္မံ-အမွေးနှင့် တကွသော ခွါနှင့်လည်း တကွသော(အမွေး ခွါတို့ ပါရှိသော)အဇိန မည်သော

၅၆။ ကဒလေရကက္ကဒုဿေ၊ ပေါတ္ထကေ စာပိ ဒုက္ကဋံ။
သဗ္ဗနီလကမဉ္ဇိဋ္ဌ၊ ပီတလောဟိတကဏ္ဍကေ။

၅၆။ ကဒလေရကက္ကဒုဿေ၊ ငှက်ပျောလျှော်မျှင်ဖြင့် ရက်အပ်သော အဝတ်, ပြိတ်လျှော်မျှင်ဖြင့် ရက်အပ်သောအဝတ်, မရိုးလျှော်မျှင်ဖြင့် ရက်အပ်သောအဝတ်တို့ကိုဆိုင်း။ ပေါတ္ထကေ စာပိ၊ သင်ပန်းလျှော်ဖြင့် ရက်အပ်သော အဝတ်ဘို့ကိုဆိုင်း။ သဗ္ဗနီလကမဉ္ဇိဋ္ဌပီတလောဟိတကဏ္ဍကေ၊ အလုံးစုံညိုသောအဝတ်, အလုံးစုံမောင်းသောအဝတ်, အလုံးစုံရဲသောအဝတ်, အလုံးစုံနီသောအဝတ်, အလုံးစုံ မည်းနက်သောအဝတ်ဘို့ကိုဆိုင်း။ (ဓာရယတော၊ ဆောင်သောရဟန်း၏။) ဒုက္ကဋံ၊ ဒုက္ကဋ်အာပတ်သည်။ (ဟောတိ၊ ဖြစ်၏။)
(ဝိ ပါ ၃-၄၂၂-၃၊ ဝိ ဋ္ဌ ၃-၄၁၆)

သမင်၏အရေသည် အဇိနက္ခိပ မည်၏၊ [အာ+ခိပိယတေ၊ ကိုယ်၏ ဝဲယာရွေ့နောက်၌ ပစ်ချအပ် ခြုံအပ်၏။ ဣတိ အက္ခိပေါ၊ အဇိနဿ+အက္ခိပေါ အဇိနက္ခိပေါ၊ အဇိနကို "သစ်နက်"ဟု ပေးကြ၏။ အဘိဓာန်နိဿယသစ်၌ကား သမင်ဟုပင် ပေးသည်၊ "ခွါနှင့်တက္ခ"ဟုဆိုသောကြောင့် "သစ်နက်"မဖြစ်နိုင်။

ကဒလေရကက္ကဒုဿေ။ ။"ကဒလီဒုဿ, ရေကဒုဿ, အက္ကဒုဿ"ဟု ခဲ့ပါ၊ ငှက်ပျောလျှော်မျှင်တို့ဖြင့် ရက်အပ်သော အဝတ်သည် ကဒလီဒုဿ မည်၏၊ ပိန်းလျှော်မျှင်တို့ဖြင့် ပြုအပ်သော အဝတ်သည် ရေကဒုဿ မည်၏၊ မရိုးလျှော်မျှင်တို့ဖြင့် ပြုအပ်သော အဝတ်သည် အက္ကဒုဿ မည်၏။

ပေါတ္ထကေ။ ။သင်ပေါင်းလျှော်ဖြင့်ပြုအပ်သော အဝတ်သည် ပေါတ္ထက မည်၏၊ ထိုအဝတ်တို့တွင် စိဝရကွန်ရက်ပါဋိတော်၌ ဤပေါတ္ထက အဝတ်သာ တိုက်ရိုက်လာ၏၊ ကဒလီဒုဿ စသည်တို့ကား ဤပေါတ္ထကနှင့် အလားတူသောကြောင့် အဋ္ဌကထာဆရာတို့ ထည့်အပ်သော အဝတ်များတည်း။

မှတ်ချက်။ ။အက္ကဒုဿာနိတိ အက္ကဝါကေန ကတဒုဿာနိ၊ ဤသို့ ဝိမတိ-ဋီကာ ဖွင့်သောကြောင့်ဂျင်း "ကဒလီ ရေက အက္က မကစိဝါကေဟိ ကတာနိ ဝတ္ထာနိ"ဟု ဤဋီကာ ဖွင့်သောကြောင့်ဂျင်း ကဒလီဒုဿ စသည်၌ ငှက်ပျော

၅၇။ မဟာရဂ််မဟာနာမ-ရဂ််ရတ္တော် တိရိဋ္ဌကော။
အစ္ဆိန္နဒိဃဒသကော၊ ဖလပုပ္ဖဒသေ တထာ။
ကဠာကေ ဝေဠုနေ သဗ္ဗံ၊ လဘတျစ္ဆိန္နစီဝရောတိ။

၅၇။ မဟာရဂ်် မဟာနာမ ရဂ််ရတ္တော်၊ ကင်းခြေမျှား ကျောက်ကုန်းအဆင်း ရှိအောင် မျှားစ့ဲသော ဆိုးရည်တို့ဖြင့် အထပ်ထပ်ဆိုးအပ်သော သင်္ကန်း, မျှားသောနာမည်ရှိသော ဆိုးရည်တို့ဖြင့် ဆိုးအပ်သော သင်္ကန်းတို့ကိုဂုဏ်း။ တိရိဋ္ဌကော၊ သစ်ခွံသင်္ကန်းတို့ကိုဂုဏ်း။ အစ္ဆိန္နဒိဃဒသကော၊ မဖြတ်အပ်သော

လျှော် စသည်ဖြင့် ပြုအပ်သော အဝတ်မျှားဟု မှတ်ပါ။ [စီဝရကွန်ကဘာသာဋီကာ၌ မရိုးတံ, ငှက်ပျောရွက်, ပိန်းရွက်ဟု ပေးခဲ့သည်ကို ပြင်ပါ။]

သဗ္ဗနီလကစသည်။ ။နီလံ ဥမာပုပ္ဖဝဏ္ဏံ၊ နှမ်းကြပ်ပွင့် အဆင်းကဲ့သို့ တထည်လုံး ညိုသော အဆင်းရှိသော အဝတ်သည် သဗ္ဗနီလက မည်၏၊ မဉ္ဇေ-ဋ္ဌကံ မဉ္ဇေဋ္ဌကဝဏ္ဏမေဝ၊ နီတွဲးတွဲး ဝါကျင့်ကျင့် အဆင်းကို မဉ္ဇေဋ္ဌ(မဉ်ိဋ္ဌ) ဟု ခေါ်၏၊ တထည်လုံး "ကောင်းသောအဆင်း"ဟု ပေကြ၏၊ ထိုအဆင်း ရှိသော အဝတ်သည် သဗ္ဗမဉ္ဇေဋ္ဌက မည်၏၊ ပီတကံ ကဏိကာရပုပ္ဖဝဏ္ဏံ၊ မဟာ လေ့ကားပန်းကဲ့သို့ ဝါရွှေသောအဆင်းသည် ပီတ မည်၏၊ တထည်လုံး ထို အဆင်းရှိသော အဝတ်သည် သဗ္ဗပီတက မည်၏၊ လောဟိတကံ ဇယသုမနပုပ္ဖ-ဝဏ္ဏံ၊ လယ်ခေါင်ရမ်းပွင့် အသွေးကဲ့သို့ နီတွဲးသော အဆင်းသည် လောဟိတ မည်၏၊ တထည်လုံး ထိုအဆင်းရှိသော အဝတ်သည် သဗ္ဗလောဟိတက မည်၏၊ ကဏှကံ အဒ္ဒါရိဋ္ဌကဝဏ္ဏံ၊ ပုတီးနက်စေ့အဆင်းကဲ့သို့ နက်မှောင်သော အဆင်း သည် ကဏှ မည်၏၊ တထည်လုံး ထိုအဆင်းရှိသော အဝတ်သည် သဗ္ဗကဏှက မည်၏။

မဟာရဂ််ရတ္တံ။ ။မဟာရဂ်် နာမ သတပဒီပိဋ္ဌဝဏ္ဏံ၊ ကင်းခြေမျှား၏ ကျောက်ကုန်းအဆင်းကဲ့သို့ အနီရင့်အဆင်းသည် မဟာရဂ်် မည်၏၊ [မဟာ၊ မျှားသော။ ရဂ််-ဆိုးရည်။] ထိုမျှားစ့ဲသော ဆိုးရည်တို့ဖြင့် အထပ်ထပ် ဆိုးအပ်သောကြောင့် ကင်းခြေမျှား၏ ကျောက်ကုန်းအဆင်းနှင့် တူသော အဆင်း

၅၇။ မဟာရဂ််မဟာနာမ-ရဂ််ရတ္တေ တိရီဋ္ဌကေ။
အစ္ဆိန္နဒီဃဒသကေ၊ ဖလပုပ္ဖဒသေ တထာ။
ကဠြကေ ဝေဌနေ သဗ္ဗံ၊ လဘတျစ္ဆိန္နစီဝရောတိ။

၅၇။ မဟာရဂ်် မဟာနာမ ရဂ််ရတ္တေ၊ ကင်းခြေမျှား ကျောက်ကုန်းအဆင်း ရှိအောင် မျှားစ့ဲသော ဆိုးရည်တို့ဖြင့် အထပ်ထပ်ဆိုးအပ်သော သင်္ကန်း, မျှားသောနာမည်ရှိသော ဆိုးရည်ကို့ဖြင့် ဆိုးအပ်သော သင်္ကန်းတို့ကိုဌင်း။ တိရီဋ္ဌကေ၊ သစ်ခဲ့သင်္ကန်းတို့ကိုဌင်း။ အစ္ဆိန္နဒီဃဒသကေ၊ မဖြတ်အပ်သော

လျှော် စ်သည်ဖြင့် ပြုအပ်သော အဝတ်မျှားဟု မှတ်ပါ။ [စီဝရကွန္ဓကဘာသာ ဋီကာ၌ မရိုးတံ, ငှက်ပျော၌က်, ပိန်း၌က်ဟု ပေးခဲ့သည်ကို ပြင်ပါ။]

သဗ္ဗနီလကစသည်။ ။နီလံ ဥမာပုပ္ဖဝဏ္ဏံ၊ နှမ်းကြပ်ပွင့် အဆင်းကဲ့သို့ တထည်လုံး ညိုသော အဆင်း၌သော အဝတ်သည် သဗ္ဗနီလက မည်၏၊ မဥ္ဇေ-ဋ္ဌကံ မဥ္ဇေဋ္ဌကဝဏ္ဏမေဝ၊ နီတွဲးတွဲး ဝါကျင့်ကျင့် အဆင်းကို မဥ္ဇေဋ္ဌ(မဥ်ိဋ္ဌ) ဟု ခေါ်၏၊ တထည်လုံး "ကောင်းသောအဆင်း"ဟု ပေကြ၏၊ ထိုအဆင်း ရှိသော အဝတ်သည် သဗ္ဗမဥ္ဇေဋ္ဌက မည်၏၊ ပီတကံ ကဏိကာရပုပ္ဖဝဏ္ဏံ၊ မဟာ လေ့ကားပန်းကဲ့သို့ ဝါ၌ရှသောအဆင်းသည် ပီတ မည်၏၊ တထည်လုံး ထို အဆင်းရှိသော အဝတ်သည် သဗ္ဗပီတက မည်၏၊ လောဟိတကံ ဇယသုမနပုပ္ဖ-ဝဏ္ဏံ၊ လယ်ခေါင်ရမ်းပွင့် အသွေးကဲ့သို့ နီတွဲးသော အဆင်းသည် လောဟိတ မည်၏၊ တထည်လုံး ထိုအဆင်းရှိသော အဝတ်သည် သဗ္ဗလောဟိတက မည်၏၊ ကဏ္ဍကံ အဒ္ဒါရိဋ္ဌကဝဏ္ဏံ၊ ပုတီးနက်စေ့အဆင်းကဲ့သို့ နက်မှောင်သော အဆင်း သည် ကဏ္ဍ မည်၏၊ တထည်လုံး ထိုအဆင်းရှိသော အဝတ်သည် သဗ္ဗကဏ္ဍက မည်၏။

မဟာရဂ််ရတ္တံ။ ။မဟာရဂ်် နာမ သတပဒီပိဋ္ဌဝဏ္ဏံ၊ ကင်းခြေမျှား၏ ကျောက်ကုန်းအဆင်းကဲ့သို့ အနီရင့်အဆင်းသည် မဟာရဂ်် မည်၏၊ [မဟာ၊ မျှားသော။ ရဂ််-ဆိုးရည်။] ထိုမျှားစ့ဲသော ဆိုးရည်တို့ဖြင့် အထပ်ထပ် ဆိုးအပ်သောကြောင့် ကင်းခြေမျှား၏ ကျောက်ကုန်းအဆင်းနှင့် တူသော အဆင်း

တပ်၍ မိန်းမဘော်ဒီနှင့် ခပ်ဆင်ဆင်တူသော အဝတ်လည်း ကဉ္စုကပင်ဖြစ်၍ မအပ်ပါ။ [ဝေဌန-ဦးရစ်ခေါင်းပေါင်းကား ထင်ရှားပြီ။]

လဘတျစ္ဆိန္နစီဝရော။ ။ပြအပ်ခဲ့သော ကုသဝါက စသော အဝတ်တို့သည် သက်နှံးအခိုးခံရ အလုခံရ၍ သက်နှံးမရှိသော အစ္ဆိန္နစီဝရရဟန်းအတွက် ဝတ်ကောင်း၏၊ အခြားရဟန်းတို့ကား ဆိုးရည်ကို ဖျက်နိုင်လျှင် ဖျက်၍ဝတ်ရ၏၊ မဖျက်နိုင်လျှင် ၂-ထပ်သက်နှံးအတွင်း၌ သွင်း၍ဂင်း ပစ္စတ္ထရဏစသည် လုပ်၍ဂင်း သုံးကောင်း၏။

ရဇနာနိဒ္ဒေသ

ရဇနာနိ စာတိ

ရဇနာနိ စာတိ၊ “ရဇနာနိ”စ ဟူသော ဥဒ္ဒေသ၏။ (နိဒ္ဒေသော၊ နိဒ္ဒေသကား—)

ဆိုးရည်ခြောက်မျိုး

၅၈။ မူလက္ခန္ဓတစပတ္တ-ဖလပုပ္ပဖဘေဒတော၁။
ရဇနာနိ ဆပ္ပီဓာနိ၊ အနုညာတာနိ သတ္ထုနာ။

၅၈။ မူလက္ခန္ဓတစပတ္တဖလပုပ္ပဖဘေဒတော၁၊ အမြစ်ဆိုးရည်, ပင်စည်ဆိုးရည်, အခေါက်ဆိုးရည်, အခွံက်ဆိုးရည်, အသီးဆိုးရည်, အပွင့်ဆိုးရည် တို့၏ အပြားအား၁ဖြင့်။ ဆပ္ပီဓာနိ၊ ၆-ပါးအပြား၌ကုန်သော။ ရဇနာနိ၊ ဆိုးရည်ဘို့ကို။ သတ္ထုနာ၊ မြတ်စွာဘုရားသည်။ အနုညာတာနိ၊ ခွင့်ပြုတော်မူအပ်ကုန်ပြီ။ (ဝိ ပါ ၃-၃၉၈-၉)

အနုညာတာနိ သတ္ထုနာ။ ။မဟာဝဂ္ဂစိဝရက္ခန္ဓကဋ္ဌ “အနုဇာနာမိ ဘိက္ခဝေ ဆ ရဇနာနိ မူလရဇနံ ခန္ဓရဇနံ တစရဇနံ ပတ္တရဇနံ ပုပ္ဖရဇနံ ဖလရဇနံတိ”ဟု ခွင့်ပြုတော်မူသည်၊ ထို့ကြောင့် မူလက္ခန္ဓစသည်ဋ္ဌ မူလရဇန ခန္ဓရဇန စသည်ဖြင့် ရဇနပုဒ်ကို ချထားသည်ဟု ကြံပါ။ [ရဇန္တိ ဧတေဟိတိ ရဇနာနိ-သက်နိုး ဆိုးကြောင်းဖြစ်သော အမြစ်စသော ဝတ္ထုတို့။] “ရဇနာနိ ဆပ္ပီဓာနိ”နေရာဝယ် “ရဇနာ ဆပ္ပကာရာနိ”ဟုလည်း မူကဲ့ရှိ၏။

၅၉။ မူလေ ဟလိဒ္ဒိံ ခန္ဓေ စ၊ မဉ္ဇိဋ္ဌတုဂ်ဟာရကေ။
အာလိံ နီလဉ္စ ပတ္တေသု၊ တစေ လောဒ္ဒဉ္စ ကဏ္ဏုလံ။
ကုသုမ္ဘံ ကိံသုကံ ပုပ္ဖေ၊ သဗ္ဗံ လဗ္ဘံ ဝိဝဇ္ဇယာတိ။

၅၉။ မူလေ၊ အမြစ်ဆိုးရည်၌။ ဟလိဒ္ဒိံ၊ နနွင်းကို။ ဝိဝဇ္ဇယ၊ ကြဉ်၍။ သဗ္ဗံ၊ အလုံးစုံသော အမြစ်ဆိုးရည်ကို။ လဗ္ဘ၊ ရအပ်၏။ ခန္ဓေ၊ ပင်စည်ဆိုးရည်၌။ မဉ္ဇိဋ္ဌတုဂ်ဟာရကေ စ၊ ထန်းကျင့်, ပိန္နဲနွယ်ဘိုးကို။ ဝိဝဇ္ဇယ၊ ကြဉ်၍။ သဗ္ဗံ၊ အလုံးစုံသောပင်စည်ဆိုးရည်ကို။ လဗ္ဘ၊ ရအပ်၏။ ပတ္တေသု၊ အရွက်ဆိုးရည်ဘို၌။ အာလိဉ္စ၊ မဲရွက်ကိုငင်း။ နီလဉ္စ၊ ဒန်းရွက်ကိုငင်း။ ဝိဝဇ္ဇယ၊ ကြဉ်၍။ သဗ္ဗံ၊ အလုံးစုံသော အရွက်ဆိုးရည်ကို။ လဗ္ဘ၊ ရအပ်၏။ တစေ၊ အခေါက်ဆိုးရည်၌။ လောဒ္ဒဉ္စ၊ ဒေါက်ရပ်ခေါက်ကိုငင်း။ ကဏ္ဏုလံ စ၊ ကြပိုင်ခေါက်ကိုငင်း။ ဝိဝဇ္ဇယ၊ ကြဉ်၍။ သဗ္ဗံ၊ အလုံးစုံသော အခေါက်ဆိုးရည်ကို။ လဗ္ဘ၊ ရအပ်၏။ ပုပ္ဖေ၊ အပွင့်ဆိုးရည်၌။ ကုသုမ္ဘံ၊ ဝတ်ပန်းပွင့်ကိုငင်း။ ကိံသုကံ၊ ပေါက်ပွင့်ကိုငင်း။ ဝိဝဇ္ဇယ၊ ကြဉ်၍။ သဗ္ဗံ၊ အလုံးစုံသောအပွင့်ဆိုးရည်ကို။ လဗ္ဘ၊ ရအပ်၏။ ဣတိ၊ ဆိုးရည်နှင့်စပ်၍ မှတ်ဘွယ်အပြီးတည်း။ (ဝိဋ္ဌ ၃-၄၀၇)

မူလေ ဟလိဒ္ဒိံ။ ။"မူလေတိ မူလရုဇနေ(သက်နှံးဆိုးကြောင်း အမြစ်၌၊ ဝါ-အမြစ်ဆိုးရည်၌)"ဟုငင်း, "ဟလိဒ္ဒိံ ဝိဝဇ္ဇယ သဗ္ဗံ လဗ္ဘံတိ သမ္မန္ဓေ"ဟုငင်း ဋီကာဟောင်းဖွင့်၏၊ အဆုံးက 'သဗ္ဗံ လဗ္ဘံ ဝိဝဇ္ဇယ"ကို ရှေ့ဝါကျတိုင်း၌ လိုက်စေ၍ အနက်ပေးပါ-ဟူလို။

မဉ္ဇိဋ္ဌတုဂ်ဟာရကေ။ ။အဘိဓာန်နိဃဏ္ဍသစ်၌ "မဉ္ဇိဋ္ဌာ-ထန်းကျင့်(နီပါးဆေး)"ဟု ဆရာတို့ အနက်ပေးကြ၏၊ ရှေးက "တိန်းညက်"ဟုလည်း ပေးသတတ်၊ တုဂ်ဟာရကော နာမ ဇကော သကဏကရုက္ခော-ဆူးရှိသော သစ်ပင်တမျိုးသည် တုဂ်ဟာရကမည်၏၊ တဿ ဟရိတာလဝဏ္ဏံ(ဖေးဒန်းမြင်းဘီလာ

အဆင်းရှိသော)ခန္ဓရဇနံ ဟောတိ၊-မဟာဝဂ္ဂ စီဝရက္ခန္ဓကအဋ္ဌကထာ၊ "ပိန္နဲ နွယ်"ဟု အနက်ပေးကြသည်။ [ဟလိဒ္ဒိ မဉ္ဇိဋ္ဌ တုဂ်ဟာရကတို့ကို အသွေး အရောင်လှလွန်းသောကြောင့် ပယ်ဟန်တူသည်။]

အလ္လိံ နိလဉ္ဆ။ ။"အလ္လိ-ဒန်းရှက်၊ နိလ-မဲရှက်"ဟုလည်း ပေးကြ၏။ [အခြို့စာအုပ်၌ "နိလ္လ"ဟု ရှိသည်၊] "သဗ္ဗနိလက"သက်န်းကို ပယ်ခဲ့ရကား ထို ၂-မျိုးဖြင့်ဆိုးလျှင် ထိုအညိုရောင်ရှိရာသောကြောင့် အရောင်မကောင်းသည့် အတွက် ထို ၂-မျိုးကို ပယ်တော်မူဟန်တူသည်။

လောဒ္ဒံ ကဏ္ဏုလံ။ ။"လောဒ္ဒ(လောဒ္ဓ)-မဒ္ဒမ"ဟုလည်း ပေးကြ၏။ မဒ္ဒမ အခေါက်ဆိုးရည်သည် အနှံ့မကောင်းသကဲ့သို့ တောက်ရပ်အခေါက် ကြပိုင် အခေါက်တို့လည်း ထို့အတူ အနှံ့မကောင်းဟန်တူသည်။

ကုသုမ္ဘံ ကိံသုကံ။ ။ကုသုမ္ဘ-ဝတ်ပန်း (အဝတ်ဆိုးကြောင်း ပန်းပွင့်၊) "ဆူးပန်းပွင့်"ဟုလည်း ပေးကြ၏၊ **ကိံသုက**-ပေါက်ပွင့်၊ ထိုဆိုးရည်ကို အရောင် လှလွန်း၍ ပယ်ဟန်တူသည်။ [ဖလရဇနအတွက် မအပ်သော အသီး မရှိသော ကြောင့် အထူးမပြတော့။]

ပဏ္ဍိဒေသ

ပတ္တော စာတ—

ပတ္တော စာတိ၊ “ပတ္တော စ” ဟူသော ဥဒ္ဒေသ၏။ (နိဒ္ဒေသော၊ နိဒ္ဒေသကား--)

သပိတ်နှင့် ပမာဏ

၆၀။ အယောပတ္တော ဘူမိပတ္တော၊ ဇာတိယာ ကပ္ပိယာ ဒုဝေ။
ဥက္ကဋ္ဌော မဇ္ဈိမော စေဝ၊ သြမကော စ ပမာဏတော။
၆၀။ အယောပတ္တော၊ သံသပိတ်ၵင်း။ ဘူမိပတ္တော၊ မြေသပိတ်ၵင်း။ (ဣတိ၊ ဤသို့။) ဇာတိယာ၊ အမျိုးဇာတ်အားဖြင့်။ ကပ္ပိယာ၊ အပ်သော သပိတ်တို့သည်။ ဒုဝေ၊ ၂-မျိုးတို့တည်း။ ပမာဏတော၊ ပမာဏအားဖြင့်။ ဥက္ကဋ္ဌော၊ ဥက္ကဋ္ဌ သပိတ်ၵင်း။ မဇ္ဈိမော စေဝ၊ မဇ္ဈိမ သပိတ်ၵင်း။ သြမကော စ၊ သြမက သပိတ်ၵင်း။ (ဣတိ၊ ဤသို့။) တယော၊ ၃-မျိုးတို့တည်း။ [အနက်အတိုင်း ထင်ရှားပြီ။] (ဝိ ပါ ၁-၃၅၃၊ ဝိ ဋ္ဌ ၂-၂၀၂။ ကင်္ခါ ဋ္ဌ-၁၇၀)

မဂဓေ။ ။“မဂဓနာဋ္ဌိ၊ပေါသာဓိတံ”ဟု တသမာသ်တည်း ဆိုလိုလျက် ဆန်းဂိုဏ်းကောင်းအောင် “မဂဓေ”ဟု ဝိဘတ်မချေဘဲ ထားသည်ဟု ဋ္ဌီကာ ဟောင်းဆို၏၊ ဋ္ဌီကာသစ်၌ (တိုင်းနိုင်ငံအနက်ဟောပုဒ်များဝယ် ပုလ္လိင်ဗဟုဝုစ်မြဲရကား) “မဂဓေသု”ဟု ဆိုလိုလျက် သုကို ချေထားသည်ဟု ဆိုသည်၊ နိဿယ၌ ဋ္ဌီကာဟောင်းအတိုင်း သမာသ်အဖြစ်ဖြင့် အနက်ပေးထားသည်။

မဂဓကွမ်းစား။ ။မဂဓတကွမ်းစားသည် ၁၂-ပိုလ်ခွဲဆန့်၏၊ တပိုလ်လျှင် ၄-ကျပ်သားရှိသောကြောင့် ကျပ်ချိန် ၅၀-သားသည် မဂဓတကွမ်းစား ဖြစ်၏၊ “တဏ္ဍုလဒွယ=ကျပ်ချိန် ၅၀-သားစီရှိသော မဂဓ ၂-ကွမ်းစားဆန်”ဟု ဆိုသောကြောင့် “ကျပ်ချိန်တရာ, ၀၊-ဆန်တပြည်”ဟု အနက်ထွက်၏။

ဥက္ကဋ္ဌသပိတ်၏ ပမာဏ

၆၁။ ဥက္ကဋ္ဌော မဂဓေနာဠိ-ဒ္ဒယတဏ္ဍုလသာဓိတံ။
ဂဏ္ဌာတိ သြဒနံ သူပံ၊ ဗျဉ္ဇနဉ္စ တဒုပိယံ။

၆၁။ ဥက္ကဋ္ဌော၊ ဥက္ကဋ္ဌသပိတ်သည်။ မဂဓေ နာဠိဒ္ဒယ တဏ္ဍုလသာဓိတံ၊ မဂဓဘိုင်းသုံး ၂-ကွမ်းစားဆန်ဖြင့် ပြီးစေအပ်သော။ ဝါ၊ မဂဓတိုင်းသုံး ၂-ကွမ်းစားချက်ဖြစ်သော။ သြဒနံ၊ ဆွမ်းကိုဋင်း။ တဒုပိယံ၊ ထိုဆွမ်းအား လျော်သော။ သူပံ၊ လက်ကော်ရ ပဲဟင်းကိုဋင်း။ ဗျဉ္ဇနဉ္စ၊ ဟင်းလျာကိုဋင်း။ ဂဏှာတိ၊ ယူနိုင်၏။ ဝါ၊ ဆန့်၏။ (ဝိ ပါ ၁-၃၅၃၊ ဝိ ဋ္ဌ ၂-၂၀၂၊ ကင်္ခါ ဋ္ဌ-၁၇၀)

တဏ္ဍုလသာဓိတံ။ ။“ထိုဆန်တပြည်ဖြင့် ပြီးစေအပ်သော ထမင်း”ဟူသည် ဆန်တပြည်ချက်ထမင်းတည်း၊ ဆန်ဟောင်းကိုချက်လျှင် ထမင်းသည် ဆန်၏ ၂-ဆဖြစ်၏၊ ထို့ကြောင့် “ထမင်း ၂ ပြည်”ဟု မှတ်ပါ။

သူပံ ဗျဉ္ဇနဉ္စ တဒုပိယံ။ ။“တဒုပိယ၊ ထိုဆွမ်းအား လျောက်ပတ်သော ပဲဟင်း ဟင်းလျာ”ဟူသည် ဆွမ်း၏ ၄-ပုံ ၁-ပုံရှိသော မပြစ်မကဲ့သော လက်ဖြင့် ကော်၍ယူလျှင် ရနိုင်လောက်သော ပဲဟင်းနှင့် ဆွမ်း၏ ၄-ပုံ ၁-ပုံရှိသော အသီးအရွက် သား ငါး ဟင်းလျာတည်း။ “၂-ပြည်သော ဆွမ်း၏ ၄-ပုံ ၁-ပုံ”ဟု ဆိုသောကြောင့် ပဲဟင်းတခွက်သား, သားဟင်းတခွက်သားအားဖြင့် တပြည် ဖြစ်၏၊ ထို့ကြောင့် “ဥက္ကဋ္ဌ”ဟု ခေါ်အပ်သော သပိတ်အကြီးသည် ဆွမ်းဟင်း အစုံအားဖြင့် ၃ ပြည် ဆန့်သော သပိတ်တည်းဟု မှတ်ပါ။

မှတ်ချက်။ ။“သီဟဠဒီပေ ပကတိနာဠိ မဟန္တာ, ဒမိဠနာဠိ ခုဒ္ဒိကာ, မဂဓနာဠိ ပမာဏယုတ္တာ”ဟု ပတ္တသိက္ခာပုဒ်၏ အဋ္ဌကထာဆိုသောကြောင့် အခြားတိုင်းနိုင်ငံတို့၌ ကွမ်းစားသည် မဂဓကွမ်းစားထက် ကြီးသည်လည်း ရှိ၏၊ ငယ်သည်လည်း ရှိ၏၊ ထို့ကြောင့် အလယ်အလတ်ဖြစ်၍ သင့်လျော်သော ပမာဏရှိသော မဂဓကွမ်းစားကိုသာ ဆိုထားသည်၊ ထမင်း ပဲဟင်း ဟင်းလျာတို့ကိုသာ ပြထား၍ နွားနို့ ထောပတ် စသည်ကို မပြခြင်းမှာ ထိုနွားနို့ ထောပတ်တို့အတွက် ပမာဏပို၍မလာဘဲ ဆွမ်းထဲ၌ စိမ့်ဝင်သွားသောကြောင့်တည်း။

မဇ္ဈိမ-ဩမကနှင့် ဥက္ကဋ္ဌ-ကဋ္ဌစသည်

၆၂။ မဇ္ဈိမော တဿုပဓော၀၊ တတော၀ပဓော၀ ဩမကော။
ဥက္ကဋ္ဌတော စ ဥက္ကဋ္ဌော၊ အ၀တ္တော ဩမကော၀မကော။

၆၂။ မဇ္ဈိမော၊ မဇ္ဈိမသပိတ်သည်။ တဿ၊ ထိုဥက္ကဋ္ဌသပိတ်၏။ ဥပဓော၀၊ ထက်၀က်ဆန့်သည်သာ။ (ဟောတိ၊ ဖြစ်၏။) တတော၊ ထိုမဇ္ဈိမသပိတ်အောက်။ ဩမကော၊ ဩမကသပိတ်သည်။ ဥပဓော၀၊ ထက်၀က်ဆန့်သည်သာ။ (ဟောတိ၊ ဖြစ်၏။) ဥက္ကဋ္ဌတော၊ ဥက္ကဋ္ဌသပိတ်ထက်။ ဥက္ကဋ္ဌော စ၊ လွန်ကဲသောသပိတ်သည်ရင်း။ ဝါ၊ ဥက္ကဋ္ဌ-ကဋ္ဌသပိတ်သည်ရင်း။ ဩမကော-မကော၀၊ ဩမကသပိတ်အောက် ယုတ်လျော့သော သပိတ်သည်ရင်း။ အ၀တ္တော၊ အဓိဋ္ဌာန်တင်ကောင်း ဝိကပ္ပနာပြုကောင်းသော သပိတ်မဟုတ်။
(ဝိ ပါ ၁-၃၅၃၊ ဝိ ဋ္ဌ ၂-၂၀၂၊ ကင်္ခါ ဋ္ဌ-၁၇၀)

မဇ္ဈိမော တဿုပဓော၀။ ။မဇ္ဈိမ (အလယ် အလတ်) သပိတ်သည် ထို ဥက္ကဋ္ဌသပိတ်၏ ထက်၀က် ဆန့်၏၊ "ဆွမ်း ဟင်းအစုံ ၃-ခွက်သား ဆန့်သည်" ဟူလို။ [သူပန္ဒင့် ဗျည်ဇနတို့၏ ပမာဏကိုပြရာ၌ "စတုဘာဂံ ခါဒနံ၊ ၄-ဘိုံ ၁-ဘိုံသော ပဲနောက်ဟင်း" ဟူသော ထိုပတ္တသိက္ခာပုဒ် ပါဠိတော်ကိုဂင်း "ဗျည်ဇနဿ မတ္တာ နာမ၊ ဟင်းလျာ၏ အတိုင်းအရှည် ပမာဏ မည်သည်။ ဩဒနစတုတ္ထဘာဂေါ၊ ထမင်း၏ ၄-ဘိုံ ၁-ဘိုံတည်း" ဟူသော မဇ္ဈိမပဏ္ဏာသ-ဗြဟ္မာယုသုတ် အဋ္ဌကထာကိုဂင်း ထောက်၍ ပြကြရသည်။]

တတော၀ပဓော၀ ဩမကော။ ။ဩမက မည်သော သပိတ်အငယ်ကား ထိုမဇ္ဈိမသပိတ်အောက် တ၀က်ဆန့်သော သပိတ်တည်း၊ ဤ အဓိပ္ပါယ်မျှားကို ရည်ရွယ်၍—

"၃-ပြည် ၃-ခွက်၊ ၃-စလယ်တွက်၊ ဆွမ်းကျက် ဟင်းစုံခတ်၊
ဥက္ကဋ္ဌ မဇ္ဈ၊ ဩမက၊ ဝင်ကြ စဉ်တိုင်းမှတ်"

ဟု ရွှေးဆရာတော်တို့ မိန့်တော်မူကြသည်။ ["ဥက္ကဋ္ဌသပိတ်သည် ချက်အပ်ပြီးသောဆွမ်းနှင့် ပဲဟင်း သားဟင်းအစုံ ၃-ပြည် ဆန့်၏၊ မဇ္ဈိမသပိတ်သည်

ဆယ်ရက်လွန်လျှင် နိဿဂ်ထိုက်

၆၃။ အဘိရေကပတ္တော ဓာရေယျော၊ ဒဿဟပရမံ သကော။
ကပ္ပေါ နိဿဂ်ိယော ဟောတိ၊ တသ္မိံ ကာလေ-တိနာမိတေ။

၆၃။ ကပ္ပေါ၊ ဇာဘ်ပမာဏအားဖြင့် အပ်သော။ သကော၊ မိမိဥစ္စာဖြစ်သော။ အဘိရေကပတ္တော၊ အခိဋ္ဌာန်တင်အပ်, ဝိကပ္ပနာ ပြုအပ်သော သပိဘ်မှ အပိုအလွန်ဖြစ်သောသပိတ်ကို။ ဒဿဟပရမံ၊ ဆယ်ရက်အလွန် အပိုင်းအခြားရှိသော ကာလပတ်လုံး။ ဓာရေယျော၊ ဆောင်အပ် ဆောင်နိုင်၏၊ တသ္မိံ ကာလေ၊ ထိုဆယ်ရက်ကာလ.ကို။ အတိနာမိတော၊ လွန်စေအပ်သော်။ နိဿဂ်ိယော၊ စွန့်အပ် စွန့်ဆိုက်သည်။ ဟောတိ၊ ဖြစ်၏။ [နိဿဂ်ိယ-ပတ္တသိက္ခာပုဒ်အဘိုင်း ဆိုအပ်သော ဂါထာတည်း။] (ဝိ ပါ ၁-၃၅၃)

၃-ခွက် ဆန်၏၊ သြမကသပိတ်သည် ၃-စလယ် ဆန်၏"ဟု ဆိုလိုသည်၊ ဆန်အားဖြင့်ကား သြမကသပိတ်သည် လူတယောက် စားလောက်ရုံဖြစ်သော ၁-စလယ်သာ ဆန်သည်။]

ဥက္ကဋ္ဌတော စ ၊ပေ၊ မကော။ ။ထို ၃-မျိုးသော သပိတ်၌ တမျိုးလျှင် ဥက္ကဋ္ဌကြွဋ္ဌ, ဥက္ကဋ္ဌ, ဥက္ကဋ္ဌောမကဟုဂုဏ်း မဇ္ဈိမုက္ကဋ္ဌ, မဇ္ဈိမ, မဇ္ဈိမောမကဟုဂုဏ်း သြမကုက္ကဋ္ဌ သြမက, သြမကောမကဟုဂုဏ်း ခဲ့လျှင် သပိတ်အမျိုးအစား ၉ မျိုး ထွက်၏၊ ထို ၉-မျိုးအကျယ်ကို ပါရာဇိကဏ်-ပတ္တဝဂ်အဖွင့်၌ဂုဏ်း ပါတိမောက် ဘာသာဋီကာ၌ဂုဏ်း ရှုပါ၊ ထိုတွင် ဥက္ကဋ္ဌကြွဋ္ဌသပိတ်သည် ဘုရားခွင့်ပြုတော်မူအပ်သော ဥက္ကဋ္ဌသပိတ်ထက် ကြီးသောကြောင့်ဂုဏ်း သြမကောမကသပိတ်သည် ဘုရားခွင့်ပြုတော်မူအပ်သော သြမကသပိတ်အောက် ငယ်သောကြောင့်ဂုဏ်း အဓိဋ္ဌာန်တင်၍ ဝိကပ္ပနာပြု၍ သုံးစွဲထိုက်သောသပိတ် မဟုတ်၊ သာမန်ခွက်အဖြစ်ဖြင့်ကား သုံးစွဲကောင်းပါ၏။

အတိရေက ၊ပေ၊ တိနာမိတော။ ။မိမိဥစ္စာဖြစ်သော သပိတ်ကို အဓိဋ္ဌာန်လည်း မတင်အပ်, ဝိကပ္ပနာလည်း မပြုအပ်ဘဲ ဆယ်ရက်သံ့ ထားနိုင်၏။

အဓိဋ္ဌာန်ကျကြောင်း ၉-ပါး

၆၄။ အစ္ဆေဒ ဒါန ဂါဟော‌ဟိ၊ ဝိဇ္ဇာမာ မရဏုဒ္ဒဋ္ဌာ။
လိင်္ဂ သိက္ခာဟိ ဆိဒ္ဒေန၊ ပတ္တော ဓိဋ္ဌာနမုဇ္ဈတိ။

၆၄။ အစ္ဆေဒ ဒါန ဂါဟော‌ဟိ၊ လုယူခြင်း , စွန့်ပေးခြင်း , ဝိဿာသဂ္ဂါဟဖြင့် ယူခြင်းတို့ကြောင့်၎င်း။ ဝိဇ္ဇာမာ၊ လူထွက်ခြင်းကြောင့်၎င်း။ မရဏုဒ္ဒဋ္ဌာ၊ သေခြင်း , ပစ္စုဒ္ဓိရှိပြုခြင်းကြောင့်၎င်း။ လိင်္ဂသိက္ခာဟိ၊ လိင်ပြန်ခြင်း , သိက္ခာချခြင်းတို့ကြောင့်၎င်း။ ဆိဒ္ဒေန၊ ဆပ်ဆန်ထမင်း ဝင်လောက်သော အပေါက်ကြောင့်၎င်း။ ပတ္တော၊ သပိတ်သည်။ အဓိဋ္ဌာနံ၊ အဓိဋ္ဌာန်ကို။ ဥဇ္ဈတိ၊ စွန့်၏။ [ဤကာတို့၌ "ပတ္တာဓိဋ္ဌာန"ဟု ရှိ၏၊ "ပတ္တော+အဓိဋ္ဌာန"ဟု ပုဒ်ဖြတ်ပါ။] (ဝိ ဋ္ဌ ၂-၂၀၄၊ ကင်္ခါ ဋ္ဌ-၁၇၉)

အဓိဋ္ဌာန်သော်လည်း မတင်, ဝိကပ္ပနာသော်လည်း မပြုဘဲ ရသည့်နေ့မှစ၍ ဆယ်ရက်လွန်လျှင် နိဿဂ္ဂိ ထိုက်၏၊ ပါစိတ်အာပတ်လည်း သင့်သည်၊ [အဓိဋ္ဌာန်တင်ပုံ, ဝိကပ္ပနာပြုပုံကို ပါတိမောက်ဘာသာဋီကာ၌ ပြထားပြီ၊ သပိတ်သစ်ရသောအခါ အဓိဋ္ဌာန်တင်ထားအပ်သော အဟောင်းကို ပစ္စုဒ္ဓိရှိ ပြုရ၏၊ ထို ပစ္စုဒ္ဓိရှိပြုပုံကိုလည်း ပါတိမောက်ဘာသာဋီကာ နိဿဂ္ဂိယ ပတ္တသိက္ခာပုဒ်၌ ပြထားပြီ။]

အစ္ဆေဒ စသည်။ ။သင်္ကန်းအဓိဋ္ဌာန်ကျကြောင်း၌ ပြအပ်ခဲ့သော အစ္ဆေဒ ဝိဿဇ္ဇန ဂါဟ ၃-မျိုးကိုပင် "အစ္ဆေဒ ဒါန ဂါဟ"ဟု ဆိုသည်၊ဝိဇ္ဇာမာလည်း ထို အတိုင်းပင်တည်း၊ မရဏုဒ္ဒဋ္ဌာ၌ မရဏသည် ထို၌ မာရဏပင်တည်း၊ ဥဒ္ဓဋ္ဌာကား ထို၌ ပစ္စုဒ္ဓါရတည်း၊ လိင်္ဂသိက္ခာတို့လည်း ထိုအတိုင်းပင်။

ဆိဒ္ဒေန။ ။ထို၌ နိဗ္ဗိဒ္ဓဆိဒ္ဒကို ဤ၌ "ဆိဒ္ဒ"ဟု ဆို၏၊ အပေါက်ဟူရာ၌ သပိတ်အနား၏အောက် လက် ၂-သစ်လောက် ကွာသောအရပ်မှစ၍ (ဆန်တို့တွင် အသေးဆုံးဖြစ်သော) ဆပ်ဆန် ထမင်းလုံး ဝင်နိုင် ထွက်နိုင်လောက်သော အပေါက်တည်း။ [သင်္ကန်း အဓိဋ္ဌာန်ကျကြောင်း လင်္ကာအတိုင်းတွင် "အနား

သပိတ်ဆောင်ပုံ အစီအရင်

၆၅။ ပတ္တံ နပ္ပဋိသာမေယျ၊ သောဒကံ နာ စ ဆြတပေ။
ဥဏ္ဍေ နာ နိဒဟေ ဘူမိယျ၊ နာ ဌပေ နော စ လဂ္ဂယေ။

၆၅။ သောဒကံ၊ ရေနှင့်တကွ ဖြစ်သော။ ဝါ၊ ရေမစင်သော။ ပတ္တံ၊ သပိတ်ကို။ နပ္ပဋိသာမေယျ၊ မသိုခြုံးမသိမ်းဆည်းရာ။ (သောဒကံ၊ ရေနှင့်တကွဖြစ်သော။ ဝါ၊ ရေမစင်သော။ ပတ္တံ၊ သပိတ်ကို။) နာ စ ဆြတပေ၊ နေသည်းမသွန်းရာ။ ဥဏ္ဍေ၊ နေပူ၌။ နာ နိဒဟေ၊ ကြာမြင့်စွာ မထားရာ။ ဘူမိယျ၊ မြေပေါ်၌။ နာ ဌပေ၊ အခင်းမပါ သပိတ်ခြေမပါဘဲ မထားရာ။ နော စ လဂ္ဂယေ၊ ဆင်စွယ်ကောက်စသည်၌ ချိတ်၍လည်း မထားရာ။ (ဝိ ပါ ၃-၅၆၊ ဝိ ပါ ဋ-၂၄၉-၂၅၀-၃၉၃)

အောက်၊ ၂-သစ်လောက်မှ၊ စ၍အတွင်း၊ ဆပ်ထမင်းဝင်လောက်၊ အပေါက်ပေါက်၊ ကျပျောက် အဓိဋ္ဌာ”ဟု တတိယလက်ဝဲ၌ အစားသွင်းပါ။]

မှတ်ချက်။ ။ထိုသို့ အဓိဋ္ဌာန်ကျပြီးသောအခါ ထိုအပေါက်ကို ဖာပြီးလျှင် ၁၀-ရက် မလွန်ခင် ထပ်၍ အဓိဋ္ဌာန် တင်ရသည်၊ [တသို့ အယစုဏ္ဏော်နာ ဝါ အာဏိယာ ဝါ ပတိပါကတိကော ကတော ဒသာဟဗ္ဘန္တရေ ပုန အဓိဋ္ဌာတဗ္ဗာ–ပါရာဇိက- ပတ္တသိက္ခာပုဒ် အဋ္ဌကထာ] ကြွင်းသော မှတ်ဘွယ်များကို ထို အဋ္ဌကထာနှင့် ဘာသာဋီကာ၌ ရှုပါ။

အမှာ။ ။၆၅, ၆, ၇, ဂ-ဂါထာတို့သည် သပိတ်ကို ဆောင်ရွက်သုံးစွဲရာ၌ မှတ်ထိုက်သောအစီအစဉ်ကို ပြသောဂါထာတို့တည်း၊ ဤဂါထာလာ အကြောင်းအရာတို့သည် စုဋ္ဌဝဂ္ဂ-ခုဒ္ဒကဝတ္ထုခန္ဓကာ၌ လာကုန်၏။

ပတ္တံ၊ ပေ၊ နာ နိဒဟေ။ ။(၁) ရေမစင်သော သပိတ်ကို သိမ်း၍မထားရ၊ ထားလျှင် ရေမစင်သောကြောင့် သပိတ်ပျက်လိမ့်မည်၊ (၂) သပိတ်သုတ်ပုဝါဖြင့် ရေစင်ကြယ်အောင် မသုတ်အပ်သောသပိတ်ကို နေပူမလှန်းရ၊ လှန်းလျှင် ဆွမ်းဟင်းအနံ့ နံသောကြောင့် အနံ့မကောင်း၊ (၃) သပိတ်ကို နေပူ၌ ကြာရှည်စွာ မထားရ၊ ထားလျှင် အဆင်းပျက်သည်၊ ထို့ကြောင့် နေပူ၌ တခဏ

၆၆။ မိဓုန္တေ ပရိဘဏ္ဍန္တေ၊ အကေ် ဝါ အာတပတ္တကေ။
ပါဒေသု မဉ္ဇုပိဒ္ဒေ ဝါ၊ ထပေတုံ နာ စ ကပ္ပတိ။

၆၆။ မိဓုန္တေ၊အတ္ဌင်းဘက် အကျည်စွန်းဒ်ဍင်း။ ပရိဘဏ္ဍန္တေ၊ အပြင်ဘက် အကျည်ဒွန်းဒ်ဍင်း။ အကေ် ဝါ၊ ရင်ခွင် တင်ပလ္လင်ခွေပေါ်ဒ်ဍင်း။ အာတပတ္တကေ၊ ထီးပေါ်ဒ်ဍင်း။ ပါဒေသု၊ ခြေတို့ဒ်ဍင်း။ မဉ္ဇုပိဒ္ဒေ ဝါ၊ ညောင်စောင်း အင်းပျဉ်ဒ်ဍင်း။ ဝါ၊ ခတင်ဆိုင်ခုံဒ်ဍင်း။ ထပေတုံ၊ ထားခြင်းငှါ။ နာ စ ကပ္ပတိ-မအပ်သည်သာ။ (ဝိ ပါ ၄-၂၄၉-၂၅၀၊ ဝိ ဋ္ဌ ၄-၄၇)

လော်က်သာ နေလှန်းခသည်၊ ရှေးဝိနည်းဓိုရ်ပုဂ္ဂိုလ်များသည် သပိတ်ကို နေလှန်းခိုက် ဒန်ပူဝါးနေကြ၏၊ ဒန်ပူဝါးပြီး၍ ပါးစပ်ဆေးပြီးသောအခါ သပိတ်ကို ရုပ်သိမ်းကြ၏၊ ထို့နောက် အိပ်ရာသို့သွား၍ ခေတ္တမျှ လည်းလျောင်းကြသည်။

ဘူမံ့၊ ပေ၊ လဂ္ဂယေ။ ။(၄) ဖျာ, သားရေစသော အခင်း မပါသော (ဖုံ့, ကျောက်စရစ်ရှိသော)မြေပေါ်၌ သပိတ်ကို မထားရ၊ ထားလျှင် ဖုံ့ပေလိမ့်မည်၊ သပိတ်နာလိမ့်မည်၊ ထို့ကြောင့် သပိတ်ခြေဖြစ်စေ အခင်းဖြစ်စေ ရှိသော မြေ၌သာ သပိတ်ကိုထားရသည်၊ (၅) နံရံ၌ စိုက်နှက်ထားအပ်သော ငုတ်၌ဒ်ဍင်း, ဆင်စွယ်ကောက် စသည်၌ဒ်ဍင်း (အိတ်မပါဘဲ)သပိတ်မျက်နှာဝကို ချိတ်၍မထားရ၊ ထားလျှင် အောက်သို့ ကျတတ်သည်။

မိဓုန္တေ, ပရိဘဏ္ဍန္တေ။ ။အုတ်နံရံ စသည်တို့ကို ခိုင်မြဲစေခြင်းငှါ အတ္ဌင်းဘက်၌ဒ်ဍင်း အပြင်ဘက်၌ဒ်ဍင်း အောက်ခြေဝယ် ခုံဖြစ်အောင် အုတ်စီ၍ ဖြစ်စေ မြေဖို့၍ဖြစ်စေ ထားတတ်ကြ၏၊ ထိုနေရာကို "အကျည်"ဟု ခေါ်၏၊ အတ္ဌင်းအကျည်ကို "မိဓု", အပြင်အကျည်ကို "ပရိဘဏ္ဍ"ဟု ခေါ်သည်၊ ထို ၂-မျိုး၏ အစွန်းဒ်ထားလျှင် သပိတ်သည် လိမ့်ကျ၍ ကွဲနိုင် နာနိုင်၏၊ ထို့ကြောင့် ထို အကျည်၏အစွန်းဒ် မထားရ၊ "လိမ့်စေကာမူ အောက်သို့ မကျလောက်အောင် အကျည်က ကျယ်လျှင် အစွန်းဒ် မထားဘဲ နံရံနားကပ်၍ ထားကောင်း၏"ဟု ဆို၏၊ "သပိတ်ခြေပါလျှင်လည်း ထို့ဒဏ္ဍာ်ဒ် ထားကောင်း၏"ဟု တရသကဏ်ဋီကာဒ် ဆိုသေး၏။

၆၇။ နာ နိဟရေယျ ဥစ္ဆိဋ္ဌော-ဒကဉ္စ စလကဋ္ဌိကံ။
ပတ္တေန ပတ္တဟတ္ထော ဝါ၊ ကဝါဠံ နပ္ပဏာမယေ။

၆၇။ ဥစ္ဆိဋ္ဌောဒကဉ္စ၊ လုပ်ဆေးရေကိုဂင်း။ စလကဋ္ဌိကံ၊ ခဲစားပြီး၍ စွန့် ပစ်အပ်သော အာမိသ, ငါးရိုး အသားရိုးကိုဂင်း။ ပတ္တေန၊ သပိတ်ဖြင့်။ ဝါ၊ သပိတ်၌ ထည့်၍။ နာ နိဟရေယျ၊ မထုတ်ဆောင်ရာ။ ပတ္တဟတ္ထော၊ လက်၌ သပိတ်ရှိသည်။ (ဟုတ္ဝာ)ဝါ၊ ဖြစ်၍လည်း။ ကဝါဠံ၊ တံခါးရွက်ကို။ နပ္ပဏာ-မယေ၊ မတွန်း မဖွင့်ရာ။ (ဝိ ပါ ၄-၂၅၀-၁၊ ဝိ ဋ္ဌ ၄-၄၈-၉)

အကေ် ဝါ။ ။"ရင်ခွင်"ဟု ပေးကြ၏၊ အက်၌ သပိတ်ထားပြီးလျှင် အမှတ်တမဲ့ ထလိုက်သောအခါ သပိတ်ကဲ့သောကြောင့် ပညတ်တော်မူရကား "တင်ပလ္လင်ခွေ"ဟု ယူသင့်မည် ထင်သည်၊ ဋီကာ၌ "အကေ်ဝါတိ ဒ္ဒိန္နံ ဥ၍နံ မဇ္ဈေ-ပေါင် ၂-လုံ့တို့၏ အလယ်၌"ဟု ဖွင့်သည်ကို စဉ်းစား၍၊ သပိတ်ကို လွယ်ထားလျှင်ကား ထလိုက်သော်လည်း သပိတ်မကျသောကြောင့် ထား ကောင်းပါ၏။

အာတပတ္တကေ။ ။ဖွင့်ထားသော ထီးပေါ်၌ သပိတ်ကို တင်ထားကြရာ လေပွေမှုတ်သောအခါ အပေါ်သို့ ထီးမြောက်သွား၍ သပိတ်လည်း ကဲ့သော ကြောင့် "ထီးပေါ်၌ မထားရ"ဟု ပညတ်တော်မူသည်၊ ဤထီးပေါ်၌ကား ဆွမ်းဖြင့်ပြည့်နေသော သပိတ်, ပခုံး၌ လွယ်ထားသော သပိတ်ကိုလည်း မထားရ။

ပါဒေသု မဥ္ဇုပိဋ္ဌေ ဝါ။ ။ခြေထောက်ပေါ်၌ကား အမြင်မတော်သော ကြောင့်ရင်း အမှတ်ဘမဲ့ လိမ့်ကျဘွယ်ရှိသောကြောင့်ရင်း ထားခွင့်မပြုဟန် တူသည်၊ ဤသိက္ခာပုဒ်ကို ခုဒ္ဒကဝတ္ထုခန္ဓကပါဠိတော်၌ ရှာ၍ မတွေ့ပါ။ မဥ္ဇုပိဋ္ဌ တို့၌ကား အမှတ်တမဲ့ထိုင်မှု အိပ်မှုကြောင့် သပိတ်ကဲ့သည့်အတွက် မထားဘို့ရန် ပညတ်တော်မူသည်။

နာ နိဟရေယျ။ ။ဥစ္ဆိဋ္ဌောဒကံကို "မုခဝိက္ခာလနောဒကံ - လုပ်ဆေးရေ (ပါးစပ်ဆေးရေ)"ဟုဂင်း, "စလကာနိတိ စမ္မေတ္ဝာ(စပ္ပေတ္ဝာ)-စားပြီး၍၊

၆၈။ ဘူမိအာဓာရကော ဒါရု-ဒဏ္ဍာဓာရေ သုသဇ္ဇိတော။
ဒုဝေ ပတ္တေ ထပေယျကံ၊ နိက္ကုဇ္ဇိတ္ဝာဝ ဘူမိယံ။

၆၈။ ဘူမိအာဓာရကော၊ မြေဠိကပ်၍ ဆက်စပ်နေသော ကရွတ်ခွေဠိုင်း။ သုသဇ္ဇိတော၊ ကောင်းစွာ ပြင်ဆင်အပ်သော။ ဒါရုဒဏ္ဍာဓာရော၊ ဒုတ်ချောင်း

အပဝိဒ္ဓါမိသာနိ-စွန့်ပစ်အပ်သော အာမိသတို့”ဟုဆင်း, “အဋ္ဌိကာနိတိ မစ္ဆမံသ-အဋ္ဌိကာနိ”ဟုဆင်း ခုဒ္ဒကဝတ္ထုအဋ္ဌကထာဖွင့်၏၊ စလကဋ္ဌိကံဠ် စလကတပုဒ်, အဋ္ဌိက တပုဒ် ခဲ့ပါ၊ ထို့ကြောင့် ရှာတွင်းဠိဖြစ်စေ ကျောင်းတွင်း ဆွမ်းစား ကျောင်းဠိဖြစ်စေ ပါးစပ်ဆေးရေကို သပိတ်ထဲထည့်၍ မထုတ်ဆောင်ရ၊ သားငါး သစ်သီးတို့မှ အသားတို့ကို နှုတ်ယူစားပြီး၍ ကျန်သော စားဖတ်(စားပြီး၍ မကောင်းသောအဖတ်)သစ်သီး၏အစေ့ စသည်ကိုဆင်း ငါး၏အရိုး, အသား၏ အရိုးတို့ကိုဆင်း သပိတ်ဠိထည့်၍ မထုတ်ဆောင်ကောင်း၊ (သပိတ်ဖြင့်ယူ၍ မစွန့်ပစ်ကောင်း)ဟု မှတ်ပါ။

အဋ္ဌကထာ။ ။ဧတေသု ယံကိဉ္စိ နိဟရန္တသ္သ ဒုက္ကဋံ၊ ပတ္တံ ပဋိဂ္ဂဟံ ကတ္ဝာ ဓောဝိတုံပိ န လဗ္ဘတိ-သပိတ်ကို လက်ဆေးခံလုပ်၍ ဆေးခွင့်ကိုလည်း မရအပ်၊ ဟတ္ထဓောတပါဒဓောတဥဒကံပိ ပတ္တေ အာကိရ်တ္ဝာ နိဟရိတုံ နဝဠတိ-လက်ဆေးရေ ခြေဆေးရည်ကိုလည်း သပိတ်ဠိထည့်၍ အပြင်သို့ ထုတ်ဆောင်ခြင်းငှါ မအပ်။ – ခုဒ္ဒကဝတ္ထုဋီကာ။

ပတ္တဟတ္ထော ဝါ။ ။လက်ဠိ သပိတ်ရှိနေသူကိုသာ “ပတ္တဟတ္ထ”ဟု ခေါ်ရသည် မဟုတ်သေး၊ လက်ဠိဖြစ်စေ ခြေဖမိုးဠိဖြစ်စေ ကိုယ်၏ အစိတ်အပိုင်း တနေရာဠိ သပိတ်ရှိနေလျှင် ပတ္တဟတ္ထဠိ သင့်းယူရ၏၊ ထို့သို့ ပတ္တဟတ္ထ ဖြစ်သူသည် လက်ဖြင့်ဖြစ်စေ ခြေဖြင့်ဖြစ်စေ ဦးခေါင်းဖြင့်ဖြစ်စေ ကိုယ်အင်္ဂါတခုခုဖြင့် တံခါးရွက်ကိုလည်း မတွန်းမဖွင့်ကောင်း၊ မင်းတုတ်ကိုလည်း မမြောက်မဖွင့်ကောင်း၊ သော့ကိုလည်း မဖွင့်ကောင်း၊ ထို့သို့ဖွင့်လျှင် တံခါးပွင့်သောအခါ သပိတ်ကို ရိုက်မိတတ်သောကြောင့်တည်း၊ သပိတ်ကို ပခုံးဠိ လွယ်ထားလျှင်ကား တံခါးရွက်ကို လက်တဘက်ဖြင့် တွန်းထားနိုင်သောကြောင့် ဖွင့်ကောင်း၏။

ဖြင့် ပြုလုပ်အပ်သော လုံဘံသပိတ်ခြေ, ဝါးခြမ်းအမျှား စုပေါင်း၍ ပြုလုပ်အပ်သော သပိတ်ခြေဟူ၏။ ဒုဝေ၊ ၂-လုံးကုန်သော။ ပတ္တော၊ သပိတ်ဘို့ကို။ ထပေယျ၊ ဆင့်၍ထား၏။ ဘူမိယံ၊ အခင်းရှိသော မြေပေါ်၌။ ဧကံ၊ သပိတ်တလုံးကို၊ နိက္ကုဇ္ဇိတ္ဝာဝ၊ မှောက်၍သာလျှင်။ ထပေယျ၊ ထား၏။ (ဝိ ပါ ၄-၂၄၉၊ ဝိဋ္ဌ ၄-၇၇)

ဘူမိအာဓာရကေ။ ။"ဘူမိ"အရ မြေကြီးသာမက ကြမ်းပြင်စသော တည်ရာကိုလည်း ယူပါ၊ အာဓာရသဒ္ဒါသည် "တည်ရာ"ဟူသော အနက်ကို ဟော၏၊ "သပိတ်၏တည်ရာ ကရွတ်ခွေ"တည်း၊ ထိုဘူမိပေါ်၌ ချထားအပ်သော ဆင်စွယ်ဖြင့် ပြုလုပ်အပ်သော ကရွတ်ခွေ၊ ကြိုန်, နွယ်, လျှော်စသည်တို့ဖြင့် လုပ်အပ်သော ကရွတ်ခွေကို "ဘူမိအာဓာရက"ဟု ခေါ်သည်။

ဒါရုဒဏ္ဍာဓာရေ။ ။ဒုတ်တခုချောင်းတည်းဖြင့် သပိတ်ထားဘို့ရန် ပြုအပ်သော သပိတ်ခြေ, ဒုတ်တံကလေးတွေ့ များစွာဖြင့် သပိတ်ထားဘို့ရန် ပြုအပ်သော သပိတ်ခြေသည် သုသဇ္ဇိဘ(သပိတ်ကို လိမ့်၍မကျနိုင်အောင် ကောင်းစွာ ပြုလုပ်အပ်ပြီး)ဖြစ်လျှင် ရှေးဦးစွာ သပိတ်ဘလုံးထား၍ ထိုသပိတ်ပေါ်၌ သပိတ်တလုံး ဆင့်သောအားဖြင့် သပိတ် ၂-လုံး ထားကောင်း၏။

ဧကံ နိက္ကုဇ္ဇိတ္ဝာဝ ဘူမိယံ။ ။မြေကြီးပေါ်၌ ဖျာ-သင်ဖြူးစသော အခင်းရှိလျှင် ထိုအခင်းပေါ်၌ မှောက်၍သာလျှင် သပိတ်တလုံး ထားကောင်း၏၊ ထိုသပိတ်အထက်၌ သပိတ်တလုံး ထပ်၍ မှောက်လိုမူကား မြေကြီးပေါ်၌ တဖက်ကထား၍ တဖက်ကို ထိုပဌမသပိတ်ပေါ်၌ မေးတင်သလိုမှီ၍ ထားကောင်း၏-ဟု ဆိုကြသည်။ [ဒေ့ ဌပေန္တေန ဥပရိ ထပိတပတ္တံ ဧကေန ပဿေန ဘူမိယံ ဖုသာပေတ္ဝာ ထပေဘုံ ဝဋ္ဋတီတိ ဝဒန္တိ – တေရသကဏ်ဋီကာ။] ဋီကာဟောင်း၌ "နိက္ကုဇ္ဇိတ္ဝာ ဝါ ဥက္ကုဇ္ဇိတ္ဝာ ဝါ"ဟု ပါဠိပျက်လျက်ရှိ၏၊ ဋီကာသစ်၌ ဥက္ကုဇ္ဇိတ္ဝာ နေရာဝယ် ပဋိကုဇ္ဇိတ္ဝာ-နောက်တလုံးကို မှိကာမှောက်၍" ဟု ပါဠိမှန်ရှိသည်။

အကပ္ပိယသပိတ်မျှား

၆၉။ ဒါရု ရူပိယ သောဝဏ္ဏ-မဏိ ဝေဠုရိယာမယာ။
ကံသ ကာစ တိပု သီသ-ဖလိကာ တမ္မလောဟဇာ။

၇၀။ ဆဝသီသမယော စာပိ၊ ဃဋီ တုမ္ဗ ကဋာဟဇာ။
ပတ္တာ အကပ္ပိယာ သဗ္ဗေ၊ ဥတ္တာ ဒုက္ကဋဝတ္ထုကာတိ။

၆၉,၇၀။ ဒါရု ရူပိယ သောဝဏ္ဏ မဏိ ဝေဠုရိယာမယာ၊ သစ်သားဖြင့် ပြုလုပ်အပ်ကုန်, ငွေဖြင့်ပြုလုပ်အပ်ကုန်, ရွှေဖြင့်ပြုလုပ်အပ်ကုန်, ပတ္တမြားဖြင့်ပြုလုပ်အပ်ကုန်,ကြောင်မျက်ရွဲဖြင့် ပြုလုပ်အပ်ကုန်သော။ (ပတ္တာ၊ သပိတ်တို့သည်ထင်း။) ကံသ ကာစ တိပု သီသ ဖလိကာ တမ္မလောဟဇာ၊ ကြေးဖြူမှဖြစ်ကုန်, စဉ့်မှ ဖြစ်ကုန်, သလဲဖြူမှ ဖြစ်ကုန်, သလဲမည်းမှဖြစ်ကုန်, ဖလ်မှဖြစ်ကုန်, ကြေးနီမှ ဖြစ်ကုန်သော။ (ပတ္တာ၊ သပိတ်တို့သည်ထင်း။) ဆဝသီသမယော၊ လူ၏ ဦးခေါင်းခွံဖြင့် ပြုလုပ်အပ်သော။ ဝါ၊ လူ့ဦးခေါင်းခွံဖြစ်

ဒါရု,ရူပိယ, သောဝဏ္ဏ။ ။သစ်သားသပိတ်, ငွေသပိတ်, ရွှေသပိတ်တို့သည် မအပ်ကုန်၊ ငွေ-ရွှေခွက်၌ လူတို့က ဗျဥ်္ဇနကို ထည့်၍ကပ်လျှင် သုံးသပ်ရုံမျှပင် မအပ်၊ [သစေပိ ဂိဟီ ဘတ္တဂ္ဂေ သုဝဏ္ဏတဋ္ဋိကာဒီသု (ရွှေခွက် အစရှိသည်တို့၌) ဗျဥ်္ဇနံ ကတ္တာ ဥပနာမေန္တိ၊ အာမသိတုံပိ န ဝဋ္ဋတိ – ဒုဒ္ဒကဝတ္ထု ခန္ဓက အဋ္ဌကထာ။]

မဏိဝေဠုရိယာမယာ။ ။မဏိမယ၊ ပတ္တမြားဖြင့် ပြုလုပ်အပ်သော ပတ္တမြားသပိတ်။ ဝေဠုရိယမယ၊ ကြောင်မျက်ရွဲသပိတ်။ [မဏိမယောတိ ဇတ္ထု ဣန္ဒနီလာဒိမဏိမယော (ပတ္တမြားညို=နီလာဖြင့်ပြုအပ်သော သပိတ်ကို) ဝုတ္တော – အဋ္ဌကထာ] ဤသပိတ်မျှားကိုလည်း မသုံးသပ်ကောင်း။

ကံသ ၊ပေ၊ လောဟဇာ။ ။ကံသ၊ ကြေးဖြူ [ကံသဖြင့် ဝဋ္ဋလောဟ(တေး=ခပ်ပြာ)ကိုလည်း ယူ။] ကာစ၊ စဉ့်၊ တနည်း-ချက်ကျောက်။ တိပု၊ ခဲ, သလဲစင်,

သော။ (မယအနက်မရှိ) ပတ္တော စာပိ၊ သပိတ်သည်၎င်း။ ဃဋီ တုမ္ဗကဋာဟဇာ၊ အိုးတည်းဟူသောခွက်မှ ဖြစ်ကုန်, ဗူးတည်းဟူသောခွက်မှ ဖြစ်ကုန်သော။ (ပတ္တာ၊ သပိတ်တို့သည်၎င်း။) အကပ်ပိယာ၊ မအပ်ကုန်။ သဗ္ဗေ၊ အလုံးစုံ ၁၄-လုံးသော သပိတ်တို့ကို။ ဒုက္ကဋဝတ္ထုကာ၊ ဒုက္ကဋ်အာပတ်၏ တည်ရာအကြောင်းတို့ ဟူ၍။ ဝုတ္တာ၊ ဟောတော်မူအပ်ကုန်ပြီ။ ဣတိ၊ သပိတ်နှင့်စပ်၍ မှတ်ဘွယ်အပြီးတည်း။ (ဝိ ပါ ၄-၂၅၁၊ ဝိ ဋ္ဌ ၃-၃၈၅၊ ဝိ ဋ္ဌ ၄-၄၆)

သလဲဖြူ, ခဲဖြူ။ သီသ၊ သလဲမည်း, ခဲပုပ်, ခဲနက်။ ဖလိကာ၊ ဖလ်။ တမ္ဗလောဟ၊ ကြေးနီ။ ဇ၊ ထိုဝတ္ထုတို့မှဖြစ်သော သပိတ်။ [သေတံ တိပု၊ ကဏ္ဍ သီသံ၊—ဋီကာ။]

ဆဝသီသမယော ၊ပေ၊ ကဋ္ဌာဟဇာ။ ။ဆဝသီသမယော၊ လူ၏ဦးခေါင်းခွံတည်းဟူသော သပိတ်။ ဃဋိကဋ္ဌာဟ၊ အိုးခွက်။ တုမ္ဗကဋ္ဌာဟ၊ ဗူးသီးခွက်။ [ဃဋိကဋ္ဌာဟဇာ စ+တုမ္ဗကဋ္ဌာဟဇာ စ ဃဋိတုမ္ဗကဋ္ဌာဟဇာ၊ ဇတ္ထု တုမ္ဗကဋ္ဌာဟဇာ နာမ အလာဗု(ဗူးသီး)—ဋီကာဟောင်း။]

ဒုက္ကဋဝတ္ထုကာ။ ။နဘိက္ခဝေ ပတ္တဟတ္ထေန ကဝါဋံ ပဏာမေတဗ္ဗံ၊ ယော ပဏာမေယျ၊ အာပတ္တိ ဒုက္ကဋဿ၊ ပေ၊ နဘိက္ခဝေ ဃဋိကဋ္ဌာဟေ (အိုးခွက်ဖြင့်) ပိဏ္ဍာယ စရိတဗ္ဗံ၊ ယော စရေယျ၊ အာပတ္တိ ဒုက္ကဋဿ—စုဋ္ဌဝဂ္ဂ ခုဒ္ဒကဝတ္ထုခန္ဓက။

ထာလကနိဒ္ဒေသ

ထာလကာ စာတိ—

ထာလကာ စာတိ၊ “ထာလကာ စ”ဟူသော ဥဒ္ဒေသ၏။ (နိဒ္ဒေသော၊ နိဒ္ဒေသကား—)

အပ်-မအပ်ခွက်များ

၇၁။ ကပ္ပိယာ ထာလကာ တိသ္သော၊ တမ္မာယော မတ္တိကာမယာ။
ဒါရု သောဝဏ္ဏ ရဇတ-မဏိ ဝေဠုရိယာမယာ။

၇၂။ အကပ္ပါ ဖလိကာ ကာစ-ကံသဇာ ဂိဟိသန္တကာ။
သံဃိကာ ကပ္ပိယာ တုမ္ဗ-ဃဋ္ဋီဇာ တာဝကာလိကာ။

၇၁,၂။ တမ္မာယောမတ္တိကာမယာ၊ ကြေးနီဖြင့် ပြုအပ်ကုန်, သံဖြင့်ပြုအပ်ကုန်, မြေဖြင့် ပြုအပ်ကုန်သော။ တိသ္သော၊ ၃-မျိုးကုန်သော။ ထာလကာ၊ စားခွက်သောက်ခွက်တို့သည်။ ကပ္ပိယာ၊ အပ်ကုန်၏။ ဒါရု သောဝဏ္ဏ ရဇတ-မဏိ ဝေဠုယာမယာ၊ သစ်သားဖြင့်ပြုလုပ်အပ်ကုန်, ရွှေဖြင့်ပြုလုပ်အပ်ကုန်,

---

ထာလကာ စ။ ။စုဠ္လဝဂ္ဂ-ခုဒ္ဒကဝတ္ထု ခန္ဓကပါဠိတော်၌ မအပ်သောသပိတ်များကို ပြတော်မူ၏၊ အဋ္ဌကထာ၌ ထိုသပိတ်များကဲ့သို့ မအပ်သောခွက်များကိုလည်း စပ်ရာ စပ်ရာ၌ ဖွင့်ပြ၏၊ ထို့ကြောင့် ခုဒ္ဒသိက္ခာ၌ အပ်-မအပ်သောခွက်များကို (ပတ္တ၏ အခြားမဲ့၌) ပြထားသည်။

တမ္မာယော မတ္တိကာမယာ။ ။တမ္မမယ၊ ကြေးနီဖြင့် ပြုလုပ်သောခွက် (ကြေးနီခွက်)။ အယောမယ၊ သံခွက်။ မတ္တိကာမယ၊ မြေခွက်များသည် ရဟန်းများအား အပ်သော (ကိုယ်ပိုင် ပုဂ္ဂလိက ထားကောင်းသော)ခွက်များ

ငွေဖြင့်ပြုလုပ်အပ်ကုန်, ပတ္တမြားဖြင့်ပြုလုပ်အပ်ကုန်, ကြောင်မျက်ရှဲဖြင့် ပြုလုပ်အပ်ကုန်သော။ (ထာလကာ၊စားခွက်သောက်ခွက်တို့သည်။)အကပ်ပါ၊ မအပ်ကုန်။ ဖလိကာ ကာစ ကံသဇာ၊ ဖလ်မှ ဖြစ်ကုန်, ချက်ကျောက်မှ ဖြစ်ကုန်, ကြေးဖြူကြေးဝါမှ ဖြစ်ကုန်သော ခွက်တို့သည်။ [ဖလိကာဌ် ဆန္ဒာနုရက္ခဏဒီဃ၊] ဂိဟိသန္တကာ၊ လူ့ဥစ္စာဖြစ်ကုန်သော်ငင်း။ သံဃိကာ၊ သံဃာ့ဥစ္စာ ဖြစ်ကုန်သော်ငင်း။ ကပ္ပိယာ၊ အပ်ကုန်၏။ တုမ္ဗဃဋီဇာ၊ ဗူးခွက် အိုးခွက်ဘို့သည်။ တာဝကာလိကာ၊ တခဏမျှ ထည့်၍ စားသောက် ကောင်းကုန်၏။ ဣတိ၊ ခွက်နှင့်စပ်၍ မှတ်ဘွယ်အပြီးတည်း။ (ဝိ ပါ ၄-၂၅၁၊ ဝိ ဋ္ဌ ၃-၃၀၅၊ ဝိ ဋ္ဌ ၄-၄၇)

တည်း။ [ကြေးနီသည် ကြေးတို့တွင် အကြမ်းတည်း၊ ထို့ကြောင့် ကပ္ပိယခွက်၌ သွင်းထားသည်။]

ဒါရု ၊ပေ၊ မယာ။ ။ဤခွက်များသည် ရှေ့ ပတ္တနိဒ္ဒေသ၌ မအပ်သော သပိတ်အဖြစ်ဖြင့် ပြအပ်ခဲ့သော ခွက်များတည်း၊ ထို့တွင် ဒါရုမယ (သစ်သား ခွက်) သည် သုံးသပ်ကောင်း ကိုင်ကောင်းသေး၏၊ မအပ်ခြင်း၏ အကြောင်း ကား တိတ္ထိတို့၏ အသုံးအဆောင်ဖြစ်သောကြောင့်ဌင်း ထို့ခွက်သည် ပဂ္ဂလိက ဖြစ်လျှင် အာမိသကို စင်ကြယ်အောင်ဆေးဘို့ ခက်သောကြောင့်ဌင်း ဖြစ်ဟန် တူသည်၊ ထို့ကြောင့် သပိတ်တုန်းကလည်း ပယ်ခဲ့သည်၊ သောဝဏ္ဏ(ရွှခွက်) စသည်တို့ကား ရတနာများဖြစ်သောကြောင့် နဂိုကပင် အနာမာသဝတ္ထုများဖြစ်ရကား သုံးသပ်ရုံမျှ မအပ်ကြချေ၊ သာဓကကို ရှေ့ ၆၉-ဂါထာအဖွင့်၌ ပြခဲ့ပြီ။

မှတ်ချက်။ ။"နှီးရေခွက် နှီးကွမ်းအစ်တို့သည် သစ်သားခွက်နှင့် အလားတူ"ဟု ယူဆ၍ ထို့ခွက် ထိုကွမ်းအစ်တို့၌ ကွမ်း, ဆေး, လဘက်နှင့်တကွ ယာမကာလိကဖြစ်သော အဖျော်ရည်တို့ကိုမျှ ထည့်၍ မသောက်မစားဘို့ရန် ဆရာတို့ သတိပေးတော်မူကြသည်၊ တချို့က "ယာဝကာလိကဝတ္ထုကိုသာ ထည့်၍ မစားကောင်း၊ ယာမကာလိကစသည်ကိုကား စားကောင်းပါ၏"ဟု

ယူကြ၏၊ “စားကောင်းသောခွက်၌ ကာလိက ၄-ပါးလုံးထည့်၍ စားကောင်းဆကဲသို့ မစားကောင်းသောခွက်၌လည်း ကာလိက ၄-ပါးလုံးထည့်၍ မစားကောင်း”ဟု ယူမှသာ ရွေးနောက် ညီညွတ်ပါသည်။

ထို့ပြင် “ရှေခွက် ငွေခွက်တို့ကို သေနာသနပရိဘောဂဖြစ်လျှင် ထည့်၍ စားအပ်၏”ဟု ယူဆကြ၏၊ ထည့်၍စားမှုသည် သေနာသနအတွက် သုံးစွဲခြင်း မဟုတ်ရကား “အကပ္ပ”ဟု တားမြစ်သည့်အတိုင်း မအပ်ဟုသာ ယူသင့်ပါသည်။ ထို့ပြင် အရပ်ထဲ၌ ငွေဖလား ငွေထုံးပူးတို့ဖြင့် ရေ ကွမ်းစတည်တို့ကို ကပ်တတ်ကြ၏၊ ထိုငွေထုံးပူး ငွေဖလားမျှားလည်း မသုံးသပ်ကောင်းသော ဝတ္ထုမျှားဖြစ်၍ မအပ်ပင်၊ ထို့ကြောင့် ထုံးကို ကွမ်းရွက်ထဲ၌ထည့်၍ ကွမ်းကို ပန်းကန်ပြားဖြင့် ကပ်စေတော်မူကြသည်၊ အကယ်၍ ကွမ်းအစ်ဖြင့် ထည့်၍ ကပ်လျှင် ကွမ်း, ကွမ်းသီး စသည်ကို ကွမ်းအစ်ထဲမှ လက်တဖက်သို့ပြောင်း၍ စားလေ့ ရှိကြသည်။

ဖလိက။ ။ပါရာဇိက, ကာယသံသဂ္ဂသိက္ခာပုဒ် အဋ္ဌကထာ၌ “ဖလိက (ဖလ်အစစ်ခွက်)ကို ပတ္တမြားနှင့် အလာ တူ မသုံးကောင်း”ဟု ဆို၏၊ ဤဖလိကကား သုံးကောင်းသောကြောင့် ဖလ်စစ်(တွင်းထွက်ဖလ်)မဟုတ်တန်ရာ၊ သဲစသည်ကို ချက်ထားသော ချက်ဖလ်ခွက်ဟုသာ ယူသင့်၏။

ကာစ။ ။ကာစကို “စဉ့်”ဟု အနက်ပေးကြ၏၊ ယခုခေတ် စဉ့်အိုးစဉ့်ခွက်သည် မြေခွက်သဘောပင် ဖြစ်၏၊ ထို့ကြောင့် “ပစိတ္တာ ကဒတာ ကာစ-မဏီ”ဟု ထိုအဋ္ဌကထာ ဖွင့်သောကြောင့်ရင်း “ကာစသည် ရွှေနှင့် ပေါင်းမိလျှင် မြကျောက်၏ အရောင်ကို ဆောင်၏”ဟု ဟိတောပဒေသဆိုသောကြောင့်ရင်း လက်ဝတ်လက်စားပြုရသော ချက်ကျောက်ကိုသာ ယူသင့်ပါသည်။

ကံသ။ ။အဘိဓာန် (၉၀၅)၌ “လောဟဘေဒ(ကြေးအထူး)”ဟု ဆို၏၊ “ကြေးအထူး”ဆိုလျှင် ကြေးနီကိုစပ်ထားသော ကြေးဖြူ ကြေးဝါပင် ဖြစ်သင့်မည် ထင်သည်၊ “ကံသမယောတိ ဇတ္ထု ဝဋ္ဋလောဟမယောပိ သင်္ဂဟိတော”ဟု ခုဒ္ဒကဝတ္ထု အဋ္ဌကထာ ဆို၏၊ ဝဋ္ဋလောဟကို “ကြေးပုပ်(တေး-ခပ်ပြာ)”ဟု အနက်ပေးကြသည်။

ဂိဟိသန္ထကာ သံဃိကာ။ ။ထိုဖလိကဇ(ဖလ်ခွက်),ကာစဇ(ချက်ကျောက်ခွက်), ကံသဇ(ကြေးဝါ,ဖြူ,ပုပ်ခွက်)တို့သည် လူ့ဥစ္စာဖြစ်လျှင်ငင်း သံဃိကဖြစ်လျှင်ငင်း ထည့်၍ စားသောက်ကောင်းကုန်၏၊ ဤစကားအရ "ဖလ်ခွက်, ကြေးဝါခွက်တို့ကို ပုဂ္ဂလိကအဖြစ်ဖြင့် မထားကောင်း"ဟု သတိပြုပါ။

တုမ္ဗဃဋိဇာ။ ။ပတ္တာဒ်၌ ပြအပ်ခဲ့သော ဃဋိကဋ္ဌာဟဇ, တုမ္ဗကဋ္ဌာဟဇတို့ပင်တည်း၊ ထိုဗူးခွက် အိုးခွက်(အကြီး အငယ်)တို့ကား တာဝကာလိက(အခိုက်အတန့်)အဖြစ်ဖြင့် သုံးစွဲကောင်း၏၊ သုံးစွဲပြီးလျှင် စွန့်ပစ်ရမည်-ဟူလို၊ ယခုခေတ် ဆွမ်းကြီးလောင်း၌ ဟင်း စသည်ထည့်၍ လောင်းလေ့ရှိသော ဆီမီးခွက်ကလေးများသည် ဃဋိဇများပင်တည်း။

အမ္ဗာ။ ။ပါတိမောက်ဘာသာဋီကာ ဥိနပဥ္စဗန္ဓနသိက္ခာပုဒ်၌ ဤဂါထာတို့ကို ပြထား၏၊ ထို၌ "တုမ္ဗ၊နှိုးခွက်"ဟု စာမှားနေသည်၊ "ဗူးခွက်"ဟု ပြင်ပါ။

ပဝါရကာနိဒ္ဒေသ

ပဝါရကာတိ—

ပဝါရဏာဘိ၊ “ပဝါရဏာ”ဟူသော ဥဒ္ဒေသ၏။ (နိဒ္ဒေသော၊ နိဒ္ဒေသကား—)

၇၃။ ယေနိရိယာပထေနာယံ၊ ဘုဥ္ဇမာနော ပဝါရိတော။
တတော အညေန ဘုဥ္ဇေယျ၊ ပါစိတ္တိ နတိရိတ္တကံ။

၇၃။ ယေန ဣရိယာပထေန၊ အကြင်ဣရိယာပုထ်အားဖြင့်။ အယံ၊ ဤရဟန်းသည်။ ဘုဥ္ဇမာနော၊ ဘောဇဉ်ငါးပါး တပါးပါးကိုစားစဉ်။ ပဝါရိ-တော၊ ပယ်မြစ်စေအပ်၏။ ဝါ၊ ပဝါရိတ်သင့်၏။ တတော၊ ထိုဣရိယာပုထ်မှ။ အညေန၊ တပါးသော ဣရိယာပုထ်အားဖြင့်။ အနတိရိတ္တကံ၊ အတိရိတ်ဝိနည်းကံလည်း မပြုအပ်, ဂိလာန၏ အကျန်လည်း မဟုတ်သော ခဲဘဲယ်ဘောဇဉ်ကို။ ဘုဥ္ဇေယျ၊ စားအံ့။ (တဿ၊ ထိုရဟန်း၏။) ပါစိတ္တိ၊ ပါစိတ်အာပတ်သည်၊ (ဟောတိ၊ ဖြစ်၏။) (ဝိ ပါ ၂-၁၁၁၊ဝိ ဋ္ဌ ၃-၈၈-၉၊ကင်္ခါ ဋ္ဌ-၂၁၉)

ပဝါရဏာ။ ။ပဝါရဏာ ၄-မျိုးကို ပါစိတ်ဘာသာဋီကာ ပဌမပဝါရဏာသိက္ခာပုဒ်၌ ပြထားပြီ၊ ထို ၄-မျိုးတွင် ဤနေရာ၌ ပဋိက္ခေပ(ပယ်မြစ်ခြင်း) ပဝါရဏာတည်း၊ [ပ+ဝါရဏာ] ပ-ကို ပကာရ အနက်ဟောဟု ကြံ၍ “ပကာရ-ယုတ္တာ၊ စားဆဲ ဘောဇဉ် အစရှိသော အင်္ဂါငါးပါး အပြားနှင့် ယှဉ်သော+ဝါရဏာ-တားမြစ်ခြင်း (ပယ်မြစ်ခြင်း) တည်း၊ ပဝါရဏာ-အင်္ဂါငါးပါး အပြားရှိသော ပယ်မြစ်ခြင်း။

ယေနိရိယာပထေန။ ။ဘောဇဉ်ငါးပါးတွင် တပါးပါးကို ထိုင်၍စားနေစဉ် ပဝါရိတ် သင့်အံ့၊ ထို ထိုင်ခြင်း ဣရိယာပုထ်ဖြင့် အလိုရှိသလောက် ဆက်၍ စားနိုင်သေး၏၊ ခရီးသွားနေစဉ် ပဝါရိတ် သင့်အံ့၊ ထိုသွားခြင်း ဣရိယာပုထ်ကို

ပဝါရိတ်အင်္ဂါ ၅-ပါး

၂၄။ အသနံ ဘောဇနဉ္စေဝ၊ အဘိဟာရော သမိပတာ။
ကာယဝါစာပဋိကွေပေါ၊ ပဉ္စအင်္ဂါ ပဝါရဏာ။

၂၄။ အသနံ၊ စားခြင်းငှင်း။ ဝါ၊ စားဆဲငှင်း။ ဘောဇနဉ္စေဝ၊ ဘောဇဉ် ငါးပါး, တပါးပါးငှင်း။ အဘိဟာရော၊ ကိုယ်ဖြင့် ရှေးရှုဆောင်ခြင်းငှင်း။ သမိပတာ၊ ၂-တောင့်ထွာ ဟတ္ထပါသ်, နီးကပ်သည်၏အဖြစ်ငှင်း။ ကာယ-ဝါစာပဋိကွေပေါ၊ ကိုယ်နှုတ် ၂-ပါး, တပါးပါးဖြင့် ပယ်ခြင်းငှင်း။ (ဣတိ၊ ဤသို့။) ပဝါရဏာ၊ ပယ်မြစ်ခြင်းသည်။ ပဉ္စအင်္ဂါ၊ ၅-ပါးသော အင်္ဂါရှိသည်။ (ဟောတိ၊ ဖြစ်၏။) (ဝိ ပါ ၂-၁၁၁၊ ဝိ ပါ ၅-၃၂၆၊ ဝိ ဋ္ဌ ၃-၁၈-၉၊ ကခ် ဋ္ဌ-၂၁၉)

မရပ်ဘဲ ဆက်၍ စားနိုင်သေး၏၊ အခြား ဣရိယာပုထ်တခုပြောင်း၍ အတိရိတ္တ မဟုတ်သော ခဲဘွယ်ဘောဇဉ်ကို စားလျှင်ကား ပါစိတ်အာပတ်သင့်၏။ [ပါစိတ္တိယံ ပုဒ်အဖွင့်ကို ပါတိမောက်ဘာသာဋီကာ မုသာဝါဒ သိက္ခာပုဒ်၌ ပြထား၏၊ ဂါထာဖြစ်၍ ယ-ကို ခေျလျက် "ပါစိတ္တိ" ဟု ဆိုထားသည်။]

အနတိရိတ္တကံ။ ။ဂိလာန၏ အကြွင်းအကျန်ကိုငှင်း နောက်ပြမည့် အင်္ဂါ နှင့်အညီ အတိရိတ္တဝိနည်းကံပြုအပ်သော ခဲဘွယ်ဘောဇဉ်ကိုငှင်း "အတိရိတ္တ-အပိုအလျှံ အကြွင်းအကျန်" ဟု ခေါ်၏၊ ထိုသို့ ဂိလာန၏ အကျန်လည်း မဟုတ် အတိရိတ်ဝိနည်းကံလည်း မပြုအပ်သော ခဲဘွယ် ဘောဇဉ်ကို "အနတိရိတ္တ" ဟု ခေါ်သည်၊ အတိရိတ္တံ-အပိုအလျှံ အကြွင်းအကျန်သည် + န-မဟုတ်၊ အနတိ-ရိတ္တံ-အပိုအလျှံ အကြွင်းအကျန် မဟုတ်။ [ပဝါရိတော ပုဒ်ပြီးပုံနှင့် အနက်မှန်ကို ပါတိမောက်ဘာသာဋီကာ ပဌမပဝါရဏာသိက္ခာပုဒ်၌ ရှု။]

အသနံ ၊ပေ၊ ပဉ္စအင်္ဂါ။ ။ပဌမပဝါရဏာသိက္ခာပုဒ် ပါဠိတော်၌ ပဝါရိ-တော နာမ (၁) အသနံ ပညာယတိ-စားခြင်းကြိယာသည် ထင်ရှား၏၊ "စားဆဲ ဖြစ်၏" ဟူလို။ (၂) ဘောဇနံ ပညာယတိ-ပြအပ်လတ္တံ့သော ဘောဇဉ် ၅-ပါးတွင် တပါးပါးသည် ထင်ရှား၏။ (၃) ဟတ္ထပါသေ ဌိတော-ပေးလာ ကပ်လာသူက အကပ်ခံသူ၏ ၂-တောင့်ထွာ ဟတ္ထပါသ်၌ တည်၏၊

ဘောဇဉ် ၅-ပါးနှင့် သြဒနသရုပ်

၇၅။ သြဒနော သတ္တာ ကုမ္မာသော၊ မစ္ဆော မံသဉ္စ ဘောဇနံ။
သာလိ ဝီဟိ ယဝေါ ကဂ်ုံ၊ ကုဒြူသ ဝရ ဂေါမုမာ၊
သတ္တာန္နမေသံ ဓညာနံ၊ သြဒနော ဘောဇ္ဇယာဂု စ။

၇၅။ သြဒနော၊ ထမင်းသည်၎င်း။ သတ္တာ၊ စပါးလျော်ဆန်, ထိုဆန်မှဖြစ်ဆန်ကဲ့, ဆန်မှန့်သည်၎င်း။ ကုမ္မာသော၊ တဝက်ကျက်ပြုတ်, မုယောဆန်ဖြင့် ပြုလုပ်အပ်သော အစာသည်၎င်း။ မစ္ဆော၊ ငါးသည်၎င်း။ မံသဉ္စ၊ အသားသည်၎င်း။ ဘောဇနံ၊ ဘောဇဉ်မည်၏။ သာလိ၊ သလေးဂုင်း။ ဝါ၊ ကောက်ကြီးဂုင်း။ ဝီဟိ၊ ကောက်လတ်ဂုင်း။ ဝါ၊ ကောက်ကြမ်းဂုင်း။ ယဝေါ၊ မယောဂုင်း။ ဝါ၊ ဂုံ့ဖြူဂုင်း။ ကဂ်ုံ၊ ဆပ်ဂုင်း။ ကုဒြူသဝရဂေါမုမာ၊ လူး, ပြောင်း, နတ်ကောက်တို့ဂုင်း။ (ဤတိ၊ ဤသို့။) သတ္တာန္နံ၊ ၇-ပါးကုန်သော။ သေံ၊ ဤစပါးမျိုးတို့၏။ သြဒနော စ၊ ထမင်းသည်၎င်း။ ဘောဇ္ဇယာဂု စ၊ လက်ကော်၍ စားကောင်းသောပျစ်သော ယာဂုသည်၎င်း။ သြဒနော၊ သြဒနမည်၏။ (ဝိ ဋ္ဌ ၃-၈၉၊ ကင်္ခါ ဋ္ဌ- ၂၂၀)

[ဤအင်္ဂါကို ဂါထာ၌ "သမိပတာ"ဟု ဆိုသည်]။ (၄) အဘိဟရတိ-ပေးသူကပ်သူက ကိုယ်ဖြင့် ရှေးရှုဆောင်ဆဲ ဖြစ်၏၊ [ကိုယ်ဖြင့် ရှေးရှုဆောင်တုန်းပယ်မှ ပဝါရိတ် သင့်သည်၊ ရှေးရှုဆောင်ပြီး၍ ချထားစဉ်ဂုင်း နှုတ်ဖြင့် "ယူဦးမလား"ဟု မေးသည်ကိုဂုင်း ပယ်လျှင် ပဝါရိတ် မသင့်။] (၅) ပဋိဂ္ဂေပေါ ပညာယတိ-ကိုယ်နှုတ် တပါးပါးဖြင့် ပယ်မြစ်ခြင်းသည် ထင်ရှား၏၊ ဤသို့ အင်္ဂါ ၅-ပါးကို ပြတော်မူ၏၊ ထိုအင်္ဂါ ၅-ပါးကိုပင် ဤဂါထာ၌ ပြထားသည်၊ [စားဆဲဘောဇဉ်"စသော ဆောင်ပုဒ်ကို ပါတိမောက်ဘာသာဋီကာ၌ ပြထားပြီ။]

သြဒနော၊ပေ၊ဘောဇနံ။ ။ဤ ၂-ပါဒဖြင့် ဘောဇဉ် ၅-ပါး၏ သရုပ်ကို ပြသည်၊ [ဘုဥ္ဇိတဗ္ဗံတိ ဘောဇနံ-ထမင်းလုပ် ဟင်းလုပ်ပြု၍ စားကောင်းသော သြဒနစသော အစာ ၅-မျိုးကို "ဘောဇန"ဟု ခေါ်၏၊ ဘုဇ်ဓာတ်, ယုပစ္စည်း, အနီယပစ္စည်းဖြင့် "ဘောဇနီယံ"ဟုလည်း ရှိသည်၊] ဘောဇဉ်မှတပါးသော

စပါးမျိုးဦဝင်သော စားဘွယ်မျိုး

၇၆။ သာမာကာဒိတိဏ်ံ ကုဒြု-သကေ ဝရကစောရကောဝ။
ဝရကေ သာလိယဥ္ဇော၀၊ နီဝါရော သဂ်ဟံ ဂတောဝ။

၇၆။ သာမာကာဒိတိဏ်ံ၊ လမန်းစသော မြက်မျိုးမှ ဖြစ်သောစပါးသည်။ ကုဒြု။သကေ၊ လူး၌။ သဂ်ဟံ၊ သွင်းယူအပ်သည်၏အဖြစ်သို့။ ဂတံ၊ ရောက်၏။ ဝရကစောရကော၊ ပြောင်းဖူးသည်။ ဝရကေ၊ ပြောင်း၌၊ သဂ်ဟံ၊သွင်းယူအပ်သည်၏အဖြစ်သို့။ ဂတောဝ၊ ရောက်၏။ နီဝါရော စေဝ၊ ကျိတ်စပါးသည်လည်း။ သာလိယံ၊ သလေး၌။ သဂ်ဟံ၊ သွင်းယူအပ်သည်၏ အဖြစ်သို့။ ဂတောဝ၊ ရောက်၏။ (ဝိ ဋ္ဌ ၃-၈၉)

သစ်မြစ် သစ်ဥ သစ်သီး စသည်တို့နှင့်တကွ မုံအမျိုးမျိုးကို "ခါဒနီယ"ဟု ခေါ်သည်။

သာလိ ၊ပေ၊ ဘောဇ္ဇယာဂု စ။ ။သလေးစသော စပါးမျိုး ၇-ပါးတို့မှ ဖြစ်သော ထမင်းသည်ရင်း လက်ဖြင့် ကော်၍ရကောင်းသော ယာဂုသည်ရင်း သဒ္ဒနမည်၏၊ [ယာဂုအကဲ့ကို ဇွန်းဖြင့်ခပ်ယူလျှင် ယူရာ(ယူအပ်သောနေရာ) မထင်သော်လည်း ယာဂုအပျစ်၌ကား လက်ဖြင့်ကော်၍ယူလျှင် ယူရာထင်၏၊ ထိုယာဂုအပျစ်ကို "ဘောဇ္ဇယာဂု-ထမင်းကဲ့သို့ ကော်၍စားအပ်သော ယာဂု"ဟု ခေါ်သည်။]

သာမာက။ ။"လမန်းဆန်, မြက်သီးဆန်"ဟု အနက်ပေးကြ၏၊ ထောမ-နီဓိ၌ "ဓညဘေဒ-စပါးအထူး"ဟု ဖွင့်၏၊ တိတ္ထိတို့အကျင့်၌ "သာမာကဘက္ခ-လမန်းဆန်(မြက်သီးဆန်)ကို စားသူ"ဟု ရှိ၏၊ ထိုသာမာကစသော မြက်မျိုးကို ကုဒြု။သ(လူး)၌ သွင်းယူရသည်။

ဝရကစောရကော။ ။အနှံ့ဖြင့် အထင်အရှား ထွက်သော ပြောင်းကို "ဝရက"ဟု ခေါ်၍ ပြောင်းပင် အလယ်လောက်၌ အခွံဖြင့် ဖုံးအုပ်၍ ထွက်သော ပြောင်းဖူးကို ခိုးကြောင် ခိုးဝှက် အဖူးထွက်သောကြောင့် "ဝရက

သတ္တုစသည်တို့၏ သရုပ်

၇၇။ ဘဋ္ဌဓညမယော သတ္တု၊ ကုမ္မာသော ယဝသမ္ဘဝေါ။
မံသော စ ကပ္ပိယော ဝုတ္တော၊ မစ္ဆော ဥဒကသမ္ဘဝေါ။

၇၇။ ဘဋ္ဌဓညမယော၊ ကျက်အောင်လှော်အပ်သော စပါးမျိုးဖြင့် ပြုလုပ်အပ်သော ဆန် , ဆန်ကဲ့ ,ဆန်မှုန့်သည်။ သတ္တု၊ သတ္တုမည်၏။ ယဝသမ္ဘဝေါ၊ မုယောမှ ဖြစ်သော တဝက်ကျက်ပြုတ်အစာသည်။ ကုမ္မာသော၊ ကုမ္မာသမည်၏။ ကပ္ပိယော စ၊ အပ်သော အသားကိုသာလျှင်။ မံသော၊ မံသ ဟူ၍။ ဝုတ္တော၊ ဟောတော်မူအပ်ပြီ။ ဥဒကသမ္ဘဝေါ၊ ရေ၌ ဖြစ်သော သတ္တဝါ ဟူသမျှသည်။ မစ္ဆော၊ မစ္ဆမည်၏။ (ဝိ ဋ္ဌ ၃-၉၀၊ ကင်္ခါ ဋ္ဌ-၂၂၀)

စောရက-ပြောင်းသူခိုး”ဟု အနက်ပေးကြသည်၊ ထို ပြောင်းဖူးအစေ့များကို ပြုတ်၍ချက်၍ စားကြသည်။

နီဝါရ။ ။“နီဝါရော နာမ အရညေ သယံဇာတဝီဟိဇာတိ-တောထည်း၌ အလိုလိုပေါက်သော ကောက်စပါးအမျိုးအစားသည် နီဝါရမည်၏”ဟု မဟာသီဟနာဒသုတ္တဋ္ဌကထာ ဖွင့်သောကြောင့် ထိုနီဝါရဟု ခေါ်အပ်သော ကျိတ်စပါးတမျိုးကို ဝီဟိ၌သွင်းရလျှင် သာ၍ အဋ္ဌကထာနှင့်ညီ၏၊ သို့သော် သာလီနှင့် ဝီဟိသည် ကောက်ကြီးနှင့် ကောက်လတ်သာ ထူးသောကြောင့် သာလို၌ သွင်းယူဟန်တူသည်။

ဘဋ္ဌဓညမယော သတ္တု။ ။ဘဋ္ဌ-၌ ဘဇ္ဇီဓာတ်, တ-ပစ္စည်း၊ “ဘဇ္ဇီယိ်သု-လှော်အပ်ကုန်ပြီ၊ ဣတိ ဘဋ္ဌာနိ၊ ဘဋ္ဌာနိစ+တာနိ+ဓညာနိ စာတိ ဘဋ္ဌဓညာနိ၊ ဘဋ္ဌဓညေဟိ-လှော်အပ်သော စပါးတို့ဖြင့်+ကတော-ပြုအပ်သော ဘောဇဉ်သည်၊ သတ္တု-မည်၏”ဟု ဤ၌ ဆိုသောကြောင့်၎င်း ကင်္ခါအဋ္ဌကထာ၌ “သတ္တုနာမ သတ္တ ဓညာနိ ဘဇ္ဇီတ္ဝာ(လှော်၍)ကတော-ပြုအပ်သော လှော်ဆန်”ဟုဋ္ဌင်း ဆိုသောကြောင့် စပါးကို လှော်၍ ပြုအပ်သော ကျက်ပြီးဆန်သည်၎င်း “အန္တမသော ခရပါကဘဇ္ဇီတာနံ ဝီဟိနံ တဏ္ဍုလေ ကောဋ္ဌေတ္ဝာ ကတစုဏ္ဏံပိ(ပြုအပ်သော ဆန်မှုန့်သည်၎င်း) ကုဏ္ဍကံ (ဆန်ကဲ့သည်၎င်း) သတ္တုသင်္ဂဟမေဝ

ဂစ္ဆတိ”ဟု ဆိုသောကြောင့် ကြမ်းကြမ်းကျက်အောင် လှော်အပ်ပြီးကုန်သော ကောက်စပါးတို့၏ ဆန်ကဲ့နှင့် ဆန်မှုန့်သည်ထင်း သတ္တုမည်၏-ဟု ဖွင့်၏၊ [ဤ ခုဒ္ဒသိက္ခာဋီကာဌ်ကား “ဆန်”သက်သက်မပါ၊ အမှုန့်နှင့် ဆန်ကဲ့သာ ပါ၏၊ ဋီကာသစ်၌ ကခ်ါအဋ္ဌကထာအတိုင်း ၃-မျိုးလုံးပါသည်။]

မှတ်ချက်။ ။ထောမနိဓိဌ် သတ္တုကို“ဘဋ္ဌယဝါဒိစုဏ္ဏော-လှော်အပ်ပြီးသော ယဝအစရှိသည်တို့၏ အမှုန့်၌”ဟု ဖွင့်၏၊ ဝိနည်း မဟာဝဂ္ဂ ရာဇာယတနကထာ၌ “မန္ထေန မဓုပိဏ္ဍိကာယ စာတိ အဗဒ္ဓသတ္တုနာ စ သပ္ပိမဓုဖာဏိတာဒီဟိ ယော-ဇေတ္ဝာ ဗဒ္ဓသတ္တုနာ စ”ဟု မန္ထကို အဗဒ္ဓသတ္တု, မဓုပိဏ္ဍိကာကို ဗဒ္ဓသတ္တု”ဟု ဖွင့်၏။

ထိုတွင် ကျက်အောင်လှော်အပ်ပြီးသော စပါးမှဖြစ်သော ဆန်မှုန့်(မုံမှုန့်)ကို ထောပတ်ရေအေးတို့ဖြင့် မပျစ်လွန်း မကဲ့လွန်းအောင် မွှေနှောက်၍ သောက်အပ်သော သောက်ဖွယ်အရည်ကို “အဗဒ္ဓသတ္တု-မဆုပ်မဖွဲ့အပ်သော မုံမှုန့်ရည်”ဟုဂင်း ရေဖြင့် မွှေအပ်သောကြောင့် “မန္ထ”ဟုဂင်း ခေါ်၏၊ ထောပတ်ပျားရည် တင်လဲရည်(သကာ, သကြား)စသည်တို့ဖြင့် ထိုမုံမှုန့်ကို ရောစပ်၍ အဆုပ်အခဲပြုအပ်သော မုံအခဲကို “ဗဒ္ဓသတ္တု”ဟုဂင်း “မဓုပိဏ္ဍိကာ”ဟုဂင်း ခေါ်သည်၊ ယခုခေတ် မလိုင်ခဲများလည်း မဓုပိဏ္ဍိကာပင်တည်း။

ဆက်ဦးအံ့။ ။ဤမဓုပိဏ္ဍိကာသည် ပဝါရိတ် မသင့်သောကြောင့် ပဝါရိတ်သင့်သော သတ္တုကိုပြု၍ မုံအခဲအဆုပ်ကို ကခ်ါအဋ္ဌကထာမပြဘဲ ချန်ထားဟန်တူသည်၊ ထို့ကြောင့် မဓုပိဏ္ဍိကာကို မုံခဲဘွယ် ခါဒနီယ၌ သွင်းသင့်သည်ဟု ယူပါ၊ ထို့ကြောင့်ပင် “သစေ တံ(ထိုအမှုန့်သည်) အလ္လတ္တာ ဇောဗဒ္ဓံ ဟောတိ (စိုသောကြောင့် တဲ့၍နေစေကာမူ)သတ္တုသင်္ဃာမဝ ဂစ္ဆတိ”ဟု ဆိုသည်၊ စိုတုန်းမှာ ဇောဗဒ္ဓဖြစ်သော်လည်း ခြောက်လျှင် အမှုန့်ဖြစ်စရာရှိသောကြောင့် ပဝါရိတ်သင့်စေနိုင်သော သတ္တု၌ သွင်းရသည်-ဟူလို၊ ဗဒ္ဓသတ္တုကား ဘယ် အခါမျှ အမှုန့်မဖြစ်တော့၊ ထို့ကြောင့် ပဝါရိတ်ကို မဖြစ်စေနိုင်-ဟု ဆိုလိုသည်။

ကုမ္မာသော ယဝသမ္ဘဝေါ။ ။“ကုမ္မာသော နာမ ယဝေဟိ ကတော”ဟု ကခ်ါအဋ္ဌကထာ၌လည်း အလားတူဖွင့်၏၊ ထမင်းကဲ့သို့လည်း မချက်အပ် သတ္တုကဲ့သို့လည်း မလှော်အပ်သော တဝက်ကျက်ရုံ ပြုတ်အပ်သော ဘောဇဉ်

ပဝါရိတ်သင့်ပုံ

၂၀။ ဘုဥ္ဇန္တော ဘောဇနံ ကပ္ပ-မကပ္ပံ ဝါ နိသေဓေယံ။
ဝါရိတော-ဘိဟဋ္ဌံ ကပ္ပံ၊ တံနာမေန ဣမံတိ ဝါ။

၂၀။ ကပ္ပံ ဝါ၊ အပ်သည်မူလည်းဖြစ်သော။ အကပ္ပံ ဝါ၊ မအပ်သည်မူလည်းဖြစ်သော။ ဘောဇနံ၊ ဘောဇဉ်တပါးပါးကို။ ဘုဥ္ဇန္တော၊ စားစဉ်။ တံနာမေန ဝါ၊ ထိုဘောဇဉ်၏ နာမည်ဖြင့်သော်၎င်း။ ဣမံတိ ဝါ၊ ဣမံ ဟူ၍သော်၎င်း။ (ဝတ္ဆာ၊ ဆို၍။) အဘိဟဋ္ဌုံ၊ ၂-တောင့်ထွာ ဟတ္ထပါသ်အတွင်း၌ ရှေးရှုဆောင်အပ်သော။ ကပ္ပံ၊ အပ်သောဘောဇဉ်ကို။ နိသေဓယံ၊ တားမြစ်သော ရဟန်းသည်။ ဝါရိတော၊ ပဝါရိတ်သင့်၏။ (ဝိ ဋ္ဌ ၃-၉၁-၂၊ ကင်္ခါ ဋ္ဌ ၂၂၁-၂)

တမျိုးကို ကုမ္မာသဟု ဓေါ၏၊ ပဲနောက်စသည်တို့ကိုလည်း တဝက်ကျက်ရုံ ပြုတ်၍စားကြ၏၊ သို့သော် ဘောဇဉ်အခဏ်းဖြစ်၍ ပဝါရိတ်သင့်စေနိုင်သော ယဝကုမ္မာသကိုသာ ပြသည်ဟု မှတ်ပါ၊ ရှေးက "ကုမ္မာသော-မယောမုံ" ဟုပေးကြ၏၊ မုံဖြစ်လျှင် ဘောဇနီယမဟုတ်တော့ ခါဒနီယ၌ သွင်းရလိမ့်မည်၊ [မုဂ္ဂါဒီဟိ ကတော ပန ပဝါရဏံ နဇနေတိ၊ –ဋ္ဌကာသစ်၊] ကုမ္မာသအကျယ်ကို ကင်္ခါဘာသာဋီကာ၌ ပြထားပြီ။

မံသော စ ကပ္ပိယော။ ။လူ, ဆင်, မြင်း, မြွေ စသော အသားကြီး ၁၀-ပါးသည် နဂိုကပင် မအပ်သောကြောင့် ပယ်ထိုက်ရကား ပဝါရိတ် မသင့်စေနိုင်၊ ထို့ကြောင့် အပ်သော အသားကိုသာ မံသအရ ယူရသည်၊ မစ္ဆအရကား ရေသတ္ဆာအားလုံးဖြစ်သောကြောင့် ထင်ရှားပြီ။

ကပ္ပံ အကပ္ပံ ဝါ။ ။"ဘောဇဉ်တပါးပါးကို စားဆဲ" ဟူရာ၌ အပ်သော ဘောဇဉ် သာမက မအပ်သော ဘောဇဉ်လည်း ပါဝင်၏၊ "မအပ်သော ဘောဇဉ်" ဟူသည် အသားကြီး ၁၀-ပါးတွင်ပါဝင်သော မြင်းသား စသော ဘောဇဉ်, ကုလဒူသနအမှု, ဥတ္တရိမနုဿဓမ္မကို ပြောမှု, သာယာအပ်သော ငွေရွှေတို့ကြောင့်ဖြစ်သော ဘောဇဉ်တည်း။ "ဘောဇဉ်တပါးပါးကို စားနေစဉ် အပ်သောဘောဇဉ်ကိုဖြစ်စေ မအပ်သောဘောဇဉ်ကိုဖြစ်စေ ပယ်မြစ်အံ့" ဟူလို။

ပဝါရိတ်ကို မဖြစ်စေသော အစာများ

၇၉။ လာဇာ တံသတ္တုဘတ္တာနိ၊ ဂေါရသော သုဒ္ဓခဇ္ဇကော။
တက္ကုလာ ဘဋ္ဌပိဋ္ဌဉ္စ၊ ပုထုကာ ဝေဋ္ဌအာဒိနံ။

၈၀။ ဘတ္တံ ဝုတ္ထာဝသေသာနံ၊ ရသယာဂု ရသေပိ စ။
သုဒ္ဓယာဂုဖလာဒီနိ၊ န ဇနေန္တိ ပဝါရဏံ။

၇၉,၈၀။ လာဇာ၊ ပေါက်ပေါက်သည်၎င်း။ တံသတ္တုဘတ္တာနိ၊ ထိုထို ပေါက်ပေါက်ဘို့ဖြင့် ပြုလုပ်အပ်သော မုံ့မှန့်ထမင်းတို့သည်၎င်း။ဂေါရသော၊

အဘိဟဋ္ဌုံ ကပ္ပံ။ ။ရှေးရှုဆောင်၍ ကပ်လှူမည့်ဘက်၌ကား အပ်သော ဘောဇဉ်သာ ဖြစ်ရမည်၊ ထို့ကြောင့် "အဘိဟဋ္ဌုံ ကပ္ပံ"ဟု ဆိုသည်၊ ဘာကြောင့်နည်း၊ ကုလဒူသနစသည်, ငွေဖြင့်ဝယ်မှု စသည်ကြောင့်ဖြစ်သော မအပ်သော ဘောဇဉ်ကိုကား အကပ်မခံဘဲ ကေန် ပယ်ရမည့်ဝတ္ထု ဖြစ်သော ကြောင့်တည်း။

တံနာမေန ဣမံတိ ဝါ။ ။"တံနာမ-ထို ဘောဇဉ်၏ နာမည်"ဟူသည် "ဩဒနံ (ဆွမ်းကို) ယူဦးမည်လား, ယူပါလော့"စသည်ဖြင့် ထို ဘောဇဉ်၏ နာမည်ကို ဖော်ပြ၍ ရှေးရှု ဆောင်ခြင်းတည်း။ "ဣမံ-ဤဟာ"ဟူသည် ဘောဇဉ်၏ နာမည်ကို မဖော်ဘဲ ဆွမ်းကိုဖြစ်စေ သား-ငါး စသည်ကိုဖြစ်စေ "ဤဟာကို ယူဦးမည်လား, ယူပါလော့"စသည်ဖြင့် ပြော၍ ရှေးရှု ဆောင်ခြင်းတည်း။ ထိုသို့ပြော၍ ရှေးရှု ဆောင်အပ်သော အပ်သောဘောဇဉ်ကို ပယ်လျှင် ပဝါရိတ် သင့်၏။ [ဝါရိတောဇ္ဈာနေရာ၌ "ပဝါရေယျ"ဟုလည်း မူကွဲရှိ၏။]

လာဇာ တံသတ္တုဘတ္တာနိ။ ။"လာဇာ ဝါ တေဟိ ကတဘတ္တသတ္တု-အာဒီနိ ဝါ န ပဝါရေန္တိ"ဟူသော အဋ္ဌကထာမှယူထားသော ပုဒ်များတည်း။ တံသတ္တု-ထိုပေါက်ပေါက်တို့ဖြင့် ပြုလုပ်အပ်သော အမှုန့် [ပေါက်ပေါက်ဆုပ်ကား ခဇ္ဇကဋ္ဌ ပါသွားပြီ]၊ တံဘတ္တ-ထိုပေါက်ပေါက်တို့ဖြင့် ထမင်းဖြစ်အောင် ချက်အပ်သော ပေါက်ပေါက်ထမင်း။

နွားမှုဖြစ်သော အရသာ ၅-မျိုးသည်၎င်း။ သုဒ္ဓခဇ္ဇကော၊ သားငါးမဖက် သက်သက်သော ခဲဘွယ်သည်၎င်း။ တဏ္ဍုလော၊ လှော်အပ်သော ဆန်တို့ သည်၎င်း။ ဘဋ္ဌပိဋ္ဌဇ္ဇု၊ လှော်အပ်သော အမှုန့်အားလုံးသည်၎င်း။ ပုထုကာ၊ မုံ့ဆန်းသည်၎င်း။ ဝုတ္တာဝသေသာနံ၊ ဆိုအပ်ပြီးသော စပါးမျိုး ၇-ပါးမှ ကြွင်းကုန်သော။ ဝေဠုအာဒီနံ၊ ဝါးသီးဆန် အစရှိသည်တို့၏။ ဘတ္တံ၊ ထမင်း သည်၎င်း။ ရသယာဂု၊ ကျက်ပြီးသော ငါးရည် အသားရည်တို့ဖြင့် ရောအပ်

ဂေါရသော။ ။ခီရံ ဒဓိ ဃတံ တက္ကံ၊ နောနီတံ ပဉ္စ ဂေါရသာ-အဘိဓာန် (၅၀၁)ဂါထာနှင့်အညီ နို့ရည်, နို့ဓမ်း (ဒိန်, နို့ချဉ်) ထောပတ်, ရက်တက်, ဆီဦး (ထောပတ်စိမ်း, မသကာ, ထောပေး-ဟုလည်း ခေါ်၏၊) ဤ ငါးပါး သည် နွားမှုဖြစ်သော အရသာရှိသော အစာတည်း။

သုဒ္ဓခဇ္ဇက။ ။အမဲ, သား, ငါးတို့နှင့် မရောသော မုံခဲဘွယ် [“ယံကိဉ္စိ သုဒ္ဓခဇ္ဇကံ ဝါ နု ပဝါရေတိ၊ မစ္ဆမံသပူရိတံ ခဇ္ဇကံ (ငါးအသားတို့ဖြင့်ပြည့်သော (ငါးအသားပါသော) ခဲဘွယ်မှုံသည်ကား) ၊ပေ၊ ပဝါရေတိ”ဟူသော အဋ္ဌ-ကထာမှ ယူအပ်သော ပုဒ်တည်း]၊ ဥပမာ ပဲပေါက်စီ သကြားပေါက်စီဖြင့်လျှင် သုဒ္ဓခဇ္ဇကဖြစ်သောကြောင့် ပဝါရိတ်ကို မဖြစ်စေ၊ ဝက်သားပေါက်စီဖြစ်လျှင် ပဝါရိတ်ကို ဖြစ်စေ၏။

တဏ္ဍုလော ဘဋ္ဌပိဋ္ဌဇ္ဇု။ ။မချက်အပ်ဘဲ လှော်အပ်သော ဆန်ကို “တဏ္ဍု-လော”ဟု ဆိုသည်၊ “ဘဋ္ဌ-လှော်အပ်သော+ပိဋ္ဌ-ကြိတ်ချေ ထောင်းထုအပ်သော အမှုန့်”ဟူသည် စပါးအဖြစ်တုန်းက လှော်အပ်သည် မဟုတ်၊ ဆန်မှုန့်အဖြစ် ရောက်မှ လှော်အပ်သော အမှုန့်တည်း။ ထို့ကြောင့် ဋီကာဟောင်း၌ “ဘဋ္ဌ-ပိဋ္ဌန္တိ ပုဗ္ဗေ အာမကံ ပစ္ဆာ ဘဇ္ဇိတဗ္ဗံ (ရှေးတုန်းက အစိမ်းဖြစ်၍ နောက်မှ လှော်ထိုက်သော အမှုန့်)”ဟု ဖွင့်သည်၊ ဤပုဒ်လည်း “ဘဇ္ဇိတပိဋ္ဌံ ဝါ။ပ။ နု ပဝါရေန္တီ”ဟူသော အဋ္ဌကထာမှယူအပ်သော ပုဒ်တည်း။]

ပုထုကာ။ ။“ပုထုကာတိ သာလိအာဒီနံ ပုထုကာ-သလေး စသော စပါး တို့၏ မုံ့ဆန်း”ဟု ဋီကာသစ် ဖွင့်၏၊ သလေးစပါး စသည်တို့မှာဖြစ်သော်လည်း

သော ယာဂုသည်ရင်း။ရသောပိ စ၊ ကျက်ပြီးသော ငါးရည် အသားရည်သည်ရင်း။ သုဒ္ဓယာဂု၊ ငါးရည် အသားရည်မဖက် သက်သက်သော ယာဂုသည်ရင်း၊ ဖလာဒီနိ၊ သစ်သီးအစရှိသည်ဘို့သည်ရင်း။ [အာဒိဖြင့် သစ်မြစ် သစ်ဥ အစရှိသည်ဘို့ကိုယူ။] ပဝါရဏံ၊ ပယ်မြစ်ခြင်းကို။ နဂေနန္တိ၊ မဖြစ်စေကြကုန်။ [ပဝါခိုတ်မသင့်စေနိုင် ဟူလို။] (ဝိ ဋ ၃-၉၀၊ကခ်ါ ဋ-၂၂၀-၁)

ကောင်းကောင်း မမှည့်သေးသောစပါး၏ အဆန်ဖြစ်သောကြောင့် ပဝါရိတ်ကို မဖြစ်စေ။

ဝေဠု၊ပေ၊ သေသာနံ။ ။"ဝုတ္တေဟိ သတ္တဝိဓေဟိ ဓညေဟိ အဝ-သေသာနံ"-ဟု ဋီကာသစ်ဖွင့်သောကြောင့် ပြအပ်ပြီးသော စပါးမျိုး ၇-ပါး တို့မှ ကြွင်းသော ဝါး အစရှိသည်တို့၏ ဆန်မှဖြစ်သောထမင်း၊ [ထပေတ္ဝာ ဝုတ္တ-ဓညာနံ တဏ္ဍုလေ အညေဟိ ဝေဠုတဏ္ဍုလာဒီဟိ ဝါ ကန္ဒမူလဖလေဟိ ဝါ ယေဟိ ကေဟိစိ ကတံ ဘတ္တံပိ ပဝါရဏံ နဂေနတိ"ဟူသော အဋ္ဌကထာမှ ယူအပ်သောပုဒ်တည်း။]

ရသယာဂု ရသောပိ စ။ ။ရသယာဂူတို ရသေဟိ (အရည်ဖြစ်ကုန်သော) ပက္ကမံသာဒီဟိ သမ္မိဿာ ယာဂု-ချက်အပ်သော သားငါးတို့၏ အရည်တို့ဖြင့် ရော အပ်သော ယာဂု။ ရသောပိ တာဒိသောဝ-ထိုကဲ့သို့ ရှုအပ်သော အရည်သာ တည်း။["သုဒ္ဓရသကော ပန ရသကယာဂု ဝါ နဂေနတိ"ဟူသော အဋ္ဌကထာမှ ယူအပ်သော စကားတည်း။ သား ငါး အဖတ်မပါ, အသားရည် ငါးရည်သာ ဖြစ်သောကြောင့် ပဝါရိတ်ကို မဖြစ်စေ။]

သုဒ္ဓယာဂု ဖလာဒီနိ။ ။သား ငါး မပါသော ယာဂု သက်သက်ကို "သုဒ္ဓ-ယာဂု"ဟု ဆိုသည်၊ သစ်သီးကြီးငယ်တို့လည်း ပဝါရိတ်ကို မဖြစ်စေ။

အတိရိတ်ဝိနည်း မပြုသင့်ရာများ

၈၁။ ပဝါရိတေန ဝုဋ္ဌာယ၊ အာဘုတ္တောန စ ဘောဇနံ။
အတိရိတ္တံ န ကာတဗ္ဗံ၊ ယေန ယံဝါ ပုရေ ကတံ။

၈၁။ ပဝါရိတေန၊ ပဝါရိတ်သင့်ပြီးသော ရဟန်းသည်။ ဝုဋ္ဌာယ၊ နေရာမှ ထပြီး၍။ အတိရိတ္တံ၊ အတိရိတ်ဝိနည်းကံကို။ န ကာတဗ္ဗံ၊ မပြုထိုက်။ ဘောဇနံ၊ ဘောဇဉ်တပါးပါးကို။ အာဘုတ္တောန စ၊ စားပြီး မဟုတ်သော ရဟန်းသည်လည်း။ အတိရိတ္တံ၊ အတိရိုတ်ဝိနည်းကံကို။ န ကာတဗ္ဗံ၊ မပြုထိုက်။ ယေန၊ အကြင်ရဟန်းသည်။ ယံ၊ အကြင်ခဲဘွယ်ဘောဇဉ်ကို။ ပုရေ၊ ရှေး၌။ ကတံ၊ အတိရိတ်ဝိနည်းကံ ပြုအပ်ပြီ။ တေန ဧဝ၊ ထိုရဟန်းသည်သာ။ တံ ဧဝ၊ ထိုခဲဘွယ်ဘောဇဉ်ကိုသာ။ အတိရိတ္တံ၊ အတိရိတ်ဝိနည်းကံကို။ န ကာတဗ္ဗံ၊ မပြုထိုက်။ (ဝိ ၂- ၁၁၁၊ ဝိ ဋ္ဌ ၃- ၉၅-၆၊ ကင်္ခါ ဋ္ဌ- ၂၂၂)

ပဝါရိတေန ဝုဋ္ဌာယ။ ။ပဝါရိတ်သင့်ပြီးသော ရဟန်းသည် အတိရိတ်ဝိနည်းကံပြုပေးမည့် ဝိနည်းဓိုရ်လုပ်ခွင့်ကြုံလာလျှင် ပဝါရိတ်သင့်ရာ နေရာမှ ထပြီး၍ အတိရိတ်ဝိနည်းကံမပြုရ၊ ဘာ့ကြောင့်နည်း—"အလမေတံ သဗ္ဗံ-ဤအားလုံးကို ငါတော်ပြီ"ဟု ဆိုဘို့ရာ သူကိုယ်တိုင်ပင် မစားကောင်းသော အစာဖြစ်သောကြောင့်တည်း၊ မှန်၏—"စားထိုက်သော အစာကိုသာ ငါတော်ပြီ"ဟု ဆိုနိုင်၏၊ ထိုအစာမှာ ပဝါရိတ်သင့်နေသော သူကိုယ်တိုင်ပင် မစားကောင်းသော အစာဖြစ်နေလေသည်။

အာဘုတ္တောန စ ဘောဇနံ။ ။ဘောဇဉ် တပါးပါးကို ဆွမ်းတလုံးမျှဖြစ်စေ စားပြီးသော ပုဂ္ဂိုလ်သည်သာ ဝိနည်းဓိုရ်လုပ်နိုင်၏၊ အနည်းငယ်မျှ စားပြီးမဟုတ်လျှင် "အလမေတံ သဗ္ဗံ-ယခုယူလာသော အစာကို ငါတော်ပြီ, ငါဝပြီ" ဟု မဆိုနိုင်သောကြောင့်တည်း။

ယေန ယံဝါ ပုရေ ကတံ။ ။အကြင် ဦးတီးသည် ဝိနည်းဓိုရ်လုပ်၍ ရှေးက အကြင်ခဲဘွယ်ဘောဇဉ်ကို အတိရိတ်ဝိနည်းကံပြုပေးဘူး၏၊ ထိုဦးတီးသည်သာ ထိုခဲဘွယ်ဘောဇဉ်ကိုသာထပ်၍ အတိရိတ်ဝိနည်းကံ ပြုမပေးကောင်း၊

အတိရိတ်ဝိနည်းကံ ပြုပုံ

၈၂။ ကပ္ပိယံ ဂယိတဥ္စေဝု-စ္စာရိတံ ဟတ္ထပါသင်္။
အတိရိတ္တံ ကရောန္တေဝံ၊ အလမေတန္တိ ဘာသတူ။

၈၂။ ကပ္ပိယံ စေဝ၊ ကပ္ပိပြီးလတ် အပ်စပ်သည်လည်း ဖြစ်ထသော။ ဂဟိ-တဥ္စေဝ၊ အကပ်ခံအပ်ပြီးသည်လည်းဖြစ်ထသော။ ဥစ္စာရိတံ စေဝ၊ မြှောက်ချီ အပ်သည်လည်းဖြစ်ထသော။ ဟတ္ထပါသင်္ စေဝ၊ ဟတ္ထပါသ်သို့ ရောက်သည်

ဘာ့ကြောင့်နည်း—ရှေးက "ငါတော်ပြီ"ဟု ပယ်အပ်ပြီးသော အာဟာရကိုပင် "ငါတော်ပြီ"ဟု ထပ်၍ ပယ်ရာရောက်သေးကြောင့်တည်း။

မှတ်ချက်။ ။"ယံဝ"ဟု ဆိုလိုလျက် ဒီဃပြု၍ "ယံဝါ"ဟု ဆိုထား၏၊ "ယံ+ဧဝ"ဟု ပုဒ်ဖြတ်၊ ထိုဧဝကို အပိုထည့်အပ်သော နိယမဝါစက တ-သဒ္ဒါနှင့် တဲ့၍ နိဿယအတိုင်း အနက်ပေးရသည်။

ဧဝသဒ္ဒါ၏ အနုညာတအနက်။ ။"တေနေဝ, တံဝ"ဟု ဆိုသောကြောင့် ဧဝသဒ္ဒါဖြင့် "ထိုဦးတီဿသည်သာ ထိုခဲဘွယ်ဘောဇဉ်ကိုသာ ထပ်၍ အတိရိတ်ဝိနည်းကံ မပြုကောင်း၊ အခြားခဲဘွယ်ဘောဇဉ်ကိုကား အတိရိတ်ဝိနည်းကံ ပြုကောင်း၏ဟုဆိုင်း ဦးတီဿမှတပါး အခြားရဟန်းသည် ထိုပြုအပ်ပြီးသော ခဲဘွယ်ဘောဇဉ်ကို ထပ်၍ အတိရိတ်ဝိနည်းကံ ပြုကောင်း၏ဟုဆိုင်း"ခွင့်ပြုသည်။ ဤအဓိပ္ပါယ်ကို ရည်ရွယ်၍ "ဧဝသဒ္ဒါ၊ ရှိလေရာ၊ ရံခါ အနုညာတထုတ်မြဲ"ဟု ရှေးဆရာတို့ နိယာယ်ဆိုကြသည်။

ကပ္ပိယံ။ ။အတိရိတ်ဝိနည်းကံ ပြုဘို့ရန်ဖြစ်သော ခဲဘွယ်ဘောဇဉ် အားလုံးသည် စားဘို့ရန် အပ်စပ်သော အာဟာရချည်း ဖြစ်စေရမည်၊ "ကပ္ပိထိုက်သော သစ်သီး သစ်မြစ် သစ်အုဖြစ်လျှင် ကပ်ပြီး ဖြစ်စေရမည်၊ မုံခဲဘွယ်ဘောဇဉ်ဖြစ်လျှင် ဝိနည်းတော်နှင့်လျော်သော အပ်စပ်သော (မအပ်သော အသားကြီး ၁၀-ပါးလည်း မပါသော) ဘောဇဉ် ဖြစ်စေရမည်"ဟူလို၊ အချုပ်မှာ—"အတိရိတ်ဝိနည်းကံ ပြုပေးမည့် ဝိနည်းဓိုရ်သည် စားလိုလျှင် စားနိုင်လောက်အောင် အပ်သော အာဟာရချည်း ဖြစ်ရမည်"ဟူလို။

လည်းဖြစ်သော ခဲဘွယ်ဘောဇဉ်ကို။ အတိရိတ္တံ၊ အတိရိတ်ဝိနည်းကံကို။ ကရောန္တော၊ ပြုသောဝိနည်းဓိုရိပုဂ္ဂိုလ်သည်။ အလမေတန္တိ၊ အလမေတံ သဗ္ဗံ ဟူ၍။ ဧဝံ၊ ဤသို့။ ဘာသတု၊ ဆိုပါလေ့။ [ပါဠိတော်၌ "အလမေတံ သဗ္ဗံ"ဟု သဗ္ဗံ ပုဒ်ပါသည်။ ဧတံ သဗ္ဗံ၊ ဤအလုံးစုံသည်။ အလံ၊ ငါ့အား တော်ပြီ။ "ငါ၏အကျန်ဖြစ်ပြီ"ဟူလို။] (ဝိ ၂-၁၁၁၊ ဝိဋ္ဌ ၃-၉၆၊ ကင်္ခါ ဋ္ဌ-၂၂၃)

ဂဟိတံ။ ။"ပဋိဂ္ဂဟိတံ(အကပ်ခံအပ်ပြီး)"ဟု ဆိုလိုလျက် ဂါထာဖြစ်သောကြောင့် ဆန်းကိုဏ်းသင့်အောင် "ဂဟိတံ"ဟု ဆိုသည်။

ဥစ္စာရိတံ။ ။အတိရိတ်ဝိနည်းကံ ပြုပေးဘို့ရန် လာသော ရဟန်းသည် ထိုခဲဘွယ်ဘောဇဉ်ပါသော သပိတ်(ခွက်)စသည်ကို ဝိနည်းဓိုရိဘက်သို့ ရွှေးရွ မြောက်ချီထားရမည်၊ သို့မဟုတ် ဝိနည်းဓိုရိဘက်သို့ ညွှတ်စေရမည်။

ဟတ္ထပါသင်္ကံ။ ။ထိုခဲဘွယ်ဘောဇဉ်ကို ဝိနည်းဓိုရိ၏ ဟတ္ထပါသ်အတွင်းသို့ ရောက်ပြီးဖြစ်စေရမည်၊ [ဟတ္ထပါသေ-၌+ဂစ္ဆတိ-ရောက်နေ၏၊ ဣတိ ဟတ္ထပါ-သင်္ကံ။]

အလမေတန္တိ ဘာသတု။ ။ကပ္ပိယ, ပဋိဂ္ဂဟိဿ, ဥစ္စာရိတ, ဟတ္ထပါသဂတ ဖြစ်သော ခဲဘွယ်ဘောဇဉ်ကို အတိရိတ်ဝိနည်းကံ ပြုပေးသော ဝိနည်းဓိုရိ ပုဂ္ဂိုလ်သည် "အလမေတံ သဗ္ဗံ"ဟု ဆို၍ အတိရိတ်ဝိနည်းကံ ပြုရမည်။

အလမေတံ။ ။အလံကို "သင့်တော်လောက်ပြီ"ဟု ပရိယတ္တာအနက်ယူ၍ "ဣဒမ္မို ဝေါ အဓိကံ-ဤအစာသည် ပဝါရိတ်သင့်ထားသော သင့်အတွက် အပို အလွန် ရအပ်သော အစာဖြစ်၏၊ ဣတော အညံ နု လစ္ဆသီတိ အတ္ထော-ဤမှ တပါး ရလိမ့်မည်မဟုတ်"ဟု ဤခုဒ္ဒသိက္ခာဒ္ဒီကာဖွင့်၏၊ ကင်္ခါဒ္ဒီကာသစ်လည်း သဘောတူဖွင့်၏၊ ထိုအဖွင့်၏ မသင့်ကြောင်းကို ကင်္ခါနှင့် ပါတိမောက်ဘာသာ ဋ္ဌီကာတို့၌ ပြထားပြီ၊ မိမိကား–"အလံ-ငါတော်ပြီ"ဟု ပဋိက္ခေပအနက်ကိုသာ ယူလိုပါသည်။

မှတ်ချက်။ ။အတိရိတ်ဝိနည်းကံပြုရာ၌"အင်္ဂါ ၇-ပါးရှိ၏"ဟု ပါတိမောက် ဘာသာဋ္ဌီကာဝယ် ပြခဲ့၏၊ ဤ၌ ကပ္ပိယဖြစ်ခြင်းမှစ၍ "အလမေတံ သဗ္ဗံ"ဟု

ပြု-မပြုကောင်းနှင့် စား-မစားကောင်း

၈၃။ နှ ကရေနုပသမ္ပဒန္တ-ဟတ္ထကံ ပေသယိတ္ဘာပိ။
ကာရေတုံ လဘတေ သတ္ထော၊ ဘုဉ္ဇိတုံ တ-မကာရကောတိ။

၈၃။ အနုပသမ္ပန္နဟတ္ထကံ၊ လူသာမဏေ၏ လက်၌ ရောက်သော ခဲဘွယ်ဘောဇဉ်ကို။ (အတိရိတ္တံ၊ အတိရိတ်ဝိနည်းကံကို။) နှ ကရေ၊ မပြုရာ။ ပေသယိတ္ဘာပိ၊ ရဟန်းရှင်လူ အခြားသူကို စေခိုင်း၍လည်း။ (ပိဖြင့် မစေလွှတ်ခြင်းကိုပေါင်း။) ကာရေတုံ၊ ပြုစေခြင်းငှါ။ လဘတော၊ ရ၏။ တံ၊ ထိုအတိရိတ်ဝိနည်းကံပြုအပ်ပြီးသောခဲဘွယ်ဘောဇဉ်ကို။ အကာရကော၊ အတိရိုတ်ဝိနည်းကံပြုသော ဝိနည်းဓိုရ်ရဟန်းမှ တပါးသော။ (အသဒ္ဓါသည် အညအနက်ဟော။) သတ္ထော၊ ပဝါရိတ်သင့် မသင့်သော ရဟန်းအားလုံးသည်။ ဘုဉ်္ဇိတုံ၊ စားခြင်းငှါ။ လဘတော၊ ရ၏။ ဣတိ၊ ပဝါရဏာနှင့်စပ်၍မှတ်ဘွယ်အပြီးတည်း။
(ဝိ ဋ္ဌ ၃-၉၆)

ရွတ်ဆိုခြင်းတိုင်အောင် အင်္ဂါ ၅-ပါးသာ ပြထား၏၊ ထိုသို့ပြုရာ၌ ပဝါရိတ်သင့်သော ရဟန်း၏ နေရာမှ မထရခြင်းအင်္ဂါကိုဂုဏ်း ဝိနည်းဓိုရ်၏ စားပြီးဖြစ်ခြင်းအင်္ဂါကိုဂုဏ်း ရွှေဂါထာ၌ "ပဝါရိတေန ဝုဋ္ဌာယ နှ ကာတဗ္ဗံ, အဘုတ္တေန နှ ကာတဗ္ဗံ"ဖြင့် ပြပြီးဖြစ်သောကြောင့် ဤဂါထာ၌ ထပ်၍ မပြခြင်း ဖြစ်သည်ဟု မှတ်ပါ။

နှ ကရေ၊ပေ၊ဟတ္ထကံ။ ။ရဟန်းမဟုတ်သူ လူသာမဏေတို့၏ လက်၌ ရောက်နေသော ခဲဘွယ်ဘောဇဉ်ကို အတိရိတ်ဝိနည်းကံ မပြုကောင်း၊ ရဟန်းတပါးပါး၏ လက်၌ရှိသော ခဲဘွယ်ဘောဇဉ်ကိုသာ ဝိနည်းကံ ပြုကောင်း၏။

ပေသယိတ္ဘာပိ ကာရေတုံ လဘတေ။ ။ပဝါရိတ်သင့်ပြီးသော ရဟန်းသည် ဆွမ်းခံစဉ် အိမ်တအိမ်မှ ဆွမ်းစားပင့်သောကြောင့်. စားလိုသည်ရှိသော်မိမိ၏ အနီးအပါး၌ အတိရိတ်ဝိနည်းကံ ပြုပေးမည့် ဝိနည်းဓိုရ်ပုဂ္ဂိုလ် မရှိလျှင် ခဲဘွယ်ဘောဇဉ်ထည့်ရာသပိတ် (ခွက်) စသည်ကို ဝိနည်းဓိုရ်ရှိရာသို့ အပို့ခိုင်း၍လည်း ဝိနည်းကံကို ပြုစေနိုင်၏၊ သို့သော် လူသာမဏေကို အပို့ခိုင်းရာ၌ လူ

သာမဏေ၏လက်၌မဟုတ်ဘဲ အခြားရဟန်းတပါးပါး၏ လက်၌ရှိသော သပိတ်ကိုသာ အတိရိတ်ဝိနည်းပြုကံသည်ကို ရည်ရွယ်၍ "နံ ကရေနုပသမ္ပန္နဟတ္ထံ"ဟု ဆိုသည်။

မှတ်ချက်။ ။အဌကထာ၌ စေခိုင်း၍ ပြုနိုင်ကြောင်းကို ပဌမ, အနုပသမ္ပန္နလက်၌ရှိသော ခဲဘွယ်ဘောဇဉ်ကို မပြုနိုင်ကြောင်းကို ဒုတိယ ဆိုထား၏။ ဤ၌ ဂါထာဖြစ်သောကြောင့် ပဌမကို ဒုတိယ, ဒုတိယကို ပဌမ ဆိုထားသည်ဟု မှတ်ပါ။

လဘတေ သပ္ပေါ၊ ပေါ အကာရကော။ ။ထို အတိရိတ်ဝိနည်းကံပြုအပ်သော ခဲဘွယ်ဘောဇဉ်ကို (ဝိနည်းကံပြုပေးသော ဝိနည်းဓိုရ်မှတပါး) အခြားသော ပဝါရိတ်သင့်ပြီး မသင့်သေးသော ပုဂ္ဂိုလ်အားလုံး စားခွင့်ရသည်။

ဋီကာသစ်။ ။တံ အတိရိတ္တကတံ အကာရကော အတိရိတ္တကာရကတော အညော သပ္ပေါ ပဝါရိတောပိ အပ္ပဝါရိတောပိ ဘုဉ္ဇိတုံ လဘတေ၊–အတိရိတ်ဝိနည်းကံပြုပေးသော ဝိနည်းဓိုရ်ကား "အလမေတံ သပ္ပံ-ဒီအားလုံးကို ငါတော်ပြီ, မစားတော့"ဟု ဆိုသောကြောင့် ထိုခဲဘွယ်ဘောဇဉ်ကို စားခွင့်မရ၊ ဤအဓိပ္ပါယ်ကိုထောက်၍ "အလံ-တော်ပြီ"ဟူသော ပဋိက္ခေပအနက်သာ သင့်ကြောင်း, "အလံ-သင့်အတွက် တော်လောက်ပြီ"ဟူသော အနက်က မသင့်ကြောင်း သာ၍ သိသာပါသည်။

ကာလိကနိဒ္ဒေသ

ကာလိကာတိ၊ "ကာလိကာ"ဟူသော ဥဒ္ဒေသ၏။ (နိဒ္ဒေသော၊ နိဒ္ဒေသကား—)

ကာလိက ၄-ပါး

၈၄။ ပဋိဂ္ဂဟိတာ စတ္တာရော၊ ကာလိကာ ယာဝကာလိကံ။
ယာမကာလိကံ သတ္တာဟ-ကာလိကံ ယာဝဇီဝိကံ။

၈၄။ ပဋိဂ္ဂဟိတာ၊ အကပ်ံခံအပ်ပြီးကုန်သော။ ကာလိကာ၊ ကာလိကတို့သည်။ စတ္တာရော၊ ၄-ပါးတို့တည်း။ ယာဝကာလိကံ၊ ယာဝကာလိကဂုဏ်း။ ယာမကာလိကံ၊ ယာမကာလိကဂုဏ်း။သတ္တာဟကာလိကံ၊ သတ္တာဟကာလိကဂုဏ်း။ ယာဝဇီဝိကံ၊ ယာဝဇီဝိကဂုဏ်းတည်း။ (ဝိ ၂-၁၁၇၊ ဝိ ဋ္ဌ ၃-၁၀၄-၅)

ပဋိဂ္ဂဟိတာ၊ ပေ၊ ကာလိကာ။ ။အကပ်မခံအပ်သေးသောပစ္စည်းကို ယာဝကာလိက စသည်ဖြင့် မခေါ်ဝေါ်နိုင်သေး၊ အကပ်ခံအပ်ပြီးဖြစ်လျှင် အကပ်ခံချိန်မှစ၍ ယာဝကာလိက စသည်ဖြင့် ခေါ်နိုင်၏၊ ထို့ကြောင့် "ပဋိဂ္ဂဟိတာ"ဟု ဆိုသည်၊ ကာလော ဇေတသံ အတ္ထိတိ ကာလိကာ၊ ဇေတသံ-ဤ အာဟာရတို့၏၊ ကာလော(မွန်းတည့်ကာလ , ညဉ့်ယာမ်ကာလ , ခုနစ်ရက်-ကာလ , တသက်လုံးကာလဟု ပိုင်းခြားအပ်သော) ကာလသည်။ အတ္ထိ၊ ရှိ၏။ ဣတိ ကာလိကာ။

စတ္တာရော။ ။ထိုကာလိကတို့သည် ယာဝကာလိက-စသောအားဖြင့် ၄-ပါးပြားကုန်၏။ အာဟာရကိုငဲ့၍ "ကာလိကာ"ဟု ပုလ္လိင်ဖြင့်ထားပြီးလျှင် စားဘွယ် သောက်ဘွယ်ဝတ္ထုကိုငဲ့၍ "ယာဝကာလိကံ"စသည်ဖြင့် နပုလ္လိင် ထားသည်၊ ဒုကာသစ်၌ကား "အတ္ထ"ကိုငဲ့၍ ပုလ္လိင်ထား၏-ဟု ဆိုသည်။ [ယာဝ-ကာလိက စသည်တို့၏ ဝစနတ္ထကို နောက်အကျယ်ရောက်မှ ပြအံ့။]

ယာဝကာလိကဝတ္ထုများ

၈၅။ ပိဋ္ဌံ မူလံ ဖလံ ခဇ္ဇံ၊ ဂေါရသော ဓညဘောဇနံ။
ယာဂုသူပပွဘူတယော၊ ဟောန္တေ ယာဝကာလိကာ။

၈၅။ ပိဋ္ဌံ၊ အမှန့်ခဲဘွယ်ထင်း။ မူလံ၊ အမြစ်ခဲဘွယ်ထင်း။ ဖလံ၊ အသီးခဲဘွယ် ထင်း။ ခဇ္ဇံ၊ မုံခဲဘွယ်ထင်း။ ဂေါရသော၊ (နွဲ့ရည်, နွဲ့ဓမ်း, ရက်တက် ဟူသော) နွားမ ဖြစ်သော အရသာ ၃-ပါးထင်း၊ ဓညဘောဇနံ၊ စပါးမျိုးမှ ဖြစ်သော ဘောဇဉ် ၃-ပါးထင်း။ ယာဂုသူပပွဘူတယော၊ ယာဂု, ဟင်းရည် အစရှိသော သောက်ဘွယ်တို့ထင်း။ (ဣတိ၊ ဤသို့။) ဧတေ၊ ဤအာဟာရတို့သည်။ ယာဝကံဝါလိကာ၊ ယာဝကာလိကတို့သည်။ ဝါ၊ မှန်းတည့်ကာလတိုင်အောင် သုံးဆောင်ရာကာလရှိသော အာဟာရတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။
(ဝိ ၂-၁၁၅၊ ဝိ ဋ္ဌ ၃-၉၉ ပိဋ္ဌဒီသု)

ပိဋ္ဌံ။ ။ပိသီယီတွ-ကြိတ်ချေအပ်ပြီ၊ ဣတိ ပိဋ္ဌံ-ထောင်းထု ကြိတ်ချေအပ်သော အမှုန့်၊ "ပိဋ္ဌခါဒနီယ" ဟု ဆိုလိုလျက် ဂါထာဖြစ်၍ "ပိဋ္ဌံ" ဟုဆိုထားသည်၊ ပါစိတ်-ဝိကာလဘောဇနသိက္ခာပုဒ် အဋ္ဌကထာ၌ "ပိဋ္ဌခါဒနီယေ သတ္တန္နံ တာဝကာလိကာနံ ဓညာနုလောမာနံ အပရဏ္ဏာနံ စ ပိဋ္ဌံ" စသည်ဖြင့် စပါးတို့၏ထင်း ဓညနှင့်လျော်သော ပဲတို့၏ထင်း ခဲစားဘွယ်ဖြစ်သော အမှုန့်သည် ပိဋ္ဌခါဒနီယ မည်၏၊ ပိန့်စေ့, တောင်ပိန့်စေ့, ဝဲးစေ့, [ဝဲးစေ့အနုသည် ဟင်းချက်စားရ၏၊] အင်ကြင်းစေ့, အခဲ့မပါအောင် သန့်စင်စေအပ်ပြီးသော ထန်းစေ့, အုန်မှန်းစေ့တို့၏ အမှုန့်သည်လည်း ပိဋ္ဌခါဒနီယ မည်၏၊ ဤသို့ စသည်ဖြင့် ထိုထိုမြို့နယ်တို့၌ ခဲဘွယ်ကိစ္စ ဘောဇဉ်ကိစ္စကို ပြီးစေသော အမှုန့် ခဲဘွယ်ဟူသမျှသည် ပိဋ္ဌခါဒနီယ မည်၏-ဟု သရုပ်ဖော်ထားသည်။

မူလံ။ ။အမြစ်ခဲဘွယ်ကိုလည်း "မုန်လာမြစ်(မုန်လာဥ), ဟင်းခါးမြစ်, ဟင်းခလာဖိုမြစ်, ဟင်းချဉ်နီမြစ်, ဟင်းဆန်ကဲမြစ်, ကြက်နှာပေါင်းမြစ်, ကင်ပိတ်မြစ်, ဟင်းခါးပန်းတူမြစ်" ဤသို့ စသည်ဖြင့် ဟင်းချက်၍ အချဉ်တယ်၍ စားကောင်းသော အမြစ်များကို သရုပ်ဖော်ထားသည်။

ဖလံ။ ။အသီးခဲဘွယ်ကိုလည်း ပိန္နဲသီး, တောင်ပိန္နဲသီး, ထန်းသီး, အုန်းသီး, သရက်သီး, သပြေသီး, ဝေးသီး, မန်ကျည်းသီး, မာတုလုင်္ဂ-ရှောက်သီး, (ရှောက်ကြီး, သမ္ဘာရီ), သီးသီး, ဗူး, ဖရုံ, သခွါးငပြုတ်, တည်သီး, သခွါးဆစ်စသည်ဖြင့် သရုပ်ဖော်ထားသည်။

မှတ်ချက်။ ။မွန်းမလဲ့မီသာ စားကောင်းသော ဤယာဝကာလိကအသီးတို့၌ "ရှောက်သီး"ပါနေ၏၊ မာတုလုင်္ဂပုဒ်၏အနက်ကို အာဘယာရာမဆရာတော်၏ အာဘိဓာန်နီဿယ (၅၇၇)၌ ရှုပါ၊ ယာဝကာလိက၏ အချုပ် မှတ်ဘွယ်လက္ခဏာမှာ ထမင်းအဖြစ်, ဟင်း, ဟင်းလျာ လက်သုတ်အဖြစ်ဖြင့် စားလေ့ရှိခြင်းတည်း။ သံပုရာသီးကို ဟင်းလျာ လက်သုတ် မလုပ်ကြ၊ ရှောက်သီးကိုကား ဟင်းလျာအဖြစ် ဓာတ်စာအဖြစ်ဖြင့် လက်သုတ် လုပ်ကြ၏၊ ထို့ကြောင့် ရှောက်သီးကို နေလွဲအခါ၌ သုံးစွဲလိုလျှင် မန်ကျည်းရည်ကဲ့သို့ လူသာမဏေတို့ကို သကြားရည် ထန်းလျက်ရည် စသည်၌ ထည့်စေပြီးလျှင် အဖတ်မပါအောင် စစ်စေပြီးမှ အကပ်ခံကောင်း၏၊ ဆေးဖြင့်ရော၍ သောက်လိုလျှင်လည်း ရေအနည်းငယ်ဖြင့် ရှောက်ရည်ကို ရောပြီးလျှင် စစ်ပြီးမှ အကပ်ခံကောင်း၏-ဟု မှတ်ပါ။

ခဇ္ဇံ။ ။ခါဒဓာတ်, ဏျု ပစ္စည်းဖြင့်ပြီးသော ခဇ္ဇပုဒ်ကိုလည်း "ခါဒိတဗ္ဗံ-ခဲစားထိုက်၏၊ ဣတိ ခဇ္ဇံ"ဟုပြုရသောကြောင့် ပြအပ်ခဲ့သော ခါဒနီယနှင့် သဘောတူပင် ဖြစ်၏၊ သို့သော် ပါရိဿသနည်းအားဖြင့် ထို ၃-မျိုးမှ ကြွင်းသော သက္ခလိ (မုံကြွက်ကြွစ်), မောဒက(လင်္ဖုံးမုံ့, တနည်း-ကတ္တတ်မုံ့)အစရှိသော စပါးမျိုး ပဲမျိုးတို့မှဖြစ်သော မုံ့မျိုးကို "ခဇ္ဇ"ဟု ဆိုလိုသည်၊ [ခဇ္ဇန္တိ သက္ခလိမောဒကာဒိ ပုဗ္ဗဏ္ဏာပရဏ္ဏမယံ ခါဒနီယဉ္စ-ဋီကာသစ်။]

ဂေါရသော ဓညဘောဇနံ။ ။ဂေါရသကို ရွေး၌ ပြခဲ့ပြီ၊ သို့သော် နဝနီတနှင့် သပိုမှာ သတ္တာဟကာလိကဖြစ်၍ ဤ၌ ဂေါရသ ၃-ပါးကိုသာ ယူရသည်၊ "ဓညဘောဇန"ဟူသည် "သာနုလောမာနံ ဓညာနံ (အနုလောမဖြစ်သော နီဝါရ စသည်တို့နှင့်တကွ စပါးမျိုး ၇-ပါးတို့၏) သြဒနသတ္တုကုမ္မာသသင်္ခါတ-ဘောဇနဉ္စ(သြဒန, သတ္တု, ကုမ္မာသ-ဟူသော ဘောဇဉ်တည်း၊)[ဘောဇဉ် ၅-ပါး

ယာမကာလိကအဖျော်မျှး

၈၆။ မဓုမဒ္ဒိကသာလုက-စောစမောစမဓုမဓုံ။
ဖာရုသံ နာဂိုသန္တတ္တံ၊ ပါနကံ ယာမကာလိကံ။

၈၆။ မဓုမဒ္ဒိကသာလုကစောစမောစမဓုံ၊ သစ်မည်စည်သီး,မုဒရက်သီး,ကြာစွယ်,တောင့်က်ပျောသီး,အိမ်ငှက်ပျောသီး,သရက်သီး,သပြေသီးတို့မှလည်းဖြစ်သော။ ဖာရုသံ၊ ဖက်သက်သီးမှလည်းဖြစ်သော။ နာဂိုသန္တတ္တံ၊ (နာ+အဂို+သန္တတ္တံ) မီးဖြင့် မချက်အပ်သော။ ပါနကံ၊ သောက်ဘွယ်အရည်သည်။ ဝါ၊ ဖျော်ရည်သည်။ ယာမကာလိကံ၊ ယာမကာလိကတည်း။ ဝါ၊ နောက်ဆုံးညဉ့်ယာမ်ကာလဟူသော သုံးဆောင်ရာ ကာလရှိသော သောက်ဘွယ်တည်း။ (ဝိ ၃-၃၄၄၊ ဝိ ဋ္ဌ ၃-၃၈၃)

ရှိသော်လည်း ဓညမှဖြစ်သော ဘောဇဉ်ကား ဤ ၃-ပါးသာတည်း၊ မစ္ဆ, မံသ ဘောဇဉ်တို့ကို ပဘုတိသဒ္ဒါဖြင့် နောက်၌ ယူလိမ့်မည်။]–ဋီကာသစ်။

ယာဂုသူပပဘုတယော။ ။ယာဂု, ပဲဟင်း, ပဘုတိဖြင့် ဓညဘောဇန ၃-မျိုးမှကြွင်းသော မစ္ဆ,မံသဘောဇဉ်ကိုဂင်း ပိဋ္ဌ, မူလ,ဖလ, ခါဒနီယ ၃-မျိုးမှကြွင်းသော သစ်အုခဲဘွယ်, ကြာစွယ် ကြာရင်း ခဲဘွယ်စသော ခဲဘွယ်, အညှန့် အရွက် အခေါက် အစေ့ အပွင့် ခဲဘွယ်စသော ခဲဘွယ်အမျိုးမျိုးကို သိမ်းယူသည်။

ယာဝကာလိကံ။ ။ကာလသဒ္ဒါသည် ရဟန်းတော်များ၏စားသောက်ခြိန်ဖြစ်သော အရုဏ်တက်မှစ၍ မွန်းတည့် တိုင်အောင် ကာလကို ဟော၏၊ ယာဝ-ကာလော အဿာတိ ယာဝကာလိကံ–ယာဝကာလိကံ-မွန်းတည့် ကာလတိုင်အောင် (စားရာကာလ) ရှိသော ဝတ္ထု၊ [ဋီကာဝိဂ္ဂဟ၊] "ယာဝကာလံ-စားခြိန်ကာလရှိသလောက်+ပရိဘုဉ္ဇိတဗ္ဗံတိ ယာဝကာလိကံ"ဟုလည်း တနည်းပြုပါ။

ယာမကာလိကံ။ ။ယာမကာလော အဿာတိ ယာမကာလိကံ-ညဉ့်၏ နောက်ဆုံးယာမ်ဟူသော သုံးဆောင်ရာကာလရှိသော အဖျော်ရည်၊ "ယာမ-

အနုလောမ ဖျော်ရည်များ

၈၇။ သာနုလောမာနိ ဓညာနိ၊ ဌပေတွာ ဖလဇော ရသော။
မဓုကပုပ္ဖမညတြ၊ သဇ္ဇော ပုပ္ဖရသောပိ စ။

၈၈။ သဇ္ဇပတ္တရသော စေဝ၊ ဌပေတွာ ပက္ကဒ္ဒုကဇ။
သီတောဒမဒ္ဒိတောဒိစ္စ-ပါကော ဝါ ယာမကာလိကော။

၈၇,၈။ သာနုလောမာနိ၊ စပါးအားလျော်သော သီးကြီး ၉-လုံး,ပဲတို့နှင့် တကွဖြစ်ကုန်သော။ဓညာနိ၊ စပါးသီးတို့ကို။ဌပေတွာ၊ ချန်ထား၍။ဖလဇော၊ အသီးမှ ဖြစ်သော။ ရသော၊ အရည်သည်၎င်း။ (ယာမကာလိကော၌စပ်၊) မဓုကပုပ္ဖံ၊ သစ်မည်စည်ပွင့်ကို။ အညတြ၊ ကြဉ်၍။ သဇ္ဇော၊ အလုံးစုံသော။ ပုပ္ဖရသောပိ စ၊ အပွင့်အရည်သည်၎င်း။ ပက္ကဒ္ဒုကဇံ၊ ကျက်သော ဟင်းရွက်မှ ဖြစ်သော ဟင်းရည်ကို။ ဌပေတွာ၊ ချန်ထား၍၊ သဇ္ဇပတ္တရသော စေဝ၊ အလုံးစုံ အရွက်ရည်သည်၎င်း။ သီတောဒမဒ္ဒိတော၊ ရေအေး၌ နယ်အပ် ဖျော်အပ်သည်။ (သမာနော ဝါ၊ ဖြစ်သော်၎င်း။)အာဒိစ္စပါကော၊ နေပူ၌ ကျက်ခြင်းရှိသည်။ (သမာနော ဝါ၊ ဖြစ်သော်၎င်း။) ယာမကာလိကော၊ ယာမကာလိကတည်း။ ဝါ၊ နောက်ဆုံးည၌ယာမ်ကာလ ဟူသော သုံးဆောင်ရာ ကာလရှိသော သောက်ဘွယ်တည်း။ (ဝိ ၃-၃၄၄၊ ဝိ ဋ္ဌ ၃-၃၈၃)

ကာလံ-ည၌ယာမ်ကာလ၌။ ပရိဘုဉ်တဗ္ဗံတိ ယာမကာလိက”ဟုလည်း တနည်းပြုပါ၊ ဤယာမကာလိက ဖျော်ရည် ၈-ပါးကို ပါတိမောက်ဘာသာ ဋီကာ၌ ပြဆားပြီ၊ ဤ ၈-ပါးကို မူလအဖျော်ရည်များဟု မှတ်ပါ။

သာနုလောမာနိ။ ။“ထန်းအုန်း ၂-ကဲ့၊ ပိန္နဲ ၂-စုံ၊ ဗူး ဖရုံ၊ မှတ်တုံ ၃-သခွါး”နှင့်အညီ ထန်း , အုန်း , အိမ်ပိန္နဲ, တောင်ပိန္နဲ , ဗူး, ဖရုံ , သခွါးငပြုတ် , သခွါးငကြောင် , သခွါးငဆစ် ဤ ၉-လုံးကို အသီးကြီး ၉-လုံးဟု ခေါ်၏။ စပါးမှ ဖြစ်သော ဆန်နှင့်တူရကား ဓညာနုလောမတို့တည်း၊ ပဲ ဟူသမျှလည်း ဓညာနုလောမပင်တည်း၊ ထိုအနုလောမဖြစ်သော အသီးကြီး , ပဲတို့နှင့်တကွဖြစ်သော

စပါးတို့ကို "သာနုလောမာနိ ဓညာနိ ဌပေတ္ဝာ"ဟု ဆိုသည်၊ ထို စပါး, ပဲ, အသီးကြီးတို့မှာ ယာဝကာလိကဖြစ်သောကြောင့် ယာမကာလိကဉ္စ် မသွင်းဘဲ ချန်ထားရသည်။

ဒ္ဒီကာသစ်။ ။တာလ နာဠိကေရပနသ လဗုဇ အလာဗု ကုမ္ဘဏ္ဍ ပုဿဖလ-တိပုသ ဋ္ဌောလုကဖလာနိတိ နဝ မဟာဖလာနိ, သဗ္ဗဥ္ဇ အပရဏ္ဏံ သတ္တ ဓညာနံ အနုလောမေန္တိတိ သဟ အနုလောမေဟိတိ သာနုလောမာနိ၊ သာနုလောမ-ဓညာနံ ပန ရသော ယာဝကာလိကော။

ဖလဇော ရသော။ ။ထိုအနုလောမန္နင့်တကွ စပါးမျိုးမှဖြစ်သော အသီး ရည်ကို ကြည့်၍ အသီးမှဖြစ်သောအရည် (အသီးရည်) ဟူသမျှသည် ယာမ-ကာလိကတည်း၊ ဤစကားဌ် မန်ကျည်းသီးဖျော်ရည်, ရှောက်သီး, လိမ္မော်သီး ဖျော်ရည်များ ပါဝင်သည်။

ပုပ္ဖရသောပိ စ။ ။သစ်မည်စည်ပွင့်ရည်မှ တပါးသော အပွင့်ရည်ဟူသမျှ သည် ယာမကာလိကတည်း၊ [သစ်မည်စည်ပွင့်ကိုကား အရက်ချက်ရာဌ် အသုံး ပြုနိုင်သောကြောင့် ပယ်ဟန် တူသည်။]

သဗ္ဗပတ္တရသော။ ။ဟင်းချက်ထားအပ်သော ယာဝကာလိကအရွက်ရည် ဟူသော ဟင်းရည်ကို ကြည့်၍ အလုံးစုံသော အရွက်ရည်သည် ယာမကာလိက တည်း။

သီတောဒ ၊ပေ၊ ပါကော ဝါ။ ။ပြအပ်ခဲ့သော ယာမကာလိက အသီးအပွင့် အရွက်များကို ဖျော်ရည်လုပ်သောအခါ ရေအေးဖြင့် နယ်၍(စိမ်၍)သော်လည်း လုပ်နိုင်၏၊ (တနည်း) နေပူလှမ်း၍သော်လည်း လုပ်နိုင်၏၊ မီးဖြင့်ကား "မချက်ကောင်း"ဟူလို၊ ထို့ကြောင့် မီးဖြင့်ချက်ထားသော လိမ္မော်ရည်စသည်များကို ဆရာတို့သည် ယာမကာလိကအဖြစ်ဖြင့် သုံးတော် မမူကြ၊ အဆီဖြစ်အောင် ချက်၍ ထိုအဆီရည်၏ အစက်အနည်းငယ်ကို သကြားရည်ဖြင့်ရောကာ လမနစ် (ဘိလပ်ရည်)လုပ်ရာဌ်ကား အဗ္ဘောဟာရိက-ဟု ယူကြသည်၊ ထို ဖျော်ရည် အားလုံးကို ကိုယ်တိုင် မစိမ်, မစစ်ရ၊ လူသာမဏေတို့က အမှုန် အဖတ် မပါ

သတ္တာဟကာလိကများ

၈၉။ သပ္ပိနောနီတတေလာနိ၊ မဓုဖာဏိတမေဝ စ။
သတ္တာဟကာလိကာ သပ္ပိ၊ ယေသံ မံသ-မဝါရိတံ။

၈၉။ သပ္ပိနောနီတတေလာနိ၊ထောပတ် , ဆီဦး , ဆီတို့သည်၎င်း။ မဓုဖာဏိတမေဝ စ၊ ပျားရည် တင်လဲသည်၎င်း။ သတ္တာဟကာလိကာ၊ သတ္တာဟကာလိကတို့မည်၏။၀။၊ ၇-ရက်ကာလဟူသော သုံးဆောင်ရာကာလရှိသော အာဟာရတို့မည်၏။ ယေသံ၊ အကြင်နွားစသော သတ္တ၀ါတို့၏၊ မံသံ၊ အသားကို။ အ၀ါရိတံ၊ မတားမြစ်အပ်။ (တေသံ၊ ထိုအပ်သော အသားရှိသော နွားစသော သတ္တ၀ါတို့၏။) သပ္ပိ၊ ထောပတ်သည်။ (သပ္ပိ၊ သပ့ဲ် မည်၏။)
(ဝိ ၁-၃၆၃၊ ဝိ ၂-၁၁၉၊ ဝိ ၃-၂၉၁)

အောင် စစ်ပြီးမှ အာကပ်ခံရကြောင်းကိုလည်း ရေသောက်သကဲ့သို့ မှတ်သိပ် ဆာလောင်မှ သောက်ကောင်းကြောင်းကိုလည်း သတိပြုပါ။

မှတ်ချက်။ ။လာဘက်ရွက်ဟူသော ပတ္တာသည် လာဘ်သုတ် ခါဒနီယအဖြစ်ဖြင့် စားလေ့ရှိသော ယာ၀ကာလိကအရွက်တည်း၊ အခြောက်လှမ်းထားသော်လည်း ရေနွေးဖြင့် ဖျော်လိုက်သောအခါ လာဘ်စိုနှင့် မထူးပြီ၊ ထို့ကြောင့် သီတောဒမဒ္ဒိတလည်း မဟုတ် အာဒိစ္စပါကလည်း မဟုတ်သော မီးဖြင့်ကျို ချက်အပ်သော လာဘ်ရည်ကို ပါနကအဖြစ်ဖြင့် မအပ်ဟူ၍ မှတ်ပါ။

သတ္တာဟကာလိကာ။ ။သတ္တာဟကာလော ယေသံတိ သတ္တာဟကာလိ-ကာ- သုံးဆောင်ဘို့ရာ ၇-ရက်ကာလရှိသော အာဟာရတို့။ "သတ္တာဟကာလံ-၇-ရက်ကာလပတ်လုံး+ပရိဘုဉ်တဗ္ဗာတိ သတ္တာဟကာလိကာ"ဟုလည်း တနည်းပြုပါ။

ယေသံ မံသ-မ၀ါရိတံ။ ။သပ္ပိ , နဝနီတ စသော သတ္တာဟကာလိကတို့၏ သရုပ်ကိုပြလို၍ "သပ္ပိ ယေသံ မံသ-မ၀ါရိတံ"ဟု မိန့်သည်၊ နွား ကျဲ စသော အကြင် သတ္တ၀ါတို့၏အသားကို "မအပ်"ဟု မတားမြစ်အပ်၊ အပ်သော အသား

တေလ, မဓု, ဖာဏိတသရူပ်

၉၀။ တေလံ တိလဝဿေရဏ္ဏ- မဓုသာသပသမ္ဘဝံ။
ခုဒ္ဒါဘမရမဓုကရိ-မက္ခိကာဟိ ကတံ မဓု။
ရသာဒိ ဥစ္ဆုဝိကတိ၊ ပက္ကာပက္ကာ စ ဖာဏိတံ။

၉၀။ တိလဝဿေရဏ္ဏမဓုသာသပသမ္ဘဝံ၊ နှုမ်း, သားငါးအဆီ, ကြက်ဆူစေ့, သစ်မည်စည်စေ့, မုန်ညင်းစေ့တို့မှဖြစ်ခြင်းရှိသောဆီသည်။ တေလံ၊ တေလ မည်၏။ ခုဒ္ဒါဘမရမဓုကရိမက္ခိကာဟိ၊ ပျာငယ်, ပျားပိတုန်းကြီး, အတံတို့၌ ပျားအုံပြုတတ်သော ယင်ပျားတို့သည်။ ကတံ၊ ပြုအပ်သောပျားရည်သည်။ မဓု၊ မဓု မည်၏။ ပက္ကာ စ၊ အဖတ်မပါဘဲ ချက်အပ်သည်မူလည်းဖြစ်သော့။ အပက္ကာ စ၊ မချက်အပ်သည်မူလည်းဖြစ်သော။ ရသာဒိ၊ ကြံရည်အစရှိသော၊ ဥစ္ဆုဝိကတိ၊ ကြံမှအထူးပြုအပ်သော စားဘွယ်သောက်ဘွယ်သည်။ဖာဏိတံ၊ ဖာဏိတမည်၏။ (ဝိ ဝ-၃၆၃၊ ဝိ ၂-၁၁၉၊ ဝိဋ္ဌ ၂-၂၉၃-၄)

ရှိသော ထိုသတ္တဝါအမတို့၏ နို့ရည်မှဖြစ်သော ထောပတ်ကို ဤသတ္တာဟာ-ကာလိကအရာ၌ "သပ္ပိ" ဟု မှတ်ပါ။

မှတ်ချက်။ ။မအပ်သော အသားရှိသော လူမိန်းမ မြင်းမစသည်တို့၏ နို့ရည်မှဖြစ်သော ထောပတ်သည် အပ်၏၊ သုံးစွဲကောင်းပါ၏၊ သို့သော် ၇-ရက်လွန်လျှင် ဒုက္ကဋ်ဟု (၁၀၀) ဂါထာ၌ ပြမည်ဖြစ်သောကြောင့် နိဿဂ်ပါစိတ်အာပတ် သင့်စေနိုင်သော ထောပတ်ကိုသာ ဤဂါထာ၌ ပြထားသည်ဟု မှတ်ပါ၊ [အကပ္ပိယမံသသပ္ပိနောပိ (မအပ်သော အသားရှိသော သတ္တဝါ အမတို့၏ ထောပတ်၏လည်း။) ကပ္ပိယသမ္ဘဝေ၊ (အပ်သည်၏ အဖြစ်၏ ဖြစ်သင့်ခြင်းရှိပါသော်လည်း။) တတ္ထ သတ္တာဟာတိက္ကမေ ဒုက္ကဋ္ဌဿ ဝက္ခမာနတ္တာ နိဿဂ်ိယ-ဝတ္ထုမေဝ စေတ္ထ ဒဿေတုံ ယေသံ မံသမဝါရိတန္တိ ဝုတ္တံ-ဋီကာသစ်။]

တေလံ၊ပေ၊သမ္ဘဝံ။ ။နဝနီတသည် ထောပတ်ကဲ့သို့ အပ်သောအသားရှိသော သတ္တဝါမှဖြစ်သောကြောင့် သပ္ပိနှင့် သဘောတူရကား အထူးမပြတော့ဘဲ

တေလ၏ သရုပ်ကို ပြုလိုသောကြောင့် "တေလံ"စသည်ကို မိန့်သည်၊ နှမ်းဆီ, သား ငါးတို့၏အဆီ, ကြက်ဆူဆီ, သစ်မည်စည်ဆီ, မုန်ညင်းဆီ ဤဆီမျှားသည် တေလ မည်၏၊ [ယခုခေတ် အသုံးမျှားသော ပဲဆီ, ယခုခေတ်ပေါ်နေသော သစ်ရွက်ဆီမျှားလည်း ဤတေလ၌ သွင်းယူသင့်သည်။]

ခုဒ္ဒါ၊ ပေ၊ မဓု။ ။မဓု၏သရုပ်ကိုပြသော ၂-ပါဒတည်း၊ (သစ်ခေါင်းပျား ငယ်ကို ခုဒ္ဒမဓုဟုဆိုရာ၏ ပျားပိတုန်း (ပျားကြီး) ကို ဘမရဟုဆိုရာ၏ သစ်ကိုင်း ဒုတ်တံတို့၌ အုံစဲ့သော ပျားအလတ်ကို မဓုကရိမက္ခိကာဟုဆိုရာ၏ ခေါ်၏၊ ဤသို့ ပျား ၃-မျိုးသည် ယခုခေတ်၌လည်း ထင်ရှား၏၊ ဘေသဇ္ဇသိက္ခာပုဒ်အဋ္ဌကထာ၌လည်း "မဓုကရိဟိ နာမ မဓုမက္ခိကာဟိ, ခုဒ္ဒကမက္ခိကာဟိ, ဘမရမက္ခိကာဟိ စ ကတံ မဓု"ဟု ပျား ၃ မျိုးပင် ပြထား၏၊ ဤဋီကာဟောင်း၌ ပျား ၃-မျိုးပင် ဖွင့်၏၊ ဋီကာသစ်၌ကား "ခုဒ္ဒ, ဘမရ ပျား ၂-မျိုးသာ ပြ၍ မဓုကရိမက္ခိကာကို ထို ၂-မျိုး၏ ဝိသေသနအဖြစ်ဖြင့် ဆိုသွားလေသည်မှာ အဋ္ဌကထာနှင့် မညီ။

ရသာဒိ၊ ပေ၊ ဖာဏိတံ။ ။ဖာဏိတ၏သရုပ်ကို ပြသော ၂-ပါဒတည်း၊ ရသာဒိ၌ အာဒိသဒ္ဒါဖြင့် "ဂုဠော စ ဖာဏိတံ ခဏ္ဍော"စသည်ဖြင့် အဘိဓာန် (၄၆၂)၌လာသော ကြံမှဖြစ်သော အရသာအားလုံးကို ယူပါ၊ [ဥစ္ဆုဝိကတိ၊ ကြံမှဖြစ်သော အထူးပြုအပ်သော စားဘွယ် သောက်ဘွယ်။]

ပက္ကာ-ပက္ကာ စ။ ။ကြံရည်သည် အဖတ်မပါလျှင် မချက်အပ်သည်ဖြစ်စေ ချက်အပ်သည်ဖြစ်စေ သတ္တဝါဟကာလိကဖြစ်သော ဖာဏိတပင်တည်း၊ ဂုဠ (သကာခဲ, ကြံသကာ)စသည်ကား ချက်အပ်ပြီးသော ပက္ကချည်းသာတည်း၊ [ရှေးခေတ်က ဥစ္ဆုဝိကတိကိုသာ ဖာဏိတဟု ယူရသော်လည်း ယခုခေတ်၌ ထန်းမှဖြစ်သော ထန်းရည်, ထန်းလျက်, သကာ, နယ်နှုစသော သောက်ဘွယ် စားဘွယ်မျှားသည် ဖာဏိတပင်တည်း။]

ချက်ကောင်း, မချက်ကောင်း

၉၁။ သဝတ္ထုပက္ကာ သာမံ ဝါ၊ ဝသာ ကာလေ အမာနုသာ။
အညေသံ နု ပစေ ဝတ္ထုံ၊ ယာဝကာလိကဝတ္ထုနံ။

၉၁။ ကာလေ၊ နံနက်အခါ၌။ သာမံ ဝါ၊ ကိုယ်တိုင်သော်၎င်း။ (ပရေဟိ ဝါ၊ သူတပါးတို့သည်၎င်း။) သဝတ္ထုပက္ကာ၊ ဝသာ၏တည်ရာအသားနှင့်တကွ ချက်အပ်သော။ အမာနုသာ၊ လူဆီမှတပါးသော။ ဝသာ၊ အဆီသည်။ (သတ္တာဟကာလိကာ သတ္တာဟကာလိကတည်း။) အညေသံ၊ သားငါးအဆီမှဘပါးကုန်သော။ ယာဝကာလိကဝတ္ထူနံ၊ ယာဝကာလိကဖြစ်သော တည်ရာဝတ္ထုရှိကုန်သော ထောပတ်အစရှိသည်တို့၏။ ဝတ္ထုံ၊ နှားနို့စသောဝတ္ထုကို၊ နပစေ။ ကိုယ်တိုင်မချက်ရာ။ (ဝိ ၃-၂၉၁-၂၊ ဝိ ဋ္ဌ ၂-၂၈၉၊ ကင်္ခါ ဋ္ဌ-၁၈၁)

သဝတ္ထူ၊ ပေ၊ အမာနုသာ။ ။"တိလဝသေရဏ္ဍ" ဟူသော စကားရပ်၌ ဝသာနှင့်စပ်၍ မှတ်ဘွယ်ကိုပြသော ၂-ပါဒတည်း၊ လူ၏အဆီမှ တပါးသော "အစ္ဆဝသာ-ဝံ(ဝက်ဝံ)၏ အဆီ, မစ္ဆဝသာ, သုသုကဝသာ (မကာရ်း၏အဆီ), သူကရဝသာ, ဂဒြဘဝသာ"ဟူသော ဤ ၅-မျိုးတို့၏အဆီသည် ဝသာ မည်၏။

ထိုသားဆီ ငါးဆီကို "အနုဇာနာမိ ဘိက္ခဝေ ပဉ္စဝသာနိ ဘေသဇ္ဇာနိ၊ပေ၊ ကာလေ ပဋိဂ္ဂဟိတံ-နံနက်၌ ကိုယ်တိုင် အကပ်ခံအပ်, ကာလေ နိပက္ကံ-နံနက်၌ ကိုယ်တိုင်ချက်အပ်, ကာလေ သံသဋ္ဌံ-နံနက်၌ အဖတ်နှင့် အဆီမရောအောင် ကိုယ်တိုင် စပ်အပ်သည်ကို တေလပရိဘောဂေန ပရိဘုဉ္ဇိတုံ-ဆီကို သုံးဆောင်နည်းဖြင့် သုံးဆောင်ဘို့ရန် ခွင့်ပြုတော်မူ၏။[မဟာဝါဟိဋ္ဌတော် ဘေသဇ္ဇကွန္ဓက။]

ဤသို့ ကိုယ်တိုင်အကပ်ခံ၍ ချက်နိုင်ဘို့ရန် ခွင့်ပြုတော်မူသောကြောင့် ဝသာအခိုက်တုန်းက အသားဖတ်တည်းဟူသော ဝတ္ထုပါရှိသော ယာဝကာလိကဖြစ်သော်လည်း ထိုဝတ္ထုတို့နှင့်တကွ ကိုယ်တိုင်သော်လည်း ချက်နိုင်၏၊ [ဝါသဒ္ဒါဖြင့် အကပ်ခံပြီးနောက် သူတပါးကိုသော်လည်း အချက်ခိုင်းနိုင်၏-ဟု အဝုတ္တဝုကပပုနတ္ထ အနက်ကို ယူပါ။]

မှတ်ချက်။ ။အစ္ဆသည် အသားကြီး ၁၀-ပါး၌ ပါဝင်သော မအပ်သော အသားရှိသော သတ္တဝါတည်း၊ ထိုအစ္ဆဝသာဖြင့် လူ၏အဆီမှတပါးသော မအပ်သော အသားရှိသော သတ္တဝါအားလုံး၏အဆီကို ယူနိုင်သည်၊ မစ္ဆဝသာဖြင့် အပ်သော အသားရှိသော ကြက်, ဋ္ဌက်, နွား, ကဲ့ အစရှိသောသတ္တဝါတို့၏အဆီကို ယူနိုင်သည်၊ [ဝသာ အစ္ဆာဒီနံ အကပ်ပိယာနံ, သူကရာဒီနံ ကပ်ပိယာနဉ္စ သတ္တာနံ ဝသာ-ဋီကာသစ်၊] ထို့ကြောင့် ယခုအခါ အားနည်းသော စာသင်သားတို့သည် ဆေးအဖြစ်ဖြင့် ညနေပိုင်း၌ ဗာလီတို့နှင့်မရောသော အသားဖတ် မပါအောင် စစ်ပြီးသော ငါးကြီးဆီ, ကြက်ဆီစစ်စစ်ကို သုံးနိုင်ပါသည်။

အညေသံ နပစေ ဝတ္ထုံ။ ။ဝသာအဆီ၌ ယာဝကာလိကဖြစ်သော ဝသာကို သီးခြား ခွဲခွဲပြုတော်မူချက်ကြောင့် ကိုယ်တိုင် ချက်ကောင်းသော်လည်း ယာဝကာလိကဝတ္ထုမှဖြစ်သော ထောပတ် ဆီဦးတို့၏ ဝတ္ထုဖြစ်သော ယာဝ-ကာလိက ခီရ, ဒဓိတို့ကိုကား ကိုယ်တိုင် မချက်ကောင်း၊ ချက်လျှင် သာမံပါက ဒုက္ကဋ်အာပတ်သင့်၍ ထို ထောပတ်, ဆီဦး, ဆီတို့လည်း စားဘို့ရာ မအပ် တော့ဟု မှတ်ပါ။

ယာဝကာလိကဝတ္ထုနံ။ ။ယာဝကာလိကံ+ဝတ္ထု ယေသံတိ ယာဝကာလိ-ကဝတ္ထူ-ယာဝကာလိကဖြစ်သော, တည်ရာဝတ္ထုရှိသော ထောပတ်, ဆီဦးတို့၊ ထို ယာဝကာလိကဝတ္ထုရှိသောထောပတ်, ဆီဦးတို့၏ဝတ္ထုဟူသည် ခီရ, ဒဓိတို့တည်း၊ ထို ဝတ္ထုတို့ကို ကိုယ်တိုင်ချက်လျှင် သာမံပါကဖြစ်သောကြောင့် ထိုထောပတ်ကို ဆွမ်းစသော အာမိသနှင့် ရော၍ မစားကောင်း၊ နို့ရည်စသော ဝတ္ထုနှင့်တကွ ချက်အပ်သောကြောင့် ညနေမှစ၍ နောက်ရက်တို့၌ ထိုထောပတ်သည် မအပ်တော့၊ ထိုနေ့နံနက်၌သော်မှလည်း မအပ်။

ယာဝဇီဝိက အမြစ်မျှး

၉၂။ ဟလိဒ္ဒိ သိင်္ဂိဝေရ၌၊ ဝစတ္တံ လသုဏံ ဝစာ။
ဥသီရံ ဘဒ္ဒမုတ္တ၌-တိဝိသာ ကဋ္ဌရောဟိဏီ။
ပဥ္စမူလာဒိကဉ္စာပိ၊ မူလံ တံ ယာဝဇီဝိကံ။

၉၂။ ဟလိဒ္ဒိ၊ နန္ဒင်းသည်၎င်း။ သိင်္ဂိဝေရ၌၊ ချင်းသည်၎င်း။ ဝစတ္တံ၊ ဆိတ်ဖုးသည်၎င်း။ လသုဏံ၊ ကြက်သွန်ဖြူသည်၎င်း။ ဝစာ၊ လင်းလေသည်၎င်း။ ဥသီရံ၊ ပန်းရင်းသည်၎င်း၊ ဘဒ္ဒမုတ္တ၌၊ နွားမြေရင်းသည်၎င်း။ အတိဝိသာ၊ တိဝုသ်သည်၎င်း။ ကဋ္ဌရောဟိဏီ၊ ကုလားဆောင်းမေးခါးသည်၎င်း။ ပဥ္စမူလာဒိကံ၊ ပဥ္စမူလအစရှိသော။ မူလဉ္စာပိ၊ အမြစ်သည်၎င်း။ တံ၊ ထို အသုံးစုံသည်။ ယာဝဇီဝိကံ၊ ယာဝဇီဝိကတည်း။ ဝါ၊ အသက်အပိုင်းအခြား တိုင်အောင် သုံးဆောင်ရာကာလရှိသောအမြစ်တည်း။ (ဝိ ၃-၂၉၂၊ ဝိဋ္ဌ ၃-၉၉)

ယာဝဇီဝိကံ။ ။ယာဝဇီဝံ အဿ အတ္ထီတိ ယာဝဇီဝိကံ၊ အဿ၊ ထိုဝတ္ထု၏။ ဝါ၊ ထိုအစာ၏။ ယာဝဇီဝံ၊ အသက်၏အပိုင်းအခြားသည်။ အတ္ထိ ဣတိ ယာဝ-ဇီဝိကံ-အသက်၏ အပိုင်းအခြားဟူသော သုံးဆောင်ရာ ကာလရှိသောအစာ (ဝတ္ထု)၊ "တကြိမ် အကပ်ခံထားပြီးလျှင် တသက်လုံး စားနိုင်သောအစာ" ဟူလို။

သိင်္ဂိဝေရ။ ။ချင်း(ဂျင်း)ကို ယာဝဇီဝိက-ဟု ဆိုရာ၌ လက်သုတ်လုပ်ဘို့ ရန် အချဉ်စိမ်ထားသော ချင်းမဟုတ်၊ နဂိုရိသဘောအတိုင်း ငရုပ်သီးကဲ့သို့ ပူစပ်သော အရသာရှိသော ချင်းကို ဆိုလိုသည်၊ ထိုယာဝဇီဝိက အာဟာရတို့သည် မကျန်းမမာ၍ ထိုအာဟာရနှင့် သင့်တော်သော ရောဂါရှိမှသာ ဆေးအဖြစ်ဖြင့် သုံးကောင်းသော အာဟာရမျှး ဖြစ်ကြသည်၊ နောက် (၉၈) ဂါထာ၌ "သတိ ပစ္စယေ ဝိကာလေ၊ ကပ္ပတေ ကာလိကတ္တယံ" ဟု အကြောင်းရှိမှ သုံးစားကောင်းကြောင်းကို ဆိုလိမ့်မည်။

ယာဝဇီဝိက အသီးမျှား

၉၃။ ဗိဠင်္ဂံ မရိစံ ဂေါဠ-ဖလံ ပိပ္ပလိ ရာဇိကာ။
တိဖလေ-ရဏ္ဍကာဒီနံ၊ ဖလံ တံ ယာဝဇီဝိကံ။

၉၃။ ဗိဠင်္ဂံ၊ အိပ်မွေ့သီးသည်၎င်း။ မရိစံ၊ ငရုပ်သီးသည်၎င်း။ ဂေါဠဖလံ၊ သမင်စာသီးသည်၎င်း။ ပိပ္ပလိ၊ ပိတ်ချင်းသီးသည်၎င်း။ ရာဇိကာ၊ မုန်ညင်းသီးသည်၎င်း။ တိဖလေ-ရဏ္ဍကာဒီနံ၊ ကနုဓိ, ကြက်ဆူ အစရှိသည်တို့၏။ ဖလံ၊ အသီးသည်၎င်း။ တံ၊ ထိုအလုံးစုံသော အသီးသည်။ ယာဝဇီဝိကံ၊ ယာဝဇီဝိကတည်း။ ဝါ၊ အသက်အပိုင်းအခြားတိုင်အောင် သုံးဆောင်ရာကာလရှိသော အသီးတည်း။ (ဝိ ၃-၂၉၃၊ ဝိ ဋ္ဌ ၃-၁၀၂၊ ၃၇၂-၃)

ညချင်းသုတ်။ ။ယခုခေတ်၌ သံဃာတော်တို့အား အခွံရှိအရပ်၌ ကပ်လှူရှိသော ညချင်း(ဂျင်း)သုတ်ကား ကြက်သွန်, ဆီ, ဆား, ချင်းမျှားကိုတခုစီ ကြည့်လျှင် သတ္တာဟကာလိကနှင့် ယာဝဇီဝိကချည်းဖြစ်၍ "အပ်၏"ဟု ထင်ဘွယ် ရှိ၏၊ သို့သော် ချင်းကို (ပင်ကိုယ် အကြမ်းအတိုင်းမဟုတ်ဘဲ) စားကောင်းအောင် ပြုပြင်ကာ လက်သုတ်တမျိုးဖြစ်အောင် စီမံထားသဖြင့် "ယာဝကာလိကခဲဘွယ်တွင် ပါဝင်နေပြီ"ဟု ဆရာတို့ ယူကြ၏၊ "ယာဝကာလိကမဟုတ်"ဟု ငြင်းစေကာမူ ထိုချင်းသုတ်ကြောင့် ကင်းပျောက်မည့် ရောဂါရှိမှ စားကောင်းမည်၊ အကြောင်းမဲ့ဖြစ်စေ မှတ်သိပ် ဆာလောင်၍ဖြစ်စေ စားလျှင်ကား မည်သည့်နည်းနှင့်မျှ လွတ်လပ်ခွင့် မရခေျ၊ အကပ်ခံလျှင် ဒုက္ကဋ်၊ မျိုတိုင်း မျိုတိုင်း ဒုက္ကဋ်မျှားစွာ မုချသင့်ရတော့မည်။

[ကခ်ိ] ယာမကာလိကာဒီနိ အာဟာရတ္ထာယ ပဋိဂ္ဂဟဏအဇ္ဈောဟာရေ-သု၊ပေ၊ ဒုက္ကဋံ၊ ယာမကာလိကာဒီနိ သတိ ပစ္စယေ (ပိပါသ-အကြောင်း ဂေလညအကြောင်း ရှိလသော်) ပရိဘုဉ္ဇန္တသ္သ၊ပေ၊ အနာ့ပတ္တိ။

ယာဝဇီဝိကအန္ဝက်များ

၉၄။ ကပ္ပါသနိမ္မကုဋ္ဌဇ-ပဒ္ဓောလသုလသာဒိနံ။
သူပေယျပဏ္ဏံ ဝဇ္ဇေတ္ဝာ၊ ပဏ္ဏံ တံ ယာဝဇီဝိကံ။

၉၄။ သူပေယျပဏ္ဏံ၊ ဟင်း၏အစိုးအပ္ပါးဖြစ်သော ဟင်းရွက်ကို။ ဝ၊ ဟင်းချက်၍ စားကောင်းသောအရွက်ကို။ ဝဇ္ဇေတ္ဝာ၊ ကြဉ်၍။ ကပ္ပါသနိမ္မကုဋ္ဌဇပဒ္ဓောလသုလသာဒိနံ၊ ဝ၊ တမာ, လက်ထုတ်, ငြူးတား, ရုံး အစရှိသည်တို့၏။ ယံ ပဏ္ဏံ၊ အကြင်အရွက်သည်။ အတ္ထိ၊ ရှိ၏။ တံ၊ ထိုအရွက်သည်။ ယာဝဇီဝိကံ၊ ယာဝဇီဝိကတည်း။ ဝ၊ အသက်အပိုင်းအခြားတိုင်အောင် သုံးဆောင်ရာကာလရှိသော အရွက်ဘည်း။ (ဝိ ၃-၂၉၂-၃၊ ဝိ ဋ္ဌ ၃-၁၀၁-၃၂၂-၃)

သူပေယျပဏ္ဏံ။ ။သူပသဿ·ဟင်းရည်၏ + ဟိတံ·စီးပွါးတည်း၊ သူပေယျ·ဟင်းရည်၏ စီးပွါး၊ သူပေယျ စ + တံ + ပဏ္ဏံ စ၁တိ သူပေယျပဏ္ဏံ·ဟင်းချက်၍ စားကောင်းသောအရွက်။

မှတ်ချက်။ ။ဟင်းချက်စားကောင်းသောအရွက်ကို ကြဉ်၍ ကြင်းသော အရွက်များကို "ယာဝဇီဝိက"ဟု ဆိုသောကြောင့် မန်ကျည်းရွက် ကင်ပွန်းရွက် ပြည်ပန်းချိုရွက် အစရှိသော အရွက်တို့ဉ် နုသော(မနုမရင့်တချို)အရွက်ကိုသာ ဟင်းချက်၍ စားလေ့ရှိသောကြောင့် ရင့်သောအရွက်ကို "ယာဝဇီဝိက"ဟု ယူရသည်၊ ထို့ကြောင့် ညနေအခါဉ် သင့်မြတ်သောဆေဝါရှိလျင် ထန်းလျက်ရည် စ ည်နှင့်ကျိုး၍ သောက်နိုင်သည်။

အစေးအခဲနှင့်ဆားစသည်

၉၅။ ဌပေတ္ဝာ ဥစ္ဆုနိယျာသံ၊ သရသံ ဥစ္ဆုဇံ တစံ။
နိယျာသော စ တစော သဗ္ဗော၊ လောဏံ လောဟံ သိလာ တထာ။

၉၆။ သုဒ္ဒသိတ္ထဥ္စ သေဝါလော၊ ယဉ္စ ကိဉ္စိ သုစျာပိတံ။
ဝိကဋာဒိပဘေဒဉ္စ၊ ဉာတဗ္ဗံ ယာဝဇီဝိကံ။

၉၅,၆။ ဥစ္ဆုနိယျာသံ၊ ကြံအစေးကိုဂုဏ်း။ သရသံ၊ အရည်နှင့်တကွဖြစ်သော။ ဥစ္ဆုဇံ၊ ကြံမှ ဖြစ်သော။ တစံ၊ အခဲကိုဂုဏ်း။ ဌပေတ္ဝာ၊ ထား၍။ သဗ္ဗော၊ အလုံးစုံသော။ နိယျာသော စ၊ အစေးကိုဂုဏ်း။ တစော၊ အခဲအခေါက်ကိုဂုဏ်း။ လောဏံ၊ ဆားကိုဂုဏ်း။ လောဟံ၊ သံကိုဂုဏ်း။ ဝါ၊ ကြေးကိုဂုဏ်း။ သိလာ၊ ကျောက်ကိုဂုဏ်း။ တထာ၊ ထိုမှတပါး။ သုဒ္ဒသိတ္ထဥ္စ၊ ပျားရည်မဖက် သက်သက်သော ပျားဖယောင်းကိုဂုဏ်း။ သေဝါလော၊ မှော်ကိုဂုဏ်း။ သုစျာပိတံ၊ ကောင်းစွာ မီးလောင်စေအပ်ပြီးသော။ ယဉ္စ ကိဉ္စိ၊ အမှတ်မထား တပါးပါးသော ပြာ, မီးသွေးကိုဂုဏ်း။ ဝိကဋာဒိပဘေဒဉ္စ၊ မဟာဝိကဋဆေး အစရှိသော အပြားရှိသော။ ယဉ္စ ကိဉ္စိ၊ အမှတ်မထား တပါးပါးသော သစ်အုစသည်ကိုဂုဏ်း။ ယာဝဇီဝိကံ၊ ယာဝဇီဝိကဟူ၍။ ဉာတဗ္ဗံ၊ သိထိုက်၏။
(ဝိ ၃-၂၉၂-၃-ဂ၊ ဝိ ဋ ၂-၂၉၅၊ ဝိ ဋ ၃-၁၀၁)

ယဉ္စ ကိဉ္စိ သုစျာပိတံ။ ။ကောက်ပဲတို့မှဖြစ်သော အစာနှင့် အသားအရိုးပင်ဖြစ်စေကာမူ ကောင်းကောင်း မီးလောင်စေအပ်ပြီးဖြစ်၍ ကျမ်းနေလျှင် (မီးသွေးခဲဖြစ်နေလျှင် ပြာဖြစ်နေလျှင်)ယာဝဇီဝိကတည်း။

ဝိကဋာဒိပဘေဒဉ္စ။ ။"မဟာဝိကဋဆေး"ဟု ခေါ်ဝေါ်အပ်သော ကျင်ကြီး, မြေညက်, ကျင်ငယ်, ပြာ အစရှိသော အလုံးစုံသည်လည်း ယာဝဇီဝိကတည်း၊ အာဒိသဒ္ဒါဖြင့် ကန္ဒခါဒနီယ(အအုခဲဘွယ်) စသည်၌ ပြအပ်ခဲ့သော ဟင်းချက်၍ မရကောင်းသော သစ်အု သစ်မြစ် သစ်ပင့် အမှုန့်တို့ကို ယူပါ။

ယာဝဇီဝိက၏လက္ခဏာ

၉၇။ မူလံ သာရံ တစော ဖေဂ္ဂု၊ ပဏ္ဏံ ပုပ္ဖံ ဖလံ လတာ။
အာဟာရတ္ထ-မသာဓေန္တံ၊ သဗ္ဗံ တံ ယာဝဇီဝိကံ။

၉၇။ အာဟာရတ္ထံ၊ အာဟာရ၏ကိစ္စကို။ အသာဓေန္တံ၊ မပြီးစေနိုင်သော။ မူလံ၊ အမြစ်သည်၎င်း။ သာရံ။ အနှစ်သည်၎င်း။["သာရော"ဟု ဆိုလိုလျက် "သာရံ"ဟု လိင်္ဂဝိပလ္လာသဖြင့် ဆိုသတတ်။] တစော၊ အခွံ အခေါက်သည်၎င်း။ ဖေဂ္ဂု၊ အကာသည်၎င်း။ ပဏ္ဏံ၊ အရွက်သည်၎င်း။ ပုပ္ဖံ၊ အပွင့်သည်၎င်း။ ဖလံ၊ အသီးသည်၎င်း။ လတာ၊ နွယ်သည်၎င်း။ တံ သဗ္ဗံ၊ ထိုအလုံးစုံသည်။ ယာဝဇီဝိကံ၊ ယာဝဇီဝိကတည်း။ (ဝိ ၃-၂၉၂-၃၊ ဝိ ဋ္ဌ ၃-၉၉)

အာဟာရတ္ထ-မသာဓေန္တံ။ ။ယာဝဇီဝိကအာဟာရတို့ကို အားလုံး ကုန်အောင် သရုပ်ထုတ်၍ မပြနိုင်သောကြောင့် လက္ခဏာကိုသာ ပြလိုရကား "မူလံ၊ ပေ၊ ယာဝဇီဝိကံ" ဟု မိန့်သည်၊ "ခဲဘွယ်ဘောဇဉ်တို့ကဲ့သို့ဌင်း သတ္တာဟ-ကာလိကဖြစ်သော သပိုစသည်တို့ကဲ့သို့ဌင်း အာဟာရ၏ကိစ္စကို မပြီးစေနိုင်ခြင်းသည် ယာဝဇီဝိက၏ လက္ခဏာပင် ဖြစ်သည်"ဟူလို။

အာဟာရတ္ထံ။ ။မဟာဝဂ္ဂ ဘေသဇ္ဇက္ခန္ဓကပါဠိတော်၌ "ယာနိ ဝါ ပနညာနိပိ အတ္ထိ နေဝ ခါဒနိယေ ခါဒနိယတ္ထံ, န ဘောဇနိယေ ဘောဇနိယတ္ထံ ဖရန္တိ=ခဲဘွယ်အရာ၌ ခဲဘွယ်၏ကိစ္စကိုလည်း မပြီးစေနိုင်သော, ဘောဇဉ်အရာ၌ ဘောဇဉ်၏ကိစ္စကိုလည်း မပြီးစေနိုင်သော ဝတ္ထုတို့ကို ယာဝဇီဝိက"ဟု ဟောတော်မူ၏၊ ထိုပါဠိတော်၌ ခါဒနိယတ္ထံ ဘောဇနိယတ္ထံကိုပင် "အာဟာရတ္ထံ"ဟု ဆိုသည်၊ "အာဟာရ–စားမျိုထိုက်သော အစာ၏+အတ္ထ–ကိစ္စ"ဟူသည် စားသောအခါ အရသာရှိ၍ အဆာပြေခြင်းတည်း၊ "ထိုကိစ္စကိုမပြီးစေနိုင်သော မူလစသည်ကို ယာဝဇီဝိက"ဟု အချုပ်အားဖြင့်မှတ်ပါ။

အပ်သောသုံးဆောင်ရာကာလ

၉၇။ သဗ္ဗကာလိကသမ္ဘောဂေါ၊ ကာလေ သဗ္ဗဿ ကပ္ပတိ။
သတိ ပစ္စယေ ဝိကာလေ၊ ကပ္ပတေ ကာလိကတ္တယံ။

၉၇။ သဗ္ဗကာလိကသမ္ဘောဂေါ၊ အလုံးစုံသော ကာလိကတို့ကို သုံးဆောင်ခြင်းသည်။ ကာလေ၊ နံနက်အခါ၌။ သဗ္ဗဿ၊ ဂိလာန ဟုတ်, မဟုတ်သော အလုံးစုံသော ရဟန်းအား။ ကပ္ပတိ၊ အပ်၏။ ပစ္စယေ၊ ပိပါသ, ဂေလညအကြောင်းသည်။ သတိ၊ ရှိလသော်။ ဝိကာလေ၊ နေလွဲအခါ၌သော် မှလည်း။ ကာလိကတ္တယံ၊ ယာဝကာလိကမှ တပါးသော ကာလိက ၃-ပါး တို့၏အပေါင်းသည်။ ကပ္ပတေ၊ အပ်၏။ (ဝိ ၂-၁၁၆၊ ဝိ ဋ္ဌ ၃-၉၇-၁၀၅)

သဗ္ဗကာလိကသမ္ဘောဂေါ။ ။ယာဝကာလိကစသော ကာလိက ၄-ပါးလုံးကို သုံးဆောင်ခြင်းသည် အကပ်ခံရာနေ့၏နံနက်ကာလ၌ ဂိလာနဖြစ်စေ အဂိလာနဖြစ်စေ ရဟန်းအားလုံးအားအပ်၏။

သတိ ပစ္စယေ ဝိကာလေ။ ။ယာမကာလိက စသော ကာလိက ၃-ပါးကား အကြောင်းရှိလျှင် နေလွဲကာလ၌အပ်၏၊ "အကြောင်း"ဟူသည် ယာမကာလိက အတွက် ရေဆာသကဲ့သို့ မှတ်သိပ်ဆာလောင်ခြင်း, သတ္တာဟကာလိက, ယာဝဇီဝိက ၂-ပါးအတွက် ထိုဆေးနှင့်သင့်မြတ်သော အနာရောဂါ ဖြစ်ခြင်းတည်း၊ ထိုသို့အကြောင်းရှိလျှင်ကား ဝိကာလ၌သော်မှ သုံးစွဲကောင်းသေးလျှင် နံနက်ကာလအတွက်မှာ အထူးပြောဘွယ်မလို၊ သုံးစွဲကောင်းသည်ဟုမှတ်ပါ၊ ဥပမာ–ရှေးနေ့က အကပ်ခံအပ်ပြီးသောဆေးကို နောက်နောက်နေ့၏ နံနက်၌လည်း သောက်ကောင်းသကဲ့သို့တည်း။

အဋ္ဌကထာ။ ။သတိ ပစ္စယေတိ ယာမကာလိကံ ပိပါသာဃယ သတိ (မှတ်သိပ်ဆာလောင်ခြင်းဖြစ်လျှင်) ပိပါသစ္ဆေဒနတ္ထံ, သတ္တာဟကာလိကံ ယာဝဇီဝိကဉ္စ တေန တေန ဥပသမေတဗ္ဗကေ အာဗာဓေ သတိ (ထိုထိုဆေးဖြင့် ငြိမ်းစေထိုက်ပျောက်ကင်းစေထိုက်သောအနာရောဂါရှိလျှင်) တာဿ ဥပသမနတ္ထံ ပရိဘုဉ္ဇတော အာနာပတ္တိ။

ယာဝ-ယာမကာလိကမှတ်ဘွယ်

၉၉။ ကာလယာမ-မတိက္ကန္တာ၊ ပါစိတ္တိံ ဇနယန္တုဘော။
ဇနယန္တိ ဉဘောပေတေ၊ အန္တောဝုတ္ထဥ္စ သန္နိဓိံ။

၉၉။ ဉဘော၊ ယာဝကာလိက, ယာမကာလိက ၂-ပါးတို့သည်။ ကာလ-ယာမံ၊ မွန်းမတည့်မီကာလ, ညဉ့်ယာမ်ကာလကို။ အတိက္ကန္တာ၊ လွန်ပြီး ကုန်သည်။ (သမာနာ၊ ဖြစ်ကုန်လသော်။ ပရိဘုဥ္ဇန္တဿ၊ သုံးဆောင်သော

မှတ်ချက်။ ။ဆီ, ထောပတ်, သကာ(သကြား), ပျားရည်တို့ကို ရောစပ်ထား သော စတုမဓုသည် သတ္တာဟကာလိကတည်း၊ ထို့ကြောင့် ဆာရုံဖြင့် မစား ကောင်း၊ အားနည်းသောရောဂါရှိမှသာ စားကောင်း၏၊ တို့ကြောင့် နလံထနှင့် အရွယ်ကြီးသော ပုဂ္ဂိုလ်မျှားသည် အားနည်းနေသောအခါ စားကောင်း၏၊ အားရှိနေလျှင်ကား မအပ်ဟုမှတ်ပါ၊ထန်းလျက်, ကြံသကာ, သကြားတို့၌လည်း နည်းတူ။ အရည်ဖြစ်လျှင်အပ်၏။ သို့သော် ထန်းလျက်ရည် ဖျော်ရည် ရှလပတ် ရည် စသည်လုပ်၍ သောက်လျှင်ကား သတ္တာဟကာလိက ဖြစ်သော်လည်း "အနု-ဇာနာမိ ဘိက္ခဝေ ဂိလာနဿ ဂုဠံ, အဂိလာနဿ ဂုဠောဒကံ" ဟု ဘေသဇ္ဇက္ခန္ဓက၌ ခွင့်ပြုတော်မူသောကြောင့် ဂိလာနမဟုတ်သော်လည်း မှတ်သိပ်ဆာလောင်ရုံ မျှဖြင့်အပ်ပါ၏၊ ထိုသို့ ခွင့်ပြုချက်လည်းမရ, ပိပါသစသော အကြောင်းလည်း မရှိဘဲ သုံးဆောင်စားသောက်လျှင်ကား "ယာမကာလိကံ သတ္တာဟကာလိကံ ယာဝဇီဝိကံ အာဟာရတ္ထာယ ပဋိဂ္ဂဏှာတိ၊ အာပတ္တိ ဒုက္ကဋဿ၊ အဇ္ဈောဟာရေ အဇ္ဈောဟာရေ အာပတ္တိ ဒုက္ကဋဿ" ဟူသော ဝိကာလဘောဇနသိက္ခာပုဒ်တော် အရ "အကပ်ခံလျှင် ဒုက္ကဋ်၊ စားမျိုတိုင်း ဒုက္ကဋ်အာပတ်" ဟု မှတ်ပါ။ ["ယာမ ကာလိက" အရ သန္နိဓိမဟုတ်သော ဖျော်ရည်စသည်တို့ကိုယူပါ။]

ကာလယာမ-မတိက္ကန္တာ။ ။ယာဝကာလိကသည် မစ္စန်ဘဲ မွန်းထည့်ကာလကို လွန်လျှင်ၵင်း ယာမကာလိကသည် နောက်ဆုံးညဉ့်ယာမ်ကာလကို လွန်လျှင်ၵင်း သုံးစွဲသောရဟန်းအား ပါစိတ်အာပတ်ကို ဖြစ်စေကြသည်၊ ထိုအာပတ်သည် ခဲဘွယ်ဘောဇဉ်ကို နေလွဲမှစားလျှင် ဝိကာလဘောဇနပါစိတ်, နောက်တရက်

ရဟန်း၏။) ပါစိတ္တိ ံ၊ ပါစိတ်အာပတ်ကို။ ဇနယန္တို၊ ဖြစ်စေကြကုန်၏။ ဧတေ ဥဘောပိ၊ ဤ ၂-ပါးစုံတို့သည်လည်း။ အန္တောဝုတ္ထဥ္စ၊ အန္တောဝုတ္ထ၏ အဖြစ်ကိုဂုင်း။ သန္ဓိမိ ံ၊ သန္ဓိမိ၏ အဖြစ်ကိုဂုင်း။ ဇနယန္တို၊ဖြစ်စေကြကုန်၏။ (ဝိ ၂-၁၁၅-၇၊ ဝိ ဋ္ဌ ၃-၁၀၄-၃၀၆)

နံနက်စားလျှင် သန္ဓိမိပါစိတ်, ယာမကာလိက အတွက်ကား သန္ဓိမိပါစိတ် သာတည်း။

အဋ္ဌကထာ။ ။ဧဝံ သန္ဓိမိကတံ ယံကိဉ္စိ ယာဝကာလိကံ ဝါ ယာမကာလိကံ ဝါ အဇ္ဈောဟရိကုကာမတာယ ဂဏှန္တဿ ပဋိဂ္ဂဟဏေ တာဝ အာပတ္တိ ဒုက္ကဋဿ၊ (အကပ်ခံလျှင်ပင် ဒုက္ကဋ်အာပတ်သင့်နှင့်လေပြီ၊) အဇ္ဈောဟ်ရတော ပန ကေမေကသ္မိ ံ အဇ္ဈောဟာရေ (တကြိမ်တကြိမ်စား၌တိုင်း)ပါစိတ္တိယံ၊—သန္ဓိမိသိက္ခာပုဒ်။

ဇနယန္တို၊ပေ၊အန္တောဝုတ္ထဉ္စ သန္ဓိမိ ံ။ ။ထိုကာလိက ၂-ပါးတို့သည် အန္တောဝုတ္ထအဖြစ်ကိုဂုင်း သန္ဓိမိအဖြစ်ကိုဂုင်း ဖြစ်စေနိုင်ကြ၏၊ [“အန္တောဝုတ္ထတ္တံ, သန္ဓိမိတ္တံ”ဟု ဆိုလိုလျက် ဘာဝပွဓာန နည်းအားဖြင့် ဘောဇနက် ဟော(တ္တ) ပစ္စည်းမပါဘဲ (တနည်း) ဘာဝလောပ နည်းအားဖြင့် (တ္တ) ပစ္စည်းကိုချ၍ ညွှန်းပြထားသည်၊—အန္တောဝုတ္ထတ္တံ သန္ဓိမိတ္တံတိ အတ္ထော၊—ဋီကာသစ်။]

အန္တောဝုတ္ထံ။ ။[“ကပ္ပိယကုဋိ”ဟုခေါ်အပ်သော ကပ္ပိယကျောင်းများကို ၁၄-ဘူမိနိဒ္ဒေသ၌ ပြပါလိမ့်မည်၊] ရဟန်းတို့စားဘို့ရန်ဖြစ်၍ အကပ်ကား မခံရသေးသော ခဲဘွယ်ဘောဇဉ်ကို ထိုကပ္ပိယကုဋိမဟုတ်သော ကျောင်း၏အတွင်း၌ သိမ်းထားခြင်းကို“အန္တောဝုတ္ထ”ဟုခေါ်၏၊ အန္တော–အကပ္ပိယကုဋိအတွင်း၌+ ဝုတ္ထ-တည်နေစေအပ်သောဝတ္ထု၊ ထိုဝတ္ထုကိုမဟာဝဂ် ဘေသဇ္ဇက္ခန္ဓက၌ ပညတ်တော်မူ၏၊ သန္ဓိမိကား သန္ဓိမိသိက္ခာပုဒ်အရ ပြအပ်ခဲ့သော သာဓကနှင့် အညီ ဖြစ်ရသောဝတ္ထုတည်း၊ ဤဝတ္ထုများသည် အန္တောဝုတ္ထဖြစ်ရုံ သန္ဓိမိဖြစ်ရုံမျှဖြင့် အာပတ်မသင့်သေး၊ စားသောအခါကျမှ အာပတ်သင့်သည်ဟုမှတ်ပါ၊ ဘာ့ကြောင့်နည်း– ပဋိဂ္ဂဏှာတိ အာပတ္တိ ဒုက္ကဋဿ၊ အဇ္ဈောဟာရေ အဇ္ဈောဟာရေ အာပတ္တိ ပါစိတ္တိယဿ”ဟု မိန့်တော်မူသောကြောင့်တည်း။

သတ္တာဟကာလိကမ္ဘတ်ဘွယ်

၁၀၀။ သတ္တာဟကာလိကေ သတ္တ၊ အဟာနိ အတိနာမိတေ။
ပါစိတ္တိ ပါဠိနာရဒ္ဓေ၊ သပ်ိအာဒိမ္ဟိ ဒုက္ကဋ်ံ။

၁၀၀။ သတ္တာဟကာလိကေ၊ ထောပတ် အစရှိသော သတ္တာဟကာလိကကို။ သတ္တ အဟာနိ၊ ၇-ရက်တို့ကို။ အတိနာမိတေ၊ လွန်စေအပ်ပြီးသော်။ ပါစိတ္တိ၊ ပါစိတ်အာပတ်သည်။ (ဟောတိ၊ ဖြစ်၏။) ပါဠိနာရဒ္ဓေ၊ ပါဠိတော်သို့ မသက်ရောက်သော။ ဝါ၊ ပါဠိတော်၌ မပါသော။ သပ်ိအာဒိမ္ဟိ၊ လူ, မြင်း စသည်တို့၏ နို့မှဖြစ်သော ထောပတ်အစရှိသည်ကို။ သတ္တ အဟာနိ၊ ၇-ရက်တို့ကို။ အတိနာမိတေ၊ လွန်စေအပ်ပြီးသော်။ ဒုက္ကဋ်၊ ဒုက္ကဋ်အာပတ်သည်။ ဟောတိ။ (ဝိ ၁-၁၆၃၊ ဝိဋ္ဌ ၂-၂၉၀၊ ကင်္ခါဋ္ဌ-၁၈၂)

သတ္တာဟ၊ ပေ၊ ပါစိတ္တိ။ ။သတ္တာဟကာလိကဖြစ်သောဆေးတို့သည် ၇ ရက်လွန်လျှင် ဘေသဇ္ဇသိက္ခာပုဒ်အရ ပါစိတ်အာပတ်သင့်၏၊ စားသောအခါကျမှသင့်သည်မဟုတ်၊ "တံ အတိက္ကာမယတော နိဿဂ္ဂိယံ ပါစိတ္တိယံ" ဟုပညတ်တော်မူသောကြောင့် ၇-ရက်လွန်အောင် မစွန့်မပေးဘဲထားလျှင် ပါစိတ်အာပတ်သင့်သည်။

ပါဠိအနာရဒ္ဓေ၊ ပေ၊ ဒုက္ကဋ်။ ။ဘေသဇ္ဇသိက္ခာပုဒ်၌ "ယေသံ မံသံ ကပ္ပတိ၊ တေသံ သပ်ိ" ဟု အပ်သောအသားရှိသော သတ္တဝါတို့၏ ထောပတ်စသည်ကိုသာ ပါဠိတော်၌ တင်တော်မူသောကြောင့် မအပ်သော အသားရှိသော လူ,မြင်းစသော သတ္တဝါတို့၏ သပ်ိ, နဝနီတ, နာဠိကေရတေလ (အုန်းဆီ) မဓုကဖာဏိတ (သစ်မည်စည်ကို ရေအေးဖြင့်နယ်၍ ပြုအပ်သော သစ်မည်စည်တင်လဲ)တို့သည် ပါဠိအနာရဒ္ဓ ဆေးတို့တည်း၊ ပါဠိတော်၌ မတင်အပ်သော်လည်း စားကောင်းသော သတ္တာဟ ကာလိက ဆေးမျိုးဖြစ်ရကား အကပ်ခံ၍ ၇-ရက်လွန်လျှင် ဒုက္ကဋ်အာပတ်သင့်၏။

စွန့်ပြီး၍ရသောအခါ အသုံးပြုပုံနှင့် အာပတ်မသင့်စေပုံ

၁၀၁။ နိုဿဋ္ဌလဒ္ဓံ မင်္ကေ့ယျ၊ နာဂ်ံ နာဇ္ဈာဟရေယျ စ။ ဝိကပ္ပေန္တိဿ သတ္တာဟော၊ သာမဏေရဿဓဋ္ဌတော။ မင်္ကုနာဒိဠ္ဠ-နာပတ္တိ၊ အညဿ ဒဒတောပိ စ။

၁၀၁။ နိုဿဋ္ဌလဒ္ဓံ၊ စွန့်အပ်ပြီး ဖြစ်၍ ပြန်ရ အပ်သော ထောပတ် စသည်ကို။ (ဂဟေဘွာ၊ ယူ၍။) အာဂ်ံ၊ ကိုယ်အဂ်ါကို။ န မင်္ကေ့ယျ၊ မသုဘ်လိမ်းရာ။ န စ အဇ္ဈာဟရဲယျ၊ စားမျိုလည်း မစားမျိုရာ။ သတ္တာဟော၊ ၇-ရက် အဘွင်း၌။ သာမဏေရဿ၊ သာမဏေအား။ ဝိကပ္ပေန္တိဿ၊ ဝိကပ္ပနာပ္ပဋ္ဌသော ရဟန်း၏ငင်း။ မင်္ကုနာဒိံ၊ ကိုယ်အဂ်ါကို သုဘ်လိမ်းကြောင်း ဆီအစရှိသည်ကို။ အဒိဋ္ဌတော စ၊ အခိုင်ဘဲ၊ အခိုင်ဘန်သောရဟန်း၏ငင်း။ အညဿ အခြားသော ရဟန်း, သာမဏေ, လူဝတ်ကြောင်အား။ ဒဒတောပိ စ၊ ပေးသောရဟန်း၏ငင်း။ အနာပတ္တိ၊ အနာပတ်သည်။ (ဟောတိ။)
(ဝိ ၁-၃၆၄၊ ဝိ ဋ္ဌ ၂-၂၉၆)

နိုဿဋ္ဌလဒ္ဓံ။ ။နိုဿဂ်ိထိုက်သော သတ္တာဟကာလိက ဆေးပစ္စည်းကို "ဣဒံ မေ ဘန္တေ ဘေသဇ္ဇံ သတ္တာဟာတိက္ကန္တံ နိုဿဂ်ိယံ၊ ဣမာဟံ အာယသ္မတော နိုဿဇ္ဇာမိ" ဟု ဆို၍ စွန့်ရ၏။ စွန့်အပ်ပြီးသော ဆေးကို ဝိနည်းဓိုရ်ပုဂ္ဂိုလ် (စွန့်သည်ကို လက်ခံသောပုဂ္ဂိုလ်)က ပြန်ပေးရ၏။ ထိုသို့ စွန့်အပ်ပြီးနောက် ပြန်၍ ရအပ်သည်ကို "နိုဿဋ္ဌလဒ္ဓံ" ဟု ဆိုသည်၊ [နိုဿဋ္ဌံ+ဟုတ္ဝာ+လဒ္ဓံ နိုဿဋ္ဌ-လဒ္ဓံ-စွန့်အပ်ပြီးသည်ဖြစ်၍ ရအပ်သောဆေး။]

မင်္ကေ့ယျ နာဂ်ံ။ ။ထိုသို့ ပြန်၍ရအပ်သော ဆီစသည်ဖြင့် ကိုယ်၏အဂ်ါကြီးငယ်ကို မသုတ်လိမ်းရ၊ ဥပမာ-ခြေနယ်ဆီမလုပ်ရ၊ ကိုယ်အဂ်ါကိုသာ မသုတ်လိမ်းရသည် မဟုတ်သေး၊ "ထိုဆီဖြင့် လူးနေသော သက်နိုးစသည်ကိုလည်း မဝတ်ရ" ဟု အဋ္ဌကထာအတိုင်း ဋီကာသစ်ဆို၏၊ "န အဂ်ံ" စသော

စကားကို ဥပလက္ခဏ (မှတ်သားရုံသာ)ဟု ဆို၏၊ [နအင်္ဂတိ ဥပလက္ခဏမတ္တံ၊ တေန မက္ခိတာနိ ကာသာဝါဒီနိ စ ပန အပရိဘောဂါနိယေဝ။ – ဋီကာသစ်။]

နဇ္ဈောဟရေယျ စ။ ။ကိုယ်အင်္ဂါကို မသုတ်မလိမ်းရရုံသာမက စားမျိုမှုကိုလည်း မပြု၊ အခြားရဟန်းများအတွက်ကား စားမျိုမှုသာမပြုကောင်း၊ ကိုယ်အင်္ဂါ သုတ်လိမ်းမှုကိုကား ပြုကောင်း၏။

မှတ်ချက်။ ။“အင်္ဂံ န မက္ခေယျ, န အဇ္ဈောဟရေယျ” ဟူသော ဤစကား ၂-ရပ်သည် ဘေသဇ္ဇသိက္ခာပုဒ်တော်၌လာသော “နိဿဋ္ဌံ ပဋိလဘိတ္ဝာ နာ ကာယိကေန ပရိဘောဂေန ပရိဘုဉ္ဇိတဗ္ဗံ (ကိုယ်၌ဖြစ်သော သုံးစွဲခြင်းအားဖြင့် မသုံးစွဲရ)၊ နာ အဇ္ဈောဟရိတဗ္ဗံ၊ ပဒီပေ ဝါ (ဆီမီးထွန်းရာ၌သော်၎င်း) ကာဠဝဏ္ဏေ ဝါ (မည်းနက်သော အဆင်း၌သော်၎င်း) ဥပနေတဗ္ဗံ (ကပ်၍ ဆောင်ရာ၏)၊ အညေန ဘိက္ခုနာ (နိဿဂ္ဂိအာပတ်သင့်သော ရဟန်းမှ အခြားရဟန်းသည်) ကာယိကေန ပရိဘောဂေန ပရိဘုဉ္ဇိတဗ္ဗံ၊ နာ အဇ္ဈောဟရိတဗ္ဗံ” ဟူသော ပါဠိကိုရည်ရွယ်၍ ဆိုအပ်သောစကားတည်း” ဟု မှတ်ပါ။

ဝိကပ္ပေန္တဿ သတ္တာဟေ။ ။သတ္တာဟေကို“သတ္တာဟဗ္ဘန္တရေ”ဟု ဖွင့်၏၊ ဝိကပ္ပေန္တဿကို ဋီကာဟောင်း၌ သာမဏေအား “ဣမံ သပ္ပိံ တုယှံ ဝိကပ္ပေမိ-ဤထောပတ်ကို သင့်အား ဝိကပ္ပနာပြုပါ၏” ဟု (သပိတ်သင်္ကန်းကို ဝိကပ္ပနာပြုပုံအတိုင်းဆို၍) ဝိကပ္ပနာပြုပုံကို ပြ၏၊ ထိုစကားသည် သင့်၏၊ “ဝိကပ္ပနာပြုခြင်း”ဟူသည် “ဝိ-မိမိဥစ္စာအဖြစ်မှ ကင်းအောင် + ကပ္ပ-ပြုခြင်း” ဖြစ်သောကြောင့် ပေးခြင်းပင် ဖြစ်၏၊ ထို့ကြောင့် သုရာပါနဝဂ်, နဝမ-ဝိကပ္ပနသိက္ခာပုဒ် ပါဠိတော်ဝယ် ပရမ္မုခဝိကပ္ပနာ ပြုခဏ်း၌ “အဟံ တေသံ ဒမ္မိ” ဟု ဝိကပ္ပေမိ နေရာဝယ် “ဒမ္မိ” ဟု ဆိုပုံကို ပြသည်။

သာမဏေရဿ။ ။ထို့သို့ ဝိကပ္ပနာပြုရာ၌ အခြားရဟန်းအား ဝိကပ္ပနာပြုလျှင် ရဟန်းအချင်းချင်းဖြစ်၍ အာပတ္တိမပျက်ရာသောကြောင့် သာမဏေအား ဝိကပ္ပနာပြုမှ ပေးရာရောက်သည့်အတွက် အာပတ္တိပျက်ရာသောကြောင့် “သာ-မဏေအား ဝိကပ္ပနာပြုသော ရဟန်းမှာ နိဿဂ္ဂိမထိုက်” ဟု ဆိုသည်။

မိမိသဘောကိုယူစေပုံ

၁၀၂။ ယာဝကာလိကအာဒီနိ၊ သံသဋ္ဌာနိ သဟ-တ္ထုနာ။
ဂါဟာပယန္တိ သဗ္ဗာဝံ၊ တသ္မာ ဧဝ-မုဒီရိတံ။

၁၀၂။ ယာဝကာလိကအာဒီနိ၊ ယာဝကာလိကအစရှိသော အာဟာရ တို့သည်။ အတ္ထုနာ၊ မိမိနှင့်။ သဟ၊ တကွ။ သံသဋ္ဌာနိ၊ ရောစပ်အပ်ကုန်

မှတ်ချက်။ ။ဤ ဝိကပ္ပနာပြုခြင်းကို ဋီကာသစ်က မနှစ်သက်သော်လည်း မိမိကား ဘေသဇ္ဇသိက္ခာပုဒ် ပါဠိတော်၌ "ဝိဿဇ္ဇန"နှင့် သဘောတူသော ကြောင့် သင့်၏ဟုပင် ထင်ပါသည်၊ ဋီကာသစ်ကား ဝိကပ္ပေန္တအရ "ဝိကပ္ပနာ ပြုခြင်း"ဟု မယူဘဲ "သာမဏေအတွက် စွန့်ကြောင်းသည်၊ စွန့်ကြောင်း စေတနာ, စွန့်ကြောင်းအလိုကို ဖြစ်စေသော ရဟန်း"ဟု အနက် ဖွင့်၏၊ အကြံ လှုပ်ဟန် တူသည်။

အဓိဋ္ဌတော မကွနာဒိံ ။ ။အာဒိဖြင့် အဗ္ဘဥ္ဇန (ကိုယ်၌ နှိပ်နယ်ရသော နယ်ဆီ) ဃရဓူပန (ကျောင်း၌ အခိုးအထုံပြုခြင်း) တို့ကို ယူ၍ ထောပတ်ကို နယ်ဆီ, ပျားရည်ကို အနာသုတ်လိမ်းစသော, တင်လဲကို ကျောင်း၌ အခိုးထုံတို့ရန် ဓိဋ္ဌာန်သော ရဟန်းအား အနာပတ္တိ၊ အချုပ်မှာ– "ဤ ထောပတ်စသော ဆေးသည် အတွင်းစားမျိုတို့ မဟုတ်တော့၊ ကိုယ်၏ အပြင်ဘက်စသည်၌ သုံးတို့သာ ဖြစ်သည်"ဟု ဓိဋ္ဌာန်သော ရဟန်း-ဟူလို့။

အညဿ ဒဒတော။ ။ဋီကာဟောင်း အလိုအားဖြင့် "အညဿ-အခြား ရဟန်းအား"ဟု ဆိုပါ၊ သာမဏေအတွက် ဝိကပ္ပေန္တဿ၌ ပါသွားပြီ၊ ဋီကာသစ် အလို "အညဿ-အခြားရဟန်း, လူ, သာမဏေအား"ဟု ဆိုပါ၊ ဝိကပ္ပေန္တဿ အရ ဝိကပ္ပနာပြုသောအခါ သာမဏေက ဝိကပ္ပနာ ပြန်ရသေး၏၊ ဒဒတောအရ၌ ပြန်ပေးစရာမလို၊ ထို့ကြောင့် ဤ ဒဒတောအရ၌ ဋီကာသစ် အတိုင်း ရဟန်း, ရှင်, လူ အားလုံးကိုပင် ယူသင့်ပါသည်။

ယာဝကာလိကအာဒီနိ။ ။ဤပုဒ်သည် ဂါဟာပယန္တိ၏ကတ္တား၊ "သံသ-ဋ္ဌာနိ"ကားကံတည်း၊ ယာဝကာလိကစသော ကာလိကတို့သည် မိမိနှင့်ရောအပ်

သောကာလိကတို့ကို ။ သဗ္ဗာဝံ၊ မိမိ၏သဘောကို။ ဂါဟာပယန္တိ၊ ယူစေကုန်၏။ တသ္မာ၊ ထို့ကြောင့်။ ဧဝံ၊ ဤသို့။ ဝါ၊ ဤဆိုအပ်လတ္တံသည့်အတိုင်း။ ဥဒီရိတံ၊ ရွေးဆရာတို့ ဆိုအပ်ပြီ။ (ဝိ ၃-၃၄၉၊ ဝိဋ္ဌ ၃-၃၈၅-၆၊ ကင်္ခါ ဋ္ဌ-၂၂၆)

ယာဝ, ယာမနှင့်ရောသောကာလိက ၂-ပါး

၁၀၃။ ပုရေ ပဋိဂ္ဂဟိတဉ္စ၊ သတ္တာဟံ ယာဝဇီဝိကံ။
သေသကာလိကသမ္မိဿံ၊ ပါစိတ္တိ ပရိဘုဉ္ဇတော။

၁၀၃။ သေသကာလိကသမ္မိဿံ၊ ကြွင်းသောကာလိက နှစ်ပါးတို့နှင့် ရောစပ်အပ်သော။ ပုရေ၊ ရွေးနေ့၌။ ပဋိဂ္ဂဟိတဉ္စ၊ အကပ်ခံအပ်ပြီးသည်လည်း ဖြစ်သော။ သတ္တာဟံ၊ သတ္တာဟကာလိကကိုဎင်း။ ယာဝဇီဝိကံ၊ ယာဝဇီဝိကကိုဎင်း။ ပရိဘုဉ္ဇတော၊ သုံးဆောင်သော ရဟန်း၏။ ပါစိတ္တိ၊ ပါစိတ်အာပတ်သည်။ (ဟေဝံတိ၊ ဖြစ်၏။) (ဝိ ၃-၃၄၉၊ ဝိဋ္ဌ ၃-၃၈၅-၆၊ ကင်္ခါ ဋ္ဌ-၂၂၆)

သော အခြားကာလိကတို့ကို မိမိ၏သဘောသို့ (မိမိ၏ကာလသို့) လိုက်စေကြသည်၊ ထို့ကြောင့် "ဧဝံ ဥဒီရိတံ-ဤ ဆိုအပ်လတ္တံအတိုင်း ရွေး အဋ္ဌကထာဆရာတို့ မိန့်ဆိုအပ်ပြီ" ဟူလို။

သဗ္ဗာဝံ=သဘာဝံ။ ။စာအုပ်တို့၌ "သဗ္ဗာဝံ" ဟု တွေ့ရသော်လည်း အဋ္ဌကထာ၌ "သဘာဝံ" ဟု တွေ့ရ၏။ သဿ-မိမိ၏+ဘာဝေါ-သဘောတည်း၊ သဘာဝေါ-မိမိ၏သဘော၊ ဤသို့ မိမိအနက်ဟော သ-သဒ္ဒါနောက်၌ ဒ္ဝေဘော် မရောက်ရ၊ သန္တကို ပြုထားသော (သ)၏ နောက်၌သာ ဒ္ဝေဘော် ရောက်ရ၏၊ ထို့ကြောင့် "သဘာဝေါ" ပါ၌သာ အမှန်တည်း၊ သို့သော် ယဂိုဏ်းကို အလိုရှိ၍ ဒ္ဝေဘော် အပိုလာထားဟန် တူသည်။

ပုရေ ပဋိဂ္ဂဟိတံ။ ။ရွေးနေ့က အကပ်ခံအပ်ပြီးသော သတ္တာဟကာလိကသည်ဎင်း ယာဝဇီဝိကသည်ဎင်း သူတို့ချည်းသက်သက်ဖြစ်လျှင် နောက်တနေ့၌

ယာဝကာလိကနှင့်ရောသောကာလိက ၃-ပါး

၁၀၄။ ယာဝကာလိကသမ္မိဿံ၊ ဣဘရံ ကာလိကတ္တယံ။
ပဋိဂ္ဂဟိတံ တဒဟု၊ တဒဟော ပရိဘုဉ္ဇယေ။

၁၀၄။ ယာဝကာလိကသမ္မိဿံ၊ ယာဝကာလိကနှင့် ရောစပ်အပ်သော။ တဒဟု၊ ထိုနေ့နံနက်၌။ ပဋိဂ္ဂဟိတံ၊ အကပ်ခံအပ်ပြီးသော။ ဣတရံ၊ ယာဝ-ကာလိကမှ တပါးသော။ ကာလိကတ္တယံ၊ ကာလိက ၃-ပါးအပေါင်းကို။ တဒဟော [တဒဟု+ဧဝ]၊ ထိုနေ့နံနက်၌သာ။ ပရိဘုဉ္ဇယေ၊ သုံးဆောင်ရာ၏။ [တဒဟု ပဋိဂ္ဂဟိဘန္တိ တသ္မိံယေဝ ဒိနေ ပုရေဘတ္တံ ပဋိဂ္ဂဟိတံ၊ တဒဟောတိ တသ္မိံယေဝ ဒိနေ ပုရေဘတ္တမေဝ-ဒ္ဒီကာသစ်။] (ဝိ ၃-၃၄၉၊ ဝိဋ္ဌ ၃-၃၀၅-၆၊ ကင်္ခါဋ္ဌ-၂၂၆)

စားကောင်း၏၊ သို့သော် ယာဝကာလိက-သို့မဟုတ် ယနေ့အကပ်ခံအပ်သော ယာမကာလိကနှင့် ရောမိသောအခါ ယာဝကာလိက, ယာမကာလိကတို့လည်း ရှေးနေ့ကအကပ်ခံအပ်ပြီးသကဲ့သို့ ဖြစ်သွား၏၊ ထို့ကြောင့် စားသောရဟန်းမှာ သန္ဓိဓိဖြစ်သော ယာဝကာလိကကိုဎင်း သန္ဓိဓိဖြစ်သော ယာမကာလိကကိုဎင်း စားရာရောက်သောကြောင့် ယာဝကာလိက, ယာမကာလိကဟူသော ရက်အတို့ကိုလိုက်၍ ပါစိတ်အာပတ်သင့်ရသည်၊ [ဤအဓိပ္ပါယ်ကိုရည်ရွယ်၍ ဒုတိယသံဂါယနာတင်ရခြင်းအကြောင်း ၁၀-ပါးတွင် "သိင်္ဂီလောဏကပ္ပကို မအပ်" ဟု ဆိုရသည်။]

ယာဝ၊ ပေ၊ ဘုဉ္ဇယေ။ ။ထိုနေ့၌ အကပ်ခံအပ်သော ယာဝကာလိကနှင့် ရောအပ်သော ထိုနေ့၌ အကပ်ခံအပ်သော ယာမ, သတ္တာဟကာလိက, ယာဝ-ဇီဝိက ၃-ပါးသည် ယာဝကာလိက၏သဘောသို့ လိုက်လျော၍ ထိုနေ့နံနက်၌သာ သုံးဆောင်ကောင်း၏။

ယာမ-သတ္တာဟန့်ရောပုံ

၁၀၅။ ယာမကာလိကသမ္မိဿံ၊ သေသမေဝံ ဝိဇာနိယံ။
သတ္တာဟကာလိကမိဿဉ္စ၊ သတ္တာဟံ ကပ္ပတေ-ဇရုန္တိ။

၁၀၅။ ယာမကာလိကသမ္မိဿံ၊ ယာမကာလိကန့်ဉ် ရောစပ်အပ်သော။ သေသံ၊ ကြွင်းသော သတ္တာဟကာလိက, ယာဝဇီဝိကကို။ ဧဝံ၊ ဤဆိုအပ်ပြီးသော နည်းအတိုင်း။ ဝိဇာနိယံ၊ သိထိုက်၏။ သတ္တာဟကာလိကမိဿံ၊ သတ္တာဟကာလိကန့်ဉ် ရောစပ်အပ်သော။ ဣတရံ စ၊ သတ္တာဟကာလိကမ္မ တပါးသော ယာဝဇီဝိက သည်ကား။ သတ္တာဟံ၊ ၇-ရက်ပတ်လုံး။ ကပ္ပတိ၊ အပ်၏၊ ဣတိ၊ ကာလိကန့်ဉ် စပ်၍ မှတ်ဘွယ်အပြီးတည်း။ (ဝိ ၃-၃၄၉၊ ဝိဋ္ဌ ၃-၃၀၅-၆၊ ကင်္ခါဋ္ဌ-၂၂၆)

ယာမ၊ ပေ၊ ဝိဇာနိယံ။ ။[“နိယံ” ဟု ဆိုလိုလျက် ဆန်းကြောင့်အနိယ ပစ္စည်းမှ နိကို ရဿပြုထားသည်၊] ထိုနေ့ နံနက်ဖြစ်စေ ညနေဖြစ်စေ အကပ်ခံအပ်သော ယာမကာလိကန့်ဉ် ရောအပ်သော ထိုနေ့၌ အကပ်ခံအပ်သော သတ္တာဟ,ယာဝဇီဝိက ၂-ပါးသည် ယာမကာလိက၏သဘောသို့လိုက်၍ ထိုတနေ့တည်း့ သာလျှင် သုံးဆောင်ကောင်း၏-ဟု သိပါ။

သတ္တာဟ၊ ပေ၊ တရုံ။ ။သတ္တာဟကာလိကန့်ဉ်ရောအပ်သော ယာဝဇီဝိကသည် သတ္တာဟကာလိက၏ သဘောသို့လိုက်၍ ၇-ရက်သာလျှင်အပ်၏၊ ရှေးရှေးက အကပ်ခံအပ်ပြီးသော ယာဝဇီဝိကကို အကပ်ခံ၍ ၂-ရက်မြောက်သော သတ္တာဟကာလိကန့်ဉ်ရောလျှင် ယာဝဇီဝိကသည် ၆-ရက်သာ သုံးခွင့်ရတော့၏၊ ၇-ရက်မြောက်မှ ရောလျှင်ကား ယာဝဇီဝိကသည် ထိုတရက်သာ စားသုံးခွင့်ရတော့၏၊ ဤအဓိပ္ပါယ်ကို ရည်ရွယ်၍ ပါတိမောက်ဘာသာဋ္ဌီကာ သန္နိဓိကာရသိက္ခာပုဒ်၌ “ကာလိကချင်းရောပုံ” ဟု ခေါင်းတပ်၍ လက်ာန့်တက္ခ ပြခဲ့ပြီ။

ပဋိဂ္ဂါဟနိဗ္ဗာန

ပဋိဂ္ဂါဟောတိ၊ "ပဋိဂ္ဂါဟော" ဟူသော ဥဒ္ဒေသ၏။ (နိဒ္ဒေသော၊ နိဒ္ဒေသကာဒီး—)

အကပ်မြောက် အင်္ဂါ ၅-ပါး

၁၀၆။ ဒါတုကာမဘိဟာရော စ၊ ဟတ္ထပါသေ-ရဏကွမံ။
တိခာ ဒေန္တေ ဒုံခာ ဂါဟော၊ ပဋ္ဌင်္ဂံ ပဋိဂ္ဂဟော။

၁၀၆။ ဒါတုကာမဘိဟာရော စ၊ ပေးခြင်းဌာ အလိုရှိသူ၏ ရှေးရှုဆောင်ခြင်းဌာ။ ဟတ္ထပါသော၊ ၂-တောင့်ထွာ ဟတ္ထပါသ်ဌင်း။ ဧရဏကွမံ၊ အာဒီး အလယ်အလတ်ရှိသော ယောကျ်ား၏ ကြွမြောက်ခြင်း၌ ခံသောဝတ္ထုဌင်း။ တိခာ၊ ကာယ, ကာယပဋိဗဒ္ဓ, နိဿဂ်ိယဟူသော ၃-ပါး အပြားအာဒီးဖြင့်။ ဒေန္တေ၊ ပေးလသော်။ ဒုံခာ၊ ကာယ, ကာယပဋိဗဒ္ဓဟူသော ၂-ပါး အပြားအာဒီးဖြင့်။ ဂါဟော၊ ခံယူခြင်းဌင်း။ ဧဝံ၊ ဤသို့။ ပဋိဂ္ဂဟော၊ ခံယူခြင်းသည်။ ပဋ္ဌင်္ဂေါ၊ ၅-ပါးသော အင်္ဂါရှိ၏။ (ဝိ ၂-၁၂၁၊ ဝိ ဋ္ဌ ၃-၁၀၉-၁၁၀၊ ကင်္ခါ ဋ္ဌ-၂၂၉)

ဒါတုကာမော၊ ပေ၊ ပဋိဂ္ဂဟော။ ။(၁) ပေးအပ်သောဝတ္ထုကို ပေးလိုသူ ကပ်လိုသူ၏ ရှေးရှုဆောင်ခြင်း (အနည်းငယ်မျှ ဖြစ်စေညွှတ်စေခြင်း) (၂) ပေးသူက ယူသူ၏ ၂-တောင့်ထွာ ဟတ္ထပါသ်သို့ ရောက်ခြင်း (၃) "ထာမမတ္ထိမ" ဟု ခေါ်အပ်သော အာဒီးအလယ် အလတ်ရှိသူ၏ ကြွမြောက်နိုင်သော ဝတ္ထုဖြစ်ခြင်း (၄) ပေးသူက ကာယ, ကာယပဋိဗဒ္ဓ, နိဿဂ်ိယ ၃-မျိုးတွင် တမျိုးမျိုးဖြင့် ပေးခြင်း (၅) ယူသူက ကာယ,ကာယပဋိဗဒ္ဓ ၂-မျိုးတွင် တမျိုးမျိုးဖြင့် ယူခြင်း၊ ဤအင်္ဂါ ၅-ပါးစုံမှ အကပ်မြောက်သည်။

အကပ်မမြောက်သော အရာများ

၁၀၇။ အသံဟာရိယေ တတ္ထဇာတေ၊ သုခုမေ စိဉ္ဆအာဒိနံ။
ပဏ္ဏေ ဝါသယ္ဘာရေ စ၊ ပဋ္ဌိဂ္ဂါဟော နရုဟတိ။

၁၀၇။ အသံဟာရိယေ၊ မပြောင်းရွှေ့နိုင်သော ကျောက်ဖျာစသည်၌ဖြစ်။ တတ္ထဇာတေ၊ ထိုသစ်ပင်၌ ဖြစ်၍နေသော ပဒုမ္မာကြာရွက်စသည်၌ဖြစ်။ စိဉ္ဆအာဒိနံ၊ မန်ကျည်းပင်အစရှိသည်တို့၏။ သုခုမေ၊ သိမ်မွေ့သေးငယ်သော။ ပဏ္ဏေ ဝါ၊ အရွက်၌ဖြစ်။ အသယ္ဘာရေ စ၊ ထာမမဋ္ဌိမ ယောကျိုး တယောက်၏ မဆောင်အပ် မဆောင်နိုင်သော ဝန်၌ဖြစ်။ ပဋ္ဌိဂ္ဂါဟော၊ အကပ်ခံခြင်းသည်။ နရုဟတိ၊ မတက်ရောက်။ ဝါ၊ အကပ်မမြောက်။ (ဝိဇ္ဇ ၃-၁၁)

ဟတ္ထပါသ်တိုင်းပုံ။ ။ ၂-တောင့်ထွာအရပ်ကို "ဟတ္ထပါသ်" ဟု ခေါ်၏၊ ထို ဟတ္ထပါသ်တိုင်းရာ၌ အကပ်ခံသော ရဟန်းက ထိုင်နေခိုက်၌ (ရှေ့ကလာ၍ ကပ်သောအခါ) တင်ပါး၏နောက်ဘက်အစွန်းမှစ၍ တိုင်းရ၏၊ ရပ်နေခိုက်၌ ရှေ့ကလာ၍ကပ်သောအခါ ဖနှောင့်စွန်းမှစ၍ တိုင်းရ၏၊ ယာဘက်ဘေးကလာ၍ ကပ်လျှင် ဝဲဘက်ဘေးအစွန်းဖြင့် တိုင်းရ၏၊ လျောင်းနေခိုက် ကပ်သောအခါ နံပါး၏နောက်ဘက်အစွန်းမှစ၍ တိုင်းရ၏၊ ကပ်သူဘက်၌ကား လှမ်းပေးသော လက်မှတပါး အနီးဆုံးကိုယ်အင်္ဂါဖြင့် တိုင်းရသည်။

ကာယ, ကာယပ္ပဋိဗဒ္ဓ, နိဿဂ်ိယ။ ။လက်ဖြင့်လှမ်း၍ကပ်လျှင် ကာယ (ကိုယ်)ဖြင့် ကပ်ရာရောက်၏၊ လက်ဝယ်ကိုင်ထားအပ်သော ဇွန်းပုဂံစသည်ဖြင့် ကပ်လျှင် ကာယပ္ပဋိဗဒ္ဓ (ကိုယ်နှင့် စပ်နေသော ဝတ္ထု) ဖြင့် ကပ်ရာရောက်၏၊ ၂-တောင့်ထွာ အတွင်းမှာပင် လှမ်း၍ပစ်ပေးလျှင် နိဿဂ်ိယ (ပစ်လွှတ်ခြင်း) ဖြင့် ကပ်ရာရောက်၏၊ ခံယူသော ရဟန်းအတွက်ကား ကာယဖြင့်လည်းယူနိုင်, ကာယပ္ပဋိဗဒ္ဓ (ကိုယ်နှင့်စပ်နေသော သပိတ်ခွက်စသည်)ဖြင့်လည်း ယူနိုင်သည်၊ ဤဂါထာအတိုင်း အောက်ပါဆောင်ပုဒ်ကို ပါတိမောက်ဘာသာဋီကာ ဒန္တဝေါန သိက္ခာပုဒ်၌ ဆိုရသည်။

[ဆောင်] ရှေးရှုလည်းဆောင်၊ ၂-တောင့်ထွာရောက်၊ မြောက်နိုင်ဝတ္ထု၊ ၃-ခုပေး ခြင်း၊ခံခြင်းနှစ်လောက်၊ကပ်ခံမြောက်၊မှတ်လောက်အင်္ဂါ၅-ပါးတည်း။

"ကာယပ္ပဋိဗဒ္ဓဖြစ်သော သပိတ်စသည်၌ ထည့်၍ခံလျှင် အကပ်မြောက်၏" ဟု ဆိုသော်လည်း ထိုကာယပ္ပဋိဗဒ္ဓဝတ္ထုက အသံဟာရိယ စသည်ဖြစ်လျှင် အကပ်မမြောက်ဟု ပြလို၍ "အသံဟာရိယေ" စသည်ကို မိန့်သည်။

အသံဟာရိယေ။ ။သံ-ကောင်းစွာ၊ ဝါ-ပတ်ဝန်းကျင်သို့ + ဟရိယတိ-ဆောင်ယူအပ် ဆောင်ယူနိုင်၏၊ ဣတိ သံဟာရိယံ၊ န + သံဟာရိယံ အသံဟာရိယံ၊ သစ်ငုတ်ဝယ် ဖွဲ့ချည်၍ထားအပ်သော ညောင်စောင်းအင်းပျဉ်နှင့် ရှေ့ပြောင်း၍ မရလောက်အောင် ခိုင်မြဲနေသော ပျဉ်ချပ် ကျောက်ဖျာ စသည်တည်း၊ ထို ဝတ္ထုများတွင် ညောင်စောင်းအင်းပျဉ်သည် သစ်ငုတ်၌ချည်ထားအပ်သောကြောင့် မပြောင်းမရွှေ့နိုင်၊ ပျဉ်ချပ်သည် (ထာမမဇ္ဈိမမမမြောက်နိုင်လောက်အောင်မကြီးသော်လည်း) သံရိုက်ထားသောကြောင့်ရင်း ကျောက်ဖျာသည် အကြီးကြီးမဟုတ်သော်လည်း မြေကြီးနှင့် တဲ့နေသောကြောင့်ရင်း မပြောင်းမရွှေ့နိုင်၊ ပျဉ်ချပ်ကျောက်ဖျာတို့က ကြီးနေသည့်အတွက် မမြောက်နိုင်လျှင် အသယျဘာရ၌ ပါသွားလိမ့်မည်။

အဋ္ဌကထာ။ ။ဧဝံ ခါဏုကေ ဗန္ဓိတ္ဝာ ဌပိတမဉ္စာဒိမှိ, အသံဟာရိမေ ဖလကေ ဝါ ပါသာဏေ ဝါ နရုဟတီယေဝ၊— ဒန္တပေါနသိက္ခာပုဒ်။ [ပါစိတ်ဘာသာဋီကာ၌ "ဌပိတမဉ္စာဒိမှိ-ထားအပ်သော ညောင်စောင်းအစရှိသော" ဟု အနက်ပေး မှား၏၊ "ထားအပ်သော ညောင်စောင်း အစရှိသော တည်ရာ၌ ရင်း" ဟု ပြင်ပါ၊ အဋ္ဌကထာ၌ "အသံဟာရိမေ" ဟု ရှိ၏၊ ဤ၌ "အသံဟာရိ-ယေ" ဟု ရှိသည်။]

တတ္ထဇာတေ။ ။ထိုသစ်ပင်၌ ဖြစ်သော (ထိုသစ်ပင်မှ မခွဲးရသေးသော) ပဒုမ္မာကြာရွက် ပေါက်ရွက်တို့၌ထည့်၍ အကပ်ခံသော်လည်း အကပ်မမြောက်၊ ဘာ့ကြောင့်နည်း– ထို သစ်ပင်နှင့်စပ်နေသေးရကား "ကာယပ္ပဋိဗဒ္ဓ-ကိုယ်နှင့်စပ်နေသော ဝတ္ထု" ဟု မခေါ်နိုင်သောကြောင့်တည်း၊ ပြအပ်ပြီးသော အသံဟာရိယဝတ္ထုတို့၌လည်း ထို့အတူ ကာယပ္ပဋိဗဒ္ဓဟု မခေါ်နိုင်။

သုခုမေ၊ ပေ၊ ပဏ္ဏေ။ ။(ကပ်အပ်သောပစ္စည်းကို မဆောင်ယူနိုင်လောက်အောင်) သေးငယ်သော မန်ကျည်းရွက် စသည်၌ထည့်၍ အကပ်ခံလျှင် အကပ်

အကပ်ပျက်ကြောင်းများ

၁၀၈။ သိက္ခာမရဏလိင်္ဂေဟိ၊ အနပေက္ခဝိသဂ္ဂတော။
အစ္ဆေဒါနုပသမ္ပန္နဒါနာ ဂါဟော-ပသမ္မတိ။

၁၀၈။ သိက္ခာမရဏလိင်္ဂေဟိ၊ သိက္ခာချခြင်း , သေခြင်း , လိင်ပြန်ခြင်းတို့ကြောင့်ဝင်း။ အနပေက္ခဝိသဂ္ဂတော၊ ငဲ့ကွက်ခြင်းမရှိသော စွန့်ခြင်းကြောင့်ဝင်း။ အစ္ဆေဒါ၊ လုယူခြင်းကြောင့်ဝင်း။ အနုပသမ္ပန္နဒါနာ၊ လူသာမဏေအား ပေးခြင်းကြောင့်ဝင်း။ ဂါဟော၊ အကပ်ခံခြင်းသည်။ ဥပသမ္မတိ၊ ငြိမ်း၏။ ဝါ၊ အကပ်ပျက်၏။

မမြောက်၊ “ရိုးတံနှင့် တက္ခသော မန်ကျည်းရွက်များကို မြေကြီးပေါ်၌ စီချထားပြီးလျှင် ထိုအရွက်တို့ကို ထိကိုင်လျက် အကပ်ခံသော်လည်း အကပ်မမြောက်” ဟူလို။ [ဘူမိယံ အတ္ထတေသု (ဖြန့်ခင်းထားအပ်ကုန်သော) သုခုမေသု တိန္တိကိကာဒိပဏ္ဏေသုပိ ပဋိဂ္ဂဟဏံ နရုဟတိ၊နဟိ တာနိ သန္ဓာရေတုံ သမတ္ထာနိတိ၊ —ဒန္တပေါနအဋ္ဌကထာ။ အကယ်၍ ပဒုမ္မာကြာရွက်ကြီးဖြစ်လျှင် တတ္ထဇာတကလည်းမဟုတ်လျှင် ထည့်၍ အကပ်ခံနိုင်၏။]

အသယှဘာဝေ။။ ။ထာမမဇ္ဈိမ (ခွန်အားအလယ်အလတ်ရှိသူ) မမြောက်နိုင်လောက်အောင် လေးနေသော စားပဲကြီးကြီး ထမင်းအိုး ဟင်းအိုးကြီး စသည်ဖြင့်လည်း အကပ်မမြောက်။

သိက္ခာ၊ ပေ၊ သမ္မတိ။။ ။ဤဂါထာအတိုင်းပင် “စွန့်,ချ,ပေး,လု၊ မစ္ဆု,လိင်ပြန်၊ ဤခြောက်တန်၊ ကပ်ခံပျက်ကြောင်းတည်း” ဟု ပါတိမောက်ဘာသာဋီကာ ဒန္တပေါနသိက္ခာပုဒ်၌ ဆိုထားသည်၊ အကျယ်ကိုဘာသာဋီကာ၌ ရှုပါ၊ [ဤအကပ်ပျက်ကြောင်းများသည် ပဌမပါရာဇိကအဋ္ဌကထာ လိင်္ဂပရိဝတ္တန အခန်း၌ ပါ၏။။]

အနပေက္ခဝိသဂ္ဂတော။။ ။အနုပသမ္ပန္နဒါနအပြင် “အနပေက္ခဝိသဂ္ဂတော” ဟု သီးခြားဆိုသောကြောင့် မည်သူ့အားမျှမပေးဘဲ “အကပ်ခံအပ်ပြီးသော ဤဝတ္ထုကို မစားတော့အံ့” ဟု ဝတ္ထုကိုစွန့်လိုက်ခြင်းကို “မငဲ့မကွက်စွန့်ခြင်း” ဟု

အကပ်မခံပြစ်နှင့် အပ်သောနည်း

၁၀၉,၁၀။ အပ္ပဋိဂ္ဂဟိတံ သဗ္ဗံ၊ ပါစိတ္တိ ပရိဘုဉ္ဇတော၊။
သုဒ္ဓဥ္စ နာတိဗဟာလံ၊ ကပ္ပတေ ဥဒကံ တထာ။
အင်္ဂလဂ္ဂမဝိစ္ဆိန္နံ၊ ဒန္တကိဉ္စိကဏ္ဏဂူထကံ။
လောဏဿုခေဠသိင်္ဃာဏိ၊ သေမ္ဟမုတ္တကရိသကံ။

၁၀၉,၁၀။ အပ္ပဋိဂ္ဂဟိတံ၊ အကပ်မခံအပ်သေးသော။ သဗ္ဗံ၊ အလုံးစုံသော ကာလိကကို။ ပရိဘုဉ္ဇတော၊ သုံးဆောင်သောရဟန်း၏။ ပါစိတ္တိ၊

ဝိမတိဋီကာ (ပဌမပါရာဇိကသိက္ခာပဒဝိဘင်္ဂအဖွင့်၌) ဆို၏၊ သာရတ္ထဋီကာ၌ကား ထို ဝတ္ထုစွန့်အပြင် "အကပ်ခံအပ်ပြီးသော ဤအစာကို ယခုမစားတော့၊ နောက်မှထပ်၍ အကပ်ခံပြီးမှ စားမည်"ဟု အကပ်စွန့်ခြင်းကိုလည်း "မငဲ့မကွက်စွန့်ခြင်း"ဟု ဆိုသည်။

မှတ်ချက်။ ။ဤသို့ ဝတ္ထုစွန့်, အကပ်စွန့် ၂-မျိုးရှိရာဝယ် အကပ်စွန့်ခြင်း၌ ဝတ္ထုကို (မငဲ့မကွက်မဟုတ်) ငဲ့ကွက်ရာရောက်သေးသောကြောင့် အကပ်စွန့်ကို ဆရာတို့မနှစ်သက်ကြပါ၊ ဆရာတို့သည် နှုတ်ဖြင့် အကပ်ကို စွန့်သော်လည်း အကပ်မပျက်ဟု ယူဆတော်မူကြ၏၊ ဤအယူသည် "သာပေက္ခော အာဓာရကေ ဌပေတ္ဝာ ဧတ္တောဝ ပုဝံ ဝါ ဘတ္တံ ဝါ 'ဂဏှာ'တိ ဝဒတိ၊ ပေ၊ ပုန ပဋိဂ္ဂဟဏကိစ္စံ နတ္ထိ—အကပ်မပျက်"ဟူသော ဒန္တံပေါနသိက္ခာပဒအဋ္ဌကထာနှင့်လျော်ပါသည်။

သုဒ္ဓံ၊ပေ၊ဥဒကံ။ ။"အညတြ ဥဒကဒန္တပေါနာ"ဟု ဒန္တပေါနသိက္ခာပုဒ်၌ မိန်တော်မူသောကြောင့် ရေကို အကပ်မခံဘဲ သောက်နိုင်၏ဟု သိကြ၏၊ သို့သော် သုဒ္ဓံ လှည်းမြင်းရထား စသည်တို့ သွားရာ၌ထသော မြူမှုန်ကို "ရထရေဏု"ဟု ခေါ်၏၊ ထို ရထရေဏုကဲ့သို့ ထင်ရှားသော မြူမှုန်လည်းမပါသော, အခြားသော အရည်တို့နှင့်လည်း မရောသော သန့်ရှင်းသော ရေကိုသာ အကပ်မခံဘဲ သောက်ကောင်း၏၊ ထို့ကြောင့် ရေကို အမြဲစစ်၍ သောက်ဘို့ရန် ဆရာတို့ ညွှန်ပြတော်မူကြသည်၊ အတိဗဟာလံ-လယ်ထွန်ရာ စသည်၌ ပြစ်သောရေ သစ်ရွက်ရေတို့ကဲ့သို့ ပြစ်လျှင်လည်း **အကပ်မခံဘဲ မသောက်ကောင်း**။

ပါစိတ်အာပတ်သည်။ ဟောတိ၊ ဖြစ်၏။ သုဒ္ဓံ၊ ရထရေဏုစသော မြူမှုန်မဖက် သက်သက်သော။ ဝါ၊ အခြားအရည်နှင့် မရောမယှက် သက်သက်သော။ နာတိဗဟလံ၊ အလွန်ပြစ်သော ရေလည်းမဟုတ်သော။ ဥဒကံ၊ ရေသည်။ ကပ္ပတေ၊ အကပ်မခံဘဲအပ်၏။ တထာ၊ ထိုမှတပါး။ အင်္ဂလဂ္ဂံ၊ ကိုယ်အင်္ဂါ၌ ငြိကပ်နေသော၊ အဝိစ္ဆိန္နံ၊ မပြတ်သေးသော။ ဒန္ဓကို့ကဏ္ဏ-ဂူထကံ၊ သွားချေး, မျက်ချေး, နားချေးသည်၎င်း။ လောဏသုခေဠသိင်္ဃာ-ဏိ၊ ဆား, မျက်ရည်, တံထွေး, နှပ်သည်၎င်း။ သေမှမုတ္တကရီသကံ၊ သလိပ်, ကျင်ငယ်, ကျင်ကြီးသည်၎င်း။ ကပ္ပတေ၊ အကပ်မခံဘဲ အပ်၏။ [ပဌမ-ပါဒသည် ဒန္ဓပေါနသိက္ခာပုဒ်အတိုင်းပင်တည်း။] (ဝိ ၂-၁၂၁၊ ဝိ ဋ္ဌ ၃-၁၂၀၊ က၏် ဋ္ဌ-၂၂၉)

မဟာဝိကဋဆေးကြီး

၁၁၁။ ဂူထမတ္တိကမုတ္တာနိ၊ ဆာရိကဉ္စ တထာဝိဓေ။
သာမံ ဂဟေတ္ဝာ သေဝေယျ၊ အသန္တေ ကပ္ပကာရကေ။

၁၁၁။ ဂူထမတ္တိကမုတ္တာနိ၊ ကျင်ကြီး, မြေ, ကျင်ငယ်တို့ကိုဂုဏ်း။ ဆာရိကဉ္စ၊ ပြာကိုဂုဏ်း။ တထာဝိဓေ၊ ထိုသို့သဘောရှိသော မြွေကိုက်ရာ

အင်္ဂလဂ္ဂမဝိစ္ဆိန္နံ။ ။ဒန္ဓဂူထ (သွားချေး) သည် သွား၌ ငြိကပ်နေစဉ် အင်္ဂလဂ္ဂ, အဝိစ္ဆိန္န ဖြစ်၏၊ ဒန်ပူသွားပုတ်တံ၌ ရောက်လျှင် အင်္ဂလဂ္ဂ မဟုတ်၊ ဝိစ္ဆိန္န ဖြစ်ပြီ၊ နှပ်ရည်သည် နှာခေါင်း၌ ကပ်နေလျှင် အင်္ဂလဂ္ဂ ဖြစ်၏၊ နှာခေါင်းမှ တဲ့လဲ့ကျနေသော်လည်း ပြတ်၍ ကျမသွားသေးလျှင် အဝိစ္ဆိန္နဖြစ်၏၊ ဤသို့ အင်္ဂလဂ္ဂ, အဝိစ္ဆိန္န ဖြစ်လျှင် သွားချေးမှစ၍ ကရီသတိုင်အောင် အကပ်မခံဘဲ ကိုယ်တိုင်ယူ၍ စားနိုင်သည်၊ အင်္ဂလဂ္ဂမဟုတ်ဘဲ ပြတ်၍ ကိုယ်မှကွာ၍ သွားလျှင်ကား အကပ်ခံပြီးမှ စားနိုင်သည်-ဟူလို။ "ဆား" ဟူရာ၌ ကိုယ်၌ပေါ်ထွက်နေသော ဆားတည်း။

ဂူထ၊ပေ။သေဝေယျ။ ။မြွေကိုက်ရာအခါကို "တထာဝိဓေ" ဟု ဆိုသည်၊ မြွေသာမက အခြားသော အဆိပ်တက်ရာအခါကိုလည်း ယူနိုင်သည်၊ ထိုအခါ၌

အခါ၌။ ကပ္ပကာရကေ၊ အပ်အောင်ပြုဘဝ်သော ပုဂ္ဂိုလ်သည်။ အသန္တေ၊ မရှိလသော်။ သာမံ၊ ကိုယ်ဘိုင်။ ဂဟေတွာ၊ ယူ၍။ သေဝေယျ၊ မှီဝဲနိုင်၏။ (ဝိ ၃-၂၉၉၊ ဝိ ဋ္ဌ ၃-၁၂၀-၃၇၄)

ဒုက္ကဋ်အာပတ်သင့်ကြောင်းများ

၁၁၂။ ဒုရုပစိဏ္ဏေ ရဇောကိဏ္ဏေ၊ အထုဂ္ဂဟပဋိဂ္ဂဟေ။

အန္တောဝုတ္ထေ သယံပဏ္ဏေ၊ အန္တောပဏ္ဏေ စ ဒုက္ကဋန္တိ။

၁၁၂။ ဒုရုပစိဏ္ဏေ၊ အသီးရှိသောသစ်ပင် နွယ်တို့ကိုလှုပ်ခြင်း, အာမိသ ရှိသောခွက်ကို ကိုင်ခြင်း ဟူသော မကောင်းသော ပြုကျင့်ခြင်းကြောင့်၎င်း။

ကျင်ကြီး, မြေညက်, ကျင်ငယ်, ပြာ ဤ ၄-မျိုးကို ကိုယ်တိုင်ယူ၍ မှီဝဲသုံးစားကောင်း၏၊ [သာမံ ဂဟေတွာတိ ဣဒံ နု ကေဝလံ သပ္ပဒဋ္ဌဿေဝ၊ အညသ္မိံ ပိ ဒဋ္ဌဝိသေ သတိ သာမံ ဂဟေတွာ ပရိဘုဉ္ဇိတဗ္ဗံ၊—ဘေသဇ္ဇက္ခန္ဓကအဋ္ဌကထာ။]

အသန္တေ ကပ္ပကာရကေ။ ။"အကပ် မခံဘဲ ကိုယ်တိုင်ယူ၍ သုံးစားကောင်း၏"ဟု ခွင့်ပြုတော်မူရာ၌ အပ်အောင် ကပ်မည့် ကပ္ပိယကာရကမရှိရာ၌ သာ ခွင့်ပြုတော်မူခြင်းတည်း၊ ကပ္ပိယကာရကရှိလျှင်ကား အကပ်ခံရမည်-ဟူလို။ [စွမ်းနိုင်လျက် ခိုင်းသည်ကို မလုပ်သူ, သို့မဟုတ် သစ်ပင်ကို ချိုး၍ ပြာဖြစ်အောင် မပြုနိုင်သော ကလေး လူအိုစသူ ရှိသော်လည်း မရှိသည်နှင့် အတူပင်တည်း၊] ဒန္တပေါနသိက္ခာပုဒ် အဋ္ဌကထာ၌ အကျယ်ရှုပါ။

မဟာဝိကဋဆေး။ ။မြေကိုက်ရာ အခါမျိုး၌သာ ခွင့်ပြုတော်မူ**အပ်**သော ကြောင့် ကာလောဒိဿ (မြေကိုက်ရာ ကာလကို ရည်စူး၍ ခွင့်ပြုအပ်သော) ဆေးမည်၏၊ ပကတိ ရိုးရာအစာမဟုတ်၊ ဖောက်ပြန်သော အစာဖြစ်သော ကြောင့် "မဟာဝိကဋ" ဟုလည်းခေါ်၏။ [ဝိကဋောနီတိ အပကတိဘောဇနတ္တာ **ဝိကဋောနိ**–ပကတိ ရိုးရာ အစာမဟုတ်သောကြောင့် ဝိကဋ(ဖောက်ပြန်သော) **အစာတို့၊** ဝိရူပါနီတိ အတ္ထော၊—နိဿဂ္ဂိ, ဘေသဇ္ဇသိက္ခာပုဒ်ဋီကာ ။]

ဒုရုပစိဏ္ဏေ။ ။နကာတဗ္ဗံတိ ဝါရိတဿ ကတ္တာ-မပြုထိုက်ဟု တားမြစ်အပ်သော အမှုကို ပြုသည့်အတွက် ဒုဋ္ဌု- မကောင်းသော + ဥပစိဏ္ဏံ-

ရဇောကိဏ္ဏော၊ မြူဖြင့်ရောပြွမ်းသောသပိတ်စသည်ကို အကပ်မခံဘဲ ဆွမ်းခံခြင်းကြောင့်ဝင်း။ အထော၊ ထိုမှတပါး။ ဥဂ္ဂဟပဋိဂ္ဂဟော၊ မိမိကိုယ်တိုင် နေရာမှ ရွေ့အောင် မြောက်ချီ၍ ကောက်ယူခြင်းကြောင့်ဝင်း။ [တနည်း-ဥဂ္ဂဟပဋိဂ္ဂဟော၊ ကိုယ်တိုင်ယူအပ်ပြီးကို အကပ်ခံခြင်းကြောင့်ဝင်း။] အန္တောဝုတ္ထော၊ အကပ်ပြီယအတွင်း၌ ယာဝကာလိက, ယာမကာလိကကို သိုမှီးသိမ်းထားခြင်းကြောင့်ဝင်း။ သယံပက္ကော၊ မိမိကိုယ်တိုင် ချက်ခြင်းကြောင့်ဝင်း။ အန္တောပက္ကော စ၊ အကပ်ပြီယကုဋိ အတွင်း၌ ချက်ခြင်းကြောင့်ဝင်း။ ဒုက္ကဋံ၊ ဒုက္ကဋ် အာပတ်သည်။ (ဟောတိ၊ ဖြစ်၏။) ဣတိ၊ အကပ်ခံခြင်းနှင့် စပ်၍ မှတ်ဘွယ်အပြီးတည်း။ (ဝိ ၃-၃၀၄-၅-၆၊ ဝိ ဋ္ဌ ၃-၁၁၁-၃၇၅ ပိဋ္ဌဒီသု)

အလေ့အကျင့်တည်း၊ ဒုရုပစိဏ္ဏံ-မကောင်းသော အလေ့ အကျင့်၊ ဒုရုပစိဏ္ဏော၊ မကောင်းသော အလေ့အကျင့်၌။ ဝါ၊ ကြောင့်။ ပဝတ္တံ+ဒုက္ကဋံ ဒုရုပစိဏ္ဏဒုက္ကဋံ။[အပင်၌ သီးနေသောအသီးကို ကိုင်မှု လှုပ်မှု, ဆွမ်းစားသော အာမိသရှိသော အကပ်မခံအပ်သေးသော သပိတ် အိုးခွက် စသည်ကို ကိုင်မှု, အဖုံးဖွင့်မှု စသည်ဖြင့် နေရာမရွေ့ဘဲ သုံးသပ်မှုဟူသမျှသည် ဒုရုပစိဏ္ဏတည်း၊ ထိုအမှုကြောင့် သင့်သော ဒုက္ကဋ်အာပတ်ကို "ဒုရုပစိဏ္ဏဒုက္ကဋ်" ဟု ခေါ်သည်၊ ဤဒုက္ကဋ်ကား ကိုင်လျှင်ပင်သင့်၏။

ရဇောကိဏ္ဏော။ ။ဆွမ်းခံလှည့်စဉ် သပိတ်၌ မြူမှုန်ကျလသော် သပိတ်ကို အကပ်ခံပြီးမှ ဆွမ်းကိုဆက်၍ ခံနိုင်၏၊ ထိုသို့ အကပ်မခံဘဲ ဆွမ်းကို ဆက်၍ ခံလျှင် မြူမှုန်နှင့် ရောသွားသော ဒုက္ကဋ်အာပတ်သင့်၏၊ ဤဒုက္ကဋ်ကို ဝိနယဒုက္ကဋ်ဟု ခေါ်၏၊ ဆွမ်းမခံရသေးခင် သပိတ်ကို ဆေးပြီးနောက် သပိတ်အိတ်၌ သွတ်ခြင်းစသည်ကိုပြုခိုက် မြူမှုန်ကျလျှင်လည်း သပိတ်ကို အကပ်ခံပြီးမှ ဆွမ်းခံရမည်၊ ထိုသို့အကပ်မခံဘဲ ဆွမ်းခံလျှင်လည်း ဝိနယဒုက္ကဋ် အာပတ်သင့်၏၊ [နာမည်အထူး မတပ်ဘဲ ဝိနည်း၌ လာသော ဒုက္ကဋ် ဟူသမျှကို "ဝိနယဒုက္ကဋ်" ဟု ခေါ်သည်။]

ဥဂ္ဂဟပဋိဂ္ဂဟော။ ။အကပ်မခံဘဲ ထိရုံတွင်မက ကိုယ်တိုင်မြောက်ယူခြင်းကို "ဥဂ္ဂဟ ပဋိဂ္ဂဟ" ဟု ဋီကာတို့ဖွင့်ကြ၏၊ [အပ္ပဋိဂ္ဂဟိတဘာဝံ–အကပ်မခံရသေး

သည်၏ အဖြစ်ကို၊ ဇာနတော – သိသောရဟန်း၏၊ အတ္တနာ ဧဝ ဥဂ္ဂဟေတဗ္ဗာဂဟဏော၊ ကိုယ်တိုင်သာလျှင် ကောက်ချိယူခြင်းကြောင့်၊ – ဋီကာ၊ဤအဓိပ္ပါယ်ကို ဆိုလိုလျှင် "ပဋိဂ္ဂဟေ" ဟု ထည့်ဘွယ်မလိုပါ၊ အဋ္ဌကထာတို့၌ "ဥဂ္ဂဟိတကကိုယ်တိုင်မြောက်ကြွ၍ ယူအပ်သော အာဟာရ" ဟုသာဆိုပါသည်၊ ထို့ဥဂ္ဂဟိတကကြောင့်လည်း ဒုက္ကဋ်အာပတ်သင့်နိုင်ပါသည်၊ မိမိကား နောက်၌ ပြမည့် "ဥဂ္ဂဟိတ ပဋိဂ္ဂဟိတ" ကို ဆိုလိုမည်ထင်ပါသည်။

အန္တောဝုတ္ထစသည်။ ။အန္တောဝုတ္ထကို ရှေ့၌ပြခဲ့ပြီ၊ အကပ်ိယကုဋိ ဟုတ်သည်ဖြစ်စေ မဟုတ်သည်ဖြစ်စေ ရဟန်းကိုယ်တိုင် ချက်လျှင် သာမံပက္က (ကိုယ်တိုင်ချက်အပ်သည်) မည်၏၊ အကပ်ိယကုဋိ (မအပ်သောကျောင်း)၌ လူသာမဏေတို့ ချက်အပ်သော အစာသည် အန္တောပက္ကမည်၏။

မှတ်ချက်။ ။ရဟန်းတို့ကိုယ်တိုင် ချက်မှ၌ ကပ်ိယကုဋိဝယ် အကပ်ခံ၍ ချက်လျှင် အပ်သည်လည်းရှိ၏၊ ဗီဇဂါမ်ဘူတဂါမ်ဖြစ်လျှင် မအပ်သည်လည်းရှိ၏၊ "အန္တောပက္က" ဟူသည် လူသာမဏေတို့ ချက်ခြင်းတည်း။ ထိုချက်ရုံဖြင့် မအပ်စရာမရှိပါ၊ ထို့ကြောင့် "အန္တောဝုတ္ထစသော ၃-ပါးလုံး မအပ်ဟူရာ၌ ထားရုံချက်ရုံမျှဖြင့် ဒုက္ကဋ်မသင့်သေး၊ စားမှသင့်သည်ဟု မှတ်ပါ၊ ဘာ့ကြောင့်နည်း—

> "နဘိက္ခဝေ အန္တောဝုတ္ထံ အန္တောပက္ကံ သာမံပက္ကံ ဥဂ္ဂဟိတပဋိဂ္ဂဟိတံ ပရိဘုဉ္ဇိတဗ္ဗံ၊ ယော ပရိဘုဉ္ဇေယျ, အာပတ္တိ ဒုက္ကဋဿ–သုံးဆောင်မှ ဒုက္ကဋ်အာပတ်"ဟု—

ပညတ်တော်မူသောကြောင့်တည်း၊ အထက်၌ "ဥဂ္ဂဟ ပဋိဂ္ဂဟ" ဟူသည်လည်း ဤဥဂ္ဂဟိတ ပဋိဂ္ဂဟိတပင်ဖြစ်သင့်၏၊ ရှေးဦးစွာ အကပ်မခံဘဲ ကိုယ်တိုင် ကိုင်ယူအပ်သည်ကို "ဥဂ္ဂဟိတ" ဟု ခေါ်၏၊ "ထိုဥဂ္ဂဟိတ ဖြစ်လျှင်ပင် ထိုရဟန်းမှာ ဒုက္ကဋ် အာပတ်သင့်၏၊ ထိုဒုက္ကဋ်ကို "ဥဂ္ဂဟိတက ဒုက္ကဋ်"ဟု ဒုတိယ ပါရာဇိကအဋ္ဌကထာ၌ဆို၏၊ ထိုဥဂ္ဂဟိတကို တဖန်ပြန်၍ အကပ်ခံသော်လည်း မည်သူမျှ မအပ်တော့၊ "ဒုရုပစိဏ္ဏဖြစ်သော သစ်သီးစသည်သည် အကပ်ခံ၍ ထိုပုဂ္ဂိုလ်မှ တပါး အခြားပုဂ္ဂိုလ်များ စားကောင်းသေး၏၊ ဤဥဂ္ဂဟိတကား အကပ်ခံ၍ အခြားပုဂ္ဂိုလ်များလည်း မအပ်တော့" ဟူလို၊ ထို့ကြောင့် ဥဂ္ဂဟိတ ပဋိဂ္ဂဟိတကိုပင် ဂါထာဖြစ်၍ "ဥဂ္ဂဟ ပဋိဂ္ဂဟ"ဟု ဆိုသည်။

အကပ်ိယမံသနိဒ္ဒေသ

မံသေသု စ အကပ်ိယန္တိ၊ "မံသေသု စ အကပ်ိယံ" ဟုသော ဥဒ္ဒေသ၏။ (နိဒ္ဒေသော၊ ကား—)

မအပ်သော အသားမျိုး

၁၁၃,၄။ မနုဿဟတ္ထိအဿာနံ၊ မံသံ သုနခဒီပိနံ။
သီဟဗျဂ္ဃတရစ္ဆာနံ၊ အစ္ဆဿ ဥရဂဿ စ။
ဥဒ္ဒိဿ ကတမံသဉ္စ၊ ယဉ္စ အပ္ပဋိဝေက္ခိတံ။
ထုလ္လစ္စယ မနုဿာန၊ မသေ သေသေသု ဒုက္ကဋ။

၁၁၃,၄။ မနုဿဟတ္ထိအဿာနံ၊ လူ, ဆင်, မြင်းတို့၏ငင်း။ သုနခဒီပိနံ၊ ခွေး, သစ်တို့၏ငင်း။ သီဟဗျဂ္ဃတရစ္ဆာနံ၊ ခြင်္သေ့, ကျား, အောင်းတို့၏ငင်း။ အစ္ဆဿ၊ ဝံ၏ငင်း။ ဥရဂဿ စ၊ မြွေ၏ငင်း။ ယံ မံသံ၊ အကြင် အသားသည်ငင်း။ ဥဒ္ဒိဿ၊ သီတင်းသုံးဘော်ကို ရည်းစူး၍။ ကတမံသဉ္စ၊

မနုဿ၊ပေ၊ ဥရဂဿ စ။ ။ဤ ၁၀ ပါးကို "အသားကြီး ၁၀-ပါး" ဟု ခေါ်၏၊ ထို ၁၀-ပါးတွင် လူသားကို ဇာတ်တူသား ဖြစ်သောကြောင့်ငင်း ခွေးသား မြွေသားကို စက်ဆုပ်ရုံရှာဘွယ် ကောင်းသောကြောင့်ငင်း ဆင်သား မြင်းသားတို့ကား မင်း၏အသုံးအဆောင် ရတနာ ဖြစ်သောကြောင့်ငင်း သီဟ (ခြင်္သေ့)စသော အသားတို့ကား တောကျောင်း ဘုန်းကြီးများအား ဘေးရန် ပြုမည်စိုးသောကြောင့်ငင်း မဟာဝဂ်ဘေသဇ္ဇက္ခန္ဓကဋ္ဌ ပယ်တော်မူသည်။

ဥဒ္ဒိဿကတမံသ။ ။ဘိက္ခု, ဘိက္ခုနီ, သိက္ခမာန်, သာမဏေ, သာမဏေမ ဟူသော သီတင်းသုံးဘော် ၅-ယောက်တွင် တယောက်ယောက်ကို ရည်စူး၍ သတ်အပ်သော သတ္တဝါ၏ အသားကို "ဥဒ္ဒိဿကတမံသ" ဟု ခေါ်

ပြုအပ်သော အသားသည်၎င်း။ အပဋိဝေက္ခိတံ၊ မစ္စုးစမ်း မမေးမြန်းအပ်သော။ ယံ မံသံ စ၊ အကြင်အသားသည်၎င်း။ (အဘ္ထိ၊ ရှိ၏။ တေသု၊ ထို အသား ၁၂-ပါးတို့တွင်။) မနုဿာနံ၊ လူတို့၏။ မံသေ၊ အသား၌။ (ပရိဘုဉ္ဇ-တော၊ သုံးစားသောရဟန်း၏။) ထုလ္လစ္စယံ၊ ထုလ္လစ္စည်းအာပတ်သည်။ဟောတိ၊ ဖြစ်၏။ သေသေသု၊ ကြွင်းသောအသား ၁၁-ပါးတို့၌။ပရိဘုဉ္ဇတော၊သုံးစားသောရဟန်း၏။ ဒုက္ကဋံ၊ဒုက္ကဋ်အာပတ်သည်။ ဟောဘိ၊ ၏။ (ဝိ ၃-၃၁၀-၁-၂-၃-၄-၃၃၄-၅၊ ဝိ ဋ္ဌ ၃-၃၇၆)

သည်၊ ထိုအသားကို သီဘင်းသုံးဘော် တပါးပါးအား ရည်စူး၍ပြုအပ်စေကာမူ သီတင်းသုံးဘော် ၅-ယောက်လုံးမအပ်၊ တောအရပ်သို့ ရောက်သောအခါ စေ့းလည်းမနီးပါဘဲ ကြက်သားဟင်းပါသာလျှင် “ငါ့ဘို့သတ်ပြီး ချက်ထားလေသလား” ဟု သံသယရှိရုံမျှဖြင့် မစားကောင်း၊ သေချာစွာ သိလျှင်ကား ဆိုဘွယ်မရှိ၊ မသိလျှင်သံသယမရှိလျှင် စားကောင်း၏၊ တခု့ိုအရပ်၌ ငါးများကို လှောင်ထားခြင်း လတ်လတ်ဆတ်ဆတ်စားလေ့ရှိကြ၏၊ ထိုငါးများကို လှောင်ထားရာမှ ရဟန်းများအတွက်ယူ၍ ချက်လျှင်လည်း ဥဒ္ဒိဿကတမံသပင် ဖြစ်၏၊ သည်သာ မကသေး၊ ရန်ကုန် စသော စေ့းများဌ်ပင် လှုင်လှုပ် ရှရှ ဖြတ်ဖြတ် လတ်လတ် ရှိမှ ဝယ်လို ကြ၏၊ ထို ငါးများကို ရဟန်းများ အတွက် ချက်လျှင် ဥဒ္ဒိဿကတမံသပင် ဖြစ်၏၊ ဤ သိက္ခာပုဒ်ကို ဘေသဇ္ဇကွန္ဓကဌ် “နဘိက္ခဝေ ဇာနံ ဥဒ္ဒိဿကတမံသံ ပရိဘုဉ်တဗ္ဗံ၊ ယော ပရိဘုဉ်ဇေယျ, အာပတ္တိ ဒုက္ကဋဿ” ဟု ပညတ်တော်မူသည်။

အပဋိဝေက္ခိတမံသ။ ။အသားဟင်းကို ရလျှင် အပ်သောသတ္တဝါ၏ အသားဟုတ်-မဟုတ်ကို သတိထား၍ စဉ်းစားလိုက်ရသည်၊ တွေ့နေကျဖြစ်၍ အပ်သော အသားမှန်းသိလျှင် မေးဘွယ်မလို၊ မသိလျှင် သို့မဟုတ် မသေချာလျှင် မေးပြီးမှ စားရသည်၊ ထို့သို့ မဆင်ခြင်ဘဲစားလျှင် “နဘိက္ခဝေ အပဋိဝေက္ခိတ္ဝာ (မဆင်ခြင် မစဉ်းစား သတိမထားမူ၍) မံသံ ပရိဘုဉ်တဗ္ဗံ၊ ယော ပရိဘုဉ်ဇေယျ, အာပတ္တိ ဒုက္ကဋဿ” ဟု ဘေသဇ္ဇကွန္ဓကဌ်ပင် ပညတ်တော်မူသည်။

အရိုးစသည်နှင့် သစိတ္တက, အစိတ္တက

၁၁၅။ အဋ္ဌိပိ လောဟိတံ စမ္မံ၊ လောမမေသံ နှ ကပ္ပတိ။
သစိတ္တကဝ ဥဒ္ဒိဿ-ကတ သေသာ အစိတ္တကာတိ။

၁၁၅။ သေံ၊ ထိုမအပ်သော အသားရှိသော သတ္တဝါတို့၏။ အဋ္ဌိပိ၊ အရိုး သည်၎င်း။ လောဟိတံ၊ သွေးသည်၎င်း။ စမ္မံ၊ အရေသည်၎င်း။ လောမံ၊ အမွေးသည်၎င်း။ နှ ကပ္ပတိ၊ မအပ်။ ဥဒ္ဒိဿကတံဝ၊ ဥဒ္ဒိဿကတမံသကို စားခြင်းကြောင့် သင့်ရောက်အပ်သော အာပတ်သည်သာ။ သစိတ္တကံ၊ သစိတ္တကတ္တည်း။ ဝါ၊ စိတ်နှင့် တကွ သင့်ရောက်ခြင်းရှိသော အာပတ်တည်း။ သေသာ၊ ကြွင်းသော အသားတို့ကို စားခြင်းကြောင့် သင့်ရောက်အပ်သော အာပတ်တို့သည်။ အစိတ္တကာ၊ အစိတ္တကတို့တည်း။ ဝါ၊ စိတ်မရှိသော်လည်း သင့်ရောက်ခြင်း ရှိသော အာပတ်တို့တည်း။ ဣတိ၊ မအပ်သော အသားနှင့် စပ်၍ မှတ်ဘွယ်အပြီးတည်း။ (ဝိ ဋ္ဌ ၃-၃၇၆)

အဋ္ဌိပိ၊ ပေ၊ နှ ကပ္ပတိ။ ။ဤ အဓိပ္ပါယ်ကို ရည်ရွယ်၍ ပါတိမောက် ဘာသာဋီကာ နိဒါန အခဏ်းဌ် "ရိုး-ရေ-သား-သွေး၊ အမွေးတို့ပါ၊ မသုံးရာ၊ ဆယ်ဖြာ အမျိုးပေ" ဟု ရှေးဆရာတို့ လက်ံကို ဆိုထားပါသည်။

သစိတ္တက, အစိတ္တက။ ။ဥဒ္ဒိဿကတ မံသကို ပညတ်တော်မူရာ၌ "ဇာနံ-သိသျက်" ဟု မိန့်တော်မူသောကြောင့် "ဥဒ္ဒိဿကတမံသ" ဟု သိသော စိတ်ရှိ လျက် စားမှ အာပတ်သင့်၏၊ ကြွင်းသော အသားတို့၌ လူသား, ဆင်သား စသည်ဖြင့် မသိသော်လည်း စားလျှင် အာပတ်သင့်၏၊ ထိုတွင် လူသားအတွက် ထုလ္လစ္စဉ်းဟု ပညတ်တော်မူ၏၊ ကျန်သော အသားတို့အတွက်ကား ဒုက္ကဋ် အာပတ်ဟု ပညတ်တော်မူသည်၊ –ဘေသဇ္ဇက္ခန္ဓက။

နိဿဂ္ဂိယနိဒ္ဒေသ

နိဿဂ္ဂိယာနိ၊ "နိဿဂ္ဂိယာနိ" ဟူသော ဥဒ္ဒေသ၏။ (နိဒ္ဒေသော၊ နိဒ္ဒေသကား—)

ရူပိယသံဝေါဟာရသိက္ခာပုဒ်

၁၁၆,၇။ အရူပိယံ ရူပိယေန၊ ရူပိယံ ဣတရေန စ။
ရူပိယံ ပရိဝတ္တေယျ၊ နိဿဂ္ဂိ ဣဓ ရူပိယံ။
ကဟာပဏော သဋ္ဌု သိဒ္ဓိ၊ ဝေါဟာရူပဂမာသကံ။
ဝတ္ထုမုတ္တာဒိ ဣတရံ၊ ကပ်ံ ဒုက္ကဋဝတ္ထု စ။

၁၁၆,၇။ ရူပိယေန၊ ရူပိယမည်သော နိဿဂ္ဂိယဝတ္ထုဖြင့်။ အရူပိယံ၊ ရူပိယ မဟုတ်သော ကပ်ိယဝတ္ထု, ဒုက္ကဋဝတ္ထုကိုဂုင်း။ ရူပိယံ၊ ရူပိယ မည်သော နိဿဂ္ဂိယဝတ္ထုကိုဂုင်း။ ပရိဝတ္တေယျ၊ လဲလှယ်အံ့။ နိဿဂ္ဂိ၊ နိဿဂ္ဂိပါစိတ် အာပတ်သည်။ (ဟောတိ၊ ဖြစ်၏။) ဣတရေန၊ ရူပိယမှ တပါးသော ကပ်ိယဝတ္ထု, ဒုက္ကဋဝတ္ထုဖြင့်။ ရူပိယံ၊ ရူပိယမည်သော နိဿဂ္ဂိယဝတ္ထုကို။ ပရိဝတ္တေယျ၊ လဲလှယ်အံ့။ နိဿဂ္ဂိ၊ နိဿဂ္ဂိပါစိတ်အာပတ်သည်၊ (ဟောတိ။)

အရူပိယံ၊ ပေ၊ ရူပိယံ။ ။ဤ ဂါထာသည် **ဌေကလောမ** ဝဂ်၌ လာသော ရူပိယသံဝေါဟာရ သိက္ခာပုဒ်ကို ရည်ရွယ်သော ဂါထာတည်း၊ ရူပိယ၏ သရုပ်ကိုဂုင်း အရူပိယ ဣတရ၏ သရုပ်ကိုဂုင်း နောက်၌ ပြလတံ့။

၂-ဝါကျခဲ့။ ။"ရူပိယေန အရူပိယံ ရူပိယံ ပရိဝတ္တေယျ, နိဿဂ္ဂိ" ဟုဂုင်း ဣတရေန ရူပိယံ ပရိဝတ္တေယျ, နိဿဂ္ဂိ" ဟုဂုင်း ၂-ဝါကျခဲ့၍ နိဿယအတိုင်း အဓိပ္ပါယ် ထင်ရှားပြီ။

ဣဓ ရူပိယံ၊ ပေ၊ ဒုက္ကဋဝတ္ထု စ။ ။ဆိုအပ်ပြီးသော စကားရပ်တို့၌ ရူပိယ, အရူပိယတို့၏ သရုပ်ကို ပြသော စကားတည်း၊ "ကဟာပဏော၊ ပေ၊ ဝေါဟာ-

ဣဓ၊ ဤသိက္ခာပုဒ်၌။ ရူပိယံ၊ ရူပိယဟူသည်။ ကဟာပဏော၊ ရွှေငွေ အသပြာ ပကတိရိုးရာ အသပြာသည်ငင်း။ ဝါ၊ ရွှေဒင်္ဂါး ငွေဒင်္ဂါး သုံးစွဲရိုး တကျပ်သည်ငင်း။ သဇ္ဈု၊ ငွေသားသည်ငင်း။ သိဒ္ဓံ၊ ရွှေသားသည်ငင်း။ ဝေါဟာရူပဂမာသကံ၊ ရောင်းဝယ်အပ်သည်၏အဖြစ်သို့ ရောက်သော ပဲပိုက်ဆံအမျိုးမျိုးသည်ငင်းတည်း။ ဣတရံ၊ ရူပိယမှတပါးသော အရူပိယဟူသည်။ ဝတ္ထုမုတ္တာဒိ၊ အဝတ်, ပုလဲ အစရှိသော။ ကပ္ပံ၊ အပ်သောဝတ္ထုသည်ငင်း။ ဒုက္ကဋဝတ္ထုစ၊ ဒုက္ကဋ်အာပတ်၏တည်ရာအကြောင်းဝတ္ထုသည်ငင်းတည်း။ (ဝိ ၁-၃၄၉၊ ဝိ ဋီ ၂-၂၆၉-၂၇၆-၇၊ ကင်္ခါ ဋီ-၁၇၆)

ရူပဂမာသကံ” တို့သည် ရူပိယ၏ သရုပ်ဘည်း၊ အခြားနေရာ၌ ငွေကိုသာ “ရူပိယ” ဟု ခေါ်ရသော်လည်း ဣဓ-ဤ သိက္ခာပုဒ်အရာ၌ ကဟာပဏ-ရွှေဒင်္ဂါး-ငွေဒင်္ဂါး ထိုထိုကာလ ထိုထိုနိုင်ငံ၌ အသပြာအဖြစ်ဖြင့် အသုံးပြုအပ်သော ပကတိ ကဟာပဏ (ရိုးရာ အသပြာ, ယခုခေတ် ငွေစက္ကူ)၊ ဤ အားလုံးကိုငင်း ငွေတုံးငွေခဲ, ရွှေတုံးရွှေခဲ ရောင်းဝယ်ရာ၌ အသုံးဝင်သော ပဲပိုက်ဆံကိုငင်း “ရူပိယ” ဟု ယူရသည်၊ [“ပဲပိုက်ဆံ” ဟူရာ၌ တမူး-တမတ်-ငါးမူး စသည်ဖြင့် ခေါ်အပ်သော ၂-ပဲ ၄-ပဲ ၅-ပဲ ၈-ပဲ ၁၀-ပဲ အားလုံး ပါဝင်သည်။]

ဝတ္ထု၊ ပေ၊ ဝတ္ထု စ။ ။ဤ ၂-ပါဒဖြင့် အရူပိယ၏ သရုပ်ကိုပြသည်၊“ဝတ္ထာဒိ ကပ္ပံ” ဟုငင်း မုတ္တာဒိ ဒုက္ကဋဝတ္ထု” ဟုငင်း ၂-ဝါကျခဲ့ပါ။ အဝတ် စသော သုံးသပ်ကိုင်တွယ်ကောင်းသော အပ်သော ဝတ္ထုသည်ငင်း မုတ္တ (ပုလဲ) စသော ဒုက္ကဋ်အာပတ်သင့်ကြောင်း ဝတ္ထုသည်ငင်း “ဣတရ” အရ “အရူပိယ” ဟုယူပါ။

အာဒိဖြင့်ယူဘုယ်။ ။ဝတ္ထာဒိ၌ အာဒိဖြင့် ကပ္ပါသ (ဝါ), သုတ္တ (ချည်), အပရဏ္ဏ (ပဲအမျိုးမျိုး) စသည်ကိုယူ၍ မုတ္တာဒိ၌ အာဒိဖြင့် မဏိ (ပတ္တမြား), သခ်ိ (ခရုသင်း), သိလာ (ကျောက်သလင်း), ပဝါဠ (သန္ဓာ), လောဟိတက (ပတ္တမြားနီ), မသာရဂလ္လ (ပတ္တမြားပြောက်), စပါးမျိုး ၇-ပါး, ဒါသီ, ဒါသ, ခေတ္တ, ဝတ္ထု, ပုပ္ဖဖောမ (ပန်းခြုံ), ဖလဘောဂ (သစ်သီးခြုံ) တို့ကို ယူပါ။ **ဋီကာသစ်။**

ကယဝိက္ကယသိက္ခာပုဒ်

၁၁၈။ ဣမံ ဂဟေတ္ဝာ ဘုတ္ဝာ ဝါ၊ ဣမံ ဒေဟိ ကရာနယ။
ဒေမိ ဝါတိ သမာပန္နေ၊ နိဿဂ္ဂိ ကယဝိက္ကယေ။

၁၁၈။ ဣမံ၊ ဤဆန်စသည်ကို။ ဂဟေတ္ဝာ၊ ယူပြီး၍။ ဣမံ၊ ဤအဝတ်စသည်ကို။ ဒေဟိ၊ ပေးလော့။ ဣတိ ဝါ၊ ဤသို့ သော်၎င်း။ ဣမံ၊ ဤဆိုးရည်ကျိုမှုစသည်ကို။ ကရ၊ ပြုလော့။ ဣတိ ဝါ၊ ဤသို့သော်၎င်း။ ဣမံ၊ ဤဆိုးရည်ခေါက် စသည်ကို။ အာနယ၊ ဆောင်ခဲ့လော့။ ဣတိ ဝါ၊ ဤသို့သော်၎င်း။ ဣမံ၊ ဤထမင်းစသည်ကို။ ဘုတ္ဝာ၊ စား၍။ ဣမံ၊ ဤအဝတ်စသည်ကို။ ဒေဟိ၊ ပေးလော့။ ဣတိ ဝါ၊ ဤသို့သော်၎င်း။ ဣမံ၊ ဤဆိုးရည်ကျိုမှု စသည်ကို။ ကရ၊ ပြုလော့။ ဣတိ ဝါ၊ ဤသို့သော်၎င်း။ ဣမံ၊ ဤဆိုးရည်ခေါက် စသည်ကို။ အာနယ၊ ဆောင်ခဲ့လော့။ ဣတိ ဝါ၊ ဤသို့သော်၎င်း။ ဣမံ၊ ဤဆန်အစရှိသည်ကို။ ဒေမိ၊ ပေး၏။ ဣမံ၊ ဤအဝတ်စသည်ကို။ ဒေဟိ၊ အစားပေးလော့။ ဣတိ ဝါ၊ ၎င်း။ ဣမံ၊ ဤဆိုးရည်ကျိုမှု စသည်ကို။ ကရ၊ ပြုလော့။ ဣတိ ဝါ၊ ၎င်း။ ဣမံ၊ ဤဆိုးရည်ခေါက်စသည်ကို။ အာနယ၊ ဆောင်ခဲ့လော့။ ဣတိ ဝါ၊ ၎င်း။ ကယဝိက္ကယေ၊ ဝယ်ခြင်း, ရောင်းခြင်းသို့။ ဝါ၊ လဲလှယ်ခြင်းသို့။ သမာပန္နေ၊ ကောင်းစွာ ရောက်အပ်သော်။ နိဿဂ္ဂိ၊ နိဿဂ္ဂိ ပါစိတ်အာပတ်သည်။ (ဟောတိ၊ ဖြစ်၏) ။ (ဝိ ၁-၃၅၀၊ ဝိ ဋ္ဌ ၂-၂၇၉-၂၈၀၊ ကင်္ခါ ဋ္ဌ-၁၇၇)

ဣမံ၊ ပေ၊ ကရာနယ။ ။ဤ သိက္ခာပုဒ်ကား အပ်သော ပစ္စည်းချင်း လဲမှုကြောင့် နိဿဂ္ဂိပါစိတ် အာပတ်သင့်ပုံကိုပြသော ကယဝိက္ကယ သိက္ခာပုဒ်တည်း၊ "ဣမံ ဂဟေတ္ဝာ" ကို မူတည်၍ "ဣမံ ဒေဟိ" ဟုဆိုင်း "ဣမံ ကရ" ဟုဆိုင်း "ဣမံ အာနယ" ဟုဆိုင်း မူလီသွတ်လျက် ၃-မျိုးသော လဲလှယ်မှုကိုဆိုင်း "ဣမံ ဘုတ္ဝာ" ကို မူတည်၍ ထို ၃-မျိုးကို မူလီသွတ်လျက် ၃-မျိုးသော လဲလှယ်မှုကိုဆိုင်း "ဣမံ ဒေဟိ" ကို မူတည်၍ "ဣမံ ဒေဟိ, ဣမံ ကရ, ဣမံ အာနယ" ၃-ပုဒ်ကို မူလီသွတ်လျက် ၉-မျိုးသော လဲလှယ်မှုကိုဆိုင်း သိပါ။

ဆက်ဦးအံ့။ ။ကျွမ် ဂဟောတ္ဝာဒ္ဒ် "ကျွမ်-ဤဆန်ကို" စသည်ဖြင့် အနက် မှတ်ပါ၊ ကျွမ် ဘုတ္ဝာဒ္ဒ် "ကျွမ်-ဤဆွမ်းကို" စသည်ဖြင့် စားစရာ တခုခုကို အနက် မှတ်ပါ၊ ကျွမ် ဒေဝဒတ္တိဒ် "ကျွမ်-ဤအဝတ်ကို" စသည်ဖြင့် လဲလိုရာ တခုခုကို အနက် မှတ်ပါ၊ ကျွမ် ဒေဟီဒ္ဒ် "ကျွမ်-ဤအဝတ်ကို" စသည်ဖြင့် လဲလိုရာ တခုခုကို အနက် မှတ်ပါ၊ ကျွမ် ကရဒ္ဒ် "ကျွမ်-ဤဆိုးရည်ကျိုမှုကို" စသည်ဖြင့် အလုပ်လုပ်စရာ တခုခုကို အနက်မှတ်ပါ၊ ကျွမ် အာနယဒ္ဒ် "ကျွမ်-ဤဆိုးရည်အခေါက်ကို" စသည် ဖြင့် ပိုင်ရှင်မရှိသော ဆောင်ယူစေလိုအပ်သော ပစ္စည်းတခုခုကို အနက်မှတ်ပါ၊ ကျွမ် ဒေမိဒ္ဒ် ကျွမ်-ဤအဝတ်ကို (ဤမီးခြစ်ကို ဤဖယောင်းတိုင်ကို) စသည်ဖြင့် မိမိမှာ ပေးစရာရှိသောတခုခုကို အနက်မှတ်ပါ။

မှတ်ချက်။ ။အညာတကံ "ကျွမ် ဒေဟီ" တိ ဝဒတော ဝိညတ္တိ ဟောတိ-ဆွမျိုးမတော်သူကို "ဤအဝတ်ပေးပါလော့" ဟု ဝေါင်းသောရဟန်းမှာ အညာတကဝိညတ္တိဒုက္ကဋ် သင့်၏၊ ကျွမ် ဂဏှာဟီတိ ဝဒတော သဒ္ဓါဒေယျဝိနိပါ-တနံ ဟောတိ (သူတပါးတို့ လှူထားအပ်သော) "ဤဆန်ကို ယူလော့" ဟု ပေးသောရဟန်းမှာ သဒ္ဓါတရားဖြင့် လှူအပ်သောပစ္စည်းကို ဖရိုဖရဲကျရောက် စေခြင်းဟူသော သဒ္ဓါဒေယျ ဝိနိပါတန ဒုက္ကဋ်သင့်၏၊ ကျွမိနာ ကျွမ် ဒေဟီတိ ကယဝိက္ကယံ အာပဇ္ဇတော နိဿဂ်ိယံ-ဤဆန်ဖြင့် ဤအဝတ်ကို ပေးပါလော့"ဟု လဲလှယ်မှုသို့ ရောက်သောရဟန်းမှာ နိဿဂ်ိပါစိတ်သင့်၏၊ ထို့ကြောင့် အညာ တကဖြင့် လဲလှယ်ရာဝယ် ထိုအာပတ်များ မသင့်အောင် လဲလှယ်တတ်ကြဘို့ အရေးကြီးပါသည်။ [မိဘတို့နှင့် လဲလှယ်ရာ၌ကား ကယဝိက္ကယတမျိုးသာ သင့်၏။။]

အပ်သောလဲနည်း။ ။ဆန်စသော ကပ်ပိယဝတ္ထုရှိသော ရဟန်းသည် ဆွမ်း ကို အလိုရှိလျှင် ဒကာတယောက်ထံသွား၍ "ငါ့မှာ ဆန်တော့ရှိရဲ့၊ အသုံးမကျ၊ ဆွမ်းသာ အလိုရှိသည်" ဟု ပြော၍ ဒကာကဆန်ယူပြီးလျှင် ဆွမ်းကိုပေးအံ့၊ အပ်၏၊ အခြားပစ္စည်းကိုလဲလိုရာ၌လည်း နည်းတူ၊ "ဤသင်္ကန်းဖြင့် ဤစာအုပ် ကို အလိုရှိသည်"ဟုလည်း ပြောနိုင်၏၊ "ပေးလော့"ဟုကား မပြောနိုင်၊ စကား တဆက်ထည်း တဝါကျထည်း မပြောဘဲ "ဒီ ထမင်းကိုစားပါ၊ (သို့မဟုတ်) စားပြီးပြီ၊ (သို့မဟုတ်) စားရလိမ့်မည်၊ ဒီ ဆိုးရည်ကို ကျိုပေးစမ်းပါ" ဤသို့

ပရိဏာမနသိက္ခာပုဒ်

၁၁၉။ အတ္တနော အညတော လာဘံ၊ သံဃဿ-ညဿ ဝါ နတံ။
ပရိဏာမေယျ နိဿဂ္ဂိ၊ ပါစိတ္တိ စာပိ ဒုက္ကဋံ။

၁၁၉။ သံဃဿ၊ သံဃာ၏ အထံသို့။ နတံ၊ ညှတ်လေပြီးသော။ လာဘံ၊ လာဘ်ကို။ အတ္တနော၊ မိမိ၏အထံသို့။ ပရိဏာမေယျ၊ ညှတ်စေအံ့။ နိဿဂ္ဂိ၊ နိဿဂ္ဂိပါစိတ် အာပတ်သည်။ (ဟောတိ၊ ဖြစ်၏။) အညတော၊ အခြားသော ပုဂ္ဂိုလ်၏ အထံသို့။ ပရိဏာမေယျ၊ ညှတ်စေအံ့။ ပါစိတ္တိ၊ ပါစိတ် အာပတ်သည်။ (ဟောတိ)။ အညဿ၊ အခြားသောသံဃာ, ဂဏတို၏

ကား ခိုင်းကောင်းသည်ဟု ကယဝိက္ကယ အဋ္ဌကထာဆို၏၊ ဘာ့ကြောင့်နည်း– လဲလှယ်ရာမရောက်သောကြောင့်တည်း။

မှတ်ချက်။ ။အဝတ်ဖွပ်ခိုင်းခြင်း ခေါင်းရိတ်ခိုင်းခြင်း မြေကိုသုတ်သင်ခိုင်းခြင်း စသည်တို့၌ စွန့်စရာနိဿဂ္ဂိပစ္စည်း မရှိပါသော်လည်း ပါစိတ်အာပတ်ကို ကား ဒေသနာပြောရမည်၊ ဥပမာ-စားသောက်ဆိုင်၌ စားဘွယ် သောက်ဘွယ်ကို ငွေဖြင့်ဝယ်၍စားရာ၌ ရှုပိယသံဝေါဟာရသိက္ခာပုဒ်အရ နိဿဂ္ဂိယပါစိတ်အာပတ် သင့်သော်လည်း စွန့်စရာပစ္စည်းက ဗိုက်ထည်းရောက်သွားပြီ ဖြစ်သောကြောင့် စွန့်စရာပစ္စည်းမရှိရကား ပါစိတ်အာပတ်ကိုသာ ဒေသနာပြောရသကဲ့သို့တည်း။

၃-ဝါကျခွဲ။ ။(၁) သံဃဿ နတံ လာဘံ အတ္တနော ပရိဏာမေယျ၊ နိဿဂ္ဂိယံ [နိဿဂ္ဂိ ပရိဏတသိက္ခာပုဒ်။] (၂) သံဃဿ နတံ လာဘံ အညတော ပရိဏာမေယျ၊ ပါစိတ္တိ၊ [သုဒ္ဓပါစိတ် ပရိဏတသိက္ခာပုဒ်။] (၃) သံဃဿ နတံ လာဘံ အညဿ [သံဃဿ ဝါ စေတိယဿ ဝါ) ပရိဏာမေယျ၊ ဒုက္ကဋံ၊ [ဤအာပတ်ကား ထိုသိက္ခာပုဒ်တို့၏ ပဒဘာဇနီဠ်လာသော အာပတ်တည်း။] ဤသို့ ရှေးဦးစွာ ၃-ဝါကျခွဲပါ၊ ထို့နောက် အညဿကို မူတည်၍ "အညဿ (ပုဂ္ဂလဿ ဝါ စေတိယဿ ဝါ) နတံ လာဘံ (၁) အတ္တနော ပရိဏာမေယျ၊ (၂) သံဃဿ ပရိဏာမေယျ၊ (၃) အညဿ (ပုဂ္ဂလဿ ဝါ စေတိယဿ ဝါ) ပရိဏာမေယျ၊ ဒုက္ကဋံ" ဟု နောက်ထပ် ၃-ဝါကျ ခွဲပါ။

အထံသို့။ ပရိဏာမေယျ၊ ညွတ်စေအံ့။ ဒုက္ကဋ်၊ ဒုက္ကဋ်အာပတ်သည်။ (ဟောတိ)။ အညဿ၊ အခြားသောပုဂ္ဂိုလ်, စေတီ၏အထံသို့။ နတံ၊ ညွတ်လေပြီးသော။ လာဘံ၊ လာဘ်ကို။ အတ္တနော၊ မိမိအထံသို့ဆောင်း။ သံဃဿ ဝါ၊ သံဃာ၏အထံသို့ဆောင်း။ အညဿ ဝါ၊ အခြားသော ပုဂ္ဂိုလ်, စေတီ၏ အထံသို့ဆောင်း။ ပရိဏာမေယျ၊ ညွတ်စေအံ့။ ဒုက္ကဋ် ဟောတိ။ (ဝိ ၁-၃၈၀၊ ဝိ ဋ္ဌ ၂-၃၁၀-၂၊ ကင်္ခါ ဋ္ဌ ၁၈၈-၉)

နိဿဂ်ိန့ဉ် ဒုက္ကဋ်

၁၂၀။ အနိဿဇ်ဘွာ နိဿဂ်ိံ၊ ပရိဘုဉ္ဇေ န ဒေယျ ဝါ။
နိဿဋ္ဌံ သကသညာယ၊ ဒုက္ကဋံ အညထေတရန္တိ။

၁၂၀။ နိဿဂ်ိံ၊ နိဿဂ်ိယဝတ္ထုကို။ အနိဿဇ်တ္ဘဝ၊ မစ္ဆန့်မူ၍။ ပရိဘုဉ္ဇေ၊ သုံးစွဲအံ့။ ဒုက္ကဋ်၊ ဒုက္ကဋ်အာပတ်သည်။ (ဟောတိ၊ ဖြစ်၏)။ နိဿဋ္ဌံ ဝါ၊ စွန့်အပ်ပြီးသော ပစ္စည်းကို မှတ်လည်း။ သကသညာယ၊ မိမိဥစ္စာဟူသော အမှတ်ဖြင့်။ န ဒေယျ၊ ပြန်မပေးအံ့။ ဒုက္ကဋ်၊ ဒုက္ကဋ်အာပတ်သည်။ (ဟောတိ)။ အညထာ၊ သကသညာမှတပါးသော ထေယျစိတ်ဖြင့်။ န ဒေယျ၊ ပြန်မပေးအံ့။ ဣတရံ၊ အခြားသော ပါရာဇိက, ထုလ္လစ္စည်း, ဒုက္ကဋ်အာပတ်သည်။ (ဟောတိ)။ ဣတိ၊ ...နိဿဂ်ိယနှင့်စပ်၍ မှတ်ဘွယ်အပြီးတည်း။

မှတ်ချက်။ ။ဤပြအပ်ခဲ့သော စကားအရ တကျောင်းတိုက်ရှိ သံဃာနှင့် စေတီ, ဆင်းတုတော်သို့ညွတ်ပြီးလာဘ်ကို အခြားကျောင်းတိုက်ရှိ သံဃာနှင့် စေတီ, ဆင်းတုတော်သို့ ပြောင်းရွေ့မည်တစ်ကောင်း၊ အလှူမခိုင်းကောင်း၊ အခြားပုဂ္ဂိုလ်တပါးသို့ (အယုတ်သဖြင့် အခြားခွေးသို့) ညွတ်ပြီးလာဘ်ကို မိမို့, သံဃာ, စေတီတော်, အခြားပုဂ္ဂိုလ်အထံတို့သို့ (အခြားခွေးတကောင်သို့) မည်တ်စေကောင်းဟု မှတ်ပါ။ [အကျယ်ကို နိဿဂ်-ပရိဏာတသိက္ခာပုဒ်၌ ရှုပါ။]

အနိဿဇ်တ္ဘဝ။ ။နိဿဂ်ိပစ္စည်းကို မစွန့်ဘဲသုံးစွဲနေလျှင် သုံးတိုင်း ဒုက္ကဋ် အာပတ်သင့်၏၊ သက်နှံး စသော နိဿဂ်ိပစ္စည်းကို ရဟန်းတပါးထံ ဝိနည်းကံ

အလျောက် စွန့်သောအခါ ထိုရဟန်းက ကိုယ့်ဥစ္စာဟု အထင်ရှိ၍ ပြန်မပေး လျှင်လည်း ထိုရဟန်းမှာ ဒုက္ကဋ်ပင်တည်း။

အညထေတရံ။ ။ကိုယ့်ဥစ္စာဟု မထင်ပါဘဲ အပိုင်ယူသောအနေအား‌ဖြင့် ပြန်မပေးဘဲထားလျှင် တန်ဘိုးအလိုက် ပါရာဇိက, ထုလ္လစ္စည်း, ဒုက္ကဋ်ဟု ဆိုးဖြတ်ရသည်။

မှတ်ချက်။ ။ကိုယ်တိုင်ငွေအလှူခံ၍ ကျောင်းဆောက်လျှင် အလှူခံခိုက်၌ ရှုပ်ယသိက္ခာပုဒ်အရ နိဿဂ္ဂိုပါစိတ်၊ သစ်စသည်ဝယ်လျှင် ရှုပ်ယသံဝေါဟာရ သိက္ခာပုဒ်အရ နိဿဂ္ဂိုပါစိတ်၊ ထို သစ်သား, သံတို့ဖြင့် ဆောက်ထားအပ်သော ကျောင်း၌နေလျှင် သုံးစွဲတိုင်း သုံးစွဲတိုင်း ဒုက္ကဋ်၊ အခြားသော တပည့်တပန်း ရဟန်းသံဃာများလည်း ဒုက္ကဋ်အာပတ် သင့်သည်ပင်။

အမှာ။ ။နိဿဂ္ဂိသိက္ခာပုဒ် ၃၀-ရှိသော်လည်း အခြို့သော သပိတ်သင်္ကန်း ဆိုင်ရာကို ရွေး၌ ပြအပ်ပြီး ဖြစ်သောကြောင့်၎င်း အခြို့ သိက္ခာပုဒ်များမှာ အတွေ့အကြုံများသောကြောင့်၎င်း အတွေ့အကြုံများသော (အာပတ် သင့်လွယ်သော) အခြို့နိဿဂ္ဂိသိက္ခာပုဒ်များကိုသာ ပြထားသည်ဟု မှတ်ပါ။

ပါစိတ္တိယနိဒ္ဒေသ

ပါစိတ္တိဘိ၊ "ပါစိတ္တိ" ဟူသော ဥဒ္ဒေသ၏။ (နိဒ္ဒေသော၊ နိဒ္ဒေသကား—)

၁၂၁။ မုသာဝါဒေါ မသဝါဒေါ၊ ပေသုညဟရဏေ တထာ။
ပဒသောဓမ္မသာဂါရေ၊ ဥဇ္ဈာပနကခိယျနေ။

၁၂၁။ မုသာဝါဒေါ၊ မုသားပြောဆိုခြင်းကြောင့်၎င်း။ သြမသဝါဒေါ၊ နှုတ်တည်းဟူသော လှံဖြင့် ပြောဆို ထိုးဆွခြင်းကြောင့်၎င်း။ ပေသုညဟရဏေ၊ ကုန်းတိုက်စကားကို ပို့ဆောင်ခြင်းကြောင့်၎င်း။ တထာ။ ထိုမှတပါး။ ပဒသောဓမ္မသာဂါရေ၊ အစုစုအားဖြင့် ပါဠိအဋ္ဌကထာဓမ္မကို ပြုံင်တူပို့ချခြင်း, မာတုဂါမ လူသာမဏေတို့နှင့် တမိုးတရံတည်းသော ကျောင်း၌ အတူတကွ အိပ်ခြင်းကြောင့်၎င်း။ ဥဇ္ဈာပနကခိယျနေ၊ သမ္မုတိရသော ရဟန်းကို ကဲ့ရဲ့ခြင်း, ရှုံ့ချခြင်းကြောင့်၎င်း။ (ပါစိတ္တိ၊ ပါစိတ်အာပတ်ကို။ ဝုတ္တာ၊ ဟောတော်မူအပ်၏။) (ဝိ ၂-၂-ပိဋ္ဌဝဒိ, ဝိ ဋ္ဌ ၃-၂-ပိဋ္ဌဝဒိ, ကင်္ခါ ဋ္ဌ-၁၉၀-ပိဋ္ဌဝဒီသု)

မုသာဝါဒေါမသဝါဒေါဖြင့် မုသာဝါဒ သိက္ခာပုဒ်, သြမသဝါဒ သိက္ခာပုဒ်တို့ကို ပြ၏၊ ပေသုညဟရဏေဖြင့် ပေသုည သိက္ခာပုဒ်ကို ပြ၏၊ ပဒသောဓမ္မဖြင့် ပဒသောဓမ္မ သိက္ခာပုဒ်ကို ပြ၏၊ သာဂါရေဖြင့် မာတုဂါမ သဟသေယျ, အနုပသမ္ပန္န သဟသေယျ သိက္ခာပုဒ် ၂-ပါးကို ပြ၏၊ ဥဇ္ဈာပနက ခိယျနေဖြင့် ဥဇ္ဈာပနက သိက္ခာပုဒ်ကို ပြသည်။

၁၂၂။ တလသတ္တိ အနာဒရ-ကုက္ကုစ္စုပ္ပါဒနေသု စ။
ဂါမပ္ပဝေသနာပုစ္ဆာ၊ ဘောဇနေ စ ပရံပရာ။

၁၂၂။ တလသတ္တိအနာဒရကုက္ကုစ္စုပ္ပါဒနေသု စ၊ လှံ၏အလား လက်ဝါးပြင်ကိုမိုးခြင်း, ပဂ္ဂလဓမ္မကို မရှိသေခြင်း, ကုက္ကုစ္စကို ဖြစ်စေခြင်းတို့ကြောင့် ၎င်း။ ဂါမပ္ပဝေသနာပုစ္ဆာ၊ မှန်းလွဲအခါ မပန်ကြားဘဲ ရွာထည်းသို့ ဝင်ခြင်းကြောင့်၎င်း။ ဘောဇနေ စ ပရံပရာ၊ ပရံပရ ဘောဇဉ်ကို စားခြင်း ကြောင့်၎င်း။ (ပါစိတ္တိ၊ ပါစိတ်အာပတ်ကို။ ဝုတ္တာ၊ ဟောတော်မူအပ်၏။)

၁၂၃။ အနုဒ္ဓရိတ္ဘာ ဂမနေ၊ သေယျံ သေနာသနာနိ ဝါ။
ဣတ္ထိယာဒ္ဓါနဂမနေ၊ ဧကေကာယ နိသီဒနေ။

၁၂၃။ သေယျံ၊ ဘုံလျှိုစသော ၁၀-မျိုးသော အိပ်ရာနေရာကို။ အနုဒ္ဓ-ရိတ္ဘာ၊ သံဃိကကျောင်း၌ ခင်းပြီးနောက် မရုပ်သိမ်းမူ၍။ ဂမနေ ဝါ၊ သွား ခြင်းကြောင့်၎င်း။ သေနာသနာနိ၊ မဉ္စ, ပီဋ, ကောစ္ဆ, ဘိသိဟူသော အိပ်ရာ နေရာတို့ကို။ အနုဒ္ဓရိတ္ဘာ၊ လွင်တီးခေါင်၌ ခင်းပြီးနောက် မရုပ်သိမ်းမူ၍။ ဂမနေ ဝါ၊ သွားခြင်းကြောင့်၎င်း။ ဣတ္ထိယာ၊ မိန်းမနှင့်အတူတက္ခ။ အဒ္ဓါ-နဂမနေ၊ အဓွန်ရှည်သော ခရီးကို သွားခြင်းကြောင့်၎င်း။ (ဣတ္ထိယာ၊ မိန်းမ နှင့်။) ဧကေကာယ၊ တယောက်ချင်း ချင်း။ နိသီဒနေ၊ ထိုင်ခြင်းကြောင့် ၎င်း။ (ပါစိတ္တိ၊ ပါစိတ်အာပတ်ကို။ ဝုတ္တာ၊ ဟောတော်မူအပ်၏။)

တလသတ္တိဖြင့် သဟဓမ္မိကဝဂ်-တလသတ္တိက သိက္ခာပုဒ်ကို ပြ၏၊ အနာဒရဖြင့် သုရာပါနဝဂ်-အနာဒရိယ သိက္ခာပုဒ်ကို ပြ၏၊ ကုက္ကုစ္စုပ္ပါဒနဖြင့် သဟဓမ္မိကဝဂ်-သဉ္ဇိစ္စ ကုက္ကုစ္စံ ဥပ္ပါဒန သိက္ခာပုဒ်ကို ပြ၏၊ ဂါမပ္ပဝေသနာပုစ္ဆာဖြင့် ရတနဝဂ်-ဝိကာလေ ဂါမပ္ပဝေသန သိက္ခာပုဒ်ကို ပြ၏၊ ဘောဇနေ စ ပရံပရာဖြင့် ဘောဇန ဝဂ်-ပရမ္ပရဘောဇန သိက္ခာပုဒ်ကို ပြသည်။

အနုဒ္ဓရိတ္ဘာ ဂမနေ သေယျံဖြင့် ဘူတဂါမဝဂ်-ဒုတိယ သေနာသန သိက္ခာ ပုဒ်ကို ပြ၏၊ အနုဒ္ဓရိတ္ဘာ ဂမနေတို့ကိုလိုက်စေ၍ သေနာသနာနိဖြင့် ပဌမ

၁၂၄။ ဘီသာပနာကောဋ္ဌန အညဝါဒေ၊
ဝိဟေသ ဒုဋ္ဌုလ္လပကာသ ဆာဒေ။
ဟာသေဒကေ နိစ္ဆုဘနေ ဝိဟာရာ၊
ပါစိတ္တိ ဝုတ္တာနုပခဇ္ဇသာယေတိ။

၁၂၄။ ဘီသာပနာကောဋ္ဌန အညဝါဒေ၊ ရဟန်းကို ခြောက်လှန့်ခြင်း, ရဟန်းကိုဒိုက်နှက်ခြင်း, မေးအပ်သည်မှ တပါးသောအကြောင်းကို ပြောဆိုခြင်းကြောင့်ဂုဏ်း။ ဝိဟေသဒုဋ္ဌုလ္လပကာသဆာဒေ၊ ဆိတ်ဆိတ်နေသောအားဖြင့် သံဃာကို ညှဉ်းဆဲခြင်း, ရဟန်းတပါး၏ သံဃာဒိသိသ်အာပတ်ကို လူသာမဏေအား ထင်ရှားပြခြင်း, ဒုဋ္ဌုလ္လအာပတ်ကို ဖုံးလွှမ်းခြင်းကြောင့်ဂုဏ်း။ ဟာသေဒကေ၊ ပျော်မြူးလို၍ လက်ချောင်းထိုးကစားခြင်း, ရေဥ်ကစားခြင်းကြောင့်ဂုဏ်း။ ဝိဟာရာ၊ သံဃိကကျောင်းမှ။ နိစ္ဆုဘနေ၊ ရဟန်းကို နှင်ထုတ်ခြင်းကြောင့်ဂုဏ်း။ အနုပခဇ္ဇသာယေ၊ မထစေထိုက်သောရဟန်း၏ အနီးသို့ ကပ်ဝင်နေထိုင်ခြင်းကြောင့်ဂုဏ်း။ ပါစိတ္တိ၊ ပါစိတ်အာပတ်ကို။ ဝုတ္တာ၊ ဟောတော်မူအပ်၏။ ဣတိ၊....ပါစိတ္တိနှင့်စပ်၍ မှတ်ဘွယ်အပြီးတည်း။

သေနာသန သိက္ခာပုဒ်ကို ပြ၏၊ [ထိုသိက္ခာပုဒ်၌ မဉ္စ, ပီဌ, ဘိသိ, ကောစ္ဆတို့ကို သေနာသနဟု ဆိုသည်။] ဣတ္ထိယာဒ္ဓါနဂမနေနဖြင့် သပ္ပါဏကဝဂ်-သံဝိဓာန သိက္ခာပုဒ်ကို ပြ၏၊ ဧကာဃ နိသီဒနေနဖြင့် အစေဠကဝဂ်-ရဟောနိသဇ္ဇ သိက္ခာပုဒ်ကို ပြသည်။

ဘီသာပနဖြင့် သုရာပါနဝဂ်-ဘီသာပန သိက္ခာပုဒ်ကို ပြ၏၊ အာကောဋ္ဌနဖြင့် သဟဓမ္မိကဝဂ်-ပဟာရဒါန သိက္ခာပုဒ်ကို ပြ၏၊ အညဝါဒဝိဟေသဖြင့် ဘူတဂါမဝဂ်-အညဝါဒက ဝိဟေသက သိက္ခာပုဒ်ကို ပြ၏၊ ဒုဋ္ဌုလ္လပကာသဆ္ဆာဒေဖြင့် မုသာဝါဒဝဂ်-ဒုဋ္ဌုလ္လာရောစန သိက္ခာပုဒ်, သပ္ပါဏကဝဂ်-ဒုဋ္ဌုလ္လပဋိဆ္ဆာဒန သိက္ခာပုဒ်တို့ကို ပြ၏၊ ဟာသေဒကေဖြင့် သုရာပါနဝဂ်-အင်္ဂုလိပတောဒက, ဥဒကေ ဟာသဓမ္မ သိက္ခာပုဒ်တို့ကို ပြ၏၊ နိစ္ဆုဘနေ ဝိဟာရာဖြင့် ဘူတဂါမဝဂ်-

နိကာမုန သိက္ခာပုဒ်ကို ပြ၏။ [နိစ္ဆုဘာနနှင့် နိကာမုနသည် အနက်တူ၏။] အနုပခဇ္ဇသာယေဖြင့် ထိုဝဂ်-အနုပခဇ္ဇ သိက္ခာပုဒ်ကို ပြုသည်။

အမှာ။ ။ဤပါဒိတ္တိယနိဒ္ဒေသ၌ ပါတိမောက်ပါဠိနိဿယမျှကို ကြေညက်စွာ ရပြီးပုဂ္ဂိုလ်အတွက် အထူးအဓိပ္ပါယ်မရှိပါ၊ ဆိုင်ရာသိက္ခာပုဒ်၏ ပါတိမောက် ဘာသာဋီကာအတိုင်း သိနိုင်ပါသည်၊ ပါတိမောက်ပါဠိနိဿယမျှ မရသေးသူ အတွက် အဓိပ္ပါယ်ရေးသော်လည်း နားလည်မည်မဟုတ်ပါ၊ ထို့ကြောင့် အကျဉ်းမျှသာ ရေးပါသည်။

သမဏကပ္ပနိဒ္ဒေသ

သမဏကပါတိ၊ "သမဏကပ" ဟူသောဥဒ္ဒေသ၏။ (နိဒ္ဒေသော၊ နိဒ္ဒေသကား-)

ကပိပုံ အမျိုးမျိုး

၁၂၅။ ဘူတဂါမသမာရဗ္ဘေ၊ ပါစိတ္တိ ကတကပိယံ။
နခေန ဝါဂိသတ္ထေဟိ၊ ဘဝေ သမဏကပိယံ။

၁၂၅။ ဘူတဂါမသမာရဗ္ဘေ၊ ကြီးပွါးဆဲ ကြီးပွါးပြီးဖြစ်သော သစ်ပင် အပေါင်းကို ဖျက်ဆီးခြင်းကြောင့်။ ပါစိတ္တိ၊ ပါစိတ်အာပတ်သည်။ (ဟော-တိ၊ ဖြစ်၏။) နခေန ဝါ၊ လက်သည်းဖြင့်သော်၎င်း။ အင်္ဂါသတ္ထေဟိ ဝါ၊ မီး, ဒါး စသော လက်နက်တို့ဖြင့်သော်၎င်း။ ကတကပိယံ၊ ပြုအပ်ပြီးသော ကပိခြင်းရှိသော ဗီဇဂါမ်သည်။ သမဏကပိယံ၊ ရဟန်းတို့အား အပ်သည်။ ဘဝေ၊ ဖြစ်၏။ [ဗီဇဂါမ်အခိုက်သာ ကပိ၍ ရသည်၊ သစ်ပင်ဖြစ်သော ဘူတဂါမ်အခိုက်မှာ အမြစ် အရွက် နောက်ထပ်ထွက်သောချင်း (ကျင်း) တက်မှတပါး ကပို၍မဖြစ်၊ အမြစ်အရွက် အသစ်ထွက်သော ချင်းတက်ကား ပဌမကပိပြီးဖြစ်သော်လည်း ထပ်၍ ကပိရကြောင်းကို နောက်၌ ဆိုလိမ့်မည်။]
(ဝိ ၂-၅၂၊ ဝိ ၄-၂၄၄-၅၊ ဝိ ဋ္ဌ ၃-၂၇-၃၂၊ ကင်္ခါ ဋ္ဌ-၁၉၇-ဂ)

ဘူတဂါမ၊ပေ၊ပါစိတ္တိ။ ။ဤစကားသည် ဘူတဂါမ သိက္ခာပုဒ်အတိုင်းပင်တည်း၊ ထိုသိက္ခာပုဒ်၌ "ပါတဗျတာယ" ဟု ဆိုခြင်းနှင့် ဤ၌ "သမာရမ္ဘာ" ဟု ဆိုခြင်းသာ ထူး၏၊ သမာရမ္ဘာ၌ အာရမ္ဘသဒ္ဒါသည် အဘိဓာန် (၈၅၂) လာ အနက်တို့တွင် ဝိကောပန (ဖျက်ဆီးခြင်း) အနက်ကို ဟော၏။

ကတကပိယံ။ ။ကပိယ၌ ကပသဒ္ဒါသည် အဘိဓာန် (၇၉၉)၌ လာသော အနက်တို့တွင် သမဏဝေါဟာရအနက်ကို ဟော၏၊ ကပိမှုကို ပြုခြင်းကြောင့်

ဘူတဂါမ် ၅ မျိုးနှင့် ဗီဇဂါမ်ဒုက္ကဋ်

၁၂၆။ သ မူလကဉ္စ ဗီဇဂ္ဂ-ဖဋ္ဌုဗီဇပဉ္စဘာဝိတော။
အာရဗ္ဘေ ဒုက္ကဋံ ဗီဇံ၊ ဘူတဂါမဝိယောဇိတံ။

၁၂၆။ သ(သော)၊ ထိုဘူတဂါမ်ကို။ မူလခန္ဓ ဗီဇဂ္ဂ ဖဋ္ဌုဗီဇပဉ္စဘာဝိတော၊ အမြစ်မျိုး, ပင်စည်မျိုး, အဖေ့မျိုး, အညှန့်မျိုး, အဆစ်မျိုးတို့သည် စ၍ ဖြစ်စေအပ်၏။ ဘူတဂါမဝိယောဇိတံ၊ ဘူတဂါမ်အဖြစ်မှ ကင်းစေအပ်ပြီးသော။ ဗီဇံ၊ မျိုးငါးပါးကို။ အာရဗ္ဘေ၊ ဖျက်ဆီးခြင်းကြောင့်။ ဒုက္ကဋံ၊ ဒုက္ကဋ်အာပတ်သည်။ (ဟောတိ၊ ဖြစ်၏။) (ဝိ၂-၅၂၊ ဝိ၅-၂၅၅၊ ဝိဋ္ဌ ၃-၂၇-ဂ)

သစ်သီး-ချင်း စသော မျိုးတို့သည် အပင်မပေါက်မဟုတ်၊ ပေါက်နိုင်သေး၏၊ သို့သော် ကပ္ပိလိုက်လျှင် "ရဟန်းတို့အား အပ်ပြီ, စားကောင်းပြီ"ဟု ရဟန်းတို့၏ အခေါ် အဝေါ်တမျိုးဖြစ်သောကြောင့် လက်သည်းဖြင့် ထိုးခြင်း ဆိတ်ခြင်း စသောအမှုကို "သမဏဝေါဟာရ"ဟု ခေါ်ရသည်။ [ကတံ+ကပ္ပိယံ (ကပ္ပိမှု) ယဿာတိ ကတကပ္ပိယံ။]

နခေန ဝါဂ္ဂိသတ္ထေဟိ။ ။ကပ္ပိမှုကို ပြုရာ၌ လက်သည်း, မီး, ဒါး စသော လက်နက်တို့တွင် တမျိုးမျိုးဖြင့် ပြုနိုင်သောကြောင့် နခေန ဝါ စသည်ဖြင့် ကရိဏ်းကိုထည့်သည်၊ ထို နခ စသည်တို့ဖြင့် ကပ္ပိရာ၌ လက်သည်းဖြင့် ဆိတ်မှုက အလျင်မကျစေရ၊ "ကပ္ပိယံ ဘန္တေ"ဟု ဆို၍ ချက်ခြင်း လက်သည်းဖြင့် ဆိတ်မှု စသည်ကိုပြုရမည်၊ အကျယ်ကို ပါတိမောက်ဘာသာဋီကာ၌ ရှုပါ။

သမဏကပ္ပိယံ။ ။ဤ၌ ကပ္ပိယံပုဒ်သည် "ကပ္ပတီတိ ကပ္ပိယံဟု" ပြု၍ "အပ်သော"ဟု အနက်ထုတ်၏၊ ကပ္ပဓာတ် ကတ္ထားဟော ဏျပစ္စည်း၊ သမဏာနံ+ကပ္ပိယံ သမဏကပ္ပိယံ။

သဗီဇပဉ္စဘာဝိတော။ ။မူလစသောပုဒ်တို့ကို ဗီဇန္ဒုဒ်တွဲ၍ မူလဗီဇ-အမြစ်မျိုး၊ ခန္ဓဗီဇ-စည်ပင်မျိုး၊ ဗီဇဗီဇ-အဖေ့မျိုး၊ အဂ္ဂဗီဇ-အညှန့်မျိုး၊ ဖဋ္ဌုဗီဇ-အဆစ်မျိုးအားဖြင့် မျိုး ၅-ခုရှိ၏ဟုသိပါ၊ ထိုမျိုး ၅-ခုမှ စ၍ ဖြစ်စေအပ်သော

နိဗ္ဗတ္တဗီဇ, နေဝဗီဇ, ကဋ္ဌဟဗ္ဗ

၁၂၇။ နိဗ္ဗတ္တဗီဇံ နေဝဗီဇ - မကတဥ္စာပိ ကပ္ပတိ။
ကဋ္ဌဟဗ္ဗဗီဇာနိ၊ ဗဟိဒ္ဓါ ဝါပိ ကာရယေ။

၁၂၇။ နိဗ္ဗတ္တဗီဇံ၊ ထုတ်အပ်ပြီးသော အစေ့ရှိသော သစ်သီးသည်ဌင်း။
နေဝဗီဇံ၊ မျိုးမဖြစ်လောက်အောင် နုသော အစေ့ရှိသော သစ်သီးသည်ဌင်း။

သစ်ပင် ၅-မျိုးကို "ဘူတဂါမ" ဟု ခေါ်၏။ ဘဝန္တိတိ ဘူတာ-ဖြစ်ဆဲ ကြီးပွါးဆဲ သစ်ပင်တို့၊ အဘဝံတိ ဘူတာ အစွမ်းကုန်ဖြစ်၍ ပြီးပြီးသော ကြီးပွါးပြီး သစ်ပင်တို့၊ ဘူတာနံ့ ဖြစ်ဆဲဖြစ်ပြီး, ကြီးပွါးဆဲ ကြီးပွါးပြီးကုန်သော သစ်ပင်တို့၏+ဂါမော-အပေါင်းတည်း၊ ဘူတဂါမော-ပေါင်း။

အာရဗ္ဘ၊ ပေ၊ ဝိယောဇိတံ။ ။ဘူတဂါမ်(သစ်ပင်)တို့မှ ကွေကွင်းစေအပ်(ခွဲခြားအပ်=ဆွတ်ခူးအပ်)ပြီးသော အမြစ်, ပင်စည်, အစေ့,အညှန့်,အဆစ်တို့သည် ဗီဇဂါမ (မျိုးတို့၏ အပေါင်း)မည်၏၊ထိုမျိုးကို ဖျက်ဆီးခြင်းကြောင့် ဒုက္ကဋ်အာပတ်သင့်၏၊ ထို့ကြောင့် အပင် ပေါက်နိုင်သော အစေ့, အဆစ်, အညှန့်, အမြစ်, ပင်စည်တို့ကို ပြအပ်ခဲ့သော နခ, အဂို, သတ္ထတို့ဖြင့် ကပ်ပြီးမှ စားကြရသည်။

မျိုးများ၏သရုပ်။ ။မူလဗီဇ-နန္ဒင်း, ချင်း, (ကျင်း) စသည်၊ ခန္ဓဗီဇ-ညောင်ဗုဒ္ဓဧဟ, ပညောင်စသည်၊ ထို့ကြောင့် ထို ညောင်ပင်များကို ခန္ဓ(အကိုင်း)စိုက်လျှင် အပင်ပေါက်၏၊ ထိုညောင်ကိုင်းကို ဖြတ်လိုလျှင် ကပ်ပြီးမှ ရဟန်းများဖြတ်ကောင်းသည်၊ အဂ္ဂဗီဇ-အင်္ဂုက (ကညွတ်), ဖဏိဇ္ဇက (ရုံး) စသည်၊ အညှန့်စိုက်လျှင် အပင်ပေါက်သော အညှန့်မျိုးများတည်း၊ ဖဠုဗီဇ-ကြံ, ဝါး, ကျူစသည်၊ ဗီဇဗီဇ-ကောက်, ပဲ များတည်း။

နိဗ္ဗတ္တဗီဇံ နေဝဗီဇ။ ။သရက်သီး, ပိန္နဲသီးကဲ့သို့ စားသောအခါအစေ့ကို ထုတ်၍စားရသော ဗီဇဂါမ်သည် နိဗ္ဗတ္တဗီဇမည်၏။ အစေ့ ရှိသော်လည်း အပင်ပေါက်လောက်အောင် မရင့်သေးသောကြောင့် အစေ့(မျိုး)ဟု မဆိုထိုက်သော

အကတံ၊ မပြုအပ်သော ကပ္ပိခြင်းရှိသည်။ ဝါ၊ ကပ္ပိမှုကို မပြုရသေးသည်။ (သမာနံပိ၊ ဖြစ်ပါသော်လည်း။) ကပ္ပတိ၊ အပ်၏။ ကဋ္ဌာဟဗဒ္ဓဗီဇာနိ၊ အခဲ့ အခွက်နှင့် စပ်သော အစေ့ရှိသော သီးသီးအစရှိသည်တို့ကို။ ဗဟိဒ္ဓါ ဝါပိ၊ အပြင်ဘက် အခဲ့ဌသော်မှလည်း။ ကာရယေ၊ ကပ္ပိမှုကို ပြုစေနိုင်၏။ (ဝိ ဋ္ဌ ၃-၃၂-၃၊ ကခ်ီ ဋ္ဌ-၁၉၉)

နုသော အစေ့ရှိသော ဗီဇဂါမ်သည် နောဗီဇမည်၏၊ ထို ၂-မျိုးသည် ကပ္ပိဘူယ်မလို၊ နဂိုရ်အတိုင်းပင် အပ်သည်—ဟူလို။

ဝစနတ္ထ။ ။နိ၀တ္တိယတေ-အသီးမှ နစ်စေအပ်၏၊ (ခဲ့ခြား၍ ထုတ်အပ်၏)။ ဣတိ နိဗ္ဗတ္တံ၊နိ+၀တု ကာရိတ်ကြေ၊တပစ္စည်း၊ နိဗ္ဗတ္တံ ဗီဇံ ယဿာတိ နိဗ္ဗတ္တဗီဇံ-ထုတ်အပ်သော အစေ့ရှိသောသစ်သီး၊ နတ္ထိ+ဗီဇံ ယဿာတိ နောဗီဇံ-အောင်မြင်သော အစေ့မဟုတ်သော နုသော အစေ့ရှိသော သစ်သီး။

သမဏကပ္ပ ၂-မျိုး။ ။ရွှေဂါထာလာ ၃-ပါးနှင့် ပေါင်းလျှင် **သမဏကပ္ပ** ၂-မျိုးရှိ၏၊ ထို့ကြောင့် "အနုဇာနာမိ ဘိက္ခဝေ ပဉ္စဟိ သမဏကပ္ပေဟိ ဖလံ ပရိဘုဉ္ဇိတုံ၊ အဂ္ဂိပရိဇိတံ သတ္ထပရိဇိတံ နခပရိဇိတံ အဗီဇံ နိဗ္ဗတ္တဗီဇညေ၀ ပဉ္စမံ" ဟု ဟောတော်မူသည်၊ ပရိဇိတံ-မီး ဒါး လက်သည်း တို့ဖြင့် ထက်၀န်းကျင် ဆွဲမြွေစေအပ်ပြီးသော ကပ္ပိအပ်ပြီးသော" ဟု အနက်ဆိုပါ။

ကဋ္ဌာဟ၊ ပေ၊ ကာရယေ။ ။သီးသီးသည် မှည့်သော်လည်း အသားနှင့် အခဲ့ (ခွက်) သည် ဆက်စပ်တွဲကပ်လျက် ရှိလျှင် အပြင်အခဲ့ (ခွက်) ကို ကပ္ပိရုံမျှဖြင့်အပ်၏၊ [အထဲကအသားသည် အခဲ့မှကွာနေလျှင်ကား ခဲ့ပြီးမှ အစေ့နှင့် ရောနေသော ထိုအသားကို ကပ္ပိရသည်၊]

တခုကပ္ပိလျှင် ဆက်စပ်သမျှ ကပ္ပိပြီးဖြစ်

၁၂၈။ ကောဗဒ္ဓေသု ဗီဇေသု၊ ဘာဇနေ ဝါပိ ဘူမိယံ။
ကတေ စ ကပ္ပိယေကသ္မိံ၊ သဗ္ဗေသ္ဝေဝ ကတံ ဘဝေ။

၁၂၈။ ဘာဇနေ ဝါပိ၊ အိုးခွက်၌သော်၎င်း။ ဘူမိယံ ဝါပိ၊ မြေ၌သော်၎င်း။ ကောဗဒ္ဓေသု၊ တစပ်တည်း စပ်နေကုန်သော။ ဗီဇေသု၊ မျိုးတို့တွင်။ ကေသ္မိံ စ၊ တခုသော မျိုး၌လည်း။ ကပ္ပိယေ၊ ကပ္ပိမှုကို။ ကတေ၊ ပြုအပ်ပြီးသော်။ သဗ္ဗေသ္ဝေဝ၊ အလုံးစုံတို့၌ပင်။ ကတံ၊ ကပ္ပိသမှု ပြုအပ်ပြီးမည်သည်။ ဘဝေ၊ ဖြစ်၏။ (ဝိ ဋ္ဌ ၃-၃၂-၃၊ ကင်္ခါ ဋ္ဌ-၁၉၈)

ကောဗဒ္ဓေသု။ ။ခွက်တခု၌ဖြစ်စေ မြေပေါ်၌ ကြုံပုံကြိုးကဲ့သို့ ပုံထား၍ ဖြစ်စေ တစပ်တည်း တဆက်တည်း တည်နေသော ဗီဇဂါမ် တို့တွင် သစ်သီးတလုံး ကြုံတချောင်းကို ကပ္ပိလိုက်လျှင် အားလုံး ကပ္ပိပြီးဖြစ်၏၊ ထို့သို့ ကပ္ပိရာ၌ အကပ်ခံပြီး မဟုတ်သော ကြုံပုံကြိုးကိုပင် ကပ္ပိနိုင်သည်၊ အကပ်မခံဘဲ တကြိမ် ကပ္ပိထားလျှင် နောက်ရက်များ၌လည်း အကပ်ခံ၍ စားကောင်း၏။

အမှာ။ ။"ဗီဇေသူတိ ဗီဇဂါမဘူတဂါမေသု" ဟု ဋ္ဌီကာ ဖွင့်သည်ကို စဉ်းစားကြပါ၊ ဘူတဂါမ်အခိုက်၌တည်သော သစ်ပင်ကို ကပ္ပိ၍မဖြစ်၊ ထို့ကြောင့် ရှေ၌ "ဘူတဂါမဝိယောဇိတံ" ဟု ဆိုခဲ့သည်၊ ဘူတဂါမ်ကို ကပ္ပိနိုင်သော အရာကား ကပ္ပိပြီးနောက် အမြစ် အရွက် အသစ်ထွက်သော ချင်းစသော တမျိုးသာတည်း၊ ထိုတမျိုးအတွက် သီးခြားပြလတံ့ဖြစ်သောကြောင့် ဤ"ဗီဇေသု"၌ သွင်းဘွယ်လိုမည်မထင်ပါ။

ကပ္ပိပြိုးနောက် ညှန့်ညှောင့်ထွက်သော်

၁၂၉။ နိက္ခိတ္တေ ကပ္ပိယံ ကတ္ဝာ၊ မူလပဏ္ဏာနိ ဇာယရုံ။
ကပ္ပိယံ ပုန ကာရေယျ၊ ဘူတဂါမော ဟိ သော တဒါ။

၁၂၉။ ကပ္ပိယံ၊ ကပ္ပိမှုကို။ ကတ္ဝာ၊ ပြုပြီး၍။ နိက္ခိတ္တေ၊ သဲ စသည်ဝယ် ချထားအပ်သော ချင်းစသည်၌။ မူလပဏ္ဏာနိ၊ အမြစ်, အရွက်တို့သည်။ ဇာယရုံ၊ ဖြစ်ကုန်အံ့။ ပုန၊ တဘန်။ ကပ္ပိယံ၊ ကပ္ပိမှုကို။ ကာရေယျ၊ ပြုစေရာ၏။ (ကသ္မာ၊ အဘယ့်ကြောင့်နည်း။) ဟိ (ယသ္မာ)၊ အကြင့်ကြောင့်။ သော၊ ထိုကပ္ပိအပ်ပြီးသော ချင်းစသော ဗီဇဂါမ်သည်။ တဒါ၊ အမြစ်အရွက်ပေါ်ထွက်ရာ ထိုအခါ၌။ ဘူတဂါမော၊ ဘူတဂါမ်သည်။ (ဟောတိ၊ ဖြစ်ပြန်၏၊ တသ္မာ၊ ထို့ကြောင့်တည်း။) (ဝိ ဋ္ဌ ၃-၂၉-၃၀၊ ကင်္ခါ ဋ္ဌ-၁၉၈)

နိက္ခိတ္တေ၊ ပေ၊ တဒါ။ ။ပဌမကပ္ပိပြိုးနောက် ချင်းစသည်ကို သဲပေါ်၌ ထားလျှင် အမြစ်လည်း ထွက်တတ်၏၊ အညှန့်လည်း ထွက်တတ်၏၊ ထိုအခါ ဘူတဂါမ် ဖြစ်သွားသောကြောင့် စားသောက်သုံးစွဲလိုလျှင် ထပ်၍ ကပ္ပိပြိုးမှု စားနိုင်သည်၊ သို့သော် ချင်း၌ အမြစ်သာထွက်၍ အညှန့် မထွက်သေးလျှင် အထက်ပိုင်းကို ဒါးဖြင့် ကိုယ်တိုင် လှီးဖြတ်၍ ယူနိုင်၏၊ အညှန့်သာ ထွက်၍ အမြစ် မထွက် သေးလျှင် အောက်ပိုင်းကို လှီးဖြတ်၍ ယူနိုင်၏၊ ထိုအခိုက်၌ ဘူတဂါမ်မဖြစ်သေး၊ ဗီဇဂါမ် အခိုက်သာရှိသေး၏၊ အထက်အောက် အမြစ်, အရွက် ၂-မျိုးလုံးထွက်လျှင် ဘူတဂါမ် (သစ်ပင်) ဖြစ်ပြီးဖြစ်၍ မဖြတ်ကောင်း တော့-ဟု ဘူတဂါမသိက္ခာပုဒ် အဋ္ဌကထာဆို၏၊ အားလုံး အကျယ်ကို ထို အဋ္ဌကထာ၌ရှုပါ။

မျော်ဗီဇ၏ဘူတဂါမ်ပြစ်ပုံ

၁၃၀။ သပဏ္ဏော ဝါ အပဏ္ဏော ဝါ၊ သေဝါလောဒကသမ္ဘဝေါ။
စေတိယာဒီသု သေဝါလော၊ နိဗ္ဗတ္တာဒ္ဒတ္တိပတ္တကော။
ဘူတဂါမော၀ ဗီဇမ်ပိ၊ မူလပဏ္ဏော ဝိနိဂ္ဂတေ။

၁၃၀။ သပဏ္ဏော ဝါ၊ အရွက်ရှိသည်မူလည်း ဖြစ်သော။ အပဏ္ဏော ဝါ၊ အရွက်မရှိသည်မူလည်း ဖြစ်သော။ ဥဒကသမ္ဘဝေါ၊ ရေ၌ဖြစ်သော။ သေဝါလော၊ မျော်သည်၎င်း။ စေတိယာဒီသု၊ စေတီ အစရှိသည်တို့၌။ နိဗ္ဗတ္တာဒ္ဒတ္တိပတ္တကော၊ ဖြစ်သော ၂-ရွက် ၃-ရွက် ရှိသော။ သေဝါလော၊ မျော်သည်၎င်း။ ဘူတဂါမော၀၊ ဘူတဂါမ်သဘာဝည်း။ ဗီဇံ၊ နဂိုရင်းက မျိုးသည်။ (သမာနံပိ၊ ဖြစ်ပါသော်လည်း။) မူလပဏ္ဏော၊ အမြစ် အရွက်သည်။ ဝိနိဂ္ဂတေ၊ ထွက်ပြီးလသော်၊ ဘူဘဂါမော၀၊ ဘူဘဂါမ်သဘာဝည်း။ (ဝိ ဋ္ဌ ၃-၂၀၊ ကင်္ခါ ဋ္ဌ-၁၉၀)

သပဏ္ဏော ဝါ၊ပေ၊သမ္ဘဝေါ။ ။အရွက်ရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ ရေ၌ဖြစ်နေသော မျော်အမျိုးမျိုးသည် ဘူတဂါမ် (သစ်ပင်)သာတည်း။

စေတိယာဒီသု၊ပေ၊ပတ္တကော။ ။စေတိယာဒိ၌ အာဒိဖြင့်ဆောင်ဝင်, တံတိုင်း, ပွတ်လုံး, ပွတ်တိုင်စသည်တို့၌ ပေါ်ထွက်နေသော မော်များကိုယူပါ။ ထိုမော်များသည် ၂-ရွက် ၃-ရွက် အရွက်ထွက်နေလျှင် ဘူတဂါမ်ဖြစ်၏၊ ၂-ရွက် ၃ ရွက်မထွက်သေးလျှင်ကား ဗီဇဂါမ်တွင် ပါဝင်သည်-ဟူလို။ [“နိဗ္ဗဋ္ဋ” ဟုပါဠိရှိ၏၊ “နိဗ္ဗတ္တာ” ဟုရှိမှ ဘူတဂါမသိက္ခာပုဒ် အဋ္ဌကထာဝယ် “ယာဝ ဒုဗ္ဗ တိဏံ ပတ္တာနိ န သဉ္ဇာယန္တိ၊ပေ၊ပတ္တေသု ဇာတေသု” ဟူသော စကားနှင့် သဘောတူမည်၊ “နိက္ခန္တာ” ဟုလည်းပြင်ကြ၏၊ ထိုအဋ္ဌကထာနှင့်မညီ။]

ဗီဇမ်ပိ၊ပေ၊ဝိနိဂ္ဂတေ။ ။ဗီဇံအရ မျိုးအာဒေးလုံးကို ယူပါ၊ မည်သည့်မျိုး မဆို နဂိုရင်းအတိုင်း ဗီဇဂါမ်ဖြစ်သော်လည်း နောက်ထပ် အမြစ်, အရွက် ၂-မျိုးလုံး ထွက်လျှင် ဘူတဂါမ်ဖြစ်တော့၏၊ တမျိုးမျိုးသာ ထွက်သေးလျှင်ကား ဗီဇဂါမ် အတိုင်းပင်တည်း။ [သဗ္ဗာနိ (မျိုးအာဒေးလုံးတို့သည်) မူလမတ္တော ဝါ ပဏ္ဏမတ္တော ဝါ နိဂ္ဂတေပိ ဗီဇာနိယေဝ – ဘူတဂါမအဋ္ဌကထာ။]

သေဝါလနှင့်မှို

၁၃၁။ ဃဋ္ဋာဒိပိဋ္ဌေ သေဝါလော၊ မကုဋ္ဌံ အဟိဆတ္တကံ။
ဒုက္ကဋ္ဌဿေဝ ဝတ္ထူနိ၊ ဖုလ္လမဗျဝဟာဂရိကံ။

၁၃၁။ ဃဋ္ဋာဒိပိဋ္ဌေ၊ ရေအိုးစသည်တို့၏ အပြင်ဘက် အပြင်၌။ သေဝါလော၊ မြေ့သည်ရင်း။ မကုဋ္ဌံ၊ အငုံဖြစ်သော။ အဟိဆတ္တကံ၊ မှိုသည်ရင်း။ ဒုက္ကဋ္ဌဿေဝ၊ ဒုက္ကဋ်အာပတ်၏သာလျှင်။ ဝတ္ထူနိ၊ တည်ရာအကြောင်းတို့တည်း။ ဖုလ္လံ၊ ပွင့်သော။ အဟိဆတ္တကံ၊ မှိုသည်။ အဗျဝဟာရိကံ၊ ဒုက္ကဋ်ဟု ပြောဆိုခြင်းကို မထိုက်သည်။ဝါ၊ မပြောပလောက်သည်။ (ဟောတိ၊ဖြစ်၏။)
(ဝိ ဋ္ဌ ၃-၃၀)

ဃဋ္ဋာဒိပိဋ္ဌေ။ ။“ရေအိုး စသည်တို့၏အပြင်”ဟူသည် ရေအိုး စသည်တို့၏ ပြင်ဘက်တည်း။ [ပါနီယဃဋ္ဋာဒီနံ ဗဟိ (ပြင်ဘက်၌) သေဝါလော ဒုက္ကဋ်ဝတ္ထု၊ အန္တော (ရေအိုးစသည်တို့၏အတွင်း၌ မြေ့သည်) အဗ္ဘောဟာရိကော၊ – ဘူတကါမအာဋ္ဌကထာ။]

မကုဋ္ဌံ အဟိဆတ္တကံ။ ။မှိုသည် ငုံနေသေးလျှင် ဒုက္ကဋ်၏ အကြောင်းဝတ္ထု ဖြစ်၏၊ ပွင့်လာလျှင်ကား အဗ္ဘောဟာရိကတည်း၊ (အာပတ်၏ အကြောင်းဟု ပြောဆိုဘို့ရာမထိုက်၊ ဖျက်သောရဟန်းမှာ အာပတ်မသင့်ဟူလို။)

မှတ်ချက်။ ။မှိုဟူရာ၌ မြေဝယ်ပေါက်နေသောမှိုတည်း၊ သစ်ပင်၌ မှိုကို နောက်ဂါထာ၌ပြလတံ့၊ ထို့ကြောင့် ဋီကာဟောင်း၌ “အဟိဆတ္တကံ နာမ ရုက္ခေ ဇာတံ”ဟုဆိုသည်ကို စဉ်းစားပါ၊ မြေမှုန့်တ်ပြီးမှိုကား နောက်ထပ်အပင်မပေါက်နိုင်သောကြောင့် ဖျက်သော်လည်းအပြစ်မရှိ၊ မြေကြီး၌ပေါက်နေရာဝယ်မြေကြီးပျက်အောင်နှုတ်ယူလျှင်ကား ပထဝီခဏနသိက္ခာပုဒ်အရ အပြစ်ရှိသည်။

ချိပ်, အစေး, မှို, အက္ခရာရေး

၁၃၂။ လာခါနိယျာသဆတ္တာနိ၊ အလ္လရုက္ခေ ဝိကောပိယ။
ဂဏ္ဌကော တတ္ထ ပါစိတ္တိ၊ ဆိန္နတော ဝါပိ အက္ခရံ။

၁၃၂။ လာခါနိယျာသဆတ္တာနိ၊ ချိပ်, အစေး, မှိုတို့ကို။ အလ္လရုက္ခေ၊ စိုသော သစ်ပင်၌။ ဝါ၊ စိုသော သစ်ပင်က။ ဝိကောပိယ၊ ဖျက်ဆီး၍။ (ခွါ၍ နှုတ်၍။) ဂဏ္ဌတော၊ ယူသော ရဟန်း၏၎င်း။ တတ္ထ၊ ထိုစိုသော သစ်ပင်၌။ အက္ခရံ၊ အက္ခရာကို။ ဆိန္နတော ဝါပိ၊ဖြတ်သောရဟန်း၏၎င်း။ ဝါ၊ ထွင်းသော ရဟန်း၏၎င်း။ပါစိတ္တိ၊ပါစိတ်အာပတ်သည်။ (ဟောတိ၊ဖြစ်၏။) (ဝိ ဋ္ဌ ၃-၃၀)

လာခါ။ပေ။အက္ခရံ။ ။စိုသောသစ်ပင်မှ ထွက်နေသော ချိပ်, အစေး, မှို တို့ကို (သစ်ပင်မှခွါ၍ ဆဲနှုတ်၍ယူလျှင်)သစ်ပင်၏ အခွံကို ဖျက်ဆီးရာရောက်၏၊ နှံပဲစသော သစ်ပင်တို့၏ အခွံပေါ်၌ အက္ခရာစာလုံးထင်အောင် ရေးခြစ်လျှင်လည်း ထိုအခွံကို ဖျက်ဆီးရာရောက်၏၊ ထို့ကြောင့် ပါစိတ်ဟုဆိုသည်။

မှတ်ချက်။ ။ခြောက်နေသော အခွံမှကား ထိုအားလုံးကို ခွါ၍ ယူကောင်း၏၊ တမာစေးစသည်၌ ရှည်၍ ထွက်နေလျှင်၎င်း အောက်သို့ တွဲ၍ ကျနေလျှင်၎င်း အခွံနှင့် မထိသော အလယ်ပိုင်း အဖျားပိုင်းကို ဖြတ်၍ ယူနိုင်၏။ [အလ္လရုက္ခတော ပန အဟိဆတ္တကံ ဂဏ္ဌန္တော ရုက္ခတစံ ဝိကောပေတိ၊ တဿ တတ္ထ ပါစိတ္တိယံ၊–ဘူတဂါမသိက္ခာပုဒ် အဋ္ဌကထာ။]

ဒါရုမက္ကဋ္ဌ ရိုက်ိုးခြင်းနှင့် မြက်ထုံးခြင်း

၁၃၃။ ပိဋ္ဌေတုံ နာဋိကေရာဒိံ၊ ဒါရုမက္ကဋ္ဌကာဒိနာ။
ဘိန္ဒိတုံ ဂဏ္ဌိကံ ကာတုံ၊ တိဏာဒိံ နစကပ္ပတိ။

၁၃၃။ နာဋိကေရာဒိံ၊ အုန်းပင် အစရှိသည်ကို။ ဒါရုမက္ကဋ္ဌကာဒိနာ၊ သစ်သား မျောက်လက် အစရှိသည်ဖြင့်။ ပိဋ္ဌေတုံ၊ ဖြစ်ညစ်ခြင်းငှါငင်း။ တိဏာဒိံ၊ မြက်အစရှိသည်ကို။ ဘိန္ဒိတုံ၊ ဖျက်ဆီးခြင်းငှါငင်း။ ဂဏ္ဌိကံ၊ အထုံးကို။ ကာတုံ၊ ပြုခြင်းငှါငင်း။ နစကပ္ပတိ၊ မအပ်သည်သာ။ (ဝိ ဋ္ဌ ၃-၃၁)

ပိဋ္ဌေတုံ၊ပေါအာဒိနာ။ ။ထန်းပင် အုန်းပင် စသည်တို့၌ ခိုးသူတို့ မတက်နိုင်အောင် သစ်သားမျောက်လက်ကို (မျောက်၏လက်နှင့် တူသော သစ်သားကို) စိုက်နှက်ထားတတ်ကြ၏၊ သစ်ပင်ကို ဖြစ်ညစ်နိုပ်စက်ရာ ရောက်သောကြောင့် ပါစိတ်အာပတ်သင့်၏၊ မစိုက်မနှက်ဘဲ ဆူးခက်ကပ်သကဲ့သို့ ကပ်ရုံကပ်ထားလျှင် ကား အနာပတ္တိ၊ ဆူးခက်ကိုလည်း သစ်ပင်နာလောက်အောင် ဖဲ့ချည်ထားလျှင် အာပတ်ပင်တည်း။

ဘိန္ဒိတုံ၊ပေါတိဏာဒိံ။ ။မရိတ်ရသေးသော မြက်နွယ်တို့ကို ဖိနှိပ်၍ နင်းသောအားဖြင့် မဖျက်ကောင်း၊ အထုံးကိုလည်း မပြုကောင်း၊ ထုံးလိုက်လျှင် မြက်နွယ်တွေ့ နာသောကြောင့် ဖျက်ဆီးရာရောက်သည်။

မှတ်ချက်။ ။စာအုပ်တို့၌ "ဆိန္ဒိတုံ"ဟု တွေ့ရ၏၊ ဖြတ်လျှင် ပါစိတ်အာပတ်သင့်ကြောင်းမှာ ဘူတဂါမ သိက္ခာပုဒ်အတိုင်း သိသာသောကြောင့်ထင်း "စက်မိတဋ္ဌာနံ ဒဿေသာမိတိ(စကြန်သွားရာအရပ်ကို ပြအံ့ဟု ကြံ၍)ပါဒေဟိ အက္ကမန္ဒော (စိမ်းစိမ်းစိုစိုပေါက်နေသော မြက်ခင်းပေါ်၌ ခြေတို့ဖြင့် ဖိနှိပ်နင်းချေလျက်) တိဏဝလ္လိအာဒိနိ သယံ ဘိန္ဒတိ (မြက်နွယ် အစရှိသည်တို့ကို ကိုယ်ကိုင်မူသည်း ဖျက်ဆီးအံ့)"ဟူသော အဋ္ဌကထာမှ ယူအပ်သောကြောင့်ထင်း "ဘိန္ဒိတုံ" ပါဠိသာ မူလပါဠိမှန်"ဟု မက်ပါ၊ [ရိတ်ပိုး မြက်ဖြစ်လျှင်ကား နောက်ထပ် အပင်မပေါက်သောကြောင့် ဖြတ်သော် ဖျက်သော်လည်း အာပတ်မသင့်ပါ။]

ဤဟာကိုဖြတ် စသည်မပြော၅

၁၃၄။ ဘူတဂါမံ ဝ ဗီဇံ ဝါ၊ ဆိန္ဒ ဘိန္ဒေါစိနာဟိ ဝါ။
ဖာလေဟိ ဝိဇ္ဈ ပစ ဝါ၊ နိယမေတ္ဝာ နု ဘာသယေ။

၁၃၄။ ဘူတဂါမံ ဝါ၊ ဘူတဂါမ်ကိုဂုင်း။ ဝါ၊ သစ်ပင်ကိုဂုင်း။ ဗီဇံ ဝါ၊ ဗီဇဂါမ်ကိုဂုင်း။ ဝါ၊ မျိုးကိုဂုင်း။ ဆိန္ဒ၊ ဖြတ်လော့။ ဘိန္ဒ၊ ဖျက်လော့။ ဩစိနာဟိ၊ ဆွတ်လော့။ ဝါ၊ ခူးလော့။ ဣတိ ဝါ၊ ဤသို့သော်ဂုင်း။ ဖာလေဟိ၊ ခဲ့လော့။ ဝိဇ္ဈ၊ ထိုးဖောက်လော့။ ပစ၊ ချက်ပြုတ်လော့။ ဝါ၊ မီးတိုက်လော့။ ဣတိ ဝါ၊ ဤသို့သော်ဂုင်း။ နိယမေတ္ဝာ၊ မည်သည့် ဘူတဂါမ် ဗီဇဂါမ် ဟု သတ်မှတ်၍။ နု ဘာသယေ၊ မပြော မဆိုရာ။ (ဝိ ၂-၅၂၊ ဝိ ဋ္ဌ ၃-၃၁-၂၊ ကခ်ဳံ ၂ဋ္ဌ-၁၉၈)

ဘူတဂါမံ ဝ။ ။[“ဝါ”ဟု ဆိုလိုလျက် ဆန်းကိုဏ်းကောင်းအောင် “ဝ”ဟု ရသုံပြုထားသည်။] **ဤသစ်ပင်ကိုဖြတ်လော့၊ အဝေးဌာနေ၍ “မည်သည့် သစ်ပင်ကို ခုတ်ဖြတ်လော့” စသည်ဖြင့် တိုက်ရိုက်ညွှန်ပြပြောဆိုမှုကို “နိယမေတ္ဝာ”ဟု ဆိုသည်၊ ဤသို့ တိုက်ရိုက် သတ်မှတ်ညွှန်ပြ၍ “ခုတ်လော့, ဖျက်လော့, ဤပန်းပွင့်ကို (တနည်း) သည်ပန်းပင်မှ ပန်းပွင့်ကို ဆွတ်ခူးလော့, ဤသစ်သီးကို ဆွတ်လော့, ခဲ့လော့, ထိုးလော့, ချက်လော့, မီးတိုက်လော့”ဟု မပြောကောင်း၊ ပြောလျှင် ဖျက်ဆီးရာရောက်သောကြောင့် ဘူတဂါမ်၌ ပါစိတ်, ဗီဇဂါမ်၌ ဒုက္ကဋ်၊ “မည်သည့် သစ်ပင် သစ်သီး သစ်ပွင့်”ဟု နာမည်ကို မညွှန်ပြဘဲ “သစ်ပင် ခုတ်လိုက်, သစ်သီးတွဆွတ်လိုက်, ပန်းခူးလိုက်”ဟုကား ပြောကောင်း၏။**

အပ်သောခိုင်းနည်း

၁၃၅။ ဣမံ ကရောဟိ ကပ္ပိယံ၊ ဣမံ ဂဏှာဒမာဟရ။
ဣမံ ဒေဟိ ဣမံ သောဓေ၊ ဟေဝံ ဝဋ္ဋတိ ဘာသိတုံ။

၁၃၅။ ဣမံ၊ ဤသစ်ပင်စသည်ကို။ ကပ္ပိယံ၊ ကပ္ပိခြင်းကို။ ကရောဟိ၊ ပြုလော့၊ ဣမံ၊ ဤသစ်ပင်စသည်ကို။ ဂဏှ၊ ယူခဲ့လော့။ ဣဒံ၊ ဤသစ်ပင်စသည်ကို။ အာဟရ၊ ဆောင်ခဲ့လော့။ ဣမံ၊ ဤသစ်ပင်စသည်ကို။ ဒေဟိ၊ ပေးလော့။ ဣမံ၊ ဤသစ်ပင် စသည်ကို။ သောဓေဟိ၊ သုတ်သင်လော့။ ဧဝံ၊ ဤသို့။ဘာသိတုံ၊ ပြောဆိုခြင်းငှါ။ ဝဋ္ဋတိ၊ အပ်၏။....ဣတိ၊ သမဏကပ္ပနှင့် စပ်၍ မှတ်ဘွယ် အပြီးတည်း။ (ဝိ ၂-၅၂၊ ဝိ ဋ္ဌ ၃-၃၂၊ ကင်္ခါ ဋ္ဌ-၁၉၈)

ဣမံ၊ ပေ၊ ဘာသိတုံ။ ။ဤသစ်ပင်ကို,ဤသစ်သီးကို, ဤပန်းကို ကပ္ပိစမ်း၊ ဤအသီးကို ယူလိုက်(ယူခဲ့)၊ ဤအသီးကို ဆောင်ခဲ့၊ဤအသီးကို ပေးစမ်း,ဤသို့ စသည်ဖြင့် သစ်ပင်၌ရှိနေသော အသီးအပွင့်အရွက်ကို ပြောဆိုကောင်း၏၊ မြွက်စသည်ကို သုတ်သင်ရှင်းရာ၌လည်း "ဖြတ်လော့, ဖျက်လော့"ဟု မခိုင်းဘဲ "ကပ္ပိစမ်း, သုတ်သင်စမ်း"ဟု ပြောကောင်း၏။

ဘူမိနိဒ္ဒေသ

ဘူမိယောတိ၊ “ဘူမိယော” ဟူသောဥဒ္ဒေသ၏။ (နိဒ္ဒေသော၊ နိဒ္ဒေသကာဃး-)

ကပ်ိယကုဋိ ၄-လုံး

၁၃၆။ သမ္မုတု-ဩဝနန္တာ စ၊ ဂေါနိသာဒီ ဂဟပတိ။
ကပ်ိယာ ဘူမိယော ယာသု၊ ဝုတ္ထံ ပဂ္ဂဠ္ဟ ကပ်တိ။

၁၃၆။ ယာသု၊ အကြင်ကပ်ိယဘူမိတို့၌။ ဝါ၊ အကြင်ကပ်ိယကုဋိတို့၌။ ဝုတ္ထံ၊ တည်နေစေအပ် သို့မှီးအပ်သော ယာဝကာလိက, ယာမကာလိက သည်ရှင်း။ ပဂ္ဂဠ္ဟ၊ လူ သာမဏေတို့ ချက်အပ်သော ယာဝကာလိက, ယာမ-ကာလိကသည်ရှင်း။ ကပ်တိ၊ အပ်၏။ ကပ်ိယာ၊ အပ်ကုန်သော။ တာ ဘူမိယော၊ ထိုဘူမိတို့သည်။ ဝါ၊ ထိုကုဋိတို့သည်။ သမ္မုတိ၊ သမ္မုတိဘူမိ ရှင်း။ ဥဿာဝနန္တာ စ၊ ဥဿာဝနန္တိကာ ဘူမိရှင်း။ ဂေါနိသာဒီ၊ ဂေါနိသာ-ဒီကာဘူမိရှင်း။ ဂဟပတိ၊ ဂဟပတိဘူမိရှင်း။ (ဣတိ၊ ဤသို့။ စတသော၊ ၄-မျိုးတို့တည်း။) (ဝိ ၃-၃၃၇၊ ဝိ ဋ္ဌ ၃-၃၇၉-ဂ၂၊ကခ်၊ ဋ္ဌ-၂၂၇)

ကပ်ိယာ ဘူမိယော။ ။အနန္တာဝုတ္ထစသည်ကို ပြုကောင်းရာ ဖြစ်သောကြောင့် “ကပ်ိယ” ဟုရှင်း ယာဝကာလိက, ယာမကာလိကဝတ္ထုတို့၏ တည်ကောင်းရာ ဖြစ်သောကြောင့် “ဘူမိ” ဟုရှင်း ခေါ်သည်၊ ဤကပ်ိယဘူမိ ၄-လုံးကိုပင် “ကပ်ိယကုဋိ — အပ်သောကျောင်း” ဟုလည်း ခေါ်သည်၊ ဂါထာအတိုင်း ကပ်ိယကုဋိ ၄-လုံး၏ နာမည်ကို မှတ်ပါ၊ ဤကပ်ိယဘူမိ (ကုဋိ) ၄-လုံးကို ဘုရားရှင်သည် မဟာဝဂ်-ဘေသဇ္ဇက္ခန္ဓကဋ္ဌ “အနုဇာနာမိ ဘိက္ခဝေ စတသော ကပ်ိယဘူမိယော ဥဿာဝနန္တိကံ ဂေါနိသာဒိကံ ဂဟပတိံ သမ္မုတိံ” ဟု ခွင့်ပြုတော်မူသည်။

နေဘို့ကျောင်း၌ ကပ်ိယကုဋီ တခုခုဖြစ်အောင်ပြုပါ

၁၃၇။ ဝါသတ္ထာယ ကတေ ဂေဟေ၊ သံဃိကေ ဝေကသန္တကေ။
ကပ်ိယာ ကုဋီ လဒ္ဓဗ္ဗာ၊ သဟသေယ္ယုပဂေါနကေ။

၁၃၇။ ဝါသတ္ထာယ၊ နေခြင်းအကျိုးငှါ၊ ကတေ၊ ဆောက်လုပ်အပ်သော၊ သံဃိကေ ဝါ၊ သံဃာ၏ ဥစ္စာမူလည်း ဖြစ်သော။ ကေသန္တကေ ဝါ၊ တပါး၏ ပုဂ္ဂလိက ဥစ္စာမူလည်း ဖြစ်သော။ သဟသေယ္ယုပဂေါနကေ၊ သဟသေယ္ယု လောက်သော။ ဂေဟေ၊ ကျောင်း၌။ ကပ်ိယာ ကုဋီ၊ ကပ်ိယကုဋီကို၊ လဒ္ဓဗ္ဗာ၊ ရထိုက်၏။ (ရဒေါင် စီမံထိုက်သည်-ဟူလို။)

ဝါသတ္ထာယ၊ ပေ၊ ပဂေါနကေ။ ။သံဃိကဖြစ်စေ ပုဂ္ဂလိကဖြစ်စေ နေဘို့ရန် ဆောက်လုပ်အပ်သော သဟသေယ္ယုအာပတ်လည်း သင့်လောက်အောင် အမိုးအကာရှိသော ကျောင်းဝယ် ကပ်ိယကုဋီကို ရထိုက်၏၊ “ကပ်ိယကုဋီမရှိလျှင် ယာဝကာလိက, ယာမကာလိကဝတ္ထုတို့ကို ညဉ့်အခါ၌ အရုဏ်တက်အောင် မထားကောင်း၊ ထားမိလျှင် မစားကောင်း၊ စားလျှင် ဒုက္ကဋ်အာပတ်သင့်၏၊ ထို့သို့အာပတ်မသင့်အောင် ကပ်ိယကုဋီ ဖြစ်ထိုက်သည်” ဟူလို။

ဝါသတ္ထာယ။ ။“ဝါသတ္ထာယ” ဟု ဆိုသောကြောင့် ညဉ့်အိပ် ညနေနေဘို့မဟုတ်သော ရေချိုးခန်း, တံခါးမုခ်, မနေဘဲ ဆွမ်းစားရုံသက်သက်သာ ဖြစ်သော ဆွမ်းစားကျောင်း, စေတီကျောင်းဆောင်, ဗောဓိကျောင်းဆောင်, တံမြက်စီးထားရာစင် စသည်တို့ကို “ကပ်ိယကုဋီလုပ်ဘို့ မလို” ဟု ပြ၏၊ ထို့အဆောက်အဦတို့၌ကား အန္တောဝုတ္ထ, အန္တောပက္ကမဖြစ်၊ ပင်ကိုယ်အတိုင်းပင် ကပ်ိယကုဋီဖြစ်နေသည်။

ဥဿာဝနန္တိကာ ကုဋိပြုပုံ

၁၃၈။ ဂေဟေ သံဃဿ ဝေကဿ၊ ကရဃမာနေဝမိရယံ။
ပဌမိဋ္ဌက ထမ္ဘာဒိံ၊ ဌပေယျုဿာဝနန္တိကာ။
"ကပ်ိယကုဋိံ ကရောမ၊ ကပ်ိယကုဋိံ ကရောမာ"တိ။

၁၃၈။ သံဃဿ ဝါ၊ သံဃာ၏သော်ဌင်း၊ ဧကဿ ဝါ၊ တပါး၏သော်ဌင်း။ ဂေဟေး၊ ကျောင်းကို။ ကရဃမာနေ၊ ပြုအပ်လတ္တံ့ ဖြစ်လသော်။ကပ်ိယကုဋိံ ကရောမ ကပ်ိယကုဋိံ ကရောမာတိ၊ ကပ်ိယကုဋိံ ကရောမ , ကပ်ိယကုဋိံ ကရောမ ဟူ၍။ ဧဝံ၊ ဤသို့။ ဤရယံ၊ မြက်ဆိုလျက်။ ပဌမိဋ္ဌကထမ္ဘာဒိံ၊ ပဌမအုတ်ခဲ , ပဌမတိုင် အစရှိသည်ကို။ ဌပေယျ၊ ချထား၏။ (အယံ၊ ဤကုဋိသည်။) ဥဿာဝနန္တိကာ၊ ဥဿာဝနန္တိကာကုဋိမည်၏။ ဝါ၊ မြောက်၍ အချ ကရောမဟု ဆိုမှုဆုံးလျှင်း ညီမျှခြင်းရှိသော ကုဋိမည်၏။ (ဝိ ဋ္ဌ ၃-၃၂၉-၈၀)

ဥဿာဝနန္တိကာ။ ။[ဥ+သာဝနန္တ၊] ဥသဒ္ဒါသည် ဥက္ခိပန-မြောက်ခြင်း အနက်ကို ဟောသော်လည်း ဤနေရာ၌ မြောက်၍ချခြင်းတိုင်အောင် ယူပါ၊ "သာဝနန္တ-ကြားစေခြင်း (ကြားအောင်ဆိုခြင်း)၏ အဆုံး" ဟူသည် ကပ်ိယ-ကုဋိံ ကရောမ" ဟူသော စကား၏အဆုံး (မ-ဟု ဆို၍ ပြီးခြင်း) တည်း၊ ဤသို့လျှင် တိုင်ကို မြောက်၍ ချခြင်းနှင့် "ကပ်ိယကုဋိံ ကရောမ" ဟု ဆိုခြင်း၏ အဆုံးတို့ ညီမျှသောကာလရှိလျှင် "ဥဿာဝနန္တိကာ" ကပ်ိယကုဋိ ပြုလုပ်သမျှ အထမြောက်၏၊ ဤ အဓိပ္ပါယ်ကို ပြလို၍ "ဧဂေဟေ သံဃဿ" စသည်ကို ဝင်၍ မန့်သည်။

အဋ္ဌကထာ။ ။ထမ္ဘပတိဋ္ဌာနဋ္ဌ-ကျင်တွယ်တိုင် စိုက်ထားအပ်သော အုတ်ခဲ စသည်ဝယ် တိုင်၏ တည်ခြင်းသည်ဌင်း ဝစနပရိယောသာနဋ္ဌ-ကပ်ိယကုဋိံ ကရောမ ဟူသော စကား၏ ပြီးဆုံးခြင်းသည်ဌင်း သမကာလံ ဝဋ္ဋတိ-ညီမျှသော ကာလရှိမှ အပ်သည်၊— ဘေသဇ္ဇကွန္ဓက၊ [ဤ အဋ္ဌကထာ၌ "ထမ္ဘပတိ-ဋ္ဌာန" ဖြင့် ဥ၏ အနက်ကို ပြ၏၊ ဝစနပရိယောသာန" ဖြင့် သာဝနန္တ၏

အနက်ကို ပြသည်၊ ဥဿာဝနန္တော ယဿာတိ ဥဿာဝနန္တိကာ·တိုင် စသည်ကို မြောက်၍ချခြင်း, ကပ္ပိယကုဋိံ ကရောမ ဟူသော စကား၏ အဆုံးရှိသော ကုဋ်ဦး။]

ဂေဟေ၊ ပေ၊ ဌပေယျ။ ။ရွှေဂါထာ၌ သမ္မုတိ ကုဋ်ဦကိုစ၍ ခေါင်းစဉ်ခဲ့သော်လည်း ပါဠိတော်၌ ဥဿာဝနန္တိကာ ကုဋ်ဦကိုစ၍ ပြသောကြောင့် ပါဠိတော် အတိုင်း စဉ်၍ အကျယ်ပြလိုရကား "ဂေဟေ သံဃဿ" စသည်ကို မိန့်သည်၊ သံဃိကကျောင်း ဖြစ်စေ ပုဂ္ဂလိကကျောင်းဖြစ်စေ ဥဿာဝနန္တိကာကုဋ် ပြုလိုသော ရဟန်းသည် "ကပ္ပိယကုဋိံ ကရောမ" ဟူသော စကား၏ အဆုံးနှင့် ညီမျှအောင် ပဌမတိုင်ကို (သို့မဟုတ်-ပဌမအုတ်ကို) မြောက်၍ချလိုက်ရသည်၊ ထမ္ဘာဒိံ၌ အာဒိဖြင့် မြေတိုက် ကျောက်တိုက် ဆောက်ရာ၌ မြေဆိုင်ခဲ့ကျောက်ခဲတို့ကို ယူပါ။

ကရောမဟု ဆိုရခြင်း။ ။တိုင်စသည်ကို မြောက်၍ချရာ၌ ရဟန်းအများဝိုင်း၍ မြောက်ပြီးလျှင် "ကပ္ပိယကုဋိံ ကရောမ" ဟု ဆို၍ ချသောအခါ တပါးပါး၏ စကားအဆုံးနှင့် ချခြင်းကိစ္စတို့ညီမျှအောင် အများဝိုင်း၍မြောက်ချ ချရကြောင်းကို သိစေလိုသောကြောင့် "ကရောမ" ဟု ဗဟုဝုစ်ထားသည်၊ အများဆိုပုံ ထင်ရှားအောင် "ကပ္ပိယကုဋိံ ကရောမ" ဟူသော ဝါကျကိုလည်း ၂-ထပ် ပြထားသည်၊ ရဟန်းများသာမက လက်သွားစသော လူတို့က တိုင်စသည်ကို မြောက်၍ ရဟန်းများက ထိရုံ ထိလျက်လည်း ဆိုနိုင်ပါသည်။ [ကပ္ပိယကုဋိံ၊ အပ်သောကျောင်းကို။ကရောမ၊ပြုပါကုန်၏။ကျောင်းဟောင်းကို ဖျက်၍ ဖြစ်စေ အသစ်ဖြစ်စေ ကျောင်းဆောက်ရာ၌ ဤ ဥဿာဝနန္တိကာကုဋ်ဦ ဖြစ်အောင် ရွေးဆရာတို့ စီမံလေ့ရှိကြသည်။]

ဂေါနိသာဒိကုဋ္ဌိ, သမ္မုတိကုဋ္ဌိ

၁၃၉။ ယေဘုယ္ယေနာပရိကို့တ္တော၊ အာရာမော သကလောပိ ဝါ။
ဝုစ္စတေ ဂေါနိသာဒီတိ၊ သမ္မုတိ သံဃသမ္မတာ။

၁၃၉။ ယေဘုယ္ယေန၊ များသောအားဖြင့်။ အပရိကို့တ္တော ဝါ၊ မကာရံ အပ် သည်မူလည်းဖြစ်သော။ [တဝက်ကျော် အကာရံ မရှိလျှင် ယေဘု-ယ္ယေန အပရိကို့တ္တဖြစ်သည်။] သကလောပိ ဝါ၊ အလုံးစုံ မကာရံအပ်သည် မူလည်း ဖြစ်သော။ အာရာမော၊ အရာမ်ကို။ ဝါ၊ ကျောင်းတိုက်ကို။ ဂေါနိသာဒီတိ၊ ဂေါနိသာဒီဟူ၍။ ဝါ၊ နွားတို့၏ ဝင်ရောက်နေနိုင်ခြင်း ရှိရာ ကုဋ္ဌီဟူ၍။ ဝုစ္စတေ၊ ဆိုအပ်၏။ သံဃသမ္မတာ၊ သံဃာသည် သမုတ်အပ်သော ကုဋ္ဌီသည်။ သမ္မုတိ၊ သမ္မုတိကုဋ္ဌီမည်၏။ (ဝိ ဋ္ဌ ၃-၃၈၀-၁)

ယေဘုယ္ယေန၊ ပေ၊ ဂေါနိသာဒီတိ။ ။နိ+သဒ်ဓာတ်သည် နေခြင်းအနက်ကို ဟော၏၊ ဂုန္နံ+နိသာဒေါ ဂေါနိသာဒေါ-နွားတို့၏ ဝင်ရောက်နေနိုင်ခြင်း၊ အကာအရံ တဝက်ကျော်ကျော် မရှိသော်ငင်း တတိုက်လုံးပင် အကာအရံ မရှိသော်ငင်း နွားတို့သည် ဝင်ရောက်နေနိုင်ရကား ထိုကျောင်းတိုက်ကို "ဂေါနိသာဒိကာကုဋ္ဌီ" ဟု ခေါ်သည်၊ ဂေါနိသာဒေါ ယတ္ထာတိ ဂေါနိသာဒိ-ဏပစ္စည်းဖြင့် ဂေါနိသာဒ ဟု ပြီးပြီးနောက် ဣတ္ထိဧောတက ဤ ပစ္စည်းသက်၊ ပါဠိတော်၌ကား ဣကပစ္စည်း, အာပစ္စည်းဖြင့် "ဂေါနိသာဒိကာ" ဟု ရှိသည်။

မှတ်ချက်။ ။ဤ ကုဋ္ဌီ၌ ကျောင်းတိုက်, သို့မဟုတ် ကျောင်းဝင်း၏ အကာအရံ (များစွာဖြစ်စေ လုံးလုံးဖြစ်စေ) မရှိခြင်းသာ လိုရင်းတည်း၊ ကျောင်း တကျောင်း၏ အကာအရံ ရှိခြင်း မရှိခြင်းမှာ လိုရင်း မဟုတ်ပါ။ [သေနာသနံ ပရိက္ခိတ္တံ ဝါ ဟောတု, အပရိက္ခိတ္တံ ဝါ၊ နတံ ပမာဏံ-ထိုကျောင်း တကျောင်း၏ အကာအရံ ရှိခြင်း မရှိခြင်းသည် လိုရင်းမဟုတ်၊ –ဋီကာသစ်။]

သမ္မုတိ သံဃသမ္မတာ။ ။ဆောက်လုပ်၍ ပြီးပြီးသော ကျောင်းကို-ယာဝ ကာလိက, ယာမကာလိကဝတ္ထုတို့ ထားကောင်းသော ကျောင်းဖြစ်အောင် သံဃာသည် ထိုကျောင်း၏ နာမည်ကို ဖော်ထုတ်၍ ထိုကျောင်း၏ ဟတ္ထပါသ်၌

ဂဟပတိကုဋိ

၁၄၀။ ဘိက္ခုံ ဌပေတ္ဝာ အညေဟိ၊ ဒိန္နော တေသံ ဝ သန္တကော။
အတ္ထာယ ကပ္ပကုဋိယာ၊ ဂေဟော ဂဟပတိ မတော။

၁၄၀။ ကပ္ပကုဋိယာ၊ ကပ္ပိယကုဋိ၏။ အတ္ထာယ၊ အကျိုးငှါ။ ဘိက္ခုံ၊ ရဟန်းကို။ ဌပေတ္ဝာ၊ ထား၍။ အညေဟိ၊ အခြားသူတို့သည်။ ဒိန္နော ဝါ၊ လှူ။အပ်သည် မူလည်းဖြစ်သော။ တေသံ၊ ထိုအခြားသူတို့၏။ သန္တကော ဝါ၊ ဥစ္စာမူလည်း ဖြစ်သော။ ဂေဟော၊ ကျောင်းကို။ ဝါ၊ အိမ်ကို။ ဂဟပတိတိ၊ ဂဟပတိကုဋိဟူ၍။ ဝါ၊ အိမ်ရှင်ရှိလတ် အိမ်ရှင်လှူ။အပ်သော ကုဋိဟူ၍။ မတော၊ သိအပ်၏။ (ဝိ ဋ္ဌ ၃-၃၈၀)

ဖြစ်စေ ကျောင်းအတွင်း၌ဖြစ်စေ ဘေသဇ္ဇကွန္ဓကဋ္ဌ လာသည့်အတိုင်း ဥတ္တိ ဒုတိယ ကမ္မဝါစာဖြင့် "ကပ္ပိယဘူမိ" ဟု သံဃာက သမုတ်ရသည်၊ သမုတ်အပ်သောကျောင်းက သိမ်၏ အပြင်ဘက်၌ဖြစ်လျှင် နာမည်ကို ထုတ်ဖော်၍ သိမ်တွင်း၌ ကမ္မဝါစာကို ရွတ်ရလိမ့်မည်၊ ကမ္မဝါစာ မရွတ်ဘဲ အပလောကနကံ ဖြင့်လည်း သမုတ်နိုင်၏-ဟု အဋ္ဌကထာ ဆိုသည်။

ဘိက္ခုံ ဌပေတ္ဝာ အညေဟိ။ ။ဘိက္ခုမှတပါးသော ဘိက္ခုနီစသောသီတင်းသုံးဘော် ၄-ဦး, လူဝတ်ကြောင်, နတ်တို့ကို "အညေဟိ"အရ ယူပါ။ ထိုပုဂ္ဂိုလ်တို့က ကပ္ပိယကုဋိအကျိုးငှါ "ကပ္ပိယကုဋိံ ဒေမ"ဟုလျှောက်၍ဖြစ်စေ "ကပ္ပိယကုဋိံ ကာတုံ ဒေမ"ဟု လျှောက်၍ဖြစ်စေ လှူ။အပ်သောကျောင်းသည် ဂဟပတိကုဋိမည်၏။

ကျောင်းရေစက်ချ။ ။ကျောင်းရေစက်ချသောအခါ "ကပ္ပိယကုဋိံ ဒေမ", သို့မဟုတ် "ကပ္ပိယကုဋိံ ကာတုံ ဒေမ"ဟုထည့်၍ ရေစက်ချသင့်သည်၊ "ဣမံ ဝိဟာရံ အာဂတာနာဂတာသာ စာတုဒ္ဒိသာသာ သံဃာသာ ကပ္ပိယကုဋိံ ကာတုံ ဒေမ"ဟုဆို၍ ရေစက်ချလျှင်လည်း ကပ္ပိယကုဋိဖြစ်နိုင်ပါသည်။ ["အာဂတာနာဂတာသာ၊ဤကျောင်းသို့ရောက်,မရောက်သော။စာတုဒ္ဒိသာသာ၊အရပ်၄-မျက်နှာရှိသော (အရပ် ၄-မျက်နှာ၌ သီတင်းသုံးလျက်ရှိသော)"ဟုအနက်ဆိုပါ။]

အန္တေဝုတ္ထနှင့်ရောလျှင် အန္တေဝုတ္ထဖြစ်

၁၄၁။ အကပ္ပကုဋ္ဌိယာ ဝုတ္ထ-သပ္ပိအာဒီဟိ မိဿိတံ။
ဝေဇယျ၊ အန္တေဝုတ္ထတ္တာ၊ ပုရိမ ကာလကဒ္ဒယိ။

၁၄၁။ အကပ္ပကုဋ္ဌိယာ၊ အကပ္ပိယကုဋ္ဌိဒ္ဒိ။ ဝုတ္ထသပ္ပိအာဒီဟိ၊ တည်နေစေအပ် သိမ်းထားအပ်သော ထောပတ် အစရှိသော နောက်ကာလိက ၂-ပါး တို့နှင့်။ မိဿိတံ၊ ရောနှောအပ်သော။ ပုရိမံ၊ ရှေးဖြစ်သော။ ကာလိကဒ္ဒယံ၊ ကာလိက ၂-ပါး အပေါင်းသည်။ အန္တေဝုတ္ထတ္တံ၊ အန္တေဝုတ္ထ၏ အဖြစ်သို့။ ဝေဇယျ၊ ရောက်နိုင်၏။ (ဝိ ဋ္ဌ ၃-၃၈၁)

တေသံ ဝ သန္တကော။ ။သီဘင်းသုံးဘော် ၄-ဦး, လူ,နတ်တို့၏ ဥစ္စာဖြစ်သော ကျောင်း,အိမ်လည်း ဂဟပတိကုဋ္ဌိပင်တည်း၊ ဘိက္ခုနီ ကျောင်းဦဂုင်း လူဝတ် ကြောင်တို့၏ အိမ်ဦဂုင်း တတ်နိုင်လျှင် နတ်ဗိမာန်ဦဂုင်း ဘိက္ခုတို့၏ ယာဝ-ကာလိက,ယာမကာလိကဝတ္ထုကို သိမ်းထားကောင်း၏၊ အန္တေဝုတ္ထ အဖြစ်မရှိဟူလို့။

မှတ်ချက်။ ။ဂဟပတိသဒ္ဒါသည် အိမ်ပိုင်ရှိသောလူဝတ်ကြောင်ကို ဟောရုံးဖြစ်၏၊ [ဂဟဿ+ပတိ ဂဟပတိ—အိမ်ရှင်, ကျောင်းရှင်၊] ဤနေရာဦဂုင်းဘိက္ခုသံဃာနှင့် ဘိက္ခုမှတပါး အခြားပုဂ္ဂိုလ်များကို "ဂဟပတိ—အိမ်ပိုင်ကျောင်းပိုင်သူ" ဟုယူ၍ ထိုဂဟပတိတို့သည် လှူအပ်သောကျောင်း,ဂဟပတိ၏ အိမ်ကျောင်းကိုပင် ကာရကူပစာရအားဖြင့် "ဂဟပတိ" ဟု ခေါ်ရသည်ဟု မှတ်ပါ၊ ဦဂုသစ်ဦ "ဂဟပတိ" ဟု ဒီဃရှိစေလို့၏၊ တခို့က "ဂဟပတိနာ+ဒိန္နာ ဂဟပတိ" ဟုလည်းပြု၏။

အကပ္ပကုဋ္ဌိယာ၊ ပေ၊ ဒ္ဒယံ။ ။အန္တေဝုတ္ထမဖြစ်အောင် သိမ်းဆည်း ထားအပ်သော ယာဝ,ယာမကာလိက ၂-ပါးသည် အကပ္ပိယကုဋ္ဌိဦ သိမ်းထားအပ်သော ထောပတ်စသော သတ္တာဟကာလိက, နှန်းခြင်းစသော ယာဝဇီဝိကနှင့် ရောမိလျှင် အန္တေဝုတ္ထဖြစ်၏။ [သပ္ပိအာဒီဟိ မိဿိတန္တိ သပ္ပိအာဒီဟိ ပဋ္ဌဟိ (ဆေးငါးမျိုး တို့နှင့်ဝဂ်း) ဟလိဒ္ဒိသိဂ်ဝေရာဒိယာဝဇီဝိကေန စာတိ အတ္ထော-ဦကာ။]

သာမံပါကနှင့်ရောလျှင် သာမံပါကဖြစ်

၁၄၂။ တေဟေဝ ဘိက္ခုနာ ပက္ကံ၊ ကပ္ပတေ ယာဝဇီဝိကံ။
နိရာမိသံဝ သတ္ထာဟံ၊ သာမိသေ သာမပါကတာ။

၁၄၂။ တေဟေဝ၊ ထု အန္တောဝုတ္ထသပ္ပ အစရှသညတ္ဘုနှင့် တက္ကသာလျှင်။ ဘိက္ခုနာ၊ ရဟန်းသည်။ ပက္ကံ၊ ချက်အပ်သော။ ယာဝဇီဝိကံ၊ ယာဝဇီဝိက သည်။ နိရာမိသံ၊ ဆွမ်းစသော အာမိသမရှိသည်။ (သမာနံဝ၊ ဖြစ်သော် သာ။ ဝါ၊ ဖြစ်မှသာ။) သတ္ထာဟံ၊ ၇-ရက်ပတ်လုံး။ ကပ္ပတေ၊ အပ်၏။ သာမိသေ၊ ဆွမ်းစသော အာမိသနှင့်တကွဖြစ်လသော်။ သာမံပါကတာ၊ သာမံပါက၏ အဖြစ်သည်။ ဝါ၊ ကိုယ်တိုင်ချက်ခြင်းရှိသည်၏အဖြစ်သည်။ (ဟောတိ၊ ဖြစ်၏။) ["သာမံပါကတာ"ဟု ဆိုလိုလျက် ဆန်းကြောင့် နိဂ္ဂဟီတ် ချေထားသည်။] (ဝိ ဋ္ဌ ၃-၃၈၁)

တေဟေဝ၊ ပေ၊ သတ္ထာဟံ။ ။ရှေ့ဂါထာ၌ လာသော သပ္ပိအာဒီဟိုကို "တေဟေဝ" ဟု ဆိုသည်၊ အန္တောဝုတ္ထဖြစ်သော ထောပတ် စသည်ကို ရဟန်းကိုယ်တိုင်ချက်၍ ယာဝဇီဝိကဖြစ်သော ချင်းစသည်တို့နှင့် ရောလျှင် ထောပတ်၏ သတ္ထာဟ ကာလိကသို့လိုက်၍ ချင်းစသည်လည်း ၇-ရက်အပ်၏၊ ထိုကာလိက ၂-မျိုးလုံးပင် ကိုယ်တိုင် ချက်ကောင်းသောကြောင့် သာမံပါက အပြစ်မရှိ၊ သို့သော် သာမံပါက ထောပတ်စသည်ကို အာမိသနှင့်ကားရော၍ မစားကောင်း၊ ထို့ကြောင့်" နိရာမိသံဝ သတ္ထာဟံ" ဟု ဆိုသည်။

သာမိသေ သာမံပါကတာ။ ။ယာဝ, ယာမကာလိက ၂-ပါးကို "အာမိသ" ဟု ခေါ်၏၊ ထို အာမိသနှင့် ရောမိလျှင်ကား သာမံပါကဖြစ်သော သတ္ထာဟ-ကာလိကနှင့်ရောအပ်သော ယာဝဇီဝိကသည်ပင် သာမံပါကဖြစ်တော့၏၊ နဂိုရိုက သာမံပါက အပြစ်မရှိသော ထို ယာဝဇီဝိကသည် အာမိသနှင့် ရောမှုကြောင့် သာမံပါက အပြစ်ရှိသည် – ဟူလို။

ဥဿာဝနန္တိကာ မပျက်သေးပုံ

၁၄၃။ ဥဿာဝနန္တိကာ ယေဟိ၊ ထမ္ဘာဒီဟိ အဓိဋ္ဌိတာ။
တေသုယေဝါပနီတေသု၊ တဒညေသုပိ တိဋ္ဌတိ။

၁၄၃။ ဥဿာဝနန္တိကာ၊ ဥဿာဝနန္တိကာကုဋိသည်။ ဝါ၊ ဥဿာဝနန္တိကာကုဋိကို။ ယေဟိ ထမ္ဘာဒီဟိ၊ အကြင်တိုင်အစရှိသည်တို့ဖြင့်။ အဓိဋ္ဌိတာ၊ ဆောက်တည်အပ်ပြီ။ [ဆောက်ထားအပ် တည်ထားအပ်ပြီ-ဟူလို၊] တေသု၊ ထိုတိုင် အစရှိသည်တို့ကို။ အပနီတေသုပိ၊ ပယ်အပ်ပါကုန်သော်လည်း။ တဒညေသု၊ ထိုမူလတိုင် ,အုတ်တို့မှတပါးသော တိုင် ,အုတ်တို့၌။တိဋ္ဌတိယေဝ၊ တည်သေးသည်သာ။ (ဝိ ဋ္ဌ ၃-၃၈၁)

သဒ္ဒါနည်း။ ။“သာမံ ပါကဿ + ဘာဝေါ သာမံပါကတာ”၌ သာမံပါက အရ ရှေ့ ၂-ပါဒဒ်၌လာသော သာမံပါကထောပတ် စသည်နှင့် ရောစပ်အပ်သော ယခုအခါ အာမိသနှင့် ရောသော ယာဝဇီဝိက ရသည်၊ ထို့ကြောင့် ဋီကာသစ်၌ “သာမံပါကတာတိ သာမံ (အတ္တနာ) ပါကော တေဿာတိ သာမံပါကံ၊ သတ္တာဟကာလိဓကန သဟ ပက္ကံ သာမိသံ ယာဝဇီဝိကံ”ဟု သာမံပါက အရ ယာဝဇီဝိကကို ကောက်သည်။

ဥဿာဝနန္တိကာ၊ ပေါ တိဋ္ဌတိ။ ။ဥဿာဝန္တိကာ ကုဋိဖြစ်သော ကျောင်းဝယ် ပဌမချအပ်သော တိုင် ,အုတ်ခဲ စသည်ကို အကြောင်းအားလျော်စွာ ဖယ်လိုက်ရပါသော်လည်း အခြားသော တိုင် ,အုတ်ခဲ စသည်တို့၌ ထို ကုဋိသည် မပျက်ဘဲ တည်ရှိပါသေး၏-ဟူလို။ [တဒညေသုပိမှ ပိကို အပနီတေသုပိဟု ရှေ့၌ အနက်ပေးသည်။]

ကပ်ိယကုဋိတို့၏ ပျက်ရာအခါ

၁၄၄။ သဗ္ဗေသု အပနီတေသု၊ ဘဝေ ဇာတိတဝတ္ထုကာ။
ဂေါနိသာဒီ ပရိက္ခိတ္တာ၊ သေသာ ဆဒနဝိဗ္ဘမာတိ။

၁၄၄။ သဗ္ဗေသု၊ အလုံးစုံသောတိုင်, သို့မဟုတ် အုတ်တို့ကို၊ အပနီတေသု၊ ပယ်အပ်ကုန်ပြီးသော်။ ဇာတိတဝတ္ထုကာ၊ စွန့်အပ်ပြီးသော ဝတ္ထုရှိသည်။ ဘဝေ၊ ဖြစ်၏။ ဂေါနိသာဒီ၊ ဂေါနိသာဒီကုဋိသည်။ ပရိက္ခိတ္တာ၊ တဝက်, တဝက်ကျော်ကာရံအပ်သည်။ (သမာနာ၊ ဖြစ်လသော်။) ဇာတိတဝတ္ထုကာ၊ စွန့်အပ်ပြီးသော ဝတ္ထုရှိသည်။ ဘဝေ၊ ဖြစ်၏။ သေသာ၊ ကြွင်းသော ကုဋိ ၂-မျိုးတို့သည်။ ဆဒနဝိဗ္ဘမာ၊ ပျက်သောအမိုးရှိကုန်သည်။ ဝါ၊ အမိုးမရှိကုန်သည်။ (သမာနာ၊ ဖြစ်ကုန်လသော်။) ဇာတိတဝတ္ထုကာ။ စွန့်အပ်ပြီးသော ဝတ္ထုရှိကုန်သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။....ဣတိ၊ ကပ်ိယကုဋိနှင့်စပ်၍ မှတ် ဘွယ်အပြီးတည်း။ (ဝိ ဋ္ဌ ၃-၃၈၁-၂)

သဗ္ဗေသု၊ ပေ၊ ဇာတိတဝတ္ထုကာ။ ။တိုင်အားလုံး (သို့မဟုတ်) အုတ်အားလုံးကို ဖယ်လိုက်လျှင်ကား ဥဿာဝနန္တိကာကုဋိပျက်တော့၏၊ ပျက်သည်ကိုပင် “ဇာတိတဝတ္ထုကာ”ဟုဆိုသည်၊ ဇာတိတံ+ဝတ္ထု ယဿာ ကုဋိယာတိ ဇာတိတ ဝတ္ထုကာ-စွန့်အပ်ပြီးသော တည်ရာဝတ္ထုရှိသော ကုဋိ၊ “ကပ်ိယဘူမိအဖြစ်ကို စွန့်ပြီးသော ကုဋိ”ဟူလို၊ ဘူမိနှင့် ဝတ္ထုသည် သဘောတူပင်တည်း။

ဂေါနိသာဒီ ပရိက္ခိတ္တာ။ ။အကာ မရှိသောကြောင့် (ရှိစေကာမူ တဝက် ပြည့်အောင် မရှိသောကြောင့်) ဂေါနိသာဒီ အမည်ရခဲ့သော ကပ်ိယကုဋိသည် တဝက်ရှိအောင် အကာ-ကာလိုက်လျှင် ယောဘုယျန အပရိက္ခိတ္တ မဟုတ်သော ကြောင့် ဇာတိတဝတ္ထုက ဖြစ်တော့၏။ [စာအုပ်တို့၌ “ပရိက္ခိတ္တော”ဟူရှိသော်လည်း အရတူလျှင် ဝိဘတ်တူရမြဲ ဖြစ်သောကြောင့် “ကာရံအပ်သော ဂေါနိသာဒီ”ကို ရသည့်အတွက် “ပရိက္ခိတ္တာ”ဟု ပဌမန္တရှိသင့်၏၊ အဋ္ဌကထာ၌ ကျောင်းကိုမရ

အကာကိုရသောကြောင့် "ပရိက္ခေပေ ကတေ" ဟု သတ္တမျန္တိရှိသည်ကို အတုယူ မိဟန်တူသည်။]

သေသာ ဆဒနဝိဗ္ဘမာ။ ။သမ္မုတိနှင့်ဂဟပတိကုဋ္ဌိ ၂-မျိုးမှာ အမိုးအားလုံး ပျက်သောအခါ ဇဟိတဝတ္ထုကဖြစ်၏၊ ရဟန်းတပါး ထိုင်နေလျှင် မိုးလုံလောက် အောင် ခေါင်မိုး၏ပတ်ဝန်းကျင်၌ အမိုးအနည်းငယ်ကျန်သေးလျှင်ကား ကပ္ပိယ ကုဋ္ဌိမပျက်သေး။

မှတ်ချက်။ ။"ကပ္ပိယကုဋ္ဌိံ ဒေမ" စသည်ဆို၍ လှူအပ်သော ဂဟပတိ ကျောင်းကို ဘယ်အခါမှ ကပ္ပိယကုဋ္ဌိမပျက်တော့ဟုထင်မှတ်ကြ၏၊ ကျိန်၌ "အမိုး ပျက်လျှင် ကပ္ပိယကုဋ္ဌိပျက်၏"ဟူသောစကားကို သတိပြုကြပါ၊ "ပြန်၍မိုးလျှင် ကပ္ပိယကုဋ္ဌိပြန်၍ဖြစ်သည်"ဟု ယူသင့်သော်လည်း ထိုသို့ကားအဆိုမရှိပါ။

ဥပဇ္ဈာစရိယဝတ္တေန

ဥပဇ္ဈာစရိယဝတ္တာနိတိ၊ “ဥပဇ္ဈာစရိယဝတ္တာနိ” ဟူသောဥဒ္ဒေသ၏။ (နိဒ္ဒေသော၊ နိဒ္ဒေသကား—)

ဥပဇ္ဈာယနှင့် အာစရိယ

၁၄၅။ နိဿာယုပဇ္ဈာစရိယော၊ ဝသမာနော သုပေသလော။
ဒန္တကဋ္ဌာသနံ တောယံ၊ ယာဂုံ ကာလေ ဒဒေ သဒါ။

၁၄၅။ ဥပဇ္ဈာစရိယော၊ ဥပဇ္ဈာယ်, နိဿယညှိုးစသော ဆရာတို့ကို။ နိဿာယ၊ မှီ၍။ ဝသမာနော၊ နေသော။ သုပေသလော၊ သီလကိုချစ်သော ကောင်းသော ရဟန်းသာမဏေသည်။ ကာလေ၊ နံနက်စောစောအခါ၌။ သဒါ၊ အခါခပ်သိမ်း။ (နေ့စဉ်-ဟူလို။) ဒန္တကဋ္ဌံ၊ ဒန်ပူကိုဂုဏ်း။ အာသနံ၊ နေရာကိုဂုဏ်း။ တောယံ၊ မျက်နှာသစ်ရေကိုဂုဏ်း။ ယာဂုံ၊ ယာဂုကိုဂုဏ်း။ ဒဒေ၊ ပေးရာ၏။ (ဝိ ၃-၅၆-၆၃-၇၃-ဂ၁၊ ဝိ ၄-၃၉၂-ဂ၊ ၄၀၁-၇၊ ဝိ ဋ္ဌ ၃-၂၅၇-၂၆၂-၅-၆)

ဥပဇ္ဈာ။ ။“ဝဇ္ဇာဝဇ္ဇံ၊အပြစ်ငယ် အပြစ်ကြီးကို။ဒိဿ၊မြင်၍၊ဝါ၊မြင်ရသော်။ စောဒေတာ စ၊ အပြစ်တင်တတ်သည်လည်း ဖြစ်သော။ သာရေတာ စ၊ အပြစ်ကို အမှတ်ရစေတတ်သည်လည်း ဖြစ်သော။ ပဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ ဥပဇ္ဈာယော နာမ၊ ဥပဇ္ဈာယ်မည်၏”ဟူသောပါရာဇိက တတိယသံဂါယနာခဏ်း အဋ္ဌကထာနှင့် အညီ အတူနေတပည့်ကိုစောင့်ရှောက်သော(ရဟန်းပြုစဉ်ကဥပဇ္ဈာယ်ပေးသော) ပုဂ္ဂိုလ်သည် ဥပဇ္ဈာယ်မည်၏။ [ဥပဂန္ဆာ-အမြဲမပြတ် စိတ်ဖြင့်ကပ်၍ + စျာယတိ-ရှုတတ်၏၊ ဤတိ ဥပဇ္ဈာယော၊ဥပရှေးရှိသော စေ့ခတ်,ဏာပစ္စည်း, ဧကိုအာယ ပြု၍ “ဥပဇ္ဈာယ”ဟု ဖြစ်၏၊ အပစ္စည်းဖြင့် သိကို အာပြုလျှင် “ဥပဇ္ဈာ”ဟု အာကာရန္တလည်း တရံတခါရှိ၏။]

သဒ္ဓိဝိဟာရိက။ ။ထိုဥပဇ္ဈာယ်နှင့် အတူနေသောတပည်ကို “သဒ္ဓိဝိဟာရိက” ဟုခေါ်၏၊ သဒ္ဓိံ-ဥပဇ္ဈာယ်နှင့်အတူ+ဝိဟာရော နေခြင်း**သည်**၊ ယဿာတိ သဒ္ဓိ-ဝိဟာရိကော၊ (သဒ္ဓိံ၌ နိဂ္ဂဟီတ်ကို ချထားသည်၊) ဥပဇ္ဈာယ်သည် မိဘနှင့်တူ၏၊ သဒ္ဓိဝိဟာရိကကား သားသမီးနှင့်တူ၏၊ မိဘသည် သားသမီးလိမ္မာဘို့ရန် သားသမီးတို့၏ အပြစ်ဖြစ်မည့်အရာကို အမြဲသတိပြု၍ ကြည့်ရှုနေရုံသာမက အပြစ်တွေ့လျှင် အကျိုးလိုလားသောမေတ္တာဖြင့် ပြောဆိုဆုံးမသကဲ့သို့ ဥပဇ္ဈာယ်ဟု ခေါ်အပ်သောဆရာလည်း သဒ္ဓိဝိဟာရိက တပည့်၏ အနေအထိုင် အသွား အလာ အပြောအဆိုကို အမြဲသတိပြု၍ ကြည့်ရှုနေမှသာ အပြစ်တွေ့လျှင်လည်း မေတ္တာရှေထား၍ ဆုံးမမှသာ “ဥပဇ္ဈာယ်” နာမည်နှင့် လိုက်လျောပါသည်၊ သဒ္ဓိဝိဟာရိကတပည့်တို့ကလည်း ထိုသို့အပြောအဆို အဆုံးအမခံလိုစိတ်ရှိမှသာ ဥပဇ္ဈာယ်နှင့်အတူနေရကျိုးရှိပါသည်၊ [ဥပဇ္ဈာယ်ယူပုံမှာ သာမဏေဖြစ်စဉ်း ရဟန်းပြုရာ၌ဉင်း ယူရိုးအတိုင်းပင်တည်း။]

မှတ်ချက်။ ။ယခုခေတ်၌ကား မျှားသောအားဖြင့် ရဟန်း ပြုခါနီးဝယ် သိမ်အတွင်း၌ အကြီးဆုံးပုဂ္ဂိုလ်သည် နဂိုရိုက မိုနေအပ်သော ဆရာဟုတ်သည် ဖြစ်စေ မဟုတ်သည်ဖြစ်စေ ဥပဇ္ဈာယ် လုပ်တတ်၏၊ သိမ်မှထွက်သောအခါ ဥပဇ္ဈာယ်ကလည်း အခြားတတိုက် သဒ္ဓိဝိဟာရိက တပည့်ကလည်း အခြား တတိုက်၌နေကြ၏၊ ဥပဇ္ဈာယ်ကလည်းတပည့်ကိုသတိမရ သဒ္ဓိဝိဟာရိကကလည်း ဥပဇ္ဈာယ်ကိုသတိမရ ဖြစ်ချင်တိုင်း ဖြစ်နိုင်ကြသည်။

အာစရိယ။ ။“ဣမသ္မိံ သာသနေ၊ ဤသာသနာတော်ဝယ်။သိက္ခိတဗ္ဗမမ္မေသု၊ ကျင့်ထိုက် သင်ထိုက်သော တရားတို့၌။ ပတိဋ္ဌာပေတာ၊ တည်စေ တတ်သော ဆရာသည်။ အာစရိယော နာမ၊ အာစရိယမည်၏” ဟူသော ထိုအဋ္ဌကထာနှင့် အညီ အာစာရ(အကျင့်)ကို သင်ပေးတတ်သော ဆရာသည် (သည်ပုံသည်နည်း ဝတ်ရသည်, သည်ပုံသည်နည်းစားရသည်, သည်ပုံသည်နည်း သွားရလာရ နေရ ထိုင်ရ ပြောရ ဆိုရသည်၊ ကျမ်းစာကို သည်ပုံသည်နည်းသင်ရ ရွတ်ရ ဖတ်ရသည်၊ ဤသို့စသည်ဖြင့် သင်ပေးတတ်သောဆရာသည်) အာစရိယမည်၏၊ “အာစာရံ၊ အကျင့်ကို။ သိက္ခာပေတိ၊သင်စေတတ် သင်ပေးတတ်၏။ ဣတိ အာစရိယော”ဟု

ဝစနတ္ထပြုကြသည်၊အာစာရနောင် သိက္ခာပေတိအနက်၌ ဣယပစ္စည်း သက်သော တဒ္ဓိတ်ဟုဆိုလိုသည်၊ စာရ၌ စာကိုရဿပြု။

အန္တေဝါသိက။ ။ထိုအာစရိယ၏အနီး၌နေသောတပည့်ကို "အန္တေဝါသိက" ဟုခေါ်၏၊ အန္တေ၊ဆရာ၏ အနီးအပါး၌+ဝသတိ၊နေတတ်၏။ ဣတိ အန္တေဝါသိကော၊ ...အာစရိယသည် ဦးကြီး ဦးလေး ဘကြီး ဘထွေးနှင့်တူ၏။အန္တေဝါသိကကား တူနှင့်တူသည်၊ ဦးကြီး ဦးလေး ဘကြီး ဘထွေးသည် တူ၏ အနေအထိုင် စသည်ကို သင်ပြသကဲ့သို့ အာစရိယလည်း တပည့်တို့၏ အနေအထိုင် စသည်ကို သင်ပြကြပေသည်။

ဆရာတပည့် ၄-မျိုးစီ။ ။(၁) ရှင်ပြုတုန်းက သရဏကုံပေးသော အားဖြင့် ရှင်ပြုပေးသော ပဗ္ဗဇ္ဇာစရိယ, ရှင်ပြုပေးအပ်သော ပဗ္ဗဇ္ဇန္တေဝါသိက၊(၂)ရဟန်းပြုတုန်းက ကမ္မဝါစာ ရုတ်ဖတ်သောအားဖြင့် ရဟန်းပြုပေးသော ဥပသမ္ပဒါစရိယ, ရဟန်းပြုပေးအပ်သော ဥပသမ္ပဒန္တေဝါသိက၊(၃) ပိဋကတရားတော်ကို ပို့ချပေးသော ဓမ္မာစရိယ, စာချပေးအပ်သော ဓမ္မန္တေဝါသိက၊ (၄)နိဿယည်းပေးသောအားဖြင့် မှီနေအပ်သော နိဿယာစရိယ, နိဿယည်းယူသောအားဖြင့် မှီနေတတ်သော နိဿယန္တေဝါသိက၊ ဤသို့ ဆရာ ၄-မျိုး တပည့် ၄-မျိုးရှိသည်၊ ထိုဆရာ ၄-မျိုးကိုသာ "အာစရိယ" ဟုခေါ်၏၊ ဥပဇ္ဈာယ်ကို "အာစရိယ"ဟုမခေါ်ရ။ [နိဿယည်းနှင့် စပ်သော မှတ်ဘွယ်ကို (၃၂) နိဿယ နိဒ္ဒေသ၌ တိုက်ရိုက်ဆိုပါလိမ့်မည်။]

သုပေသလော။ ။"ပိယဘာဝံ၊(သီလရှိသည့်အတွက်) ချစ်ခင် ကြည်ညိုအပ်သူ၏ အဖြစ်သို့။ ပိသတိ-ဂစ္ဆတိ၊ ရောက်၏။ ဣတိ ပေသလော၊ 'ပိသ-ဂမနေ' ဓာတ်နောင် အလပစ္စည်း"ဟု ဏွာဒိမောဂ္ဂလာန်ဝုတ္တိ (၁၈၂) သုတ်၌ ဆိုသည်၊ ဤဋီကာ၌ကား "ပိယံ+သီလံ အဿာတိ ပေသလော-ချစ်အပ်သော သီလရှိသူ" ဟုပြု၍ "ပိ၌ ဣကို ဝုဒ္ဓိ, ယချေ, သိ၌ ဤကို (အ)ပြု"ဟု ရုပ်စီရင်၏၊ သုဋ္ဌု+ပေသလော-သုပေသလော-သီလတွက်တာ အလွန် ကြည်ညိုစရာကောင်းသော ရဟန်း၊ ဝါ-အလွန်ချစ်အပ်သော သီလရှိသောရဟန်း(သမဏော)။

၁၄၆။ ပတ္တေ ဝတ္တံ စရေ ဂါမ-ပွဝေသေ ဂမနာဂမေ။
အာသနေ ပါဒပီဌေ စ၊ ကထလောပါဟာနစီဝရေ။

၁၄၆။ ပတ္တေ၊ သပိတ်ဌဉ်း။ ဂါမပွဝေသေ၊ ရွာဝင်ခါနီးရာအခါဌဉ်း။ ဂမနေ၊ ရွာသို့ သွားရာအခါဌဉ်း။ အာဂဂမေ၊ ပြန်လာရာအခါဌဉ်း။ အာသနေ စ၊ နေရာဌဉ်း။ ပါဒပီဌေ စ၊ ခြေဆေးအင်းပျဉ်ဌဉ်း။ ဝါ၊ ဆေးအပ်ပြီးသောခြေကို ထားရာခုံဌဉ်း။ ကထလေ စ၊ ခြေပွတ်အိုးခြမ်းဌဉ်း။ ဝါ၊ မဆေးအပ်သေးသောခြေကို ထားရာခုံဌဉ်း။ ဥပါဟာနစီဝရေ၊ ဘိနပ်, သင်္ကန်းဌဉ်း။ ဝတ္တံ၊ သင့်လျော်သောကျင့်ဝတ်ကို။ စရေ၊ ကျင့်ရာ၏။
(ဝိ ၃-၅၈-၇၇၊ ဝိ ၄-၃၉၃-၄၀၂)

ဒန္တကဋ္ဌံ၊ ပေ၊ သဒါ။ ။ဤ ၂-ပါဒသည် သဒ္ဓိဝိဟာရိကတပည့်, အန္တေဝါသိကတပည့်တို့ ကျင့်ရမည့် ဝတ်ဌလာသော "ကာလဿေဝ ဥဋ္ဌာယ၊ ပေ၊ ဒန္တကဋ္ဌံ ဒါတဗ္ဗံ, မုခေါဒကံ ဒါတဗ္ဗံ, အာသနံ ပညပေတဗ္ဗံ, သစေ ယာဂု ဟောတိ (ယာဂုရှိလျှင်) ဘာဇနံ ဓောဝိတ္ဝာ ယာဂု ဥပနာမေတဗ္ဗာ"ဟူသော ပါဠိတော် အတိုင်းပင်တည်း။

ပတ္တေ ဝတ္တံ စရေ။ ။"ဘုတ္တာဝိဿ ဥဒကံ ဒတ္ဝာ (ဆွမ်းစားပြီးသော ဥပဇ္ဈာယ် သို့မဟုတ် အာစရိယအား ရေကိုကပ်ပြီး၍) ပတ္တံ ပဋိဂ္ဂဟေတ္ဝာ" စသည်ဖြင့် ဥပဇ္ဈာယ, အာစရိယ၏ ဆွမ်းစား သပိတ်ကို ယူ၍ ဆေးပြီးလျှင် သပိတ်ကို သိမ်းထားသည့်တိုင်အောင် ပြုရမည့် ကျင့်ဝတ်ကို ကျင့်ရမည်။

ဂါမပွဝေသေ။ ။"သစေ ဥပဇ္ဈာယော ဂါမံ ပဝိသိတုကာမော ဟောတိ၊ နိဝါသနံ ဒါတဗ္ဗံ" စသော ရွာဝတ် သင်းပိုင်ကိုပေးရခြင်း, ကျောင်းဝတ် သင်းပိုင်ကို ယူရခြင်း, ကေသီနှင့်သင်္ကန်းကြီးကို ထပ်၍ပေးရခြင်းစသော ကျင့်ဝတ်တည်း၊ [ရှေးခေတ်က သင်္ကန်းကြီးကို ကျောင်းဌမထားခဲ့ကြ၊ ထို့ကြောင့် သင်္ကန်းကြီးနှင့် ကေသီကို ထပ်၍ပေးရသည်၊ ယခုခေတ်ဌကား "ကျောင်းက လုံခြုံလျှင်ထားခဲ့နိုင်၏" ဟူသော ခွင့်ပြုတော်မူချက်အရ ကျောင်းဌ ထားခဲ့တတ်ကြသည်။]

၁၄၇။ ပရိဘောဇနီယပါနီယေ၊ ဝစ္ဆပ္ပဿာဝဠာနိသု။
ဝိဟာရသောဓနေ ဝတ္တံ၊ ပုန ပညာပနေ တထာ။

၁၄၇။ ပရိဘောဇနီယပါနီယေ၊ သုံးရေ သောက်ရေဌင်း။ ဝစ္ဆပ္ပဿာဝ-ဠာနိသု၊ ကျင်ကြီးစွန့်ရာ ကျင်ငယ်စွန့်ရာအရပ်တို့ဌင်း။ ဝါ၊ ကုဋိအိမ်၊ ကျင်ငယ်အိမ်တို့ဌင်း။ ဝိဟာရသောဓနေ၊ ကျောင်းကို သုတ်သင်ရာဌင်း။ ပုန၊ တဖန်။ ပညာပနေ၊ အိပ်ရာ နေရာခင်းရာဌင်း။ ဝတ္တံ၊ ဝတ်ကို။ တထာ၊ ထို့အတူ။ စရေ၊ ကျင့်ရာ၏။ (ဝိ ၃-၅၉-၆၀-၇၈၊ ဝိ ၄-၃၉၅-၄၀၄)

ဂမနာဂမေ။ ။ရွာသို့ ဝင်ရာဝယ် ဥပဇ္ဈာယ်က နောက်လိုက် အလိုရှိလျှင် ကောင်းမွန်စွာ ဝတ်ရုံ၍ နောက်လိုက်လုပ်ရမည်၊ ဥပဇ္ဈာယ်နှင့် မနီးလွန်း မဝေးလွန်းအောင် လိုက်သွား ရမည်စသော ဝတ်နှင့် ရွာမှပြန်လာသော အခါ ကျောင်းသို့ အရင်ပြန်လာ၍ နေရာကို ခင်းထားနှင့်ရမည်၊ ခြေဆေးရေ, ခြေဆေးအင်းပျဉ်, ခြေပွတ် အိုးခြမ်းကို ထားရမည်-စသောကျင့်ဝတ်တည်း။

ဥပါဟနစီဝရေ။ ။“ဘိနပ်၌ ကျင့်ဝတ်” ဟူသည် ဥပဇ္ဈာယ်၏ ဘိနပ်ကို သုတ်သောအခါ ဖုံပြောင်အောင် ခြောက်သော အဝတ်ဖြင့် ပဌမ သုတ်ပြီးမှ ကပ်နေသောဖုံပါ ပြောင်အောင် စိုသော အဝတ်ဖြင့် ဒုတိယ သုတ်ခြင်း စသည်တည်း၊ “သင်္ကန်းဋ္ဌဝတ်” ဟူသော ချွေးစိုသော သင်္ကန်းကို နေလှန်းရခြင်း, နေပူ၌ ကြာကြာမထားရခြင်း, သင်္ကန်းခေါက်သောအခါ အလယ်၌ ခေါက်ချိုး ရာမထင်အောင် တဖက်က လက် ၄-သစ်ခန့်ပို၍ ခေါက်ရခြင်းစသည်တည်း။

ပရိဘောဇနီယ၊ ပေ၊ ဌာနိသု။ ။ဥပဇ္ဈာယ်၏နေရာကျောင်းဝယ် သောက်ရေအိုး သုံးရေအိုးတို့၌ သောက်ရေ သုံးရေမရှိလျှင် ထည့်ရခြင်း, ဝစ္စကုဋိ၌ပင်း ပဿာဝကုဋိ၌ပင်း အမှိုက်ရှုပ်နေလျှင် အမှိုက်သုတ်သင်ရခြင်းစသည်တည်း။

ဝိဟာရသောဓနေ၊ ပေ၊ ပုန ပညာပနေ။ ။ဥပဇ္ဈာယ်၏ ကျောင်းကို သုတ်သင်ရှင်းလင်းသော အခါ ရှေးဦးစွာ သပိတ် သင်္ကန်းကို ထုတ်၍ သင့်ရာ အရပ်၌ထားရခြင်း, ထို့နောက် မဉ္စ ပီဌ ဘူမတ္ထရဏတို့ကို နေရာမှတ်သား၍ ထုတ်ရခြင်း, အထက်မျက်နှာကြက်မှစ၍ သုတ်သင်ရခြင်း စသည်တည်း၊ သုတ်

၁၄၈။ နု ပပ္ပေါဋ္ဌေယျ သောဓေန္တော၊ ပဋိဝါတေ စ သင်္ကော။
ဝိဟာရံ ဘိက္ခု ပါနီယ-သာမန္တာ သယနာသနံ။

၁၄၈။ ဝိဟာရံ၊ ကျောင်းကို။ သောဓေန္တော၊ သုတ်သင်သော။ ဘိက္ခု၊ ရဟန်းသည်။ ပဋိဝါတေ၊ လေညာဖြစ်သော။ သင်္ကော စ၊ အမျှားစုံဝေးရာ ဟင်းလင်းအပြင်၌ဖုင်း။ [ပါဠိတော်၌ "ပဋိဝါတေ အင်္ကော"ဟု ရှိသည်။] ပါနီယသာမန္တာ၊ သောက်ရေ၏အနီး၌ဖုင်း။ သယနာသနံ၊ အိပ်ရာနေရာကို။ နု ပပ္ပေါဋ္ဌေယျ၊ မခါရာ။ (ဝိ ၄-၃၁၈)

၁၄၉။ နှာနေ နှာတဿ ကာတမ္ဗေ၊ ရင်ပါကော စ ဓောဝနေ။
သိပ္ပနေ စီဝရေ ထဝေ၊ ရဇန္တော နု ဝဇေ ဌိတော။

၁၄၉။ နှာနေ၊ ရေချိုးရာအခါ၌။ ဝါ၊ ရေချိုးတုန်း၌။ (ဝတ္ထံ၊ ကျင့်ဝတ်ကို။ စရေ၊ ကျင့်ရာ၏။ (နှာတဿ၊ ရေချိုးပြီးသော ဥပဇ္ဈာယ်၏။ ဝါ၊ ရေချိုးပြီး

သင်ပြီး မူလထားမြဲအတိုင်း ပြန်၍ ထားခြင်းကို "ပုန ပညာပနေ တထာ"ဟု ဆိုသည်။

နု ပပ္ပေါဋ္ဌေယျ၊ ပေ၊ သယနာသနံ။ ။ကျောင်းကို သုတ်သင်သောရဟန်း သည် ညောင်စောင်း, အင်းပျဉ်, အိပ်ရာနေရာတို့ကို ဖုံခါသောအခါ လေညာ လည်းဖြစ်, ဟင်းလင်းအပြင်လည်းဖြစ်သောအရပ်၌ မခါရ၊ ထိုသို့ခါလျှင် အမျှား ထိုင်နေကျ နေရာဝယ် ဖုံတွေ့တင်နေလိမ့်မည်။ ရဟန်းအမျှား သင်္ကန်းချုပ်နေစဉ် ဆပ္ပဂိုယတို့က လေညာလွှင့်ပြင်၌ ဖုံခါကြသောကြောင့် ရဟန်းမျှားမှာ မြူမှုန် တွေဖြင့် ရောထွေးနေလေသည်၊ ထို့ကြောင့် "နု ဘိက္ခု သာမန္တာ သေနာသနံ ပပ္ပေါဋ္ဌေတဗ္ဗံ" စသည်ဖြင့် ဝတ္တကွန်ကျ၌ ပညတ်တော်မူသည်။ သောက်ရေအိုး၌ ဖုံကျမည်စိုးသောကြောင့် သောက်ရေအိုး၏ အနီး၌လည်း မခါရ၊ ပါနီယဖြင့် ပရိဘောဇနီယပါယူ၍ သုံးရေအိုး၏ အနီး၌လည်း မခါရဟုမှတ်ပါ။

နှာနေ နှာတဿ ကာတမ္ဗေ။ ။"သင်္ကန်းကို လှမ်းယူခြင်း, ကိုယ်ကို ချေးတွန်းပေးခြင်း" ဟူသောကျင့်ဝတ်သည် ရေချိုးရာ၌ ပြုရသောဝတ်တည်း။

သော အာစရိယ၏။ ကာတမ္ဗေ၊ ပြုထိုက်သော ကျင့်ဝတ်တို့ကို။ (စရေ၊ ကျင့်ရာ၏။) ရဂ်ပါကေ စ၊ ဆိုးရည် ကျိုရာ၌ဌင်း။ ဓောဝနေ၊ သင်္ကန်းဖွပ်ရာ၌ဌင်း။ သိဗ္ဗနေ၊ သင်္ကန်းချုပ်ရာ၌ဌင်း။ (ဝတ္တံ၊ ကျင့်ဝတ်ကို။ စရေ၊ ကျင့်ရာ၏။)ရဇန္တေဘ၊ သင်္ကန်း ဆိုးသော ရဟန်းသည်။ စီဝရေ၊ သင်္ကန်း၌။ ထေဝေ၊ ဆိုးရည်ပေါက်သည်။ ဌိတေ၊ တည်ရှိသေးလသော်။ နဝေ၊ ဖဲခွါ၍မသွားရာ။ (ဝိ ၃-၅၉-၆၂-၈၀၊ ဝိ ၄-၃၉၄-၇-၄၀၆)

၁၅၀။ ကေစ္စဿ အနာပုစ္ဆာ၊ ပတ္တံ ဝါ စီဝရာနိ ဝါ။
နဒေယျ နဂဏ္ဍေယျ၊ ပရိက္ခာရဉ္စ ကိဉ္စနံ။

၁၅၀။ ကေစ္စဿ၊ (ဆရာ, ဥပဇ္ဈာယ်နှင့် မတည့်သော) အခြို့သော ရဟန်း၏။ ဝါ၊ (ဆရာ, ဥပဇ္ဈာယ်နှင့် မတည့်သော) အခြို့သော ရဟန်း

ရေခြို့ပြီးသောအခါ “ကိုယ်ကို ရေသုတ်ပေးရခြင်း, သင်္ကန်းကို ပေးရခြင်း, သင်းပိုင်ကိုပေးရခြင်း, ရေလဲသင်းပိုင်ကိုယူ၍ ရေညှစ်ရ လှန်းရခြင်း”ဟူသော ကျင့်ဝတ်သည် ရေခြို့ပြီးသော ဆရာအတွက် ပြုထိုက်သောဝတ်တည်း။

ရဂ်ပါကေ စ ဓောဝနေ။ ။“ဥပဇ္ဈာယ, အာစရိယတို့အထွက် ဆိုးရည်ကျို စရာရှိလျှင် ဆိုးရည်ကျိုပေးရခြင်း, သင်္ကန်းဖွပ်စရာရှိလျှင် ဖွပ်ပေးရခြင်း, ကိုယ်တိုင်မပြုအားလျှင် ကြောင့်ကြစိုက်ရခြင်း” ဟူသော ကျင့်ဝတ်တည်း။

သိဗ္ဗနေ၊ ပေ၊ ဌိတေ။ ။ဥပဇ္ဈာယ, အာစရိယတို့ အတွက် သင်္ကန်းချုပ်စရာရှိလျှင် ချုပ်ပေးရခြင်း, ချုပ်ပြီး၍ သင်္ကန်း ဆိုးသောအခါ အထက်အောက် ပြန်လှန်၍ ပြန်လှန်၍ဆိုးရခြင်း, ဆိုးပြီးဖြန့်လှန်းသောအခါ ဆိုးရေ ပေါက်ကျနေသေးလျှင် ဖဲခွါ၍ မသွားရခြင်း စသည်တည်း၊ [ရှေးက သင်္ကန်းကို ဆိုးပြီးလျှင် လှန်းသောအခါဖြန့်၍ ထောင့်လေးထောင့်၌ တန်းထားအပ်သောကြိုးဖြင့် တန်း၌ ချည်လျက် လှန်းကြသည်။]

ကေစ္စဿ။ ။“နဥပဇ္ဈာယံ အနာပုစ္ဆာ ကေစ္စဿ ပတ္တော ဒါတဗ္ဗောတိ-အာဒိ သဗ္ဗံ ဥပဇ္ဈာယဿ ဝိသဘာဂပုဂ္ဂလေန ကထိတံ”ဟု မဟာဝဂ္ဂ-ဥပဇ္ဈာယ-

အာဒး၊ အနာပုစ္ဆာ၊ ဆရာ, ဥပဇ္ဈာယ်ကို မပန်လျှောက်ဘဲ။ ပတ္တံ ဝါ၊ သပိတ် ကိုင်း။ စီဝရာနိ ဝါ၊ သင်္ကန်းတို့ကိုင်း။ ကိဉ္စနံ၊ တစုံတခုသော။ ပရိက္ခာရဉ္စ၊ ပရိက္ခရာကိုင်း။ န ဒဒေယျ ဝါ၊ ပေးလည်းမပေးရာ။ န ဂဏှေယျ ဝါ၊ ယူလည်း မယူရာ။ (ဝိ ၃-၆၂၊ ဝိ ၄-၃၉၇-၄၀၆၊ ဝိ ဋ္ဌ ၃-၂၆၂)

၁၅၁။ ကေစိ ပစ္ဆတော ကာတုံ၊ ဂန္တုံ၊ ဝါ တဿ ပစ္ဆတော။
ပိဏ္ဍပါတဉ္စ နိန္နေတုံ၊ နီဟရာပေတုမတ္တနော။

၁၅၁။ အနာပုစ္ဆာ၊ ဆရာ, ဥပဇ္ဈာယ်ကို မပန်လျှောက်ဘဲ။ ကေစိ၊ ဆရာ, ဥပဇ္ဈာယ်နှင့် မတည့်သော အခြို့သောရဟန်းကို။ ပစ္ဆတော၊ နောက်၌။ ကာတုံ ဝါ၊ ပြုခြင်းငှါငင်း။ (တနည်း) ပစ္ဆတော ကာတုံ ဝါ၊ နောက်လိုက် ဝတ္တအဋ္ဌကထာ ဆိုသောကြောင့် ယခုပြအပ်လတံ့သော ဝတ်များကို ဥပဇ္ဈာယ်, အာစရိယတို့နှင့် မတည့်သော ဝိသဘာဂပုဂ္ဂိုလ်အတွက် ပြအပ်သော ဝတ်များဟု မှတ်ပါ။

မှတ်ချက်။ ။ဝိသဘာဂပုဂ္ဂလာနန္တိ လဇ္ဇီနော ဝါ အလဇ္ဇီနော ဝါ ဥပဇ္ဈာ-ယဿ အဝဏ္ဏကာမေ သန္ဓာယ ဝုတ္တံ–ဝိသဘာဂပုဂ္ဂလာနံ ဟူသောစကားကို လဇ္ဇီဖြစ်စေ အလဇ္ဇီဖြစ်စေ ဥပဇ္ဈာယ်, အာစရိယ၏ ကြိုးပမ်းခြင်းကို မလိုလား သူတို့ကို ရည်ရွယ်၍ဆိုအပ်ပြီ၊— ဝိမတိ, မဟာဝဂ္ဂ–ပဗ္ဗဇ္ဇာက္ခန္ဓက။

အနာပုစ္ဆာ၊ ပေ၊ ကိဉ္စနံ။ ။ဥပဇ္ဈာယ်, အာစရိယ၏ ကြိုးပမ်းခြင်းကို မလိုလားသော ဝိသဘာဂဖြစ်သော ပုဂ္ဂိုလ်အား ဥပဇ္ဈာယ်, အာစရိယကို မပန်လျှောက်ဘဲ(အသိမပေးဘဲ)သပိတ်သင်္ကန်းမှစ၍ တစုံတခုသော ပရိက္ခရာကို မျှ မပေးရ၊ ထိုပုဂ္ဂိုလ်တို့က မိမိအား ပေးသည်ကိုလည်း (ဖြားယောင်းသော အပေး ဖြစ်တတ်သောကြောင့်) ဥပဇ္ဈာယ်, အာစရိယတို့ကို မပန်လျှောက်ဘဲ မယူရ။

ကေစိ၊ ပေ၊ အတ္တနော။ ။ဥပဇ္ဈာယ် အနာပုစ္ဆာကို လိုက်စေ၍ “ဥပဇ္ဈာယ်, အာစရိယကို ခွင့်မပန်ဘဲ ဥပဇ္ဈာယ်, အာစရိယတို့၏ ဝိသဘာဂဖြစ်သော အခြို့

ပြုခြင်းငှါငင်း။ တဿ၊ ဆရာ, ဥပဇ္ဈာယ်နှင့် မတည့်သော ထိုရဟန်း၏။ ပစ္ဆတော၊ နောက်၌။ ဂန္တုံ၂ ဝါ၊ လိုက်သွားခြင်းငှါငင်း။ (တနည်း) ပစ္ဆတော ဂန္တုံ၂ ဝါ၊ နောက်လိုက်လုပ်ခြင်းငှါငင်း။ ပိဏ္ဍပါတံ၊ ဆွမ်းကို။ နိန္နေတုံ စ၊ ထုတ်ဆောင်ခြင်းငှါငင်း။ အတ္တနော၊ မိမိဘို့။ (ပိဏ္ဍပါတံ၊ ဆွမ်းကို။) နိဟ-
ရုပေတုံ စ၊ ထုတ်ဆောင်စေခြင်းငှါငင်း။ (နဝင်္ဒတိ၌စပ်) (ဝိ ၃-၆၂၊ ဝိ ၄-၃၉၇-၄၀၆)

၁၅၂။ ကိစ္စယံ ပရိကမ္မံ ဝါ၊ ကေသစ္ဆေဒဠ္ဆ အတ္တနော။
ကာရာပေတုံ ဝ ကာတုံ ဝါ၊ အနာပုစ္ဆာ န ဝင်္ဒတိ။

၁၅၂။ ကိစ္စယံ ဝါ၊ ကိစ္စကြီးငယ်ကိုငင်း။ ပရိကမ္မံ ဝါ၊ ချေးတွန်းခြင်းစသော ပရိကမ်ကိုငင်း။ ကေသစ္ဆေဒဠ္ဆ၊ ဆံရိတ်ခြင်းကိုငင်း။ အတ္တနော၊ မိမိကို။ ကာရာပေတုံ ဝါ၊ ပြုစေခြင်းငှါငင်း။ ကာတုံ ဝါ၊ မိမိကပြုပေးခြင်းငှါငင်း။ န ဝင်္ဒတိ၊ မအပ်။ (ဝိ ၃-၆၂၊ ဝိ ၄-၃၉၇-၄၀၆)

ရဟန်းကို မိမိ၏နောက်လိုက်ပြုလုပ်၍ ခေါ်မသွားရ၊ သူတို့က နောက်လိုက်အဖြစ်ဖြင့် ခေါ်လျှင်လည်း မလိုက်ရ၊ ထိုသူတို့ဘို့ ဆွမ်းကိုလည်း (ရွာတွင်းစသည်မှ) ဆောင်ယူ၍ မပေးရ၊ မိမိဘို့လည်း ထိုသူတို့ကို အဆောင်ယူမခိုင်းရ။ [နောက်၌လည်း ဥပဇ္ဈာယံ အနာပုစ္ဆာကို လိုက်ပါစေ။]

ကိစ္စယံ၊ ပေ၊ န ဝင်္ဒတိ။ ။ကိစ္စနောင် သွတ္ထ၌ ကပစ္စည်းသက်, ကကိုယပြု၍ "ကိစ္စယံ" ဟု ဖြစ်၏၊ ထိုကိစ္စဟူသည် ဝေယျာဝစ္စ အမျိုးမျိုးတည်း။ [ပါဠိတော်၌ "န ကေစ္စသ ဝေယျာဝစ္စံ ကာတဗ္ဗံ၊ ပေ၊ ကာရာပေတဗ္ဗံ"ကို "ကိစ္စယံ" ဟု ဆိုသည်။] ပိဋ္ဌိပရိကမ္မ–ကျောက်ကုန်း ချေးတွန်းပေးမှုကို ပရိကမ္မ ဆိုသည်၊ ထို အလုံးစုံနှင့်တကွ ဦးခေါင်းရိတ်ခြင်းအမှုကို မိမိကလည်း ပြု၍မပေးရ၊ မိမိအတွက်လည်း အပြုမခိုင်းရ။

၁၅၃။ ဂါမံ သုသာနံ နိဿီမံ၊ ဒိသံ ဝါ ဂန္တုံမိစ္ဆတော။
အတ္တနော ကိစ္စယံ ဝါပိ၊ အနာပုစ္ဆာ န ဝဋ္ဋတိ။

၁၅၃။ ဂါမံ ဝါ၊ ရွာသို့သော်၎င်း။ သုသာနံ ဝါ၊ သုသာန်သို့သော်၎င်း။ နိဿီမံ ဝါ။ ဥပစာရသိမ်ပြင်ပသို့သော်၎င်း။ (ကျောက်တိုက်၏ အပြင်ဘက်သို့ ၎င်း။) ဒိသံ ဝါ၊ အရပ်တပါးသို့သော်၎င်း။ ဂန္တုံ၊ သွားခြင်းငှါ။ ဣစ္ဆတော ပိ၊ အလိုရှိသော ရဟန်းအား၎င်း။ အတ္တနော၊ မိမိ၏။ ကိစ္စယံ၊ ကိစ္စကြီးငယ်ကို။ (ကာတုံ၊ ပြုခြင်းငှါ။) ဣစ္ဆတော ပိ ဝါ၊ အလိုရှိသော ရဟန်းအား၎င်း။ အနာပုစ္ဆာ၊ ဆရာဥပဇ္ဈာယ်ကို မပန်လျှောက်ဘဲ။ န ဝဋ္ဋတိ၊ မအပ်။ (ဝိ ၃-၆၃၊ ဝိ ၄-၃၉၇-၄၀၆၊ ဝိ ဋ္ဌ ၃-၂၆၂)

ဂါမံ၊ ပေ၊ န ဝဋ္ဋတိ။ ။ဥပဇ္ဈာယ, အာစရိယကို မပန်လျှောက်ဘဲ ရွာတွင်းစသည်သို့ မသွားရ၊ "ရွာသို့ မသွားရ" ဟူရာ၌ "ပိဏ္ဍာယ ဝါ အညေန ဝါ ကရဏီယေန ဂါမံ ပဝိသိတုကာမေန အာပုစ္ဆိတ္ဝာဝ ပဝိသိတဗ္ဗော" ဟု အဋ္ဌကထာ ဆိုသောကြောင့် "ဥပဇ္ဈာယ်, အာစရိယကို မပန်လျှောက်ဘဲ ဆွမ်းခံသော်မျှ မဝင်ရ" ဟု သိရ၏၊ သို့သော် ယခုခေတ်၌ကား "ပြုသင့်ပြုထိုက်သော ဝတ်မျှားကို ဆရာက ဥပဇ္ဈာယ်, အာစရိယအဖြစ် ယူတုန်းကပင် ခွင့်ပြုပြီး ဖြစ်သောကြောင့် ဆွမ်းခံသွားသောအခါ အထူးခွင့်ပန်ခြင်း မပြုကြတော့၊ ဤသို့ ခွင့်ပြုပြီး မဟုတ်သော်လည်း အပြစ်မဖြစ်ဘို့ရန် ကျောင်းတိုက်သို့ အနေအဖြစ်ဖြင့် ရောက်စကပင်—

"စာအံ မီးထွန်းမှုစ၍ ခွင့်ပြု၍ ရစကောင်းသော ဝတ်ကြီးဝတ်ငယ်များကို ခွင့်ပြုတော်မူကြပါဘုရား၊ ဘုရားတပည့်တော်ကလည်း ခွင့်ပြုပါ၏ ဘုရား"

ဟု လျှောက်ထားလေ့ ရှိကြဘို့ရန် ရှေးဆရာတော်ကြီးများ သင်ပြတော်မူလေ့ ရှိသည်အားလျော်စွာ တချို့တိုက်၌ လျှောက်ထားလေ့ ရှိကြပါသည်။

ဒိသံ ဝါ ဂန္တုံ။ ။"ဒိသံ ဝါ" အရ အရပ်တပါးသို့ ဖဲသွားလိုလျှင် ဥပဇ္ဈာယ်, အာစရိယကို ခွင့်ပန်ရာ၌ ခွင့်မလွှတ်ခဲ့သော် ထို ဥပဇ္ဈာယ်, အာစရိယတို့၏

၁၅၄။ ဥပ္ပန္နံ အရတိ ံ ဒိဋ္ဌိ ံ၊ ကုက္ကုစ္စံ ဝါ ဝိနောဒယေ။
ကရေယျ ဝါပိ ဥဿုက္ကံ၊ သံဃာယတ္တောသု ကမ္မသု။

၁၅၄။ ဥပ္ပန္နံ၊ ဆရာ,ဥပဇ္ဈာယ်၌ ဖြစ်ပေါ် ၍နေသော။ အရတိ ံ၊မမ္မေလျော် ခြင်းကိုသော်၎င်း။ ဒိဋ္ဌိ ံ၊ မိစ္ဆာအယူကိုသော်၎င်း။ ကုက္ကုစ်ံ ဝါ၊ ကုက္ကုစ်ကို သော်၎င်း။ ဝိနောဒယေ၊ ပယ်ဖျောက်ရာ၏။ သံဃာယတ္တောသု၊ သံဃာ၏ စပ်သော ဥစ္စာဖြစ်ကုန်သော။ ကမ္မေသု၊ ပရိဝါသ် စသောကံ, ဥက္ခေပနီယ စသောကံတို့၌၊ ဥဿုက္ကံ ဝါပိ၊ ကြောင့်ကြကိုမူလည်း။ ကရေယျ၊ ပြုရာ၏။ (ဝိ ၃-၆၁၊ ဝိ ၄-၃၉၆-၄၀၅-၆)

စိတ်ထားကို စဉ်းစားရလိမ့်မည်၊ သူအနာဒေါ်၌ ပရိသတ်များအောင် နေစေလို ခြင်းသာ ဖြစ်၏၊ သူအနာဒေါ်နေ၍ ပဋိယတ် ပဋိပတ် မတိုးတက်လျှင် သူက ခွင့်မပြုသော်လည်း သွားကောင်း၏။ [ဧဝရူပေ နိဝါရေန္တေပိ ဂန္တုံ ဝဋ္ဋတိ– ပဗ္ဗဇ္ဇာဒိကာနုကာ အဒ္ဒကထာ။]

ဥပ္ပန္နံ၊ ပေ၊ ဝိနောဒယေ။ ။ဥပဇ္ဈာယ်, အာစရိယမှာ သာသနာတော်ဝယ် မမ္မေလျော်မှု ဖြစ်နေလျှင် ထိုဖြစ်ရာကျောင်းတိုက်မှ အခြားကျောင်းတိုက်သို့ သဒ္ဓိဝိဟာရိက, အန္တေဝါသိက တပည့်က ကိုယ်တိုင်ဖြစ်စေ သူတပါးကို တိုက် တွန်း၍ဖြစ်စေ ပင့်သွားရသည်၊ တရားဟောသောအားဖြင့် ဖြစ်စေ ထိုမမ္မေ လျော်မှုကို ပယ်ဖျောက်ရမည်၊ ဝိနည်းနှင့်စပ်၍ ကုက္ကုစ္စဖြစ်နေလျှင်၎င်း မိစ္ဆာ အယူ ဖြစ်နေလျှင်၎င်း ကိုယ်တိုင်တရားဟော၍ ဖြစ်စေ အခြားစွမ်းနိုင်သော တပါးပါးကို ဟောဘို့ရန် တောင်းပန်၍ဖြစ်စေ ထိုကုက္ကုစ္စဒိဋ္ဌိကို ပယ်ဖျောက် ရမည်။

ကရေယျ၊ ပေ၊ ကမ္မသု။ ။ဥပဇ္ဈာယ်, အာစရိယမှာ ပရိဝါသ် စသော ကံ ပြုစရာရှိနေလျှင် ထိုကံပြုဘို့ရန် ကြောင့်ကြစိုက်ရမည်၊ ဥပဇ္ဈာယ်, အာ-စရိယကို သံဃာက နှင်ထုတ်ကြောင်း စသော ကံပြုစရာရှိလျှင် မပြုဖြစ်အောင် သော်လည်း ကြောင့်ကြစိုက်ရ, လေးသောကံအစား ပေါ့သောကံပြုအောင်

၁၅၅။ ဂိလာနေ စ သုပဋ္ဌေယျ၊ ဝုဋ္ဌာနံ နေသမာဂမေ။
ဝတ္တဘေဒေန သဗ္ဗတ္ထ၊ အနာဒရေန ဒုက္ကဋံ။

၁၅၅။ ဂိလာနေ စ၊ မက္ခိန်းမမာသော ဆရာ, ဥပဇ္ဈာယ်တို့ကိုလည်း။ သုပဋ္ဌေယျ၊ ကောင်းစွာ ပြုစု လုပ်ကျွေးရာ၏။ [ဋီကာသစ်၌ - "ဂိလာနေသု၊ မက္ခိန်းမာကုန်လသော်။ ဥပဋ္ဌေယျ၊ ရာ၏"ဟု ရှိ၏။] နေသံ၊ ထိုမက္ခိန်းမမာသော ဆရာ, ဥပဇ္ဈာယ်တို့၏။ ဝုဋ္ဌာနံ၊ရောဂါမှ ထမြောက်ခြင်းကို။ အာဂမေ၊ ဆိုင်းငံ့ရာ၏။ သဗ္ဗတ္ထ၊ အလုံးစုံသော ဝတ်တို့၌။ အနာဒရေန၊ မရှိသေ မလေးစားခြင်းကြောင့်။ ဝါ၊ မရှိသေ မလေးစားသည့်အတွက်။ ဝတ္တဘေဒေန၊ ဝတ်ပျက်ခြင်းကြောင့်။ ဒုက္ကဋံ၊ ဒုက္ကဋ်အာပတ်သည်။ (ဟောတီ၊ ဖြစ်၏။) ....ဤတိ၊ ဥပဇ္ဈာယ်, အာစရိယဝတ်နှင့် စပ်၍ မှတ်ဘွယ် အပြီးတည်း။ (ဝိ ၃-၆၃၊ ဝိ ၄-၃၉၇-ဂ-၄၀၆-၇၊ ဝိ ဋ္ဌ ၃-၂၅၉-၆၁-၂-၃-၄-၇)

သော်လည်း ကြောင့်ကြစိုက်ရသည်၊ "သံဃာယတ္တကံ" ဟူသည် သံဃာပြည့်မှ ပြုနိုင်သော ပရိဝါသ် စသော ကံ, ပဗ္ဗာဇနီယ စသော ကံမျိုးတည်း။

မှတ်ချက်။ ။အခု၌ သဒ္ဓိဝိဟာရိကသည် ဥပဇ္ဈာယ်ယူတုန်းက ဥပဇ္ဈာယ်လောက် မစွမ်းသော်လည်း အခြားသို့သွား၍ စာသင်ပြီးနောက် တတ်မြောက်သောအခါ ဥပဇ္ဈာယ်၏ အရတိစသည်ကို ပယ်ဖျောက်နိုင်အောင် စွမ်းနိုင်တတ်ပေသည်။

ဂိလာနေ၊ပေါမာဂမေ။ ။ဥပဇ္ဈာယ်, အာစရိယသည် မက္ခိန်းမမာ ဖြစ်နေလျှင် ပြုစုလုပ်ကျွေးရမည်၊ ထိုရောဂါမှ ထမြောက်သည့်တိုင်အောင် (ရောဂါပျောက်သည့် တိုင်အောင်) တခြားအရပ်သို့ မသွားဘဲ ဆိုင်းငံ့၍ ပြုစုရမည်၊ အခြားပြုစုမည့် ပုဂ္ဂိုလ်ရှိလျှင် မိမိက လိုအပ်သောဆေးကို ရှာပေးပြီးမှ ထိုပုဂ္ဂိုလ်ထံ အပ်၍ ဖဲသွားကောင်း၏။

နှ-မြစ်ရာ၌ ဒုက္ကဋ်ချည်း။ ။ဝတ္တကွန္ဓကနှင့်တကွ မဟာဝဂ်, စူဠဝဂ်ခန္ဓကဋ္ဌ "မပြု-မကျင့်ရ"ဟု နှ အက္ခရာဖြင့် တားမြစ်အပ်သော ဝါရိတ္တအမှုတို့ကို ပြုလျှင် ဒုက္ကဋ်အာပတ်သင့်သည်ချည်းသာ၊ ထို့ကြောင့် "ဤတော ပဋ္ဌာယ စ ပန ယတ္ထ

ယတ္ထ နကာရေန ပဋိသေဓော ကရိယတိ၊ သဗ္ဗတ္ထ ဒုက္ကဋာပတ္တိ ဝေဒိတဗ္ဗာ၊ အယံ ဟိ ခန္ဓကဓမ္မတာ”ဟု ဥပဇ္ဈာယဝတ္တ အဋ္ဌကထာ မိန့်သည်။

အနာဒရိယ ဝတ္တဘေဒဒုက္ကဋ်။ ။န အက္ခရာဖြင့် မတားမြစ်အပ်သော “ပြုကျင့်ဘို့ရန် တိုက်တွန်းအပ်သော စာရိတ္တကျင့်ဝတ်တို့အတွက်ကား ထို ကျင့်ဝတ်ကို မလေးစားသော အနာဒရိယစိတ်ဖြင့် မပြုလျှင် ဝတ္တဘေဒဒုက္ကဋ် အာပတ်သင့်သည်သာ၊ ထို့ကြောင့် “အဂိလာနေန ဟိ သဒ္ဓိဝိဟာရိကေန သဒ္ဓိဝသေနပိ သဗ္ဗံ ဥပဇ္ဈာယဝတ္တံ ကာတဗ္ဗံ၊ (သဗ္ဗံ ဟု ဆို့သောကြောင့် နပဋိသေဓ ပါသည်ဖြစ်စေ မပါသည်ဖြစ်စေ ဝတ်အားလုံးဟု ဆိုလိုသည်) အနာဒရေန အကရောန္တဿ ဝတ္တဘေဒေ ဒုက္ကဋံ”ဟု ထို အဋ္ဌကထာ မိန့်သည်၊ ထိုအဋ္ဌကထာစကားကို ယူ၍ ဤဋီလည်း “ဝတ္တဘေဒေန သဗ္ဗတ္ထ, အနာဒရေန ဒုက္ကဋံ”ဟု ဆိုသည်။

ဆရာကလည်း ပြုရမည်။ ။တပည့်သည် မကျန်းမမာသောအခါ ဥပဇ္ဈာယ်, အာစရိယဖြစ်သော ပုဂ္ဂိုလ်သည် အစမှစ၍ သင်္ကန်းဆိုးခြင်းတိုင်အောင်သော ဝတ်များကို ပြုရမည်သာ၊ ဂိလာနမဟုတ်သောအခါ၌ကား စာသင်ပေးခြင်း, ဩဝါဒ အနုသာသနီ ပေးခြင်းအားဖြင့်ရင်း မိမိမှာရှိလျှင် သပိတ်သင်္ကန်း စသည်ကို ပေးခြင်းအားဖြင့်ရင်း ချီးမြှောက်ရသည်၊ ထို့သို့မပြုလျှင် ဥပဇ္ဈာယ, အာစရိယတို့မှာလည်း ဝတ္တဘေဒကြောင့် ဒုက္ကဋ်အာပတ်သင့်သည်သာ။

သဒ္ဓိဝိဟာရိက။ ။န သမ္မာဝတ္တနာယ စ ယာဝ စီဝရရဇနံ၊ တာဝ ဝတ္တော အကရိယမာနေ ဥပဇ္ဈာယဿ ပရိဟာနိ ဟောတိ—ကောင်းစွာ မကျင့်ရာ၌လည်း ဒန်ပူ မျက်နှာသစ်ရေ ကပ်ခြင်းမှစ၍ သင်္ကန်းဆိုးပေးမှု တိုင်အောင်သော ဝတ်ကို သဒ္ဓိဝိဟာရိကတပည့်ကမပြုလျှင် ဥပဇ္ဈာယ်မှာ အကုအညီ အပြုအစု မခံရသဖြင့် ယုတ်လျော့၏၊ တသ္မာ ကံ အကရောန္တဿ နိဿယမုတ္တကဿပိ အမုတ္တကဿပိ အာပတ္တိယေဝ—ထိုဝတ်ကိုမပြုလျှင် နိဿယညှိး လွတ်လောက်အောင် ငါးဝါပြည့်၍ ဗဟုဿုတ ပုဂ္ဂိုလ်ဖြစ်စေ နိဿယညှိး မလွတ်သူဖြစ်စေ အာပတ်သာတည်း၊ ကေစ္စဿ ပတ္တဒါနတော ပဋ္ဌာယ အမုတ္တကနိဿယဿေဝ အာပတ္တိ—ဥပဇ္ဈာယ်နှင့် သဒ္ဓေါဝါသတူသာ အခွံ့အား သပိတ်ပေးမှုမှစ၍ကား

ဥပဇ္ဈာယ်မှာ ဆုတ်ယုတ်မှုမရှိသောကြောင့် နိဿယညှိးမလွတ်သေးသော ရဟန်းမှာသာ အာပတ်သင့်သည်။

အန္တေဝါသိက။ ။နိဿယညှိးယူ၍နေသော နိဿယန္တေဝါသိကသည် ထို နိဿယညှိးဆရာကို မှီ၍နေသမျှကာလပတ်လုံး နိဿယညှိး မလွတ်သေးသူ ဖြစ်ရကား ပြခဲ့သောဝတ်အားလုံးကို ကျင့်ရသည်၊ ပဗ္ဗဇ္ဇန္တေဝါသိက, ဥပသမ္ပဒန္တေဝါသိက, ဓမ္မန္တေဝါသိကတို့ကား နိဿယညှိးလွတ်လောက်သော ဂုဏ်အင်္ဂါရှိစေကာမူ အစမှစ၍ သက်နှံးဆိုးမှုတိုင်အောင် ကျင့်ရမည်၊ အာစရိယကို မပန်ဘဲ အခြို့ဝိသဘာဂပုဂ္ဂိုလ်အား သပိတ်ပေးမှု စသည်ကိုကား မပြုသော်လည်း အာပတ်မသင့်၊ အာစရိယသည်လည်း အန္တေဝါသိကအပေါ်၌ ဆိုင်ရာဝတ်ကို ကျင့်ရသည်။ [အာစရိယန္တေဝါသိကေသု ဟိ ယော ယော န သမ္မာဝတ္တတိ၊ တဿ တဿ အာပတ္တိ၊ – မဟာဝဂ္ဂ, မဟာခန္ဓက အဋ္ဌကထာ။]

ဝစ္ဆပဿာဝဋ္ဌာနိကနိဒ္ဒေသ

ဝစ္ဆပဿာဝဋ္ဌာနိကန္တိ၊ "ဝစ္ဆပဿာဝဋ္ဌာနိကံ" ဟူသော ဥဒ္ဒေသ၏။ (နိဒ္ဒေသော၊ နိဒ္ဒေသကာဃး——)

[ဝစ္ဆပဿာဝဋ္ဌာနေသု၊ တို့ဋ္ဌ+ဘဝံ၊ ဖြစ်သော ကျင့်ဝတ်တည်း။ ဝစ္ဆပဿာဝဋ္ဌာနိကံ၊ ဝစ္ဆကို့ဋ္ဌိ ပဿာဝကို့ဋ္ဌိတို့ဋ္ဌ ကျင့်ဝတ်။]

၁၅၆။ နာ ကရေယျ ယထာဝုဏှံ၊ ဝစ္ဆံ ယာတာနုပုဗ္ဗိယာ။
ဝစ္ဆပဿာဝကို့ဋ္ဌိယော၊ နှာနတိတ္ထဉ္စ လဗ္ဘတိ။

၁၅၆။ ယထာဝုဏှံ၊ ကြီးစဉ်ငယ်လိုက်။ ဝစ္ဆံ၊ ကျင်ကြီးကို။ နာ ကရေယျ၊ မပြုရာ။ ဝါ၊ ပြုဘွယ်မလို။ ယာတာနုပုဗ္ဗိယာ၊ ရောက်လာသူတို့၏ အစဉ်အားဖြင့်။ ဝစ္ဆပဿာဝကို့ဋ္ဌိယော၊ ဝစ္ဆကို့ဋ္ဌိ, ပဿာဝကို့ဋ္ဌိတို့ကိုဂင်း။ နှာနတိတ္ထဉ္စ၊ ရေချိုးဆိပ်ကိုဂင်း။ ဝါ၊ ရေချိုးအိမ်ကိုဂင်း။ လဗ္ဘတိ၊ ရအပ်၏။ [နှာနတိတ္ထံကို ငဲ့၍ "လဗ္ဘတိ" ဟု ဧကဝုစ်ချသည်။ နှစ်သုံးလေးပါး၊ ကံ ကတ္တားနှင့်၊ ထားသည့်အရာ၊ ကြိယာမှာ၊ မှန်စွာနောက်ဖျား၊ ကံ ကတ္တားနှင့်၊ တူငြားလိုင်ဝုစ် အညီတည်း။ (ဝိ ၄-၃၉၁-၂၊ ဝိ ဋ္ဌ ၄-၁၂၂)

နာ ကရေယျ။ ။ဤဝတ်များသည် စူဠဝဂ္ဂ-ဝတ္တက္ခန္ဓကဋ္ဌလာသော ကျင့်ဝတ်များတည်း၊ ကျင်ကြီးစွန့်ရာဋ္ဌ ကြီးစဉ်ငယ်လိုက် (တပါးပြီးမှတပါး ကုဋိသို့ ဝင်ခြင်းကို) ပြုဘွယ်မလို။

ယာတာနုပုဗ္ဗိယာ၊ ပေ၊ လဗ္ဘတိ။ ။ဝစ္ဆကုဋိ, ပဿာဝကုဋိ, ရေချိုးအိမ်ဤ ၃-ဌာနတို့ဋ္ဌ ကြီးစဉ်ငယ်လိုက် မလို၊ ရောက်လာသော ပုဂ္ဂိုလ်တို့၏ အစဉ်အတိုင်းသာ ဝင်မှုကို (အသုံးပြုမှုကို) ရသည်။

၁၅၇။ ပဝိသေယျုဇ္ဈိတ္ဝာ နော၊ သဟသာ ပဝိသေယျ စ။
ဥက္ကာသိတ္ဝာဝုဇ္ဈဧယျ၊ ပါဒုကာသ္ဝေဝ သဏ္ဌိတော။

၁၅၇။ ဥဇ္ဈိတ္ဝာ၊ သင်းပိုင်ကိုပင့်၍။ နော ပဝိသေယျ၊ ကုဋိအတ္ဝင်းသို့ မဝင်ရာ။ သဟသာ စ၊ အဆောတလျင်လည်း။ နော ပဝိသေယျ၊ ကုဋိ အတ္ဝင်းသို့ မဝင်ရာ၊ ဥက္ကာသိတ္ဝာဝ၊ ချောင်းဟန့်၍သာလျှင်၊ ပဝိသေယျ၊ ဝင်ရာ၏။ ပါဒုကာသု၊ ခြေနင်းခုံတို့၌။ သဏ္ဌိတော၊ ကောင်းစွာရပ်မိသည်။ (ဟုတ္ဝာဝ၊ ဖြစ်၍သာ။ ဝါ၊ ဖြစ်မှသာ)။ ဥဇ္ဈဧယျ၊ သင်းပိုင်ကို ပင့်ရာ၏။ (ဝိ ၄-၃၉၂)

ဝစနတ္ထ။ ။ယာယိ သူတိ ယာတာ–ရောက်လာပြီးသူတို့၊ ယာဓာတ်တ ပစ္စည်း၊ အနုပုဗ္ဗသ-အစဉ်၏+ဘာဝေါ-ဖြစ်ကြောင်း ဖြစ်ရာ (အစဉ်အတိုင်း) တည်း၊ အာနုပုဗ္ဗီ-အစဉ်အတိုင်း၊ အနုပုဗ္ဗနောင် ဘာဝအနက်၌ ဏျပစ္စည်း၊ ဣတ္ထိ-ဧဝတက ဤပစ္စည်း၊ ယကိုချေ၊ ယာတာနံ-ရောက်လာသော ရဟန်းသာမဏေတို့၏+အာနုပုဗ္ဗီ-အစဉ်အတိုင်းတည်း၊ ယာတာနုပုဗ္ဗီ-တိုင်း။

ဥက္ကာသိတ္ဝာဝ။ ။ရှေးက ကုဋိအိမ်၌ တံခါးပိတ်ထားလေ့ရှိ၏၊ ထို့ကြောင့် အတ္ဝင်း၌ ကုဋိတက်နေသူ ရှိ-မရှိ သိဘို့ရန် အပြင်ဘက်က ချောင်းဟန့်လိုက်ရ၏၊ အတ္ဝင်း၌ရှိလျှင် ပြန်၍ချောင်းဟန့်ရ၏၊ အတ္ဝင်းက ချောင်းဟန့်သံမကြားရလျှင် အတ္ဝင်း၌ ကိုယ်တော်မရှိဟု ယူဆ၍ တံခါးကို ဖွင့်ရသည်။

မှတ်ချက်။ ။ဘုရားရှင်သည် နံနက်စောစော၌ ဝစ္ဆကုဋိသို့ကြွတော်မူသော အခါ ချောင်းဟန့်တော်မူ၏၊ ထိုအချိန် အရှင်ရာဟုလာသည် အိပ်ဘို့ရန် နေရာ မရသောကြောင့် ဗုဒ္ဓမြတ်စွာ၏ ဝစ္ဆကုဋိတော်အတ္ဝင်း၌ အိပ်ရ၏၊ ထို့ကြောင့် အရှင်ရာဟုလာက ပြန်၍ ချောင်းဟန့်လေသည်၊ ထို့နောက် “ကော ဇော်ထွေ-ဤနေရာ၌ ဘယ်သူတုန်း”ဟု မေးတော်မူသောအခါ “အဟံ ဘဂဝါ ရာဟုလော-တပည့်တော် ရာဟုလာပါဘုရား” ပြန်၍ မိမိနာမည်ကို ဖော်ကာလျှောက်သည်၊ ပါစိတ်ပါဠိတော်, မုသာဝါဒဝဂ်, သဟသေယျသိက္ခာပုဒ်။ [ကြွင်းသောမှတ်ဘွယ်တို့မှာ အနက်အတိုင်း သိသာပြီ။]

၁၅၈။ နာ ကရေ နိတ္ထုနံ ဝစ္ဆံ၊ ဒန္တိကဋ္ဌဉ္စ ခါဒယံ။
ဝစ္ဆပဿာဝဒေါဏီနံ၊ နာ ကရေယျုဘယံ ဗဟိ။

၁၅၈။ နိတ္ထုနံ၊ ညည်းတွားလျက်။ (အင်း-အင်းဟု အသံပြုလျက်။ (ဝစ္ဆံ၊ ကျင်ကြီးကို။ နာ ကရေ၊ မပြုရာ။ ဒန္တိကဋ္ဌံ၊ ဒန်ပူကို။ ခါဒယံ စ၊ ခဲစားလျက်လည်း။ ဝစ္ဆံ၊ ကျင်ကြီးကို။ နာ ကရေ၊ မပြုရာ။ ဝစ္ဆပဿာဝဒေါဏီနံ၊ ကျင်ကြီးတွင်း ကျင်ငယ်တွင်းတို့၏။ ဝါ၊ ကျင်ကြီးခွက် ကျင်ငယ်ခွက်တို့၏။ ဗဟိ၊ ဘေးဌာ။ ဥဘယံ၊ ကျင်ကြီး ကျင်ငယ် ၂-ပါးစုံကို။ နာ ကရေယျ၊ မပြုရာ။ (ဝိ ၄-၃၉၂)

၁၅၉။ ကူပေ ကဋ္ဌံ နာ ပါတေယျ၊ ခေဋ္ဌံ ပဿာဝဒေါဏိယာ။
နာဝလေခေယျ ဖရုသေ-နူဟတဋ္ဌာပိ ဓောဝယေ။

၁၅၉။ ကူပေ၊ ကျင်ကြီးတွင်းဌာ။ ကဋ္ဌံ၊ ကနုတ်ကို။ နာ ပါတေယျ၊ မကျစေရာ။ ဝါ၊ မချရာ။ ပဿာဝဒေါဏိယာ၊ ကျင်ငယ်မြောင်းဌာ။ ဝါ၊ ကျင်ငယ်ခွက်ဌာ။ ခေဋ္ဌံ၊ တံထွေးကို။ နာ ပါတေယျ၊ မကျစေရာ။ ဝါ၊ မထွေးရာ၊ ဖရုသေန၊ ကြမ်းသော ကနုတ်ဖြင့်။ နာဝလေခေယျ၊ မခြစ်ရာ။ ဝါ၊ မသုတ်ရာ။ ဥဟတဋ္ဌာပိ၊ ပေနေသော ကျင်ကြီးကိုလည်း။ ဓောဝယေ၊ ဆေးခဲ့ရာ၏။ (ဝိ ၄-၃၉၂၊ ဝိ ဋ္ဌ ၄-၁၂၂)

နာ ကရေ နိတ္ထုနံ။ ။အင်း, အင်း ဟု ပြု၍ ညှစ်နေခြင်းကို "နိတ္ထုနံ" ဟု ဆိုသည်၊ "ထိုသို့ အသံမပြုရ"ဟူလို၊ ကျင်ကြီးကုဋ်ဌဖြစ်စေ ကျင်ငယ်ကုဋ်ဌဖြစ်စေ ကျင်ကြီး ကျင်ငယ်သွားဘို့ရန် ဇလား (ခွက်) ကျင်ငယ်သွားလမ်း ရှိတတ်၏၊ ထိုခွက် ထိုကျင်ငယ်မြောင်းတို့၏ ဘေးဌ မစွန့်ရ၊ မတော်တဆချော်၍ စွန့်မိခြင်းဌကား အနာဒရိယစိတ် မရှိသောကြောင့် အာပတ်မသင့်။

ကူပေ၊ ပေ၊ ဒေါဏိယာ။ ။ကုဋ်ဌိတွင်းထဲဌ ကနုတ်ကို မချရ၊ ကျင်ငယ်ခွက် ကျင်ငယ်ချောင်း (မြောင်း) ထဲဌ တံထွေး မထွေးရ၊ တံထွေးသာမက နှပ်, သလိပ်တို့ကိုလည်း မစွန့်ပစ်ရ၊ ထိုအားလုံးသည် သုက်နှင့် အဆင်းတူရကား

ကျင်ငယ်ခွက် ကျယ်ငယ်မြောင်းခွံ မလျော်သောကြောင့်တည်း၊[ခေဋ္ဌေန စေတ္ထ သိဃ်ဘဏိကာပိ သင်္ဂဟိတာတိ မဟာပစ္စရိယံ ဝုတ္တံ၊ – သေခိယ အဋ္ဌကထာ။]

ဖရုသေန။ ။[“ဖရုသေန + ဥိဟတ” ဟု ပုဒ်ခဲ့၊] န ဖရုသေန ကဋ္ဌေနာတိ ဖာလိတကဋ္ဌေန ဝါ (ကဲ့အက်နေသော ကနုတ်ဖြင့်ရင်း) ခရေန ဝါ(ကြမ်းသော) ဂဏ္ဌိကေန ဝါ (အဖုအထစ်ရှိသော) ကဏ္ဍကေန ဝါ (ဆူးရှိသော) သုသိရေန ဝါ (အခေါင်းရှိသော) ပူတိနာ ဝါ (ဆွေးသော ကနုတ်ဖြင့်ရင်း) န အဝလိခိ-တပ္ပံ မခြစ်မသုတ်ရ၊ – စူဠဝဂ္ဂ, ဝတ္တက္ခန္ဓက အဋ္ဌကထာ၊ ဝစ္ဆမင်္ကိုံ ရှမ္ဘာ စူးမ္ဘာ စိုးသောကြောင့် ထိုကနုတ်များကို ပယ်တော်မူသည်၊ “ချောသော ကနုတ်ဖြင့်သာ သုတ်ရမည်”ဟူလို၊ ယခုခေတ်၌ အချို့သော ကုဋိဝယ် ကနုတ်ကိုပင် မသုံးကြ၊ စက္ကူဖြင့် သုံးကြသည်၊ ရေလောင်းကုဋိများဌာကား စက္ကူကိုပင် မသုံးကြတော့၊ ရေများများသုံး၍ ပြောင်အောင်ဆေးကြရသည်။ ကနုတ်ဖြင့် မသုတ်ခြင်းသည် ပဓာနမဟုတ်၊ ရေမဆေးခြင်းသာ အာပတ်သင့်စေသော ပဓာန အမှုတည်း။

ဥိဟတဥ္စာပိ။ ။ဟဒဓာတ်သည် ကျင်ကြီးစွန့်ခြင်းအနက်ကို ဟော၏၊ တပစ္စည်း, ဒကိုချေ၊ ဥနောက်၌ ဒွေဘော်ရောက်စရာ မရှိသောကြောင့် ဒီဃ ပြု၍ “ဥိဟတ”ဟု ဖြစ်၏။ [ဒွေဘော်ရောက်စရာရှိလျှင် “ဥဂ္ဂတော သူရိယော” စသည်ဖြင့် ဒွေဘော်ရောက်ရ၏၊ ဥနောက်သရရှိလျှင် “ဥဒေတိ, ဥဒယဗ္ဗယ”တို့ကဲ့သို့ ဒ အာဂွရာ လာရသည်။] ဥသည် “ဥပ္ပထေန”ကဲ့သို့ မမှန်သောနေရာကို ဟော၏၊ “ဥ-မမှန်သော နေရာ၌၊ ဝါ-ဘေး၌ + ဟတ-ကျင်ကြီးစွန့်အပ်”ဟု အနက်မှတ်ပါ၊ မိမိကြောင့်ဖြစ်စေ ရွှေကစွန့်သွားသူတို့ကြောင့်ဖြစ်စေ ကျင်ကြီးစွန့်ချရာ ခုံ၏ဘေး၌ ပေနေသော် ရေရှိလျှင် ဆေးရ၏၊ ရေမရှိလျှင် ဒုတ်ဖြင့် သုတ်ပစ်ခဲ့ရသည်။ အဋ္ဌကထာ။ ။ဥိဟဘာတိ ဥိဟဒိတာ၊ ဗဟိ မက္ခိတာတိ အတ္ထော၊ ပေ၊ ဓောဝိတဗ္ဗာတိ ဥဒကံ အာဟရိတ္ဗာ ဓောဝိတဗ္ဗာ၊ ဥဒကံ အတ္ထိ၊ ဘာဇနံ နတ္ထိ၊ ပေ၊ အသန္တေ်ယေဝ၊ ကဋ္ဌေန ဝါ ကေနစိ ဝါ ပုဋ္ဌေတ္ဗာ ဂန္တဗ္ဗံ – ရေသော်၎င်း ရေခပ်ဘို့ရာ ခွက်သော်၎င်း ၂-မျိုးလုံးသော်၎င်း မရှိလျှင် ဒုတ်ဖြင့်ဖြစ်စေ အခြားတစုံတရာဖြင့်ဖြစ်စေ သုတ်သင်၍ သွားရမည်။—ဝတ္တက္ခန္ဓက။

၁၆၀။ နာ နိက္ခမေယျ သဟသာ-ဝုဋ္ဌိတ္ဌာ နာ နိက္ခမေ။
စပုံ စပုံ နာဒမေယျ၊ ဥက္လာပဠု ဝိသောဓယေ။

၁၆၀။ သဟသာဝ၊ အဆောတလျင်သာလျှင်။ နာ နိက္ခမေယျ၊ မထွက်ရာ။ ဥဋ္ဌိတ္ဌာ၊ သင်းပိုင်ကိုပင့်၍။နာ နိက္ခမေ၊ မထွက်ရာ။ စပုံ စပုံ၊ စပ်စပ်အသံပြု၍။ နာဒမေယျ၊ သန့်သက်ရေ မဆေးရာ။ ဥက္လာပဠု၊ အမှိုက်ရှုပ်နေသည်ကိုလည်း။ ဝိသောဓယေ၊ သုတ်သင်ခဲ့ရာ၏။ ....ဣတိ၊ ဝစ္ဆပသာဝ ကဋ္ဌိနှင့်စပ်၍ မှတ်ဘွယ် အပြီးတည်း။ (ဝိ ၄-၃၉၂၊ ဝိ ဋ္ဌ ၄-၁၂၂)

နာ နိက္ခမေယျ။ ။နိဿယအာတိုင်း သိသာပြီ၊ “စပုံ စပုံ နာဒမေယျ”ဌ် သန့်သက်ရေ (ဖင်ဆေးရေ) ဆေးသောအခါ စပ်စပ် (ပြတ်ပြတ်, ခွက်ခွက်) အသံမြည်စေရ-ဟု ဆိုလိုသည်။

မှဘ်ချက်။ ။ရှေးခေတ်၌ ကျင်ကြီးစွန့်ရာ အရပ်ဝယ် သန့်သက်ရေ ဆေးလေ့မရှိ၊ အပြင်ဘက်ထွက်၍ သန့်သက်ရေဆေးဘို့ရန် ဌာနသီးခြား ရှိသည်၊ ထို့ကြောင့် “ဥဋ္ဌိတ္ဌာ နာ နိက္ခမေ”ဟု အပြင်ဘက်ထွက်ပုံကို ဆိုပြီးမှ “စပုံစပုံ နာဒမေယျ”ဟု သန့်သက်ရေဆေးပုံကို ပြသည်။

အာပုစ္ဆကရဏာနိဒ္ဒေသ

အာပုစ္ဆကရဏန္တိ၊ "အာပုစ္ဆကရဏံ" ဟူသော ဥဒ္ဒေသ၏၊ (နိဒ္ဒေသော၊ နိဒ္ဒေသကာဒီး—)

[အာပုစ္ဆ၊ ပန်လျှောက်၍ + ကရဏံ၊ ပြုအပ်သောကျင့်ဝတ်။]

၁၆၁။ အနဇ္ဈိဇ္ဈေဝ ထေရေန၊ ပါတိမောက္ခံ နု ဥဒ္ဒိသေ။
ဓမ္မံ နု ကထယေ ပဠုံ၊ နု ပုစ္ဆေ နု စ ဝိဿဇေ။

၁၆၁။ ထေရေန၊ ထေရ်သည်။ အနဇ္ဈိဇ္ဈေ၊ မတိုက်တွန်းအပ်သည်။ (သမာနေဝ၊ ဖြစ်လျက်သော်။) ပါတိမောက္ခံ၊ ပါတိမောက်ကို။ နု ဥဒ္ဒိသေ၊ မရွတ်ပြရာ။ ဓမ္မံ၊ တရားကို။ နု ကထယေ၊ မဟောရာ။ ပဠုံ၊ ပြဿနာကို။ နု ပုစ္ဆေ၊ မမေးရာ။ နု စ ဝိဿဇေ၊ ဖြေလည်း မဖြေရာ။ (ဝိ ပါ ၃-၁၅၂-၅၊ ဝိ ဋ္ဌ ၃-၃၃၉-၄၀၊ ဝိ ဋ္ဌ ၄-၁၁၉-၂၀)

အနဇ္ဈိဇ္ဈေဝ ထေရေန။ ။ပါတိမောက် ရွတ်ပြခြင်းကိုပင် "ဥပုသ်ပြုခြင်း" ဟု ခေါ်၏၊ ထိုသို့ ဥပုသ်ပြုရာ၌ အကြီးဆုံးထေရ်က မတိုက်တွန်းအပ်ဘဲ ထိုထေရ်ကြီးအောက် ငယ်သောပုဂ္ဂိုလ်သည် ပါတိမောက်ကို မရွတ်ပြရ။[နှ ဘိက္ခဝေ သံဃမဇ္ဈေ အနဇ္ဈိဇ္ဈေန ပါတိမောက္ခံ ဥဒ္ဒိသိတဗ္ဗံ၊ ယော ဥဒ္ဒိသေယျ, အာပတ္တိ ဒုက္ကဋဿ။]

ဆက်ဦးအံ့၊ – မဟာဝဂ္ဂ, ဥပေါသထက္ခန္ဓက ပါဠိတော်၌ "အနုဇာနာမိ ဘိက္ခဝေ ထေရောဓိကံ ပါတိမောက္ခံ-ပါတိမောက်ကို အကြီးဆုံးထေရ်၏ စပ်ဆိုင်သော ဥစ္စာဖြစ်ဘို့ရန် ခွင့်ပြုတော်မူ၏" ဟု မိန့်တော်မူ၏၊ ထို့ကြောင့် ထိုဥပုသ်ပြုမည့် သံဃာ့အစည်းအဝေး၌ အကြီးဆုံးထေရ်သည် ပါတိမောက်ကို ပိုင်၏၊ "ပိုင်" ဟူရာ၌ မိမိကိုယ်တိုင်က အနည်းဆုံး (နိဒါနုဒ္ဒေသ, ပါရာဇိကုဒ္ဒေသ ဟူသော) ၂-ဥဒ္ဒေသမျှ ရမှသာ ပိုင်သည်၊ ထိုသို့ မရလျှင် ထို အောက်ငယ်သော (၂-ဥဒ္ဒေသရသော) ဒုတိယထေရ် စသည်က ပိုင်သည်။

တိုက်တွန်း။ ။ထိုသို့ ပိုင်သောထေရ်သည် ပါတိမောက်ကို ကိုယ်တိုင်သော်လည်း ရွတ်နိုင်၏၊ ကိုယ်တိုင် မရွတ်လိုလျှင် အခြားရဟန်းကိုလည်း တိုက်တွန်းနိုင်၏၊ ထိုသို့ တိုက်တွန်းရာ၌ "သံဃေန သမ္မာဓမ္မဇ္ဈသကာယတ္တာ ဝါ သံဃ-ထေရာယတ္တာ ဝါ" ဟု ဥပေါသထက္ခန္ဓက အဋ္ဌကထာ ဆိုသောကြောင့် ထေရ်ကြီးကိုယ်တိုင်သော်လည်း တိုက်တွန်းနိုင်၏၊ သံဃာက သမ္မုတိပေးအပ်သော ရဟန်းကသော်လည်း တိုက်တွန်းနိုင်၏၊ ထို့ကြောင့် ပါတိမောက် ရွတ်ပြခါနီး၌ သမ္မုတိရသော ရဟန်းဖြစ်အောင် "သုဏာတု မေ ဘန္တေ သံဃော၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ အဟံ (အာယသ္မန္တံ တိဿံ) ပါတိမောက္ခုဒ္ဒေသံ အဇ္ဈေသေယ်ံ" ဟု ကိုယ့်ကိုယ်တိုင် ဥတ်ထားပြီးလျှင် "သံဃော ဘန္တေ (အာယသ္မန္တံ တိဿံ) ပါတိမောက္ခုဒ္ဒေသံ အဇ္ဈေသတိ၊ ဥဒ္ဒိသတု (အာယသ္မာ တိဿော) ပါတိမောက္ခံ" ဟု တိုက်တွန်းစကားကို ဆက်၍ ဆိုကြသည်၊ ထို တိုက်တွန်းသောစကားသည် ဥတ်မဟုတ်သောကြောင့် ဌာနကရိယား မကျသော်လည်း အရေးမကြီးပါ၊ ထိုစကားကို မြန်မာလိုလည်း "အရှင်ဘုရားတို့.... သံဃာတော်သည် အရှင်တိဿကို ပါတိမောက်ရွတ်ပြခြင်းကို တိုက်တွန်းပါ၏၊ အရှင်တိဿသည် ပါတိမောက် ရွတ်ပြပါလော့" ဟု ဆိုနိုင်ပါသည်။

ဓမ္မံ နု ကထယေ။ ။သံဃာအများ စုဝေးရာ ဆွမ်းစားကျောင်းစသော အရပ်ဝယ် တရားဟောမှုဌ်လည်း "နု ဘိက္ခဝေ သံဃမဇ္ဈေ အနုဇ္ဈုဠေန ဓမ္မော ဘာသိတဗ္ဗော (မတိုက်တွန်းအပ်ဘဲ တရားမဟောရ)၊ ယော ဘာသေယျ, အာပတ္တိ ဒုက္ကဋဿ။ အနုဇာနာမိ ဘိက္ခဝေ ထေရေန ဘိက္ခုနာ (အကြီးဆုံးဖြစ်သော ထေရ်ရဟန်းသည်) သာမံ ဝါ ဘာသိတုံ, အညံ ဝါ အဇ္ဈေသိတုံ" ဟူသော ဥပေါသထက္ခန္ဓက ပါဠိတော်အရ ထေရ်ကြီးသည် စိုးပိုင်၏၊ ထို့ကြောင့် "ထေရ်ကြီးက မတိုက်တွန်းအပ်ဘဲ တရားမဟောရ" ဟု ဆိုသည်။

ဆက်ဦးအုံ၊ – ထို သံဃာ့အစည်းအဝေး၌ လူတို့က မိမိတို့ သိကျမ်းအပ်ပြီးသောရဟန်းတပါးကို တိုက်တွန်းလျှင်လည်း "မနုဿာ အတ္တာနော ဇာနနကဘိက္ခုံ အာပုစ္ဆန္တိ၊ တေန ထေရံ အာပုစ္ဆိတ္ဝာ ကထေတဗ္ဗံ" ဟု ထိုအဋ္ဌကထာ၌ မိန့်သောကြောင့် ထေရ်ကြီးထံ ခွင့်ပန်၍သာ ထိုရဟန်းက တရားစကား ပြောခွင့်ရသည်။ [၁၆၂-ဂါထာ၌ ခွင့်မပန်ဘဲ ဟောနိုင်သောနည်းကို ပြလိမ့်ဦးမည်။] –

၁၆၂။ အာပုဏ္ဏိတ္ထာ ကထေန္တိဿ၊ ပုန ဝုစ္စတရာဂမေ။
ပုန အာပုဏ္ဏနံ နတ္ထိ၊ ဘတ္တဂ္ဂေ စာနုမောဒတောဝ။

၁၆၂။ အာပုဏ္ဏိတ္ထာ၊ပန်လျှောက်ပြီး၍။ ကထေန္တိဿ၊ ဟောပြောနေစဉ်။ ပုန၊ တဖန်။ ဝုစ္စတရာဂမေ၊ သာ၍ ကြီးသော သီတင်းကြီး၏ လာခြင်း ကြောင့်။ ပုန၊ တဖန်။ အာပုဏ္ဏနံ၊ ပန်လျှောက်ဘွယ်သည်။ နတ္ထိ၊ မရှိတော့။ ဘတ္တဂ္ဂေ၊ ဆွမ်းကို ယူရာအရပ်၌။ (အာပုဏ္ဏိတ္ထာ၊ ပန်လျှောက်ပြီး၍။) အနုမောဒတောဝ စ၊ အနုမောဒနာပြုစဉ်လည်း။ (ပုန၊ တဖန်။) အာပုဏ္ဏနံ၊ ပန်လျှောက်ဘွယ်သည်။ နတ္ထိ၊ မရှိတော့။ (ဝိ ဋ္ဌ ၄-၁၁၉)

နပုဏ္ဏေ နစ ဝိဿဇ္ဇေ။ ။သံဃာအများ စုဝေးနေရာဝယ် ထေရ်ကြီးက မတိုက်တွန်းအပ်ဘဲ ပြဿနာကို မမေးရ, ပြဿနာကို မဖြေရ၊ ဤ စကားအရ “ဝိနည်းကိုလည်း မမေး, မဖြေရ”ဟု အဓိပ္ပါယ်ရ၏။ ထို့ကြောင့် ဥပုသ်ပြုခါနီး၌ သမ္မဇ္ဇနီ ပဒီပစသော ဥပုသ်ပြုဆိုင်ရာ ဝိနည်းကို မေးလိုဖြေလိုသောကြောင့် ဥပေါသထက္ခန္ဓက ပါဠိတော်အတိုင်း “သုဏာတု မေ၊ ပေ၊ ဝိနယံ ပုစ္ဆယျံ” ဟုဌင်း “ဝိနယံ ဝိဿဇ္ဇယျံ” ဟုဌင်း သမ္မုတိရသော ပုဂ္ဂိုလ်ဖြစ်အောင် ရှေးဦးစွာ ပုစ္ဆကသမ္မုတိဥ တ်, ဝိဿဇ္ဇကသမ္မုတိဥ တ် ထားရသည်၊ ထို့နောက်မှ “တံမြက်လှည်းမှု ပြုပြီးပါပြီလား” စသည်ဖြင့် မေးရ ဖြေရသည်။

အာပုဏ္ဏိတ္ထာ၊ ပေ၊ နတ္ထိ။ ။ထေရ်ကြီးထံ၌ပန်ပြီး၍ ပြောဟော ဖြေဆိုနေစဉ် ပဌမထေရ်ထက် ကြီးသော ထေရတရပုဂ္ဂိုလ်လာလျှင် နောက်ထပ် ခွင့်ပန်ဘွယ် မလို၊ သို့သော် ရပ်နားပြီးမှ ထပ်၍ဟောပြောလျှင်ကား ထို့နောက်ထေရ်ကြီးထံ ခွင့်ပန်ရလိမ့်မည်။

ဘတ္တဂ္ဂေ စာနုမောဒတောဝ။ ။ကျောင်းတိုက်တွင်းမှာဖြစ်စေ ရွာတွင်းမှာ ဖြစ်စေ ဆွမ်းကိုယူရာအရပ်ကို “ဘတ္တဂ္ဂ”ဟု ခေါ်၏။ [ဘတ္တံ+ဂဏှန္တိ ဧတ္ထဘတ် ဘတ္တဂ္ဂံ – ဆွမ်းကိုယူရာအရပ်၊ ဆွမ်းစားရာ အိမ်, ကျောင်း, စရပ် အားလုံးနှင့် ဆိုင်သည်]။ ထိုဘတ္တဂ္ဂ၌ ဆွမ်းတရားဟောခြင်းကို “အနုမောဒန - ဆွမ်းဒကာတို့ကို အဖန်ဖန်ဝမ်းမြောက်စေခြင်း”ဟုခေါ်၏၊ထိုသို့ဆွမ်းတရားဟောရာ၌လည်း

၁၆၃။ ဝသန္တော စ အနာပုစ္ဆာ၊ ဝုဏ္ဍေန-ကဝိဟာရကော။
နာ သဗ္ဗာယေယျ ဥဒ္ဒေသံ၊ ပရိပုစ္ဆဉ္စ နော ဒဒေ။

၁၆၄။ ဓမ္မံ နာ ဘာသယေ ဒီပံ၊ နာ ကရေ နာ စ ဝိဇ္ဈပေ။
ဝါတဉ်ပါနကဝါဠံ ဝါ၊ ဝိဝရေယျ ထကေယျ စ။

၁၆၃,၄။ ဝုဏ္ဍေန၊ သီတင်းကြီးနှင့် (အတူ)။ကေဝိဟာရေ၊ တခုတည်းသော ကျောင်း၌။ ဝသန္တော စ၊ နေသောရဟန်းသည်လည်း။ အနာပုစ္ဆာ၊ မပန်

ပဌမထေရ်ကြီး၏ခွင့်ပြုချက်အရ ဟောနေစဉ် နောက်ထပ် ထေရတရားရောက်လာလျှင် ခွင့်ပန်ဘွယ်မလို။

ခွင့်မပန်ဘဲဟောနိုင်ခြင်း။ ။တရားစကားပြောရာ၌ ဥပနိသိန္နကထာ-အနိုး၌ ထိုင်နေသူတို့အား ဟောရသော် တရားစကား, အနုမောဒနကထာ-ဆွမ်းတရားစသည်ဖြင့် ၂-မျိုးရှိ၏၊ ဥပနိသိန္နကထာ၌သာထေရ်ကြီးပိုင်၏၊ အနုမောဒနကထာ၌ကား ထေရ်ကြီးမပိုင်၊ ထို့ကြောင့် အလှူရှင်တို့က မိမိတို့ကြည်ညိုသောရဟန်းကိုတရားဟော (ရေစက်ချ)တောင်းပန်လျှင် ထေရ်ကြီးထံ ခွင့်မပန်ဘဲ ဟောမှုကြောင့် အာပတ်မသင့်ပါ။

အဋ္ဌကထာ။ ။သစေ မနုဿာ အတ္တနာ ရူစိတေန (အလိုရှိအပ်သော) ဧကေန အနုမောဒနံ ကာရေန္တိ၊ နော တဿ အနုမောဒနတော အာပတ္တိ၊ပေ၊ ဥပနိသိန္နကထာယမေဝ ဟိ မနုဿေသု ကထာပေန္တေသု မဟာထေရော အာပုစ္ဆိတပ္ပေါ၊ စုဠ္လဝဂ္ဂ, အနုမောဒနဝတ္ထု အဋ္ဌကထာ။

ဝသန္တော စ။ ။"ကေဝိဟာရေ"အရ စာအံမှု ကြားလောက်သောကျောင်းကိုယူပါ၊ [ကျောင်းတိုက်တရပ်လုံးကိုမယူရ၊] ထိုကျောင်း၌ မိမိထက်ကြီးသော အတူနေ (ကျောင်းဘုန်းကြီးစသည်)ကို ခွင့်မပန်ဘဲ စာမအံရ၊ ပါဠိတော်သင်မှု, အဋ္ဌကထာပို့ချမှုကိုလည်းမပြုရ၊ ထိုသို့ပြုလျှင် ကြီးသူကိုဂရုမစိုက်ရာရောက်သည်။

ဓမ္မံ၊ ပေ၊ ထကေယျ စ။ ။တကျောင်းတည်း အတူနေဖြစ်သော ကြီးသူကို ခွင့်မပန်ဘဲ ရောက်လာသော ဒါယကာ ဒါယိကာမတို့အား တရားမဟောရ၊

လျှောက်ဘဲ့။ နသဇ္ဈာယေယျ၊ မသရဇ္ဈာယ်ရာ။ ဝါ၊ စာမအံရာ။ ဥဒ္ဒေသံ၊ သင်ယူအပ်သော ပါဠိကိုဂုင်း။ ပရိပုစ္ဆဉ္စ၊ အဖန်ဖန် မေးအပ်သော အဋ္ဌ-ကထာကိုဂုင်း။ နော ဒဒေ၊ မပေးရာ။ ဝါ၊ မပို့ချရာ။ ဓမ္မံ၊ တရားကို။ နဘာ-သယေ၊ မဟောရာ။ ဒပါ မီးကို။ နကရေ စ၊ ညှဉ်းညဲး မညှဉ်းဆဲနှိပ်ရာ။ နစ ဝိဇ္ဈပေ၊ မငြိမ်းလည်း မငြိမ်းရာ။ [“ဝိဇ္ဈာပေ”ဟု ဆိုလိုလျက် ဂါထာဖြစ်၍ ရသဖြင့်ထားသည်။ ဝိရှေးရှိသော စျေဓာတ်, ဒဟန၊ တောက်လောင်ခြင်း အနက်ဟော, ဏာပေ ပစ္စည်း, ယျကို ဧပြု။] ဝါတပါနကဝါဠံ ဝါ၊ လေသောက်ပြုတင်း၏ တံခါးရွက်ကိုလည်း။ နဝိဝရေယျ စ၊ ဖွင့်လည်း မဖွင့်ရာ။ နထကေယျ စ၊ ပိတ်လည်း မပိတ်ရာ။ (ဝိ ပါ ၄-၃၈၉၊ ဝိ ဋ္ဌ ၃-၃၃၉-၄၀၊ ဝိ ဋ္ဌ ၄-၁၂၁)

မီးမထွန်းရ၊ ထွန်းအပ်ပြီးသောမီးကိုလည်း မငြိမ်းရ၊ လေသောက်ပြုတင်း တံခါးရွက်ကိုလည်း မဖွင့်မပိတ်ရ။ တံခါးပေါက်ကြီးမှာ အမျှားဆိုင်ဖြစ်၍ ညဉ့်အခါ စသည်၌ ထုက်လိုသော် ခွင့်ပန်ဘို့ရန်မလွယ်၊ ထို့ကြောင့် တံခါးမကြီးကို ဖွင့်ပိတ်ရာ၌ ကြီးသူကိုခွင့်ပန်ဘွယ်မလို၊ [ဒုဂါံ နာမ ယာမော မဟာဝလဉ္ဆံ၊ တာမော တတ္ထ အာပုစ္ဆနကိစ္စံ နတ္ထိ၊ ဝတ္တာကွန္ဓကအဋ္ဌကထာ၊ ဤအလို “ဝါတပါနကဝါဠံ” ဟု ပါဠိရှိရမည်။]

မှတ်ချက်။ ။ဤ ၂-ဂါထာ၌ တားမြစ်ချက်အရ ဆရာအဆက်ဆက် တို့သည် ရောက်သစ်စ အာဂန္တုကတို့ကို “စာအံမီးထွန်းမှစ၍ ခွင့်ပြု၍ ရစကောင်းသော ဝတ်ကြီးဝတ်ငယ်မျှားကို ခွင့်ပြုတော်မူကြပါဘုရား၊ ဘုရားတပည့်တော်ကလည်း ခွင့်ပြုပါ၏”ဟု သံဃာအမျှား စုမိရာ ဘုရားဝတ်တက် စသောအခါတို့၌ ခွင့်ပန်စေရိုးပြုတော်မူကြသည်။

၁၆၅။ စက်မေ စက်မန္တေဝပိ၊ ဝုဏ္ဍေန ပရိဝတ္တယေ။
ယေန ဝုဏ္ဍော သ သံဃာဋ္ဌိ၊ ကဏ္ဌေနေနံ န ဃဋ္ဋယေတိ။

၁၆၅။ ဝုဏ္ဍေန၊ သီတင်းကြီးနှင့် (အတူ)။ စက်မေ၊ စကြဲ၌။ စက်-
မန္တေဝပိ၊ နီစကြံသွားသော ရဟန်းသည်လည်း။ ယေန၊ အကြင်ဘက်၌။
ဝုဏ္ဍော၊ သီတင်းကြီးသည်။ (အတ္ထိ၊ ရှိ၏။ တေန၊ ထိုဘက်သို့။) ပရိဝတ္တ-
ယေ၊ ပြန်လှည့်ရာ၏။ သ (သော)၊ ထိုသီတင်းငယ် ရဟန်းသည်။ နေံ၊
ထိုသီတင်းကြီးကို။ သံဃာဋ္ဌိကဏ္ဌေန၊ သင်္ကန်းအနားဖြင့်။ န ဃဋ္ဋယေ၊
မထိခိုက်စေရာ။.... ဤတို၊ အာပုစ္ဆကရဏနှင့်စပ်၍ မှတ်ဘွယ် အပြီးတည်း။

စက်မေ။ ။စကြံတခုဋ္ဌ မိမိထက်ကြီးသူနှင့်အတူ စကြံသွားသောသီတင်း ငယ်သည် စကြံဆုံး၍ပြန်လှည့်သောအခါ သီတင်းကြီး ရှိရာဘက်သို့ မျက်နှာ လှည့်၍ ပြန်လှည့်ရသည်၊ ကျောပေး၍ပြန်မလှည့်ရ·ဟူလို၊ ထိုသို့စကြံသွားစဉ် မိမိ၏ ကေသီ-သင်္ကန်းကြီးဟူသော သံဃာဋ္ဌိအစွန်းဖြင့် ထိုသီတင်းကြီးကို မထိခိုက်စေရ။

နဂ္ဂါဒိဂဒ္ဒသ

နဂ္ဂါတိ၊ “နဂ္ဂါ”ဟူသော ဥဒ္ဒေသ၏။ (နိဒ္ဒေသော၊ နိဒ္ဒေသကား–)

၁၆၆။ နဂ္ဂါ မဂ္ဂံ ဝဇေ ဘုဥ္ဇေ၊ ပိဝေ ခါဒေ န သာယယေ။
န ဂဏ္ဎေ န ဒဒေ နေဝ၊ ဝန္ဒေ ဝန္ဒာပယေယျ ဝါ။

၁၆၇။ ပရိကမ္မံ န ကာရေယျ၊ န ကရေ ပဋိဆာဒိသု။
ပရိကမ္မေ ဒုဝေ ဝတ္ထ-စ္ဆာဒိ သဗ္ဗတ္ထ ကပ္ပိယာတိ။

၁၆၆,၇။ နဂ္ဂါ၊ အဝတ်မဆည်း အချည်းနှီးသည်။ (ဟုတ္ဝာ၊ ဖြစ်၍။)
မဂ္ဂံ၊ လမ်းကို။ န ဝဇေ၊ မသွားရာ။ န ဘုဥ္ဇေ၊ မစားရာ။ န ပိဝေ၊ မသောက်ရာ။
န ခါဒေ၊ မခဲရာ။ န သာယယေ၊ လျက်ဘွယ်ကို မသာယာရာ။ ဝါ၊ မလျက်ရာ။
န ဂဏ္ဎေ၊ မယူရာ။ န ဒဒေ၊ မပေးရာ။ နေဝ ဝန္ဒေ၊ မိမိကလည်း ရှိမခိုးရာ။
နေဝ ဝန္ဒာပယေယျ ဝါ၊ သူတပါးကိုလည်း ရှိမခိုးစေရာ။ ဝါ၊ ရှိခိုးလည်း
မခံရာ။ ပရိကမ္မံ၊ ချေးတွန်းမှု စသော ပရိကမ်ကို။ န ကာရေယျ၊ မပြုစေရာ။
န ကရေ၊ မိမိကလည်း မပြုရာ။ ပဋိစ္ဆာဒိသု၊ ဖုံးလွှမ်းခြင်း သုံးမျိုးတို့တွင်။
ဒုဝေ၊ ဥဒကပဋိစ္ဆာဒိ, ဇန္တ္ဓာဃရပဋိစ္ဆာဒိ ၂-မျိုးတို့သည်။ ပရိကမ္မေ၊
ချေးတွန်းမှုစသော ပရိကမ်၌။ ကပ္ပိယာ၊ အပ်ကုန်၏။ ဝတ္ထစ္ဆာဒိ၊ ဖုံးလွှမ်း
ကြောင်း အဝတ်သည်။ ဝါ၊ အဝတ်ဖြင့် ဖုံးလွှမ်းခြင်းသည်။ သဗ္ဗတ္ထ၊ အလုံးစုံ
သော မဂ္ဂဝဇနစသော အမှုတို့၌။ ကပ္ပိယာ၊ အပ်ကုန်၏။.... ဣတိ၊ နဂ္ဂနှင့်
စပ်၍ မှတ်ဘွယ် အပြီးတည်း။ (ဝိ ပါ ၁-၃၁၄၊ ဝိ ပါ ၄-၂၅၀-၉၊ ၂၉၅၊
ဝိ ဋ္ဌ ၄-၅၁)

နဂ္ဂါ၊ ပေ၊ န ကရေ။ ။အဝတ်မဝတ်သူကို“နဂ္ဂ”ဟုခေါ်၏၊ [နဇဓာတ်, လဇ္ဇာ
အနက်ဟော၊ တပစ္စည်း၊ ဓာတ္ဒန်နှင့်တက္ခ တကို ဂ္ဂပြု၊ နဇတိ–(အဝတ်မပါ
သည့်အတွက်)ရှက်တတ်၏၊ ဣတိ နဂ္ဂါ။] “န တေဝ နဂ္ဂန အာဂန္တုမ်ဟံ၊ ယော

အာဂဂစ္ဆေယျ, အာပတ္တိ ဒုက္ကဋဿ”ဟု နိဿဂ်ိယ, အညာတကသိက္ခာပုဒ်၌ ပညတ်တော်မူသောကြောင့်ဝင်း “န ဘိက္ခဝေ နဂ္ဂေန အာဘိဝါဒေတဗ္ဗံ” စသည်ဖြင့် စုဋ္ဌဝဂ္ဂ-ခုဒ္ဒကဝတ္ထုက္ခန္ဓက၌ ပညတ်တော်မူသောကြောင့်ဝင်း ဤဂါထာတို့ကို ဆိုသည်။

ပဋိစ္ဆာဒိသု။ ။ပဋိစ္ဆာဒေန္တိ ဇောယာတိ ပဋိစ္ဆာဒိ–ဖုံးကွယ်ကြောင်း၊ ထိုဆာဒိသည် ဇန္တ္ဃဃရပဋိစ္ဆာဒိ, ဥဒကပဋိစ္ဆာဒိ, ဝတ္ထုပဋိစ္ဆာဒိအားဖြင့် ၃-မျိုးပြား၏၊ ထိုတွင် ချုံးတွန်းမှုစသော ပရိကမ်ကို ပြုရာ၌ ရွှေ ၂-ပါးသည် အပ်၏၊ သွားမှု စားမှု စသည်၌ကား မအပ်၊ ဝတ္ထုပဋိစ္ဆာဒိကား အဝတ်ဖြင့် ဖုံးထားခြင်း (သင်းပိုင် ဝတ်ထားခြင်း)ဖြစ်သောကြောင့် စားမှုမှစ၍ ပရိကမ်ပြုရာတိုင်အောင် အားလုံးအရာဌာနာ၌ အပ်သည်။

ဇန္တ္ဃဃရ။ ။ဆီးနှင်းကျ၍ အလွန်အေးသော အရပ်တို့၌ ထို အအေးကြောင့်ဖြစ်သော ရောဂါ၏ နှိပ်စက်ခြင်းကို တားမြစ်ခြင်းငှါ ကိုယ်ကိုနှူးနှပ်စရာ (ချုံးထုတ်ရာ) ဌာနကို “ဇန္တ္ဃဃရ” ဟု ခေါ်၏၊ ထို ဇန္တ္ဃဃရ၌ အမှောင်ဖြင့် ဖုံးကွယ်အပ်သောကြောင့် များစွာသော ရဟန်းတို့သည် တပြိုင်နက်ဝင်၍ သက်နှံးကိုချပြီးလျှင် (ရေသနုပ်မျှ မပါဘဲ) ရေချိုးကြ၏၊ မီးပူကို ကာကွယ်ခြင်းငှါ မြေညက်ဖြင့် မျက်နှာကို သုတ်လိမ်း၍ ကိုယ်ကို အလိုရှိသလောက် ချုံးထွက်စေလျက် ရေချိုးဆပ်ပြာမှုန့်တို့ဖြင့် ပွတ်တိုက်၍ ရေချိုးကြကုန်၏၊ ထို့ကြောင့် ဇန္တ္ဃဃရကို ဖုံးကွယ်ကြောင်း ပဋိစ္ဆာဒိ တမျိုးဟု ဆိုသည်။—ဝိမတိဋီကာ, ပဗ္ဗဇ္ဇာက္ခန္ဓက အဖွင့်။

ဥဒကပဋိစ္ဆာဒိ။ ။မြစ် ချောင်း ကန်တို့၌ ဆင်း၍ ရေချိုးသောအခါ ရေသည်ပင် အကာအကွယ် ရသောကြောင့် ဥဒကပဋိစ္ဆာဒိ မည်၏၊ ထို့ကြောင့် ရေအတွင်းသို့ မဆင်းသေးမီ အနီးအပါး၌ လူသူရှိ မရှိကို သတိပြုရာ၏၊ လူမရှိလျှင် ကေသီကိုချ၍ တနေရာ၌ဖြန့်ထားပြီးမှ ခါးပန်းကြိုးကို ဖြေပြီးလျှင် ကေသီပေါ်၌ ထားရာ၏၊ ရေသနုပ် မရှိလျှင် ရေစ၌ ဆောင့်ကြောင့်ထိုင်၍ သင်းပိုင်ကို ချွတ်ရာ၏၊ ချုံးရှိလျှင် ဖြန့်၍ ချုံးမရှိလျှင် ခါက်ထားရာ၏၊ ရေသို့ ဆင်းသောအခါ ချက်လောက်တိုင်အောင် ဖြေးဖြေးသွား၍ လှိုင်းမထစေဘဲ အသာအယာ

ငုပ်၍ အသံလည်း မမြည်စေဘဲ ရေချိုးရာ၏၊ မျက်နှာကိုလည်း သက်နှံရှိရာ ဘက်သို့ လှည့်၍ ထားရာ၏၊ ရေချိုးပြီးသောအခါ ရေ၏အဆုံးဌာ ဆောင့်ကြောင့် ထိုင်၍ သင်းပိုင်ကို ကွယ်ကာလျက် ထပြီးမှ ဝတ်ရာ၏၊ ထို့နောက် ခါးပန်း ပန်း၍ ကေသီ ရန်းရသည်၊ ဤကား မြစ်စသည်သို့ ဆင်း၍ ရေချိုးရသော ကျင့်ဝတ် တည်း။— ဒေဝတာသံယုတ်, နန္ဒနဝဂ်, အင်္ဂကထာ။

မှတ်ချက်။ ။ယခုအခါ၌ လုံခြုံသော ရေချိုးအိမ်များ ရှိကြ၏၊ ထို့ရေချိုး အိမ်သည် ရှက်ဘွယ်အရပ်ကို ကွယ်ကာနိုင်သော ဟိရိကောပိန ပဋိစ္ဆာဒန အကျိုးကို ပြုနိုင်၏၊ ထို့ကြောင့် ရေချိုးအိမ်ကို ဇန္တာဃရန္နင့် သဘောတူဟု ယူဆ၍ ရေသနုပ်မပါဘဲ ရေချိုးကြသည်။

နာနကပ္ပဒိဋ္ဌသေ

နာနကပ္ပေါတိ၊ “နာနကပ္ပေါ”ဟူသော ဥဒ္ဒေသ၏။ (နိဒ္ဒေသော၊ နိဒ္ဒေသကား—)

[နာနေန၊ ရေချိုးရာဌ်+ကပ္ပေါ၊ အပ်သည်၏အဖြစ်, အပ်သောနည်းလမ်းတည်း၊ နာနကပ္ပေါ၊ ရေချိုးရာဌ် အပ်သောနည်းလမ်း။]

၁၆၈။ နံ စ နာယေယျ ထေရာနံ၊ ပုရတော-ပရိ ဝါ တထာ။
ဒဒေယျ ဩတရန္တာနံ၊ မဂ္ဂမုတ္တရမာနကော။

၁၆၈။ ထေရာနံ၊ မိမိထက်ကြီးသော ထေရ်တို့၏။ ပုရတော၊ ရှေတည့်တည့်ဌ်ဌင်း။ ဥပရိ ဝါ၊ အထက်လေညာဌ်ဌင်း။ နံ စ နာယေယျ၊ ရေမချိုးရာသည်သာ။ [နံ စဌ် စ-သဒ္ဒါသည် ဧဝအနက်ဟော။] တထာ၊ ထိုမှတပါး။ ဥတ္တရမာနကော၊ ရေမှတက်သော သီတင်းငယ်သည်။ ဩတရန္တာနံ၊ ရေသို့သက်ဆင်းလာသော သီတင်းကြီးတို့အား။ မဂ္ဂံ၊ လမ်းကို။ ဒဒေယျ၊ ဖယ်၍ပေးရာ၏။ (ဝိ ပါ ၄-၃၉၀)

နံ စ နာယေယျ။ ။မိမိထက်ကြီးသော ပုဂ္ဂိုလ်၏ ရှေဌ်ဌင်း မြစ်အတွင်းဌ် ရေချိုးသောအခါ ရေညာဌ်ဌင်း ရေမချိုးရ၊ မိမိက ရေချိုးရာမှ တက်လာသူဖြစ်လျှင် ရေချိုးဆင်းသော သီတင်းကြီးအား လမ်းဖယ်၍ပေးရမည်၊ လမ်းကျယ်လျှင် ရှောင်လွဲ၍ သွားရမည်၊ မကျယ်လျှင် ဘေးသို့တိမ်း၍ ဖယ်ပေးရမည်—ဟူလို။

၁၆၉။ ကုဋ္ဌတ္ထမ္ဘတရုဋ္ဌာနေ၊ နှာယမာနော န ဃံသယေ။
ကာယံ ဂန္ဓဗ္ဗဟတ္ထေန၊ ကုရုဝိန္ဒကသုတ္တိယာ။

၁၆၉။ နှာယမာနော၊ရေချိုးသောရဟန်းသည်။ကုဋ္ဌတ္ထမ္ဘတရုဋ္ဌာနေ၊ နံရံ, တိုင် , သစ်ပင် ,ရှစ်ကွက်သဏ္ဌာန်ရှိအောင် ထွင်း၍ထားအပ်သော ပျဉ်ချပ်၌ ကာယံ၊ ကိုယ်ကို။ န ဃံသယေ၊ မပွတ်တိုက်ရာ။ ဂန္ဓဗ္ဗဟတ္ထေန၊ သစ်သား မျောက်လက်ဖြင့်ဂင်း။ ကုရုဝိန္ဒကသုတ္တိယာ၊ ကျောက်မှန့်လုံးတို့ကို ကြိုးဖြင့် သီထားအပ်သော ကျောက်လုံးအစဉ်ဖြင့်ဂင်း။ န ဃံသယေ၊ မပွတ်တိုက်ရာ။ (ဝိ ပါ ၄-၂၃၉-၄၀-၂၄၀၊ ဝိ ဋ္ဌ ၄-၄၄)

ကုဋ္ဌ၊ ပေ၊ န ဃံသယေ။ ။ရေချိုးအိမ် အနီးအပါးဝယ်ရှိသော အုတ်နံရံ, ကျောက်နံရံ, သစ်သားနံရံဌင်း စိုက်ထားအပ်သော တိုင်ဌင်း သစ်ပင်ဌင်း သစ်သားကို ပျဉ်ချပ်ဖြစ်အောင် ခုတ်ရွေ့၍ ထိုပျဉ်ချပ်ပေါ်၌ ရှစ်ကွက်ကျားသဏ္ဌာန်ရှိအောင် ထွင်းပြီးလျှင် ရေချိုးဆိပ်၌ ကိုယ်ဖြင့်ပွတ်တိုက်ဘို့ရန် စိုက်ထားအပ်သော ပျဉ်ပြားကို "အဋ္ဌာန" ဟု ခေါ်သည်။ ထိုအဋ္ဌာနဌင်း မပွတ်တိုက်ရ။

ဂန္ဓဗ္ဗဟတ္ထေန။ ။"ဂန္ဓဗ္ဗဟတ္ထော နာမ မက္ကဋဟတ္ထသဒိသော ဒါရုအာဒိ-မယော" ဟု ဋီကာဖွင့်သောကြောင့် သစ်သားစသည်တို့ဖြင့် ပြုလုပ်အပ်သော မျောက်၏လက်နှင့် သဏ္ဌာန်တူသော (ယခုအခါ ကျောဌ်အယားဖျောက်ဘို့ရန် ပြုလုပ်ထားအပ်သော လက်ကလေးနှင့် တူသော) လက်တည်း၊ ထိုလက်ဖြင့် ဆပ်ပျာမှုန့်စသော ရေချိုးမှုန့်တို့ကို ယူ၍ ကိုယ်ကို ပွတ်တိုက်ကြသည်။

ကုရုဝိန္ဒကသုတ္တိယာ။ ။"ကုရုဝိန္ဒက ပါသာဏ စုဏ္ဏာနိ (ကျောက်နီမှုန့်, တနည်း–မှတ်ကျောက်မှုန့်တို့ကို) လာခါယ ဗန္ဓိတွာ (ချိတ်ရည်ဖြင့် အလုံးဖြစ်အောင် ဖွဲ့၍) ကတဂုဠိကကလာပကော (ပြုအပ်သော ကျောက်လုံးတို့၏ အပေါင်းကို) ဝုစ္စတိ" ဟု ခုဒ္ဒကဝတ္ထု အဋ္ဌကထာ ဖွင့်သောကြောင့် ချိတ်ဖြင့် တွဲအပ်သော ကျောက်မှုန့် အလုံးကလေးအပေါင်းကို "ကုရုဝိန္ဒကသုတ္တိ" ဟု ခေါ်ကြောင်း သိပါ၊ ပုတီးများ သီသကဲ့သို့ သီထားအပ်သော ထို အလုံးအပေါင်းကို အစွန်း ၂-ဘက်၌ ကိုင်၍ ကိုယ်ကို ပွတ်တိုက်ကြသတတ်။

၁၇၀။ မလ္လကေနာ-ညမညံ ဝါ၊ သရီရေန နံ ဃံသယေ။
ကပါလိဒ္ဓကခဏ္ဍာနိ၊ ဝတ္ထဝဒ္ဒီ စ ဝဒ္ဓတိ။

၁၇၁။ သဗ္ဗေသံ ပုထုပါဏီ စာ-ကလ္လာသာ-ကတမလ္လကံ။
ပါသာဏ ဖေဏ ကထလာ၊ ကပ္ပန္တိ ပါဒဃံသနေတိ။

၁၇၀,၁။ မလ္လကေန ဝါ၊ မကာရ်ိးသွဲးထု၍ ထွဲးခံခြေသဏ္ဌာန် ပြုအပ်သော ချေးပွတ်ဖြင့်ဝင်း။ အညမညံ၊ အချင်းချင်း။ သရီရေန ဝါ၊ ကိုယ်ဖြင့်ဝင်း။ နံ ဃံသယေ၊ မပွတ်တိုက်ရာ။ ကပါလိဒ္ဓကခဏ္ဍာနိ၊ အိုးကဲ့, အုတ်ပိုင်းတို့သည်ဝင်း။ ဝတ္ထဝဒ္ဒီ စ၊ အဝတ်ကျစ်သည်ဝင်း။ ပုထုပါဏိ စ၊ တသီးတခြားလက်ဝါးဖြင့် ချေးတွန်းမှုသည်ဝင်း။ သဗ္ဗေသံ၊ ကျန်းမာ, မကျန်းမာသော အလုံးစုံသောရဟန်းတို့အား။ ဝဒ္ဓတိ၊ အပ်၏။ အကလ္လသာ၊ မကျန်းမာသော ရဟန်းအား။ အကတမလ္လကံ၊ ပြုအပ်သောမကာရ်ိးသွဲးမရှိသော ထွဲးခံခြေသဏ္ဌာန်ရှိသောချေးပွတ်သည်။ ဝဒ္ဓတိ၊ အပ်၏။ ပါသာဏ ဖေဏ ကထလာ၊ ကျောက်ခဲ, ပင်လယ်ရေမြုပ်, အိုးခြမ်းကဲ့တို့သည်။ ပါဒဃံသနေ၊ ခြေကိုပွတ်တိုက်ခြင်း၌။ ကပ္ပန္တိ၊ အပ်ကုန်၏....ဣတိ၊ နှာန-ကပ္ပနှင့်စပ်၍ မှတ်ဘွယ်အပြီးတည်း။ (ဝိ ပါ ၄-၂၄၁-၂၆၈၊ ဝိ ဋ္ဌ ၄-၄၄-၅၂)

မလ္လကေနာ၊ ပေ၊ နံ ဃံသယေ။ ။ထွဲးခံ၏ အခြေသဏ္ဌာန်ရှိသော အဝိုင်းဝယ် မကာရ်ိးအသွဲးသဏ္ဌာန်ရှိအောင် ဖြတ်၍(လွှဲသွဲးကဲ့သို့ဖြစ်အောင် ဖြတ်၍) ပြုအပ်သော ချေး (ဂျေး) ပွတ်တမျိုးကို "မလ္လက" ဟု ခေါ်၏။ [မလ္လက မူလ-သဏ္ဌာနေနာတိ ခေဋ္ဌမူလကသဏ္ဌာနေန၊ – ဝိမတိ၊] ထိုမလ္လကဝိုင်းဖြင့် ကိုယ်ကို ပွတ်တိုက်၍ ရေချိုးခြင်းငှါ မအပ်။

၊ **အညမညံ သရီရေန။** ။ရဟန်း ၂-ပါး၏ ကိုယ်အချင်းချင်းဖြင့် ချေးပွတ်ခြင်းကို ဆိုသည်၊ [ခုဒ္ဒကဝတ္ထု ပါဠိတော်၌ "ဝိဂ္ဂယှ ပရိကမ္မံ ကာရာပေန္တိ" ၏ အဖွင့်ဖြစ်သော အဋ္ဌကထာကို ယူထားသော စကားတည်း။]

ကပါလိဒ္ဓက၊ ပေ၊ ဝဋ္ဋတိ။ ။ကျိကား အပ်သော ချေးပုတ်များကိုပြသော စကားတည်း၊ အိုးခြမ်းကဲ့အုတ်ခဲအကျိုး,အဝတ်ကိုလုံး၍ထားအပ်သော ဝတ္ထ-ဝဋ္ဋိ တို့သည်၎င်း လက်ဝါးပြင်ဖြင့် ချေးတုန်းမှုသည်၎င်း ဂိလာန ဟုတ် မဟုတ် အားလုံးအား အပ်ကုန်၏၊ "အဝတ်ကျစ်" ဟူသည် အဝတ်ကို ရေညှစ်သော အခါ လုံးလုံးကျစ်ကျစ် ဖြစ်နေသကဲ့သို့တည်း၊ ထိုအဝတ်ကျစ်ကို "ဝတ္ထဝဋ္ဋိ" ဟု ဆိုသည်၊ ထိုအဝတ်ကျစ်ဖြင့် ချေးပုတ်ကောင်းသည်-ဟူလို၊ လက်ဖြင့် ချေးပုတ် မှုကို "ပုထုပါဏိ" ဟု ခေါ်၏၊ ပုထု-အခြားသော ဝတ္ထုမပါဘဲ သီးခြားသော၊ ပါဏိ-လက်၊ [ပုထုပါဏိကန္တိ ဟတ္ထပရိကမ္မံ ဝုစ္စတိ၊—— ခုဒ္ဒကဝတ္ထုက္ခန္ဓကအဋ္ဌ-ကထာ၊ ပုထုပါဏိကန္တိ မုဋ္ဌံ အကတ္ဘာ ဝိကသိဟဟတ္ထတလေဟိ ပိဋ္ဌပရိကမ္မံ ဝုစ္စတိ၊ လက်သီးမဆုပ်ဘဲ လက်ဝါးပြင်ဖြင့် ချေးပုတ်ခြင်း၊——ဝိမတိ၊ ပုထုပါဏိတိ ပုထု နာနာ ပါဏိ ပုထုပါဏိ၊ ဟတ္ထပရိကမ္မံ ရုဋ္ဌိဝသေန–ဋီကာသဒ်၊ လက်၌ ချေးပုတ်စရာ စသည် မပါသောကြောင့် "ပုထု (သီးခြား)"ဟု ဆိုသည်။

အကလ္လဿာ-ကတမလ္လကံ။ ။ခေးသွားစိတ်(လွှသွားစိတ်)သဏ္ဌာန်ရှိအောင် မဖြတ်မထွင်းအပ်သော မလ္လကသည် (ထွေးခံခြေသဏ္ဌာန် ချေးပုတ်သည်) မကျန်းမာသူအား ချေးတုန်းခြင်းငှါ အပ်၏။

ပါသာဏ၊ ပေ၊ ပါဒဿသနေ။ ။ခြေကို ပုတ်တိုက်ရာ၌ကား ကျောက်ခဲဖြင့်၎င်း သမုဒြာ ရေမြုပ် ကျောက်ဖြင့်၎င်း အိုးခြမ်းဖြင့်၎င်း ပုတ်တိုက်ခြင်းငှါ အပ်၏။

အဝန္ဒိယနိဒ္ဒေသ

အဝန္ဒိယောတိ၊ “အဝန္ဒိယော”ဟူသော ဥဒ္ဒေသ၏။ (နိဒ္ဒေသော၊ နိဒ္ဒေသကာဒီးဟု-)

[ရှိမခိုးထိုက်သူကို “အဝန္ဒိယ”ဟု ခေါ်သည်။]

၁၇၂။ ဥက္ခိတ္တာနုပသမ္ပန္နေ၊ နာနာသံဝါသကဋ္ဌိတိယော၊
နဝေါ စ ဂရုကဋ္ဌော စ၊ ပဏ္ဍကော စ အဝန္ဒိယာတိ။

၁၇၂။ ဥက္ခိတ္တော၊ ဥက္ခိတ္တကပုဂ္ဂိုလ်ကိုဝင်း။ အနုပသမ္ပန္နနာနာသံဝါသကဋ္ဌိတိယော၊ လူ, သာမဏေ, ကဲ့ပြားသော သံဝါသရှိသော အဓမ္မဝါဒီ သီတင်းကြီး, မိန်းမတို့ကိုဝင်း။ နဝေါ စ၊ သီတင်းငယ်ကိုဝင်း။ ဂရုကဋ္ဌော စ၊ ဂရုကအာပတ်၌တည်၍ ပရိဝါသ်စသည်နေသော ရဟန်းကိုဝင်း။ပဏ္ဍကော စ၊ ပဏ္ဍုက်ကိုဝင်း။ အဝန္ဒိယာ၊ ရှိမခိုးထိုက်ကုန်....ဣတိ၊ အဝန္ဒိယနှင့်စပ်၍ မှတ်ဘွယ်အပြီးတည်း။ (ဝိ ပါ ၄-၃၁၂၊ ဝိ ပါ ၅-၃၇၅၊ ဝိ ပါ ဋ္ဌ ၄-၂၂၄)

ဥက္ခိတ္တာ၊ ပေ၊ အဝန္ဒိယာ။ ။စုဠ္လဝဂ္ဂ-သေနာသနက္ခန္ဓကဋ္ဌ အဝန္ဒိယ ပုဂ္ဂိုလ် ၁၀-ပါးကို ပြတော်မူ၏၊ ထို ၁၀-ပါးတွင် ပါရိဝါသိက စသော ၅-ပါးကို “ဂရုကဋ္ဌ-ဂရုကအာပတ်၌ တည်သူ”ဟု ပေါင်း၍ တပါးတည်းဆိုထားသော ကြောင့်ဌဝင်း ထို ၁၀-ပါး၌မပါသော ဥက္ခိတ္တကကို ထည့်သောကြောင့်ဌဝင်း ၇-ပါးသာ ပြသည်။

ဥက္ခိတ္တာ။ ။အာပတ်ကို အာပတ်ဟု မရှုခြင်း, အာပတ်ကိုမကုစား (ဒေသနာ မကြား, ဝုဋ္ဌာနကံ မပြု) ခြင်း, မိစ္ဆာအယူကို မစွန့်ခြင်းကြောင့် နှင့် ထုတ်ကြောင်း ဥက္ခေပနီယကံ အပြုခံရသူကို “ဥက္ခိတ္တကပုဂ္ဂိုလ်”ဟု ခေါ်၏။

နာနာသံဝါသက။ ။မိမိနှင့် အယူမတူသော အဓမ္မဝါဒီ ဘက်သားလည်း ဖြစ်သော သီတင်းကြီးသူ။ [ပါဠိတော်၌ "နာနာသံဝါသကော ဝုဿုတ္ထော (မိမိထက် ကြီးသော) အဓမ္မဝါဒီ အဝန္ဒိယော" ဟု မိန့်တော်မူသည်၊] ကြွင်းသော အဝန္ဒိယ ၅-ယောက်ကား ထင်ရှားပြီ။

ပရိဝါရပါဠိတော်လာ အဝန္ဒိယ။ ။ ပရိဝါရပါဠိတော်၌ အခြားသော အဝန္ဒိယ ပုဂ္ဂိုလ်များကို ပြသေး၏၊ (၁)အန္တရာယ်ရှိရာ ပဝိဋ္ဌော-ရွာတွင်း၌ဝင်သော ရဟန်း၊ (၂) ရစ္ဆာဂတော-လမ်း၌ ရောက်နေသော ရဟန်း၊ (၃) သြတမ-သိကော- အမျှောင်၌ ရောက်နေသောရဟန်း၊ (၄) အသမန္နာဟာရန္တော-ရှိခိုးဝတ်ချသည်ကို နှလုံးမသွင်းသော ရဟန်း၊ (၅) သုတ္တော-အိပ်ပျော်နေသော ရဟန်း။

(၆) ယာဂုပါနေ-ယာဂုသောက်ရာ၌ ရဟန်း၊ (၇) ဘတ္တဂ္ဂေ-ဆွမ်းယူရာ အရပ်၌ ရဟန်း၊ (၈) ကောဝတ္တော (ဧက + အာဝတ္တော) - တဖက်ရန်သူ၌ လည်သွားသောဝိသဘာဂရဟန်း၊ (၉) အညဝိဟိတော-တပါးသောအာရုံ၌စိတ် ထားခိုက် ရဟန်း၊ (၁၀) နဂ္ဂ ရဟန်း။

(၁၁) ခါဒန္တော-ခဲဘွယ်ကို ခဲစားဆဲ ရဟန်း၊ (၁၂) ဘုဥ္ဇန္တော-ဘောဇဉ်ကို စားဆဲ ရဟန်း၊ (၁၃) ဥစ္စာရံ ကရောန္တော - ကျင်ကြီးစွန့်နေသောရဟန်း၊ (၁၄) ပဿာဝံ ကရောန္တော-ကျင်ငယ်စွန့်နေသော ရဟန်း၊ (၁၅) ဥက္ခိတ္တက ရဟန်း။

(၁၆) သီတင်းငယ် ရဟန်း၊ (၁၇) လူသာမဏေ၊ (၁၈) နာနာသံဝါ-သက အဓမ္မဝါဒီ သီတင်းကြီး၊ (၁၉) မာတုဂါမ၊ (၂၀) ပဏ္ဍက်၊ (၂၁)မှ (၂၅) အထိ ငါးပါးကား ဂရုက အာပတ်၌ တည်သော ပါရိဝါသိက စသော ၅-ပါးတည်း၊ ဤသို့ အဝန္ဒိယ ၂၅-ရှိသော်လည်း ရှိခိုးသူမှာ အာပတ်သင့်စေနိုင်သော ၁၂-ပါးကိုသာ ဤ အဝန္ဒိယနိဒ္ဒေသ၌ ပြသည်ဟု မှတ်ပါ။

စမ္ဘုနိဒ္ဒေသ

စမ္ဘုန္ဒိ၊ "စမ္ဘံ"ဟူသော ဥဒ္ဒေသ၏။ (နိဒ္ဒေသော၊ နိဒ္ဒေသကား—)

၁၇၃။ မိဂါ-ဇေဋ္ဌကစမ္ဘာနိ၊ ကပ္ပန္ဒိ ပရိဘုဥ္ဇိတုံ။

ရောဟိတေ-ဏီပသဒါ စ၊ ကုရုဂ်ါ မိဂဇာတိကာ။

၁၇၃။ မိဂါ-ဇေဋ္ဌကစမ္ဘာနိ၊ သမင်, ဆိတ်, သိုးတို့၏ အရေတို့သည်၊ ဝါ၊ သမင်, ဆိတ်, သိုးတို့၏အရေတို့ကို။ ပရိဘုဥ္ဇိတုံ၊ သုံးစွဲခြင်းငှါ။ ကပ္ပန္ဒိ၊ အပ်ကုန်၏။ ရောဟိတေ-ဏီပသဒါ စ၊ စိုင်, ဧဏီ မည်သော သားကောင်, ချေ(ကျီ)တို့သည်ရင်း။ ကုရုဂ်ါ၊ ဒရယ်တို့သည်ရင်း။ မိဂဇာတိကာ၊ သမင်ဇာတ်ရှိသော သတ္တဝါတို့တည်း။ ဝါ၊ သမင်မျိုးတို့တည်း။ (ဝိ ပါ ၃-၂၈၈၊ ဝိ ဋ္ဌ ၃-၃၇၁)

၁၇၄။ အနုညာတတ္တာယာ အညံ၊ စမ္ဘံ ဒုက္ကဋဝတ္ထုကံ။
ထဝိကောပါဟနေ စမ္ဘံ၊ သဗ္ဗံ ကပ္ပတျမာနုသံတိ။

၁၇၄။ အနုညာတတ္တာယာ၊ ခွင့်ပြုအပ်သော သားရေသုံးမျိုးမှ၊ အညံ၊ အခြားသော။ စမ္ဘံ၊ သားရေသည်။ ဒုက္ကဋဝတ္ထုကံ၊ ဒုက္ကဋ်အာပတ်၏တည်ရာ

မိဂါ၊ ပေ၊ ဇာတိကာ။ ။ သမင်, ဆိတ်, သိုး ဤ ၃-မျိုး၏ **အရေသည်** အပ်၏၊ ခဋ္ဌင်ပေါ် စသည်၌ ခင်းကောင်း အိပ်ကောင်း၏၊ ရောဟိတ မည်သော သားကောင်, (စိုင်-ကို ဆိုလိုဟန်တူ၏၊) ဧဏီမည်သော သားကောင်, (တောဆိတ်နက်ဟု ဆရာတော်၏ အဘိဓာန် နိဿယ၌ ဆို၏၊) ပသဒ - သမင်ပြောက်, ကုရုဂ်-ဒရယ်၊ ဤ သားကောင်တို့သည် မိဂအမျိုးဖြစ်၍ ထို အရေလည်း အပ်၏၊ "စ-သဒ္ဒါဖြင့် ဝါတမိဂ-သမင်ပံ့, မိဂမာတုက-ဆတ် စသော သမင်မျိုးအား လုံးကို ယူ" ဟု ဋီကာဆိုသည်။

အကြောင်းတည်း။ အမာနုသံ၊ လူ၏အရေမှုတပါးသော။ သဗ္ဗံ၊ အလုံးစုံသော။ စမ်မံ၊ အရေသည်။ ထဝိကောပါဟနေ၊ အိတ်, ဘိနပ်၌။ ကပ္ပတိ။ အပ်၏။....ဣတိ၊ စမ္မနှင့်စပ်၍ မှတ်ဘွယ်အပြီးတည်း။ (ဝိ ပါ ၃-၂၀၁၊ ဝိ ဋ္ဌ ၃-၃၁၁)

အနုညာတတ္တယာ အာညံ။ ။တိုက်ရိုက်အားဖြင့်ရင်း အမျိုးတူအားဖြင့်ရင်း ယူအပ်သော ထိုအရေ ၃-မျိုးမှ တပါးသော အရေများသည် သုံးစွဲလျှင် ဒုက္ကဋ်၏အကြောင်းဝတ္ထုဖြစ်၏၊ ထိုအရေများကား—

“မက်ကဋော ကာဋသီဟော စ၊ သရဘော ကဒလိမိဂေါ။
ယေ စ ဝါဋမိဂါ ကေစိ၊ တေသံ စမ်မံ န ဝဋ္ဋတိ။”

ဟု မဟာဝဂ်-စမ္မက္ခန္ဓက အဋ္ဌကထာ၌ ဆိုအပ်သော အရေများတည်း၊ မက်ကဋ-မျောက်၊ ကာဋသီဟ-မျောက်ဝံနက်၊ [ကာဋသီဟောတိ ကာဋမုခ ဝါနရ ဇာတိ-နက်သော မျက်နှာရှိသော မျောက်အမျိုးအစား၊] သရဘ-သမင်ဆိုးဆောက်၊ ကဒလိမိဂ-ဝံပုိင်၊ ဝါဋမိဂ-ခြသေ့, သစ်, ကျား, ဝံ၊ ဤဝါဋမိဂ၌ “တေဋပေတ္တာ အဝသေသာ အန္တမသော ဂေါ(နွား) မဟိံသ(ကျဲ) သသ (ယုန်) ဗိဠာရာဒယောပိ (ကြောင် အစရှိသည်လည်း ဖြစ်ကုန်သော) သဗ္ဗေ ဣမသ္မိံ အတ္ထေ (ဤအကပ္ပိယ စမ္မအနက်၌) ဝါဋမိဂါတ္တေဝ ဝေဒိတဗ္ဗာ၊ ဧတေသံ ဟိ သဗ္ဗေသံ စမ်မံ န ဝဋ္ဋတိ”ဟု စမ္မက္ခန္ဓက အဋ္ဌကထာအတိုင်း မှတ်ပါ။

ထဝိကာ၊ပေ၊အမာနုသံ။ ။လွယ်အိတ်, သံကောက်အိတ် စသော အိတ်အမျိုးမျိုး၌ရင်း ဘိနပ်ပြုလုပ်ရာ၌ရင်း လူ၏အရေမှုတပါး အရေအားလုံးပင် အပ်၏။

မှတ်ချက်။ ။“မအပ်”ဟု ပယ်အပ်သောအရေများလည်း ခုတင် စသည်၌ ခင်းရှိထိုင်ခြင်း အိပ်ခြင်းဌါသာ မအပ်၊ ဘူမတ္ထရဏ (ဘူမိ-တည်ရာကြမ်းပြင်, မြေပြင်ပေါ်၌+အတ္ထရဏ-ခင်းအပ်သော အခင်း) ဖြစ်လျှင် အပ်ပါ၏။ [စမ်မံ န ဝဋ္ဋတီတိ–နိသီဒနတ္ထရဏံ ကာတုံ န ဝဋ္ဋတိ၊ ဘူမတ္ထရဏာဒိဝသေန သေနာသန-ပရိဘောဂေါ ဝဋ္ဋတေဝ၊–စမ္မက္ခန္ဓက ဝိမတိ။]

ဥပဂါဟနနိဒ္ဒေသ

ဥပါဟနာ စေဝါတိ၊ “ဥပါဟနာ” ဟူသော ဥဒ္ဒေသ၏။ (နိဒ္ဒေသော-
နိဒ္ဒေသကား—)

၁၇၅။ မဇ္ဈဒေသေ န ကပ္ပန္တိ၊ ဂုဏံဂုဏ္ဌပါဟနာ နဝါ။
သဗ္ဗဿ ကပ္ပန္တာရာမေ၊ သဗ္ဗတ္ထာကလ္လကဿ စ။

၁၇၅။ နဝါ၊ အသစ်ဖြစ်ကုန်သော။ ဂုဏံဂုဏ္ဌပါဟနာ၊ လေးထပ်မှစ၍ အထပ်ထပ်သော ဘိနပ်တို့သည်။ မဇ္ဈဒေသေ၊ မဇ္ဈိမဒေသ၌။ န ကပ္ပန္တိ၊ မကပ်ကုန်။ အာရာမေ၊ ကျောင်းတိုက်, ကျောင်းတိုက်ဥပစာ၌။ သဗ္ဗဿ၊ ကျန်းမာ, မကျန်းမာ အလုံးစုံသော ရဟန်းအား။ ဥပါဟနာ၊ ဘိနပ်တို့သည်။ ကပ္ပန္တိ၊ အပ်ကုန်၏။ သဗ္ဗတ္ထ၊ အလုံးစုံသောအရပ်တို့၌။ အကလ္လဿ၊ မကျန်းမာသော ရဟန်းအား။ ဥပါဟနာ၊ ဘိနပ်တို့သည်။ ကပ္ပန္တိ၊ အပ်ကုန်၏။ (ဝိ ပါ ၃-၂၇၂-၅-၆-၂၈၃-ဂ၊ ဝိ ဋ္ဌ ၃-၃၆၇-ဂ)

မဇ္ဈဒေသေ၊ပေ၊နဝါ။ ။မဇ္ဈိမဒေသ (ကွန်ဒိယ)၌ အထပ်ထပ်ဖြစ်သော အသစ် ဘိနပ်တို့သည် မအပ်ကုန်၊ စမ္မက္ခန္ဓက၌ ဧကပလာသိက (တထပ်တလ္ဘာရှိသော) ဘိနပ်ကို မဇ္ဈိမဒေသအတွက် ခွင့်ပြုတော်မူပြီးလျှင် “န ဒိဂုဏာ၊ပေ၊ န တိဂုဏာ ဥပါဟနာ ဓာရေတဗ္ဗာ”ဟု ၂-ထပ် ၃-ထပ်ရှိသော ဘိနပ်တို့ကို သီးခြား နာမည်တပ်၍ “န ဂုဏံဂုဏ္ဌပါဟနာ ဓာရေတဗ္ဗာ”ဟု မိန့်တော်မူသောကြောင့် အောက်ခံသားရေ ၄-ထပ်မှစ၍ အထပ်ထပ်ဘိနပ်ကို “ဂုဏံဂုဏ္ဌပါဟန”ဟု မှတ်ပါ။

နဝါ။ ။ထို ဘိနပ်ကိုလည်း “န ဘိက္ခဝေ နဝါ ဂုဏံဂုဏ္ဌပါဟနာ ဓာရေတဗ္ဗာ”ဟု ထပ်၍ ပညတ်တော်မူသောကြောင့် “နဝါ”ဟု ဝိဿဇ္ဇနပြုသည်၊ “အနုဇာနာမိ ဘိက္ခဝေ ဩမုက္ကံ (စွပ်အပ်ပြီး အဟောင်းဖြစ်သော)

ဂုဏ်ဂုဏ္ဌပါဟနံ”ဟု ခွင့်ပြုတော်မူသောကြောင့် မင်္ဂလမဒေသဖြစ်သော်လည်း တကြိမ်လောက်ဖြစ်စေ စွပ်အပ်ပြီးသော အဟောင်း ဂုဏ်ဂုဏ္ဌပါဟနကား အပ်၏။

သဗ္ဗဿ ကပ္ပန္တိ အာရာမေ။ ။ကျောင်းတိုက်အတွင်းဖြစ်မူ ဂိလာန ဟုတ်, မဟုတ်သော အားလုံးရဟန်းတို့အား ဘိနပ်သည် အပ်၏။

သဗ္ဗတ္ထာကလ္လကဿ စ။ ။မကျန်းမာသော ရဟန်းအား ကျောင်းတွင်း ကျောင်းပြင် မကျန် အလုံးစုံသောအရပ်၌ (တော-ရွာ အရပ်အားလုံး၌) ဘိနပ်သည် အပ်၏။

မုတ်ချက်။ ။ဤဂါထာ၌ “သဗ္ဗဿ ကပ္ပန္တိ အာရာမေ”ဟု ဆိုသောကြောင့် “ဂိလာန မဟုတ်လျှင် ကျောင်းတိုက်ပြင်ဘက်၌ ဘိနပ်မစီးကောင်း”ဟု ယူရမည်ကဲ့သို့ဖြစ်၏၊ သို့သော် ထိုပညတ်တော်သည် မင်္ဂလမဒေသအတွက်သာ ဖြစ်စရာရှိ၏၊ မြန်မာနိုင်ငံကဲ့သို့ မင်္ဂလမဒေသမဟုတ်သောအရပ်တို့၌ကား “ကျောင်းတိုက်ပြင်ဘက်၌လည်း ဘိနပ်စီးကောင်း၏” ဟု ယူစရာရှိ၏၊ ဘာ့ကြောင့်နည်း— အဝန္တိဒက္ခိဏာပထတိုင်း (ပစ္စန္တရာဇ်) ၌ မြေကြီးကြမ်းသည့်အတွက် (ထို ကြမ်းတမ်းသော မြေအရပ်လည်း ကျောင်းတိုက်အတွင်းကို ရည်ရွယ်မည် မဟုတ်) အထပ်ထပ် ဘိနပ်ကို ခွင့်ပြုတော်မူသောကြောင့်ဟု ဆိုရမည်။

“န ဘိက္ခဝေ သဉ္ဉပါဟနေန ဂါမော ပဝိသိတဗ္ဗော”ဟု ဘိနပ်နှင့်တကွ (ဂိလာနမဟုတ်ဘဲ) ရွာတွင်းသို့ဝင်ခြင်းကို တားမြစ်တော်မူရာဝယ် ရွာတွင်း မဟုတ်လျှင် စီးခွင့်ပြုရာရောက်သောကြောင့်ဟု ဆိုရမည်။

ရဟန်းတပါးသည် ရွာတွင်းဝင်သောအခါ ခါးပန်းကြိုး၌ ဘိနပ်ကိုချည်၍ ဝင်သွားလေရာ ဒကာတယောက်က လာ၍ ရှိခိုးဝတ်ချသောအခါ ဦးခေါင်းဖြင့် ဘိနပ်ကိုတိုက်မိခြင်းကြောင့် ဘိနပ်အိတ်ကို ခွင့်ပြုတော်မူရသည်၊ ထိုဝတ္ထုကို ထောက်လျှင် ထိုရဟန်းသည် ရွာဥပစာမရောက်မီ ဘိနပ်စီးလာကြောင်း ထင်ရှားသောကြောင့်ဟု ဆိုရမည်။

၁၇၆။ သဗ္ဗနီလကသြဒါတ-ပီတလောဟိတကဏ္ဍကာ။
မဟာရဂ််မဟာနာမ-ရဂ််ရတ္တာ ဥပါဟနာ။

၁၇၇။ သဗ္ဗမဉ္ဇိဋ္ဌကာ စိတြာ၊ နီလပီတာဒိဝဒ္ဓိကာ။
တိတ္တိရပတ္တိကာ မေဏ္ဍ-အဇဝိသာဏဝဒ္ဓိကာ။

၁၇၆,၇။ သဗ္ဗနီလကသြဒါတပီတလောဟိတကဏ္ဍကာ၊ အလုံးစုံသော ညိုသော အဆင်းရှိကုန်, အလုံးစုံဖြူသောအဆင်းရှိကုန်, အလုံးစုံရွှေသော အဆင်းရှိကုန်, အလုံးစုံနီသောအဆင်းရှိကုန်, အလုံးစုံ မည်းနက်သော အဆင်းရှိကုန်သော။ ဥပါဟနာ၊ ဘိနပ်တို့ကိုဆိုင်း။ မဟာရဂ််မဟာနာမရဂ််-ရတ္တာ၊ များစွာသော ဆိုးရည်တို့ဖြင့် အထပ်ထပ် ဆိုးအပ်ကုန်, များသော

အာဂန္တုက ဝတ်ကိုပြုဆုဥ၌ “အရာမ်တုင်းသို့ဝင်ခါနီးဝယ် ဘိနပ်ချွတ်ရ မည်”ဟုမိန့်တော်မူသည့်အတွက် အရာမ်၏ပြင်ဘက်၌ ဘိနပ်စီးကြောင်းကိုဆိုင်း သိနိုင်သောကြောင့်တည်း။

ထို့ပြင် သုတ်သီလကွန်အဋ္ဌကထာ ဗြဟ္မဇာလသုတ်အဖွင့်၌ ယာနသန္နိဓိကို ပြုရာဝယ် ကျောင်း၌စီးဘို့ဘိနပ်တရံ, တောထည်း၌သွားသောအခါစီးဘို့ ဘိနပ် တရံအားဖြင့် ဘိနပ် ၂-ရံထားခြင်းကိုပြု၏၊ ထို့ကြောင့် ကျောင်းပြင်ဘက် တော စသည်၌ ဘိနပ်စီးလေ့ ရှိကြောင်း သိသာ၏၊ ထို့ကြောင့် ဋီကာသစ်၌ “မဇ္ဈိမ-ဒေသေပိ ပစ္စန္တိမဒေသေပိ ဘဂဝတာ ဂိလာနဿေဝ ဥပါဟနာ အနုညာတာ” ဟူသော စကားကို စဉ်းစားပါ။

သဗ္ဗနီလက။ ။“နှမ်းကြပ်”ဟုဆိုင်း “ဗီဇ္ဇာ”ဟုဆိုင်း ခေါ်အပ်သော နှမ်းပင်အသေး၏ ပန်းပွင့်ကို “ဥမာပုပ္ဖ”ဟု ခေါ်၏၊ ထို နှမ်းကြပ်ပွင့် အဆင်း ကဲ့သို့ ဘိနပ်တခုလုံး ညိုသောအဆင်းရှိသည်ကို “သဗ္ဗနီလက”ဟု ဆိုသည်၊ တတ္ထ စ နီလိကာ ဥမာပုပ္ဖဝဏ္ဏာ ဟောတိ၊ –စမ္မက္ခန္ဓကအဋ္ဌကထာ။

သြဒါတ။ ။သြဒါတ (အဖြူ) ရောင် အဆင်းရှိသော ဘိနပ်ကို စမ္မက္ခန္ဓက ပါဠိတော် အဋ္ဌကထာ၌ မပါသော်လည်း မအပ်သော ဘိနပ်တို့အားလျော်သော

အမည်ရှိသော ဆိုးရည်အမျိုးမျိုးတို့ဖြင့် ဆိုးအပ်ကုန်သော။ ဥပါဟနာ၊ ဘိနပ်တို့ကိုဂုဏ်း။ (ကောစိ၊ ကျန်းမာ, မကျန်းမာ တစုံတယောက်သော ရဟန်းသည်။ ဓာရေယျ၊ ဆောင်အံ့။ဒုက္ကဋ်၊ဒုက္ကဋ်အာပတ်သည်။ ဟောတိ၊ ဖြစ်၏။) သပ္ပမဏ္ဍိုကာ၊ အလုံးစုံ မောင်းသော အဆင်းရှိကုန်သော၊ (ဥပါဟနာ၊ ဘိနပ်တို့ကိုဂုဏ်း။) စိတြာ၊ ပန်းပြောက် ပန်းနွယ် စသည်တို့ဖြင့် ဆန်းကြယ်ကုန်သော။ (ဥပါဟနာ၊ ဘိနပ်တို့ကိုဂုဏ်း။)နီလပီတာဒိဝဒ္ဓိကာ၊ အညို အရွှေ အစရှိသော အဆင်းရှိသော သည်းကြိုးတပ်အပ်ကုန်သော။ (ဥပါဟနာ၊ ဘိနပ်တို့ကိုဂုဏ်း။) တိတ္တိရပတ္တိကာ၊ ခါတောင်အလားပြောက်ကျားသော အဆင်းရှိကုန်သော။ (ဥပါဟနာ၊ ဘိနပ်တို့ကိုဂုဏ်း။) မေဏ္ဍအဇဝိ-သာဏဝဒ္ဓိကာ၊ သိုးချို ဆိတ်ချိုနှင့်တူသော သည်းကြိုးတပ်အပ်ကုန်သော။ (ဥပါဟနာ၊ ဘိနပ်တို့ကိုဂုဏ်း။ ကောစိ၊ ကျန်းမာ,မကျန်းမာ တစုံတယောက်သော ရဟန်းသည်။ ဓာရေယျ၊ ဆောင်အံ့။ ဒုက္ကဋ်၊ ဒုက္ကဋ်အာပတ်သည်။ ဟောတိ၊ ဖြစ်၏။) (ဝိ ပါ ၃-၂၇၃-၄၊ ဝိ ဋ္ဌ ၃-၃၆၇-ဂ)

ကြောင့် ဤ ခုဒ္ဒသိက္ခာဋ္ဌ ပယ်အပ်ပြီဟု ဋီကာဆို၏။ [သြဒါတံ ပန နေဝ ပါဋိယံ, နာဒ္ဒကထာယံ ပဋိက္ခိတ္တံ၊ အနုလောမဝသေန ပန ဣဓ ပဋိက္ခိတ္တံတိ ဝေဒိတဗ္ဗံ၊–ဋီကာ၊] ဤသြဒါတ စသည်တို့ဋ္ဌလည်း သပ္ပသဒ္ဒါကိုလိုက်စေ၍ “သပ္ပသြဒါတက” ဟု မှတ်ပါ။

ပီတလောဟိတကဏ္ဍကာ။ ။ပီတိကာ ကဏ်ကာရပုပ္ဖဝဏ္ဏာ (မဟာလှေကား ပန်းနှင့်တူသောအဆင်းရှိ၏၊) လောဟိတိကာ ဇယသုမနပုပ္ဖဝဏ္ဏာ(လယ်ခေါင်ရန်းပွင့်နှင့်တူသောအဆင်းရှိ၏၊) ကဏ္ဍာ အဒ္ဒါရိဋ္ဌကဝဏ္ဏာ (စိုသောပတီးနက်စေ့အဆင်းရှိ၏။)—စမ္မက္ခန္ဓကအဋ္ဌကထာ။

မဟာရင်္၊ ပေ၊ ရတ္တာ။ ။မဟာ–မျှားစ္စာသော+ရင်္-ဆိုးရည်၊ မဟာရင်္ဂေန+ရတ္တာ မဟာရင်္ဂရတ္တာ—ထပ်ခါ ထပ်ခါ ဆိုးအပ်သောဘိနပ်၊ [မဟာရင်္ဂရတ္တာ သတပဒီပိဋ္ဌဝဏ္ဏာ (ကင်းခြေမျှား၏ကျောက်ကုန်းအဆင်းရှိ၏)၊] မဟာနာမေန+မျှားသောအမည်ရှိသော ဆိုးရည်ဖြင့်+ရတ္တာ–ဆိုးအပ်သောဘိနပ်၊ အရောင်

အဆင်းအမျိုးမျိုးရှိသောကြောင့် နီလဟုဌင်း ပီတ စသည်ဟုဌင်း မခေါ်နိုင်သော များသော အမည်ရှိသောဆိုးရည်ဖြင့် ဆိုးအပ်သောဘိနပ်၊ [မဟာနာမ-ရတ္တာ သမ္ဘိန္နဝဏ္ဏာ (ရောစပ်သောအဆင်းရှိသည်)ဟောတိ၊ ပဏ္ဏုပလာသဝဏ္ဏာ (ဖျော့သော သစ်ရွက်အဆင်းရှိ၏)၊—အဋ္ဌကထာ။] "မဟာနာမ—ရှားစောင်းကြီးဆိုးရည်"ဟုလည်းပေးကြ၏၊ "သမ္ဘိန္နဝဏ္ဏာ"ဟူသောအဖွင့်နှင့်မလျော်ပါ။

မဉ္ဇိဋ္ဌိကာ။ ။"မဉ္ဇိဋ္ဌဝဏ္ဏာ ဇဝ"ဟုဖွင့်၏၊ မဉ္ဇ(မဉ္ဇု)သဒ္ဒါသည် နုစ်သက်ဘွယ်အနက်ကိုဟော၏၊ အတိသယ အနက်၌ ဣဋ္ဌပစ္စည်းသက်၊ "မဉ္ဇိဋ္ဌာ—အလွန်နုစ်သက်ဘွယ်ရှိသောအဆင်း"ဟုဖြစ်၏၊ သဒ္ဒတ္ထ၌ ဣကသက်လျှင် "မဉ္ဇိဋ္ဌိကာ"ဟုဖြစ်၏၊ အဘိဓာန်နိဿယသစ်၌ "ထန်းကျင့်(နီးပါးဆေး)"ဟုဆရာတော်အနက်ပေး၏။ လောဟိတအရောင်ကဲ့သို့ အနီလည်းမဟုတ်, ပီတအရောင်ကဲ့သို့ အရွှေလည်းမဟုတ်သော နီတွေးတွေးဝါကျင့်ကျင့်ရောသောအရောင်ဖြစ်ဟန်တူသည်။ "မောင်းသောအရောင်"ဟု ရှေးကအနက်ပေးကြ၏။

စိတြာ။ ။"ပုပ္ဖလတာဒိဟိ ဝိစိတြာ"ဟု ဋီကာဖွင့်၏၊ ဘိနပ်၏ခုံအပြင်၌ပန်းပွင့်သဏ္ဌာန်, နွယ်ချောင်းသဏ္ဌာန် ဖြစ်အောင် ဆန်းကြယ်စွာ ချုပ်လုပ်အပ်သောဘိနပ်။

နီလပီတာဒိဝဒ္ဓိကာ။ ။အာဒိဖြင့် သဒ္ဒါတ, ကဏ္ဏ, လောဟိတ, မဉ္ဇိဋ္ဌိကာ, မဟာရဏ်, မဟာနာမတို့ကိုယူပါ။ ခုံအပြင်ကဲ့သို့ သဲကြိုး၌လည်း ထိုအရောင်အမျိုးမျိုးသည် မအပ်။

တိတ္တိရပတ္တိကာ။ ။တိတ္တိရပတ္တသဒိသာ (ငှက်ခါး၏အတောင်နှင့်တူသော)၊ ဝိစိတ္တဗဒ္ဓါ၊ ဆန်းကြယ်သော သဲကြိုးရှိသောဘိနပ်တို့။

မေဏ္ဍ၊ ပေ၊ ဝဒ္ဓိကာ။ ။ကဏ္ဌိကဋ္ဌာနေ၊ (သဲကြိုး ၂-ခုပေါင်းစုရာခြေညှပ်အရပ်၌။) မေဏ္ဍကသိင်္ဂသဏ္ဌာနေ၊ (သိုး၏ ဦးချိုနှင့်တူသောပုံသဏ္ဌာန် ရှိကုန်သော။)ဗဒ္ဓေ၊သဲကြိုးတို့ကို။ယောဇေတွာ၊တပ်၍။ကတာ၊-စမ္မကွန္ဒကအဋ္ဌကထာ။

၁၇၈။ ခလ္လဗဒ္ဓါ ပဋ္ဌဗဒ္ဓါ၊ တူလပုဏ္ဏာ ဥပါဟနာ။
ပါလိဂုဏ္ဍိမကာ မောရ-ပိဉ္ဆေန ပရိသိဗ္ဗီတာ။

၁၇၈။ ခလ္လဗဒ္ဓါ၊ ဖဲ့ အပ်သော ဖနောင့်ဖုံးရှိကုန်သော။ ဥပါဟနာ၊ ဘိနပ်တို့ကိုဝင်း။ ပဋ္ဌဗဒ္ဓါ၊ ခြေသလုံးမှစ၍ ဖဲ့ အပ်သော အတုပ်ရှိကုန်သော။ ဥပါဟနာ၊ ဘိနပ်တို့ကိုဝင်း။ တူလပုဏ္ဏာ၊ ပြည့်သောလဲဝါရှိကုန်သော။ ဥပါဟနာ၊ ဘိနပ်တို့ကိုဝင်း။ ပါလိဂုဏ္ဍိမကာ၊ ခြေဖဝါးအထက်၌သာ ရစ်ပတ်အပ်သော အဖုံးရှိကုန်သော။ ဥပါဟနာ၊ ဘိနပ်တို့ကိုဝင်း။ မောရပိဉ္ဆေန၊ ဥဒေါင်းမြီးဖြင့်။ ပရိသိဗ္ဗီတာ၊ ထက်ဝန်းကျင် ချုပ်အပ်ကုန်သော။ ဥပါဟနာ၊ ဘိနပ်တို့ကိုဝင်း။ (ကောစိ၊ ကျန်းမာ, မကျန်းမာ တစုံတယောက်သော ရဟန်းသည်။ ဓာရေယျ၊ ဆောင်အံ့။ ဒုက္ကဋ်၊ ဒုက္ကဋ်အာပတ်သည်။ ဟောတိ၊ ဖြစ်၏။) (ဝိ ပါ ၃-၂၇၃-၄၊ ဝိ ဋ္ဌ ၃-၃၆၇-ဂ)

ခလ္လဗဒ္ဓါ။ ။ပဏ္ဍုပိဓာနတ္ထံ၊ ဖနောင့်ကို ပိတ်ဖုံးခြင်း အကျိုးငှါ။ တလေ၊ ဘိနပ်အပြင်၌။ ခလ္လကံ၊ ဖနောင့်ဖုံးကို။ ဗန္ဓိတ္ဝာ၊ ဖဲ့တပ်၍။ ကတာ၊ ပြုအပ်သော ဘိနပ်တို့ကို။—အဋ္ဌကထာ၊ ယခုခေတ်၌ နောက်ပိတ်ခြေစုပ်ကိုဆိုလိုသည်။

ပဋ္ဌဗဒ္ဓါ။ ။ယာ ယာဝဇင်္ဃတော သမ္ဗပါဒံ ပဋိစ္ဆာဒေတိ-ခြေထောက်၌ အတုပ်ဖြင့် ဖဲ့ထားအပ်သကဲ့သို့ ခြေသလုံးတိုင်အောင် ဖဲ့ထားအပ်သော အဖုံးရှိသောဘုတ်ရှည်ခြေနင်း (စစ်သားတို့၏ မြင်းစီးရာ၌ အသုံးပြုအပ်သောဘိနပ်မျိုး) တည်း။

တူလပုဏ္ဏာ။ ။စီးသောအခါ နှူးညံ့အောင်ဘိနပ်အပြင်အတွင်း၌ လဲဝါ အခု အခံရှိသောဘိနပ်။

ပါလိဂုဏ္ဍိမကာ။ ။ပလိဂုဏ္ဍိတ္ဝာ၊ ခြေထောက်၏ ပတ်ဝန်းကျင်၌ ရစ်ပတ်၍။ ကတာ၊ ပြုအပ်သောဘိနပ်တို့။ ယာ ဥပရိပါဒမတ္တမေဝ ပဋိစ္ဆာဒေတိ,နု ဇင်္ဃ-ခြေထောက်ကိုသာဖုံးနိုင်၍ ခြေသလုံးကိုမဖုံးနိုင်သော ဘိနပ်, ခြေနင်း။

၁၇၉။ ဝိစ္ဆိကာဋိကတာ သိဟ-ဗျဃ္ဃဒ္ဒါဇိနဒီပိနံ။
မဇ္ဇာရကာဋကောလူက-စမ္မေဟိ စ ပရိက္ခဋာ။
ပါဒုကာ သက််မနိယာ၊ ကောစိ ဓာရေယျ ဒုက္ကဋံ။

၁၇၉။ ဝိစ္ဆိကာဋိကတာ၊ ကင်းမြီးကောက်အမြီးနှင့်တူသော သဲကြိုး တပ်အပ်ကုန်သော။ (ဥပါဟနာ၊ ဘိနပ်တို့ကိုဆိုင်း။ သိဟဗျဃ္ဃဒ္ဒါဇိနဒီပိနံ၊ ခြင်္သေ့, ကျား, ဖျံ, သမင်, ကျားသစ်တို့၏။ စမ္မေဟိ စ၊ အရေတို့ဖြင့်ဆိုင်း။ မဇ္ဇာရကာဋကောလူကစမ္မေဟိ စ၊ ကြောင်,ရှဉ့်, ခင်ပုတ်ကြီးရေတို့ဖြင့်ဆိုင်း။ ပရိက္ခဋာ၊ ထက်ဝန်းကျင် ကာရံအပ်ကုန်သော။ (ဥပါဟနာ၊ ဘိနပ်တို့ကိုဆိုင်း။) သက််မနိယာ၊ ထိုထိုအရပ်၌ ပြောင်းရွှေ့၍ရကောင်းကုန်သော။ ဝါ၊ ထိုထိုကျိကျိ သွားလာကြောင်းဖြစ်ကုန်သော။ ပါဒုကာ၊ ခုံဘိနပ်တို့ကိုဆိုင်း။ ကောစိ၊ ကျန်းမာ, မကျန်းမာ တစုံတယောက်သော ရဟန်းသည်။ ဓာရေ-ယျ၊ ဆောင်အံ့။ ဒုက္ကဋံ၊ ဒုက္ကဋ်အာပတ်သည်။ ဟောတိ၊ ဖြစ်၏။ (ဝိ ပါ ၃-၂၃၃-၄၊ ဝိ ဋ္ဌ ၃-၃၆၇-၈)

မောရပိဉ္ဆပရိသိဗ္ဘိတာ။ ။တလေသု ဝါ ဝဒ္ဓေသု ဝါ မောရပိဉ္ဆေဟိ သုတ္တ-သဒိသေဟိ ပရိသိဗ္ဘိတာ၊ ဘိနပ်အပြင်တို့၌ဖြစ်စေ သဲကြိုးတို့၌ဖြစ်စေ ချည်နှင့်တူသော ဥဒေါင်းမြီးတို့ဖြင့် ထက်ဝန်းကျင်ချုပ်အပ်သော် ဘိနပ်တို့။

ဝိစ္ဆိကာဋိကတာ။ ။တတ္ထဝ၊ ထိုခြေညှပ်အရပ်၌ပင်။ ဝိစ္ဆိကနဂုံဠသဏ္ဌာနေ၊ ကင်းမြီးကောက်သဏ္ဌာန် ရှိကုန်သော (ကင်းမြီးကောက်ကဲ့သို့ ကောဇနေကုန်သော)။ဝဒ္ဓေ(ဗဒ္ဓေ)၊ သဲကြိုးတို့ကို။ ယောဇေတ္ဝာ၊ တပ်၍။ ကတာ၊ ပြုအပ်ကုန်သောဘိနပ်တို့။

သိဟာဧပေစမ္မေဟိ ပရိက္ခဋာ။ ။ပရိယန္တေသု၊ ဘိနပ်အပြင်၏အဆုံးတို့၌။ စိဝရေအနုဝါတံ ဝိယ၊ သင်္ကန်း၌ အလျားအနားပတ်ကဲ့သို့။ သိဟစမ္မံ ယောဇေတ္ဝာ၊ ခြင်္သေ့ရေကိုတပ်၍ (အုပ်၍)။ ကတာ၊ ပြုလုပ်အပ်ကုန်သော ဘိနပ်တို့။ နောက်ဘိနပ်တို့၌လည်းနည်းတူ။

၁၈၀။ နီလာဒိဝဏ္ဏံ သကလံ၊ ပုဏ္ဍိတ္ဝာ ဝေကဒေသကံ။
ဥပါဟနာ ဝဋ္ဋဠ္ဍေယျ။ ဟာရေတ္ဝာ ခလ္လကာဒိကံတိ။

၁၈၀။ နီလာဒိဝဏ္ဏံ၊ အညိုအစရှိသောအဆင်းကို။ သကလံ ဝါ၊ အလုံးစုံကိုသော်၎င်း။ ဝေဒေသကံ ဝါ၊ တစိတ်ကိုသော်၎င်း။ ပုဏ္ဍိတ္ဝာ၊ သုတ်၍၎င်း။

မှတ်ချက်။ ။ဥလူကကို “ပက္ခိပိဋ္ဌာရ – ခင်ပုတ်ကြီး, တနည်း – လင်ကောင်ပိုး၊ တနည်း—ရှူးပုံ” ဟု အမျိုးမျိုးပေးကြသည်၊ ပါဠိတော်၌လည်း ဥလူကနေရာဝယ် “လုဝက” ဟု ရှိ၏။ အဋ္ဌကထာ၌ “ပက္ခိပိဋ္ဌာလ” ဟုဖွင့်သည်။ ပက္ခ စ၊ အတောင်ရှိသည်လည်း ဟုတ်၏ + သော + ပိဋ္ဌာရော စ၊ ကြောင်နှင့် တူသည်လည်းဟုတ်၏။ ဣတိ ပက္ခိပိဋ္ဌာရော၊ “မျက်နှာက ကြောင်နှင့်တူသည်” ဟူလို၊ “ပက္ခပိဋ္ဌာရော” ဟုလည်း ပါဠ်ရှိ၏။ ပက္ခေဟိ + ယုတ္တော + ပိဋ္ဌာရော ပက္ခပိဋ္ဌာရော” ဟုပြု၊ နောက်၌ “ဒိပိ” ဟု ပါသောကြောင့် အဇိနကို အရာအားလျော်စွာ မိဂ (သမင်ဇာတ်) ကို ယူပါဟု ဋီကာသစ်ဆို၏။

သင်္ကမနီယာ။ ။ကုဋိအိမ် ကျင်ငယ်အိမ်တို့၌ ပြောင်းလှေ့၍မရသော ခြေနင်းခုံတို့ကို ယူမည်စိုး၍ “သင်္ကမနီယာ” ဟု ဝိသေသန ပြုသည်၊ ခုံဘိနပ်ကို ယူပါ – ဟူလို၊ ထို ခုံဘိနပ်တို့ကို နံနက်စောစော စင်္ကြံသွားရာ၌ တခွပ်ခွပ် မြည်သောကြောင့် ပယ်မြစ်တော် မူသည်။

မှတ်ချက်။ ။ယခုခေတ်၌ ဘိနပ်တန်ဘိုးကြီးများ၍ ရှားပါးရကား တာရာအပျက်တို့ကို ဘိနပ်လုပ်၍ စီးကြရှာ၏၊ ထို ဘိနပ်တို့၌ ပယ်မြစ်အပ်သော သင္ဘနီလက စသော ဘိနပ်တို့ကဲ့သို့ အလှအပလည်း မရှိ၊ ခုံဘိနပ်ကဲ့သို့ တခွပ်ခွပ် လည်း မမြည်၊ ခြေထောက်၌ အပူ အအေး, ဖုံစသည်ကို ကာကွယ်ရုံမျှသာ ဖြစ်၏၊ ထို့ကြောင့် ထို ဘိနပ်တို့ကို မအပ်စရာ မရှိဟု ထင်သည်၊ ရာဘာခံထားသော ဘိနပ်မျှားမှာ သံသယရှိဘွယ် မလိုပါ၊ သစ်ပင်အစေးမှ ထုတ်သောကြောင့် သစ်သားဘိနပ်ကဲ့သို့ သံသယရှိကြသည်မှာ လွန်လွန်းဟန် တူသည်။

သကလံ ပုဏ္ဍိတ္ဝာ ဝေဒေသံ။ ။“ဝေတသု ယံကိဉ္စိ လဘိတ္ဝာ ရဇနံ စောဋ္ဌကေန ပုဏ္ဍိတ္ဝာ ဝဏ္ဏံ ဘိန္ဒိတ္ဝာ ဓာရေတုံ ဝဋ္ဋတိ၊ အပ္ပမတ္တကေပိ ဘိန္နေ

ခလွကာဒိကံ၊ နောက်ပိတ်စသည်ကို။ ဟာရေတ္ဝာ၊ ပယ်ရှားချင်း၊ ဥပါ-ဟနာ၊ ဘိနပ်တို့ကို။ ဝဠဉ္ဇယျ-သုံးစွဲရာ၏။....ဣတိ၊ ဥပါဟနဒ္ဒုစ်စပ်၍ မှတ်ဘွယ်အပြီးတည်း။ (ဝိ ပါ ၃-၂၇၃-၄၊ ဝိ ဋ္ဌ ၃-၃၆၇-၈)

ဝဠဉ္ဇတိယော ဝ – ခုံအပြင်သားရေ, သဲကြိုးသားရေ တို့၌ ဆိုးထားအပ်သော အရောင်ကို အဝတ်ပိုင်းဖြင့် ပတ်တိုက်၍ အဆင်းကို ဖျက်ပြီးမှ စီးကောင်း၏၊ အနည်းငယ်မျှ အဆင်းပျက်လျင် အပ်တော့သည်သာ” ဟု အဋ္ဌကထာ မိန့်၏၊ အဆန်းတကြယ် ချုပ်ထားအပ်သော စိတြဘိနပ်၏ ကြိုးမျှားကို ဖြေနိုင်လျင် ဖြေ၍ မဖြေနိုင်လျင် အတောင်အတန် ပျက်အောင် ဖျက်ပြီးမှ စီးသင့်သည်။

ဝိမတိ။ ။အရောင်ဖျက်ရာ၌ ဖျက်၍မရလောက်အောင် အရောင်ခိုင်နေလျင် “စမ္မဂတိက – သားရေနှင့် သဘောတူ”ဟု ယူဆ၍ သံသယ မရှိဘဲ စီးနိုင်သည်-ဟု ဆို၏၊ [ယံ ပန စမ္မဿ ဒုဂ္ဂန္ဓဘပနယတ္ထံ (မကောင်းသော အနံ့ကို ပယ်ခြင်းငှါ) ကာဠရတ္တာဒိရဇနေဟိ ရဉ္ဇိတတ္တာ ကာဠရတ္တာဒိဝဏ္ဏံ ဟောတိ၊ စောဠာဒိဟိ အပနေတုံ န သက္ကာ (သုတ်ပစ်, ပွတ်ပစ်ရုံဖြင့် မရ)၊ စမ္မဂတိကမေဝ (သားရေနှင့် အလားတူနေသည်သာ)၊ တသ္မာ တံ ဝဠဉ္ဇတိတိ ဒဋ္ဌဗ္ဗံ၊ – စမ္မက္ခန္ဓက ဋီကာ၊ ဆရာတို့ကား ပွတ်ဖျက်၍မရလောက်အောင် စုံနေသော အဆင်းမျှားကို သဲကြိုး, ချုပ်ရိုးမျှားဌ၌ အဆင်းဖျက်ရာရောက်အောင် မင်စသည်ဖြင့် ခြစ်၍ အနည်းငယ် ဖျက်ကြပါသေးသည်။

သတိပ္ပဋ္ဌာနယ်။ ။ယခုခေတ်၌ အရောင်အမျိုးမျိုး ဆိုးထားသောဘိနပ်, ကြိုးအမျိုးမျိုးတို့ဖြင့် ဆန်းကြယ်စွာ ချုပ်ထားသော ဘိနပ်တို့ကို တွေ့ကြရသည်၊ ဖျက်မိအောင် ဖျက်ပြီးမှ စီးဘို့ရန် သတိပ္ပဋ္ဌာန်သင့်ကြသည်။

အနောလောကိယနိဒ္ဒေသ

အနောလောကိယန္တိ၊ “ အနောလောကိယံ ” ဟူသော ဥဒ္ဒေသ၏။ (နိဒ္ဒေသော၊ နိဒ္ဒေသကား—)

[အနောလောကိယ၊ မကြည့်အပ် မကြည့်ထိုက် မကြည့်ကောင်းသော အရာဌာန။]

၁၈၁။ သာရတ္တော ဣတ္ထိယာ ယောနိ ံ၊ မုခံ ဝါ ဘိက္ခဒါယိယာ။
ပရဿ ပတ္တမုဇ္ဈာန-သညီ ဝါ အတ္တနော မုခံ။
အာဒါသောဒကပတ္တေ ဝါ၊ ဩလောကေယျာသ ဒုက္ကဋန္တိ။

၁၈၁။ သာရတ္တော၊ လွန်စွာတပ်မက်သည်။ (ဟုတ္ဝာ၊ ဖြစ်၍။) ဣတ္ထိယာ၊ အမသတ္တဝါ၏။ ယောနိ ံ၊ အင်္ဂါဇာတ်ကိုဆိုင်း။ ဘိက္ခဒါယိယာ၊ ဆွမ်းလောင်းသော မိန်းမ၏။ မုခံ ဝါ၊ မျက်နှာကိုဆိုင်း။ ဥဇ္ဈာနသညီ၊ ကဲ့ရဲ့ခြင်းဥဿညာရှိသည်။ (ဟုတ္ဝာ၊ ဖြစ်၍။) ပရဿ၊ သူတပါး၏။ ပတ္တံ ဝါ၊ သပိတ်ကိုဆိုင်း။ အာဒါသေ ဝါ၊ မှန်ဥသော်ဆိုင်း။ ဥဒကပတ္တေ ဝါ၊ ရေခွက်ဥသော်ဆိုင်း။ အတ္တနော၊ မိမိ၏။ မုခံ၊ မျက်နှာကိုဆိုင်း။ ဩလောကေယျ၊ ကြည့်

သာရတ္တော၊ ပေ၊ ယောနိ ံ ။ ။သံ+ရတ္တော၊ သံ – ပြင်းစွာ+ရတ္တော – တပ်မက်သူ၊ ရာဂဖြင့် သာယာသည်ဖြစ်၍ မိန်းမ၏ အင်္ဂါဇာတ်ရှိရာ အရပ်သို့ မကြည့်ရ၊ “ ဣတ္ထိယာ ”အရ လူမိန်းမသာမက အမသတ္တဝါ အားလုံးကိုယူပါ၊ “ ယောနိ ”ဟူရာ၌ အင်္ဂါဇာတ်သာမက အင်္ဂါဇာတ်ရှိရာ အရပ်ကိုယူပါ၊

အဋ္ဌကထာ။ ။သစေပိ ပဋ္ဌသတံ နိဝတ္ထာ ဟောတိ – အဝတ်များစွာထပ်၍ ဝတ်ထားစေကာမူ ဣမသ္မိံ ပန ဩကာသေ နိမိတ္တံတိ ဥပနိဇ္ဈာယန္တသာ ဒုက္ကဋမေဝ-ဤအရပ်၌ အင်္ဂါဇာတ် ရှိ၏ဟု မှန်း၍ စူးစိုက်စွာရှုသော ရဟန်းမှာ

အံ့။ အဿ၊ ထိုရဟန်း၏။ ဒုက္ကဋ်၊ ဒုက္ကဋ်အာပတ်သည်။ (ဟောတိ၊ ဖြစ်၏။)....ဣတိ၊ အနောလောကိယနှင့်စပ်၍ မှတ်ဘွယ်အပြီးတည်း။ (ဝိ ပါ ၁-၁၆၉၊ ဝိ ပါ ၂-၂၅၄၊ ဝိ ပါ ၄-၂၄၂-၃၈၂-၄၊ ဝိ ဋ္ဌ ၂-၁၁၈၊ ဝိ ဋ္ဌ ၃-၁၆၆၊ ဝိ ဋ္ဌ ၄-၁၄၁)

ဒုက္ကဋ်အာပတ်သင့်သည်သာ၊ အနိဝတ္ထာနံ ဂါမဒါရိကာနံ နိမိတ္တံ ဥပနိဇ္ဈာ-ယန္တဿ ပန ကိမေဝ ဝတ္တဗ္ဗံ-အဝတ် မဝတ်သေးသော ကလေးမတို့၏ နိမိတ်ကို ရှုရာ၌ကား ပြောဘွယ်မလို၊ တိရစ္ဆာနဂတာနံပိ နိမိတ္တေ ဧသေဝ နယော-တိရစ္ဆာန်မတို့၏ နိမိတ်၌လည်း နည်းတူ၊ ပါရာဇိက ကာယသံသဂ္ဂသိက္ခာပုဒ်။

မုခံ ဝါ ဘိက္ခဒါယိယာ။ ။ဆွမ်းလောင်းသော မိန်းမကို ဥပလက္ခဏ နည်းအားဖြင့် မှတ်၍ ဆိုသည်၊ ဆွမ်းလောင်းသော ယောကျ်ား၏ မျက်နှာကိုလည်း မကြည့်ရ၊ [ဘိက္ခဒါယိယာတိ ဥပလက္ခဏမတ္တံ၊ ဣတ္ထိံ ဝါ ဟောတု ပုရိသော ဝါ၊ ဘိက္ခာဒါနသမယေ အသာရတ္တေနာပိ (ရာဂစိတ်မရှိစေကာမူ) မုခံ နဉ္ဇလ္လောကေတဗ္ဗံ (မော်၍ မကြည့်ရ)၊ –ဋီကာသစ်။

ပရဿ၊ ပေ၊ သညီ။ ။သေခိယဉ်္ဇလာသော "နဉ္ဇာနသညီ ပရေသံ ပတ္တံ ဩလောကေဿာမီတိ" သိက္ခာပုဒ်ပင်တည်း၊ ဤသိက္ခာပုဒ်၌ ဂိလာနလည်း အာပတ်မှမလွတ်။

အတ္တနော မုခံ။ ။မှန်၌သာမက မျက်နှာရိပ်ထင်လောက်သော ကံသပတ္တံ-ကြေးခွက်, ကြေးမုံ စသည်တို့၌လည်း မျက်နှာရိပ်မကြည့်ရ၊ ရေခွက်၌သာ မက ပုန်းရည်ကြည်ကြည်၌လည်း မျက်နှာရိပ်ထင်နိုင်လျှင် မကြည့်ရ၊ အနာရှိလျှင်ကား အသားနုတက်, မတက်ကို သိဘို့ရန်၎င်း "ငါသည် အိုပြီလား, မအိုသေးဘူးလား" စသည်ကို သိလိုသောကြောင့်၎င်း မျက်နှာရိပ်ကို မှန်စသည်၌ ကြည့်ကောင်းပါ၏၊ –စူဠဝဂ် ခုဒ္ဒကဝတ္ထု အဋ္ဌကထာ။

အဉ္ဇနီနိဒ္ဒေသ

အဉ္ဇနီတိ၊ "အဉ္ဇနီ"ဟူသော ဥဒ္ဒေသ၏။ (နိဒ္ဒေသော၊ နိဒ္ဒေသကား—)

၁၀၂။ ဝဋ္ဋာဌသောဋ္ဌသံသာ ဝါ၊ မဋ္ဌာ ဝဋ္ဋတိ အဉ္ဇနီ။

တိသောပိ မူလေ ဂိဝါယံ၊ လေခါ ဧကာဝ ဗန္ဓိတုံ။

၁၀၂။ ဝဋ္ဋာ ဝါ၊ လုံးသည်မူလည်း ဖြစ်သော။ အဋ္ဌသောဋ္ဌသံသာ ဝါ၊ ရှစ်မြောင့်, တဆယ့်ခြောက်မြောင့်ရှိသည်မူလည်း ဖြစ်သော။ မဋ္ဌာ၊ ပန်းပြောက် ပန်းနွယ်မနှော လုံးချောဖြစ်သော။ အဉ္ဇနီ၊ မျက်စဉ်းကျည်သည်။ ဝါ၊ မျက်စဉ်းကျည်တောက်,မျက်စဉ်းဗူးသည်။ မူလေ၊ အရင်း၌။ တိသောပိ၊ သုံးမျိုးလည်း ဖြစ်ကုန်သော။ လေခါ၊ အရေးတို့သည်။ ဝဋ္ဋန္တိ၊ အပ်ကုန်၏။ ဂိဝါယံ၊ လည်ပင်း၌။ ဗန္ဓိတုံ၊ အပိတ်ကို ဖဲ့ချည်ခြင်းငှါ။ ဧကာဝ၊ တမျိုးတည်းသာလျှင် ဖြစ်သော။ လေခါ၊ အရေးသည်။ ဝဋ္ဋတိ၊ အပ်၏။ (ဝိ ပါ ၃-၂၉၄၊ ဝိ ပါ ၄-၂၇၆၊ ဝိ ဋ္ဌ ၁-၂၅၃)

ဝဋ္ဋာ၊ ပေ၊ အဉ္ဇနီ။ ။အဉ္ဇောတိ မက္ခေတိ ဧတေနာတိ အဉ္ဇနံ၊ မျက်စိကို အေးအောင် မျက်လုံး၏ ပတ်ဝန်းကျင်၌ သုတ်လိမ်းကြောင်း မျက်ရေးကွင်းကြောင်း ဆေးကို "အဉ္ဇန"ဟု ခေါ်၏။ အဉ္ဇနထည့်ရာဖြစ်သော ဗူးသည် အဉ္ဇနီမည်၏။ အဉ္ဇနံ+ယတ္ထာတိ အဉ္ဇနီ၊ ထိုဗူးသည် ဝဋ္ဋ(အလုံး) အဋ္ဌသ (ရှစ်ထောင့် ရှစ်မြောင့်ရှိသော) ဗူး, သောဋ္ဌသံသ (ဆယ့်ခြောက်မြောင့်ရှိသော) ဗူးသည် အပ်၏။ ဒုတိယပါဌာဇိက ဓနိယဝတ္ထု အဋ္ဌကထာ၌ "ဥဇုကမေဝ စတုရံသာ ဝါ အဋ္ဌံသာ ဝါ သောဋ္ဌသံသာ ဝါ အဉ္ဇနီ ဝဋ္ဋတိ"ဟု ဆိုသောကြောင့် စတုရံသာ (၄-မြောင့်) ဗူးလည်း အပ်၏။ "မဋ္ဌာ ပဋ္ဌလတာဒီဟိ အစိတ္တကာ"ဟု ဆိုသောကြောင့် ပန်းပြောက် ပန်းနွယ် စသည်တို့ဖြင့် မရောဘဲ ပြေပြစ်ချောမောသော ဗူးကို "မဋ္ဌာ"ဟု ဆိုလိုသည်။

၁၈၃။ ယံကိဉ္စိ ရူပံ မာလာဒိ-ကမ္မံ မကရဒန္တကံ။
ဂေါမုတ္တကဖုစန္ဒာဒိ-ဝိကာရံ နေတ္ထ ဝဋ္ဋတိ။

၁၈၃။ တ္ထေ၊ ဤမျက်စဉ်းကျည်၌။ ယံကိဉ္စိ၊ အမှတ်မရှိ တစုံတခုသော။ ရူပံ၊ အရုပ်သည်ၵင်း။ မာလာဒိကမ်မံ၊ ပန်းပြောက်စသော အမှုသည်ၵင်း။ မကရဒန္တကံ၊ မကန်း သွားပုံသဏ္ဌာန်သည်ၵင်း။ ဂေါမုတ္တကဖုစန္ဒာဒိဝိကာရံ၊ နွားကျင်ငယ်ကြောင်းသဏ္ဌာန်, လထက်ဝက်သဏ္ဌာန်အစရှိသော ထူးခြားစွာ ပြုအပ်သော အမှုသည်ၵင်း။ န ဝဋ္ဋတိ၊ မအပ်။ (ဝိ ဋ္ဌ ၁-၂၅၃)

တိဿော၊ ပေ၊ ဗန္ဓိတုံ။ ။ဗူး၏အရင်းပိုင်း၌ အရေး (အရစ်) ၃-ရစ်သည် အပ်၏၊ [“၁-ရစ် ၂-ရစ်၏ အပ်ကြောင်းကို အထူးဆိုဘွယ်မလို”ဟု ပိသဒ္ဒါဖြင့် ပြသည်၊] လက်ဖြင့် ကိုင်သောအခါ ထိုအရစ်များကြောင့် ချော်၍မကျနိုင်၊ အထက်လည်ပင်း၌ကား အပိတ်၏ကြိုးကို ဖွဲ့ချည်ဘို့ရာ အရေး(အရစ်)တခုသာ အပ်၏။

ယံကိဉ္စိ၊ ပေ၊ နေတ္ထ ဝဋ္ဋတိ။ ။အဥ္ဇနီယံ ဣတ္ထိပုရိသစတုပ္ပဒသကုဏ္ဍံ ဝါ မာလာကမ္မ လတာကမ္မ မကရဒန္တက ဂေါမုတ္တ အဖုစန္ဒကာဒိဘေဒံ ဝိကာရရူပံ နု ဝဋ္ဋတိ၊ [မျက်စဉ်းဗူးကိုပင် “မျက်စဉ်းကျည်”ဟု ခေါ်၏၊ “ကျည်တောက်”ဟူလို၊] ဤမျက်စဉ်းဗူး၌ မိန်းမရုပ်, ယောကျ်ားရုပ်, အခြေ ၄-ချောင်းရှိသော သားကောင်ရုပ်, ငှက်ရုပ်, ပန်းပြောက်, နွယ်ချောင်း, မကန်းသွား (ခွေးသွားစိပ်) နွားကျင်ငယ်အကြောင်းကဲ့သို့ ကောက်သောအကြောင်း, လ အရေးကဲ့သို့ ကွေးသောအကြောင်း စသော ဝိကာရ (ထူးခြားသော ခြယ်လှယ်မှု) တခုမျှမအပ်။—ဒုတိယပါရာဇိကအဋ္ဌကထာ၊ သူတပါးထံမှ ရလျှင်လည်း ထိုအရုပ် စသည် မပေါ်ထင်အောင် ကြိုးဖြင့်ရစ်ပတ်ပြီးမှ သုံးစွဲအပ်၏။

၁၈၄။ လဇ္ဇောကဝဏ္ဏသုတ္တေန၊ သိဗ္ဗိတုံ ထဝိကာ တထာ။
သိပါဠိ္ဌိ ကုဋ္ဌိကာကောဿော၊ သလာကာပိ အစိတ္တကာ။

၁၈၄။ ထဝိကာ၊ မျက်စဉ်းအိတ်ကိုဆိုင်း။ တထာ၊ ထိုမှတပါး။ သိပါဠိ၊ သင်တုန်းအိတ်ကိုဆိုင်း။ ကုဋ္ဌိကာကောဿော၊ သံကောက်အိတ်ကိုဆိုင်း။ ကေဝဏ္ဏသုတ္တေန၊ တမျိုးတည်း အဆင်းရှိသော ချည်ဖြင့်။ သိဗ္ဗိတုံ၊ ချုပ်ခြင်းငှါ။ လဇ္ဇာ၊ ရအပ်၏။ (သုံးစွဲခြင်းငှါ အပ်၏-ဟူလို) အစိတ္တကာ၊ ဆန်းကြယ်သောအရုပ်, ပန်းပြောက်စသည် မရှိသော။ သလာကာပိ၊ မျက်စဉ်းတံကို လည်း။ လဇ္ဇာ၊ ရအပ်၏။ (ဝိ ဋ္ဌ ၁-၂၅၃)

လဇ္ဇော၊ ပေ၊ တထာ။ ။ထိုမျက်စဉ်းပူး ထည့်စရာအိတ်ကို "ထဝိကာ" ဟုဆိုလို၏၊ ထိုအိတ်ကို အဖြူဖြစ်စေ အနီ စသည်ဖြစ်စေ အဆင်တမျိုးတည်းသာရှိသောချည်ဖြင့် ချုပ်ကောင်း၏၊ အဆင်အမျိုးမျိုးရှိသော ချည်ဖြင့် မချုပ်ကောင်း၊ "သိပါဠိ" ဟူသည် သင်တုန်းထည့်ရာအိတ်တည်း၊ "ကုဋ္ဌိကာကောသ" ဟူသည် သံကောက်ထည့်စရာ အိတ်တည်း၊ ထို အိတ်များကိုလည်း ထိုအတူ အဆင်းတမျိုးသာရှိသောချည်ဖြင့် ချုပ်ရမည်၊ [ယခုအခါ သင်တုန်းအိတ်အစား သင်တုန်းအိမ်ဖြစ်နေပြီ၊ ယခုအခါ တံခါး၏မင်းတုန်းကို ဖွင့်ဘိုရာ သံကောက်အစား ယခုအခါ သော့ဖြစ်နေပြီ။]

သလာကာ အစိတ္တကာ။ ။မျက်စဉ်းတိုကို တို့၍ ယူဘိုရန် ဒုတ်တံကို "သလာကာ" ဟု ခေါ်၏၊ ထိုဒုတ်တံကိုလည်း ဆန်းကြယ်လှပအောင် မပြုရ၊ ရိုးရိုးသာ ဖြစ်စေရမည်— ဟူလို။

၁၀၅။ သခ်ၤနာဘိဝိသာဏၰိ-နဋ္ဌဒန္တမယာ တထာ။
ဖလကဋ္ဌမယာ ဝေဋ္ဌ-လာခါလောဟမယာပိ စ။

၁၀၆။ အဥ္ဇုနိယော သလာကာယော၊ မူမနေတ္တာ စ လဗ္ဘရေ။
တထာ သတ္ထကဒဏ္ဍာနိ၊ နတ္ထုဒါနာ စ တမ္မယာတိ။

၁၀၅,၆။ သခ်ၤနာဘိ ဝိသာဏၰိ နဋ္ဌ ဒန္တမယာ၊ ခရုသင်းချက်ဖြင့် ပြုအပ်ကုန်, ဦးချိုဖြင့် ပြုအပ်ကုန်, လူရိုးမှတပါးသော အရိုးဖြင့် ပြုအပ်ကုန်, ကျွဲဖြင့် ပြုအပ်ကုန်, ဆင်စွယ်စသည်ဖြင့် ပြုအပ်ကုန်သော။ အဥ္ဇုနိယော စ၊ မျက်စဉ်းကျည်တို့ကိုဆိုင်း။ တထာ၊ ထိုမှတပါး။ ဖလကဋ္ဌမယာ၊ အသီးဖြင့် ပြုအပ်ကုန်, သစ်သားဖြင့် ပြုအပ်ကုန်သော။ (အဥ္ဇုနိယော စ၊ မျက်စဉ်းကျည်တို့ကိုဆိုင်း။) ပန၊ ထိုမှတပါး။ (အခြို့စာအုပ်တို့၌ "ပိစ"ဟု ရှိ၏။) ဝေဋ္ဌ-လာခါလောဟမယာ၊ ဝါးဖြင့် ပြုအပ်ကုန်, ချိတ်, ကြေး, သံဖြင့်ပြုအပ်ကုန်သော။ (အဥ္ဇုနိယော စ၊ မျက်စဉ်းကျည်တို့ကိုဆိုင်း။) တမ္မယာ၊ ထိုခရုသင်းချက်စသည်ဖြင့် ပြုအပ်ကုန်သော။ သလာကာယော စ၊ မျက်စဉ်းတံတို့ကိုဆိုင်း။ မူမနေတ္တာ စ၊ အခိုးကို ဆောင်ကြောင်း ဆေးတံတို့ကိုဆိုင်း။ တထာ၊ ထိုမှတပါး။ သတ္ထကဒဏ္ဍာနိ၊ ခေါင်းယ်ရိုးတို့ကိုဆိုင်း။ နတ္ထုဒါနာ စ၊ နှာနှုပ်တံတို့ကိုဆိုင်း။ လဗ္ဘရေ၊ ရအပ်ကုန်၏....ဤတိ၊ အဥ္ဇုနီနှင့်စပ်၍ မှတ်ဘွယ်အပြီးတည်း။ (ဝိ ပါ ၃-၂၉၅-၆၊ ဝိ ပါ ၄-၂၅၂၊ ဝိ ဋ္ဌ ၃-၃၇၃၊ ဝိ ဋ္ဌ ၄-၄၉)

သခ်ၤနာဘိ၊ ပေ၊ မယာပိ စ။ ။"အနုဇာနာမိ ဘိက္ခဝေ အင်္ဌိမယံ၊ ပေ၊ သခ်ၤနာဘိမယံ" ဟူသော မဟာဝဂ္ဂ-ဘေသဇ္ဇက္ခန္ဓကပါဠိတော်မှ ယူအပ်သော ပါဠိတည်း၊ အနက်အတိုင်းပင် သိသာပြီ၊ သခ်ၤနာဘိဟူရာ၌ မရှိသင်း၏ခွက်၌ ဗူးလုပ်ဘို့ရန် အသားမရှိ၊ ခရုသင်းချက်၌ကား ထူသောကြောင့် ဗူးလုပ်၍ ဖြစ်နိုင်သည်၊ ထို့ကြောင့် "သခ်ၤနာဘိမယ" ဟု ဆိုသည်၊ "အင်္ဌိ" ဟူရာ၌ လူ၏အရိုးမှတပါး ကြွင်းသော အရိုးများတည်း၊ "ဒန္တ" ဟူရာ၌ ဆင်၏အစွယ်စသော အလုံးစုံသော အစွယ်တည်း။— ထို အဋ္ဌကထာ။

ဓူမနေတ္တာ။ ။ဓူမ– အခိုးကို + နေတ္တာ–ဆောင်ယူကြောင်း ဆေးတံ၊ “အခိုးသောက်ပန်းတု”ဟုလည်းပေးကြသည်၊ နပုလ္လိင် ဖြစ်၍ “နေတ္တာနိ”ဟု ဆိုလိုလျက် နိကို အာပြုထားသည်၊ ဤဓူမနေတ္တဠ်လည်း အဥ္စနီနှင့်အလားတူ အဠိမယ စသည်ကို ခွင့်ပြုတော်မူသည်။

မှတ်ချက်။ ။အရှင် ပိလိန္ဒဝစ္ဆမှာ ခေါင်းပူရောဂါရှိ၍ နှာနှပ်မှုကို ခွင့်ပြုတော်မူရာ မခံသာအောင်ရှိသောကြောင့် “အနုဇာနာမိ ဘိက္ခဝေ ဓူမံ ပါတုံ”ဟု အခိုးသောက်ခွင့် ပြုတော်မူ၏၊ ထိုသို့ ခွင့်ပြုသောအခါ ဝဋ္ဋံ– အခိုးလိပ် အခိုးလုံး (ဆေးလိပ်)ကို သောက်လျှင် လည်ချောင်းဠပူသောကြောင့် ဤဓူမနေတ္တာကို ခွင့်ပြုတော်မူသည်၊ ထို့ကြောင့် ဆေးတံကိုငင်း ကုလားလူမျိုးတို့၏ တမာဂူကိုငင်း ဓူမနေတ္တာဟု မှတ်ပါ၊ ဆေးလိပ်မှ အခိုးအငွေ့သည် လည်ချောင်းဠ စွဲကပ်နေသောကြောင့် အဗ္ဗောဟာရိကမဟုတ်၊ ယာဝဇီဝိကတည်း၊ ဆေးလိပ်ကို သင့်မြတ်သောရောဂါရှိမှ အကပ်ခံ၍ နေလွဲအခါဠ သောက်ကောင်း၏။

နံနက်ပိုင်းဠကား ထိုနေ့ဠအကပ်ခံလျှင် ယာဝကာလိကနှင့်ရောသော်လည်း အပြစ်မရှိပါ၊ သို့သော် အရုဏ်မတက်မီ ရောဂါမရှိဘဲ အကပ်ခံ၍ သောက်လျှင် ဆိုင်ရာသိက္ခာပုဒ်အရ အပြစ်ရှိ၏၊ ရောဂါရှိစေကာမူ ထိုဆေးခိုးက အာခေါင်ဠကပ်နေစဉ် အရုဏ်တက်သောအခါ ယာဂု စသည် သောက်၍ ထိုယာဂုဖြင့် အာခေါင်ဠ ရောမိလျှင်လည်း သန္ဓိဓိအပြစ်ဖြစ်နိုင်ပုံ, အကပ်မခံလျှင် ဒန္ဓပေါနသိက္ခာပုဒ်အရ အပြစ်ဖြစ်နိုင်ပုံကို သတိပြုရာ၏၊ [အကျယ်ကို ပါစိတ်ဘောဇနဝဂ် ဒန္ဓပေါနသိက္ခာပုဒ်ဠရှုပါ။] ဆေးဝါးမှု, ကွမ်းစားမှုဠလည်းနည်းတူ။

အကပ်ိယသယနနိဒ္ဒေသ

အကပ်ိယသယနာနိတိ၊ "အကပ်ိယသယနာနိ" ဟူသော ဥဒ္ဒေသ၏၊ (နိဒ္ဒေသော၊ နိဒ္ဒေသကား—)

၁၀၇။ အာသန္ဒီ တူလီ ပလ္လင်္ကော၊ ပဋိကံ ဂေါနစိတ္တကံ။
ပဋလီ ဝိကတီ ဥဒ္ဒ-လောမီ ဧကန္တလောမိကာ။

၁၀၇။ အာသန္ဒီ၊ တတောင့်ထွာထက် လွှန်သော အခြေရှိသော ညောင်စောင်းအင်းပျဉ်ဌင်း။ (ဤတမျိုးသာ ဥစ္စာသယနတည်း)။တူလီ၊ လဲ ၃-မျိုး-အဆာရှိသော အခင်းဌင်း။ ပလ္လင်္ကော၊ အခြေတို့၌ ခြသေ့ သစ်ကျားစသော သားရဲရုပ်ရှိသော ပလ္လင်ဌင်း။ ပဋိကံ၊ ပန်းပြောက်မခြယ် အဖြူ။ ထည်သက်သက် သားမွေးဖြင့် ရက်အပ်သော အခင်းဌင်း။ ဂေါန (ဂေါနကံ)၊

အကပ်ိယသယန။ ။ဥစ္စာသယန မဟာသယန သိက္ခာပုဒ်၌ လာသော အိပ်ရာ (အိပ်စရာ) ထိုင်စရာအားလုံးကို အကပ်ိယသယန ဟု ဆိုလိုသည်၊ ဆိုကြောင့် သယန (အိပ်စရာ)ကို ပဓာန အားဖြင့် ဆိုထားသော်လည်း ထိုင်စရာ အာသနတို့လည်း အပဓာနအားဖြင့် ဤနိဒ္ဒေသ၌ ယူထားသည်ဟု မှတ်ပါ၊ မှန်၏-ပိဋကသည်တို့သည် ထိုင်စရာမျှားဖြစ်ကြ၏။

အာသန္ဒီ။ ။" အာသန္ဒီတိ ပမာဏာတိက္ကန္တာသနံ- ပမာဏကို လွှန်သော နေရာ " ဟု စမ္မက္ခန္ဓကအဋ္ဌကထာ ဖွင့်၏၊ ထိုပမာဏဟူသည် ရတနဝဂ် မဉ္ဇ-သိက္ခာပုဒ်၌ လာသော ဘုရားရှင်၏ လက်သစ်တော်အားဖြင့် ရှစ်လက်သစ် (မဇ္ဈိမပုရိသပမာဏအားဖြင့် တတောင့်ထွာ) ပမာဏတည်း။ [အာသန္ဒီတိ အတိရေကဋ္ဌင်္ဂုလပါဒကာနိ မဉ္ဉပိဋ္ဌာနိ – လက်ရှစ်သစ် ပမာဏထက် လွှန်သော အခြေရှိသော ညောင်စောင်း အင်းပျဉ်တို့၊ ထိုတွင် မဉ္ဉဟူသည် အိပ်စရာ ခတင်တည်း၊ ပိဋကား မဉ္ဉကဲ့သို့ မရှည်လွှန်းသော ထိုင်ခုံတည်း။

အလျားး အနံရှည်ကျယ်၍ လက်လေးသစ်ထက် လွန်သော အမွေးရှိသော သားမွေးကော်ဇောနက်ကြီးငင်း။ စိတ္တကံ၊ ချုပ်အပ်ရက်အပ်သော အင်္ကျက်တိုဖြင့် ဆန်းကြယ်ခသာ သားမွေးအခင်းငင်း။ ပဋလီ၊ ပန်းပြောက်တိုဖြင့် ခြယ်အပ်သော သားမွေးအခင်းငင်း။ ဝိကတီ၊ ခြင်္သေ့ သစ်ကျား အရုပ်များဖြင့် ထူးပြား ဆန်းကြယ်အောင် ပြုအပ်သော သားမွေးအခင်းငင်း။ ဥဒ္ဓလောမီ၊ အတွင်းအပြင် ၂-ဘက်၌ ပေါ်ထွက်သော အမွေးရှိသော ၂-ဘက်ချော သားမွေးအခင်းငင်း။ ဧကန္တလောမီကာ၊ အဘွင်းတဘက်၌သာ ပေါ်ထွက်သော အမွေးရှိသော တဘက်ချော သားမွေးအခင်းငင်း။ (ဝိ ပါ ၃-၂၈၀ဝိ ပါ ၄-၂၉၄-၃၁၃၊ ဝိ ဋ္ဌ ၃- ၃၆၉၊ ဝိ ဋ္ဌ ၄-၅၉)

မှတ်ချက်။ ။စုဠဝဂ္ဂ သေနာသနက္ခန္ဓကဋ္ဌ “ အနုဇာနာမိ ဘိက္ခဝေ ဥစ္စကံပိ အာသန္ဒိကံ-မြင့်သော အာသန္ဒိကကိုလည်း ခွင့်ပြုတော်မူ၏ ” ဟု လာသော အာသန္ဒိကသည် ၄-ထောင့် အင်းပျဉ်တည်း၊ ဤဋ္ဌလာသော အင်းပျဉ်ကား ၄-ထောင့်မဟုတ်၊ တဘက်က အလျားရှည်သော ထိုင်ခုံ ဖြစ်သည်ဟု မှတ်ပါ။

တူလီ။ ။တူလံ ယတ္ထ အတ္ထိတိ တူလီ၊ လက်ပံပင် စသည်မှ ဖြစ်သော လက်ပံလဲ (ဝါ), နွယ်ပင်မှ ဖြစ်သော နွယ်လဲ , ဖောင်းခါးမြက် ရှင်မွေးလွန်း မြက်တို့မှဖြစ်သော မြက်လဲဟု လဲ (ဝါ) အမျိုးအစားတွင် တမျိုးမျိုး သွင်းထား ရာအခင်းကို တူလီ (တူလိကာ) ဟု ခေါ်၏။

ပလ္လင်္ကော်။ ။“ ပလ္လင်္ကော် တု စ မဉ္စကော ” အဘိဓာန် (၃၀၈) နှင့် အညီ ညောင်စောင်းငယ်ကိုပင် “ ပလ္လင် ” ဟု ခေါ်၏၊ သို့သော် မအပ်သော နေရာကို ပြရာဌာန ဖြစ်သောကြောင့် “ ပလ္လင်္ကော်တိ ပါဒေသု ဝါဠုရုပါနိ ဌပေတွာ ကတော ” ဟူသော အဋ္ဌကထာနှင့် အညီ ခြေတို့၌ ခြင်္သေ့ ရုပ် စသော သားရဲကောင်တို့၏ အရုပ်ကို တပ်၍, ထု၍ , ထွင်း၍ လုပ်အပ်သော ပလ္လင်ကိုယူပါ။ ဋီကာဟောင်း၌ “ တခြားက ဆောင်ယူအပ်သော အရုပ်ရှိလျှင်

သာ မအပ်၊ ထိုခြေ့ ပေါ်ထင်စေ၍, ထွင်း၍ ပြုအပ်သော သားရဲရုပ် ရှိသော ပလ္လင်သည် အပ်၏" ဟု ဆိုသည်ကို ဋီကာသစ်၌ ပယ်ထားသည်။]

ပဋိကံ။ ။ပဋိကာသဒ္ဒါသည် "ဥဏ္ဏာမယာ သေတတ္ထရဏော - သားမွေး ဖြင့် ပြုအပ်သော ဖြူသောအခင်း" ဟူသော အနက်ကို ဟော၏။

ဂေါနစိတ္တကံ။ ။"ဂေါန, စိတ္တကံ"ဟု ၂-ပုဒ်ခဲ့၊ ပါဠိတော်၌ "ဂေါနက" ဟု ရှိ၏၊ လက် ၄-သစ်ထက် ပိုလွန်အောင် ရှည်သော အမွေးရှိသော သားမွေး ကော်ဇောနက်အခင်းတည်း၊ စိတ္တကအခင်းကား နံရံကို အကွက်ဖောက်သကဲ့သို့ ချုပ်ရိုးအကြောင်းတို့ဖြင့် လှပအောင် ဆန်းကြယ်စွာ အကွက်ဖော်၍ ချုပ်အပ်သော သားမွေးအခင်းတည်း။

ပဋလီ။ ။ဤပဋလီ (ပဋလိကာ) သဒ္ဒါသည် " ဃနပုပ္ဖကော-တခဲနက် ပန်းပွင့်တွေ့ရှိသော (ပန်းပြောက်ဖော်ထားသော)၊ ဥဏ္ဏာမယတ္ထရဏော-သား မွေးဖြင့် ပြုလုပ်အပ် ရက်အပ်သော အခင်းတည်း၊ " သားမွေးနှံအခင်း " ဟု ဆိုကြ၏။

ဝိကတိ။ ။သီဟဗျဂ္ဃါဒိရူပဝိစိတြော-ခြသေ့ ကျား အစရှိသော သားရဲ တို့၏ အရုပ်တို့ဖြင့် ဆန်းကြယ်စွာ ရက်လုပ်သော၊ ဥဏ္ဏာမယတ္ထရဏော-သား မွေးဖြင့် ပြုအပ်သောအခင်းတည်း။

ဥဒ္ဒလောမီ။ ။ဥဒိတပုဒ်မှ" ဣကို အ, တကို ချေ, ဒ တလုံးလာ၍, ဥဒ္ဒ ပြီးသည်" ဟု သီလက္ခန် ဋီကာသစ်ဆို၏၊ ဥဒိတံ-၂-ဘက်၌ ထင်ရှားစွာ+ လောမီ- သားမွေးရှိသောအခင်း၊ "၂-ဘက်ချောအခင်း"ဟူလို။

ကေန္တလောမီကာ။ ။ကေန္တံ-တဘက်သောအဘို့၌+လောမီ-အမွေးရှိသော သားမွေးအခင်း၊ တဘက်ချောအခင်း။ [ဤဥဒ္ဒလောမီ ကေန္တလောမီတို့၌ တဘက်ချောကို ဥဒ္ဒလောမီ, ၂-ဘက်ချောကို ကေန္တလောမီဟု ပြောင်းပြန်လည်း ဖွင့်ကြသေး၏]။

၁၀၈။ ကုတ္တံ ကောသေယံ့ ကဋ္ဌိဿံ၊ ဟတ္ထိအဿရထတ္ထရာ။
ဇနပ္ပဝေဏီ ကဒလီ - မိဂပဝရအတ္ထရာ။

၁၀၈။ ကုတ္တံ၊ တကျိပ်ခြောက်ယောက် ကပြုလောက်သော တဘက် ချော ၂-ဘက်ချော သားမွေးကော်ဇောအခင်းငုံး။ ကောသေယျ၊ ရှေချည် ငွေချည်တို့ဖြင့် ချုပ်လုပ် ခြယ်လယ်အပ်သော ပိုးချည်အခင်းငုံး။ ဝါ၊ ရှေ ပြား ငွေပြား စီထားချကပ် အပ်သော ပိုးချည်အခင်းငုံး။ ကဋ္ဌိဿံ၊ ပိုးချည် အတွင်း ရှေချည်သွင်း၍ ရက်အပ်ခြယ်လယ်အပ်သော အခင်းငုံး။ ဝါ၊ ရှေ ချည် ငွေချည်တို့ဖြင့် ချုပ်လုပ်ခြယ်လယ်အပ်သော ပိုးချည်အကြမ်း အခင်း ငုံး။ ဟတ္ထိအဿရထတ္ထရာ၊ ဆင်ကျောက်ကုန်း၌ ခင်းအပ်သော အခင်း, မြင်းကျောက်ကုန်း၌ ခင်းအပ်သော အခင်း , ရထား၌ခင်းအပ်သော အခင်း တို့ငုံး။ အဇနပ္ပဝေဏီ၊ ညောင်စောင်း ပမာဏအားဖြင့် အထပ်ထပ်ချုပ်အပ် သော သစ်နက်ရေ အခင်းငုံး။ ကဒလီမိဂပဝရအတ္ထရာ၊ ဝံပုင်ရေဖြင့်ပြုအပ် သော မြတ်သောအခင်းငုံး။ (ဝိ ပါ ၃-၂၈၁)

ကုတ္တံ။ ။ကုတ္တကန္တိ သောဋ္ဌသန္နံ နာဋ္ဌကိတ္တိနံ နစ္စယောဂ္ဂံ ဥဏ္ဏာမယတ္ထရဏံ တကျိပ်ခြောက်ယောက် ကခြေသည် မိန်းမတို့၏ ကခြင်းဌါလောက်အောင် ကျယ်ပြန့်သော သားမွေးကော်ဇောအခင်း။

ကောသေယံ့။ ။ကောသေယံ့တိ ရတနပရိသိဗ္ဗိတံ (ရတနာရှေချည်ငွေ ချည်တို့ဖြင့်ချုပ်အပ်သော) ကောသိယသုတ္တမယံ (ပိုးချည်ဖြင့် ရက်အပ်သော) ပစ္စတ္ထရဏံ-အခင်းတည်း။

မှတ်ချက်။ ။သုဒ္ဓကောသေယံ့ ပန ဝဋ္ဋတိ — ရတနာ ချည်ဖြင့် မချုပ်သော ပိုးချည်သက်သက်အခင်းကားအပ်၏၊ ထို့ကြောင့် သားမွေးမဟုတ် သော ပိုးကတ္တီပါ ကော်ဇောမျှားကို "အပ်သောကော်ဇော"ဟု ယူကြသည်။ ပိုးမဟုတ် သားမွေးမဟုတ်သော ချည်ကတ္တီပါကော်ဇောမျှား၏ "ကပ္ပိယပစ္စတ္ထ ရဏ"ဖြစ်ကြောင်းမှာ အထူးပြောဘွယ်မလို။

ကဋ္ဌိဿံ။ ။ကောသိယသုတ္တာနံ အန္တရာ သုဝဏ္ဏသုတ္တာနိ ပဝေသေတ္ဝာ ဝိတံ – ပိုးချည်တို့အကြား၌ရွှေချည်တို့ကိုသွင်း၍ (ပိုးချည်တိုင်ပြိုးလျှင် ရွှေချည် ဖောက်၍) ရက်အပ်သောအခင်း၊ ရွှေချည်ကို ကဋ္ဌိဿ (ကဿဋ္ဌ)ဟု ခေါ် ၏။ – ဝိမတိဋီကာ၊ "ကဿဋ္ဌံ – အဖတ်၊ ဝါ-အကြမ်း" ဟုယူ၍ "ရွှေချည် ငွေချည် တို့ဖြင့် ချုပ်လုပ် ခြယ်လယ်အပ်သော ပိုးချည်အကြမ်း အခင်း" ဟုလည်း အဘိဓာန် နိဿယသစ်၌ ဆရာတော် အနက်ပေးသည်။

ဟတ္ထိ၊ပေ၊ဏ္ဍရာ။ ။ဆင်၏ ကျောက်ကုန်း, မြင်း၏ ကျောက်ကုန်း, ရထား အပေါ်၌ ခင်းအပ်သောအခင်းမျိုးကို "ဟတ္ထတ္ထရဏ, အဿတ္ထရဏ, ရထတ္ထရဏ" ဟုခေါ် သည်၊ ထိုအခင်းမျိုးသည် မင်းသုံးစိုးသုံးဖြစ်၍ ကြီးကျယ်ခမ်းနားသော အခင်းမျိုးတည်း။

အဇိနပဝေဏီ။ ။အဇိနစမ္မေဟိ–သစ်နက်ရေတို့ဖြင့်၊ မဉ္ဇူပုပ္ဖာဏေန–ညောင် စောင်းပမာဏအားဖြင့် (ညောင်စောင်းနှင့် တော်အောင်) သိဗ္ဗိတ္ဝာ – ချုပ်၍၊ ကတာ–ပြုလုပ်အပ်သော၊ ပဝေဏီ–အထပ်ထပ်အခင်းတည်း၊ သစ်နက်ရေသည် အလွန်နူးညံ့သောကြောင့် ၂-ထပ် ၃-ထပ် ထပ်၍ ချုပ်ကြသတတ်၊ အဇိန နေရာ၌ "အဇိနဿ–သစ်နက်၏+ဣဒံ–ဥစ္စာဖြစ်သော အရေတည်း၊ အာဇိနံ-သစ်နက်၏ ဥစ္စာဖြစ်သောအရေ" ဟုပြု၍ "အာဇိနပဝေဏီ" ဟုရှိလျှင် ကောင်းမည်ထင်သည်။

ကဒလီ၊ပေ၊အတ္ထရာ။ ။ကဒလီမိဂစမ္မံ နာမ အတ္ထိ – ဝံပိုင်ရေမည်သည် ရှိ၏၊ တေန ကတံ ပဝရပစ္စတ္ထရဏံ – ထိုအရေဖြင့်ပြုအပ်သောမြတ်သောအခင်းတည်း၊ တံ ကိရ သေတဝတ္ထဿ ဥပရိ ကဒလီမိဂစမ္မံ ပတ္ထရိတ္ဝာ သိဗ္ဗိတ္ဝာ ကရောန္တိ – ဖြူသောအဝတ်၏အပေါ် ၌ ဝံပိုင်ရေကို ဖြန့်ပြီးလျှင်ချုပ်၍ ထိုအခင်းကို ပြုလုပ် ကြကုန်သတတ်၊ကဒလီမိဂကို "မဇ္ဇာရုကာရမိဂေါ–ကြောင်နှင့်သဏ္ဌာန်တူသော သားကောင်" ဟုသီလက္ခန်ဒီကာသစ်ဆို၏၊ "ကြောင်ဝံပိုက်" ကိုဆိုလိုဟန်ဟူသည်။

၁၈၉။ သလောဟိတဝိတာနဉ္စ-ဉာတောရတ္တာ||ပဓာနကံ။
အကပ်ိယာနိ ဧတာနိ၊ ဒုက္ကဋံ ပရိဘုဉ္ဇတော၁။

၁၈၉။ သလောဟိတဝိတာနဉ္စ၊ အထက်၌ နိသော ဗိတာန်မျက်နှာကြက်နှင့်တကွသော အခင်းငင်း။ ဉာတောရတ္တာ||ပဓာနကဉ္စ၊ ခြေရင်း ခေါင်းရင်း ၂-ဘက်၌ နိသော ခေါင်းအုံးငင်း။ (ကွတိ၊ ဤသို့။) အကပ်ိယာနိ၊ မအပ်ကုန်သော။ ဧတာနိ၊ ဤအခင်းနေရာတို့ကို။ ပရိဘုဉ္ဇတော၊ သုံးစွဲသော ရဟန်း၏။ ဒုက္ကဋံ၊ ဒုက္ကဋ်အာပတ်သည်။ ဟောတိ၊ ဖြစ်၏။ (ဝိ ပါ ၃-၂၁၁)

သလောဟိတဝိတာနဉ္စ။ ။အထက်၌ အနိရောင်ဆိုးအပ်သောဗိတာန်မျက်နှာကြက်ရှိသောအခင်း၊ ဤသို့အနိမျက်နှာကြက်ရှိလျှင် အောက်၌အပ်သောအခင်းရှိစေကာမူ မအပ်၊ အနီဟူရာ၌လည်း ဖန်ရည်ဆိုး(ကာသာဝ)အနီဖြစ်မူအပ်သေး၏၊ ဝတ်ပန်းစသည်ဖြင့် ဆိုးအပ်သော "အနီရောင်သာမအပ်"ဟု သီလက္ခန်ဒီကာသစ်၌ဆို၏။

ဉာတောရတ္တာ||ပဓာနကံ။ ။ခြေရင်းခေါင်းရင်း ၂-ဘက်ကို "ဉာတော"ဟုဆိုသည်၊ ထို ၂-ဘက်၌ နိသောအရောင်ရှိသော ခေါင်းအုံးလည်းမအပ်၊ တလုံးဖြစ်မူ ထိုတလုံး၏ ၂-ဘက်အစွန်း၌ အနီရောင်, ပဒုမ္မာရောင်, အခြား ဆန်းကြယ်သော အရောင် ဆိုးထားသော်လည်း အပ်၏။

မှတ်ချက်။ ။စမ္မာဒ္ဓနကပါဠိတော်၌ သဉ္ဇာတရစ္ဆဒံကို "သလောဟိတဝိတာနံ" ဟုဆိုရာ ဉာတောလောဟိတကူပဓာနံကို "ဉာတောရတ္တာ||ပဓာနကံ"ဟုဆိုထားသည်၊ ထို ၂-ပုဒ်ကိုဝိသေသနဝိသေသျလုပ်၍ အနက်တခုတည်းပေးကြ၏၊ ဤဋီကာသစ်၌လည်း "ဉာတောလောဟိတဝိတာနန္တိ ဧတံ ဉာတောရတ္တာ||ပဓာနန္တိမဿ ဝိသေသနံ"ဟုဖွင့်၏၊ ဉာတောလောဟိတကူပဓာနံ အရလည်းခေါင်းအုံးကို အရမဂကောက်ဘဲ အခင်းရအောင်ပေးကြ၏၊ ထိုအလို–"သလောဟိတဝိတာနံ–အထက်၌ နိသော ဗိဘာန် မျက်နှာကြက်နှင့် တကွ ဖြစ်သော၊ ဉာတောရတ္တာ||ပဓာနကံ–ခြေရင်း ခေါင်းရင်း ၂-ဘက်၌ နိသော ခေါင်းအုံး

၁၉၀။ အာသန္နဒီတ္ထယာ သေသေ၊ လဗ္ဘတေ ဂိဟိသန္တကေ။
ဓမ္မာသနေ စ ဘတ္တဂ္ဂေ၊ ဃရေ ဝါပိ နိသီဒိတုံ။
ဘူမတ္ထရဏသခ်ေပေ၊ သယိတုဉ္စာပိ ကပ္ပတိ။

၁၉၀။ ဓမ္မာသနေ စ၊ တရုးရှိသော နေရာ၌ဌင်း။ ဝါ၊ တရုးဟောဘို့ ရာနေရာ၌ဌင်း။ ဘတ္တဂ္ဂေ စ၊ ဆွမ်းစားကျောင်း၌ဌင်း။ ဃရေ ဝါပိ၊ ရှာတွင်း၌ဌင်း။ အာသန္နဒီတ္ထယာ၊ အာသန္နီ အစရှိသော အခင်းသုံးမျိုး အပေါင်းမှ။ ဝါ၊ အာသန္နီ, တူလိ, ပလ္လင်္ကဟူသော အခင်းသုံးမျိုးအပေါင်းမှ။ သေသေ၊ ကြွင်းသော။ ဂိဟိသန္တကေ၊ လူတို့၏ဥစ္စာဖြစ်သော အခင်းသည်။ (သတိ၊ ဖြစ်လသော်။) နိသီဒိတုံ၊ ထိုင်ခြင်းငှါ။ လဗ္ဘတေ၊ ရအပ်၏။ ဘူမတ္ထရဏသခ်ေပေ၊ ဘူမတ္ထရဏဝယ် ထည့်သွင်းရခြင်းရှိသောအခင်း၌။ ဝါ၊ မြေပြင်ကြမ်းပြင်ပေါ်ဝယ် ခင်းအပ်သောအခင်း၌။ သယိတုံ စာပိ၊ အိပ်ခြင်းငှါသော်မှလည်း။ ကပ္ပတိ၊ အပ်၏။ (ဝိ ပါ ၄-၃၁၃)

ရှိသော အခင်းဌင်း”ဟုပေးရလိမ့်မည်။ ထိုသို့ မပေးထိုက်ကြောင်းကို သိလက္ခန်ဗြဟ္မဇာလသုတ် ဘာသာဋီကာ၌ စိစစ်ထားပါသည်။

ထို့ပြင်–နီမြန်းသော ဗိတာန်မျက်နှာကြက်သည်ဌင်း ခြေရင်း ခေါင်းရင်း၌ နီမြန်းသော ခေါင်းအုံးသည်ဌင်း အိပ်စရာ မဟာသယနမဟုတ်ကြ၊ သို့သော် အိပ်ရာနှင့်ဆက်သွယ်နေသော ခမ်းနားသော အရာဝတ္ထုများ ဖြစ်သောကြောင့် အကပ္ပိယ မဟာသယန၌ထည့်သွင်းထားသည်ဟုမှတ်ပါ။

အာသန္နဒီတ္ထယာ သေသေ။ ။အာသန္ဒီ, တူလိ, ပလ္လင်္က ဤ ၃-မျိုးမှ ကြွင်းသော မဟာသယနများ၌ ဂိဟိဝိကဋ္ဌ ဖြစ်သောအခါ (လူတို့က အထူးတလည် ခင်းပေးအပ်သောအခါ) ဓမ္မာသန၌ဌင်း ဘတ္တဂ္ဂ၌ဌင်း ရှာတွင်း၌ဌင်း ထိုင်ရုံ ထိုင်ခြင်းငှါအပ်၏၊ လဲလျောင်းရုံကား မအပ်ကောင်း၊ “အနုဇာနာမိ ဘိက္ခဝေ ဌပေတွာ တိဏံ အာသန္ဒိံ ပလ္လင်္ကံ တူလိကံ ဂိဟိဝိကဋ္ဌံ အဘိနိသီဒိတုံ၊ န တွေဝ အဘိနိပဇ္ဇိတုံ”။–စူဠဝဂ္ဂသေနာသနက္ခန္ဓကပါဠိတော်မှ ယူထားအပ်သော စကား

တည်း။ အာသန္ဒိ, တူလိ, ပလ္လင်္ကတို့သည် ဂိဟိဝိကဋ္ဌ ဖြစ်သော်လည်း ဘတ္တဂ္ဂ, ဓမ္မာသနတို့၌ ခင်းပေးစေကာမူမအပ်–ဟူလို၊ ထို့ကြောင့် တရားဟောရာ ထိုင်ခုံ များ၌ လဲ ဝါ သွတ်ထားသောအခင်းများကိုမအပ်ဟူ၍မှတ်ပါ။

ဂိဟိသန္ထုတေ။ ။ဤပါဠိကို "ဥပလက္ခဏ"ဟု ယူ၍ သံဃိက ဖြစ်သော်လည်း အရာမ်စောင့် စသော လူတို့က (ရဟန်းများ မခိုင်းအပ်ဘဲ) ယူ၍ ဓမ္မာသန စသည်၌ခင်းလျှင် အပ်၏ဟု ဆိုသည်၊ ["ဂေါနကာဒီနိ သံဃိကဝိဟာရေ ဝါ ပုဂ္ဂလိကဝိဟာရေ ဝါ မဥ္ဆပီဌကေသု အတ္ထရိတ္ဘာ ပရိဘုဉ်တုံ နဝဋ္ဋန္တိ၊ ဓမ္မာသနေ ပန ဂိဟိဝိကဋ္ဌနီဟာရေန (လူတို့ အထူး ပြုအပ်သောနည်းဖြင့်) လဗ္ဘန္တိ"ဟု– စူဠဝဂ္ဂသေနာသနက္ခန္ဓကဋ္ဌ မိန့်သည်။]

ဘတ္တဂ္ဂေ။ ။ဘတ္တဂ္ဂေအရဝိဟာရေ ဒါနဋ္ဌာနံ-ကျောင်းတွင်း၌ အလှူပေးရာ ဌာနဟု ဤဋီကာတို့ဖွင့်ကြ၏၊ ဘတ္တဂ္ဂအရ ကျောင်းတွင်းက ဆွမ်းယူရာဌာနကို ဖွင့်ခြင်းဖြစ်သည်၊မိမိကား"ဘတ္တဂ္ဂ"ဟုလာလျှင် များသော အားဖြင့် ရွာတွင်း ဆွမ်းယူရာ အရပ်သာ ဖြစ်၏ဟု ယူဆပါသည်၊ ဝတ္တက္ခန္ဓက ဘတ္တဂ္ဂဝတ်ကိုကြည့်ပါ၊ ကျောင်းတွင်းဆွမ်းယူရာ ဆွမ်းစားကျောင်းလည်း ရနိုင်ပါ၏၊ ထို့ကြောင့် "ဃရေ"ဟု ဆိုသော်လည်းထိုရွာတွင်း၌ရှိသော လူတို့၏ အိမ်ကိုသာ ယူသင့်မည် ထင်ပါသည်။

ဘူမတ္ထရဏသန်ဍေပေ။ ။ထို ၃-မျိုးမှ ကြွင်းသော မဟာသယန အခင်း များကို မြေပေါ် ကြမ်းပေါ်၌ ခင်းထားလျှင်ကား လဲလျောင်း၍ အိပ်ခြင်းငှါ သော်မှလည်းအပ်ပါ၏၊ [အနုဇာနာမိ ဘိက္ခဝေ အာသန္ဒိကဿ ပါဒေ့ (တတောင့် ထွာထက် ပိုနေသော ခြေတို့ကို) ဆိန္ဒိတ္ဘာ ပရိဘုဉ်တုံ, ပလ္လင်္ကဿ ဝါဠေ (ခြေ ထောက်၌ တပ်ထားအပ်သော သားရဲရုပ်တို့ကို) ဘိန္ဒိတ္ဘာ ပရိဘုဉ်တုံ, တူလိကံ ဝိဇ္ဈေတ္ဘာ ဗိမ္မောဟနံ ကာတုံ(ဖြူ၍ ခေါင်းအုံး ပမာဏလောက်ရုံ ချန်ပြီးလျှင် ခေါင်းအုံးပြုခြင်း) အဝသေသံ ဘူမတ္ထရဏံ ကာတုံ၊ –သေနာသနက္ခန္ဓက ပါဠိတော်။]

[သံခိပနံ-ထည့်သွင်းခြင်း၊သန်ဍေပေါ-ထည့်သွင်းခြင်း၊ အန္တောဂရဏံ-အတွင်း ပြုခြင်း– ဟူလို၊ ဘူမတ္ထရဏော+သန်ဍေပေါ+အဿာတိ ဘူမတ္ထရဏသန်ဍေပေါ-

၁၉၁။ စတုရံသပီဋ္ဌာ သတ္တာဂ်ါ၊ ပဉ္စဂ်ါ ဥစ္စပါဒကာ။
တူလောနဒ္ဓါ ဃရေယေဝ၊ မဉ္ဆပီဋ္ဌာ နိသီဒိတုံ။

၁၉၁။ ဥစ္စပါဒကာ၊ တတောင့်ထွာထက် လွန်အောင် မြင့်သော အရြှိ
ကုန်သော။ စတုရသပဋ္ဌာ၊ လေးထောင့်ရှိသော အင်းပျဉ်ထုခုတ်သည်

ဘူမတ္ထရဏဿ် ထည့်သွင်းရခြင်းရှိသောအခင်း၊ ဆိုလိုရင်းမှာ “မြေပေါ် ကြမ်း
ပေါ်၌ ခင်းအပ်သော အခင်း” ဟု ဆိုလိုသည်။]

မှတ်ချက်။ ။ဤပြထားအပ်သော နေရာတို့တွင် အာသန္ဒီ တမျိုးသာ
ဥစ္စာသယနဖြစ်၍, ကျန်သောနေရာတို့ကား မဟာသယန (ကြီးကျယ်ခမ်းနား
ဆန်းပြားသော နေရာ)ဖြစ်ကြသည်၊ ထိုမဟာသယနတွင် ပါဝင်သော သားမွေး
(သိုးမွေး) ကော်ဇောတို့ကို ခတင်ပေါ်၌ဌင်း ဂိဟိဝိကဋ္ဌမဟုတ်လျှင် ကုလား
ထိုင်ပေါ်၌ဌင်း မခင်းကောင်းဟုမှတ်ပါ၊ ကျမ်းပြင်ပေါ် သင်ဖြူးပေါ်၌ အာသန္ဒီ
စသော သုံးမျိုးမှ အလွတ်ဖြစ်သော သားမွေး ကော်ဇောတွေ့ ခင်းကောင်းပါ၏၊
ခင်းရှု ထိုင်ရုံမက အိပ်လည်း အိပ်ကောင်းပါ၏၊ [ဋီကာသစ်၌ မိမိ၏ အပ်သော
အခင်းကို အပေါ်ကခင်းရှု ထိုင်ရမည်ဟုဆို၏၊ လိုမည်မထင်ပါ။] ခတင်ကုလား
ထိုင်ပေါ်၌ခင်းလျှင် ကဘ္ဘီပါကော်ဇော ချည်ကော်ဇောစသည်သာ ခင်းကောင်း
၏၊ကျောင်းတိုက်၌ရှိသော သံဃိက သားမွေး ကော်ဇောကို ရဟန်းများမခိုင်းဘဲ
လူတို့ကယူရှု မမှာသန၌ ခင်းပေးလျှင် ဂိဟိဝိကဋ္ဌ အနေအားဖြင့် ထိုင်ကောင်း
၏ဟု ဤဋီကာဆိုသည်။

စတုရံသပီဋ္ဌာ၊ ပေ၊ နိသီဒိတုံ။ ။သေနာသနက္ခန္ဓက ပါဠိတော်၌ “အနု-
ဇာနာမိ ဘိက္ခဝေ ဥစ္စကံပိ အာသန္ဒိကံ၊ ပေ၊ ဥစ္စကံ သတ္တင်္ဂံ”ကို ယူထားသော
ဂါထာတည်း၊ ထို့ကြောင့် ထိုအာသန္ဒိကကိုပင် “စတုရံသပီဋ္ဌာ-၄ ထောင့် ရှိသော
အင်းပျဉ်”ဟု ဆိုသည်။

သတ္တင်္ဂါ ပဉ္စင်္ဂါ။ ။၇-ပါးသော အင်္ဂါရှိသော အင်းပျဉ် ထိုင်ခုံ ဟူသည်
ခြေ ၄-ချောင်း, ဘေး ၂-ဘက်,လက်တင်ဘုံရန်အမှီ ဦးခေါင်းထက်၌ မှီဘုံရန်
အမှီ ဤသို့အားဖြင့် အင်္ဂါ ၇-ပါးရှိသော ထိုင်ခုံတည်း၊ ယခုခေတ် ကုလားထိုင်

ၚင်း။ သတ္တာဂ်ါ၊ လက်တင်အုံးတား ခြေထောက်အားဖြင့် ခုနစ်ပါးသော အဂ်ါရှိသော အင်းပျဉ်ထိုင်ခုံတို့သည်ၚင်း။ ပဥ္စဂ်ါ၊ အခြေလေးပါး အုံးတား အားဖြင့် ငါးပါးသော အဂ်ါရှိသော အင်းပျဉ်ထိုင်ခုံတို့သည်ၚင်း။ ကပ်ိယာ၊ အပ်ကုန်၏။ တူလောနဒ္ဒါ၊ ဖွဲ့ကြက်အပ်သော လဲရှိကုန်သော။ မဥ္ဇပ်ိဌာ၊ ညောင်စောင်းအင်းပျဉ်တို့သည်။ ဃရေယော၀၊ ရှာတ္ဒင်း၌သာလျှင်။ နိသိဒိတုံ၊ တိုင်ခြင်းငှါ။ ကပ်ိယာ၊ အပ်ကုန်၏။ (ဝိ ပါ ၄-၂၉၄)

၁၉၂။ စောဋ္ဌ၀ါကုဏ္ဍပဏ္ဍာနံ၊ တိဏာနဉ္စေ၀ ပူရိတာ။
စိ၀ရစ္ဆ၀ိယော ပဉ္စ၊ ဘိသီ သဗ္ဗတ္ထ ကပ်ိယာ။

၁၉၂။ စောဋ္ဌ၀ါကုဏ္ဍပဏ္ဍာနံ၊ အ၀တ် , လျော်တေ , သားမွေး , သစ်ရွက်တို့ဖြင့်ၚင်း။ တိဏာနဉ္စေ၀၊ မြက်တို့ဖြင့်ၚင်း။ ပူရိတာ၊ ပြည့်စေအပ်ကုန် အကြီးသည် ဤသို့ အဂ်ါ၇-ပါးရှိ၏၊ “ပဥ္စင်” ဌာန ဘေး ၂-ဘက်၌ လက်တင် အမှီ မပါခြင်းသာထူး၏၊ ထိုနေရာထိုင်ခုံတို့သည် တတောင့်ထွာထက် မြင့်သော ခြေရှိစေကာမူ အပ်ကုန်၏၊ ထို့ကြောင့် ဥစ္စပါဒက ဟု ဆိုသည်။

တူလောနဒ္ဒါ၊ ပေ၊ ဃရေယော၀။ ။ပါဠိတော်၌“မနုဿာ ဘတ္တဂ္ဂေ အန္တရ-ဃရေ တူလောနဒ္ဒံ (တူလ+သြနဒ္ဓ-အထက်၌ ဖွဲ့ကြက်အပ်သော လဲ ၀ါဂ္ဟမ်း ရှိသော)မဥ္ဇံပိ ပီဌံပိ ပညပေန္တိ၊ ပေ၊ အနုဇာနာမိ ဂိဟိ၀ိကဋ္ဌံ အာဘိနိသီဒိတုံ”ဟု ဥဒ္ဒါန်ပြုတော်မူသည်၊ [ခတင်ထိုင်ခုံပေါ်၌ လဲ ၀ါဂ္ဟမ်းတို့ကို ဖြန့်ခင်း၍ အပေါ်က အ၀တ်ဖုံးပြီးလျှင် ခတင်ထိုင်ခုံနှင့်တွဲ၍ ချုပ်ထားအပ်သော အခင်းရှိသည်ကို “တူလောနဒ္ဓမဥ္ဇပီဌ” ဟု ဆိုသည်၊] တူလိက အခင်းနှင့် မတူသေး၊ တူလိက အခင်းမှာ အခြားနေရာ၌ ရှေ့ပြောင်း၍ရ၏၊ ဤတူလောနဒ္ဓကား ပြောင်းရှေ့၍ မရ၊ ထိုမဥ္ဇပီဌနှင့်အမြဲတွဲကပ်နေသည်။] ဘတ္တဂ္ဂ, အန္တရဃရ၌ လူတို့က အထူး တလည်ပြု၍ ခင်းပေးအပ်သည်ကို “ဂိဟိဒိကဋ္ဌ” ဟု ဆိုသည်။

စောဋ္ဌ၊ပေ၊ဘိသီ။ ။“အနုဇာနာမိ ဘိက္ခ၀े ပဥ္စ ဘိသိယော” စသော သေနာသနက္ခန္ဓကပါဠိတော်တည်း၊ ဘိသိ (ဘုံလျှို) ဟူသည် ယခုခေတ်၌ ဖုံဟူၚင်း , မွေ့ရာဟူၚင်း ခေါ်အပ်သော အခင်းတမျိုးတည်း၊ ထိုအခင်း၌ သက်နှံးချုပ်

သော။ ဝါ၊ အဆာသ္ဒတ်အပ်ကုန်သော။ စီဝရစ္ဆဝိယော၊ အဝတ်သင်္ကန်းဟူသော ဘုံလျှို့ရေ ရှိကုန်သော။ ပဠု၊ စောဠ, ဝါက စသောအားဖြင့် ငါးပါးကုန်သော။ ဘိသီ၊ ဘုံလျှို့တို့သည်။ သဗ္ဗတ္ထ၊ အင်းပျဉ် ညောင်စောင်းရွာကျောင်း စသော အလုံးစုံသောအရပ်တို့၌။ ကပ္ပိယာ၊ အပ်ကုန်၏။ (ဝိ ပါ ၄-၂၉၅-၆၊ ဝိ ဋ္ဌ ၄-၆၀)

၁၉၃။ တူလတ္တယံ ဘိသိဂဗ္ဘော၊ လောမာနိ မိဂပက္ခိနံ။
ပိမ္မောဟနေ အနုညာတံ၊ တူလဝဇ္ဇာ မသ္ဆုရကေ။

၁၉၃။ တူလတ္တယံ၊ လဲသုံးမျိုးအပေါင်းငင်း။ ဘိသိဂဗ္ဘော၊ ဘုံလျှို့တို့၏ အတွင်း၌ အဆာငါးမျိုးငင်း။ မိဂပက္ခိနံ၊ သား,ငှက်တို့၏။ လောမာနိ၊ အမွေးတို့ငင်း။ (ကွတိ၊ ဤသို့။ ဧတံ သဗ္ဗံ၊ ဤအလုံးစုံကို။) ပိမ္မောဟနေ၊ ခေါင်းအုံး၌။ အနုညာတံ၊ ခွင့်ပြုတော်မူအပ်ပြီ။ တူလဝဇ္ဇာ၊ လဲသုံးမျိုးသည် ကြွင်အပ်သော အဆာတို့ကို။ မသ္ဆုရကေ၊ သားရေဘုံလျှို၌။ အနုညာတံ၊ ခွင့်ပြုတော်မူအပ်ပြီ။ (ဝိ ပါ ၄-၂၉၅၊ ဝိ ဋ္ဌ ၄-၆၀-၁၊ ကင်္ခါ ဋ္ဌ-၂၇၀)

ကောင်းသော အဝတ်တို့ကို အိတ်ကဲ့သို့ အပေါ်ရေချုပ်၍ အတွင်း၌ စောဠ (အဝတ်တို့ကို အစုက်အပြတ် အစအစု ဖြစ်စေ အထည်ကောင်းကို ဖြစ်စေ) သွင်း၍ သွတ်၍ထားလျှင် စောဠဘိသိ ဖြစ်၏၊ ထို့အတူ ဝါက (လျှော်ချည်) ဥဏ္ဏ (အမွေး) ပဏ္ဏ (သစ်ရွက်) တိဏ (မြက်) တို့ကို အဆာသွင်းထားလျှင် ဝါကဘိသိ စသည် ဖြစ်၏၊ ထိုအဆာ ၅-မျိုးကိုအကြောင်းပြု၍ ဘိသိ ၅ မျိုးဟု ဆိုသည်၊ ထို ဘိသိမျှားသည် မဥ္ဇူပီဌ၌ငင်း ဘတ္တဂ္ဂ, အန္တရဃရ၌ငင်း အလုံးစုံသော အရပ်၌ အပ်ကုန်၏။

တူလတ္တယံ၊ ပေ၊ အနုညာတံ။ ။ပြအပ်ပြီးသော လဲ ၃-မျိုးကိုငင်း ဘုံလျှို၏ အတွင်းက အဆာ ၅-မျိုးကိုငင်း သားကောင် ငှက်တို့၏ အမွေးတို့ကိုငင်း ခေါင်းအုံး၌ ခွင့်ပြုတော်မူ၏၊ "ထို အားလုံးကို ခေါင်းအုံး၏အတွင်း၌ သွင်းကောင်း၏" — ဟူလို။

၁၉၄။ မနုဿလောမမုဏ္ဏာယံ၊ ပဏ္ဏေ ပုံဖွံ့ တမာလကံ။
သုဒ္ဓံ နာသနဥ္ဆေဝ၊ လဗ္ဘမပ္ပဋိဝေက္ခိတံတိ။

၁၉၄။ ဥဏ္ဏာယံ၊ သားမွေးဥ်။ ဝါ၊ သားမွေးတ္ဝင်။ မနုဿလောမံ၊ လူမွေးကိုဂုင်း။ ပဏ္ဏေ၊ သစ်ရွက်ဥ်။ ဝါ၊ သစ်ရွက်တ္ဝင်။ သုဒ္ဓံ၊ သက်သက်သော။ ပုံဖွံ့၊ ပန်းပွင့်ကိုဂုင်း။ တမာလကံ၊ ပန်းညိုရွက်ကိုဂုင်း။ အပ္ပဋိဝေက္ခိတံ၊ မစူးစမ်း မဆင်ခြင်အပ်သော။ အာသနဥ္ဆေဝ၊ ဖောင်းပွနေသော နေရာကိုဂုင်း။ နလဗ္ဘံ၊ မရအပ် (မထိုင်ကောင်း မအိပ်ကောင်း ဟူလို့။)....ဤတိ၊ အကပ်ိယသယနနှင့်စပ်၍ မှတ်ဘွယ်အပြီးတည်း။ (ဝိ ပါ ၁-၁၀၀၊ ဝိ ပါ ၄-၂၉၅၊ ဝိ ဋ္ဌ ၂-၆၂၊ ဝိ ဋ္ဌ ၄-၆၀)

တူလဝဇ္ဇော မသူရကေ။ ။ မသူရကံ နာမ စမ္မဆဝိကာ ဘိသိ– သားရေအပေါ်ခံ ရှိသော ဘုံလျှိသည် မသူရက မည်၏၊ ဤတိ ဝဒန္တိ၊–ဋီကာသစ်၊ ထို မသူရက အတွင်းဥ် လဲဝါ အဆာသည် မအပ်၊ ကြွင်းသော စောဋ္ဌဝါက စသော အဆာများကား အပ်၏။

မှတ်ချက်။ ။ ဘိသိဂဗ္ဘ–ဘုံလျှို၏ အဆာတို့တွင် "ဥဏ္ဏာ" ဟု ပါပြီး ဖြစ်၏၊ ထို ဥဏ္ဏာ ဟူရာဥ် သိုး၏အမွေးသာမက မိဂ, ပက္ခိအားလုံး၏အမွေးများ ပါဝင်ပြီး ဖြစ်၏၊ နောက်ဥ်လည်း မနုဿလောမံ ဥဏ္ဏာယံ– လူ၏ အမွေးသာ မအပ် အခြားအမွေးသည် အပ်၏"ဟု ဆိုလတံ့ဖြစ်၏၊ သို့ပါလျက် "မိဂပက္ခိနံ လောမာနိ" ဟု ဆိုခြင်းသည် ပုနရုတ္တိ ဒေါသ မရောက်ပါလော–ဟု စောဒနာ ဘွယ်ရှိ၏၊ အဖြေကား သာ၍ထင်ရှားစေလိုသည့်အတွက် ဆိုအပ်သော ကြောင့် ပုနရုတ္တိ ဒေါသ မရောက်ပါ။

မနုဿလောမံ၊ ပေ၊ တမာလကံ။ ။ဘိသိအတွက် အမွေးအဆာတွင် လူ၏ အမွေးသည် မအပ်၊ အရွက်အဆာတွင် ပန်းပွင့်သည်ရှင်း ပန်းညိုရွက်သည်ရှင်း မအပ်၊ သို့သော် သူ့ချည်းသက်သက် အဆာသုတ်လျှင်သာ မအပ်၊ အခြားအရွက် များနှင့် ရောလျှင် အပ်သေး၏၊ ထို့ကြောင့် "သုဒ္ဓံ" ဟု ထည့်သည်။ [စောဋ္ဌ, ဝါက, တိ။ အဆာတို့ဥ် မအပ်သော အရာ မရှိ၊ ထို့ကြောင့် အုန်းဆန်မျှင်တို့ကို

ဝါကင်္ခဒုဂင်း ပိုးချည်မျှင်တို့ကို ပိုးထည်အစုဋ္ဌ သွင်းချဒုဂင်း ယူ၍ ယခုအခါ မွေ့ရာ၏ အဆာလုပ်ကြသည်။]

အာသနဇ္ဈော၊ ပေ၊ အပ္ပဋိဝေက္ခိတံ။ ။အင်းပျဉ် ထိုင်ခုံပေါ်ဝယ် ကလေးငယ်ကို အဝတ်ဖြင့်ဖုံး၍ သိပ်ထားစဉ် ရဟန်းတပါး၏ မဆင်မခြင် ထိုင်မှုကြောင့် ကလေးသေသွား၏၊ ထို့ကြောင့် "နု ဘိက္ခဝေ အပ္ပဋိဝေက္ခိတ္ဝာ အာသနေ နိသီဒိတဗ္ဗံ၊ ယော နိသီဒေယျ, အာပတ္တိ ဒုက္ကဋဿ" ဟု ပညတ်တော်မူသည်၊—တတိယ ပါရာဇိက။

ထို့ကြောင့် မိမိမလာမီက အခင်း ခင်းထားအပ်သော နေရာကို (ပါးပါးမဟုတ်ဘဲ အပေါ်က ကြည့်လျှင် အထဲ၌ အရာဝတ္ထု ရှိ·မရှိကို မသိနိုင်သော အဝတ်ထူ, ကော်ဇောစသော အခင်းရှိသော နေရာကို) လက်ဖြင့် သုံးသပ်ပြီးမှ ထိုင်ရမည်၊ မဟာပစ္စရီ အဋ္ဌကထာ၌ကား "အဝတ်က ထူနေသော်လည်း အတွန့်မဆင်လျှင် (အောက်၌ ဘာမျှမရှိကြောင်း သိသာသောကြောင့်) ဆင်ခြင်ဘွယ်မလို" ဟု ဆို၏၊ အချုပ်မှာ–အောက်၌ တစုံတခုသော ဝတ္ထုရှိလိမ့်မည်ဟု သံသယ ရှိလောက်လျှင် စုံစမ်းပြီးမှ ထိုင်ပါ၊ မိမိလာမှ ခင်းပေးသော နေရာ, အလျင်ထိုင်နေသူရှိသော နေရာမျိုး၌ စုံစမ်းဘွယ် မလိုဟု–တတိယ ပါရာဇိက အဋ္ဌကထာ ဆိုသည်။

သမာနာသနိကနိဒ္ဒေသ

သမာနာသနိကောပိ စာတိ၊ "သမာနာသနိကောပိစ" ဟူသော ဥဒ္ဒေသ၏။ (နိဒ္ဒေသော၊ နိဒ္ဒေသကား —)

၁၉၅။ တိဝဿန္တရာနုညာတံ၊ ဘိက္ခူနမေကမာသနံ။
သတ္တာဝဿတိဝဿေဟိ၊ ပဥ္စဝဿော နိသီဒိတုံ။

၁၉၅။ တိဝဿန္တရံ၊ ၃-ဝါတို့၏ အကြားဖြစ်သော ဝါရှိသော ရဟန်းနှင့်။ ဝါ၊ ၂-ဝါကြီး ၂-ဝါငယ်ရဟန်းနှင့်။ (သဟ၊ အတူတကွ။) ဘိက္ခူနံ၊ ၂ပါးသော ရဟန်းတို့အား။ ဝါ၊ ၏။ ဧကမာသနံ၊ ညောင်စောင်း အင်းပျဉ်စသော တနေရာထည်း၌ အတူတကွထိုင်ခြင်းကို။ အနုညာတံ၊ ခွင့်ပြုတော်မူအပ်ပြီ။ (တတော ဧဝ၊ ထို့ကြောင့်သာလျှင်။) ပဥ္စဝဿော၊ ၅-ဝါရှိသော ရဟန်းသည်။ သတ္တာဝဿတိဝဿေဟိ၊ ၇-ဝါရှိသော သီတင်းကြီး, ၃-ဝါရှိသော ရဟန်းငယ်တို့နှင့်။ (သဟ၊ အတူတကွ။) နိသီဒိတုံ၊ တနေရာထည်း၌ ထိုင်ခြင်းငှါ။ (လဘတိ၊ ရ၏။) (ဝိ ပါ ၄-၃၁၉၊ ဝိ ဋ္ဌ ၄-၇၆)

တိဝဿန္တရာ၊ပေ၊ကေမာသနံ။ ။တိဝဿာနံ – ၃-ဝါတို့၏၊ အန္တရံ-အကြားတည်း၊ တိဝဿန္တရံ ၃-ဝါတို့၏အကြား၊ တိဝဿန္တရံ ယဿာတိ တိဝဿန္တရော – ၃-ဝါတို့၏ အကြားဖြစ်သော ဝါရှိသောရဟန်း၊ ဝါ၊ ၂-ဝါကြီး ၂-ဝါငယ်ရဟန်း၊ "အနုဇာနာမိ ဘိက္ခဝေ တိဝဿန္တရေန သဟ နိသီဒိတုံ" ဟု ။ပ။ ဝိဉ္ဉတ္တိ-သေနာသန-ကမ္မန္တကဋ္ဌ ခွင့်ပြုတော်မူသောကြောင့် ၂-ယောက်သာ ထိုင်လောက်သော နေရာ၌ ၂-ဝါကြီး ၂-ဝါငယ်ရဟန်းတို့ အတူတကွ ထိုင်ကောင်းသည်။ [တိဝဿန္တရံ၌ ဒုတိယာကို တတိယာဝိဘာတ်၏ အနက်၌သက်၍ "သဟ" ကို ထည့်ပါ၌ဟု မှတ်ပါ။]

၁၉၆။ ဌပေထ္ဝာ ပဏ္ဍကံ ဣတ္ထိ ံ၊ ဥဘတောဗျဉ္ဇနံ မုနိ။
ဒီဃာသနေ အနုညာသိ၊ သဗ္ဗေဟေဝ နိသီဒိတုံ။

၁၉၆။ ပဏ္ဍကံ၊ နပုံးပဏ္ဍုက်ကိုဌင်း။ ဣတ္ထိ ံ၊ မိန်းမကိုဌင်း။ ဥဘတော ဗျဉ္ဇနံ၊ ဥဘတောဗျည်းကိုဌင်း။ ဌပေတ္ဝာ၊ ထား၍။ သဗ္ဗေဟေဝ၊ အလုံးစုံသော သမာနာသနိက , အာသမာနာသနိကပုဂ္ဂိုလ်တို့နှင့် တကွသာ။ ဒီဃာသနေ၊ ရှည်သော နေရာ၌။ နိသီဒိတုံ၊ ထိုင်ခြင်းငှါ။ ဝါ၊ ထိုင်ခွင့်ကို။ မုနိ၊ မြတ်စွာဘုရားသည်။ အနုညာသိ၊ ခွင့်ပြုတော်မူပြီ။ (ဝိ ပါ ၄-၃၂၀)

သတ္တဝေဿော၊ ပေ၊ နိသီဒိတုံ။ ၂-ဝါကြီး ၂-ဝါငယ်နှင့် အတူတကွ ထိုင်ခွင့်ပြုပုံကို ထင်ရှားပြသော ဥပမာစကားတည်း၊ ၅-ဝါရသော ရဟန်းသည် မိမိထက် ၂-ဝါကြီး၍ ၇-ဝါရသော ရဟန်းနှင့်ဌင်း မိမိအောက် ၂-ဝါငယ်၍ ၃-ဝါရသော ရဟန်းနှင့်ဌင်း အတူတကွ ထိုင်ကောင်းသည် ဟူလို၊ ဤစကားကို ဥပမာသဘောထား၍ ၄-ဝါရသော ရဟန်းသည် ၆-ဝါရသော ရဟန်းကြီး, ၂-ဝါရသော ရဟန်းငယ်နှင့် အတူထိုင်ကောင်း၏၊ ဤသို့ စသည်ဖြင့် သိပါ။

ဌပေတ္ဝာ၊ ပေ၊ မုနိ။ ။ဘုရားရှင်သည် ဒီဃာသနဖြစ်သော နေရာ၌ (ခုံဘန်းလျားရှည်၌) "ပဏ္ဍုက်, မိန်းမ, ဥဘတောဗျည်း ဤ၌ ၃-ယောက်မှတပါး အားလုံးသော ရဟန်း ရှင် လူ တို့နှင့် အတူထိုင်ကောင်း၏" ဟု ခွင့်ပြုတော်မူ၏။

မှတ်ချက်။ ။ဋီကာဟောင်း၌ "သဗ္ဗေဟေဝါတိ အနုပသမ္ပန္နေဟိပိ-ရဟန်းကို မဆိုထားဘိ လူသာမဏေတို့နှင့် အာဘူလည်း" ဟု ဖွင့်၏၊ ဋ္ဌကာသစ်၌ကား "သဗ္ဗေဟေဝါတိ သမာနာသနိက အာသမာနာသနိကေဟိ သဗ္ဗေဟေဝ" ဟု ဖွင့်၏၊ ဤသို့ အဆိုကဲ့သော်လည်း အာသမာနာသနိကအရ ရဟန်းသာမက လူသာမဏေကိုပါ ယူနိုင်ရကား အဖွင့် ၂-မျိုးလုံး သဘောတူပင်တည်းဟု မှတ်ပါ။

သတိပြုဘွယ်။ ။ဒီဃာသန၌ ပဏ္ဍက, ဣတ္ထိ, ဥဘတောဗျဉ္ဇနကတို့နှင့်အတူ မထိုင်ရဟု အဓိပ္ပါယ် ထွက်၏၊ အခြို့သော မော်တော်ကား, မီးရထား, သင်္ဘော်တို့၌ ၃-ယောက်မက ထိုင်လောက်သော ခုံတန်းလျားရှည်ဝယ် မိန်းမတို့နှင့်အတူ

၁၉၇။ အန္တံ ဒီဃာသနံ တိဏ္ဏံ၊ ယံ ပဟောတိ နိသီဒိတုံ။
မဉ္ဆကေ ဝါပိ ပီဌေ ဝါ၊ ဒ္ဝိန္နံ လဗ္ဘံ နိသီဒိတုံတိ။

၁၉၇။ ယံ၊ အကြင်နေရာသည်။ တိဏ္ဏံ၊ ၃-ပါးသော ရဟန်းတို့အား။ နိသီဒိတုံ၊ တနေရာတည်း၌ ထိုင်ခြင်းငှါ။ ပဟောတိ၊ လောက်၏။ တံ၊ ထို နေရာသည်။ အန္တံ၊ အဃုတ်ဆုံးဖြစ်သော။ ဝါ၊ အတိုဆုံးဖြစ်သော။ ဒီဃာသနံ၊ ဒီဃာသနမည်၏။ မဉ္ဆကေ ဝါပိ၊ ညောင်စောင်း၌သော်၎င်း။ ပီဌေ ဝါ၊ အင်းပျဉ်၌သော်၎င်း။ ဒ္ဝိန္နံ၊ ရဟန်း ၂-ပါးတို့၏။ နိသီဒိတုံ၊ တနေရာတည်း၌ ထိုင်ခြင်းငှါ။ ဝါ၊ ထိုင်ခွင့်ကို။ လဗ္ဘံ၊ ရအပ်၏။ .... ဣတိ၊ သမာနာသနိကနှင့် စပ်၍ မှတ်ဘွယ်အပြီးတည်း။ (ဝိ ပါ ၄-၃၂၀၊ ဝိ ဋ္ဌ ၄-၇၆)

ထိုင်မိတတ်၏၊ ထို ခုံဘန်းလျားတွေသည် ရှေ့၍ မရအောင် ကြမ်းပြင်နှင့်အတူ တွဲထားလျှင် "ဘူမိဂတိက-ကြမ်းပြင်နှင့်အလားတူ"ဟု သဘောထား၍ ထိုင် ကောင်းသည်ဟု ယူကြ၏၊ ကြမ်းပြင်နှင့် မတွဲဘဲ ရှေ့ပြောင်း၍ ရကောင်းလျှင် ကား ဤ ဂါထာအတိုင်းပင် "မအပ်"ဟု မှတ်ပါ၊ အခွို့ခတင်ကြီးများကိုလည်း "ဘူမိဂတိက"ဟု ယူဆကြသည်။

အန္တံ၊ ပေ၊ နိသီဒိတုံ။ ။ရှေ့ဂါထာ၌ "ဒီဃာသန ဟူသည် အဘယ်နေရာ မျိုးပါနည်း"ဟု မေးဘွယ်ရှိသောကြောင့် "အန္တံ၊ ပေ၊ နိသီဒိတုံ"ဟု ဒီဃာသနသရုပ်ဖော်သည်၊ "အနည်းဆုံး ၃-ယောက်ထိုင်လောက်သော ခုံတန်း လျားသည် ဒီဃာသန(ရှည်သောနေရာ) မည်၏" ဟူလို၊ သေနာသနက္ခန္ဓကဉ် "အနုဇာနာမိ ဘိက္ခဝေ ယံ တိဏ္ဏံ ပဟောတိ၊ ဧတ္တကံ ဒီဃာသနံ"ဟု မိန့် တော်မူအပ်သည်ကို ယူထားအပ်သော ဂါထာတည်း၊ "အနည်းဆုံး ၃-ယောက် ထိုင်လောက်သောနေရာ"ဟု ဆိုသဖြင့် "၄-ယောက် ၅-ယောက် စသည် ထိုင်လောက်သောနေရာလည်း ဒီဃာသနပင်"ဟု မှတ်ပါ။

မဉ္ဆကေ၊ ပေ၊ နိသီဒိတုံ။ ။ဒီဃာသန မဟုတ်သော ညောင်စောင်း အင်းပျဉ် ထိုင်ခုံဌ သမာနာသနိကတို့ ၂-ယောက်ထက် ပို၍ ထိုင်သည့် အတွက် ကျိုး ပျက်ဘူးသောကြောင့် "အနုဇာနာမိ ဘိက္ခဝေ ဒုဝဂ္ဂဿ(၂-ယောက်အစုအား) မဉ္ဆံ, ဒုဝဂ္ဂဿ ပီဌံ"ဟု ၂-ယောက်သာထိုင်ဘို့ရန် ခွင့်ပြုတော်မူသည်။

အသံဝါသိကနိဒ္ဒေသ

အသံဝါသိကော စာတိ၊ “အသံဝါသိကော စ” ဟူသော ဥဒ္ဒေသ၏။ (နိဒ္ဒေသော၊ နိဒ္ဒေသကာဿ—)

၁၉၇။ ဥက္ခိတ္တောနုပသမ္ပန္နော၊ ဘိက္ခုနိ ဆိန္နမူလကော။
နာနာသံဝါသနိဿီမ-ဋ္ဌိတဝေဟာသသဏ္ဌိတာ။
ကောဒသ အာဘဗ္ဘာစ၊ အသံဝါသာတိ ဒီပိတာ။

၁၉၇။ ဥက္ခိတ္တော၊ မစ္ဆန့်, မရ္ဏ, မကုဋ္ဌင်းကြောင့် နှင်ထုတ်အပ်သော ဥက္ခိတ္တကရဟန်းကိုဋ္ဌင်း။ အနုပသမ္ပန္နော၊ ရဟန်းမဟုတ်သော သိက္ခမာန်, သာမဏေ, သာမဏေမ, သိက္ခာဝဉ္စကိုဋ္ဌင်း။ ဘိက္ခုနိ၊ ဘိက္ခုနီကိုဋ္ဌင်း။ ဆိန္နမူလကော၊ ပြတ်သော အမြစ်ရင်းရှိသော ပါရာဇိက ကျသူကိုဋ္ဌင်း။

မှတ်ချက်။ ။၂-ယောက် ဟူရာ၌ “ဒွေ သမာနာသနိကာ နိသီဒိတုံ လဗ္ဘန္တိ” ဟု ဋီကာတို့ဖွင့်ကြ၏၊ ထိုအလို “၂-ဝါကြီး ၂-ဝါငယ် ရဟန်း ၂-ပါးသာ ညောင်စောင်း, ခတင်, ဒီဃာသနမဟုတ်သော အင်းပျဉ်, ထိုင်ခုံပေါ်၌ အတူတကွ ထိုင်နိုင်၏” ဟု အဓိပ္ပါယ် ရ၏၊ သို့ဖြစ်လျှင် “မထေရ်ကြီးက ညောင်းညာပြေအောင် ဝတ်ဖြည့် ခံရသော အခါ ခတင်ပေါ်၌ လူ, သာမဏေ, ၂-ဝါအောက်ပို၍ ငယ်သော ရဟန်းကို အတူထိုင်၍ မခံကောင်း” ဟု သိသာ၏၊ ထိုလူသာမဏေ ရဟန်းတို့၏ ဝတ်ဖြည့် ခံလိုလျှင် ကြမ်းပြင်အခင်း ပေါ်၌သာ ခံရလိမ့်မည်။

ဥက္ခိတ္တာ၊ပေ၊ ဒီပိတာ။ ။ပဌမ ပါရာဇိက ပါဠိတော်ဝယ် အသံဝါသော ပုဒ်၌ ဖွင့်ပြအပ်သော ကေကမ္မ, ကေဒ္ဒေသ, သမသိက္ခာကို “သံဝါသ” ဟု ဆိုလို၏၊ (ကံအတူပြုခြင်း, ပါတိမောက်အတူ ရွတ်ဆိုခြင်း, သိက္ခာပုဒ်တို့ကို အတူ ကျင့်ခြင်း ဟူသော ထိုသံဝါသမရှိသူကို “အသံဝါသိက” ဟု ခေါ်၏၊ ထိုပုဂ္ဂိုလ် မျိုးကား ဂါထာလာသည့်အတိုင်း ဥက္ခိတ္တက ၃-ယောက်, အနုပသမ္ပန္န (ရဟန်းမဟုတ်

နာနာသံဝါသနိဿိမဋ္ဌိတဝေဟာသသဏ္ဌိတာ၊ ဥက္ခိတ္တကရဟန်းသို့ အစဉ်လိုက်သော လဒ္ဓိနာနာသံဝါသကရဟန်း, သိမ်ပြင်ပဋ္ဌိတည်သော ရဟန်း, ကောင်းကင်ဋ္ဌိတည်သော ရဟန်းတို့ကိုဋ္ဌင်း။ ကောဒသ၊ တကျိပ်တယောက် ကုန်သော။ အဘဗ္ဗာ စ၊ အဘဗ္ဗပုဂ္ဂိုလ်တို့ကိုဋ္ဌင်း။ အသံဝါသာတိ၊ အသံဝါသတို့ဟူ၍။ ဝါ၊ သံဝါသမရှိသော ပုဂ္ဂိုလ်တို့ဟူ၍။ ဒီပိတာ၊ ပြအပ်ကုန်ပြီ။ ....ဏ္ဍတိ၊ အသံဝါသိကနှင့်စပ်၍ မှတ်ဘွယ်အပြီးတည်း။ (ဝိ ပါ ၃-၄၄၀)

သော သိက္ခမာန် သာမဏေ သာမဏေမ သိက္ခာချသူအားလုံး), ဘိက္ခုနီ, ဆိန္နမူလက(သာသနာတော်၌ အမြစ်ပြတ်နေသော ပါရာဇိကကျလျက် လူဝတ်မလဲသူ), နာနာသံဝါသက (ဥက္ခိတ္တက ရဟန်းသို့ အစဉ်လိုက်သော လဒ္ဓိနာနာသံဝါသကပုဂ္ဂိုလ်), နိဿိမဋ္ဌ (ကံပြုရာ သိမ်၏ပြင်ဘက် သိမန္တရိက်တို့၌နေသူ), ကောင်းကင်ဋ္ဌိတည်နေသူ, [ထိုသူတို့သည် ဟတ္ထပါသ်စပ်အောင် နီးကပ်နေသော်လည်း အသံဝါသိကတို့ပင်တည်း၊] "ပဏ်ထေ ပက် ဆန်၊ ပဥ္စာနန်၊ ဒူသံ ဥဘောဗျည်း" ဟူသော အဘဗ္ဗပုဂ္ဂိုလ် တကျိပ်တယောက် ဤအားလုံးကို အသံဝါသိက ပုဂ္ဂိုလ်များဟု ဆိုရသည်။

အသံဝါသာ။ ။ဝေတသု ဟိ တိဝိဓေ ဥက္ခိတ္တကေ သတိ ဥပေါသထာဒိကံ ကမ္မံ ကရောန္တဿ ပါစိတ္တိယံ၊ ဤတရေသု ဒုက္ကဋ်-ဒ်ီကာသစ်၊ သပွါဏကဝဂ် ဥက္ခိတ္တသမ္ဘောဂသိက္ခာပုဒ်အရ ဥက္ခိတ္တကပုဂ္ဂိုလ်နှင့်အတူ ကံပြုသော ရဟန်းမှာ ပါစိတ်အာပတ်သင့်သည်၊ မဟာဝဂ္ဂ ဥပေါသတက္ခန္ဓကဉ် "နဘိက္ခဝေ ဘိက္ခုနိယာ နိဿိန္နပရိသာယ ပါတိမောက္ခံ ဥဒ္ဒိသိတဗ္ဗံ၊ ပေ၊ အာပတ္တိ ဒုက္ကဋဿ" ဟု ဆိုသောကြောင့်ဌင်း မဟာဝဂ္ဂစမ္မေယျကွန္ဓကဉ် "အကမ္မံ နစကရဏီယံ" ဟုန ဟူသော ပဋိသေဓဖြင့် တားမြစ်သောကြောင့်ဌင်း ဒုက္ကဋ် အာပတ် သင့်သည်။

ဒ်ီကာဟောင်း၌ နိဿိမဋ္ဌပုဂ္ဂိုလ်, ဝေဟာသဋ္ဌပုဂ္ဂိုလ်တို့နှင့်အတူ ကံပြုလျှင် ကံပျက်သည်ဟု ဆို၏၊ ထိုသို့ ဆိုရာ၌ သူတို့က ဟတ္ထပါသ် အတွင်း၌ ရောက်၍ သူတို့ပါမှ ဆိုင်ရာသံဃာပြည့်လျှင် ထိုကံ ပျက်သည်ဟုဌင်း သူတို့က ဟတ္ထပါသ် ကပ်နေသော်လည်း သိမ်ပြင်ဘက်၌ တည်သောကြောင့် သူတို့မပါဘဲ ဆိုင်ရာကံ၏ သံဃာ ပြည့်စုံလျှင် ကံမပျက်ဟုဌင်း ခဲခြားး၍ မှတ်ပါ။

ကမ္ဘဏ္ဍသ

ကမ်ံ စဘတိ၊ "ကမ်ံ စ" ဟူသော ဥဒ္ဒေသ၏။ (နိဒ္ဒေသော၊ နိဒ္ဒေသကား-)

၁၉၉။ ဝဂ္ဂေန အဓမ္မကမ်ံ၊ သမဂ္ဂေန အဓမ်ိဳကံ။
ဝဂ္ဂေန ဓမ္မကမ္မဋ္ဌ၊ သမဂ္ဂေန စ ဓမ်ိဳကံ။
စတုတ္ထံယေဝါနုညာတံ၊ သေသကမ္မေသု ဒုက္ကဋံ။

၁၉၉။ ဝဂ္ဂေန၊ သိမ်တ္ဂင်းသံဃာမစုံသည့်အတွက် တချို့တဝက် သံဃာသည်။ (ကတံ၊ ပြုအပ်သော။) အဓမ္မကမ်ံ၊ ဝိနည်းတရားတော်အား မလျော်သော ကံဂင်း။ တနည်း၊ ဝဂ္ဂေနအဓမ္မကမ်ံ၊ ဝဂ္ဂအဓမ္မကံဂင်း။ သမဂ္ဂေန၊ သိမ်တ္ဂင်း သံဃာစုံသည့်အတွက်သမဂ္ဂသံဃာသည်။ (ကတံ၊ ပြုအပ်သော။) အဓမ်ိဳကံ၊ ဝိနည်းတရားတော်အားမလျော်သောကံဂင်း။ တနည်း၊ သမဂ္ဂေန အဓမ်ိဳကံ၊ သမဂ္ဂအဓမ္မကံဂင်း။ ဝဂ္ဂေန၊ သိမ်တ္ဂင်းသံဃာ မစုံသည့်အတွက်

ဝဂ္ဂေန၊ပေါဓမ်ိဳကံ။ ။"စတ္တာရိမာနိ ဘိက္ခဝေ ကမ္မာနိ အဓမ္မေန ဝဂ္ဂကမ်ံ, အဓမ္မေန သမဂ္ဂကမ်ံ, ဓမ္မေန ဝဂ္ဂကမ်ံ, ဓမ္မေန သမဂ္ဂကမ်ံ" ဟူသော စမ္မေယျကွန္ဓကမ္ဘ ယူအပ်သော ပါဠိတည်း၊ [ဓမ္မော ယဿ အတ္ထိတိ ဓမ်ိဳကံ-ဝိနည်း ပါဠိတော်ရှိသောကံ၊ ဓမ္မေန + ကတံ-ဝိနည်းပါဠိတော်ဓမ္မနှင့်ညီစွာ + ပြုအပ်သောကံ၊ ဓမ္မဿ + အနုရူပံ ဓမ်ိဳကံ-ဝိနည်းပါဠိတော်အားလျော်သောကံ၊ နှ + ဓမ်ိဳကံ အဓမ်ိဳကံ-ဓမ်ိဳကမဟုတ်သောကံ]။

အဓမ္မကံ့ဓမ္မကံ။ ။ဥ တ္တိဒုတိယကံဌ ဥ တ်တကြိမ်သာ ရွတ်၍ ကမ္မဝါစာမရွတ်ဘဲကံပြုလျှင် "အဓမ္မကံ" မည်၏။ "ဝိနည်းတော်နှင့်မလျော်သောကံ" ဟူလို၊ ထို့အတူ ဥ တ္တိဒုတိယကံဌ ဥ တ်ချည်း ၂-ကြိမ် ရွတ်လျှင်၎င်း ကမ္မဝါစာချည်း ၂-ကြိမ်ရွတ်လျှင်၎င်း အဓမ္မကံပင်မည်၏၊ ဤသို့စသည်ဖြင့် ဝိနည်းပါဠိတော်နှင့် အညီအတိုင်းမပြုအပ်သမျှကံကို "အဓမ္မကံ" ဟုချည်းမှတ်၍ ဝိနည်းပါဠိတော်နှင့် အညီ

တခ္ဖို့တဝက် သံဃာသည်။ (ကတံ၊ ပြုအပ်သော။) ဓမ္မကမ္မဉ္စ၊ ဝိနည်းတရား တော်အားလျော်သောကံဂင်း။ တနည်း၊ ဝဂ္ဂနဓမ္မကမ္မဉ္စ၊ ဝဂ္ဂဓမ္မကံဂင်း၊ သမဂ္ဂေန၊ သိမ်တွင်း သံဃာစုံသည့်အတွက် သမဂ္ဂဖြစ်သော သံဃာသည်။ (ကတံ၊ ပြုအပ်သော။) ဓမ္မိကဉ္စ၊ ဝိနည်းတရားတော်အား လျော်သောကံဂင်း။ တနည်း၊ သမဂ္ဂေနဓမ္မိကဉ္စ၊ သမဂ္ဂဓမ္မကံဂင်း။ (ဤတိ၊ ဤသို့။ စတ္တာရိ၊ ၄-မျိုးကုန်သော။ ကမ္မာနိ၊ ကံတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တေသု၊ ထို ၄-မျိုးသောကံတို့တွင်။) စတုတ္ထံယေဝ၊ လေးခုမြောက်ဖြစ်သော သမဂ္ဂဓမ္မကံကိုသာ။ (ဘဂဝတာ၊ မြတ်စွာဘုရားသည်။) အနုညာတံ၊ ခွင့်ပြုတော်မူအပ်ပြီ။ သေသကမ္မေသု၊ ကြွင်းသောကံ ၃-မျိုးတို့၌။ ဒုက္ကဋံ၊ ဒုက္ကဋ်ရာ အာပတ်သည်။ ဟောတိ၊ ဖြစ်၏။ (ဝိ ပါ ၃-၄၃၅-၇)

ပြုအပ်သောကံသည် ဓမ္မကံမည်၏ဟု မှတ်ပါ၊ ဥတ္တိကံ ဥတ္တိစတုတ္ထကံ တို့၌လည်း နည်းတူ။

ဝဂ္ဂကံ, သမဂ္ဂကံ။ ။စတုဝဂ္ဂသံဃာသည် ပြုထိုက်သောကံ၌ ၄-ပါးသော ရဟန်းတို့ အပြည့်အစုံမရောက်လာသော်ဂင်း တသိမ်တည်း၌ ဆန္ဒဆောင်ထိုက်သော ရဟန်းတို့၏ ဆန္ဒကို မဆောင်လျှင်ဂင်း ရောက်လာကြသော မျက်မှောက် သံဃာတို့တွင် တပါးပါးက ကိုကံကို သဘောမတူဟု တားမြစ်လျှင်ဂင်း ဤ ၃-ပါးသောအကြောင်းတို့တွင် တပါးပါးသော အကြောင်းရှိလျှင် ဝဂ္ဂကံဖြစ်၏၊ ထိုသို့ မဖြစ်လျှင် သမဂ္ဂကံမည်၏၊ [ဝဂ္ဂ-တသိမ်တည်း၌ မညီမညွတ်ဘဲ တခုစီ ဖြစ်နေသောကံ၊ သမဂ္ဂ-တသိမ်တည်း၌ ညီညွတ်သောကံ။]

အဓမ္မေနဝဂ္ဂကံစသည်။ ။ထိုသို့ အဓမ္မလည်းဖြစ်, ဝဂ္ဂလည်းဖြစ်နေသောကံသည် အဓမ္မေနဝဂ္ဂကံ မည်၏၊ အဓမ္မကံဖြစ်၍ သံဃာအားလုံး ညီညွတ်လျှင် အဓမ္မေနသမဂ္ဂကံ မည်၏၊ ဝိနည်းတော်နှင့် ညီညွတ်၍ ဓမ္မကံဖြစ်သော်လည်း သံဃာက မစုံမညီဖြစ်လျှင်, စုံညီသော်လည်း ကံကိုတားမြစ်လျှင် ဓမ္မေနဝဂ္ဂကံဖြစ်၏၊ ဝိနည်းတော်နှင့်လည်းညီ, သံဃာအားလုံးလည်း စုံညီ၍ တားမြစ်မှုမရှိလျှင် ဓမ္မေနသမဂ္ဂကံ မည်၏။

၂၀၀။ စတုဝင်္ဂါ ပဥ္စဝင်္ဂါ၊ ဒသဝိသတိဝင်္ဂိကော။
တိရောကဝိသတိဝင်္ဂါ၊ ပဥ္စ သံဃာ ဝိဘာဝိတာ။

၂၀၀။ စတုဝင်္ဂါ၊ ၄-ပါးသော ရဟန်းတို့၏ အစုဖြစ်သော သံဃာဌင်း။ ပဥ္စဝင်္ဂါ၊ ၅-ပါးသော ရဟန်းတို့၏ အစုဖြစ်သော သံဃာဌင်း။ ဒသဝိသတိဝင်္ဂိကော၊ တကျိပ်သော ရဟန်းတို့၏ အစုဖြစ်သော သံဃာ, ၂-ကျိပ်သော ရဟန်းတို့၏ အစုဖြစ်သော သံဃာဌင်း။ အတိရောကဝိသတိဝင်္ဂါ၊ ၂-ကျိပ်ထက်ပိုသော ရဟန်းတို့၏ အစုဖြစ်သောသံဃာဌင်း။ (ဣဘိ၊ ဤသို့။) ပဥ္စ၊ ၅-စုကုန်သော။ သံဃာ၊ သံဃာတို့ကို။ (ဘဂဝတာ၊ မြတ်စွာဘုရားသည်။) ဝိဘာဝိတာ၊ ထင်စွာပြတော်မူအပ်ကုန်ပြီ။ (ဝိ ပါ ၃-၄၃၉၊ကခ်ါ ဋ္ဌ ဂ၅-၆)

၂၀၁,၂။ စတုဝင်္ဂတ္ထ အဇ္ဈာနု-ပသမ္ပဒါပဝါရဏာ။
ပဥ္စဝင်္ဂါ စ အဇ္ဈာနံ၊ မဇ္ဈဒေသုပသမ္ပဒံ။
ဒသဝင်္ဂါ စ အဇ္ဈာနံ၊ ဌပေတ္ဝာ သဗ္ဗကမ္မိကော။
ဣတရော သဗ္ဗကမ္မေသု၊ ကမ္မပ္ပတ္တောတိ ဒီပိတော။

၂၀၁,၂။ ဧတ္ထ၊ ဤ၅-စုသော သံဃာတို့တွင်။ စတုဝင်္ဂါ၊ စတုဝင်္ဂသံဃာသည်။ အဇ္ဈာနုပသမ္ပဒါပဝါရဏာ၊ အဇ္ဈာနကံ, ဥပသမ္ပဒါကံ, ပဝါရဏာ

စတု၊ ပေ၊ ဝိဘာဝိတာ။ ။“ပဥ္စ သံဃာ စတုဝင်္ဂါ ဘိက္ခုသံဃော၊ ပေ၊ **အ**တိရောကဝိသတိဝင်္ဂါ ဘိက္ခုသံဃော”ဟူသော စမ္ပေယျကွဒ္ဓက ပါဠိတော်မှ ယူအပ်သော ဂါထာတည်း၊ ၄-ပါးအစုအဝေးရှိသော (၄-ပါး စုံစုံညီညီရောက်မှ ကံအထမြောက်သော) သံဃာသည် စတုဝင်္ဂဘိက္ခုသံဃာ မည်၏၊ ဤသို့ စသည်ဖြင့် သိပါ။

စတုဝင်္ဂတ္ထ။ ။စတုဝင်္ဂသံဃာသည် အဇ္ဈာနကံကိုဌင်း ဥပသမ္ပဒါကံကိုဌင်း ပဝါရဏာကံကိုဌင်း ချန်ထား၍ ထိုကံတို့မှ တပါးသော အခြားကံတို့၌ ကံအားလျော်ပတ်ကုန်၏၊ “ထို အခြားကံတို့ကို ပြုရာ၌ အထမြောက်ကုန်၏”ဟူလို။

ကံတို့ကို။ ဌပေတ္ဝာ၊ ထား၍။ သဗ္ဗကမ္မိကော၊ အလုံးစုံသော ကံအား လျော်က်ပတ်၏။ ပဉ္စဝဂ္ဂါစ၊ ပဉ္စဝဂ္ဂသံဃာသည်လည်း။ အဗ္ဘာနံ၊ အဗ္ဘာန ကံကိုဌင်း။ မဇ္ဈဒေသော၊ မဇ္ဈိမဒေသ၌။ ဥပသမ္ပဒံ၊ ဥပသမ္ပဒါကံကိုဌင်း။ ဌပေဘ္ဝာ၊ ထား၍။ သဗ္ဗကမ္မိကော၊ အလုံးစုံသော ကံအား လျော်က်ပတ်၏။ ဒသဝဂ္ဂါ စ၊ ဒသဝဂ္ဂသံဃာသည်လည်း။ အဗ္ဘာနံ၊ အဗ္ဘာနကံကို။ ဌပေတ္ဝာ၊ ထား၍။ သဗ္ဗကမ္မိကော၊ အလုံးစုံသော ကံအား လျော်က်ပတ်၏။ ဣတရော၊ ဆိုအပ်ပြီးသော သံဃာတို့မှ တပါးသော ဝိသတိဝဂ္ဂသံဃာ, အာဘိရေကဝိသတိဝဂ္ဂသံဃာသည်။ သဗ္ဗကမ္မေသု၊ အလုံးစုံသောကံတို့၌။ ကမ္မပ္ပတ္တော၊ ကံအားလျောက်ပတ်၏။ ဣတိ၊ ဤသို့။ ဒီပိတော၊ ပြတော်မူအပ်ပြီ။ (ဝိ ပါ ၃-၄၃၉၊ ကခ်ဂါ ဌ ဂ၅-၆)

မှန်၏–အဗ္ဘာနကံ၌ အာနည်းဆုံး သံဃာ ၂၀-ရှိရသည်၊ "ယတ္ထ သိယာ ဝိသတိဂဏော ဘိက္ခုသံဃော"စသည်ကို သတိပြုပါ၊ ပစ္စန္တိမဒေသဝယ် ၅-ပါးပြည့်မှ ဥပသမ္ပဒာကံဆောင်နိုင်၏၊ ဘာ့ကြောင့်နည်း–တပါးက ကမ္မဝါစာရှတ်ပြသော အခါ "သုဏာတု မေ ဘန္တေ သံဃော" ဟု ၄-ပါးသံဃာကို နားထောင်ဘို့ရန် တိုက်တွန်းရသောကြောင့်တည်း၊ ပဝါရဏာကံလည်း အနည်းဆုံး ၅-ပါးရှိမှ သံဃပဝါရဏာ ဖြစ်သည်၊ ဘာ့ကြောင့်နည်း–တပါးက ဖိတ်သောအခါ "သံဃံ ဘန္တေ ပဝါရေမိ" ဟု သံဃာကို ဖိတ်ရသောကြောင့်တည်း၊ ပဉ္စဝဂ္ဂသံဃာစသည် တို့၌လည်း နည်းတူ၊ [ပဉ္စဝဂ္ဂသံဃာသည် မဇ္ဈိမဒေသ၌သာ ဥပသမ္ပဒကံကို မပြုနိုင်၊ မြန်မာနိုင်ငံကဲ့သို့ ပစ္စန္တိမဒေသ၌ ပြုနိုင်၏၊ ထို့ကြောင့် "မဇ္ဈဒေသုပသမ္ပဒံ ဌပေတ္ဝာ" ဟု ဆိုသည်။]

၂၀၃။ စတုဝင်္ဂေန ကတ္တမ္မေ၊ စတ္တာရော ပကတတ္တကာ။
ကမ္မပ္ပတ္တာ ပရေ ဆန္ဒာ-ရဟာ သေသေပျယံ နယော ။

၂၀၃။ စတုဝင်္ဂေန၊ စတုဝင်္ဂသံဃာသည်။ ကတ္တမ္မေ၊ ပြုထိုက်သောကံ၌။ စတ္တာရော၊ ၄-ပါးကုန်သော။ ပကတတ္တကာ၊ ပင်ကိုယ်သဘောဖြစ်သော သီလရှိသော ရဟန်းတို့သည်။ ကမ္မပ္ပတ္တာ၊ ကံအားလျော်ပတ်ကုန်၏။ အပရေ၊ ၄-ပါးမှ တပါး အခြားသော တသိမ်တည်း၌နေသော ရဟန်းတို့သည်။ ဆန္ဒာရဟာ၊ ဆန္ဒထိုက်ကုန်၏။ သေသေပီ၊ ကြွင်းသော ပဉ္စဝဂ္ဂ ကတ္တဗ္ဗစသောကံ၌လည်း။ အယံ နယော၊ ဤနည်းပင်တည်း။ (ဝိ ပါ ၅-၃၈၁-၄၊ ဝိ ဋ္ဌ ၄-၂၄၉)

စတုဝင်္ဂေန၊ ပေ၊ တ္တကာ။ ။“ပကတတ္တ”ဟူသည် ပါရာဇိကကျသူလည်း မဟုတ်သော ဥက္ခိတ္တက ၃-ယောက်လည်း မဟုတ်သော လဒ္ဓိနာနာသံဝါသကလည်း မဟုတ်သော ပင်ကိုယ်သီလ၌တည်သော ရဟန်းတည်း၊ ရဟန်းဖြစ်စတုန်းက နှစ်ရှဉ့်နှစ်ဆယ်ခုနစ်သွယ်, သို့မဟုတ် ကုဋ္ဌေကိုးထောင်ကျော် သီလကို “ပ+ကတ+အတ္တ”ဟု ဆိုသည်၊ ဤနေရာ၌ကား ပါရာဇိက မကျလျှင်၎င်း ဥက္ခိတ္တက မဟုတ်လျှင်၎င်း လဒ္ဓိနာနာသံဝါသက မဟုတ်လျှင်၎င်း “ပင်ကိုယ်သဘောရှိသောရဟန်း” ဟု ဆိုနိုင်သည်၊ [ဝစနတ္ထ – ပကတော + သဘာဝ-ဘူတော အတ္တာ အာဿာတိ ပကတတ္တော၊ အာဿ-ထိုရဟန်း၏၊ ပကတော – အစပဌမ ပြုအပ်ပြီးသော (ရဟန်း ဖြစ်စတုန်းကအတိုင်း ဖြစ်သော) အတ္တာ-သဘောသည်၊ အတ္ထိ-ရှိ၏၊ ဣတိ-ထို့ကြောင့်၊ ပကတတ္တော-ပကတတ္တ မည်၏၊ [သဘာဝဘူတောသည် အတ္တာ၏ အနက်ဖွင့်တည်း၊] – ကခ်ီဋီကာသစ် သံဃာ-ဒိသိသ်နိဂုံး။ ဤ ဋီကာသစ်၌လည်း “ပကတော တတော်ယော ကမ္မေသု အဝိကတော (ကင်းအောင်မပြုအပ်သော) အတ္တာ ယေသံ တေတိ ပကတတ္တ-ကာ”ဟု ဆိုသည်၊ [ပကတိ+အတ္တဟု ပုဒ်ဖြတ်၍ “ပကတိယာ+ဋိတော အတ္တာ ယဿာတိ ပကတတ္တော”ဟုလည်း ပြုကြ၏၊ “ပင်ကိုယ်အားဖြင့်တည်သော သဘောရှိသောရဟန်း”ဟူလို။

၂၀၄။ စတုဝဂ္ဂါဒိကတ္တာဗ္ဗံ၊ အသံဝါသကမ္မာရဟာ-
ဂရုကဒ္ဒေဿဉ္ဉတရံ၊ ကတ္ဝာန ဂဏ္ဌပ္ပရကံ။
ပရိဝါသာဒိကံ ကမ္မံ၊ ကတံ ကုပ္ပဉ္စ ဒုက္ကဋံ။

၂၀၄။ စတုဝဂ္ဂါဒိကတ္တာဗ္ဗံ၊ စတုဝဂ္ဂအစရိတ္ဗ္ဗံသော သံဃာသည် ပြုထိုက်သော။ ပရိဝါသာဒိကံ၊ ပရိဝါသ် အစရိတ္ဗ္ဗံသော။ ကမ္မံ၊ ကံသည်။ ဝါ၊ ကံကို။ အသံ-

---

ကမ္မပ္ပတ္တာ။ ။ကမ်ံ – ဆိုင်ရာကံသို့ + ပတ္တာ – ရောက်သော ရဟန်းတို့တည်း၊ ကမ္မပ္ပတ္တာ-ဆိုင်ရာကံသို့ ရောက်သောရဟန်းတို့၊ ဤသို့ သဒ္ဒတ္ထ ဖြစ်၏၊ အဓိပ္ပါယ် အားဖြင့်ကား "ဆိုင်ရာကံအား လျောက်ပတ်၏"ဟု ဆိုလိုသည်၊ [ကမ္မပ္ပတ္တောတိ ကမ်ံ + ပတ္တော၊ ကမ္မယုတ္တော ကမ္မာရဟော၊ – မဟာဝဂ္ဂ စမ္မေယျကွန္ဓက အဋ္ဌ-ကထာ။] ဆိုလိုရင်းကား — ရဟန်း ၄-ပါး ပြုထိုက်သော ဥပုသ်ကံ စသည်၌ ထို ၄-ပါးလုံး ပကတတ်ချည်းဖြစ်၍ တသိမ်တည်း၌ အချင်းချင်း ဟတ္ထပါသ်ကို မစွန့်ဘဲ တည်ကြသောကြောင့် ကမ္မပ္ပတ္တ (ထိုကံအား လျောက်ပတ်သော) ပုဂ္ဂိုလ်များ ဖြစ်ကြသည် – ဟူလို။

အပရေ ဆန္ဒာရဟာ။ ။ထိုသို့ တည်ပြီးသော ၄-ပါးမှတပါး အခြားသော ပကတတ် ရဟန်းတို့သည် (တသိမ်တည်း၌ ရှိသော်လည်း ဂိလာန စသည်ဖြစ်သောကြောင့် ဟတ္ထပါသ်ရောက်အောင် မလာနိုင်လျှင်) ဆန္ဒဆောင်ထိုက်သော ရဟန်းများဖြစ်ကြသည် – ဟူလို၊ ထို့ကြောင့် ထိုသူတို့၏ ဆန္ဒကိုဆောင်ပြီးမှ ကံပြုနိုင်သည်။

သေသေပျယံနယော။ ။ပဉ္စဝဂ္ဂကတ္တာဗ္ဗကံ စသည်၌လည်း ပကတတ် ဖြစ်သော ရဟန်း ၅-ပါး စသည်တို့ ရောက်ရှိခြင်း, တသိမ်တည်း၌တည်သော မလာနိုင်သော ပကတတ် ရဟန်းတို့၏ ဆန္ဒဆောင်ထိုက်သူများ ဖြစ်ခြင်းတို့၌ လည်း နည်းတူ။

အသံဝါသ၊ ပေ၊ ဂဏ္ဌပ္ပရကံ။ ။ကံပျက်ခြင်း၏ အကြောင်းတို့သည် ကံပြုထိုက်သော ပုဂ္ဂိုလ်ဟူသော ဝတ္ထု, ဉတ်, ကမ္မဝါစာ, သိမ်, ပရိသတ်အားဖြင့် ၅-ပါးရှိ၏၊ ထိုတွင် ပရိသတ်ကြောင့် ကံပျက်နိုင်ပုံကို ပြလို၍ ဤဂါထာကို

ဝါသကမ္မာရဟာဂရုကဋ္ဌေသု၊ သံဝါသမရှိသောရဟန်း, ကံထိုက်သောရဟန်း, ဂရုကအာပတ်ဌိတည်သော ဒဏ်သားရဟန်းတို့ကုင်။ အညဘဏ်၊ တပါးပါး ကို။ ဂဏပူရကံ၊ ဂိုဏ်းကို ပြည့်စေဘတ်သူကို။ ကတ္ဘာန၊ ပြု၍။ ကတံ၊ ပြုအပ်သည်။ (သမာနံ၊ ဖြစ်လသော်။) ကုပ္ပဉ္စ၊ ပျက်လည်း ပျက်၏။ ဒုက္ကဋံ စ၊ ဒုက္ကဋ်အာပတ်လည်း သင့်၏။ (ဝိ ပါ ၃-၄၄၀)

ဆိုသည်၊ အသံဝါသ–ဟူသည် "ဥက္ခိတ္တာနုပသမ္ပန္နေ" စသည်ဖြင့် အသံဝါသိကနိဒ္ဒေသ၌ ပြအပ်ခဲ့သော ပုဂ္ဂိုလ်တည်း။

အသံဝါသဂဏပူရကံ။ ။ထို အသံဝါသ တယောက်ယောက်ကို (စတုဝဂ္ဂကရဏီယကံဖြစ်လျှင် ထိုသူနှင့်တကွ) ၄-ပါးပြည့်အောင်ပြု၍ (ပဉ္စဝဂ္ဂကရဏီယကံဖြစ်လျှင် ထိုသူနှင့်တကွ) ၅-ပါးပြည့်အောင်ပြု၍ ကံပြုလျှင် ထို ကံပျက်၏၊ ကံပြုသူတို့မှာလည်း ဒုက္ကဋ်အာပတ်သင့်၏၊ ဤသို့ စသည်ဖြင့် ဒသဝဂ္ဂကရဏီယ, ဓီသတိဝဂ္ဂကရဏီယကံတို့၌ ထိုသူ၏ ဂဏပူရက (ဂိုဏ်းပြည့်စေတတ်သောပုဂ္ဂိုလ်) ဖြစ်ပုံကို သိပါ။

ကမ္မာရဟစသည်။ ။ပရိဝါသ်ပေးကြောင်းကံ၌ ပရိဝါသ်နေမည့် ရဟန်းသည် ကမ္မာရဟ (ကံပြုထိုက်သူ) ဖြစ်၏၊ ဤသို့ ကမ္မာရဟပုဂ္ဂိုလ်ကို ၄-ပါးဂိုဏ်းပြည့်အောင်ဖြည့်၍ ကံပြုလျှင် ကံပျက်၏၊ ဂရုကအာပတ်ဌိတည်၍ ပရိဝါသ်နေဆဲဖြစ်သူကို ဂိုဏ်းပြည့်အောင် ဖြည့်လျှင်လည်း ကံပျက်၏၊ ပရိဝါသ်နေဆဲမဟုတ်ဘဲ ပရိဝါသ်ချထားလျှင်ကား ပကတတ်ပုဂ္ဂိုလ်ဖြစ်သောကြောင့် ကံမပျက်၊ ဌီကာတို့၌ ရှေ ၄-ပါဒဝယ် အောက်ပါအတိုင်း ပါဠိရှိ၏။

စတုဝဂ္ဂါဒိကတ္တာဗ္ဗံ၊ အသံဝါသဂဏပူရံ။
ကမ္မာရဟဂဏပူရံ၊ ဂရုကဋ္ဌဂဏပူရံ။

၂၀၅။ အဓမ္မကမ္မံ ဝါရေယ္ယ၊ အန္တရာယေ ဒုဝေ တယော။
ဒိဋ္ဌဝိမေကောဓိဋ္ဌာနံ၊ ဝါရေန္တော တတော ဓိကာ။

၂၀၅။ အဓမ္မကမ္မံ၊ အဓမ္မကံကို။ ဝါရေယ္ယ၊ အန္တရာယ်မရှိလျှင် တား မြစ်ရာ၏။ အန္တရာယေ၊ အသက်၏အန္တရာယ်, ဗြဟ္မစရိယ၏အန္တရာယ်သည်။ (သတိ၊ ရှိလသော်။) ဒုဝေ၊ ၂-ပါးသော ရဟန်းတို့သည်၎င်း။ တယော၊ ၃-ပါးသော ရဟန်းတို့သည်၎င်း။ ဒိဋ္ဌိ ံ၊ ငါမန္ဒစ်သက်ဟူသော အယူကို။ အာဝိ၊ ထင်စွာ။ (ကရေယ်ျ၊ အချင်းချင်းပြုကုန်ရာ၏။) ဧကော၊ တပါး တည်းဖြစ်မူ။ အဓိဋ္ဌာနံ၊ ငါမန္ဒစ်သက်ဟူသော ဓိဋ္ဌာန်မှုကို။ (ကရေယ်ျ၊ ပြုရာ၏။) တတော၊ ထို ၃-ပါးထက်။ အဓိကာ၊ ပိုလွန်သော ရဟန်းတို့ သည်။ ဝါရေန္တော၊ တား မြစ်ကြရမည်သော။ (ဝိ ပါ ၃-၁၅၄-၅)

အဓမ္မကမ္မံ ဝါရေယ္ယ။ ။အဓမ္မကံပြုနေလျှင် (မိမိတို့မှာလည်း အသက်ကို ရန်ရှာမည့်အန္တရာယ်, ဗြဟ္မစရိယကို ပျက်အောင် ဖျက်မည့်အန္တရာယ် တမျိုးမျိုး မရှိလျှင်) ထိုကံကို မိမိတို့သဘောမတူကြောင်း အတိအလင်း ပြောပြ၍ တား မြစ်ကြရမည်။

အန္တရာယေ ဒုဝေ တယော ဒိဋ္ဌာဝိ ံ။ ။ထိုကံပြုသော သံဃာတွင် မိမိတို့ ဘက်၌ ၃-ပါးသာရှိ၍ အသက်အန္တရာယ်, ဗြဟ္မစရိယ အန္တရာယ်ရှိမည်ထင်လျှင် "ဤကံကို တပည့်တော် သဘောမတူပါ, တပည့်တော်လည်း သဘောမတူပါ" ဟု ခတ်တိုးတိုးပင် မိမိတို့ အချင်းချင်း အယူကို ထင်စွာပြုရမည်။

ဧကော အဓိဋ္ဌာနံ။ ။ထင်စွာပြုဘို့ရန် သဘောတူမရှိဘဲ တပါးတည်းသာ ဖြစ်လျှင် "ငါတော့ သဘောမတူ" ဟု စိတ်၌ ဆောက်တည်လိုက်ရ ဓိဋ္ဌာန်လိုက် ရမည်၊ ဤသို့ အာဝိကရဏအမှု, ဓိဋ္ဌာန်မှုကိုပြုလျှင် အာပတ်မသင့်တော့။

မှတ်ချက်။ ။ဤ ဂါထာသည် "အနုဇာနာမိ ဘိက္ခဝေ စတူဟိ ပဉ္စဟိ ပဋိက္ကောသိတုံ (၄-ပါး ၅-ပါးရှိလျှင် တားမြစ်ခြင်းငှါ), ဒ္ဝီဟိ တီဟိ ဒိဋ္ဌိ ံ အာဝိကာတုံ, ဧကေန အဓိဋ္ဌာတုံ "န မေတံ ခမတိ-ဤကံသည် ငါ့အား

၂၀၆။ ကမ္မာရဟာ အသံဝါသာ၊ ခိတ္တစိတ္တဒုခဋ္ဌိတာ။
ဧတေသံ သံဃမဇ္ဈမ္ပို၊ ပဋိက္ခေပေါ န ရူဟတိ။

၂၀၆။ ကမ္မာရဟာ၊ ကံထိုက်သောရဟန်းတို့ဌင်း။ အသံဝါသာ၊ သံဝါသ မရှိသော ရဟန်းတို့ဌင်း။ ခိတ္တစိတ္တဒုခဋ္ဌိတာ၊ ပုံ့လွှင့်သော စိတ်ရှိသော ရဟန်း, ဒုက္ခဝေဒနာ လွှန်စွာနှိပ်စက်အပ်သော ရဟန်းတို့ဌင်း။ (ဣတိ၊ ဤသို့။) ဧတေသံ၊ ဤရဟန်းတို့၏။ သံဃမဇ္ဈမ္ပို၊ သံဃာ့အလယ်၌။ ပဋိက္ခေပေါ၊ တားမြစ်ခြင်းသည်။ န ရူဟတိ၊ မတက်ရောက်။ ဝါ၊ အထမမြောက်။ (ဝိ ပါ ၃-၄၄၃၊ ဝိ ဋ္ဌ ၃-၄၂၈)

၂၀၇။ ပကတတ္တောကသီမဋ္ဌ - သမသံဝါသဘိက္ခုနော။
အာရောစေန္တသန္တမသော-နန္တရဿာပိ ရူဟတိ။

၂၀၇။ ပကတတ္တောကသီမဋ္ဌသမသံဝါသဘိက္ခုနော၊ ပကတတ်လည်းဖြစ်သော, တသိမ်တည်း၌လည်းတည်သော, တူသောသံဝါသရှိလည်းရှိသော ရဟန်း၏။ ဝါ၊ ပကတတ်လည်းဖြစ်သော, တသိမ်တည်း၌လည်းတည်သော,

---

မနှစ်သက်ဟူ၍ အဓိဋ္ဌာန်ခြင်းငှါ”ဟူသော မဟာဝဂ် ဥပေါသထက္ခန္ဓက ပါဠိတော်ကိုမှီးသော ဂါထာတည်း။

ကမ္မာရဟာ၊ ပေ၊ န ရူဟတိ။ ။ကံပြုထိုက်သူ, ဥက္ခိတ္တစသော အသံဝါသိက, ပုံ့လွှင့်စိတ်ရှိသော ရှုးသောရဟန်း, ဒုက္ခဝေဒနာ အပြင်းအထန် အနှိပ်စက်ခံနေရသော (ကယောင်ကတမ်း ပြောနေသော) ရဟန်း ဤရဟန်းတို့က သံဃအလယ်၌ ကံကိုတားမြစ်သော်လည်း အထမမြောက်၊ “သူတို့၏ တားမြစ်မှုကြောင့် ကံမပျက်”ဟူလို။

ပကတတ္တောက၊ ပေ၊ ရူဟတိ။ ။တသိမ်တည်း၌တည်သော, (ကံကြီးကံငယ် ပြုနိုင်သော)သမာနသံဝါသကလည်းဖြစ်သော, ပကတတ်ရဟန်းက “ဤကံသည် တပည့်တော်အား မနှစ်သက်”ဟု တားမြစ်လျှင် သံဃာအားလုံးအား မပြော

တူသော သံဝါသလည်းရှိသော ရဟန်းသည်။ အန္တမသော၊ အောက်ထစ်ဆုံး အားဖြင့်။ အနုန္တရဿာပိ၊ မိမိ၏ အခြားမဲ့ရဟန်းအားသည်း။ အာရောစေန္တိဿ၊ မိမိ မနှစ်သက်ကြောင်းကို ပြောလသော်။ (ပဋိက္ခေပေါ၊ တားမြစ်ခြင်းသည်။) ရူဟတိ၊ တက်ရောက်၏။ ဝါ၊ အထမြောက်၏။ (၁-ဝိ ပါ ၃-၄၄၃၊ ဝိ ဋ္ဌ ၃-၄၂၀)

၂၀၀။ ကောပေတုံ ဓမ္မိကံ ကမ္မံ၊ ပဋိက္ကောသေယျ သမ္မုခါ။
တိရောက္ခာ ကာယသာမဂ္ဂိံ၊ ဆန္ဒံ နော ဒေယျ ဒုက္ကဋန္တိ။

၂၀၀။ ဓမ္မိကံ၊ တရားနှင့်ယှဉ်သော၊ ကမ္မံ၊ ကံကို။ ကောပေတုံ၊ ပျက်စေခြင်းငှါ။ သမ္မုခါ၊ မျက်မှောက်၌။ ပဋိက္ကောသေယျ၊ တားမြစ်အံ့။ တိရောက္ခာ၊ မျက်ကွယ်၌။ ကာယသာမဂ္ဂိံ၊ ကိုယ်၏ ညီညွတ်ခြင်းကို သော်၎င်း။ ဆန္ဒံ၊ ဆန္ဒကိုသော်၎င်း။ နော ဒေယျ၊ မပေးအံ့။ ဒုက္ကဋံ၊ ဒုက္ကဋ်အာပတ်သည်။ ဟောတိ၊ ဖြစ်၏။....ဣတိ၊ ကမ္မနှင့်စပ်၍ မှတ်ဘွယ်အပြီးတည်း။

စေကာမူ ကံပြုခိုက်၌ အခြားမဲ့ ရဟန်းတပါးအား ပြောလျှင်ပင် ထိုကံကို တားမြစ်ခြင်းကိစ္စ အထမြောက်၏။

မှတ်ချက်။ ။"ဘိက္ခုဿ ဘိက္ခဝေ ပကတတ္တဿ သမာနသံဝါသကဿ သမာနသီမာယံ ဌိတဿ အန္တမသော အာနန္တရိကဿာပိ ဘိက္ခုနော ဝိညာပေန္တဿ (သိစေသော, သိအောင်ပြောသော) သံဃမဇ္ဈေ ပဋိက္ကောသနာ ရူဟတိ"ဟူသော စမ္ပေယျကွန္ဓက ပါဠိတော်ကိုမှီသော ဂါထာတည်း။

ကောပေတုံ၊ ပေ၊ ဒုက္ကဋံ။ ။ဝိနည်းတရားတော်နှင့်လျော်စွာ ပြုအပ်သော ဓမ္မကံကို ထိုကံပြုရာတွင် ပါဝင်၍ မျက်မှောက်ဖြစ်သော ရဟန်းက တားမြစ်လျှင်၎င်း မျက်ကွယ်၌ ကိုယ်အားဖြင့် ညီညွတ်ကြောင်း ကာယသာမဂ္ဂီကို ပေးသော အားဖြင့် ဟတ္ထပါသ်သို့ မလာလျှင်၎င်း သို့မဟုတ် စိတ္တသာမဂ္ဂီဖြစ်ဘို့ရန် ဆန္ဒ မပေးလျှင်၎င်း ဒုက္ကဋ် အာပတ်သင့်၏။

မိစ္ဆာဇီဝဝိဝဇ္ဇနာနိဒ္ဒေသ

မိစ္ဆာဇီဝဝိဝဇ္ဇနာတိ၊ "မိစ္ဆာဇီဝဝိဝဇ္ဇနာ" ဟူသော ဥဒ္ဒေသ၏၊ (နိဒ္ဒေသော နိဒ္ဒေသကား-)

၂၀၉။ ဒါရုံ ဝေဠုံ ဖလံ ပုပ္ဖံ၊ စုဏ္ဏံ နှာနမုခေါဒကံ။
မတ္တိကာဒန္တကဋ္ဌာဒိ ံ၊ နာ ဒဒေ ကုလသင်္ဂဟာ။

၂၀၉။ ဒါရုံ၊ သစ်သားကိုဂျင်း။ ဝေဠုံ၊ ဝါးကိုဂျင်း။ ဖလံ၊ အသီးကိုဂျင်း။ ပုပ္ဖံ၊ ပန်းကိုဂျင်း။ စုဏ္ဏံ၊ ကုက္ကိုမှုန့်စသော အမှုန့်ကိုဂျင်း။ ဝါ၊ ရေချိုးဆပ်ပြာ

မိစ္ဆာဇီဝဝိဝဇ္ဇနာ။ ။အာဇီဝန္တိ ဇေတေနာတိ အာဇီဝေါ၊ ဇေတေန-ဤ သစ်သားပေးခြင်းစသော ကာယဒုစ္စရိုက်၊ ဝစီဒုစ္စရိုက်ဖြင့်၊ အာဇီဝန္တိ-အသက်မွေးကြကုန်၏၊ ဤတိ-ထိုသို့ အသက်မွေးကြောင်း၏ အဖြစ်ကြောင့်၊ သော-ထို သစ်သားပေးခြင်းစသော ကာယဒုစ္စရိုက်, ဝစီဒုစ္စရိုက်သည်၊ အာဇီဝေါ-အာဇီဝ မည်၏၊ [ဝိသုဒ္ဓိမဂ်၌ "ဇေတံ-ဤ လုလ္လဝိရိုယသို့၊ အာဂမ္မ-ရောက်၍၊ (ဇေတံ အာဂမ္မ-ဤဝိရိုယကို အကြောင်းပြု၍၊) ဇီဝန္တိ-အသက်မွေးရကုန်၏၊ ဤတိ အာဇီဝေါ" ဟု ပြု၍ ဝိရိုယကို အရကောက်၏၊ "ဤဝိရိုယကို အကြောင်းပြု၍" ဟု ဆိုလျှင် "ဤဝိရိုယကြောင့်" ဟု ဟိတ်လည်း ဖြစ်နိုင်၏၊ ထို့ကြောင့် ကရဏသာမဉ်လည်း ပြုနိုင်သည်။]

မိစ္ဆာ-မမှန်သော+အာဇီဝေါ-အသက်မွေးကြောင်း ပယောဂတည်း၊ မိစ္ဆာ-ဇီဝေါ-မမှန်သော အသက်မွေးဝမ်းကြောင်း ပယောဂ၊ ဤဝိဂြိုဟ်နှင့်အညီ ရဟန်းကောင်းတို့အတွက် မမှန်သော (မလုပ်ကောင်းသော) သစ်သားပေးခြင်း, ဝါးပေးခြင်းစသော ကိုယ်မှု နှုတ်မှု ပယောဂသည် (မိစ္ဆာဝါဒါယာမသည်)မိစ္ဆာဇီဝ မည်၏၊ ထိုမိစ္ဆာဇီဝမှ ရှောင်ကြဉ်ခြင်း (ရှောင်ကြဉ်ကြောင်း) ဝိရတိသည် မိစ္ဆာဇီဝဝိဝဇ္ဇနာ မည်၏။

ဒါရုံ၊ ပေ၊ နာ ဒဒေ။ ။စျာနဝိဘင်းပါဠိတော်၌ လာသော ပါဠိမှုယူအပ်သော ဂါထာတည်း၊ ထိုပါဠိတော်၏ အဋ္ဌကထာ၌ ဒါရုနေရာဝယ် ရုက္ခ(အိမ်ဆောက်ဘို့

မှုန့်ကိုဂုင်း။ နှာနမုခေါဒကံ၊ ချိုးရေ မျက်နှာသစ်ရေကိုဂုင်း။ မတ္တိကာဒန္တကဋ္ဌာဒိံ၊ မြေညက် ဒန်ပူ အစရှိသည်ကိုဂုင်း။ ကုလသင်္ဃာ၊ အမျိုး ၄-ပါးကို ချီးမြှောက်ခြင်းအားဖြင့်။ နဒဒေ၊ မပေးရာ။ (အဘိပါ ၂-၂၅၅၊ အဘိဋ္ဌ ၂-၃၂၀-၄၊ ဝိသုဒ္ဓိ ၁-၂၂-၉၊ ခု ပါ ရ-၃၉၆)

သစ်သား)ဟု လာ၏၊ ထိုတွင် စုဏ္ဏဟူသည် သိရိသစုဏ္ဏ (ကုက္ကိုအခေါက်မှုန့်) ကာသာဝ(ဖန်ရည်ဆိုးစရာဖြစ်သော သစ်ခေါက်၏အမှုန့်)စသော အမှုန့်တည်း၊ ဋီကာသစ်၌ "ရေချိုးဘို့ရန်အမှုန့်"ဟု ဖွင့်၏၊ သို့သော် ရေချိုးဘို့သာမက မျက်နှာစသည်၌ အသွေးအသား ကြည်လင်အောင်လည်း လိမ်းရသည်။

မတ္တိကာ အဋ္ဌကထာ။ ။စုဏ္ဏမကျံတန်ဆီ သာသပကက္ကေန (မုန်ညင်းမှုန့်ဖြင့်) မုခပိဋ္ဌကာဒိနိ (မျက်နှာ၌ပေါက်သော ဝက်ခြံစသည်တို့ကို) နီဟရိတ္ဝာ(ပယ်ရှားး၍) လောဏမတ္တိကာယ (ဆားဖြင့်ရောစပ်သော မြေညက်ဖြင့်) ဒုဋ္ဌလောဟိတံ ဝိလိယာပေတ္ဝာ(မကောင်းသောသွေးကို ကြွေစေ၍) တိလပိဋ္ဌေန(နှမ်းမှုန့်ညက်ဖြင့်) လောဟိတံ ပသာဒေတ္ဝာ (သွေးကိုကြည်စေ၍) ဟလိဒ္ဒိယာ ဝဏ္ဏံ သမ္ပာဒေတ္ဝာ (နနွင်းဖြင့် လှုပသောအဆင်းကို ပြီးစေ၍) စုဏ္ဏကဂဏ္ဌိကာယ (ကြိတ်အပ်သော အမှုန့်တို့၏ အတုံးဖြင့်)မုခံ ပဟရန္တိ) မျက်နှာကို ပုတ်တိုက်ကြကုန်၏) တေနေသ အတိဝိယ ဝိရောစတိ (ထိုသို့ပြုခြင်းကြောင့် ဤသူမသည် (တနည်း)ဤမျက်နှာသည် အလွန်တင့်တယ်၏။ —မဇ္ဈိမ ပ-ရဋ္ဌပါလသုတ်။

ရိုးရိုးမြေညက်, ငါးမျိုးသော အဆင်းရှိသော မြေညက်သက်သက်, ကုက်ဋ္ဌ-အာဒီ ဝါ"ဟု ဋီကာဖွင့်၏၊ ကုက်ဋ္ဌကို အဘိဓာန်၌ မတွေ့ရ၊ "မာလာကျိုကျူးမှုန့်"ဟု ရှေးနိဿယတို့၌ အနက်ပေးကြသည်၊"ကုက်မံ"ဟုလည်း ပေးကြ၏၊ ကဋ္ဌာဒိံ၌ အာဒီဖြင့် ပဏ္ဏ (အရွက်)ကိုယူပါ။

ကုလသင်္ဃာ။ ။ခတ္တိယ,ဗြာဟ္မဏ,ဝေဿ,သုဒ္ဒ ဟူသော အမျိုး ၄-ပါးကို "ကုလ"ဟု ခေါ်၏၊ သင်္ဃိဟ်ချီးမြှင့်ထောက်ပင့်ခြင်းကို "သင်္ဃ" ဟု ခေါ်၏၊ ထို အမျိုး ၄-ပါးတွင် ပါဝင်သူ တယောက်ယောက်အား ချီးမြှောက်ထောက်ပင့်သော အားဖြင့် ပေးကမ်းခြင်းကို "ကုလသင်္ဃာ"ဟု ခေါ်သည်၊ ထိုသို့ ပေးကမ်းခြင်း ကြောင့် လူတို့က အတုံ့ပြန်၍ ပေးသောအားဖြင့် လှူအပ်သော ပစ္စည်းကို

၂၁၀။ ပါရိဘဋ္ဌကတာ မုဂ္ဂ-သုပ္ပတာ ဝတ္ထုဝိဇ္ဇယာ။
ပဟောဏဒုတကမ္မေန၊ ဇဃ်ပေသနိယေန ဝါ။

၂၁၀။ ပါရိဘဋ္ဌကတာ (ပါရိဘဋ္ဌကတာယ) ကလေးသူငယ်များကို ချီပွေ့ထမ်းဆောင်တတ်သူ၏ ဖြစ်ကြောင်း ဖြစ်ရာ ချီပွေ့ ချော့မြူခြင်း စသည် ဖြင့်ဝင်း။ မုဂ္ဂသုပ္ပတာ (မုဂ္ဂသုပ္ပတာယ) အကျက်နည်းပါး မကျက်များသော ပဲနောက်ဟင်းကဲ့သို့ အမှုန်နည်းပါး မမှုန်များသော စကားရှိသူ၏ အဖြစ် အားဖြင့်ဝင်း။ ဝတ္ထုဝိဇ္ဇယာ (ဝတ္ထုဝိဇ္ဇာယ) အိမ်ရာခြံရာမြေ စသည်တို့၏ ကြန်အင်လက္ခဏာကို တတ်သိသော အတတ်ဖြင့်ဝင်း။ ပဟောဏဒုတ-ကမ္မေန၊ စေခိုင်းအပ်သည်ဖြစ်၍ လယ်ယာစသည်ဘို့သို့ သွားခြင်း, တမန်သည်တို့၏ အလုပ်ဖြစ်သော သဝဏ်စာလွှာ နှုတ်မှာစကားကို ယူဆောင်၍ တရွာမှတရွာသို့ ခရီးရှည် သွားခြင်းအားဖြင့်ဝင်း။ ဇဃ်ပေသနိယေန ဝါ၊ သလုံး မြင်းခေါင်းဖြင့် အစေခိုင်းခံ၍ တအိမ်မှတအိမ်သို့ ခရီးတိုသွားခြင်း အားဖြင့်ဝင်း။ (နှ ဇီဝယော၊ အသက်မဲ့ရာ-၌စပ်။)

(ကျောင်းပင် ဖြစ်စေကာမူ) ထို ရဟန်းသာမက သီတင်းသုံးဘော် ၅-ဦးလုံးပင် မသုံးစွဲအပ်၊ မိစ္ဆာဇီဝဖြစ်၏၊ သုံးစွဲလျှင် သုံးတိုင်းသုံးတိုင်း ဒုက္ကဋ်အာပတ်လည်း သင့်၏။ [ဤမိနာ ပန လဒ္ဓံ ပဉ္စန္နံပိ သဟဓမ္မိကာနံ နဝဋ္ဋတိ, မိစ္ဆာဇီဝဥ္စ ဟောတိ၊ – ဋီကာ။]

ပါရိဘဋ္ဌကတာ။ ။ယော ဟိ ကုလဒါရကေ ဓာတိ ဝိယ အင်္ကေန ဝါ ခန္ဓေန ဝါ ပရိဘဋ္ဌတိ ဓာရေတိ – အမျိုး ၄-ပါး၏ သတ္တိသားတို့ကို အထိန်းကဲ့သို့ ရင်ခွင်ဖြင့်သော်လည်း ပွေ့ပိုက်၏၊ ပခုံးဖြင့်သော်လည်း ထမ်းဆောင်၏၊ တန်ဆာဆင်ပေး၏၊ ထို ပုဂ္ဂိုလ်ကို "ပရိဘဋ္ဌက" ဟု ခေါ်၏၊ ပရိဘဋ္ဌကဿ – ကလေးတို့ကို ချီပွေ့ ထမ်းဆောင်သူ၏ + ဘာဝေါ – ဖြစ်ကြောင်းဖြစ်ရာ ချီပွေ့ထမ်းဆောင်မှု, တန်ဆာဆင်ပေးမှုသည်၊ ပါရိဘဋ္ဌကတာ – ပါရဘဋ္ဌကတာ မည်၏၊ ကလေး၏

မိဘဆွေမျိုးတို့က ကြည်ညိုး၍ လှူ။ဒါန်းချင်လာအောင် ထိုသို့ ချီးပွေထမ်းဆောင်မှု စသည်ကို "မိစ္ဆာဇီဝ"ဟု ခေါ်သည်။

မုဂ္ဂသူပျတာ။ ။"မုဂ္ဂသူပသဒိသတာ-ပဲနောက်ဟင်းနှင့်တူသည်၏ အဖြစ်" ဟု ဝိသုဒ္ဓိမဂ်ဖွင့်၏၊ ပဲနောက်ဟင်းချက်ရာ၌ အချို့သောမကျက်၊ အမျှားစုကား ကျက်၏၊ ထို့အတူ ထိုပုဂ္ဂိုလ်စကားပြောရာ၌ အချို့သော မှန်၏၊ အမျှားစုကား မမှန်၊ ထို့သို့ အမှန်နည်းပါး မမှန်များသော စကားရှိသူကို "ပဲနောက်ဟင်းနှင့်တူသူ"ဟု ခေါ်၏၊ မုဂ္ဂသူပေါ ဝိယာတိ မုဂ္ဂသူပျော၊ မုဂ္ဂသူပျဿ–ပဲနောက်ဟင်းနှင့်တူသော စကားရှိသူ၏+ဘာဝေါ မုဂ္ဂသူပျတာ-မှန်သည် ဖြစ်စေ မှားသည်ဖြစ်စေ လူတို့နှင့်လိုက်လျောအောင် ပဲ့ကျအောင် ထွေရာလေးပါး စကားပြော၍ လူကို့နှင့် အကျမ်းတဝင် ချစ်ခင်အောင် ပြုလုပ်ခြင်း၊ ဤနေရာ၌ ထိုသို့ပြောဆို၍ အသက်မွေးသူကို ယူပါ၊ [ဥပမာ အနက်၌ ဏျသက်လျှင် သူပျော (သုပ်ပေါ်)ဟု ဖြစ်၏။]

ဝတ္ထုဝိဇ္ဇယာ။ ။["ဝတ္ထုဝိဇ္ဇာယ"ဟု ဆိုလိုလျက် ဆန်းကိုဏ်းသင့်အောင် အက္ခရာ ပြောင်းရွှေ့ထားသည်၊] အိမ်ရာ (အိမ်ဆောက်ဘို့နေရာ), ဥယျာဉ်ခြံပြုလုပ်ဘို့ နေရာမြေ စသည်တို့၏ ကြန်အင်လက္ခဏာ (ဂုဏ်အပြစ်)ကို သိသော အတတ်ကို "ဝတ္ထုဝိဇ္ဇာ"ဟု ခေါ်၏၊ [ဃရဝတ္ထု(အိမ်ရာ)အာရာမဝတ္ထု(ခြံရာ) အာဒီနံ ဂုဏဒေါသလက္ခဏဝိဇ္ဇာ၊–သီလက္ခန် ဇြဟ္မဇာလသုတ် မဟာသီလ အဋ္ဌကထာ။]ထိုအတတ်ဖြင့် လူတို့အား မြေကို ရွေးချယ်ပေးခြင်းကို "မိစ္ဆာဇီဝ" ဟု ဆိုသည်။

ပဟေနဒူတကမ္မေန။ ။ပဟုဗ္ဗ ဟိဓာတ်, တပစ္စည်းကို နပြု၍ "ပဟိန-စေလှတ်အပ်, စေခိုင်းအပ်သူ"ဟု ဖြစ်၏၊ ယုပစ္စည်းသက်၍ အနပြုလျှင် ပ(ပြ)ဥပသာရကြောင့် "ပဟိဏ, ပဟေဏ"ဟု လည်းရှိ၏။ ပဟီယန္တေတိ ပဟိနာ၊ ပဟိနာနံ စေခိုင်းအပ်သူတို့၏၊ ကမ္မံ-သွားလာခြင်း အလုပ်သည်၊ ပဟေနံ-ပဟေန မည်၏၊စေခိုင်းအပ်သည်ဖြစ်၍ လယ်ယာစသည့်သို့ သွားခြင်းကို"ပဟေန"ဟု ဆိုသည်၊ [ခေတ္တာဒီသု ပေသိတဿ ဂမနံ ပဟေနကမ္မံ၊ ဋီကာသစ်၌ကား-"ပဟိနာနံ တသ္မိံ တသ္မိံ ကမ္မေ တေသံ တေသံ နိယုဇ္ဇနံ-လူတို့က စေခိုင်းအပ်

သည်ဖြစ်၍ ထိုထို အလုပ်၌ အားထုတ်ခြင်း, ပြုလုပ်ပေးခြင်းဟု ဆို၏။] ဒုတာနံ ကမ္မံ ဒုတကမ္မံ-စေတမန်တို့၏ အလုပ်ဖြစ်သော သဝန်စာလ္ဘာကို ဖြစ်စေ နှုတ်မှာ စကားကိုဖြစ်စေ အပို့, အယူလုပ်ခြင်းသည် "ဒုတကမ္မ မည်၏။

မှတ်ချက်။ ။ရဟန်းများ ခရီးသွားခါနီး၌ လူတို့က "မည်သူအား မာကြောင်း,သာကြောင်း ပြောလိုက်ပါ" စသည်ဖြင့် မှာလျှင် "ပြောလိုက်မည်" ဟု ဝန်မခံရ၊ ထိုအမှုကို အကြောင်းပြု၍ ရအပ်သော ဆွမ်းစသည်ကို စားလျှင် မျိုတိုင်း ဒုက္ကဋ်အာပတ် သင့်၏၊ သွားရာအရပ်သို့ ရောက်၍ "မိမိ လာခဲ့ရာ အရပ်က မည်သူတို့ မာကြပါ၍လား" ဟု မေးလျှင်ကား မာကြောင်းကို ပြောကောင်း၏-ဟု ဆို၏၊ ရတနာ ၃-ပါးနှင့်စပ်သော ကိစ္စကား ပြုလုပ်ပေးကောင်း၏၊ အကျယ်ကို ပါရာဇိက ကုလဒူသန သိက္ခာပုဒ် အဋ္ဌကထာ၌ ရှုပါ။

ဇဃ်ပေသနိယေန ဝါ။ ။ပေသနာ+စေခိုင်းအပ်သော ပုဂ္ဂိုလ်၏+ဂမနံ-သွားခြင်းသည်၊ ပေသနိယံ-ပေသနိယ မည်၏၊ ဇဃ်ာယ-ခြေသလုံးဖြင့် (ခြေလျင်၊)+ပေသနိယံ-စေခိုင်းအပ်သည်ဖြစ်၍ သွားခြင်းသည်၊ ဇဃ်ပေသနိယံ-**မည်၏၊** "ပေသိတာသ ဂေဟတော ဂေဟဂမနံ-စေခိုင်းအပ်သူ၏ တအိမ်မှ တအိမ်သို့ ခရီးတိုသွားခြင်း" ဟု ဋီကာဖွင့်၏။

မှတ်ချက်။ ။တနည်း – ပေသဓာတ် သေဝါ (ခစားခြင်း) အနက်ကို ဟော၏၊ပေသနေ-ခစားခြင်း၌+နိယုတ္တံ-ယှဉ်သောအမှုတည်း (ခစားမှုတည်း)၊ ပေသနိကံ-ခစားမှု၊ ကကို ယပြု၍ "ပေသနိယ" ဟု ဖြစ်၏၊ ဇဃ်ာယ-ခြေသလုံးဖြင့်+ပေသနိယံ-ခစားမှု အစေအခိုင်းခံမှုတည်း၊ ဇဃ်ပေသနိယံ-ခြေသလုံးဖြင့် ခစားမှု၊ "ဇဃ်ပေသနိယန္တိ ဂိဟိနံ ဒူတေယျံ သာသနဟရဏကမ္မံ ဝုစ္စတိ" ဟု ကုလဒူသန အဋ္ဌကထာဖွင့်၏၊ ထိုအလို ဇဃ်ပေသနိယနှင့် ဒုတကမ္မသည် သဘော တူပင် ဖြစ်၏၊ အနေသန ၂၁-ပါးကိုပြရာ မူလဋီကာ ကာမကုသိုလ်အဖွင့်၌ကား ဒုတကမ္မနှင့် ဇဃ်ပေသနိယကို ခွဲထားသောကြောင့် ဤ၌လည်း ခွဲ၍ပြသည်၊ "ဒုတကမ္မသည် ခရီးအရှည်သွားခြင်း, ဇဃ်ပေသနိယကား တအိမ်မှတအိမ်သို့ ခရီးတိုသွားခြင်း" ဟု ခွဲပါ။

၂၁၁။ အနုပ္ပဒါနပ္ပဋိပက္ခ-ဝေဇ္ဇကမ္မေန ဝါ ပန။
နာညေန ဝါပိ သမ္မုဒ္ဓ-ပ္ပဋိကုဋ္ဌေန ဇီဝယေ။

၂၁၁။ ပန၊ ထိုမှတပါး။ သမ္မုဒ္ဓပ္ပဋိကုဋ္ဌေန၊ မြတ်စွာဘုရားသည် စက်ဆုပ်တော်မူအပ်သော။ အနုပ္ပဒါနပ္ပဋိပက္ခဝေဇ္ဇကမ္မေန ဝါ၊ လာဘ်ကိုလိုလို၍ တံစိုးလက်ဆောင်ပေးခြင်း, ဆွမ်းတုံ့ပေးခြင်း, ဆေးကုပေးခြင်းဖြင့်ဂုဏ်း။ အညေန ဝါပိ၊ တပါးသော အင်္ဂါဝိဇ္ဇာ စသော အတတ်ဖြင့်ဂုဏ်း။ (ဗေဒင်ဟောခြင်း, ဓာတ်ရိုက်ခြင်း, ယတြာချေခြင်း, ဓာတ်စာပေးခြင်း အတတ်ဖြင့်ဂုဏ်း။)
နဇီဝယေ၊ အသက် မမွေးရာ။ (အဘိ ပါ ၂-၂၅၅၊ အဘိ ဋ္ဌ ၂-၃၂၀-၄၊ ဝိသုဒ္ဓိ ၁-၂၂-၉၊ မဟာနိဒ္ဒေသ ပါ-၃၉၆၊ ဋ္ဌ-၃၄၉-၃၅၂)

၂၁၂။ ဝိညတ္တိနေသနာဘူတ-လွပနာကုဟနာဒီဟိ။
ကုလဒူသာဒိနုပ္ပန္န-ပစ္စယေ ပရိဝဇ္ဇယေတိ။

၂၁၂။ ဝိညတ္တိနေသနာဘူတလွပနာကုဟနာဒီဟိ၊ ဉာတိပဝါရိတမဟုတ်သူတို့အား ပစ္စည်း ၄-ပါးကို တောင်းခြင်း, မအပ်သောနည်းဖြင့် ပစ္စည်းရှာမှီးခြင်း, မဟုတ်မမှန်သော ဥတ္တရိမနုဿမမှကို ဝါကြွားပြော ပြောဆိုခြင်း,

---

အနုပ္ပဒါန၊ ပေ၊ ကမ္မေန။ ။နောက်၌ ရမည့်လာဘ်ကိုမြော်၍ လက်ဆောင်ပေးခြင်းကို "အနုပ္ပဒါန"ဟု ခေါ်၏။ လူတို့က ဆွမ်းစသည် လှူသောအခါ မိမိကလည်း အတုံ့ပြန်၍ ပေးခြင်းကို (ယခုအခါ ဆွမ်းစသည်ကို အလှူလာသူအား မိမိက ဌက်ပျော်သီး စသည်ကို ပြန်၍ပေးလိုက်ခြင်းကို) "ပဋိပိက္ခ"ဟု ခေါ်၏၊ ဆေးမကုကောင်းသူတို့အား ဆေးကုပေးမှုကို "ဝေဇ္ဇကမ္မ"ဟု ခေါ်သည်။ [ဆေးကုကောင်းသူများကို နောက် ဘေသဇ္ဇနိဒ္ဒေသ၌ အကျယ်ပြပါလိမ့်တည်း။]

ဝိညတ္တိ။ ။နိဿဂ်ိယ အညာတက ဝိညတ္တိသိက္ခာပုဒ်၌လာသော ဆွမ်းမျိုးမတော်သူ, ပဝါရိတမဟုတ်သူတို့အား တောင်းခြင်း, သေခိယ၌လာသော သူပေါဒနဝိညတ္တိသိက္ခာပုဒ်အရ ဆွမ်းဟင်းတို့ကို တောင်းခြင်းကြောင့် ရအပ်သော ပစ္စည်း။

အံ့ဩြဘွယ်ကို ဖြစ်စေခြင်း အစရှိသည်တို့ကြောင့်ဝင်း။ ကုလဒူသာဒိနာ၊ ကုလဒူသန အစရှိသော အမှုကြောင့်ဝင်း။ ဥပုန္နပစ္စယော၊ ဖြစ်သောပစ္စည်းတို့ကို။ ပရိဝဇ္ဇယော၊ ရှောင် ကြဉ်ရာ၏။ [မိမိလည်း မပြုလုပ်ရ၊ သူတပါးတို့ ပြုလုပ်၍ ရသည်ကိုလည်း မသုံးမိအောင် ရှောင်ကြဉ်ပါ။] ဣတိ၊....မိစ္ဆာဇီဝဝေနှင့်စပ်၍ မှတ်ဘွယ်ဒေသပြီးတည်း။ (အဘိ ပါ ၂-၃၆၅-၆၊ အဘိ ဋ္ဌ ၂-၄၆၁-၄၊ မဟာနိဒ္ဒေသ ပါ-၁၇၂၊ ဝိ ပါ ၁-၃၁၃၊ ဝိ ဋ္ဌ ၂-၂၄၅-ဂ)

အနေသန။ ။အနေသန (ဝိနည်းတော်နှင့် မသင့်လျော်သော မအပ်သော ရှာမှီးခြင်း) ၂၁-ပါး ရှိ၏၊ ထို ၂၁-ပါးကြောင့် ရအပ်သော ပစ္စည်းကိုလည်း ရှောင်ကြဉ်ရာ၏၊ [ထို ၂၁-ပါးကို အဋ္ဌသာလိနီ ကာမာဝစရကုသိုလ် အဖွင့်၏ မူလဋီကာ၌ တပေါင်းတည်း ပြထားသည်။]

အဘူတဥ္ဇ္ဈပန။ ။စတုတ္ထပါရာဇိကဋ္ဌလာသော “စျာန်မဂ်ဖိုလ် ရ၏” ဟု တိုက်ရိုက်ဝင်း ပရိယာယ်အားဖြင့်ဝင်း ပြောဆိုမှု။

ကုဟနာဒိဟိ။ ။လောဘကိုမြှော်၍ လူတို့ကြည်ညိုအောင် (က) ခိုးခိုးခိုးခိုး ခေါင်းခေါင်းပါးပါးဖြင့် ဆွမ်း သက်နှံး ကျောင်းတို့ကို မှီဝဲသုံးစွဲခြင်း၊ (ခ) မိမိသည် တရားထူးကို ရသည့်လေသံဖြင့် စျာန်မဂ်ဖိုလ်၏ အနှီးအပါးဌာ စကားပြောခြင်း၊ (ဂ) “အရိယာပုဂ္ဂိုလ်”ဟု ထင်ရလောက်အောင် ဟန်ဆောင်၍ သွား, ရပ်, ထိုင်, လျောင်း ဟူသော ဣရိယာပုထ် ၄-ပါးကို အထူး ငြိမ်သက်စွာထား၍ သွားလာနေထိုင်မှုကို ပြုခြင်း ဤ ၃-မျိုးကို “ကုဟန(လူတို့ကိုအံ့ဩြစေခြင်း)” ဟု ခေါ်၏၊ အာဒိဖြင့် လပနစသော ဝိသုဒ္ဓိမဂ်လာ မိစ္ဆာဇီဝတို့ကို ယူပါ။

ကုလဒူသာဒိ။ ။လူတို့အား သစ်သီးပေးခြင်း, ပန်းပေးခြင်း စသော ကုလဒူသန အမှုများသည် နောက် ကုလဒူသန နိဒ္ဒေသ၌ လာဦးလတ့ံ၊ အာဒိဖြင့် ရူပိယပဋိဂ္ဂဟဏ (ငွေရွှေကို ခံယူသာယာခြင်း) ရူပိယ သံဝေါဟာရ (ငွေရွှေဖြင့် ရောင်းဝယ်လဲလှယ်ခြင်း)တို့ကိုယူပါ၊ ထို အမှုတို့ကြောင့်ဖြစ်သော ပစ္စည်း ၄-ပါးလုံးကို ရှောင်ရသည်။

ဝတ္ထုနိဒ္ဒေသ

ဝတ္ထုန္တိ၊ “ဝတ္ထံ” ဟူသော ဥဒ္ဒေသ၏။ (နိဒ္ဒေသော၊ နိဒ္ဒေသကား—)

[စူဠဝဂ္ဂဝတ္ထက္ခန္ဓကဋ္ဌ လာသောဝတ်များကို ပြရာ နိဒ္ဒေသတည်း။]

၂၁၃။ အာဂန္တုကော နု အာရာမံ၊ ပဝိသေ သဉ္ဉပါဟနော။
သဆတ္တောဂုဏ္ဌိတော သိသေ၊ ကရိတ္ဝာ ဝါပိ စီဝရံ။

၂၁၃။ အာဂန္တုကော၊ အာဂန္တုကရဟန်းသည်။ သဉ္ဉပါဟနော၊ ဘိနပ်နှင့် တကွ ဖြစ်သည်။ ဝါ၊ ဘိနပ်စီးသည်။ သဆတ္တော၊ ထီးနှင့်တကွဖြစ်သည်။ ဝါ၊ ထီးဆောင်းသည်။ သြဂုဏ္ဌိတော၊ခြုံအပ်သော ဦးခေါင်းရှိသည်။ ဝါ၊ ဦးခေါင်း ခြုံသည်။ (ဟုတ္ဝာ ဝါပိ၊ ဖြစ်၍ဌင်း။) သိသေ၊ ဦးခေါင်း၌။ စီဝရံ၊ သင်္ကန်းကို။ ကရိတ္ဝာ ဝါပိ၊ တင်ထား၍ဌင်း။ အာရာမံ၊ အရာမ်, အရာမ်ထိုက်ရာ ဥပစာသို့။ နု ပဝိသေ၊ မဝင်ရာ။ (ဝိ ပါ ၄-၃၇၄၊ ဝိ ဋ္ဌ ၄-၁၁၇)

အာဂန္တုကော၊ ပေ၊ စီဝရံ။ ။အာဂန္တုက ရဟန်းသာမဏေသည် သူတပါး၏ ကျောင်းတိုက်သို့ သွားသောအခါ · ဘိနပ်စီးလျက်၎င်း ထီးဆောင်းလျက်၎င်း ဦးခေါင်းကိုခြုံလျက်၎င်း အရာမ်, အရာမ်ထိုက်ရာ ဥပစာသို့ မဝင်ရ၊ ဘိနပ် ချွတ်၍၎င်း ထီးကိုရုပ်၍၎င်း ဦးခေါင်းခြုံကို ဖွင့်၍၎င်း ဦးခေါင်း၌ သင်္ကန်းကို တင်ထားလျှင် ထိုသင်္ကန်းကို ပခုံးပေါ်၌ချ၍၎င်း မဆောမလျင် မှန်မှန်ခြေလှမ်း ဖြင့် ဝင်ရသည်။

အာရာမံ။ ။အကာအရံရှိလျှင် ထို အကာအရံ၏ ပြင်ဘက်၌၎င်း အကာအရံ မရှိလျှင် အစွန်ဆုံးကျောင်း၏ ခဲ ၂-ကျဉ်ပစာ၌၎င်း ဘိနပ်ချွတ်မှု စသည်ကို ပြုရသည်။ [“ပရိက္ခိတ္တဿ ဝိဟာရဿ ပရိက္ခေပံ, အပရိက္ခိတ္တဿ ဒ္ဒိဟိ လေဋ္ဌု-ပါတေဟိ ပရိစ္ဆိန္နဋ္ဌာနံ ပတ္ဝာ ဥပါဟနံ သြမုဉ္ဆိတ္ဝာ”–စသည်၊–ဋ္ဌီကာ။]

၂၁၄။ ပါနီယေန နံ ဓောဝေယျ၊ ပါဒေ ဝုဒ္ဓုတရေပိ စ။
အာဝါသိကေဘိဝါဒေယျ၊ ပုဋ္ဆေယျ သယနာသနံ။

၂၁၄။ (အာဂန္တုကော၊ အာဂန္တုကရဟန်းသည်။) ပါနီယေန၊ သောက် ရေဖြင့်။ ပါဒေ၊ ခြေတို့ကို။ နံ ဓောဝေယျ၊ မဆေးရာ။ ဝုဒ္ဓုတရေ၊ သီတင်းကြီး ဖြစ်ကုန်သော။ အာဝါသိကေပိ စ၊ အာဝါသိကရဟန်းတို့ကိုလည်း။ အာဘိဝါ-ဒေယျ၊ ရှိခိုးဝပ်ချရာ၏။ သယနာသနံ။ မိမိဘို့ရောက်သော အိပ်ရာနေရာကို။ ပုဋ္ဆေယျ၊ မေးရာ၏။ (ဝိ ပါ ၄-၃၇၄၊ ဝိ ဋ္ဌ ၄-၁၁၇)

ပါနီယေန၊ ပေ၊ သယနာသနံ။ ။အရာမ်အတွင်းသို့ ရောက်သောအခါ သောက်ရေဖြင့် ခြေမဆေးရ၊ မိမိထက်ကြီးသော အာဝါသိက ပုဂ္ဂိုလ်တို့ကို ရှိခိုးဝပ်ချရသည်၊ [အာဝါသိက အများရှိရာသို့ ရောက်သွားလျှင် ထိုသီတင်းကြီး အများကိုပင် ရှိခိုးဝပ်ချရသည်။] ထို့ကြောင့် "သောက်ရေသည် အာဘယ်ရေပါနည်း, သုံးရေကား အာဘယ်ရေပါနည်း"ဟုငြင်း မိမိထက် အကြီး အငယ် မသေချာလျှင် "ဝါ မည်မျှရပါသနည်း"ဟုငြင်း မေးရသည်။

ပုဋ္ဆေယျ သယနာသနံ။ ။ရှေးခေတ်၌ သံဃိကကျောင်း သံဃိက နေရာ၌ ဝါစဉ် အလိုက် နေထိုင်ကြရသည်၊ ထို့ကြောင့် "တပည့်တော်အတွက် အာဘယ်ကျောင်း အာဘယ်နေရာ ရောက်ပါသနည်း"ဟု မေး၍ "မည်သည့်ကျောင်း မည်သည့် နေရာ ရောက်သည်"ဟု ပြောလျှင် "ထိုကျောင်းသည် မိမိအလျှင်က နေဘူးပါ သလား, မနေဘူးပါလား"ဟု ဆက်၍မေးရသည်၊ မနေဘူးလျှင် ထိုကျောင်း၌ တစ္ဆေ သူရဲ မြွေ ကင်းများ ရှိတတ်သောကြောင့် သတိထားဘို့ရန် ဖြစ်သည်။

ဆက်ဦးအံ့ — "မနေဘူးသေး"ဟု ဆိုလျှင် ရုတ်တရက် မဝင်သေးဘဲ တံခါးရွက်ကိုခေါက်၍ ခဏလောက်ဆိုင်းငံ့ပြီးမှ တံခါးရွက်ကိုဖွင့်၍ ဝင်ရသည်၊ ဝင်ခါနီး၌လည်း မြွေ ရှိ-မရှိ မော်၍ကြည့်လျက် ဝင်ရသည်၊ ထို့နောက် ထိုကျောင်း၌ ပြုသင့်သော သေနာသနဝတ်ကို ပြုရသည်။ [ဤ ၂-ဂါထာဖြင့် **အာဂန္တုကဝတ်**ကို ပြသည်။]

၂၁၅။ ဂမိကော ပဋိသာမေတ္ဝာ၊ ဒါရုမတ္တိကာဘဏ္ဍကံ။
ဝိဟာရဉ္စ ထကေတ္ဝာန၊ အာပုစ္ဆ သယနာသနံ။

၂၁၅။ ဂမိကော၊ ခရိုးသွားမည့် ရဟန်းသည်။ ဒါရုမတ္တိကာဘဏ္ဍကံ၊ သစ်ဘဏ္ဍာ မြေဘဏ္ဍာကို။ ပဋိသာမေတ္ဝာ၊ သိုမှီးသိမ်းဆည်းပြီး၍၎င်း။ ဝိဟာရံ၊ ကျောင်းကို။ ထကေတ္ဝာန စ၊ ပိတ်ပြီး၍၎င်း။ သယနာသနံ၊ အိပ်ရာနေရာကို။ အာပုစ္ဆ၊ ပန်လျှောက်ပြီး၍၎င်း။ [“ပဂ္ဂဓမေယျ”ဠ္ဍစပ်။] (ဝိ ပါ ၄-၃၇၈-၉၊ ဝိ ဋ္ဌ ၄-၁၁၈)

၂၁၆။ အာပုစ္ဆိတဗ္ဗေ အသတိ၊ သံဂေါပေတ္ဝာန သာဓုကံ။
ပဂ္ဂဓမေယျညထာ တဿ၊ ပဂ္ဂန္တုံ နု စ ကပ္ပတိ။

၂၁၆။ အာပုစ္ဆိတဗ္ဗေ၊ ပန်လျှောက်ထိုက်သူသည်။ အသတိ၊ မရှိလသော်။ သာဓုကံ၊ ကောင်းမွန်စွာ။ သံဂေါပေတ္ဝာန၊ လုံခြုံစေပြီး၍၎င်း။ ဝါ၊ လုံခြုံ

ဂမိကော၊ ပေ၊ သယနာသနံ။ ။ခရိုးသွားမည့် ရဟန်းသာမဏေသည် ဒါရုဘဏ္ဍ-သစ်သားဖြင့် ပြုလုပ်အပ်သော ညောင်စောင်းအင်းပျဉ်(ခတင်ထိုင်ခုံ) စသော သစ်သားဘဏ္ဍာကိုလည်း မတ္တိကာဘဏ္ဍ-ဆိုးရည်ကျိုစရာ အိုးခွက်စသော မြေဖြင့် ပြုလုပ်အပ်သော မြေဘဏ္ဍာကိုလည်း မိုးဃ်းမစုတ်လောက်သော မိုးတင်းကုပ်စသော အရပ်၌ သိမ်းဆည်းရသည်၊ ကျောင်းတံခါးကို ပိတ်ရသည်။

အာပုစ္ဆ သယနာသနံ။ ။ခြမတက်နိုင်သော ကျောင်းဖြစ်လျှင် ခွင့်မပန်သော်လည်း အာပတ်မသင့်၊ ခြတက်နိုင်သောကျောင်းဖြစ်လျှင်ကား အခြားသော အနီးအပါးကျောင်းက ရဟန်းကိုဖြစ်စေ ရဟန်းမရှိလျှင် သာမဏေကိုဖြစ်စေ သာမဏေမရှိလျှင် အရာမ်စောင့် (ကပ္ပိယကာရက) ဒကာကိုဖြစ်စေ မိမိခရိုးသွားမည်ဖြစ်၍ ကျောင်းကို ကြည့်ရှုရစ်ဘို့ရန် ခွင့်ပန်ပြီးမှ သွားရသည်။

အာပုစ္ဆိတဗ္ဗေ အသတိ။ ။ခွင့်ပန်တိုင်ကြားဘို့ရန် အရာမ်စောင့်မျှ မရှိလျှင် သစ်ဘဏ္ဍာ မြေဘဏ္ဍာတို့ကို လုံခြုံအောင်ထား၍ ဖဲသွားရမည်၊ လုံခြုံအောင်ထားပုံကား—ခြမတက်နိုင်အောင် ကျောက်တုံး ၄-ခုအပေါ်၌ ညောင်စောင်းကို

အောင်သိမ်းထားပြီးချင်း။ ပက္ကမေယျ၊ အရပ်တပါးသို့ ဖဲသွားရာ၏။ အညထာ၊ တပါးသော အခြင်းအရာအားဖြင့်။ ဝါ၊ ဂမိကဝတ်ကို မပြုဘဲ။ တဿ၊ ထိုဂမိကရဟန်းအား။ ပက္ကန္တုံ၊ အရပ်တပါးသို့ ဖဲသွားခြင်းငှါ။ န စ ကပ္ပတိ၊ မအပ်သည်သာ။ (ဝိ ပါ ၄-၃၇၈-၉၊ ဝိ ဋ္ဌ ၄-၁၁၈)

၂၁၇,၈။ အာဝါသိကော ပညပေယျ။ ဝုစ္စာဂန္တုဿ အာသနံ။
ဥပနိက္ခိပေ ပါဒေါဒ-ပဟုတိံ ပတ္တစီဝရံ။

ပစ္စုဂ္ဂန္တွာန ဂဏှေယျ၊ ပါနီယေန စ ပုစ္ဆယေ။
အာဂန္တုကာဘိဝါဒေယျ၊ ပညပေ သယနာသနံ။

၂၁၇,၈။ အာဝါသိကော၊ အာဝါသိက ရဟန်းသည်။ ဝုစ္စာဂန္တုဿ၊ သီတင်းကြီးသော အာဂန္တုကရဟန်းဘို့။ အာသနံ၊ နေရာကို။ ပညပေယျ၊ ခင်းပေးရာ၏။ ပါဒေါဒပဟုတိံ၊ ခြေဆေးရေအစရှိသည်ကို။ (ပဟုတိဖြင့် ပါဒပီဋ္ဌ, ပါဒကထလိကတို့ကိုယူ။) ဥပနိက္ခိပေ၊ အနီးဌ၌ ချထားရာ၏။

တင်, ထိုညောင်စောင်းပေါ်ဌ၌ အခြား ညောင်စောင်းကိုတင်၍ငုံး အခြားကျောက်တုံး ၄-ခုပေါ်ဌ၌ အင်းပျဉ်ကိုတင်, ထိုအင်းပျဉ်ပေါ်ဌ၌အခြားအင်းပျဉ်ကို တင်၍ငုံး ထိုညောင်စောင်း အင်းပျဉ်တို့အပေါ်ဌ၌ အခြား အိပ်ရာနေရာကို စုပုံတင်ထားခြင်းကို "လုံခြုံအောင် သိမ်းထားခြင်း"ဟု ဆိုသည်၊ ဤသို့ သိမ်းထားပြီးနောက် လေသောက် ပြုတင်း,တံခါးမတို့ကို ပိတ်ပြီးမှ ဖဲသွားရသည်။

အညထာ၊ ပေ၊ န ကပ္ပတိ။ ။ဤ ပြအပ်ပြီးသော ဝတ်တို့ကို မပြုသော အခြင်းအရာကို "အညထာ"ဟု ဆိုသည်၊ ထိုသို့ မပြုဘဲဖဲသွားလျှင် မအပ်၊ ဒုက္ကဋ်အာပတ်သင့်သည်၊ [ဤ ၂-ဂါထာဖြင့် ဂမိကဝတ်ကိုပြသည်။]

အာဝါသိကော။ ။သင်္ဃံ သမုဒ္ဒိသေတိုင်အောင် ၄-ဂါထာဖြင့် အာဝါသိကဝတ်ကို ပြသည်၊ အာဝါသိက (ကျောင်းနေ) ပုဂ္ဂိုလ်သည် မိမိထက် သီတင်းကြီးသော အာဂန္တုကအတွက် အဝေးကလာနေသည်ကိုမြင်၍ မိမိထက် သီတင်းကြီးမှန်းသိလျှင် ထိုင်ခုံကိုဖြစ်စေ နေရာထိုင်ကိုဖြစ်စေ ခင်းထားနှင့်ရမည်၊

ပစ္စုဂ္ဂန္ဆေဝန၊ ရှေးရှုတက်သွားခြင်း။ ဝါ၊ ခရီးဦးကြိုဆိုခြင်း။ ပတ္တစီဝရုံ၊ သပိတ်သင်္ကန်းကို။ ဂဏှောယျ၊ ယူရာ၏။ ပါနီယေန စ၊ သောက်ရေဖြင့်လည်း။ ပုစ္ဆယော၊ မေးလျှောက်ရာ၏။ အာဂန္တုကံ၊ သီတင်းကြိုးသော အာဂန္တုက ကို။ အဘိဝါဒေယျ၊ ရှိခိုးဝပ်ချရာ၏။ သယနာသနံ၊ အိပ်ရာနေရာကို။ ပညပေ၊ ခင်းထားပြီးနောက် လျှောက်ထားရာ၏။ [ခင်းထားပြီးနောက် "အရှင်ဘုရားအတွက် ဤနေရာရောက်ပါသည်"ဟု လျှောက်ရာ၏။] (ဝိ ပါ ၄-၃၇၆-၇၊ ဝိ ဋ္ဌ ၄-၁၁၇-ဂ)

၂၁၉။ အဇ္ဈာဝုတ္ထမဝုတ္ထံ ဝါ၊ ဂေါစရာဂေါစရံ ဝဒေ။
ဝစ္စပဿာဝဋ္ဌာနာနိ၊ ကတိကံ သေက္ခသမ္မုတိ ံ။

၂၁၉။ အဇ္ဈာဝုတ္ထံ ဝါ၊ အာဂန္တုကမရောက်မီ ရှေးဦ နေအပ်ဘူးသော ကျောင်းကိုဂင်း။အဝုတ္ထံ ဝါ၊ အာဂန္တုကမရောက်မီ ရှေးဦ မနေအပ်ဘူးသော

ခြေဆေးရေ မဆေးခင် ခြေထားဘို့ရန် အင်းပျဉ် ဆေးအပ်ပြီး ခြေကိုထားဘို့ရန် ခြေပွတ်အိုးခြမ်း စသည်ကို အနီးဦးထားရမည်၊ သပိတ်သင်္ကန်းကို လှမ်းယူရမည်၊ "သောက်ရေ အလိုရှိပါသလား"ဟု လျှောက်ထားရမည်၊ အလိုရှိလျှင် သောက်ရေကပ်ရမည်၊ ကပ်အပ်သောရေကို အကုန်သောက်လျှင် "နောက်ထပ် လိုပါသေးသလားဘုရား"ဟု မေး၍ လိုလျှင်ထပ်၍ကပ်ရမည်၊မိမိထက်ကြီးသော အာဂန္တုကတို့ကို ရှိခိုးဝပ်ချရမည်၊ အိပ်ရာနေရာကို ခင်းပေးရမည်။

မှတ်ချက်။ ။စာသင်တိုက်ကြီးဖြစ်၍ မကြာမကြာ အာဂန္တုကရောက်လာလျှင် တွေ့မြင်သော ရဟန်းများက သွားလိုရာကျောင်းသို့ ရောက်အောင် ညွှန်ပြ၍ ထိုကျောင်းရှင်က ဤအာဝါသိကဝတ်တို့ကို ပြုထိုက်သည်၊ ခဏခေတ္တလာသော အာဂန္တုကဖြစ်လျှင် အိပ်ရာနေရာခင်းဘို့မလို။

အဇ္ဈာဝုတ္ထမဝုတ္ထံ ဝါ။ ။အဇ္ဈာဝုတ္ထံ အနဇ္ဈာဝုတ္ထံ၏ အဓိပ္ပါယ်ကို ၂၁၄-ဂါထာ၏အဓိပ္ပါယ်၌ ပြခဲ့ပြီ၊ ဤနေရာ၌ အာဂန္တုကပုဂ္ဂိုလ်က မမေးဘဲ အာဝါသိက

ကျောင်းကိုဋ္ဌင်း။ ဂေါစရံ၊ ဆဋ္ဌမ်းခံဘို့ရာ ကျက်စားရာ ရွာကိုဋ္ဌင်း။ အဂေါစရံ၊ ကျက်စားရာ မဟုတ်သော ရွာကိုဋ္ဌင်း။ ဝစ္စပဿာဝဒ္ဒါနာနိ၊ ကျင်ကြိုးစွန့်ရာ အရပ် ကျင်ငယ် စွန့်ရာအရပ်တို့ကိုဋ္ဌင်း။ ကတိကံ၊ ကတိကဝတ်ကိုဋ္ဌင်း။ သေက္ခသမ္မုတိ ံ၊ သေက္ခသမ္မုတိပေးအပ်သော အမျိုးကိုဋ္ဌင်း။ ဝဒေ၊ အာဝါသိကအငယ်က လျှောက်ထားရာ၏။ (ဝိ ပါ ၄-၃၇၇၊ ဝိ ဋ္ဌ ၄-၁၁၇-ဂ)

ပုဂ္ဂိုလ်က နေရာခင်းပေးပြီးနောက် “ထိုကျောင်းသည် အဇ္ဈာဝုတ္ထ ဖြစ်ပါ၏၊ သို့မဟုတ် အဇ္ဈာဝုတ္ထမဟုတ်ပါ”ဟု လျှောက်ရမည်။

ဂေါစရ။ ။“ဂေါစရဂါမော အာသန္နေ, ဥဒါဟု ဒူရေ၊ ကာလဿေဝ ပိဏ္ဍာယ စရိတဗ္ဗံ, ဥဒါဟု ဒိဝါ”ဟု ဝတ္တာကွန္ဓက အဋ္ဌကထာဖွင့်သည့်အတိုင်း ဆဋ္ဌမ်းခံရွာ၏ အနီးအဝေးကိုဋ္ဌင်း စောစောဆဋ္ဌမ်းခံဝင်ရ, သို့မဟုတ် နေမြင့်မှ ဆဋ္ဌမ်းခံဝင်ရကြောင်းကိုဋ္ဌင်း လျှောက်ရမည်။

အဂေါစရ။ ။“အဂေါစရော နာမ မိစ္ဆာဒိဋ္ဌိကာနံ ဝါ ဂါမော, ပရိစ္ဆိန္နဘိက္ခော ဝါ ဂါမော, ယတ္ထ ကေဿ ဝါ ဒ္ဝိန္နံ ဝါ ဘိက္ခာ ဒီယျတိ, သောပိ” ဟူသော အဋ္ဌကထာအတိုင်း မိစ္ဆာဒိဋ္ဌိတို့၏ ရွာသည်လည်း ဆဋ္ဌမ်းခံ၍ မရသော အဂေါစရတည်း၊ တပြည်ချက် တခွက်ချက် စသည်ဖြင့် လောင်းလှူဘို့ရန်ဆဋ္ဌမ်းကို ပိုင်းဖြတ်ထားရာ ရွာသည်ဌင်း တပါးနှစ်ပါးသာ လောင်းသော ရွာသည်ဌင်း ထိုအာဂန္တုက သွားသော်လည်း ဆဋ္ဌမ်းရမည်မဟုတ်သောကြောင့် အဂေါစရပင်တည်း၊ ထိုဂေါစရ, အဂေါစရကို လျှောက်ရမည်။

ဝစ္စ၊ ပေ၊ ကတိကံ။ ။ဝစ္စဋ္ဌာန, ပဿာဝဋ္ဌာန(ဝစ္စကုဋိ ပဿာဝကုဋိ)ကိုလည်း လျှောက်ရမည်၊ ထိုကျောင်းတိုက်၌ ကတိကဝတ် ပြုထားမှုရှိလျှင် သိဘို့ရန် ကတိကဝတ်ကို ပြောရမည်၊ သေက္ခဟု သမုတ်ထားအပ်သော အမျိုးရှိလျှင် “ထိုအမျိုး (အိမ်)၌ ခဲဘွယ်ဘောဇဉ်ကို မခံယူကောင်း”ဟု ပါဋိဒေသနီယတတိယသိက္ခာပုဒ် ရှိသောကြောင့် သေက္ခဟု သမုတ်ထားအပ်သော အမျိုး (အိမ်)ကိုလည်း လျှောက်ရမည်။

၂၂၀။ ပဝေဿနိကွမေ ကာ၀လံ၊ ပရိဘောဇီယပါနိယံ။
နိသိန္နော၀ နဝကဿ၊ ဧတံ သဗ္ဗံ သမုဒ္ဒိသေတိ။
၂၂၀။ ပဝေဿနိကွမေ၊ ဝင်ခြင်း ထွက်ခြင်း၌။ ကာလံ၊ အချိန်အခါကို ၎င်း။ ပရိဘောဇီယပါနိယံ၊ သုံးရေ သောက်ရေကို၎င်း။ (၀ဒေ၊ အာ၀ါသိက အငယ်က လျှောက်ထား၏။) နဝကဿ၊ သီတင်းငယ်ဖြစ်သော အာဂန္တုကအား။ နိသိန္နော၀၊ ထိုင်လျက်ပင်။ ဧတံ သဗ္ဗံ၊ ဤအလုံးစုံသော ကျွဲ၀တ်ကို။ သမုဒ္ဒိသေ၊ ကောင်းစွာ ညွှန်ပြနိုင်၏။....ဣတိ၊ ၀တ္ထုံနှင့်စပ်၍ မှတ်ဘွယ်အပြီးတည်း။ (ဝိ ပါ ၄-၃၇၇၊ ဝိ ဋ္ဌ ၄-၁၁၇-ဂ)

ပဝေဿနိကွမေ ကာလံ။ ။တော်ကျောင်းကဲ့သို့သော အချို့ကျောင်းတို့၌ ခြင်္သေ့, သစ်, ကျား စသော ရဲရင့်သော သားကောင်များ ရှိတတ်၏။ အချို့ ကျောင်း၌တစ်ဆို, သူရဲများလည်း ရှိတတ်၏။ ထိုသူတို့၏ဘေးကို ကာကွယ်သော အားဖြင့် ကျောင်းတွင်း ကျောင်းပြင် ထိုထိုနေရာသို့ "မည်သည့်အချိန်၌ ထွက်ရ, မည်သည့်အချိန်၌ ဝင်ရသည်"ဟုပြောပြရသည်။ [ကသုစိ ဌာနေသု အမနုဿာ ၀ါ ၀ါဋေ၁ ၀ါ ဟောန္တိ၊ တသ္မာ ဧ၀ံ အာစိက္ခိတဗ္ဗမေ၀၊ – ဋီကာ။]

နိသိန္နော၀ သမုဒ္ဒိသေ။ ။"အာ၀ါသိကော ပညပေယျ"စသည်ဖြင့် ပြအပ်ပြီးသော ကျွဲ၀တ်များသည် အာဂန္တုက ပုဂ္ဂိုလ်က သီတင်းကြီးသောကြောင့် အာ၀ါသိက သီတင်းငယ်က ပြုဘို့ရန် ဖြစ်၏။ အာဂန္တုက ပုဂ္ဂိုလ်က သီတင်းငယ်ဖြစ်နေလျှင် သီတင်းကြီးသော အာ၀ါသိကသည် ထိုအားလုံးကို ထိုင်လျက်ပင် ညွှန်ပြနိုင်၏၊ "မည်သည့်နေရာ၌ နေရာထိုင်(ခုံ)ရှိသည်၊ ယူ၍ ထိုင်ပါ။ မည်သည့် နေရာ၌ ခြေဆေးရေ သောက်ရေရှိသည်" ဤသို့ စသည်ဖြင့် ညွှန်ပြနိုင်သည်-ဟူလို။

မှတ်ချက်။ ။"နိသိန္နော၀-ထိုင်လျက်သာ"ဟု ဧ၀ဖြင့် သတ်မှတ်ခြင်းသည် "ထ၍ မညွှန်ပြရ" ဟု တားမြစ်လိုခြင်းမဟုတ်၊ ထ၍ မညွှန်ပြခြင်းကြောင့် အာပတ်မသင့်ဟု ပြခြင်းအကျိုးငှါသာ ဖြစ်၏။ ထ၍ ညွှန်ပြခြင်းကိုလည်း ပြုနိုင်ပါသည်။ [နိသိန္နော၀ါတိ ဣဒံ အာပတ္တိအဘာ၀မတ္တဒီပကံ၊ ဥဋ္ဌဟိတ္၀ာပိ သဗ္ဗံ ကာတုံ ၀ဋ္ဋတေ၀၊ – ဋီကာ။]

ဝိကပ္ပနာဒိဇ္ဇသ

ဝိကပ္ပနာ စေဝါတိ၊ “ဝိကပ္ပနာ စေဝ” ဟူသော ဥဒ္ဒေသ၏၊ (နိဒ္ဒေသော၊ နိဒ္ဒေသကာဝေး—)

၂၂၁။ သမ္မုခါ ပရမ္မုခါတိ၊ ဒုဝေ ဝုတ္တာ ဝိကပ္ပနာ။
သမ္မုခါယ ဝိကပ္ပေန္တော၊ ဗျတ္တာသေကာသ သန္တိကေ၊
“ကွမံ စိဝရံ တုယ္ဟံ၊ ဝိကပ္ပေမီ”တိ ဘာသယေ။

၂၂၁။ သမ္မုခါ၊ သမ္မုခါဝိကပ္ပနာဒၚင်း။ ဝါ၊ မိမိ၏ နှုတ်မြွက်ခြင်းရှိသော ဝိကပ္ပနာဒၚင်း။ ပရမ္မုခါ၊ ပရမ္မုခါဝိကပ္ပနာဒၚင်း။ ဝါ၊ သူတပါး၏ နှုတ်မြွက်ခြင်းရှိသော ဝိကပ္ပနာဒၚင်း။ ကွတိ၊ ဤသို့။ ဒုဝေ၊ နှစ်ပါးကုန်သော၊ ဝိကပ္ပနာ၊ ဝိကပ္ပနာတို့ကို။ ဝုတ္တာ၊ ဟောတော်မူအပ်ကုန်ပြီ။ (တာသု၊ ထို နှစ်ပါးတို့တွင်။) သမ္မုခါယ၊ သမ္မုခါဝိကပ္ပနာဖြင့်။ ဝိကပ္ပေန္တော၊ ဝိကပ္ပနာပြုသော ရဟန်းသည်။ ဗျတ္တာသ၊ ဝိကပ္ပနာအစီအရင်၌ ကျွမ်းကျင်သော။ ကော်သ၊ တပါးသောရဟန်း၏။ သန္တိကေ၊ အထံ၌။ ကွမံ စိဝရံ တုယ္ဟံ

ဝိကပ္ပနာ။ ။ဝိ-မိမိဥစ္စာအဖြစ်မှကင်းအောင် + ကပ္ပနာ-ပြုခြင်းကို “ဝိကပ္ပနာ” ဟု ခေါ်၏၊ ထို့ကြောင့် မိမိမှာရှိသော (အဓိဌာန်တင်အပ်သောသင်္ကန်းမှ)အပို သင်္ကန်းကို သီတင်းသုံးဘော် တပါးပါးအား (ဝိနည်းကံအလိုက်) ပေးခြင်း-ဟု မှတ်ပါ။ ထိုသို့ပေးသောကြောင့်ပင် ဝိကပ္ပနာ ပြန်သောအခါ ထို ပုဂ္ဂိုလ်က “မယှံ သန္တကံ-တပည့်တော်၏ဥစ္စာဖြစ်သော သင်္ကန်းကို (သပိတ်ကို)၊ ပရိဘုဉ္ဇ ဝါ ဝိသဇ္ဇေဟိ ဝါ ယထာပစ္စယံ ကရောဟိ”ဟု ဆိုရသည်။

သမ္မုခါ၊ ပေ၊ ဘာသယေ။ ။“သမ္မုခ ဝိကပ္ပနာ, ပရမ္မုခ ဝိကပ္ပနာ”ဟု ဝိကပ္ပနာ ၂-မျိုး ရှိ၏၊ သမ္မုခ-မိမိနှုတ်ဖြင့် + ဝိကပ္ပနာ-ဝိကပ္ပနာပြုခြင်း၊ ပရမ္မုခ-သူတပါးနှုတ်ဖြင့် + ဝိကပ္ပနာ-ဝိကပ္ပနာပြုခြင်း၊ ဂါထာ၌ကား ဝိကပ္ပနာပုဒ် မပါ

ဝိကပ္ပေမီတိ၊ ဣမံ စီဝရံ တုယ္ဍံ ဝိကပ္ပေမိ ဟုတ္ဝါ။ ဘာသယေ၊ ဆိုရာ၏။ [ဣမံ စီဝရံ၊ ဤသင်္ကန်းကို။ တုယ္ဍံ၊ သင့်အား။ ဝါ၊ အရှင်ဘုရားအား။ ဝိကပ္ပေမိ၊ ဝိကပ္ပနာပြုပါ၏။ ဝါ၊ ကိုယ့်ဟာ အမှတ် ကင်းစင်လတ်အောင် ဝိကပ္ပနာ ပြုပါ၏။] (ဝိ ပါ ၂-၁၆၀-၁၊ ဝိ ဋ္ဌ ၂-၂၃၀-၁၊ ကင်္ခါ ဋ္ဌ-၂၄၃)

၂၂၂။ ဇေဋ္ဌာဝဓတာ နိဓေတုံဝ၊ ကပ္ပတိ န စ ကပ္ပတိ။
ပရိဘောဂါဒိကံ တေန၊ အပ္ပစ္စုဒ္ဓဋာဝဓတော။

၂၂၂။ ဇေဋ္ဌာဝဓတာ၊ ဤမျှ အတိုင်းအရှည်ရှိသော ဝိကပ္ပနာပြုကာမျှဖြင့်။ နိဓေတုံဝ၊ သိုမှီးသိမ်းထားခြင်းငှါသာ။ ကပ္ပတိ၊ အပ်၏။ ပရိဘောဂါဒိကံ၊ သုံးစွဲခြင်း အစရှိသော အမှုသည်။ (အာဒိဖြင့် ဝိသဇ္ဇန, ယထာပစ္စယကရဏာတို့ကိုယူ။) န စ ကပ္ပတိ၊ မအပ်သည်သာ။ (ကသ္မာ၊ အဘယ့်ကြောင့် နည်း။) ဓေတန၊ ထိုဗျတ္တရဟန်းသည်။ အပ္ပစ္စုဒ္ဓဋာဝဓတော၊ ပစ္စုဒ္ဓိရ် မပြု အပ်သေးသည်၏ အဖြစ်ကြောင့်တည်း။ (ဝိ ဋ္ဌ ၂-၂၃၀-၁၊ ကင်္ခါ ဋ္ဌ-၂၄၃)

သောကြောင့် "သမ္မုခါ, ပရမ္မုခါ" ဟု ရှိရသည်၊ ထိုအလို "သဿ-မိမိ၏+မုခံ-နှုတ်မြွက် ပြောဆိုအပ်သော စကားတည်း၊ သမ္မုခံ-မိမိ၏ စကား၊ သမ္မုခံ ယဿ အတ္ထိတိ သမ္မုခါ" ဟု ဝစနတ္ထပြုဘို့ ဋီကာသစ်၌ပြသည်၊ ပရမ္မုခါ၌လည်း နည်းတူ၊ ထို ၂-မျိုးတွင် ဤဂါထာဖြင့် သမ္မုခဝိကပ္ပနာပြုရာ၌ ဆိုရပုံကိုပြ၏။ ["ဗျတ္တ" ဟူရာ၌ ဝိကပ္ပနာအကြောင်းကိုဂုဏ်း ပြန်၍ ပစ္စုဒ္ဓိရ်ပြုပုံကိုဂုဏ်း နားလည်လျှင် "ဗျတ္တ-ကျွမ်းကျင်သူ" ဟု ခေါ်နိုင်ပြီ။]

ဇေဋ္ဌာဝဓတာ၊ ပေ၊ ဘာဝဓတော။ ။ထိုသို့ ဝိကပ္ပနာ ပြုလိုက်သောအခါ ထိုသင်္ကန်းသည် ဆယ်ရက်စသည် လွန်သော်လည်း နိဿဂ်မထိုက်တော့၊ သိုမှီးသိမ်းထားခြင်းငှါ အပ်ပြီ၊ သို့သော် ဝိကပ္ပနာ ပြုရာပုဂ္ဂိုလ်က ပစ္စုဒ္ဓိရ် မပြုရသေးသောကြောင့် သုံးစွဲမှုစသည်ကိုကား မပြုထိုက်သေး၊ သုံးစွဲမှုစသည်ကို ပြုလျှင် သုဏ္ဍပါနဝဂ် နဝမသိက္ခာပုဒ်အရ ပါစိတ်အာပတ် သင့်၏။

၂၂၃။ “မယ္ဴ သန္တကံ ပရိဘုဥ္ဇ ဝါ ဝိသဒ္ဓေဟိ ဝါ ယထာပစ္စယံ ကရောဟီ”တိ၊
တေန ပစ္စုဒ္ဓဋ္ဌေယေဝ၊ ပရိဘောဂါဒိ ကပ္ပတိ။

၂၂၃။ မယ္ဴ သန္တကံ ပရိဘုဥ္ဇ ဝါ ဝိသဒ္ဓေဟိ ဝါ ယထာပစ္စယံ ကရော-ဟီတိ၊ မယ္ဴ သန္တကံ ပရိဘုဥ္ဇ ဝါ ဝိသဒ္ဓေဟိ ဝါ ယထာပစ္စယံ ကရောဟိ ဟူ၍။ တေန၊ ထိုဗျတ္တရဟန်းသည်။ ပစ္စုဒ္ဓဋ္ဌေယေဝ၊ ပစ္စုဒ္ဓိုရ် ပြုအပ်ပြီးသော်သာ။ ဝါ၊ ပြန်၍ ခွင့်ပြုအပ်ပြီးမှသာ။ ပရိဘောဂါဒိ၊ သုံးစွဲခြင်း အစရှိသော အမှုသည်။ ကပ္ပတိ၊ အပ်၏။ [မယ္ဴ၊ ငါ၏။ ဝါ၊ တပည့်တော်၏။ သန္တကံ၊ ဥစ္စာကို။ ပရိဘုဥ္ဇ ဝါ၊ သုံးစွဲမှုလည်း သုံးစွဲပါ။ ဝိသဒ္ဓေဟိ ဝါ၊ သူတပါးအား စွန့်လိုမှုလည်း စွန့်ပါ။ ယထာပစ္စယံ၊ အကြောင်းအားလျော်စွာ။ ကရောဟိ၊ ပြုပါဒေလော့။] (ဝိ ဋ္ဌ ၂-၂၃၀-ဘ၊ ကဒ်ါ ဋ္ဌ-၂၄၃)

မယ္ဴ၊ပေ၊ကပ္ပတိ။ ။ထိုဗျတ္တရဟန်းက “မယ္ဴ၊ပေ၊ ကရောဟိ-တပည့်တော်၏ ဥစ္စာကို သုံးစွဲလိုလည်း သုံးစွဲတော့, သူတပါးအား ပေးစွန့်လိုလည်း ပေးစွန့်တော့, အကြောင်းအားလျော်စွာ (အဓိဋ္ဌာန်တင်၍ သုံးစွဲမှု စသည်တို့ကို ပြုလိုလျှင်လည်း) ပြုတော့”ဟု ခွင့်ပြုခြင်းကို “ပစ္စုဒ္ဓရဏ-ပစ္စုဒ္ဓိုရ်ပြုခြင်း”ဟု ခေါ်၏၊ ထိုသို့ ပစ္စုဒ္ဓိုရ်ပြုပြီးမှ အလိုရှိသလို အသုံးပြုနိုင်သည်။

မှတ်ချက်။ ။ဝိကပ္ပနာပြုရာ ပုဂ္ဂိုလ်သည် ဝိနည်းအားလျော်စွာ ပြုခြင်းဟု မယူဆဘဲ တကယ်အပိုင်ပေးသည်ဟုထင်၍ ပစ္စုဒ္ဓိုရ်မပြုလျှင် ဒုက္ကဋ်အာပတ်သင့်၏၊ သူဥစ္စာမှန်းသိလျက် “ငါ့အား စွန့်အပ်ပြီ”ဟု အမြွက်ထောင်၍ ယူထားလျှင် ဘဏ္ဍာ၏ တန်ဘိုးလိုက်၍ ဆုံးဖြတ်ရမည်”ဟု ပါရာဇိကပဌမကထိန သိက္ခာပုဒ် အဋ္ဌကထာ နိဿဂ္ဂိစ္စန်ရာဋ္ဌ မိန့်သည်။

၂၂၄။ အပရာ သမ္မုခါဝေကာ၊ ဘိက္ခုသ္မေကာသ္မာ သန္တိကေ။
ဂဟေတ္ဝာ နာမမေကာသ္မာ၊ ပဉ္ဆန္ဒံ သဟဓမ္မိနံ။

၂၂၄။ ဝါ၊ တနည်း။ အပရာ၊ တပါးသော။ ဧကော၊ တမျိုးသော။ သမ္မုခါ၊ သမ္မုခါဝိကပ္ပနာသည်။ (အတ္ထိ၊ ရှိသေး၏။) ဧကော၊ တပါးသော။ ဘိက္ခုသ္မာ၊ ရဟန်း၏။ သန္တိကေ၊ အထံ၌။ ပဉ္ဆန္ဒံ၊ ငါးဦးကုန်သော။သဟဓမ္မိနံ၊ သီတင်းသုံးဘော်တို့တွင်။ ဧကော၊ တပါးသော သီတင်းသုံးဘော်၏။ နာမံ၊ အမည်ကို။ ဂဟေတ္ဝာ၊ ယူ၍။

၂၂၅။ "ဣမံ စီဝရံ တိသ္သသ္သ ဘိက္ခုနော၊ တိသ္သာယ ဘိက္ခုနိယာ၊
တိသ္သသ္သ သာမဏေရသ္သ၊ တိသ္သာယ သာမဏေရိယာ၊
တိသ္သာယ သိက္ခမာနာယ ဝိကပ္ပေမီ"တိ ဝတ္တဗ္ဗံ။
ဧတေန ဘိက္ခုနာ "တိသ္သသ္သ ဘိက္ခုနော၊ တိသ္သာယ ဘိက္ခုနိယာ၊
တိသ္သသ္သ သာမဏေရသ္သ၊ တိသ္သာယ သာမဏေရိယာ၊ တိသ္သာယ
သိက္ခမာနာယ သန္တကံ ပရိဘုဉ္ဇ ဝါ ဝိသဇ္ဇေဟိ ဝါ ယထာပစ္စယံ
ကရောဟီ"တိ ဝတ္တဗ္ဗံ။

၂၂၅။ ဣမံ စီဝရံ တိသ္သသ္သ ဘိက္ခုနော ဝိကပ္ပမီတိ ဝါ၊ ဣမံ စီဝရံ တိသ္သသ္သ ဘိက္ခုနော ဝိကပ္ပမိ ဟု၌သော်၎င်း။ ဣမံ စီဝရံ တိသ္သာယ

အပရာ၊ ပေ၊ သဟဓမ္မိနံ။ ။"သမ္မုခဝိကပ္ပနာသည် ပြအပ်ပြီးမှတပါး အခြားတမျိုးလည်းရှိသေး၏"ဟု ပြလို၍"အပရာ"စသည်ကို မိန့်သည်၊ ဤ ဝိကပ္ပနာကို ဦးဗုဒ္ဓရက္ခိတမည်သော ရဟန်းတပါး၏ အထံ၌ ပြုသော်လည်း ဦးဗုဒ္ဓရက္ခိတအား ပြုအပ်သည်မဟုတ်၊ အဝေးဌာနေသော အခြားသီတင်းသုံးဘော် ၅-ပါးတို့တွင် တပါးပါးအား ပြုအပ်သော ဝိကပ္ပနာတည်း၊ ထို့ကြောင့် "ဂဟေတ္ဝာ နာမမေကာသ္မာ ပဉ္ဆန္ဒံ သဟဓမ္မိနံ"ဟု ဆိုသည်။

တိသ္သသ္သ။ ။သီတင်းသုံးဘော်တပါး၏ နာမည်ကို ဂါထာ၌ "တိသ္သသ္သ ဘိက္ခုနော" စသည်ဖြင့် ပြထားရာဝယ် "အမျှားသုံးနေကျနာမည်ကို လွှယ်ကူ

ဘိက္ခုနိယာ ဝိကပ္ပေမီတိ ဝါ၊ ဣမံ စီဝရံ တိသာယ ဘိက္ခုနိယာ ဝိကပ္ပေမိ ဟူ၍သော်၎င်း။ ဣမံ စီဝရံ တိသာသ သာမဏေရသ ဝိကပ္ပေမီတိ ဝါ၊ ဣမံ စီဝရံ တိသာသ သာမဏေရသ ဝိကပ္ပေမိ ဟူ၍သော်၎င်း။ ဣမံ စီဝရံ တိသာယ သာမဏေရိယာ ဝိကပ္ပေမီတိ ဝါ၊ ဣမံ စီဝရံ တိသာယ သာမဏေရိယာ ဝိကပ္ပေမိ ဟူ၍ သော်၎င်း။ ဣမံ စီဝရံ တိသာယ သိက္ခမာနာယ ဝိကပ္ပေမီတိ ဝါ၊ ဣမံ စီဝရံ တိသာယ သိက္ခမာနာယ ဝိကပ္ပေမိ ဟူ၍သော်၎င်း။ ဝတ္တုဗ္ဗံ၊ ဆိုရာ၏။

တေန ဘိက္ခုနာ၊ ထိုဗျတ္တရဟန်းသည်။ တိသသ ဘိက္ခုနော သန္တိကံ ပရိဘုဉ္ဇ ဝါ ဝိသဇ္ဇေဟိ ဝါ ယထာပစ္စယံ ကရောဟီတိ ဝါ၊ တိသသ ဘိက္ခုနော သန္တိကံ ပရိဘုဉ္ဇ ဝါ ဝိသဇ္ဇေဟိ ဝါ ယထာပစ္စယံ ကရောဟိ ဟူ၍သော်၎င်း။ ။ပေ။တိသာယ သိက္ခမာနာယ သန္တိကံ ပရိဘုဉ္ဇ ဝါ ဝိသဇ္ဇေဟိ ဝါ ယထာပစ္စယံ ကရောဟီတိ ဝါ၊ တိသာယ သိက္ခမာနာယ သန္တိကံ ပရိဘုဉ္ဇ ဝါ ဝိသဇ္ဇေဟိ ဝါ ယထာပစ္စယံ ကရောဟိ ဟူ၍သော်၎င်း။ ဝတ္တုဗ္ဗံ၊ ဆိုရာ၏။ (ဝိ ဋ္ဌ ၂-၂၃၀-၁၊ ကင်္ခါ ဋ္ဌ-၂၄၃)

အောင် ပြထားခြင်း”ဟု မှတ်ပါ၊ တိသသနေရာ၌“ဗုဒ္ဓရက္ခိတ”စသော ဝိကပ္ပနာပြုလိုရာပုဂ္ဂိုလ်၏ နာမည်ရင်းကို ထည့်နိုင်ပါသည်၊ “ဣမံ စီဝရံ တိသသ ဘိက္ခုနော” နေရာဝယ် အကြိမ်ဖြစ်လျှင် “အာယသ္မတော တိသသ”စသည်ဖြင့် လဲလှယ်၍ဆိုပါ။

ဘိက္ခုနီစသည်အားပြုပုံ။ ။ဘိက္ခုနီအား ဝိကပ္ပနာပြုလိုလျှင် “ဣမံ စီဝရံ တိသာယ ဘိက္ခုနိယာ ဝိကပ္ပေမိ”ဟုဆိုရ၏။ သိက္ခမာန်အား ဝိကပ္ပနာပြုလိုလျှင် “ဣမံ စီဝရံ တိသာယ သိက္ခမာနာယ ဝိကပ္ပေမိ”ဟုဆိုရ၏။ သာမဏေ သာမဏေမအား ဝိကပ္ပနာပြုလိုရာ၌လည်း နည်းတူ။

တေန ဘိက္ခုနာ၊ပေ၊ဝတ္တုဗ္ဗံ။ ။ဝိနည်းဓိုရ်ဖြစ်သော ထိုဗျတ္တရဟန်းက တိသရဟန်းအား ဝိကပ္ပနာပြုလျှင် “တိသသ ဘိက္ခုနော သန္တိကံ ပရိဘုဉ္ဇ ဝါ

၂၂၆။ ပရမ္မခါ ဝိကပ္ပေန-ကာသန္တိကေဝမိရယေ။
"ဣမံ စီဝရံ တုယ္ဟံ ဝိကပ္ပနတ္ထာယ ဒမ္မီ"တိ။

၂၂၆။ ပရမ္မုခါဝိကပ္ပနံ၊ ပရမ္မုခဝိကပ္ပနာကို။ ဧကဿ၊ တပါးသော ဗျတ္တ ရဟန်း၏။ အန္တိကေ၊ အထံ၌။ ဣမံ စီဝရံ တုယ္ဟံ ဝိကပ္ပနတ္ထာယ ဒမ္မိတိ၊ ဣမံ စီဝရံ တုယ္ဟံ ဝိကပ္ပနတ္ထာယ ဒမ္မိ ဟူ၍။ ဧဝံ၊ ဤသို့။ ဤရယေ၊ ဆိုရာ၏။ [ဣမံ စီဝရံ၊ ဤသင်္ကန်းကို။ တုယ္ဟံ၊ သင့်အား။ ဝါ၊ အရှင်ဘုရားအား။ ဝိကပ္ပနတ္ထာယ၊ ဝိကပ္ပနာပြုခြင်းအကျိုးငှါ။ ဒမ္မိ၊ ပေးပါ၏။] (ဝိ ဋ္ဌ ၂-၂၃၀-၁၊ ကင်္ခာ ဋ္ဌ-၂၄၃)

ဝိသဇ္ဇေဟိ ဝါ ယထာ ပစ္စယံ ကရောဟိ"ဟု ဆိုရသည်၊ ထိုသို့ဆိုခြင်းကို "ပစ္စုဒ္ဓိရ်ပြုခြင်း"ဟု ခေါ်သည်၊ တိသာ ဘိက္ခုနီအား ဝိကပ္ပနာပြုလျှင် "တိသာယ သန္တကံ"စသည်ဖြင့် ဆိုရသည်၊ သိက္ခာမာန်, သာမဏေ, သာမဏေမအား ဝိကပ္ပနာပြုရာ၌ ထိုနာမည်ကို အသုံးပြု၍ ပစ္စုဒ္ဓိရ်ပြုရသည်။

မှတ်ချက်။ ။ဤပြအပ်သောစကားအရ သမ္မုခဝိကပ္ပနာသည် တိုက်ရိုက် ဝိကပ္ပနာ ပြုခြင်း, ကြား ရဟန်းထံ၌ တဆင့် ဝိကပ္ပနာပြုခြင်း"ဟု ၂-မျိုးရှိ၏၊ ထို ၂-မျိုးလုံးပင် မိမိနှုတ်ဖြင့်ချည်း ဝိကပ္ပနာပြုရသောကြောင့် သမ္မုခဝိကပ္ပနာ အမည်ရသည်ဟု မှတ်ပါ။

ပရမ္မုခဝိကပ္ပနာ။ ။သူတပါး၏နှုတ်ဖြင့် ဝိကပ္ပနာ ပြုခြင်းကို "ပရမ္မုခ ဝိကပ္ပနာ"ဟု ခေါ်ရသောကြောင့် ပါးစပ်၌ လျှာကဲ့နေခြင်း စသော်ကြောင်း ကြောင့် ကိုယ်တိုင် ဝိကပ္ပနာ မပြုနိုင်လျှင်, သို့မဟုတ် ဝိကပ္ပနာအစီအရင်၌ မကျွမ်းကျင်လျှင် ကျွမ်းကျင်သော ရဟန်းတပါးထံသို့ သွားပြီး "ဤသင်္ကန်းကို ဝိကပ္ပနာပြုဘို့ရန် အရှင်ဘုရားအား ပေးပါ၏"ဟု ပါဠိလိုဖြစ်စေ မြန်မာလို ဖြစ်စေ ပြောဆို(လျှောက်ထား)ရမည်။

ခုဒ္ဒသိက္ခာ ၂၀—ပ-မ-ဗ-သ-စ

၂၂၇။ တေန ဝတ္တာပ္ပေါ "ကော တေ မိတ္တော ဝါ သန္ဒိဋ္ဌော" ဝါတိ။ ဣတရေန စေဝံ ဝတ္တာပ္ပံ—တိဿော ဘိက္ခူတိ ဝါ၊ တိဿာ ဘိက္ခုနီတိ ဝါ၊ တိဿော သာမဏေရောတိ ဝါ၊ တိဿာ သာမဏေရီတိ ဝါ၊ တိဿာ သိက္ခမာနာတိ ဝါ။

ပုန တေန "အဟံ တိဿဿ။ပ။ တိဿာယ ဝါ ဒမ္မီ"တိ ဝိကပ္ပေတ္ဝာ တေနေဝ "တိဿဿ ဘိက္ခုနော၊ တိဿာယ ဘိက္ခုနိယာ၊ တိဿဿ သာမဏေရဿ၊ တိဿာယ သာမဏေရိယာ၊ တိဿာယ သိက္ခမာနာယ သန္တကံ ပရိဘုဉ္ဇ ဝါ ဝိသဇ္ဇေဟိ ဝါ ယထာပစ္စယံ ကရောဟီ"တိ ပစ္စုဒ္ဓရိတပ္ပံ။

တေန၊ ထိုဗျတ္တရဟန်းသည်၊ ဝတ္တာပ္ပေဝ၊ မေးထိုက်၏။ (ကိံ၊ အဘယ်သို့ မေးထိုက်သနည်း။) တေ၊ သင်၏။ မိတ္တော ဝါ၊ ခိုင်မြဲသော မိတ်ဆွေသည် သော်၎င်း။ သန္ဒိဋ္ဌော ဝါ၊ ထို့ကျိအရပ် ပေါင်းဆုံလတ်၍ မြင်အပ်ဘူးကာမျှ ဖြစ်သော မိတ်ဆွေသည်သော်၎င်း။ ဝါ၊ မခိုင်မြဲသော မိတ်ဆွေသည်သော်၎င်း။ ကော၊ အဘယ်သူနည်း။ ဣတိ၊ ဤသို့။ ဝတ္တာပ္ပေဝ၊ မေးထိုက်၏။ ဣတရေန စ၊ အခြားသော သင်္ကန်းရှင် ရဟန်းသည်လည်း။ ဧဝံ၊ ဤသို့။ ဝတ္တာပ္ပေဝ၊ ပြောဆိုလျှောက်ထားထိုက်၏။ (ကိံ၊ အဘယ်သို့ ပြောဆိုလျှောက်ထားထိုက်သနည်း။) မေ၊ တပည့်တော်၏။ မိတ္တော၊ ဒဋ္ဌမိတ္တသည်။ တိဿော ဘိက္ခု၊ တိဿရဟန်းပါတည်း။ ဣတိ ဝါ၊ ဤသို့သော်၎င်း။

တေန ဝတ္တာပ္ပေဝ။ ။ထိုသို့ ကြားကနေ၍ ဝိကပ္ပနာပြုပေးမည့် ဗျတ္တရဟန်းက "အရှင်၏ဒဋ္ဌမိတ္တ (ခိုင်မြဲသောမိတ်ဆွေ) ရဟန်းသည် ဘယ်သူပါနည်း၊ သို့မဟုတ် အရှင်၏သန္ဒိဋ္ဌ (တွေ့အပ်မြင်အပ်ဘူးသော) မိတ်ဆွေသည် အဘယ်သူပါနည်း" ဟု မေးရသည်။ [မိတ္တောတိ ဒဋ္ဌမိတ္တော၊ သန္ဒိဋ္ဌောတိ ဒိဋ္ဌမတ္တော (ထို့ကျိအရပ်၌ တွေ့အပ်ဘူးကာမျှဖြစ်သော) နာဟိဒဋ္ဌမိတ္တော (အလွန်ခိုင်မြဲသော မိတ်ဆွေမဟုတ်သော)၊ ဋီကာ။]

သန္ဓိဋ္ဌေ၁၊ သန္ဓိဋ္ဌမိတ္တ သည်။ တိဿော ဘိက္ခု၂၊ တိဿရဟန်းပါတည်း။ ဣတိ ဝါ၊ ဤသို့သော်ငင်း။ ပေ။ မေ၊ တပည့်တော်၏။ မိတ္တာ၁၊ ဒဋ္ဌမိတ္တာ သည်။ တိဿာ သိက္ခမာနာ၁၊ တိဿာ သိက္ခမာန်ပါတည်း။ ဣတိ ဝါ၊ ဤသို့ သော်ငင်း။ သန္ဓိဋ္ဌာ၁၊ သန္ဓိဋ္ဌမိတ္တာသည်။ တိဿာ သိက္ခမာနာ၁၊ တိဿာ သိက္ခမာန်ပါတည်း။ ဣတိ ဝါ၊ ဤသို့ သော်ငင်း။ ဝတ္တုဗ္ဗံ၊ ပြောဆိုလျှောက်ထားထိုက်၏။

ပုန၊ တဖန်။ တေန၊ ထိုဗျတ္တရဟန်းသည်။ အဟံ၊ ငါသည်။ တိဿဿ ဘိက္ခုနော၊ တိဿရဟန်းအား။ ဒမ္မိ၊ ပေး၏။ ဣတိ ဝါ၊ ဤသို့သော်ငင်း။ ပေ။ တိဿာယ သိက္ခမာနာယ၊ တိဿာ သိက္ခမာန်အား။ ဒမ္မိ၊ ပေး၏။ ဣတိ ဝါ၊ ဤသို့သော်ငင်း။ ဝိကပ္ပေတွာ၁၊ ဝိကပ္ပနာပြုပြီး၍။ တေနေဝ၊ ထိုဗျတ္တရဟန်းသည်ပင်။ တိဿဿ ဘိက္ခုနော သန္တကံ ပရိဘုဉ္ဇ ဝါ ဝိသဇ္ဇေတိ ဝါ ယထာပစ္စယံ ကရောတီတိ ဝါ၊ တိဿဿ ဘိက္ခုနော သန္တကံ ပရိဘုဉ္ဇ ဝါ ဝိသဇ္ဇေတိ ဝါ ယထာပစ္စယံ ကရောတိ ဟူ၍သော်ငင်း။ပေ။ တိဿာယ သိက္ခမာနာယ သန္တကံ ပရိဘုဉ္ဇ ဝါ ဝိသဇ္ဇေတိ ဝါ ယထာပစ္စယံ ကရောတီတိ ဝါ၊ တိဿာယ သိက္ခမာနာယ သန္တကံ ပရိဘုဉ္ဇ ဝါ ဝိသဇ္ဇေတိ ဝါ ယထာပစ္စယံ ကရောတိ ဟူ၍သော်ငင်း။ ပစ္စုဒ္ဓရိတဗ္ဗံ၊ ပစ္စုဒ္ဓိ၍ ပြုရာ၏။

ဣတရေန စေဝံ ဝတ္တဗ္ဗံ။ ။သင်္ကန်းရှင်ဖြစ်သော ရဟန်းက ဦးတိဿအား ပေးလိုလျှင် "တိဿော ဘိက္ခု-တပည့်တော်၏ ဒဋ္ဌမိတ္တ (သို့မဟုတ် သန္ဓိဋ္ဌ) မိတ်ဆွေသည် တိဿမည်သောရဟန်းပါတည်း" ဟု ပြောရာ၏၊ (တနည်း) အာယသ္မာ တိဿော-ဦးတိဿပါတည်း ဟုလည်း ပြောနိုင်၏၊ ဘိက္ခုနီ စသည်ကို ပေးလိုရာ၌လည်း "တိဿာ ဘိက္ခုနီ" စသည်ဖြင့် ပြောရသည်။

ပုန တေန၊ ပေ၊ ပစ္စုဒ္ဓရိတဗ္ဗံ။ ။ဝိနည်းဓိုရ်ဖြစ်သော ကြားရဟန်းက တဖန် ထပ်၍ "ဤမံ စီဝရံ အဟံ တိဿဿ ဘိက္ခုနော ဒမ္မိ-ဤသင်္ကန်းကို တပည့်တော်က တိဿ ရဟန်းအား ပေးပါ၏"ဟု ဝိကပ္ပနာပြုပြီးလျှင် ထိုရဟန်းသည်ပင်

၂၂၈။ ဒုရသန္တိကတ္တေကတ္တ-ဗဟုဘာဝံ ဝိဇာနိယ။
ဧတံ ဣမန္တိ ဧတာနိ၊ ဣမာနိတေတ္ထ ယောဇယေ။

၂၂၈။ တ္ထေ၊ ဤဝိကပ္ပနာပြုရာ၌။ ဒုရသန္တိကတ္တံ၊ ဝေးသည်၏အဖြစ်, နီးသည်၏ အဖြစ်ကိုဝင်း။ ကေတ္တဗဟုဘာဝံ၊ တထည်၏အဖြစ်, များကုန်သည်၏အဖြစ်ကိုဝင်း။ ဝိဇာနိယ၊ သိ၍။ ဧတံ ဣမန္တိ၊ ဧတံ ဣမံ ဟူ၍ဝင်း။ ဧတာနိ ဣမာနိတိ၊ ဧတာနိ ဣမာနိ ဟူ၍ဝင်း။ ယောဇယေ၊ ယှဉ်စေရာ၏။ ဝါ၊ သုံးစွဲရာ၏။ (ဝိ ပါ ၂-၁၆၁၊ ဝိ ဋ္ဌ ၂-၂၃၀-၁၊ ကင်္ခါ ဋ္ဌ-၂၄၃)

“တိဿသ္သ ဘိက္ခုနော သန္တိကံ ပရိဘုဉ္ဇ ဝါ” စသည်ဆို၍ ပစ္စုဒ္ဓိုရ်ပြုရသည်။ [ဤ၌ “ဝိကပ္ပေမိ” နေရာဝယ် “ဒမ္မိ”ဟု သုံးစွဲပုံကိုထောက်၍ ပေးခြင်းကိုပင် “ဝိကပ္ပနာပြုခြင်း” ဟုခေါ်ကြောင်းကို သတိပြုပါ။]

မှတ်ချက်။ ။သမ္မုခဝိကပ္ပနာဌ္ဌ သက်နှင်းရှင်ကိုယ်တိုင် ဝိကပ္ပနာပြု၍ အခြားရဟန်းက ပစ္စုဒ္ဓိုရ်ပြုရ၏၊ ပရမ္မုခဝိကပ္ပနာဌ္ဌကား အခြား ရဟန်းသည်ပင် ဝိကပ္ပနာပြု၍ ထိုရဟန်းသည်ပင် ပစ္စုဒ္ဓိုရ်ပြုရသည်၊ ဤသို့ ဝိကပ္ပနာ ၂-မျိုး အထူးကိုဝင်း သမ္မုခဝိကပ္ပနာ ၂-မျိုးရှိကြောင်းကိုဝင်း သိပါ။

ဒုရသန္တိက။ ။အဝေးဌ္ဌ ရှိသောသက်နှင်းကို ဝိကပ္ပနာပြုလိုလျှင် “ဧတံ စီဝရံ” ဟုဆို၍, အနီးဌ္ဌရှိသောသက်နှင်းကို ဝိကပ္ပနာပြုလိုလျှင် “ဣမံ စီဝရံ” ဟုဆိုပါ။ [သဒ္ဒါကျမ်းတို့ဌ္ဌ အနီးကို ဣမသဒ္ဒါဖြင့် ညွှန်ပြ၍, အဝေးကို ဧတ–သဒ္ဒါဖြင့် ညွှန်ပြဘို့ရန် ခဲ့ထားသည်။]

ကေတ္တဗဟုဘာဝံ။ ။သက်နှင်းတထည်ဖြစ်လျှင် “ဧတံ စီဝရံ, သို့မဟုတ် ဣမံ စီဝရံ” ဟု ဧကဝုစ်ဝိဘတ်ကိုသုံးစွဲ၍, သက်နှင်းအများဖြစ်လျှင် “ဧတာနိ စီဝရာနိ, သို့မဟုတ် “ဣမာနိ စီဝရာနိ” ဟု ဗဟုဝုစ်ဝိဘတ် သုံးစွဲရသည်။

၂၂၉။ ဒဿာဟံ မာဿမေကံ ဝါ၊ ပဥ္စ ဝါ ကထိနတ္ထတော။
ပါရိပူရတ္ထမုနဿ၊ ပစ္ဆာသာ သတိ မာသကံ။
နူပါဒယတိ နိဿဂ္ဂိံ၊ နာဓိဋ္ဌိတဝိကပ္ပိတန္တိ။

၂၂၉။ နာဓိဋ္ဌိတဝိကပ္ပိတံ၊ အဓိဋ္ဌာန်လည်း မတင်အပ်, ဝိကပ္ပနာလည်း မပြုအပ်သော သင်္ကန်းသည်။ ဒဿာဟံ၊ ဆယ်ရက်ပတ်လုံးသော်၎င်း။ ဧကမာသံ ဝါ၊ တလပတ်လုံးသော်၎င်း။ ကထိနေ၊ ကထိန်ကို။ အတ္ထတော၊ ခင်းအပ်ပြီးသော်။ ပဥ္စမာသံ ဝါ၊ ၅-လပတ်လုံးသော်၎င်း။ ဥိနဿ၊ ယုတ်လျော့သော သင်္ကန်း၏။ ပါရိပူရတ္ထံ၊ ပြည့်စုံလုံလောက်သည်၏အဖြစ်ဟူသော အကျိုးငှါ။ ပစ္ဆာသာ၊ သင်္ကန်းဌဲ့ အာသာသည်။ သတိ၊ ရှိလသော်။ မာသကံ၊ တလပတ်လုံးသော်၎င်း။ နိဿဂ္ဂိံ၊ နိဿဂ္ဂိပါစိတ်အာပတ်ကို။ နူပါဒယတိ၊ မဖြစ်စေနိုင်။....ဤတိ၊ ဝိကပ္ပနာနှင့်စပ်၍ မှတ်ဘွယ်အပြီးတည်း။ (ဝိ ပါ ၁-၂၉၅)

ဒဿာဟံ၊ ပေ၊ ဝိကပ္ပိတံ။ ။အဓိဋ္ဌာန်လည်း မတင်အပ်, ဝိကပ္ပနာလည်း မပြုအပ်သော သင်္ကန်းသည် နိဿဂ္ဂိယ-ပဌမကထိနသိက္ခာပုဒ်၏ ခွင့်ပြုချက်ကြောင့် ဒဿာဟံ-ဆယ်ရက်ပတ်လုံး နိဿဂ္ဂိကို မဖြစ်စေ၊ "နိဿဂ္ဂိမထိုက်" ဟူလို၊ သီတင်းကျွတ် လပြည့်ကျော်တရက်မှ တန်ဆောင်မုန်းလပြည့် အတွင်း၌ သင်္ကန်းကာလဖြစ်သောကြောင့် တလပတ်လုံး နိဿဂ္ဂိ မထိုက်၊ ကထိန်ခင်းအပ်သည်ဖြစ်၍ ကထိန် အာနိသင်ရလျှင် သင်္ကန်းကာလပင် ဖြစ်သောကြောင့် (ထိုအာနိသင် မပြယ်သမျှ) ၅-လပတ်လုံး နိဿဂ္ဂိ မထိုက်၊ တတိယ ကထိနသိက္ခာပုဒ်၏ ခွင့်ပြုချက်ကြောင့် သင်္ကန်းကာလ မဟုတ်သော်လည်း နောက်ထပ် သင်္ကန်းရဘို့ အာသာ (မြော်လင့်ချက်) ရှိလျှင် ထိုရသောအခါ လိုသောသင်္ကန်းကို ဖြည့်ဘို့ရာ တလပတ်လုံး ထားနိုင်သေး၏၊ နိဿဂ္ဂိ မထိုက်။

နိဿယနိဒ္ဒေသ

နိဿယောတိ၊ “နိဿယော” ဟူသော ဥဒ္ဒေသ၏။ (နိဒ္ဒေသော၊ နိဒ္ဒေသကား—)

၂၃၀။ ဗျတ္တဿ ပဋ္ဌဝဿဿ၊ နတ္ထိ နိဿယကာရိယံ။
ယာဝဇီဝမ္ပိ အဗျတ္တော၊ နိဿိတောယေဝ ဇီဝတိ။

၂၃၀။ ပဋ္ဌဝဿဿ၊ ငါးဝါ ရှိပြီးသော။ ဗျတ္တဿ၊ နိဿယညှိုးလွတ်ရာ ဂုဏ်အင်္ဂါနှင့် ကောင်းစွာကုံလုံ ပြည့်စုံသောရဟန်း၏။ ဝါ၊ နိဿယညှိုးလွတ်ရာ ဂုဏ်အင်္ဂါနှင့် ကောင်းစွာကုံလုံ ပြည့်စုံသောရဟန်းသည်။ နိဿယကာရိယံ၊ နိဿယညှိုးဖြင့် ပြုဘွယ်ကိစ္စသည်။ နတ္ထိ၊ မရှိ။ အဗျတ္တော၊ နိဿယညှိုးလွတ်ရာ ဂုဏ်အင်္ဂါနှင့် ကောင်းစွာကုံလုံ မပြည့်စုံသော ရဟန်းသည်။ ယာဝဇီဝမ္ပိ၊ အသက်ထက်ဆုံးလည်း။ နိဿိတောယေဝ၊ ဆရာကိုမှီသည်သာလျှင်။ (ဟုတ္ထာ၊ ဖြစ်၍။) ဇီဝတိ၊ အသက်ရှင်ရ၏။ [ဗျတ္တဿကို “၏” ဟုပေးရာ၌ “ကာရိယံ-ပြုဘွယ်ကိစ္စ”၌စပ်ပါ၊ ဋီကာ၌ကား “ကာရိယံ၌စပ်သော ဆဋ္ဌီကတ္တား”ဟု ဆိုသည်။] (ဝိ ပါ ၃-၁၁၁။ ဝိ ဋ္ဌ ၃-၅၄)

နိဿယ။ ။နိဿီယတေ၊ မှီရှုနေခြင်း။ နိဿယော၊ မှီရှုနေခြင်း။ တနည်း။ နိဿီယတေတိ နိဿယော(မှီအပ်သောဆရာ)၊ ဆရာကိုမှီရှုနေခြင်းကို “နိဿယ” ဟုဆိုလို၏။ ထိုမှီရှုနေခြင်း, မမှီဘဲနေခြင်းတို့ကို အကျယ်ပြရာ စကားရပ်ကို “နိဿယနိဒ္ဒေသ” ဟုမှတ်ပါ။

ဗျတ္တဿ။ ။နိဿယမဂ္ဂစနက အင်္ဂါတို့တွင် ပဋ္ဌဝဿဿ-ဟု သီးခြား ဆိုအပ်သော ငါးဝါရခြင်းအင်္ဂါမှတပါး အခြားအင်္ဂါတို့နှင့် ပြည့်စုံသော ရဟန်းကို “ဗျတ္တ” ဟု ခေါ်၏၊ ထိုပုဂ္ဂိုလ်သည် နိဿယညှိုးဖြင့် ပြုဘွယ်မရှိ၊ ဝါ-နိဿယညှိုးယူဘွယ်မလို။ [ဝိ+အဥ္ဇဓာတ်, တပစ္စည်း၊ ယအက္ခရာလာလျှင် “ဝိယတ္တ” ဟု

ဖြစ်၍ ဣကို ယ, ဝကို ဗပြုလျှင် ဗျတ္တ ဟု ဖြစ်၏၊ ဝိယဉ္ဇတိ-မိမိဆိုင်ရာ ကိစ္စဦး ထင်စွာပြုတတ်၏၊ ဝါ၊ ကျမ်းကျင်၏၊ ဣတိ ဗျတ္တော-ဗျတ္တမည်၏။]

နိဿယည်းလုတ် အင်္ဂါ ၇-ပါး။ ။(၁) ငါးဝါပြည့်ခြင်း, (၂) အနက် အဓိပ္ပါယ်သိ၍ ဒွေမာတိကာရခြင်း, (၃) ဓမ္မပဒစသော သုတ္တန်တို့မှ ၄-ဘာဏဝါရလောက် အနက်လည်းသိ၍ ရလည်းရခြင်း, [တဘာဏဝါရ၏ ပမာဏကို (၄၂၁) ဂါထာ၌ပြလတ္တံ့။] (၄) အနက်သိ၍ အမှဋ္ဌသုတ်နှင့် အလားတူသော စကားတရုပ်ကိုရခြင်း, (၅) ဆွမ်းတရားစသည် ဟောဘို့ရာ ဝတ္ထုကြောင်းပါသော တရား ၃-ပုဒ်လောက် ရခြင်း, (၆) ကမ္မဋ္ဌာန်းဘာဝနာ အားထုတ်နည်းကို သိခြင်း, (၇) ခန္ဓကဋ္ဌလာသော ကံကြီးကံငယ်ပြုနည်းကို နားလည်ခြင်းတည်း။ [အကျယ်ကို ပါစိတ်-ဘိက္ခုနောပါဒဝဂ် အဋ္ဌကထာ၌ရှုပါ။]

[ဆောင်] ၅-ဝါပြည့်ဘိ၊ ဒွေမာတိကာ၊ သုတ် ၄-ဘာဏဝါရ၊ အမှဋ္ဌတု၊ ဝတ္ထုစကား၊ တရား ၃-ပုဒ်၊ အားထုတ်ဘို့ရာ၊ ဘာဝနာနှင့်၊ ကမ္မာကမ္မ၊ ခုနစ်ဝ၊ နိဿယ မှုစ္စနက ဗဟုသုတတည်း။

မှတ်ချက်။ ။နှုတ်တက်ရခြင်း ဟူသမျှ၌ ယခုအခါ စာအုပ်ရှိနေပြီဖြစ်သော ကြောင့် ထိုစာအုပ်ကိုကြည့်၍ အနက်အဓိပ္ပါယ် သိခြင်းက လိုရင်းဖြစ်သည်၊ သူတပါးကို ဟောပြောမှုဌာန်းကား ပါဠိအစဉ်အတိုင်း မရစေကာမူ မြန်မာလို ဟောပြောနိုင်လျှင်လည်း အင်္ဂါပြည့်စုံ၏ဟု ဆိုထိုက်ပါသည်။

ယာဝဇီဝံပိ။ ။ဗျတ္တမဟုတ်သော ရဟန်းသည် (ဗျတ္တအဖြစ်သို့ မရောက်သေး သမျှကာလပတ်လုံး) ဗျတ္တ ဖြစ်သောဆရာကို မှီ၍နေရမည်၊ တသက်လုံး ဗျတ္တ မဖြစ်လျှင် တသက်လုံးပင် မှီ၍ နေရမည်။

၂၃၁။ ကေသံ စိဝရံ ကတ္ဝာ၊ ပဂ္ဂဏှိတ္ဝာန အဉ္ဇလိ ံ။
ဥက္ကုဋိကံ နိသီဒိတ္ဝာ၊ ဝဒေ ယာဝတတိယကံ။
“အာစရိယော မေ ဘန္တေ ဟောဟိ၊
အာယသ္မတော နိဿာယ ဝစ္ဆာမ တ”။

၂၃၁။ ကေသံ၊ တခုသောလက်ဝဲအဘို့၌။ ဝါ၊ လက်ဝဲတဖက် ပခုံးထက်၌။ စီဝရံ၊ သင်္ကန်းကို။ ကတ္ဝာ၊ ထား၍။ (တနည်း) ကေသံ စီဝရံ ကတ္ဝာ၊ လက်ကန်တော့တင်၍။ အဉ္ဇလိ ံ၊ လက်အုပ်ကို။ ပဂ္ဂဏှိတ္ဝာန၊ ချီမြှောက်၍။ ဥက္ကုဋိကံ၊ ဆောင့်ကြွောင့်။ နိသီဒိတ္ဝာ၊ ထိုင်၍။ ယာဝတတိယကံ၊ သုံးကြိမ်တိုင်အောင်။ ဝဒေ၊ ဆိုရာ၏။ (ကိ ံ၊ အဘယ်သို့ ဆိုရမည်နည်း။) “အာစ-ရိယော မေ ဘန္တေ ဟောဟိ၊ အာယသ္မတော နိဿာယ ဝစ္ဆာမိ” တိ၊ “အာစရိယော၊ ပေ၊ ဝစ္ဆာမိ” ဟူ၍။ ဝဒေ၊ ဆိုရာ၏။ [ဘန္တေ၊ အရှင်ဘုရား။ မေ၊ တပည့်တော်၏။ အာစရိယော၊ မိုခိုဘိုရာ နိဿယည်းဆရာသည်။ ဟောဟိ၊ ဖြစ်တော်မူပါ။ အာယသ္မတော၊ အရှင်ဘုရားကို။ နိဿာယ၊ မှီ၍။ ဝစ္ဆာမိ၊ နေပါအံ့။] (ဝိ ပါ ၃-၂၆)

ကေသံ၊ ပေ၊ ဝစ္ဆာမိတိ။ ။ကျင်္ကါထာဖြင့် နိဿယည်းဆရာဖြစ်လောက်အောင် ဂုဏ်အင်္ဂါနှင့် ပြည့်စုံသော ဆရာ့အထံ၌ နိဿယည်းယူပုံကို ပြသည်၊ ကေသိ သင်္ကန်းကို လက်ကန်တော့တင်၍ လက်အုပ်ချီကာ ဆောင့်ကြောင့်ထိုင်ပြီးလျှင် “အာစရိယော မေ၊ ပေ၊ ဝစ္ဆာမိ” ဟူသောစကားကို ၃-ကြိမ်ရွတ်ဆို လျှောက်ထားရမည်–ဟူလို။

အာယသ္မတော၊ ပေ၊ ဝစ္ဆာမိ။ ။အာယသ္မတောသည် နိဿာယ၌ ကံအဖြစ်ဖြင့် စပ်ရသောကြောင့် ဒုတိယာဝိဘတ်၏အနက်၌ ဆဋ္ဌိသက်ထားသော ပုဒ်တည်း၊ ဝစ္ဆာမိ၌ ဝသဓာတ် ဿာမိဝိဘတ်တည်း၊ ကရဿ သပ္ပစ္စယဿ ကာဟောသုတ်၌ သပ္ပစ္စယသဒ္ဒါဖြင့် စီရင်ရပုံကို ထိုသုတ်၌ကြည့်ပါ။ [နိဿယည်း ယူချိန်၌ နေဆဲမဟုတ်, နေလတ့ံသာဖြစ်သောကြောင့် ဿာမိ ဝိဘတ်ဖြင့် ဆိုသည်၊ အာယသ္မတောတိ ဥပယောဂတ္ထေ သာမိဝစနံ၊ အာယသ္မန္တံ နိဿာယ

၂၃၂။ ပက္ကန္တေ ပက္ခသက်ံန္တေ၊ ဝိဗ္ဘန္တေ စာပိ နိဿယော။
မရဏာဇ္ဈတ္တုပဇ္ဈာယ-သမောဓာနေဟိ သမ္မတိ။

၂၃၂။ ပက္ကန္တေ၊ မိမိဖြစ်စေ ဆရာဖြစ်စေ အရပ်တပါးသို့ ဖဲသွားခြင်း ကြောင့်၎င်း။ ပက္ခသက်ံန္တေ၊ တိတ္ထိဘောင်သို့ ပြောင်းလွှဲခြင်းကြောင့်၎င်း။ ဝိဗ္ဘန္တေ စာပိ၊ လူထွက်ခြင်းကြောင့်၎င်း။ မရဏာဇ္ဈတ္တုပဇ္ဈာယသမောဓာ-နေဟိ၊ ပုံလွှန်တော်မူခြင်း, နိဿယညှိးဆရာက နှင်ထုတ်ခြင်း, ဥပဇ္ဈာယ် ဆရာနှင့် ပေါင်းဆုံမိခြင်းတို့ကြောင့်၎င်း။ နိဿယော၊ နိဿယညှိးသည်။ သမ္မတိ၊ ငြိမ်း၏။ (ဝိ ပါ ၃-၈၉။ ဝိ ဋ္ဌ ၃-၂၆၈)

ဝသိဿာမီတိ အတ္ထော၊ – မဟာဝဂ္ဂ, မဟာခန္ဓက – တေရသကဏ် ဋီကာ၊ ဋီကာသစ်၌ "ဝဿာမိ" ဟု တွေ့ရ၏၊ ပါဠိပျက်ဟန်တူသည်။]

နိဿယညှိးဆရာ၏ အင်္ဂါ။ ။(၁) ဆယ်ဝါရခြင်း, (၂) ဒွေမာတိကာကို အကျယ်ဝေဘန်ရာ ပဒဘာဇနီဟု ခေါ်အပ်သော ဝိဘင်း ၂-ပါးကို ရခြင်း, (၃) ကံကြီးကံငယ် ပြုနည်းကို နားလည်ခြင်း, (၄) မဟာဝဂ္ဂ, စူဠဝဂ္ဂ ခန္ဓကဋ္ဌလာသော သိက္ခာပုဒ်တို့ကို နားလည်ခြင်း, (၅) နာမ်တရား ရုပ်တရား အပိုင်းအခြားကို နားလည်ခြင်း ဤအင်္ဂါငါးပါးနှင့်ပြည့်စုံမှ နိဿယညှိးဆရာဖြစ်နိုင်၏၊ ဥပဇ္ဈာယ် ဆရာလည်း ဖြစ်နိုင်၏၊ ဤအင်္ဂါမျှားကိုပင် "ကျောင်းထိုင်အင်္ဂါ"ဟုလည်း ခေါ်ရသည်၊ ဘာ့ကြောင့်နည်း – ကျောင်းထိုင်ဘုန်းတော်ကြီးသည် ရဟန်းသာမဏေတို့၏ ဥပဇ္ဈာယ်လုပ်၍၎င်း နိဿယညှိးဆရာလုပ်၍၎င်း နေရသောကြောင့်တည်း။

[ဆောင်] ဆယ်ဝါပြည့်တင်း၊ ဝိဘင်းနှစ်ဖြာ၊ ကမ္မာကမ္မ၊ ခန္ဓကပုဒ်၊ နာရုပ် ပိုင်ပိုင်၊ ဟောပြနိုင်၊ ကျောင်းထိုင် ငါးအင်္ဂါ။

ပက္ကန္တေ၊ ပေ၊ သမ္မတိ။ ။ဤဂါထာဖြင့် နိဿယညှိးယူထားမှု၏ ငြိမ်းခြင်းဟူသော နိဿယညှိးပျက်ခြင်းကို ပြသည်၊ (၁) နိဿယညှိးဆရာသည်သော်၎င်း မိမိသည်သော်၎င်း ဤကျောင်းတိုက်၌ မနေတော့ဘဲ အရပ်တပါးသို့ ဖဲသွားလျှင်

၂၃၃။ နိဿာယ နဝသေ လဇ္ဇိံ၊ အပုဗ္ဗံ ဌာနမာဂတော။
အာဂမေ စတုပဉ္စာဟံ၊ ဉာတုံ ဘိက္ခုသဘာဂတံ။

၂၃၃။ အလဇ္ဇိံ၊ အလဇ္ဇီဆရာကို။ နိဿာယ၊ မှီ၍။ နဝသေ၊ မနေရာ။ အပုဗ္ဗံ၊ အသစ်ဖြစ်သော။ ဌာနံ၊ အရပ်သို့။ အာဂတော၊ ရောက်လာသော ရဟန်းသည်။ ဘိက္ခုသဘာဂတံ၊ သဘောတူ လဇ္ဇီရဟန်း၏ အဖြစ်ကို။ ဉာတုံ၊ သိခြင်းငှါ။ စတုပဉ္စာဟံ၊ လေးရက် ငါးရက်ပတ်လုံး။ အာဂမေ၊ ဆိုင်းငံ့ရာ၏။ (ဝိ ပါ ၅-၂၇၉။ ဝိ ပါ ၃-၁၂၇။ ဝိ ဋ္ဌ ၃-၃၁၃)

နိဿယည်းပျက်၏၊ [နောက်၌လည်း "မိမိနှင့်ဌင်း ဆရာနှင့်ဌင်း ဆိုင်သည်"ဟု မှတ်ပါ၊] (၂) တိတ္ထိဘောင်သို့ ပြောင်းရွှေ့လျှင်ဌင်း (၃) လူထွက်လျှင်ဌင်း (၄) ပုံတော်မူလျှင်ဌင်း နိဿယည်းပျက်၏၊ (၅) အာဏတ္တိ (၆) ဥပဇ္ဈာယ် ဆရာနှင့် တွဲခြင်းတည်း။

အာဏတ္တိ။ ။မိမိကို မမှီဘို့ရန် စေခိုင်းခြင်းကို (မိမိအထံ၌ မနေဘို့ရန် နှင်ထုတ်ခြင်းကို) "အာဏတ္တိ" ဟု ဆိုသည်၊ [အာဏတ္တိဘိ နိဿယပဏာမနာ (နိဿယည်းယူထားမှုကို ပယ်ထုတ်ခြင်း) ဝုစ္စတိ၊ – မဟာဝဂ္ဂ, နိဿယပဋိပဿဒ္ဓိကထာ။]

ဥပဇ္ဈာယ သမောဓာန။ ။နိဿယည်းဆရာနှင့် ဥပဇ္ဈာယ် ၂-ပါးတွင် ဥပဇ္ဈာယ်သည် ပဓာနဖြစ်၏၊ ထို့ကြောင့် ဥပဇ္ဈာယ်ကို မြင်ရုံ အသံကြားရုံဖြင့် နိဿယည်းပျက်သည်၊ [ဥပဇ္ဈာယေန သမောဓာနဂတောတိ ဧတ္ထ ဒဿနသဝန-ဝသေန သမောဓာနံ ဝေဒိတဗ္ဗံ၊ – ယခင်အဋ္ဌကထာ။]

နိဿာယ နဝသေ လဇ္ဇိံ။ ။အလဇ္ဇီဆရာ့အထံ နိဿယည်းယူ၍ မနေရ၊ နေလျှင် "နဘိက္ခဝေ အလဇ္ဇီနံ နိဿာယ ဝတ္ထုံ၊ ယော ဝသေယျ, အာပတ္တိ ဒုက္ကဋဿ"ဟု မဟာဝဂ္ဂ, အလဇ္ဇီနိဿယ ဝတ္ထုကထာအတိုင်း ဒုက္ကဋ်အာပတ်သင့်၏၊ မှန်၏ – ဆရာကိုမှီ၍နေခြင်းသည် မိမိ၌ သီလ, သမာဓိ, ဝိပဿနာ ပညာ တိုးပွါးအောင်နေခြင်းတည်း၊ ဆရာက အလဇ္ဇီဖြစ်နေလျှင် အဘယ်မှာ ထိုတရား များ တိုးပွါးနိုင်ပါတော့အံ့နည်း၊ မိမိကိုယ်၌ ချေးအညစ်ကြေး စသော မကောင်း

၂၃၄။ အဒ္ဓိကဿ ဂိလာနဿ၊ ဂိလာနုပဋ္ဌကဿ စ။
ယာစိတဿ အရညေ့ ဝါ၊ သလ္လက္ခေန္တန ဖာသုကံ။
သဘာဂေ ဒါယကေ သန္တေ၊ ဝသိတုံ တာဝ လဗ္ဘတိ။

၂၃၄။ အဒ္ဓိကဿ၊ ခရိုးရှည်သူး ရဟန်းသည်၎င်း။ ဂိလာနဿ၊ မကျန်းမာသော ရဟန်းသည်၎င်း။ ယာစိတဿ၊ ဂိလာနရဟန်းသည် တောင်းပန်

နှံများကင်းအောင် ရေချိုးသူးရာဝယ် နောက်ကျသော ရေကန်တွင်းဦး ဆင်း၍ ရေချိုးမိသူကဲ့သို့ ရှိပြီးသော သီလ, သမာဓိ, ဝိပဿနာပညာတို့သည်ပင် ဆုတ်ယုတ်စရာရှိတော့သည်။

အလဇ္ဇီလက္ခဏာ။ ။ပရိဝါရပါဠိတော် အပရဂါထာသင်္ကိတ်၌ "လွန်ကျူး လိုသော စေတနာဖြင့် အာပတ်သင့်ခြင်း, အာပတ်ကို ဒေသနာမပြော ဝတ် မဆောက်တည်ဘဲ လျှိုဝှက်ထားခြင်း, သံဃိကပစ္စည်းဝေဘန်မှု စသည်၌ အဂတိ လိုက်ခြင်း ဤ ၃-ပါးသည် အလဇ္ဇီ၏ အမှတ်လက္ခဏာတည်း" ဟု မိန့်တော်မူ၏။

သဉ္ဆိစ္ဘ အာပတ္တိံ အာပဇ္ဇတိ၊ အာပတ္တိံ ပရိဂူဟတိ။
အဂတိဂမနဉ္ဆ ဂစ္ဆတိ၊ ဧဒိသော ဝုစ္စတိ အလဇ္ဇီပုဂ္ဂလော။

အပုဗ္ဗံ၊ပေ၊သဘာဂတံ။ ။ရှေးက မရောက်ဘူးသေးသောနေရာသို့ ရောက်သော ရဟန်းသည် ထိုကျောင်းတိုက်၌ နိဿယည်းပေးသောဆရာ၏ မိမိတို့နှင့် သဘောတူ လဇ္ဇီပုဂ္ဂိုလ် ဟုတ်, မဟုတ်ကို သိဘို့ရန် ၄-ရက် ၅-ရက်လောက် နိဿယည်းမယူဘဲ နေနိုင်၏၊ အကြောင်းသိပြီးသော ရောက်ဘူးသော နေရာ ဖြစ်လျှင်ကား ထိုရောက်ရာနေ့မှာပင် နိဿယည်းယူရမည်ဟု အဋ္ဌကထာဆိုသည်၊ [အနုဇာနာမိ ဘိက္ခဝေ စတူဟပဉ္စာဟံ အာဂမေတုံ ယာဝ ဘိက္ခုသဘာဂတံ ဇာနာတိ၊ –အလဇ္ဇီနိဿယဝတ္ထုကထာ။]

အဒ္ဓိကဿ၊ပေ၊လဗ္ဘတိ။ ။"အနုဇာနာမိ ဘိက္ခဝေ အဒ္ဓါနမဂ္ဂပ္ပဋိပန္နေန (အဓွန်ရှည်သောခရီးကို သွားသော ရဟန်းသည်၊ နိဿယံ အလဘမာနေန အနိဿိတေန ဝတ္ထုံ၊ပေ၊ ဂိလာနေန အနိဿိတေန ဝတ္ထုံ၊ပေ၊ ဂိလာနုပဋ္ဌာကေန

အပ်သော။ ဂိလာနုပဋ္ဌကဿ စ၊ ဂိလာန၏အလုပ်အကျွေး ရဟန်းသည် ၎င်း။ အရညော၊ တောကျောင်း၌။ ဖာသုကံ၊ နုသော သမထဝိပဿနာဖြင့် ချမ်းသာစွာနေရခြင်းကို။ သလ္လက္ခေန္တေန၊ မှတ်သော တောနေ ရဟန်းသည် ၎င်း။ သဘာဂေ၊ လင်္ဂီချင်းသဘောတူသော။ ဒါယကေ၊ နိဿယည်းပေး မည့် ဆရာသည်။ အသန္တေ၊ မရှိလသော်။ တာဝ၀၊ ထိုနိဿယည်းဆရာနှင့် တွေ့သည့်တိုင်အောင်။ ၀ါ၊ ၀ါဆိုလပြည့်နေ့တိုင်အောင်။ ၀သိတုံ၊ နိဿ-ယည်းမယူဘဲ နေခြင်းငှါ။ လဗ္ဘတိ၊ ရအပ်၏။....ဣတိ၊ နိဿယည်းနှင့်စပ်၍ မှတ်ဘွယ်အပြီးတည်း။ (ဝိ ပါ ၃-၁၂၈။ ဝိ ဋ္ဌ ၃-၃၁၄)

နိဿယံ အလဘမာနေန ယာစိယမာနေန. (ဂိလာနက နေဘို့ရန် တောင်းပန် အပ်လျှင်) အနိဿိတေန ဝတ္ထုံ၊ ပေ၊ **အာ**ရညိကေန ဘိက္ခုနာ ဖာသုဝိဟာရံ သလ္လက္ခေန္တေန၊ ပေ၊ ဝတ္ထု”ဟူသော မဟာဝဂ်၊ ကမိယာဒိနိဿယ ဝတ္ထုကထာကို မှီသောဂါထာတည်း၊ ဖာသုဝိဟာရံ အတွက် “သမထဝိပဿနာနံ ပဋိလာဘေန ဖာသု ဟောတိ”ဟုအဋ္ဌကထာဖွင့်၏၊ ကမ္မဋ္ဌာန်းအားထုတ်နေစဉ် သမထ ဖြစ်စေ ဝိပဿနာ ဖြစ်စေ ရခါစဖြစ်ခြင်းကြောင့် ချမ်းသာသည်—ဟူလို။ [ယဿ ခေါ ပန သမထော ဝါ ဝိပဿနာ ဝါ တရုဏာ ဟောတိ၊ အယံ ဣမံ ပရိဟာရံ (ဤ နိဿယည်း မယူဘဲနေနိုင်ခြင်းဟူသော အခွင့်ကို) လဘတိ။]

၀သိတုံ တာ၀ လဗ္ဘတိ။ ။၀ါဆိုလမပြည့်မီ နိဿယည်းပေးနိုင်သော ဆရာ နှင့် တွေ့လျှင် နိဿယည်းယူရာ၏၊ “မတွေ့လျှင် ယာ၀ အာသဋ္ဌိပုဏ္ဏမာ, တာ၀ အနိဿိတေန ဝတ္ထုံ ဝဋ္ဋတိ (၀ါဆိုလပြည့်တိုင်အောင်) နိဿယည်းဆရာ မရှိလျှင် နိဿယည်းမယူဘဲနေနိုင်၏၊ ၀ါဆိုလပြည့်နေ့၌ကား နိဿယည်းဆရာရှိရာ အရပ်သို့ သွား၍ ၀ါကပ်ရမည်)”ဟူလို၊—ထို အဋ္ဌကထာ။

ကာယဗန္ဓနဒုက္ခ

ကာယဗန္ဓနန္တိ၊ “ကာယဗန္ဓနံ” ဟူသော ဥဒ္ဒေသ၏။ (နိဒ္ဒေသော၊ နိဒ္ဒေသကား —-)

[ကာယဿ၊ ကိုယ်ကို+ဗန္ဓနံ၊ ဖွဲ့ချည်ကြောင်း ခါးပန်း။ ဝါ၊ ခါးပတ်။]

၂၃၅။ အကာယဗန္ဓနော ဂါမံ၊ ဒုက္ကဋံ ပဝိသေယျ စေ။
ဗန္ဓေယျ ယတ္ထ သရတိ၊ တတ္ထေဝါသတိယာ ဂတော။

၂၃၅။ အကာယဗန္ဓနော၊ ခါးပန်းမရှိသည်။ ဝါ၊ ခါးပန်း မပန်းသည်။ (ဟုတ္ဝာ၊ ဖြစ်၍။) ဂါမံ၊ ရွာသို့။ စေ ပဝိသေယျ၊ အကယ်၍ ဝင်အံ့။ (ဧဝံ သတိ၊ ဤသို့ဝင်လသော်၊) ဒုက္ကဋံ၊ ဒုက္ကဋ်အာပတ်သည်။ (ဟောတိ၊ ဖြစ်၏။) အသတိယာ၊ သတိကင်းသဖြင့်။ ဂတော၊ ရွာတွင်းသို့ ဝင်သွားမိသော ရဟန်းသည်။ ယတ္ထ၊ အကြင်အရပ်၌။ သရတိ၊ သတိရ၏။ တတ္ထေဝ၊ ထို အရပ်၌သာလျှင်။ ဗန္ဓေယျ၊ ခါးပန်းကို ဖွဲ့ရာ၏။ (ဝိ ပါ ၄-၂၇၆။ ဝိ ဋ္ဌ ၄-၅၄)

အကာယ၊ပေ၊ပဝိသေယျ စေ။ ။“နဘိက္ခဝေ အကာယဗန္ဓနေန (ခါးပန်း မရှိသည်၊ ဝါ-ခါးပန်းမပန်းသည်၊ (ဟုတ္ဝာ၊) ဂါမော ပဝိသိတဗ္ဗော၊ ယော ပဝိသေယျ, အာပတ္တိ ဒုက္ကဋဿ” ဟူသော စူဠဝဂ္ဂ-ခုဒ္ဒကဝတ္ထု ခန္ဓကပါဠိတော် တည်း။

ဗန္ဓေယျ၊ပေ၊ဂတော။ ။အမှတ်တမဲ့ သတိမထားဘဲ ခါးပန်း မပန်းမူ၍ ရွာတွင်းသို့သွားမိလျှင်, သတိရရာအရပ်၌ ခါးပန်း အဆင်သင့်ရှိလျှင် ပန်းရမည်၊ [“အဆင်သင့်” ဟူရာ၌ အနီးအပါးဝယ် ကြိုး, နှယ်, ကြိန် စသည်ရှိလျှင် အဆင်သင့်ပင် ဖြစ်၏။] “ထိုသို့မရှိလျှင် ရွာပြင်သို့ထွက်၍ ခါးပန်းရွာဖွေပြီးလျှင် ပန်းပြီးမှ ပြန်ဝင်ရမည်” ဟု ရှေးဆရာတို့ မိန့်ကြသတတ်။ [အသတိ စေ, နိက္ခမိတ္ဝာ ဗန္ဓိတ္ဝာ ပုန ပိဏ္ဍာယ ပဝိသိတဗ္ဗန္တိ ဝဒန္တိ၊ –ဋီကာ။]

၂၃၆။ ပဋိကာ သူကရန္တိ၊ ဒုဝိဓံ ကာယဗန္ဓနံ။
ဒုဿပဋ္ဋော စ ရဇ္ဇု စ၊ ကော တဒုလောမိကာ။

၂၃၆။ ပဋိကာ၊ ခါးပန်းပြားငင်း။ သူကရန္တိ၊ ဝက်အူသဏ္ဌာန်အတွင်း၌ အခေါင်းရှိသော ခါးပန်းလုံးငင်း။ ဣတိ၊ ဤသို့။ ကာယဗန္ဓနံ၊ ခါးပန်းသည်။ ဒုဝိဓံ၊ နှစ်ပါးအပြားရှိ၏။ ဒုဿပဋ္ဋော စ၊ အဝတ်ပြားသည်ငင်း။ ဧကော ရဇ္ဇု စ၊ တချောင်းသော ကြိုးသည်ငင်း။ တဒုလောမိကာ၊ ထို ၂-မျိုးသော ခါးပန်းတို့အား လျော်၏။ [တဒုလောမိကာဘိ တေသံ ဒ္ဝိန္နံ အနုလောမိကာ၊ ဋီကာ။] (ဝိ ပါ ၄-၂၃၆)

ပဋိကာ၊ပေ၊ကာယဗန္ဓနံ။ ။ပဋ္ဋသဒ္ဒါသည် ပျဉ်ပြား, အဝတ် စသော အနက်ကို ဟော၏၊ ထိုအဝတ်ကဲ့သို့ ပြားသောခါးပန်းသည် ပဋိကာမည်၏၊ သူကရဃ-ဝက်၏+အန္တံ-အူတည်း၊ သူကရန္တံ-ဝက်အူ၊ ဝက်၏အူကဲ့သို့ အတွင်း၌ အခေါင်းရှိသော ခါးပန်းအလုံးသည် သူကရန္တက မည်၏၊ သူကရန္တံ ဝိယာတိ သူကရန္တံ၊ ခုဒ္ဒကဝတ္ထု ခန္ဓကပါဠိတော်၌ သဒိသအနက်ဟော ကပစ္စည်းဖြင့် "သူကရန္တကံ" ဟု ရှိသည်။

ဒုဿပဋ္ဋော စ၊ပေ၊တဒုလောမိကာ။ ။အဝတ်အပြား သက်သက်သည် ပဋိကာ ခါးပန်းအား ဖြော်၏၊ ကြိုးကိုလည်း ခါးပန်းကြိုး လုပ်ကောင်း၏၊ ထိုကြိုးသည် သူကရန္တက ခါးပန်းကြိုးအား လျော်၏၊ ချည်ဖြင့် ကျစ်ထားသော ကြိုးသာမက နွယ်ကြိုး, လျော်ကြိုးမျှားလည်း ထိုသူကရန္တကအား လျော်သည်သာ။ [ဧကာဖြင့် ၂-ချောင်း ၃-ချောင်း စသည့် စုပေါင်းထားသော ကြိုးကို ကန့်သည်။] ထိုသို့ ကြိုးအမျှားကို တချောင်းဖြစ်အောင် ရစ်ပတ်ထားလျှင်ကား တချောင်းပင် ဖြစ်သောကြောင့်အပ်၏။

၂၃၇။ မစ္ဆကဏ္ဍကခဋ္ဌိ-ပတ္တာ မဋ္ဌာ စ ပဋိကာ။
လဗ္ဘာ ဒဿာ စတသ္သောပိ၊ အန္တေ ဒိဂုဏသုတ္တကံ။

၂၃၇။ ပဋိကာ၊ ခါးပန်းပြားကို။ မစ္ဆကဏ္ဍကခဋ္ဌိပတ္တာ၊ ငါးဆူးရိုး သဏ္ဌာန် သင်ပေါင်းရွက်သဏ္ဌာန်ရှိအောင် ရက်အပ်သော ခါးပန်းပြားကို ၎င်း။ မဋ္ဌာ စ၊ မစ္ဆကဏ္ဍက, ခဋ္ဌိပတ္တမဖက် သက်သက်အချောဖြစ်သော ခါးပန်းပြားကိုဋ္ဌင်း။ လဗ္ဘာ၊ ရအပ်၏။ ဒဿာ၊ အမြိတ်အဆာတို့ကို။ စတသ္သောပိ၊ ၄-ချောင်း ၄-သွယ်တို့ကိုလည်း။ လဗ္ဘာ၊ ရအပ်ကုန်၏။ အန္တေ၊ နှစ်ဖက်အစွန်း၌။ ဒိဂုဏသုတ္တကံ၊ နှစ်ထပ်ဖဲ့ချည်အပ်သောကြိုးကို။ လဗ္ဘံ၊ ရအပ်၏။ (ဝိ ဋ္ဌ ၁-၂၅၂၊ ဝိ ဋ္ဌ ၄-၅၄)

မစ္ဆကဏ္ဍကာ၊ပေါပဋိကာ။ ။အပြားဖြစ်သော ခါးပန်းကြိုး၌ မစ္ဆကဏ္ဍက-ငါး၏ ဆူးကဲ့သို့သော အချောင်းကလေးများ ပေါ်ထင်နေအောင် ရက်အပ်သော ခါးပန်းပြား, ခဋ္ဌိပတ္တက-သင်ပေါင်းရွက်(စွန်ပလွန်ရွက်)နှင့် သဏ္ဌာန်တူသော အချောင်းကလေးများ ပေါ်ထင်အောင် ရက်အပ်သော ခါးပန်းပြား, မဋ္ဌာ-ထိုအချောင်းကလေးများ မပေါ်ထင်စေဘဲ အချောသက်သက် ရက်အပ်သော ခါးပန်းပြား ဤ ၃-မျိုးသည် အပ်၏၊ [ဥဇုကမေဝ ပန မစ္ဆကဏ္ဍကံ ဝါ ခဋ္ဌိပတ္တကံ ဝါ မဋ္ဌပဋိကံ ဝါ ကတ္ဝာ ကောဋ္ဌိတံ္ဝ ဝဋ္ဋတိ၊–ဒုတိယဝါရေဇိကအဋ္ဌကထာ, ဓနိယဝတ္ထု။]

လဗ္ဘာ ဒဿာ စတသ္သောပိ။ ။ခါးပန်းကြိုး၏ အဖျားဦး အမြိတ်အဆာဖြစ်သော ကြိုးကလေးများသည် ၁-ချောင်းမှစ၍ ၄-ချောင်းတိုင်အောင် အပ်ကုန်၏၊ ထို့ထက်ပို၍ကား မအပ်၊ [ကာယဗန္ဓနဿ ဒဿာ နကာ ဝဋ္ဋတိ၊ ဒ္ဝေ တီဏိ စတ္တာရိပိ ဝဋ္ဋန္တိ၊ တတော ပရံ န ဝဋ္ဋန္တိ၊–ထိုအဋ္ဌကထာ။]

အန္တေ ဒိဂုဏသုတ္တကံ။ ။ဤကား၌ "အန္တေသု ဂုဏသုတ္တကံ"ဟု တွေ့ရ၏၊ "ခါးပန်းကြိုး၏ ၂-ဘက်သောအစွန်အဖျား"ဟူသည် နှစ်ဘက်အစွန်တည်း၊ ထိုအစွန် ၂-ဘက်၌ ခိုင်မြဲဘို့အကျိုးငှါ ချည်ကို ၂-ထပ် ရက်နိုင်သည်၊ [ကာယ-ဗန္ဓနဿ အန္တော (အစွန်းသည်) ဇီရတိ၊ အနုဇာနာမိ ဘိက္ခဝေ သောဘကံ

၂၃၈။ မာလာဒိ ံ ကက္ကဋဆ္ဆာဒိ ံ၊ ဒဿေတ္ဝာ ဂုဏသုတ္တကံ။
ကောဋိတာ ကုဋ္ဌရဆ္ဆာဒိ ံ၊ ပဋိကာ နဒ ကပ္ပတိ။

၂၃၈။ မာလာဒိ ံ၊ ပန်းပြောက် အစရှိသည်ကိုဂုင်း။ကက္ကဋဆ္ဆာဒိ ံ၊ ပုစ္ဆန်၏ မျက်လုံးနှင့် တူသော အပြောက် အစရှိသည်ကိုဂုင်း။ ကုဋ္ဌရဆ္ဆာဒိ ံ၊ ဆင်၏ မျက်လုံးနှင့်တူသော အပြောက် အစ ရှိသည်ကိုဂုင်း။ ဒဿေတ္ဝာ၊ ပြု၍။ ဂုဏသုတ္တကကောဋိတာ၊ နှစ်ထပ်သော ချည်ဖြင့် ရက်အပ်သော။ ပဋိကာ၊ ခါးပန်းပြားသည်။ နဒ ကပ္ပတိ၊ မအပ်သည်သော။ (ဝိဋ္ဌ ၁-၂၅၃၊ ဝိဋ္ဌ ၄-၅၄)

ဂုဏကံ၊–ခုဒ္ဒကဝတ္ထု ခန္ဓကပါဠိတော်၊....သောဘကံ နာမ ဝေဠုတ္ဝာ(ရစ်ပတ်၍) မုခဝဋ္ဋိသိပ္ပနံ (နဖူးစီးချုပ်ခြင်းတည်း၊) ဂုဏကံ နာမ မုဒိင်္ဂသဏ္ဌာနေန သိပ္ပနံ (မုရိုးစည် ပုံသဏ္ဌာန် ရှိသော ချုပ်ခြင်းတည်း၊) ––အဋ္ဌကထာ၊ ဤ၌ “သောဘကံ”ဟု သီးခြားပါသော်လည်း ဂါထာ၌မပါ။]

မာလာဒိ ံ၊ ပေ၊ နဒ ကပ္ပတိ။ ။“တတ္ထ တတ္ထ အနုဇ္ဇိနိံ ဒဿေတ္ဝာ မာလာဂမ္မလတာဂမ္မာဒိနိ ဝါ ကတ္ဝာ ကောဋိတကာယဗန္ဓနံပိ နဝဋ္ဋတိ၊.... ကာယဗန္ဓနဿ သောဘနတ္ထံ တဟိ ံ တဟိ ံ ဒိဂုဏသုတ္တံ ကောဋ္ဋေန္တိ၊ပေ၊ နဝဋ္ဋတိ” ဟူသော ဒုတိယပါဌာဇရိက အဋ္ဌကထာကို မှီသော ဂါထာတည်း၊ ထို၌ အနုဇ္ဇိနိကို ဤ၌ “ကက္ကဋဆ္ဆာဒိ ံ (ကက္ကဋ+အနုဇ္ဇိ+ဒါဒိ ံ-ပုစ္ဆန်မျက်စိကဲ့သို့ ပြူးထွက်နေသော မျက်စိသဏ္ဌာန် အစရှိသည်ကို) ဟုဂုင်း ကုဋ္ဌရဆ္ဆာဒိ ံ (ဆင်၏ မျက်စိကဲ့သို့ အတွင်းသို့ကြုံဝင်နေသော မျက်စိသဏ္ဌာန် အစရှိသည်ကို)”ဟုဂုင်း ဆိုသည်၊ ယခုအခါ၌ အချို့ခါးပန်းပြားဝယ် ထိုကဲ့သို့ မျက်လုံးသဏ္ဌာန် အပြောက် ပေါ်အောင် ရက်ကြ၏၊ မအပ်ဟုမှတ်ပါ။

ထို့ပြင်–“ကာယဗန္ဓနဿ သောဘနတ္ထံ” စသော စကားကိုထောက်၍ “လှပအောင် ၂-ထပ်သောချည်ကို ထိုထို့နေရာ၌ ရက်ခြင်းလည်း မအပ်”ဟု မှတ်ပါ၊ ဤအဋ္ဌကထာအလို “ဂုဏသုတ္တက ကောဋိတာ”ကို သီးခြားခါးပန်း တမျိုးဟု မှတ်ရပေလိမ့်မည်။

၂၃၉။ ဃဋ္ဋကံ မကရမုခါဒိ ံ၊ နကပ္ပန္တိ ဒဿာမုခေ။
ဥဘန္နေ ဃဋ္ဋကာ လေခါ၊ ဝိဓေ အညဉ္စ စိတ္တကံ။

၂၃၉။ ဒဿာမုခေ၊ အဆာ၏အရင်းအစ အဝဉ်၊ ဃဋ္ဋကံ၊ ကြာသွတ်အိုး သဏ္ဌာန်သည်ရင်း။ မကရမုခါဒိ ံ၊ မကရ်းခံတွင်းသဏ္ဌာန် အစရှိသောထူး ခြားသော ဝံသဏ္ဌာန်သည်ရင်း။ နကပ္ပန္တိ၊ မအပ်ကုန်။ ဝိဓေ၊ ခါးပန်းဘိဉ်။ ဝါ၊ ခါးပန်းဘီ၏။ ဥဘန္နေ၊ ၂-ဘက်အစွန်းဉ်။ ဃဋ္ဋကာ၊ ကြာသွတ်အိုး သဏ္ဌာန်မှုရင်း။ လေခါ၊ အရေးအကြောင်းမှုရင်း။ အညံ၊ အခြားသော။ စိတ္တကဉ္စ၊ ဆန်းကြယ်စွာ ပြုအပ်သော အရုပ်သည်လည်း။ နကပ္ပတိ၊ မအပ်။ (ဝိဋ္ဌ ၁-၂၅၃)

ဋီကာသဓ်။ ။ဋီကာသဓ်ဉ် "မာလာဒိ ံ ကက္ကဋ္ဌစ္ဆာဒိ ံ ကုဋ္ဌရစ္ဆာဒိ ံ စ ဒဿေတ္ဝာ ဂုဏသုတ္တကကောဋ္ဌိတာ နကပ္ပတိတိ သမ္ဗန္ဓော" ဟု ဆို၏၊ မာလာဒိ ံ ကို ပြ၍ရင်း ကက္ကဋ္ဌစ္ဆာဒိ ံ ကိုပြ၍ရင်း ကုဋ္ဌရစ္ဆာဒိ ံ ကိုပြ၍ရင်း ၂-ထပ်သော ချည်ဖြင့် ရက်အပ်သော ခါးပန်းပြားသည် မအပ်-ဟူလို၊ ဂါထာ၏အသွားကို ကြည့်လျှင်လည်း ထိုအတိုင်းပင် အနက်ပေးစရာ ရှိပေသည်၊ ထို့ကြောင့် နိဿယဉ် ဋီကာသဓ်အတိုင်း ပေးထားပါသည်။ အဋ္ဌကထာအလို၌ "မာလာဒိ ံ ....ကိုရင်း၊ ကက္ကဋ္ဌစ္ဆာဒိ ံ ....ကိုရင်း၊ ကုဋ္ဌရစ္ဆာဒိ ံ ....ကိုရင်း၊ ဒဿေတ္ဝာ....၍၊ ကောဋ္ဌိတာ-ရက်အပ်သော ခါးပန်းပြား သည်ရင်း၊ ဂုဏသုတ္တကကောဋ္ဌိတာ ၂-ထပ်သောချည်ဖြင့် ရက်အပ်သောခါးပန်းပြားသည်ရင်း၊ နကပ္ပတိ-မအပ်" ဟု ပေးရပါလိမ့်မည်။

ဃဋ္ဋကံ၊ ပေ၊ ဒဿာမုခေ။ ။အမြိတ်အဆာ၏ အရင်း အစ အဝကို "ဒဿာမုခ" ဟု ဆိုသည်၊ ဤ ဒဿာ ဟူရာ၌ "၄-ချောင်းတိုင်အောင် အပ်၏" ဟု ဆိုအပ်ခဲ့သော အဖျားက အမြိတ်အဆာကို ဆိုလိုမည်မထင်၊ ခါးပန်းအပြား၏ ၂-ဘက်အစွန်းဉ် ထွက်နေသော အဆာကို ဆိုလိုမည်ထင်သည်၊ မှန်၏- "ဥဘောသု အန္တေသု ဒဿာမုခဿ၊ ပေ၊ ဝဋ္ဋတိ" ဟု ဆိုပြီးနောက် "ဒဿာမုခေ ပန ဃဋ္ဋကံ ဝါ မကရမုခံ ဝါ ဒေဋ္ဌဘသိသံ ဝါ (ရေမြေ၏ ဦးခေါင်းသဏ္ဌာန်ကို သော်၎င်း) ယံ ကိဉ္စိ ဝိကာရရူပံ (အထူးအဆန်း ပြုလုပ်အပ်သော အရုပ်သည်)

၂၄၀။ ဒေဋ္ဌုဘကဉ္စ မုရဇံ၊ မဒ္ဒဝီဏံ ကလာပုကံ။
နကပ္ပန္တိ ဒသာသု ဒ္ဝေ၊ မဇ္ဈိမာယေဝ ကပ္ပရေ။

၂၄၀။ ဒေဋ္ဌုဘကဉ္စ၊ ရေမြိုင်းခေါင်းသဏ္ဌာန်ရှိသော ခါးပန်းသည်၎င်း။ မုရဇံ၊ မုရိုးစည်သဏ္ဌာန်ရှိသော ခါးပန်းသည်၎င်း။ မဒ္ဒဝီဏံ၊ ဆောက်လုံး

နဝင်္ဆတိ” ဟူသော ဒုတိယ ပါရာဇိက အဋ္ဌကထာကို မှီသော ဂါထာဖြစ်သည်၊ ထို့ကြောင့် မကရမုခါဒိံဠ္ဍ အာဒိဖြင့် ဒေဋ္ဌုဘသီသ စသော အရုပ်များကိုယူပါ၊ [မုခါဒိံဠ္ဍ နိဂ္ဂဟီတ်ကား ဝါစာသိလိဋ္ဌတည်း၊ ကပ္ပန္တိ၏ ကတ္တားဖြစ်သောကြောင့် “မုခါဒိ”ဟု ပဌမန္တသာ ပုဒ်ရင်းဟု မှတ်ပါ။]

၂၈၀။ အာဂန္ဆာ၊ ကြွလာ၍။ သီလံ၊ သီလကို။ ဒေတု၊ ပေးတော်မူပါ။ ဓမ္မံ ဝါ၊ တရားကိုသော်၎င်း။ ပရိတ္တံ ဝါ၊ ပရိတ်ကိုသော်၎င်း။ ဘာသတု၊ ဟောရွတ်တော်မူပါ။ (ဣတိ၊ ဤသို့။) ကေနစိ၊ တစုံတယောက်သည်။ ပေသိတော၊ စေလွှတ်အပ်သည်။ ဝါ၊ တောင်းပန်အပ်သည်။ (သစေ ဟောတိ၊ အကယ်၍ ဖြစ်အံ့။ ဧဝံ သတိ၊ ဤသို့ ဖြစ်လသော်။) ဂန္ဆာ၊ ကြွသွား၍။ ဒါတုံ၊ သီလပေးခြင်းငှါ၎င်း။ ဝတ္တုံ စ၊ တရားဟော ပရိတ်ရွတ် ခြင်းငှါ၎င်း။ လဗ္ဘတိ၊ ရအပ်၏။....ဣတိ၊ ဘေသဇ္ဇနှင့်စပ်၍ မှတ်ဘွယ်အပြီး တည်း။ (ဝိ ဋ္ဌ ၂-၆၇)

သီလံ၊ ပေ၊ ပေသိတော၊။ ။လူတို့သည် တစုံတယောက်ကို စေလွှတ်၍ “သီလပေး ကြွတော်မူပါ, တရားဟော ကြွတော်မူပါ, ပရိတ်ရွတ် ကြွတော်မူပါ”ဟု ပင့်လျှောက်လျှင် သွားရှိ သီလပေးကောင်း, တရားဟောကောင်း, ပရိတ်ရွတ်ကောင်းပါသည်၊ လူတို့၏ ခိုင်းစေမှုကို ပြုရာမရောက်ပါ–ဟူလို။

ဥဋ္ဌဟနိဒ္ဒေသ

ဥဋ္ဌဟော၀တိ၊ "ဥဋ္ဌဟော" ဟူသော ဥဒ္ဒေသ၏။ (နိဒ္ဒေသော၊ နိဒ္ဒေသကား –)
[ရွှေဥေလယ်ယာ စသည်ကို ခံယူခြင်းကို "ဥဋ္ဌဟ" ဟု ခေါ်သည်။]

၂၀၁။ ကမ္မစေတိယသံဃည-ပုဂ္ဂလတ္ထံ ဂဏာသ စ။
ဒဿဘေဒမိ ရတနံ၊ ဥဋ္ဌဏ္ဟန္တိ။

၂၀၁။ ကမ္မစေတိယသံဃညပုဂ္ဂလတ္ထံ၊ အမှုသစ်, စေတီ, သံဃာ, အခြားသော ပုဂ္ဂိုလ်တို့၏ အကျိုးငှါငင်း။ ဂဏာသ စ၊ ဂိုဏ်းအကျိုးငှါငင်း။ ဒဿဘေဒမိ၊ ဆယ်ပါးအပြားရှိသည်လည်း ဖြစ်သော။ ရတနံ၊ ရတနာကို။ ဥဋ္ဌဏ္ဟန္တိ၊ ခံယူသော ရဟန်း၏။ ဒုက္ကဋံ၊ ဒုက္ကဋ်အာပတ်သည်။ (ဟောတိ၊ ဖြစ်၏။) (ဝိ ဋ္ဌ ၂-၂၆၉)

ကမ္မ၊ ပေ၊ ဂဏာသ။ ။အသစ်အသစ်ပြုလုပ်စရာကိစ္စကို "နဝကမ္မ" ဟု ခေါ်၏၊ ထိုနဝကမ္မကိုပင် "ကမ္မ" ဟု သုံးစွဲထားသည်၊ သုတ္တန်ဆောင် ပုဂ္ဂိုလ်အပေါင်း စသည်ကို "ဂဏ" ဟု ခေါ်၏၊ ယခုအခါ၌ နိကာယ (ဂိုဏ်း) များကိုလည်း "ဂဏ" ဟု ယူသင့်ပါသည်။

ဒဿဘေဒမိ ရတနံ။ ။မူတ္တာ–ပုလဲ, မဏိ–ပတ္တမြားကျောက်, ဝေဠုရိယ–ကြောင်မျက်ရွဲ, သင်္ခ–ခရုသင်း, သိလာ–ကျောက်သလင်း, ပ၀ါဠ–သန္ဓာ, ရဇတ, ဇာတရူပ, လောဟိတက–ပတ္တမြားနီ, မသာရဂလ္ဟ–ပတ္တမြားပြောက် ဤဆယ်ပါးကို "ရတနာ" ဟု ကာယသံသဂ္ဂသိက္ခာပုဒ် အဋ္ဌကထာဆိုသည်။

နဝကမ္မ စသည်လှူ။ ။ဒကာတယောက်သည် ရတနာဆယ်ပါးတွင် ပါ၀င်သောတပါးပါးကို (ဥပမာ–ငွေကို) ယူခဲ့၍ "ဤမံ နဝကမ္မဿ ဒမ္မိ (ဤငွေကို နဝကမ္မအား လှူပါ၏)" ဟု လျှောက်လျှင် ရဟန်းက ထိုငွေအလှူကို လက်မခံရ၊ လက်ခံလျှင် ထိုရဟန်းမှာ ဒုက္ကဋ်အာပတ်သင့်၏၊ "ဤမံ (ဤငွေကို) စေတိယဿ

၂၀၂။ နိဿဂ္ဂိ တေသု အတ္တတ္ထံ၊ ဒ္ဒိသု သေသေသု ဒုက္ကဋံ။
အနာမသိတ္ဘာ ဝုတ္တေ တု၊ ဂဏံ သံဃညုပဂ္ဂလံ။

၂၀၃။ စေတျဿ နဝကမ္မဿ၊ ဒမ္မိတိ နာ ပဋိက္ခိပေ။
ဝဒေ ကပ္ပိယကာရာနံ၊ ဝဒန္တေဝမိမေ ဥတိ။

၂၀၂,၃။ တေသု၊ ထိုရတနာဆယ်ပါးတို့တွင်။ ဒ္ဒိသု၊ ရွှေငွေ နှစ်ပါးတို့၌၊ အတ္တတ္ထံ၊ မိမိအကျိုးငှါ။ (ဥဂ္ဂဏ္ဌန္တဿ၊ ခံယူသောရဟန်း၏။) နိဿဂ္ဂိ၊ နိဿဂ္ဂိပါစိတ်အာပတ်သည်။ (ဟောတိ၊ ဖြစ်၏။) သေသေသု၊ ကြွင်းသော ရတနာ ရှစ်ပါးတို့၌။ (ဥဂ္ဂဏ္ဌန္တဿ၊ ခံယူသောရဟန်း၏။) ဒုက္ကဋံ၊ ဒုက္ကဋ်

ဒမ်မိ, သံဃဿ ဒမ်မိ”ဟု လျှောက်၍ လှူရာ၌လည်း နည်းတူ၊ (အခြားပုဂ္ဂိုလ်တပါးကို ညွှန်ပြ၍) “ဣမံ အာယသ္မတော တိဿဿ ဒမ်မိ”ဟု လျှောက်လျှင် ဦးဗုဒ္ဓရက္ခိတသည် ဦးတိဿအတွက် ထိုငွေကို လက်မခံရ၊ [သစေ ကောစိ ဇာတရူပရဇတံ အာနေတွာ ဣဒံ သံဃဿ ဒမ်မိ၊ ပေ၊ ဣဒမ်မိ သမ္မဋ္ဌိစ္ဆိတုံ နဝဋ္ဋတိ၊—စိဝရဝဂ္ဂ ရာဇသိက္ခာပုဒ် အဋ္ဌကထာ။]

မှတ်ချက်။ ။နဝကမ္မအတွက် (နဝကမ္မ, စေတီ စသည်တို့အတွက်) ငွေ စသည်ကို သူတပါးအား လာ၍လှူသော်မှလည်း အခြားရဟန်းက လက်မခံကောင်းပါ ဤဂါထာ၌ ဆိုထားသော်လည်း ယခုအခါ ထိုထိုစေတီမျှားဌာရဟန်းမျှားကိုယ်တိုင် ဘုရားအတွက်ဟု ဆို၍ အလှူခံနေကြသည်ကို သတိပြုပါ။

နိဿဂ္ဂိ တေသု၊ပေ၊ ဒုက္ကဋံ။ ။ပြအပ်ခဲ့သော ဂါထာ၌ သံဃာစသော သူတပါးအတွက် ခံယူခြင်းကို ဆိုသည်၊ မိမိအတွက်ခံယူလျှင်ကား ရွှေ ငွေ ၂-မျိုးတွင် တမျိုးမျိုးကို ခံယူလျှင် နိဿဂ္ဂိပါစိတ်၊ ရွှေ ငွေမှတပါး အခြားရှစ်မျိုးတွင် တမျိုးမျိုးကို ခံယူလျှင် ဒုက္ကဋ်တည်း။

မှတ်ချက်။ ။ရွှေ ငွေ ဘဏ္ဍာသည် “ယော ပန ဘိက္ခု ဇာတရူပရဇတံ ဥဂ္ဂဏှေယျ ဝါ ဥဂ္ဂဏှာပေယျ ဝါ” စသော ရူပိယာသိက္ခာပုဒ်တော်၌ လာသည့် အတိုင်း နိဿဂ္ဂိယဝတ္ထု (နိဿဂ္ဂိပါစိတ်အာပတ်၏ အကြောင်းတည်း၊) ပုလဲ

အာပတ်သည်။ (ဟောတိ၊ ဖြစ်၏။) ဂဏသံဃညပ္ပဂ္ဂလံ၊ ဂိုဏ်း, သံဃာ, အခြားပုဂ္ဂိုလ်ကို။ အနာမသိတ္ဘဉ၊ မသုံးသပ်မူ၍။ စေတျဿ၊ စေတီတော်အား။ ဒမ္မိ၊ လှူပါ၏။ ဣတိ၊ ဤသို့ဝင်း။ နဝကမ္မဿ၊ အသစ် အသစ် ပြုဘွယ် အမှုအား။ ဒမ္မိ၊ လှူပါ၏။ ဣတိ၊ ဤသို့ဝင်း။ ဝုတ္တော တု၊ လျှောက်အပ်သော်ကား။ န ပဋိက္ခိပေ၊ မပယ်ရာ။ ကပ္ပိယကာရာနံ၊ ကပ္ပိယကာရကတို့အား။ ဣမေ၊ ဤဒါယကာတို့သည်။ ဧဝံ၊ ဤသို့ စေတီတော်အား လှူပါ၏, နဝကမ္မအား လှူပါ၏ဟူ၍။ ဝဒန္တိ၊ လျှောက်ကုန်၏။ ဣတိ၊ ဤသို့။ ဝေဒ၊ ဖြေပြရာ၏။ (ဝိ ဋ္ဌ ၂-၂၅၇-၂၆၉)

စသော ရတနာရှစ်ပါးသည်ဝင်း စပါးမျိုး ၇-ပါးသည်ဝင်း ဒါသိ ဒါသ ခေတ္တ (လယ်) ဝတ္ထု (ယာ) ပုပ္ဖါရာမ (ပန်းခြံ) ဖလာရာမ (အုန်း စသော သစ်သီးခြံ) စသော ခြံများသည်ဝင်း ဒုက္ကဋဝတ္ထုတည်းဟု ကောသိယဝဂ်-ရှုပိယသိက္ခာပုဒ် အဋ္ဌကထာ၌ ခဲ့ပြသည်၊ ထို့ကြောင့် "သေသေသု ဒုက္ကဋံ" ဟု ဆိုသည်။

သိလာ။ ။ဒုက္ကဋဝတ္ထုရှစ်ပါးတွင် သိလာ (ကျောက်သလင်း) ပါနေ၏၊ ယခုခေတ် မျက်မှန်များကိုလည်း "ကျောက်သလင်း" ဟု ဆိုကြ၏၊ ထို့ကြောင့် ဤရတနာတွင် ပါနေသော သိလာသည် အဘယ် ကျောက်ပါနည်း-ဟု မေဘွယ်ရှိ၏၊ ကာယသံသဂ္ဂသိက္ခာပုဒ်အဋ္ဌကထာ၌—

သိလာ ဓောတဝိဒ္ဓါ ရတနသံယုတ္တာ မုဂ္ဂဝဏ္ဏာဝ အနာမာသာ-ဆေးကြောပွတ်တိုက်အပ် အပေါက်ဖောက်အပ်သည်ဖြစ်၍ ၎ရှ စသော အခြားရတနာနှင့် ရောစပ်လျက် ပဲနောက်အဆင်းရှိသော ကျောက်ညိုသည်သာ အနာမာသ (မကိုင်ကောင်းသော ရတနာဖြစ်၏၊) သေသာ သတ္ထကနိသာနာဒိအတ္ထာယ (ဒါးသွေးကျောက် စသည် ပြုလုပ်လိုရာ) ဂဏှိတုံ ဝဋ္ဋတိ-ခံယူကောင်း၏၊ ဤသို့ ဆိုသောကြောင့် ကျောက်သလင်းသာမက ဒါးသွေးဘိုကောင်းသော အခြားကျောက်များလည်း သိလာပင်တည်း။

ဤထွေ စ ရတနသံယုတ္တာတိ သုဝဏ္ဏေန သဒ္ဒိ ယောဇေတွာ ပစိတွာ ကတာတိ ဝဒန္တိ-ရွှေနှင့်ရောစပ်၍ ချက်၍ ပြုပြင်ထားအပ်သောကျောက်ကို "ရတနသံယုတ္တာ"

ဟု ဆိုကြသည်၊ ဤသို့အဋ္ဌကထာဆိုသောကြောင့် ယခုမျက်မှန်ပြုလုပ်အပ်သော ကျောက်သည် ရှေဖြင့်ရောရ၍ ချက်အပ်သော ရတနာသမိုဿကျောက်မဟုတ်ပါ၊ မျက်မှန်ကိုင်းအတွက်ကား ရှေမဟုတ်ဘို့ အရေးကြီးပါသည်။

အနာမသိတ္ဝာ၊ ပေါ်နှ ပဋ္ဌပေါ်။ ။ သဿသ ဝဟာရတ္ထာယ ဒေမ-သံဃာအား ကျောင်းအကျိုးငှါ (ရှေကို, ငွေကို)လှူပါ၏၊ ဤသို့လျှောက်လျှင် သံဃာကို သုံးသပ်ရာရောက်၏"ဟု ဝိမတိဋီကာ ဆို၏၊ ထိုသို့ သံဃာကို မသုံးသပ်ဘဲ လှူသည်ကို "အနာမသိတ္ဝာ"ဟု ဆိုသည်။ "သစေ ပန သံဃံ ဝါ ဂဏံ ဝါ ပုဂ္ဂလံ ဝါ အနာမသိတ္ဝာ (သံဃာ, ဂိုဏ်း, ပုဂ္ဂိုလ်ကို မသုံးသပ်ဘဲ-နာမည်မဖော်ဘဲ) ဣဒံ ဟိရညသုဝဏ္ဏံ စေတိယဿ ဒေမ (စေတီအား လှူပါကုန်၏၊) ဝိဟာရဿ ဒေမ (ကျောင်းအား လှူပါကုန်၏၊)နဝကမ္မဿ ဒေမ(နဝကမ္မအား လှူပါကုန်၏)"ဟု လျှောက်လျှင် "ရဟန်းတို့အား မအပ်"ဟု မပယ်ရ၊ ရာဇသိက္ခာပုဒ်အဋ္ဌကထာ။

မှတ်ချက်။ ။ဤအဋ္ဌကထာ၌ "ဝိဟာရဿ ဒေမ"ဟု ကျောင်းအား လှူပုံကို ပြထား၏၊ ဤဂါထာ၌ "ဝိဟာရဿ"မပါ၊ "စေတိယဿ၊ နဝ-ကမ္မဿ"ဟုသာ ပါ၏၊ "စေတိယဿ ဒေမ" စသည်နှင့် သဘောတူသောကြောင့် ဂါထာမဆံ့၍ ချန်ထားသည်ဟု မှတ်ပါ။

ထို့ပြင်–သုံးသပ်ပုံကိုပြရာ၌ "သံဃဿ ဝိဟာရတ္ထာယ ဒေမ"ဟုဝိမတိဋီကာပြ၏၊ ထိုစကား၌ "သံဃဿ"ဟု သံဃာသည် ပေးလှူရာ သမ္ပဒါန်ဖြစ်ပုံကို သတိပြုပါ၊ ဆရာအချို့ကား "ဘိက္ခူနံ (သို့မဟုတ်) အာယသ္မတော တိဿဿ (၏) နဝကမ္မဿ ဒေမ"ဟု ဆိုလျှင် ပုဂ္ဂိုလ်ကို သုံးသပ်ရာရောက်သောကြောင့် မအပ်ဟု ဆိုကြ၏၊ သို့သော် ပုဂ္ဂိုလ်သည် ပေးလှူရာ သမ္ပဒါန် မဟုတ်သောကြောင့် ပုဂ္ဂိုလ်ကို သုံးသပ်ရာမရောက်ပါ၊ "အာယသ္မတော တိဿဿ (အား) နဝကမ္မတ္ထာယ ဒေမ"ဟု ဆိုမှသာ ပုဂ္ဂိုလ်ကို သုံးသပ်ရာရောက်ပါသည်။ ["ကထိနတ္ထာယ သံဃဿ ဣမံ ကထိနစီဝရံ နိယျာတိတံ"၌ သံဃဿသည် သမ္ပဒါန်ဖြစ်၏၊] အားလုံးဆရာများ သဘောကျအောင် "ဣမာနိ အကပ္ပိယ-ဝတ္ထူနိ ကပ္ပိယကာရကာနံ ဟတ္ထေ နိယျာတေတ္ဝာ နဝကမ္မဿ ဒမ္မိ=ဤ

၂၀၄။ ခေတ္တံ ဝတ္ထုံ၊ တဋ္ဌာကံ ဝါ၊ ဒေန္တေ ဒါသပသ္ဒာဒိကံ။
ပဋိက္ခိပိတ္ဝာ ဂဏ္ဌေယျ၊ ကပ္ပိယေန ကမေန စ။
ခေတ္တာဒိနိ ဝိဟာရဿ၊ ဝုတ္တေ ဒမ္မိတိ ဝဋ္ဋတိ။

၂၀၄။ ခေတ္တံ၊ လယ်ကိုသော်၎င်း။ ဝတ္ထုံ၊ ယာကိုသော်၎င်း။ တဋ္ဌာကံ ဝါ၊ တဘက်ဆည်းကန်ကိုသော်၎င်း။ ဒါသပသ္ဒာဒိကံ၊ ကျွန်, နွားစသော သား

အကပ္ပိယ ဝတ္ထုတို့ကို ထိုထိုအရှင်တို့၏ ကပ္ပိယကာရကတို့လက်၌ အပ်နှင်း၍ နဝကမ္မအာဝေလျှုပါ၏"ဟု ဖေလျောက်လျှင်ကား ပြောစရာရှိတော့မည် မဟုတ်ပါ။

ဝဒေ၊ ပေ၊ ဣတိ။ ။ထိုသို့မပယ်ရလျှင် "အဘယ်သို့ ပြောရမည်နည်း"ဟု မေးဘွယ်ရှိသောကြောင့် "ဝဒေ၊ ပေ၊ ဣတိ"ဟု မိန့်သည်၊ အပ်အောင် ပြုလုပ်တတ်သော ကပ္ပိယကာရကတို့အား "ဤအလှူရှင်တို့က စေတီအား လှူပါကုန်၏၊ နဝကမ္မအား လှူပါကုန်၏"ဟု လျောက်နေကြတယ် – ဟု ပြောပြရာ၏၊ ထိုသို့ ပြောသောအခါ ကပ္ပိယလုပ်တတ်သူက ငွေကိုယူ၍ "အပ်သောပစ္စည်းကို အလိုရှိသောအခါ ညွှန်ပြပါဘုရား"ဟု လျောက်လျှင် စေတီအတွက် နဝကမ္မအတွက် ညွှန်ပြနိုင်၏၊ မိမိအတွက်ဖြစ်လျှင်လည်း ညွှန်ပြနိုင်၏၊ ထိုသို့မလျောက်လျှင်ကား စေတီမှာ မည်သည့်ပစ္စည်း လိုနေသည်, နဝကမ္မမှာ မည်သည့်ပစ္စည်း လိုနေသည်"ဟု ပြောကောင်းစရာရှိပါ၏၊ "ဝယ်ပေးပါ ဝယ်ခဲ့ပါ, ကပ္ပိခဲ့ပါ" ဟုကား မပြောကောင်း။

ခေတ္တံ၊ ပေ၊ ပဋိက္ခိပိတ္ဝာ။ ။"ရွှေ ငွေ စသော ရတနာသာ မခံယူကောင်းသည် မဟုတ်သေး၊ လယ်ယာ စသည်ကိုလည်း မခံယူကောင်း"ဟု ပြုလိုသောကြောင့် ဤဂါထာကို မိန့်သည်၊ မည်သည့်လယ်ကို "သံဃဿ ဒမ္မိ" စသည်ဖြင့် လှူလျှင် ထိုအတူ ယာ စသည်ကို လှူလျှင် ပယ်ရမည်၊ မပယ်လျှင် အလှူခံတုန်းဦးဂဏ်းထိုလယ်မှထွက်သောပစ္စည်းကို သုံးစွဲတုန်းဦးဂဏ်း သံဃာအားလုံး ဒုက္ကဋ် အာပတ်တည်း၊---ရာဇသိက္ခာပုဒ်အဋ္ဌကထာ။

ဂဏ္ဌေယျ ကပ္ပိယေန ကမေန။ ။ထိုသို့ပယ်ပြီးနောက် အပ်သော စကား အစဉ်ဖြင့် လက်ခံရမည်၊ ရဟန်းများက ပယ်သောအခါ "သံဃာမှာ အခြားလယ်ယာများရှိသည် မဟုတ်ပါလား"ဟု ဒကာကပြန်၍လျောက်လျှင် "အပ်

ကောင် အစရှိသည်ကိုသော်၎င်း။ [အာဒိဖြင့် ပုဗ္ဗါရာမ, ဖလာရာမကိုယူ] ဒေန္တေ၊ ပေးလျှုလသော်။ ပဋိက္ခိပိတ္ဝာ၊ မအပ်ဟု ပယ်၍။ ကပ္ပိယေန၊ အပ်သော။ ကမေန စ၊ အပြောအဆိုအစဉ်အားဖြင့် သာလျှင်။ ဂဏှေယျ၊ ခံယူရာ၏။ ဧခတ္တာဒီနိ၊ လယ်အစရှိသည်တို့ကို။ ဝိဟာရဿ၊ ကျောင်းအား။ ဒမ္မိ၊ လှူပါ၏။ ဣတိ၊ ဤသို့။ ဝုတ္တေ၊ လျှောက်အပ်သော်။ ဝဋ္ဋတိ၊ အပ်၏။ (ဝိ ဋ္ဌ ၂-၂၆၁-၂)

သောနည်းဖြင့် လှူထားအပ်သော လယ်(ယာ)ဖြစ်ပါလိမ့်မည်”ဟု ပြောရမည်၊ “ဘယ်လိုလှူမှအပ်ပါသလဲဘုရာ့” ဟု လျှောက်လျှင် “ပစ္စည်းလေးပါးကို သံဃာကသုံးစွဲတော်မူပါ၊ လယ်ကိုလှူပါ၏”ဟု လျှောက်၍ “လှူအပ်သော လယ် (ယာ) ဖြစ်ပါလိမ့်မည်”ဟု ပြောရမည်၊ ဤသို့ ပြောသောအခါ “ကောင်းပါပြီဘုရား၊ ပစ္စည်းလေးပါးကို သုံးစွဲတော်မူကြပါ” ဤသို့ လျှောက်၍လှူလျှင် အပ်၏၊ ဤကဲ့သို့သော စကားအစဉ်အားဖြင့် ခံယူရခြင်းကို “ကပ္ပိယေန ကမေန ဂဏှေယျ”ဟု ဆိုသည်၊ ထို့အတူ “ဤလယ်သည် ကပ္ပိယတို့၏ လက်၌ ဖြစ်ပါလိမ့်မည်၊ သံဃာတော်သည် အပ်သော ပစ္စည်းကို အလှူခံတော်မူပါ” စသော စကားအစဉ်မျှားလည်း ရှိသေး၏၊ ဋီကာသစ်၌ရင်း ရာဇသိက္ခာပုဒ် အဋ္ဌကထာ၌ရင်း ယူပါ။

ဧခတ္တာဒီနိ၊ ပေ၊ ဝဋ္ဋတိ။ ။ပြအပ်ခဲ့သော လယ် စသည်တို့ကို “ဤမံ ဧခတ္တံ ဝိဟာရဿ ဒမ္မိ”ဟု လျှောက်၍ ကျောင်းအားလှူလျှင် အပ်၏၊ “ဤမံ တဋ္ဌာကံ, ဤမံ ဧခတ္တံ, ဤမံ ဝတ္ထုံ ဝိဟာရဿ ဒေမာတိ ဝုတ္တေ ပဋိက္ခိပိတုံ နှ လဗ္ဘတိ” ဟူသော ရာဇသိက္ခာပုဒ်အဋ္ဌကထာပင်တည်း၊ ထို့အဋ္ဌကထာ၌ “ဝိဟာရဿ” ဟူသောစကားကို သံဃိကကျောင်းကို ရည်ရွယ်၍ ဆိုသည်ဟု ဝိမတိဋီကာ ဖွင့်သည်၊ သို့သော် ပုဂ္ဂလိကကျောင်းတကျောင်းကို ပြုပြင်ဘို့ရန်ဖြစ်စေ ထိုကျောင်း၌ သံဃာများ၏ ပစ္စည်းလေးပါးကို ရည်ရွယ်၍ဖြစ်စေ ပုဂ္ဂလိကကျောင်းအား လှူလျှင်လည်း အပ်စရာရှိ၏ဟုထင်သည်၊ ဧရှ ဥဒေတုန်းကသော် မှလည်း “ဝိဟာရဿ ဒမ္မိ”ဟု လှူသည်ကို အပ်ခဲ့သေး၏၊ ထိုဝိဟာရကို “သံဃိက, ပုဂ္ဂလိက”ဟု မခွဲခဲ့ကြပါ။

၂၀၅။ နဝမာဘိကကေဒါရ-တဋ္ဌာကကိရိယာ နဝေ။
မတ္တိကဒ္ဓရဏံ ဗန္ဓေ၊ ထိရကာရော စ ပါဋိယာ။

၂၀၆။ အတိရေကဘာဂါဒါနံ၊ ကေဒါရေ အနဝေ နဝေ။
အပရစ္ဆန္နဘာဂေ စ၊ သဿေ ဒေထေတ္တကေ ဣတိ။
ဂဟာပဏဋ္ဌာပနဉ္စ၊ သဗ္ဗေသမ္ပိ အကပ္ပိယံ။

၂၀၅,၆။ နဝမာဘိက ကေဒါရ တဋ္ဌာကကိရိယာ၊အသစ်ဖြစ်သောမြောင်း, အသစ်ဖြစ်သောလယ်, အသစ်ဖြစ်သော ကန်ကို ပြုခြင်းသည်၎င်း၊ အနဝေ၊ အသစ်မဟုတ်သောခရေကန်၌။ မတ္တိကဒ္ဓရဏံ၊ မြေညက်ကိုထုတ်ဆယ်ခြင်းသည်၎င်း။ ပါဋိယာ၊ ကျိုးပျက်သောကန်ရိုးကို။ ဗန္ဓေ၊ ဖွဲ့ခြင်းသည်၎င်း။ ထိရ-ကာခရော စ၊ ခိုင်မြဲအောင် ပြုခြင်းသည်၎င်း။ အနဝေ၊ အသစ်မဟုတ်သော။ ကေဒါရေ၊ လယ်၌။ အတိရေကဘာဂါဒါနံ၊ အပိုအလွန်ဖြစ်သော အဘို့ကို ယူခြင်းသည်၎င်း။ နဝေ၊ အသစ်လည်းဖြစ်သော။ အပရိစ္ဆိန္နဘာဂေ စ၊ မပိုင်းဖြတ်အပ်သောအဘို့ရှိသည်လည်းဖြစ်သော။ သဿေ၊ ကောက်၌။ တေတ္တကေ၊ ဤမျှ အတိုင်းအရှည်ရှိသော အသပြာတို့ကို။ ဒေထ၊ ပေးကြကုန်။ ဣတိ၊ ဤသို့။ ဂဟာပဏဋ္ဌာပနဉ္စ၊ အသပြာကိုစ၍ဖြစ်စေခြင်းသည်၎င်း။ သဗ္ဗေ-သမ္ပိ၊ မိမိ,သူတပါးအားလုံးတို့အားလည်း။ အကပ္ပိယံ၊ မအပ်။(ဝိ ဋ္ဌ ၂-၂၅၉)

နဝမာဘိက၊ ပေ၊ ကိရိယာ။ ။အသစ်ဖြစ်သောမြောင်း, အသစ်ဖြစ်သော လယ်, အသစ်ဖြစ်သော ရေကန်တို့ကို ပြုလုပ်ခြင်းသည် မအပ်၊ မြေတူးမှုစသည်ကို အပ်သောနည်းဖြင့် ပြုစေကာမူ ပစ္စည်း ၄-ပါးရအောင် လယ်တည်မှုစသည်မှာ မအပ်-ဟု ဆိုလိုသည်၊ ဘာ့ကြောင့်နည်း၊ ခေတ္တဝတ္ထုပဋိဂ္ဂဟဏာ ပဋိ-ဝိရတော-ဟု မိန့်တော်မူသောကြောင့်တည်း။]

အနဝေ၊ ပေ၊ ပါဋိယာ။ ။ရွှေဂါထာအရ အပ်သော စကားအစဉ်ဖြင့် အလှူခံအပ်ပြီးသော ရေကန် ရှိ၏၊ ထိုရေကန်ဟောင်း၌ ရေများများဝင်နိုင်အောင် မြေညက်ကိုထုတ်ဆယ်ခြင်း, ကျိုးပျက်သောကန်ပေါင်ကန်ရိုးကို ဖို့ခြင်း,

မခိုင်မြဲသော ကန်ရိုးကို ခိုင်မြဲအောင် ပြုခြင်းသည် မအပ်၊ ဤစကားသည် ပစ္စည်း ၄-ပါးအတွက် အလှူခံအပ်ပြီးသော ရောကန်ကို ရည်ရွယ်အပ်သော စကားတည်း၊ နဂိုရှိကပင် ရေသုံးဘို့ အလှူခံအပ်ပြီးသော ကန်ဥကား ထို အားလုံးကို ပြုခြင်းငှါ အပ်၏၊ ထို့ကြောင့် ရာဇသိက္ခာပုဒ် အဋ္ဌကထာ၌ "ပစ္စယ-ဝသေန ပဋိဂ္ဂဟိတတဋ္ဌာကေ၊ ပေ၊ မတ္တိကုဒ္ဓရဏပါဋိဗန္ဓနာဒီနိ ကာတုံ နု ဝဋ္ဋတိ၊ ဥဒကဝသေန ပဋိဂ္ဂဟိတတဋ္ဌာကေ သုဒ္ဓစိတ္တာနံ (ပစ္စည်း ၄-ပါးရမှုကို မရည်ရွယ် ရေသုံးစဉ်မှုကိုသာ ရည်ရွယ်သော သန့်ရှင်းသော စိတ်ရှိသော ရဟန်း တို့အား) မတ္တိကုဒ္ဓရဏပါဋိဗန္ဓနာဒီနိ စ ကာတုံ ဝဋ္ဋတိ"ဟု မိန့်သည်၊ ဤသို့ အဋ္ဌကထာက အဟောင်းတဋ္ဌာကကို ဖွင့်သောကြောင့် ဤ ဋီကာတို့၌လည်း အနဝေကို "တဋ္ဌာကေ"ဟု သရုပ်ဖော်ကြသည်၊ သို့သော် အဟောင်းဖြစ်သော မြောင်းလယ်တို့၌ ကန်သင်းစသည် ကျိုးပြတ်လျှင်လည်း မပြုပြင်ကောင်းဟု မှတ်ရမည်။

အတိရေကဘာဂါဒါနံ၊ ပေ၊ အနဝေ။ ။"ပေါရာဏကကေဒါရေသု (အပ်သောနည်းဖြင့် အလှူခံအပ်ပြီးသော ရှေးလယ်ဟောင်းတို့၌) ပကတိဘာဂံ (လယ်လုပ်သူတို့အထံမှ ရနေကျအဘို့ဖြစ်သော လယ်စု ယာစုကို) အဂ္ဂဟေတ္ဝာ အတိရေကံ ဂဏှာတိ၊ ပေ၊ အကာပိယံ"ဟူသော အဋ္ဌကထာ အတိုင်း ပင်တည်း။

နဝေ အပရိစ္ဆိန္နဘာဂေ စ။ ။"ဤရွှေ ဤမျှသော အသပြာတို့ကို လယ်စု ယာစု အဖြစ်ဖြင့် ပေးရသည်"ဟု အပိုင်းအခြား မပြုအပ်သေးသော အဘို့ရှိသော လယ်ကို "အပရိစ္ဆိန္နဘာဂ"ဟု ဆိုသည်၊ လယ်သည် ယခုနှစ်မှစ၍ လုပ်အပ်လျှင်လည်း အသစ်လည်းဖြစ် အပရိစ္ဆိန္နဘာဂလည်း ဖြစ်၏၊ လယ်က အဟောင်းဖြစ်သော်လည်း ကောက်စပါးက ယခုနှစ်မှ အသစ်(ကာလပေါ်စပါး) ဖြစ်လျှင်လည်း နဝ ပင်ဖြစ်၏၊ တနည်းနည်းဖြင့် အသစ်ဖြစ်၍ အပရိစ္ဆိန္နဘာဂ ကောက်စပါးလုပ်ရာလယ်၌ "ဤမျှလောက်သော လယ်စု ယာစု အသပြာတို့ကို ပေးရမည်"ဟု အသပြာတို့ကို စ၍ ဖြစ်စေခြင်း (အသပြာတို့ကို တောင်းခြင်း) သည်လည်း ရဟန်းအားလုံးအား မအပ်။

၂၀၇။ အဝတ္ထာ ကာ ဝပိစ္ဆာ-ဒေတ္တိကာယ စ ဘူမိယာ။
ပတိဋ္ဌာပေတိ ဘူမိံ ဝါ၊ ဘာဂေါ ဒေယျာတိ ဇေတ္တကော။

၂၀၇။ ကာ၊ ထဉ်လော့။ ဝ၊ စိုက်ပျိုးလော့။ ဣစ္ဆာဒိံ၊ ဤသို့အစရှိသော အကပ်ိယစကားကို။ အဝတ္ထာ၊ မပြောမူ၍။ ဒေတ္တိကာယ၊ ဤမျှအတိုင်းအရှည်ရှိသော၊ ဘူမိယာ စ၊ မြေ၌သာလျှင်။ ဇေတ္တကော၊ ဤမျှအာတိုင်း အရှည်ရှိသော။ ဘာဂေါ၊ အဘို့ဖြစ်သော လယ်စု ယာစုကို။ ဒေယျော၊ ပေးထိုက်၏။ ဣတိ၊ ဤသို့။ ဘူမိံ ဝါ၊ မြေကိုမူလည်း။ ပတိဋ္ဌာပေတိ၊ တည်စေအံ့။ (ဇေတံ၊ ဤလယ်စု ယာစု စပါးသည်။ တသ္မော၀၊ ထိုစိမံသော ရဟန်းအား သာ။ အကပ်ိယံ၊ မအပ်။) (ဝိဋ္ဌ ၂-၂၆၀)

အဋ္ဌကထာ။ ။နဝသဿေ ဝါ အကာလသဿေ ဝါ အပရိစ္ဆိန္နဘာဂေ ဇေတ္တကေ ကဟာပဏေ ဒေထာတိ ကဟာပဏေ ဥဋ္ဌာပေတိ၊ သဗ္ဗေသံ အကပ်ိယံ၊–ရာဇသိက္ခာပုဒ်။ [ဤ၌ "နဝသဿေ ဝါ–အသစ်ဖြစ်သောကောက်ရိုရာ လယ်၌၎င်း အကာလသဿေ ဝါ–အခါမဲ့ ထွက်လာသော ကောက်စပါးရှိရာလယ်၌၎င်း" ဟု လယ်ကိုအရကောက်၏၊ ဤဂါထာ၌ကား "နဝေ သဿေ" ဟု ကောက်စပါးကို အရကောက်ခြင်းသာ ထူး၏၊ နဝသဿ အကာလသဿ ၂ မျိုးလုံးကိုပင် ဤ၌ "နဝေ" ဟု ဆိုထား၏၊ ဂိုဏ်းကို စတည်သော ဆရာတော်ကို "ဂဏသမုဋ္ဌာပက" ဟုခေါ်ရသကဲ့သို့, ထို့အတူ လယ်စုငွေကို စ၍ ဖြစ်စေခြင်းကို "ကဟာပဏုဋ္ဌာပန" ဟု ဆိုသည်။]

အဝတ္ထာ၊ပေ၊ဇေတ္တကော။ ။လယ်ထွန်လော့, စိုက်ပျိုးလော့၊ ဤသို့ အစရှိသော တိုက်ရိုက်စေခိုင်းကြောင်း အကပ်ိယ စကားကို မပြောဘဲ "ဤမျှလောက်သော သံဃာ့မြေ၌ ဤမျှလောက်သော အဘို့ (လယ်စု ယာစု) ကို ပေးထိုက်၏" ဟု မြေကို ပိုင်းခြားကန့်သတ်အံ့၊ ထို့သို့ အပိုင်းအခြားပြုသော ရဟန်းမှာ မအပ်၊ [၂၀၉-ဂါထာ၏ "တသ္မေဝေတံ အကပ်ိယံ" ၌ လှမ်းစပ်၊ ဇေန္တိ ပတိဋ္ဌာပိတဘူမိတော လဒ္ဓမည်း၊—ဋီကာသစ်။]

၂၈၈။ ဘူမိဘာဂေ ကတံ သဿံ၊ ဇတ္တကေ ဂဏ္ဌထေတ္တကံ။
ဂဏ္ဌနတ္ထံ ဝဒန္တေဝံ၊ ပမာဏံ ဒဏ္ဍရဇ္ဇုဘိ။
ဝ ဓ

၂၈၉။ မနနေ ရက္ခဏေ ဌတ္ဝာ၊ ခလေ တနဟာရုပနေ။
ကောဋ္ဌာဒိပဋိသာမနေ၊ တဿေဝေတမကပ္ပိယံ။

၂၈၈,၉။ ဇတ္တကေ၊ ဤမျှအတိုင်းအရှည်ရှိသော။ ဘူမိဘာဂေ၊ မြေအဘို ဍ်။ သဿံ၊ ကောက်ကို။ ကတံ၊ ပြုအပ်ပါပြီ။ ဇတ္တကံ၊ ဤမျှအတိုင်းအရှည်ရှိ သော လယ်စု ယာစုကို။ ဂဏ္ဌဆ၊ ယူပါကုန်။ ဧဝံ၊ ဤသို့။ ဝဒန္တေ ၊လျှောက် လသော်။ ပမာဏံ၊ လယ်၏အတိုင်းအရှည် ပမာဏကို။ ဂဏ္ဌနတ္ထံ၊ ယူခြင်းငှါ။ ဒဏ္ဍရဇ္ဇုဘိ၊ တိုင်းတာကြောင်းဒုတ်, ကြိုးတို့ဖြင့်။ မိနနေ၊ တိုင်းတာခြင်း ကြောင့်ဂုဏ်း။ ခလေ၊ ကောက်နယ်တလင်းအနီး၌။ ဌတ္ဝာ၊ တည်၍။ ရက္ခဏေ၊ စောင့်ရှောက်ခြင်းကြောင့်ဂုဏ်း။ တံနီဟာရုပနေ၊ ထိုစပါးကို ထုတ်ဆောင် စေခြင်းကြောင့်ဂုဏ်း။ ကောဋ္ဌာဒိပဋိသာမနေ၊ ကျီအစရှိသည်၌ သိုမှီး သိမ်း ဆည်းခြင်းကြောင့်ဂုဏ်း။ ဧတံ၊ ဤလယ်စု ယာစု စပါးသည်။ တဿေဝ၊ ထိုစိမံသော ရဟန်းအား သာ။ အကပ္ပိယံ၊ မအပ်။ (ဝိ ဋ္ဌ ၂ - ၂၆၀)

ဘူမိဘာဂေ၊ ပေ၊ ဝဒန္တေဝံ။ ။လယ်လုပ်သူက "တပည့်တော်သည် သံဃာ၏ ဤမျှလောက်သော မြေအဘို၌ ကောက်စပါးကို ပြုလုပ်အပ်ပါပြီ၊ ဤမျှ လောက်သော လယ်စုကို ယူကြပါ" ဟု လျှောက်လျှင်။

ပမာဏံ ဂဏ္ဌနတ္ထံ၊ ပေ၊ မိနနေ။ ။သူတို့ လုပ်အပ်သော လယ်နှင့် လယ်စု ပေးပုံ သင့် မသင့်ကို နှိုင်းချိန်ဘို့ရန် သူတို့ လုပ်အပ်သော သံဃာ့လယ်၏ ပမာဏကို ယူခြင်း (တိုင်းတာခြင်း) ငှါ တိုင်းတာကြောင်းဖြစ်သော ဒုတ်တံ (သို့မဟုတ်) ကြိုးတို့ဖြင့် တိုင်းတာခြင်း၌ဂုဏ်း။

ရက္ခဏေ၊ ပေ၊ ပဋိသာမနေ။ ။စပါးတို့ကို မသိအောင် ယူ၍ မသွားဘို့ရန် ကောက်နယ်တလင်းအနီး၌ စောင့်ရှောက်နေခြင်း, ကောက်နယ်တလင်းမှ စပါး

၂၉၀။ ပဋိသာမေယျ၊ ပါစိတ္တိ၊ ယံကိဉ္စိ ဂိဟိသန္ထကံ။
ဘဏ္ဍာဂါရိကသီသေန၊ သစေပိ ပိတုသန္ထကံ။

၂၉၀။ ယံကိဉ္စိ၊ အမ္ဟတ်မရှိ တစုံတခုသော။ (ကပ်ိယဝတ္ထု၊ အကပ်ိယဝတ္ထု ဟု အမ္ဟတ်မရှိ တစုံတခုသော။) ဂိဟိသန္ထကံ၊ လူဝတ်ကြောင်တို့၏ ဥစ္စာကို။ ပိတုသန္ထကံပါ၊ မိဘတို့၏ ဥစ္စာကိုပင်သော်လည်း။ ဘဏ္ဍာဂါရိကသီသေန၊ ဘဏ္ဍာစိုး၏အဖြစ်ကို အဦးပြုသဖြင့်။ ဝါ၊ ဘဏ္ဍာစိုးအနေအားဖြင့်။ သစေ ပဋိသာမေယျ၊ အကယ်၍ သိုမှီး သိမ်းဆည်းအံ့။ (ဧဝံ သတိ၊ ဤသို့ သိုမှီး သိမ်းဆည်းလသော်။) ပါစိတ္တိ၊ ပါစိတ်အာပတ်သည်။ (ဟောတိ၊ ဖြစ်၏။)
(ဝိဋ္ဌ ၃-၁၅၂၊ ကင်္ခါဋ္ဌ-၂၆၆)

တို့ကို ရဟန်းက ထုတ်ယူစေခြင်း, စပါးကျီစသည်ဝယ် သိုလှောင်ခြင်း ဤကိစ္စ အဝဝကြောင့် ထိုစပါးသည် ထိုရဟန်းတပါးအား သာ မအပ်၊—ရာဇသိက္ခာပုဒ် အဋ္ဌကထာ။

ပဋိသာမေယျ၊ ပေ၊ ပိတုသန္ထကံ။ ။ကောဋ္ဌာဒိပဋိသာမနေဟူသော စကားနှင့်စပ်၍ အခြားသိမ်းဆည်းပုံကို ပြလိုသောကြောင့် ဤ ပဋိသာမနအခက်းကို ဆက်၍ ပြသည်၊ ဤ ဂါထာမှစ၍ နောက်ဂါထာ အားလုံးသည် ပါစိတ် ရတနဝဂ် ရတနသိက္ခာပုဒ်ကို ရည်ရွယ်သော ဂါထာများတည်း။ ကပ်ိယ-ဝတ္ထု ဝါ အကပ်ိယဝတ္ထု ဝါ ဟောတု (အဝတ် စသော အပ်သော ဝတ္ထု ဖြစ်ဖြစ်, ရွှေငွေပုလဲ စသော မအပ်သောဝတ္ထု ဖြစ်ဖြစ်) အန္တမသော မာတု-ပိလန္ဓနတာလပဏ္ဏံပိ (မိခင်ပန်ဆင်အပ်သော ထန်းရွက် ပုတီး နားခွောင်းပင် ဖြစ်စေ) ဂိဟိသန္ထကံ ဘဏ္ဍာဂါရိကသီသေန ပဋိသာမေန္တသ္သ ပါစိတ္တိယံ (လူ့ဥစ္စာကို မိမိကဘဏ္ဍာစောင့်အဖြစ်ဖြင့် သိမ်းပေးလျှင် ပါစိတ်အာပတ် သင့်၏။) ထို သိက္ခာပုဒ်၏ အဋ္ဌကထာ၌ "မာတုသန္ထကံ" ဟု ဆိုခြင်းနှင့် ဤ၌ "ပိတု-သန္ထကံ" ဟု ဆိုခြင်းသာ ထူးသည်။

၂၉၁။ ပိတ္တုနံ ကပ္ပိယံ ဝတ္ထုံ၊ အဝဿံ ပဋိသာမိယံ။
အတ္တနော သန္ထကံ ကတ္ဝာ၊ လဗ္ဘတေ ပဋိသာမိတုံ။

၂၉၁။ အဝဿံ၊ မဒ္ဓျတ်ကေန်။ ပဋိသာမိယံ၊ သိုမှိုးသိမ်းဆည်းထိုက်သော။ ပိတ္တုနံ၊ မိဘဘို၏။ ကပ္ပိယံ၊ အပ်စပ်သော။ ဝတ္ထုံ၊ အဝတ်စသော ဝတ္ထုကို။ အတ္တနော၊ မိမိ၏။ သန္ထကံ၊ ဥစ္စာကို။ ကတ္ဝာ၊ ပြု၍။ ပဋိသာမိတုံ၊ သိုမှိုးသိမ်းဆည်းခြင်းငှါ။ ဝါ၊ သိုမှိုးသိမ်းဆည်းခွင့်ကို။ လဗ္ဘတေ၊ ရအပ်၏။ (ဝိ ဋ္ဌ ၃-၁၅၂၊ ကင်္ခါ ဋ္ဌ-၂၆၆)

၂၉၂။ ဒေဟီတိ ပဋိသာမေတ္ဝာ၊ ဝုတ္တေ စာပိ ပဋိက္ခိပေ။
ပါတေတ္ဝာန ဂတေ လဗ္ဘံ၊ ပလိဗောဓေတိ ဂေါပိတုံ။

၂၉၂။ ပဋိသာမေတ္ဝာ၊ သိုမှိုးသိမ်းဆည်း၍၊ ဒေဟိ၊ ပေးပါလော့။ ဣတိ၊ ဤသို့။ ဝုတ္တေ စာပိ၊ လျှောက်အပ်သော်လည်း။ ပဋိက္ခိပေ၊ ပယ်မြစ်ချ၏။ ပါတေတ္ဝာန၊ ပစ်ချ၍။ ဂတေ၊ သွားလသော်။ ပလိဗောဓေ၊ ငါ၏ ပလိဗောဓတည်း။ ဣတိ၊ ဤသို့ ကြံ၍။ ဂေါပေတုံ၊ စောင့်ရှောက်ခြင်းငှါ။ ဝါ၊ စောင့်ရှောက်ခွင့်ကို။ လဗ္ဘံ၊ ရအပ်၏။ (ဝိ ဋ္ဌ ၃-၁၅၂၊ ကင်္ခါ ဋ္ဌ-၆၆) ၂

ပိတ္တုနံ၊ ပေ၊ ပဋိသာမိတုံ။ ။“မာတာ စ+ပိတာ စ ပိတရော”ဟု ဧကသိသ်ပြု၍ မိဘ ၂-ဦးကို “ပိတ္တုနံ”ဟု ဆိုသည်။ သစေ ပန မာတာပိတ္တုနံ သန္ထကံ အဝဿံ ပဋိသာမေတဗ္ဗံ ကပ္ပိယဘဏ္ဍံ ဟောတိ – မိဘတို့၏ အဝတ်, စောင်အစရှိသော ကပ္ပိယဝတ္ထုသည် မိမိမျက်မှောက်၌ အစောင့်အရှောက်မရှိလျှင် မိမိကကောန်သိမ်းဆည်းထိုက်သော ဥစ္စာဖြစ်နေ၏၊ အတ္တနော အတ္ထာယ ဂဟေတ္ဝာ ပဋိသာမေတဗ္ဗံ – ထို ဥစ္စာကို မိမိအကျိုးငှါ (မိမိဥစ္စာအဖြစ်)ယူ၍ သိမ်းထားကောင်းသည်၊—— ထို အဋ္ဌကထာ။

ဒေဟိ၊ ပေ၊ ပဋိက္ခိပေ။ ။ဣဒံ ပဋိသာမေတ္ဝာ ဒေဟီတိ ဝုတ္တေ ပန ပဋိက္ခိပိတဗ္ဗံ – ဤအဝတ်ကို (ဤဥစ္စာကို) သိမ်းဆည်းပေးစမ်းပါ–ဟု မိဘတို့က ပြော လျှင် “မသိမ်းဆည်းကောင်း”ဟု ပြော၍ ပယ်ရမည်။

၂၉၃။ ကမ္မံ ကရောန္တော အာရာမေ၊ သကံ ဝသ္ဟကိအာဒယော။
ပရိက္ခာရဉ္စ သယန-ဘဏ္ဍံ ဝါ ရာဇဝလ္လဘာ။

၂၉၄။ ဒေဟီတိ ပဋိသာမေတွာ၊ ဝဒန္တိ ယဒိ ဆန္ဒတော။
နာ ကရေယ္ယ ဘယာ ဌာနံ၊ ဂုတ္တံ ဒဿေတု ဝဋ္ဋတိ။
ဗလက္ကာရေန ပါတေတွာ၊ ဂတေသု ပဋိသာမိတုံ။

၂၉၃,၄။ အာရာမေ၊ ကျောင်းတိုက်၌။ ကမ္မံ၊ အလုပ်ကို။ ကရောန္တော၊ ပြုလုပ်ကုန်သော။ ဝသ္ဟကိအာဒယော၊ ပန်းရံ လက်သမား အစရှိသူတို့သည် သော်၎င်း။ ရာဇဝလ္လဘာ ဝါ၊ မင်းကျွမ်းဝင်သူတို့သည်သော်၎င်း။ သကံ၊ မိမိဥစ္စာဖြစ်သော။ ပရိက္ခာရဉ္စ၊ ပရိက္ခရာကိုဌင်း။ သယနဘဏ္ဍံ စ၊ အိပ်ရာဘဏ္ဍာကိုဌင်း။ ပဋိသာမေတွာ၊ သိုမှီးသိမ်းဆည်း၍။ ဒေဟိ၊ ပေးပါလော့။

ပါတေတွာနု၊ပေ၊ဂေါပိတုံ။ ။“သစေ ပဋိသာမေဟီတိ ပါတေတွာ ဂစ္ဆန္တိ၊ ပလိဗောဓော နာမ ဟောတိ, ပဋိသာမေတုံ ဝဋ္ဋတိ– မိမိကပယ်ပါလျက် သိမ်းဆည်းပေးစမ်းပါ–ဟု ပြောပြောဆိုဆို ပစ်ချ၍ သွားလျှင် သားရဟန်းမှာ ပလိဗောဓ (တာဝန်) ဖြစ်နေသောကြောင့် သိမ်းဆည်းကောင်း၏”ဟူသော အဋ္ဌကထာကို မှီသောဂါထာတည်း၊ [ပရိဗုန္ဓတိတိ ပလိဗောဓော, ပရိ+ဗုဓ–ဏ၊ ရကို လပြု၊ အခြားအရပ်သို့ မသွားနိုင်အောင် အနှောင့်အယှက်ပြုတတ်သောကြောင့် ထိုဥစ္စာသည်ပင် ပလိဗောဓမည်၏။]

ကမ္မံ ကရောန္တော၊ ပေ၊ ဝဋ္ဋတိ။ ။ကျောင်းတိုက်၌ အလုပ်လုပ်နေကြသော လက်သမား ပန်းရံစသူတို့က ဖြစ်စေ မင်းနှင့် အကျွမ်းဝင်သူတို့က ဖြစ်စေ “မိမိအသုံးအဆောင် ပရိက္ခရာကို သို့မဟုတ် အိပ်ရာဘဏ္ဍာကို သိမ်းဆည်းပေးပါ”ဟု လျှောက်လျှင် ချစ်သောကြောင့် ဖြစ်စေ မင်းကျွမ်းဝင်သူတို့အား ကြောက်သောကြောင့်ဖြစ်စေ သိမ်းဆည်းမှုကို ပြုမပေးရ၊ “ဤနေရာ၌ လုံခြုံသည်”ဟု လုံခြုံရာအရပ်ကိုကား ပြောကောင်း၏၊ ထို အရပ်၌ သူတို့ဘာသာ သိမ်းဆည်းလိမ့်မည်၊— ဟူလို။

ဣတိ၊ ဤသို့။ ယဒိ ဝဒန္တိ၊ အကယ်၍ လျှောက်ကုန်အံ့။ ဧဝံ သတိ၊ ဤသို့ လျှောက်ကုန်လသော်။) ဆန္ဒတော၊ ချစ်ခြင်းကြောင့်သော်၎င်း။ ဘယာ၊ ကြောက်ခြင်းကြောင့်သော်၎င်း။ နာ ကရေယျ၊ သိုမှီးသိမ်းဆည်းမှုကို မပြုရာ။ ဂုတ္တံ၊ လုံခြုံသော။ ဌာနံ၊ နေရာကို။ ဒယ်ဟတုံ၊ ညှဉ်ပြခြင်းငှါ။ ဝဋ္ဋတိ၊ အပ်၏။ ဗလက္ကာရေန၊ အားကိုအသုံးပြုသဖြင့်။ ဝါ၊ အနိုင်အထက်။ ပါတေတွာ၊ ချထားခဲ့၍။ ဂတောသု၊ သွားကုန်လသော်။ ပဋိသာမိတုံ၊ သိုမှီးသိမ်းဆည်းခြင်းငှါ။ ဝဋ္ဋတိ၊ အပ်၏။ (ဝိ ဋ္ဌ ၃-၁၅၂၊ ကင်္ခါ ဋ္ဌ-၂၆၇)

၂၉၅။ ဘိက္ခုံ မနုဿာ သက်ဉ္ဆိ၊ နဋ္ဌေ ဝတ္ထုမ္ဒိ တာဒိသေ။
ဝိဟာရာဝသထဿန္တေ၊ ရတနံ ရတ္တသမ္မတံ။

၂၉၆။ နိက္ခိပေယျ ဂဟေတ္ဝာန၊ မဂ္ဂေရညေပိ တာဒိသေ၊
သာမိကာနာဂမံ ဥတ္ဝာ၊ ပတိရူပံ ကရိယတီတိ။

၂၉၅,၆။ တာဒိသေ၊ ထိုကဲ့သို့ ရှုအပ်သော ဝိဟာရအာဝသထ၏ အတွင်း၌။ ဝတ္ထုမ္ဒိ၊ ရတနာ, ရတနသမ္မတဝတ္ထုသည်။ နဋ္ဌေ၊ပျောက်လသော်။ ဘိက္ခုံ၊ ရဟန်းကို။ မနုဿာ၊ လူတို့သည်။ သက်ဉ္ဆိ၊ ယုံမှားတတ်ကုန်၏။ (တသ္မာ၊

မှတ်ချက်။ ။“ဝဇ္ဇီအာဒယော”ဟု အာဒိသဒ္ဒါဖြင့် ဆိုသောကြောင့် အခြားဒါယကာ ဒါယိကာမတို့၏ ဥစ္စာဘဏ္ဍာဌ်လည်း ဤအတိုင်းပင် ပြုကျင့်ရလိမ့်မည်။

ဗလက္ကာရေန၊ ပေ၊ ပဋိသာမိတုံ။ ။ထို ဝဇ္ဇီကိ စ သူတို့သည်ငင်း မင်းကျမ်းဝင်သူတို့သည်ငင်း ရင်းနှီးမှု သို့မဟုတ် မင်းကျမ်းဝင်မှုကိုအကြောင်းပြု၍ အနိုင်ကျင့်သောအားဖြင့် ပစ်ချ၍ သွားကြသည် ရှိသော် ရဟန်း၏ တာဝန်ဖြစ်သောကြောင့် သိမ်းဆည်းကောင်း၏။

ဘိက္ခုံ၊ ပေ၊ တာဒိသေ။ ။“ဝိဟာရာဝသထဿ အန္တောကို”“တာဒိသေ”ဟု ဆိုသည်၊ ကျောင်းတိုက်သည် အကာအရံ ရှိသောကြောင့် လူအများတို့

ထို့ကြောင့်။) ဝိဟာရာဝသထဿ၊ ကျောင်းတိုက် , မိမိနေရာ ကျောင်း အိမ် အစရှိသည်၏။ အန္တော၊ အတွင်း၌၊ ရတနံ၊ ရတနာကိုဌင်း။ ရတနသမ္မတံ၊ ရတနာဟု သမုတ်အပ်သော အဝတ်အထည်ကိုဌင်း။ ဂဟေတ္ဝာန၊ ကပ်ဖွယ်-ကာရကမရှိလျှင် ကိုယ်တိုင်သော်လည်း ယူ၍။ နိက္ခိပေယျ၊ အမှတ်အသား ပြု၍ ထားရာ၏။ သာမိကာနာဂမံ၊ ဥစ္စာရှင်တို့ မယူလာခြင်းကို။ ဥ တ္ဝာ၊ သိ၍။ ပတိရူပံ၊ သင့်လျော်သော ထာဝရဝတ္ထုကို။ ကရိယတိ၊ ပြုအပ်၏။ မဂ္ဂေ၊ လမ်း၌ဌင်း။ အရညေပိ၊ တော၌ဌင်း။ တာဒိသေ၊ ထိုကဲ့သို့ ရှုအပ်သော ရတနာ , ရတနသမ္မတဥစ္စာသည်။ (သတိ၊ ရှိလသော်။) သာမိကာနာဂမံ၊ဥစ္စာရှင်တို့ မယူလာခြင်းကို။ ဥ တ္ဝာ၊ သိ၍။ ပတိရူပံ၊ သင့်လျော်သော ပံသုကူကောက်မှု , လျစ်လျူရှုမှုကို။ ကရိယတိ၊ ပြုအပ်၏....ဣတိ၊ ဥဂ္ဂဟနှင့်စပ်၍ မှတ်ဘွယ်အပြီးတည်း။ (ဝိ ဋ္ဌ ၃-၁၅၂-၃၊ ကခ်ါ ဋ္ဌ-၂၆၇)

သွားရာ လှည့်လည်ရာ ဌာန မဟုတ်၊ ထိုကဲ့သို့ ကျောင်းတိုက်၏အတွင်း၌ ဖြစ်စေ ကျောင်းတွင်း ကျောင်းပြင် မိမိနေရာ အာဝသထ၏ အတွင်း၌ဖြစ်စေ ရတနာ, ရတနာဟု အသိအမှတ်ပြုအပ်သော အရာဝတ္ထုတခုခု ပျောက်လျှင် “ရဟန်း သာမဏေတို့ ယူလိမ့်မည်” ဟု ယုံမှား သံသယ ဖြစ်စရာရှိ၏။

ဝိဟာရာဝသထဿန္တော ၊ပေ၊ ဂဟေတ္ဝာန။ ။ထိုကဲ့သို့ ယုံမှားသံသယ ဖြစ်လောက်ရာ ကျောင်းတိုက်အတွင်း အာဝသထအတွင်း၌သာ ရတနာ , ရတနာဟု သမုတ်အပ်သော အရာဝတ္ထုကို သိမ်းဆည်းဘို့ တာဝန်ရှိသည်။

မှတ်ချက်။ ။ မဟာပေါဓိဒ္ဓါရကောဌက (မဟာပေါဓိ၏ တံခါးမုခ်) အမွှက်ဏသဒိသေသု ပန မဟာဇနသဉ္ဆရဏဌာနေသု နဂဟေတဗ္ဗံ— အမျှား လှည့်လည်ရာဌာနဖြစ်သောကြောင့် ရဟန်းမျှား သာမဏေမျှား အပေါ်၌သာ ယုံမှားစရာမရှိ၊ ထို့ကြောင့် မယူကောင်း မသိမ်းကောင်း။

ဆက်ဦးအံ့။ ။သိမ်းဆည်းထိုက်သော ဥစ္စာဖြစ်၍ သိမ်းဆည်းပြီးသော အခါ ထိုဝတ္ထု၏ ပုံသဏ္ဌာန်ကိုဌင်း အထုပ်ဖြစ်လျှင် အထုပ်အတွင်း၌ အရေ အတွက် မည်မျှပါသည်ဟုဌင်း မည်သည့်အဝက်ဖြင့် ထုပ်ထားသည်ဟုဌင်း

ဤသို့ စသည်ဖြင့် အမှတ်အသားပြုရာ၏၊ ဥစ္စာရှင်တို့က "သူတို့ဥစ္စာပါ"ဟု ပြော၍ တောင်းသောအခါ ထိုအမှတ်အသားနှင့် ကိုက်ညီလျှင် ပြန်၍ပေးဘို့ ရန် ဖြစ်သည်။

သာမိကာ၊ ပေ၊ ကရီယတိ။ ။ဤနည်း၌လည်း "သာမိကာနာဂမံ ဥတ္တာပတိရူပံ ကရီယတိ"ကို လိုက်စေရသည်၊ ထိုသို့သိမ်းထားပြီးနောက် ရက်အတော် ကြာအောင် စောင့်ဆိုင်း၍ ဥစ္စာရှင်တို့ မလာတော့ဘူးဟု သိလျှင် သင့်လျော်သောအမှုကို ပြုရမည်၊ သင့်လျော်သောအမှုဟူသည် ထာဝရဖြစ်သော ကျောင်းဆောက်မှု စသော တခုခုတည်း၊ ထိုသို့ပြုပြီးမှ ဥစ္စာရှင်တို့ရောက်လာခဲ့လျှင် ထို ထာဝရဝတ္ထုကိုပြု၍ သူတို့က ဝမ်းမြောက် ဝမ်းသာ သာဓုခေါ်လျှင် ကိစ္စမရှိ၊ သာဓုမခေါ်ဘဲ အစားပြန်၍လိုချင်လျှင် ဆုမ်းရပ်သောအားဖြင့် အခြားနေရာမှ ရှာဘွေ၍ အစားပေးရသတတ်။

အဋ္ဌကထာ။ ။တေနာပိ အတ္တာနော စီဝရဒိမူလံ နာ ကာတဗ္ဗံ၊ ထာဝရံ ပန သေနာသနံ ဝါ စေတိယံ ဝါ ပေါက္ခရဏီ ဝါ ကာရေတဗ္ဗာ၊ သစေ ဒီဃသာ အဒ္ဓုနော အစ္ဆယေန သာမိကော အာဂစ္ဆတိ၊ "ဥပါသကာ တာဝ သန္တကေန ကိဒံ နာမ ကတံ၊ အနုမောဒါဟိ"တိ ဝတ္တဗ္ဗော၊ သစေ အနုမောဒတိ၊ ကိစ္စေတံ ကုသလံ၊ နော စေ အနုမောဒတိ၊ မမ ဓနံ ဒေထာတိ စောဒေတိယော (တောင်း၍သာ နေအံ့)၊ အညံ သမာဒပေတ္ဗာ ဒါတဗ္ဗံ၊ –ရတနသိက္ခာပုဒ်။

မဂ္ဂေ၊ ပေ၊ ကရီယတိ။ ။လမ်းခရီး၌ဌင်း တောထဲ၌ဌင်း ဥစ္စာရှင်တို့သည် ကျနေရစ်၍ဖြစ်စေ မေ့၍ဖြစ်စေ ရတနာ, ရတနသမ္မတကိုတွေ့လျှင် လမ်းမှဖဲ၍ စောင့်နေရာ၏၊ ဥစ္စာရှင်တို့လာလျှင်ပြရာ၏၊မလာတော့ဘူးဟုသိလျှင် သင့်တော် သလိုပြုနိုင်၏၊ [သင့်တော်သလိုပြုဟူသည် ကိုင်ကောင်းသောပစ္စည်းဖြစ်လျှင် ပံသုကူကောက်လိုက ကောက်ယူခြင်း, မကိုင်ကောင်းလျှင် လျစ်လျူရှု၍ ဖဲသွားခြင်းသည်သာ ရဟန်းတို့အတွက် သင့်လျော်သောအမှုကို ပြုခြင်းဖြစ်သည်။]

အဋ္ဌကထာ။ ။တသ္မာ မဂ္ဂါ ဩက္ကမ္မ နိသီဒိတဗ္ဗံ၊ သာမိကေသု အာဂတေသုတံ အာစိက္ခိတဗ္ဗံ၊ သစေ သာမိကေ နာ ပဿတိ၊ ပတိရူပံ ကရိဿတိ(ကရိယတိ)၊ အဋ္ဌကထာ။

မှတ်ချက်။ ။ရတနသမ္မတဟူရာ၌ လူ့အသုံးအဆောင်အားလုံး အဝတ် အစားပါ ပါဝင်၏၊ [ရတနသမ္မတံ နာမ ယံ မနုဿာနံ ဥပဘောဂပရိဘောဂံ၊– ဤသိက္ခာပုဒ်ပါဠိတော်၊ ထို့ကြောင့် လူတို့၏အိပ်ရာ စသည်ကိုပါ ဆိုခဲ့သည်၊] အာဝသထဟူရာ၌လည်း မိမိနေရာ ကျောင်း, ခေတ္တတည်းခိုရာအိမ်, လယ်လုပ် တဲတို့ပါ ပါဝင်သည်၊[အာဝသထောတိ စေတ္ထ အန္တောအာရာမော ဝါ ဟောတု, အညတ္ထ ဝါ အတ္တာနော ဝသနဋ္ဌာနံ ဝုစ္စတိ၊—သာရတ္ထဋီကာ။]

ကုလဒုသနိဒ္ဒေသ

ဒုသနန္တိ၊ “ဒုသနံ” ဟူသော ဥဒ္ဒေသ၏။ (နိဒ္ဒေသော၊ နိဒ္ဒေသကား–)

[ခတ္တိယ စသော အမျိုး ၄-ပါး၏ အစစ်အမှန် သဒ္ဓါတရားကို ဖျက်ဆီး တတ်သောကြောင့် ပန်းပေးမှု စသည်ကို “ကုလဒုသန”ဟု ခေါ်သည်။]

၂၉၇။ ပုဖ္ဖံ ဝေဠုံ ဖလံ စုဏ္ဏံ၊ ဒန္တကဋ္ဌဉ္စ မတ္တိကံ။
သင်္ဃာဏတ္ထံ ဒဒတော၊ ကုလဒူသနဒုက္ကဋံ။

၂၈၇။ ပုဖ္ဖံ၊ ပန်းကိုဂျင်း။ ဝေဠုံ၊ ဝါးကိုဂျင်း။ ဖလံ၊ အသီးကိုဂျင်း။ စုဏ္ဏံ၊ ကုက္ကိုမှုန့် စသော အမှုန့်ကိုဂျင်း။ ဒန္တကဋ္ဌဉ္စ၊ ဒန်ပူကိုဂျင်း။ မတ္တိကံ၊ မြေညက်ကိုဂျင်း။ သင်္ဃာဏတ္ထံ၊ လူတို့ကို ချီးမြှောက်ခြင်းအကျိုးငှါ။ ဒဒတော၊ ပေးသော ရဟန်း၏။ ကုလဒူသနဒုက္ကဋံ၊ ကုလဒူသနဒုက္ကဋ်အာပတ်သည်။ ဝါ၊ အမျိုး၏ သဒ္ဓါတရားကို ဖျက်ဆီးခြင်းကြောင့် သင့်ရောက်အပ်သော ဒုက္ကဋ်အာပတ်သည်။ (ဟောတိ၊ ဖြစ်၏။) (ဝိ ပါ ၁-၂၈၁၊ ဝိ ဋ္ဌ ၂-၂၀၉)

ပုဖ္ဖံ၊ပေ၊ဒုက္ကဋံ။ ။ကုလဒူသနဝတ္ထုကို ဤဂါထာဌ် “ပုပ္ဖံ၊ ပေ၊ မတ္တိကံ”ဟု ၆-မျိုးသာ ပြသော်လည်း သံဃာဒိသိသ် ကုလဒူသနသိက္ခာပုဒ်ပါဠိတော်၌ ထို ၆-မျိုးအပြင် ဝေဇ္ဈကာ (ဆေးကုမှု) ဇယ်ပေသနိက (အစေအပါးခံ၍ သွားလာမှု) အားဖြင့် ရှစ်မျိုးရှိသောကြောင့် နောက် ၂-မျိုးကို (၃၀၁) ဂါထာဌ် သီးခြားပြပါလိမ့်မည်၊ ထို့ကြောင့် “ကုလဒူသနဝတ္ထု ရှစ်ပါး”ဟုမှတ်ပါ၊ ဤပုဒ်များ၏ အဓိပ္ပါယ်ကို မိစ္ဆာဇီဝဝိဝဇ္ဇနခဏ်း၌ပြခဲ့ပြီ၊ ဆောင်ပုဒ်ကို ပါတိမောက်ဘာသာဋီကာ၌ ပြထားပြီ။

၂၉၇။ ထုလ္လစ္စယံ ဂရုဘဏ္ဍံ၊ ကုဿရေနေတ္ထ သံဃိကံ။
ဒေန္တသ ဒုက္ကဋာဒီနိ၊ ထေယ္ယာ သံဃညသန္တကံ။

၂၉၇။ ဇေတ္ထ၊ ဤပန်းအစရှိသည်တို့တွင်။ သံဃိကံ၊ သံဃာ့ဥစ္စာဖြစ်သော။ ဂရုဘဏ္ဍံ၊ ဂရုဘဏ်ကို။ ကုဿရေန၊ အစိုးရသူ၏အဖြစ်ဖြင့်။ (ကုဿရိယေနဟု ဆိုလိုလျက် ဘာဝပဓာနကြံပါ။) ဒေန္တသ၊ ပေးသောရဟန်း၏။ ထုလ္လစ္စယံ၊ ထုလ္လစ္စည်းအာပတ်သည်။ (ဟောတိ၊ ဖြစ်၏။) သံဃညသန္တကံ၊ သံဃာ၏ ဥစ္စာ, အခြားပုဂ္ဂိုလ်၏ဥစ္စာဖြစ်သော ပန်းစသည်ကို။ ထေယ္ယာ၊ ခိုးသူ၏ ဖြစ်ကြောင်းဖြစ်ရာစိတ်ဖြင့်။ ဝါ၊ ခိုးလိုသောစိတ်ဖြင့်။ ဒေန္တသ၊ ပေးသော ရဟန်း၏။ ဒုက္ကဋာဒီနိ၊ ဒုက္ကဋ်အစရှိသော အာပတ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ (ဝိဋ္ဌ ၂-၂၀၉)

တုလ္လစ္စယံ၊ ပေ၊ သံဃိကံ။ ။သံဃိကဖြစ်သော ဂရုဘဏ္ဍာကို ပိုင်စိုးပိုင်နင်း အနေအာ့းဖြင့် ပေးလျှင် ထုလ္လစ္စည်း အာပတ်သင့်၏၊ [သေနာသနတ္ထာယ (ကျောင်းအတွက်) နိယမိတံ (သတ်မှတ်အပ်သော ပန်း စသည်ကို) ကုဿရ-ဝတာယ ဒဒတော ထုလ္လစ္စယံ၊ – ကုလဒူသနသိက္ခာပုဒ် အဋ္ဌကထာ။] ယခုအခါ ကျောင်းထိုင်ဘုန်းတော်ကြီးများသည် ကျောင်းပိုင်ပစ္စည်းကို ကိုယ်ပိုင်အနေအာ့းဖြင့် ပေးတတ်ကြ၏၊ သတိပြုပါ။

ဒုက္ကဋာဒီနိ၊ ပေ၊ သန္တကံ။ ။သံဃာ့ဥစ္စာကိုဖြစ်စေ အခြားပုဂ္ဂိုလ်၏ ဥစ္စာကို ဖြစ်စေ ခိုးယူလိုသော ထေယျစိတ်ဖြင့် (မသိအောင် တိတ်တိတ်) ပေးလျှင် တပဲတန်အောက် ဒုက္ကဋ်၊ တပဲအထက် ငါးပဲတန်အောက် ထုလ္လစ္စည်း၊ ငါးပဲမှ စ၍ အထက် ပါရာဇိကတည်း၊ – ထိုအဋ္ဌကထာ၊ [ဒုက္ကဋ် ထုလ္လစ္စည်း ပါရာဇိကသင့်ရာဌာန် ကုလဒူသန ဖြစ်လျှင် ဒုက္ကဋ်အပိုလည်း ပါဝင်သည် – ဟု မှတ်ပါ။]

သံဃညသန္တကံ။ ။"သံဃဿ သန္တကံ"ဟု မူကွဲ ရှိ၏၊ ဋီကာဟောင်း၌ "သံဃဿ ဝါ အညဿ ဝါ သန္တကံ ထေယျစိတ္တော်နှ ဒေန္တဿ ဒုက္ကဋာဒီနိ ဟောန္တိတိ ပါဠိသေသော"ဟု ရှိသောကြောင့် "သံဃညသန္တကံ"သည် ဋီကာ

၂၉၉။ ကုလသင်္ဘာ ရောပေတုံ၊ ရောပါပေတူဠ္ဍ သဗ္ဗထာ။
ဖလပုပ္ဖူပကံ ရုက္ခံ၊ ဇဂ္ဂိတူဠ္ဍ နဝဠ္ဍတိ။

၂၉၉။ ကုလသင်္ဘာ (ကုလသင်္ဘာတ္ထံ)၊ အမျိုးတို့ကို ချီးမြှောက်ခြင်း အကျိုးငှါ။ ဖလပုပ္ဖူပကံ၊ အသီးသို့ကပ်ရောက်, အပွင့်သို့ ကပ်ရောက်သော။ ဝါ၊ အသီး သီး, အပွင့် ပွင့်သော။ ရုက္ခံ၊ သစ်ပင်ကို။ သဗ္ဗထာ၊ ကပ္ပိယ-ဧဝါဟာရ စသော အလုံးစုံသော အပြားအားဖြင့်။ ရောပေတုံ၊ ကိုယ်တိုင် စိုက်ပျိုးခြင်းငှါရင်း။ ရောပါပေတူဠ္ဍ၊ သူတပါးကို စိုက်ပျိုးစေခြင်းငှါရင်း။ ဇဂ္ဂိတူဠ္ဍ၊ စောင့်ရှောက်ခြင်းငှါရင်း။ နဝဠ္ဍတိ၊ မအပ်။ (ဝိဒ္ဒ ၂-၂၀၀-ဒ)

ဟောင်း အလို ပါဌ်မှန်တည်း၊ ဋီကာသစ်၌ကား "သံဃဿ သန္တကံ ထေယျာ ဒေန္တဿ ဒုက္ကဋာဒီနိတိ သမ္မန္ဓိတဗ္ဗံ"ဟု ရှိ၏၊ ထိုအလို "သံဃဿ သန္တကံ" သည် မူရင်းတည်း၊ သို့သော် သူတပါး၏ဥစ္စာကို ထေယျစိတ်ဖြင့်ယူ၍ လူတို့အား ပေးလျှင် တန်ဘိုးအလိုက် ဒုက္ကဋ်, ထုလ္လစ္စဉ်း, ပါရာဇိကအပြစ်သင့်သည်မှာ အမှန်ပင်တည်း။ "ပရဿ နွှကံ ဒေတိ, ဒုက္ကဋ်မေဝ၊ ထေယျစိတ္တေန ဒေတိ, ဘဏ္ဍဃ်ဆေန ကာရေတဗ္ဗော၊ ဧသေဝ နယော သံဃိကေပိ"ဟူသော ကုလဒူသန အဋ္ဌကထာ နှင့်ကား "သံဃဿ သန္တကံ"ဟု အညသဒ္ဒါပါမှ လျော်သည်။

ကုလသင်္ဘာ၊ ပေ၊ နဝဠ္ဍတိ။ ။အမျိုး ၄-ပါးကို (ဒကာ ဒကာမတို့ကို) ပေးကမ်းချီးမြှင့်ခြင်းကို "ကုလသင်္ဘာ"ဟု ခေါ်၏၊ ထိုကုလသင်္ဘာလုပ်ဘို့ရန် ဖလူပဂ-အသီးသီးသောသစ်ပင်, ပုပ္ဖူပဂ-အပွင့် ပွင့်သော သစ်ပင်တို့ကို ကိုယ်တိုင်လည်း မစိုက်ကောင်း၊ သာမဏေ စသူတို့ကိုလည်း အစိုက်မခိုင်းကောင်း၊ စည်းရိုး စသည် ပြုလုပ်၍လည်း မစောင့်ရှောက်ကောင်း။

ရောပါပေတူဠ္ဍ။ ။စ သဒ္ဒါဖြင့် သြစိနိတုံ-ကိုယ်တိုင်ဆွတ်ခြင်း၊ သြစိနာပေတုံ-သူတပါးကို အဆွတ်အခူးခိုင်းခြင်း၊ ဂန္ဆိတုံ-ကိုယ်တိုင် ပန်းကုံးခြင်း၊ ဂန္ဆာပေတုံ-သူတပါးကို အကုံးခိုင်းခြင်းတို့ကို ဆည်းယူပါ။

၃၀၀။ နိမိတ္တောဘာသတော ကပ္ပ-ဝေါဟာရပရိယာယတော။
အတ္တနော ပရိဘောဂတ္ထံ၊ ရောပနာဒီနိ လဗ္ဘရေ။

၃၀၀။ အတ္တနော၊ မိမိ၏။ ပရိဘောဂတ္ထံ၊ သုံးဆောင်ခြင်းအကျိုးငှါ။ နိမိတ္တောဘာသတော၊ အမှတ်နိမိတ်ပြုခြင်း, အရိပ်အရောင်ပြခြင်းအားဖြင့်ထင်း။ ကပ္ပဝေါဟာရပရိယာယတော၊ အပ်သော အသုံးအနှုန်း ပရိယာယ်စကားအားဖြင့်ထင်း။ ရောပနာဒီနိ၊ စိုက်ပျိုးခြင်းအစရှိသော အမှုတို့ကို။ လဗ္ဘရေ၊ ရအပ်ကုန်၏။ (ဝိ ဋ္ဌ ၂-၂၀၀)

သဗ္ဗထာ။ ။ထိုသို့ ကိုယ်တိုင်စိုက်ခြင်း, သူတပါးကို စိုက်စေခြင်းဌ္ဌ နောက် ဂါထာဝယ် ပြလတံ့သော နိမိတ္တ, ဩဘာသ, ကပ္ပိယဝေါဟာရ, ပရိယာယတို့ကိုထင်း နောက်ဂါထာဌ္ဌ မပါသော အကပ္ပိယ ဝေါဟာရကိုထင်း "သဗ္ဗထာ" ဟု ဆိုသည်။ [ဖလာနိ-အသီးတို့သို့၊ သမ္မာဒနာသေန ဥပဂစ္ဆတိ–ဖြစ်စေခြင်း၏ အစွမ်းဖြင့် ကပ်ရောက်ဘတ်၏၊ ဣတိ ဖလူပဂေါ (ရုက္ခော) ပုပ္ဖါနိ သမ္မာဒန-ဝသေန ဥပဂစ္ဆတီတိ ပုပ္ဖူပဂေါ။]

နိမိတ္တောဘာသတော၊ ပေ၊ လဗ္ဘရေ။ ။ကုလသင်္ဃ အကျိုးကို မမြော်ကိုးဘဲ အသီးအပွင့်ကို သုံးစွဲခြင်းအကျိုးငှါ နိမိတ်, ဩဘာသ, ကပ္ပဝေါဟာရ, ပရိယာယ်အားဖြင့် ရောပန (စိုက်ခြင်း) စသော အမှုတို့ကို ပြုနိုင်၏၊ ရောပနာဒီဌ္ဌ အာဒိဖြင့် ရောပါပန, သိဉ္စန(ရေလောင်းခြင်း), သိဉ္စာပန စသည်တို့ကို ယူပါ။အကပ္ပိယဇာတပထဝီဌ္ဌ ထိုနိမိတ္တစသည်ဖြင့် စိုက်စေမှု, ရေလောင်းစေမှုကို မပြုကောင်း၊ ကပ္ပိယမြေဌ္ဌကား ကိုယ်တိုင်စိုက်မှု စသည်ကိုပါ ပြုကောင်းသည်။

နိမိတ်ပြုပုံ။ ။နိမိတ္တကမ္မံ နာမ ကုဒါလခဏိတ္တိဝါသိပရသုဥဒကဘာဇနာနိ အာဟရိတ္ဝာ သမိပေ ဌပနံ–သစ်ပင်ကို စိုက်စေလိုသောကြောင့် မိမိ၏ အနီးဌ္ဌ ပေါက်တူး တူရွင်း ဒါး ပေါက်ဆိန် ရေပုန်း ရေအိုးစသည်တို့ကို ချထားခြင်းသည် အမှတ်နိမိတ် ပြုခြင်း မည်၏၊ "သစ်ပင်စိုက်စေလိုသော အမှတ်အသား" ဟူလို၊ ထို အမှတ်အသားကို မြင်၍ လူ သာမဏေက လိုရာသစ်ပင်ကို စိုက်ပေးလိမ့်မည်။

ဩဘာသ။ ။ဩဘာသော နာမ ကုဒါလဓာတိတ္တာဒီနိ စ မာလာဝစ္ဆေ စ ဂဟေတ္ဝာ ဌာနံ— (အနိုးဦ် ချမထားဘဲ) ပေါက်တူး တူရွင်း စသည်တို့ကိုဌင်း ပန်းပင်ငယ် စသည်တို့ကိုဌင်း ကိုင်၍ ရပ်နေခြင်းသည် အရိပ်အရောင်ပြုခြင်း (ဩဘာသကမ္မ) မည်၏၊ အရိပ်အရောင်ပြုမှုကို မြင်၍ လိမ္မာသော သာမဏေတို့က အလိုက်သိ၍ လာရောက်စိုက်ပျိုးပေးကြလိမ့်မည်။

နိမိတ္တန့ဉ် ဩဘာသအထူး။ ။နိမိတ်ပြုရာ၌ ပေါက်တူး စသည်ကို မိမိအနား၌ ချထားသောကြောင့် သစ်ပင်စိုက်ပေးစေလိုကြောင်း အလွန် မထင်ရှားသေး၊ ဩဘာသပြုရာ၌ကား ပေါက်တူးစသည်ကိုဌင်း စိုက်ဘို့ရန် သစ်ပင်ကိုဌင်း လက်၌ကိုင်ထားသောကြောင့် သစ်ပင်စိုက်စေလိုကြောင်း သာ၍ ထင်ရှားသည်။

ကပ္ပဝေါဟာရ။ ။ဤသစ်ပင်ကို သိလော့, သစ်ပင်စိုက်ဘို့ ဤတွင်းကို ကပ်ပြီလော့ သိလော့, ဤသစ်ပင်၌ ရေ သိလော့ ဤသို့စသော အခေါ်အဝေါ် အပြောအဆိုသည်ဌင်း ရေ မရှိသော ခြောက်နေသော ရေမြောင်းကို (ရေ မလာခင်) ကောက်နေလျှင် ဖြောင့်အောင်ပြုခြင်း, သစ်ရွက် သစ်ခက် စသည်ကို ဖယ်ပေးခြင်းသည်ဌင်း အပ်၏ဟု ခေါ်ဝေါ်သောကြောင့် ကပ္ပဝေါဟာရ မည်၏၊ ["ကပ္ပိယ ဝေါဟာရ" ဟုလည်း ခေါ်၏။]

အကပ္ပိယဝေါဟာရ။ ။ကပ္ပိယဝေါဟာရနှင့် စပ်၍ အကပ္ပိယဝေါဟာရကို လည်း သိထိုက်၏၊ စိမ်းစိုသော သစ်ပင်တို့ကို ကိုယ်တိုင်ခုတ်ဖြတ်ခြင်း, သူတပါးတို့ကို အခုတ်အဖြတ်ခိုင်းခြင်း သည်ဌင်း တွင်းတူးမှု သစ်ပင်စိုက်မှု သစ်ပင်အရင်း၌ ကန်သင်းဖွဲ့မှု ကန်သင်းဆယ်မှု သစ်ပင်၌ ရေလောင်းမှု ရေလာနေသော မြောင်းကို ဖြောင့်အောင်ပြုမှု ဤအားလုံးတွင် တခုခုကို ကိုယ်တိုင်ပြုခြင်း သူတပါးကို မအပ်သော အပြောအဆိုဖြင့် ခိုင်းခြင်းသည် အကပ္ပိယဝေါဟာရမည်၏။ ဤ အကပ္ပိယဝေါဟာရဖြင့် မိမိ (ရဟန်း သံဃာများ) သုံးစွဲဘို့ရန်ကိုယ်တိုင်လည်း မပြုကောင်း၊ သာမဏေ-လူဝတ်ကြောင်ကိုလည်း မခိုင်းကောင်း။

ပရိယာယ။ ။လိမ္မာတဲ့သူဟာ စားပင် ပန်းပင်ကလေးတွေ စိုက်ထားလျှင်သင့်တယ်၊ ထိုစားပင် ပန်းပင်ကလေးတွေဟာ မကြာခင် ကျေးဇူးများနိုင်တယ်၊

၃၀၁။ ဝုတ္တာဝ ဝေဇ္ဇိကာ ဇယ်-ပေသနေ ဂိဟိကမ္မသု။
ဌပေတ္ဝာ ပိတရော ဘဏ္ဍံ၊ ဝေယျာဝစ္စကရံ သကံ။

၃၀၂။ ဒုက္ကဋံ ပဒဝါရေန၊ ဟရဏေ ဒုတသာဿနံ။
သာသန အဂ္ဂဟေတ္ဝာပါ၊ ပဌမ ဝဒတော ပုန။

၃၀၁,၂။ ဝေဇ္ဇိကာ၊ ဆေးကုမ္ဘကို။ ဝုတ္တာဝ၊ ဆိုအပ်ပြီးသည်သာ။ ဇယ်-ပေသနေ၊ သသုံးမြင်းခေါင်းဖြင့် သွားဘိုရာအစေအပါးခံခြင်း၌။ (ဝိနိစ္ဆ-

---

ဤသို့ ပြောခြင်းသည် သစ်ပင်စိုက်စေလို၍ ပရိယာယ်စကားကို ပြောခြင်း မည်၏။

[ဆောင်] ပန်းပင် စားပင်၊ စိုက်စေချင်၍၊ သူမြင်လောက်ငြား၊ ကိုယ့်အနားခဲ့၊ ပေါက်ပြား ပေါက်တူး၊ ဆောက်အဦးကို၊ အထူး ထားက၊ နိမိတ်ပြတည်း၊....ထိုမှတသွင်၊ ပန်း သစ်ပင်နှင့်၊ လက်တွင် တူးရွင်း၊ ကိုင်နေလျင်းမူ၊ ခေါ်ခြင်းသြဘာသ၊ ရိပ်ရောင်ပြတဲ့၊... တဝ သိစမ်း၊ ကပိုစမ်းဟု၊ ထုံးတမ်းညီထွေ၊ ပြုလုပ်စေနှင့်၊ ရေမရောက်ခင်၊ မြောင်းခြောက်ပြင်သော်၊ ခေါ်တွင်ကပိုယ၊ ဝေါဟာရမှတ်၊....မအပ် မဏ္ဍာ၊ ခိုင်းစေမှာမှု၊ တူးကွာစိုက်စမ်း၊ ရေလောင်းစမ်းနှင့်၊ ရေလမ်း ဖြောင့်ကြောင်း၊ ရေရှိမြောင်းဝယ်၊ အမှိုက်ဆယ်တင်၊ မြောင်းကိုပြင်က၊ ခေါ်တွင်အကပိုယ၊ ဝေါဟာရတည်း၊....ထိုမှတသွယ်၊ အမြင်ကျယ်သည့်၊ သူငယ်မောင်ရှင်၊ ပန်းသစ်ပင်ကို၊ စိုက်လျင်နောက်သား၊ ကျေးဇူး များဟု၊ စကားပရိယာယ်၊ စိုက်အောင်ခြယ်သည်၊ မှတ်ဘွယ်အချုပ် ငါးပါးတည်း။

ဝုတ္တာဝ ဝေဇ္ဇိကာ ဇယ်ပေသနေ။ ။ကုလဒူသနဝတ္ထုရှစ်ပါးတွင် "ပုပ္ပံ၊ ပေ၊ မတ္တိကံ" ဟု ခြောက်ပါးကိုသာ ပြခဲ့ရသေး၏၊ ယခုအခါ ဝေဇ္ဇိကာနှင့် ဇယ်-ပေသနိကကို ပြလိုသောကြောင့် "ဝုတ္တာဝ" စသည်ကို မိန့်သည်၊ ဆေးကုမ္ဘ ဟူသော ဝေဇ္ဇိကာကို ရှေ့မိစ္ဆာဇီဝဝိဝဇ္ဇန အခန်းဌ ဆိုအပ်ပြီးဖြစ်၍ ဤဌ အထူး ဆိုဘွယ်မလိုတော့၊ ရှေ့၌ မပြအပ်သေးသော ဇယ်ပေသနိကကိုသာ ယခုဆိုတော့

ယော၊ အဆုံးအဖြတ်ကို။ ဝုစ္စတိ၊ ဆိုအပ်၏။ ဝါ၊ ဆိုဦးအုံ။) ဂိဟိကမ္မသု၊ လူတို့၏အလုပ်တို့၌။ ပိတရော၊ မိဘ တို့ကိုဂုဏ်း။ ဘဏ္ဍု၊ ရှင်လောင်းကိုဂုဏ်း။ သကံ ဝေယျာဝစ္စကရံ၊ မိမိ၏ဝေယျာဝစ္စပြုသူကိုဂုဏ်း။ ဌပေတွာ၊ ထား၍။ ဒုတသာသနံ၊ တမန်သည်ဘို့၏အလုပ်ဖြစ်သော သဝဏ်စာလွှာ နှုတ်မှာစကား ကို။ ဟရတော၊ ဆောင်ခြင်း၌။ ပဒဝါရေန၊ ခြေလှမ်းအကြိမ်အားဖြင့်။ ဝါ၊ ခြေလှမ်းတိုင်း။ ဒုက္ကဋံ၊ ဒုက္ကဋ်အာပတ်သည်။ (ဟောဘိ၊ ဖြစ်၏။) သာသနံ၊ သဝဏ်စာလွှာ နှုတ်မှာစကားကို။ ပဌမံ၊ ရှေးဦးစွာ။ ဝါ၊ အစတုန်းက။ အဂ္ဂဟေတွာပိ၊ မယူမူ၍လည်း။ ပုန၊ တဖန်။ ဝဒတော၊ ပြောသောရဟန်း၏။ ဒုက္ကဋံ၊ ဒုက္ကဋ် အာပတ်သည်။ (ဟောဘိ၊ ဖြစ်၏။) (ဝိ ဋ္ဌ ၂-၂၁၁)

မည်—ဟူလို၊ [ဝုတ္တာဝ မိစ္ဆာဒိဝိဝိဇ္ဇနာယံ ဝုတ္တာ ဝေ၊ ဇယ်ပေသနေ ဝိနိစ္ဆယော ဝုစ္စတိတိ ပါဌသေသော၊—ဋီကာသစ်။]

ဂိဟိကမ္မသု၊ ပေ၊ ဒုတသာသနံ။ ။မိဘ, ရှင်လောင်း, မိမိဝေယျာဝစ္စပြုသူ ဤသူများ၏ နှုတ်မှာစကားကို ယူဆောင်ကောင်း၏၊ [သီတင်းသုံးဘော် ၅-ဦးတို့အတွက် ယူဆောင်ကောင်းကြောင်းကို အကူးဆိုဘွယ် မလိုသောကြောင့် မိဘစသူတို့ကိုသာ ပြသည်၊] ထိုသူတို့ကို ချန်ထား၍ ထိုသူတို့မှတပါး အခြားလူဝတ်ကြောင်တို့၏ တမန်သည်အလုပ်ကို လုပ်လျှင် ခြေလှမ်းတိုင်း၌ ဒုက္ကဋ် တချက် တချက် သင့်၏၊ "ဒုတသာသနကိုပင် ဇယ်ပေသန" ဟု ခေါ်၏၊ [ဇယ်ပေသနိယန္တိ ဂိဟိနံ ဒူတေယျသာသနဟရဏကမ္မံ ဝုစ္စတိ၊—ကုလ-ဒူသကသိက္ခာပုဒ် အဋ္ဌကထာ။]

သာသနံ ၊ပေ၊ ပုန။ ။ခရီးသွားမည်ရဟန်းအား လူတို့က "အရှင်ဘုရား သွားမည်လမ်းက မည်သည်ရွာဝယ် မည်သူအား မာကြောင်း သာကြောင်းနှင့် တကွ အခြားအကြောင်းကို ပြောလိုက်ပါ" ဟု မှာလျှင် "ဒီလို မမှာကောင်း" ဟု ပယ်ရမည်၊ ထိုသို့ ပယ်ပြီးပါလျက် ထိုအမှာစကားနှင့်ဆိုင်သော ရွာအနား ရောက်မှ "လူတို့က မှာလိုက်သောအကြောင်းကို ပြောဦးမည်" ဟု ကြံ၍ သွားမြဲလမ်းမှဖဲ့ကာ ထိုရွာသို့သွားလျှင် ခြေလှမ်းတိုင်း ဒုက္ကဋ်အာပတ်ပင်တည်း။

ဒုဋ္ဌသိက္ခာ ၂၅—ပ-မ-ဗ-သ-စ

၃၀၃။ ဥပ္ပန္နပစ္စယာ ဧဝံ၊ ပဥ္ဆန္နမ်ိဳ အာကပ်ိယာ။
အာဘူတာရောစနာရူပ-သံဝေါဟာရဂ္ဂဟာဒိသာ။

၃၀၃။ ဧဝံ၊ ဤသို့။ ဝါ၊ ဤကုလဒူသနအကြောင်းကြောင့်။ ဥပ္ပန္နပစ္စယာ၊ ဖြစ်သော ပစ္စည်းတို့သည်။ ပဥ္ဆန္နမ်ိဳ၊ သိတင်းသုံးဘော် ငါးဦးတို့အားလည်း။ အာကပ်ိယာ၊ မအပ်ကုန်။ အာဘူတာရောစနာရူပသံဝေါဟာရဂ္ဂဟာဒိသာ၊

ဋီကာသစ်။ ။ပထမံ သာသနံ အဂ္ဂဟေတ္ဝာပိ ပုန ဝဒတော ဒုက္ကဋံတိ ယောဇေတဗ္ဗံ ၊ပေ၊ အယံ ဒါနိ သော ဂါမော–ယခု ဤရွာဟာ ထိုသူတို့ ပြောဆိုအပ်သော ရွာပင်ဖြစ်၏။ ဟန္ဒ နံ သာသနံ အာရောစေမိတိ မဂ္ဂါ သြက္က-မန္တဿ စ ပဒေ ပဒေ ဝဒတော စ ဒုက္ကဋန္တိ အဓိပ္ပါယော။

မှတ်ချက်။ ။သာသနံ အဂ္ဂဟေတ္ဝာ အာဂတေန ပန (နှုတ်မှာစကားကို မယူဘဲ ရောက်လာသော ရဟန်းသည်ကား) ဘန္တေ တသ္မိံ ဂါမေ ဣတ္ထန္နာမဿ ကာ ပဝတ္တိဘိ ပုစ္ဆိယမာနေန ကထေတုံ ဝဋ္ဋတိ–“အရှင်ဘုရားလာခဲ့ရာ ရွာက မည်သူဟာ ဘယ်လိုပါလဲ ကျန်းမာပါရဲ့လား” စသည်ဖြင့် မေးလျှင် အကြောင်း အရာကို ဖြေဆိုကောင်းပါ၏၊–ကုလဒူသကသိက္ခာပုဒ် အဋ္ဌကထာ၊ “တဿ ပန သာသနံ ပဋိက္ခိပိတ္ဝာ (သူ၏နှုတ်မှာ စကားကို ပယ်ခဲ့၍) သယမေဝ ကာရဏေ ဌိတော (မိမိဘာသာ ကရုဏာဌာန် တည်သည်ဖြစ်၍) ဂန္ဆာ အတ္တနော ပတိရူပံ သာသနံ အာရောစေတိ အနာပတ္တိ (သွားပြီးလျှင် မိမိအား လျောက် ပတ်သော သိတင်းစကားကိုပြောလျှင် အာပတ်မသင့်)” ဟု တရားကထိက် ဋီကာဖွင့်၏၊ ရတနာ ၃-ပါးနှင့်စပ်သော နှုတ်မှာစကားကိုကား ပြောကောင်း သည်သာ၊ ဥပမာ–“ဆွမ်းစားပင့်ပေးစမ်းပါ” ဟုခိုင်းလျှင် လုပ်ကောင်း သည်သာ၊ သို့သော် အလှူအတန်းကိစ္စတို့၌ ဝေယျာဝစ္စကရ အဖြစ်ဖြင့်ကား သွား၍ မပြုကောင်း။

ဥပ္ပန္နပစ္စယာ ၊ပေ၊ အာကပ်ိယာ။ ။ဤမေဟိ ပန အဋ္ဌဟိ ကုလဒူသက-ကမ္မေဟိ ဥပ္ပန္နပစ္စယာ ပဥ္ဆန္နမ်ိဳ သဟဓမ္မိကာနံ နှ ကပ္ပန္တိ–ဤကုလဒူသနအမှု ရှစ်မျိုးကြောင့် ရအပ်သော ပစ္စည်း ၄-ပါးတို့သည် သိတင်းသုံးဘော် ၅-ဦးလုံး တို့အားပင် မအပ်ကုန်၊–ကုလဒူသကသိက္ခာပုဒ် အဋ္ဌကထာ။

မဟုတ်မမှန်သော ဥတ္တာရိမနုဿဓမ္မကို ပြောခြင်း, ရှေ့ငဲ့ကို ရောင်းငယ်ခြင်း, ရှေ့ငဲ့ကို ခံယူခြင်းတို့ကြောင့်ဖြစ်သော ပစ္စည်းဟူသော ညှဉ်ပြကြောင်း ဥပမာရှိကုန်၏။ ဝါ၊ ရှေ့ငဲ့ကို ခံယူခြင်းကြောင့် ဖြစ်သော ပစ္စည်းနှင့် အလားဘူးကုန်၏။ (ဝိဒ္ဒ ၂-၂၁၁)

၃၀၄။ ဟာရာပေဘွာ ဟရိတွာပိ၊ ပိတူနံ သေသဉ္ဉာတိနံ။
ပတ္တာနံ ဝဏ္ဏုပ္ပဇ္ဇဏ္ဌံ၊ ဒါတုံ ပဋိပါနိ လဗ္ဘတိ။
မဏ္ဍနဏ္ဌဉ္စ လံင်္ဂါဒိ-ပုဗ္ဗဏ္ဌဉ္စ နာ လဗ္ဘတိ။

ပိဘူနံ၊ မိဘဘိုဘို။ ဟာရာပေဘွာ၊ သူတပါးကို ဆောင်စေ၍ဌင်း။ ဟရိတွာပိ၊ ကိုယ်ဘိုင်ဆောင်၍ဌင်း။ ဝဏ္ဏုပ္ပဇ္ဇတ္ထံ၊ ဘုရားအစရှိသော ဝတ္ထုကို ပူဇော်

အဘူတ ၊ပေ၊ ရုဂ္ဂဟာဒိသာ။ ။အဘူတာရောစန – မဟုတ်မမှန်သော ဥတ္တာရိမနုဿဓမ္မကို ဝါကြွားရှိ ပြောဆိုခြင်း (ပြောဆိုခြင်းကြောင့် ရအပ်သော ပစ္စည်းတိုင်အောင် ယူပါ၊ နောက်၌လည်း နည်းတူ) ရူပိယသံဝေါဟာရ – ရှေ့ငဲ့ဖြင့် ရောင်းဝယ်ခြင်း ဥဂ္ဂဟ – ရှေ့ငဲ့ကို ခံယူခြင်းကြောင့် ရအပ်သော ပစ္စည်းတို့သည် + အာဒိသာ – ညှဉ်ပြကြောင်း ဥပမာတို့တည်း၊ [အာဒိသိယန္တိ + တောယာတိ အာဒိသာ (ညှဉ်ပြကြောင်း ဥပမာ) အဘူတာရောစန ရူပိယသံဝေါဟာရဥဂ္ဂဟာ + အာဒိသာ ယေသံတိ အဘူတ ၊ပေ၊ ရုဂ္ဂဟာဒိသာ၊ ဤသို့ ဗဟုဗ္ဗီဟိ တဒ္ဓိသင့်မည် ထင်၏၊ ဋီကာသစ်၌ “အဘူတ ၊ပေ၊ ဥပဉ္ဇနပစ္စယေ – တို့ကို + အာဒိသန္တိ ကထေန္တိ ပကာသေန္တိတိ အဘူတ ၊ပေ၊ ရုဂ္ဂဟာဒိသာ” ဟု ဒုတိယာတပ္ပုရိသ် ပြုလေသည်၊ ဆိုလိုရင်းမှာ – ထိုပစ္စည်းမျှားနှင့် ကုလဒုဿနကြောင့် ဖြစ်စေအပ်သော ပစ္စည်းတို့သည် သီတင်းသုံးဘော် ၅-ဦးတို့အား မအပ်ခြင်းအားဖြင့် တူကြသည် – ဟူလို။]

ဟရာပေတွာ ၊ပေ၊ ပိတူနံ။ ။“ပန်းကို အဘယ်သူအား ပေးကောင်းသနည်း” ဟု မေးဘွယ်ရှိ၍ ဤဂါထာကို မိန့်သည်၊ မိဘတို့အား ကိုယ်တိုင်

ခြင်း အာကျိုးငှါ။ ပုဗ္ဗပါနိ၊ ပန်းတို့ကို။ ဒါတုံ၊ ပေးခြင်းငှါ။ ဝါ၊ ပေးခဉ့်ကို။ လဗ္ဘတိ၊ ရအပ်၏။ ပတ္တာနုံ၊ ရောက်လာကုန်သော။ သေသညာတီနုံ၊ မိဘမှ ကြွင်းသော ဆွေမျိုးတို့အား။ ဝတ္ထုပူဇတ္ထံ၊ ဘုရားအစရှိသော ဝတ္ထုကို ပူဇော် ခြင်းအာကျိုးငှါ။ ပုဗ္ဗပါနိ၊ ပန်းတို့ကို။ ဒါတုံ၊ ပေးခြင်းငှါ။ ဝါ၊ ပေးခဉ့်ကို။ လဗ္ဘတိ၊ ရအပ်၏။ မဏ္ဍနတ္ထဉ္စ၊ တန်ဆာဆင်ခြင်း အာကျိုးငှါလင်း။ လိင်္ဂါဒိ-ပူဇတ္ထဉ္စ၊ သိဝနတ်၏ အင်္ဂါဇာတ် အစရှိသည်ကို ပူဇော်ခြင်းအာကျိုးငှါလင်း။ ပုဗ္ဗပါနိ၊ ပန်းတို့ကို။ ဒါတုံ၊ ပေးခြင်းငှါ။ ဝါ၊ ပေးခဉ့်ကို။ လဗ္ဘတိ၊ ရအပ်၏။ [သိဝကို မဟာဒေဝဟုလည်း ခေါ်၏။] (ဝိ ဋ္ဌ ၂-၂၀၉)

ဆောင်ယူ၍လင်း ဆွေမျိုးတော်သော သာမဏေတို့ကို အယူခိုင်း၍လင်း မိမိပိုင် ပန်းကို ပေးကောင်း၏၊ ဆောင်ယူ၍သော်မှ ပေးကောင်းလျှင် ခေါ်၍, အခေါ် ခိုင်း၍ ပေးကောင်းမူ၌ အထူးပြောဘွယ်မလိုဟု မှတ်ပါ၊ [မာတာပိတူနံ တာဝ ဟရိတ္ဝာပိ ဟရာပေတ္ဝာပိ ပက္ကောသိတ္ဝာပိ ပက္ကောသာပေတ္ဝာပိ ဒါဘုံ ဝဋ္ဋတိ၊– ကုလဒူသကသိက္ခာပုဒ် အဋ္ဌကထာ။]

သေသညာတီနုံ ပတ္တာနုံ။ ။မိဘမှကြွင်းသော ဆွေမျိုးတို့အား ရောက်လာမှသာ ပေးကောင်း၏၊ "ရောက်လာ" ဟူရာ၌ ခေါ်သောကြောင့် ရောက်လာခြင်းလည်း ပါဝင်၏၊ ပတ္တာနန္တိ – ပတ္တာနုံပါဠိဖြင့်၊ ပက္ကောသနေန ပတ္တာပိ ဂဟိတာ – ခေါ်ခြင်းကြောင့် ရောက်လာသော ဆွေမျိုးတို့ကိုလည်း (ပိ-ဖြင့် မခေါ်ဘဲ ရောက်လာသူတို့ကို ပေါင်း) ယူအပ်ကုန်ပြီ၊ – ဋီကာသစ်။

ဝတ္ထုပူဇတ္ထံ။ ။ထိုသို့ ပန်းပေးရာ၌ ရတနာ ၃-ပါးဟူသော ဝတ္ထုကို ပူဇော်ဘို့ရာသာ ပေးကောင်း၏၊ ပန်ဆင်ဘို့ရာရင်း (မဟာဒေဝနတ်၏ အင်္ဂါဇာတ်ကို ဣန္ဒိယ၌ ပူဇော်လေ့ရှိ၏) ထိုသို့ ပူဇော်ဘို့ရာရင်း မပေးကောင်း၊ လိင်္ဂါဒိ၌ အာဒိဖြင့် ရတနာ ၃-ပါးမှတပါး နတ်စသည်ကိုလည်း ယူပါ၊ [ပန်း ပူဇော်ဘို့ရန် အခြားဒါယကာတို့အား ပေးကောင်းသော အရာတို့ကို အဋ္ဌ-ကထာ၌ မျှားစွာ ဆိုထားသည်။]

၃၀၅။ တထာ ဖလံ ဂိလာနာနံ၊ သမ္မတ္တိဿရိယဿ စ။
ပရိဗ္ဗယဝိဟီနာနံ၊ ဒါတုံ သပရသန္တကံ။

၃၀၅။ သပရသန္တကံ၊ မိမိဥစ္စာ , အက္ခမ်းဝင်သော သူတပါး၏ ဥစ္စာဖြစ်သော။ ဖလံ၊ အသီးကို။ တထာ၊ ထို့အတူငှင်း။ ဂိလာနာနံ၊ မကျန်းမာသော သူတို့အားငှင်း။ သမ္မတ္တိဿရိယဿ စ၊ ရောက်လာသော အစိုးရခြင်းရှိသောသူ အားငှင်း။ ပရိဗ္ဗယဝိဟီနာနံ၊ ယုတ်လျော့ကုန်ခန်းသော ရိက္ခာရှိသော ခရီး သွားဥ့ဿည်တို့အားငှင်း။ ဒါတုံ၊ ပေးခြင်းငှါ။ ဝါ၊ ပေးခွင့်ကို။ လဗ္ဘတိ၊ ရအပ်၏။ (ဝိ ဋ္ဌ ၂-၂၁၀-၁)

တထာ ဖလံ။။ ။တထာဖြင့် ပန်းပေးတုန်းက ရွေဂါထာ၌ "ဟရာပေတ္ဝာ ဟာရိတ္ဝာပိ" စသည်ဖြင့် ပြအပ်ပြီးသော အပ်-မအပ်ကို ပြန်၍ညွှန်းသည်။ [ဖလမိ့ အတ္တနော သန္တကံ ဝုတ္တနယေနေဝ (ပုပ္ဖဒါန၌ ဆိုအပ်ပြီးသောနည်းဖြင့် သာလျှင်)မာတာပိတူနံ သေသဉာတကာနံ စ ဒါတုံ ဝဋ္ဋတိ၊....ကုလသင်္ဂဟတ္ထာယ ပန ဒေန္တဿ ဝုတ္တနယေနေဝ အတ္တနော သန္တကေ ပရသန္တကေ သံယိကေ သေနာသနတ္ထာယ နိယမိတေ စ ဒုက္ကဋာဒီနိ ဝေဒိတဗ္ဗာနိ၊- ကုလဒူသက သိက္ခာပုဒ် အဋ္ဌကထာ။]

ဂိလာနာနံ၊ ပေ၊ သပရသန္တကံ။။ ။"ပရသန္တက" ဟူရာ၌ မိမိနှင့် အက္ခမ်းဝင်သော သူတပါးကို "ပရ" ဟု ဆိုလိုသည်။ [ပရောတိ အတ္တနော ဝိဿာသညာ-တကော ဧဝ (အက္ခမ်းဝင်သော ဆွေမျိုးမတော်သော သူတပါးကိုသာ) အဓိပ္ပေတော၊-ဋီကာဟောင်း၊] မိမိ၏သစ်သီးကိုငှင်း မိမိနှင့်အက္ခမ်းဝင်သူ၏ သစ်သီးကို ဝိဿာသဂ္ဂါဟဖြင့် ယူ၍ငှင်း မိဘ, သေသဉာတိတို့နှင့်တကွ ဂိလာနလူ, ရောက်လာသောအစိုးရ, ရိက္ခာကုန်၍ ကျောင်းသို့ဝင်လာသော ည့ဿည်လူတို့အား ပေးကောင်း၏။

အဋ္ဌကထာ။။ ။အတ္တနော သန္တကံယေဝ ဂိလာနမနုဿာနံ ဝါ သမ္မတ္တက္ကဿ-ရာနံ ဝါ ခီဏပရိဗ္ဗယာနံ ဝါ ဒါတုံ ဝဋ္ဋတိ၊ ဖလဒါနံ နာဟောတိ (ကုလသင်္ဂဟ အကျိုးငှါ သစ်သီးပေးရာမရောက်။) [ဤအဋ္ဌကထာ၌ "အတ္တနော သန္တကံ-

၃၀၆။ ဘာဇေန္တေ ဖလပုပ္ဖမ္ပိ၊ ဒေယျံ ပတ္တာသ ကာသစိ။
သမ္မတေနာပလောကေတ္ဝာ၊ ဒါတဗ္ဗမိတရေန တု။

၃၀၆။ ဖလပုပ္ဖမ္ပိ၊ သစ်သီးပန်းကို။ ဘာဇေန္တေ၊ ဝေဘန်အပ်စဉ်။ (ယပစ္စည်း အကြေကြံ၊ အန္တေပစ္စည်းကံဟော။) ပတ္တာသ၊ ရောက်လာသော။ ကာသစိ၊ တစုံတယောက်အား။ (လူဝတ်ကြောင်ဖြစ်ဖြစ် သာမဏေဖြစ်ဖြစ် တစုံတယောက်အား။) သမ္မတေန၊ သမုတ်အပ်သော ရဟန်းသည်။ ဝါ၊ ဖလ-ဘာဇက ပုပ္ဖဘာဇက သမ္မုတိရသော ရဟန်းသည်။ ဒေယျံ၊ ပေးထိုက်၏။ ဣတရေန တု၊ သမ္မုတိရသော ရဟန်းမှတပါး သမ္မုတိမရသော ရဟန်းသည်ကား။ အပလောကေတ္ဝာ၊ သံဃာကိုပန်လျှောက်၍။ ဒါတဗ္ဗံ၊ ပေးထိုက်၏။ (ဝိ ဋ္ဌ ၂-၂၁၁)

ယေဝ” ဟု မိမိဥစ္စာကိုသာ ပြ၏၊ အကျမ်းဝင်သော သူတပါး၏ဥစ္စာကို မပြ၊ “ထိုသို့မပြခြင်းမှာ ထုလ္လစ္စဉ်းစသော အာပတ်အပြားမှ လွတ်စေလိုခြင်းကြောင့်တည်း” ဟု ဋီကာသစ်ဆို၏၊ သူတပါးဥစ္စာကို (အကျမ်းဝင်သူ၏ ဥစ္စာကိုပင်သော်လည်း) ထေယျစိတ်ဖြင့် ယူ၍ပေးလျှင် ထုလ္လစ္စဉ်းစသော အာပတ်များလည်း သင့်နိုင်၏၊ ထိုအာပတ်များမှလွတ်အောင် မိမိဥစ္စာကိုသာပြသည်-ဟူလို။]

ဘာဇေန္တေ။ ။သံဃိကပစ္စည်း သို့မဟုတ် ပန်းကို သံဃာအား၀ေနေစဉ် ရောက်လာသော သာမဏေ, လူတို့အား တ၀က်ကို (သံဃာရအုပ်ော အဖို့၏ တ၀က်ကို) ပေးကောင်း၏၊ ထိုသို့ပေးရာ၌ ၀ေစု၀ေသောရဟန်းက ဖလဘာဇ-ကသမ္မုတိရလျှင် သံဃာအားခွင့်တောင်းနေဘွယ်မလို၊ ဖလဘာဇက(သစ်သီး ၀ေသူ)ဟု သံဃာက သမ္မုတိပေးထားသူ မဟုတ်လျှင်ကား သံဃာ့အထံ (ပေးဘို့ရန်)ခွင့်ပန်ပြီးမှ ပေးရသည်။ – ထိုအဋ္ဌကထာ။

ဆက်ဦးအံ့—“သမ္မတေန ပုပ္ဖဘာဇကေန ဘာဇနကာလေ သမ္ပတ္တာနံ သာမဏေရာနံ ဥပနာဘာဂံ ဒါတုံ ဝဋ္ဋတိ – ပုပ္ဖဘာဇကအဖြစ်ဖြင့် သမုတ်အပ်

သော (သမ္မုတိရသော)ရဟန်းသည် ဝေဘန်ချိန်၌ ရောက်လာသော သာမဏေတို့အား ရဟန်းတို့၏ တဝက်သောအဖို့ကို ပေးကောင်း၏''ဟု ထိုအဋ္ဌကထာဆို၏၊ ထိုစကား၌ ''တဝက်ပေးကောင်း၏''ဟူရာဝယ် ကျောင်းတိုက်၌ သံဃာများအတွက် တာဝန်မဆောင်သော သာမဏေတို့ကို ရည်ရွယ်သည်၊ ထို သာမဏေတို့ကို ရည်ရွယ်သောကြောင့်ပင် ''အနုဇာနာမိ ဘိက္ခဝေ သာမဏေရာနံ ဥပဖုပဋိဝိသံ ဒါတုံ''ဟု စိဝရက္ခန္ဓက ပါဠိတော်၌ မိန့်တော်မူသည်။ သံဃာ့တာပန်ကို ဆောင်ကြရသော သာမဏေများအတွက်ကား ရဟန်းတော်များနှင့် ညီမျှသောအဖို့ကို ပေးကောင်းပါသည်။

အဋ္ဌကထာ။ ။သစေ သာမဏေရာ အာဂန္တွာ မယံ ယာဂုံ ပစာမ, ဘတ္တံ ပစာမ, အပ္ပဟရိတကံ (စိမ်းစိုသော မြက်သစ်ပင်မရှိအောင်) ကရောမ, ဒန္တကဋ္ဌံ အာဟရာမ(တောမှဆောင်ယူပေးကြရပါကုန်၏)။ ရင်ဆလ္လိံ (ဆိုးရည်ခေါက်ကို)ကပ္ပိယံ ကတ္ဝာ ဒေမ, ကိံ အမှေဟိ နု ကတံ နာမ (တပည့်တော်တို့ မပြုရတာ ဘာရှိသေးသလဲ)၊ ဣတိ ဥက္ကုဋ္ဌိံ ကရောန္တိ(ဤသို့ ကြွေးကြော်ကြ, အရေးဆိုကြကုန်အံ့)၊ သမဘာဂေါဝ ဒါတဗ္ဗော၊ –(သင်္ဃိကဝေစုဝေနည်းကို ပြသော) မဟာဝဂ္ဂစိဝရက္ခန္ဓကအဋ္ဌကထာ။

မှတ်ချက်။ ။ဦးကာသစ်၌ ''ဒေယျန္တိ စတုတ္ထဘာဂံ (၄-ပုံ တပုံကို)''ဟု တွေ့ရ၏၊ ပန်းပေးတုန်းက အဋ္ဌကထာဖွင့်အပ်သော ''မဟာပစ္စရိယံ စုဋ္ဌကံ (၄-ပုံ တပုံကို) ဒါတုံ ဝဋ္ဋတိတိ ဝုတ္တံ''ဟူသော အဖွင့်ကို ယူဟန်တူသည်၊ ဤဋ္ဌယသာ ကဿစိဖြင့် ''သာမဏေဖြစ်ဖြစ် လူဖြစ်ဖြစ်''ဟု ဆိုထားသောကြောင့် ''တဝက်ပေးရမည်''ဟူသောဝါဒသာ ဂါထာ၏အလိုကျမည်။

၃၀၇။ ဝိဟာရေ ဝါ ပရိစ္ဆိဇ္ဇ၊ ကတ္ဝာန ကတိကံ တတော။
ဒေယျံ ယထာပရိစ္ဆေဒံ၊ ဂိလာနဿေတရဿ ဝါ။
ယာစမာနဿ ကတိက-ကတရုက္ခာ ဝ ဒဿိယာ။

၃၀၇။ ဝိဟာရေ ဝါ၊ ကျောင်းတိုက်၌မူလည်း။ ပရိစ္ဆိဇ္ဇ၊ သစ်ပင် သစ်သီးကို ပိုင်းခြား၍။ ကတိကံ၊ ကတိကဝတ်ကို။ ကတ္ဝာန၊ ပြုပြီး၍။ တတော၊ ထိုပိုင်းခြားအပ်ပြီးသော သစ်ပင်သစ်သီးမှ။ ယာစမာနဿ၊ တောင်းလာသော။ ဂိလာနဿ ဝါ၊ ဂိလာနအားဇင်း။ ဣတရဿ ဝါ၊ ဂိလာနမှတပါး အခြားသူ အားဇင်း။ ယထာပရိစ္ဆေဒံ၊ အကြင်အကြင် ပိုင်းခြားအပ်သည့်အတိုင်း။ ဒေယျံ၊ ပေးထိုက်၏။ ကတိကကတရုက္ခာ ဝါ၊ ပြုအပ်ပြီးသော ကတိကဝတ် ရှိသော သစ်ပင်တို့ကိုသော်လည်း။ ဒဿိယာ၊ ပြထိုက်ကုန်၏။ (ဝိ ဋ္ဌ ၂-၂၁၁)

ဝိဟာရေ ဝါ၊ ပေ၊ ကတိကံ။ ။သံဃာရာမေပိ ဖလပရိစ္ဆေဒေန ဝါ ရုက္ခ-ပရိစ္ဆေဒေန ဝါ ကတိကာ ကာတဗ္ဗာ=သံဃဿ အရာမ်(ခြံ)၌လည်း ဂိလာနလူစသူတို့အတွက် တောင်းလာလျှင် "အသိမည်မျှပေးနိုင်၏"ဟုဇင်း "မည်သည့် သစ်ပင်မှ ပေးနိုင်၏"ဟုဇင်း အသိးကိုပိုင်းခြား၍ ဖြစ်စေ သစ်ပင်ကို ပိုင်းခြား၍ဖြစ်စေ ကတိကဝတ် ပြုထားထိုက်၏။

တတော ဒေယျံ၊ ပေ၊ ယာစမာနဿ။ ။တတော ဂိလာနမနုဿာနံ ဝါ အညေသံ ဝါ ဖလံ ယာစန္တာနံ ယထာပရိစ္ဆေဒေန စတ္တာရိ ပဉ္စ ဖလာနိ ဒါတဗ္ဗာနိ =ထိုသို့ ကတိကဝတ် ပြုအပ်ပြီးသော သစ်ပင် သစ်သီးမှ တောင်းလာသော ဂိလာနလူတို့အားဇင်း အခြားဂိလာနမဟုတ်သူ လူတို့အားဇင်း "မည်ရွေ့ မည်မျှ"ဟုဇင်း "မည်သည့်သစ်ပင်"ဟူ၍ဇင်း ပိုင်းခြားထားသည့်အတိုင်း ၄-လုံး ၅-လုံးလောက်ပေးနိုင်သည်။

ကတိကကတရုက္ခာ ဝ ဒဿိယာ။ ။["ရုက္ခာ ဝါ"ဟု ဆိုလိုလျက် ဆန်းကို စောင့်ခြင်းငှါ "ရုက္ခာ ဝ"ဟု ဆိုထားသည်၊ "ကတိကကတရုက္ခာ"နေရာ၌ "ကတိကံ ဝတ္ဝာ ရုက္ခာ"ဟုလည်း မူကွဲရှိ၏။] "ရုက္ခာ ဝါ ဒဿေတဗ္ဗာ"

၃၀၈။ သိရိသ ကသဝါဒိနံ၊ စုဏ္ဏော သေသေ စ နိစ္ဆယော။
ယထာဝုတ္တနယော ဧဝ၊ ပဏ္ဏမ္မေတ္ထ ပဝေသယေတိ။

၃၀၈။ သိရိသ ကသာဝါဒိနံ၊ ကုက္ကိုဒခါက် , ဖန်ရည်ခါက် အစရှိသည် တို့၏။ (ကသာဝါ ဟု ဆိုလိုလျက်ဆန်းကြောင့် သဒ္ဒရဿပြုထားသည်။) စုဏ္ဏော၊ အမှုန့်ဦးဂုဏ်း။ သေသေ စ၊ ကြွင်းသော မတ်တိုက , ဒန္တကဋ္ဌ , ဝေဠုဒ်ဦးဂုဏ်း။ နိစ္ဆယော၊ အဆုံးအဖြတ်သည်။ ယထာဝုတ္တနယော ဧဝ၊ အကြင်အကြင် ဆိုအပ်ပြီးသော နည်းရှိသည်သာ။ ဧတ္ထ၊ ဤပုဗ္ဗဖအစရှိသည်တို့၌။ ပဏ္ဏမ်ိ၊ သစ်ရွက်ကိုလည်း။ ပဝေသယေ၊ သွင်းရာ၏။ ....ဤတိ၊ ကုလဒူသနနှင့် စပ်၍ မှတ်ဘွယ်အပြီးတည်း။ (ဝိ ဋ္ဌ ၂ - ၂၁၁)

ဤတော ဂဟေတုံ လဗ္ဘတီတိ=(ကိုယ်တိုင်မပေးလိုလျှင်)သံဃာက ကတိကဝတ် ပြုထားကြောင်း ပြောပြ၍ "ဤသစ်ပင်မှ အသီးကို ယူနိုင်၏" ဟု သစ်ပင် တို့ကိုသော်လည်း ပြောပြနိုင်သည်" ဟူသော ကုလဒူသကအဋ္ဌကထာကိုမှီသော ဂါထာတည်း။ [ဤဓ ဖလာနိ သုဒ္ဓရာနိ၊ ဤတော ဂဏှထာတိ ဧဝံ ပန နဝတ္တဗ္ဗံ– ဤသစ်ပင်က အသီးတွေကောင်းကုန်၏၊ ဤသစ်ပင်ကယူကြ" ဟုကား လော ကဝတ် မပြောကောင်း။]

သိရိသ၊ ပေ၊ နယော ဧဝ။ ။ပုပ္ဖ,ဖလတို့အတွက် ဝိနိစ္ဆယကို ပြုပြီး၍ စုဏ္ဏ စသည်တို့အတွက် ဝိနိစ္ဆယကို ညွှန်ပြလိုသောကြောင့် သိရိသစသည်ကို မိန့်သည်၊ သိရိသစုဏ္ဏ–ကုက္ကိုဒမှုန့်၊ ကသာဝစုဏ္ဏ–ဖန်ရည်ဆိုးစရာ သစ်ခေါက် တို့၏အမှုန့်၊ ဤသို့ အစရှိသော စုဏ္ဏတို့၏အမှုန့်ဦးဂုဏ်း စုဏ္ဏမှ ကြွင်းသော မတ်တိုက,ဒန္တကဋ္ဌ, ဝေဠုတို့ဦးဂုဏ်း အဆုံးအဖြတ်မှာ ပုပ္ဖ,ဖလတို့ဦး ဆိုအပ်ပြီးသော နည်းအတိုင်းသာ ဖြစ်သည်။ "စုဏ္ဏ–မျက်နှာချမှုန့်" ဟု ပေးရိုးရှိသော်လည်း မျက်နှာဦးသာမက ကိုယ်ဦး အသွေးမကောင်းလျှင် ကောင်းအောင် ပုတ်ချရသော အမှုန့်ဟု မှတ်ပါ။ ရှေမိစ္ဆာဇီဝအဓိဋ်းဦး အကျယ်ပြခဲ့ပြီ။] ဝေဠု, ဇယ်-

ပေသနိကန္နင့် ပုပ္ဖ, ဖလ, စုဏ္ဏတို့ကို ပြခဲ့ပြီး ဖြစ်၍ သေသအရ မတ္တိက, ဒန္တကဋ္ဌ, ဝေဋ္ဌတို့ကိုသာ ယူရသည်။]

ပဏ္ဏမ္မေတ္ထ ပဝေသယေ။။ ။ပဏ္ဏကိုလည်း (ပါဠိတော်၌ တိုက်ရိုက်မလာစေကာမူ) ဤကုလဒူသနဝတ္ထုရှစ်ပါး၌ သွင်းယူရသည်၊ "ပဏ္ဏ" ဟူရာ၌ အိမ်မိုးဘို့ထန်းရွက် စသော အရွက်တည်း၊ ဟင်းရွက်မျိုးလည်း ပါသင့်၏။

ဝဿူပနာယိကနိဒ္ဒေသ

ဝဿူပနာယိကာ စေဝါတိ၊ ''ဝဿူပနာယိကာ စေဝ'' ဟူသော ဥဒ္ဒေသ၏။
(နိဒ္ဒေသော၊ နိဒ္ဒေသကားး—)

၃၀၉။ ပုရိမိကာ ပစ္ဆိမိကာ၊ ဒုဝေ ဝဿူပနာယိကာ။
တတ္ထာလယပရိဂ္ဂါဟော၊ ဝစီဘေဒေါ စ ဒေသေ။

၃၁၀။ ''ဣမသ္မိံ ဝိဟာရေ ဣမံ၊ တေမာသံ ဝဿံ ဥပေမိ။
ဣမ ဝဿံ ဥပေမီ'' တိ၊ စိတ္တုပ္ပါဒေတ္ထ အာလယော။

၃၀၉, ၃၁၀။ ဝဿူပနာယိကာ၊ ဝါကပ်ခြင်းတို့သည်။ ပုရိမိကာ၊ ပုရိမ ဝါကပ်ခြင်းငင်း။ ပစ္ဆိမိကာ၊ ပစ္ဆိမဝါကပ်ခြင်းငင်း။ (ဣတိ၊ ဤသို့။) ဒုဝေ၊ ၂-ပါးတို့တည်း။ တတ္ထ၊ ထို၂-ပါးတို့၌။ အာလယပရိဂ္ဂါဟော၊ အာလယဖြင့်

ပုရိမိကာ၊ ပေ၊ နာယိကာ။ ။''ပုရိမဝါကပ်ခြင်း, ပစ္ဆိမဝါကပ်ခြင်း'' ဟု ဝါကပ်ခြင်း ၂-မျိုးရှိ၏။ [ဥပနယနံ–ကပ်ခြင်း၊ ဥပနာယော–ကပ်ခြင်း၊ ဥပ+နီ ဓာတ်, ဏ ပစ္စည်း၊ ဥပနာယော ဧဝ ဥပနာယိကာ၊ သဒ္ဒတ္ထ၌ ဣက ပစ္စည်း။] ဝဿံ–မိုးအခါ၌ နေခြင်းသို့+ဥပနာယိကာ – ကပ်ခြင်း၊ ဝဿူပနာယိကာ–မိုးအခါ၌ နေခြင်းသို့ကပ်ခြင်း။

ပုရိမိကာ ပစ္ဆိမိကာ။ ။ဝါဆိုလပြည့်ကျော် တရက်နေ့၌ ဝါကပ်ခြင်းသည် ပုရိမိကာမည်၏၊ ဝါခေါင်လပြည့်ကျော် တရက်နေ့၌ ဝါကပ်ခြင်းသည် ပစ္ဆိမိကာမည်၏၊ [ပုဗ္ဗေ-ပစ္ဆိမဝါကပ်ခြင်း၏ ရွေ့၌+ဘဝါ-ဖြစ်သော ဝါကပ်ခြင်းတည်း၊ ပုရိမာ-ရွေ့၌ ဖြစ်သော ဝါကပ်ခြင်း၊ ပုရိမာ ဧဝ (သဒ္ဒတ္ထ၌ ဣက ပစ္စည်းသက်၍) ပုရိမိကာ-ပုရိမိကာ မည်၏၊ ပစ္ဆိမိကာ၌လည်း နည်းတူ။ [ပစ္ဆိမိကာဃ ပုရေ+ဘဝါတိ ပုရိမာ၊ သာ ဧဝ ပုရိမိကာ၊—ဋီကာသစ်။]

နေရာကိုယူခြင်းငှင်း။ ဝစီဘေဒေါ စ၊ နှုတ်မြွက်ခြင်းငှင်း။ (ကွတိ၊ ဤသို့။ ဒုဝေ၊ ၂-ပါးတို့တည်း။ သော၊ ထို့-မျိုးသော အာလယပရိဂ္ဂါဟ, ဝစီဘေဒကို။) ဒေါသော၊ ဤကဲ့သို့ ရှုအပ်၏၊ (ကိုဴ၊ အာဃယ်သို့ ရှုအပ်သနည်း။) ကွမသို့ဴ ဝိဟာရေ၊ ဤကျောင်းတိုက်၌။ ကွမံ တေမာသံ၊ ဤ ၃-လပတ်လုံး။ ဝသံ၊ ဝါသို့။ ဝါ၊ မိုးအခါ၌ နေခြင်းသို့။ ဥပေမိ၊ ကပ်ရောက်ပါ၏။ ကွမ၊ ဤ အရပ်၌။ ဝသံ၊ ဝါသို့။ ဝါ၊ မိုးအခါ၌နေခြင်းသို့။ ဥပေမိ၊ ကပ်ရောက်ပါ၏။ ကွတိ၊ ဤသို့။ ဒေါသော၊ ဤကဲ့သို့ ရှုအပ်၏။ တွေ၊ ဤ ၂-ပါးတို့တွင်။ စိတ္တုပ္ပါဒေါ၊ ဝါကပ်ကြောင်း စိတ်၏ ဖြစ်ခြင်းသည်။ အာလယော၊ အာလယမည်၏။ ဝါ၊ ငြိကပ်တွယ်တာခြင်း မည်၏။ (ဝိ ပါ ၃-၁၉၂၊ ဝိ ဋ္ဌ ၃-၃၇၉၊ ၃၅၃-၅)

တတ္ထာလယပရိဂ္ဂါဟော ဝစီဘေဒေါ စ။ ။ထို ဝါကပ်ခြင်းသည် ပုရိမိကာဋ္ဌ အာလယပရိဂ္ဂါဟ, ဝစီဘေဒ ဟု ၂-ပါးပြား၏၊ ပစ္ဆိမိကာဋ္ဌလည်း ထို့အတူ ၂-ပါးပြား၏၊ [ဋီကာဟောင်းဋ္ဌ "ဝဿူပနာယိကာ" ဟု ပါဌသေသထည့်၏၊ ဋီကာသစ်ဋ္ဌ "ဒုဝေ" ဟုထည့်သည်။]

ဒေါသောပေါ ဥပေမိတိ။ ။အာလယပရိဂ္ဂါဟ, ဝစီဘေဒ ဟု အစဉ်ရှိသော်လည်း အကျယ်ပြသောအခါ ထို့အစဉ်ကို ဂရုမစိုက်ဘဲ ဝစီဘေဒ (နှုတ်မြွက်၍ ဝါကပ်ပုံ) ကို ရှေးဦးစွာ ပြသည်၊ "ကွမသို့ဴ ဝိဟာရေ ကွမံ တေမာသံ ဝဿံ ဥပေမိ" ဟု ၃-ခေါက်ဆို၍ ဝါကပ်ခြင်းသည် ဝစီဘေဒ ဝါကပ်ခြင်းတည်း။ "ကွမ ဝဿံ ဥပေမိ - ဤလျှင် မိုးလပတ်လုံး နေခြင်းသို့ ကပ်ရောက်၏" ဟု စိတ် ဖြစ်ခြင်းသည် အာလယဂ္ဂါဟ-ဝါကပ်ခြင်းတည်း။ [လှေမှုတပါး သတ္ထုလှည်း အပေါင်း, ဝဇ·နွားကျောင်းသားတို့၏ နေရာတို့ဋ္ဌ အာလယဂ္ဂါဟ ဝါကပ်နိုင်သည်။]

အနက် ပေးပုံ။ ။"ကွမသို့ဴ ဝိဟာရေ-ဤကျောင်းတိုက်၌။ ကွမံ တေမာသံ-ဤ ၃-လပတ်လုံး၊ ဝဿံ-ဝါသို့၊ ဝါ-မိုးအခါ၌ နေခြင်းသို့၊ ဥပေမိ-ကပ်ရောက်ပါ၏" ဟု အနက် ဆိုရသည်၊ ထိုသို့ ဆိုရာ၌ ဝါတွင်း ၃-လသည် မကျိုးမပြတ်

အောင် အဆက်မပြတ်နေရမည့် အစ္စန္တသံယောဂ ဖြစ်သောကြောင့် "ဣမံ တေမာသံ" ဟု အစ္စန္တသံယောဂအနက်၌ ဒုတိယာဝိဘတ် သက်ထားသည်၊ "ဥပေမိ"၌ အစ္စန္တသံယောဂ, အစ္စန္တသံယောဂဝန္တ စပ်ပါ၊ "တေမာသံ" ပုဒ်က အစ္စန္တသံယောဂ ဖြစ်သောကြောင့် ဝဿံပုဒ်က အစ္စန္တ သံယောဂ မဖြစ်နိုင်တော့၊ "ဥပေမိ၏ ကံဒုနက်သာ ဖြစ်နိုင်သည်၊ ထိုသို့ ကံအနက်ပေးရာဝယ် "ဝဿံ" အရ မိုးရွာခြင်းအနက်သာ ရသော်လည်း မိုးရွာရာ ကာလ ဖြစ်သော မိုးအခါကို ဌာန၂။ပစာရအားဖြင့် "ဝဿ" ဟု ယူ၍ ထိုမိုးအခါ၌ နေခြင်းကိုလည်း ပရမ္မုခပစာရ ဖြစ်သော ဌာနူပစာရအားဖြင့် "ဝဿ" ဟု ယူရသည်။ [ဝဿန္တိ ဂုဋ္ဌ၊ ဣမ ပန ဝဿကာလံ ဝဿန္တိ ဥပစာရေန ဂဟေတွာ, တတ္ထ ဝါသော ဥပစာရေနေဝ ဝဿန္တိ ဝုစ္စတိ၊– ဋီကာသဒ်။]

အာလယဂ္ဂါဟာ။ ။အလ္လီယတိ ဇတ္ထာတိ အာလယော-ကပ်ဥိတွယ်တာရာ အိမ် (ကျောင်း)၊ ခရီးသွားခိုက်ဝယ် ဝါကပ်ချိန်ရောက်သော်လည်း ကျောင်း မရှိသော ရဟန်းသည် "လှေကို, သို့မဟုတ် လှည်းအပေါင်းကို, သို့မဟုတ် ဝဇ-နွားကျောင်းသားတို့ နေရာဌာနကို မိမိ၏ ဝါတွင်းအခါ၌ နေစရာ" ဟု စိတ်ဖြစ်ခြင်းကို "အာလယ" ဟု ဆိုသည်၊ ထို အာလယကို ယူခြင်းသည် အာလယ-ပရိဂ္ဂါဟ (အာလယဂ္ဂါဟ) မည်၏၊ ထို အာလယဂ္ဂါဟ၌ကား နှုတ်ဖြင့်မဆိုရသဲ့ "ဤ(လှေ)၌ ဝါကပ်၏" ဟု စိတ်ဖြစ်ရုံမျှဖြင့် ဝါကပ်ရာရောက်၏၊ ကျောင်း မရှိသော ပုဂ္ဂိုလ်သည် ဝါမကပ်ရ၊ ထို့ကြောင့် ဝါဆိုသော အဓိပ္ပါယ်သို့ မရောက်စေဘဲ စိတ်ဖြစ်ရုံသာ ဖြစ်စေရသည်၊ ဥပေမိ၌ ဥပ+ဣမာတ်သည် ကပ်ရောက်ခြင်းအနက်ကို ဟော၏။ [အာလယဂ္ဂါဟကို အဋ္ဌကထာ၌ "အာလယကရဏ-ဥိကပ်မှုကို ပြုခြင်း" ဟု ဆိုသည်။]

၃၁။ နောပေတုကာမော အာဝါသံ၊ တဒဟု တိက္ကမေယျ ဝါ၊
ဘဝေယျ ဒုက္ကဋာပတ္တိ၊ ဇာနံ ဝါနုပဂစ္ဆတော။

၃၁။ တဒဟု၊ ထိုဝါကပ်ရာနေ့၌။ (ဆန်းကြောင့် "တဒဟု"ဟု ဒီဃဖြင့် ရှိရသည်၊) နောပေဘုကာမော၊ ဝါမကပ်လိုသည်။ (ဟုတ္ဝာ၊ ဖြစ်၍။) အာဝါသံ၊ ကျောင်းတိုက် ဥပစာကို။ အတိက္ကမေယျ၊ လွန်သွားအံ့။ (တဿ ဘိက္ခုနော ဝါ၊ ထိုရဟန်း၏ဂုဏ်း။) ဇာနံ (ဇာနန္တိဿ)၊ ဝါကပ်ရာနေ့ဟု သိလျက်။ အနုပဂစ္ဆတော ဝါ၊ ဝါမကပ်သော ရဟန်း၏ဂုဏ်း။ ဒုက္ကဋာပတ္တိ၊ ဒုက္ကဋ်အာပတ်သည်။ ဘဝေယျ၊ ဖြစ်၏။ (ဝိ ပါ ၃-၁၉၃)

၃၁၂။ ဒုတိယံ ဥပဂစ္ဆေယျ၊ ဆိန္နဝဿောနုပါဂတော။
န ပက္ကမေယျ တေမာသံ၊ အဝသိတ္ထာန စာရိကံ။

၃၁၂။ ဆိန္နဝဿော၊ ပြတ်သော ပုရိမဝါရှိသော ရဟန်းသည်၎င်း။ အနုပါဂတော၊ အန္တရာယ်ကြောင့် ပုရိမဝါ မကပ်ခဲ့ရသော ရဟန်းသည်၎င်း။ ဒုတိယံ၊ ဒုတိယဝါသို့။ ဝါ၊ ပစ္ဆိမဝါသို့။ ဥပဂစ္ဆေယျ၊ ကပ်ရာ၏။ တေမာသံ၊ ဝါဘွင်း ၃-လပတ်လုံး။ အဝသိတ္ထာန၊ မနေမူ၍။ စာရိကံ၊ ဒေသစာရီကို။ ဝါ၊ လှည့်လည်အပ်သောအရပ်သို့။ န ပက္ကမေယျ၊ မဖဲသွားရာ။ (ဝိ ပါ ၃-၁၉၃၊ ဝိ ဋ္ဌ ၃ ၃၄၉၊ ဝဇိရ ဋီ - ၅၇၃)

နောပေတုကာမော၊ပေ၊ နုပဂစ္ဆတော။ ။ဝါမကပ်လိုသည် ဖြစ်၍ မိမိရောက်နေရာ ကျောင်းကို (ကျောင်း၏ ဥပစာကို) ကျော်လွန်သွားတိုင်း တကျောင်းလွန် လျှင် တအာပတ်သင့်၏၊ ယနေ့ဝါကပ်ရာနေ့မှန်း သိပါလျက် ဝါမကပ်သော ရဟန်း မှာလည်း ဒုက္ကဋ်အာပတ် သင့်၏။

ဒုတိယံ၊ပေ၊နုပါဂတော။ ။ပုရိမဝါကျိုးသော (ပျက်သော) ရဟန်းသည်၎င်း တစုံတခုသော အကြောင်းကြောင့် ပုရိမဝါ မကပ်ခဲ့ရသော ရဟန်းသည်၎င်း ဒုတိယ (ပစ္ဆိမ)ဝါ ကပ်နိုင်၏။

၃၁၃။ မာတာပိတူနမတ္ထာယ၊ ပဥ္စန္နံ သဟဓမ္မိနံ။
ဂိလာနတဒုပဋ္ဌာက-ဘတ္တမေသိဿမောသဓံ။

၃၁၄။ ပုစ္ဆဿာမ ဥပဋ္ဌဿ၊ ဂန္ဓာနဘရတ အဟ။
ဝူပကာသိဿံ ကုက္ကုစ္စံ၊ ဒိဋ္ဌံ ဂရုကမာဒိကံ။

၃၁၅။ ကရိဿံ ဝါပိ ကာရေဿံ၊ ဝိနောဒဉ္စ ဝိဝေစနံ။
ဝုဋ္ဌာနံ ဝါပိ ဥဿုက္ကံ၊ ဂန္တုမိစ္စေဝမာဒိနာ။
လဗ္ဘံ သတ္ထာဟကိစ္စေန၊ ပဟိတာပဟိတေပိ စ။

၃၁၃,၄,၅။ မာတာပိတူနံ၊ မိဘတို့၏ဂုဏ်း။ ပဉ္စန္နံ၊ ၅-ဦးကုန်သော။ သဟ-ဓမ္မိနံ၊ သီတင်းသုံးဘော်တို့၏ဂုဏ်း။ [“ဓမ္မိနံ”ဟု ဆိုလိုလျက် ဆန်းကြောင့်

နဂ ပက္ကမေယျ၊ပေ၊စာရိကံ။ ။ပုရိမဝါတွင်း ၃-ပတ်လုံး ဖြစ်စေ ပစ္ဆိမဝါတွင်း ၃-လပတ်လုံး ဖြစ်စေ မကျိုးမပျက်အောင် မနေဘဲ အရပ်တပါးသို့ မဖဲသွားရ၊ သွားလျှင် ဒုက္ကဋ်အာပတ်။

ဆက်ဦးအံ့။ ။ယနေ့ဝါကပ်ပြီးနောက် သတ္ထာဟကရဏီယ(၇-ရက်အတွင်း ပြုဘွယ်ကိစ္စ)ရှိ၍ တအာရုံမျှ မတက်စေရသေးဘဲ ဖဲသွားလျှင်၎င်း ၇-ရက်အတွင်း ပြန်လာလျှင်၎င်း အနာပတ္တိ၊ [ဝဿံ ဥပဂန္ဆာ ပန အရဏံ အနုဋ္ဌာပေတွာပိ တဒဟေဝ (ထိုဝါကပ်ရာနေ့၌ပင်) သတ္ထာဟကရဏီယေန ပက္ကမန္တိဿာပိ အန္တောသတ္တာဟေ နိဝတ္တေန္တိဿာပိ အနာပတ္တိ၊ – ဋီကာသစ်။]

မာတာ၊ပေ၊ဓမ္မိနံ။ ။နောက်၌ ဂိလာန, တဒုပဋ္ဌာကကိုကြည့်၍ “မာတာ-ပိတုနှင့် သီတင်းသုံးဘော် ၅-ဦးဟူသည် မကျန်းမမာသော ပုဂ္ဂိုလ်များတည်း” ဟု သိပါ။

ဂိလာန၊ပေ၊မောသဓံ။ ။ထိုမကျန်းမမာသော မိဘ သီတင်းသုံးဘော်တို့၏ ဂိလာနဘတ် (မကျန်းမမာသူအတွက် ဆွမ်း, ထမင်း)ကိုဂုဏ်း တဒုပဋ္ဌာကဘတ္တ (ထိုသူတို့ကို ပြုစုနေကြသူတို့အတွက် ဆွမ်း, ထမင်း) ကိုဂုဏ်း ရှာမည်၊ ဆေးကို ရှာမည်။

နာ ရုက္ခေ၊ ပေါ အဘိရူဟိတုံ။ ။ဆဗ္ဗဂ္ဂိယရဟန်းတို့ သစ်ပင်တက်ကြသည့်အတွက် "မျောက်တွေလိုပါဘဲလား" ဟု လူတို့က ကဲ့ရဲ့သောကြောင့် "သစ်ပင် မတက်ရ" ဟု ပညတ်တော်မူပြီးနောက်, ခရီးသွားစဉ် ဆင်ကိုတွေ့၍ သစ်ပင် အောက်သို့ ပြေးဝင်ကာ ဤသံကွာပုဒ်ကြောင့် သစ်ပင်မတက်ဝံ့ရှာသော ရဟန်းကို အကြောင်းပြု၍ "သစ်ခက်ချိုးလိုခြင်းစသော ကိစ္စရှိလျှင် တရုပ်တသူ (လူတယောက်အမြင့်) လောက်တော့ တက်နိုင်၏၊ ဘေးရန်ရှိလျှင်ကား ဘေး လွတ်အောင် အလိုရှိတိုင်း တက်နိုင်သည်" ဟု ခွင့်ပြုတော်မူသည်၊—စုဠ္လ၀ဂ္ဂ ခုဒ္ဒက၀တ္ထုခန္ဓကပါဠိတော် အဋ္ဌကထာ။

၃၄၈။ ဝိနာဒ္ဓါနံ ဝဇ္ဇန္တိဿ၊ ဒုက္ကဋံ ပရိဿာဝနံ။
ယာစမာနဿ အဒ္ဓါနေ၊ အဒဒန္တိဿ ဒုက္ကဋံ။

၃၄၈။ ပရိဿာဝနံ၊ ပုဝါရေစစ်ကို။ ဝိနာ၊ ကြဉ်၍။ အဒ္ဓါနံ၊ အဓွန့်ရှည်စွာ ယူဇနာဝက် ခရီးကို။ ဝဇ္ဇန္တိဿ၊ သွားသောရဟန်း၏။ ဒုက္ကဋံ၊ ဒုက္ကဋ်အာပတ် သည်။ (ဟောတိ၊ ဖြစ်၏။) အဒ္ဓါနေ၊ အဓွန့်ရှည်သောခရီး၌။ ဝါ၊ အဓွန့်ရှည်သော ခရီးကိုသွားစဉ်။ ယာစမာနဿ၊ ရေစစ်ကို တောင်းအပ်သည် ဖြစ်၍။ အဒဒန္တိဿ၊ မပေးသောရဟန်း၏။ ဒုက္ကဋံ၊ ဒုက္ကဋ်အာပတ်သည်။ (ဟောတိ၊ ၏။) (ဝိ ပါ ၄-၂၅၅၊ ဝိ ဋ္ဌ ၄-၅၀)

ဝိနာ၊ ပေ၊ ပရိဿာဝနံ။ ။ [စူဠဝဂ္ဂ၌ ခုဒ္ဒကဝတ္ထုခန္ဓကကို မှီသော ဂါထာ တည်း၊] "အဒ္ဓါန" အရ "အဓွန့်ရှည်သော ခရီး" ဟူသည် အဒ္ဓယောဇန (တယူဇနာ၏ တဝက်ရှိသော) ခရီးတည်း၊ ထိုမျှလောက် ခရီးကို သွားမည့် ပုဂ္ဂိုလ်သည် "ရေစစ်"ကို ယူဆောင်၍ သွားရသည်၊ ရေစစ်သည် "ပရိဿာဝန–ပုဝါ ရေစစ်, ဓမ္မကရဏ–ဓမ္မကရိဏ်ရေစစ်" ဟု ၂-မျိုး ရှိ၏၊ ပါဠိတော်၌ "ပရိဿာဝန" ရေစစ်ကိုသာ ပြသော်လည်း ဓမကရိဏ် ရေစစ်ကိုလည်း ယူနိုင်သည်-ဟု မှတ်ပါ၊ ထို ရေစစ် ၂-မျိုး မရှိလျှင် "သင်္ကန်းအနားဖြင့် စစ်၍ ရေသောက်မည်" ဟု ဓိဋ္ဌာန်၍လည်း သွားနိုင်ပါ၏။ [သဓေ နဟောတိ ပရိဿာ-ဝနံ ပါ ဓမကရဏံ ဝါ၊ သင်္ဃဋ္ဌိကဏ္ဏောပိ (သင်္ကန်း၏ အနားနဓမ်း အစွန်းကိုလည်း) အဓိဋ္ဌာတဗ္ဗော၊——ဋီကာသစ်။]

ယာစမာနဿ၊ ပေ၊ ဒုက္ကဋံ။ ။ခရီးရှည်သွားစဉ် ရေစစ်မပါသော ရဟန်းက ရေစစ်ပါသော ရဟန်းကို ရေစစ်ဌါးလျှင် မပေးသော ရဟန်းမှာ ဒုက္ကဋ်အာပတ် သင့်၏၊ [ပရိ–ပတ်ဝန်းကျင်၌+သာဓေတိ–ရေကို ယိုကျစေတတ်၏၊ ဣတိ ပရိဿာဝနံ=ပုဝါရေစစ်၊ ယခုအခါ၌ ခွေ၌ အဝတ်တပ်၍ ချုပ်အပ်သော ရေစစ်သည်ရင်း လက်ကိုင်ပုဝါ သက်သက်သည်ရင်း ပုဝါရေစစ်ပင်တည်း၊ ဓမ ဓမ္မတိ–ဓူဓူဟူ၍+ကရောတိ–အာသံပြုတတ်၏၊ ဣတိ ဓမကရဏံ၊ အထက် ပေါ်က ဗုဒ္ဓ၏ အပေါက်ကို ဖုံ့လိုက်သောအခါ "ဓူ" ဟု မည်သောကြောင့် ဓမကရိဏ် ရေစစ်ဟု ခေါ်သည်။

၃၄၉။ ထုလ္လစ္စယံ ဖုသေ အဂ််-ဇာတစ္ဆဒန ဒုက္ကဋံ။
အာဗာဓပစ္စယာညတြ၊ သေသဂ်ေ အတ္တဃာတနေ။

၃၄၉။ အာဓာဓပစ္စယာ၊ အနာဟူသောအကြောင်းကို။ အညတြ၊ ကြည့်၍။ အဂ််ဇာတစ္ဆဒနေ၊ အဂ််ါဇာတ်ကို ဖြတ်ခြင်းကြောင့်။ ထုလ္လစ္စယံ၊ ထုလ္လစ္စဉ်း အာပတ်သို့။ ဖုသေ၊ ထိရောက်၏။ သေသဂ်ေ၊ ကြွင်းသောအဂ််ါကို ဖြတ်ခြင်းကြောင့်ငင်း။ အတ္တဃာတနေ၊ မိမိကိုယ်ကို သွဉ်းဆဲခြင်းကြောင့်ငင်း။ ဒုက္ကဋံ၊ ဒုက္ကဋ်အာပတ်သည်။ (ဟာတိ၊ ဖြစ်၏။) (ဝိ ပါ ၁-၁၀၄၊ ဝိ ပါ ၄-၂၄၆၊ ဝိ ဋ္ဌ-၄-၄၆)

၃၅၀။ စိတ္တပေါတ္ထကရူပါနိ၊ န ကရေ န စ ကာရယေ။
န ဝဋ္ဋာပေယျ ဘဥ္ဇန္တံ၊ အာရာမာရညဂေဟသု။

၃၅၀။ စိတ္တပေါတ္ထကရူပါနိ၊ ဆန်းကြယ်စွာ ရေးခြယ်ထုလုပ်အပ်သော အမရုပ်,အထီးရုပ်တို့ကို။ န ကရေ၊ ကိုယ်တိုင်လည်း မပြု‌ရာ။ န စ ကာရယေ၊ သူတပါးကိုလည်း မပြုစေရာ။ အာရာမာရညဂေဟသု၊ ကျောင်းတိုက်အရာမ်, တော, အိမ်ဘို့၌။ ဘဥ္ဇန္တံ၊ ဆုမ်းစားဆဲ သီတင်းငယ်ကို။ န ဝဋ္ဋာပေယျ၊ မထစေရာ။ (ဝိ ပါ ၄-၃၁၅၊ ဝိ ဋ္ဌ ၄-၆၁-၄)

ထုလ္လစ္စယံ၊ ပေ၊ အတ္တဃာတနေ။ ။အဂ််ါဇာတ်ကို ဖြတ်ခြင်းကြောင့် ထုလ္လစ္စဉ်း အာပတ်သင့်၏၊ အဂ််ါဇာတ်မှတပါးသော နှားခွက် နှာခေါင်းစသော အခြားအဂ််ါကို ဖြတ်ခြင်းကြောင့် ဒုက္ကဋ်အာပတ်သင့်၏၊ အနာရောဂါကြောင့် ဖြတ်ရလျှင်ကား အနာပတ္တိ၊ ထို့ကြောင့် “အာဗာဓပစ္စယာ အညတြ” ဟု ခြွင်းချက်ပြုသည်၊ အစာငတ်ခံခြင်း စသည်ဖြင့် မိမိကိုယ်ကို သွဉ်းဆဲခြင်းကြောင့်လည်း ဒုက္ကဋ်အာပတ် ပင်တည်း။ [ခုဒ္ဒကဝတ္ထုခန္ဓက ပါဠိတော်နှင့် အဋ္ဌကထာ။]

စိတ္တပေါတ္ထကရူပါနိ။ ။မြေညက်, သစ်သား, ဆင်စွယ်, သံ, ကြေး, ကျောက် စသည်ဖြင့် ထုလုပ်အပ်သော အရုပ်, ဆေးဖြင့် ရေးအပ်သော ပန်းချီ

၃၅၁။ ယာနာနိ ပုမယုတ္တာနိ၊ သိဝိကံ ဟတ္ထဝဋ္ဋကံ၊
ပါဠ္ဍင်္ဂဉ္စ ဂိလာနဿ၊ ကပ္ပတေ အဘိရူဟိတုံ။

၃၅၁။ ပုမယုတ္တာနိ၊ နွားထီး စသည်ဖြင့် ကပ်ယှဉ်အပ်ကုန်သော။ ယာနာနိ၊ လှည်း ရထား စသော ယာဉ်တို့ကိုဂုဏ်း။ သိဝိကံ၊ ထမ်းစင်ကိုဂုဏ်း။ [ပျဉ်ချပ်ဖြင့် ပြုလုပ်အပ်သော ထမ်းစင်ကို ဆိုသည်။] ဟတ္ထဝဋ္ဋကံ၊ လက်ဖြင့် လည်စေအပ် ဆဲ့ငင်အပ်သော လက်တန်း လက်ဆဲ့ယာဉ်ကိုဂုဏ်း။ ပါဠ္ဍင်္ဂဉ္စ၊ အဝတ် သံလျင်းကိုဂုဏ်း။ ဝါ၊ အဝတ်ထမ်းစင်ကိုဂုဏ်း။ ဂိလာနဿ၊ မကျန်းမာသော ရဟန်းအား။ အဘိရူဟိတုံ၊ စီးခြင်းငှါ။ ကပ္ပတေ၊ အပ်၏။ (ဝိ ပါ ၃-၂၈၀၊ ဝိ ဋ္ဌ ၃-၃၆၉)

ရုပ်ကို "ပေါတ္ထကရူပ" ဟု ခေါ်၏၊ စိတ်ကူးဉာဏ် ဆန်းကြယ်သလောက် ဆန်းကြယ်စွာ ပြုလုပ်အပ်သောကြောင့် "စိတ္တ" ဟု ဆိုသည်၊ ထို အရုပ်ကို ကိုယ်တိုင်ဖြစ်စေ စေခိုင်း၍ဖြစ်စေ ပြုလုပ်ရာ၌ အမရုပ် အထိုးရုပ်ကိုသာ တားမြစ်တော် မူသည်၊ ပန်းပြောက် စသည်ကိုကား ခွင့်ပြုတော် မူသည်၊—စုဠဝဂ္ဂ ခုဒ္ဒကဝတ္ထုခန္ဓက ပါဠိတော်။ ["ဇာတကာဒီနိ ပန ပရေဟိ ကာရာပေတုံ လဗ္ဘန္တီ–ဇာတ်နိပါတ်၌လာသော ဣတ္ထိ ပုရိသ အရုပ်များကိုကား သူတပါးကို ခိုင်းနိုင်၏" ဟု ဋီကာသစ် ဆိုသည်။]

နဝုဋ္ဌာပေယျ ဘဏ္ဍန္တိ။ ။"ဘဏ္ဍန္တိ" ဟု ပစ္စုပ္ပန်ဟော အနာဂတပစ္စည်းဖြင့် ဆိုသောကြောင့် "စားဆဲ, စားတုန်း, စား၍ မပြီးသေး" ဟု မှတ်ပါ။ ပါဠိတော်၌ "ဝိပ္ပကတဘောဇန" ဟု သုံးစဲ့သည်၊ ရှာ၌ဖြစ်စေ ကျောင်း၌ဖြစ်စေ တော၌ဖြစ်စေ ဆွမ်းစားရာ အရပ်သို့ ဆွမ်းစားဘို့ရန် နောက်မှ ရောက်လာသော သီတင်းကြီး ရဟန်းသည် အလျင်ရောက်၍ စားနေသော သီတင်းငယ် ရဟန်းကို ထိုစားဆဲနေရာမှ အထမခိုင်းရ၊ ခိုင်းလျှင် ဒုက္ကဋ်ရှိတည်း။ [အကျယ်ကို သေနာသနက္ခန္ဓက အဋ္ဌကထာ, အာသနပဋိဗာဟနာဒိကထာ၌ ရှုပါ။]

ယာနာနိ ပုမယုတ္တာနိ။ ။"ယာန" ဟူသည် "ဝယ့်–လှည်းပေါင်းချုပ်၊ ရထော–ရထား၊ သကဋ်–လှည်း၊ သန္ဒမာနိကာ–သံလျင်း (ဂဠုန်တောင်

ချထားသော လှည်း)၊ အာဒိနိ–အစရှိသော ယာဉ်တို့သည်၊ ဂိလာနဿ အာဘိ-ရုဟိတုံ ကပ္ပန္တိ၊—ဋီကာဟောင်း၊ “အနုဇာနာမိ ဘိက္ခဝေ ဂိလာနဿ ယာနံ၊ ပုရိသယုတ္တံ (နှားထိုး မြင်းထိုးစသည် ကပ်အပ်သော)ယာဉ်ကိုဌင်း၊ ဟတ္ထဝဋ္ဋကံ-လက်ဖြင့် လည်စေအပ်သော ယာဉ်ကိုဌင်း၊ သိဝိကံ–ထမ်းစင်ကိုဌင်း၊ ပါဋင်္ကိံ–အဝတ်သံလျင်းကိုဌင်း၊ [အဝတ်၏ ဝဲဖက် ယာဖက် အစွန်း ၂–စီကိုချည်၍ ဝါး စသည်ဖြင့် လျှို၍ ထမ်းရသော အဝတ်ထမ်းစင်ကို “ပါဋင်္ကိ” ဟု ခေါ်သည်။] စမ္မက္ခန္ဓက ပါဠိတော်။

ပုမယုတ္တ။ ။နှားထိုး စသော အထိုးသတ္တဝါ ကပ်ယှဉ်အပ်သောယာဉ်ကို “ပုမယုတ္တ” ဟု ဆိုသည်။ ပုမယုတ္တယာဉ်ဖြစ်လျှင် မောင်းနှင်သူမှာ ယောကျ်ားဖြစ်ဖြစ် မိန်းမဖြစ်ဖြစ် အပ်၏ဟု ဆို၏။

ဟတ္ထဝဋ္ဋကံ။ ။ဝဋ္ဋိယတေ – လည်စေအပ်၏၊ ဝါ – လည်အောင်ဆဲအပ်, တုန်းအပ်၏၊ ဣတိ ဝဋ္ဋကံ၊ ဟတ္ထေန + ဝဋ္ဋကံ ဟတ္ထဝဋ္ဋကံ၊ လက်ဖြင့် သွားအောင် ဆဲငင်ရ, တုန်းရ, ယခုခေတ်၌ ခြေဖြင့်လည်း လှည့်ပေးရသော လန်ချား, ဆိုက်ကားမျိုးတည်း၊ ထိုဟတ္ထဝဋ္ဋကယာဉ်၌ လည်စေသူမှာ မိန်းမဖြစ်ဖြစ် ယောကျ်ားဖြစ်ဖြစ် အပ်၏ဟုဆိုသည်၊ [ဟတ္ထဝဋ္ဋကံ ပန ဣတ္ထိယော ဝါ ဝဋ္ဋေန္တု, ပုရိသာ ဝါ, ဝဋ္ဋတိ၊—စမ္မက္ခန္ဓက အဋ္ဌကထာ။]

ဂိလာနဿ ကပ္ပတိ။ ။ဤယာဉ် အားလုံးသည် ဂိလာန ဖြစ်မှ အပ်၏၊ ဂိလာနမဟုတ်လျှင် လှည်း မြင်းရထား ဆိုက်ကားတို့ကို မစီးကောင်း။ [ရှေးခေတ်က အခွံိဝိနည်းဓိုရ် ဆရာတော်များသည် မီးရထား မော်တော်ကား သင်္ဘောများကိုပင် ဟတ္ထဝဋ္ဋက (လက်ဖြင့် စက်နှိုးပေးရ, ထိန်းပေးရသေးသော ကြောင့်) ဟတ္ထဝဋ္ဋကဟု ယူဆ၍ ဂိလာနမဟုတ်လျှင် မအပ်ဟု ယူဆတော် မူကြပါသတဲ့၊ သို့သော် မီးရထား စသည်တို့မှာ လူက မှုန်မှုန်သွားရုံလောက်သာ ကြောင့်ကြစိုက်ရ၍ ပင်ပန်းကြီးစွာ မဆဲမငင်ရသောကြောင့် ဟတ္ထဝဋ္ဋကယာဉ်၌ မသွင်းသင့်ဟု ထင်ပါသည်။]

၃၅၂။ ဗုဒ္ဓံ ဓမ္မဉ္စ သံဃဉ္စ၊ အာရဗ္ဘ ကရဏေ ဒဝံ။
ဒုက္ကဋံ ပရိသံ ဝါပိ၊ အညဿ ဥပလာဠနေ။

၃၅၂။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကိုဂုဏ်း။ ဓမ္မဉ္စ၊ တရားတော်ကိုဂုဏ်း။ သံဃဉ္စ၊ အရိယာသံဃာတော်ကိုဂုဏ်း။ အာရဗ္ဘ၊ အကြောင်းပြု၍။ ဒဝံ၊ ပြက်ရယ်မှုကို။ ကရဏေ၊ ပြုခြင်းကြောင့်ဂုဏ်း။ အညဿ၊ အခြားသောဆရာ၏။ ပရိသံ၊ တပည့်ပရိသတ်ကို။ ဥပလာဠနေ ဝါပိ၊ ဖြားယောင်းခြင်းကြောင့်ဂုဏ်း။ ဒုက္ကဋံ၊ ဒုက္ကဋ်အာပတ်သည်။ (ဟောတိ၊ ဖြစ်၏။) (ဝိ ပါ ၂-၂၅၈-၉၊ ဝိ ဋီ ၃-၁၁၉၊ ဝိ ဋီ ၃-၁၆၇)

ဗုဒ္ဓံ၊ ပေ၊ ဒဝံ။ ။ကိံ ဗုဒ္ဓေါ-ဘာဗုဒ္ဓလဲ၊ သိလကဗုဒ္ဓေါ-ကျောက်ရုပ်ဗုဒ္ဓလော၊ ပဋိဗုဒ္ဓေါ-ပဋိဗုဒ္ဓလော၊ ဝါ-နိုးနေသူလော၊ ဤသို့ စသည်ဖြင့် ဗုဒ္ဓကိုဂုဏ်း ကိံ ဓမ္မော-ဘာဓမ္မလဲ၊ ဂေါဓမ္မော-နွားဓမ္မလော၊ အဇဓမ္မော-ဆိတ်ဓမ္မလော ၊ဤသို့ စသည်ဖြင့် ဓမ္မကိုဂုဏ်း ကိံ သံဃော, မိဂသံဃော-သမင်သံဃာလော၊ ပသုသံဃော-သားကောင် သံဃာလော၊ ဤသို့ စသည်ဖြင့် သံဃာကိုဂုဏ်း ပြက်ရယ်ပြောင်လှောင်မှုကို ပြုလျှင် ဒုက္ကဋ်။ [သေခိယ သုရုသုရုဝဂ်အဖွင့်။]

ပရိသံ ဝါပိ၊ ပေ၊ ဥပလာဠနေ။ ။“ သင်တို့အား သင်္ကန်းပေးမည်, သပိတ်ပေးမည်”စသည်ကို ပြော၍ တခြားဆရာ၏ တပည့်ပရိသတ်(သာမဏေ ရဟန်း)ကို မိမိထံရောက်လာအောင် မဖြားယောင်း မသွေးဆောင်ရ၊ [“န ဘိက္ခဝေ အညဿ ပရိသာ အပလာဠေတဗ္ဗာ၊ ပေ၊ ဒုက္ကဋဿ”၊—မဟာဝဂ္ဂ, မဟာခန္ဓက ပါဠိတော်။]

မှတ်ချက်။ ။သူတို့၏ ဆရာက အလင်္ဂဇဒုဿီလဖြစ်နေလျှင် “အသင်သည် ဒုဿီလကို မှီခိုရှိနေသည်မှာ “ရေချိုးမည်”ဟု ကြံ၍ လာသူကို မစင်ဖြင့် သုတ်လိမ်းသကဲ့သို့ ဖြစ်၏၊ (“သူတော်ကောင်းဖြစ်လို၍ သာမဏေရဟန်းပြုနေပါလျက် သာ၍ မသူတော်ဖြစ်နေသည်”ဟူလို၊) ဤသို့ ဟုတ်မှန်သော အပြစ်ကို ကား ပြောကောင်း၏၊ ထို့သို့ ပြောသဖြင့် “သူဘာသာသာမဏေက ဥပဇ္ဈာယ်

၃၅၃။ ကာယံ ဥိရုံ နိမိတ္တံ ဝါ၊ ဘိက္ခုနိံ နာ ဒဿယေ။
ဝိဝရိတ္ဝာ နာ သိဥ္ဆေယျ၊ တာ ကဒ္ဒမုဒကာဒိနာ။

၃၅၃။ ကာယံ၊ ကိုယ်ကိုငင်း။ ဥိရုံ၊ ပေါင်ကိုငင်း။ နိမိတ္တံ ဝါ၊ အင်္ဂါတ် ကိုငင်း။ ဝိဝရိတ္ဝာ၊ ဖွင့်၍။ ဘိက္ခုနိံ၊ ရဟန်းမတို့အား။ နာ ဒဿယေ၊ မပြရာ။ တာ၊ ထိုရဟန်းမတို့ကို။ ကဒ္ဒမဥဒကာဒိနာ၊ ညစ်ရေ အစရှိသော အရည်ဖြင့်။ နာ သိဥ္ဆေယျ၊ မသွန်းလောင်းရာ။ (ဝိ ပါ ၄-၄၅၃၊ ဝိ ဋ္ဌ ၄-၁၂၈)

၃၅၄။ နာ ဂဏ္ဌတော စ ဆြဝါဒံ၊ နာ ပစ္စာဟရတောပိ ဝါ။
ဗာလံ ဂိလာနံ ဂမိယံ၊ ဝဇ္ဇယိတ္ဝာန ဒုက္ကဋံ။

၃၅၄။ ဗာလံ၊ ဆြဝါဒကို လျှောက်ထားနည်း, ပြန်၍ပြောနည်းကို မသိသော နားမလည်သော ရဟန်းကိုငင်း။ ဂိလာနံ၊ မကျန်းမာသော ရဟန်း

တောင်းလျှင်ငင်း ရဟန်းက နိသယည်း တောင်းလျှင်ငင်း ပေးကောင်း၏"ဟု အဋ္ဌကထာဆိုသည်။

ကာယံ၊ ပေ၊ နာ ဒဿယေ။ ။ဆဗ္ဗဂ္ဂိယ ရဟန်းတို့သည် ဘိက္ခုနီတို့အား ကိုယ်စသည်ကို ဖော်ပြ၍ အချစ်စမ်းမှုကို ပြုကြခြင်းကြောင့် "နာ ဘိက္ခဝေ ဘိက္ခုနာ ကာယော ဝိဝရိတ္ဝာ ဒသေတဗ္ဗော၊ ပေ၊ ဒုက္ကဋဿ" စသည်ဖြင့် စုဋ္ဌဝဂ္ဂ ဘိက္ခုနီ ခန္ဓကဋ္ဌ ပညတ်တော်မူသည်။

ကဒ္ဒမုဒကာဒိနာ။ ။ကဒ္ဒမဥဒက-ညစ်ရှိသော ရေစသည်ဖြင့် မသွန်းကောင်း, မပက်ကောင်း၊ အာဒိဖြင့် ကြည်လင်သောရေ, ဆိုးရည်, ညစ်တို့ကို ယူပါ၊ [နာ ကေဝလံ ကဒ္ဒမောဒကေနာ၊ ဝိပ္ပသန္နဥဒက, ရဇနာ, ကဒ္ဒမာဒီသုပိ ကေနစိ ဆြသိဥ္စန္တဿ ဒုက္ကဋမေဝ။ – ဘိက္ခုနီခန္ဓက အဋ္ဌကထာ။]

နာ ဂဏ္ဌတော၊ ပေ၊ ဒုက္ကဋံ။ ။ဘိက္ခုနီတို့သည် ဥပုသ်ပြုရာနေ့မတိုင်မီ ၁၃-ရက် ၁၄-ရက်နေ့က ရဟန်းတပါးထံ လာ၍ ဥပုသ်နေ့ကိုမေးခြင်း, ဥပုသ်နေ့၌ ဆြဝါဒူပသင်္ကမန, ယာစန (ဆြဝါဒခံဘို့ရန် ချဉ်းကပ်ခြင်း, ခွင့်တောင်းခြင်း)

ကိုၤဂၤ။ ဂမိယံ၊ ခရီးသွားမည့် ရဟန်းကိုၤဂၤ။ ဝဇ္ဇယိတ္ဝာန၊ ကြဉ်၍။ ဩဝါဒံ၊ ဘိက္ခုနီတို့ တောင်းအပ်သော ဩဝါဒကို။ နဂဏ္ဌတော စ၊ မခံယူသော ရဟန်းဂါဂၤ။ နပဗ္ဗာဟရတော စ၊ တဖန် ပြန်မဆောင်သော ရဟန်းဂါဂၤ။ ဒုက္ကဋံ၊ ဒုက္ကဋ်အာပတ်သည်။ (ဟောတိ၊ ဖြစ်၏။) (ဝိ ပါ ၄-၄၅၆-၇)

၃၅၅။ လောကာယတံ နဝါစေယျ၊ ပလိတံ စ နဂါဟယေ။
ပေဋ္ဌာယပိ နဘုဉ္ဇေယျ၊ နကိဋ္ဌေ ကိဉ္စိ ကိဋ္ဌိတံ။

၃၅၅။ လောကာယတံ၊ လောကာယတကျမ်းကို။ နဝါစေယျ၊ မပို့ချရာ။ ပလိတံ စ၊ ဆံဖြူကိုလည်း။ နဂါဟယေ၊ မယူစေရာ။ ဝါ၊ အနှုတ်မခိုင်းရာ။ ပေဋ္ဌာယပိ၊ ပအုပ်ဥလည်း။ နဘုဉ္ဇေယျ၊ မစားရာ။ ကိဉ္စိ ကိဋ္ဌိတံ၊ တစုံတခု သော ကစားမျိုးကို။ နကိဋ္ဌေ၊ မကစားရာ။ (ဝိ ပါ ၄-၂၆၁-၂၇၅-၂၈၀-၄-၅၊ ဝိ ဋ္ဌ ၂-၂၀၄-၅၊ ဝိ ဋ္ဌ ၄-၅၁-၃-၆)

အမှုကို ပြုရသည်၊ ထိုသို့ ခွင့်တောင်းမှုကို "ဩဝါဒ" ဟု ချုံး၍ဆိုထားသည်၊ ဩဝါဒကိုလျှောက်ထားနည်း, ပြန်၍ပြောနည်းကို မသိသော နားမလည်သော ဗာလ, မကျန်းမာသော ဂိလာန, ခရီးသွားစရာရှိသော ဂမိယ ဤရဟန်းတို့မှ တပါး အခြားရဟန်းသည် ထိုခွင့်တောင်းမှုကို ပါတိမောက်ပြခါနီး၌ ပါတိ-မောက်ပြမည့် ရဟန်းအား လျှောက်ရသည်၊ ထိုနောက် "မည်သည့်မထေရ်ထံ ဩဝါဒခံဘို့ရန် ချဉ်းကပ်ပါ" စသည်ဖြင့် ပါတိမောက်ပြသောရဟန်းက ပြော လိုက်သောစကားကို ဘိက္ခုနီတို့ အထံသို့ ပစ္စာဟရဏ (ပြန်ပို့ဆောင်ခြင်း) အမှုကိုပြုရသည်၊ ထိုအမှုမျှားကို မပြုလျှင် ဒုက္ကဋ်တည်း။ – ဘိက္ခုနီခန္ဓက-ပါဠိတော်။

လောကာယတံ နဝါစေယျ။ ။လောကာယတံ နာမ "သဗ္ဗံ ဥစ္ဆိဋ္ဌံ-အာဟလုံးသည် အကြွင်းအကျန်သာတည်း၊ အကြောင်းကား- ရှေးရှေးပစ္စည်း တို့မှ အကြွင်းအကျန်ဖြစ်သောကြောင့်တည်း။" ဤသို့ တယောက်ကပြောလျှင် "သဗ္ဗံ အနုစ္ဆိဋ္ဌံ - အာဟလုံး အကြွင်းအကျန် မဟုတ်, အသစ်ချည်းသာတည်း၊

အကြောင်းကား- အကြင်းအကျန်ဖြစ်စေကာမူ ရုပ်သစ် နာမ်သစ် ဖြစ်သော ကြောင့်တည်း" ဟု ဤသို့ ချေပ၏၊ ကာကော သေတော-ကျီးကန်းသည် ဖြူ၏၊ အကြောင်းကား- အရိုးတွေကဖြူသောကြောင့်တည်း၊ ဗကော ကာဠော-ဗျိုင်းသည် မဲ၏၊ အကြောင်းကား- သွေးကနက်သောကြောင့်တည်း၊ ဤသို့ စသောအားဖြင့် အကျိုးမရှိသော (လောကီအကျိုးကိုမျှ မဖြစ်စေနိုင်သော) အကြောင်းတွေကို ဖော်ပြသောကျမ်းသည် လောကာယတကျမ်းမည်၏၊ [ပုဒ်ပြီးပုံနှင့်တကွ အကျယ်ကို စူဠဝဂ် ခုဒ္ဒကဝတ္ထု ခန္ဓက ဘာသာဋီကာ၌ ပြထားပြီ၊] ဤပါဠိဖြင့် "တိရစ္ဆာနဝိဇ္ဇာကိုလည်း မသင်ကောင်း" ဟု ပြ၏၊ တိရစ္ဆာန-ဝိဇ္ဇာကိုလည်း ပါတိမောက် ဘာသာဋီကာ ဘိက္ခုနီ-စိတ္တာဂါရဝဂ်၌ ရှုပါ။

ပလိတံ စ နု ဂါဟယေ။ ။"ပလိတံ" အရ ဆံဖြူသာမက မျက်ခုံးမွေး ကျင်စွယ်မွေး, ပါးပြိုင်းမွေး အဖြူအားလုံးကိုယူပါ၊ "အမျှားအမွေးနှင့် မတူဘဲ အပေါ်သို့ ထောင်၍တက်နေလျှင်ကား ဖြူသည်ဖြစ်စေ မဖြူသည်ဖြစ်စေ နှုတ်ပယ်ကောင်း၏" ဟု ခုဒ္ဒကဝတ္ထုအဋ္ဌကထာ၌ မိန့်သည်၊ [ယံ ဘမုကာယ ဝါ နလာဋေ ဝါ ဒါဠိကာယ ဝါ ဥဂ္ဂန္တွာ ဗီဘစ္ဆံ (အမြင်မတော်အောင်) ဌိတံ၊ တာဒိသံ လောမံ ပလိတံ ဝါ အပလိတံ ဝါ ဂါဟာပေတုံ ဝဋ္ဋတိ။]

ပေဠဝယပိ နု ဘုဥ္ဇေယျ။ ။ပါဠိတော်၌ အာသိတ္တကူပမာနကို ဤ၌ "ပေဠာ" ဟု ခေါ်ထားသည်၊ ထို အာသိတ္တကူပမာနကို "အာသိတ္တ + ဥပမာန" ဟု ခဲ့၊ အာသိတ္တ-နို့ဃနာကို လောင်းထည့်အပ်ရာခွက်၊ ထို့ခွက်ဝယ် ထည့်အပ်သော နို့ဃနာ၏ အထက်၌ ဆွမ်းခွက်ကို (မအေးအောင်) တင်ထားရာဖြစ်သောကြောင့် "ဥပမာန-တင်ထားရာ" ဟုဆိုသည်၊ ထိုအာသိတ္တကူပမာန-သည် ထည့်၍စားစရာခွက်မျိုးမဟုတ်၊ တင်၍ထားစရာသာ ဖြစ်သောကြောင့် "ပေဠဝယပိ နု ဘုဥ္ဇေယျ" ဟု ဆိုသည်၊ ထိုပေဠာကို ကြေးနီဖြင့်လည်း ပြုကြ၏၊ ငွေဖြင့်လည်း ပြုကြ၏။

ပေဠာ။ ။ပေဠာယဘာတိ အင်္ဂသသောဠသံသာဒိအာကာရေန (ရှစ်မြောင့် တဆဲ့ခြောက်မြောင့် အစရှိသော သဏ္ဌာန်အားဖြင့်) ကတာယ ဘာဇနာ-ကာရုယ (ထည့်စရာခွက်၏ ပုံသဏ္ဌာန် ရှိသော) ပေဠာယ (ပအုပ်၏၊ အဓိဝစနံ-

၃၅၆။ ပါရုပေ န နိဝါသေယျ၊ ဂိဟိပါရုတနိဝါသနံ။
သံဝလ္လိယံ နိဝါသေယျ၊ ဒါယမာလိမ္ပယေယျ ဝါ။

၃၅၆။ ဂိဟိပါရုတနိဝါသနံ၊ လူတို့၏ ခြုံနည်း ဝတ်နည်းရှိသော ခြုံခြင်း ဝတ်ခြင်းကို။ န ပါရုပေ၊ ဧကသီကို မခြုံရာ။ ဝါ၊ မရုန်းရာ။ န နိဝါသေယျ၊ သင်းပိုင်ကိုမဝတ်ရာ။ သံဝလ္လိယံ၊ ခါးတောင်းကျိုက်ခြင်းကို။ န ကရေ၊ မပြုရာ။ ဒါယံ ဝါ၊ တောကိုလည်း။ န အာလိမ္ပယေယျ၊ မလိမ်းကျံစေရာ။ ဝါ၊ မီးမရှို့ရာ။ (ဝိ ပါ ၄-၂၇၈-၉၊ ဝိ ဋ္ဌ ၄-၅၄-၅-၆)

တည်း၊) ယတ္ထ (ယင်းပအုပ်၌) ဥဏ္ဟပါယာသာဒိ ပကိဏ္ဏပိတ္တာ ဥပရိ(နို့ဃနာ၏ အပေါ်၌) ဘောဇနပါတိ ထပေန္တိ, ဘတ္တာဃ ဥဏ္ဟဘာဝါဝိဂမနတ္ထံ (ဆွမ်း မနေးခြင်းအကျိုးငှါ ဆွမ်းခွက်ကို တင်ထားကြ ကုန်၏)၊— ဝိမတိဋီကာ၊ [အကျယ်ကို ခုဒ္ဒကဝတ္ထု ခန္ဓကအဋ္ဌကထာ ဘာသာဋီကာ၌ ရှုပါ။]

နကီဠေ ကိဉ္စိ ကိဋ္ဌံတံ။ ။“အဋ္ဌပဒေပိ ကိဋ္ဌန္တိ – ရှစ်ကွက်ကျား ကစား ကြကုန်၏” စသည်ဖြင့် ကုလဒူသကသိက္ခာပုဒ်၏ ဝတ္ထုကြောင်း၌ လာသော ကစားနည်းအမျိုးမျိုးကို မကစားကောင်း။

ပါရုပေ န နိဝါသေယျ။ ။လူတို့၏ ဝတ်နည်း ခြုံနည်းကို သေခိယ ပရိမဏ္ဍလသိက္ခာပုဒ်အဖွင့် ကခ်ီဘာသာဋီကာ၌ရင်း စူဠဝဂ္ဂခုဒ္ဒကဝတ္ထုခန္ဓက အဋ္ဌကထာ၌ရင်း ရှုပါ။

ဒါယံ န အာလိမ္ပယေယျ။ ။ဒါယံ အာလိမ္ပေန္တိတိ တိဏဝနာဒီသု (မြက်တော အစရှိသော တောတို့၌) အဂ္ဂိ ဒေန္တိ၊ – ခုဒ္ဒကဝတ္ထု အဋ္ဌကထာ၊သဗ္ဗူပကာရုနိ ဝိနယသန္တကူတိ ဝါ (အလုံးစုံသော အဆောက်အဦတို့သည် ပျက်စီးပစေကုန်ဟု ကြံ၍သော်ငင်း) ခိဋ္ဌာဓိပ္ပါယေန ဝါ (ပျော်လိုသောစိတ်ဖြင့်သော်ငင်း) နာလိမ္ပယေယျ၊ – ဋီကာသစ်၊ [လိပဓာတ်, ရုဓာဒိ ဖြစ်၍ “လိမ္ပ - လိမ်းကျံ”ဟု ဖြစ်၏၊ ကာရိတ်ဏယပစ္စည်းဖြင့် “တောကို မီးလိမ်းကျံစေ”ဟု ဖြစ်၏၊ “လိမ်းကျံစေ” ဟူသည် မီးလောင်အောင်မီးရှို့ခြင်းပင်တည်း။

၃၅၂။ ဝစ္ဆိံ ပယောဇယေ ယာစေ၊ နောညာတကပ္ပဝါရိတော။
အတ္တာနော ပရိဘောဂတ္ထံ၊ ဒိန္နမညဿ နော ဒဒေ။
အဂ္ဂံ ဂဟေတ္ဝာ ဘုတ္ဝာ ဝါ၊ ကတိပါဟံ ပုနော ဒဒေ။

၃၅၂။ ဝစ္ဆိံ၊ အတိုးအပ္ပါးကို။ နော ပယောဇယေ၊ မယ္ဘဉ်စေရာ။ (တနည်း) ဝစ္ဆိံ နော ပယောဇယေ၊ အတိုးမပေးရာ။ အညာတကပ္ပဝါရိတော၊ ဆေ့မျိုးမတော်သူ, မဖိတ်မန်သူဘို့ကို။ နော ယာစေ၊ မတောင်းရာ။ အတ္တာနော၊ မိမိ၏။ ပရိဘောဂတ္ထံ၊ သုံးဆောင်ခြင်းအကျိုးငှါ။ ဒိန္နံ၊ လှူအပ်သော ပစ္စည်းကို။ အညဿ၊ အခြားသူအား။ နော ဒဒေ၊ မပေးရာ။ အဂ္ဂံ၊ အဦးအဖျားကို။ ဂဟေတ္ဝာ၊ ယူပြီး၍ဝင်း။ ကတိပါဟံ၊ အနည်းငယ်သော ရက်၌။ ဝါ၊ နှစ်ရက် သုံးရက်။ ဘုတ္ဝာ ဝါ၊ သုံးဆောင်ပြီး၍ဝင်း။ ပုနော၊ တဖန်။ ဒဒေ၊ ပေးရာ၏။ (ဝိ ပါ ၄-၄၆၁)

ဝစ္ဆိံ၊ပေ၊ ပဝါရိတော။ ။ဝစ္ဆိံ ပယောဇေန္တဿ ဒုက္ကဋံ – ကပ္ပိယဝတ္ထုဖြင့် ဖြစ်စေ အကပ္ပိယဝတ္ထုဖြင့် ဖြစ်စေ အတိုးအပ္ပါးကို ယှဉ်စေသော (အတိုးပေးသော) ရဟန်းမှာ ဒုက္ကဋ်အာပတ်သင့်၏၊ – ပါရာဇိကအဋ္ဌကထာ, ရူပိယသံဝေါဟာရ သိက္ခာပုဒ်အဖွင့်၊ "ဝစ္ဆိံ" အရ ငွေတိုးသာမက အခြားပစ္စည်းကိုလည်း အတိုးမပေးရ၊ ဆေ့မျိုးမတော်သူ ဖိတ်မန်မထားသူတို့ကို ဂိလာနမဟုတ်လျှင် ရေကိုမျှ မတောင်းရ၊ အညာတကဝိညတ္တိ, သူပေါဒနဝိညတ္တိသိက္ခာပုဒ်အရ အာပတ်တည်း။

အတ္တာနော၊ ပေ၊ ဒဒေ။ ။မိမိသုံးဆောင်ဘို့ လှူအပ်သော ဆွမ်း, သင်္ဃန်းစသည်ကို အဦးအဖျား မယူဘဲရှင်း ၂-ရက် ၃-ရက်မသုံးစွဲဘဲရှင်း အခြားသီတင်းသုံးဘော်စသော(ပေးကောင်းသောသူအားသော်မှ)မပေးရ၊ဆွမ်းဦးကို ယူပြီးမှရှင်း သင်္ဃန်း စသည်ကို ၂-ရက် ၃-ရက်ဝတ်ပြီး သုံးပြီးမှရှင်း သူတပါးအား တဖန် ပေးကောင်း၏၊ [ယံ "တုမ္ဟေယေဝ ပရိဘုဉ္ဇထာ"တိ ဝတ္ဝာ ဒိန္နံ၊ တံ အညဿ ဒဒတော ဒုက္ကဋံ၊ အဂ္ဂံ ဂဟေတ္ဝာ ပန ဒါတုံ ဝဋ္ဋတိ၊ သစေ အသပ္ပါယံ,

၃၅၀။ ဥဒ္ဒိဿ ယာစနေ ရက္ခံ၊ ဥတ္တာဥတ္တာ ဝ ဒဏ္ဍိနံ။။
ဂိဝါဿ ဒဏ္ဍိတေ ဒဏ္ဍော၊ သယံ ဒဏ္ဍာပနေ ပန။
ဒဏ္ဍာဿ အဿဘေဒေန၊ ဧဿာ ပါရာဇိကာဒိကာ။

၃၅၀။ ဒဏ္ဍိနံ၊ ဒဏ်ရိုက်လိမ့်မည်ကို။ ဥတ္တာ ဝါ၊ သိ၍သော်၎င်း။ အဥတ္တာ ဝါ၊ မသိ၍သော်၎င်း။ ဥဒ္ဒိဿ၊ မည်သူ့မည်ဝါဟု ညွှန်ပြ၍။ ရက္ခံ၊ အစောင့်အရှောက်ကို။ ယာစနေ၊ တောင်းခြင်း၌။ ဝါ၊ တောင်းခြင်းကြောင့်။ ဒဏ္ဍိဘော၊ ဒဏ်ရိုက်လတ္တံသော်။ ဒဏ္ဍော၊ ဒဏ်ခွဲသည်။ အဿ၊ ထိုအစောင့်အရှောက်တောင်းသောရဟန်း၏။ ဂိဝါ၊ ဘဏ္ဍာစားသည်။ ဝါ၊ ကြွေးမြီသည်။ (ဟောတိ၊ ဖြစ်၏။) သယံ၊ ကိုယ်တိုင်။ ဒဏ္ဍာပနေ ပန၊ ဒဏ်ရိုက်စေရာ၌ကား။ ဝါ၊ ဒဏ်ရိုက်ခိုင်းရာ၌ကား။ ဒဏ္ဍဿ၊ ဒဏ်၌၏။ အဿဘေဒေန၊ တန်ဖိုး၏ အပြားအားဖြင့်။ ပါရာဇိကာဒိကာ၊ ပါရာဇိက အစရှိသော အာပတ်တို့ကို။ ဧဿာ၊ သိဆိုက်ကုန်၏။ (ဝိ ဋ္ဌ ၃-၁၀၂)

သဗ္ဗံ အပနေတုံ ဝဋ္ဋတိ၊ စိဝရံ ကောဟံ ဝါ ဒ္ဝိဟံ ဝါ ပရိဘုဥ္ဇိတ္တာ ဒါတုံ ဝဋ္ဋတိ၊ – စူဠဝဂ္ဂအဋ္ဌကထာ ဘိက္ခုနိဒါနဒ္ဝိက။]

ဥဒ္ဒိဿ ယာစနေ ရက္ခံ။။ ။မိမိတို့ကျောင်း၌ ရှာထည်းကကလေး, သို့မဟုတ် ထန်းရည် အရက်သမား, သူခိုး စသူတို့သည် မလျောက်ပတ်သော အကျင့်ကို လာ၍ ကျင့်ကုန်အံ့၊ သစ်ပင်သစ်သီးတို့ကို ဖျက်ဆီးကုန်အံ့၊ ပရိက္ခရာကို ခိုးကုန်အံ့၊ ထိုအခါ ဆိုင်ရာ အစိုးရ အရပ်လူကြီးတို့အထံ၌ ဖြစ်ပုံကိုပြောပြ၍ စောင့်ရှောက်ဘို့ရန် တိုင်ကြားနိုင်၏၊ ထိုသို့တိုင်ကြားသောအခါ "ဘယ်သူပါလဲ" ဟု ဖျက်ဆီးသူ, ခိုးသူကို မေးလျှင် "မည်သူ" ဟု ညွှန်ပြခြင်းကို "ဥဒ္ဒိဿ" ဟု ဆိုသည်။

ဥတ္တာဥတ္တာ ဝ ဒဏ္ဍိနံ။။ ။"ဒဏ်ရိုက်လိမ့်မည်" ဟု သိသည်ဖြစ်စေ မသိသည် ဖြစ်စေ ထိုသို့ညွှန်ပြ၍ အစောင့်အရှောက်တောင်းလျှင်.... [ဂမာဒီဟိ ဏီယိဏ်သုတ်ဖြင့် အနာဂတ်အနက်၌ ဏီပစ္စည်းသက်၍ "ဒဏ္ဍီ" ပြီးသည်ဟု ဆိုပါ။။]

၃၅၉။ ဟရန္တေသု ပရိက္ခာဒၠံ၊ စောရော စောရောတိ ဘာသိတေ။
အနတ္ထာယေသံ ဂဏ္ဍန္တေ၊ ဒဏ္ဍံ ဂီဝါဃ တတ္တကံ။

၃၅၉။ ပရိက္ခာရံ၊ အသုံးအဆောင်ပရိက္ခာရကို။ ဟရန္တေသု၊ ခိုးဆောင်ကုန်လသော်။ သေံ၊ ထိုခိုးသူဘို့၏။ အနတ္ထာယ၊ အကျိုးမဲ့အလိုဋ္ဌါ။ စောရော စောရောတိ၊ သူခိုး သူခိုး ဟူ၍။ ဘာသိတေ၊ ဟစ်အော် ပြောဆိုအပ်သော်။ ဝါ၊ ဟစ်အော် ပြောဆိုခြင်းကြောင့်။ ဒဏ္ဍံ၊ ဒဏ်ငွေကို။ ဂဏ္ဍန္တေ၊ ယူလ

ဂီဝါဃ ဒဏ္ဍိတေ ဒဏ္ဍော။ ။ဒဏ်ရိုက်လိမ့်မည်ဟု သိသိ·မသိသိ, ဒဏ်ရိုက်လျှင် ထိုဒဏ်ငွေသည် ဘဏ္ဍာစားထိုက်၏၊ "ထို ငွေကျသလောက် ရဟန်းက ဒဏ်ရိုက်ခံရသော ခိုးသူ စသည်အား ပေးရမည်" ဟူလို၊ [ဤကား ဂီဝါ ဂလေ-ပီ စ၊ – အာဘိဓာန် ၁၁၂၉၊ ဂီဝါသဒ္ဒါသည် ကြွေးမြီ ဟူသော အနက်ကို ဟော၏၊ "ကြွေးတင်သည်" ဟူလို၊ "ဘဏ္ဍာစား" ဟု အနက်ပေးကြ၏။]

သယံ ဒဏ္ဍာပနေ ပန။ ။ရဟန်းကိုယ်တိုင်က "ဒီအကောင်ကို ဒဏ်ရိုက်ပါ" ဟု စေခိုင်းရာ၌ကား ဒဏ်၏ တန်ဖိုးလိုက်၍ တပဲအောက်ဒုက္ကဋ်၊ တပဲအထက် တမတ်အောက် ထုလ္လစ္စဉ်း၊ တမတ်အထက် ပါရာဇိကတည်း။

မှတ်ချက်။ ။အစိုးရတာဝန်ဆောင်တို့က "ဖျက်ဆီးသူ, ခိုးသူဟာ ဘယ် သူပါလဲ" ဟု မေးသောအခါ "ငါတို့မှာ ဖော်၍ မပြောကောင်းပါ၊ နောင် ဒီလိုမဖြစ်အောင် အစောင့်အရှောက်ကိုသာ တောင်းကြပါတယ်၊ အစောင့် အရှောက်ကို ပေးကြပါ၊ ပျောက်ဆုံးသော ဘဏ္ဍာကိုလဲ ပြန်၍ ဆောင်ယူပေး ကြပါ" ဟု ခိုးသူကို မည္သန်ပြဘဲ အစောင့်အရှောက် တောင်းကောင်း၏၊ "ထိုသို့ တောင်းသည့်အတွက် အစိုးရတို့ဘာသာ ခိုးသူကိုရှာ၍ ဒဏ်တပ်လျှင် ဘဏ္ဍာစားမထိုက်" ဟု ဘိက္ခုနီ-သံဃာဒိသိသ် ပဌမသိက္ခာပုဒ် အဋ္ဌကထာ ဆိုသည်။

ဟရန္တေသု၊ ပေ၊ တတ္တကံ။ ။ခိုးသူတို့သည် ကျောင်းမှ ပရိက္ခာရာကို ယူ၍ သွားကုန်စဉ် "သူခိုး သူခိုး" ဟု အော်လျှင် (ထိုသို့ အော်ရာ၌ သူတို့ကို အကျိုးမဲ့

သော်။ အဿ၊ ထို သူ့ဦး သူ့ဦးဟု အော်သော ရဟန်း၏။ တတ္တကံ၊ ထိုမျှ လောက်သော ဒဏ်ငွေသည်။ ဂိဝါ၊ ဘဏ္ဍာစားသည်။ ဝါ၊ ကြွေးမြီသည်။ (ဟောတိ၊ ဖြစ်၏။) (ဝိ ဋ္ဌ ၃-၁၈၂)

ဖြစ်စေလိုသော စိတ်လည်းရှိလျှင်) အစိုးရတို့က ဖမ်း၍ ဒဏ်တပ်သည်ရှိသော် ထို ဒဏ်ကျသလောက် ရဟန်းက အစားပေးရသည်။

အနတ္ထာယ။ ။အနတ္ထကို အကျိုးမဲ့ကိုလိုလား၍ အော်သူကိုသာ “အစား ပေးပါ”ဟု ဆိုသည်၊ “အကျိုးမဲ့လိုလား”ဟူရာ၌ “ဒဏ်တပ်လိမ့်မည်, သတ် လိမ့်မည်”ဟု သိသော သညာတည်း၊ ထိုသို့ အကျိုးမဲ့ကို မလိုလားဘဲ ကြောက် သောကြောင့်ဖြစ်စေ ပရိက္ခရာကို ပြန်လိုခြင်းကြောင့်ဖြစ်စေ ရုတ်တရက် “သူ့ဦး သူ့ဦး”ဟု အော်ရာ၌ကား “ဒဏ်တပ်သော်လည်း အပြစ်မရှိ”ဟု မှတ်ပါ၊ [ဧတေန (ဤ အနတ္ထကာမတာယ ပါဠိဖြင့်) ကေဝလံ ဘယေန ဝါ ပရိက္ခာရ-ဂဟဏတ္ထံ ဝါ သဟသာ စောရေတိ ဝုတ္တော ဒဏ္ဍိတေပိ န ဒေါသောတိ ဒဿေတိ၊—ဘိက္ခုနီ သံဃာဒိသိသ် ပဌမ ဝိမတိဋီကာ။]

မှတ်ချက်။ ။အစိုးရတာဝန်ဆောင်က မိမိစကားကို နားထောင်မည့်သူ ဖြစ်လျှင် “မည်သူဟာ ငါ၏ ပရိက္ခရာကို ခိုးယူသွားသည်၊ ထိုပရိက္ခရာကိုပြန်၍ ဆောင်ယူပေးပါ၊ ဒဏ်တော့ မတပ်ပါနှင့်”ဟု ပြောခြင်းငှါ အပ်၏၊ “မိမိ စကားကို နားထောင်မည့်သူ မဟုတ်သော်လည်း “ဒဏ်တော့ မတပ်ပါနှင့်”ဟု တားမြစ်လျှင် ဒဏ်တပ်သော်လည်း ရဟန်းမှာ အပြစ်မရှိ”ဟု ဝိမတိဋီကာ ဆို၏။

၃၆၀။ ဝိဃာသုစ္စာရသင်္ကာရုံ၊ မုတ္တံ ဆဋ္ဌေယျ ဒုက္ကဋံ။
ဗဟိ ပါကာရကုဋ္ဌာနံ၊ ဝဋ္ဋဉ္စေ နာဝလောကိယ။
ဟရိတေ ဝါပိ ဗီဟာဒိ- နာဠိကေရာဒိရောပိမေ။

၃၆၀။ ပါကာရကုဋ္ဌာနံ၊ တံတိုင်း, နံရုံတို့၏။ ဗဟိ၊ အပြင်ဖက်၌။ ဝါ၊ ဘေးဌ်။ ဝဋ္ဋဉ္စေ ဝါပိ၊ လူအများတို့ သွားလာသုံးစွဲအပ်သော လမ်းဌ်သော်ငင်း။ ဗီဟာဒိနာဠိကေရာဒိရောပိမေ၊ ကောက်စပါးအစရှိသော, အုန်းပင်အစရှိသော သစ်ပင်တို့ကို စိုက်ပျိုးရာဖြစ်သော။ ဟရိတေ ဝါပိ၊ စိမ်းစိုသော အရပ်ဌ်သော်ငင်း။ နာဝလောကိယ၊ မကြည့်ရှုမူ၍။ ဝိဃာသုစ္စာရသင်္ကာရုံ၊ စားကြွင်း, ကျင်ကြိး, အမှိုက်ကိုငင်း။ မုတ္တံ၊ ကျင်ငယ်ကိုငင်း။ ဆဋ္ဌေယျ၊ စွန့်အံ့။ ဒုက္ကဋံ၊ ဒုက္ကဋ် အာပတ်သည်။ (ဟေဝတီ၊ ဖြစ်၏။) (ဝိ ပါ-၂-၃၄၈-၉၊ ဝိ ဋ္ဌ ၃-၂၀၀)

ဝိဃာသုစ္စာရ၊ ဧပေ၊ ဒုက္ကဋံ။ ။ဘိက္ခုနိပါစိတ် လသုဏ်ဝဂ် အဋ္ဌမ (ဥစ္စာရ-ဆဋ္ဌန) သိက္ခာပုဒ် အတိုင်းပင်တည်း၊ "ဟရိတေ၊ ပေ၊ ရောပိမေ" ကား ထို့ဝဂ် နဝမ (ဒုတိယ ဥစ္စာရဆဋ္ဌန) သိက္ခာပုဒ် အတိုင်းပင်တည်း၊ ဘိက္ခုနီတို့ဌ် ထို သိက္ခာပုဒ်အရ ပါစိတ်သင့်၍ ဘိက္ခုတို့ဌ် ဒုက္ကဋ်အာပတ်သင့်သည်။

ဝဋ္ဋဉ္စေ နာဝလောကိယ။ ။လူအများ၏ သုံးစွဲသွားလာရာ အရပ်ဖြစ်သော်လည်း ကြည့်ရှုရ၍ လမ်းဘေးစသည်ဌ် စွန့်ပစ်လျှင် အနာပတ်တို၊ လူအများသွားရာမဟုတ်သော အရပ်ဖြစ်လျှင်ကား မကြည့်ရှုဘဲ စွန့်ပစ်သော်လည်း အနာပတ်တို့ ပြသည်။

မုတ်ချက်။ ။"တိရောကုဋ္ဌေ ဝါ"ဟု မိန့်တော်မူခြင်းကြောင့် ကျောင်းပေါ်ဌ်နေ၍ အောက်သို့ အမှိုက်ကိုစွန့်ပစ်ခြင်းသည် တိရောကုဋ္ဌဌ် သင်္ကာရကို စွန့်ရာရောက်သောကြောင့် သတိပြုသင့်၏၊ ဝိနည်းနှင့်လည်းမလျော် အရပ်ကြီးသားတို့၏ထုံးစံနှင့်လည်း မတော်ပါ၊ အမှိုက်ကို အမှိုက်ထည့်ရာပုံး စသည်ဌ်သာ စွန့်ပစ်သင့်ပါသည်။

၃၆၁။ ယောဇာပေတုံ၌ ပယောဇေတုံ၊ ပယုတ္တာနိ စ ပဿိတုံ။
နှ လဗ္ဘံ ဓမ္မယုတ္တံပိ၊ နှစ္စံ ဂိတဉ္စ ဝါဒိတံ။
ဥပဟာရံ ကရောမာတိ၊ ဝုတ္တေ ဝါ သမ္ပဋိစ္ဆိတုံ။

၃၆၁။ ဓမ္မယုတ္တံပိ၊ တရားနှင့် ယှဉ်စေကာ၌။ ဝါ၊ ကုသိုလ်ကောင်းမှုနှင့် ယှဉ်စေကာ၌။ နှစ္စံ၊ ကခြင်းကိုဂုဏ်း။ ဂိတဉ္စ၊ သီဆိုခြင်းကိုဂုဏ်း။ ဝါဒိတံ၊ တီးမှုတ်ခြင်းကိုဂုဏ်း။ ယောဇာပေတုံ စ၊ သူဘပါးကို ယှဉ်စေခြင်း ပြုလုပ်စေခြင်းဌါဂုဏ်း။ ပယောဇေတုံ စ၊ ကိုယ်ဘိုင်ယှဉ်ခြင်းပြုခြင်းဌါဂုဏ်း။ပယုတ္တာနိ၊ သူတပါးတို့ယှဉ်စပ် ပြုလုပ်အပ်သော ကခြင်း, သီဆိုခြင်း, တီးမှုတ်ခြင်းဘို့ကို။ ပဿိတုံ စ၊ ကြည့်ရှု, နားထောင်ခြင်းဌါဂုဏ်း။ နှ လဗ္ဘံ၊ မရအပ်။ ဥပဟာရံ၊ ပဲ့သဘင်ဖြင့် ပူဇော်မှုကို။ ကရောမ၊ ပြုပါကုန်အံ့။ ဣတိ၊ ဤသို့။ ဝုတ္တေ၊ လျှောက်အပ်သော်။ သမ္ပဋိစ္ဆိတုံ စ၊ ကောင်းပြီဟု လက်ခံခြင်းဌါလည်း။ နှ လဗ္ဘံ၊ မရအပ်။ (ဝိ ပါ ၂-၃၅၁၊ ဝိ ဋ္ဌ ၃ - ၂၀၁)

ဓမ္မယုတ္တံပိ။ ။ဘိက္ခုနီ လသုဏဝဂ် ဒသမ နှစ္စ ဂိတ သိက္ခာပုဒ်ကိုမှီသော ဂါထာတည်း၊ ထို့အဋ္ဌကထာ၌ "အရိယာနံ ပရိနိဗ္ဗာနကာလေ ရတနတ္တယ-ဂုဏ္ဍပသံဟိတံ (ရတနာ ၃-ပါး၏ ဂုဏ်တော်နှင့်စပ်သော=ရတနာ ၃-ပါး ဂုဏ်တော်ဖွဲ့ဖြစ်သော)သာဓုကီဠိကဂိတံ ဝါ (သူတော်ကောင်းတို့၏ ပျော်မြူးကြွခုန်းဂိတသည်မူလည်းဖြစ်စေ) အသံယတဘိက္ခူနံ ဓမ္မဘာဏကဂိတံ ဝါ (ဤသိက္ခာပုဒ်ကိုဂုဏ်း "နဘိက္ခဝေ အာယတကေန ဂိတဿရေန ဓမ္မော ဂါယိတဗ္ဗော၊ ပေဒုက္ကဋ္ဌဿ" ဟူသော ခုဒ္ဒကဝတ္ထုခန္ဓကသိက္ခာပုဒ်တော်ကိုဂုဏ်း မစောင့်စည်းသော ရဟန်းတို့၏ အသံဆဲ၍ တရားပဲ့ဆိုဟောအပ်သော ဂိတသည်မူလည်း ဖြစ်စေ) သဗ္ဗမ်ပေတံ ဂိတမေဝ" ဟု မိန့်တော်မူသောကြောင့် ကုသိုလ်ကောင်းမှုဟူသော ဓမ္မနှင့်စပ်သော ဂိတဖြစ်စေကာမူ ဤသိက္ခာပုဒ်အရ ဂိတပင်ဖြစ်သည်။

ယောဇာပေတုံ ပယောဇေတုံ။ ။သူတပါးကို စေခိုင်းမှုကို "ယောဇာပေတုံ"ဟု ဆို၍ ကိုယ်တိုင် နှစ္စ စသည် ပြုမှုကို "ပယောဇေတုံ"ဟု ဆိုသည်၊

၃၆၂။ ရာဇာဂါရံ ပေါက္ခရဏိ ံ၊ ဥယျာနံ စိတ္တာဂါရကံ။
ကီဋဋ္ဌံ ဂစ္ဆတော ဒဋ္ဌံ၊ အာရာမံ ဒုက္ကဋံ ကတံ။

၃၆၂။ ကီဋဋ္ဌံ၊ မြူးပျော်ခြင်းအကျိုးဋ္ဌ။ ကတံ၊ ပြုလုပ်အပ်သော။ ရာဇာဂါရံ ဝါ၊ မင်း၏ အိမ်တော်ကိုဋဋ္ဌ။ ဝါ၊ မင်းကွန်းကိုဋဋ္ဌ။ [ရှေးက ရှင်ဘုရင်၏အိမ်ကို "မင်းကွန်း" ဟုခေါ်သည်။] ပေါက္ခရဏိ ံ၊ ရေကန်ကိုဋဋ္ဌ။ ဥယျာနံ၊ ဥယျာဉ်ကိုဋဋ္ဌ။ စိတ္တာဂါရကံ၊ ပန်းချီရုပ် ပန်းပုရုပ်တို့ဖြင့် ဆန်း

ထို့ကြောင့် နစ္စ စသည်ကိုပြုဘို့ရန် သူတပါးကိုမခိုင်းရ, ပဲ့မင်္ဂါးရ, ပဲ့အင်္ဂါးလည်း မခိုင်းရ၊ ကိုယ်တိုင်လည်း က, ဆို, တီးမှုတ်ကို မပြုရ။

ပယုတ္တာနိ စ ပဿိတုံ။ ။သူတပါးတို့ပြုလုပ်အပ်သော ကပဲ့, ဆိုပဲ့, တီးပဲ့ကို (အယုတ်သဖြင့် ဥဒေါင်း, မျောက်, မြွေတို့၏ ကပဲ့ကိုသော်မှလည်း) "ပယုတ္တ" ဟု ခေါ်၏။ "ပဿိတုံ" အရ မျက်စိဖြင့် ကြည့်ခြင်းသာမက ကိုယ်တိုင်ကြားခြင်းကိုလည်း "ဒိဋ္ဌ" ဟု ခေါ်နိုင်ရကား "သောတုံ – နားထောင်ခြင်း" ကို ပါ ယူရသည်၊ [ပဿိတုန္တိ ဣမိနာ အနောလောစနဒဿနမ္ပိ (မျက်စိဖြင့် ကြည့်ခြင်းမဟုတ်သော ကိုယ်တွေ့ကြားခြင်းကိုလည်း) ဂဟိတန္တိ, သောတုန္တိပိ အတ္ထော၊ – ဋီကာသစ်။]

ဥပဟာရံ၊ ပေ၊ သမ္ပဋိစ္ဆိတုံ။ ။"အရှင်ဘုရားတို့၏ စေတီတော်အား ပူဇော်မှုကို ပြုလိုပါကုန်၏" ဟု လျှောက်လျှင်လည်း "ကောင်း၏" ဟု လက်ခံခြင်းကိုမပြုရ၊ "လက်မခံကောင်း" ဟူလို၊ [လက်မခံကောင်းသော အရာဝယ် "ဥပဟာရံ ကရောမ" ဟု ဤ၌ ရှိသလို ကခ်ီအဋ္ဌကထာ၌လည်း ရှိ၏၊ ပါစိတ်အဋ္ဌကထာ၌ "ဥပဋ္ဌာနံ ကရောမ" ဟု ပါဋ္ဌပျက်နေသည်၊ ဥပဋ္ဌာနကရဏ (ပြုစုလုပ်ကျွေးမှု) ကား လက်ခံကောင်းသော အမှုသာတည်း။]

ရာဇာဂါရံ၊ ပေ၊ ကတံ။ ။ဘိက္ခုနီပါစိတ် စိတ္တာဂါရဝဂ် ပဌမသိက္ခာပုဒ်ကို မှီသော ဂါထာကား၊ ထို့ကြောင့် ပါတိမောက် ဘာသာဋီကာ ထိုသိက္ခာပုဒ် အဖွင့်၌ ရှုပါ။

ကြယ်စွာ ပြုလုပ်အပ်သော အိမ်ကိုဂုဏ်း။ အာရုံမံ၊ သစ်သီးခြံ ပန်းခြံကိုဂုဏ်း။ ဒဋ္ဌုံ၊ ကြည့်ရှုခြင်းငှါ။ ဂစ္ဆတော၊ သွားသောရဟန်း၏။ ဒုက္ကဋ်၊ ဒုက္ကဋ်အာပတ်သည်။ (ဟောတိ၊ ဖြစ်၏။) (ဝိ ပါ ၂-၃၆၂၊ ဝိ ဋ္ဌ ၃-၂၁၂)

၃၆၃။ နဝေ နပ္ပဋိဗာဟေယျာ-သနေနုဏ္ဏေ နှ စီဝရံ။
နိဒဟေယျ ခမာပေယျ၊ ဂရုနာ စ ပဏ်ာမိတော။

၃၆၃။ နဝေ၊ သီတင်းငယ်တို့ကို။ အာသနေန၊ နေရာဖြင့်။ နပ္ပဋိဗာ-ဟေယျ၊ မတားမြစ်ရာ။ ဥဏ္ဏေ၊ နေပူ၌။ စီဝရံ၊ သင်္ကန်းကို။ နှ နိဒဟေယျ၊ ကြာမြင့်စွာ မထားရာ။ ဝါ၊ ကြာမြင့်စွာ မလှန်းရာ။ ဂရုနာ၊ ဆရာဥပဇ္ဈာယ်သည်။ ပဏ်ာမိတော၊ နှင်ထုတ်အပ်သည်။ (သမာနော စ၊ ဖြစ်ပြန်သော်လည်း။) ခမာပေယျ၊ သည်းခံစေရာ၏။ ဝါ၊ ကန်တော့တောင်းပန်ရာ၏။
(ဝိ ပါ ၃-၅၈-၆၄-ဂ-၇၇-ဂ၂-၇၊ ဝိ ပါ ၄-၃ဂ၁-၃၉၃-၉-၄၀၂-၄၀ဂ)

နဝေ၊ ပေ၊ အာသနေန။ ။စူဠဝဂ္ဂ ဝတ္တက္ခန္ဓက ဘတ္တဂ္ဂဝတ္တကထာ၌ နနဝါ ဘိက္ခူ။ အာသနေန ပဋိဗာဟိတဗ္ဗာ-ဘတ္တဂ္ဂ (ဆွမ်းစားဇရပ်)၌ သီတင်းငယ်ရဟန်းတို့ကို သီတင်းကြီး ရဟန်းတို့က "ဒီနေရာ၌ မထိုင်ရ"ဟု နေရာအားဖြင့် တားမြစ်ကြသောကြောင့် ထိုသို့ မတားမြစ်ဘို့ရန် ပညတ်တော်မူသည်၊ [ဋီကာသစ်၌ "အာသနေနာတိ အာသနတော၊ နှ ပဋိဗာဟေယျာဟိ နှ ဝုဋ္ဌာပေယျ-နေရာမှ မထစေရ"ဟု ဖွင့်သည်မှာ ပါဠိတော်ရင်းနှင့် မလျော်ပါ၊ နေရာမှ မထစေရသော ကျင့်ဝတ်ကိုကား ၃၅၀-ဂါထာ၌ ပြခဲ့ပြီ။]

ဥဏ္ဏေ နှ၊ ပေ၊ ဒဟေယျ။ ။သင်္ကန်း ချွေးစိုး၍ ဖြစ်စေ သင်္ကန်း ဖုပ်လျော်ပြီး၍ ဖြစ်စေ ဆိုးပြီး၍ ဖြစ်စေ ရေသနုပ် ဖြစ်စေ နေလှန်းသောအခါ ခြောက်လျင် ရုပ်ရမည်၊ ကြာကြာမထားရ။ [နှ စ ဥဏ္ဏေ စီဝရံ နိဒဟိတဗ္ဗံ-ဝတ္ထက္ခန္ဓက ပါဠိတော်။]

၃၆၄။ အဓိကြောသနေ ပရမ္မုခါ။ အာပတ္တိဟိ စ သတ္တဟိ။
ဘိက္ခုံ ဥပါသကံ ဝါပိ၊ အညေနေစ စ ဒုက္ကဋံ။

၃၆၄။ ဘိက္ခု ရဟန်းကို။ သတ္တဟိ၊ ခုနစ်ပါးကုန်သော။ အာပတ္တိဟာ စ အာပတ်တို့ဖြင့်လည်း။ ပရမ္မုခါ၊ မျက်ကွယ်၌။ အက္ကောသနေ၊ ဆဲရေးခြင်းကြောင့်။ ဒုက္ကဋံ၊ ဒုက္ကဋ်အာပတ်သည်။ (ဟောတိ၊ ဖြစ်၏။) ဥပါသကံ ဝါပိ၊ ဥပါသကာကိုမူလည်း။ [ပိဖြင့် ဘိက္ခုကိုပေါင်း] အညေနေဝ၊ဝအာပတ်မှ တပါးသော အကြောင်းဖြင့်သာလျှင်။ အက္ကောသနေ၊ ဆဲရေးခြင်းကြောင့်။ ဒုက္ကဋံ ဒုက္ကဋ်အာပတ်သည်။ (ဟောတိ၊ ဖြစ်၏။)[၁](သာရတ္ထဋီ ၃-၄)

ခမာပေယျ။ ပေါပဏာမိတော။— ။ဥပဇ္ဈာယ် အာစရိယ ၄-မျိုးတွင် ပါဝင်သော ဂုရုက အပြစ်တစုံတခုကြောင့် ကျောင်းမှနှင်ထုတ်လျှင် ယုတ်မာဆွေးသေးဘဲ ကြရာကြကြောင်း တောင်းပန်ရမည်၊ – မဟာဝဂ် မဟာခန္ဓက ပဏာမိတကထာ။

အက္ကောသနေ ပရမ္မုခါ။ ။ဆဲရေးအပ်သူ၏ ကွယ်ရာ၌ “ပါရာဇိကကျူးနေတဲ့အကောင်” စသည်ဖြင့် အာပတ် ၇-ဖုံဖြင့် ရဟန်းကိုဆဲလျှင်၎င်း ရဟန်းကို ဖြစ်စေ ဥပါသကာကို ဖြစ်စေ “သဒ္ဓါတရားမရှိတဲ့အကောင်, (နောင်သံသရာအတွက် ကုသိုလ်မတိုးပွါးသောကြောင့် မျိုးစေ့ကို စားရောက်သည့်အတွက်) မျိုးကို ပြုတ်စားတဲ့အကောင်” စသည်ဖြင့်။ အာပတ် ၇-ဖုံမှ အခြားသော စကားဖြင့် ဆဲလျှင်၎င်း ဒုက္ကဋ်အာပတ်သင့်၏၊ [မျက်မှောက်၌ ရဟန်းကို တိုက်ရိုက်ဆဲလျှင်ကား သုမနသဝါဒပါစိတ်တည်း။] “မကောင်းမှုကို ကဲ့ရဲ့သည့် အနေအားဖြင့် ကဲ့ရဲ့လျှင်ကား အနာပတ္တိ” ဟု ဋီကာသစ် ဆိုသည်။

၃၆၅။ နာ လဗ္ဘံ ဝိနိပါတေတုံ၊ သဒ္ဓါဒေယျဉ္စ စီဝရံ။
လဗ္ဘံ ပိတ္တုနံ ဃသာနံ၊ ဉာတီနမ္ပိ နာ လဗ္ဘတိ။

၃၆၅။ သဒ္ဓါဒေယံ၊ သဒ္ဓါကြည်ဖြူ ပေးလှူအပ်သော။ စီဝရဉ္စ၊ သင်္ကန်း ကိုလည်း။ ဝိနိပါတေတုံ၊ မောက်မောက် ပြန်ပြန် ကျုံ့ရောက်စေခြင်းငှါ။ နာ လဗ္ဘံ၊ မရအပ်။ ပိတ္တုနံ၊ မိဘဖို့၏ အတွက်။ လဗ္ဘံ၊ ရအပ်၏။ ဃသာနံ၊ မိဘဖို့မှ ကြွင်းသော သူတို့အတွက်။ ဉာတီနမ္ပိ၊ ဆွေမျိုးတို့အတွက်သော်မှ လည်း။ နာ လဗ္ဘတိ၊ မရအပ်။ (ဝိ ဟ ၃ - ၄၁၂၊ ပိ ဋ္ဌ ၃-၄၁၀)

၃၆၆။ **နာ လဗ္ဘံ၊ ပေ၊ နာ လဗ္ဘတိ။** ။ရဟန်းတပါး၌ သင်္ကန်းမျှားစွာရ၏၊ ထို ရဟန်း သည် မိဘတို့အား ပေးလို၍ ဘုရားရှင်အား လျှောက်ရာ မိဘတို့အား ပေးဘို့ရန် ခွင့်ပြုတော်မူ၏၊ မိဘမှတပါးသော အခြားသူတို့အား ပေးခြင်းကိုကား "နာ စ' ဘိက္ခဝေ သဒ္ဓါဒေယျံ၊ ဝိနိပါတေတဗ္ဗံ၊ ပေ၊ ဒုက္ကဋဿ" ဟု မဟာဝဂ် စီဝရက္ခန္ဓကဉ် ပညတ်တော်မူသည်၊ ထို့ကြောင့် သင်္ကန်းကိုလည်း စသဒ္ဒါဖြင့် ဆည်းယူအပ်သော အခြားပစ္စည်းကိုလည်း [ဋီကာဟောင်း၌ "ပိဏ္ဍပါတံ ဝါ" ဟု ဆို၏၊] လူတို့အား မနှိပ်စက်ကောင်း၊ ပေးလျှင် သဒ္ဓါဒေယျ ဝိနိပါတ ဒုက္ကဋ်အာပတ်တည်း၊ [လူတို့ လှူအပ်သော ပစ္စည်းကို ဝိ-ဖောက်ဖျက်ပြန်ပြန်၊ ဝါ-မတော်မတရား + နိပါတ-ကျုံ့ရောက်စေခြင်း၊] မိဘကို ပြုစုသူ စသော လူတို့အား တချို့သော ပစ္စည်း များများကို ပေးကောင်းကြောင်းကို ရှေ့၂၇၈-ဂါထာ၌ ပြခဲ့ပြီ။

၃၆၆။ ဝဿံ ဝုတ္ထောညေတောညေတြ၊ ဘာဂံ ဂဏှေယျ ဒုက္ကဋံ။
ပဋိဒေယျ နဒ္ဒေ ဇိဏ္ဏော၊ ဂိဝါ နော ဒေယျ စောဒိတော။
ဓုရနိက္ခေပတော တေသံ၊ ဟောတိ ဘဏ္ဍဂ္ဃကာရိယော။

၃၆၆။ အညတြ၊ အခြားကျောင်းတိုက်၌။ ဝဿံ၊ မိုးလပတ်လုံး။ ဝုတ္ထော၊ နေပြီးသော ရဟန်းသည်။ အညတော၊ တပါးသောကျောင်းတိုက်မှ။ ဘာဂံ၊ သက်ဒ်နှံးစသော အဘို့ကို့။ ဂဏှေယျ၊ ယူအံ့။ ဒုက္ကဋံ၊ ဒုက္ကဋ်အာပတ်သည်။ (ဟောတိ၊ ဖြစ်၏။) ပဋိဒေယျ၊ ပြန်ပေးရာ၏။ နဒ္ဒေ၊ ပျောက်သော်၎င်း။ ဇိဏ္ဏော၊ ဆွေးမြေ့သော်၎င်း။ ဂိဝါ၊ ကြွေးမြီအလား ဘဏ္ဍာစားသည်။ (ဟောတိ၊ ဖြစ်၏။) စောဒိတော၊ တောင်းအပ်သည်။ (သမာနော၊ ဖြစ်လျက်။) နော ဒေယျ၊ မပေးအံ့။ တေသံ၊ ထိုဘဏ္ဍာရှင်တို့၏။ ဓုရနိက္ခေပတော၊ ပြန်ရဘို့ရန် လုလွှကို လျှော့ချခြင်းကြောင့်။ ဘဏ္ဍဂ္ဃကာရိယော၊ ဘဏ္ဍာ၏ တန်ဖိုးအားဖြင့် ပြုစေထိုက်သည်။ ဝါ၊ ဘဏ္ဍာ၏တန်ဖိုးအလိုက် ဆုံးဖြတ်ထိုက်သည်။ ဟောတိ၊ ဖြစ်၏။ (ဝိ ပါ ၃-၄၁၆၊ ဝိ ဋ္ဌ ၃-၄၁၃)

ဝဿံ ဝုတ္ထော၊ ပေ၊ ဒုက္ကဋံ။ ။အရှင်ဥပနန္ဒသည် သာကီဝင်မင်းသား ဖြစ်သော်လည်း လောဘကြီးသော ရဟန်းတပါးတည်း၊ သာဝတ္ထိမြို့၌ ဝါကပ်၏၊ ထိုဝါကပ်ရာကျောင်း၌သာ ဝါကျွတ်သောအခါ သံဃိကသက်ဒ်နှံးမှဝေစုရခဲ့ရှိ၏၊ သို့သော် အရှင်ဥပနန္ဒကား အခြားရွာငယ်ကျောင်း၌ သက်ဒ်နှံးဝေခြိန်ကိုမှန်း၍ သွားဇ်၏၊ ထိုကျောင်း၌ သံဃာများသည် “ကထိန်ခေတ်နှင့် အာနိသင်ကုန်အောင် အခြားကျောင်း၌ဝါကပ်သော ကိုယ်တော်များမရထိုက်, ဤကျောင်း၌ ဝါကပ်သော ကိုယ်တော်များသာ ရထိုက်၏” ဟု သိကြသော်လည်း အရှင်ဥပနန္ဒကို နှုတ်ကြမ်းသော ဓမ္မကထိကမှန်းသိ၍ ကြောက်သောကြောင့် “ဝေစုကို သာယာမည်လား” ဟု မေးကြ၏၊ ထိုအခါ “သာယာမည်” ဟု ပြော၍ ဝေစုယူပြီးလျှင် အခြား ၂-ကျောင်းသို့လည်း ဆက်ကာ ဆက်ကာ သွားပြန်၏၊ ထိုအကြောင်းကို ဘုရားရှင် ကြားသိတော်မူ၍ “နဘိက္ခဝေ အညတြ ဝဿံ

၃၆၇။ နှ သန္တရုတ္တရော ဂါမံ၊ ကလ္လော ဝါ သဉ္ဉပါဟနော။
ပဝိသေယ္ယ နှ ဓာရေယ္ယ၊ စာမရိမကသဗိဇနိ ံ။

၃၆၇။ သန္တရုတ္တရော၊ သင်းပိုင် ကေသီနှင့်တကွ ဖြစ်သည်။ (ဟုတ္ဝာ၊ ဖြစ်၍။) ဂါမံ၊ ရွာသို့။ နှ ပဝိသေယ္ယ၊ မဝင်ရာ။ ကလ္လော၊ ကျန်းမာသည်။ (ဟုဘ္ဝာ၊ ဖြစ်လျက်။) သဉ္ဉပါဟနော၊ ဘိနပ်နှင့်တကွ ဖြစ်သည်။ ဝါ၊ ဘိနပ်စီးသည်။ (ဟုဘ္ဝာ၊ ဖြစ်၍။) ဂါမံ၊ ရွာသို့။ နှ ပဝိသေယ္ယ၊ မဝင်ရာ။ စာမရိ-မကသဗိဇနိ ံ၊ စာမရိ သားမြီးဖြင့် ပြုအပ်သော ခြင်နှင်ယပ်ကို။ နှ ဓာရေယ္ယ၊ မဆောင်ရာ။ (ဝိ ပါ ၃-၄၁၃၊ ဝိ ပါ ၄-၂၆၉)

ဝုဋ္ဌေန္ဒ အညတြ စီဝရဘာဂေါ သာဒိတဗ္ဗော၊ ပေ၊ ဒုက္ကဋဿ ” ဟု ပညတ်တော်မူသည်။

ပဋိဒေယ္ယ၊ ပေ၊ ဂိဝါ။ ။ကိုဠာပိ လဟုကာပတ္တိ-အာပတ်က လဟုက ဒုက္ကဋ်အာပတ်သာ ဖြစ်ပါသော်လည်း၊ အထ ခေါ ဂဟိတာနိ ဂဟိတဋ္ဌာနေ ဒါတဗ္ဗာနိ-စင်စစ်မှာ ယူအပ်သော သက်န်းလျာအဝတ်တို့ကို ယူအပ်ခဲ့ရာ ဌာန၌ ပြန်၍ ပေးထိုက်ကုန်၏၊ သစေ နဋ္ဌာနိ ဝါ ဇိဏ္ဏာနိ ဟောန္တိ, တသော ဂိဝါ-ပျောက်သွားကုန်သော်၎င်း ဆွေးမြေပျက်စီးကုန်သော်၎င်း ထိုရဟန်းမှာသာ ကြွေးတင်၏၊ “ ကြွေးဆပ်သကဲ့သို့ အစားပြန်ပေးရမည် ” ဟူလို။

စောဒိတော၊ ပေ၊ ကာရိယော။ ။“ ပြန်ပေးပါ ” ဟု တောင်း၍ မပေးဘဲ နေလျှင် ထို သက်န်းဝေချိန်က ဝေစုရထိုက်သော သံဃာများ၏ ဓုရနိက္ခေပ ပြုသည်နှင့်တပြိုင်နက် ဘဏ္ဍာတန်ဖိုးလိုက်၍ “ ဒုက္ကဋ်, ထုလ္လစ္စဉ်း, ပါရာဇိက ” ဟု ဆိုးဖြတ်ရသည်၊ – စီဝရက္ခန္ဓကအဋ္ဌကထာ၊ [ဂိဝါနှင့် ဘဏ္ဍာဒေယျတို့၏ အဓိပ္ပါယ်ကို ပါရာဇိကဏ် ဘာသာဋီကာ ဒုတိယပါရာဇိကအဖွင့်၌ ပြခဲ့ပြီ။]

နှ သန္တရုတ္တရော။ ။တောနေ ရဟန်းတပါးသည် ၂-ထပ် သက်န်းကြီးကို ထားခဲ့၍ သင်းပိုင်ကေသီတို့ဖြင့်သာ ရွာတွင်းသို့ဝင်သော်ကြောင့် သက်န်းကြီးကို

သူခိုးတို့က ယူသွားကြလေသည်၊ ထို့ကြောင့် "နဘိက္ခဝေ သန္တရုတ္တရေန ဂါမော ပဝိသိတဗ္ဗော၊ ပေ၊ ဒုက္ကဋဿ" ဟု ပညတ်တော်မူသည်။

ထားခွင့်ပြုတော်မူခြင်း။ ။ထို့နောက် အရှင်အာနန္ဒာ၏ သတိမေ့၍ ထားခဲ့မှုကြောင့် မကျန်းမာသော်ငင်း မိုးရွာဘို့ရန် အမှတ်အသား ရှိသော်ငင်း (ထို့အခါ သင်္ကန်း အပိုကို ယူသွားလျှင် သင်္ကန်းအပိုပါ မိုးစိုတိုလိမ့်မည်၊) မြစ်တဖက်ကမ်းသို့ သွားလိုသော်ငင်း (သင်္ကန်းအပိုကို ရေမစိုစေလို၍ ဖြစ်သည်၊) ကျောင်းက အဂ္ဂဠုတို့ တံခါ ရှက်တို့ဖြင့် လုံခြုံနေသော်ငင်း (ထိုသို့ ဖြစ်လျှင် သူခိုး-ခိုးဘို့ မလွယ်၊) (ကထိန်ခင်းထားသော်ငင်း ဤ အကြောင်း ၅-ပါးတွင် တပါးပါးကြောင့် "ကျောင်းဌဲ့ သင်္ကန်းအပိုကို ထားခဲ့နိုင်သည်" ဟု ခွင့်ပြုတော်မူသည်၊ ယခုအခါ အဂ္ဂဠုတို့ ဝိဟာရ ဖြစ်သောကြောင့် သင်္ကန်းအပိုကို ထားခဲ့ကြသည်။

ကလ္လော ဝါ သဉ္ဇပါဟနော။ ။"ကျန်းမာလျက် ရွာတွင်း မြို့တွင်းသို့ ဘိုနပ်စီး၍ မဝင်ရ" ဟု စမ္မက္ခန္ဓကဋ္ဌ တားမြစ်တော်မူသည်၊ ဂိလာနဖြစ်လျှင် ခွင့်ပြုတော်မူသောကြောင့် "ကလ္လော-ကျန်းမာသူ" ဟု ဝိသေသန ပြုသည်၊ ရွာတွင်းဌဲ့ ကူးစက်တတ်သော ရောဂါဖြစ်နေလျှင်ငင်း အေးလျှင်ငင်း ပူလျှင်ငင်း မကျန်းမမာဖြစ်မည်စိုး၍ စီးလျှင် သင့်စရာ ရှိ၏ ဟု ယူဆကြသည်၊ ဘာ့ကြောင့်နည်း— ဘေသဇ္ဇအရာဌဲ့ ရောဂါဖြစ်သည့် အကြောင်းရှိလျှင် ဆေးကုကြိုတင်၍ စားသုံးနိုင်သောကြောင့်တည်း။

စာမရိမကသဗိဇနိံ။ ။စာမရိသားမြီးယပ်ကို မဆောင်ရ၊ ခုဒ္ဒကဝတ္ထုခန္ဓကဋ္ဌ "မကသ ခြင်တို့ကို+ဗိဇနီ-ခပြုးအောင် ခြောက်ကြောင်း နှင်ကြောင်း ယပ်" ဟု ဆိုသောကြောင့် ခြင်ခြောက်သော ယပ်ကို "မကသဗိဇနီ" ဟု ခေါ်၏၊ ထိုယပ်အတွက် ဝါကမယံ-လျှော်ဖြင့် ပြုအပ်သော ယပ်, ဥသီရမယံ-ပန်းရင်းဖြင့် ပြုအပ်သောယပ်, မောရပိဉ္ဆမယံ-ဥဒေါင်းမြီးဖြင့် ပြုအပ်သော ယပ် ဤ ၃-မျိုးကိုသာ ခွင့်ပြုတော်မူ၏။ [တာလဝဏ္ဏ စသော ယပ်တို့ကား လေပူ နေပူကို ကာကွယ်သောယပ်မျိုးဖြစ်၍ ခွင့်ပြုတော်မူအပ်သော ယပ်မျိုး ပင်တည်း။]

၃၆၀။ အဂိလာနော နု ဆိုဒ္ဒေယျ၊ ကေသေ တတ္တာ ဒိယာ ဇဟိ။
အာရာမဏော နု ခာရေယျ၊ ဆာတံ လဗ္ဘတိ ဂုတ္တိယာ။

၃၆၁။ အဂိလာဒနာ၊ ပေ ဂိလာနမဟုဘာဘေ။ ကေသေ၊ ဆံပင်တို့ကို။ ကတ္တာဒိယာ၊ ကာတ်ဒကျးဖြင့်။ နု ဆိုဒ္ဒေယျ၊ မဖြတ်ရာ။ အာရာမဏော၊ အာရာမိကဿ အရာမ်၏ ဥာဒစဒ။ ဇဟိ၊ ဖြင်ဖက်၌။ ဆတ်၊ ထိုးကို။ နု ခာရေယျ၊ မဆောင်ရာ။ ဝါ၊ မဆောင်းရာ၊ ဂုတ်တိယာ၊ ဗီဝရဂုတ်တိ, အတ္တာဂုတ်တိ-အကျိုးငှါ။ ဆတ်၊ ထိုးကို။ လဗ္ဘတိ၊ ရအပ်၏။ (ဝိ ပါ ၄-၂၄၉-၂၇၄၊ ဝိ (ဋ) ၄-၅၂)

အဂိလာနော၊ ပေ၊ ကတ္တရိယာ။ ။ဂိလာန မဟုတ်လျှင် ကတ်ကျေးဖြင့် ဆံပင်ကို မဖြတ်ရ၊ ဦးခေါင်း၌ အနာပေါက်ခြင်း, ဖျားပြီးစဖြစ်၍ ရေမချိုးဝံ့သေးခြင်း စသော အကြောင်းကြောင့်ကား စက်ကတ်ကျေး စသည်ဖြင့် ဆံပင်ကို ဖြတ်ကောင်း၏။ [အနုဇာနာမိ ဘိက္ခဝေ အာဗာဓပစ္စယာ ကတ္တရိကာယ ကေသေ ဆေဒါပေတုံ၊—ခုဒ္ဒကဝတ္ထုခန္ဓက။]

ဇဟိ အာရာမဇတော။ ။အာရာမဖြင့် အာရာမ ဥပစာရကိုပါယူ၊ ထိုအရာမ်အရာမ်ဥပစာ၏ အပြင်ဖက်၌ ဂိလာန မဟုတ်လျှင် ထိုးမဆောင်းရ၊ ဂိလာနဖြစ်လျှင်ကား ဆောင်းကောင်း၏။ [ယဿ ကာယဒုာဟော ဝါ (ကိုယ်ပူရောဂါ) ပိတ္တကောပေါ ဝါ (သည်းခြေပျက်ရောဂါ) ဟောတိ၊ စက္ခု ဝါ ဒုဗ္ဗလံ (မျက်စိ အားနည်း၏၊) အညော ဝါ ကောစိ အာဗာဓော ဝိနာ ဆတ္တေန ဥပ္ပဇ္ဇတိ (ထိုးမဆောင်းလျှင် ရောဂါတ်ခုခု ဖြစ်တတ်၏)၊ တဿ ဂါမေ ဝါ အရညေ ဝါ ဆတ္တံ ဝဋ္ဋတိ၊—ခုဒ္ဒကဝတ္ထုခန္ဓက အဋ္ဌကထာ။]

လဗ္ဘတိ ဂုတ္တိယာ။ ။မိုးအခါ၌ သင်္ကန်းကို လုံခြုံစေခြင်း, ဝါဋမိဂဘေး, စောရဘေးတို့ကြောင့် မိမိကိုကာကွယ်ဘို့ အကျိုးရှိခြင်း ဤသို့သော အကျိုးငှါ ထိုးဆောင်းခွင့်ကို ရအပ်ပါ၏၊—ထို အဋ္ဌကထာ။]

၃၆၉။ ဝဟော ဃျ နုဘတောကာဇံ၊ ဧကန္တရိကကာဇကံ။
သိသက္ခန္ဓကဒုိဘာဏာ၊ ဟဘ္ဆာလမ္မော စ လဗ္ဘတိ။

၃၆၉။ ဥဘတောကာဇံ၊ နှစ်ဖက်၌ ဝန်ရှိသော ထမ်းပိုးကို။ နဝဟောဃျ၊ မဆောင်ရာ။ ဧကန္တရိကကာဇကံ၊ တဖက်၌ ဝန်ရှိသော ထမ်းပိုး, အကြား၌ ဝန်ရှိသော ထမ်းပိုးကို။ ဝဟောဃျ၊ ဆောင်ရာ၏။ သိသက္ခန္ဓကဒုိဘာရာ၊ ဦးခေါင်းဖြင့် ဆောင်အပ်သောဝန်, ပခုံးဖြင့် ဆောင်အပ်သောဝန်, ခါးဖြင့်ဆောင်အပ်သော ဝန်ထုပ်ဝန်ပိုးတို့ကိုဌင်း။ ဟဘ္ဆာလမ္မော စ-လက်ဖြင့် ဆဲအပ်သော ဝန်ထုပ် ဝန်ပိုးကိုဌင်း။ လဗ္ဘတိ၊ ရအပ်၏။ (ဝိ ပါ ၄-၂၇၈)

ဂါဟောဃျ နုဘတောကာဇံ။ ။ရေထမ်းသမားတို့၏ ထမ်းပိုးကဲ့သို့ အစွန်၂-ဖက်၌ ဝန်ထုပ်ဝန်ပိုးရှိသော ထမ်းပိုးကို "ဥဘတောကာဇံ" ဟု ဆိုသည်၊ ထို ထမ်းပိုးကို ရဟန်း (သာမဏေ)တို့ မထမ်းကောင်း။ [နဘိက္ခဝေ ဥဘတော-ကာဇံ ဟရိတဗ္ဗံ၊ ပေ၊ ဒုက္ကဋဿ။]

ဧကန္တရိကကာဇကံ။ ။တဖက်အစွန်တခု၌သာ ဝန်ထုပ်ရှိသော ထမ်းပိုးကို "ဧကတောကာဇံ" ဟုဌင်း အစွန် ၂-ဖက်၌ တယောက်စီ ထမ်းရသော အလယ်အကြား၌ ဝန်ထုပ်ရှိသော ထမ်းပိုးကို "အန္တရာကာဇံ" ဟုဌင်း ခေါ်၏၊ ထို ထမ်းပိုးကိုဌင်း သိသဘာရံ-ဦးခေါင်းဖြင့် ရွက်ဆောင်အပ်သော ဝန်ထုပ်ကိုဌင်း ခန္ဓဘာရံ-ပခုံးဖြင့် ထမ်းဆောင်အပ်သော ဝန်ထုပ်ကိုဌင်း ကဋိဘာရံ-ခါးစောင်းတင်၍ ဆောင်အပ်သော ဝန်ထုပ်ကိုဌင်း သြလမ္ဗကံ-တဲ့လျားချ၍ ဆဲအပ်သော လက်ဆဲဝန်ထုပ်ကိုဌင်း ထမ်းဆောင်ခြင်းငှါ ခွင့်ပြုတော်မူသည်။ [အနုဇာနာမိ ဘိက္ခဝေ ဧကတောကာဇံ အန္တရာကာဇံ သိသဘာရံ ခန္ဓဘာရံ ကဋိဘာရံ သြလမ္ဗကန္တိ၊ -ခုဒ္ဒကဝတ္ထုခန္ဓက။]

၃၇၀။ အာပတ္တိယာ အနောကာသ-ကတံ စောဒေယျ ဒုက္ကဋံ။
သုဒ္ဓဿ စ အဝတ္ထုသ္မိံ၊ တထာ သ္ဉကာသကာရဏေ။

၃၇၀။ အနောကာသကတံ၊ မပ္ပိအာပ်သော အန္ဓဉ်ရှိသော ရဟန်းကို။ ဝါ၊ စောဒနာဒ္ဓဉ်မပ္ပိသော ရဟန်းကို။ အာပတ္တိယာ၊ အာပတ်ဖြင့်။ စောဒေယျ၊ စောဒနာအံ့။ ဒုက္ကဋံ၊ ဒုက္ကဋ်အာပတ်သည်။ (ဟောတိ၊ ဖြစ်၏။) သုဒ္ဓဿ၊ စင်ကြယ်သော ရဟန်း၏အပေါ်၌။ အဝတ္ထုသ္မိံ၊ အကြောင်းမရှိဘဲ။ သ္ဉကာသကာရဏေ စ၊ စောဒနာဒ္ဓဉ်ကို ပြုစေခြင်းကြောင့်လည်း။ တထာ၊ ထို့အတူ ဒုက္ကဋ်အာပတ်သည်။ (ဟောတိ၊ ဖြစ်၏။) (ဝိ ပါ ၃-၁၅၄)

အာပတ္တိယာ၊ ပေ၊ ဒုက္ကဋံ။ ။ရဟန်းတပါးကို "ကိုယ်တော့်မှာ မည်သည့် အာပတ်သင့်သည်"ဟု စောဒနာ (အပြစ်တင်) လိုလျှင် ရှေးဦးစွာ "ငါ့ရှင်.... ငါ့အား (အရှင်ဘုရား တပည့်တော်အား) အခွင့်ပြုပါ၊ ငါသည်(တပည့်တော်သည်) ငါ့ရှင်ကို(အရှင်ဘုရားကို) ပြောဆိုလိုပါသည်" ဤသို့ခွင့်တောင်းပြီးမှ စောဒနာရ၏၊ ထို့သို့ ခွင့်မတောင်းဘဲ စောဒနာလျှင် "နဘိက္ခဝေ အနောကာသကတော (ပြုအပ်ပြီးသော အခွင့်မရှိသော) ဘိက္ခု အာပတ္တိယာ စောဒေတဗ္ဗော၊ပေ၊ဒုက္ကဋဿ" ဟူသော မဟာဝဂ္ဂ, ဥပေါသထက္ခန္ဓကပါဠိတော်အရ ဒုက္ကဋ်အာပတ်တည်း။

သုဒ္ဓဿ စ၊ ပေ၊ ကာရဏေ။ ။အာပတ်မှ စင်ကြယ်သော ပုဂ္ဂိုလ်အား (မိမိကို သူက စောဒနာမည်စိုး၍ မိမိက အလျင်ဦးအောင်)အာပတ်ဖြင့် စောဒနာဘို့ အခွင့်ပြုစေခြင်းကြောင့်လည်း "နဘိက္ခဝေ သုဒ္ဓါနံ ဘိက္ခူနံ အနာပတ္တိကာနံ အဝတ္ထုသ္မိံ (ဝတ္ထုမရှိဘဲ) အကာရဏေ(အကြောင်းမရှိဘဲ) သ္ဉကာသော. ကာရာပေတဗ္ဗော၊ ပေ၊ ဒုက္ကဋဿ" အရ ဒုက္ကဋ်အာပတ်သင့်သည်။

၃၇၁။ အင္ဒဂုံလာခိကံ မဥ္ဇု-ပဋိပါဒံ နု ခေါ ရထေယျ။
ပကာဘိဂုံလျာယတ္တာနံ၊ မဉ္ဇုံ ဝါ ဥစ္စိပ္ပါဒကံ။

၃၇၂။ သုဘတ္တာနံ ဂြိ လူယတ္တဘါဘိဂြိ။ ပကာဘိဂုံလျာဂ ဖုဏာတိလက်သစ်
အားဖြင့်။ အင္ဒဂုံလာခိကံ၊ လက်ရှစ်သစ်ထက် အဝိုအလွန်ရှိသော်ငြား မဉ္ဇုဖဒို-
ပါခံ၊ ဂ္ဂလောဝါဒစောင်းအခြေခံကို။ နု ခေါ ရထေယျ၊ မဆောင်ရာ။ ဥစ္စိပါဒကံ၊
ဘုရားရှင်၏ လက်ရှစ်သစ်ဆက်လွန်သော အခြေရှိသော်။ မဉ္ဇုံ ဝါ၊ ညောင်
စောင်းကိုလည်း။ နု ခေါ ရထေယျ၊ မဆောင်ရာ။ (ဝိ ပါ ၄-၂၉၅)

၃၇၂။ ဒုဂတဘာဒိံ ဂဏှေယျ၊ ဒုက္ကဋံ တိတ္ထိယဘာတံ။
ခုရဘာဏ္ဍံ ပဒိဟရေ၊ တထာ နှာပိတပုဗ္ဗကော။

၃၇၂။ မုဂဘာဒိံ၊ သူအ တို့၏ အကျင့်အစရှိသော။ တိတ္ထိယဘာတံ၊
တိဘ္ဆိဘို့၏ အကျင့်ကို။ ဂဏှေယျ၊ ယူအံ့။ ဒုက္ကဋံ၊ ဒုက္ကဋ်အာပတ်သည်။

အင္ဒဂုံလာခိကံ၊ ပေ၊ ဥစ္စိပါဒကံ။ ။ဘုရားရှင်၏ လက်သစ်တော်မဟုတ်သော်
လူတို့၏ ပကတိရိုးရာလက်သစ်ဖြင့် ရှစ်သစ်ထက်ပိုလွန်သော ညောင်စောင်း
အခြေ၏အောက်ခံတုံး, ခွက်ကိုင်း ဘုရားရှင်၏ လက်ရှစ်သစ်ထက်လွန်အောင်
ရှည်သော အခြေရှိသော ညောင်စောင်း, အင်းပျဉ်ကိုင်း မဆောင်ရ။

မှတ်ချက်။ ။ဘိက္ခု, ရတနာဝက် မဉ္ဇသိက္ခာပုဒ်၌ကား "သုဂတင်္ဂုလအားဖြင့်
လက်ရှစ်သစ်ထက်လွန်သော အခြေရှိသော ညောင်စောင်း, အင်းပျဉ်ပြုမှုကြောင့်
ပါစိတ်" ဟု ပညတ်တော်မူ၏။ ဤ၌ "အိပ်မှုကြောင့် ဒုက္ကဋ်" ဟု ပညတ်တော့
မူသည်။ [နု ဘိက္ခဝေ ဥစ္စေ မဉ္စေ သယိတဗ္ဗံ၊ ပေ၊ အာပတ္တိ ဒုက္ကဋဿ၊ ဤ၌
"ဥစ္စ" အရ ဘုရားရှင်၏ ရှစ်သစ်တော်ထက်လွန်သော အရှည်ကိုယူပါ၊ ဤသို့ယူမှ
ရတနာဝက် မဉ္ဇသိက္ခာပုဒ်နှင့် ရှေနောက်လိုက်လျော်မည်]။

မုဂဘာဒိံ။ ။"မုဂ-လူအ(စကားမပီသူ)တို့၏+ဝတ-အကျင့်" ဟူသည်
စကားတင်း၌ တပါးနှင့်တပါး, စကားမပြောဘို့ရန် ကျင့်အပ်သော အကျင့်တည်း၊

(ဟောတိ၊ ဖြစ်၏။) နှာပိဘပုဗ္ဗကော၊ ရွေးဦး ဆတ္တာသည်ဖြစ်သော ရဟန်းသည်။ ဝါ၊ ဆတ္တာသည်ဖြစ်ဘူးသောရဟန်းသည်။ ခုရဘက္ခံ၊ သင်ခုန်းဘဏ္ဍာကို။ ပရိဟရေ၊ ကိုယ်ပိုင်အဖြစ်ဖြင့် သိမ်းပိုက်ဆောင်ထားအံ့။ တထာ၊ ထို့အတူ ဒုက္ကဋ်အာပတ်သည်။ (ဟောတိ၊ ဖြစ်၏။) ဝိ ပါ ၃-၂၂၃-၃၄၈၊ ဝိဒ္ဓ ၃-၃၅၆-၃၈၄)

ထိုအကျင့်ကို တိတ္ထိတို့ကျင့်အပ်သောကြောင့် "တိတ္ထိယဗ္ဗတ" ဟုလည်း ခေါ်သည်။ "နှ ဘိက္ခဝေ မှဂဗ္ဗတံ တိတ္ထိယသမာဒါနံ (တိတ္ထိတို့ ဆောက်တည်အပ်သော အကျင့်ကို) သမာဒိယိတဗ္ဗံ၊ ပေ၊ ဒုက္ကဋ္ဌဿ" ဟု မဟာဝဂ္ဂ, ပဝါရဏာက္ခန္ဓက၌ ပညတ်တော်မူသောကြောင့် ထိုအကျင့်ကိုကျင့်လျှင် ဒုက္ကဋ်အာပတ်သင့်၏၊ [မှဂဗ္ဗတာဒိ၌ အာဒိဖြင့် ဂေါဝတ(နွားအကျင့်), ကုက္ကုရဝတာဒယော (ခွေးအကျင့်)အစရှိသည်တို့ကို ယူပါ-ဟု ဋီကာဟောင်းဆို၏၊ [ထိုအကျင့်များကို သဂ္ဂိဟ်ဘာသာဋီကာ, သမုစ္စည်းပိုင်း, သီလဗ္ဗတုပါဒါန်အခဏ်း၌ရှုပါ။]

ခုရဘက္ခံ၊ ပေ၊ နှာပိတပုဗ္ဗကော။ ။လူဝတ်ကြောင်အဖြစ်တုန်းက ဆတ္တာသည်ဖြစ်ဘူးသော ရဟန်းသည် သင်ခုန်းဘဏ္ဍာကို ကိုယ်ပိုင်အဖြစ်ဖြင့် မသိမ်းပိုက်ရ(ကိုယ်ပိုင်မထားရ)၊ ထားလျှင် ထို့အတူ ဒုက္ကဋ်ပင်တည်း၊ [ဂဟေတ္ဘာပရိဟာရိတုမေဝ (ကိုယ်ပိုင်အဖြစ်ဖြင့် သိမ်းပိုက်ယူထားခြင်းငှါသာ) နဝဋ္ဋတိ၊ အညဿ သန္တကေန (အခြားသူ၏ဥစ္စာဖြစ်သော သင်ခုန်းဖြင့်)ကသေ ဆိန္နံတုံ ဝဋ္ဋတိ၊-မဟာဝဂ္ဂ, ဘေသဇ္ဇက္ခန္ဓက အဋ္ဌကထာ။

၃၇၃။ ယံကိဉ္စိ ယာစိတုံ ဟတ္ထ-ကမ္မံ တဒနုသာရတော။
လဒ္ဓံ ဂဟေတုံ နိက္ကမ္မ-မယာစိတ္ဝာပိ ကပ္ပတိ။
ကာရေတုမာဟာရာပေတုံ၊ ယံကိဉ္စာပရသန္တကံ။

၃၇၃။ ယံကိဉ္စိ၊ အမ္ဟတ်မရှိ တစုံတခုသော။ ဟတ္ထကမ္မံ၊ ဟတ္ထကံကို။ ဝါ။ လက်၏အလုပ်ကိစ္စကို။ ယာစိဘုံ၊ တောင်းခြင်းငှါငှင်း။ တဒနုသာရတော၊ ထိုတောင်းခြင်းကို အစဉ်လိုက်သောအားဖြင့်။ လဒ္ဓံ၊ ရအပ်သော။ ယံကိဉ္စိ၊ အမ္ဟတ်မရှိ တစုံတခုသော ပစ္စည်းကို။ ဂဟေတုံ၊ ယူခြင်းငှါငှင်း။ ကပ္ပတိ၊ အပ်၏။ နိက္ကမ္မံ၊ အလုပ်မရှိသော စားကြွင်းစား အစရှိသူကို။ အယာစိတ္ဝာပိ၊ ဟတ္ထကံကို မတောင်းဘဲလည်း။ ကာရေတုံ၊ ပြုစေခြင်းငှါငှင်း။ ယံကိဉ္စိ၊ တစုံတခုသော။ အပရသန္တကံ၊ သူတပါးဥစ္စာမဟုတ်သော မြက်ထင်းအစရှိ အမ္ဟတ်မရှိသော ပစ္စည်းကို။ အာဟာရာပေတုံ၊ ဆောင်စေခြင်းငှါငှင်း။ ကပ္ပတိ၊ အပ်၏။ (ဝိ ပါ ၁-၂၂၄၊ ဝိ ဋ္ဌ ၂-၁၄၈၊ ကခ်ါ ဋ္ဌ- ၁၃၃)

ယံကိဉ္စိ၊ပေ၊ ဟတ္ထကမ္မံ။ ။လက်သမားစသူတို့၏ လက်ဖြင့် ပြုလုပ်ရသော လက်သမားအလုပ် စသည်ကို "ဟတ္ထကမ္မ" ဟု ခေါ်၏၊ ထို ဟတ္ထကံကို တောင်းကောင်း၏၊ ခဲ့ဦးအံ့—ကျောင်းဆောက်လိုသော ရဟန်းသည် သစ် အလုပ်သမားတို့အထံသွား၍ "ဥပါသကာ....ဟတ္ထကံ အလိုရှိတယ်" ဟုပြောနိုင်၏၊ "ဘယ်လိုလုပ်ရမှာပါလဲ" မေးလျှင် "ဥစ္စာရှင်မရှိသော(အစိုးရခွင့်ပြုအပ်သော) သစ်သားအလိုရှိတယ်" ဟု ပြောနိုင်၏၊ သစ်ရပြီးသောအခါ လက်သမားတို့အထံ သို့သွား၍ ဟတ္ထကံ တောင်းနိုင်၏၊ ထို လက်သမားတို့က ကျောင်းဆောက်ပြီး သောအခါ အမိုး-မိုးသူတို့အထံသွား၍ ဟတ္ထကံ တောင်းပြီးလျှင် "အမိုး-မိုးဘို့ အလိုရှိတယ်" ဟု ပြောနိုင်၏၊ ဤသို့ စသည်ဖြင့် အလုပ်ကို တောင်းမှုကို "ဟတ္ထ-ကမ္မကိုတောင်းခြင်း" ဟု ခေါ်သည်၊ သို့သော် သံ, ဝါးတို့ကား သူတို့ပိုင်မဟုတ် စေရ၊ မိမိကအပ်သောနည်းဖြင့် ရှာပေးရမည်၊ အကျယ်ကို ပါရာဇိက သံဃာဒိ-သိသ်ကုဋိကာရသိက္ခာပုဒ် အဋ္ဌကထာ၌ ရှုပါ။

၃၇၄။ ဂိဟီနံ ဂေါပကေ ဒေန္တေ၊ ဂဟေတုံ ဒေတိ ယတ္တကံ။
လဗ္ဘံ ယထာပရိစ္ဆေဒံ၊ သံဃစေဘိယသန္တကေ။

၃၇၄။ ဂိဟီနံ၊ လူဝတ်ကြောင်တို့၏။ (သန္တကံ၊ ဥစ္စာကို။) ဂေါပကေ၊ ခြံစောင့်စသူသည်။ ဒေန္တေ၊ ပေးလျှုလသော်။ ယတ္တကံ၊ အကြင်မျှလောက်သော ပစ္စည်းကို။ ဒေတိ၊ ပေးလျှု၏။ (တတ္တကံ၊ ထိုမျှလောက်သော ပစ္စည်းကို။) ဂဟေတုံ၊ ယူခြင်းငှါ။ လဗ္ဘံ၊ ရအပ်၏။ သံဃစေတိယသန္တကေ၊ သံဃာ၏ ဥစ္စာ, စေတီ၏ဥစ္စာ၌။ ယထာပရိစ္ဆေဒံ၊ သူတို့အဘွက် ပိုင်းခြားအပ်သည့်အတိုင်း။ ဂဟေဘုံ၊ ယူခြင်းငှါ။ လဗ္ဘံ၊ ရအပ်၏။ (ဝိ ပါ ၁-၇၂၊ ဝိ ဋ္ဌ ၁-၃၄၁)

တဒနုသာရတော လဒ္ဓံ။ ။ထို ဟတ္ထကံ တောင်းမှုကို အစဉ်လိုက်၍ ရအပ်သမျှကိုယူကောင်း၏၊ လက်သမား စသူတို့က “ တပည့်တော် မအား ပါ၊ အရှင်ဘုရားက အလုပ်သမားရှာ၍ ခိုင်းပါ၊ နေ့တက်တန်ဖိုးကို တပည့်တော်ကပေးပါမည် ”ဟု လျှောက်လျှင်လည်း အလုပ်သမားကိုခိုင်းနိုင်၏၊နေ့တက်ကိုလည်း “ပေးလိုက် ”ဟု ပြောနိုင်၏၊ ထို ဟတ္ထကံ တောင်းမှုကြောင့် လူတို့က လှုသမျှ ကျောင်းပါဆောက်ပေးလျှင်လည်း ယူကောင်း၏။ [သို့သော် နဂိုရိုက စင်ကြယ်သောစိတ်ဖြင့် ဟတ္ထကံကို ဘောင်းရလိမ့်မည်၊ ဒီလို ဟတ္ထကံ တောင်းလျှင် ကျောင်းဆောက်ပေးမှာ စသော ရည်ရွယ်ချက်ကား မရှိရ။]

နိက္ကမ္မံ၊ ပေ၊ ပရသန္တကံ။ ။စားကြွင်းစားကျန်ကို စားနေသော သို့မဟုတ် အလုပ်အကိုင်မရှိဘဲ အကျိုးမဲ့ စကားကိုသာ ပြော၍ အချိန်ဖြုန်းနေသော လူကိုကား ဟတ္ထကံမတောင်းဘဲပင် အလုပ်ကိုလည်း ခိုင်းနိုင်၏၊ အရှင်မရှိသော မြက်ထင်းစသည်ကို အယူလည်းခိုင်းကောင်း၏၊ အကျယ်ကို ထို အဋ္ဌကထာ၌ ရှုပါ။

ဂိဟီနံ၊ ပေ၊ ယတ္တကံ။ ။ဥယျာဉ်ခြံ စသည်ကို ဥစ္စာရှင်တို့က အစောင့်ခိုင်းထားအပ်သူကို “ ဂေါပက ”ဟု ခေါ်၏၊ ထို ခြံစောင့်က ရဟန်းတို့အား သစ်သီးပန်းစသည်ကို ပေးလှူလျှင် သူတို့လှူသလောက်ပင် ခံယူကောင်း၏၊ [မနုဿာနံ

၃၇၅။ ဒ္ဒိဟာဝပဇ္ဇေယျ အာပတ္တိံ၊ ကာယဝါစာဟိ ဝါ ဆဟိ။
အလဇ္ဇိညာဏကုက္ကုစ္စ-ပကတတ္တာ သတိပ္ပဝါ။
အကပ္ပိယေ ဝါ ကပ္ပိယေ၊ ကပ္ပါကပ္ပိယသညိတာ။

၃၇၅။ ဒ္ဒိဟိ၊ နှစ်ပါးကုန်သော။ ကာယဝါစာဟိ၊ ကိုယ်နှုတ်တို့ကြောင့်
သော်၎င်း။ ဆဟိ ဝါ၊ ခြောက်ပါးကုန်သော သမူဋ္ဌာန်တို့ကြောင့်သော်၎င်း။
အာပတ္တိံ၊ အာပတ်သို့။ အာပဇ္ဇေယျ၊ ရောက်ရာ၏။ အလဇ္ဇိညာဏကုက္ကုစ္စ-
ပကတတ္တာ၊ အရွက်မရှိသူ၏အဖြစ်, သိခြင်းမရှိသူ၏အဖြစ်, ကုက္ကုစ္စသည်
ပင်ကိုယ်သဘောမှ ကင်းအောင်ပြုအပ်သည်၏ အဖြစ်ကြောင့်၎င်း။ သတိပ္ပ-
ဝါ၊ သတိလွတ်ကင်းခုန်ကျော်ခြင်းကြောင့်၎င်း။ အကပ္ပိယေ ဝါ၊ အကပ္ပိယ-
ဝတ္ထုဥ်သော်၎င်း။ ကပ္ပိယေ ဝါ၊ ကပ္ပိယဝတ္ထုဥ်သော်၎င်း။ ကပ္ပါကပ္ပိယ-
သညိတာ၊ အပ် မအပ်ဟု အမှတ်ရှိသည်၏ အဖြစ်ကြောင့်၎င်း။ (ဤမေဟိ
ဆဟိ ဝါ၊ ဤ ခြောက်ပါးသော အကြောင်း တို့ကြောင့် သော် လည်း။)
အာပတ္တိံ၊ အာပတ်သို့။ အာပဇ္ဇေယျ၊ ရောက်ရာ၏။ (ဝိ ပါ ၅-၁၈၄-၂၁၅)

အာရာမံ ဝါ အညံ ဝါ ဖလာဖလံ ဒါရကာ ရက္ခန္တိ၊ တေဟိ ဒိန္နံ ဝဋ္ဋတိ၊ ဒုတိယ
ပါရာဇိက, ဝိနီတဝတ္ထုအဋ္ဌကထာ။]

ယထာပရိစ္ဆေဒံ၊ ပေ၊ သန္တကေ။ ။သံဃာတော်, စေတီတော်၏ ဥစ္စာဖြစ်သော
ခြံစသည်ကို စောင့်ရှောက်သူတို့အား "သင်တို့အတွက် တနေ့လျှင် အသီးပေါင်း
မည်မျှယူပါ"ဟု ပိုင်းခြားထားတတ်၏။ ထိုသူတို့က ပေးလျှူရာ၌ကား သူတို့
ရနိုင်သော အပိုင်းအခြားအတိုင်းသာ ခံယူနိုင်၏။ ဥပမာ—"တနေ့လျှင်
သစ်သီး ဆယ်လုံးယူနိုင်တယ်"ဟု ပိုင်းခြား၍ ပေးထားလျှင် သူတို့ဆိုင်ရာ
ဆယ်လုံးသာ (ဆယ်လုံးအောက်လျှော့၍ လျှူမှသာ) ခံယူကောင်း၏၊ အပိုကို
မခံယူကောင်း၊ အကျယ်ကို ထိုအဋ္ဌကထာ၌ ရှုပါ။

ဒ္ဒိဟာဝပဇ္ဇေယျ၊ ပေ၊ ဝါစာဟိ။ ။အာပတ်သင့်သော ရဟန်းသည် ကိုယ်
ကြောင့်သော်လည်း သင့်တတ်, နှုတ်ကြောင့်သော်လည်း သင့်တတ်၏၊ [စိတ်

၃၇၆။ အလဇ္ဇီညာဏတာပတ္တိ ံ၊ ကာယဝါစာဟိ ဆာဒယေ။
လိင်္ဂေ် သံဃေ ဂဏေကသ္မိ ံ၊ စတုဓာပတ္တိဝုဋ္ဌိတိ။

၃၇၆။ အာပတ္တိ ံ၊ အာပတ်ကို။ အလဇ္ဇီညာဏတာ၊ အရှက်မရှိသူ၏ အဖြစ်, သိခြင်းမရှိသူ၏အဖြစ်ကြောင့်။ ကာယဝါစာဟိ၊ ကိုယ်နှုတ်တို့ဖြင့်။ ဆာဒယေ၊ ဖုံးလွှမ်း၏။ လိင်္ဂေ်၊ လိင်ပြန်ခြင်းကြောင့်ဂုဏ်း။ သံဃေ၊ သံဃာကြောင့်ဂုဏ်း။ ဂဏေ၊ ဂိုဏ်းကြောင့်ဂုဏ်း။ ဧကသ္မိ ံ၊ တပါးသောပုဂ္ဂိုလ်

သက်သက်ကြောင့်ကား အာပတ်မသင့်၊ — ဒ္ဒိဟာ့ကာရေဟိ အာပတ္တိ ံ အာ့ပဇ္ဇတိ, ကာယေန ဝါ အာပဇ္ဇတိ, ဝါစာယ ဝါ အာပဇ္ဇတိ၊— ပရိဝါ-ပါဋိတော်, ဧကုတ္တရိကနယ။]

ဝါ ဆဟိ။ ။သမုဋ္ဌာန် ၆-ပါးရှိ၏၊ ကိုယ်ရယ်, နှုတ်ရယ်, ကိုယ်နှုတ်ရယ်, ကိုယ်စိတ်, နှုတ်စိတ်, ကိုယ်နှုတ်စိတ်၊ ဤ ၆-ပါးတည်း၊ အခွါ အာပတ်သည် ကိုယ်သက်သက်ကြောင့်သာ ဖြစ်၏၊ ထို အာပတ်ကို "ကာယသမုဋ္ဌာနိက အာပတ်" ဟု ခေါ်၏၊ ပေ၊ အခွါအာ့ပတ်သည် ကိုယ်နှုတ်စိတ် ၃-ပါးလုံးကြောင့် ဖြစ်၏၊ ထို အာပတ်ကို "တိသမုဋ္ဌာနိက အာပတ်"ဟု ခေါ်သည်၊ ဌီကာသစ်၌ "ဆဟိ" အရ သမုဋ္ဌာန် ၆-ပါးကို ပြသည်။

အလဇ္ဇီ၊ ပေ၊ သညိတာ။ ။အလဇ္ဇီတာ, အညာဏတာ, ကုက္ကုစ္စပက-တတာ, သတိသမ္မောသာ, အကပ္ပိယေ ကပ္ပိယသညိတာ, ကပ္ပိယေ အကပ္ပိယ-သညိတာ ဤ ၆-ပါးကြောင့်လည်း အာပတ်သင့်တတ်၏၊ ဤ ၆-ပါးအကျယ်ကို ပါတိမောက်ဘာသာဌီကာ နိဒါန်း၌ ပြထားပြီ၊ ဌီကာဟောင်း၌ကား ဤခြောက်ပါးကိုပင် "ဆဟိ ဝါ" အရ ယူသွားသည်၊ ဌီကာသစ်၌ကား ဤ ၆-ပါးကို တနည်းအာပတ်သင့်ခြင်း၏ အကြောင်း"ဟု ခဲ့လိုသည်။

အလဇ္ဇီ၊ ပေ၊ ဆာဒယေ။ ။အလဇ္ဇီ ပုဂ္ဂိုလ်၏လက္ခဏာတွင် "အာပတ္တိ ံ ပရိဂူဟတိ–အာပတ်ကို လျှို့ဝှက်(ဖုံး)ထား၏" ဟု ပါ၏၊ ထို့ကြောင့် အလဇ္ဇီတာသည် အာပတ်ကို ဖုံးထားခြင်း၏ အကြောင်းဖြစ်၏၊ အညာဏတာကား အာပတ်သင့်မှန်းကိုပင် မသိခြင်းတည်း၊ ထို့ကြောင့်လည်း အာပတ်ကို ဖုံးမိလေ

ကြောင့်ဌင်း။ စတုဓာ၊ လေးပါးသောအကြောင်းကြောင့်။ အာပတ္တိဝုဋ္ဌိတိ၊ အာပတ်မှ ထခြင်းသည်။ (ဟောတိ၊ ဖြစ်၏။) (ဝိ ပါ ၁-၄၃၊ ဝိ ပါ ၅-၂၂၅၊ ဝိ ဋ္ဌ ၄-၁၆၈)

၃၇၂။ ပရိကထောဘာသဝိညတ္တိ၊ န လဇ္ဇာ ပစ္စယဒ္ဒယေ။
ဝိညတ္တိယေဝ တတိယေ၊ သေသေ သဗ္ဗံပိ လဇ္ဇတိ။

၃၇၂။ ပစ္စယဒ္ဒယေ၊ သင်္ကန်း, ဆဒ္မိး ဟူသေးပစ္စည်း ၂-ပါးအပေါင်းဌ်။ ပရိကထောဘာသဝိညတ္တိ၊ ပရိယာယ်စကားပြောခြင်း, အရိပ်အရောင်ပြခြင်း, တိုက်ရိုက်တောင်းခြင်းကို။ န လဇ္ဇာ၊ မရအပ်။ တတိယေ၊ တတိယဖြစ်သော ကျောင်း ပစ္စည်းဌ်။ ဝိညတ္တိယေဝ၊ တိုက်ရိုက် တောင်းခြင်းကိုသာ။ န လဇ္ဇာ၊ မရအပ်။ သေသေ၊ အကြွင်းဖြစ်သော ဆေးပစ္စည်းဌ်။ သဗ္ဗံပိ၊ အလုံးစုံသော ပရိကထာ, ဩဘာသ, ဝိညတ္တိကိုလည်း။ လဇ္ဇတိ၊ ရအပ်၏။ (ဝိ ဋ္ဌ ၂-၁၅၃)

သည်၊ ထိုအကြောင်း ၂-ပါးကို အရင်းခံ၍ ကာယဖြင့်လည်းဖုံး၏၊ ဝါစာဖြင့်လည်း ဖုံး၏။

လိင်္ဂ်၊ ပေ၊ ဝုဋ္ဌိတိ။ ။ဘိက္ခုဘဝမှ ဘိက္ခုနီဘဝသို့ လိင်ပြန်သောအခါ ဘိက္ခုနီတို့နှင့် မဆက်ဆံသော အသာဓာရဏ အာပတ်သည် အလိုလိုထမြောက်၏၊ ဘိက္ခုနီမှ ဘိက္ခုလိင်ပြန်ရာဌ်လည်း နည်းတူ၊ သံဃာဒိသိသ်အာပတ်သည်ဌင်း တိဏဝတ္ထာရဏ သမထကြောင့် ဆသောအာပတ်တို့သည်ဌင်း သံဃာ့အထံဌ် ထရ၏၊ အခြားလဟုက အာပတ်ကား ဂိဏ်းအထံဌ်ဌင်း ပုဂ္ဂိုလ်တပါး အထံဌ်ဌင်း ထရသည်။

ပရိကထောဘာသ၊ ပေ၊ ပစ္စယဒ္ဒယေ။ ။ပရိကထာ, ဩဘာသ, ဝိညတ္တိတို့ကို ရှေ့ ၃၀၀-ဂါထာဌ် အကျယ်ပြခဲ့ပြီ၊ ဩဘာသဖြင့် နိမိတ်တကိုပါယူပါ၊ ထိုပရိကထာ စသော အမူကို ဆဒ္မိး, သင်္ကန်း ပစ္စည်း ၂-ပါးဌ် မရအပ်၊ "မပြုကောင်း" ဟူလို။

၃၇၀။ နု ရူဟတစ္ဆယေ ဒါနံ၊ ပဥ္ဆုံ သဟဓမ္မိနံ။
သံဃဿေဝ စ တံ ဟောတိ၊ ဂိဟီနံ ပန ရူဟတိ။

၃၇၀။ ပဥ္ဆုံ၊ ငါးဦးကုန်သော။ သဟဓမ္မိနံ၊ သီတင်းသုံးဘော်တို့၏။ (ဒါနံဒ္ဒစပ်၊) အစ္ဆယေ၊ ကုယ်လုန်ရာအခါဌ်။ ဝါ၊ ကုယ်လုန်ရာအခါကျမှ။ ဒါနံ၊ ယူဘို့ရန် ပေးခြင်းသည်။ နု ရူဟတိ၊ မတက်ရောက်။ ဝါ၊ အထမမြောက်။ တံ၊ ထိုဥစ္စာသည်။ သံဃဿေဝ၊ သံဃာ၏ဥစ္စာသာလျှင်။ ဟောတိ၊ ဖြစ်၏။ ဂိဟီနံ ပန၊ လူတို့၏ကား။ အစ္ဆယေ၊ ကုယ်လုန်ရာအခါဌ်။ ဝါ၊ ကုယ်လုန်ရာအခါကျမှ။ ဒါနံ၊ ယူဘို့ရန်ပေးခြင်းသည်။ ရူဟတိ၊ တက်ရောက်၏။ ဝါ၊ အထမြောက်၏။ (ဝိ ပါ ၄- ၅၅၉၊ ဝိ ဋ္ဌ ၄- ၁၃၀)

ဝိညတ္တိယေဝ၊ ပေ၊ လဗ္ဘတိ။ ။တတိယဖြစ်သော ကျောင်းပစ္စည်းဌ် (တိုက်ရိုက်တောင်းခြင်း ဟူသော) ဝိညတ်တမျိုးသာ မအပ်၊ ပရိကထာ စသည်ကား အပ်၏၊ ထို့ကြောင့် "ကျောင်းဌ် သံဃာတော်မျှားလို့ ကျောင်းတောင်မလောက်နိုင်အောင် ဖြစ်နေပြီ" ဟု လူတို့အား ပြောခြင်းသည် ကျောင်းလှူစေလို၍ ပရိကထာ ပြောခြင်းမည်၏၊ ကျောင်းဆောက်နိုင်လောက်သော ဒါယကာလာသောအခါ ကျောင်းပုံစံကိုရေး၍ ပြခြင်းသည် နိမိတ္တမည်၏၊ "ဤနေရာဌ် ကျောင်းဆောက်ရလျှင် ကောင်းမှာဘဲ" ဟု ကျောင်းဆောက် စေလိုသော အရိပ်အရောင်ပြခြင်းသည် ဩဘာသ မည်၏၊ ဤပရိကထာ, နိမိတ္တ, ဩဘာသတို့သည် အပ်ကုန်၏၊ ဂိလာန ဖြစ်သူအတွက် ဆေးဓာတ်စာကား ပရိကထာ စသည်သာမက တိုက်ရိုက်ပင် တောင်းကောင်း၏။

နု ရူဟတိ၊ ပေ၊ သဟဓမ္မိနံ။ ။သီတင်းသုံးဘော် ၅-ဦးတို့တွင် တပါးပါးသည် "တပည့်တော်သေလျှင် တပည့်တော်၏ ပရိက္ခရာသည် ဥပဇ္ဈာယ်အတွက် ဖြစ်ပါစေ၊" (ဥပဇ္ဈာယ်အား လှူပါ၏-ဟူလို၊) ဤသို့ အာစရိယ, သန္ဒိဋ္ဌ သမ္ဘတ္တ သီတင်းသုံးဘော် တပါးပါးကိုဌင်း မိဘ စသော လူဝတ်ကြောင်ကိုဌင်း ညွှန်းပြ၍ သေသည့်အခါကျမှ (ယူဘို့) ပေးလှူခြင်းသည် အထမမြောက်၊ "အလှူ မမြောက်, အပေးမမြောက်" ဟူလို။

သံဃဿေဝ၊ ပေ၊ ဟောတိ။ ။ထိုပုဂ္ဂိုလ်သည် ညှဉ်းပြအပ်သော ပုဂ္ဂိုလ် မရဘဲ သံဃိကဖြစ်ရစ်သည်၊ [သစေ ဟိ ပဉ္စသု သဟဓမ္မိကေသု ယော ကောစိ ကာလံ ကရောန္တော (ပြန်တော်မူခါနီးလသော်) "မမစ္စယေန ပရိက္ခာရော ဥပစ္ဆာယဿ ဟောတု၊ ပေ၊ ပိတု ဟောတု, အညဿ ဝါ ယဿ ကဿစိ ဟောတူ"တိ ဝဒတိ၊ တေသံ နု ဟောတိ၊ သံဃဿေဝ ဟောတိ၊— စူဠဝဂ္ဂ, ဘိက္ခုနီခန္ဓကအဋ္ဌကထာ။]

ဂိဟီနံ ပန ရူဟတိ။ ။ဂိဟီနံ ပန ရူဟတိ-လူတို့က သေသည့် အခါကျမှ ယူဘို့ရန် ပေးခြင်း လှူခြင်းသည် ရဟန်းသာမဏေအား လှူလှူ, လူဝတ် ကြောင်အား ပေးပေး အထမြောက်၏၊— ထိုအဋ္ဌကထာ။

ဒါနလက္ခဏာ။ ။"ဣဒံ တုယ္ဟံ ဒမ္မိ-ဤဟာကို သင့်အားပေး၏"ဟု မျက် မှောက်၌ဖြစ်စေ "ဣဒံ ဣတ္ထန္နာမဿ ဒမ္မိ-ဤဟာကို ဤအမည်ရှိသူအား (ဦးတိဿအား စသည်) ပေး၏"ဟု မျက်ကွယ်၌ဖြစ်စေ ပေးလျှင် အပေး မြောက်၏။

"ဣဒံ တုယ္ဟံ ဂဏှာဟိ-ဒီဟာကို သင့်ဘို့ယူလော့"ဟု ပြော၍ "ဣဒံ မယှံ ဂဏှာမိ-ဤဟာကို တပည့်တော်ဘို့ယူပါ၏"ဟုပြောလျှင် အပေးလည်းမြောက် အယူလည်းမြောက်၏၊ [သုဒိန္နံ, သုဂ္ဂဟီတဉ္စ။]

"ဣဒံ တဝ သန္တကံ ကရောဟိ-ဤဟာကို သင့်ဥစ္စာလုပ်လိုက်"ဟု ပြော၍ "ဣဒံ မမ သန္တကံ ကရောမိ-ဤဟာကိုတပည့်တော့် ဥစ္စာလုပ်ပါ၏" ဟုပြောလျှင် ဒုဒ္ဒိန္နံ, ဒုဂ္ဂဟီတဉ္စ-အပေးလည်းမမြောက်, အယူလည်းမမြောက်၊["တဝ သန္တကံ ဟောတု-သင့်ဥစ္စာ ဖြစ်ပါစေ"ဟု ပြော၍ "မမ သန္တကံ ဟောတု"ဟု ပြန်ပြော လျှင်ရင်း "တဝ သန္တကံ ကရိဿသိ"ဟု ပြော၍ "မမ သန္တကံ ကရိဿာမိ"ဟု ပြောလျှင်ရင်း ဒုဒ္ဒိန္နံ, ဒုဂ္ဂဟီတပင်တည်း၊]

မှတ်ချက်။ ။ပေးသူက အပြောမတတ်သောကြောင့် "တဝ သန္တကံ ကရောဟိ"ဟု ပြောလျှင် ယူသူက အယူတတ်သောကြောင့် "သာဓု ဘန္တေ မယှံ ဂဏှာမိ - ကောင်းပါပြီ ဘုရား... တပည့်တော်ဘို့ ယူပါ၏"ဟု ပြန်၍ ပြောလျှင် သုဂ္ဂဟီတံ-အယူမြောက်၏။

၃၇၉။ ဘိက္ခု ဝါ သာမဏေရော ဝါ၊ မရေယျုံ ယဒျုပသဿယေ။
ဘိက္ခုသံဃော ဒါယဇ္ဇော၊ တတ္ထ သေသေပျယံ နယော။

၃၇၉။ ဘိက္ခု ဝါ၊ ရဟန်းသည်သော်၎င်း။ သာမဏေရော ဝါ၊ သာမဏေ-သည်သော်၎င်း။ ဥပသဿယေ၊ ဘိက္ခုနိတို့ မှီတင်းနေထိုင်ရာကျောင်း၌။ ယဒိ မရေယျုံ၊ အကယ်၍ ပြန်တော်မူကုန်အုံ့။ တတ္ထ၊ ထိုပြန်တော်မူသော ပုဂ္ဂိုလ်၏ဥစ္စာ၌။ ဘိက္ခုသံဃော၀၊ ဘိက္ခုသံဃာသည်သာ။ ဒါယဇ္ဇော၊ အမွေခံသည်။ (ဟောတိ၊ ဖြစ်၏။) သေသေပိ၊ ကြွင်းသော ဘိက္ခုနီ စသည်တို့၏ ဥစ္စာ၌လည်း။ အယံ နယော၊ ဤနည်းတည်း။ (ဝိ ပါ ၄-၅၅၉-၄၆၀၊ ဝိ ဋ္ဌ ၄-၁၃၀)

၃၈၀။ ပုရိမဿေဝိမံ ဒိန္နံ၊ ဒေဟိ နေတ္ဝါသုကဿ စ။
ပစ္ဆိမဿေဝ ဒမ္မိတိ၊ ဒိန္နံ ဥတ္တာ ဣမံ ဝိဓိံ။
ဂဏ္ဌေ ဝိဿာသဂ္ဂါဟံ ဝါ-ဓိဋ္ဌေ မတကစီဝရံ။

၃၈၀။ ဣမံ၊ ဤဝတ္ထုကို။ နေတ္ဝာ၊ ဆောင်၍။ အသုကဿ၊ ထိုမည်သော သူအား။ ဒေဟိ၊ ပေးလိုက်ပါလော့။ (ဣတိ၊ ဤသို့ပြော၍။) ဒိန္နံ၊ လူကြုံ

ဘိက္ခု ဝါ၊ ပေ၊ ဥပသဿယေ။ ။ဘိက္ခုဖြစ်စေ သာမဏေဖြစ်စေ ဘိက္ခုနီတို့၏ ကျောင်း၌ ပြန်တော်မူလျှင် ထိုမတသန္တကပစ္စည်းကို ဘိက္ခုသံဃာသာ အမွေခံထိုက်သည်။

သေသေပျယံ နယော။ ။ဘိက္ခုနီ, သိက္ခမာန်, သာမဏေရီ တပါးပါးသည် ဘိက္ခုတို့ကျောင်း၌ ပြန်လွန်လျှင် မတသန္တကပစ္စည်းကို ဘိက္ခုနီ သံဃာသည်သာ အမွေခံဖြစ်၏၊ [ဘိက္ခု ဟိ ဘိက္ခုနီဝိဟာရေ ကာလံ ကရောတိ၊ တဿ ပရိက္ခာရော ဘိက္ခူနံယေဝ ဟောတိ၊ – ဘိက္ခုနီခန္ဓကအဋ္ဌကထာ။]

ပုရိမဿေဝ၊ ပေ၊ အသုကဿ။ ။"ဤမံ နေတ္ဝာ အသုကဿ ဒေဟိ – ဤပစ္စည်းကို ဆောင်ယူ၍ ထို အမည်ရှိသူအား ပေးပါလော" ဟု မှာ၍ လူကြုံဖြင့်

ပေးအပ်သော ဝတ္ထုသည်။ ပုရိမဿေဝ၊ ရှေးဖြစ်သော ဥစ္စာရှင် ရဟန်း၏ သာလျှင်။ (သန္တကံ၊ ဥစ္စာသည်။ ဟောတိ၊ ဖြစ်၏။) စ၊ ထို့မှတပါး။ ဣမံ၊ ဤဝတ္ထုကို။ အသုကဿ၊ ထို့မည်သောသူအား။ ဒမ္မိ၊ ပေးပါ၏။ ဣတိ၊ ဤသို့ပြော၍။ ဒိန္နံ၊ လူကြုံပေးအပ်သော ဝတ္ထုသည်။ ပစ္ဆိမဿေဝ၊ နောက်ဖြစ်သော အလှူခံပုဂ္ဂိုလ်၏သာ။ (သန္တကံ၊ ဥစ္စာသည်။ ဟောတိ၊ ဖြစ်၏။) ဣမံ ဝိဓိံ၊ ဤအစီအရင်ကို။ ဥတ္တာ၊ သိ၍။ ဝိဿာသဂ္ဂါဟံ ဝါ၊ ဝိဿာသဂ္ဂါဟကိုသော်လည်း။ ဂဏှာ၊ ယူနိုင်၏။ မတကစိဝရံ ဝါ၊ သေသူ၏ သင်္ကန်းဟူ၍သော်လည်း။ အဓိဋ္ဌေ၊ အဓိဋ္ဌာန်ရာ၏။ (ဝိ ပါ ၃-၄၂၆)

ပေးအပ်သော ပစ္စည်းသည် "ပေးပါလေ" ဟု မှာလိုက်သည့်အတွက် ပေးရာပုဂ္ဂိုလ်ထံ မအပ်နှံအပ်သေးသမျှ, ထို ပုဂ္ဂိုလ်ကလည်း လက်မခံမသေးသမျှ မူလဥစ္စာရှင်၏ ပစ္စည်းသာ ဖြစ်၏။

ပစ္ဆိမဿေဝ ဒမ္မိတိ။ ။"ဣမံ အသုကဿ ဒမ္မိ–ဤ ပစ္စည်းကို မည်သူအား ပေးပါ၏" ဟု ပြော၍ လူကြုံဖြင့် အပ်လိုက်အပ်သော ပစ္စည်းသည် (ပေးပါ၏ဟု ဆိုသောကြောင့်) ပေးရာပုဂ္ဂိုလ်၏ အထံမရောက်သေးသော်လည်း ပေးရာ ပုဂ္ဂိုလ်၏ ပစ္စည်း ဖြစ်နေပြီ။

ဥတ္တာ၊ ပေ၊ မတကစိဝရံ။ ။ဤ အစီအရင်ကို သိသော (လူကြုံအဖြစ်ဖြင့် ဆောင်ယူသွားသော) ရဟန်းသည် ဝိဿာသဂ္ဂါဟ အဖြစ်ဖြင့်သော်လည်း ထို သင်္ကန်းကိုယူနိုင်, "မတကသင်္ကန်း" ဟု ဓိဋ္ဌာန်၍သော်လည်း ယူနိုင်ပါသည်၊– မဟာဝဂ္ဂ, စီဝရက္ခန္ဓက ပါဠိတော်။

ဆိုလိုရင်းကား — "အသုကဿ ဒေဟိ" ဟု ပြော၍ ပေးလိုက်လျှင် လမ်း ခရီး၌ ဝိဿာသဂ္ဂါဟ ယူလိုသည်ရှိသော် မူလသင်္ကန်းရှင်နှင့် အကျမ်းဝင်သော အားဖြင့် ယူနိုင်၏၊ ထို့သို့ ယူခြင်းကြောင့် ဝိဿာသဂ္ဂါဟ အထမြောက်၏၊ မူလ သင်္ကန်းရှင်၏ ပြန်တော်မူကြောင်းကို ကြားလျှင် "မတကသင်္ကန်း" ဟု ဓိဋ္ဌာန်၍ ထိုသင်္ကန်းကို ကိုယ်ပိုင်ယူဘို့ရန် "ဤသင်္ကန်းသည် ငါ့အား ဆောက်၏"

ဟု ဆို၍ ယူနိုင်၏၊ ပေးရာ ပုဂ္ဂိုလ်နှင့် ဝိဿာသဂ္ဂါဟ အဖြစ်ဖြင့် ယူလျှင်၎င်း ထိုပုဂ္ဂိုလ်ပြန်တော်မူပြီဟုကြား၍ "မတကသင်္ကန်း"ဟု ဓိဋ္ဌာန်၍ ယူလျှင်၎င်း အထမမြောက်–ဟူလို၊ "ဒမ္မိ"ဟု ဆို၍ ပေးလိုက်ရာ၌ကား ပေးရာပုဂ္ဂိုလ်နှင့် စပ်၍ ဝိဿာသဂ္ဂါဟ ယူမှု, မတကစီဝရဓိဋ္ဌာန်မှုကို ပြုရသည်။

ဝိဿာသဂ္ဂါဟအင်္ဂါ။ ။ဝိဿာသ – အကျွမ်းဝင်ခြင်းကြောင့် + ဂါဟ – ယူခြင်း, ဝါ–ယူအပ်သော ပစ္စည်းကို "ဝိဿာသဂ္ဂါဟ"ဟု ဆို၏၊ ထို ဝိဿာသဂ္ဂါဟ ယူရာ၌ (၁) သန္ဓိဋ္ဌ မိတ်ဆွေဖြစ်ခြင်း (တနည်း) သမ္ဘတ္တမိတ်ဆွေဖြစ်ခြင်း (တနည်း) မိမိဥစ္စာကို အလိုရှိသောအခါ ယူပါ–ဟု အာလပိတ (ပြောဆိုဘူး ခွင့်ပြုဘူးခြင်း) ဤ ၃–ပါးတွင် တပါးပါးရှိခြင်း, (၂) ဇီဝတိ–ဥစ္စာရှင်က အသက် ရှိသေးခြင်း [သေခါနီးသော်လည်း မသေသေးဘဲ အသက်ရှိနေခြင်း], (၃) ဂဟိတေ အတ္တမန–ယူအပ်သည့်အတွက် ဥစ္စာရှင်က ဝမ်းမြောက်ခြင်း ဤ အင်္ဂါ ၃–ပါး ပြည့်စုံလျှင် ဝိဿာသဂ္ဂါဟယူမှု အထ မြောက်၏၊ အကျယ်ကို ဒုတိယပါရာဇိက အနာပတ္တိဘေဒ အဋ္ဌကထာ၌ ရှုပါ။

မှတ်ချက်။ ။ယခုခေတ်၌ ဆရာဖြစ်စေ သီတင်းသုံးဘော်ဖြစ်စေ ပြန်လှန်တော်မူလိမ့်မည်ဟု သိလျှင် ထိုပုဂ္ဂိုလ်အား အသိမပေးဘဲ ဝိဿာသဂ္ဂါဟ ယူတတ်ကြ၏၊ ထိုသို့ ယူရာ၌ ဥစ္စာရှင်က ဂဟိတေ အတ္တမန ဖြစ်–မဖြစ် ဆုံးဖြတ်ဘို့ ခဲယဉ်းလှ၏၊ တချို့ ဥစ္စာရှင်မှာ အလွန်နှမြောတတ်၏၊ ထိုသူကား အတ္တမန ဖြစ်ဘို့ သာ၍ ခဲယဉ်း၏၊ အတ္တမန ဖြစ်လျှင် ဝိဿာသဂ္ဂါဟ အထ မမြောက်ပါ၊ တချို့ကျောင်း, ကျောင်းအရာမ်ကား ပုဂ္ဂလိက မဟုတ်ဘဲ သံဃိက ဖြစ်နေတတ်၏၊ ရေစက်ချ၍ လှူစဉ်က သံဃိကလှူထားလျှင် ဘုန်းကြီး အဆက်ဆက် ပြောင်းသော်လည်း သံဃိကသာ ဖြစ်၍ အဆက်ဆက်လည်း မပေးကောင်း၊ ဝိဿာသဂ္ဂါဟ ယူလျှင်လည်း အထ မမြောက်ပါ။

၃၈၁။ လောဟဘက္ကေ့ ပဟာရကိံ၊ ဒါရုဘက္ကေ့ စ ဒါရုဇံ။
ပတ္တံ ပါဒုကပလ္လင်္ကံ၊ အာသန္ဒိံ မတ္တိကာမယေ။
ဌပေတ္ဝာ ကပ္ပတိ သဗ္ဗံ၊ ကတကံ ကုမ္ဘကာရိကန္တိ။

၃၈၁။ လောဟဘက္ကေ့၊ သံဘက္ကာ ကြေးဘက္ကာဌ်။ ဝါ၊ သံဘက္ကာ ကြေးဘက္ကာဘဉ်။ ပဟာရကိံ၊ ပုတ်ခတ်ကြောင်း လက်နက်ကို။ ဌပေတ္ဝာ၊ ထား၍။ သဗ္ဗံ၊ အလုံးစုံသော သံဘက္ကာ ကြေးဘက္ကာသည်။ ကပ္ပတိ၊ အပ်၏။ ဒါရုဘက္ကေ့ စ၊ သစ်သားဘက္ကာဌ်လည်း။ ဝါ၊ သစ်သားဘက္ကာတဉ်လည်း။ ဒါရုဇံ၊ သစ်သားမှဖြစ်သော။ ပတ္တံ၊ သပိတ်ကိုဌင်း။ ပါဒုကပလ္လင်္ကံ၊ ခုံဘိနပ်, ခြေသ့် သစ်ကျားစသော သားရဲရုပ်ရှိသော ပလ္လင်ကိုဌင်း။ အာသန္ဒိံ၊ တတောင့်ထွာထက်ရှည်သော ခြေရှိသော ညောင်စောင်း အင်းပျဉ်ကိုဌင်း။ ဌပေတ္ဝာ၊ ထား၍။ သဗ္ဗံ၊ အလုံးစုံသော သစ်သားဘက္ကာသည်။ ကပ္ပတိ၊ အပ်၏။ မတ္တိကာမယေ၊ မြေဖြင့် ပြုအပ်သော ဘက္ကာဌ်။ ဝါ၊ မြေဖြင့်ပြုအပ်သော ဘက္ကာတဉ်။ ကတကံ၊ ပဒုမ္မာကြာချက်သက္ကာန်ရှိသော ခြေပွတ်ကိုဌင်း။ ကုမ္ဘကာရိကံ၊ အိုးထိန်းသည်တို့သာ ပြုလုပ်နိုင်သော သဗ္ဗမတ္တိကာမယကျောင်းငယ်ကိုဌင်း။ ဌပေတ္ဝာ၊ ထား၍။ သဗ္ဗံ၊ အလုံးစုံသော မြေဘက္ကာသည်။ ကပ္ပတိ၊ အပ်၏။.... ဣတိ၊ ပကိဏ္ဏကနှင့်စပ်၍ မှတ်ဖွယ်အပြီးတည်း။ (ဝိ ပါ ၄-၂၀၅၊ ဝိ ဋ္ဌ ၄-၅၇)

လောဟဘက္ကေ့၊ ပေ၊ ကုမ္ဘကာရိကံ။ ။သံဘက္ကာ ကြေးဘက္ကာဌ် လက်နက်မှ တပါး အားလုံးအပ်၏၊ “ကြေး” ဟူရာဌ် “ကပ္ပိယာ ထာလကာ တိဿော၊ တမ္မာယောမတ္တိကာမယာ” ဟု ၇၁-ဂါထာဌ် ဆိုသောကြောင့် ကြေးနီဘက္ကာသာလျှင် ပုဂ္ဂလိက အပ်သည်၊ သစ်သားဘက္ကာဌ် သစ်သားသပိတ်, သစ်သားခြေနင်း, [သစ်သားခြေနင်း၏ အဓိပ္ပါယ်ကို ၁၇၉-ဂါထာဌ် ရေးခဲ့ပြီ] ပလ္လင်္က-ခြေသ့် သစ် ကျား စသော သားရဲရုပ် ရှိသော ပလ္လင်, အာသန္ဒိ-လက်ရှစ် သစ်ထက်လွန်သော အခြေရှိသော ညောင်စောင်း အင်းပျဉ်တို့မှတပါး အားလုံး

အပ်၏၊ မြေညက်ဘဏ္ဍာဌ် ကတကံ – ပဒုမ္မာကြာချက် သဏ္ဌာန်ရှိသော ခြေပွတ်, ကုမ္ဘကာရိကံ – အိုးထိန်းသည်တို့သာ ပြုလုပ်နိုင်သော သဗ္ဗမတ္တိ– ကာမယ ကျောင်းမှတပါး အားလုံးမြဘဏ္ဍာသည် အပ်၏။ [အနုဇာနာမိ ဘိက္ခဝေ ဌပေတ္ဝာ ပဟာရဏာ ၊ပေ၊ ကုမ္ဘကာရကဠ သဗ္ဗ မတ္တိကာဘာဏ္ဍ၊– ခုဒ္ဒက ဝတ္ထု ခန္ဓကပါဠိတော် ...၊ ဓနိယသေဝ (အရှင်ဓနိယ၏ ကုဋိကဲ့သို့) သဗ္ဗမတ္တိ– ကာမယကုဋိ ကုမ္ဘကာရိကာတိ၊–ဋီကာသစ်။]

ဒေသနာနိဒ္ဒေသ

ဒေသနာတိ၊ "ဒေသနာ" ဟူသော ဥဒ္ဒေသ၏။ (နိဒ္ဒေသော၊ နိဒ္ဒေသကား—)

[မိမိမှာသင့်သော အာပတ်ကို ဖုံး၍မထားဘဲ ပြောပြခြင်းကို "ဒေသီယတေ၊ ပြောပြခြင်း" ဟူသော ဘာဝသာဓနအရ "ဒေသနာ" ဟု ခေါ်ရသည်၊ ထို ပြောပြခြင်းကိုပင် "ဒေသနာကြားခြင်း" ဟု ခေါ်ကြသည်၊ ကြားစေခြင်း, ကြားသိစေခြင်း" ဟု ဆိုလိုသည်။]

၃၇၂။ စာဂေါ ယော ဘိက္ခုဘာဝဿ၊ သာ ပါရာဇိကဒေသနာ။
ယထာဝုတ္တေန ဝုဋ္ဌာနံ၊ ဂရုကာပတ္တိဒေသနာ။

၃၇၂။ ဘိက္ခုဘာဝဿ၊ ရဟန်းအဖြစ်ကို။ ယော စာဂေါ၊ အကြင်စွန့်ခြင်းသည်။ (အဘ္ဆိ၊ ရှိ၏။) သာ၊ ထိုရဟန်းအဖြစ်ကို စွန့်ခြင်းသည်။ ပါရာဇိကဒေသနာ၊ ပါရာဇိကအာပတ်ကို ဒေသနာပြောခြင်းမည်၏။ ယထာဝုတ္တေန၊ အကြင် အကြင် ဆိုအပ်ပြီးသော ပရိဝါသ်, မာနတ်ဆောက်တည်နည်းဖြင့်။ ဝုဋ္ဌာနံ၊ အာပတ်မှဆခြင်းသည်။ ဂရုကာပတ္တိဒေသနာ၊ ဂရုကာပတ်ဖြစ်သော သံဃာဒိသိသ် အာပတ်ကို ဒေသနာပြောခြင်းမည်၏။ (ဝိ ပါ ၁-၁၈၈၊ ဝိဋ္ဌ ၂-၈၃-၄၊ ကင်္ခါဋ္ဌ-၁၂၅၊ ခုဒ္ဒသိက္ခာ ၂၀ ဂါထာ)

ဘိက္ခုဘာဝဿ။ ။"ဘိက္ခုဘာဝ–ရဟန်းအဖြစ်" ဟူသည် ပါရာဇိကအာပတ်သင့်နေပါလျက် ရဟန်းအဖြစ်ကို ဝန်ခံနေသောကြောင့် သူဝန်ခံအပ်သော ရဟန်းတု ရဟန်းယောင်အဖြစ်တည်း၊ ထိုအဖြစ်ဟူသည်လည်း ရဟန်းဟု သူတပါးက သိမှတ်အောင် ကံကြိုးကံငယ်ကိစ္စတို့၌ ရဟန်းကောင်းမျှားနှင့်အတူ ပြုခြင်းကိစ္စဘည်း၊ "ဘိက္ခုဿ- ဘိက္ခုသဒ္ဒါ၏+ဘာဝေါ- ဖြစ်ကြောင်းဖြစ်ရာ ရဟန်းကောင်းတို့နှင့် ကံအတူပြုခြင်းစသော ကိစ္စတည်း၊ ဘိက္ခုဘာဝေါ-ဘိက္ခုသဒ္ဒါ၏ဖြစ်ကြောင်းဖြစ်ရာ ကံအတူပြုခြင်းစသောကိစ္စ။

၃၀၃။ ဥက္ကုဋ္ဌိကံ နိသီဒိတ္ဝာ၊ ပဂ္ဂဏှိတ္ဝာန အဥ္ဇလိ ံ။
ထုလ္လစ္စယာဒိ ံ ဒေသေယျ၊ ဧဝမေကဿ သန္တိကေ။

၃၀၃။ ဥက္ကုဋ္ဌိကံ၊ ဆောင့်ကြောင့်။ နိသီဒိတ္ဝာ၊ ထိုင်၍။ အဥ္ဇလိ ံ၊ လက်အုပ်ကို။ ပဂ္ဂဏှိတ္ဝာန၊ ချီမြှောက်၍။ ဧကဿ၊ တပါးသောရဟန်း၏။ သန္တိကေ၊ အထံ၌။ ထုလ္လစ္စယာဒိ ံ၊ ထုလ္လစ္စည်း အစရှိသော လဟုကအာပတ်ကို။ ဧဝံ၊ ဤဆိုအပ်လတ့ံသော နည်းဖြင့်။ ဒေသေယျ၊ ဒေသနာပြောရာ၏။ (ဝိ ပါ ၃ - ၁၆၈-၂၃၁၊ ဝိ ပါ ၄ - ၂၃၄၊ဝိ ဋ္ဌ ၃- ၃၄၅၊ ကခ်ဳံ ဋ္ဌ - ၂၉၁)

စာဂေါ ပါရာဇိကဒေသနာ။ ။ထိုကိစ္စများကို မပြုတော့ဘဲ စွန့်လွှတ်၍ လူဝတ်ကြောင်အဖြစ်, သာမဏေအဖြစ်သို့ ပြောင်းလဲလိုက်ခြင်းကို "ဘိက္ခုဘာဝကိုစွန့်ခြင်း" ဟု ခေါ်၏၊ ထိုသို့စွန့်ခြင်းသည်ပင် ပါရာဇိကအာပတ်မှ စင်ကြယ်သောကြောင့် ပါရာဇိကအာပတ်ကို ဒေသနာပြောခြင်းမည်၏၊ ထိုသို့စွန့်ခြင်းကိုပင် အာပတ်မှ စင်ကြယ်သည့်အတွက် "ပရိသုဒ္ဓပြုခြင်း" ဟုလည်း ခေါ်စမှတ် ပြုကြ၏၊ ကျမ်းစာတို့၌ "ဝိသုဒ္ဓါပေက္ခေန" အရ "ဝိသုဒ္ဓ" ဟု ခေါ်သည်။

ယထာဓုတ္တေန၊ ပေ၊ ဒေသနာ။ ။သံဃာဒိသေသနိဒ္ဒေသ၌ "ဆာဒေတိ ဇာနမာပန္နံ" စသည်ဖြင့် ဂရုကအာပတ်မှ ထကြောင်းကို ဆိုခဲ့၏၊ ထိုဆိုခဲ့သည့်အတိုင်း သံဃာဒိသိသ်အာပတ်မှ ထခြင်းသည် ဂရုကသံဃာဒိသိသ်ကို ဒေသနာပြောခြင်း မည်၏။

ဥက္ကုဋ္ဌိကံ၊ ပေ၊ သန္တိကေ။ ။သီတင်းကြိုးဖြစ်စေ သီတင်းငယ်ဖြစ်စေ မိမိမှာသင့်သော အာပတ်ကို ဒေသနာပြောလိုလျှင် ဆောင့်ကြောင့်လည်း ထိုင်ရ၏, လက်အုပ်လည်း ချီရ၏၊ [သို့သော် သီတင်းကြိုးဖြစ်မူ ရှိခိုးဝပ်ချမှု အဘိဝါဒနကိုကား မပြု၊ သီတင်းငယ်ကား ရှိခိုးဝပ်ချမှုကိုပြုပြီးမှ လက်အုပ်ချီ၍ ဒေသနာပြောရသည်။]

ထို့နောက် ရဟန်းတပါးအထံ၌ ဤဆိုအပ်လတ့ံအတိုင်း တုလ္လစ္စည်းစသော လဟုကအာပတ်ကို ဒေသနာပြောရသည်၊ ဂိဏ်းအထံ, သံဃာ့အထံ၌လည်း

၃၈၄။ "အဟံ ဘန္တေ ကေ ထုလ္လစ္စယာပတ္တိ'ံ အာပဇ္ဇိ'ံ။ တံ တုမ္ဟမ္ဟုလေ ပဋိဒေသေမီ"တိ ဝတ္ဝာ ဘေန "ပဿသိ အာဝုသော တံ အာပတ္တိ"န္တိ ဝုတ္တေ "အာမ ဘန္တေ ပဿာမီ"တိ ဝတ္ဝာ ပုန တေန "အာယတိ'ံ အာဝုသော သံဝရေယ္ယာသီ"တိ ဝုတ္တေ "သာခု သုဋ္ဌု ဘန္တေ သံဝရိဿာမီ"တိ ဝတ္တဗ္ဗံ။ "အဟံ ဘန္တေ ဒဋ္ဌ ထုလ္လစ္စယာ-ပတ္တိယော အာပဇ္ဇိ'ံ၊ အဟံ ဘန္တေ သမ္ဗဟုလာ ထုလ္လစ္စယာ-ပတ္တိယော အာပဇ္ဇိ'ံ၊ တာ တုမ္ဟမ္ဟုလေ ပဋိဒေသေမီ"တိ ဝတ္တဗ္ဗံ။

နိဿဂ္ဂိယေသု ပန "ဣဒံ မေ ဘန္တေ စီဝရံ ဒသာဟာတိက္ကန္တံ နိဿဂ္ဂိယံ၊ ဣမာဟံ အာယသ္မတော နိဿဇ္ဇာမီ"တိ၊ "ဣမာနိ မေ ဘန္တေ စီဝရာနိ၊ ပေ၊ ဧတံ' မေ ဘန္တေ စီဝရံ၊ ပေ၊ ဧတာနိ မေ ဘန္တေ စီဝရာနိ ဒသာဟာတိက္ကန္တာနိ နိဿဂ္ဂိယာနိ၊ ဧတာနာဟံ အာယသ္မတော နိဿဇ္ဇာမီ"တိ။

၃၈၄။ ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ တပည့်တော်သည်။ ကေ၊ တချက်သော။ ထုလ္လစ္စယာပတ္တိ'ံ၊ ထုလ္လစ္စဉ်းအာပတ်သို့။ အာပဇ္ဇိ'ံ၊ ရောက်ပါပြီ။ တံ၊ ထိုထုလ္လစ္စဉ်း အာပတ်ကို။ တုမ္ဟ၊ (တုမှံ၊) အရှင်ဘုရားတို့၏။ မှုလေ၊ အထံ၌။ တနည်း၊ တုမ္ဟမ္ဟုလေ၊ အရှင်ဘုရားတို့၏အထံ၌။ ပဋိဒေသေမိ၊

ပြောကောင်းပါ၏၊ ရဟန်းတပါးအထံ၌ ပြောဆိုလျှောက်ထားခြင်းကား လွယ်ကူသောကြောင့် "ဧကဿ သန္တိကေ"ဟု ဆိုသည်၊ - စူဠဝဂ္ဂ, သမထက္ခန္ဓက ပါဠိတော်နှင့် ပါရာဇိက နိဿဂ္ဂိယ ပဌမကထိနအဋ္ဌကထာ။

အဟံ၊ ပေ၊ ဝတ္တဗ္ဗံ။ ။ထုလ္လစ္စဉ်းအာပတ်တချက်သင့်သော ရဟန်း၏ ဒေသနာပြောပုံကို ဥဒါဟရဏ်အဖြစ်ဖြင့် ထုတ်ပြသောစကားတည်း။ ထုလ္လစ္စဉ်း ၂-ချက်သင့်သူ၏ ဒေသနာပြောပုံကို ပြလို၍ "ဒဋ္ဌ ထုလ္လစ္စယာပတ္တိယော"ဟုဆင်း ၃-ချက်မှစ၍ များစွာသော အာပတ်တို့ကို ဒေသနာပြောပုံကို ပြလို၍ "သမ္ဗဟုလာ ထုလ္လစ္စယာပတ္တိယော"ဟုဆင်း ဆိုသည်။

လျှောက်ထားပါ၏။ ဣတိ၊ ဤသို့။ ဝတ္ဝာ၊ လျှောက်ပြီး၍ ။ တေန၊ ထို ဒေသနာခံသော ရဟန်းကြီးသည်။ အာဝုသော၊ ငါ့ရှင်။ တံ အာပတ္တိံ၊ ထိုအာပတ်ကို။ ပဿသိ၊ ရှု၏လော။ ဣတိ၊ ဤသို့။ ဝုတ္တေ၊ ပြောဆိုအပ်သော်။ ဘန္တေ၊ အရှင်ဘုရား။ အာမ၊ မှန်ပါ။ ပဿာမိ၊ ရှုပါ၏။ ဣတိ၊ ဤသို့။ ဝတ္ဝာ၊ လျှောက်ပြီး၍။ ပုန၊ တဖန်။ တေန၊ ထိုဒေသနာခံသော ရဟန်းကြီးသည်။ အာဝုသော၊ ငါ့ရှင်။ အာယတိံ၊ နောင်အခါ၌။ သံဝရေယ္ယာသိ၊ စောင့်စည်းပါလော့။ ဣတိ၊ ဤသို့။ ဝုတ္တေ၊ ပြောဆိုအပ်သော်။ ဘန္တေ၊ အရှင်ဘုရား။ သာဓု၊ ကောင်းပါပြီ။ သုဋ္ဌု၊ ကောင်းစွာ။ သံဝရိဿာမိ၊ စောင့်စည်းပါအံ့။ ဣတိ၊ ဤသို့။ ဝတ္တွာပိ၊ လျှောက်ရာ၏။

ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ တပည့်တော်သည်။ ဒွေ၊ နှစ်ချက်ကုန်သော။ ထုလ္လစ္စယာပတ္တိယော၊ ထုလ္လစ္စည်း အာပတ်တို့သို့။ အာပဇ္ဇိံ၊ ရောက်ပါပြီ။ (အာပတ် ၂-ချက်ကို ဒေသနာပြောရာ၌ လျှောက်ပုံ) ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ တပည့်တော်သည်။ သမ္မဟုလာ၊ များစွာကုန်သော။ ထုလ္လစ္စယာပတ္တိယော၊ ထုလ္လစ္စည်းအာပတ်တို့သို့။ အာပဇ္ဇိံ၊ ရောက်ပါပြီ။ တာ၊ ထို အာပတ်တို့ကို၊ တုမ္ဟ (တုမှံ၊) အရှင်ဘုရားတို့၏။ မူလေ၊ အထံ၌။ တနည်း-

---

တုမ္ဟမူလေ။ ။ဤကာသစ်၌ “တုမ္ဟာကံ မူလေ သမီပေ” ဟု ဖွင့်၏၊ တုမ္ဟ၌ နိဂ္ဂဟီတ်ချေထားသည်၊ ထိုနိဂ္ဂဟီတ်လည်း နံဝိဘတ်၏ ကာရိယဟု သိစေလို၍ “တုမ္ဟာကံ” ဟု ဖွင့်သည်၊ မူလသဒ္ဒါလည်း “သမီပအနက်” ဟု သိစေလိုသည်၊ မိမိထက် ကြီးသောပုဂ္ဂိုလ်ထံ ဒေသနာပြောပုံကို ပြသောကြောင့် “တုမ္ဟမူလေ” ဟု ဆိုသည်၊ မိမိအောက်ယေ်သော ပုဂ္ဂိုလ်ထံ ပြောလျှင် “တုယ္ဟမူလေ” ဟု ဆိုကြသည်၊ ထိုတုယ္ဟ၌လည်း နိဂ္ဂဟီတ်ချေထားသည်ဟု မှတ်ပါ၊ တနည်း-တုမ္ဟမူလေသည် ဝါကျမဟုတ်, သမာသ်တည်း၊ ဤသို့ကြံလျှင် “တုမ္ဟမူလေ-အရှင်ဘုရားတို့၏ အထံ၌” ဟုဆင်း “တုယ္ဟမူလေ-သင်၏အထံ၌” ဟုဆင်း ကေဝုစ် ဗဟုဝုစ် ၂-ဝိဘတ်ရသည်။

တုဲ့ဲ့ဲ့လေ၊ အရှင်ဘုရားတို့၏အထံ၌။ ပဋိဒေသေမိ၊ လျှောက်ထားပါ၏။ ဣဘိ၊ ဤသို့။ ဝတ္တာဗ္ဗံ၊ လျှောက်ထားရာ၏။ (အာပတ် ၃-ချက်မှ အထက် အမျှားကို လျှောက်ပုံတည်း။)

ပန၊ အဘို့တပါးကား။ နိဿဂ္ဂိယေသု၊ နိဿဂ္ဂိယပါစိတ်အာပတ်တို့၌။ ဘန္တေ၊ အရှင်ဘုရား။ မေ၊ တပည့်တော်၏။ ဣဒံ စီဝရံ၊ ဤသင်္ကန်းကို။ ဒသာဟာ-တိက္ကန္တံ၊ ဆယ်ရက်ကို လွန်သည်။ (ဟုတ္ဝာ၊ ဖြစ်၍။ ဝါ၊ ဖြစ်ခြင်းကြောင့်။) နိဿဂ္ဂိယံ၊ စွန့်ထိုက်ပါ၏။ အဟံ၊ တပည့်တော်သည်။ ဣမံ၊ ဤသင်္ဃာဋိကို။ အာယသ္မတော၊ အရှင်ဘုရားအား။ နိဿဇ္ဇာမိ၊ စွန့်ပါ၏။ ဣတိ၊ ဤသို့။ (ဝတ္တာဗ္ဗံ၊ လျှောက်ရာ၏။) ဘန္တေ၊ အရှင်ဘုရား။ မေ၊ တပည့်တော်၏။ ဣမာနိ စီဝရာနိ၊ ဤသင်္ကန်းတို့ကို။ ပေ။ ဘန္တေ၊ အရှင်ဘုရား။ မေ၊ တပည့်တော်၏။ ဧတံ စီဝရံ၊ ဤသင်္ကန်းသည်။ ပေ။ ဘန္တေ၊ အရှင်ဘုရား။ မေ၊ တပည့်တော်၏။ ဧတာနိ စီဝရာနိ၊ ဤသင်္ကန်းတို့ကို။ ဒသာဟာတိက္ကန္တာနိ၊ ဆယ်ရက်ကို လွန်ကုန်သည်။ (ဟုတ္ဝာ၊ ဖြစ်၍။ ဝါ၊ ဖြစ်ခြင်းကြောင့်။) နိဿဂ္ဂိယာနိ၊ စွန့်ထိုက်ပါကုန်၏။ အဟံ၊ တပည့်တော်သည်။ ဧတာနိ၊ ဤသင်္ကန်းတို့ကို။ အာယသ္မတော၊ အရှင်ဘုရားအား။ နိဿဇ္ဇာမိ၊ စွန့်ပါ၏။ ဣတိ၊ ဤသို့ လျှောက်၍။ (နိဿဇ္ဇိတဗ္ဗံ၊ စွန့်ရာ၏။)

နိဿဂ္ဂိယေသု ပန။ ။နိဿဂ္ဂိယပါစိတ် အာပတ်သင့်ရာ၌ **အစီအစဉ်**ကို ပြလို၍ “နိဿဂ္ဂိယေသု ပန” စသည်ကို မိန့်သည်၊ ထိုအစီအစဉ်အတိုင်း နိဿဂ္ဂိ ထိုက်သော သင်္ကန်းကို ရဟန်းတပါးထံ၌ စွန့်ရ၏၊ **အနိုး**အဝေး အနည်းအမျှား လိုက်၍ “ဣဒံ” “ဧတံ” “ဣမာနိ” “ဧတာနိ” ဟု ပြထားသည်၊ [ဤ အဓိပ္ပါယ်များကို စီဝရနိဒ္ဒေသ၌ ပြခဲ့ပြီ။]

၃၈၅။ နိဿဇ္ဇိတ္ဝာန ဒေသေယျ၊ အာပတ္တိ ံ တေန ဘိက္ခုနာ။
ပဋိဂ္ဂဟေတ္ဝာ အာပတ္တိ ံ၊ ဒေယ္ယံ နိဿဋ္ဌစီဝရံ။
“ဣမံ, ဣမာနိ, ဧတံ, တေသံ စီဝရာနိ အာယသ္မတော ဒမ္မီ”တိ။

၃၈၅။ နိဿဇ္ဇိတ္ဝာန၊ စွန့်ပြီး၍။ အာပတ္တိ ံ၊ အာပတ်ကို။ ဒေသေယျ၊ ဒေသနာပြောရာ၏။ တေန ဘိက္ခုနာ။ ထိုဒေသနာခံသောရဟန်းသည်။ အာပတ္တိ ံ၊ အာပတ်ကို။ ပဋိဂ္ဂဟေဘ္ဝာ၊ ခံယူပြီး၍။ နိဿဋ္ဌစီဝရံ၊ စွန့်အပ်ပြီးသော သင်္ကန်းကို။ ဒေယ္ယံ၊ ပြန်ပေးထိုက်၏။ (ကိ ံ၊ အဘယ်သို့ဆို၍ ပြန်ပေးထိုက်သနည်း။) “ဣမံ,ဣမာနိ,ဧတံ, တေသံ စီဝရာနိ အာယသ္မတော ဒမ္မီ”တိ၊ ဣမံ, ဣမာနိ, ဧတံ, တေသံ စီဝရာနိ အာယသ္မတော ဒမ္မီ ဟူ၍။ (ဣတိ၊ ဤသို့ဆို၍။) ဒေယ္ယံ၊ ပြန်ပေးထိုက်၏။ (ဝိ ပါ ၁-၂၉၆-၉)

နိဿဇ္ဇိတ္ဝာ၊ ပေ၊ နိဿဋ္ဌစီဝရံ။ ။ထိုသို့ စွန့်ပြီးနောက် အာပတ်ကို “အဟံ ဘန္တေ ကေ နိဿဂ်ိယပါစိတ္တိယာပတ္တိ ံ အာပဇ္ဇိ ံ”စသည်ဖြင့် ဆို၍ ဒေသနာပြောရသည်၊ ထို့နောက် စွန့်အပ်သောသင်္ကန်းကို လက်ခံ၍ ဒေသနာပြောသည်ကိုလည်းလက်ခံသော ဝိနည်းဓိရ်ရဟန်းက စွန့်အပ်ပြီးသော သင်္ကန်းကို ပြန်ပေးရသည်။

ဣမံ၊ ပေ၊ ဒမ္မီတိ။ ။ဤစကားသည် ပြန်ပေးရာ၌ ဆိုရသော စကားတည်း၊ တထည်ကို “ဣမံ”, အများကို “ဣမာနိ”ဟုငင်း အဝေးဒ်မှန်း၍ စွန့်အပ်သော သင်္ကန်းကို “ဧတံ, တေသံ”ဟုငင်း ဆို၍ ပြန်ပေးရသည်။ [အားလုံး စကားများကို ဒေသနာပြောမှုမှစ၍ မြန်မာဘာသာ စသော နားလည်သော ဘာသာဖြင့် ဆိုနိုင်ပါသည်။]

၃၈၆။ (က) ဣဒံ မေ ဘန္တေ စီဝရံ ရတ္တိဝိပ္ပဝုတ္ထံ အညတြ ဘိက္ခုသမ္မုတိ-ယာ နိဿဂ္ဂိယံ၊ [“ဣမာဟံ အာယသ္မတော နိဿဇ္ဇာမိ”ဟု ဆက်ပါ၊ ဒုတိယကထိန သိက္ခာပုဒ်အရ နိဿဂ္ဂိယသင်္ကန်းကို စွန့်ပုံတည်း။....(ဝိ ပါ ၁-၂၉၉)

(ခ) ဣဒံ မေ ဘန္တေ အကာလစီဝရံ မာသာတိက္ကန္တံ နိဿဂ္ဂိယံ၊ [တတိယကထိနသိက္ခာပုဒ်အရ နိဿဂ္ဂိယသင်္ကန်းကို စွန့်ပုံတည်း။]....(ဝိ ပါ ၁-၃၀၅)

(ဂ) ဣဒံ မေ ဘန္တေ ပုရာဏစီဝရံ အညာတိကာယ ဘိက္ခုနိယာ ဓောဝါပိတံ နိဿဂ္ဂိယံ၊ [ပုရာဏစီဝရ သိက္ခာပုဒ်အရ နိဿဂ္ဂိယ သင်္ကန်းကိုစွန့်ပုံတည်း။ “ပုရာဏစီဝရံ၊ သင်္ကန်းဟောင်းကို” ဟုပေး။]....(ဝိ ပါ ၁-၃၀၇)

(ဃ) ဣဒံ မေ ဘန္တေ စီဝရံ အညာတိကာယ ဘိက္ခုနိယာ ဟတ္ထတော ပဋိဂ္ဂဟိတံ အညတြ ပါရိဝတ္တကာ နိဿဂ္ဂိယံ၊ [စီဝရပဋိဂ္ဂဟဏ သိက္ခာပုဒ်အရ နိဿဂ္ဂိယသင်္ကန်းကို စွန့်ပုံတည်း။ “ပါရိဝတ္တကာ-လဲလှယ်အပ်သောသင်္ကန်းကို” ဟုပေး။]....(ဝိ ပါ ၁-၃၁၁)

(င) ဣဒံ မေ ဘန္တေ စီဝရံ အညာတကံ ဂဟပတိကံ ဝိညာပိတံ အညတြ သမယာ နိဿဂ္ဂိယံ၊ [အညာတက ဝိညတ္တိသိက္ခာပုဒ်အရ နိဿဂ္ဂိယသင်္ကန်းကို စွန့်ပုံတည်း၊ “ဝိညာပိတံ၊ မိမိအလိုရှိကြောင်းကို သိစေအပ်သည်။ ဝါ၊ တောင်းအပ်သည်။ (ဟုတ္ဝာ၊ ဖြစ်၍။)”ဟုပေး။]....(ဝိ ပါ ၁-၃၁၅)

(စ) ဣဒံ မေ ဘန္တေ စီဝရံ အညာတကံ ဂဟပတိကံ တတုတ္တရိ ဝိညာပိတံ နိဿဂ္ဂိယံ၊[တတုတ္တရိ သိက္ခာပုဒ်အရ နိဿဂ္ဂိယ

သက်ိန်းကို စွန့်ပုံတည်း၊ “တတုတ္တာရိ၊ ထိုသင်းပိုင် ကိုယ်ဝတ်ထက် အလွန်” ဟုပေး။]....(ဝိ ပါ ၁- ၃၁၆)

(ဆ) ဣဒံ မေ ဘန္တေ စီဝရံ ပုဗ္ဗေ အပ္ပဝါရိတံ အညာတကံ ဂဟပတိကံ ဥပသင်္ကမိတ္ဝာ ဝိကပ္ပံ အာပန္နံ နိဿဂ္ဂိယံ၊ [ပဌမ ဥပက္ခဋသိက္ခာပုဒ်အရ နိဿဂ္ဂိယသိက်ိန်းကို စွန့်ပုံတည်း၊ “အပ္ပဝါရိတံ၊ ဖိတ်မန်ခြင်းမရှိသော။ အညာတကံ၊ ဆေးမျိုးမတော်သော။ ဂဟပတိကံ၊ အိမ်ရှင်သို့။ ဥပသင်္ကမိတ္ဝာ၊ ချဉ်းကပ်၍။ ဝိကပ္ပံ၊ ထူးအောင် စီမံခြင်းသို့။ အာပန္နံ၊ ရောက်အပ်သည်။ (ဟုတ္ဝာ၊ ဖြစ်၍။ ဝါ၊ ဖြစ်ခြင်းကြောင့်။)” ဟု ပေး။] ....(ဝိ ပါ ၁- ၃၁၉)

(ဇ) ဣဒံ မေ ဘန္တေ စီဝရံ ပုဗ္ဗေ အပ္ပဝါရိတော ဂဟပတိကော ဥပသင်္ကမိတ္ဝာ ဝိကပ္ပံ အာပန္နံ နိဿဂ္ဂိယံ၊ [ဒုတိယ ဥပက္ခဋသိက္ခာပုဒ်အရ နိဿဂ္ဂိယသိက်ိန်းကို စွန့်ပုံတည်း။] (ဝိ ပါ ၁ - ၃၂၂)

(စျ) ဣဒံ မေ ဘန္တေ စီဝရံ အတိရေကတိက္ခတ္တုံ စောဒနာယ အတိရေကဆက္ခတ္တုံ ဌာနေန အဘိနိပ္ဖါဒိတံ နိဿဂ္ဂိယံ၊ [ရူပိယသိက္ခာပုဒ်အရ နိဿဂ္ဂိယသိက်ိန်းကို စွန့်ပုံတည်း၊ “အတိရေကတိက္ခတ္တုံ၊ သုံးကြိမ်ထက် အလွန်။ စောဒနာယ၊ တောင်းခြင်းဖြင့်။ အတိရေကဆက္ခတ္တုံ၊ ခြောက်ကြိမ်ထက် အလွန်။ ဌာနေန၊ ရပ်ခြင်းဖြင့်။ အဘိနိပ္ဖါဒိတံ၊ ပြီးစေအပ်သည်။ (ဟုတ္ဝာ၊ ဖြစ်၍။ ဝါ၊ ဖြစ်ခြင်းကြောင့်)” ဟုပေး။]....(ဝိ ပါ ၁- ၃၂၇)

(ည) ဣဒံ မေ ဘန္တေ ကောသေယျမိဿကံ သန္ဆတံ ကာရာပိတံ နိဿဂ်ိယံ၊ [ကောသိယသိက္ခာပုဒ်အရ နိဿဂ်ိယသန္ဆတကို စွန့်ပုံတည်း။]....(ဝိ ပါ ၁ - ၃၂၉)

(ဋ) ဣဒံ မေ ဘန္တေ သုဒ္ဓကာဋကာနံ ဧဋကလောမာနံ သန္ဆတံ ကာရာပိတံ နိဿဂ်ိယံ၊[သုဒ္ဓကာဋကသိက္ခာပုဒ်အရ နိဿဂ်ိယ သန္ဆတကို စွန့်ပုံတည်း။]....(ဝိ ပါ ၁ - ၃၃၁)

(ဌ) ဣဒံ မေ ဘန္တေ သန္ဆတံ အနာဒိယိတ္ဝာ တုလံ ဆဒါတာနံ, တုလံ ဂေါစရိယာနံ ကာရာပိတံ နိဿဂ်ိယံ၊ [ဒွေဘာဂ-သိက္ခာပုဒ်အရ နိဿဂ်ိယသန္ဆတကို စွန့်ပုံတည်း၊ "ဆဒါတာနံ၊ ဖြူသော သိုးမွေးတို့၏။ တုလံ၊ တချိန်ကိုဎင်း။ ဂေါစရိယာနံ၊ ညိုရဲရောရောင် ကြောင်သောသိုးမွေးတို့၏။ တုလံ၊ တချိန်ကိုဎင်း။ အနာဒိယိတ္ဝာ၊ မယူမူ၍" ဟုပေး။]....(ဝိ ပါ ၁ - ၃၃၂)

(ဍ) ဣဒံ မေ ဘန္တေ သန္ဆတံ ဥိနဆဗ္ဗဿံ ကာရာပိတံ အညတြ ဘိက္ခုသမ္မုတိယာ နိဿဂ်ိယံ၊ [ဆဗ္ဗဿသိက္ခာပုဒ် အရ နိဿဂ်ိယသန္ဆတကို စွန့်ပုံတည်း၊ "ဥိနဆဗ္ဗဿံ၊ ယုတ်လျော့သော ခြောက်နှစ် ရှိသည် ဖြစ်၍"ဟုပေး။]....(ဝိ ပါ ၁-၃၃၅)

(ဎ) ဣဒံ မေ ဘန္တေ နိသီဒနသန္ဆတံ အနာဒိယိတ္ဝာ ပုရာဏ-သန္ဆတဿ သမန္တာ သုဂတဝိဒတ္ထိံ ကာရာပိတံ နိဿဂ်ိယံ၊ [နိသီဒနသန္ဆတသိက္ခာပုဒ်အရ နိဿဂ်ိယ နိသီဒနသန္ဆတကို စွန့်ပုံတည်း၊ "သမန္တာ"ဟု ပါဠိရိသင့်ကြောင်းကို ပါတိမောက် ဘာသာဋီကာ၌ ပြခဲ့ပြီ။]....(ဝိ ပါ ၁ - ၃၃၉)

(ဏ) ဣမာနိ မေ ဘန္တေ ဥဋ္ဌကလောမာနိ တိယောဇနပရမံ အ-
တိက္ကာမိတာနိ နိဿဂ်ိယာနိ၊ [ဥဋ္ဌကလောမသိက္ခာပုဒ်အရ
နိဿဂ်ိယ ဥဋ္ဌကလောမတို့ကို စွန့်ပုံတည်း။]....(ဝိ ပါ ၁-
၃၄၁)

(တ) ဣမာနိ မေ ဘန္တေ ဥဋ္ဌကလောမာနိ အညာတိကာယ
ဘိက္ခုနိယာ ဓောဝါပိတာနိ နိဿဂ်ိယာနိ၊ [ဥဋ္ဌကလောမ-
ဓောဝါပနသိက္ခာပုဒ်အရ နိဿဂ်ိယဥဋ္ဌကလောမတို့ကို စွန့်
ပုံတည်း။]....(ဝိ ပါ ၁-၃၄၃)

(ထ) အဟံ ဘန္တေ ရူပိယံ ပဋိဂ္ဂဟေသိံ၊ ဣဒံ မေ ဘန္တေ နိဿဂ်ိယံ၊
ဣမာဟံ သံဃဿ နိဿဇ္ဇာမိ၊ [ရူပိယသိက္ခာပုဒ် အရ
ရွှေငွေကို စွန့်ပုံတည်း၊ ရွှေငွေကိုကား ပုဂ္ဂိုလ်, ဂိုဏ်းထံ
မစွန့်ရ၊ ထို့ကြောင့် "သံဃဿ"ဟု ဆိုသည်။]....(ဝိ ပါ
၁-၃၄၆)

(ဒ) အဟံ ဘန္တေ နာနပ္ပကာရကံ ရူပိယသံဝေါဟာရံ သမာပဇ္ဇိံ၊
ဣဒံ မေ နိဿဂ်ိယံ၊ ဣမာဟံ သံဃဿ နိဿဇ္ဇာမီတိ၊[ရူပိယ
သံဝေါဟာရ သိက္ခာပုဒ်အရ ရွှေငွေကို စွန့်ပုံတည်း။ ဤ
နိဿဂ်ိယကိုလည်း သံဃ့အထံ၌ စွန့်ရသည်။]....(ဝိ ပါ ၁-
၃၄၈)

(က) ဣဒံ၊ ပေ၊ (ဒ)။ ။(က) မှစ၍(ဒ) တိုင်အောင် ဆိုင်ရာ နိဿဂ်ိယ
ပစ္စည်းကို စွန့်ပုံကိုပြသော စကားတို့တည်း၊ စကားဆိုပုံကိုကြည့်၍ မည်သည့်
သိက္ခာပုဒ်အရ နိဿဂ်ိယထိုက်သော ပစ္စည်းဟု သိပါ၊ ဤပါဠိအားလုံးသည်
ဆိုင်ရာသိက္ခာပုဒ်၏ ပါဠိတော်၌ တိုက်ရိုက်ပါ၏။

၃၈၇။ နိဿဇ္ဇိတ္ဝာန အာပတ္တိံ၊ ဒေသေယျာထ ဂိဟိံ ဝဒေ။
ဇာနာဟိမဿိ ဣမိနာ၊ သော ဝဒေယျာဟရာမိ ကိံ။

၃၈၈။ အဝတ္ထာမဿိ တေလာဒိံ၊ ဝဒေ ဘိက္ခူန ကပ္ပိယံ။
ယံ အာဟရတိ သော တေန၊ ပရိဝတ္တေတ္ဝာ ကပ္ပိယံ။

၃၈၉။ လဗ္ဘံ ဌပေတ္ဝာ ဒဒေပေတေ၊ သဗ္ဗေဟိ ပရိဘုဉ္ဇိတုံ။
တတော အညေန လဒ္ဓေါပိ၊ ဘာဂေါ တေသံ န ကပ္ပတိ။

၃၈၇,၈,၉။ နိဿဇ္ဇိတ္ဝာန၊ စွန်ပြီး၍။ အာပတ္တိံ၊ အာပတ်ကို။ ဒေသေယျ၊ ဒေသနာပြောရာ၏။ အထ၊ ထို့မှနောက်၌။ ဣမံ၊ ဤငွေ(ရွှေ)ကို။ ဇာနာဟိ၊ သိလော့။ ဣတိ၊ ဤသို့။ ဂိဟိံ၊ လူဝတ်ကြောင်ကို။ (ရွှေငွေကို စွန့်ရာအရပ်သို့ ရောက်လာသော လူဝတ်ကြောင်ကို။) ဝဒေ၊ ပြောပြရာ၏။ သော၊ ထိုလူဝတ် ကြောင်သည်။ ဣမိနာ၊ ဤငွေ (ရွှေ)ဖြင့်။ ကိံ၊ အဘယ်ကို။ အာဟရာမိ၊ ဆောင်ခဲ့ရပါမည်နည်း။ ဣတိ၊ ဤသို့။ ဝဒေယျ၊ လျှောက်အံ့။ (ဧဝံ သတိ၊ ဤသို့လျှောက်လသော်။) ဣမံ၊ ဤဝတ္ထုကို။ (အာဟရာဟိ၊ ဆောင်ခဲ့လော့။)

ဒေသေယျာထ ဂိဟိံ ဝဒေ။ ။(ထ) (ဒ) နိဿဂ်ိယတို့နှင့်စပ်၍ ပြုဘုယ်ကိစ္စကို ပြလိုသောကြောင့် "နိဿဇ္ဇိတ္ဝာန၊ ပေ၊ ဝဒေ" ဟု မိန့်သည်၊ ရူပိယကို ခံယူမိ၍ဖြစ်စေ ရူပိယကို ရောင်းဝယ်လဲလှယ်မှုကို ပြုမိ၍ဖြစ်စေ သံဃအထံ၌ စွန့်ပြီးနောက် ထိုနိဿဂ်ိအာပတ်ကို ဒေသနာပြောရာ၏၊ ထို့ဒေသနာ ပြောပြီးချိန်၌ "အရာမ်စောင့်ဖြစ်စေ ဥပါသကာဖြစ်စေ" (မည်သူမဆို) လူဝတ်ကြောင် ရောက်လာလျှင် ထိုလူဝတ်ကြောင်အား "ဣမံ ဇာနာဟိ-ဤ ငွေ (ရွှေ) ကို သိလော့" ဟု ပြောရသည်။

ဣမိနာ၊ ပေ၊ မဿိ။ ။"ဤ ငွေ (ရွှေ) ဖြင့် ဘာပစ္စည်းကို ဆောင်ယူရပါမည်လဲ" ဟု လျှောက်လျှင်.... "ဤ မည်သော ပစ္စည်းကို ဆောင်ယူခဲ့" ဟု မပြောဘဲ....

ကွတိ၊ ဤသို့။ အဝတ္ဌ၊ မပြောမူ၍။ ဘိက္ခူနံ၊ ရဟန်းတို့အား။ တေလာဒိံ၊ ဆီအစရှိသည်ကို။ ကပ္ပိယံ၊ အပ်စပ်၏ဟူ၍။ ဝဒေ၊ ပြောပြရာ၏။ သော၊ ထိုလူဝတ်ကြောင်သည်။ တေန၊ ထိုဥဒ္ဓေဖြင့်။ ဝါ၊ ထိုရွှေဖြင့်။ ကပ္ပိယံ၊ အပ်သောဆီအစရှိသည်ကို။ ပရိဝတ္တေတ္ဝာ၊ လဲလှယ်၍။ ယံ၊ အကြင်ဝတ္ထုကို။ အာဟရတိ၊ ဆောင်ခဲ့၏။ (တံ၊ ထိုဝတ္ထုကို။) ဒဒေါ၊ နှစ်ပါးလည်းဖြစ်ကုန်သော။ ဇတော၊ ထိုရွှေဥဒ္ဓေခံသူ, ရွှေဥဒ္ဓေလဲလှယ်သူ ရဟန်းတို့ကို။ ဌပေတ္ဝာ၊ ထား၍။ သဗ္ဗေဟိ၊ အလုံးစုံသော ရဟန်းတို့သည်။ ပရိဘုဉ်္ဇိတုံ၊ သုံးစွဲခြင်းငှါ။ ဝါ၊ သုံးစွဲခွင့်ကို။ လဗ္ဘံ၊ ရအပ်၏။ တတော၊ ထိုဝေစုမှ။ အညေန၊ အခြားသော ပဋိုလ်သည်။ (ရဟန်း သာမဏေ ဖြစ်စေ ဆရာမိဘစသူဖြစ်စေ အခြားသောပဋိုလ်သည်) လဒ္ဓေါ၊ ရအပ်သော၊ ဘာဂေါပိ၊ အဘို့သော်မှလည်း။ တေသံ၊ ထိုရွှေဥဒ္ဓေခံသူ ရွှေဥဒ္ဓေလဲလှယ်သူ ရဟန်းတို့အား။ န ကပ္ပတိ၊ မအပ်။ (ဝိ ပါ ၁ - ၃၄၆-ဂ)

တေလာဒိံ၊ ပေ၊ ကပ္ပိယံ။ ။"ဆီတော့ ရဟန်းများမှာ အပ်၏"ဟု ပြောရာ၏၊ အာဒိဖြင့် ထောပတ်, တင်လဲ, ပျားရည် စသည်ကို ယူပါ။

ယံ အာဟရတိ၊ပေ၊ကပ္ပိယံ။ ။ထိုလူဝတ်ကြောင်သည် ထို ဥဒ္ဓေ (ရွှေ) ဖြင့် အပ်သော ဆီ စသည်ကို လဲလှယ်၍ (ဝယ်၍) အကြင်ဝတ္ထု (ဆီ စသည်) ကို ဆောင်ယူလာ၏။

လဗ္ဘံ၊ ပေ၊ ပရိဘုဉ်္ဇိတုံ။ ။ရွှေ ဥဒ္ဓေ ကို ခံယူသောရဟန်း, ရွှေ ဥဒ္ဓေ ကို လဲလှယ်ရောင်းဝယ်သောရဟန်း ဤရဟန်း ၂-ပါးမှ တပါးသော အခြားရဟန်းတို့သည် ထို ဆီ စသော ကပ္ပိယပစ္စည်းဝတ္ထုကို ဝေခြမ်း၍ သုံးစွဲခွင့်ကိုရ၏။

တတော၊ ပေ၊ န ကပ္ပတိ။ ။ထိုရဟန်း ၂-ပါးကား ထို ဝေစုမှ အခြားပဋိုလ် ရအပ်သော (ရလာသော) အဘို့ကိုသော်မှလည်း မသုံးစွဲအပ်၊ [ရူပိယပဋိဂ္ဂါဟကေန ဘာဂေါ (ဝေစုကို) နဂဟေတဗ္ဗော၊ အညေသံ ဘိက္ခူနံ ဝါ အာရာမိကာနံ ဝါ ပတ္တဘာဂံပိ လဘိတ္ဝာ ပရိဘုဉ်္ဇိတုံ နဝဋ္ဋတိ၊ အန္တမသော မက္ကဋွာဒီဟိ

၃၉၀။ ရုက္ခစ္ဆာယာပန္ထမသော၊ တံနိဗ္ဗတ္တာ နု ကပ္ပတိ။
နိဿဋ္ဌံ ပဋိလဒ္ဓမ္ပိ၊ အာဒိတော သန္ထတတ္တာယံ။

၃၉၀။ အန္ထမသော၊ အောက်ထစ်ဆုံးအားဖြင့်။ တံနိဗ္ဗတ္တာ၊ထိုအဘိုရအပ်သော ပစ္စည်းမျှ ဖြစ်သော။ ရုက္ခစ္ဆာယာပိ၊ သစ်ပင်၏အရိပ်သော်မှလည်း။ နု ကပ္ပတိ၊ မအပ်။ နိဿဋ္ဌံ၊ စွန့်အပ်ပြီးသည်။ (ဟုဘွာ၊ဖြစ်၍။) ပဋိလဒ္ဓမ္ပိ၊ တဖန် ရအပ်သောဝတ္ထုသည်လည်း။ အာဒိတော၊ အစ၌။ သန္ထတတ္တာယံ၊ အခင်း သုံးခုအပေါင်းသည်။ နု ကပ္ပတိ၊ မအပ်။ (ဝိ ပါ ၁-၃၂၉-၃၃၁-၃၊ ဝိ ဋ္ဌ ၂-၂၇၁)

တတော(ထိုအာရာမိက စသည်တို့ ရအပ်သောအဘိုမှ) ဟရိတ္ဝာ အရညေ ဌပိတံ ဝါ တေသံ ဟတ္ထတော (ထိုမျောက် စသူတို့၏လက်မှ) ဂဠိတံ ဝါ တိရစ္ဆာန-ပရိဂ္ဂဟိတံပိ (တော၌ သိမ်းထားအပ်သော ပစ္စည်းသည်ရှင်း) ပံသုကူလံပိ (လက်မှ လျှောကျရစ်သော ပံသုကူသည်ရှင်း) နု ဝဋ္ဋတိ၊-ရှုပိယ သိက္ခာပုဒ် အဋ္ဌကထာ။

ရုက္ခစ္ဆာယာ၊ ပေ၊ နု ကပ္ပတိ။ ။ထို ဝေစုမှ သရက်သီးရ၍ (သို့မဟုတ် သရက်သီးကို ထိုင့ေဖြင့် ဝယ်၍) ထိုသရက်စေ့မှ ပေါက်သော သစ်ပင်၏ အရိပ်သော်မှလည်း ထို ရှေ့ဆေးသော ရဟန်း, ရှေ့ဆေးပစ္စည်းချင်း လဲလှယ်သော ရဟန်းမှာ မအပ်၊ [ဋီကာသစ်၌ "ထိုစွန့်အပ်သော နိဿဂ်ိုင့ေဖြင့် ကပ်ိယ တို့က ခြံကိုဝယ်၍ ထိုခြံ၌ စိုက်အပ်သော သစ်ပင်၏ အရိပ်သော်မှ မအပ်" ဟု ဆို၏၊ သို့သော် အဋ္ဌကထာ၌ "ဘူမိံ ယေဝ ကိဏိတ္ဝာ အညာနိ ဗီဇာနိ ရောပိတာနိ (မြေကိုသာ ဝယ်၍ အခြားအပ်သော မျိုးစေ့တို့ကို စိုက်ပျိုးကုန်သည် ဖြစ်အံ့) ဖလံ ဝဋ္ဋတိ" ဟု ဆိုသည်၊ မျိုးစေ့က အပ်လျှင် အသီးသော်မှ အပ်သေး၏၊ အရိပ်၏ အပ်စပ်ကြောင်းမှာ ဆိုဘွယ်မရှိပါ။]

အဋ္ဌကထာ။ ။ရှုပိယသိက္ခာပုဒ် အဋ္ဌကထာ၌ "တေန ဝတ္ထုနာ (ထို စွန့်အပ်သော ဝတ္ထုဖြင့်) မဉ္ဇပီဌာဒီနိ ဝါ ဂဏှန္တိ (ကပ်ိယတို့က ဝယ်ယူကုန်အံ့) ဥပေါသထာဂါရံ ဝါ ဘောဇနသာလံ ဝါ ကရောန္တိ၊ ပရိဘုဉ်တုံ နု ဝဋ္ဋတိ၊

၃၉၁။ နော စေ လဇ္ဇေထ ဧဝံ သော၊ ဣမံ ဆဋ္ဌေဟိ သံသိယော။
ဧဝမ့ိ ဘိက္ခု ဆဋ္ဌေယ္ယ၊ နော စေ လဇ္ဇေထ သမ့မတော။

၃၉၁။ ဧဝံ၊ ဤဆိုအပ်ပြီးသောနည်းဖြင့်။ သော၊ ထိုအပ်အောင်လဲလှယ်တတ်သော ကပ္ပိယကာရကကို။ နော စေ လဇ္ဇေထ၊ အကယ်၍ မရှဲအပ်သည်ဖြစ်အံ့။ (ဧဝံ သတိ၊ ဤသို့မရအပ်သော်။) သော၊ ထိုဒါယကာကို။ ဣမံ၊ ဤရွေငွေကို။ ဆဋ္ဌေဟိ၊ စွန့်လိုက်လော့။ (ဣတိ၊ ဤသို့။) သံသိယော၊ ပြောဆို ထိုက်၏။ ဧဝံပိ၊ ဤသို့လည်း။ နော စေ လဇ္ဇေထ၊ အကယ်၍မရအပ်သည်ဖြစ်အံ့။(ဧဝံ သတိ၊ ဤသို့မရအပ်သော်။)သမ့မတော၊ ရှုပိယဆဋ္ဌက ဟု သမုတ်အပ်သော။ ဘိက္ခု၊ ရဟန်းသည်။ ဆဋ္ဌေယ္ယ၊ စွန့်ပစ်ရာ၏။ (ဝိ ပါ ၁-၃၄၆၊ ကခ်ဂ ၌-၁၇၆)

ဆာယာပိ (ဥပေါသထာဂါရ၏အရိပ်, ဘောဇနသာလာ၏ အရိပ်သော်မှလည်း) ဂေဟပရိစ္ဆေဒေန ဌိတာ နာမ ဝဋ္ဋတိ–ထို ရှုပိယပဋိဂ္ဂါဟက ရဟန်းမှာမအပ်”ဟု ဆိုသည်၊ အကျယ်ကို ထို အဋ္ဌကထာ၌ ရှုပါ။

နိဿဋ္ဌံ၊ ပေ၊ သန္ထတတ္တယံ။ ။(၁) ကောသိယမိဿကသန္ထတ, (၂) သုဒ္ဓကာဠကသန္ထတ, (၃) ဒွေဘာဂသန္ထတ ဤသုံးပါးသည် အထည်ကိုယ်ဖြစ်သော သန္ထတတို့က မအပ်သောကြောင့် စွန့်အပ်ပြီးနောက် ပြန်၍ ရအပ်သော်လည်း ထို ရဟန်းမှာလည်း မအပ် အခြားသီတင်းသုံးဘော်တို့မှာလည်း မအပ်၊ [အညေန ကတံ ပဋိလဘိတ္တာ ပရိဘုဉ္ဇတိ (သန္ထတအဖြစ်ဖြင့် သုံးစွဲအံ့) အာပတ္တိ ဒုက္ကဋဿ၊ — ကောသိယသိက္ခာပုဒ် ပါဠိတော်၊ ဗိတာန်(မျက်နှာကြက်) ကြမ်းပေါ် မြေပေါ်၌ အခင်း, အကာ, ခေါင်းအုံးပြုလျှင်ကား အခြားရဟန်းများနှင့်တကွ ဥစ္စာရှင် ရဟန်းမှာလည်း အပ်ပါ၏။]

နော စေ၊ ပေ၊ သံသိယော။ ။ရောက်လာသော ဒါယကာသည် ဤငွေဖြင့် ဆီ စသည်ဝယ်၍ လှူမှုစသည်ကို မပြုတတ်လျှင် ထို ရောက်လာသော လူဝတ်ကြောင်ကို “ဤဟာ (ဤငွေ)ကို စွန့်ပစ်လိုက်ပါ” ဟု ပြောထိုက်၏၊ ပြောရမည်–ဟူလို။

၃၉၂။ ဧတာနိ ဒုတိယော ပတ္တော၊ သံဃေ သေသာနိ လဗ္ဘရေ။ သံဃေကသ္မိံ ဂဏေ ဝတ္တုံ၊ လဗ္ဘံ ဘာသန္တရေနပိ။

၃၉၂။ ဧတာနိ၊ ဤခံယ့ုအပ်သောရှင်ဒ္ဓ, လဲလ့ယ်အပ်သော ရှင်ဒ္ဓတို့ကို ၎င်း။ဒုတိယော၊ ၂-ခုမြောက်သော။ပတ္တော၊ ဥနပဉ္စဗန္ဓနသိက္ခာပုဒ်လာ သပိတ်ကိုဂင်း။ သံဃေ၊ သံဃာအထံ၌သာ။ ဝတ္တုံ၊ စွန့်ကြောင်းစကားကို ပြောခြင်းငှါ။ လဗ္ဘရေ၊ ရအပ်ကုန်၏။ သေသာနိ၊ ကြွင်းသော နိဿဂ်ိယဝတ္ထုတို့ကို။ သံဃေ၊ သံဃာ၌သော်၎င်း။ ဧကသ္မိံ၊ တပါးသော ရဟန်း၌သော်၎င်း။ ဂဏေ၊ နှစ်ပါး သုံးပါး ဂိုဏ်း၌သော်၎င်း။ ဝတ္တုံ၊ စွန့်ကြောင်းစကားကို ပြောဆိုခြင်းငှါ။ လဗ္ဘရေ၊ ရအပ်ကုန်၏။ ဘာသန္တရေနပိ၊ မဂဓဘာသာမှ တပါးသော ဘာသာဖြင့်လည်း။ ဝတ္တုံ၊ စွန့်ကြောင်းစကားကို ပြောဆိုခြင်းငှါ။ လဗ္ဘံ၊ ရအပ်၏။ (ဝိ ပါ ၁-၂၉၅-၃၄၆-ဂ-၃၅၆၊ ဝိ ဋ္ဌ ၂-၂၂၂)

ဧဝမ်ပိ၊ ပေ၊ သမ္မတော်။ ။ဤသို့ ပြုလုပ်မည့် လူဝတ်ကြောင် တစုံတယောက်မျှ (ရှင် ဥ စွန့်ရာ ဌာနဌ်) မရောက်လာလျှင်၎င်း ရောက်လာသော်လည်း စေခိုင်း၍ မရလျှင်၎င်း ထို သံဃာ့အစည်းအဝေးဌ် အင်္ဂါ ၅-ပါးနှင့် ပြည့်စုံသော ရဟန်းတပါးကို ရွှေပိယဆဋ္ဌက (ရှင်ဥကို စွန့်တတ်သောပုဂ္ဂိုလ်) ဟု သမုတ်၍ ထို ရဟန်းက ထိုဥ (ရှင်) ကို မစင်ကို မငဲ့မကွက် စွန့်သကဲ့သို့ မြစ်, ချောက်ကမ်းပါး, တောရွှေပ် စသော အရပ်၌ မငဲ့မကွက် စွန့်ရသည်။ [အင်္ဂါ ၅-ပါးကား- အဂတိ ၄-ပါး မလိုက်ခြင်း အင်္ဂါ ၄-ပါးနှင့် စွန့်အပ်ပြီး မစွန့်အပ်သေးသည်ကို သိခြင်းတည်း၊ အကျယ်ကို ထို သိက္ခာပုဒ် ပါဠိ၏ အဋ္ဌကထာ၌ ရှုပါ။]

ဒုတိယော ပတ္တော်။ ။ရွှေပိယသိက္ခာပုဒ်နှင့် ဆိုင်သော ပဋိဂ္ဂဟိတ ရွှေပိယ (ခံယူအပ်သော ရှင်ဥ) ကိုဂင်း ရွှေပိယသံဝေါဟာရ သိက္ခာပုဒ်နှင့်ဆိုင်သော ပရိဝတ္တိတရွှေပိယ (လဲလ့ယ်အပ်သော ရှင်ဥ) ကိုဂင်း "ဧတာနိ" ဟု ဆိုသည်၊ ပတ္တဝဂ်၌ အတိရေကပတ္တသည် ပဌမ၊ ဥနပဉ္စဗန္ဓနေန အညံ နဝံ ပတ္တသည် ဒုတိယတည်း။

သံယေ လဗ္ဘာရေ။ ။နောက်မှ ဝတ္တုံကို လိုက်စေ၍ ထို ရှုပိယနှစ်မျိုးနှင့် ဒုတိယသပိတ်၌ သံဃာ့အထံ၌သာ စွန့်ကြောင်းစကားကို ဆိုနိုင်၏၊ "သံဃာ့ အထံ၌သာ စွန့်နိုင်၏" ဟူလို၊ [ဝတ္တုန္တိ အဟံ ဘန္တေ ရှုပိယံ ပဋိဂ္ဂဟေသိန္တိ အာဒိနာ ဝတ္တုံ၊—ဋီကာသစ်။]

မှတ်ချက်။ ။ဋီကာဟောင်း၌ကား ဝတ္တုံကို မလိုက်စေဘဲ "နိဿဋ္ဌုံ–စွန့်ခြင်းငှါ" ဟု ထည့်၏၊ ဋီကာသစ်၌ ဝတ္တုံကို လိုက်စေသည်၊ ထို့ပြင်– ဋီကာသစ်၌ "ဒုတိယံ ပတ္တံ" ဟု ဒုတိယန္တတ္ထရ၏၊ လဗ္ဘရေ၌ ဝုတ္တကံအဖြစ်ဖြင့် "တောနိ ဒုတိယော ပတ္တော" တို့ကို စပ်ရမည်ဖြစ်သောကြောင့် ထို ဒုတိယန္တသည် မကောင်းပါ။– ဋီကာသစ်ကား ဝတ္တုံ၏ အဝုတ္တကံ ဟု ဆိုလိုဟန်တူပါသည်။

သေသာနိ၊ ပေ၊ ဝတ္တုံ။ ။ထို ရှုပိယနှစ်မျိုးနှင့် ဒုတိယပတ္တမှတပါး အခြားသော နိဿဂ္ဂိယပစ္စည်းများကိုကား သံဃာ, ဂိုဏ်း, ပုဂ္ဂိုလ်အထံတွင် အလိုရှိရာ၌ စွန့်နိုင်ပါသည်။

လဗ္ဘံ ဘာသန္တရေနပိ။ ။နိဿဂ္ဂိယပစ္စည်းကိုစွန့်ရာ၌ "အဟံ ဘန္တေ" စသော ပါဠိဘာသာဖြင့် စွန့်ပုံကို ပြခဲ့သော်လည်း ပါဠိမှတပါး မိမိတို့နားလည်သော မြန်မာဘာသာ စသည်ဖြင့်လည်း "အရှင်ဘုရားအား တပည့်တော်၏ ဤသင်္ကန်းသည် ဆယ်ရက်လွန်အောင် အဓိဋ္ဌာန် ဝိကပ္ပနာ မပြုဘဲ ထားမိသည် ဖြစ်၍ စွန့်ထိုက်နေပါ၏၊ ဤ သင်္ကန်းကို အရှင်ဘုရားအား စွန့်ပါ၏" ဤသို့ စသည်ဖြင့် လျှောက်၍ စွန့်နိုင်သည်ဟု မှတ်ပါ။

(က) ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ တ၊ည့်တော်သည်။ နာနုပ္ပကာရကံ၊ အဆူးထူးသော အပြားရှိသော။ ကယဝိက္ကယံ၊ ဝယ်ခြင်း,ရောင်းခြင်းသို့။ သမာပဇ္ဇိ ံ၊ ရောက်ပါပြီ။ ဘန္တေ၊ အရှင်ဘုရား။ မေ၊ တပည့်တော်သည်။ ဝါ၊ တ၊ည့်ဘဝ်၏။ ကွဒံ၊ ဤဝတ္ထုကို။ နိဿဂ်ိယံ၊ စွန့်ထိုက်ပါ၏။ [ကယဝိက္ကယ သိက္ခာပုဒ်အရ စွန့်ပုံဘည်း။]....(ဝိ ပါ ၁ - ၃၅၁)

(ခ) ဘန္တေ၊ အရှင်ဘုရား။။မေ၊ တပည့်တော်သည်။ ဝါ၊ တပည့်တော်၏။ အယံ ပတ္တော၊ ဤသပိတ်ကို။။ဝါ၊ ဤသပိတ်သည်။ ဒသာဟာတိက္ကန္တော၊ ဆယ်ရက်ကိုလွန်သည်။ (ဟုဘ္ဝ၊ ဖြစ်၍။ ဝါ၊ ဖြစ်ခြင်းကြောင့်။)နိဿဂ်ိယော၊ စွန့်ဆိုက်ပါ၏။ [ပတ္တသိက္ခာပုဒ်အရ စွန့်ပုံဘည်း။]....(ဝိ ပါ ၁ - ၃၅၃)

(ဂ) ဘန္တေ၊အရှင်ဘုရား။။မေ၊ တပည့်တော်သည်။ဝါ၊ ၏။။အယံ ပတ္တော၊ ဤသပိတ်ကို။ ဥနပဉ္စဗန္ဓနေန၊ ယုတ်လျော့သော ငါးဖဲ့ရှိသော။ ပတ္တေန၊ သပိတ်ဖြင့်။ စေတာပိတော၊ တောင်းအပ်သည်။ (ဟုတ္ဝ၊ ဖြစ်၍။ ဝါ၊ ဖြစ်ခြင်းကြောင့်။) နိဿဂ်ိယော၊ စွန့်ထိုက်ပါ၏။။ အဟံ၊ တပည့်တော်သည်။ ဣမံ၊ ဤသပိတ်ကို။ သံဃဿ၊ သံဃာတော်အား။ နိဿဇ္ဇာမိ၊ စွန့်ပါ၏။။ ဣဘိ၊ ဤသို့ဆို၍ စွန့်ထိုက်၏။ [ဥနပဉ္စဗန္ဓနသိက္ခာပုဒ်အရ စွန့်ပုံတည်း။] သိက္ခာပုဒ်ပါဠိတော်ဝယ် “ဘိက္ခုပရိဿာယ နိဿဇ္ဇိတဗ္ဗော”ဟု မိန့်တော်မူသော်လည်း စွန့်ပုံကိုပြရာ၌ကား “သံဃဿ”ဟု ပြတော်မူသည်။ (ဝိ ပါ ၁ - ၃၅၂)

၃၉၄။ နိဿဇ္ဈိတ္ဝာန ဒေသေယျ၊ အာပတ္တိံ ပတ္တဂါဟကံ။
သမ္မနိတ္ဝာန သံဃဿ၊ ပတ္တန္တံ တဿ ဒါပယေ။

၃၉၄။ နိဿဇ္ဈိတ္ဝာန၊ စ္ဝန်ပြီး၍။ အာပတ္တိံ၊ အာပတ်ကို။ ဒေသေယျ။ ဒေသနာပြောရာ၏။ပတ္တဂါဟကံ၊သပိတ်ကိုယူစေမည့် ရဟန်းကို။သမ္မနိတ္ဝာန၊ သမုတ်ပြီး၍။ သံဃဿ၊ သံဃာ၏။ ပတ္တန္တံ၊ အဆုံးစ္ဝန်ဖြစ်သော သပိတ်ကို။ တဿ၊ ထိုဥဒိနပဉ္စဗန္ဓနပတ္တဖြစ်လျက် တောင်းမိသော ရဟန်းအား။ ဒါပယေ၊ ပေးစေရာ၏။ (ဝိ ပါ ၁ - ၃၅၃ - ဂ၊ ဝိ ဋ္ဌ ၂ - ၂၀၇၊ ကင်္ခါ ဋ္ဌ - ၁၈၀)

၃၉၅။ (က) ဘန္တေ၊ အရှင်ဘုရား။ မေ၊ တပည့်တော်၏။ ဣဒံ ဘေသဇ္ဇံ၊ ဤဆေးကို။ ဝါ၊ ဤဆေးသည်။ သတ္တာဟာဘိက္ကန္တံ၊ ခုနစ်ရက်ကိုလွန်စေအပ်သည်။(ဟုဘ္ဝ၊ ဖြစ်၍။ ဝါ၊ ဖြစ်ခြင်းကြောင့်။)နိဿဂ်ိယံ၊စ္ဝန့်ထိုက်ပါ၏။ [ပတ္တဝဂ် ဘေသဇ္ဇသိက္ခာပုဒ်အရ စ္ဝန့်ပုံတည်း။] .... (ဝိ ပါ ၁ - ၃၆၃)

နိဿဇ္ဈိတ္ဝာန၊ ပေ၊ ဒါပယေ။ ။ဥဒ်နပဉ္စဗန္ဓန သိက္ခာပုဒ် အစီအစဉ်အတိုင်း ထို သပိတ်ကို ဘိက္ခုပရိသတ်ဟူသော သံဃာအား စ္ဝန့်ပြီးသောအခါ အာပတ်ကို ဒေသနာပြောရ၏၊ ထို့နောက် ထိုသပိတ်ကို ခံယူမည့်ရဟန်းကို သမုတ်၍ ထိုရဟန်းက ဤသပိတ်၏ ကောင်းကြောင်းကို အကြီးဆုံးသံဃာ့ထေရ်အား လျှောက်ထား၍ ဤသပိတ်ကို ယူဘို့ရန် တိုက်တွန်းရ၏၊ သံဃာ့ထေရ်က ယူလျှင် သံဃာ့ထေရ်၏ သပိတ်ကို အနုထေရ်(ဒုတိယထေရ်) အား ပေးရ၏၊ သံဃာ့ထေရ်က မယူလျှင် အနုထေရ်အား ယူဘို့ရန် တိုက်တွန်းရ၏၊ ဤနည်းအားဖြင့် အမျှားမလိုချင်၍ ကျန်နေသော သပိတ်ကို သိက္ခာပုဒ်၌ "ပတ္တ-ပရိယန္တ" ဟုငင်း ဤ၌ "ပတ္တန္တ" ဟုငင်း ဆိုသည်၊ ထို သပိတ်သစ်ကို ဥဒ်နပဉ္စဗန္ဓန သပိတ်ရှိပါလျက် သပိတ်အသစ်ကို ဒကာ့အထံ တောင်းသော ရဟန်းအား ယာဝဘေဒနာယ မာရေတဗ္ဗော (ကဲ့သည့် တိုင်အောင် ဆောင်ရမည်၊ သံသပိတ်ဖြစ်လျှင် သုံးမရသည့်တိုင်အောင် ဆောင်ရမည်) ဟု ပြော၍ ပေးရသည်။

(ခ) ဘန္တေ၊ အရှင်ဘုရား။ မေ၊ တပည့်တော်သည်။ ဝါ၊ တပည့်တော်၏။ ဣဒံ ဝဿိကသာဋိကစီဝရံ၊ ဤမိုးရေခံသင်္ကန်းကို။ ဝါ၊ သည်။ ဂိမ္ဟာနေ၊ နွေလသည်။ အတိရေကမာသေ၊ တလထက် အပိုအလွန်သည်။ သေသေ၊ ကြွင်းကျန်လသော်။ ဝါ၊ ကြွင်းကျန်နေစဉ်။ ပရိယိဋ္ဌံ၊ ရှာမှီးအပ်သည်။ (ဟုတ္တာ၊ ဖြစ်၍။ ဝါ၊ ဖြစ်ခြင်းကြောင့်)။ ဂိမ္ဟာနေ၊ နွေလသည်။ အတိရေကဒ္ဝေမာသေ၊ တလထက်ဝက်အလွန်သည်။ သေသေ၊ ကြွင်းကျန်လသော်။ ဝါ၊ ကြွင်းကျန်နေစဉ်။ ကတ္တာ၊ ချုပ်ဆိုးမှုကိုပြု၍။ ပရိဒဟိတံ၊ ဝတ်ရုံအပ်သည်။ (ဟုတ္တာ၊ ဖြစ်၍။ ဝါ၊ ဖြစ်ခြင်းကြောင့်။) နိဿဂ်ိယံ၊ စွန့်ထိုက်ပါ၏။[ဝဿိကသာဋိကသိက္ခာပုဒ်အရ စွန့်ပုံတည်း။] .... (ဝိ ပါ ၁ - ၃၆၅-၆၊ ဝိ ဋ္ဌ ၂ - ၂၉၈)

(ဂ) ဘန္တေ၊ အရှင်ဘုရား။ မေ၊ တပည့်တော်သည်။ ဝါ၊ တပည့်တော်၏။ ဣဒံ စီဝရံ၊ ဤသင်္ကန်းကို။ဘိက္ခုဿ၊ ရဟန်းအား။ သာမံ၊ ကိုယ်တိုင်။ ဒတ္တာ၊ ပေးပြီး၍။ ပုန၊ တဖန်။ အစ္ဆိန္နံ၊ လုယူအပ်သည်။ (ဟုတ္တာ၊ ဖြစ်၍။ ဝါ၊ ဖြစ်ခြင်းကြောင့်။) နိဿဂ်ိယံ၊ စွန့်ထိုက်ပါ၏။[စီဝရအစ္ဆိန္နသိက္ခာပုဒ်အရ စွန့်ပုံတည်း။] .... (ဝိ ပါ ၁ - ၃၆၈)

(ဃ) ဘန္တေ၊ အရှင်ဘုရား။ မေ၊ တပည့်တော်သည်။ ဝါ၊ တပည့်တော်၏။ ဣဒံ စီဝရံ၊ ဤသင်္ကန်းကို။ သာမံ၊ ကိုယ်တိုင်။ သုတ္တံ၊ ချည်ကို။ ဝိညာပေတ္ဝာ၊ တောင်း၍။ တန္တဝါယေဟိ၊ ယက်ကန်းသည်တို့သည်။ ဝါ၊ ယက်ကန်းသည်တို့ကို။ ဝါယာပိတံ၊ ရက်စေအပ်သည်။ (ဟုတ္တာ၊ ဖြစ်၍။ ဝါ၊ ဖြစ်ခြင်းကြောင့်။) နိဿဂ်ိယံ၊ စွန့်ထိုက်ပါ၏။ [သုတ္တဝိညတ္တိသိက္ခာပုဒ်အရ စွန့်ပုံတည်း။] .... (ဝိ ပါ ၁ - ၃၇၀)

(င) ဘန္တေ၊ အရှင်ဘုရား။ မေ၊ တပည့်တော်သည်။ ဝါ၊တပည့်တော်၏။ ဣဒံ စီဝရံ၊ ဤသင်္ကန်းကို။ ပုဗ္ဗေ၊ ရှေးဦး။ အပ္ပဝါရိတာဿ၊ အပြားအားဖြင့် အလိုရှိစေသူ မဟုတ်သော။ ဝါ၊ ဖိတ်မန်သူ မဟုတ်သော။ အညာတကဿ၊ ဆွေမျိုးမတော်သော။ ဂဟပတိကဿ၊ အိမ်ရှင်ယောကျ်ား၏။ တန္တဝါယေ၊

ယာက်ကန်းသည်တို့သို့။ ဥပသက်မိတ္ဝ၊ ချဉ်းကပ်၍။ ဝိကပ်ပံ၊ ထူးသော စီမံခြင်းသို့။ အာပန္နံ၊ ရောက်သည်။ (ဟုတ္ဝ၊ ဖြစ်၍။ ဝါ၊ ဖြစ်ခြင်းကြောင့်။) နိဿဂ္ဂိယံ၊ စွန့်ထိုက်ပါ၏။[မဟာပေသကာရ သိက္ခာပုဒ်အရ စွန့်ပုံတည်း။]....(ဝိ ပါ ၁-၃၃၃)

(စ) ဘန္တေ၊ အရှင်ဘုရား။ မေ၊ တပည့်တော်သည်။ ဝါ၊ ၏။ ဣဒံ အစ္ဆေကစီဝရံ၊ ဤအဆောတလျင်ဖြစ်သော သင်္ကန်းကို။ စီဝရကာလသမယံ၊ သင်္ကန်းကာလသမယကို။ အတိက္ကာမိတံ၊ လွန်စေအပ်သည်။ (ဟုတ္ဝာ၊ ၍။ ဝါ၊ ကြောင့်။) နိဿဂ္ဂိယံ၊ စွန့်ထိုက်ပါ၏။ [အစ္ဆေကစီဝရသိက္ခာပုဒ်အရ စွန့်ပုံတည်း။]....(ဝိ ပါ ၁-၃၃၆)

(ဆ) ဘန္တေ၊ အရှင်ဘုရား။ မေ၊ တပည့်တော်သည်။ ဝါ၊ ၏။ ဣဒံ စီဝရံ၊ ဤသင်္ကန်းကို။ ဘိက္ခုသမ္မုတိယာ၊ ဂိလာနရဟန်းအား ပေးအပ်သော သမ္မုတိကို။ အညတြ၊ ကြဉ်၍။ အတိရေကဆာရတ္တံ၊ ၆-ညဉ့်ထက်ပိုလွန်သော ကာလပတ်လုံး။ ဝိပ္ပဝုတ္ထံ၊ ကင်း၍နေအပ်သည်။ (ဟုတ္ဝာ၊ ၍။ ဝါ၊ ကြောင့်။)နိဿဂ္ဂိယံ၊ စွန့်ထိုက်ပါ၏။ [သာသင်္ကသိက္ခာပုဒ်အရ စွန့်ပုံတည်း။] (ဝိ ပါ ၁-၃၇၈)

(ဇ) ဘန္တေ၊ အရှင်ဘုရား။ မေ၊ တပည့်တော်သည်။ ဝါ၊ ၏။ ပရိဏတံ၊ သံဃာသို့ ညွှတ်ပြီးသော။ သံဃိကံ၊ သံဃာ့ဥစ္စာဖြစ်သော။ ဣဒံ လာဘံ၊ ဤလာဘ်ကို။ ဇာနံ၊ (ဇာနန္တသဿ)သိလျက်။ အတ္တနော၊ မိမိသို့။ ပရိဏာမိတံ၊ ညွှတ်စေအပ်သည်။ (ဟုတ္ဝာ၊ ၍။ ဝါ၊ ကြောင့်။)နိဿဂ္ဂိယံ၊ စွန့်ထိုက်ပါ၏။ အဟံ၊ တပည့်တော်သည်။ ဣမံ၊ ဤလာဘ်ကို။ အာယသ္မတော၊ အရှင်ဘုရားအား။ နိဿဇ္ဇာမိ၊ စွန့်ပါ၏။ ဣတိ၊ ဤသို့။ (နိဿဇ္ဇိတ္ဝာ၊ စွန့်ပြီး၍။ ဒေသေယျ၊ ဒေသနာပြောရာ၏။) [ပရိဏတ သိက္ခာပုဒ်အရ စွန့်ပုံတည်း။]....(ဝိ ပါ ၁-၃၈၀)

၃၉၆။ သေသံ သဗ္ဗံ ယထာယောဂံ၊ အာဒိမ္ပိ ဝိယ ယောဇယေ။

၃၉၆။ သေသံ၊ ကြွင်းသော။ သဗ္ဗံ၊ အလုံးစုံသော စကားကို။ ယထာယောဂံ၊ ယှဉ်ထိုက်သည်အားလျော်စွာ။ အာဒိမ္ပိ ဝိယ၊ အစ နိဿဂ်ိယဝတ္ထုဥ်ဳ ကဲ့သို့။ ယောဇယေ၊ ယှဉ်စေရာ၏။

၃၉၇။ (က) အဟံ ဘန္တေ ကေ၊ ပါစိတ္တိယာပတ္တိ ံ အာပဇ္ဇိ ံ၊ ဒ္ဝေ၊ ပေ၊ သမ္မဟုလာ ပါစိတ္တိယာပတ္တိယော အာပဇ္ဇိ ံ။ [ထုလ္လစ္စဉ်း အာပတ် နိဿဂ်ိယပါစိတ်အာပတ်အတွက် ဒေသနာပြောပုံကိုပြခဲ့ပြီ၊ ဤနေရာ၌ သုဒ္ဓပါစိတ်အာပတ်အတွက် ဒေသနာပြောပုံကို ပြသည်၊ တချက်သာဖြစ်လျှင် ကေ, ၂-ချက်ဖြစ်လျှင် ဒ္ဝေ, ၃-ချက်မှစ၍အများဖြစ်လျှင် "သမ္မဟုလာ" ဟု ဆိုရသည်။]....(ဝိ ပါ ၃-၂၃၁၊ ဝိ ပါ ၄-၂၃၄၊ ဝိ ဋ္ဌ ၃-၃၄၅၊ ကင်္ခါ ဋ္ဌ-၂၉၁)

(ခ) ဂါရယှံ ဘန္တေ ဓမ္မံ အာပဇ္ဇိ ံ အသပ္ပါယံ ပါဋိဒေသနီယံ၊ တံ ပဋိဒေသေမီတိ၊ တေန ပဿသိ အာဝုသော တံ ဓမ္မန္တိ ဝတ္တဗ္ဗံ။ [ပါဋိဒေသနီယအာပတ်အတွက် ဒေသနာပြောပုံတည်း၊ အနက်ကို ပါဋိဒေသနီယ သိက္ခာပုဒ်နိဿယအတိုင်း သိပါ။]....(ဝိ ပါ ၂- ၂၂၈)

(ဂ) အဟံ ဘန္တေ ကေ ဒုက္ကဋာပတ္တိ ံ အာပဇ္ဇိ ံ၊ ဒ္ဝေ၊ ပေ၊ သမ္မဟုလာ ဒုက္ကဋာပတ္တိယော အာပဇ္ဇိ ံ။ [ဒုက္ကဋ်အာပတ်

ထိုသို့ စွန့်ပြီးနောက် ပဌမနိဿဂ်ိစွန့်ပုံကို ပြသော (၃၈၅) ဂါထာအတိုင်း ဒေသနာပြောရခြင်း, ဝိနည်းမိုရ်က အာပတ်ကို ခံယူပြီးနောက် စွန့်အပ်ပြီးသော သပိတ်စသော ဝတ္ထုကို ပြန်ပေးရခြင်းဟူသောကိစ္စကို ပြုရပုံကို ရည်ရွယ်၍ "သေသံ၊ ပေ၊ ယောဇယေ" ဟု ဆိုသည်။

တချက်အတွက်, ၂-ချက်အတွက်, အများ အတွက် ဒေသနာပြောပုံတည်း။]....(ဝိဋ္ဌ ၃-၃၅၅)

(ဃ) အဟံ ဘန္တေ ကေ ဒုဗ္ဘာသိတာပတ္တိံ အာပဇ္ဇိံ၊ ဒ္ဝေ၊ ပေ၊ သမ္မဟုလာ ဒုဗ္ဘာသိတာပတ္တိယော အာပဇ္ဇိံ၊ တာ တုမ္ဟမူလေ ပဋိဒေသေမီတိ၊ [ဒုဗ္ဘာသိတအာပတ် တချက်အတွက်, ၂-ချက်အတွက်, အများအတွက် ဒေသနာပြောပုံတည်း။]....(ဝိဋ္ဌ ၂-၃၅၅)

(c) အဟံ ဘန္တေ ဒ္ဝေ နာနာဝတ္ထုကာ ထုလ္လစ္စယာပတ္တိယော အာပဇ္ဇိံ၊ ပေ၊ သာဓု သုဋ္ဌု ဘန္တေ သံဝဏိသာမီတိ ဝတ္တဗ္ဗံ။ [အာပတ်သင့်ခြင်းအကြောင်းဝတ္ထုက အမျိုးမျိုးရှိသော ထုလ္လစ္စည်းအာပတ်အတွက် ဒေသနာပြောပုံတည်း၊ ထိုတွင် ၂-ပါးအတွက် "ဒ္ဝေ နာနာဝတ္ထုကာ"ဟုဆင်း ၃-ပါးမှစ၍ အများအတွက် "သမ္မဟုလာ နာနာဝတ္ထုကာ"ဟုဆင်းဆိုသည်။]

၃၉၈။ အဒေသနာဂါမိနိယံ၊ အနာပတ္တိံ စ ဒေသိတံ။
နာနာသံဝါသနိဿိမ-ဋ္ဌတာနံ စတုပဉ္စဟိ။
မနသာ ပကတတ္တာနံ၊ နာနေကာတိ န ဒေသယေတိ။

၃၉၈။ အဒေသနာဂါမိနိယံ၊ ဒေသနာဂါမိမဟုတ်သော ပါရာဇိက, သံဃာဒိသိသ်အာပတ်ကို။ န ဒေသယေ၊ ဒေသနာမပြောရာ။ အနာပတ္တိံ စ၊

ပရိဝါရ ဒိဋ္ဌာဝိကမ္မဝဂ်ကို မှီသောဂါထာတည်း၊ ထိုဥ္စ အဓမ္မိကဒိဋ္ဌာဝိကမ္မ-ဝိနည်းတရားတော်နှင့် မလျော်သောအယူကို ထင်စွာပြုမူများကို ပြတော်မူ၏၊ ဒေသနာပြောမှုကိုပင် "ဒိဋ္ဌာဝိကမ္မ" ဟု သုံးစွဲထားသည်။

အနာပတ်ကိုလည်း။ ဝါ၊ မသင့်သောအာပတ်ကိုလည်း။ န ဒေသယေ၊ ဒေသနာမပြောရာ။ ဒေသိတံ၊ ဒေသနာပြောအပ်ပြီးသော အာပတ်ကို။ န ဒေသယေ၊ ထပ်၍ ဒေသနာမပြောရာ။ နာနာသံဝါသနိဿိတဋ္ဌတာနံ၊ အမျိုးမျိုးသော သံဝါသရှိသော ပုဂ္ဂိုလ်, သိမ်ပြင်ဖက်၌ တည်သော ပုဂ္ဂိုလ်တို့အား။ န ဒေသယေ၊ ဒေသနာမပြောရာ။ စတုပဉ္စဟိ၊ လေးပါး ငါးပါးတို့သည်။ (ကေတော၊ တပေါင်းတည်း။ ဟုတ္ဝာ၊ ဖြစ်၍။) န ဒေသယေ၊ ဒေသနာမပြောရာ။ မနသာ၊ စိတ်ဖြင့်။ န ဒေသယေ၊ ဒေသနာမပြောရာ။ အပကတတ္တာနံ၊ ပကတတ်မဟုတ်သော ရဟန်းတို့အား။ န ဒေသယေ၊ ဒေသနာမပြောရာ။ နာနာ၊ အမျိုးမျိုးသော အာပတ်တို့ကို။ ကောတိ၊ တပါးသော အာပတ်ဟူ၍။ န ဒေသယေ၊ ဒေသနာမပြောရာ။ .... ဣတိ၊ ဒေသနာနှင့် စပ်၍ မှတ်ဘွယ်အပြီးတည်း။ (ဝိ ပါ ၅-၃၂၄-၅၊ ဝိ ဋ္ဌ ၄-၂၁၉)

---

(၁) **အဒေသနာဂါမိနိယံ န ဒေသယေ။** ။ဒေသနာပြောခြင်းဖြင့် အာပတ်မှမထနိုင်သော ပါရာဇိက သံဃာဒိသိသ်အာပတ်ကို ဒေသနာမပြောရ၊ သို့သော် ပရိဝါသ်, မာနတ် မဆောက်တည်မီ အာဝိကရဏပြုကောင်းပါသည်။

(၂) **အနာပတ္တိံ စ န ဒေသယေ။** ။အာပတ်မဟုတ်သော ဣန္ဒြိယသံဝရသီလပျက်ခြင်း, ပစ္စဝေက္ခဏာ မဆင်ခြင်မိဘဲ စားမိ၍ ပစ္စယသန္နိဿိတသီလပျက်ခြင်းတို့၌ ဒေသနာမပြောရ၊ ဒေသနာပြောသော်လည်း အပြစ်မှမလွတ်–ဟူလို၊

(၃) **ဒေသိတံ န ဒေသယေ။** ။ဒေသနာပြောအပ်ပြီးသော အာပတ်ကိုလည်း ထပ်၍ ဒေသနာမပြောရ။

(၄) **နာနာသံဝါသဿ န ဒေသယေ။** ။အယူမတူသော လဒ္ဓိနာနာသံဝါသကပုဂ္ဂိုလ်အထံ၌ဖြစ်စေ ဥက္ခိတ္တကကံပြုအပ်သည့်အတွက် ကမ္မနာနာသံဝါသကပုဂ္ဂိုလ်အထံ၌ဖြစ်စေ ဒေသနာမပြောရ။

(၅) **နိဿိမဋ္ဌိတဿ န ဒေသယေ။** ။[ပါဋိတော်၌ "နာနာသီမာယ ဋ္ဌိတ" ကို ဤ၌ "နိဿိမဋ္ဌိတ" ဟုဆို၏၊] "ဒေသနာပြောသူက ဗဒ္ဓသီမ်အတွင်း၌နေ၍,

ဒေသနာခံသူက သိမ်၏ပြင်ဖက် သီမန္တရိုက် စသည်၌ဖြစ်စေ အခြားတသိမ်၌ ဖြစ်စေ နေလျှင် ဒေသနာပြောမှု အာဆမမြောက်''ဟု ဆိုလိုသည်။

(၆) **စတူဟိ ပဉ္စဟိ နဒေသယေ။** ။၄-ပါးဖြစ်စေ၅-ပါးဖြစ်စေ ထို့ထက် အများဖြစ်စေ စုပေါင်း၍ ဒေသနာမပြောရ၊ ''၂-ပါး ၃-ပါးပေါင်း၍ကား တပြိုင်နက် ဒေသနာပြောနိုင်၏''ဟု အဓိပ္ပါယ်ထွက်၏။ [၃-ပါးပေါင်း၍ ဒေသနာပြောပုံကို ဋီကာဟောင်း၌ ရှုပါ။]

(၇) **မနသာ နဒေသယေ။** ။နှုတ်မမြွက်ဘဲ သို့မဟုတ် ကိုယ်အမူအရာလည်း မပြုဘဲ စိတ်သက်သက်ဖြင့် ဒေသနာမပြောရ။

(၈) **အပကတတ္တာနံ နဒေသယေ။** ။ပကတတ်မဟုတ်သော (က) ပါရာဇိကကျသူ (ခ) ဥက္ခိတ္တကပုဂ္ဂိုလ် (ဂ) ဥပုသ်ပဝါရဏာတန်ရပ်ထားရာ ပုဂ္ဂိုလ် ထိုပုဂ္ဂိုလ်တို့အထံ၌ ဒေသနာမပြောရ။

(၉) **နာနေကာတိ နဒေသယေ။** ။အာပတ်က နာနာဝတ္ထုကဖြစ်၍ များစွာဖြစ်ပါလျက် ''ကေဝတ္ထုကံ ကေ အာပတ္တိ''ဟု ဆို၍ ဒေသနာမပြောရ။ [အာပတ်တချက်ကိုကား ''သမ္မဟုလာ''ဟုဆို၍ ပြောနိုင်၏။]

ဆန္ဒဒါနနိဒ္ဒေသ

ဆန္ဒဒါနာဒီတိ၊ "ဆန္ဒဒါနာဒိ"ဟူသော ဥဒ္ဒေသ၏။ (နိဒ္ဒေသော၊ နိဒ္ဒေသကား—)

၃၉၉။ ဘေရိံ ဃဏ်ိံ ပတာဠ္ဍေတွာ၊ ကမ္မပ္ပတ္တော သမာဂတော။
သံဃေ ဟရေယျ ဆန္ဒံ ဝါ၊ ပါရိသုဒ္ဓိံ ပဝါရဏံ။

၃၉၉။ ဘေရိံ၊ စည်ကြိုးကိုသော်၎င်း။ ဃဏ်ိံ၊ ကြေးစည်, ကြေးမောင်း, ခေါင်းလောင်း, ကုလားတက်ကိုသော်၎င်း။ ပတာဠ္ဍေတွာ၊ တီးခေါက်၍။ ကမ္မပ္ပတ္တော၊ ကံအားလျော်ပတ်သော။ သမာဂတော၊ အညီအညွတ် ကြွရောက် လာပြီးသော။ သံဃေ၊ သံဃာ၌။ ဝါ၊ သံဃ့အထံသို့။ ဆန္ဒံ၊ ဆန္ဒကိုဂျင်း။ ပါရိသုဒ္ဓိံ ဝါ၊ ပါရိသုဒ္ဓိကိုဂျင်း။ ပဝါရဏံ၊ ပဝါရဏာကိုဂျင်း။ ဟရေယျ၊ ဆောင်ယူရာ၏။ (ဝိ ပါ ၅-၃၈၄၊ ဝိ ဋ္ဌ ၄-၂၄၉)

ဘေရိံ၊ ပေ၊ သံဃေ။ ။သံဃာဥပုသ်, သံဃပဝါရဏာပြုရာ၌ စည်ကြိုးကို တီး၍ဖြစ်စေ ကြေးစည်, ကြေးမောင်း, ခေါင်းလောင်း, တုံးကိုတီး၍ဖြစ်စေ သံဃာစုဝေး၏၊ ထိုသို့စုဝေး၍ ဥပုသ်ကံ၌ ၄-ပါးဖြစ်စေ ပဝါရဏာကံ၌ ၅-ပါးဖြစ်စေ ထို့ထက်အလွန်ဖြစ်စေ ကမ္မပ္ပတ္တ–ထိုကံအားလျော်ပတ်၏၊ ထိုသို့ ကမ္မပ္ပတ္တသံဃာတော်အပေါင်းသည် အညီအညွတ် စုဝေးရောက်လာပြီးသော အခါ....

ဟရေယျ၊ ပေ၊ ပဝါရဏံ။ ။တသိမ်တည်းဝယ် ထိုအစည်းအဝေးသို့ မလိုက်နိုင်အောင် မကျန်းမာသော, သို့မဟုတ် အလုပ်ကိစ္စများနေသော ပုဂ္ဂိုလ်သည် ဥပုသ်ကံဖြစ်လျှင် ဆန္ဒပေးရ၏, ပါရိသုဒ္ဓိပေးရ၏၊ (ပဝါရဏာကံဖြစ်လျှင်) ဆန္ဒပေးရ၏, ပဝါရဏာပေးရ၏။

၄၀၀။ ကေံ ဘိက္ခဳံ ဥပဂ္ဂမ္မ၊ နိသီဒိတ္ဝာ ဥက္ကုဋိကံ။
အဥ္ဇလိ ံ ပဂ္ဂဏှိတ္ဝာန၊ ဒဒေ ဆန္ဒံ ဝိစက္ခဏော။

၄၀၀။ ဝိစက္ခဏော၊ ဝိနည်းကျမ်းကျင် ပညာရှင် ရဟန်းသည်။ ကေံ၊ တပါးသော။ ဘိက္ခဳ၊ ရဟန်းသို့။ ဥပဂ္ဂမ္မ၊ ချဉ်းကပ်၍။ ဥက္ကုဋိကံ၊ ဆောင့်ကြောင့်။ နိသီဒိတ္ဝာ၊ ထိုင်၍။ အဥ္ဇလိ ံ၊ လက်အုပ်ကို။ ပဂ္ဂဏှိတ္ဝာန၊ ချီမြှောက်၍။ ဆန္ဒံ၊ သဘောတူကြောင်း ဆန္ဒကို။ ဒဒေ၊ ပေးဆု၏။ [အဓိပ္ပါယ် ထင်ရှားပြီ။] (ဝိ ပါ ၃-၁၆၁-၄၊ ဝိ ဋ္ဌ ၃-၃၄၃-၄၊ ကင်္ခါ ဋ္ဌ ၉၅-၆)

၄၀၁။ (က)ဆန္ဒံ ဒမ္မိ၊ ဆန္ဒံ မေ ဟရ၊ ဆန္ဒံ မေ အာရောစေဟိတိ ဝတ္တဗ္ဗံ။
(ခ) ပါရိသုဒ္ဓိ ံ ဒေန္တေန "ပါရိသုဒ္ဓိ ံ ဒမ္မိ၊ ပါရိသုဒ္ဓိ ံ မေ ဟရ၊ ပါရိသုဒ္ဓိ ံ မေ အာရောစေဟိ" တိ ဝတ္တဗ္ဗံ။

(က) ဆန္ဒံ၊ သဘောတူကြောင်း ဆန္ဒကို။ ဒမ္မိ၊ ပေးပါ၏။ မေ၊ တပည့်တော်၏။ ဆန္ဒံ၊ သဘောတူကြောင်း ဆန္ဒကို။ ဟရ၊ သံဃာ့အထံသို့ ဆောင်ပါလေ။ မေ၊ တပည့်တော်၏။ ဆန္ဒံ၊ သဘောတူကြောင်းဆန္ဒကို။ အာရော-စေဟိ၊ သံဃာအားလျှောက်ပါလေ။ ဣတိ၊ ဤသို့။ ဝတ္တဗ္ဗံ၊ လျှောက်ရာ၏။
(ခ) ပါရိသုဒ္ဓိ ံ၊ ပါရိသုဒ္ဓိကို။ ဝါ၊ အာပတ်မှစင်ကြယ်ခြင်းကို။ ဒေန္တေန၊ ပေးသောရဟန်းသည်။ ပါရိသုဒ္ဓိ ံ၊ ပါရိသုဒ္ဓိကို၊ ဝါ၊ အာပတ်မှစင်ကြယ်ခြင်းကို။ ဒမ္မိ၊ ပေးပါ၏။ မေ၊ တပည့်တော်၏။ ပါရိသုဒ္ဓိ ံ၊ ပါရိသုဒ္ဓိကို။ ဝါ၊ အာပတ်မှ

(က)ဖြင့် ဆန္ဒပေးပုံကို ပြ၏၊ မိမိက ထိုကံကို သဘောတူကြောင်းကို ပေးလိုက်ခြင်းကို "ဆန္ဒပေးခြင်း" ဟု ခေါ်၏၊ [ဆန္ဒ – မိမိ၏အလို, မိမိ၏သဘော။]

(ခ)ဖြင့် ပါရိသုဒ္ဓိပေးပုံကို ပြ၏၊ [မိမိမှာ အာပတ်မှစင်ကြယ်ကြောင်းကို ပေးလိုက်ခြင်း, လျှောက်လိုက်ခြင်းကို "ပါရိသုဒ္ဓိပေးခြင်း" ဟု ခေါ်၏၊ ထို့ကြောင့် အာပတ်ရှိနေလျှင် ဂရုကသံဃာဒိသိသ်အာပတ်ကို အာဝိကရဏ

စင်ကြယ်ခြင်းကို။ ဟရ၊ ဆောင်ပါလေ။ မေ၊ တပည့်တော်၏။ ပါရိသုဒ္ဓိံ၊ ပါရိသုဒ္ဓိကို။ ဝါ၊ အာပတ်မှစင်ကြယ်ခြင်းကို။ အာရောစေဟိ၊ သံဃာအား လျှောက်ပါလေ။ ဣတိ၊ ဤသို့။ ဝတ္တွာဗ္ဗံ၊ လျှောက်ရာ၏။ (ဝိ ပါ ၃ - ၁၆၄)

၄၀၂။ ပါရိသုဒ္ဓိပဝါနေန၊ သမ္မာဒေတိ ဥပေါသထံ။
သံဃဿ အတ္တနော စာပိ၊ သေသကမ္မံ ဝိဗာဓတိ။

၄၀၂။ ပါရိသုဒ္ဓိပဝါနေန၊ ပါရိသုဒ္ဓိကိုပေးခြင်းကြောင့်။ သံဃဿ၊ သံဃာ၏ဂုဏ်း။ အတ္တနော စာပိ၊ မိမိ၏ဂုဏ်း။ ဥပေါသထံ၊ ဥပုသ်ကံကို။ သမ္မာ-ဒေတိ၊ ပြီးစေနိုင်၏။ သေသကမ္မံ၊ ဥပုသ်ကံမှ ကြွင်းသော သံဃကံကို။ ဝိဗာဓေတိ၊ တားမြစ်၏။ (ဝိ ဋ္ဌ ၃ - ၃၄၄၊ ကခ်ဳံ ဋ္ဌ - ၉၆)

ပြုပြီးမှုဂုဏ်း လပဒုကအာပတ်ရှိလျှင် ဒေသနာပြောပြီးမှုဂုဏ်း နိဿဂ္ဂိထိုက်သော ပစ္စည်းရှိလျှင် ထိုနိဿဂ္ဂိဝတ္ထုကိုစွန့်ပြီး ဒေသနာပြောပြီးမှုဂုဏ်း ပါရိသုဒ္ဓိပေးနိုင်သည်၊ [ဆန္ဒဒါန, ပါရိသုဒ္ဓိဒါနအဓိပ္ပါယ်ကို ပါတိမောက်ဘာသာ ဋီကာ၌ရှုပါ။]

ပါရိသုဒ္ဓိပဝါနေန၊ ပေါ စာပိ။ ။"ပါရိသုဒ္ဓိံ ဒမ္မိ" စသည်ဖြင့်ဆို၍ "ပါရိသုဒ္ဓိပေးခြင်းကြောင့် အဘယ်အကျိုးရှိပါသနည်း" ဟု မေးဘူယ်ရှိရကား "ပါရိသုဒ္ဓိပဝါနေန၊ ပေါ စာပိ" ဟု မိန့်သည်၊ "ပါရိသုဒ္ဓိပေးခြင်းကြောင့် မိမိ၏ ဥပုသ်ပြုခြင်းကိစ္စ, သံဃာ၏ ဥပုသ်ပြုခြင်းကိစ္စ ဤကိစ္စ ၂ မျိုးကို ပြီးစေခြင်းအကျိုးရှိသည်" ဟူလို၊ [ပရိသုဒ္ဓါနံ-အာပတ်မှ စင်ကြယ်ခြင်း၊ ပရိသုဒ္ဓိ-အာပတ်မှ စင်ကြယ်ခြင်း၊ "ပရိသုဒ္ဓိယေဝ (သတ္တဋ္ဌ ကပစ္စည်းသက်၍) ပါရိသုဒ္ဓိ" ဟု ဖြစ်၏။]

မေးဘူယ်။ ။"မိမိမှာ အာပတ်စင်ကြယ်ပါကြောင်းကို ပေးခြင်းသည် မိမိ၏ ဥပုသ်ပြုခြင်းကိစ္စကို ပြီးစေ၏" ဟူသော စကားသည် သင့်ပါစေဦးတော့၊ သံဃာ၏ ဥပုသ်ကံကိစ္စကို ပြီးစေခြင်းမှာ အဘယ်သို့ ဆက်သွယ်သောကြောင့် ပါနည်း၊ ဤသို့ မေးဘူယ်ရှိ၏။

အဖြေကား။ ။ထို ဥပုသ်ပြုရာသိမ်၌ တည်ရှိပါလျက် ဥပုသ်ကံပြုရာ၌မှာနေသို့ မလိုက်သော ရဟန်းသည် (ပါရိသုဒ္ဓိ မပေးလျှင်) ထို ဥပုသ်ကံသည် ဝဂ္ဂကံ ဖြစ်နေ

၄၀၃။ ဆန္ဒဒါနေန သံဃဿ၊ ဒ္ဝယံ သာဓေတိ နာတ္တနော။
တသ္မာ ဟိ ဆန္ဒံ ဒေန္တေန၊ ဒါတဗ္ဗာ ပါရိသုဒ္ဓိပိ။

၄၀၃။ ဆန္ဒဒါနေန၊ ဆန္ဒပေးခြင်းကြောင့်။ သံဃဿ၊ သံဃာ၏။ ဒ္ဝယံ၊ ဥပုသ်ကံ, ကြွင်းသော သံဃကံဟူသော ကံနှစ်ပါး အပေါင်းကို။ သာဓေတိ၊ ပြီးစေနိုင်၏။ အတ္တနော၊ မိမိ၏။ (ဥပေါသထံ၊ ဥပုသ်ကံကို။) နှ သာဓေတိ၊ မပြီးစေနိုင်။ တသ္မာ ဟိ၊ ထို့ကြောင့်သာလျှင်။ ဆန္ဒံ၊ ဆန္ဒကို။ ဒေန္တေန၊ ပေးသော ရဟန်းသည်။ ပါရိသုဒ္ဓိပိ၊ ပါရိသုဒ္ဓိကိုလည်း။ ဒါတဗ္ဗာ၊ ပေးထိုက်၏။
(ဝိ ဋ္ဌ ၃ -၃၄၄၊ ကင်္ခါ ဋ္ဌ - ၉၆)

သောကြောင့် သံဃာ၏ဥပုသ်ပြုခြင်းကိစ္စသည် အထမမြောက်၊ပါရိသုဒ္ဓိ ပေးလိုက်လျှင်ကား ဝဂ္ဂကံမဖြစ်တော့၊ထို့သို့ ဝဂ္ဂကံ မဖြစ်လျှင် သံဃာ၏ ဥပုသ်ပြုခြင်းလည်း အထမြောက်တော့သည်၊ ပါရိသုဒ္ဓိ ပေးခြင်းနှင့် သံဃာ၏ ဥပုသ်ပြုခြင်းကိစ္စကို ပြီးစေခြင်းမှာ ဤနည်းအားဖြင့် ဆက်သွယ်ပါသည်။

သေသကမ္မံ ဝိဗာဓေတိ။ ။သံဃာတော်သည် ဥပုသ် ပြုပြီးသောအခါ ဥပသမ္ပဒ(ရဟန်းခံ) အစရှိသော အခြားကံကို ပြုလိုလျှင် ထိုကံအတွက် ဝဂ္ဂကံဖြစ်နေသောကြောင့် ထိုကံပျက်၏၊ ထို့ကြောင့် "ဥပုသ်ကံမှတပါး အခြားကံကို တားမြစ်သည်" ဟု ဆိုသည်၊ မှန်၏၊ ပါရိသုဒ္ဓိ ပေးခြင်းသည် မိမိမှာ အာပတ်မှ စင်ကြယ်ပါကြောင်းကို ပေးခြင်းဖြစ်ရကား ဥပုသ်ကံ တပါးနှင့်သာ ဆိုင်သည်။

ဆန္ဒဒါနေန၊ ပေ၊နာတ္တနော။ ။ဥပုသ်ကံကို ဖြစ်စေ အခြားကံကို ဖြစ်စေ သဘောတူကြောင်းကို ပေးခြင်းကို "ဆန္ဒပေးခြင်း" ဟု ခေါ်၏၊ ထို့ကြောင့် ဆန္ဒပေးလိုက်သည့်အတွက် ဝဂ္ဂကံ မဖြစ်တော့ရကား ဆန္ဒပေးခြင်းကြောင့် "သံဃာ၏ ဥပုသ်ကံကိုလည်း အခြားကံကိုလည်း ၂-မျိုးလုံးကို ပြီးစေသည်" ဟု ဆိုသည်၊ သို့သော် မိမိမှာ အာပတ်မှစင်ကြယ်ကြောင်းကို မပေးလိုက်သောကြောင့် မိမိ၏ ဥပုသ်ပြုခြင်းကိစ္စကိုကား မပြီးစေနိုင်။

၄၀၄။ ဟရေယျကော ဗဟူနမ်ိဳ၊ ပရမ္မုခ နှ ဟာရယေ။
ပရမ္မုခဟဋ္ဌာ ဆန္ဒ-ပါရိသုဒ္ဓိ နှ ဂစ္ဆတိ။

၄၀၄။ ဧကော၊ တပါးသောရဟန်းသည်။ ဗဟူနမ်ိဳ၊ များစွာသော ရဟန်းတို့၏လည်း။ (ဆန္ဒပါရိသုဒ္ဓိံ၊ ဆန္ဒပါရိသုဒ္ဓိကို။) ဟရေယျ၊ ဆောင်နိုင်၏။ ပရမ္မုခ၊ အဆက်ဆက်အားဖြင့်။ နှ ဟာရယေ၊ မဆောင်နိုင်။ ပရမ္မုခဟဋ္ဌာ၊ အဆက်ဆက် ဆောင်အပ်သော။ ဆန္ဒပါရိသုဒ္ဓိ၊ ဆန္ဒပါရိသုဒ္ဓိသည်။ နှ ဂစ္ဆတိ၊ သံဃာ့ထံသို့ မရောက်။

တသ္မာ၊ ပေ၊ ပါရိသုဒ္ဓိပိ။ ။ပါရိသုဒ္ဓိ မပေးလျှင် မိမိ၏ ဥပုသ်ပြုခြင်းကိစ္စကို မပြီးစေနိုင်ခြင်းကြောင့် ဥပုသ်ပြုရာနေ့၌ ဆန္ဒပေးသော ရဟန်းသည် ပါရိသုဒ္ဓိကိုပါ ပေးလိုက်ရသည်၊ ပေးပုံကား — "ဆန္ဒပါရိသုဒ္ဓိံ ဒမ္မိ, ဆန္ဒပါရိသုဒ္ဓိံ မေ ဟရ, ဆန္ဒပါရိသုဒ္ဓိံ မေ အာရောစေဟိ" ဟူသည်တည်း။

ဟရေယျကော ဗဟူနမ်ိဳ။ ။ဦးတီးသာ တပါးတည်းသည်ပင် ဦးပုဒ္ဓရက္ခိတ၏ ဆန္ဒပါရိသုဒ္ဓိကိုဌင်း ဦးဓမ္မရက္ခိတ၏ ဆန္ဒပါရိသုဒ္ဓိကိုဌင်း ဤသို့ စသည်ဖြင့် အများ၏ ဆန္ဒပါရိသုဒ္ဓိကို ဆောင်နိုင်၏။

ပရမ္မုခ နှ ဟာရယေ။ ။အဆင့်ဆင့်ဆက်၍ကား ဆန္ဒပါရိသုဒ္ဓိကို မဆောင်ရ၊ ထိုသို့ မဆောင်ရခြင်း၏ အကြောင်းကို ပြလို၍ "ပရမ္မုခဟဋ္ဌာ၊ ပေ၊ နှ ဂစ္ဆတိ" ဟု မိန့်သည်၊ ထိုသို့ အဆင့်ဆင့်ပေးအပ်သော ဆန္ဒပါရိသုဒ္ဓိကို "ဗိဋ္ဌာလသခ်္ကလိက" ဟု ခေါ်၏၊ ဗိဋ္ဌာလသခ်္ကလိက (ကြောင်ကိုချည်ထားကြောင်းဖြစ်သော သံကွင်းကြိုး) ၌ ပဌမသံကွင်းသည် ဒုတိယသံကွင်းနှင့်သာဆက်၍ တတိယသံကွင်းနှင့် မဆက်သကဲ့သို့ ထို့အတူ ပဌမရဟန်းက ဒုတိယရဟန်းအား "မိမိ၏ ဆန္ဒပါရိသုဒ္ဓိကို သံဃာအား လျှောက်ပါလေ" ဟု မှာထားလိုက်သော စကားသည် ဒုတိယရဟန်းအားသာရောက်၏၊ တတိယရဟန်းအားမရောက်၊ ထို့ကြောင့် ထို ဒုတိယရဟန်းကတဆင့် တတိယ ရဟန်းကို လူကြုံပေးလိုက်လျှင် ထို ပဌမရဟန်း၏ ဆန္ဒပါရိသုဒ္ဓိသည် သံဃာ့အထံမရောက်ဘဲ လမ်းအကြား၌ ပျက်သွားလေတော့သည်—ဟူလို။

၄၀၅။ သဗ္ဗုပစာရံ ကတ္ဝာန၊ ဧဝံ ဒေယျာ ပဝါရဏာ။
ပဝါရဏံ ဒမ္မိ၊ ပဝါရဏံ မေ ဟရ၊ ပဝါရဏံ မေ အာရောစေဟိ၊
မမတ္ထာယ ပဝါရေဟီတိ။

၄၀၅။ သဗ္ဗုပစာရံ၊ အလုံးစုံသော ဥပစာကျင့်ဝတ်ကို။ ကတ္ဝာန၊ ပြုပြီး၍။ ဧဝံ၊ ဤဆိုလတံ့သောနည်းဖြင့်။ ပဝါရဏာ၊ ပဝါရဏာကို။ ဒေယျာ၊ ပေးထိုက်၏။ (ကိံ၊ အဘယ်သို့ ပေးထိုက်သနည်း။) ပဝါရဏာ၊ ပဝါရဏာကို။ ဒမ္မိ၊ ပေးပါ၏။ မေ၊ တပည့်တော်၏။ ပဝါရဏံ၊ ပဝါရဏာကို။ ဟရ၊ သံဃာ့ထံသို့ ဆောင်ပါလေ။ မေ၊ တပည့်တော်၏။ ပဝါရဏံ၊ ပဝါရဏာကို။ အာရောစေဟိ၊ သံဃာအား လျှောက်ပါလေ။ မမ၊ တပည့်တော်၏။ အတ္ထာယ၊ အကျိုးငှါ။ ပဝါရေဟိ၊ ပဝါရဏာပြုပါလေ။ ဣတိ၊ ဤသို့။ (ဒေယျာ၊ ပေးထိုက်၏။) (ဝိ ပါ ၃-၂၂၅)

သဗ္ဗုပစာရံ ကတ္ဝာန။ ။ပဝါရဏာမပေးမီ "ကေသံ ဥတ္တာရာသင်္ဂံ ကရိတ္ဝာ ဥက္ကုဋိကံ နိသီဒိတ္ဝာ, အဉ္ဇလိံ ပဂ္ဂဏှိတ္ဝာ" ဟု ဆန္ဒပါရိသုဒ္ဓိပေးခါနီး၌ ပြုထိုက်သောအမှုကို "ဥပစာရ" ဟုခေါ်၏။ [ဥပ....အနီး၌ (ပဝါရဏာ ပေးခါနီး၌) + စာရ–ပြုကျင့်အပ်သော အလုပ်] ထို့ဥပစာရ အားးလုံးကို ပြုခြင်းကို "သဗ္ဗုပစာရံ ကတ္ဝာန" ဟု ဆိုသည်၊ ထိုသို့ပြုပြီးမှ "ပဝါရဏံ ဒမ္မိ၊ ပေ၊ မမတ္ထာယ ပဝါရေဟိ" ဟု ဆို၍ ပဝါရဏာ ပေးရသည်၊ [ဤ ဆန္ဒပါရိသုဒ္ဓိ, ပဝါရဏာ ပေးရာ၌ ၃-ခေါက်ဆိုရမည်ဟု ညွှန်ပြချက်မရှိပါ၊ မြန်မာဘာသာစသော ဘာသာတို့ရဖြင့်လည်း ပေးနိုင်ပါသည်။

၄၀၆။ အာရောစေဘ္ဥာထ သော သံဃံ၊ ပဝါရေယေဝမာဂတော။

“ကုတ္ထန္ဒာမော ဘန္တေ သံဃံ ပဝါရေတိ ဒိဋ္ဌေန ဝါ သုတေန ဝါ ပရိသင်္ကာယ ဝါ၊ ဝဒတု တံ သံဃော အနုကမ္ပံ ဥပါဒါယ၊ ပဿန္တော ပဋိကရိဿတိ တ”ာ။

၄၀၆။ အာဂတောဝ၊ သံဃာ့အထံသို့ရောက်သော။ သော၊ ထိုပဝါရဏာကို ဆောင်လာသော ရဟန်းသည်။ အာရောစေတ္ဥာ၊ လျှောက်ထားပြီး၍။ အထ၊ ထို့မှနောက်၌။ ဧဝံ၊ ဤသို့။ သံဃံ၊ သံဃာကို။ ပဝါရေယျ၊ ဖိတ်မန်ရာ၏။ (ကိံ၊ အဘယ်သို့ ဖိတ်မန်ရာသနည်း။) ဘန္တေ၊ အရှင်ဘုရားတို့။ ကုတ္ထန္ဒာမော၊ ဤအမည်ရှိသော ရဟန်းသည်။ သံဃံ၊ သံဃာကို။ ဒိဋ္ဌေန ဝါ၊ မြင်ခြင်းအားဖြင့်၎င်း။ သုတေန ဝါ၊ ကြားခြင်းအားဖြင့်၎င်း။ ပရိသင်္ကာယ ဝါ၊ ယုံမှားခြင်းအားဖြင့်၎င်း။ ပဝါရေတိ၊ ပြောဆိုဘို့ရန် ဖိတ်မန်ပါ၏။ သံဃော၊ သံဃာသည်။ ဘံ၊ ထိုရဟန်းကို။ အနုကမ္ပံ၊ အဖန်ဖန်တုန်လှုပ်တတ်သော ကရုဏာကို။ ဝါ၊ သနားစေခင့်ရှောက်တတ်သော ကရုဏာကို။ ဥပါဒါယ၊ ဉာဏ်ဖြင့်ယူ၍။ ဝဒတု၊ ပြောဆိုဆုံးမပါလော့။ ပဿန္တော၊ အပြစ်ကို မြင်လေသော်။ ပဋိကရိဿတိ၊ ကုစားပါလိမ့်မည်။ ဣတိ၊ ဤသို့။ (ပဝါရေယျ၊ ဖိတ်မန်ရာ၏။) (ဝိ ဋ္ဌ ၃-၃၅၇)

အာရောစေဘ္ဥာထ၊ ပေ၊ မာဂတောဝ။ ။အာရောစေတ္ဥာကိုဂျင်း ဧဝံကိုဂျင်း ပဝါရေယျဋ္ဌ စပ်ပါ၊ ထိုတွင် “တိဿေန ဘိက္ခုနာ ပဝါရဏာ ဒိန္နာ၊ တမဟံ သံဃသာ အာရောစေမိ—— တိဿ မည်သော ရဟန်းသည် ပဝါရဏာကို ပေးလိုက်အပ်ပါပြီ၊ ထို ပဝါရဏာကို တပည့်တော်သည် သံဃာအား လျှောက်ပါ၏၊” ဤသို့ ပါဠိလိုဖြစ်စေ မြန်မာလိုဖြစ်စေ လျှောက်ခြင်းကို “အာရောစေတ္ဥာ”ဟု ဆိုသည်၊ **သံဃာအားလျှောက်ပုံ။** – “ကုတ္ထန္ဒာမော ဘန္တေ”စသော စကားသည် ပဝါရဏာလျှောက်ပုံကို ပြသောစကားတည်း၊ “ကုတ္ထန္ဒာမော” နေရာဝယ် ပဝါရဏာပေးလိုက်သော ရဟန်း၏ နာမည်ကိုသွင်း၍ သံဃာအား လျှောက်ရ

သည်။ ထို့ကြောင့် ပဝါရဏာကို ဆောင်ခဲ့သောရဟန်းသည် သံဃာ့အစည်းအဝေးသို့ ရောက်သောအခါ "တိဿေန ဘိက္ခုနာ ပဝါရဏာ ဒိန္နာ၊ တမဟံ သံဃဿ အာရောစေမိ" ဟု လျှောက်ပြီးနောက် "တိဿော ဘန္တေ၊ ပေ၊ ပဋိကရိဿတိ" ဟု ပါဠိလို ဖြစ်စေ မြန်မာဘာသာစသော ဘာသန္တရဖြင့် ဖြစ်စေ ဆို၍ ထို ရဟန်း၏ ကိုယ်စား ပဝါရဏာပြုရသည်။

မှတ်ချက်။ ။ဤ ပဝါရဏာပေးခြင်းသည် ပါရိသုဒ္ဓိပေးခြင်းကဲ့သို့ မိမိ၏ ပဝါရဏာကိစ္စ, သံဃာ၏ ပဝါရဏာကံ မပျက်ခြင်းကိစ္စကိုပြီးစေ၏၊ အခြားကံများကိုကား မပြီးစေနိုင်၊ ထို့ကြောင့် ပဝါရဏာပေးသော ရဟန်းသည် ဆန္ဒကိုလည်း ပေးသင့်၏၊ ထိုသို့ ပေးသည့်အတွက် အခြားကံပြုဘွယ်ရှိလျှင် ထိုကံကိုလည်း ပြီးစေနိုင်သည်၊ [အနုဇာနာမိ ဘိက္ခဝေ တဒဟုပဝါရဏာယ ပဝါရဏံ ဒေန္တေန ဆန္ဒံပိ ဒါတုံ၊ သန္တိ သံဃဿ ကရဏီယံ၊ –မဟာဝဂ္ဂပဝါရဏာက္ခန္ဓက။]

ဝဒတု တံ သံဃော။ ။ဤ၌ "ဝဒတု သံဃော" ဟု ရှိသော်လည်း ပါဠိတော်ရင်း၌— "ဝဒန္တု တံ အာယသ္မန္တော" ဟုလည်း ရှိသည်၊ ထိုသို့ ရှိခြင်းကိုလည်း ဆရာတို့ နှစ်သက်တော်မူကြ၏၊ ဘာ့ကြောင့်နည်း– ဖိတ်မန်တုန်းက "သံဃံ ဘန္တေ ပဝါရေမိ" ဟု သံဃာကို ဖိတ်မန်ခဲ့သော်လည်း အကြောင်းရှိ၍ ပြောဆိုဆုံးမသောအခါ သံဃာစည်းဝေးပြီးမှ သံဃာက ဆုံးမသည်မဟုတ်၊ ပုဂ္ဂိုလ်တပါးချင်း ၂-ပါးချင်းက ဆုံးမရသောကြောင့်တည်း။

အနုကမ္ပံ။ ။အနုကမ္ပံကို "အနုဒ္ဒယံ" ဟု ဝိနည်း မဟာဝဂ္ဂ အဋ္ဌကထာ မဟာခန္ဓကဋ္ဌဖွင့်၏၊ အဓိပ္ပါယတ္ထအဖွင့်၏ သဒ္ဒတ္ထအားဖြင့်ကား "အနု-အဖန်ဖန်၊ ဝါ-ဒုက္ခိတသတ္တဝါအားလျော်စွာ၊ ကမ္မတိ-တုန်လှုပ်တတ်၏၊ ဣတိ အနုကမ္ပာ" ဟု ဖြစ်သည်၊ "အနုကမ္ပံ-အဖန်ဖန် တုန်လှုပ်တတ်သော ကရုဏာကို၊ ဝါ-ဒုက္ခိတသတ္တဝါအား လျော်စွာတုန်လှုပ်တတ်သော ကရုဏာကို" ဟု သဒ္ဒတ္ထ, "သနားစောင့်ရှောက်တတ်သော ကရုဏာကို" ဟု အဓိပ္ပါယတ္ထ ပေးရသည်။ [အနုဒ္ဒယံဠ် ဒယာဝတ်သည် စောင့်ရှောက်ခြင်း အနက်ဟောတည်း၊ ဒယာသဒ္ဒါလည်း အခ္ခိုနေရာဠ် ကရုဏာကို, အခ္ခိုနေရာဠ် မေတ္တာကိုဟော၏။]

၄၀၇။ ဂဟေတ္ဝာ ပါရိသုဒ္ဓိံ ဝါ၊ ဆန္ဒံ ဝါပိ ပဝါရဏံ၊
ဟာရကော သံဃမပ္ပတ္ဝာ၊ ဝိဇ္ဇာမေယျ မရေယျ ဝါ။

၄၀၈။ သာမဏေရာဒိဘာဝံ ဝါ၊ ပဋိဇာနေယျ နာဟဋ္ဌာ။
ပတ္ဝာ သံဃံ တထာ ဟေယျ၊ အာဟဋ္ဌာ ဟောတိ ဟာရကော။

၄၀၇,ဂ။ ပါရိသုဒ္ဓိံ ဝါ၊ ပါရိသုဒ္ဓိကိုသော်၎င်း။ ဆန္ဒံ ဝါပိ၊ ဆန္ဒကိုသော်၎င်း။ ပဝါရဏံ၊ ပဝါရဏာကိုသော်၎င်း။ ဂဟေတ္ဝာ၊ ယူ၍။ ဟာရကော၊ ဆောင်သွားသော ရဟန်းသည်။ သံဃံ၊ သံဃာ့အဆံသို့။ အပ္ပတ္ဝာ၊ မရောက်မူ၍။ ဝိဇ္ဇာမေယျ ဝါ၊ လူထွက်မူလည်း လူထွက်အံ့။ မရေယျ ဝါ၊ သေမူလည်း သေအံ့။ သာမဏေရာဒိဘာဝံ၊ သာမဏေအစရှိသည်တို့၏ အဖြစ်ကို။ ပဋိဇာနေယျ ဝါ၊ ဝန်ခံမူလည်း ဝန်ခံအံ့။ (၉ဝံ သတိ၊ ဤသို့ဖြစ်လသော်။) နာဟဋ္ဌာ၊ ဆောင်အပ်ပြီး မဟုတ်တော့သည်။ ဝါ၊ ဆောင်အပ်ရာမရောက်တော့သည်။ (ဟောတိ၊ ဖြစ်၏။) ဟာရကော၊ ဆောင်ယူလာသောရဟန်းသည်။ သံဃံ၊ သံဃာ့အထံသို့။ ပတ္ဝာ၊ ရောက်ပြီး၍။ ဝါ၊ ရောက်ပြီးမှ။ တထာ၊ ထိုလူထွက်ခြင်းအစရှိသော အခြင်းအရာအားဖြင့်။ ဟေယျ၊ ဖြစ်အံ့။ အာဟဋ္ဌာ၊ ဆောင်အပ်ပြီးတော့သည်။ ဝါ၊ ဆောင်ခြင်းကိစ္စပြီးတော့သည်။ ဟောတိ၊ ဖြစ်၏။ (ဝိ ပါ ၃-၁၆၂-၄-၂၂၅-၇)

ဂဟေတ္ဝာပေါနာဟဋ္ဌာ။ ။ပါရိသုဒ္ဓိ, ဆန္ဒ, ပဝါရဏာ တမျိုးမျိုးကို ဖြစ်စေ ၂-မျိုးကိုဖြစ်စေ ဆောင်ယူသောရဟန်းသည် သံဃာ့ အစည်းအဝေးသို့ မရောက်မီ လူထွက်အံ့, သို့မဟုတ် ပြန်တော်မူအံ့, သို့မဟုတ် သာမဏေ အဖြစ်စသောအဖြစ်ကို ဝန်ခံအံ့၊ ထိုပဝါရဏာသည် ဆောင်အပ်သည် မမည်၊ "သံဃာ့အထံသို့ မရောက်" ဟူလို။

သာမဏေရာဒိဘာဝံ။ ။အာဒိဖြင့် ဥပေါသထက္ခန္ဓက, ပဝါရဏာက္ခန္ဓက ပါဠိတော်တို့၌လာသော "သိက္ခံ ပစ္စက္ခာတက-သိက္ခာချသူ, အန္တိမဝတ္ထုံ အဇ္ဈာပန္နက-ပါရာဇိက ကျူးလွန်သူ, ဥမ္မတ္တက, ခိတ္တစိတ္တ-စိတ်ပျံလွှင့်သူ, ဝေဒနာဋ္ဋ-ဒုက္ခ

၄၀၉။ သံဃပ္ပတ္တော ပမတ္တော ဝါ၊ သုတ္တော နာရောစယေယျ ဝါ။
အနာပတ္တိဝ သဉ္ဆိစ္စ၊ နာရောစေန္တသ ဒုက္ကဋန္တိ။

၄၀၉။ သံဃပ္ပတ္တော၊ သံဃာသို့ရောက်ပြီးသည်။ (ဟုတ္တာ၊ ဖြစ်၍။) ပမတ္တော၊ မေ့လျော့သည်။ (ဟုတ္တာ ဝါ၊ ဖြစ်၍သော်၎င်း။) သုတ္တော၊ အိပ်ပျော်သည်။ (ဟုတ္တာ ဝါ၊ ဖြစ်၍သော်၎င်း။) နာရောစယေယျ၊ ဆန္ဒ, ပါရိသုဒ္ဓိ, ပဝါရဏာကို သံဃာအား မလျှောက်အံ့။ အနာပတ္တိဝ၊ အနာပတ်သည်သာ။ (ဟောတိ၊ ဖြစ်၏။) သဉ္ဆိစ္စ၊ သညာနှင့်တကွ စေတနာဖြင့် စေ့ဆော်၍။ နာရောစေန္တသ၊ မလျှောက်သောရဟန်း၏။ ဒုက္ကဋံ၊ ဒုက္ကဋ် အာပတ်သည်။ (ဟောတိ၊ ဖြစ်၏။) ....ကွတိ၊ ဆန္ဒပေးခြင်း စသည်နှင့် စပ်၍ မှတ်ဘွယ်အပြီးတည်း။ (ဝိ ပါ ၃-၁၆၂-၄-၂၂၅-၇)

ဝေဒနာသည် အပြင်းအထန် နှိပ်စက်ခံနေရသူ", "ပဏ်, ထေ, ပက်, ဆာန်၊ ပဉ္စာနန်၊ ဒူသံ, ဥဘောဗျည်း"ဟူသော အဘိဓမ္မပုဂ္ဂိုလ် တကျိပ်တယောက် တို့ကို ယူပါ။ ထိုသို့ သာမဏေ စသည်ဖြစ်ကြောင်းကို ဝန်ခံလျှင် အခြားပုဂ္ဂိုလ်တပါးထံ ပါရိသုဒ္ဓိ စသည်ကို ထပ်၍ပေးရသည်။

ပတ္တာ၊ ပေ၊ ဟာရကော။ ။ပါရိသုဒ္ဓိ စသည်ကို ဆောင်ယူသောရဟန်းသည် သံဃာ့အစည်းအဝေးသို့ ရောက်ပြီးမှ လူထွက်သူ, ပြန်လှန်သူဖြစ်လျှင်, သာမဏေအဖြစ် စသည်ကို ဘန်ခံသူဖြစ်လျှင် ပါရိသုဒ္ဓိ စသည်သည် ဆောင်အပ်သည်မည်၏၊ မှန်၏–ထိုဆောင်ယူသောပုဂ္ဂိုလ်သည် သံဃာ၏ ဟတ္ထပါသ်သို့ ရောက်သည်နှင့် တပြိုင်နက် ပါရိသုဒ္ဓိ စသည်လည်း ဆောင်ယူအပ်ပြီး, ရောက်ပြီးဖြစ်တော့၏။

သံဃပ္ပတ္တော၊ ဖော၊ ဒုက္ကဋံ။ ။ပါရိသုဒ္ဓိ စသည်ကို ဆောင်ယူသွားသော ရဟန်းသည် သံဃာ့အထံသို့ ရောက်ပြီးနောက် မေ့လျော့၍ဖြစ်စေ အိပ်ပျော်သွား၍ဖြစ်စေ "တိဿနာ ဘိက္ခုနာ ပါရိသုဒ္ဓိ ဒိန္နာ"စသောစကားကို မလျှောက်မိအံ့, အာပတ်မသင့်သည်သာ၊ သဉ္ဆိစ္စ (မလျှောက်ဘော့ပါဘူး–ဟူသော စေတနာဖြင့်)မလျှောက်လျှင်ကား ဒုက္ကဋ်အာပတ်သင့်၏၊ထိုကဲ့သို့ ဒုက္ကဋ် အာပတ်

မသင့်စေလိုသောကြောင့် "ဆန္ဒံ မေ အာရောစေဟိ" စသည်ဖြင့် လျှောက်ဘို့ရန် တိုက်တွန်းလိုက်ရသည်၊ ဆန္ဒပေးခြင်းကိစ္စမှာ "ဆန္ဒံ ဒမ္မိ" ဆိုတုန်းကပင်ပြီး၏၊ ထို့ဆန္ဒ၏ သဘာဝအထံသို့ ရောက်ဘို့ရန်အတွက်လည်း "ဆန္ဒံ မေ ဟရ" အရ တုန်းက တိုက်တွန်းပြီးသား ဖြစ်၏။

ဆောင်။ ။ဆန္ဒပေးရန်၊ အမိန့်သံကြောင့်၊ ဆန္ဒံ ဒမ္မိ၊ ဆိုရိုးရှိ၏၊ မိမိဆန္ဒ၊ သံဃာ ကျအောင်၊ ဆောင်မှသာလျှင်း၊ တာဝန်ကင်းရှ်၊ မယှင်း ဆောင်လေ၊ ဆန္ဒံ မေတဲ့၊ တထွေဆောင်ယူ၊ မလျှောက်မူကား၊ ဆောင်သူထပ်ဆင့်၊ အာပတ်သင့်၏၊ သို့ဖြင့်ထပ်လော၊ လျှောက်လေနော်ဟု၊ အာရောစေဟိ၊ မှာရိုးရှိသည်၊ ပါရိသုဒ္ဓိ ဤနည်းတည်း။

ဥပေါသထနိဒ္ဒေသ

ဥပေါသထောတိ၊ "ဥပေါသထော"ဟူသော ဥဒ္ဒေသ၏။ (နိဒ္ဒေသော၊ နိဒ္ဒေသကား—)

၎၁၀။ ဒုဝေ ဥပေါသထာ စာတု- ဒ္ဒသော ပန္နရသော ဣတိ။
သုတ္တုဒ္ဒေသမဓိဋ္ဌာန-ပါရိသုဒ္ဓိဝသာ တယော။

၎၁၀။ ဥပေါသထာ၊ ဥ၊ပုသ်တို့သည်။ စာတု၊ဒ္ဒသော၊ စာတု၊ဒ္ဒသီဥပုသ်ဌင်း။ ဝါ၊ ၁၄-ရက်မြောက် ဥပုသ်ဌင်း။ ပန္နရသော၊ ပန္နရသီဥပုသ်ဌင်း။ ဝါ၊ ၁၅-ရက်မြောက် ဥပုသ်ဌင်း။ ဣဘိ၊ ဤသို့။ ဒုဝေ၊ နှစ်ပါး၊တို့တည်း။ သုတ္တုဒ္ဒေသမဓိဋ္ဌာနပါရိသုဒ္ဓိဝသာ၊ သုတ္တုဒ္ဒေသဥ၊ပုသ်, အဓိဋ္ဌာနဥပုသ်, ပါရိသုဒ္ဓိဥပုသ်ဘို့၏ အပြား၊အား၊ဖြင့်။ တယော၊ ၃-ပါး၊တို့၊တည်း။ (ဝိ ပါ ၃ - ၁၅၀)

ဥပေါသထော။ ။ဥပေါသထသဒ္ဒါသည် သီလနှင့်ပြည့်စုံသည်ဖြစ်၍နေခြင်း အနက်ကို ဟော၏၊ သံဃဥပုသ်၌ ပါတိမောက်ရုတ်သည်ကို နား၊ထောင်ပြီး၊လျှင် ဤသီလသိက္ခာပုဒ်လည်း ငါ့မှာ ပြည့်စုံ၏၊ ဤသို့ စသည်ဖြင့် နေရသော ကြောင့် ပါတိမောက်ရုတ်ပြခြင်း၊ကို "ဥပုသ်ပြု၊ခြင်း" ဟု ခေါ်၏။ ပရိသုဒ္ဓါ အဟံ ဘန္တေ–စသည်ဖြင့် လျှောက်ခြင်း၊လည်း မိမိမှာ အာပတ်မှ စင်ကြယ် ကြောင်း၊ကို လျှောက်ခြင်း၊ပင်တည်း၊ တပါး၊တည်း နေလျှင် "ယနေ့ ငါ့အတွက် ဥပုသ်နေ့ပါတကား (စင်ကြယ်ရာ နေ့ပါတကား)" ဟု မိဋ္ဌာန်ရသေး၏။

ဒုဝေ၊ ပေ၊ ဣတိ။ ။စာတု၊ဒ္ဒသီ (တဆဲ့လေး၊ရက်နေ့၌ ပြု၊ရသော) ဥပုသ်, ပန္နရသီ (တဆဲ့ငါး၊ရက်နေ့၌ ပြု၊ရသော) ဥပုသ်အား၊ဖြင့် ဥပုသ် – ၂မျိုး၊ ရှိ၏၊ ဤကား နေ့နှင့်စပ်၍ ဥပုသ် အပြား၊တည်း၊ [တိထိ ဟူသော ဣတ္ထိလိင်ကို၊ဆဲ့၍ "စာတု၊ဒ္ဒသီ ပန္နရသီ" ဟု သုံး၊စွဲရသည်၊ ဒိဝသကို၊ဆဲ့လျှင်ကား "စာတု၊ဒ္ဒသော

၄၁၁။ သုတ္တုဒ္ဒေသော၀ သံဃဿ၊ အဓိဋ္ဌာနုပေါသထော။
ပဂ္ဂလဿေ၀ သေသာနံ၊ ပါရိသုဒ္ဓိ ဥပေါသထော။

၄၁၁။ သုတ္တုဒ္ဒေသော၊ သုတ္တုဒ္ဒေသဥပုသ်သည်။ သံဃဿ ဧ၀၊ သံဃာ ၏သာ။ (ဥပေါသထော၊ ဥပုသ်တည်း။) အဓိဋ္ဌာနုပေါသထော၊ အဓိဋ္ဌာန် ဥပုသ်သည်။ ပုဂ္ဂလဿေ၀၊ ပုဂ္ဂိုလ်တပါး၏သာ။ (ဥပေါသထော၊ ဥပုသ်တည်း။) ပါရိသုဒ္ဓိဥပေါသထော၊ ပါရိသုဒ္ဓိဥပုသ်သည်။ သေသာနံ၊ ကြွင်းသော ၂-ပါး, ၃-ပါးကိုကား တို့၏။ (ဥပေါသထော၊ ဥပုသ်တည်း။) (ဝိ ပါ ၃- ၁၆၇-ဂ)

ပန္နရသေ”ဟု သုံးစွဲနိုင်သည်၊] သာမဂ္ဂီ (သံဃာကဲ့ပြိုးနောက် ညီညွတ်ရာ ရက်၌ ပြုအပ်သော) ဥပုသ်လည်း ရှိသေး၏၊ ထို့ကြောင့် နေ့နှင့်စပ်၍ ဥပုသ် ၃–မျိုး ရှိသည်ဟု မှတ်ပါ။

သုတ္တုဒ္ဒေသ၊ ပေ၊ တယော၀။ ။သုတ္တုဒ္ဒေသ (ပါတိမောက် သိက္ခာပုဒ် ပါဠိတော်ကို ရွတ်ပြခြင်း) ဥပုသ်, အဓိဋ္ဌာန (တပါးသာရှိ၍ “ယနေ့ ငါ့အတွက် ဥပုသ်နေ့ ဖြစ်၏”ဟု ဓိဋ္ဌာန်ရသော) ဥပုသ်, ပါရိသုဒ္ဓိ (၂–ပါး, ၃–ပါးသာရှိ၍ “ပရိသုဒ္ဓါ အာဟံ ဘန္တေ”စသည်ဆို၍ ပြုရသော) ဥပုသ်၊ ဤသို့ ကတ္တာဗ္ဗာ-ကာရ (ပြုထိုက်သော အခြင်းအရာအား ဖြင့်) ဥပုသ် ၃–မျိုး ရှိ၏။

သုတ္တုဒ္ဒေသော၊ ပေ၊ ဥပေါသထော၀။ ။သုတ္တုဒ္ဒေသ (ပါတိမောက် ပါဠိတော်ကို ရွတ်ပြသောအား ဖြင့် ဥပုသ်ပြုခြင်းသည်) သံဃအတွက်သာ ဖြစ်၏၊ အဓိဋ္ဌာန် ဥပုသ်သည် ပုဂ္ဂိုလ်တပါးအတွက်သာ ဖြစ်၏၊ ပါရိသုဒ္ဓိ ဥပုသ်ကား ၂–ပါး, ၃–ပါးအတွက်သာ ဖြစ်၏၊ ဤသို့ ပြုတတ်သော ကာရက ပုဂ္ဂိုလ်နှင့်စပ်၍ သံဃဥပုသ်, ဂဏဥပုသ်, ပုဂ္ဂလဥပုသ်အား ဖြင့် ၃–ပါး ပြား၏၊ အားလုံးပေါင်း လျှင် “နေ့နှင့်စပ်၍ ၃–ပါး, ကတ္တာဗ္ဗာကာရနှင့်စပ်၍ ၃–ပါး, ပြုတတ်သော ပုဂ္ဂိုလ်နှင့်စပ်၍ ၃–ပါး၊ ဤသို့အား ဖြင့် ဥပုသ် ၉–ပါး ရှိ၏”ဟု မှတ်ပါ။

၄၁၂။ ပုဗ္ဗကိစ္စေ စ ကရဏေ၊ ပတ္တကလ္လေ သမာနိတေ။
သုတ္တံ ဥဒ္ဒိသတိ သံဃော၊ ပဥ္စမော သော ဝိဘာဝိတော။

၄၁၂။ ပုဗ္ဗကိစ္စေ စ၊ ပုဗ္ဗကိစ္စ ၅-ပါးကိုဎင်း။ ကရဏေ၊ ပုဗ္ဗကရဏ ၄-ပါး ကိုဎင်း။ ပတ္တကလ္လေ၊ လျောက်ပတ်သော အခါရှိသော ကံကိုဎင်း။ သမာ-နိတေ၊ ကောင်းစွာဆောင်အပ်ပြီးသော်။ ဝါ၊ ပြည့်စုံပြီးသော်။ သံဃော၊ သံဃာတော်သည်။ သုတ္တံ၊ ပါတိမောက် ပါဠိတော် ဟူသောသုတ်ကို။ ဥဒ္ဒိသတိ၊ ရွတ်ပြရ၏။ သော၊ ထိုသုတ္တာဒ္ဒေသ ဥပုသ်ကို။ ပဥ္စမော၊ ၅-ပါးအပြား အားဖြင့်။ ဝိဘာဝိတော၊ ထင်စွာဖြစ်စေအပ်ပြီ။ (ဝိ ပါ ၃- ၁၅၁-ဂ-၉၊ ဝိ ဋ္ဌ ၃- ၃၃ဂ-၄၄၁-၂-၄၊ ကင်္ခါ ဋ္ဌ - ဂ၄)

ပုဗ္ဗကိစ္စေ စ ကရဏေ။ ။ဂါထာဖြစ်၍ ပုဗ္ဗကိစ္စကို ရှေထားသည်၊ အလုပ်ကိစ္စအစဉ်မှာ "သမ္မဇ္ဇနီ၊ ပေ၊ ပုဗ္ဗကရဏန္တိ ဝုစ္စတိ" နှင့် အညီ ဥပုသ်ပြုရာ အရပ်၌ တံမြက်လှည်းခြင်း စသော ပုဗ္ဗကရဏ ၄-ပါးသည် ရှေးဦးစွာ ပြုအပ်သော အလုပ်တည်း၊ ထို့နောက်မှ "ဆန္ဒပါရိသုဒ္ဓိ၊ ပေ၊ ပုဗ္ဗကိစ္စန္တိ ဝုစ္စတိ" နှင့် အညီ ဆန္ဒဆောင်ခြင်း စသော ပုဗ္ဗကိစ္စ ၅-ပါးကို ပြုရသည်။

ပတ္တကလ္လေ သမာနိတေ။ ။"ဥပေါသထော ယာဝတိကာ စ" စသည်နှင့် အညီ ဥပုသ်နေ့ဖြစ်ခြင်းစသော ပတ္တကလ္လအင်္ဂါ ၄-ပါးနှင့် ပြည့်စုံခြင်းကို "ပတ္တကလ္လေ သမာနိတေ" ဟု ဆိုသည်၊ "ကောင်းစွာဆောင်အပ်" ဟူရာ၌ ဥပုသ်နေ့ကို တမင်လာဆောင်၍ မဖြစ်၊ ထို့ကြောင့် ထိုအင်္ဂါ ၄-ပါးပြည့်စုံခြင်း ကိုပင် "သမာနိတေ" ဟု ဆိုထားသည်။ [ဂါထာ၌ ဆန်းကိုက်းကောင်းအောင် နိဒ္ဒေ ရသာ ပြုထားသည်။]

သုတ္တံ ဥဒ္ဒိသတိ သံဃော။ ။ထိုသို့ အင်္ဂါ ၄-ပါး ပြည့်စုံသောအခါ သံဃာ၏ တိုက်တွန်းချက်အရ ရဟန်းတပါးက ပါတိမောက် ပါဠိကို ရွတ်ပြခြင်းကို "သုတ္တံ ဥဒ္ဒိသတိ သံဃော" ဟု ဆိုသည်၊ ဤစကားဖြင့် သုတ္တာဒ္ဒေသ သံဃဥပုသ်ပြုပုံကို ပြသည်။

၄၁၃။ ဝိနာန္တရာယံ သခ်ေပေ- နုဒ္ဒေသာ ဝိနိဝါရိတော။
ထေရာဝ ဣသရော ဒီသု၊ ဥဒ္ဒေသေသ္ဝတ္ထ တီသု ဝါ။
ဝိသဒေသုတိ ဝုတ္တတ္တာ၊ အဝတ္တန္တေပိ ဝဋ္ဋတိ။

၄၁၃။ အန္တရာယံ၊ အန္တရာယ် ၁၀-ပါး တပါးပါးကို။ ဝိနာ၊ ကြဉ်၍။ သခ်ေပန၊ အကျဉ်းချုပ်အားဖြင့်။ ဥဒ္ဒေသော၊ ပါတိမောက်ရွတ်ပြခြင်းကို။ ဝိနိဝါရိတော၊ အထူးသဖြင့် တားမြစ်တော်မူအပ်ပြီ။ ဇတ္ထ၊ ဤ ၅-ပါးသော ဥဒ္ဒေသတို့တွင်။ ဒီသု ဝါ၊ ၂-ပါးသော်လည်း ဖြစ်ကုန်သော။ တီသု ဝါ၊ ၃-ပါးသော်လည်းဖြစ်ကုန်သော။ ဥဒ္ဒေသေသု၊ ဥဒ္ဒေသတို့သည်။ ဝိသဒေသု၊ သန့်သန့်ရှင်းရှင်း နှုတ်တက်ကုန်လသော်။ ထေရာဝ၊ ထေရ်ကြီးသည်သာ။ ဣသရော၊ ပါတိမောက်ကို အစိုးရ၏။၊ ဣတိ၊ ဤသို့။ ဝုတ္တတ္တာ၊ မိန့်တော်မူအပ်သည်၏အဖြစ်ကြောင့်။ (အန္တရာယေ၊ အန္တရာယ် ၁၀-ပါး တပါးပါး သည်။) အဝတ္တန္တေပိ၊ မဖြစ်ပါသော်လည်း။ ဝဋ္ဋတိ၊ အကျဉ်းပြခြင်းငှါ အပ်၏။ (ဝိ ပါ ၃-၁၅၂-၆-၁၆၁၊ ဝိ ဋ္ဌ ၃-၃၄၁)

ပဠေဓာ သော။ ။ထို သုတ္တန္တဒ္ဒေသ ဥပုသ်သည် ၅–ပါး ပြား၏၊ (၁)နိဒါန်း အကုန် ရွတ်ပြခြင်း ဟူသော နိဒါနုဒ္ဒေသ, (၂) နိဒါန်းမှစ၍ ပါရာဇိကကုန်သည့် အထိ ရွတ်ပြခြင်း ဟူသော ပါရာဇိကုဒ္ဒေသ, (၃)သံဃာဒိသိသ် ကုန်သည့်အထိ ရွတ်ပြခြင်းဟူသော သံဃာဒိသေသုဒ္ဒေသ, (၄) အနိယတ ကုန်သည့်အထိ ရွတ်ပြခြင်းဟူသော အနိယတုဒ္ဒေသ, (၅) နိဒါန်းမှစ၍ "အဝိဝဒမာနေဟိ သိက္ခိတဗ္ဗံ" တိုင်အောင် ဘိက္ခုပါတိမောက် အကုန်ရွတ်ပြခြင်းဟူသော ဝိတ္ထာ-ရုဒ္ဒေသတည်း။

ဝိနာန္တရာယံ၊ ပေ၊ ဝိနိဝါရိတော။ ။အန္တရာယ် ၁၀-ပါးတွင် တပါးပါးမျှ မရှိလျှင် ဝိတ္ထာရုဒ္ဒေသကိုသာ ရွတ်ပြရ၏၊ "အန္တရာယ်မရှိဘဲ နိဒါနုဒ္ဒေသ စသော ဤဥဒ္ဒေသ ၄-ပါးကို မရွတ်ပြရ" ဟု ဥပေါသထက္ခန္ဓကပါဠိတော်၌ အထူး တားမြစ်တော်မူသည်၊ [န ဘိက္ခဝေ အသတိ အန္တရာယေ သံခိတ္တေန ပါတိမောက္ခံ ဥဒ္ဒိသိတဗ္ဗံ၊ ပေ၊ အာပတ္တိ ဒုက္ကဋဿာ၊–မဟာဝဂ္ဂ ဥပေါသထက္ခန္ဓကပါဠိတော်။]

၄၁၄။ အာဂန္ဆေယျုံ ယဒိ သမာ၊ ဥဒ္ဒိသန္တေ ဝ ထောကိကာ။
ဥဒ္ဒိဋ္ဌံ ယံ သုဥဒ္ဒိဋ္ဌံ၊ သောတပ္ပမဝသေသကံ။

၄၁၄။ (ပါတိမောက္ခေ၊ ပါတိမောက်ကို။) ဥဒ္ဒိသန္တေ၊ ရွတ်ပြအပ်စဉ်။ သမာ ဝါ၊ ညီမျှသော အာဝါသိကရဟန်းတို့သည်၎င်း။ ထောကိကာ ဝါ၊ နည်းသော အာဝါသိက ရဟန်းတို့သည်၎င်း။ ယဒိ အာဂန္ဆေယျုံ၊ အကယ်၍ လာကုန်အုံ့။ (ဧဝံ သဘိ၊ ဤသို့လာကုန်လသော်။) ယံ၊ အကြင်ပါတိ-မောက်ကို၊ ဥဒ္ဒိဋ္ဌံ၊ ရွတ်ပြအပ်ပြီ။ (တံ၊ ထိုပါတိမောက်ကို။) သုဥဒ္ဒိဋ္ဌံ၊ ကောင်းစွာ ရွတ်ပြအပ်ပြီ။ အဝသေသကံ၊ ကြွင်းသော ပါတိမောက်ကို။ သောတပ္ပံ၊ ဆက်၍ နာဆိုက်၏။ (ဝိ ပါ ၃- ၁၇၃)

အန္တရာယ် ၁၀-ပါးကို ထိုပါဠိတော်အတိုင်း ပါတိမောက်ဘာသာဋီကာ နောက် ဆက်တွဲ မှတ်ဘွယ်၌ ပြထားသည်။

ထေရော၀၊ ပေ၊ ၀ဋ္ဋတိ။ ။သံဃာ့အစည်းအဝေး၌ အကြီးဆုံးကို "ထေရ" ဟု ခေါ်သည်၊ ထိုထေရ်သည် နိဒါနုဒ္ဒေသ, ပါရာဇိကုဒ္ဒေသ ဟူသော ၂-ဥဒ္ဒေသ သို့မဟုတ် သံဃာဒိသေသုဒ္ဒေသ တိုင်အောင် ၃-ဥဒ္ဒေသမျှ (ဗလုံးဗထွေးမဟုတ်ဘဲ) သန့်သန့်ရှင်းရှင်း ရလျှင် အန္တရာယ်မရှိသော်လည်း ထိုထေရ်ကြီးကိုယ်တိုင် အကျဉ်းမျှရွတ်ပြခြင်းငှါ အပ်၏၊ ဤအဓိပ္ပါယ်ကို ရည်ရွယ်တော်မူ၍ "အနု-ဇာနာမိ ဘိက္ခဝေ ထေရာဓိကံ ပါတိမောက္ခံ" ဟု ဥပေါသထက္ခန္ဓကဋ္ဌ မိန့်တော်မူသည်၊ ထို ပါဠိတော်၏ အနက်အဓိပ္ပါယ်ကို ထို၏အဖွင့်ဖြစ်သော မဟာဝဂ္ဂ-ဘာသာဋီကာဋ္ဌကထာ နိဒါနုဒ္ဒေသဋ္ဌကထာ နိဒါနုဒ္ဒေသဋ္ဌကထာ နိဒါနုဒ္ဒေသ

၄၁၅။ ဥဒ္ဒိဋ္ဌမတ္တေ သကလာ- ယေကစ္စာယုဋ္ဌိတာယ ဝါ။
ပါရိသုဒ္ဓိ ံ ကရေယျသံ၊ သန္တိကေ ဗဟုကာထ စေ။
ကဘ္ဘာ သဗ္ဗဝိကပ္ပေသု၊ ပဗ္ဗကိစ္စံ ပုနဒ္ဒိသေ။

၄၁၅။ ဥဒ္ဒိဋ္ဌမတ္တေ၊ ပါတိမောက် ရွတ်ပြအပ်ပြီးကာမျှ ဖြစ်သော်၎င်း။ (ဤအချိန်၌ မည်သူမျှ မထသေး။) သကလာယ၊ အလုံးစုံသော သံဃာ့

များသည် ကြွင်းသော ပါတိမောက်ကို နာယူသောအားဖြင့် ဥပုသ်ပြုကိစ္စကို ပြီးစေနိုင်သည်။

မှတ်ချက်။ ။ဥပေါသထက္ခန္ဓက အနာပတ္တိပန္နရသက ပါဋိတော်ဝယ် တကျောင်းတိုက်တည်းဖြစ်သော်လည်း ကျောင်းတိုက်ကြီးက ကျယ်လွန်းလှ၍ ဖြစ်စေ အခြားအရပ်သို့ ခေတ္တသွားပြီးနောက် ထိုရဟန်းတို့ ကျောင်းတိုက် အတွင်း၌ ပြန်ရောက်သည်မှာ မကြာလှသေး၍ ဖြစ်စေ ဥပုသ်ပြုချိန်မှ ကျောင်းတိုက်တွင်းသို့ ဝင်လာကြ၍ဖြစ်စေ အခြားရဟန်းများရှိမှန်းမသိဘဲ မဟာသိမ် ကျောင်းတိုက်ကြီး၌ ဝဂ္ဂဖြစ်လျက် ဥပုသ်ပြုနေသော်လည်း မိမိတို့က သမဂ္ဂထင် သောကြောင့် ကံမပျက်ပုံကို ပြထားတော်မူသည်၊ သတိပြုပါ။ [တေန ဇာနိ ံ သု "အတ္ထည္ အာဝါသိကာ ဘိက္ခူ အနာဂတာ"တိ၊ ဧတ ဓမ္မသညိနော ပိနယ-သညိနော ဝဂ္ဂါ သမဂ္ဂသညိနော ဥပေါသထံ ကရောန္တိ ပါတိမောက္ခံ ဥဒ္ဒိသန္တိ၊ပေ၊ ဥဒ္ဒိဋ္ဌံ သုဥဒ္ဒိဋ္ဌံ၊ ဥဒ္ဒေသကာနံ အနာပတ္တိ၊ – ဥပေါသထက္ခန္ဓက ပါဋိတော်။]

မှတ်ချက်။ ။ဤ ပါဋိတော်ကို ထောက်၍ "သုဏာတု မေ စသော ဥတ်ထားမှုလည်း ဝဂ္ဂဖြစ်လျက် မပျက်" ဟု သိသာ၏၊ ဋီကာသစ်၌ကား "သမာဝါ ထောကိကာ ဝါတိ အာဝါသိကေဟိ သမာ ဝါ ထောကိကာ ဝါ အာဂန္တုကာ ဘိက္ခူ" ဟု နောက်လာသော ပုဂ္ဂိုလ်များကို အာဂန္တုက အဖြစ်ဖြင့် ဖွင့်သွားလေသည်။ အမှန်အားဖြင့်ကား အာဝါသိကဖြစ်စေ အာဂန္တုကဖြစ်စေ နောက်မှ ရောက်လာသော ရဟန်းတို့မှာ ဤနည်းချည်းသာ ကျင့်ကြရမည်။

ဥဒ္ဒိဋ္ဌမတ္တေ၊ ပေ၊ သန္တိကေ။ ။ဤ၌ အတိတ်ဟော တပစ္စည်းဖြင့် ဆိုသောကြောင့် "မူလသံဃာများသည် ပါတိမောက်ရွတ်ပြ၍ ပြီးကြပြီ" ဟု သိသာ၏၊

ပရိသတ်သည်။ ဥဋ္ဌိတာယ ဝါ၊ ထပြီးသော်၎င်း။ ကေစ္စာယ၊ အခ္ခါသော သံဃဉ္စ ပရိသတ်သည်။ ဥဋ္ဌိတာယ ဝါ၊ ထပြီးသော်၎င်း။ သေံ၊ ထိုရဟန်း တို့၏။ သန္တိကေ၊ အထံ၌။ ပါရိသုဒ္ဓိံ၊ ပါရိသုဒ္ဓိဥပုသ်ကို။ ကရေယျ၊ ပြုရာ၏။ အထ၊ ထိုသို့မဟုတ်။ ဗဟုကာ၊ မူလသံဃာထက် များသော ရဟန်းဘိုသည်။ စေ အာဂန္ဆေယျုံ၊ အကယ်၍လာကုန်အံ့။ (ဝေံ သတိ၊ ဤသို့လာကုန်လတ်သော်။) သဗ္ဗဝိကပ္ပေသု၊ ဥဒ္ဒိဿမာန, ဥဒ္ဒိဋ္ဌမတ္တ, ကေစ္စာယ ဝုဋ္ဌိတာယ, သကလာယ ဝုဋ္ဌိတာယ ဟူသော အလုံးစုံသော ဝိကပ်တို့၌။ ပဗ္ဗကိစ္စံ၊ ပဗ္ဗကိစ္စကို။ ကတ္ဝာ၊ ပြု၍။ ပုန၊ တဖန်။ ဥဒ္ဒိသေ၊ ရွတ်ပြရာ၏။ (ဝိ ပါ ၃- ၁၇၅-၆)

ထိုသို့ရွတ်ပြပြီးမှ မူလသံဃာထက်မများသော ထပ်တူရဟန်းတော် သို့မဟုတ် နည်းသော ရဟန်းတော်များ ရောက်လာလျှင် မူလရဟန်းတော်များ တချို့ ဖြစ်စေ အားလုံးဖြစ်စေ ထသွားသော်လည်း ထိုရဟန်းများအထံ၌ ပါရိသုဒ္ဓိ ဥပုသ် ပြုနိုင်ပါသည်။ [အချို့မထသေးလျှင် ထိုမထသေးသော ရဟန်းများ အထံ၌ဖြစ်စေ ထသွားသောရဟန်းတချို့အထံသို့ လိုက်၍ဖြစ်စေ ပါရိသုဒ္ဓိဥပုသ် ပြုရသည်။]

ဗဟုကာထ စေ။ ။အကယ်၍ နောက်မှရောက်လာသော ရဟန်းတော် များက မူလသံဃာထက်များနေလျှင် "ဥဒ္ဒိဿမာန-မူလသံဃာများ ရွတ်တုန်း ဖြစ်စေ ဥဒ္ဒိဋ္ဌမတ္တ-ရွတ်ပြီးခါ၊ ဖြစ်စေ ကေစ္စာယ ဝုဋ္ဌိတာယ-အချို့ ထသွားပြီး ဖြစ်စေ သကလာယ ဝုဋ္ဌိတာယ-အားလုံး ထသွားပြီးဖြစ်စေ" အလုံးစုံသော ဝိကပ် (တမျိုးစီပြုအပ်သော) ကိစ္စတို့၌ နောက်မှရောက်လာသော ရဟန်းတော် များသည် ဆန္ဒဆောင်မှု စသော ပြုသင့်သော ပုဗ္ဗကိစ္စကို အစမှ စ၍ပြုကာ ပါတိမောက် ရွတ်ဆိုသောအားဖြင့် ဥပုသ်ပြုကြရသည်၊ [ဥဒ္ဒိဿမာနေ ဥဒ္ဒိဋ္ဌ-မတ္တေ ကေစ္စာယ ဝုဋ္ဌိတာယ သကလာယ ဝုဋ္ဌိတာယဟူတိ အာဂတေသု သဗ္ဗ-ဝိကပ္ပေသု ပုဗ္ဗကိစ္စံ ကတ္ဝာ အာဒိတော ပဋ္ဌာယ ပါတိမောက္ခံ ဥဒ္ဒိသေတိ အတ္ထော၊ – ဋီကာဟောင်း။

၎၁၆။ ပန္နရသောဝါသိကာနံ၊ ကုတရာနံ သစေတရော။
သမာနေတရေနုဝတ္တန္တို၊ ပုရိမာနံ သစေဓိကာ။
ပုရိမာ အနုဝတ္တန္တို၊ တေသံ သေသေပျယံ နယော။

၎၁၆။ အာဝါသိကာနံ၊ အာဝါသိကရဟန်းတို့၏။ ပန္နရသော၊ ပန္နရသီ ဥပုသ်သည်။ သစေ ဟောတိ၊ အကယ်၍ ဖြစ်အံ့။ ကုတရေသံ၊ အာဝါသိကမှ တပါးကုန်သော အာဂန္တုကရဟန်းတို့၏။ ကုတစေရာ၊ ပန္နရသီမှတပါးသော စာတုဒ္ဒသီ ဥပုသ်သည်။ သစေ ဟောတိ၊ အကယ်၍ ဖြစ်အံ့။ (၉၀ သတိ၊ ဤသို့ဖြစ်လသော်။) သမာနာ၊ အာဝါသိကတို့နှင့် တူမျှကုန်သော။ ကုတရေ၊ အာဝါသိကမှတပါးသော အာဂန္တုကရဟန်းတို့သည်။ ပုရိမာနံ၊ ရှေးဖြစ်

ဋီကာသစ်။ ။ဋီကာသစ်၌ကား ဝိကပ္ပအရ အဝသေသသဝန (အကြွင်းကို နာယူရခြင်းဟူသော ဥဒ္ဒိဿမာနဝိကပ်), ပါရိသုဒ္ဓိဝိဓာန(သမထောကတို့၏ ပါရိသုဒ္ဓိဥပုသ်ပြုရခြင်းဟူသော ဥဒ္ဒိဋ္ဌစသောဝိကပ်), ဥပေါသထဝိဓာန(ဗဟုတရတို့က အစမှစ၍ ပုဗ္ဗကိစ္စပြုပြီးလျှင် ပါတိမောက် ရွတ်ပြရခြင်းဟူသော) ဝိကပ်တို့ကို ယူ၏၊ အဓိပ္ပါယ်မှာ သဘောတူပင်တည်း။

ပန္နရသောဝါသိကာနံ။ ။တကျောင်းတိုက်ထည်း မဟုတ်ကြသော အာဂန္တုကတို့ ရောက်လာရာ၌ ဇနပုဒ်ချင်း မတူသည့်အတွက် အာဝါသိကတို့က ၁၅-ရက်ကို ဥပုသ်နေ့ဟုယူကြ၍ အာဂန္တုကတို့က ၁၄-ရက်ကို ဥပုသ်နေ့ဟု ယူကြသောကြောင့် အယူကွဲနေတတ်၏၊ ထိုသို့ကွဲရာ၌ အရေအတွက်တူနေလျှင် အာဂန္တုကတို့သည် အာဝါသိကတို့၏ အလိုသို့လိုက်၍ ပန္နရသီဥပုသ်ပြုရမည်၊ အာဂန္တုကတို့ဖက်က အရေအတွက်နည်းနေလျှင်ကား ပြောဘွယ်မလို။

သစေဓိကာ။ ။အာဂန္တုကတို့က အာဝါသိကတို့ထက် အရေအတွက် မျှးနေလျှင် အာဝါသိကတို့သည် အာဂန္တုကတို့၏အလိုသို့လိုက်၍ စာတုဒ္ဒသီ ဥပုသ်ပြုရသည်။

သေသေပျယံ နယော။ ။"အာဝါသိကတို့က စာတုဒ္ဒသီဥပုသ်, အာဂန္တုကတို့က ပန္နရသီဥပုသ်"ဟု ကွဲပြားနေရာ၌လည်း ဤနည်းအတိုင်း သမ, ထောက

ကုန်သော အာဝါသိကရဟန်းတို့၏။ အနုဝတ္တန္တု၊ အယ္ဟသို့ အစဉ်လိုက်ကုန်လော့။ အဓိကာ၊ အာဝါသိကတို့ထက် အာဂန္တုကတို့က ပိုလွန်ကုန်သည်။ သစေ (ဟောန္တိ)၊ အကယ်၍ ဖြစ်ကုန်အံ့။ (ဧဝံ သတိ၊ ဤသို့ ဖြစ်ကုန်လသော်။) ပုရိမာ၊ ရှေးဖြစ်သော အာဝါသိကရဟန်းတို့သည်။ တေသံ၊ ထိုအာဂန္တုက ရဟန်းတို့၏။ အနုဝတ္တန္တု၊ အယ္ဟသို့ အစဉ်လိုက်ကုန်လော့။ သေသေပိ၊ ကြွင်းသော ဝါရဉ်လည်း။ အယံ နယော၊ ဤနည်းတည်း။ (ဝိ ပါ ၃ - ၁၈၄)

၄၁၇။ ပါဠိပဒေါဝါသိကာနံ၊ ဣတရာနံ ဥပေါသထော။
သမထောကာနံ သာမဂ္ဂိံ၊ မူလဋ္ဌာ ဒေန္တု ကာမတော။

၄၁၇။ အာဝါသိကာနံ၊ အာဝါသိကရဟန်းတို့၏။ ပါဠိပဒေါ၊ အထုက် တရက်နေ့သည်။ ဣတရေသံ၊ အာဝါသိကမှတပါးသော အာဂန္တုကရဟန်းတို့၏။ ဥပေါသထော၊ ဥပုသ်နေ့သည်။ (သစေ ဟောတိ၊ အကယ်၍ ဖြစ်အံ့။ ဧဝံ သတိ၊ ဤသို့ ဖြစ်လသော။) သမထောကာနံ၊ အာဝါသိကနှင့်တူမျှသောအာဂန္တုက, အာဝါသိကအောက် နည်းကုန်သော အာဂန္တုကတို့အား။ မူလဋ္ဌာ၊ မူလအရပ်၌တည်ကုန်သော အာဝါသိက ရဟန်းတို့သည်။ သာမဂ္ဂိံ၊ ကာယသာမဂ္ဂိကို။ ကာမတော၊ မိမိအလိုအားဖြင့်။ ဒေန္တု၊ ပေးကြလော့။ (ဝိ ပါ ၃- ၁၈၄)

အာဂန္တုကတို့က အာဝါသိကတို့၏ အလိုလိုက်၍ စာတုဒ္ဒသီဥပုသ် ပြုရခြင်း, အာဂန္တုကတို့က များနေလျှင် အာဝါသိကတို့က အာဂန္တုကတို့၏ အလိုသို့လိုက်၍ ပန္နရသီဥပုသ် ပြုရခြင်းကို နည်းမှီး၍ သိပါ။

ပါဠိပဒေါ၊ ပေ၊ ကာမတော။ ။အာဝါသိကတို့ အတွက် လပြည့်ကျော် (သို့မဟုတ် လကွယ်ပြီး၍ နေ့က်) ၁-ရက်သည် အာဂန္တုက ရဟန်းတို့

၎၁၈။ ဗဟိ ဂန္ဆွာန ကာဘဗ္ဘေဝ၊ နော စေ ဒေန္တိ ဥပေါသထေဝ။
ဒေယျာနိစ္ဆာယ သာမဂ္ဂိ၊ ဗဟူသု ဗဟိ ဝါ ဝဇေ။

၎၁၈။ (သာမဂ္ဂိ ံ၊ သာမဂ္ဂိကို။) နော စေ ဒေန္တိ၊ အာကယ်၍ မပေး ကုန်အံ့။ (ဧဝံ သဘိ၊ ဤသို့ မပေးကုန်လသော်။အာဂန္တုကေဟိ၊ အာဂန္တုက ရဟန်းတို့သည်။) ဗဟိ၊ ဥပစာရ သိမ်ပြင်ပသို့။ ဂန္ဆွာန၊ သွား၍။ ဥပေါသထေဝ၊ ဥပုသ်ကို။ ကာဘဗ္ဘေဝ၊ ပြုထိုက်၏။ ဗဟူသု၊ အာဂန္တုကဘိုက များကုန်လသော်။ အနိစ္ဆာယ၊ သာမဂ္ဂိမပေးလိုဘဲလည်း။ သာမဂ္ဂိ၊ သာမဂ္ဂိကို။ ဒေယျာ၊ ပေးထိုက်၏။ ဝါ၊ သို့မဟုတ်။ ဗဟိ၊ သိမ်ပြင်ပသို့။ ဝဇေ၊ ထွက် သွားရာ၏။ (ဝိ ပါ ၃- ၁၈၄-၅)

အတွက် ဥပုသ်နေ့ဖြစ်အံ့၊ ထိုသို့ဖြစ်ရာ၌ အာဂန္တုကတို့က သမ သို့မဟုတ် ထောက ဖြစ်နေပါမူ အာဝါသိက ရဟန်းတို့သည် (မဟာသိမ် တသိမ်တည်း၌) သာမဂ္ဂိပေးလိုက ပေးနိုင်, မပေးဘဲ နေလိုက နေနိုင်၏၊ အာဝါသိကတို့မှာ သာမဂ္ဂိမပေးခြင်းကြောင့် အာပတ်မသင့်ပါ–ဟူလို။

ဗဟိ၊ ပေ၊ ဥပေါသထေဝ။ ။အာဝါသိက သာမဂ္ဂိမပေးလျှင် ဝဂ္ဂကံဖြစ်စရာ ရှိသောကြောင့် အာဂန္တုကတို့သည် ထို မဟာသိမ်၌ ဥပုသ်မပြုဘဲ သိမ်ပြင်သို့ သွား၍ အခြားသိမ်–ဥဒကုက္ခေပသိမ်တို့၌ ဥပုသ်ပြုကြရမည်။

ဒေယျာ၊ ပေ၊ ဝဇေ။ ။ထိုသို့ ဥပုသ်နေ့-အထွက်တရက်နေ့ ကဲ့ရာ၌ အကယ်၍ အာဂန္တုကတို့က အာဝါသိကတို့ထက် များနေပါမူ အာဝါသိကဘို့သည် သာမဂ္ဂိမပေးလိုသော်လည်း ပေးကြရမည်၊ သို့မဟုတ် အာဂန္တုကတို့၏ ကံပြုရာ၌ ဝဂ္ဂကံ မဖြစ်အောင် မိမိတို့က မဟာသိမ်၏ ပြင်ဖက်သို့ သွားနေကြရမည်။

မှတ်ချက်။ ။ဤ စကားသည် မဟာသိမ်သာ ရှိ၍ ခဏ္ဍသိမ် မရှိရာ၌ အစီအစဉ် ဖြစ်၏၊ ခဏ္ဍသိမ်ရှိလျှင်ကား ကံပြုသော ပုဂ္ဂိုလ်တို့ကသော်လည်း ခဏ္ဍသိမ်သို့သွား၍ ပြုနိုင်သည်၊ အာဝါသိကတို့ကသော်လည်း ခဏ္ဍသိမ်ထည်း၌ နေနိုင်ပါသည်။

၄၁၉။ ပါဠိပဒေဂန္ဓကာနံ၊ ဧဝမေဝ အယံ နယော။
သာဝေယျ သုတ္တံ သဉ္ဇိစ္စ၊ အသာဝေန္တသ္မ ဒုက္ကဋံ။

၄၁၉။ အာဂန္တုကာနံ၊ အာဂန္တုကရဟန်းတို့၏။ ပါဠိပဒေ၊ အထွက် တရက်နေ့ဖြစ်ရာ၌။ ဧဝမေဝ၊ ဤအဘူသာလျှင်။ အယံ နယော၊ ဤနည်း သည်။ (ဟောတိ၊ ဖြစ်၏။) သုတ္တံ၊ ပါတိမောက် ပါဠိတော်ကို။ သာဝေယျ၊ ကြားစေရာ၏။ ဝါ၊ ကြားအောင် ရွတ်ရာ၏။ သဉ္ဇိစ္စ၊ သညာနှင့်တကွ စေဘနာဖြင့် စေ့ဆော်၍။ အသာဝေန္တသ္မ၊ မကြားစေသော ရဟန်း၏။ ဝါ၊ ကြားအောင်မရွတ်သော ရဟန်း၏။ ဒုက္ကဋံ၊ ဒုက္ကဋ်အာပတ်သည်။ (ဟောတိ၊ ဖြစ်၏။) (ဝိ ပါ ၃- ၁၅၅)

ပါဠိပဒေ၊ပေါနယော။ ။အာဂန္တုကတို့က အထွက်တရက်နေ့ဖြစ်၍ အာဝါသိကတို့က လပြည့် (လကွယ်) ဥပုသ်နေ့ ဖြစ်ရာ၌လည်း ဤနည်းအတိုင်း ကျင့်ရသည်။ [အာဂန္တုကတို့က သမ, ထောကဖြစ်လျှင် အာဂန္တုကတို့က အာဝါသိကတို့၏ ဥပုသ်ကံ၌ သာမဂ္ဂီ ပေးရမည်၊ မပေးလိုလျှင် သိမ်ပြင်သို့ သွားနေရမည်၊ အာဂန္တုကတို့က ဗဟုတရဖြစ်လျှင်ကား ပေးလိုလျှင်ပေး, မပေးလိုလျှင် မပေးဘဲ နေနိုင်၏၊ မပေးလျှင် အာဝါသိကတို့က မဟာသိမ် ကျောင်းတိုက်မှ အပြင်သို့ သွား၍ ဥပုသ်ပြုရမည်–ဟူလို။]

သာဝေယျ၊ပေ၊ဒုက္ကဋံ။ ။ပါတိမောက် ရွတ်ပြသော ရဟန်းသည် သံဃာ အားလုံး ကြားစေရ (ကြားအောင် ကြိုးစား၍ရွတ်ရ) မည်၊ တမင်လျှော် မကြားအောင် ရွတ်လျှင်ကား ဒုက္ကဋ် အာပတ်သင့်၏။

၄၂၀။ သမ္မဇ္ဇိတုံ ပဒီပေဘုံ၊ ပညပေတုံ ဒကာသနံ။
နှ ကရေယျ တထာ ကလ္လော၊ မဟာထေရေန ပေသိတော။

၄၂၀။ သမ္မဇ္ဇိတုံ၊ တံမြက်လှည်းခြင်းငှါငင်း။ ပဒီပေတုံ၊ မီးကို ပြုခြင်းငှါငင်း။ ဝါ၊ မီးထွန်းခြင်းငှါငင်း။ ဒကာသနံ၊ (ဒက+အာသနံ)၊ သောက်ရေသုံးရေ နေရာကို။ ပညပေဘုံ၊ တည်ထားခြင်း ခင်းထားခြင်းငှါငင်း။ မဟာထေရေန၊ မဟာထေရ်သည်။ ပေသိတော၊ စေခိုင်းအပ်သော ရဟန်းသည်။ ကလ္လော၊ ကျန်းမာသည်။ (သမာနော၊ ဖြစ်ပါလျက်။) နှ ကရေယျ၊ မပြုအံ့၊ တထာ၊ ထို့အတူ ဒုက္ကဋ်အာပတ်သည်။ (ဟေးဘီ၊ ဖြစ်၏။) (ဝိ ပါ ၃-၁၅၈-၉-၁၆၀)

၄၂၁။ သမ္မဇ္ဇိတ္ဝာ ပဒီပေတ္ဝာ၊ ပဋ္ဌပေတ္ဝာ ဒကာသနံ။
ဂဏ္ဍုတ္တိံ ဌပေတွေဝံ၊ ကတ္တဗ္ဗော တီဟုပေါသထော။
“သုဏာန္တု မေ အာယသ္မန္တာ၊ အဇ္ဇုပေါသထော ပန္နရသော။
ယဒါယသ္မန္တာနံ ပတ္တကလ္လံ၊ မယံ အညမညံ ပါရိသုဒ္ဓိဥပေါသထံ
ကရေယျာမာ”တိ။

၄၂၁။ သမ္မဇ္ဇိတ္ဝာ၊ တံမြက်လှည်းပြီး၍ငင်း။ ပဒီပေတ္ဝာ၊ မီးထွန်းပြီး၍ငင်း။ ဒကာသနံ၊ သောက်ရေ သုံးရေ နေရာကို။ ပဋ္ဌပေတ္ဝာ၊ တည်ထား

သမ္မဇ္ဇိတုံ၊ ပေ၊ ပေသိတော။ ။ဥပုသ်ပြုရာနေ့၌ တံမြက်လှည်းမှု စသည်ကို ပြုဘို့ရန် ထေရ်ကြီး (အကြီးဆုံးတေရ်) သည် သီတင်းငယ်တို့အား စေခိုင်းရသည်၊ ထိုသို့ စေခိုင်းအပ်သော ရဟန်းသည် ကျန်းမာလျှင် တံမြက်လှည်းမှု စသည်ကို မပြုဘဲ မနေရ, မပြုလျှင် ဒုက္ကဋ်အာပတ်သင့်၏။ [နှ ဘိက္ခဝေ ထေရေန အာဏတ္တေန အဂိလာနေန နှ သမ္မဇ္ဇိတဗ္ဗံ၊ ပေ၊ ဒုက္ကဋသ္သ၊ —ဥပေါသထက္ခန္ဓက။]

သမ္မဇ္ဇိတ္ဝာ စသည်။ ။ဤ ၄၂၁, ၂, ၃,–တို့သည် ၃–ပါးသာ ရှိသော ကျောင်းတိုက်ဝယ် ဂဏဥပုသ်ပြုပုံကိုပြသော စကားရပ်တို့တည်း၊ ဂဏဥပုသ်

ခင်းထားပြီးချင်း။ တီဟိ၊ သုံးပါးသော ရဟန်းတို့သည်။ ဧဝံ၊ ဤဆိုအပ်လတံ့သည့် အတိုင်း။ ဂဏဉ္ဇတ္တိံ၊ ဂဏဉ္ဇတ်ကို။ ဌပေတွာ၊ ထား၍။ ဥပေါသထော၊ ဥပုသ်ကို။ ကတ္တဗ္ဗော၊ ပြုထိုက်၏။ (ကိံ၊ အဘယ်သို့ဥတ်ထား၍ပြုထိုက်သနည်း။) "သုဏာတု၊ မေ၊ပေ၊ကရေယျာမာ" တိ၊သုဏာတု၊ မေ၊ ပေ၊ ကရေယျာမ ဟူ၍။ (ဂဏဉ္ဇတ္တိံ၊ ဂဏဉ္ဇတ်ကို။ ဌပေတွာ၊ ထား၍။ ဥပေါသထော၊ ဥပုသ်ကို။ ကတ္တဗ္ဗော၊ ပြုထိုက်၏။) [အာယသ္မန္တာ၊ အရှင်တို့။ မေ၊ တပည့်တော်၏စကားကို။ သုဏန္တု၊ နားစိုက်တော်မူကြပါကုန်။ အဇ္ဇ၊ ယနေ့သည်။ ပန္နရသော၊ တဆယ့်ငါးရက်မြောက်သော။ ဥပေါသထော၊ ဥပုသ်နေ့ပါတည်း။ အာယသ္မန္တာနံ၊ အရှင်ဘုရားတို့၏။ (ကမ္မံ၊ ဥပုသ်ကံသည်။) ပတ္တကလ္လံ၊ လျောက်ပတ်သော အခါရှိသည်။ ယဒိ သိယာ၊ အကယ်၍ ဖြစ်အံ့။ (ဧဝံ သတိ၊ ဤသို့ ဖြစ်လသော်။) မယံ၊ တပည့်တော်တို့သည်။ အညမညံ၊ အချင်းချင်း။ ပါရိသုဒ္ဓိဥပေါသထံ၊ ပါရိသုဒ္ဓိဥပုသ်ကို။ ကရေယျာမ၊ ပြုကြပါကုန်စို့။]....(ဝိ ပါ ၃- ၁၆၈)

၄၂၂။ ကေသံ စိဝရံ ကတ္တာ၊ နိသီဒိတ္တာ ဥက္ကုဋိကံ။
ထေရေန အဉ္ဇလိံ တေဝံ၊ ပဂ္ဂယှ သမုဒီရိယာ။
"ပရိသုဒ္ဓါ အဟံ အာဝုသော၊ ပရိသုဒ္ဓါတိ မံ ဓာရေထာ" တိ၊
ဝေဒေ ယာဝတတိယကံ။

၄၂၂။ ကေသံ၊ တခုသော လက်ဝဲအဘို့၌။ ဝါ၊ လက်ဝဲတဖက် ပခုံးထက်၌။ စီဝရံ၊ သင်္ကန်းကို။ ကတ္တာ၊ ပြု၍။ တနည်း၊ ကေသံ စီဝရံ ကတ္တာ၊

ပြုရာ၌လည်း တံမြက်လှည်းမှုကိုဂုဏ်း နေရောင် မရှိလျှင် မီးထွန်းမှုကိုဂုဏ်း နေရာခင်းမှုကိုဂုဏ်း အဝေးက အာဂန္တုက များလာလျှင် အဆင်သင့်ဖြစ်ဘို့ရာ သောက်ရေ သုံးရေ တည်ထားမှုကိုဂုဏ်း ပြုရသေးသည်။ ထို ၃-ပါးတွင် တပါးက ဂဏဉ္ဇတ်ထားပုံကို ပါဠိအတိုင်း သိပါ။

လက်ကတော့ဘင်၍။ ဥက္ကုဋ္ဌိကံ၊ ဆောင့်ကြောင့်။ နိသီဒိတ္ဝာ၊ ထိုင်၍။ ထေရေန၊ ထေရ်သည်။ အဥ္ဇလိံ၊ လက်အုပ်ကို။ ပဂ္ဂယှ၊ ချီမြှောက်၍။ တေ၊ ထိုသီဘင်းငယ်ဘို့ကို။ ဧဝံ၊ ဤဆို အပ်လတ္တံသည့်အဘိုင်း။ သမုဒီရိယာ၊ မြွက်ဆိုထိုက်ကုန်၏။ (ကိံ၊ အဘယ်သို့ မြွက်ဆိုထိုက်ကုန်သနည်း။) "ပရိ-သုဒ္ဓေါ၊ ပေ၊ ဓာရေထာ"တိ၊ ပရိသုဒ္ဓေါ၊ ပေ၊ ဓာရေထ ဟူ၍။ သမုဒီရိယာ၊ မြွက်ဆိုထိုက်ကုန်၏။ ဣဘိ၊ ဤသို့။ ယာဝဘတိယကံ၊ ၃-ကြိမ်တုံင်အောင်။ ဝဒေ၊ ဆိုရာ၏။ [အာဝုသော၊ ငါ့ရှင်တို့။ အဟံ၊ ငါသည်။ ပရိသုဒ္ဓေါ၊ အာပတ်မှ စင်ကြယ်ပါ၏။ မံ၊ ငါ့ကို။ ပရိသုဒ္ဓေါတိ၊ အာပတ်မှ စင်ကြယ်သူဟူ၍။ ဓာရေထ၊ မှတ်ကြကုန်လော့။....အကြီးဆုံးပုဂ္ဂိုလ်၏ ပါရိသုဒ္ဓိ-ဥပုသ်ပြုပုံကို ပြသောကြောင့် "အဟံ အာဝုသော"ဟု ဆိုသည်။] ....
(ဝိ ပါ ၃- ၁၆၈)

၄၂၃။ သမတ္တပုဗ္ဗာရမ္ဘေန၊ တေ နဝေနဝမိရိယာ။
"ပရိသုဒ္ဓေါ အဟံ ဘန္တေ၊ ပရိသုဒ္ဓေါတိ မံ ဓာရေထာ"တိ၊
ဝဒေ ယာဝတတိယကံ။

၄၂၃။ သမတ္တပုဗ္ဗာရမ္ဘေန၊ ပြီးပြီးသော ပုဗ္ဗကိစ္စရှိသော။ နဝေန၊ သီတင်းငယ်သည်။ တေ၊ ထိုရဟန်း ၂-ပါးတို့ကို။ ဧဝံ၊ ဤဆိုအပ်လတ္တံသည့်အတိုင်း။ ဣရိယာ၊ မြွက်ဆိုလျှောက်ထားထိုက်ကုန်၏။ (ကိံ၊ အဘယ်သို့ မြွက်ဆိုလျှောက်ထားထိုက်ကုန်သနည်း။) "ပရိသုဒ္ဓေါ၊ ပေ၊ ဓာရေထာ"တိ၊ ပရိ-သုဒ္ဓေါ၊ ပေ၊ ဓာရေထ ဟူ၍။ (ဣရိယာ၊ မြွက်ဆိုလျှောက်ထားထိုက်ကုန်၏။

သမတ္တပုဗ္ဗာရမ္ဘေန။ ။"ပရိသုဒ္ဓေါ အဟံ ဘန္တေ"ဟု မဆိုမီ ချေအဘို့၌ အားထုတ်ပြုလုပ်ထိုက်သော လက်ကတော့တင်မှု, လက်အုပ်ချီမှုကို "ပုဗ္ဗာရမ္ဘ"ဟု ခေါ်၏။ ထိုအလုပ်မျိုးကို ပြုလုပ်ပြီးသည်ကို "သမတ္တ"ဟု ဆိုသည်၊ ဆိုလိုရင်းကား—"လက်ကတော့တင်၍ လက်အုပ်ချီပြီးလျှင် 'ပရိသုဒ္ဓေါ အဟံ ဘန္တေ'စသော ဥပုသ်ပြုကြောင်းစကားကို ၃-ကြိမ်ဆိုပါ"ဟူလို။

ကွတိ၊ ဤသို့။) ယာဝတတိယကံ၊ ၃-ကြိမ်တိုင်အောင်။ ဝဒေ၊ လျှောက်ထား ရာ၏။ [အငယ် ၂-ပါးတွင် တပါး၏ ပါရိသုဒ္ဓိ ဥပုသ်ပြုပုံကိုပြသောကြောင့် "အဟံ ဘန္တေ"ဟု ဆိုသည်။] (ဝိ ပါ ၃- ၁၆၈)

၎၂၄။ ဒ္ဒိသု ထေရေန ကတ္တာဗ္ဗံ၊ တတော့ဝမိရိယော နဝေါ။
"ပရိသုဒ္ဓေါ အဟံ အာဝုသော၊ ပရိသုဒ္ဓေါတိ မံ ဓာရေထာ"တိ တိက္ခတ္တုံ ဝတ္တဗ္ဗော။

၎၂၄။ ဒ္ဒိသု၊ ၂-ပါးသော ရဟန်းတို့တွင်။ ထေရေန၊ ထေရ်သည်။ ကတ္တာဗ္ဗံ၊ ပြုထိုက်သော ပုဗ္ဗကိစ္စ စသည်ကို။ ကတ္တာ၊ ပြုပြီး၍။ နဝေါ၊ သီတင်းငယ်ကို။ ဧဝံ၊ ဤဆိုအပ်လတ္တံ့သည့်အတိုင်း။ ဤရိယော၊ ပြောဆိုထိုက်၏။ (ကိုဝ်၊ အဘယ်သို့ပြောဆိုထိုက်သနည်း။) "ပရိသုဒ္ဓေါ၊ ပေ၊ ဓာရေဟိ ဟူ၍။ ဤရိယော၊ ပြောဆိုထိုက်၏။ ဤတိ၊ ဤသို့။ တိက္ခတ္တုံ၊ ၃-ကြိမ်။ ဝတ္တဗ္ဗော၊ ပြောဆိုထိုက်၏။ (ဝိ ပါ ၃- ၁၆၇-၈)

၎၂၅။ နဝေန ထေရော တိက္ခတ္တုံ၊ ဧဝမဿ ဥဒီရိယော။
"ပရိသုဒ္ဓေါ အဟံ ဘန္တေ၊ ပရိသုဒ္ဓေါတိ မံ ဓာရေထာ" တိ။

၎၂၅။ နဝေန၊ သီတင်းငယ်သည်။ ထေရော၊ ထေရ်ကို။ တိက္ခတ္တုံ၊ ၃-ကြိမ်။ ဧဝံ၊ ဤဆိုအပ်လတ္တံ့သည့်အတိုင်း။ ဥဒီရိယော၊ ပြောဆိုလျှောက်ထား ထိုက်သည်။ အဿ၊ ဖြစ်၏။ (ကိုဝ်၊ အဘယ်သို့ပြောဆို လျှောက်ထား ထိုက်သနည်း။) "ပရိသုဒ္ဓေါ၊ ပေ၊ ဓာရေထာ"တိ၊ ပရိသုဒ္ဓေါ၊ ပေ၊

ဒ္ဒိသု ထေရေန။ ။ဥ တ်မထားဘဲ ၂-ပါးအချင်းချင်း ပါရိသုဒ္ဓိဥပုသ် ပြုရာဝယ် အကြီးကပြုပုံကိုပြသော ဂါထာတည်း၊ "ကတ္တာဗ္ဗံ ကတ္တာ"ဟု ဆိုသောကြောင့် သမ္မဇ္ဇနီ, ပဒီပစသော ပြုဘွယ်များကို ပြုရမည်၊ ထို့နောက် လက်ကတော့တင်မှ ဆောင့်ကြောင့်ထိုင်မှုကိုပြု၍ "ပရိသုဒ္ဓေါ အဟံ အာဝုသော" စသောစကားကို ၃-ကြိမ်ဆိုရမည်၊ "ပရိသုဒ္ဓေါ" ဟု ဆိုသောကြောင့် အာပတ် ရှိလျှင် စင်ကြယ်အောင်ပြုပြီး , ထင်စွာပြုပြီး ဖြစ်စေရမည်။

ဓာရေထဟူ၍။ ဥဒိရိယော၊ ပြောဆိုလျှောက်ထားထိုက်သည်။ အာဿ၊ ဖြစ်၏။ [သီတင်းငယ်က ပါရိသုဒ္ဓိ ဥပုသ်ပြုပုံကိုပြသော ဂါထာတည်း။] .... (ဝိ ပါ ၃ - ၁၆၇-ဂ)

၄၂၆။ ပဋ္ဌကိစ္စံ သမာပေတ္ဝာ၊ အခိဋ္ဌေယျဝမေကကော။

"အဇ္ဇ မေ ဥပေါသထော ပန္နရသော တိ ဝါ
စာတုဒ္ဒသော တိ ဝါ အခိဋ္ဌာမိ" တိ ဝတ္တာဗ္ဗံ၊
နော စေခိဋ္ဌေယျ ဒုက္ကဋံ။

၄၂၆။ ပဋ္ဌကိစ္စံ၊ ပြုသင့်သမျှ ပဋ္ဌကိစ္စကို။ သမာပေတ္ဝာ၊ ပြီးစီးစေ၍။ ဧကော၊ တပါးသောရဟန်းသည်။ ဧဝံ၊ ဤဆိုအပ်လတ္တံသည့်အတိုင်း။ အခိဋ္ဌေယျ၊ အခိဋ္ဌာန်ရာ၏။ (ကိံ၊ အဘယ်သို့ အခိဋ္ဌာန်ရာသနည်း။) အဇ္ဇ၊ ယနေ့သည်။ မေ၊ ငါ၏။ ပန္နရသော၊ တဆယ့်ငါးရက်မြောက်သော။ ဥပေါသထော၊ ဥပုသ်နေ့တည်း။ ဣတိ၊ ဤသို့။ အခိဋ္ဌာမိ၊ အခိဋ္ဌာန်ပါ၏။ ဣတိ ဝါ၊ ဤသို့သော်၎င်း။ အဇ္ဇ၊ ယနေ့သည်။ မေ၊ ငါ၏။ စာတုဒ္ဒသော၊ တဆယ့်လေးရက်မြောက်သော။ ဥပေါသထော။ ဥပုသ်နေ့တည်း။ ဣတိ၊ ဤသို့။

ပဋ္ဌကိစ္စံ သမာပေတ္ဝာ။ ။တပါးတည်းရှိသော်လည်း "သမ္ဗဇ္ဈနီ ပဒီပေါ" စသော ပဋ္ဌကရဏကို ပြုရ၏၊ အကယ်၍ အာဂန္တုကမျှားလာလျှင် အဆင်သင့် ဖြစ်ဘို့ရန် သောက်ရေ သုံးရေမျှားကိုလည်း နဂိုရိုက မရှိလျှင် ခပ်ထားရမည်။

သမာပေတ္ဝာ။ ။"သမ္မာဒေတ္ဝာ" ဟု မူကဲ့ရှိ၏၊ အဓိပ္ပါယ်မပျက်သော်လည်း "သမတ္တပဋ္ဌာရမ္ဘေန" ဟု (၄၂၃)ဂါထာ၌ ဆိုခဲ့သောကြောင့် "သမာပေတ္ဝာ" ဟုရှိမှ ကျမ်းဆရာ၏အလိုကျမည်၊ သမတ္တ၌ သံရှေးရှိသော အပဓာတ်ဖြစ်သကဲ့သို့ ဤ၌လည်း သံရှေးရှိသော အပဓာတ်ပင်တည်း၊ ကာရိတ် ဏာပစ္စည်းကြောင့် အာဝုဒ္ဓိပြု၍ "သမာပေတ္ဝာ" ဟု ဖြစ်ရသည်၊ ဤ၌ "သမာပေတ္ဝာ" ဟု ရှိသကဲ့သို့ ပါတိမောက် နိဒါနုဒ္ဒေသ၌လည်း "ပဋ္ဌကရဏ ပဋ္ဌကိစ္စာနိ သမာပေတ္ဝာ၊ ပေ၊ အာရာဓနံ ကရောမ" ဟု ရှိရသည်။

အဓိဋ္ဌာမိ၊ အဓိဋ္ဌာန်ပါ၏။ ဣတိ ဝါ၊ ဤသို့သော်ဎင်း။ ဝတ္တုဗ္ဗံ၊ ဆိုထိုက်၏။ နော စေဓိဋ္ဌေယျ။ အကယ်၍ မဓိဋ္ဌာန်အံ့။ ဒုက္ကဋံ၊ ဒုက္ကဋ်အာပတ်သည်။ ဟောတိ၊ ဖြစ်၏။ [တပါးတည်းရှိသောကျောင်းတိုက်၌ အဓိဋ္ဌာန် ဥပုသ် ပြုပုံကိုပြသော ဂါထာတည်း။ ၁၅-ရက် ဥပုသ်၌ "အဇ္ဇ မေ ဥပေါသထော ပန္နရသော၊ ယနေ့ ငါ့အတွက် ပန္နရသီဥပုသ်ဖြစ်သည်"ဟု ပါဋိလိုဖြစ်စေ မြန်မာလိုဖြစ်စေ ဆို၍ မိဋ္ဌာန်ရသည်။ ၁၄-ရက် ဥပုသ်နေ့၌ "စာတုဒ္ဒသော" ဟု လဲလှယ်၍ ဆိုပါ။].... (ဝိ ပါ ၃ - ၁၆၇-ဂ)

၄၂၇။ ယတ္ထ ဝသန္တိ စတ္တာရော၊ တယော ဝါ ယဒိ ဝါ ဒုဝေ။
ပါရိသုဒ္ဓိံ ဟရိတ္ဝာန၊ ဧကေကဿိတရိတရေ။
တံ တံ ဥပေါသထံ ကယိရုံ၊ သိယာ အာပတ္တိ ဒုက္ကဋံ။

၄၂၇။ ယတ္ထ၊ အကြင်ကျောင်းတိုက်၌။ စတ္တာရော ဝါ၊ ၄-ပါးသောရဟန်းတို့သည်သော်ဎင်း။ တယော ဝါ၊ ၃-ပါးသောရဟန်းတို့သည်သော်ဎင်း။ ဒုဝေ ဝါ၊ ၂-ပါးသော ရဟန်းတို့သည်သော်ဎင်း။ ယဒိ ဝသန္တိ၊ အကယ်၍ နေကုန်အံ့။ (ဧဝံ သတိ၊ ဤသို့နေကုန်လသော်။) ဧကေကဿ၊ တပါးတပါးသော ရဟန်း၏။ ပါရိသုဒ္ဓိံ၊ ပါရိသုဒ္ဓိကို။ ဟရိတ္ဝာန၊ ဆောင်၍။ တံ တံ ဥပေါသထံ၊ ထိုထို ဥပုသ်ကို။ ကယိရုံ၊ ပြုကုန်အံ့။ ဒုက္ကဋံ၊ ဒုက္ကဋ်အာပတ်သို့။ အာပတ္တိ၊ ရောက်ခြင်းသည်။ သိယာ၊ ဖြစ်၏။ (ဝိ ပါ ၃ - ၁၆၈)

ယတ္ထ၊ပေါ၊ဒုဝေ။ ။ကျောင်းတိုက်တတိုက်၌ သံဃာ ၄-ပါးရှိ၏၊ ထိုအခါ တပါး၏ ပါရိသုဒ္ဓိကိုဆောင်၍ ၃-ပါးသည် သံဃဥပုသ်ပြုလျှင် ဒုက္ကဋ်အာပတ်သင့်၏၊ ဘာ့ကြောင့်နည်း....ရဟန်း ၃-ပါး, ၂-ပါး, ၁-ပါးထံသို့ ပါရိသုဒ္ဓိမလိုက်သောကြောင့်တည်း၊ [ပါရိသုဒ္ဓိဆောင်၍ ၃-ပါးက ဂဏဉတ်ထားရာ၌လည်း ဝဂ္ဂကံဖြစ်သောကြောင့် အဓမ္မကံပင်တည်း။] ထိုအတူ ၃-ပါးရှိသော ကျောင်းတိုက်၌ ၁-ပါး၏ ပါရိသုဒ္ဓိကိုဆောင်၍ ပါရိသုဒ္ဓိဥပုသ်ပြုရာ၌ဎင်း ၂-ပါးရှိရာ၌ တပါး၏ ပါရိသုဒ္ဓိကိုဆောင်၍ တပါးတည်း အဓိဋ္ဌာန်ဥပုသ်ပြုရာ၌ဎင်း ဒုက္ကဋ်ပင်

၄၂၈။ ဝဂ္ဂေ သမဂ္ဂေ ဝဂ္ဂေါတိ၊ သညိနော **ဝိမ**တိဿ ဝါ။
ဒုက္ကဋံ ကရောတော ဘေဒါ-ဓိပ္ပါယေန ထုလ္လစ္စယံ။
ဝဂ္ဂေ သမဂ္ဂေနာပတ္တိ၊ သမဂ္ဂေါက္ကတိ သညိနော။

၄၂၈။ ဝဂ္ဂေ၊ ဝဂ်ဖြစ်သောသံဃာ၌ဋ္ဌင်း။ သမဂ္ဂေ၊ ညီညွတ်သောသံဃာ၌ဋ္ဌင်း။ ဝဂ္ဂေါတိ သညိနော၊ ဝဂ်ဟုအမှတ်ရှိသည်ဖြစ်၍သော်ဌင်း။ ဝိမတိဿ ဝါ၊ ယုံမှားခြင်းရှိသည်ဖြစ်၍ သော်ဌင်း။ ကရောတော၊ ဥပုသ်ပြုသော သံဃာ၏။ ဒုက္ကဋံ၊ ဒုက္ကဋ်အာပတ်သည်။ (ဟောတိ၊ ဖြစ်၏။) ဘေဒါဓိပ္ပါယေန၊ ကဲ့ပြားခြင်း၌ဖြစ်သောအလိုဖြင့်။ ဝါ၊ ကဲ့ပြားစေလိုသဖြင့်။ ကရောတော၊ ဥပုသ်ပြုသော သံဃာ၏။ ထုလ္လစ္စယံ၊ ထုလ္လစ္စဉ်းအာပတ်သည်။ (ဟောတိ၊ ဖြစ်၏။) ဝဂ္ဂေ၊ ဝဂ်ဖြစ်သော သံဃာ၌ဋ္ဌင်း။ သမဂ္ဂေ၊ ညီညွတ်သော သံဃာ၌ဋ္ဌင်း။ သမဂ္ဂေါက္ကတိ သညိနော၊ ညီညွတ်၏ဟု အမှတ်ရှိသည်ဖြစ်၍။ ကရောတော၊ ဥပုသ်ပြုသော သံဃာ၏။ အနာပတ္တိ၊ အနာပတ်သည်။ (ဟောတိ၊ ဖြစ်၏။)
(ဝိ ပါ ၃-၁၇၆-၇-ဂ-၉-၁ဂဝ)

တည်း။[တတြ ဘိက္ခဝေ ယတ္ထ စတ္တာရော ဘိက္ခူ။ ဝိဟရန္တိ၊ န ဧကဿ ပါရိသုဒ္ဓိံ အာဟာရိတ္ဝာ တီဟိ ပါတိမောက္ခံ ဥဒ္ဒိသိတဗ္ဗံ၊ ပေ၊ တယော ဘိက္ခူ။ ဝိဟရန္တိ၊ န ဧကဿ ပါရိသုဒ္ဓိံ အာဟာရိတ္ဝာ ဒ္ဝီဟိ ပါရိသုဒ္ဓိဥပေါသထော ကာတဗ္ဗော၊ ပေ၊ ဒ္ဝေ ဘိက္ခူ။ ဝိဟရန္တိ၊ န ဧကဿ ပါရိသုဒ္ဓိံ အာဟာရိတ္ဝာ ဧကေန အဓိဋ္ဌာတဗ္ဗော၊ ပေ၊ ဒုက္ကဋဿ၊ – မဟာဝဂ္ဂ, ဥပေါသထက္ခန္ဓက။]

ဝဂ္ဂေ၊ ပေ၊ ကရောတော။ ။မဟာသိမ် ဖြစ်သော ကျောင်းတိုက် တရပ်၌ အချို့ပုဂ္ဂိုလ်များသည် ကံပြုရာသို့ မရောက်လာသောကြောင့် ဝဂ္ဂဖြစ်၏၊ သို့မဟုတ် အားလုံး လာသောကြောင့် သမဂ္ဂဖြစ်၏၊ ထိုသို့ဖြစ်ရာ၌ ကံပြုသော သံဃာသည် ဝဂ္ဂဟု အထင်ရှိ၍ဖြစ်စေ "ဝဂ္ဂလေလား, သမဂ္ဂလေလား"ဟု ယုံမှားသံသယရှိ၍ ဖြစ်စေ ကံပြုလျှင် ထိုသံဃာမှာ ဒုက္ကဋ် အာပတ် သင့်၏။

၄၂၉။ ဥက္ခိတ္တဿ ဂဟဋ္ဌဿ၊ သေသာနံ သဟဓမ္မိနံ။
ပါရာဇိကဿာဘဗ္ဗဿ၊ သိက္ခာနိက္ခိတ္တကဿ စ။

၄၃၀။ နိသိန္နပရိသာယဉ္စ၊ သဘာဂါပတ္တိကော တထာ။
ဆန္ဒေန ပရိဝုတ္ထေန၊ ပါတိမောက္ခံ န ဥဒ္ဒိသေ။

၄၂၉,၃၀။ ဥက္ခိတ္တဿ၊ ဥက္ခိတ္တကပုဂ္ဂိုလ် ၃-ယောက်၏ဂုဏ်း။ ဂဟဋ္ဌဿ၊ လူဝတ်ကြောင်၏ဂုဏ်း။ သေသာနံ၊ ဘိက္ခုမှ ကြွင်းကုန်သော။ သဟဓမ္မိနံ၊

မှတ်ချက်။ ။ဝေမတိကဖြစ်ရာ၌ ဥပေါသထကွန်က ပါဠိတော်ဝယ် ကပ္ပတိနုခေါ် အမှာကံ ဥပေါသထော ကာတုံ, နု နုံခေါ် ကပ္ပတိ–ငါတို့၏ ဥပုသ်သည် ပြုကောင်းလေသလော, မပြုကောင်းလေသလော”ဟု ယုံမှား သံသယဖြစ်ပုံကို ပြ၏၊ ထိုသို့ ယုံမှားခြင်းသည် “သမဂ္ဂလေလော, ဝဂ္ဂလေလော”ဟု ယုံမှားခြင်းနှင့် သဘောတူသောကြောင့် “ဝဂ္ဂေါ နုခေါ် သမဂ္ဂေါ နုခေါ်”ဟု ဋီကာ၌ ယုံမှားပုံကို ပြသည်။

ဘေဒါဓိပ္ပါယေန။ ။“ကံပြုရာသို့ မရောက်လာသေးသော အာဝါသိကများ ကျန်သေး၏”ဟု သိကြပါလျက် “ထိုကျန်သော ပုဂ္ဂိုလ်များသည် နာဿန္တေ ဝိနာဿန္တေ–ပျောက်ပျောက် ပျက်ပျက်”ဟု သဘောထားခြင်းကို “သံဃာ ကဲ့မှုကို ရှေးရှုခြင်း”ဟု ဆိုလိုသည်၊ ဤသို့ သံဃာကဲ့စေလိုသဖြင့် ကံပြုရာ၌ အကုသိုလ်စိတ်က အားကြီးသောကြောင့် ထုလ္လစ္စဉ်း အာပတ်ဟု ပညတ်တော်မူသည်။

အနာပတ္တိ၊ ပေ၊ သညိနော။ ။(အခြို အာဝါသိက တို့၏ ကံပြုရာသို့ မရောက်လာသေးသောကြောင့်) ဂဏကံ ဖြစ်နေပါသော်လည်း ကံပြုသော သံဃာက “သမဂ္ဂ”ဟု ထင်နေသောကြောင့် စိတ်ကောင်း စေတနာကောင်း ဖြင့် ကံပြုရကား “အနာပတ္တိ”ဟု မိန့်တော်မူသည်။ [(၄၁၄) ဂါထာ၌ ဤ အဓိပ္ပါယ်နှင့်စပ်၍ မှတ်ချက်ပြခဲ့ပြီ။]

ဥက္ခိတ္တဿ၊ပေ၊ ပရိသာယဉ္စ။ ။ဘိက္ခုမှ ကြွင်းသော သီတင်းသုံးဘော် ၄-ယောက်ကို “သေသသဟဓမ္မိ”ဟု ဆိုသည်၊ အချုပ်မှာ ဤဂါထာဖြင့် ဝဇ္ဇနီယ ပုဂ္ဂိုလ် ၂-ကျိပ်တယောက်ကို ဆိုလို၏၊ [ထိုဝဇ္ဇနီယ ၂-ကျိပ်တယောက်ကို ပါတိ

သီတင်းသုံးဘော် ၄-ယောက်တို့၏ငင်း။ ပါရာဇိကဿ၊ ပါရာဇိကကျသော ပုဂ္ဂိုလ်၏ငင်း။ အဘဗ္ဗဿ၊ အဘဗ္ဗပုဂ္ဂိုလ် တကျိပ်တယောက်၏ငင်း။ သိက္ခာနိက္ခိတ္တကဿ စ၊ ချအပ်သော သိက္ခာရှိသော ပုဂ္ဂိုလ်၏ငင်း။ ဝါ၊ သိက္ခာချပြီးသော ပုဂ္ဂိုလ်၏ငင်း။ နိသိန္နပရိသာယံ၊ ထိုင်နေရာပရိသတ်၌။ ပါတိမောက္ခံ၊ ပါတိမောက်ကို။ န ဥဒ္ဒိသေ၊ မရွတ်ပြရာ။ သဘာဂါပတ္တိကော စ၊ ဝတ္ထုသဘာဂ အာပတ်ရှိသော သံဃာသည်လည်း။ တထာ၊ ထို့အတူ။ ပါတိမောက္ခံ၊ ပါတိမောက်ကို။ န ဥဒ္ဒိသေ၊ မရွတ်ပြရာ။ ပရိဝုတ္ထေန၊ သုံးအပ်ပြီးသော။ ဝါ၊ သိုးလေပြီးသော။ ဆန္နေန၊ ဆန္နဖြင့်။ ပါတိမောက္ခံ၊ ပါတိမောက်ကို။ န ဥဒ္ဒိသေ၊ မရွတ်ပြရာ။ (ဝိ ပါ ၃- ၁၄၀- ၁၈၉-၁၉၀၊ ဝိဋ္ဌ ၃- ၂၂၄၊ ဝိ ပါ ၂- ၄၄၈၊ ဝိ ပါ ၄- ၄၂၄၊ ကင်္ခါ ဋ္ဌ- ၉၂-၃၄၈)

မောက် ဘာသာဋီကာ နိဒါနုဒ္ဒေသဋ္ဌ ပြထားပြီ။] ထိုသို့ ဝဇ္ဇနီယ ပုဂ္ဂိုလ်သည် သံဃာ၏ ဟတ္ထပါသ်၌ ရှိနေလျက် ပါတိမောက်ပြလျှင် "န ဘိက္ခဝေ ဘိက္ခု-နိယာ နိသိန္နပရိသာယ ပါတိမောက္ခံ ဥဒ္ဒိသိတဗ္ဗံ၊ ပေ၊ ဒုက္ကဋဿ" စသော ဥပေါသထက္ခန္ဓကပါဠိတော်အရ ဒုက္ကဋ်အာပတ်သင့်သည်။

သဘာဂါပတ္တိကော။ ။အာပတ်သင့်ခြင်း၏ အကြောင်းဝတ္ထုက ဝိကာလဘောဇနစသောအားဖြင့် တူလျှင် သဘာဂအာပတ်မည်၏၊ ထိုသဘာဂအာပတ်ရှိသော သံဃာသည် ပါတိမောက်ကို မရွတ်ပြရ၊ "ဥပုသ်မပြုရ" ဟူလို၊ မှန်၏- သဘာဂအာပတ်ရှိသော ရဟန်းအချင်းချင်း ဒေသနာမပြောရ, ဒေသနာမခံရ၊[န ဘိက္ခဝေ သဘာဂါ အာပတ္တိ ဒေသေတဗ္ဗာ၊ ပေ၊ ပဋိဂ္ဂဟေတဗ္ဗာ၊ ယော ပဋိဂ္ဂ-ဏှေယျ, အာပတ္တိ ဒုက္ကဋဿ-ဥပေါသထက္ခန္ဓက။]ထိုသို့ ဒေသနာမပြောကောင်း, မခံကောင်းလျှင် အာပတ်ရှိနေ၏၊ အာပတ် ရှိနေလျက်လည်း ပါတိမောက်ကို မနာကောင်း [န ဘိက္ခဝေ သာပတ္တိကေန ပါတိမောက္ခံ သောတဗ္ဗံ၊ ပေ၊ ဒုက္က-ဋဿ။ စုဋ္ဌဝဂ္ဂပါတိမောက္ခတ္ထပနက္ခန္ဓက။] ထို့ကြောင့် "တိုက်ရှိ သံဃာအားလုံး သဘာဂအာပတ်ရှိလျှင် ဥပုသ်မပြုကောင်း" ဟု အဓိပ္ပါယ်ကျရောက်လေသည်၊ ပြုကောင်းသောနည်းကို ဥပေါသထက္ခန္ဓက၌ငင်း ထို့မှတ်၍ ကင်္ခါအဋ္ဌကထာ နိဒါနုဒ္ဒေသအဖွင့်၌ငင်း ပြထားသည်။

၄၃၁။ အဒေဿယိတ္ထာနာပန္နံ၊ နာဝိကတ္ထာန ဝေမတိ ံ။
နုပေါသထေပိ ဝါ ကာတုံ-ပေါသထော နာ စ ကပ္ပတိ။

၄၃၁။ အာပန္နံ၊ သင့်ရောက်အပ်ပြီးသော အာပတ်ကို။ အဒေဿယိတ္ထာန၊ ဒေဿနာ မပြောမူ၍ဂုင်း။ ဝေမတိ ံ၊ တွေးတော ယုံမှားခြင်းရှိသော အာပတ်ကို။ အနာဝိကတ္ထာန၊ ထင်စွာမပြုမူ၍ဂုင်း။ နုပေါသထေ ဝါပိ၊ ဥပုသ်နေ့မဟုတ်သော နေ့၌သော်ဂုင်း။ ဥပေါသထော၊ ဥပုသ်သည်။ ဝါ၊ ဥပုသ်ကို။ ကာတုံ၊ ပြုခြင်းငှါ။ နာ စ ကပ္ပတိ၊ မအပ်သည်သော။ (ဝိ ပါ ၃- ၁၆၈-၉- ၁၉၀၊ ဝိ ဋ္ဌ ၃- ၃၄၅)

ဆန္ဒေန ပရိဝုတ္ထေန။ ။ပရိဝုတ္ထဆန္ဒ ဖြစ်ပုံကို ပါတိမောက်ဘာသာဋီကာ ဘိက္ခုနိကုမာရိဘူတဝဂ်, ကောဒသမသိက္ခာပုဒ်၌ ပြထားပြီ၊ ထိုသို့ ပရိဝုတ္ထ ဖြစ်သော ဆန္ဒဖြင့်လည်း ပါတိမောက်မရွတ်ရ, ဥပုသ်ကံမပြုရ၊ အာဒိဖြင့် ပါရိသုဒ္ဓိကိုပါယူ။ [နာ ဘိက္ခဝေ ပရိဝုတ္ထေန ပါရိသုဒ္ဓေန ဥပေါသထော ကာတဗ္ဗော၊ ပေ၊ ဒုက္ကဋဿ၊—ဥပေါသထက္ခန္ဓက။]

အာပန္နံ၊ ပေ၊ ဝေမတိ ံ။ ။"အာပတ်ရှိလျှင် ဥပုသ်မပြုရ"ဟု တိုက်ရိုက် ပညတ်တော်မရှိပါသော်လည်း ဥပုသ်ပြုခါနီး၌ "ယဿ သိယာ အာပတ္တိ, သော အာဝိကရေယျ" ဟူသော စကားတော်ကြောင့်ဂုင်း အာပတ်စင်ကြယ်သူမှ ပေးနိုင် ပြုနိုင်သော ပါရိသုဒ္ဓိပေးမှု, ပါရိသုဒ္ဓိဥပုသ်ပြုမှုကို ခွင့်ပြုတော်မူသော ကြောင့်ဂုင်း "အာပတ်ရှိသူသည် ဥပုသ်မပြုရ"ဟု ပညတ်တော်မူပြီးဖြစ်တော့ ၏၊ ထို့ကြောင့် သင့်ရောက်အပ်သော အာပတ်ကို ဒေဿနာမပြောဘဲဂုင်း ယုံမှား အပ်သော ဝေမတိအာပတ်ကို ထင်စွာမပြုဘဲဂုင်း ဥပုသ်ပြုခြင်းငှါ မအပ်။

ထင်စွာပြုပုံ။ ။"အဟံ အာဝုသော (ဘန္တေ) ဣတ္ထန္နာမာယ အာပတ္တိယာ ဝေမတိကော၊ ယဒါ နိဗ္ဗေမတိကော ဘဝိဿာမိ, တံ အာပတ္တိ ံ ပဋိကရိဿာမိ"ဟု ပါဠိလို ဖြစ်စေ "ငါ့ရှင်....ငါသည်(အရှင်ဘုရား....တပည့်တော်သည်) ဤအမည် ရှိသော အာပတ်၌ ယုံမှားဖြစ်နေပါ၏၊ အကြင်အခါ၌ ယုံမှားခြင်းမရှိ၊ ထိုအခါ၌ ကုစားပါမည်" ဤသို့ မြန်မာလိုဖြစ်စေ ထင်စွာပြုရသည်၊—ဥပေါသထက္ခန္ဓက

၄၃၂။ အဋ္ဌိတောပေါသထာဝါသာ၊ နှ ဝဇေ တဒဟူ ဝိနာ။
အန္ဓရာယံ ဝ သံဃံ ဝါ-ဓိဋ္ဌာတုံ သီမမေဝ ဝါတိ။

၄၃၂။ အဋ္ဌိတောပေါသထာ၊ မတန့်ရပ်သော သံဃဥပုသ်ရှိသော။ ဝါ၊ အမြဲသံဃဥပုသ်ပြုရာဖြစ်သော။ အာဝါသာ၊ ကျောင်းတိုက်မှ။ တဒဟု၊ ထို ဥပုသ်နေ့၌။ အန္ဓရာယံ ဝါ၊ အန္ဓရာယ် ၁၀-ပါး တပါးပါးကိုသော်၎င်း။ သံဃံ ဝါ၊ သံဃာကိုသော်၎င်း။ ဝိနာ၊ ကြဉ်၍။ နှ ဝဇေ၊ အခြားအရပ်သို့ မသွားရာ။ သီမမေဝ ဝါ၊ သိမ်သို့သာလျှင်မူလည်း။ အဓိဋ္ဌာတုံ၊ အဓိဋ္ဌာန် ဥပုသ်ပြုခြင်းငှါ။ နှ ဝဇေ၊ မသွားရာ။....ဤတိ၊ ဥပေါသထနှင့်စပ်၍ မှတ်ဘွယ် အပြီးတည်း။ (ဝိ ပါ ၃- ၁၇၉-၁၈၇၊ ဝိ ဋ္ဌ ၃- ၃၄၇-ဂ)

ပါဠိတော်။ ဋီကာသစ်၌ကား "နာဝိကတ္တာတိ ဂရုကာပတ္တိံ အနာဝိကတ္တာ"ဟု ဂရုက အာပတ်ကို ထင်စွာ မပြုမူကို "အနာဝိကတ္တာ"ဟု ဖွင့်လေသည်၊ ထို့အဖွင့်လည်း သင့်လျော်ပါ၏၊ ဂရုကအာပတ်ရှိလျှင် ထို့အာပတ်ကို ပရိဝါသ်မာနတ် မဆောက်တည်သေးစေကာမူ ထင်စွာပြုပြီးမှ ဥပုသ်ပြုရသည်။

နှုပေါသဎေ၊ ပေ၊ နှ စ ကပ္ပတိ။ ။ဥပုသ်နေ့မဟုတ်သောနေ့၌လည်း ဥပုသ်မပြုကောင်း၊ သို့သော် ကောသမ္မကက္ခန္ဓက၌ သံဃာကဲ့ပြားခြင်းကဲ့သို့ ကဲ့ပြားပြီး နောက် ပြန်၍ညီညွတ်ရာနေ့၌ကား ဥပုသ်နေ့မဟုတ်ဘဲလည်း ဥပုသ်ပြုကောင်း၏၊ [နှ စ ဘိက္ခဝေ အနုပေါသဎေ ဥပေါသထော ကာတဗ္ဗော အညတြ သာမဂ္ဂိ-ယာ၊—ဥပေါသထက္ခန္ဓက။]

အဋ္ဌိတောပေါသထာဝါသာ။ ။"မတန့်ရပ်သော ဥပုသ်ရှိသော အာဝါသ" ဟူသည် ဥပုသ်နေ့တိုင်း၌ အမြဲမှန်မှန် သံဃဥပုသ်ပြုရာဖြစ်သော ကျောင်းတိုက်တည်း၊ ထို့သို့သော ကျောင်းတိုက်မှ သံဃာ (မိမိနှင့်တကွ အနည်းဆုံး ၄-ပါး) မပါဘဲသော်၎င်း အန္ဓရာယ်ဆယ်ပါးတွင် တပါးပါးမျှမရှိဘဲသော်၎င်း အခြားသော သံဃာမရှိသော နေရာသို့ မသွားကောင်း။ [နှ ဘိက္ခဝေ တဒဟုပေါ-သထေ သဘိက္ခုကာ အာဝါသာ ဝါ အနာဝါသာ ဝါ အဘိက္ခုကော အာဝါ-

သော ဝါ အနာဝါသော ဝါ ဂန္ဆေဗ္ဗော အညတြ သံဃေန (သံဃာမပါဘဲ), အညတြ အန္တရာယာ၊—ဥပေါသထက္ခန္ဓက။]

အဓိဋ္ဌာတုံ သီမမေဝ ဝါ။ ။သံဃာမပါဘဲ သို့မဟုတ် အန္တရာယ် ၁၀-ပါးတွင် တပါးပါးမရှိဘဲ အဓိဋ္ဌာန်ဥပုသ်ပြုခြင်းငှါ ခဏ္ဍသီမ်စသည်နှင့် ဥဒကုက္ခေပသီမ်သို့ သော်မျှ မသွားရ၊ ဂဏဥပုသ်ပြုဘို့ရန် ၂-ပါး, ၃-ပါးလည်း မသွားကောင်း။ [အဓိဋ္ဌာတုန္တိ ဣမိနာ ဂဏုပေါသထမို့ ဥပလက္ခေတိ–ဥပလက္ခဏပြု၏၊—ဋီကာသစ်။]

မှတ်ချက်။ ။မိမိရောက်နေရာ ကျောင်းတိုက်သည် သံဃာရှိသော်လည်း ကောသမ္မကက္ခန္ဓကဋ္ဌ သံဃာကဲ့ခြင်းစသော အကြောင်းမျိုးကြောင့် သံဃဥပုသ် မပြုဘဲ ဝိဿဋ္ဌဥပေါသထ (စွန့်လွှတ်အပ်သော သံဃဥပုသ်ရှိသော=သံဃ-ဥပုသ်ကို စွန့်လွှတ်ထားသော) ကျောင်းတိုက်ဖြစ်လျှင်ကား သံဃာမပါဘဲ ဂဏဥပုသ်ပြုခြင်းငှါဖြစ်စေ အဓိဋ္ဌာန်ဥပုသ်ပြုခြင်းငှါဖြစ်စေ သွားကောင်းပါ၏။ [ဝိဿဋ္ဌ ဥပေါသထာပိ အာဝါသာ ဂန္တုံ ဝဋ္ဋတိ၊ ဧဝံ ဂတော အဓိဋ္ဌာတုံပိ လဘတိ၊— ဥပေါသထက္ခန္ဓက အဋ္ဌကထာ။ ဥပုသ်နှင့်စပ်သော အခြားမှတ်ဘွယ်များကို မဟာဝဂ္ဂ ဘာသာဋီကာ ဥပေါသထက္ခန္ဓကဋ္ဌ ရှုကြပါဦး။]

ပဝါရဏာနိဒ္ဒေသ

ပဝါရဏာတိ၊ "ပဝါရဏာ" ဟူသော ဥဒ္ဒေသ၏။ (နိဒ္ဒေသော၊ နိဒ္ဒေသ-
ကား—)

၎၃၃။ ဒ္ဝိန္နံ တိဏ္ဏံ စတုန္နဉ္စ၊ အညမညပ္ပဝါရဏာ။
ကေဿ စ အဓိဋ္ဌာနံ၊ သေသာ သံဃပ္ပဝါရဏာ။

၎၃၃။ ဒ္ဝိန္နံ၊ ၂-ပါးသော ရဟန်းတို့၏ဂဏ်း။ တိဏ္ဏံ၊ ၃-ပါးသော ရဟန်းတို့
၏ဂဏ်း။ စတုန္နံ စ၊ ၄-ပါးသော ရဟန်းတို့၏ဂဏ်း။ အညမညပ္ပဝါရဏာ၊
အချင်းချင်း ပြုအပ်သော ပဝါရဏာသည်။ (ဟောတိ၊ ဖြစ်၏။) ကေဿ စ၊
တပါးသော ရဟန်း၏ကား။ အဓိဋ္ဌာနံ၊ အဓိဋ္ဌာန်ခြင်း ဟူသော ပဝါရဏာ
သည်။ (ဟောတိ၊ ဖြစ်၏။) သေသာ၊ ကြွင်းသော ပဝါရဏာသည်။

ပဝါရဏာ။ ။ဝဿံဝုဋ္ဌပဝါရဏာ, ပစ္စယပဝါရဏာ, ပဋိက္ခေပပဝါရဏာ,
ယာဝဒတ္ထပဝါရဏာ ဟု ပဝါရဏာ ၄-မျိုး ရှိ၏၊ ထိုတွင် ဝါကျွတ်ကုန်သော
ရဟန်းတို့၏ အပြစ်ရှိလျှင် ပြောဆိုဘို့ရန် ခွင့်ပေးခြင်းကိုပင် "အချင်းချင်းဖိတ်မန်
ကြခြင်း" ဟု ခေါ်၏။ ထိုဖိတ်မန်ခြင်းသည် "ဝဿံဝုဋ္ဌပဝါရဏာ" မည်၏။

ဝစနတ္ထ။ ။ပကာရေဟိ ဒိဋ္ဌာဒီဟိ ဝါရေတိ သံဃာဒိကေ ဘဇာပေတိ
တောယာတိ ပဝါရဏာ၊ တောယ- ဤမိမိကိုယ်ကိုအပ်နှံခြင်း, ပြောဆိုဘို့ရန်
ခွင့်ပေးခြင်းဖြင့်၊ ပကာရေဟိ ဒိဋ္ဌာဒီဟိ-ဒိဋ္ဌ အစရှိသော အပြားတို့ဖြင့်၊ ဝါရေတိ
သံဃာဒိကေ ပဇာပေတိ-သံဃာ, ဂိုဏ်း, ပုဂ္ဂိုလ်တို့သို့ မိမိကိုယ်ကို ကပ်ရောက်စေ
တတ်၏၊ ဣတိ-ထို့ကြောင့်၊ သာ-ထိုမိမိကိုယ်ကို အပ်နှံခြင်း, ပြောဆိုဘို့ရန် ခွင့်
ပေးခြင်းသည်၊ ပဝါရဏာ-ပဝါရဏာ မည်၏၊ [ဝရဓာတ်သည် ဘတ္တိအနက်ကို
ဟော၏။] အခြားပဝါရဏာများ၏အကျယ်ကို ပါစိတ်ဘာသာဋီကာ ဘောဇန
ဝဂ် ပဌမပဝါရဏာ သိက္ခာပုဒ် အဖွင့်၌ ရှုပါ။

သံဃပ္ပဝါရဏာ၊ သံဃပဝါရဏာသည်။ (ဟောတိ၊ ဖြစ်၏။) (ဝိ ပါ ၃-၂၂၇-၉-၂၃၀)

၄၃၄။ ပုဗ္ဗကိစ္စေ စ ကရဏေ၊ ပတ္တကလ္လေ သမာနိတေ။

ဌပေတ္ဝာ ဥတ္တိံ သံဃေန၊ ကတ္တပ္ပေဝံ ပဝါရဏာ။

"သုဏာတု မေ ဘန္တေ သံဃော၊ အဇ္ဇ ပဝါရဏာ ပန္နရသီ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော ပဝါရေယျာ"တိ။

၄၃၄။ ပုဗ္ဗကိစ္စေ စ၊ ပုဗ္ဗကိစ္စ ၅-ပါးကိုဆိုင်း။ ကရဏေ၊ ပုဗ္ဗကရဏ ၄-ပါးကိုဆိုင်း။ ပတ္တကလ္လေ၊ လျောက်ပတ်သော အခါရှိသော ကံကိုဆိုင်း။ သမာနိ-တေ၊ ကောင်းစွာဆောင်အပ်ပြီးသော်။ ဝါ၊ ပြည့်စုံပြီးသော်။ ဧဝံ၊ ဤဆိုအပ်လတ္တံသော နည်းဖြင့်။ ဥတ္တိံ၊ ဥတ်ကို။ ဌပေတ္ဝာ၊ ထားပြီး၍။

အညမညပ္ပဝါရဏာ။ ။ ၂-ပါး, ၃-ပါး, ၄-ပါးတို့၏ အချင်းချင်းပြုထိုက်သော ပဝါရဏာသည် "အညမညပဝါရဏာ" မည်၏၊ [အညမညံ+ကတ္တပ္ပာ+ပဝါရဏာ အညမညပ္ပဝါရဏာ။] ထိုသို့ပြုရာ၌ ၃-ပါး သို့မဟုတ် ၄-ပါးဖြစ်လျှင် ဂဏဉတ်ထား၍ ပြုရ၏၊ ၂-ပါးဖြစ်လျှင် ဥတ်မထားဘဲ ပြုရ၏။ [ဂဏဉတ်ထား ပုံကို (၄၄၃) ဂါထာ၌ ပြလိမ့်မည်။]

ဧကဿ၊ ပေ၊ သံဃပ္ပဝါရဏာ။ ။တပါးတည်းရှိရာ၌ အဓိဋ္ဌာန် ပဝါရဏာ ပြုရ၏၊ ကြွင်းသော ၅-ပါး စသည်ပြုအပ်သော ပဝါရဏာသည် သံဃပဝါရဏာ မည်၏၊ ဤစကားအရ "သံဃပဝါရဏာ, ဂဏပဝါရဏာ, ပုဂ္ဂလပဝါရဏာ–ဟု ပြုတတ်သော ကာရကပုဂ္ဂိုလ်နှင့်စပ်၍ ပဝါရဏာ ၃-မျိုးပြား၏"ဟု မှတ်ပါ။

ပုဗ္ဗ၊ ပေ၊ သမာနိတေ။ ။ပါတိမောက်နိဒါနုဒ္ဒေသ၌ ပြအပ်သော "သမ္မဇ္ဇနိ ပဒီပေါ စ၊ ပေ၊ ပတ္တကလ္လန္တိ ဝုစ္စတိ" ဟူသော ၃-ဂါထာဝယ် "ဥပေါသထဿ" နေရာ၌ "ပဝါရဏာယ ဧတာနိ" ဟုဆိုင်း "ပဝါရဏာ ယာဝတိကာ စ ဘိက္ခူ" ဟုဆိုင်း လဲလှယ်၍ ထို ပုဗ္ဗကရဏ, ပုဗ္ဗကိစ္စ, ပတ္တကလ္လတို့တွင် ပြုထိုက်ရာကို ပြုခြင်း ပြည့်စုံစေသင့်ရာကို ပြည့်စုံစေခြင်းကို "သမာနိတေ" ဟု ဆိုသည်။

သံဃေန၊ သံဃာသည်။ ပဝါရဏာ၊ ပဝါရဏာကို။ ကတ္တာဗ္ဗာ၊ ပြုထိုက်၏။ (ကိံ၊ အဘယ်သို့ ဥတ်ထား၍ ပြုထိုက်သနည်း။) "သုဏာတု၊ ပေ၊ ပဝါရေယျာ"တိ၊ သုဏာတု၊ ပေ ပဝါရေယျ ဟူ၍။ (ဥတ္တိံ၊ ဥတ်ကို။ ဌပေတ္ဝာ၊ ထားပြီး၍။ ကတ္တာဗ္ဗာ၊ ပြုထိုက်၏။) [ဘန္တေ၊ အရှင်ဘုရားတို့။ သံဃော၊ သံဃာတော်သည်။ မေ၊ တပည့်တော်၏ စကားကို။ သုဏာတု၊ နားစိုက်တော်မူပါ။ အဇ္ဇ၊ ယနေ့သည်။ ပန္နရသီ၊ တဆယ့်ငါးရက်မြောက်သော။ ပဝါရဏာ၊ ပဝါရဏာနေ့ပါတည်း။ သံဃဿ၊ သံဃာတော်၏။ (ကမ္မံ၊ ပဝါရဏာကံသည်။) ပတ္တကလ္လံ၊ လျောက်ပတ်သော အခါရှိသည်။ ယဒိ သိယာ၊ အကယ်၍ဖြစ်အံ့။ (ဧဝံ သတိ၊ ဤသို့ ဖြစ်လသော်။) သံဃော၊ သံဃာတော်သည်။ ပဝါရေယျ၊ ပဝါရဏာ ပြုရာပါ၏။]....(ဝိ ပါ ၃-၂၂၈)

ဌပေတ္ဝာ၊ ပေ၊ ပဝါရဏာ။ ။သံဃပဝါရဏာပြုပုံကို ပြသောစကားတည်း၊ ပဝါရဏာဥတ်ကို ဤဆိုလတံ့အတိုင်း ထားပြီးနောက် ဤဆိုအပ်လတံ့ အတိုင်း ပဝါရဏာပြုရသည်–ဟူလို၊ "သုဏာတု မေ၊ ပေ၊ ပဝါရေယျ" သည် ပဝါရဏာ ဥတ်ထားပုံတည်း၊ ဤဥတ်သည် ပဝါရဏာ အားလုံးနှင့် ဆိုင်သော သာမည-ဥတ်တည်း၊ ထို့ကြောင့် ဧတဝါစိက, ဒွေဝါစိက, ဧကဝါစိက ပဝါရဏာ အမျိုးမျိုးပြနိုင်သည်။ [ပန္နရသီဒ္ဒ "ပန္နရသာနံ ပူရဏာ" ဟု ဝိဂြိုဟ်ပြု၍ ယဒနုပ-ပန္နာ နိပါတနာ သိဒ္ဓန္တိ သုတ်ကြီးဖြင့် အ, ပစ္စည်းသက်၊ ထို့နောက် ဣတ္ထိ-ဇောတက ဤပစ္စည်းထပ်သက်၍ "ပန္နရသီ" ဟု ဖြစ်သည်၊ "ပန္နရသော" ဟု ရှိရာ ဥပုသ်ခဏ်းဒ္ဒ ဤ-ပစ္စည်းမသက်ရခြင်းသာ ထူး၏၊ စာတုဒ္ဒသော, စာတုဒ္ဒ-သီဒ္ဒကား ဏ-ပစ္စည်းသက်။]

၄၃၅။ ကေံသံ စီဝရံ ကတ္ဝာ၊ နိသီဒိတ္ဝာ ဥက္ကုဋိကံ။
ထေရေန အဥ္ဇလိ ံ သံဃော၊ ပဂ္ဂယှ သမုဒီရိယော။

၄၃၆။ "သံဃံ အာဝုသော ပဝါရေမိ ဒိဋ္ဌေန ဝါ သုတေန ဝါ ပရိသင်္ကာယ ဝါ၊ ဝဒန္တု မံ အာယသ္မန္တော အနုကမ္ပံ ဥပါဒါယ၊ ပဿန္တော ပဋိကရိဿာမိ၊ဒုတိယမ္ပိ၊ ပေ၊ တတိယမ္ပိ အာဝုသော သံဃံ ပဝါရေမိ ဒိဋ္ဌေန ဝါ သုတေန ဝါ ပရိသင်္ကာယ ဝါ၊ ဝဒန္တု မံ အာယသ္မန္တော အနုကမ္ပံ ဥပါဒါယ၊ ပဿဏ္တော ပဋိကရိဿာမီ"တိ။

၄၃၅,၆။ ကေံသံ၊ တခုသော လက်ဝဲအဘို့၌။ ဝါ၊ လက်ဝဲတဖက်ပခုံးထက်၌။ စီဝရံ၊ သင်္ကန်းကို။ ကတ္ဝာ၊ ပြု၍။ ဝါ၊ ထား၍။ တနည်း——ကေံသံ စီဝရံ ကတ္ဝာ၊ လက်ကတော့တင်၍။ ဥက္ကုဋိကံ၊ ဆောင့်ကြွင့်။ နိသီဒိတ္ဝာ၊ ထိုင်၍။ အဥ္ဇလိ ံ၊ လက်အုပ်ကို။ ပဂ္ဂယှ၊ ချီမြှောက်၍။ ထေရေန၊ ထေရ်သည်။ သံဃော၊ သံဃာကို။ သမုဒီရိယော၊ မြွက်ဆိုထိုက်၏။ (ကိ ံ၊ အဘယ်သို့ မြွက်ဆိုထိုက်သနည်း။) သံဃံ အာဝုသော၊ ပေ၊ ပဿန္တော

ဒိဋ္ဌေန ဝါ၊ ပေ၊ ပရိသင်္ကာယ ဝါ။ ။ အာပတ် သင့်နိုင်လောက်သော အကြောင်းဝတ္ထု အမှုတစုံတရာ ကျူးလွန်နေသည်ကို ကိုယ်တိုင်မြင်လျှင် ဒိဋ္ဌ, သူတပါးပြောအပ်သည်ကို ကြားလျှင် သုတ, မမြင်ရ မကြားရသော်လည်း အနေအထိုင် အပြောအဆို (သူ၏နေရာ၌ မိန်းမမျိုး ပန်ဆင်အပ်သော ပန်းသို့မဟုတ် တိုးတိုးပြောသံ သို့မဟုတ် အရက်နံ့စသည်) ကို ထောက်၍ ယုံမှားသံသယ ဖြစ်ခြင်းကို "ပရိသင်္ကာ" ဟု ခေါ်သည်၊ ဤ ၃-ပါးကို ပဝါရေမိ၌ ကြိယာဝိသေသန အဖြစ်ဖြင့် စပ်ပါ။

ဝဒန္တု မံ အာယသ္မန္တော။ ။ဖိတ်မန်တုန်းက "သံဃံ ပဝါရေမိ" ဟု သံဃာကို ဖိတ်မန်သော်လည်း အပြစ်တွေ့ရာ၌ ပြောဆိုသောအခါ ပုဂ္ဂိုလ် ၁-ပါး, ၂-ပါးကလည်း ပြောနိုင်သောကြောင့် "ဝဒန္တု မံ အာယသ္မန္တော = အရှင်ဘုရားတို့သည် ပြောတော်မူကြပါ" ဟု ပုဂ္ဂိုလ်ကို တိုက်တွန်းသည်၊ [ရှေ့ (၄၀၆) ဂါထာ၌ "ဝဒတု တံ သံဃော" ဟု ရှိသည်ကို ဆရာတို့ နှစ်သက်တော်မမူကြ။]

ပဋိကရိဿာမိ၊ ဒုတိယမ္ပိ၊ ပေ၊ တတိယမ္ပိ၊ ပေ၊ ပဋိကရိဿာမိ”တိ၊ သံဃံ အာဝုသော၊ ပေ၊ ပဿန္တော ပဋိကရိဿာမိ၊ ဒုတိယမ္ပိ၊ ပေ၊ တတိယမ္ပိ၊ ပေ၊ ပဋိ-ကရိဿာမိ ဟူ၍။ (သမုဒိရိယော၊ မြက်ဆိုထိုက်၏။) [အာဝုသော၊ ငါ့ရှင်တို့။ သံဃံ၊ သံဃာကို။ ဒိဋ္ဌေန ဝါ၊ မြင်ခြင်းအားဖြင့်၎င်း။ သုတေန ဝါ၊ ကြားခြင်းအားဖြင့်၎င်း။ ပရိသင်္ကာယ ဝါ၊ ယုံမှားခြင်း အားဖြင့်၎င်း။ ပဝါရေမိ၊ ပြောဆိုဘို့ရန် ဖိတ်မန်ပါ၏။ အာယသ္မန္တော၊ ငါ့ရှင်တို့သည်။ မံ၊ ငါ့ကို။ အနုကမ္ပံ၊ အဖန်ဖန်တုန်လှုပ်တတ်သော ကရုဏာကို။ ဝါ၊ သနား စောင့်ရှောက်တတ်သော ကရုဏာကို။ ဥပါဒါယ၊ ဉာဏ်ဖြင့်ယူ၍။ ဝါ၊ စွဲ၍။ ဝဒန္တု၊ ပြောဆိုကြပါကုန်။ ပဿန္တော၊ အပြစ်ကို မြင်လသော်။ ပဋိ-ကရိဿာမိ၊ ကုစားပါအံ့။ ဒုတိယမ္ပိ၊ ပေ၊ တတိယမ္ပိ၊ ပေ၊ ပဋိကရိဿာမိ၊ ကုစားပါအံ့။.... နိဿယအတိုင်း ပဝါရဏာပြုပုံ အစီအစဉ် ထင်ရှားပြီ။]....
(ဝိ ပါ ၃-၂၂၈)

၄၃၇။ ပဝါရေန္တေသု ထေရေသု၊ နိသဇ္ဇကုဋ္ဌိကံ နဝေါ။
ပဝါရေတိ သယံ ယာဝ၊ ဥက္ကုဋ္ဌိကော၁ အစ္ဆတု။

၄၃၇။ ထေရေသု၊ ထေရ်တို့သည်။ ဥက္ကုဋ္ဌိကံ၊ ဆောင့်ကြောင့်။ နိသဇ္ဇ၊ ထိုင်၍။ ပဝါရေန္တေသု၊ ပဝါရဏာပြုနေကုန်စဉ်။ နဝေါ၊ သီတင်းငယ်သည်။ ယာဝ၊ အကြင်မျှလောက်။ သယံ၊ ကိုယ်တိုင်။ ပဝါရေတိ၊ ပဝါရဏာပြု၏။ (တာဝ၊ ထိုမိမိပဝါရဏာပြုသည့်တိုင်အောင်။) ဥက္ကုဋ္ဌိကော၁၊ ဆောင့်ကြောင့် ထိုင်သည်သာလျှင်။ (ဟုတ္ဝာ၊ ဖြစ်၍။) အစ္ဆတု၊ နေပါလေ့။
(ဝိ ပါ ၃-၂၂၄)

ပဝါရေန္တေသု၊ ပေ၊ အစ္ဆတု။ ။သီတင်းကြီးထေရ်တို့သည် ပဝါရဏာပြုသော အခါ ဆောင့်ကြောင့်ထိုင်၍ ဖိတ်ကြရသည်၊ ထိုသို့ဖိတ်နေကြစဉ် သီတင်းငယ် ထေရ်သည် မိမိပဝါရဏာပြုလှည့် မရောက်သေးသမျှ ဆောင့်ကြောင့်ထိုင်၍ပင် နေရသည်။ [နှ ဘိက္ခဝေ ထေရေသု ဥက္ကုဋ္ဌိကံ နိသိန္နေသု ပဝါရယမာနေသု

၄၃၈။ ပုဗ္ဗာရမ္ဘံ သမာပေတ္ဝာ၊ နဝေါ သံဃမုဒီရယေ။

၄၃၉။ "သံဃံ ဘန္တေ ပဝါရေမိ ဒိဋ္ဌေန ဝါ သုတေန ဝါ ပရိသင်္ကာယ ဝါ၊ ဝဒန္တု မံ အာယသ္မန္တော အနုကမ္ပံ ဥပါဒါယ၊ ပဿန္တော ပဋိ-ကရိဿာမိ၊ ဒုတိယမ္ပိ၊ ပေ၊ တတိယမ္ပိ၊ ပေ၊ ပဋိကရိဿာမိ" တိ။

၄၃၈,၉။ ပုဗ္ဗာရမ္ဘံ၊ ရှေးဦးအားထုတ်အပ်သော ပုဗ္ဗကိစ္စကို။ သမာ-ပေတ္ဝာ၊ ပြီးစေပြီး၍။ နဝေါ၊ သီတင်းငယ်သည်။ သံဃံ၊ သံဃာတော်ကို။ ဥဒီရယေ၊ ရွတ်ဆိုလျှောက်ထားရာ၏။ (ကိံ၊ အဘယ်သို့ ရွတ်ဆိုလျှောက်ထားရမည်နည်း။) "သံဃံ ဘန္တေ၊ ပေ၊ ပဋိကရိဿာမီ" တိ၊ သံဃံ ဘန္တေ၊ ပေ၊ ပဋိကရိဿာမိဟူ၍။ ဥဒီရယေ၊ ရွတ်ဆိုလျှောက်ထားရာ၏။
[အဓိပ္ပါယ် ထင်ရှားပြီ။] (ဝိ ပါ ၃-၂၂၄)

၄၄၀။ ဒါနေန ဓမ္မသာကစ္ဆာ၊ ကလဟေဟိ စ ရတ္တိယာ။
တေဝါစိကာယ သြကာသေ-သတိ ခေပိတဘာဝတော။
အန္ဓရာယေ ဒသဝိဓေ၊ ဥတ္တိံ ဝတ္ဘာနုရူပတော။

၄၄၁။ "သုဏာတု မေ ဘန္တေ သံဃော၊ မနုဿေဟိ ဒါနံ ဒေန္တေဟိ၊ ဒ္ဒိဟိ ဘိက္ခူဟိ ဓမ္မံ သာကစ္ဆန္တေဟိ၊ ကလဟံ ကရောန္တေဟိ ယေဘုယ္ယေန ရတ္တိ ခေပိတာ၊ သစေ သံဃော တေဝါစိကံ ပဝါ-

---

အာသနေသု အစ္ဆိတမ္ပံ (နေရာထိုင်တို့၌ ထိုင်၍ မနေရ၊) ၊ပေ၊ ဒုက္ကဋဿ၊ ၊ပေ၊ အနုဇာနာမိ ဘိက္ခဝေ တဒမန္တရာ (ထို ပဝါရဏာပြုရာ ကာလ၏ အခြားမဲ့ တိုင်အောင်) ဥက္ကာဋိကံ နိသီဒိတုံ, ယာဝ ပဝါရေတိ၊ ပဝါရေတ္ဝာ (ပဝါရဏာပြုပြီးမှ) အာသနေ နိသီဒိတုံ၊ – မဟာဝဂ္ဂ, ပဝါရဏာက္ခန္ဓက။] ဤပါဠိတော်နှင့် စပ်၍ မှတ်ဘွယ်ကို မဟာဝဂ္ဂဘာသာဋီကာ ပဝါရဏာက္ခန္ဓက၌ ရှုပါ။

ဒါနေန၊ ပေ၊ နုရူပတော။ ။ရှေးခေတ်က မဟာသိမ် သို့မဟုတ် ဂါမသိမ် တသိမ်တည်းဝယ် မဟာထေရ်ရှိရာသို့ အဝေးကလာ၍ ဥပုသ်ပဝါရဏာ ပြုကြရ၏၊ ထို့ကြောင့် မီးထွန်းချိန်လောက်ရောက်မှ အခြားက အာဂန္တုကပုဂ္ဂိုလ်များ

ရေဿတိ၊ အပ္ပဝါရိတောဝ သံဃော ဘဝိဿတိ၊ အထာယံ ရတ္တိ ဝိဘာယိဿတိ၊ အယံ ရာဇန္တရာယော၊ အယံ စောရန္တရာယော၊ အယံ အဂ္ဂိန္တရာယော၊ အယံ ဥဒကန္တရာယော၊ အယံ မနုဿန္တရာယော၊ အယံ အမနုဿန္တရာယော၊ အယံ ဝါဠန္တရာယော၊ အယံ သရီသပန္တရာယော၊ အယံ ဇီဝိတန္တရာယော၊ အယံ ဗြဟ္မစရိယန္တရာယော၊ သစေ သံဃော တေဝါစိကံ ပဝါရေဿတိ၊ အပ္ပဝါရိတောဝ သံဃော ဘဝိဿတိ၊ အထာယံ ဗြဟ္မစရိယန္တရာယော ဘဝိဿတိ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော ဒွေဝါစိကံ၊ ကေဝါစိကံ၊ သမာနဝဿိကံ ပဝါရေယျာ”တိ။

၄၄၂။ ပဝါရေယျာနုရူပေန၊ ယထာဌပိတဉ္တိယာ။

အာဂန္ဆေယ္ယုံ။ ယဒိ သမာ၊ အာဒိကာ စေတ္ထ အာဟရေ။

၄၄၀,၁,၂။ ဒါနေန၊ လူဘံ့၏ လှူဒါန်းကြခြင်းကြောင့် သော်၎င်း။ ဓမ္မသာကစ္ဆာ၊ တရားဆွေးနွေးခြင်းကြောင့် သော်၎င်း။ ကလဟာဟိ၊ ငြင်းခုန်ခြင်းတို့ကြောင့်သော်၎င်း။ ရတ္တိယာ၊ ည၌၏။ ဝါ၊ ည၌ကို။ ခေပိတ-ဘာဝတော၊ ကုန်စေအပ်ပြီးအဖြစ်ကြောင့်။ တေဝါစိကာယ၊ တေဝါစိက-ပဝါရဏာ၏။ ဩကာသေ၊ အခွင့်သည်။ အသတိ၊ မရှိသော်၎င်း။ ဒသဝိဓေ၊

မလာတော့ပြီဟု ယုံကြည်၍ ဥပုသ်ပဝါရဏာပြုလေ့ ရှိကြသည်၊ ထိုအချိန် မရောက်မီ စောင့်ဆိုင်း၍ နေလေ့ရှိကြ၏၊ ယခုခေတ်၌ကား ခဏ္ဍသိမ် အသီးသီး ရှိပြီးဖြစ်၍ ထိုကဲ့သို့ စောင့်ဆိုင်းဘွယ် မလိုသောကြောင့် နေရောင်ရှိတုန်းမှာပင် ဥပုသ်ပဝါရဏာပြုကြသည်။

ရတ္တိယာ ခေပိတဘာဝတော။ ။ထိုသို့ ည၌မှောင်မှ ပဝါရဏာ ပြုလေ့ ရှိရကား သံဃာစည်းဝေးပြီးသောအခါ လူတို့ကအလှူ။ဒါန ပြုနေကြခြင်းကြောင့် သော်၎င်း သူတန် ဝိနည်း အာဘိဓမ္မာဆိုင်ရာဝယ် သံဃာတော်အချင်းချင်း တရားဆွေးနွေး မေးမြန်းကြခြင်းကြောင့် သော်၎င်း သို့မဟုတ် ငြင်းခုန်နေကြ

ဆယ်ပါးအပြားရှိသော။ အန္ဓရာယော၊ အန္ဓရာယ်တပါးပါးသည်။ သတိ၊ ရှိသော်ငင်း။ အနုရူပတော၊ လျော်သောအားဖြင့်။ "သုဏာတု မေ ဘန္တေ သံဃော၊ ပေ၊ ပဝါရေယျာ"တိ၊ သုဏာတု မေ ဘန္တေ သံဃော၊ပေ၊ပဝါရေယျာဟူ၍ ။ဥတ္တိ ံ၊ ဥတ်ကို ။ဝတ္ဝာ၊ဆို၍။ ယထာဌပိတဥ တ္တိယာ၊ အကြင်အကြင် ထားအပ်ပြီးသော ဥ တ်အား။ အနုရူပေန၊ လျော်သောအားဖြင့်။ ပဝါရေ-ယျ၊ ပဝါရဏာပြုရာ၏။ အာဂန္ဆေယျုံ၂ ယဒိ သမာ အာဒိကာ စ၊ အာဂန္ဆေ-ယျုံ၂ ယဒိ သမာ အစရှိသော ဂါထာတို့ကိုလည်း။ တ္ထေ၊ ဤပဝါရဏာအရာ၌။ အာဟာရေ၊ ဆောင်ယူရာ၏။

ဘန္တေ၊ အရှင်ဘုရားတို့။ သံဃော၊ သံဃာတော်သည်။ မေ၊ တပည့်တော်၏။ (ဝစနံ၊ စကားကို။) သုဏာတု၊ နားစိုက်တော်မူပါ။ ဒါနံ၊ အလှူကို။ ဒေန္တေဟိ၊ ပေးလှူကုန်သော။ မနုဿေဟိ၊ လူတို့သည်။ ယေဘုယျေန၊ များသောအားဖြင့်။ ဝါ၊ များစွာသော။ ရတ္တိ၊ ညဉ့်အချိန်ကို။ ခေပိတာ၊ ကုန်စေအပ်ပါပြီ။ သံဃော၊ သံဃာတော်သည်။ တဝါစိကံ၊သုံးခွန်းသောစကား

ခြင်းကြောင့်သော်ငင်း ညဉ့်အချိန် အတော်များများ ကုန်သွားတတ်လေသည်၊ ထိုသို့ ကုန်သွားခြင်းကြောင့် တဝါစိကပဝါရဏာ ပြုနေလျှင် တချို့မှာ ပဝါရဏာ မပြုလိုက်ရဘဲ လပြည့်ကျော် ၁-ရက်နေ့သို့ ရောက်သွားစရာ ရှိသည်။

အန္ဓရာယော။ ။သို့မဟုတ် သံဃာစည်းဝေးပြီးသောအခါ ရာဇ-စောရစသော အန္တရာယ် ၁၀-ပါးတွင် တပါးပါးဖြစ်လာတတ်၏၊ ထိုအခါ ညဉ့်မကုန်သေးသော်လည်း တဝါစိကပဝါရဏာပြုဘို့ အချိန်မရဘဲ ဖြစ်တတ်လေသည်။

ဥတ္တိ ံ ဝတ္ဝာနုရူပတော၊။ ။ထိုအခါ၌ ဒွေဝါစိက ပဝါရဏာပြုလိုလျှင် အဆုံး၌ "ဒွေဝါစိကံ ပဝါရေယျ"ဟု ဆိုရာ၏၊ ကေဝါစိကပဝါရဏာ ပြုလိုလျှင် "ကေဝါစိကံ ပဝါရေယျ"ဟု ဆိုရာ၏။ တူသော ဝါရှိသူတို့ စုပေါင်း၍ တပြိုင်နက် ဆိုကြရသော သမာနဝဿိကပဝါရဏာ ပြုလိုလျှင် "သမာနဝဿိကံ ပဝါရေ-ယျ"ဟု ဆိုရသည်။

ရှိအောင်။ သစေ ပဝါရေသတိ၊ အကယ်၍ ပဝါရကာပြုအံ့။ (ဧဝံ သတိ၊ ဤသို့ တေဝါစိကပဝါရကာ ပြုလသော်။) သံဃော၊ သံဃာတော်သည်။ အပ္ပဝါရိ-တောဝ၊ ပဝါရကာမပြုရသည်သာ။ ဘဝိဿတိ၊ ဖြစ်ပါလတံ့။ အထ၊ ထိုသို့ တေဝါစိကပဝါရကာပြု၍ မပြီးမီ။ အယံ ရတ္တိ၊ ဤညဉ့်သည်။ ဝိဘာယိဿတိ၊ လင်းပါလတံ့။ သံဃဿ၊ သံဃာတော်၏။ (ကမ္မံ၊ ပဝါရကာကံသည်။) ပတ္တကလ္လံ၊ လျောက်ပတ်သောအခါရှိသည်။ ယဒိ သိယာ၊ အကယ်၍ ဖြစ်အံ့။ (ဧဝံ သတိ၊ ဤသို့ဖြစ်လသော်။) သံဃော၊ သံဃာတော်သည်။ ဒ္ဝေဝါစိကံ၊ နှစ်ခွန်းသောစကားရှိအောင်။ ပဝါရေယျ၊ပဝါရကာပြုရာပါ၏။ ပေ။ ကေဝါ-စိကံ၊ တခွန်းသောစကားရှိအောင်။ ပဝါရေယျ၊ ပဝါရကာပြုရာပါ၏။ ပေ။ သမာနဝဿိကံ၊ တူသောဝါရှိအောင်။ ပဝါရေယျ။ ပဝါရကာပြုရာပါ၏။

ဓမ္မံ၊ တရားကို။ သာကစ္ဆန္တေဟိ၊ ဆွေးနွေးကုန်သော။ ဒ္ဒိဟိ ဘိက္ခူဟိ၊ နှစ်ပါးသော ရဟန်းတို့သည်။ ယေဘုယျေန၊ များသောအားဖြင့်။ ဝါ၊ များစွာသော။ ရတ္တိ၊ ညဉ့်အချိန်ကို။ ခေပိတာ၊ ကုန်စေအပ်ပါပြီ။ ပေ။ ကလဟံ၊ ငြင်းခုန်ခြင်းကို။ ကရောန္တေဟိ၊ ပြုကုန်သောရဟန်းတို့သည်။ ယေဘုယျေန၊ များသောအားဖြင့်။ ဝါ၊ များစွာသော။ ရတ္တိ၊ ညဉ့်အချိန်ကို။ ခေပိတာ၊ ကုန်စေအပ်ပါပြီ။ပေ။ အယံ၊ ဤမင်းလာခြင်းသည်။ ရာဇန္တေရာယော၊ မင်းအန္တရာယ်တည်း။ ပေ။ အယံ၊ ဤရဟန်းကို ဖျက်ဆီးလို၍ ဖမ်းခြင်းသည်။ ဗြဟ္မစရိ-ယန္တရာယော၊ သာသနာတော်၏ အန္တရာယ်တည်း။ ပေ။ သံဃော၊ သံဃာတော်သည်။ ဒ္ဒေဝါစိကံ၊နှစ်ခွန်းသောစကားရှိအောင်။ ပဝါရေယျ၊ ပဝါရကာပြုရာပါ၏။ [ကြွင်းပါဠိမျှားကို ရှေ့အတိုင်းပေး။] ....(ဝိ ပါ ၃-၂၅၀-၁-၂-၃။

သုဏာတု မေ။ ။ဥတ်ထားပုံကို ပြသောစကားတည်း၊ သုဏာတု မေ ဘန္တေ သံဃော၊ မနုဿေဟိ ဒါနံ ဒေန္တေဟိ ယေဘုယျေန ရတ္တိ ခေပိတာ၊ သစေ သံဃော တေဝါစိကံ ပဝါရေဿတိ၊ အပ္ပဝါရိတောဝ သံဃော ဘဝိဿတိ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော ဒ္ဒေဝါစိကံ ပဝါရေယျ၊—ဤကား ဒ္ဒေဝါစိက

ပဝါရဏာ ပြုလိုရာ၌ ဥတ်ထားပုံတည်း၊ ဓမ္မသာကစ္ဆာကြောင့် ညဉ့်အချိန်များစွာကုန်ရာ စသည်၌လည်း လျော်အောင်ဆို၍ ဥတ်ထားရသည်။

အန္တရာယရှိရာ၌ဥတ်။ ။သုဏာတု၊ ပေ၊ သံဃော၊ အယံ ရာဇန္တရာယော၊ သစေ သံဃော တေဝါစိကံ ပဝါရေဿတိ၊ အထာယံ ရာဇန္တရာယော ဘဝိဿတိ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော ဒ္ဝေဝါစိကံ ပဝါရေယျ၊ —ဤနည်းကိုမှီ၍ အခြားအန္တရာယ် ရှိရာ၌ဌင်း ဧကဝါစိက, သမာနဝဿိက ပြုလိုရာ၌ဌင်း ဥတ်ထားရသည်။

ပဝါရေယျော၊ ပေ၊ ဥတ္တိယာ။ ။ထားအပ်သော ဥတ်အတိုင်း ပဝါရဏာပြုရသည်၊ "သံဃော ပဝါရေယျ" ဟု အများဆိုင်သော သာမည ဥတ်ထားလျှင် တေဝါစိက စသော ၃-မျိုးတွင် အလိုရှိရာကို ပြုနိုင်၏၊ သမာနဝဿိက ကိုကား မပြုနိုင်၊ "တေဝါစိကံ ပဝါရေယျ" ဟု ဥတ်ထားလျှင် တေဝါစိကသာ ပြုနိုင်၏၊ "ဒ္ဝေဝါစိကံ ပဝါရေယျ" ဟု ဥတ်ထားလျှင် ဧဒ္ဝေဝါစိကနှင့် တိုထက်လေးသော တေဝါစိက ပြုနိုင်၏၊ ပေါ်သော ဧကဝါစိက, သမာနဝဿိက မပြုနိုင်၊ "ကေဝါစိကံ ပဝါရေယျ" ဟု ဥတ်ထားလျှင် ဧကဝါစိကနှင့် ထိုထက်လေးသော ဒ္ဝေဝါစိက, တေဝါစိက ပြုနိုင်၏၊ သမာနဝဿိက မပြုနိုင်၊ "သမာနဝဿိကံ ပဝါရေယျ" ဟု ဆိုလျှင် ပဝါရဏာအားလုံးတွင် အလိုရှိရာ ပဝါရဏာကို ပြုနိုင်၏။

မှတ်ချက်။ ။ဒ္ဝေဝါစိက စသော ပဝါရဏာများကို ခွင့်ပြုရခြင်းမှာ ဒါန စသည် ပြုနေမှုကြောင့် များစွာသော ညဉ့်အချိန်ကုန်လွန်သွားရကား ရာပေါင်း များစွာသော သံဃာတော်များသည် တေဝါစိကပဝါရဏာ ပြုဘို့ရန် အချိန်မလောက်သောကြောင့် ခွင့်ပြုရခြင်းတည်း၊ သို့မဟုတ် အန္တရာယ် ၁၀-ပါး တပါး ပါးဖြစ်ဘို့ရန် ကြုံနေသောကြောင့် ခွင့်ပြုရခြင်းတည်း၊ ထို့ကြောင့် ဥတ်ထား တုန်းကပင် ထိုအကြောင်းတို့ကို ဖော်ပြ၍ ဥတ်ထား ခဲ့ရသည်၊ ထို့ကဲ့သို့ လုံလောက်သော အကြောင်းမရှိလျှင် ဒ္ဝေဝါစိကစသောပဝါရဏာများကို မပြုကောင်းဟု မှတ်ပါ။

အာဂန္ဆေယျုံ၊ ပေ၊ အာဟရေ။ ။ဥပုသ်ပြုခဏ်း၌ "အာဂန္ဆေယျုံ ယဒိ-သမာ" စသည်ဖြင့် (၄၁၄, ၄၁၅) ဂါထာတို့ကို ဆိုခဲ့ပြီ၊ ထို အဆိုအတိုင်း

၄၄၃။ ဧဝံ တိစတုဝင္ဂါ စ၊ ဥတ္တိံ ဝတ္ဝာ ပဝါရယေ။
“သုဏန္တု မေ အာယသ္မန္တာ၊ အဇ္ဇ ပဝါရဏာ ပန္နရသီ၊ ယဒါ-
ယသ္မန္တာနံ ပတ္တကလ္လံ၊ မယံ အညမညံ ပဝါရေယ္မာမာ”တိ။

၄၄၃။ တိစတုဝင္ဂါ စ၊ ၃-ပါးအစုရှိသော ရဟန်းအပေါင်း, ၄-ပါးအစုရှိ သော ရဟန်းအပေါင်းသည်လည်း။ ဧဝံ၊ ဤဆိုအပ်လတ္တံ့သော နည်းဖြင့်။ ဥတ္တိံ၊ ဥတ်ကို။ ဝတ္ဝာ၊ ရွတ်ဆိုပြီး၍။ ပဝါရယေ၊ ပဝါရဏာပြုရာ၏။ (ကိံ၊ အဘယ်သို့ဆို၍ ပြုရာသနည်း။) အာယသ္မန္တာ၊ အရှင်တို့သည်။ မေ၊ တပည့်

ပဝါရဏာပြုနေ့စဉ် အခြားအာဝါသိကစသော ပုဂ္ဂိုလ်များလာလျှင်(အလားတူ လာရာ, ထို့အောက် အနည်းလာရာတို့၌) ပဝါရဏာ ပြုအပ်ပြီးသမျှသည် ပြုအပ်ပြီး ဖြစ်၏၊ နောက်လာ ပုဂ္ဂိုလ်များသည် ဆက်၍ ပဝါရဏာပြုကြရမည်၊ ထိုသို့စသော အစီအစဉ်ကို ဥပုသ်ပြုအတိုင်း မှတ်ပါ၊ ထို့ပြင် ဥပုသ်ခဏ်း၌ “ပန္နရသောဝါသိကာနံ” စသော (၄၁၆, ၄၁၇, ၄၁၈, ၄၁၉) ဂါထာများကိုလည်း ဤ ပဝါရဏာ အခဏ်း၌ မှတ်ယူထိုက်သည်သာ။

မှတ်ချက်။ ။ဤပြခဲ့သော စကားအရ “တေဝါစိက ပဝါရဏာ, ဒ္ဝေဝါစိက ပဝါရဏာ, ဧကဝါစိက ပဝါရဏာ, သမာနဝဿိက ပဝါရဏာ”ဟု ပဝါရဏာပြုပုံ အခြင်းအရာ ကတ္တာဗ္ဗာကာရအားဖြင့် ပဝါရဏာ ၄-မျိုးရှိသည်ဟု မှတ်ပါ။ ထိုတွင် တေဝါစိက ပဝါရဏာသည် ဂရုကအဖြစ်ဆုံး (လေးလေးပင်ပင် အရှိဆုံး) တည်း၊ ထို့ကြောင့် အနည်းငယ်စီပေါ့၍ သမာနဝဿိက ပဝါရဏာကို အပေါ့ဆုံးဟု မှတ်ပါ။ [တီဏေသော+ဝါစာ တီဝါစံ၊ တိဝါစံ အဿာ အတ္ထီတိ တေဝါစိကာ- ၃-ခွန်းသောစကား(၃-ကြိမ်စကား)ရှိသော ပဝါရဏာ၊ သမာနော+ဝဿော ယေသံတိ သမာနဝဿာ၊ သမာနဝဿေဟိ+ကတ္တာဗ္ဗာ သမာနဝဿိကာ- တူသောဝါရှိသော ရဟန်းတို့သည် ပြုထိုက်သော ပဝါရဏာ။]

ဧဝံ တိစတုဝင္ဂါ စ။ ။သံဃပဝါရဏာကို ပြပြီး၍ ဂဏပဝါရဏာကို ပြလိုသောကြောင့် “ဧဝံ တိစတုဝင္ဂါ စ” စသည်ကို မိန့်သည်၊ ၃-ပါး ဖြစ်စေ ၄-ပါးဖြစ်စေ ရှိရာကျောင်းတိုက်၌ ဂဏပဝါရဏာ ပြုရ၏၊ “သုဏန္တု မေ၊ ပေ၊ ပဝါရေယ္မာမ” ကား ဂဏ၌ တ်ထားပုံတည်း။

တော်၏။ (ဝစနံ၊ စကားကို။) သုဏန္တု၊ နားစိုက်တော်မူကြပါကုန်။ အဇ္ဇ၊ ယနေ့သည်။ ပန္နရသီ၊ ၁၅-ရက်မြောက်သော။ ပဝါရဏာ၊ ပဝါရဏာနေ့ပါတည်း။ အာယသ္မန္တာနံ၊ အရှင်တို့၏။ (ကမ္မံ၊ ပဝါရဏာကံသည်။) ပတ္တကလ္လံ၊ လျောက်ပတ်သောအခါရှိသည်။ ယဒိ သံဃဿ၊ အကယ်၍ဖြစ်အံ့။ (ဧဝံ သတိ၊ ဤသို့ဖြစ်လသော်။) မယံ၊ တပည့်တော်တို့သည်။ အညမညံ၊ အချင်းချင်း။ ပဝါရေယျာမ၊ ဖိတ်မန်ကုန်ရာပါ၏။ ဣတိ၊ ဤသို့ဆို၍ ပြုရာ၏။ (ဝိ ပါ ၃-၂၂၈-၉)

၄၄၄။ ဧကံသံ စီဝရံ ကတ္ဝာ၊ နိသီဒိတ္ဝာ ဥက္ကုဋိကံ။
ထေရေန အဉ္ဇလိ ံ တေဝံ၊ ပဂ္ဂယှ သမုဒီရိယာ။

၄၄၅။ "အဟံ အာဝုသော အာယသ္မန္တေ ပဝါရေမိ ဒိဋ္ဌေန ဝါ သုတေန ဝါ ပရိသင်္ကာယ ဝါ၊ ဝဒန္တု မံ အာယသ္မန္တာ အနုကမ္ပံ ဥပါဒါယ၊ ပဿန္တော ပဋိကရိဿာမိ၊ ဒုတိယမ္ပိ၊ ပေ၊ တတိယမ္ပိ၊ ပေ၊ ပဋိ—ကရိဿာမီ"တိ။

နဝေနာပိ "အဟံ ဘန္တေ အာယသ္မန္တေ ပဝါရေမိ ဒိဋ္ဌေန ဝါ သုတေန ဝါ ပရိသင်္ကာယ ဝါ၊ ဝဒန္တု မံ အာယသ္မန္တာ အနုကမ္ပံ

မှတ်ချက်။ ။ ဤ ပဝါရဏာပြုကြောင်းဖြစ်သော စကားရပ်၌ "အဟံ ဘန္တေ အာယသ္မန္တေ ပဝါရေမိ ဒိဋ္ဌေန ဝါ သုတေန ဝါ ပရိသင်္ကာယ ဝါ" သည် တဝါကျ, "ဝဒန္တု မံ အာယသ္မန္တာ အနုကမ္ပံ ဥပါဒါယ" သည် တဝါကျ, "ပဿန္တော ပဋိကရိဿာမိ" သည် တဝါကျ ဤသို့ ၃-ဝါကျရှိသည်ဟု သတိပြု၍ ပဝါရဏာ ပြုသောအခါ သူဝါကျနှင့်သူ စကားဖြတ်၍ ရွတ်ဆိုရသည်၊ ၃-ပါးရှိရာ၌ ၂-ပါးကို လျှောက်သောကြောင့် "အာယသ္မန္တာ" ဟု ထားသည်၊ အကယ်၍ ၄-ပါးရှိရာ၌ကား ၃-ပါးကို လျှောက်လျှင် "ဝဒန္တု မံ အာယသ္မန္တာ" ဟု ထားရသည်၊ [၁-ပါး သမ္မာ၊ ၂-ပါး နွှာ၊ ၃-ပါးမှာ နွှာ၊ ၄-ပါး ဃောဿ။]

ဥပါဒါယ၊ ပဿဒ္ဓော ပဋိကရိဿာမိ၊ ဒုတိယမ္ပိ၊ ပေ၊ တတိယမ္ပိ၊ ပေ၊ ပဋိကရိဿာမိ”တိ။

၄၄၄,၅။ ကေံသံ၊ တခုသော လက်ဝဲအဘို့၌။ ဝါ၊ လက်ဝဲတဖက် ပခုံး ထက်၌။ စီဝရံ၊ သင်္ကန်းကို။ ကတ္ဝာ၊ ပြု၍။ (တနည်း) ကေံသံ စီဝရံ ကတ္ဝာ၊ လက်ကတော့ တင်၍။ ဥက္ကုဋိကံ၊ ဆောင့်ကြောင့်။ နိသီဒိတ္ဝာ၊ ထိုင်၍။ အဉ္ဇလိံ၊ လက်အုပ်ကို။ ပဂ္ဂယှ၊ ချီမြှောက်၍။ ထေရေန၊ ထေရ်သည်။ တေ၊ ထို ၂-ပါး, ၃-ပါးတို့ကို။ ဧဝံ၊ ဤသို့။ သမုဒီရိယာ၊ မြွက်ဆိုထိုက်ကုန်၏။ (ကိံ၊ အဘယ်သို့ မြွက်ဆိုထိုက်ကုန်သနည်း။) “အဟံ အာဝုသော၊ ပေ၊ ပဋိကရိဿာမိ”တိ၊ အဟံ အာဝုသော၊ ပေ၊ ပဋိကရိဿာမိ ဟူ၍။ (သမုဒီရိ-ယာ၊ မြွက်ဆိုထိုက်ကုန်၏။)

နဝေနာပိ၊ သီတင်းငယ်သည်လည်း။ (ဧဝံ၊ ဤသို့။ သမုဒီရိယာ၊ မြွက်ဆို ထိုက်ကုန်၏။ ကိံ၊ အဘယ်သို့ မြွက်ဆိုထိုက်ကုန်သနည်း။) “အဟံ ဘန္တေ၊ ပေ၊ ပဋိကရိဿာမိ”တိ၊ အဟံ ဘန္တေ၊ ပေ၊ ပဋိကရိဿာမိ ဟူ၍။ (သမုဒီရိယာ၊ မြွက်ဆိုထိုက်ကုန်၏။) [“အကြီးဆုံးထေရ်၏ပဝါရဏာပြုပုံကို ပဌမပြုပြီး၍ “နဝေနပိ”စသည်ဖြင့် သီတင်းငယ် ၂-ပါးတွင် တပါးပါး၏ ပဝါရဏာပြုပုံကို ပြသည်။]....(ဝိ ပါ ၃- ၂၂၈-၉)

၄၄၆။ ဒ္ဒိသု ထေရေန ကတ္တာဗ္ဗံ၊ နဝေါ ကတ္တဝမိရိယော။

၄၄၇။ “အဟံ အာဝုသော အာယသ္မန္တံ ပဝါရေမိ ဒိဋ္ဌေန ဝါ သုတေန ဝါ, ပရိသင်္ကာယ ဝါ၊ ဝဒတု မံ အာယသ္မာ အနုကမ္ပံ ဥပါဒါယ၊ ပဿဒ္ဓော ပဋိကရိဿာမိ၊ ဒုတိယမ္ပိ၊ ပေ၊ တတိယမ္ပိ၊ ပေ၊ ပဋိကရိ-ဿာမိ”တိ။

နဝေနာပိ “အဟံ ဘန္တေ အာယသ္မန္တံ ပဝါရေမိ ဒိဋ္ဌေန ဝါ သုတေန ဝါ ပရိသင်္ကာယ ဝါ၊ ဝဒတု မံ အာယသ္မာ အနုကမ္ပံ

ဥပါဒါယ၊ ပဿန္တော ပဋိကရိဿာမိ၊ ဒုတိယမ္ပိ၊ ပေ၊ တတိယမ္ပိ၊ ပေ၊ ပဋိကရိဿာမီ”တိ။

၄၄၆-၇။ ဒီဿု၊ နှစ်ပါးသော ရဟန်းတို့ဘင်္။ ထေရေန၊ ထေရ်သည်။ ကတ္တာဗ္ဗံ၊ ပြုထိုက်သော ပုဗ္ဗကိစ္စကို။ ကဘ္ဘ၊ ပြုပြီး၍။ နဝေါ၊ သီဘင်းငယ်ကို။ ဧဝံ၊ ဤသို့။ ဤရိယော၊ မြက်ဆိုထိုက်၏။ (ကိံ၊ အဘယ်သို့ မြက်ဆိုထိုက်သနည်း။) “အဟံ အာဝုသော၊ ပေ၊ ပဋိကရိဿာမီ”တိ၊ အဟံ အာဝုသော၊ ပေ၊ ပဋိကရိဿာမိ ဟူ၍ဤရိယော၊ မြက်ဆိုထိုက်၏။ နဝေနာပိ၊ သီဘင်းငယ်သည်လည်း။ “အဟံ ဘန္တေ၊ ပေ၊ ပဋိကရိဿာမီ”တိ၊ အဟံ ဘန္တေ၊ ပေ၊ ပဋိကရိဿာမိ ဟူ၍။ ဤရိယော၊ လျှောက်ထားထိုက်၏။ [၂-ပါးသာရှိရာ ကျောင်းတိုက်၌ ဥတ်မထားဘဲ ဂဏပဝါရဏာပြုပုံကို ပြသော စကားရပ်တို့တည်း။]....(ဝိ ပါ ၃-၂၂၉-၂၃၀)

၄၄၈။ ပုဗ္ဗကိစ္စံ သမာပေတ္ဝာ၊ အခိဋ္ဌေယျောမေကကော။
“အဇ္ဇ မေ ပဝါရဏာ စာဘုဒ္ဒသီဘိ ဝါ ပန္နရသီဘိ ဝါ အဓိဋ္ဌာမီ”တိ ဝတ္တာဗ္ဗံ။

၄၄၈။ ပုဗ္ဗကိစ္စံ၊ ပြုသင့်သမျှ ပုဗ္ဗကိစ္စကို။ သမာပေတ္ဝာ၊ ပြီးစီးစေ၍။ ကေကော၊ တပါးတည်းသော ရဟန်းသည်၊ ဧဝံ၊ ဤသို့။ အဓိဋ္ဌေယျ၊ အဓိဋ္ဌာန်ရာ၏။ (ကိံ၊ အဘယ်သို့ အဓိဋ္ဌာန်ရာသနည်း။) အဇ္ဇ၊ ယနေ့သည်။ မေ၊ ငါ၏။ စာတုဒ္ဒသီ၊ ၁၄-ရက်မြောက်သော။ ပဝါရဏာ၊ ပဝါရဏာတည်း။

မှတ်ချက်။ ။ဤမျှ အတိုင်းအရှည်ရှိသော စကားအစဉ်ဖြင့် နှုန့်နှင့်စပ်၍ ၃-ပါး, ပြုတတ်သောပုဂ္ဂိုလ်နှင့် စပ်၍ ၃-ပါး, ကတ္တုဗ္ဗာကာရအားဖြင့်ပြအပ်ခဲ့သည့်အတိုင်း ၄-ပါး ဤသို့ ပဝါရဏာအပြား ၁၀ ပါးရှိသည်ဟု မှတ်ပါ။ ကတ္တုဗ္ဗာကာရအားဖြင့် ၄-ပါးတွင် ဒွေဝါစိကာ, ကေဝါစိကာကို ပေါင်း၍ ၃-ပါးဟု ယူကြ၏၊ ထိုသို့ဖြစ်လျှင် ပဝါရဏာ ၉-ပါးဟု ရေတွက်ရသည်။

ကတိ၊ ဤသို့။ အဓိဋ္ဌာမိ၊ အဓိဋ္ဌာန်ပါ၏။ ကတိ ဝါ၊ ဤသို့သော်ငင်း။ အဇ္ဈ၊ ယနေ့သည်။ ပန္နရသီ၊ ၁၅-ရက်မြောက်သော။ ပဝါရဏာ၊ ပဝါရဏာတည်း။ ကတိ၊ ဤသို့။ အဓိဋ္ဌာမိ၊ အဓိဋ္ဌာန်ပါ၏။ ကတိ ဝါ၊ ဤသို့သော်ငင်း။ ဝတ္တာဗ္ဗံ၊ ဆိုရာ၏။ [တပါးတည်းရှိရာကျောင်း၌ အဓိဋ္ဌာနပဝါရဏာ ပြုပုံကို ပြသော စကားရပ်တည်း။]....(ဝိ ပါ ၃-၂၃၀။)

၄၄၉။ ယသ္မိံ ဝသန္တိ ဝါ ပဒ္ဓ၊ စတ္တာရော ဝါ တယော ဒုဝေ။
ပဝါရဏံ ဟာရိတ္ဝာန၊ ဧကေကဿိတရီတရေ။

၄၅၀။ တံ တံ ပဝါရဏံ ဂယိရုံ၊ သိယာ အာပတ္တိ ဒုက္ကဋံ။
သေသာ ဥပေါသထေ ဝုတ္တာ၊ ဂါထာယော စေတ္ထ အာဟရေ။

၄၄၉,၄၅၀။ ယသ္မိံ၊ အကြင်ကျောင်းတိုက်၌။ ပဒ္ဓ ဝါ၊ ငါးပါးသော ရဟန်းတို့သည်သော်ငင်း။ စတ္တာရော ဝါ၊ လေးပါးသော ရဟန်းတို့သည် သော်ငင်း။ တယော ဝါ၊ သုံးပါးသော ရဟန်းတို့သည်သော်ငင်း။ ဒုဝေ ဝါ၊

ယသ္မိံ ဝသန္တိ၊ ပေ၊ ဒုက္ကဋံ။ ။ ဥပေါသထနိဒ္ဒေသ၌ (၄၂၇) ဂါထာနှင့် အသွားအတူပင်တည်း၊ ဥပေါသထအခင်းဝယ် ၄-ပါးရှိလျှင် သံဃဥပုသ် ပြုရသောကြောင့် "စတ္တာရော" ဟု ဆို၏၊ ဤ၌ကား ငါးပါးရှိမှ သံဃပဝါ-ရဏာ ပြုနိုင်သောကြောင့် "ယသ္မိံ ဝသန္တိ ဝါ ပဒ္ဓ" ဟုဆိုသည်၊ "၅-ပါးရှိရာ မဟာသိမ်ဝယ် တပါး၏ ပဝါရဏာကို ဆောင်၍ ၄-ပါးသော ရဟန်းတို့ သံဃ-ပဝါရဏာ ပြုကြလျှင် ဒုက္ကဋ်အာပတ် သင့်၏" စသည်ဖြင့် ဥပုသ်တုန်းကအတိုင်း သိပါ။

သေသာ၊ ပေ၊ အာဟရေ။ ။ "ဝဂ္ဂေ သမဂ္ဂေ ဝဂ္ဂေါ" စသော (၄၂၈) ဂါထာမှစ၍ "ဓိဋ္ဌာတုံ သိမမေဝ ဝါ" (၄၃၂) တိုင်အောင် ဂါထာများကိုလည်း ဤပဝါရဏာနိဒ္ဒေသ၌ ဆောင်ယူပါ၊ ထို၌ ဥပုသ်ပြုခြင်းနှင့် ဤ၌ ပဝါရဏာ ပြုခြင်းသာ ထူးသည်၊ "အဋ္ဌတောပေါသထဒေဝါသာ" နေရာဝယ် "ပဝါရဏာ-ဋ္ဌတာဝါသာ" ဟု "လဲလျှယ်ရာ၏" ဟု ဋီကာသစ် ဆိုသည်။

နှစ်ပါးသော ရဟန်းတို့သည် သော်၎င်း။ ဝသန္တိ၊ နေကုန်၏။ (တတ္ထ၊ ထို ကျောင်းတိုက်၌။) ဧကကဿ၊ တပါးတပါး၏။ ပဝါရဏံ၊ ပဝါရဏာကို။ ဟရိတ္ဝာန၊ ဆောင်၍။ ဣဘရိတရေ၊ အခြားအခြားသော ရဟန်းတို့သည်။ တံ တံ ပဝါရဏံ၊ ထိုထိုပဝါရဏာကို။ ကယိရဲ့၊ ပြုကုန်အံ့။ ဒုက္ကဋံ၊ ဒုက္ကဋ်အာပတ် သို့။ အာပတ္တိ၊ ရောက်ခြင်းသည်။ သိယာ၊ ဖြစ်၏။ ဥပေါသထေ၊ ဥပုသ် အခဏ်း၌။ ဝုတ္တာ၊ ဆိုအပ်ပြီးကုန်သော။ သေသာ၊ ကြွင်းကုန်သော။ ဂါထာယော စ၊ ဂါထာတို့ကိုလည်း။ တ္ထေ၊ ဤပဝါရဏာအခဏ်း၌။ အာဟရေ၊ ဆောင်ရာ၏။ (ဝိ ပါ ၃ - ၂၃၁)

၄၅၁။ ပဝါရိတေဝ သံဃမ္မိ၊ ပါရိသုဒ္ဓိဥပေါသထံ။
ကရေယ္ယ ဆိန္နဝဿော ဝါ၊ အဝုတ္ထော ဝါနုပါဂတော။

၄၅၁။ ပဝါရိတေဝ၊ ပဝါရဏာပြုပြီးသည်သာလျှင် ဖြစ်သော။ သံဃမ္မိ၊ သံဃာ့အထံ၌။ ဆိန္နဝဿော ဝါ၊ ကျိုးပြတ်သော ဝါရှိသောရဟန်းသည် ၎င်း။ အဝုတ္ထော ဝါ၊ ပစ္ဆိမဝါပတ်လုံး နေပြီးမဟုတ်သော ရဟန်းသည်၎င်း။ အနုပါဂတော ဝါ၊ ဝါမကပ်သော ရဟန်းသည်၎င်း။ ပါရိသုဒ္ဓိဥပေါသထံ၊ ပါရိသုဒ္ဓိဥပုသ်ကို။ ကရေယ္ယ၊ ပြုရာ၏။ (ဝိ ဋ္ဌ ၃ - ၃၅၈)

ပဝါရိတေဝ၊ ပေ၊ နုပဂတော ဝါ။ ။သီတင်းကျွတ်လပြည့် ပဌမပဝါရဏာနေ့၌ ပုရိမဝါကျွတ်ပြီးသော သံဃာသည် သံဃပဝါရဏာ ပြုပြီးသောအခါ ဆိန္နဝဿ-ကျိုးသော ဝါရှိသော ရဟန်း, အဝုတ္ထ-ဒုတိယဝါကပ်သည့်အတွက် ဝါလပတ်လုံးနေပြီး မဟုတ်သေးသော ရဟန်း, အနုပဂတ-တစုံတခုသောအကြောင်းကြောင့် ဝါမကပ်ခဲ့ရသော ရဟန်း၊ ဤ ၃-မျိုးသည် ထို သံဃာ၏အထံ၌ ပါရိသုဒ္ဓိ ဥပုသ်ပြုရသည်။

မှတ်ချက်။ ။ထိုသို့ ပြုရာ၌ ပုရိမဝါကျွတ်သော သံဃာသည် ထိုရဟန်းများနှင့် အရေအတွက်အတူ သို့မဟုတ် အများစုဖြစ်စေရမည်၊ အကယ်၍ ဆိန္နဝဿ, အဝုတ္ထ, အနုပဂတ ရဟန်းတို့က ပုရိမဝါကပ်သော ရဟန်းတို့ထက်

၄၅၂။ စာတုမာသိနိယာ စာပိ၊ ကတေ သံဃေနုပေါသထော။
ဝုတ္ထဝဿာ ပဝါရေယ္ယုံ၊၊ သစေ အပ္ပတရာ သိယုန္တိ ။

၄၅၂။ စာတုမာသိနိယာ စာပိ၊ မိုးလေးလတို့၏ ပြည့်ကြောင်း တန် ဆောင်မုန်းလပြည့်နေ့၌လည်း။ သံဃေန၊ သံဃာသည်။ ဥပေါသထေ၊ ဥပုသ် ကို။ ကတေ၊ ပြုအပ်ပြီးသော်။ ဝုတ္ထဝဿာ၊ ပစ္ဆိမဝါပတ်လုံး နေပြီးသော ရဟန်းတို့သည်။ အပ္ပတရာ၊ နည်းကုန်သည်။ သစေ သိယုံ၊ အကယ်၍ ဖြစ် ကုန်အုံ။ (ဧဝံ သတိ၊ ဤသို့ဖြစ်ကုန်လသော်။) ပဝါရေယ္ယုံ၊၊ ပဝါရကာ ပြုကုန် ရာ၏။ .... ဣတိ၊ ပဝါရကာနှင့်စပ်၍ မှတ်ဘွယ်အပြီးတည်း။ (ဝိ ပါ ၃- ၃၅၉)

အရေအတွက်များလျှင် ဥပေါသထ ဥ တ်ထား၍ ရှေးဦးစွာ ဥပုသ်ပြုကြရသည်၊ ထို ဥပုသ်ပြုပြီးသော သံဃာ့အထံ၌ ပုရိမဝါကပ်သော ရဟန်းတို့က ဥ တ်မထား ဘဲ ပဝါရကာ ပြုကြရသည်၊ ပုရိမဝါ ပစ္ဆိမဝါကပ်သော ၂-ဖက်ပုဂ္ဂိုလ်ပေါင်းမှ ကိုက်းသာဖြစ်လျှင် များသည့်ဖက်က ဂဏ ဥ တ်ထား၍ အလျင်ပဝါရကာ သို့မဟုတ် ဥပုသ်ပြုရသည်၊ ထို့နောက်မှ အနည်းဖက်က ပါရိသုဒ္ဓိ, သို့မဟုတ် ပဝါရကာ ပြုရသည်။

စာတုမာသိနိယာ။ ။ မိုး ၄-လပြည့်ရာ တန်ဆောင်မုန်းလပြည့်နေ့ကို "စာတုမာသိနီ" ဟု ခေါ်၏၊ ထို့နေ့၌ ပုရိမဝါကျွတ်ပြီးသော သံဃာသည် သံဃ ဥပုသ်ပြုပြီးသောအခါ ပြအပ်ခဲ့သော ဆိန္နဝဿ, အဝုတ္ထ, အနုပဂတ တမျိုးမျိုး ဖြစ်သော ရဟန်းသည် ထို သံဃာ့အထံ၌ ဥ တ်မထားဘဲ ပဝါရကာပြုရသည်။

သစေ အပ္ပတရာ သိယုံ။ ။ထို့သို့ ဥပုသ်ပြုပြီးသော သံဃာ့အထံ၌ ပဝါ-ရကာ ပြုခြင်းသည် ပစ္ဆိမဝါကပ်သော ရဟန်းက အနည်းစုဖြစ်မှသာအပ်၏၊ အကယ်၍ ပစ္ဆိမဝါကပ်သောရဟန်းက ပုရိမဝါကျွတ်ပြီး ရဟန်းနှင့်သမဖြစ်နေ လျှင်၎င်း ဗဟုတရ ဖြစ်နေလျှင်၎င်း ပဝါရကာ ဥ တ်ထား၍ ရှေးဦးစွာ ပဝါရကာ ပြုပြီးမှ ပုရိမဝါကျွတ်သော ပုဂ္ဂိုလ်များက ထို ပုဂ္ဂိုလ်တို့ အထံ၌ ပါရိသုဒ္ဓိ ဥပုသ်ပြုရသည်။ [ဥပုသ်ကျောင်းဆောင် တခုတည်း၌ ဥပုသ်ဥ တ်ချည်းရင်း ပဝါရကာဥ တ်ချည်းရင်း ဥ တ် ၂-မျိုးရင်း ၂-ကြိမ် မထားကောင်း။]

သံဝရနိဒ္ဒေသ

သံဝရောတိ၊ "သံဝရော" ဟူသော ဥဒ္ဒေသ၏။ (နိဒ္ဒေသော၊ နိဒ္ဒေသကား-)

၄၅၃။ စက္ခုသောတာဒိဘေဒေဟိ၊ ရူပသဒ္ဒါဒိဂေါစရေ။
အဘိဇ္ဈာဒေါမနဿာဒိ-ပပ်ဝတ္တိံ ဝိနိဝါရယေ။

၄၅၃။ စက္ခုသောတာဒိဘေဒေဟိ၊ စက္ခုသောတ စရှိအပြား ၆-ပါးသော ဣန္ဒြေတို့ဖြင့်။ ရူပသဒ္ဒါဒိဂေါစရေ၊ ရူပသဒ္ဒ စရှိအပြား ၆-ပါးသော အာရုံ၌။ အဘိဇ္ဈာဒေါမနဿာဒိပပ်ဝတ္တိံ၊ အဘိဇ္ဈာ ဒေါမနဿ အစရှိသော အကုသိုလ်တို့၏ ဖြစ်ခြင်းကို။ ဝိနိဝါရယေ၊ တားမြစ်ရာ၏။ (ဒီ ပါ ၁ - ၆၆ - ၁၉၂၊ မ ပါ ၁-၁၁- ၃၃၆၊ အံ ပါ ၁ - ၅၃၀၊ အဘိ ပါ ၁ - ၂၆၁၊ အဘိ ပါ ၃ - ၁၂၅၊ ခု ပါ ၁ -၃၃၇၊ ခု ပါ ၇ - ၃၇၇)

သံဝရောတိ။ ။ပါတိမောက္ခ သံဝရသီလကိုပြပြီး၍ ဣန္ဒြိယသံဝရသီလကို ပြလိုသောကြောင့် "သံဝရောတိ" စသည်ကို မိန့်သည်၊ စက္ခု စသော ဣန္ဒြေ ၆-ပါးကို အဘိဇ္ဈာ စသော လောဘဆိုင်ရာ, ဒေါမနဿ စသော ဒေါသဆိုင်ရာ အကုသိုလ်မဖြစ်အောင် စောင့်စည်းကြောင်းဖြစ်သော သတိကို "သံဝရ" ဟု ခေါ်၏။

စက္ခုသောတာဒိဘေဒေဟိ။ ။ဣန္ဒြိယသံဝရသီလကို ပြတော်မူရာ ပါဋိရပ် (သာမညဖလသုတ် စသည်)၌ "စက္ခုနာ ရူပံ ဒိသွာ န နိမိတ္တဂ္ဂါဟီ ဟောတိ, နာနုဗ္ယဉ္ဇနဂ္ဂါဟီ၊ ပေ၊ အဘိဇ္ဈာဒေါမနဿာ ပါပကာ အကုသလာ ဓမ္မာ အန္ဝာသဝေယျုံ၊ တဿ သံဝရာယ အာပဇ္ဇတိ" စသည်ဖြင့် ဣန္ဒြေ ၆-ပါးလုံး၌ စောင့်စည်းဘို့ရန် ကျင့်ပုံ အားထုတ်ပုံကို ဟောတော်မူ၏၊ ထိုပါဋိတော်တို့မှ ယူ၍ "စက္ခုသောတာဒိဘေဒေဟိ၊ ပေ၊ ဝိနိဝါရယေ" ဟု မိန့်သည်။

၎၅၄။ နိဂ္ဂဏ္ဌေယျ သကံ စိတ္တံ၊ ကိဋ္ဌာဒိ ံဝိယ ဒုပ္ပသုံ။
သတိမာ သမ္ပဇာနော စ၊ စရေ သဗ္ဗိရိယာပထေတိ။

၎၅၄။ ကိဋ္ဌာဒိ ံ၊ ကောက်ပင်ကိုစားလေ့ရှိသော။ ဒုပ္ပသုံ၊ ဆုံးမ ခက်သော နွားကို။ နိဂ္ဂဏှာတိ ဝိယ၊ နှိပ်သကဲ့သို့။ (တထာ၊ ထို့အတူ။) ကိဋ္ဌာဒိ ံ၊ အာခုံခြောက်ပါး ကောက်စပါးကို စားလေ့ရှိသော။ သကံ စိတ္တံ၊ မိမိစိတ်ကို။ နိဂ္ဂဏ္ဌေယျ၊ နှိပ်ရာ၏။ သတိမာ၊ သတိရှိသည်ရင်း။ သမ္ပဇာနော စ၊ ကောင်းစွာ အပြားအားဖြင့် သိသည်ရင်း။ (ဟုတ္ဝာ၊ ဖြစ်၍။) သဗ္ဗိရိယာပထေ၊ အသုံးစုံသော ဣရိယာပုထ်လေးပါး၌။ စရေ၊ ကျင့်ကြံကြိုးကုတ် အားထုတ်ရာ၏။ ....ဣတိ၊ သံဝရနှင့်စပ်၍ မှတ်ဘွယ် အပြီးတည်း။ (အံ ပါ ၂-၃၅၅-၆၊ ဓမ္မပဒ ဋ္ဌ ၂-၁၀၂)

စက္ခုန္ဒြေစောင့်ပုံ။ ။မျက်စိဟူသော စက္ခုန္ဒြေဖြင့် ရူပါရုံကို (မိန်းမကို ယောကျ်ားကို) မြင်သောအခါ ထိုသူ၏ပုံသဏ္ဌာန် လှ-မလှကို ကြည့်ခြင်း (အာရုံပြုခြင်း)ကို "နိမိတ္တကို ယူခြင်း"ဟုခေါ်၏၊ ထိုပုံသဏ္ဌာန် တကိုယ်လုံး၌ မျက်နှာ လက် ခြေ စသော အသေးစိတ် လှ-မလှကို ကြည့်ခြင်း (အာရုံပြုခြင်း)ကို "အနုဗျဉ်ဇနကို ယူခြင်း"ဟု ခေါ်၏၊ ထိုသို့ကြည့်မိ အာရုံပြုမိသောအခါ "လှသည်"ဟု ထင်နေလျှင် အဘိဇ္ဈာ (လောဘ) ဆိုင်ရာ ကိလေသာစိတ်တွေ့ဖြစ်တော့၏၊ မလှဟုထင်း ရှားကမူန်းသူဖြစ်၍ ယခုလဲ မုန်းစရာဟုထင်း ကြည့်မိ အာရုံပြုမိလျှင် ဒေါသဆိုင်ရာ အကုသိုလ်တွေ့ ဖြစ်လေတော့၏၊ ထို့ကြောင့် ရူပါရုံတခုကို တမင်လာလည်း မကြည့်ဘဲ အကြောင်းအားလျော်စွာ တွေ့ပြန်လျှင်လည်း မြင်ရုံ တွေ့ရုံထက် လွန်၍ မစဉ်းစားဘဲ လောဘ ဒေါသ မဖြစ်အောင် စောင့်စည်းခြင်းကို "စက္ခုန္ဒြေ စောင့်စည်းခြင်း"ဟု ခေါ်သည်၊ သောတိန္ဒြေ, ဃာနိန္ဒြေ, ဇိဝှိန္ဒြေ, ကာယိန္ဒြေ, မနိန္ဒြေတို့၌လည်း ဤနည်းအတိုင်း စောင့်စည်းရသည်။

နိဂ္ဂဏ္ဌေယျ သကံ စိတ္တံ။ ။လယ်တို့၏ အနီးအပါး၌ ထားအပ် (ကျောင်းအပ်)သော နွားကို ကောက်ပင်မစားအောင် နွားကျောင်းသားသည် ဒုတ်ဖြင့်

တားမြစ် နှိပ်ကွပ်ထားသကဲ့သို့ သူတော်ကောင်းသည်လည်း မိမိစိတ်တည်း ဟူသော နွားကို ထိုအာရုံတို့၌ မကျက်စားနိုင်အောင် နှိမ်၍ထားရသည်။

သတိမဘ၊ ပေါ ပဏ္ဍေ။ ။ထိုသို့နှိမ်ရာ၌ "သွား, ရပ်, ထိုင်, လျောင်း" ဟူသော ဣရိယာပုထ် ၄-ပါးလုံး၌ပင် ထိန်းကျောင်းမှုသတိကို မလွတ်စေရ၊ ဣန္ဒြေ ၆-ပါး တံခါး ၆-ပေါက်၌ သတိတံခါးရွက်ကို အမြဲပိတ်ဆို့ ထားရာ၏၊ ရူပ သဒ္ဒ စသော အာရုံတို့ကို တွေ့ကြုံတိုင်းပင် ဘာဝနာတမျိုးမျိုးကို စဉ်းစား ဆင်ခြင်ကာ ဉာဏ်ပညာဖြင့်လည်း အကုသိုလ်မဖြစ်အောင် တားမြစ်ရသည်။

ဘာဝနာမပါလျှင် မဖြစ်နိုင်။ ။"ရုတ်တရက် တွေ့ကြုံအပ်သော အာရုံကြောင့် အကုသိုလ်မဖြစ်အောင် မိမိစိတ်ကို တားမြစ်ရမည်"ဟု သြဝါဒရှိပါသော်လည်း နဂိုရင်က ကမ္မဋ္ဌာန်းတမျိုးမျိုး၌ စိတ်စိုက်ထားသော ပုဂ္ဂိုလ် မဟုတ်လျှင်ကား စိတ်ကို စောင့်စည်းဘို့ မလွယ်ပါ၊ ထို့ကြောင့် စတုရာရက္ခနိဒ္ဒေသ၌ လာမည့် ဘာဝနာ တပါးပါးနှင့် ဝိပဿနာနိဒ္ဒေသ၌ လာမည့် ဝိပဿနာဘာဝနာကို သူတော်ကောင်းမှန်လျှင် ကောန်လက်ကိုင် ပြုရပါလိမ့်မည်။

သုဒ္ဒိနိဒ္ဒေသ

သုဒ္ဒိတိ၊ "သုဒ္ဒိ" ဟူသော ဥဒ္ဒေသ၏။ (နိဒ္ဒေသော၊ နိဒ္ဒေသကာဒီးကား—)

[ပါတိမောက္ခသံဝရ-စသော စင်ကြယ်သော သီလ ၄-မျိုးကို "သုဇ္ဈ-တီဘိ သုဒ္ဒိ" အရ "သုဒ္ဒိ" ဟုခေါ်သည်။]

၄၅၅။ ဒေသနာ သံဝရော ဧဋ္ဌေ၊ ပစ္စဝေက္ခဏာ ဘေဒတော။
သုဒ္ဒိ စတုဗ္ဗိဓာ ပါတိ-မောက္ခသံဝရသမ္မတံ။
ဒေသနာယ ဝိသုဒ္ဓတ္တာ၊ ဒေသနာသုဒ္ဒိ ဝုစ္စတိ။

၄၅၅။ သုဒ္ဒိ၊ သုဒ္ဒိသည်။ ဝါ၊ စင်ကြယ်သော သီလသည်။ ဒေသနာ၊ ဒေသနာသုဒ္ဒိဂင်း။ သံဝရော၊ သံဝရသုဒ္ဒိဂင်း။ ဧဋ္ဌေ၊ ဧဋ္ဌေသုဒ္ဒိဂင်း။ ဝါ၊ ပရိ-ယေဋ္ဌိသုဒ္ဒိဂင်း။ ပစ္စဝေက္ခဏံ၊ ပစ္စဝေက္ခဏာသုဒ္ဒိဂင်း။ (ကွတိ၊ ဤသို့။) ဘေဒတော၊ အပြားအားဖြင့်။ စတုဗ္ဗိဓာ၊ ၄ ပါးအပြားရှိ၏။ ပါတိမောက္ခ-သံဝရသမ္မတံ၊ ပါတိမောက္ခသံဝရဟူ သမုတ်အပ်သော သီလကို။ ဒေသနာယ၊ ဒေသနာပြောခြင်းကြောင့်။ ဝိသုဒ္ဓတ္တာ၊ စင်ကြယ်သည်၏ အဖြစ်ကြောင့်။ ဒေသနာသုဒ္ဒိ၊ ဒေသနာသုဒ္ဒိဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ (ဝိ ဋ္ဌ ၂-၂၇၂-၃၊ ဝိသုဒ္ဓိ ၁-၄၁)

ဒေသနာ၊ ပေ၊ စတုဗ္ဗိဓာ။ ။ဒေသနာသုဒ္ဒိ, သံဝရသုဒ္ဒိ, ဧဋ္ဌေသုဒ္ဒိ, ("ပရိယေဋ္ဌိသုဒ္ဒိ" ဟု လည်း ခေါ်၏၊) ပစ္စဝေက္ခဏာသုဒ္ဒိ အားဖြင့် သုဒ္ဒိ ၄-ပါး ရှိသည်။

ပါတိမောက္ခ၊ ပေ၊ ဝုစ္စတိ။ ။ပါတိမောက္ခ သံဝရဟူ သမုတ်အပ်သော သီလကို ဒေသနာသုဒ္ဒိဟူ ဆိုအပ်၏၊ ဘာ့ကြောင့်နည်း....ဒေသနာယ ဝိသုဒ္ဓတ္တာ-ဒေသနာ ပြောခြင်းကြောင့် စင်ကြယ်သောကြောင့်တည်း၊ ပါရာဇိက အာပတ်

သင့်လျင် လူထွက်ခြင်း, သံဃာဒိသိသ် အာပတ်သင့်လျင် ပရိဝါသ် မာနတ် ဆောက်တည်ခြင်းများလည်း ဒေသနာအရဖြ့်ပါဝင်သည်။ [ဒေသနာယ-ဒေသနာ ပြောခြင်းကြောင့် + သုဒ္ဓိ–စင်ကြယ်သော သီလတည်း၊ ဒေသနာသုဒ္ဓိ–ဒေသနာ ပြောခြင်းကြောင့် စင်ကြယ်သော သီလ။]

ပါတိမောက္ခသံဝရ။ ။ပါတိ–မိမိကို စောင့်ရှောက်သော ပုဂ္ဂိုလ်ကို + မောက္ခေတိ–အပါယ်ဆင်းရဲ ဝဋ်ဆင်းရဲမှ လွတ်စေတတ်၏၊ ဣတိ–ထို့ကြောင့်၊ ပါတိမောက္ခံ–ပါတိမောက္ခ မည်၏၊ သံဝရတိ ဧတေနာတိ သံဝရော၊ ကိုယ်နှုတ် တို့ကို စောင့်စည်းကြောင်း၊ ပါတိမောက္ခဉ္စ + တံ + သံဝရော စ၊ တိ ပါတိမောက္ခ-သံဝရော၊ ဤဝိဂြိုဟ်နှင့်အညီ ဝိနည်းပါဠိတော်၌လာသော သီလကို "ပါတိ-မောက္ခသံဝရသီလ" ဟု ခေါ်၏၊ ဤပါတိမောက္ခသံဝရသီလသည် သဒ္ဓါပြဓာန်း၏၊ သဒ္ဓါတရားရှိသော ပုဂ္ဂိုလ်သာ မြတ်စွာဘုရားကို ကြည်ညိုသောအားဖြင့် လုံခြုံအောင် စောင့်ထိန်းနိုင်၏။

ပါတိမောက္ခံ ဝိသောဓေန္တော၊ အပေါ ဇီဝိတံ ဇဟေ။
ပညတ္တံ လောကနာထေန၊ န ဘိန္ဒေ သီလသံဝရံ။

ပါတိမောက္ခံ–ဝိနည်းပိဋကတ် အရပ်ရပ်၌ ပညတ်ထုတ်ဖော် သိက္ခာပုဒ် သီလတော်ကို၊ ဝိသောဓေန္တော–မကျိုးမပေါက် မည်းပျောက်ဘဲ တိုးတောက် စေချင် သုတ်သင်သော ပုဂ္ဂိုလ်သည်၊ ဇီဝိတံ–လွန်စွာစုံမက် ကိုယ့်အသက်ကို၊ အပေါ ဇဟေ–မဝံ့တဝံ့ ရှံတရှံဖြင့် တွန့်ကာလွန့်ကာ စွန့်လိုက်ရစေကာမူ၊ လောကနာထေန – ဗြဟ္မာလူနတ် မြတ်ထက်မြတ်သည့် နတ်နတ်ထိပ်ထား ဘဘုရားသည်၊ ပညတ္တံ-အာဏာတော်မြတ် မိန့်တော်မှတ်၍ ပညတ်ထုတ်ဖော် ဟောပြတော်မူအပ်သော၊ သီလသံဝရံ–ကိုယ်နှုတ်နှစ်ထွေ ချုပ်တည်းစေတို့ ကုဋ္ဌေကိုးထောင် ကျော်ခေါင်မြင့်ဟီး သီလတော်ကြီးကို၊ န ဘိန္ဒေ–အမိန့် တော်ချက် ဦးထိပ်ရွက်၍ မဖျက်မိစေ စောင့်စည်းသင့်ပေသတည်း။

၄၅၆။ နာ ပုနေဝံ ကရိဿန္တိ၊ စိတ္တာဓိဋ္ဌာနသံဝရာ။
ဝုတ္ထော သံဝရသုဒ္ဓိတိ၊ သုဇျတိန္ဒြိယသံဝရော။

၄၅၆။ ပုန၊ တဖန်။ ဧဝံ၊ ဤသို့ မစောင့်စည်းမှုကို။ နာ ကရိဿံ၊ မပြု တော့အံ့။ ဣတိ၊ ဤသို့။ **စိတ္တာဓိဋ္ဌာနသံဝရာ**၊ စိတ်ကို အဓိဋ္ဌာန်ခြင်း ဟူသော စောင့်စည်းခြင်းကြောင့်။ ဣန္ဒြိယသံဝရော၊ ဣန္ဒြိယသံဝရသီလသည်။ သုဇျတိ၊ စင်ကြယ်၏။ (တသ္မာ၊ ထို့ကြောင့်။) ဣန္ဒြိယသံဝရော၊ ဣန္ဒြိယသံဝရသီလကို။ သံဝရသုဒ္ဓိတိ၊ သံဝရသုဒ္ဓိ ဟူ၍။ ဝုတ္တော၊ ဟောတော်မူအပ်ပြီ။ (ဝိ ဋ္ဌ ၂-၂၇၃)

နာ ပုနေဝံ၊ ပေ၊ သံဝရော။ ။စကွဉ်နှုန်းစပ်၍ အဘိဇ္ဈာ ဒေါမနဿစသော အကုသိုလ်ဖြစ်လျှင် စကွဉ်နှိုယ သံဝရသီလ ပျက်၏၊ ထိုသို့ ပျက်မှန်းသိသော ပဂ္ဂိုလ်သည် "နာ ပုန ဧဝံ ကရိဿံ–နောင်တဖန် ဤသို့ မပြုတော့အံ့ (မဖြစ်စေ တော့အံ့)"ဟု စိတ်ကို ဓိဋ္ဌာန်လိုက်ရ၏၊ ထိုသို့ ဓိဋ္ဌာန်၍ စကွဉ်နှုန်းကို စောင့်စည်း နေခြင်းကြောင့် ထိုသီလသည် စင်ကြယ်၏၊ [သောတိန္ဒြေ စသည်၌လည်း နည်းတူ၊] ထို့ကြောင့် ဣန္ဒြိယသံဝရသီလကို "သံဝရသုဒ္ဓိ"ဟု ခေါ်ရသည်။

ဣန္ဒြိယသံဝရ။ ။သံဝရတိ ဇာတေနာတိ သံဝရော၊ ဣန္ဒြိယာနံ–စကွဉ်စသော ဣန္ဒြေတို့ကို+သံဝရော–စောင့်စည်းကြောင်းသီလ၊ ဤသီလ၌ သတိပြခောန်း၏၊ စကွဉ်စသော တံခါးပေါက်ကို သတိတည်းဟူသော တံခါးရွက်ဖြင့် ပိတ်ဆို့ထားလိုက်မှ အကုသိုလ်တရားတို့ မဝင်လာဘဲ ရှောင်သွားနိုင်သည်။

စကွဉ်နာ သံဝရော သာဓု၊ သာဓု သောတေန သံဝရော။
ဃာနေန သံဝရော သာဓု၊ သာဓု ဇိဝှါယ သံဝရော။
ကာယေန သံဝရော သာဓု၊ သာဓု မနေန သံဝရော။

စကွဉ်နာ–အကြောင်းစကွဉ် တင်စားပြုသည့် စကွဉ်ဝိညာဉ်ဖြင့်၊ သံဝရော–အဘိဇ္ဈာနှင့် ဗျာပါဒဒါသ မဖြစ်ရအောင် နေ့ညစောင့်ငြား သတိထားခြင်းသည်၊ သာဓု–ခုဘေးမခ နောင်အေးမြဘို့ ဘဝတာရှေ ကောင်းမြတ်လှပေ၏၊ သောတေန–အကြောင်းသောတ တင်စားရသည့် သောတဝိညာဉ်ဖြင့်၊ သံဝရော–အဘိဇ္ဈာနှင့် ဗျာပါဒဒါသ မဖြစ်ရအောင် နေ့ညစောင့်ငြား

၄၅၇။ ပဟာယာနေသနံ ဓမ္မေ-နုပ္ပါဒေန္တာသာ ဧဋ္ဌိယာ။
သုဒ္ဓတ္တာ ဧဋ္ဌိ သုဒ္ဓိတိ၊ ဝုတ္တမာဇီဝနိဿိတံ။

၄၅၇။ အနေသနံ၊ မအပ်ံသော ရှာမှီးခြင်းကို။ ပဟာယ၊ ပယ်စွန့်၍။ ဓမ္မေန၊ တရားသဖြင့်။ ဥပ္ပါဒေန္တာသာ၊ ပစ္စည်းလေးပါးကို ဖြစ်စေသော ရဟန်း၏။ အာဇီဝနိဿိတံ၊ အသက်မွေးဝမ်းကြောင်း၌ မှီသော သီလကို။ ဧဋ္ဌိယာ၊ တရားသဖြင့် ရှာမှီးခြင်းအားဖြင့်။ သုဒ္ဓတ္တာ၊ စင်ကြယ်သည်၏ အဖြစ်ကြောင့်။ ဧဋ္ဌိသုဒ္ဓိတိ၊ ဧဋ္ဌိသုဒ္ဓိ ဟူ၍။ ဝါ၊ ပရိယေဋ္ဌိသုဒ္ဓိ ဟူ၍။ ဝုတ္တံ၊ ဟောတော်မူအပ်ပြီ။ (ဝိ ဋ္ဌ ၂-၂၇၃)

သတိထားခြင်းသည်၊ သာဓု-ခုဘေးမခ နောင်အေးမြဘို့ ဘဝတာရှေကောင်းမြတ်လှပေ၏၊ ဃာနေန-အကြောင်းဃာန တင်စားရသည့် ဃာန ဝိညာဉ်ဖြင့်၊ သံဝရော-အဘိဇ္ဈာနှင့် ဗျာပါဒေါသ မဖြစ်ရအောင် နေ့ည စောင့်ငြား သတိထားခြင်းသည်၊ သာဓု-ခုဘေးမခ နောင်အေးမြဘို့ ဘဝတာရှေ ကောင်းမြတ်လှပေ၏။

ဇိဝှါယ-အကြောင်းဇိဝှါ တင်စားရာသည့် ဇိဝှါဝိညာဉ်ဖြင့်၊ သံဝရော-အဘိဇ္ဈာနှင့် ဗျာပါဒေါသ မဖြစ်ရအောင် နေ့ညစောင့်ငြား သတိထားခြင်းသည်၊ သာဓု-ခုဘေးမခ နောင်အေးမြဘို့ ဘဝတာရှေ ကောင်းမြတ်လှပေ၏၊ ကာယေန-အကြောင်းကာယ တင်စားရသည့် ကာယဝိညာဉ်ဖြင့်၊ သံဝရော-အဘိဇ္ဈာနှင့် ဗျာပါဒေါသ မဖြစ်ရအောင် နေ့ညစောင့်ငြား သတိထားခြင်းသည်၊ သာဓု-ခုဘေးမခ နောင်အေးမြဘို့ ဘဝတာရှေ ကောင်းမြတ်လှပေ၏၊ မနေန-ဘဝင်မနော တင်စားပြောသည့် မနောခေါ်တွင် ဇောဝိ-ညာဉ်ဖြင့်၊ သံဝရော-အဘိဇ္ဈာနှင့် ဗျာပါဒေါသ မဖြစ်ရအောင် နေ့ညစောင့်ငြား သတိထားခြင်းသည်၊ သာဓု-ခုဘေးမခ နောင်အေးမြဘို့ ဘဝတာရှေ ကောင်းမြတ်လှပေ၏၊

ပဟာယ၊ ပေ၊ နိဿိတံ။ ။မိစ္ဆာဇီဝအခက်း ကုလဒူသနအခက်းတို့၌ ပြအပ်ခဲ့သည့်အတိုင်း မအပ်သောနည်းဖြင့် ပစ္စည်း ၄--ပါးရှာမှီးမှုကို မပြုဘဲ (ရှောင်

ပယ်၍) တရားသဖြင့် ပစ္စည်း ၄-ပါးကို ရှာမှီးခြင်းကိုပင် "အာဇီဝသန္နိဿိတသီလ" ဟု ခေါ်သည်၊ [ဂါထာဖြစ်၍ "အာဇီဝနိဿိတံ" ဟု ဆိုထားသည်။]

အာဇီဝပါရိသုဒ္ဓိ။ ။အာဇီဝန္တိ ဇေတုနာတိ အာဇီဝေါ၊ ဇေတုန-ဣပစ္စည်း ၄-ပါးကို ရှာမှီးခြင်းဖြင့် + အာဇီဝန္တိ - အသက်မွေးကြရကုန်၏၊ ဣတိ - ထိုသို့ အသက်မွေးကြောင်း၏ အဖြစ်ကြောင့်၊ သော - ထိုပစ္စည်း ၄-ပါးကို ရှာမှီးခြင်းသည်၊ အာဇီဇေါ - အာဇီဝမည်၏၊ ပရိသုဇ္ဈတီတိ - ပရိသုဒ္ဓိ၊ ပရိသုဒ္ဓိယေဝ ပါရိသုဒ္ဓိ၊ [သဒ္ဒတ္ထဒ္ဒ ၈၁-ပစ္စည်းသက်] အာဇီဇေါယေဝ + ပါရိသုဒ္ဓိ အာဇီဝပါရိသုဒ္ဓိ၊ ထက်ဝန်းကျင် စင်ကြယ်သော အသက်မွေးကြောင်း၊ ဣသိလဒ္ဒ ဝိရိယ ပြဓာန်း၏၊ ဝိရိယကင်း၍ ဆွမ်းခံရမှာပျင်းလျှင် ချောင်ချောင်လည်လည် စားသောက်ရအောင် ကုလဒူသန အနေသန မိစ္ဆာဇီဝအမှုတို့ကို ပြုသော အားဖြင့် ဣသိလပျက်တော့၏။

အနေသနာယ စိတ္တံပိ၊ အဇနေတ္ဝာ ဝိစက္ခဏော။
အာဇီဝံ ပရိသောဓေယျ၊ သဒ္ဓါပဇ္ဇဇီတော ယတိ။

ဝိစက္ခဏော - ဘုရော့မျက်နှာ သာသနာနှင့် ကိုယ်မှာနောင်ရေး မြော်တွေးဆင်ခြင် ပညာရှင်လည်း ဖြစ်ပေထသော၊ သဒ္ဓါပဇ္ဇဇီတော - ဘယာမဖက် သဒ္ဓါတွက်ကြောင့် ခါထွက်သမှု ရဟန်းပြုခဲ့သူလည်း ဖြစ်ပေထသော၊ ယတိ - သာသနာ့ဝန် အားသွန်ကြိုးပမ်း ထမ်းဘိုရည်ရော် ရဟန်းတော်သည်၊ အနေသနာယ - ဘုရားစကားဆုပ် လွန်သေးနုပ်သည့် အယုတ်တမာ လေးဖြာ ပစ္စည်း ရှာဖွေနည်းဌ၌၊ စိတ္တံပိ - ပြုလုပ်ဘိုရန် စိတ်အကြံကိုမျှလည်း၊ အဇနေတ္ဝာ - သာသနာ့အရှိန် ကိုယ့်အရှိန်ဌ ဂုဏ်သိမ်ညစ်ပေ မဖြစ်စေဘဲ၊ အာဇီဝံ - တသက်လျှာမျှ တဝမ်းဝဘို့ တခဏတွက်ကလေး အသက်မွေးကို၊ ပရိသောဓေယျ - ဝန်းကျင်ခပင်း ပြစ်မျိုးကင်းအောင် ရှင်းလင်းသုတ်သင်ရာသတည်း။

၄၅၈။ ယောနိသော ပဋိသင်္ခါယ၊ စီဝရံ ပဋိသေဝတိ။
ဧဝမာဒိယထာဝုတ္တ-ပစ္စဝေက္ခဏသုဇ္ဈနာ။
ပစ္စဝေက္ခဏသုဒ္ဓိတိ၊ ဝုတ္တံ ပစ္စယနိဿိတန္တိ။

၄၅၈။ ယောနိသော၊ သင့်သော အကြောင်းအားဖြင့်။ ပဋိသင်္ခါယ၊ ပညာဖြင့် ဆင်ခြင်၍။ စီဝရံ၊ သင်္ကန်းကို။ ပဋိသေဝတိ၊ မှီဝဲ၏။ ဧဝမာဒိ-ယထာဝုတ္တပစ္စဝေက္ခဏသုဇ္ဈနာ၊ ဤသို့ အစရှိသော အကြင်အကြင် ဟော တော်မူအပ်သော ပစ္စဝေက္ခဏာဖြင့် စင်ကြယ်ခြင်းကြောင့်။ ပစ္စယနိဿိတံ၊ ပစ္စည်း ၄-ပါးခို မှီသော သီလကို။ ပစ္စဝေက္ခဏသုဒ္ဓိတိ၊ ပစ္စဝေက္ခဏသုဒ္ဓိ ဟူ၍။ ဝုတ္တံ၊ ဟောတော်မူအပ်ပြီ။....ဤတိ၊ သုဒ္ဓိနှင့်စပ်၍ မှတ်ဘွယ်အပြီးတည်း။
(မ ပါ ၁-၁၂-၃၊ အံ ပါ ၂-၃၄၁)

ယောနိသော၊ ပေ၊ နိဿိတံ။ ။ပစ္စည်း ၄-ပါးကို "ပဋိသင်္ခါ ယောနိသော စီဝရံ ပဋိသေဝတိ" စသော အစီအစဉ်ဖြင့် ဆင်ခြင်၍ သုံးစွဲခြင်းကြောင့် ပစ္စယသန္နိဿိတသီလ စင်ကြယ်၏၊ ထို့ကြောင့် ဤသီလကို "ပစ္စဝေက္ခဏသုဒ္ဓိ" ဟု ခေါ်သည်။ [ပစ္စဝေက္ခဏာ ဆင်ခြင်ပုံကို ရှုပ်ပုံ ရှင်ကျင့်ဝတ်၌ ပြထားပြီ။]

ပစ္စယသန္နိဿိတံ။ ။ပစ္စယေ – ပစ္စည်း ၄-ပါးတို့ကို၊ သန္နိဿိတံ – ကောင်း စွာမှီသော သီလတည်း၊ ပစ္စယသန္နိဿိတံ – ပစ္စည်း ၄ ပါးတို့ကို ကောင်းစွာ မှီသောသီလ၊ ဤပစ္စယသန္နိဿိတသီလ၌ ဆင်ခြင်မှုဟူသော ပစ္စဝေက္ခဏာပညာ ပြောနှန်း၏၊ ထို့ကြောင့် အနက်အဓိပ္ပါယ်မသိသော သာမဏေငယ်တို့အတွက် "ပဋိသင်္ခါ ယောနိသော စီဝရံ ပဋိသေဝါမိ" စသည်ဖြင့် ရွတ်ဆိုခြင်းထက် မြန်မာလို အစီအစဉ်အတိုင်း ရွတ်ဆို၍ အဓိပ္ပါယ်နားလည်အောင် ပြောပြ ထားမှသာ ဉာဏ်ဖြင့်ဆင်ခြင်ရာ ရောက်ပါသည်။

ဓာတုမနသိကာရ။ ။ပစ္စည်း ၄-ပါးတွင် တပါးပါးကို ရခါစအခါ၌ ဆင်ခြင်မှုဟူသော ပဋိလာဘပစ္စဝေက္ခဏာ, သုံးစွဲရာအခါ၌ ဆင်ခြင်မှုဟူသော ပရိဘောဂပစ္စဝေက္ခဏာအားဖြင့် ၂-မျိုးပြား၏၊ ထိုတွင် ရခါစ၌ဖြစ်စေ သုံးစွဲ

ရာဌ်ဖြစ်စေ ဓာတ် ၄ ပါးအစုအဝေးဟု ဆင်ခြင်မှုဟူသော ဓာတုဆင်ခြင်ပုံကို ပရမတ္ထသရူပဘေဒနီ ကမ္မဋ္ဌာန်းပိုင်းလာသော လက်ံဘတို့ဖြင့် ပြပါမည်။

သက်ံန်းဥ်ဆင်ခြင်ပုံ။ ။ခြူးအုံဇာပြောက်၊ လက်ကောက်ဆံကျင်၊ အလှဆင်လည်း၊ အဆင်မပြူ၊ ရုပ်သေးတုသို့၊ လေးခုသောဓာတ်၊ ပေါင်းဖွဲ့လတ်၍၊ သတ္တဇီဝါ၊ ငါသူတပါး၊ လားလားမရှိ၊ မျက်စိတလှစ်၊ လက်တဖျစ်ထဲ၊ သေးဖွဲ့သိမ်နုတ်၊ ခါခါချုပ်သည့်၊ ဘူတရုပ်ပေါင်း၊ မသာလောင်းက၊ ကောင်းမြတ်လှစ္စာ၊ သက်ံန်းဝါသည်၊ ငါ့မှာဖုံးလွှမ်း၊ မသိစွမ်းထ၊ သက်ံန်းကဝယ်၊ ဆိုဘွယ်မရှိ၊ ဘုတ်ချင်းထိသည်..... ချင်းချင်းမသိကြလေဘူ့တကား။

ဆွမ်းဥ်ဆင်ခြင်ပုံ။ ။မကျိုးစေလို၊ လှည်းကြမ်းအိုကို၊ ထိုးလျှိုလှည်းစာ၊ ကဲ့ပမာသို့၊ ရိယာလေးလီ၊ အမြဲမှီသား၊ ဤအိမ်ခန္ဓာ၊ ဓာတ်လေးဖြာကို၊ မပျက်ပါအောင်၊ ရေစာသုံးစွဲ၊ ငါမှီခဲ့၏၊ လှည်းနှင့်လှည်းစာ၊ မသိပါသို့၊ လေးဖြာသောဓာတ်၊ ပေါင်းဖွဲ့လတ်၍၊ သတ္တဇီဝါ၊ ငါသူတပါး၊ လားလားမရှိ၊ မျက်စိတလှစ်၊ လက်တဖျစ်ထဲ၊ သေးဖွဲ့သိမ်နုပ်၊ ခါခါချုပ်သည့်၊ ဘူတရုပ်ပေါင်း၊ မသာလောင်းက၊ ကောင်းမြတ်လှစ္စာ၊ ဤအစာသည်၊ ငါ့မှာရောက်နေ၊ မသိလေပါ၊ ရေစာကဝယ်၊ ဆိုဘွယ်မဲ့ကင်း၊ ဘုတ်ချင်းဘုတ်သို့၊ ရောက်တုံ့မြို့သည်.....မည်သို့မသိကြလေဘူ့တကား။

ကျောင်းဥ်ဆင်ခြင်ပုံ။ ။စင်အိမ်ထက်ဗေ့၊ ရုပ်သေးနေသို့၊ ဧရာဌေဖလ်မှန်၊ ခြယ်စီဖန်သည့်၊ ဝေယံဘုံဖျား၊ နေလေငြားလည်း၊ လေးပါးဘုတ်ဓာတ်၊ ပေါင်းဖွဲ့လတ်၍၊ သတ္တဇီဝါ၊ ငါသူတပါး၊ လားလားမရှိ၊ မျက်စိတလှစ်၊ လက်တဖျစ်ထဲ၊ သေးဖွဲ့သိမ်နုပ်၊ ခါခါချုပ်သည့်၊ ဘူတရုပ်ပေါင်း၊ မသာလောင်းက၊ ဤကျောင်းထက်ဗေ့၊ ငါတည်နေဟု၊ မသိလေပါ၊ နေရာကဝယ်၊ ဆိုဘွယ်မဲ့ကင်း၊ ဘုတ်ချင်းဘုတ်သို့၊ နေတုံ့မြို့သည်.....မည်သို့မသိကြလေဘူ့တကား။

ဆေးဥ်ဆင်ခြင်ပုံ။ ။ဆေးမြွယိမ်းယို၊ အိမ်ပျက်အိုကို၊ မပြိုစေသား၊ ထောက်သည့်ကျားသို့၊ လေးပါးယာပိုထ်၊ စဉ်လိုက်မက္ခာ၊ အိမ်ခန္ဓာကို၊

ခိုင်မာစေသား၊ မတိမ်းပါးအောင်၊ ဆေးဝါးသင့်ရာ, မှိုဝဲပါ၏၊ ဃရာထူးဏာ၊ မသိကြသို့၊ လေးဝရုပ်ဓာတ်၊ ပေါင်းဖွဲ့လတ်၍၊ သတ္တဇီဝါ၊ ငါသူတပါး၊ လားလားမရှိ၊ မျက်စိတလှစ်၊ လက်တဖျစ်ထဲ၊ သေးဖွဲ့သိမ်နုပ်၊ ခါခါချုပ်သည့်၊ ဘူတရုပ်ပေါင်း၊ မသာလောင်းက၊ အကြောင်းသင့်ရာ၊ ဆေးအစာသည်၊ ငါ့မှာရောက်နေ၊ မသိလေပါ၊ ဆေးအစာမူ၊ ဆိုရာမဲ့ကင်း၊ ဓာတ်ချင်းဓာတ်သို့၊ ရောက်တုံမြို့သည် .... မည်သို့ မသိကြလေဘူးတကား။

ဓာတု,ပဋိကူလ,ဝိပဿနာ အာဒီနဝပါသော ပစ္စဝေက္ခဏာဆင်ခြင်ပုံ

ဘိန်ပဆီမီးကို အစပြု၍ ဤယခုနေ့ ရှေနောက်အရုဏ် ၂-ခုအကြား သုံးစား မှိုဝဲအပ်သမျှ သင်္ကန်း, ဆွမ်း, ကျောင်း, ဆေး ပစ္စည်း ၄-ပါးတို့ကို ကစား စမှယ် မြူးရယ်မာန်ကြွ လှုပရှေဆင်း ပြည့်ဖြိုးခြင်းငှါ သုံးဆောင်အပ်သည် မဟုတ်ပါ၊ နိသတ္တဇီဝ အဗျာကတ သုညဓာတ်ရုပ်အစစ် အနိစ္စ ဒုက္ခ အနတ္တ အသုဘ အရိုးစုဖြစ်သော ဤကိုယ်ခန္ဓာ အတွင်းအပြင်ရောဂါ ဘေးဘယာ ကင်းကွာ၍ ကျန်းမာချမ်းသာ အသက်ရှည်ကြာစွာ တည်နေလျက် စာပေ ကျမ်းဂန် သင်အံလေ့လာနိုင်ခြင်း, သီလ သမာဓိ ဝိပဿနာ ရဟန်းတရားကို ပွါးများ အားထုတ်နိုင်ခြင်းအကျိုးငှါ မှိုဝဲသုံးဆောင်ပါသတည်း။

သန္တာသန်ဒေသ

သန္တောသော်တိ၊ "သန္တောသော" ဟူသော ဥဒ္ဒေသ၏။ (နိဒ္ဒေသော၊ နိဒ္ဒေသကား—)

[ဤကျမ်းဆရာသည် လင်္ကာသူတော်ကောင်းများကို စတုပါရိ သုဒ္ဓိသီလ စင်ကြယ်ရုံမျှဖြင့် အားမရသေးဘဲ သမထဝိပဿနာ မဂ်ဖိုလ် တိုင်အောင် လမ်းညွှန် ပြလိုသောကြောင့်ရင်း ထိုသို့ ညွှန်ပြရာဝယ် ပစ္စည်း ၄-ပါးခွဲ လိုလားမှု လောဘ အားကြီး၍ သန္တောသ အကျင့်မပါလျှင် ထို သမထ ဝိပဿနာကို မကျင့်နိုင်သောကြောင့်ရင်း သန္တောသအကျင့်ကိုပါ ကျင့်စေ လိုရကား သန္တောသ အခန်းကိုလည်း ပြရပေသည်။]

သန္တောသ။ ။တောသနံ-နှစ်သက်ခြင်း, တင်းတိမ်ခြင်း, ကျေနပ်ခြင်း၊ တောသော-နှစ်သက်ခြင်း၊ သကေန+တောသော သန္တောသော-မိမိရအပ် သောဥစ္စာဖြင့်+တင်းတိမ်နှစ်သက်ခြင်း၊(တနည်း)သမံ-မျှမျှတတ+တောသော သန္တောသော၊ (တနည်း) သန္တေန-မိမိမှာ ရှိသော ဥစ္စာဖြင့်+တောသော သန္တောသော၊(တနည်း)သမွာ-သင့်သော အစီအရင်ဖြင့် (ဘုရားခွင့်ပြုတော်မူအပ်သော အစီအရင်ဖြင့်)+တောသော သန္တောသော။

သန္တောသ ၁၂-ပါး။ ။အချုပ်မှာ တရားသဖြင့် မိမိရအပ်သော ပစ္စည်းဖြင့် တင်းတိမ်ရောင့်ရဲခြင်းကို "သန္တောသ"ဟု ခေါ်၏။ ထိုသန္တောသသည် ယထာလာဘ, ယထာဗလ, ယထာသာရုပ္ပအားဖြင့် ၃-မျိုးပြား၏၊ ထို၃-မျိုးကို ဆုံမ်းစသော ပစ္စည်း ၄-ပါးဖြင့်မြောက်လျှင် သန္တောသ ၁၂-ပါးဖြစ်၏။

ယထာလာဘ။ ။ယော ယော+လာဘော ယထာလာဘံ-အကြင်အကြင် ရအပ်သော ပစ္စည်း ဘာဘဲရရ, ရသမျှဖြင့် တင်းတိမ်သော (အခြားပစ္စည်းကို တောင့်တမှုမရှိသော)ရောင့်ရဲခြင်းကို "ယထာလာဘ သန္တောသ (ရရသမျှ

ဖြင့် ရောင့်ရဲခြင်း) ”ဟု ခေါ်သည်၊ [ယထာလာဘံ-အကြင်အကြင် ရအပ်သော ပစ္စည်းဖြင့်+သန္တောသော ယထာလာဘသန္တောသော]။

ယထာဗလ။ ။ရဟန်းတော် တပါးသည် ပင်ကိုယ်ကပင် အားနည်း၏၊ သို့မဟုတ် ရောဂါကြောင့်ဖြစ်စေ ဇရာကြောင့်ဖြစ်စေ အားနည်း၏၊ ထို့ရဟန်းသည် လေးသော ထူသော သင်္ကန်းကို သုံးရလျှင် ပင်ပန်း၏၊ ထို့ကြောင့် ထူသော သင်္ကန်းကို အခြား သီတင်းသုံးဘော်၏ ပါးသော သင်္ကန်းဖြင့် လဲ၍ သုံးစွဲလျှင် ယထာဗလသန္တောသ- မိမိ၏အားနှင့်လျော်စွာ တင်းတိမ်ရောင့်ရဲခြင်းမည်၏၊ မိမိနှင့် လျောက်ပတ်သော အစားအသောက်ကို လဲ၍ စားသောက်ရာ၌ဌင်း မိမိနှင့် လျောက်ပတ်သော ကျောင်းဆေးတို့ကို လဲ၍ သုံးစွဲရာ၌ဌင်း ယထာဗလသန္တောသဟုပင်မှတ်ပါ၊ [ယထာဗလံ- မိမိ၏ကာယဗလအား လျော်စွာ+သန္တောသော ယထာဗလသန္တောသော]။

ယထာသာရုပ္ပ။ ။မိမိမှာ ကောင်းမွန်သောသင်္ကန်း စသည်ကိုရလျှင် ဤပစ္စည်းသည် ထေရ်ကြီး (ဆရာတော်)အား လျောက်ပတ်၏၊ ဗဟုသုတ (စာချ)ပုဂ္ဂိုလ်အား လျောက်ပတ်၏၊ ဂိလာနအား လျောက်ပတ်၏၊ လာဘ်လာဘ ရှားသော ပုဂ္ဂိုလ်အား လျောက်ပတ်၏၊ ဤသို့ ကြံ၍ ထိုကောင်းသော ပစ္စည်းကို မိမိမသုံးဘဲ လှူဒါန်း၍ မိမိမှာ ကျန်းမာရေးနှင့် မဆန့်ကျင်သော အဖိုးမတန်သောပစ္စည်းကို သုံးစွဲခြင်းသည် ယထာသာရုပ္ပသန္တောသ မည်၏၊ [ယထာသာရုပ္ပံ-လျောက်ပတ်သည်အား လျော်စွာ၊ ဝါ-တော်သလို လျော်သလို ပစ္စည်းဖြင့်+သန္တောသော ယထာသာရုပ္ပသန္တောသော၊] အကျယ်ကိုအဂုံတ္တရဋ္ဌကထာ ကေကာ ဝိရိယာရမ္ဘဝဂ် ပဉ္စမသုတ်၌ဌင်း သဋ္ဌာယတနသံယုတ် အာသီဝိသဝဂ် ဒုတိယသုတ်အဋ္ဌကထာ၌ဌင်း ခုဒ္ဒကပါဋ မင်္ဂလသုတ် သန္တုဋ္ဌိပုဒ်အဖွင့်၌ဌင်း ရှုပါ။

၄၅၉။ အပ္ပေန အနဝဇ္ဇေန၊ သန္တုဋ္ဌော သုလဘေန စ။
မတ္တညူ။ သုဘရော ဟုတ္ဝာ၊ စရေ သဒ္ဓမ္မဂါရဝေါ။

၄၅၉။ သဒ္ဓမ္မဂါရဝေါ၊ သူတော်ကောင်း တရား၌ လေးစားခြင်းရှိသော ပုဂ္ဂိုလ်သည်။ အပ္ပေန၊ အနည်းငယ်သော ပစ္စည်းဖြင့်ရင်း။ အနဝဇ္ဇေန၊ ဝိနည်း အပြစ်မရှိသော ပစ္စည်းဖြင့်ရင်း။ သုလဘေန စ၊ လွယ်ကူစွာ ရအပ်သော ပစ္စည်းဖြင့်ရင်း။ သန္တုဋ္ဌော၊ တင်းတိမ်ရောင့်ရဲသည်ရင်း။ မတ္တညူ။၊ ရှာမှီး ခံယူ သုံးဆောင် စွန့်ကြဲခြင်း ဟူသော ၄-ဌာနတို့၌ အတိုင်းအရှည်ပမာဏကို သိသည်ရင်း။ သုဘရော၊ မိမိကိုယ်တိုင်နှင့်တကွ ဒါယကာတို့ လွယ်ကူစွာ မွေးမြူအပ်သည်ရင်း။ ဟုဘ္ဝာ၊ ဖြစ်၍။ စရေ၊ ကျင့်ကြံ ကြိုးကုတ် အားထုတ်ရာ၏။ (အံ ပါ ၁- ၃၃၅၊ ခု ပါ ၁ - ၂၆၄)

အပ္ပေန၊ ပေ၊ သုလဘေန စ။ ။"စတ္တာရိမာနိ ဘိက္ခဝေ အပ္ပါနိ စေဝ သုလဘာနိ စ၊ တာနိ စ အနဝဇ္ဇာနိ"ဟု ဟောတော်မူအပ်သော စတုက္ကဂုံတ္တရ ပဌမပံဉ္ဉာရေဠဝင် (၇) သုတ်ကိုမှီသော ဂါထာတည်း၊ ထိုပါဠိတော်၌ (၁) ပိဏ္ဍိယာ-လောပဘောဇန (တအိမ်တလုပ်မျှ ဆွမ်းခံ၍ ရအပ်သောဆွမ်း), (၂) ပံသုကူ သင်္ကန်း, (၃) ရုက္ခမူကျောင်း, (၄) နွားကျင်ငယ်ဆေး ဤ ၄-ပါးသည် အဖိုး အားဖြင့် နည်းကုန် (အဖိုးမတန်ကုန်), ရှာသောအခါလည်း ရလွယ်ကုန်, အကုသိုလ်ပြစ်လည်း မရှိကုန်ဟု ဟောတော်မူသည်၊ [အပ္ပါနိတိ ပရိတ္တာနိ၊ – အဋ္ဌကထာ။]

မတ္တညူ။ ။"မတ္တံ- အတိုင်းအရှည်ပမာဏကို + ဇာနာတိ-သိတတ်၏"နှင့် အညီ ရှာခြင်း, ခံယူခြင်း, သုံးဆောင်ခြင်း, စွန့်ပေးခြင်း ဟူသော ၄-ဌာန၌ အတိုင်း အရှည်ပမာဏကို သိတတ်သော သူတော်ကောင်းကို "မတ္တညူ"ဟု ခေါ်သည်၊ [မတ္တညူတိ ဧတ္ထ စတ္တာရော မတ္တာ ပရိယေသနမတ္တာ ပဋိဂ္ဂဟဏမတ္တာ ပရိဘောဂမတ္တာ ဝိသဇ္ဇနမတ္တာတိ၊ – ဋီကာဟောင်း။]

ပရိယေသနမတ္တည္။ ။အနေသန မိစ္ဆာဇီဝ အမှုတို့မှရှောင်ကြဉ်၍ တရားသဖြင့် ရှာဖွေခြင်းသည် ရှာမှီးခြင်း၌ အတိုင်းအရှည်သိမှုဟူသော မတ္တညုတာမည်၏၊ ထိုသို့ အတိုင်းအရှည်သိသူကို "ပရိယေသနမတ္တည္ဝူ" ဟု ခေါ်သည်။

ပဋိဂ္ဂဟဏမတ္တည္။ ။ခံယူရာ၌ ဒါယကာ၏ အလိုဆန္ဒကိုဌင်း လှူဘွယ်ဝတ္ထု၏ ပမာဏကိုဌင်း မိမိ၏အသုံးကိုဌင်း ဤ ၃-မျိုးကိုနှိုင်းချိန်၍ ခံယူရသည်၊ လှူပြုဘွယ်ဝတ္ထု (ပစ္စည်း ဥစ္စာ) ပေါများ သော်လည်း အလှူ့ရှင်က နည်းနည်းသာ လှူလိုလျှင် ဒါယကာ၏ အလိုဆန္ဒ (သဒ္ဓါစေတနာ) လိုက်၍ နည်းနည်းသာအလှူခံရ၏၊ အလှူ့ရှင်က များများ လှူလိုသော်လည်း ဥစ္စာအင်အား နည်းပါးလျှင် လှူဘွယ်ဝတ္ထုကိုလိုက်၍ နည်းနည်းသာ အလှူခံရ၏၊ ပစ္စည်းရော သဒ္ဓါပါ ၂-မျိုးလုံး ပေါများနေပြန်လျှင် မိမိ၏ အသုံးကိုလိုက်၍ လိုသလောက်သာ အလှူခံရ၏၊ ဤပုဂ္ဂိုလ်ကို "ပဋိဂ္ဂဟဏမတ္တည္ဝူ" ဟု ခေါ်၏၊ ဤပုဂ္ဂိုလ်မျိုးသည် မဖြစ်သေးသော လာဘ်ကိုလည်း ဖြစ်စေနိုင်၏၊ ဖြစ်ပြီးသော လာဘ်ကိုလည်း ခိုင်မြဲစေနိုင်သည်။

ပရိဘောဂမတ္တည္။ ။ပစ္စည်း ၄-ပါးကို သုံးစွဲခြင်း၌ အတိုင်းအရှည်သိမှုမှာ "ပဋိသင်္ခါ ယောနိသော" စသော ပစ္စဝေက္ခဏာအတိုင်း ပစ္စည်းကို သုံးစွဲခြင်းကြောင့် ရနိုင်သော ကျန်းမာရေး, ပရိယတ် ပဋိပတ် အားထုတ်နိုင်ရေးကို မြော်တွေးသိမြင် ဆင်ခြင်၍ သုံးစွဲခြင်းပင်တည်း၊ ထိုသို့ ဆင်ခြင်၍ သုံးစွဲလေ့ရှိသူကို "ပရိဘောဂမတ္တည္ဝူ" ဟု ခေါ်သည်၊ ပြအပ်ခဲ့သော ဓာတုမနသိကာရ ဆင်ခြင်မှုများလည်း ဤမတ္တညုတာ၌ ပါဝင်၏။

ဝိသဇ္ဇနမတ္တည္။ ။မိမိရအပ်သောပစ္စည်းကို အခြားပုဂ္ဂိုလ်အား စွန့်ကြဲပေးကမ်း လှူဒါန်းရာ၌ ကုလဒူသန မဖြစ်စေခြင်း, သဒ္ဓါဒေယျဝိနိပါတ (အလှူ့ရှင် သဒ္ဓါတရား ပျက်အောင် အခြားပုဂ္ဂိုလ်အား မစွန့်ပေးခြင်း)သည်ပင် စွန့်ကြဲမှု၌ မတ္တညုတာ မည်၏၊ ထိုသို့ စွန့်ကြဲသူကို "ဝိသဇ္ဇနမတ္တည္ဝူ" ဟု ခေါ်သည်၊ [ဤ မတ္တညုနှင့်စပ်၍ ဝတ္ထုကို သဋ္ဌာယတနသံယုတ် (၁၉) အာသီဝိသဝဂ် (၂) သုတ် အဋ္ဌကထာ၌ ရှုပါ။]

၎၆၀။ အတီတံ နာနု သောစန္တော၊ နပ္ပဇပ္ပမနာဂတံ။
ပစ္စုပ္ပန္နေန ယာပေန္တော၊ သန္တုဋ္ဌောတိ ပဝုစ္စတိ။

၎၆၀။ အတီတံ၊ လွန်လေပြီးသော ပစ္စည်းလေးပါးကို။ နာနုသောစန္တော၊ အဖန်ဖန်တွေး၍ မလွမ်းမဆွေးဘဲ။ အနာဂတံ၊ နက်ဖန် သန်ဘက် နောက် နောက်ရက်မှာ ရောက်လာမည့် ပစ္စည်းလေးပါးကို။ နပ္ပဇပ္ပံ၊ မြော်တရေးရေး တွေး၍ မတောင့်တဘဲ။ ပစ္စုပ္ပန္နေန၊ လက်ငင်းတွေ့ကြုံး ပစ္စုပ္ပန် ပစ္စည်း ၄-ပါးဖြင့်။ ယာပေန္တော၊ မျှတသော ပုဂ္ဂိုလ်ကို။ သန္တုဋ္ဌောတိ၊ တင်းတိမ် ကျေနပ် ရောင့်ရဲ တတ်သော ပုဂ္ဂိုလ်ဟူ၍။ ပဝုစ္စတိ၊ ဆိုအပ်ပေသတည်း။....
ဤတို၊ သန္တောသနှင့် စပ်၍ မှတ်ဘွယ်အပြီးတည်း။ (ဇာတကဋ္ဌ ၆-၃၁)

သုဘရော။ ။သုခေန-လွယ်ကူသဖြင့် + ဘရိယတော-မွေးမြူအပ်၏၊ ဤတို သုဘရော၊ အခွါကိုယ်တော်သည် ဒါယကာ-ဒါယိကာမတို့ကိုးကွယ်ဘို့ခက်လောက် အောင် (ကိုယ့်ကိုယ်ကိုယ် စောင့်စည်းမှု) သံဝရမရှိ၊ပစ္စည်း ၄-ပါးကို အကောင်း အမှန်လှူသော်လည်း မျက်နှာကြည်ကြည်သာသာမရှိ၊ “သဒ္ဓါတရုး ပျက်ချင် ပျက်ပေစေ” ဟူသော သဘောဖြင့် လှူအပ်သောပစ္စည်းကို မသုံးစွဲဘဲ လူ သာမကော စသူတို့အား စွန့်လိုက်၏၊ ထိုပုဂ္ဂိုလ်မျိုးသည် ဒါယကာ- ဒါယိကာမတို့ ကိုးကွယ်ဘို့ ခဲယဉ်းရုံသာမက မိမိကိုယ်ကို မိမိဆောင်ရွက်ဘို့လည်း မလွယ်သော ကြောင့် ဒုဿရ (အမွေးမြူအကိုးကွယ်ခက်သော) ပုဂ္ဂိုလ်မည်၏၊ အခွါပုဂ္ဂိုလ်က ဘာပစ္စည်းရရ ရအပ်သောပစ္စည်းဖြင့် ကျေနပ်၏၊ ထို့ကြောင့် ပြအပ်ခဲ့ပြီးသော သန္တောသနှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည်ပင် ဒါယကာ ဒါယိကာမတို့သည်၎င်း မိမိကိုယ်တိုင်သည်၎င်း လွယ်ကူစွာဆောင်ရွက်မွေးမြူအပ်သောကြောင့်“သုဘရ” ပုဂ္ဂိုလ်မည်၏။

အတီတံ နာနုသောစန္တော။ ။လွန်ခဲ့ပြီးသော ပစ္စည်း ၄-ပါး အကောင်း အမှန်ကိုတွေး၍ (ယခု မရတော့သည့်အတွက်) စိတ်ထည်းခြိ ဆွေးနေသော ပုဂ္ဂိုလ်သည် သန္တုဋ္ဌပုဂ္ဂိုလ်မဟုတ်၊ အတိတ်ကိုတွေး၍ ထိုသို့မဆွေးမှ သန္တုဋ္ဌ ပုဂ္ဂိုလ် ဖြစ်သည်။

စတုရာရက္ခန်ဒေသ

စတုရာရက္ခာတိ၊ “စတုရာရက္ခာ” ဟူသော ဥဒ္ဒေသ၏။ (နိဒ္ဒေသော၊ နိဒ္ဒေသကား—)

[ကောက်ပင်ကို စားတတ်သောနွားကို စောင့်ရှောက်သော နွားကျောင်းသားကဲ့သို့ မိမိစိတ်ကို လောကီအာရုံ ကာမဂုဏ်သို့ မသွားအောင် စောင့်ရှောက်ထားခြင်း ဘာဝနာ ၄-ပါးကို ”စတုရာရက္ခာ” ဟုခေါ်၏။ အာရက္ခိယတေ စိတ္တံ ဧတေဟီတိ အာရက္ခာ၊ စိတ်ကို စောင့်ရှောက်ခြင်း ဘာဝနာတို့။ စတသော+အာရက္ခာ စတုရာရက္ခာ၊ ဦကာသစ်၌ “ဣမာ စတုရာရက္ခာ နာမ” ဟု ဗဟုဝုစ်တွေ့ရ၏။ စူဠဝဂ္ဂ သေနာသနက္ခန္ဓက အဋ္ဌကထာ၌ကား “စတုရာရက္ခံ (ဧကဝုစ်) အဟာပေန္တေန” ဟု ရှိသည်။]

နပ္ပ ဇပ္ပ မနာဂတံ။ ။“နက်ဖန် မည်သည့်ပစ္စည်းရလျှင်, နောက်နှစ် မည်သည့်ပစ္စည်းရလျှင် (ကျောင်းကောင်းရလျှင်) ဟန်ကျမှာဘဲ” ဟု မြော်လင့်တောင့်တနေလျှင်လည်း သန္တုဋ္ဌပုဂ္ဂိုလ်မဖြစ်သေး။

ပစ္စု၊ ပေ၊ သန္တုဋ္ဌော။ ။လက်ငင်းတွေ့အပ် ရအပ်သောပစ္စည်းဖြင့် တင်းတိမ်အားရကျေနပ်သော ပုဂ္ဂိုလ်သာ “သန္တုဿတိ– လက်ငင်းတွေ့အပ် ရအပ်သော ပစ္စည်းဖြင့် တင်းတိမ်ရောင့်ရဲတတ်၏” ဟူသော ဝစနတ္ထ ကြောင့် သန္တုဋ္ဌပုဂ္ဂိုလ်အမည်ရနိုင်ပေသည်။

၄၆၁။ ဗုဒ္ဓါနုဿတိ မေတ္တာ စ၊ အသုဘံ မရဏဿတိ။
အာရကတ္တာဒိနာရဟံ၊ သမ္မာ သာမဉ္စ ဗုဒ္ဓတော။

၄၆၂။ သမ္မာသမ္ဗုဒ္ဓ ဣတိ ဝါ-နုဿတိ ယာ ပုနပ္ပုနံ။
နဝဘေဒေ ဘဂဝတော၊ ဗုဒ္ဓါနုဿတိ သာ ဂုဏေ။

၄၆၁, ၂။ ဗုဒ္ဓါနုဿတိ၊ ဘုရားရှင်၏ ဂုဏ်တော်မြတ်ကို အဖန်ဖန် အထပ်ထပ် အမှတ်ရနေခြင်းငင်း။ မေတ္တာ စ၊ မေတ္တာကို တိုးပွါးစေခြင်းငင်း။ အသုဘံ၊ အသုဘကမ္မဋ္ဌာန်းငင်း။ မရဏဿတိ၊ သေခြင်းကို အောက်မေ့ခြင်းငင်း။ (ဣတိ၊ ဤသို့။ ဣမာ၊ ဤဘာဝနာဘို့သည်။ စတုဏ္ဏရက္ခာ နာမ၊ စတုဏ္ဏရက္ခ တို့မည်၏။) အာရကတ္တာဒိနာ၊ ကိလေသာတို့မှ ဝေးကွာတော်မူသည်၏ အဖြစ် အစရှိသော အကြောင်းကြောင့်။ အရဟံ၊ အရဟံဖြစ်တော်မူ၏။ ဣတိ ဝါ၊ ဤသို့သော်ငင်း။ သမ္မာ၊ မဖောက်မပြန်ငင်း။ သာမဉ္စ၊ ကိုယ်တော် တိုင်ငင်း။ ဗုဒ္ဓတော၊ သိတော်မူသည်၏ အဖြစ်ကြောင့်။ သမ္မာသမ္ဗုဒ္ဓါ၊ သမ္မာသမ္ဗုဒ္ဓ ဖြစ်တော်မူ၏။ ဣတိ ဝါ၊ ဤသို့သော်ငင်း။ ဘဂဝတော၊ မြတ်စွာဘုရား၏။ နဝဘေဒေ၊ ကိုးပါးအပြား ရှိကုန်သော။ ဂုဏေ၊ ဂုဏ်တော် တို့ကို။ ပုနပ္ပုနံ၊ အဖန်ဖန်အထပ်ထပ်။ ယာ အနုဿတိ၊ အကြင်အောက်မေ့ခြင်းသည်။ (အတ္ထိ၊ ရှိ၏။) သာ၊ ထိုအောက်မေ့ခြင်းသည်။ ဗုဒ္ဓါနုဿတိ၊ ဗုဒ္ဓါနုဿတိမည်၏။ (ဝိ ဋ္ဌ ၁- ၈၇၊ ဝိသုဒ္ဓိ ၁ - ၁၉၅)

ဗုဒ္ဓါနုဿတိ၊ ပေ၊ သတိ။ ။ဤစတုဏ္ဏရက္ခဘာဝနာသည် အချိန် မလပ် အောင် ပွါးများရမည့် ဘာဝနာဖြစ်၏၊ ထို့ကြောင့် "ဝစသာ မနသာ စေဝ၊ ဝန္ဒာမေတေ တထာဂတေ။ သယနေ အာသနေ ဌာနေ၊ ဂမနေ စာပိ သဗ္ဗဒါ" ဟု အာဠာနာဠိယသုတ်ဝယ် "ဣရိယာပုထ် ၄-ပါးလုံး၌ပင် ပွါးများရမည်" ဟု ဟောတော်မူ၏၊ မေတ္တာ, အသုဘ, မရဏဿတိကိုလည်း ထို့အတူပွါးများရသည်။

ဗုဒ္ဓါနုဿတိ။ ။ဗုဒ္ဓါနုဿတိကို ပွါးများသောပုဂ္ဂိုလ်သည် ဗုဒ္ဓမြတ်စွာ သာသနာတော်ကို ပို၍ကြည်ညိုသောကြောင့် မိမိအတွက် သာသနာ ညှိုးနွမ်း

ဘုယ်ကိစ္စကို မပြုတော့၊ သာသနာတော်၏ တိုးတက်ကြီးပွါးကြောင်း ကြက်သရေရှိကြောင်းအလုပ်ကိုသာ စွမ်းနိုင်သမျှ ပြုလုပ်တော့သည်။

မေတ္တာ။ ။မေတ္တာဘာဝနာကို ပွါးများလေ့ရှိသောပုဂ္ဂိုလ်ကား အရာရာ၌ ကိုယ်ကျိုးကို ရှေရှုမထားဘဲ သူတပါးအကျိုးကိုသာ ရှေရှု၏၊ ထို့ကြောင့် ရှေရှုသောကြောင့် သာသနာတော်နှင့်စပ်၍ အကျိုးမဲ့ကုန်ကျဘုယ်များကို မိမိလည်း မသုံးဖြုံး, ဒါယကာတို့ကိုလည်း မသုံးဖြုံးစေတော့။

အသုဘ။ ။ အသုဘဘာဝနာကား သာသနာတော်နှင့် လွန်စွာသင့်လျော်၏၊ အိမ်ယာမထောင် သာသနာ့ဘောင်၌ တကိုယ်တည်းနေသော ပုဂ္ဂိုလ်သည် အသုဘ ဘာဝနာကဲ့သို့ ဘာဝနာတမျိုးမျိုးသာ လက်ကိုင်မရှိပါမူ လောဘီအာရုံ ကာမဂုဏ်ဖက်၌ သက်တော်ကြီးသော်လည်း စိတ်ရောက်လျက် ရှိတတ်သေး၏၊ ထို့ကြောင့် အသုဘဘာဝနာကို ကောင်းစွာ ပွါးများသူသာ စိတ်ဖြူစင်နိုင်ပေလိမ့်မည်။

မရဏဿတိ။ ။သေခြင်းတရားကို နှလုံးသွင်းမှု မရဏဿတိ ဘာဝနာကို နှေ့စဉ်ပြုသောပုဂ္ဂိုလ်သည် "ငါသည် သေသွားသောအခါ ကုသိုလ်သာလျှင် အားကိုးရာရှိပါတကား"ဟု အမြဲသတိရနေသောကြောင့် ဘုန်းကံကြီးမားလာဘ်များမှု၌ ကြောင့်ကြမစိုက်တော့ဘဲ ကုသိုလ်ကောင်းမှု ကိစ္စတို့သာ တခုပြီးတခု ဘာဝနာပွါးမှုတို့ဝင်အောင် အမြဲပြု၍နေပေလိမ့်မည်၊ ထို့ကြောင့် ဤကမ္မဋ္ဌာန်း ၄-ပါးကို "စတုရာရက္ခကမ္မဋ္ဌာန်း" ဟု နာမည်ထူးတပ်လျက် ရှေးသူတော်သူမြတ်တို့ အမြဲ အားထုတ်အပ်ခဲ့လေသည်။

အာရကတ္တာဒိနာရဟံ။ ။အရဟံဂုဏ်တော် ပွါးများပုံကို ပြသော စကားတည်း၊ အာရကတ္တာဒိ၌ အာဒိဖြင့် "အရိနံ ဟတတ္တာ"စသော ဟိတ်တို့ကို ယူပါ၊ အကျယ်ကို ဝိသုဒ္ဓိမဂ်, ပါရာဇိကဏ် ဝေရဉ္ဇကဏ္ဍ စသည်တို့၌ ရှုပါ၊ ထို့ကျမ်းတို့မှယူ၍ ရတနာ့ဂုဏ်ရည်၌လည်း ဂုဏ်တော် ၉-ပါးလုံး၏ အဓိပ္ပါယ်ကို အကျဉ်းမျှ ပြထားပါသည်။

သမ္မာ သာမဉ္ဇ။ ။သမ္မာသမ္ဗုဒ္ဓဂုဏ်တော်ကို ပြသောစကားတည်း၊ "သမ္မာ-သမ္ဗုဒ္ဓေါ ဣတိ"ဟု ဆိုလိုလျက် ဂါထာဖြစ်သောကြောင့် သြကိုချေ, (အ)လာ၍ သမ္မာသမ္ဗုဒ္ဓ ဣတိ"ဟု ဆိုထားသည်။

နဝဘေဒေါ ပေါ ဂုဏော။ ။“အနုတ္တရော, ပုရိသဒမ္မသာရထိ” ၂-ပုဒ်မှ ဂုဏ်တော်တပါးတည်းယူသောကြောင့် ဂုဏ်တော် ၉-ပါးဖြစ်ရသည်၊ ထို ဂုဏ်တော် ၉-ပါးတွင် တပါးပါးကို အာရုံပြု၍ ပွါးများခြင်းကို “ဗုဒ္ဓါနုဿတိ ဘာဝနာ”ဟု ခေါ်သည်။

အကျဉ်းချုပ်အာရုံပြုဘွယ်။ ။ဘုရားရှင်၏ ဂုဏ်တော်ကို အာရုံပြုရာ၌ “ဟေတုသမ္ပဒါ, ဖလသမ္ပဒါ, သတ္တာပကာရသမ္ပဒါ”ဟု သမ္ပဒါ ၃-ပါးဖြင့် ဘုရားအာရုံကိုယူပြီးမှ အရဟံ စသော ဂုဏ်တော်တပါးပါးကို ဆက်၍ယူလျှင် သာ၍ သဒ္ဓါ ပညာတိုးပွါးဘွယ်ရှိပါသည်။

ဟေတုသမ္ပဒါ။ ။ဘုရားအလောင်းတော်ဘဝတုန်းက အကြောင်းတို့၏ ပြည့်စုံခြင်းကို “ဟေတုသမ္ပဒါ”ဟု ခေါ်၏၊ ဗုဒ္ဓမြတ်စွာ၏ ဘုရားဖြစ်ဘို့ရန် အရင်းခံအကြောင်းသည် မဟာကရုဏာတော်ဖြစ်၏၊ ထိုမဟာကရုဏာတော်ကို အရင်းခံ၍ ဘုရားဖြစ်ကြောင်း ကောင်းမှုပါရမီတို့ကို ဖြည့်ကျင့်တော်မူခဲ့ပါသည်၊ ထိုကောင်းမှု ပါရမီတော်ဖြည့်ကျင့်ပုံကို စဉ်းစားသောအခါ ဘုရားအလောင်းတော်၏ အသက်စွန့်၍ ဒါနပြုပုံ, သီလပါရမီ, ခန္တီပါရမီ, သစ္စပါရမီ ဖြည့်တော်မူပုံ, ထီးနှန်းကိုစွန့်၍ တောထည်းဌ အခြေအရံ အခမ်းအနားမရှိဘဲ တရားကျင့်ပုံတို့ကို တွေ့ရပါသည်၊ ထိုပါရမီတို့ကို ဖြည့်တော်မူပုံသည် ယခုခေတ်၌ ပဌမတန်းဟု ဆိုရလောက်သော သူတော်ကောင်းများပင် အတုလိုက်၍ မမှီနိုင်အောင် ကြီးကျယ်မြင့်မြတ်တော်မူပါသည်၊ ဘုရားအလောင်းတော်၏ အသက်စွန့်၍ သီလစောင့်ပုံကို ဘူရိဒတ္တ နဂါးဘဝ စသည်ကိုထင်း အသက်စွန့်၍ သည်းခံတော်မူပုံကို ခန္တီဝါဒီဇာတ်ကိုထင်း အသက်စွန့်၍ သစ္စာစောင့်ပုံကို မဟာသုတသောမဇာတ်ကိုထင်း အာရုံပြုကြပါ၊ ပါရမီအားလုံးကို အနုစိတ်၍ မိမိဉာဏ်မှီသလောက် စဉ်းစားကြည့်ပါ၊ ထိုမဟာကရုဏာတော်, ပါရမီတော်များ၏ ပြည့်စုံလုံလောက်ပုံသည် အကြောင်းတို့၏ ပြည့်စုံခြင်းဟူသော ဟေတုသမ္ပဒါပင် ဖြစ်ပါသည်။

ဖလသမ္ပဒါ။ ။ထိုအကြောင်းနှင့်တန်အောင် အကျိုး၏ ပြည့်စုံလုံလောက်ခြင်းကို “ဖလသမ္ပဒါ”ဟု ခေါ်၏၊ ဘုရားရှင်၏ အကျိုးရပုံကို စဉ်းစားသောအခါ (က) အလွန်မြင့်မြတ်သော ခတ္တိယအမျိုး အသာဆုံး ရုပ်လက္ခဏာတော်

ကို ရဲတော်မူခြင်း, (ခ) တောထွက်တော်မူပြီးသောအခါ ကိလေသာ အားလုံးကို အထုံဝါသနာနှင့်တကွ ပယ်နိုင်လောက်အောင် အရဟတ္တမဂ်ဉာဏ်ကို ဆရာမရှိဘဲ ကိုယ်တော်တိုင်ရရှိတော်မူခြင်း, (ဂ) တရားအားလုံးကို အကုန်သိနိုင်သော သဗ္ဗညုတဉာဏ်တော်မှစ၍ ဒသဗလဉာဏ် စတုဝေသာရဇ္ဇဉာဏ်တော်များကို ရတော်မူခြင်း, (ဃ) ဣဿရိယ ဓမ္မ ယသစသော ဘုန်းတော်တို့ကို ရတော်မူခြင်းသည် အကျိုး၏ပြည့်စုံခြင်းဟူသော ဖလသမ္ပဒါပင်တည်း။

သတ္တူပကာရသမ္ပဒါ။ ။ထိုမဟာကရုဏာတော်, ထိုသဗ္ဗညုတဉာဏ်တော်ဖြင့် သတ္တဝါတို့အား တရားရေအေးအမြိုက်ဆေးကို တိုက်ကျွေးတော်မူသောကြောင့် သရဏဂုဏ် သီလ၌တည်၍ အပါယ်ဒုက္ခမှ လွတ်ကြရခြင်း, စျာန်မဂ်ဖိုလ်တို့ကို ထိုက်သမျှရကြ၍ ချမ်းသာအမျိုးမျိုးကို ရကြခြင်းသည် သတ္တဝါတို့အား ကျေးဇူးများခြင်း ဟူသော သတ္တူပကာရသမ္ပဒါပင်တည်း၊ မှန်၏—ယခု အခါနိန်မှာပင် ဘုရားရှင်ကို အကြောင်းပြု၍ "ငရဲရှိ၏, ပြိတ္တာရှိ၏"ဟုငြား "နတ်ပြည်ရှိ၏, ဗြဟ္မာပြည်ရှိ၏, နိဗ္ဗာန်ရှိ၏"ဟုငြား သိကြရ၏၊ ထိုအပါယ် ရောက်ကြောင်း မကောင်းမှုကိုငြား ထိုသုဂတိနိဗ္ဗာန်ရောက်ကြောင်း ကောင်းမှုကိုငြား သိကြရ၏၊ ထိုအားလုံးကို ဗုဒ္ဓဘာသာဝင်တို့ သိကြရသည်မှာ "မည်မျှ ကျေးဇူးပြုနေသည်"ဟု မခန့်မှန်းနိုင်လောက်အောင် အကျိုးပြုသော ကျေးဇူးတော် ကြီးပါပေတည်း။

ထိုသို့ ငရဲစသည်ကို မသိကြ မယုံကြသောကြောင့် အပါယ်ရောက်ကြောင်း မကောင်းမှုကိုပင် ရဲရဲဝံ့ဝံ့ ပြုနိုင်ကြပုံ, သုဂတိဘဝ နိဗ္ဗာန်ကို မယုံကြသောကြောင့် သုဂတိရောက်ကြောင်း နိဗ္ဗာန်သိကြောင်း ကောင်းမှုပါရမီကို မပြုလိုဘဲ ရှောင်လွဲနေကြပုံကိုတွေးကာ မိမိတို့၏ အသိဉာဏ် မိမိတို့ သဒ္ဓါယုံကြည်မှု၏ အဖိုးတန်ကြောင်းသိမှလည်း ဘုရားရှင်၏ ကျေးဇူးပြုတော်မူပုံကို ဝမ်းမြောက်စွာ လက်ခံနိုင်ကြပါသည်။

[ဆောင်] (က) ဘုရားရှင်တော်၊ မပွင့်ပေါ်လျှင်၊ လူတော်အများ၊ စိတ်ကောင်းထားလည်း၊ ဤကားကုသိုလ်၊ အကုသိုလ်နှင့်၊ ထိုထိုဘုံဘဝ၊ မသိရ၊ များလှအပြစ်တွေ့။

(ခ) ဘုရားရှင်တော်၊ ပဉ္စင်္ဃန်းပေါ်၍၊ ဟောဖော်ညွှန်ကြား၊ မြတ်တရားကြောင့်၊ ဤကားကုသိုလ်၊ အကုသိုလ်နှင့်၊ ထိုထိုဘုံဘဝ၊ သိကြရ၊ များလှကျေးဇူးတော့။

(ဂ) ကျေးဇူးတော်ရှင်၊ ဘုရားရှင်ကို၊ ဦးတင်မပြတ်၊ ကျေးဇူးဆပ်သို့၊ အမြတ်ရတနာ၊ သာသနာကို၊ ရောင်ဝါတင့်ဆန်း၊ မြင့်အောင်ထမ်း၊ အစွမ်းပြကြစေ။

သဗ္ဗညုတာဉာဏ်တော်အစွမ်း။ ။သဗ္ဗညုတာဉာဏ်တော်သည် (က)သိဘွယ်ဟူသမျှကို အကုန်အစင် သိမြင်တော်မူနိုင်ခြင်း, (ခ) ထိုသိအပ် ပြီးသောတရားတို်င်း၌ ဟောပြဆိုက်သောနည်းပရိယာယ် အသွယ်သွယ်ကို သိတော်မူခြင်း, [ဥပမာ-ပဋိစ္စသမုပ္ပါဒ် တရားတော်၌ အဝိဇ္ဇာမှစ ဇရာမရဏသောက စသည်တိုင်အောင် အနုလောမအားဖြင့် ဟောနိုင်သော ဒေသနာတော်နည်း, ဇရာမရဏမှစ၍ အဝိဇ္ဇာတိုင်အောင် ပဋိလောမအားဖြင့် ဟောပြနိုင်သော ဒေသနာတော်နည်း, အလယ်၌ တဏှာမှစ၍ ရှေ့သို့ပြန်သောနည်း, နောက်သို့လိုက်သောနည်း ဤသို့စသောအားဖြင့်ဒေသနာတော် တပါးတပါးဝယ် ဒေသနာတော်ဆင်ပြင်နည်း အမျိုးမျိုးကိုသိတော်မူခြင်းမျိုးတည်း၊] (ဂ) ဝေနေယျတို့၏ အလိုဆန္ဒ အဇ္ဈာသယကိုလည်း သဒ္ဓါစသော ဣန္ဒြေတို့၏ အနုအရင့်ကိုလည်း ရာဂစသောစရိုက်ကိုလည်း ခဲ့ခြား၍သိတော်မူခြင်း, ဤ ၃-ပါးသည် သဗ္ဗညုတာဉာဏ်တော်၏ အစွမ်းသတ္တိပင်တည်း။

အကျိုးရပုံ။ ။ဤအစွမ်း ၃-ပါးနှင့်ပြည့်စုံသော သဗ္ဗညုတာဉာဏ်တော်ကြောင့် ကျွတ်ထိုက်သော ဝေနေယျတို့ကို တွေ့မြင်တော်မူသောခါ ထိုသူ၏သဒ္ဓါပညာစသော ဣန္ဒြေအနုအရင့်ကိုလည်း ရာဂဒေါသစသော စရိုက်အနေအထားကို ခဲ့ခြား၍ သိမြင်တော်မူသောကြောင့် ထိုဣန္ဒြေ ထိုစရိုက်နှင့် သင့်လျော်သော တရားတမျိုးမျိုး ဆင်ပြင်တော်မူ၍ ဟောပြတော်မူသောအခါ အနာနှင့်ဆေးသင့်အောင် ပေးလိုက်သကဲ့သို့ တန်ရာတည်းပင် ကိလေသာ ရောဂါကင်း၍ အရိယာပုဂ္ဂိုလ် ဖြစ်ကြပါသည်။

ပရိနိဗ္ဗာန်စံသည့်တိုင်အောင်။ ။မဟာကရဏာတော်ကို အရင်းခံ၍ ဤမျှ လောက် ထက်မြက်သော သဗ္ဗညုတာဉာဏ်တော်ကြီးဖြင့် အမြဲရှုစားတော် မူနေရကား ၄၅-ဝါ ကာလပတ်လုံး (သက်တော်ရှစ်ဆယ် ပြည့်သည့်တိုင်အောင်) မနေမနား တရားရေအေးအမြိုက်ဆေးကို တိုက်ကျွေးတော်မူကာ ပရိနိဗ္ဗာန် စံတော်မူသည့် ညဉ့်အခါ၌ပင် သုဘဒ္ဒပရိဗ္ဗိုဇ်ကို ရဟန္တာဖြစ်စေတော်မူပါသော်၏၊ ထူနောက် အရဏ်တက်တော့မည့်အချိန်ကျမှ "အပ္ပမာဒေန သမ္မာဒေထ-မမေ့မလျော့ မပေါ့မဆ နေရစ်ကြ" ဟု နောက်ဆုံးဩဝါဒကို မိန့်တော်မူကာ စျာန်သမာပတ်တို့ကို အထပ်ထပ် ဝင်စားတော်မူရင်းပင် ပရိနိဗ္ဗာန် ဝင်စံတော် မူပါသည်။

၁။ သီရန်မှန်က၊ မကျန်ရအောင်၊ လုံးဝစုံလင်၊ အကုန်မြင်၊ သဗ္ဗဉ်ဉာဏ်တော် အစွမ်းတည်း။

၂။ သီသည့်တရား၊ များအပြားခွဲ၊ ဟောထားစဉ်ယ်၊ နည်းသုယ်သုယ်ကို၊ ခြယ်လှယ်စုံလင်၊ အကုန်မြင်၊ သဗ္ဗဉ်ဉာဏ်တော်အစွမ်းတည်း။

၃။ ကျတ်ထိုက်ကြပေ၊ များဝေနေ၏၊ ဣန္ဒြေစရိုက်၊ သူ့အကြိုက်ကို၊ နှိုက်ချတ်စုံလင်၊ အကုန်မြင်၊ သဗ္ဗဉ်ဉာဏ်တော် အစွမ်းတည်း။

၄။ ဉာဏ်တော်စွမ်းပကား၊ ဤသုံးပါးကြောင့်၊ အများဝေနေ၊ ကျတ်လွတ်စေဘို့၊ မနေမနား၊ သက်တော်အားဖြင့်၊ ကြီးမားလေဘိ၊ ရှစ်ဆယ်ပြည့်၍၊ ပရိနိဗ္ဗာန်၊ စံသည့်တိုင်အောင်၊ သယ်ယူဆောင်၊ ဘုန်းခေါင်ငါတို့ ဘုရားတည်း။

အဒဿနေန ဝိယောဂါ၊ တာဒိသာနံ မဟေသိနံ။
အနုဘောန္တိ မဟာဒုက္ခံ၊ သတ္တာ သံသာရသာဂရေ။

တာဒိသာနံ-ရှင်တော်ဘုရား ကဲ့အလားသို့ မခြားတမူ အလားတူ ဖြစ်တော်မူကြကုန်သော၊ မဟေသိနံ-သီလ သမာဓိ ပညာပြည့်သည့် ဣသိထုတ်တင် ဘုရားရှင်တို့ကို၊ အဒဿနေန-ပါရမီဘုန်းကံ မကုန်တန်၍ ဖန်ဖန်ဦးတင် မဖူးမြင်ရသဖြင့်၊ ဝိယောဂါ-ဉာဏ်ပညာနဲ့ သဒ္ဓါမဲ့၍ ခဲ့ကာကွေ့ကွင်း နေခဲ့ခြင်းကြောင့်၊ သတ္တာ-သူရော ကိုယ်ပါ သတ္တဝါ ဟူသမျှတို့သည်၊ သံသာရ-

၄၆၃။ သီမဋ္ဌသံဃေ သီမဋ္ဌ-ဒေဝတာသု စ ဣဿရေ။
ဇနေ ဂေါစရဂါမမ္ပိ၊ တတ္ထုပါဒါယ မာနုသေ။

၄၆၄။ သဗ္ဗသတ္တေသု သုခိတာ၊ ဟောန္တဝေရတိအာဒိနာ။
ပရိစ္ဆိဒ္ဇ ပရိစ္ဆိဒ္ဇ၊ ဘာဝနာ မေတ္တဘာဝနာ။

၄၆၃, ၄။ သီမဋ္ဌသံဃေ၊ ဥပစာရ သိမ်ဝယ် တည်သော သံဃာတော် အပေါင်း၌ဌင်း။ သီမဋ္ဌဒေဝတာသု စ၊ ဥပစာရ သိမ်ဝယ် တည်သော နတ်တို့ ၌ဌင်း။ ဂေါစရဂါမမ္ပိ၊ ဆွမ်းခံရာမြို့ရွာ၌။ ဣဿရေ ဇနေ၊ အစိုးရသော လူ၌ ဌင်း။ တတ္ထ၊ ထိုဆွမ်းခံရာမြို့ရွာ၌။ မာနုသေ၊ လူတို့ကို။ ဥပါဒါယ၊ အစပြု၍။ သဗ္ဗသတ္တေသု စ၊ အလုံးစုံသော သတ္တဝါတို့၌ဌင်း။ သုခိတာ၊ ကောင်းစွာ ပြည့်ဝ ချမ်းသာခြင်းရှိကြကုန်သည်။ အဝေရာ၊ ကိုယ်တွင်းကိုယ်ပ ရန်မရှိကြ ကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။ ဣတိအာဒိနာ၊ ဤသို့ အစ ရှိသည်ဖြင့်။ ပရိစ္ဆိဒ္ဇ ပရိစ္ဆိဒ္ဇ၊ စိတ်ဖြင့်မှတ်သား ပိုင်းခြား၍ ပိုင်းခြား၍။ ဘာဝနာ၊ မိမိသန္တာန်ဝယ် မေတ္တာကို ဖြစ်စေခြင်းသည်။ ဝါ၊ မေတ္တာတရား တိုးပွါးစေခြင်းသည်။ မေတ္တဘာဝနာ၊ မေတ္တာဘာဝနာမည်၏။ [အာဒိဖြင့် "အဗျာပဇ္ဇာ၊ ဒေါသဗျာပါဒ မရှိကြကုန်သည်။ အနီဃာ၊ ဒုက္ခမရှိကြကုန် သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း" တို့ကိုယူပါ။ ဋီကာသစ်၌ သုခီ အတ္တာနံ ပရိဟရန္တု၊ တိုင်အောင် ယူသည်။ ဤ၌ သုခိတာ ပါပြီးဖြစ်၍ လိုမည်မထင်။[(ဝိ ဋ္ဌ ၂-၂၁၊ ဝိသုဒ္ဓိ ၁-၉၄)

သဂဂရေ- သမုဒ်နက်ကျယ် မြစ်ပင်လယ်ထက် ထုထယ်ပြန့်ပြော သံဃာ ကြော်၌၊ မဟာဒုက္ခံ- ဇာတိဇရာ အစဖြာ၍ မျှားစွာသိန်းသောင်း ဒုက္ခ ပေါင်းကို၊ အနုဘောန္တိ- ဘဝမလပ် ဆက်တိုင်းစပ်၍ မပြတ်ပုံသေ ခံစား၍ နေရကုန်လေသည် တကား။—— [မိထွေးတော်ဂေါတမီ ထေရီအပဒါန်။]

မေတ္တာဘာဝနာ။ ။မိတ္တေ- မိတ်ဆွေအပေါ်၌ + ဘဝါ- ဖြစ်သောတရား တည်း၊ မေတ္တာ- မိတ်ဆွေအပေါ်၌ ဖြစ်သောတရား၊ [ဝိဂ္ဂဟ အမျိုးမျိုးကို

အဋ္ဌသာလိနီ ဘာသာဋီကာ ဖြဟ္မဝိဟာရကထာဋ္ဌ ရှုပါ။] သတ္တဝါတို့အပေါ်၌ တဏှာသဘောမပါဘဲ စီးပွါးချမ်းသာကိုလိုလားသော သဘောကို "မေတ္တာ" ဟု ခေါ်၏၊ ထို မေတ္တာကို မိမိ စိတ်အစဉ်၌ အဖန်ဖန်ဖြစ်စေခြင်း တိုးပွါးစေခြင်းကို "မေတ္တာဘာဝနာ" ဟု ခေါ်သည်၊ ဘာဝေတီတိ ဘာဝနာ၊ ဘာဝေတိ - မိမိ သန္တာန်၌ (မေတ္တာကို) ဖြစ်စေတတ်၏၊ ဝါ - တိုးပွါးစေတတ်၏၊ ဣတိ - ထို့ကြောင့်၊ ဘာဝနာ - ဘာဝနာ မည်၏၊ ဤ ဝိဂြိုဟ်နှင့်အညီ မေတ္တာတရားကို မိမိသန္တာန်၌ ဖြစ်စေခြင်း, တိုးပွါးစေခြင်းကို "မေတ္တာ ဘာဝနာ" ဟု ခေါ်၏။

သီမဋ္ဌသံဃေ။ ။သီမာ သဒ္ဒါသည် အပိုင်းအခြားအနက်ကို ဟော၏၊ မိမိနေရာ ကျောင်းတိုက်တရပ် အပိုင်းအခြားကို (အရာမ်၏ ဥပစာနှင့်တကွ) "ဥပစာရသိမ်" ဟု ခေါ်၏၊ ထို ဥပစာရ သိမ်အဘွင်း၌ အတူတကွနေကြသော သံဃာတော်အပေါင်းကို "သီမဋ္ဌသံဃာ" ဟု ခေါ်သည်။

ပရိစ္ဆိဇ္ဇ ပရိစ္ဆိဇ္ဇ။ ။ မေတ္တာ ဘာဝနာကို ဖြစ်စေလိုသော ရဟန်း (သာမဏေ) သည် ရှေးဦးစွာ သီမဋ္ဌသံဃာတော်များကို စိတ်အားဖြင့် ပိုင်းခြားမှန်းဆ၍ "ဤကျောင်းတိုက်၌ သီတင်းသုံးတော်မူကြသော စာချဆရာတော်များနှင့်တကွ သံဃာတော် အပေါင်းသည် ဘေးရန် ကင်းကွာ ကျန်းမာချမ်းသာကြပါစေ" ဟု (နှုတ်ဖြင့်လည်း ရွတ်, စိတ်ဖြင့်လည်းအာရုံပြု၍) မေတ္တာပွါးစေရသည်၊ ဤသို့ မေတ္တာစိတ်ကို ပွါးစေ များစေ တိုးစေခြင်း ကိုပင် "မေတ္တာပို" ဟု ခေါ်သည်။

သီမဋ္ဌဒေဝတာသု။ ။ ထို့နောက် ကျောင်းတိုက်၌ စောင့်ရှောက်၍ နေကြသော နတ်အပေါင်းကို စိတ်အားဖြင့် ပိုင်းခြားမှန်းဆ၍ "ဤကျောင်းတိုက်၌ တည်ရှိကြသော နတ်အပေါင်းတို့သည် ဘေးရန်ကင်းကွာ ကျန်းမာချမ်းသာကြပါစေ" ဟု (ရွေ့နည်းအတိုင်း) မေတ္တာပို့ရသည်။

ဣဿရော၊ ပေ၊ ဂါမမှိ။ ။မိမိ၏ ကျက်စားရာမြို့ရွာ၌ အစိုးရသူ အုပ်ချုပ်သူများကို စိတ်အားဖြင့် ပိုင်းခြားမှန်းဆ၍ "ငါ၏ဆွမ်းခံရာ မြို့ရွာ၌ အုပ်ချုပ်၍နေကြသော အစိုးရတို့သည် ဘေးရန်ကင်းကွာ ကျန်းမာ ချမ်းသာကြပါစေ" ဟု (ရွှေအတိုင်း) မေတ္တာပို့ရသည်။

တတ္ထ မနုဿေ။ ။ထိုဂေါစရဂါမ်မြို့(ရွာ)၌ မြို့သူမြို့သား(ရွာသူရွာသား) လူအများတို့ကို စိတ်အားဖြင့် ပိုင်းခြား မှန်းဆ၍ "ငါ၏ဆွမ်းခံရာမြို့(ရွာ)၌ နေကြသော မြို့သူ မြို့သား (ရွာသူရွာသား) လူအများတို့သည် ဘေးရန်ကင်းကွာကျန်းမာ ချမ်းသာကြပါစေ"ဟု (ရွှေအတိုင်း) မေတ္တာပို့ရသည်။

သဗ္ဗသတ္တေသု။ ။သို့နောက် မိမိမြို့ မိမိရွာ၌ နေထိုင်ကြသော သတ္တဝါတို့မှစ၍ အနီးအပါးပတ်ဝန်းကျင် မြို့ရွာ၌ နေထိုင်ကြသော သတ္တဝါတို့ကို စိတ်အားဖြင့် ခဲ့ကာခဲ့ကာ ပိုင်းခြား၍ မေတ္တာပို့ရသည်၊ ထို့သို့ ခဲ့ကာခဲ့ကာ ပိုင်းခြားရာ၌ အရွှေအရပ်၌ နေကြသော သတ္တဝါတို့ကိုဂုဏ်း အနောက်အရပ်၌ နေကြသော သတ္တဝါတို့ကိုဂုဏ်း မြောက်အရပ်၌ နေကြသော သတ္တဝါတို့ကိုဂုဏ်း တောင်အရပ်၌ နေကြသော သတ္တဝါတို့ကိုဂုဏ်း အရွှေတောင်ထောင့်အရပ်၌ နေကြသော သတ္တဝါတို့ကိုဂုဏ်း အနောက်မြောက်ထောင့်အရပ်၌ နေကြသော သတ္တဝါတို့ကိုဂုဏ်း အရွှေမြောက်ထောင့်အရပ်၌နေကြသော သတ္တဝါတို့ကိုဂုဏ်း အနောက်တောင်ထောင့်အရပ်၌ နေကြသော သတ္တဝါတို့ကိုဂုဏ်း အောက်အရပ်၌ နေကြသော သတ္တဝါတို့ကိုဂုဏ်း အထက်အရပ်၌ နေကြသော သတ္တဝါတို့ကိုဂုဏ်း အစဉ်အတိုင်း စိတ်အားဖြင့် ပိုင်းခြား၍ ပိုင်းခြား၍ နှုတ်အားဖြင့် ဖြစ်စေ စိတ်အားဖြင့်ဖြစ်စေ မေတ္တာကို ခဲ့ယူင် တိုးပွါးစေရသည်။

စိတ်ကိုနှုတ်စေခြင်း။ ။ထိုသို့မေတ္တာပို့သောအခါ (၁) ပဌမ မိမိစိတ်သည် နှုတ်၏၊ ဒေါသနည်းသွား၏၊ ထို့နောက် အတူနေ သံဃာများ၏ စိတ်ကို နှုတ်စေနိုင်၏၊ ထို့ကြောင့် သီတင်းသုံးဘော်ချင်းဆက်ဆံရသည်မှာ အရာရာပြေပြစ်၏၊ (၂) ကျောင်းတိုက်ရှိ နတ်များကို မေတ္တာပို့မှုကြောင့် နတ်တို့ကပြန်၍ စောင့်ရှောက်ကြ၏၊ (၃) ဂေါစရဂါမ်၌ရှိကြသော အစိုးရတို့ကို မေတ္တာပို့မှုကြောင့် ထိုအစိုးရတို့သည် တရားသဖြင့် အစောင့်အရှောက်ကို ပေးကြ၏၊ (၄) ဂေါစရဂါမ်မြို့ ရွာ လူတို့ကို မေတ္တာပို့မှုကြောင့် လူတို့က ကြည်ညိုကြသည့်အတွက် အနှောင့်အယှက်မပေးရုံမျှမက ပစ္စည်း ၄-ပါး အထောက်အပံ့လည်း ရနိုင်၏၊(၅) သတ္တဝါအများ၌ မေတ္တာပွါးခြင်းကြောင့် အရပ်မျက်နှာအားလုံးဝယ် အပိတ် အပင် မရှိလုည့်လည်သွားလာနိုင်၏၊ ထို့ကြောင့် မေတ္တာဘာဝနာသည် သူတော်ကောင်းမှန်လျှင် ကေန်ပွါးများထိုက်သော ဘာဝနာ ဖြစ်ပါပေသည်။

တိဋ္ဌံ စရံ နိသိန္နော ဝါ သယာနော ယာဝတာဿ ဝိတမိဒ္ဓေါ။
ဧတံ သတိံ အဓိဋ္ဌေယ္ယ၊ ဗြဟ္မမေတံ ဝိဟာရမိဓမာဟု။

တိဋ္ဌံ (တိဋ္ဌန္တော) ဝါ–ထိုထိုက္ကိုက္ကို အရပ်ဆီသို့ မလည်မပတ် မတ်မတ်ရပ်၍နေစဉ်သော်၎င်း၊ စရံ (စရန္တော) ဝါ–ထို ထို ကျွဲ ကျွဲ အရပ်ဆီသို့ လှည့်လည်ကူးကာ သွားလာ၍နေစဉ်သော်၎င်း၊ နိသိန္နော ဝါ–မသွားမလာ တနေရာ၌ ကောင်းစွာဖွဲ့ခွေ ထိုင်နေစဉ်သော်၎င်း၊ သယာနော ဝါ–ထိုင်ရပ် သွားလာ မပြုပါဘဲ အိပ်ရာဝယ်စောင်း လျောင်း၍နေစဉ်သော်၎င်း၊ ယာဝတာ–သွားရပ်ထိုင်လျောင်း လိုရာပြောင်း၍ အကြောင်းအားလျော်စွာ အကြင်သို့သော အခါ၌၊ ဝိတမိဒ္ဓေါ–မိဒ္ဓမလွှမ်း ကိုယ်မနှမ်းသဖြင့် ရှင်လန်းကြည်လင်မအိပ်ချင်သည်၊ အဃ–စင်စစ်မသွေ ဖြစ်၍ နေ၏၊ တာဝတာ–မိဒ္ဓမဝင်မအိပ်ချင်၍ ကြည်လင်ကာယ ထိုကာလပတ်လုံး၊ ဧတံ–သတ္တဝါ အပေါင်းချမ်းသာကြောင်းကို ငဲ့စောင်းလိုဘိ ကျွဲ သတိကို၊ အဓိဋ္ဌေယျ–အမြဲ အစဲ့မပြောင်းလဲအောင် စိတ်ဇဝံသန်သန် အဓိဋ္ဌာန်ပြုရာ၏၊ ဗြဟ္မ–သူတော်ထိုကျွဲပါရမီဖြင့် လှည့်လည်နေကြ ကျွဲလောကဌ်၊ ဧတံ ဝိဟာရံ–သွား ရပ် ထိုင် လျောင်း လိုရာပြောင်းလည်း စိတ်ကောင်းမသွေ ကျွဲမေတ္တာဖြင့် နေခြင်းကို၊ ဗြဟ္မံ ဝိဟာရံ–အရိယာနေ ဗြဟ္မာနေသို့ စိတ်နေသန့်ရှင်း ကောင်းမြတ်သော နေခြင်းဟူ၍၊ အာဟု–ဘုရားစသား ပဉ္စင်္ဂုလ်များတို့ ဟောထားညွှန်ကြား မိန့်မြွက်တော်မူကြပေသတည်း။

မေတ္တာ အကျိုး။ ။ကျွဲ မေတ္တာပွါးရခြင်း၏ အကျိုးကို ဘုရားရှင်သည် တဆဲ့တမျိုး ဟောတော်မူ၏၊ (၁) ချမ်းချမ်းသာသာ အိပ်ပျော်ရခြင်း, (၂) ချမ်းချမ်းသာသာ နိုးရခြင်း, (၃) ဆိုးဝါးသော အိပ်မက် မမက်ခြင်း, (၄) လူတို့ချစ်ခင်ခြင်း, (၅) နတ်တို့ချစ်ခင်ခြင်း, (၆) နတ်များစောင့်ရှောက်ခြင်း, (၇) မီးအဆိပ်စသည်တို့ မလောင်နှိုင်မဝင်နှိုင်ခြင်း, (၈) စိတ်တည်ကြည်၍ သမာဓိရလွယ်ခြင်း, (၉) မျက်နှာကြည်လင် ရှင်လန်းခြင်း, (၁၀) စုတေခါနီး၌ မိန်းမောတွေဝေမှု မရှိခြင်း, (၁၁) အထက် အရဟတ္တဖိုလ် တရားထူးကို မရလျှင် မေတ္တာစျာန်ကိုရ၍ ဗြဟ္မာ့ပြည်သို့ ရောက်ရခြင်း ဤ တဆဲ့တပါးသည် မေတ္တာ၏အကျိုး အာနိသင်များ ဖြစ်ပေသည်။

[ဆောင်] မေတ္တာဂုဏ်ရည်၊ ဆဲ့တလီကား၊ အညီသတ္တဝါ၊ မလပ်ပါအောင်၊ ခါခါနေ့စဉ်၊ မေတ္တာယှဉ်မူ၊ ကြည်လင်အိပ်ပျော်၊ ထချိန်တော်၍၊ နိုးသော်ရှင်ရှင်၊ အိပ်မက်မြင်လည်း၊ အစဉ်ကောင်းစွာ၊ မြင်မက်ရာ၏၊ ပြည်ရွာလူသား၊ နတ်အမျှားလည်း၊ မြင်ကြားသမျှ၊ ချစ်ခင်ကြသဖြင့်၊ ဒေဝထွေထွေ၊ စောင့်ရှောက်လေ၏၊ မီးရေခိုးသူ၊ မျှားရန်သူလည်း၊ မယူမဖျက်၊ မနှောင့်ယှက်တည်း၊ စိတ်စက်လည်းတည်၊ မျက်နှာကြည်၍၊ သေမည်ခါချဉ်း၊ တော့ဝေကင်း၏၊ မှန်းရင်းဓမ္မ၊ မဂ်မရလည်း၊ စျာန်ရလေလစ်၊ ဗြဟ္မာဖြစ်သည်....ဆဲ့တစ်မေတ္တာအကျိုးတည်း။

အမှာ။ ။မေတ္တာအကျယ်ကို ဝိသုဒ္ဓိမဂ်၌ရှုပါ၊ နတ်မျှားချစ်ခင်ပုံ စောင့်ရှောက်ပုံကို ဝိသုဒ္ဓိမဂ်၌ၵင်း မေတ္တာသုတ်၏ ဝတ္ထုကြောင်း၌ၵင်း ပြထားပါသည်၊ မေတ္တာ၏အကျိုး ၁၁-ပါးတွင် စျာန်မှတပါး ရှေဖြစ်သော အကျိုး ၁၀-ပါးကို အမြဲပွါးမျှားသော ပုဂ္ဂိုလ်တိုင်းပင် ရနိုင်လောက်ပါသည်၊ အနာထပိဏ်သူဌေး၏ ညီတော်ဖြစ်သော အရှင်သုဘူတိသည်ကား မေတ္တာဖြင့်နေလေ့ရှိသောကြောင့် ဆွမ်းခံကြွတော်မူလျှင် ဆွမ်းရပ်ရာ အိမ်ပေါက်တိုင်းမှာပင် ရွှေထုပ်ကြီးကိုချပေးသကဲ့သို့ မေတ္တာပွါး၍သာ ဆွမ်းရပ်တော်မူလေ့ရှိသတဲ့။

မေတ္တာဝိဟာရီ ယော ဘိက္ခု၊ ပသန္နော ဗုဒ္ဓသာသနေ။
အဓိဂစ္ဆ ပဒံ သန္တံ၊ သင်္ခါရူပသမံ သုခံ။

(ဓမ္မပဒ ၃၆၈)

မေတ္တာဝိဟာရီ – သတ္တဝါအပေါင်း ချမ်းသာကြောင်းကို ဆုတောင်းပျော်မွေ့မေတ္တာဖြင့်နေလေ့ရှိသော၊ ယော ဘိက္ခု – သာသနာ့ဝန် အားသွန်ကြိုးပမ်းထမ်းဆောင်လိုတောင်း အကြင် ရဟန်းကောင်းသည်၊ ဗုဒ္ဓသာသနေ – ဘုရားမြတ်စွာ တည်ထောင်လာသည့် သိက္ခာ ၃-ရပ် သာသနာတော်မြတ်၌၊ ပသန္နော – သဒ္ဓါရှိမ်းအိ ဂုဏ်းဆီထိသို့ ပိတိတွေ့ပို့ လွှန်ကြည်သို့၏၊ (သော ဘိက္ခု – သာသနာကို ကြည်လို့စွာ မေတ္တာဖြင့်နေသော ထိုရဟန်းသည်၊) သင်္ခါရူပသမံ – ရုပ်နာမ်နှစ်ဝ သင်္ခါရတို့ လုံးဝကုန်ခမ်း ငြိမ်းချမ်းရာလည်း

၄၆၅။ ဝဏ္ဏ သဏ္ဌာန ဩကာသ-ဒိသတော ပရိစ္ဆေဒတော။
ဝဝတ္ထပေဘဒ္ဓာ ကေသာဒိ-ကောဋ္ဌာသေ အနုပုဗ္ဗတော။

၄၆၆။ နာတိသီဃဉ္စ သဏိကံ၊ ဝိက္ခေပံ ပဋိဗာဟယံ။
ပဏ္ဏတ္တိံ သမဘိက္ကမ္မ၊ မုဉ္စန္တိ သာနုပုဗ္ဗတော။

၄၆၇။ ဝဏ္ဏအာသယသဏ္ဌာန-ဂန္ဓောကာသေဟိ ဘာဝနာ။
ပဋိကူလာတိ ကောဋ္ဌာသေ၊ ဥဒ္ဓုမာတာဒိဝတ္ထုသု။
ဂဟေဘဒ္ဓာ အသုဘာကာရံ၊ ပဝတ္တာ ဘာဝနာသုဘံ။

၄၆၅,၆,၇။ ကေသာဒိကောဋ္ဌာသေ၊ ဆံပင်အစရှိသော ကောဋ္ဌာသတို့ကို။ ဝဏ္ဏသဏ္ဌာန[ဩ]ကာသဒိသတော၊ အဆင်း, ပုံသဏ္ဌာန်, တည်ရာအရပ်, အထက်ပိုင်း, အောက်ပိုင်း ဒေသအားဖြင့်ဝင်း။ ပရိစ္ဆေဒတော၊ အပိုင်းအား

ဖြစ်ပေထသော၊ သုခံ – လောကိသုခ ဟူသမျှထက် ခေါင်ကလွန်မ်းခြုံ သုခဘုံကြီးလည်း ဖြစ်ပေထသော၊ သန္တံ ပဒံ – သန္တိသုခ ငြိမ်သက်လှသည့် အမတခေါ်အပ် နိဗ္ဗာန်ဓာတ်ကို၊ အဓိဂစ္ဆ – လက်လှမ်းမှီလောက် အနီးရောက်သဖြင့် မျက်မှောက်ကိုယ်တိုင် သိမြင်နိုင်ပေသတည်း။

အသုဘဘာဝနာ။ ။ ဤ ၃-ဂါထာဖြင့် အသုဘဘာဝနာကိုပြ၏၊ ခန္ဓာကိုယ်၏မဘင့်တယ်ပုံ အခြင်းအရာကို အာရုံပြု၍ (မိမိစိတ်ကို)တိုးပွါးစေမှုကို "အသုဘဘာဝနာ" ဟု ခေါ်၏၊ ထိုအသုဘဘာဝနာကို ဤနေရာ၌ ကောဋ္ဌာသကမ္မဋ္ဌာန်းအားဖြင့်ဝင်း ဥဒ္ဓုမာတကစသော အသုဘကမ္မဋ္ဌာန်းအားဖြင့်ဝင်း ၂-မျိုးပြထား၏၊ ထိုတွင် "ဝဏ္ဏ၊ ပေ၊ ပဋိကူလာဒိကောဋ္ဌာသေ" ဟူသော စကားဖြင့် ကောဋ္ဌာသကမ္မဋ္ဌာန်းဟူသော အသုဘဘာဝနာကို ပြသည်။

ကောဋ္ဌာသ ကာယဂတာသတိ။ ။ဆံအစရှိသော ကောဋ္ဌာသ၏ အသုဘအခြင်းအရာကို အာရုံပြု၍ ပွါးစေသောကြောင့် "ကောဋ္ဌာသဘာဝနာ" ဟုလည်း ခေါ်၏၊ [ကောဋ္ဌ – ကိုယ်၌ + သယ + – ဖြစ်သော ဆံပင်စသည်ကို "ကောဋ္ဌာသ" ဟုခေါ်သည်၊] ခန္ဓာကိုယ်၌ဖြစ်သော သတိတရားကို တိုးပွါး

ဖြင့်ဂုဏ်း။ ဝဝတ္ထပေတ္ဝ၊ ပိုင်းခြားပြီး၍။ အနုပုဗ္ဗတော၊ ကေသာ လောမာ စသော အစဉ်အားဖြင့်။ နာတိသီဃဉ္ဆ၊ မမြန်လွန်းအောင်ဂုဏ်း။ နာတိသဏိကံ စ၊ မနှေးလွန်းအောင်ဂုဏ်း။ ဝိက္ခေပံ၊ အပြင်ဖက် အာရုံ၌ ပျံ့လွှင့်ခြင်းကို။ ပဋိဗာဟယံ၊ တားမြစ်လျက်။ ပဏ္ဏတ္တိ ံ၊ ဆံပင်မွေးညှင်း စသော အမည် ပညတ်ကို။ သမတိက္ကမ္မ၊ လွန်မြောက်၍။ အနုပုဗ္ဗတော၊ အစဉ်မှ။ မဥ္ဇန္တဿ၊ မထင်သော အာနုံကို လွှတ်လျက်ဂုဏ်း။ ဝဏ္ဏ အာသယ သဏ္ဌာန ဂန္ဓောကာ-သေဟိ၊ အဆင်း, မှီရာအကြောင်း, ပုံသဏ္ဌာန်, အနံ့, ဖြစ်ရာအရပ်တို့ဖြင့်။ ကောဋ္ဌာသေ၊ ဆံပင်စသော ကောဋ္ဌာသတို့ကို။ ပဋိကူလာတိ၊ စက်ဆုပ်ဘွယ် တို့ဟူ၍။ ဘာဝနာ၊ ပွါးစေခြင်းသည်ဂုဏ်း။ ဥဒ္ဓုမာတာဒိဝတ္ထုသု၊ ဥဒ္ဓုမာတ အစရှိသော အလောင်းကောင် ဂတ္ထုတို့၌။ အသုဘာကာရံ၊ မတင့်မတယ် ရှံဘွယ် အခြင်းအရာကို။ ဂဟေတ္ဝာ၊ ယူ၍။ ပဝတ္တာ၊ ဖြစ်သော။ ဘာဝနာ၊ ပွါးစေခြင်းသည်ဂုဏ်း။ အသုဘံ၊ အသုဘကမ္မဋ္ဌာန်းမည်၏။ (ဝိသုဒ္ဓိ ၁-၁၇၈)

စေနိုင်သောကြောင့် “ကာယဂတာသတိဘာဝနာ”ဟုလည်း ခေါ်သည်၊ ဤဘာဝနာ၏ အကျယ်ကို ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ရှုမှု ပြည့်စုံစွာ နားလည်နိုင်မည်၊ ဤဋ္ဌကား ဂါထာ၌လာသမျှကိုသာ အဓိပ္ပါယ်ပြပါမည်။

ဝဏ္ဏာ၊ ပေါ ကောဋ္ဌာသေ။ ။၃၂-ကောဋ္ဌာသဝယ် ကောဋ္ဌာသတိုင်း၌ ဝဏ္ဏ-အဆင်းအားဖြင့်ဂုဏ်း သဏ္ဌာန-ပုံသဏ္ဌာန်အားဖြင့်ဂုဏ်း ဩကာသ-တည်ရာအရပ်အားဖြင့်ဂုဏ်း ဒိသ-အထက်ပိုင်း အောက်ပိုင်းဟူသော ဒေသအားဖြင့် ဂုဏ်း ပရိစ္ဆေဒ-သဘာဝ အပိုင်းအခြား ဝိဘာဂ အပိုင်းအခြားအားဖြင့်ဂုဏ်း စာကျက်ထားသလို နှုတ်ဖြင့်လည်း “ဆံပင်,မွေးညှင်း၊ ပေါ၊ ကျင်ငယ်”ဟု အနုလုံ အစဉ်အတိုင်းအားဖြင့်ဂုဏ်း “ကျင်ငယ်, အစေး ၊ပေါ မွေးညှင်း,ဆံပင်”ဟု ပဋိလုံနောက်ပြန်အားဖြင့်ဂုဏ်း ရွတ်အံသရဇ္ဈာယ်၍ စိတ်တည်း၌လည်း ကျေနေအောင် ပိုင်းခြား၍ မှတ်သားထားရသည်။

ဩကာသ။ ။ဘေး ၂-ဖက်၌နားပန်းစွန်းဖြင့်, ရွှေ၌နဖူးစွန်းဖြင့်, နောက်၌ လည်ပင်းအထက်စွန်းဖြင့် ပိုင်းခြားအပ်သော ဦးခေါင်းအရေသည် ဆံပင်၏

တည်ရာ သြကာသဖြစ်၏၊ ဤသို့စသည်ဖြင့် သြကာသအားဖြင့် ပိုင်းခြားရသည်၊ ထို့ကြောင့် “ဝဝတ္ထပေတ္ထာ ကေသာဒိကောဋ္ဌာသေ” ဟု ဆိုသည်။

ပရိစ္ဆေဒ။ ။သ- မိမိတပါး၏ + ဘာဂ-အဘို့ အားဖြင့် ပိုင်းခြား ခြင်းကို “သဘာဂပရိစ္ဆေဒ”ဟု ခေါ်၏၊ အခြားကောဋ္ဌာသနှင့်မရောအောင် ပိုင်းခြားခြင်းကို “ဝိသဘာဂပရိစ္ဆေဒ (သဘော မတူသော အခြား ကောဋ္ဌာသနှင့် ခဲခြားခြင်း)”ဟု ခေါ်သည်၊ ဥပမာ–ဆံပင်ကို ဦးခေါင်းရေအတွင်းဝယ် ဝင်၍နေသော မိမိ၏ အောက်ခြေအရပ်ဖြင့် အောက်အဘို့၌ ပိုင်းခြားအပ်၏၊ အထက်၌ကား ဆံပင်ဖျား၏ အထက်ကောင်းကင်ဖြင့် ပိုင်းခြားအပ်၏၊ ဘေးပတ်ဝန်းကျင်၌မူ မိမိတို့ ဆံပင် အချင်းချင်းဖြင့် ပိုင်းခြားအပ်၏၊ ဤ ပိုင်းခြားမှုကို “သဘာဂ–မိမိအဘို့၏ အပိုင်းအခြား” ဟု ခေါ်၏၊ ဆံပင်သည် မွေးညှင်းစသည် မဟုတ်, မွေးညှင်းသည် ဆံပင်စသည် မဟုတ်၊ ဤသို့ စသည်ဖြင့် ပိုင်းခြားမှုကို “ဝိသဘာဂပရိစ္ဆေဒ”ဟု ခေါ်၏။

အနုပုဗ္ဗတော။ ။ဤသို့ သင်ယူပြီးနောက် အနုလုံ ပဋိလုံ အစဉ်အတိုင်း နှုတ်ဖြင့်လည်း သရဇ္ဈာယ်ရွတ်ဆိုရ, စိတ်ဖြင့်လည်း အာရုံ ပြုရာ၏။ [အနုပုဗ္ဗတောတိ သဇ္ဈာယကရဏတော ပဋ္ဌာယ အနုပဋိပါဋိယာ၊–ဋီကာသစ်၊] အစဉ်အတိုင်းမဟုတ်ဘဲ တခုကျော် ၂-ခုကျော် ရွတ်ဆို စဉ်းစားလျှင် လေ့ကားကို တထစ်ကျော် ၂-ထစ်ကျော် တက်သွားကဲ့သို့ ဘာဝနာအစဉ် မထင်နိုင်ဘဲ စိတ်ပင်ပန်း၍ လျှောကျတတ်သည်။

နာတိသီဃံ စ သဏိကံ။ ။ထိုသို့နှုတ်ရောစိတ်ပါ အစဉ်အတိုင်း သရဇ္ဈာယ်ရာ စဉ်းစားရာ၌ အလွန်မြန်နေလျှင် ကမ္မဋ္ဌာန်း ဆုံးသော်လည်း အာရုံ မထင်ရှားဘဲ ရှိရာ၏၊ ဥပမာ–ခရီးကို မြန်မြန်သွားသူသည် ခရီးဆုံးသော်လည်း ထိုလမ်း၌ အကြောင်းအရာကို မမှတ်မိ မသိရှိသကဲ့သို့တည်း၊ အလွန် နှေးနေလျှင်လည်း (ခရီးမတွင်သူကဲ့သို့) ကမ္မဋ္ဌာန်း မဆုံးနိုင်ဘဲရှိရာ၏၊ ထို့ကြောင့် မမြန်လွန်း မနှေးလွန်းစေဘဲ သရဇ္ဈာယ်ရ စဉ်းစားရသည်။

ဝိက္ခေပံ ပဋိဗာဟယံ။ ။ကေသာဟု ဆိုလျှင် ဆံပင်၌ အာရုံ မရောက်ဘဲ အပြင်ဖက် အာရုံသို့ ရောက်နေလျှင် စိတ်ပျံ့လွင့်၏၊ ထိုသို့ စိတ်ပျံ့လွင့်နေလျှင်

နှုတ်က ရွတ်နေသော်လည်း အကျိုးမရှိတော့၊ ကမ္မဋ္ဌာန်းမှယုတ်လျော့တော့၏၊ ထို့ကြောင့် အပြင်အာရုံသို့ စိတ်မပျံ့လွှင့်အောင် သတိထား၍ တားဆီးရသည်။

ပဏ္ဏတ္တိံ သမတိက္ကမ္မ။ ။ပါဠိလို "ကေသာ" မြန်မာလို "ဆံပင်" ဟူသည် အမည် ပညတ်မျှသာ ဖြစ်သေး၏၊ စက်ဆုပ် ရုံရှာဘွယ် မထင်မီက ကေသာလောမာစသည်, ဆံပင် မွေးညှင်းစသည်ဖြင့် ပညတ်အတိုင်း သရဇ္ဈာယ်ရ, စဉ်းစားရသော်လည်း ရွတ်ဆို စဉ်းစား ဖန်များ၍ "စက်ဆုပ်ရုံရှာဘွယ်" ဟု ထင်လာသောအခါ ထိုပညတ်ကို ကျော်လွန်၍ စက်ဆုပ်ရုံရှာဘွယ်အဖြစ်၌သာ စိတ်ထား၊ရသည်၊ အခွါမှာ ထိုသို့ ပညတ်ကို ကျော်လွန်၍ စက်ဆုပ် ရုံရှာဘွယ် စဉ်းစားလျက် ရွတ်ဆိုစဉ်းစားရုံမျှဖြင့်လည်း သောတာပန်ဖြစ်ပါသည်။

မဥ္ဇေဿာနုပုဗ္ဗတော။ ။၃၂-ပါးသော ကောဋ္ဌာသတို့တွင် မိမိစိတ်၌ မထင်ရှားသော ကောဋ္ဌာသကို တခုပြီးတခု လွှတ်၍လွှတ်၍ နောက်ဆုံးဝယ် အထင်ရှားဆုံး ကောဋ္ဌာသတခု၌ အထူးစိတ်စွဲက်လျက် ပွါးများလေရာ ပဌမဈာန် အပ္ပနာပေါ်လာနိုင်ပါသည်၊ ဥပမာ–ထန်းပင် ၃၂ ပင်ရှိသော ထန်းတောဝယ် ရောက်နေသော မျောက်တကောင်ကို အစဉ်အတိုင်းလိုက်၍ ဖမ်းသော မုဆိုးသည် အစမှအဆုံး အဆုံးမှအစသို့ အထပ်ထပ် လိုက်လေရာ နောက်ဆုံး၌ မျောက်သည် ထန်းတပင်မှာခိုကပ်နေတော့၏၊ ထိုအခါ ထိုမျောက်ကို လေးဖြင့် ပစ်၍ ဖမ်းသကဲ့သို့ စိတ်တည်းဟူသောမျောက်လည်း ၃၂-ကောဋ္ဌာသသို့ပြေးသွား နေရာဝယ် နောက်ဆုံး၌ အထင်အရှားဆုံး ကောဋ္ဌာသမှာ တွယ်ကပ်၍ အပ္ပနာ ဈာန်ပေါ်သည့်တိုင်အောင် နေလေတော့သည်။

ဝဏ္ဏ၊ ပေ၊ ကောဋ္ဌာသေ။ ။ရှေးကထာ၌ "မထင်ရှားသော ကောဋ္ဌာသတို့ကို အစဉ်အတိုင်း တခုပြီးတခု လွှတ်ပြီးလျှင် နောက်ဆုံးဝယ် အထင်ရှားဆုံး ကောဋ္ဌာသ၌ ပွါးစေရမည်" ဟု ဆိုခဲ့၏၊ ထိုသို့ ပွါးစေရာ၌ ဝိသုဒ္ဓိမဂ်အဋ္ဌကထာဝယ် "ဝဏ္ဏ သဏ္ဌာန ဂန္ဓ အာသယ ဩကာသဝသေန ပဉ္စဓာ ပဋိကူလတာ ဝဝတ္ထ-ပေတဗ္ဗာ–ကောဋ္ဌာသတခုခုကို အဆင်းအားဖြင့်၎င်း ပုံသဏ္ဌာန်အားဖြင့်၎င်း အနံ့အားဖြင့်၎င်း အာသယအားဖြင့်၎င်း တည်ရာအရပ်အားဖြင့်၎င်း စက်ဆုပ် ရုံရှာဘွယ် ကောင်းပုံကို ပိုင်းခြားမှတ်သားထိုက်သည်" ဟု ဆို၏၊ ထိုအတိုင်းပင် ဤဂါထာ၌ ပြထား၏၊ ဂါထာဖြစ်၍ ရှေ့နောက်စဉ်ပုံချင်းသာ မတူဘဲ ရှိသည်။

အာသယ။ ။[ဝဏ္ဏ သဏ္ဌာန ဩကာသတို့ကို ရွေ့(ကမ္မဋ္ဌာန်းသင်ယူခဏ်း)၌ ပြခဲ့ပြီ၊ ဂန္ဓလည်းထင်ရှားပြီ]အာသယ၌ အာသဒ္ဒါသည် မရိယာဒ (အပိုင်း အခြား) အနက်ကို ဟော၏၊ ခန္ဓာကိုယ်တခု၌ သလိပ် သည်းခြေ သွေး ပြည် ကျင်ကြီး ကျင်ငယ်တို့သည် အတူတကွ ဖြစ်ကြသော်လည်း ကံက ပိုင်းခြား ထားသည့်အတွက် တခုနှင့်တခု မတူအောင် ဖြစ်တည်ကြသောကြောင့် ထို သလိပ်စသည်ကို "အာသယ"ဟု ခေါ်သည်။

ဋီကာ။ ။အာသယော‌တိ နိဿယော (မြှုရာ)၊ ပစ္စယော‌တိ အတ္ထော ("မြှုရာအကြောင်း"ဟု အနက်မှတ်ပါ)၊ အာသယတိ ဧကဋ္ဌံ ဝတ္တမာနော‌ပိ ကမ္မဖလဝဝတ္ထိတော ဟုတ္ဝာ မရိယာဒဝသေန အညမညံ အသင်္ကရတော(အာ၏ အနက်)သယတိ တိဋ္ဌတိ ပဝတ္တတီ‌တိ အာသယော–ခန္ဓာကိုယ်၌ တပေါင်းတည်း ဖြစ်ရသော်လည်း ကံ၏အကျိုးအဖြစ်ဖြင့် ပိုင်းခြားအပ်သည်ဖြင့်၍ အပိုင်း အခြား၏ အဖြစ်ဖြင့် အချင်းချင်းမရောဘဲ ဖြစ်တည်တတ်သောကြောင့် သလိပ် သည်းခြေ သွေး ပြည်စသည်ကို "အာသယ"ဟု ခေါ်ရသည်၊—ဝိသုဒ္ဓိမဂ် အသုဘအဖွင့်, မဟာဋီကာ။

ဆံပင်။ ။ဆံပင်တို့သည် အဆင်းအားဖြင့် အချို့နက်၍ အချို့ဖြူ၏၊ ထမင်း ယာဂုစသည်၌ ထိုဆံပင် အဆင်းမျိုးကို တွေ့ရလျှင် ထိုထမင်း ယာဂုပါ မစားချင်လောက်အောင် ရွံစရာကောင်းကုန်၏၊ ညဉ့်အခါဝယ် ထမင်းစားရာ၌ အဆင်းကို မမြင်ရစေကာမူ ဆံပင်ပုံသဏ္ဌာန်ကို ကုံင်မိလျှင်ပင် ရွံစရာဟု ထင် ကြ၏၊အမွှေးအကြိုင်တို့ဖြင့် မလိမ်းကျံဘဲထားလျှင် ဆံပင်၏ ပင်ကိုယ်အနံ့သည် ရွံစရာကောင်း၏၊ မီးဌ်ထည့်၍ အနံ့ခံလျှင် သာ၍ မကောင်းနံ့ သိသာသေး၏၊ ဆံပင်၏ဖြစ်ခဲ့ရာ အာသယ(အကြောင်း)ကို ရှာလျှင် သလိပ် သည်းခြေ သွေး ပြည် ကျင်ကြီး ကျင်ငယ်တို့သာတည်း၊ ထိုသို့ ဖြစ်ခဲ့ရာ အကြောင်း အာသယ အားဖြင့် ဆံပင်တို့သည် ရွံစရာကောင်းကုန်၏၊ ဥပမာ–မစင်စွန့်ရာ၌ပေါက်သော ဟင်းသီးဟင်းရွက်ကို မြို့သူမြို့သားတို့က စက်ဆုပ်ကြသကဲ့သို့တည်း၊ ဩကာသ တည်ရာ အရပ်အားဖြင့်လည်း မိမိမှ တပါးသော ဥဒ-ကောဋ္ဌာသအပေါ်၌ ဖြစ်ရ ကား ရွံစရာကောင်းကုန်၏၊ ဤသို့ ဝဏ္ဏစသောအားဖြင့် ရွံစရာ စက်ဆုပ်စရာ ဖြစ်ပုံကို ဆင်ခြင်ရသည်၊ အခြား ကောဋ္ဌာသများ၌လည်း နည်းဘူ၊ "ဤမသို့

ကာယေ ကူမေ ကေသာ နာမ ဝဏ္ဏတောပိ သဏ္ဌာနတောပိ ဂန္ဓတောပိ အာသယတောပိ သြကာသတောပိ အသုဘာ, ဇေဂုစ္ဆာ, ပဋိကူလ္လာ”ဟု ကောဋ္ဌာသတိုင်း အနက်ထင်၍ ဖြေးဖြေးလေးလေး ရွတ်ကြည့်ပါ။

ဥဒ္ဓုမာတာဒိဝဏ္ဏာ။သု။ ။ဤစကားဖြင့် ဥဒ္ဓုမာတကစသော အသုဘ ၁၀-ပါးကို အာရုံပြု၍ ကမ္မဋ္ဌာန်း ရှုပုံကို ပြသည်၊ ထိုအသုဘ ၁၀-ပါး၏အနက် အကျယ်ကို အခြေပြု ကမ္မဋ္ဌာန်းပိုင်း၌ ပြခဲ့ပြီ၊ ထိုအနက်အကျယ်အတိုင်း စိတ်ဖြင့် စဉ်းစား၍ရင်း ထိုအနက်မှာ ပါသည့်အတိုင်း ဥဒ္ဓုမာတက စသည်ဖြစ်နေသော ထိုအလောင်းကိုကြည့်၍ရင်း အသုဘ အသုဘဟု ရွတ်ရ, ဆင်ခြင်ရ, ဘာဝနာ စိတ်ကို မိမိသန္တာန်၌ ဖြစ်စေရ၏၊ ထိုသို့ ကမ္မဋ္ဌာန်း ရှုမှုကိုလည်း “အသုဘ-ဘာဝနာ”ဟု ခေါ်သည်။

ယထေဝ မတာသရီရံ၊ ဇီဝံပိ အသုဘံ တထာ၊
အာဂန္တုကာလင်္ကာရေန၊ ဆန္နတ္တာ တံ နု ပါကဋံ။

မတာသရီရံ-ဥဒ္ဓုမာတက စသည်မြားမြောင် သူသေကောင်သည်၊ အသုဘံ ယထေဝ-စက်ဆုပ်ရွံဘွယ် မတင့်တယ်သကဲ့သို့၊ တထာ-ပုံစံထားယူ မခြားအတူ သာလျှင်၊ ဇီဝံပိ-ဝတ်စားဆင်ပြင် အသက်ရှင်ဆဲ ကိုယ်သည်လည်း၊ အသုဘံ အသုဘံယေဝ-စက်ဆုပ်ရွံဘွယ် မတင့်တယ်သည်သာတည်း၊ အာဂန္တုကာ-လင်္ကာရေန-ညစ်ကြေးသုတ်သင် အဋ္ဌားဆင်၍ ပြုပြင်ဖန်ထား တန်ဆာများဖြင့်၊ ဆန္နတ္တာ-မဖွယ်ရာကို ကွယ်ကာဖုံးထားအပ်သည်၏ အဖြစ်ကြောင့်၊ တံ (အသုဘံ)-ထိုရွံဘွယ်ညစ်ပေ အသုဘသဘောတွေသည်၊ နု ပါကဋံ-အမြင် အားဖြင့် မထင်ရှားဘဲ ရှိရလေသတည်း။

ကူမံ ဟိ သုဘတော ကာယံ၊ ဂဟေတ္ဝာ တတ္ထ မုဆ္ဆိတာ၊
ဗာလာ ကရောန္တာ ပါပါနိ၊ ဒုက္ခာ နု ပရိမုစ္စရေ။

ကူမံ ဟိ ကာယံ-အသုဘသဘောဟု ရွံဘွယ်ပေါသည့် ကိုယ်ရောသူပါ ဤခန္ဓာကိုပင်၊ သုဘတော-စံမက်စဘွယ် လှန်တင့်တယ်၏ဟူ၍၊ ဂဟေတ္ဝာ-ရှိရင်း ပြောင်းပြန် မမှန်ကန်အောင် ကြံဖန်စဲလမ်းကြကုန်လျက်၊ တတ္ထ (အသုဘေ)-ထိုအယုတ်တမာ များစွာပြည့်လျှောင် အပုပ်ကောင်၌၊ မုဆ္ဆိတာ-စရိုက်ဓလေ့

အမိုက်ငွေ့ဖြင့် အတွေ့ကြီးတွေ့ မေ့ကြီးမေ့ကြကုန်သည်ဖြစ်၍၊ ဗာလာ-ရာဂ စရိုက်ပွါး ငမိုက်သားတို့သည်၊ ပါပါနိ-မိစ္ဆာစာရ စသည်ညစ်ကျူး ယုတ်မာမှုတို့ကို၊ ကရောန္တာ-အမဲရိုးဥ် ခွေးငတ်ကြိုက်သို့ နှစ်ခြိုက်ရှင်မြူး လွန်ကျူးကြကုန်လျက်၊ ဒုက္ခာ-အပါယ်လေးဖြာ အိုနာသေရေး ဆင်းရဲဘေးမှ၊ နပရိမုစ္စရေ-ကရွတ်ကင်းလျှောက် ထပ်ပြန်ရောက်သဖြင့် လွတ်မြောက်ခွင့် မရကြလေကုန်။

တသ္မာ ပဿေယျ မေဓာဝီ၊ ဇီဝတော ဝါ မတဿ ဝါ။
သဘာဝံ ပုတိကာယဿ၊ သုဘဘာဇနံ ဝဇ္ဇီတံ။

တသ္မာ-ထိုသို့ အသုဘပင် သုဘထင်သမျှ ဒုက္ခဝဋ်တွင်းမှ မလွတ်ကင်းနိုင်ကြလေသောကြောင့်၊ မေဓာဝီ-သတိတမန် ပညာဉာဏ်ဖြင့် လမ်းမှန်မြော်မြင်သူတော်စင်သည်၊ ဇီဝတော ဝါ-ဝတ်စားဆင်ပြင် အသက်ရှင်သူမူလည်း ဖြစ်သော၊ မတဿ ဝါ-ဥဒ္ဓုမာတက စသည်မြားမြောင် အသေကောင်မူလည်း ဖြစ်သော၊ ပုတိကာယဿ-အပုပ်တွေ့လျှောင် ဤကိုယ်ကောင်၏၊ သုဘဘာဝဇနံ-အမှန်စင်ဖစ် တင့်တယ်သောအဖြစ်မှ၊ ဝဇ္ဇီတံ-လုံးဝအစဉ် ရှောင်ကြဉ်အပ်ပြီး ဖြစ်သော၊ သဘာဝံ-မတင့်မတယ် ရုံဘွယ်စင်စစ် မူလအဖြစ်ကို၊ ပဿေယျ-ဒမိုက်ကင်းပျောက် အလင်းရောက်အောင် ထင်းဖောက် ရှုစားသင့်ပေတော့သတည်း။

အာတုရံ အသုစိံ ပူတိံ၊ ပဿ ခေမေ သမုဿယံ။
ဥဿရန္တံ ပဿရန္တံ၊ ဗာလာနံ အဘိပတ္ထိတံ။

ခေမေ-ခေမာ၊ အာတုရံ-ကိုးဆဲ့ခြောက်ဖြာ ဘေးရောဂါတို့ လွန်စွာခံခက်နှိပ်စက် အပ်ထသော၊ အသုစိံ-အမြဲနေ့စဉ် ဆေးသုတ်သင်လည်း မစင်မကြယ် ရုံဘွယ်ကောင်းထသော၊ ပူတိံ-ဆေးကြော သုတ်သင် တန်ဆာဆင်လည်း အမြင်သာဟုတ် အတွင်းပုပ်၍နေထသော၊ ဥဿရန္တံ မျက်စိ နား နှာအင်္ဂါရှိတိုင်း အထက်ပိုင်းဝယ် ရုံဘွယ်သိုးပုပ် အန်ထုတ်၍ နေထသော၊ ပဿရန္တံ-ကျင်ကြီးကျင်ငယ် အသွယ်သွယ်ဟု မဖွယ်မရာ အဖြာဖြာကို မှန်စွာနေ့ည ယိုချ၍နေထသော၊ ဗာလာနံ-ဘဝါဘဝ သံသာရက ရာဂစရိုက်ပွါး

၄၆၈။ မရဏံ မေ ဘဝိဿတိ၊ ဇီဝိတံ ဥစ္ဆိဇ္ဇိဿတိ။
မရဏံ မရဏံ ဝါဘိ၊ ဘာဝယိဘ္ဘဝန ယောနိသော။

၄၆၉။ ဝဓကဿေဝုပဋ္ဌာနာ၊ သမ္ပဘ္ဘိနံ ဝိပတ္တိတော။
ဥပသဟရတော ကာယ-ဗဟုသာခါရဏာ တထာ။

၄၇၀။ အာယုဒုပ္ပလတော ကာလ-ဝဝတ္ထာနဿ ဘာဝတော။
အဒ္ဓါနဿ ပရိစ္ဆေဒါ၊ ဘာဝနာ မရဏဿဘီတိ။

၄၆၈,၉,၄၇၀။ မေ၊ ငါ၏။ မရဏံ၊ သေခြင်းသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဣတိ ဝါ၊ ဤသို့သော်၎င်း။ ဇီဝိတံ၊ နာမ်ရုပ်နှစ်ချက် ဇီဝိတိန္ဒြိယသော အသက်သည်။ ဥစ္ဆိဇ္ဇိဿတိ၊ ပြတ်လတ္တံ့။ ဣတိ ဝါ၊ ဤသို့သော်၎င်း။ မရဏံ မရဏံ၊ သေခြင်း သေခြင်း။ ဣတိ ဝါ၊ ဤသို့သော်၎င်း။ ယောနိသော၊ ငမိုက်သားတို့သည်၊ အဘိပတ္ထိတံ-ရှိရင်းပြောင်းပြန် မမှန်ကန်အောင် ကြံဖန်နှစ်သက် စဲမက်အပ်ထသော၊ သမုဿယံ-သုံးဆဲနှစ်ဝ ကောဌာသတို့ လုံးဝခိုမှီးဤ ကိုယ်ကြီးကို၊ ပဿ-ဉာဏ်ရောင် လင်းသလောက် အတွင်းရောက်အောင် ထွင်းဖောက်စေ့ဝှေ့ ကြည့်ရှုစမ်းပါလော့၊ [ခေမာမိဖုရားအား ဘုရားရှင် ဟော တော်မူအပ်သော ဂါထာ၊ – ဓမ္မပဒ (၂၄) တဏှာဝဂ် (၅) ခေမာထေရီဝတ္ထု။]

မရဏဿတိ။ ။ဤ၃-ဂါထာဖြင့် မရဏဿတိ ဘာဝနာကိုပြသည်၊ မရဏဿ-သေခြင်း သဘောကို + သတိ-အမှတ် ရနေခြင်းတည်း၊ မရဏဿတိ-သေခြင်း သဘောကို အမှတ်ရနေခြင်း၊ ခဲ့ခဲ့ဦးအံ့—တဘဝအတွက် ဆက်ကာ ဆက်ကာ ဖြစ်နေသော ရုပ်ဇီဝိတ နာမ်ဇီဝိတကို "အသက်"ဟု ခေါ်၏၊ ထို အသက်သည် ကံအရှိန်မကုန်သေးသမျှ ဆက်၍ ဖြစ်နေ၏၊ အသက်တမ်း ကုန်ခြင်း သို့မဟုတ် ကံ အစုမ်းကုန်ခြင်း သို့မဟုတ် အသက်တမ်း ကံအစုမ်း ၂-မျိုးလုံး ကုန်ခြင်း သို့မဟုတ် ရှေးဘဝက ပါလာသော မကောင်းကံဟူသော ဥပစ္ဆေဒက (ကပ်၍ ဖြတ်တတ်သော)ကံကြောင့် ကံအရှိန် ပြတ်သွားခြင်း ဤအကြောင်း တပါးပါး ကြောင့် တဘဝအတွက် ဇီဝိတ(အသက်)၏ နောက်ထပ် မဆက်တော့ခြင်းကို "သေခြင်း"ဟု ခေါ်ရ၏၊ ထိုသေခြင်းမှ မည်သူမျှမလွတ်နိုင်၊ ထိုသို့မလွတ်နိုင်

သင့်သော အကြောင်းအားဖြင့်။ ဘာဝယိတ္ဝာန၊ ပဋိးစေပြီး၍။ ဝဓကသော၀၊ သူသတ်၏ကဲ့သို့။ ဥပဋ္ဌာနာ၊ ကပ်၍တည်ခြင်းအားဖြင့်ငင်း။ သမ္ဗတ္တိနံ၊ ပြည့်စုံခြင်းတို့၏။ ဝိပတ္တိတော၊ ပျက်စီးခြင်း အားဖြင့်ငင်း။ ဥပသံဟရတော၊ သူတပါးတို့၏ သေခြင်းကို မိမိသို့ ကပ်ဆောင်ခြင်းအားဖြင့်ငင်း။ ကာယ-ဗဟုသာဓာရဏာ၊ကိုယ်ခန္ဓာ၏များစွာထောင်သောင်း သေဘို့အကြောင်းနှင့် ဆက်ဆံခြင်းအားဖြင့်ငင်း။ တထာ၊ ထို့မှတပါး။ အာယုဒုဗ္ဗလတော၊ အသက်၏ အားမရှိသည်၏ အဖြစ်အားဖြင့်ငင်း။ ကာလဝဝတ္ထာနာဿ၊ သေရာကာလ အပိုင်းအခြား၏။ အဘာဝတော၊ မရှိခြင်းအားဖြင့်ငင်း။ [ကာလကို ဥပ-လက္ခဏအားဖြင့်ပြသည်၊ ဇီဝိတ, ဗျာဓိ, ဒေဟနိက္ခေပန, ဂတိဟူသော ဤ ၄ မျိုးတို့၏လည်း အပိုင်းအခြားမရှိပါ။] အဒ္ဓါနဿ၊ အလွန်ဆုံး နှစ်တရာ ကာလကို။ ပရိစ္ဆေဒါ၊ ပိုင်းခြားခြင်းအားဖြင့်ငင်း။ ဘာဝနာ၊ မိမိစိတ်ကို တိုးပွါးစေခြင်းသည်။ မရဏာဿတိ၊ မရဏာဿတိမည်၏။ ဝါ၊ သေခြင်းကို အမှတ်ရနေသော သတိမည်၏။....ဤတိ၊ စတုရာရက္ခနှင့်စပ်၍ မှတ်ဘွယ်အပြီးတည်း။ (ဝိသုဒ္ဓိ ၁-၂၂၂)

သော သေခြင်းကို သတိ ရနေခြင်းကို "မရဏာဿတိ" ဟု ခေါ်၏၊ ထို့ မရဏာဿတိကို မိမိသန္တာန်၌ အဖန်ဖန်ဖြစ်စေခြင်းကို "မရဏာဿတိ ဘာဝနာ" ဟု ခေါ်သည်။

မရဏံ၊ ပေ၊ မရဏံတိ ဝါ။ ။ထို ဘာဝနာကို ဖြစ်စေရာ၌ "မရဏံ မေ ဘဝိဿတိ-ငါ၏သေရခြင်းဖြစ်လိမ့်မည်"ဟု သော်၎င်း ဇီဝိတံ ဥစ္ဆိဇ္ဇိဿတိ-ငါ၏ အသက်သည် ပြတ်လိမ့်မည်"ဟု သော်၎င်း "မရဏံ မရဏံ-သေရခြင်း သေရခြင်း"ဟုသော်၎င်း ဤနည်း ၃-မျိုးတွင် တမျိုးမျိုးဖြင့် မရဏကို သတိထားနိုင်၏၊ [ဝိသုဒ္ဓိမဂ်၌ "မေ"သဒ္ဒါမပါ၊ "မရဏံ ဘဝိဿတိ"ဟုသာပါ၏၊ ဤ၌ ဂါထာ အကွာရာပြည့်အောင် "မရဏံ မေ"ဟု မေ သဒ္ဒါထည့်သွားဟန် တူသည်။]

ယောနိသော။ ။ထိုသို့ သေခြင်းသဘောကို အမှတ်ရနေရာ၌ သင့်တင့်အောင် နှလုံးသွင်းရသည်၊ ခဲ့ပြီးအံ့၊—မိခင်သည် သား၏ သေမည့် အရေးကို

တွေးမိသောအခါ ဝမ်းနည်းမှုသောက ဖြစ်သကဲ့သို့ မိမိချစ်သူ၏ သေမည့်အရေးကို တွေးမိနေလျှင် (သတိရနေလျှင်) ဝမ်းနည်းမှု သောက ဖြစ်တတ်၏၊ မိမိမုန်းအပ်သူ၏သေမည့်အရေးကို တွေးသောအခါ ဝမ်းသာအားရဖြစ်တတ်၏၊ မချစ်အပ် မမုန်းအပ်(အလယ်အလတ်) သူ၏ သေမည့်အရေးကို သတိရသောအခါ သံဝေဂမရဘဲ အမှတ်တမဲ့ ဖြစ်၏၊ ဥပမာ——သင်းချိုင်းစောင့် သူသောကောင် ဖုတ်သူတို့၏ သူသေကောင်ကို မြင်ရာ၌ သံဝေဂ မဖြစ်သကဲ့သို့တည်း၊ အတ္တနော မရဏာနုဿရဏော သန္တာသော ဥပဇ္ဈတိ-မိမိ၏ သေမည့် အရေးကို အမှတ်ရနေရာ၌ ကြောက်ရွံ့ထိတ်လန့်မှု ဒေါမနဿ ဖြစ်တတ်၏၊ ထို့ကြောင့် ပုဂ္ဂိုလ်နှင့်ဟဲ့၍ သေခြင်းကို သတိထားမှုကို "ယောနိသော မနသိကာရ (သင့်တော်သော နှလုံးသွင်းမှု)" ဟု မဆိုနိုင်၊ ထိုသို့ နှလုံး သွင်းခြင်း၌ ဉာဏ်နှင့် ယှဉ်သော သတိလည်းမဖြစ်, သံဝေဂလည်းမဖြစ်ပါ။

သင့်တင့်အောင် နှလုံးသွင်း။ ။တသွာ တတ္ထ တတ္ထ ဟတမတသတ္တော သြဒေလာကေတ္ဝာ,ဒိဋ္ဌပုဗ္ဗသမ္ပတ္တိနံ သတ္တာနံ မတာနံ မရဏံ အာဝဇ္ဇေတ္ဝာ သတိဥ္စ သံဝေဂဉ္စ ဉာဏဉ္စ ယောဇေတ္ဝာ "မရဏံ ဘဝိဿတိ"တိအာဒိနာ နယေန မနသိကာရော ပဝတ္တေတဗ္ဗော——ထို့ကြောင့် ထိုထိုအရပ်၌ သတ်ထားအပ်သော သတ္တဝါ သေနေသော သတ္တဝါတို့ကို ကြည့်၍ ဖြစ်စေ တွေ့မြင် အပ်ဘူးသော စည်းစိမ်ရှင်တို့၏ သေကြပုံကို ဆင်ခြင်၍ ဖြစ်စေ သတိကိုဂုဏ်း ထိတ်လန့်မှု သြဗ္ဗတ္တကိုဂုဏ်း ဉာဏ်ကိုဂုဏ်း ဖြစ်စေ၍ "သေရခြင်းဖြစ်လိမ့်ဦးမည်"စသည်ဖြင့် နှလုံးသွင်းမှုကို ဖြစ်စေထိုက်သည်၊ ဤသို့ နှလုံးသွင်းမှုကို "ယောနိသော ဘာဝေယိတ္ဝာန "ဟု ဆိုသည်၊—[ဝိသုဒ္ဓိမဂ်,မရဏာနုဿတိအဖွင့်။]

မှတ်ချက်။ ။ဤအဖွင့်၌ မိမိ၏သေခြင်းကို အမှတ်ရနေမှုကို "ယောနိသော မနသိကာရ"ဟု မဆို၊ ထို့ကြောင့် "မရဏံ မေ ဘဝိဿတိ"၌ မေ သဒ္ဒါပါခြင်းကို စဉ်းစားသင့်သည်။

ဝဓကဿေဝ၊ ပေ၊ ပရိစ္ဆေဒါ။ ။တချို့ပုဂ္ဂိုလ်မှာ ပြအပ်ခဲ့သည့် အတိုင်း သင့်တော်အောင် နှလုံးသွင်း၍ "မရဏံ ဘဝိဿတိ" စသည်ကို ဆင်ခြင်ကာမျှဖြင့် ဥပစာရစျာန်ကို ရတတ်၏၊ [မဟဂ္ဂတ်စျာန်သို့ မရောက်မီ အနီး ဥပစာ၌

ဖြစ်သော ကာမာဝစရ ဘာဝနာကို "ဥပစာရဘာဝနာ"ဟု ခေါ်သည်]။ ထို့မျှ လောက်ဖြင့် ဥပစာရစျာန်ကို မရသေးလျှင် "ဝဓကသော ဥပဋ္ဌာန" စသော ရှစ်ပါးသော အခြင်းအရာတို့ဖြင့် ဆင်ခြင်ရသောကြောင့် ထို့ရှစ်ပါးကိုပြလို၍ "ဝဓကသောဝုပဋ္ဌာနာ" စသည်ကို မိန့်သည်။

ဝဓကသော ဥပဋ္ဌာန။ ။သူသတ်သမားသည် သတ်ထိုက်သူတို့၏ လည်ပင်းနားဌာန ဓားတဝင့်ဝင့်ရှယ်ကာ အနီးမှာတည်နေသကဲ့သို့ သေခြင်း သဘောတရားလည်း ဥပ-အနီးဌာန်ကပ်၍ +ဌာန-တည်ရှိနေပုံ"ကို အမှတ် ရနေခြင်းသည် ဝဓကသော ဥပဋ္ဌာနအားဖြင့် အမှတ် ရခြင်းတည်း၊ မှန်၏-မရဏ ဟူသော သဘောတရားသည် ပဋိသန္ဓေ နေကတည်းက တခါတည်း ပါလာ၏၊ ဥပမာ-မိုးသည် မြေမှ ထွက်လာသည်နှင့် တပြိုင်နက် မြေကို ဦးထိပ်ရွက်၍ ထွက်လာသကဲ့သို့ ပဋိသန္ဓေ နေရခြင်း ဟူသော ဇာတိလည်း ဇရာ မရဏကို တခါတည်းရွက်၍ ထွက်လာလေသည်၊ ဤသို့ ခဏအားဖြင့် ဖြစ်သော ဇာတိသာ ဇရာမရဏကို ရွက်လာသည်မဟုတ်သေး၊ ပဋိသန္ဓေနေသူမှန်လျှင် ကေန်သေရမည်ဖြစ်သောကြောင့် မွေးဖွားမှု ဇာတိဌာလည်း တခါတည်း မရဏကပ်၍ပါလာတော့သည်သာ၊ ထို့ကြောင့် မရဏသည် အဝေးမှာမဟုတ်၊ အနီးဌာကပ်လျက်သာရှိသည်၊ ဤ စကားနှင့်စပ်၍ "အန္တော ဝဿသတံ သဗ္ဗေ" စသော နောက်ဌာလာမည့်ဂါထာကို ရွတ်ပါ။

သမ္ဗတ္တိ ဝိပတ္တိတော။ ။လောကဌာ ပြည့်စုံမှု စည်းစိမ်ဟူသမျှသည် ပျက်စီးမှု ဝိပတ္တိသာအဆုံးရှိ၏၊ အနာကင်းခြင်းသည် (တကင်းထဲ ကင်း၍မနေ) အနာရောဂါဖြစ်ခြင်းသာ အဆုံးရှိ၏၊ နောက်ဆုံး သေခါနီးမှာ မည်သူမဆို ရောဂါဖြစ်၏၊ အရွယ်ပျိုခြင်းသည် (တပျိုထဲ ပျိုး၍မနေ) အိုခြင်းသာ အဆုံးရှိ၏၊ အသက်ရှင်ခြင်းသည် (တရှင်ထဲ ရှင်၍မနေ) သေခြင်းသာအဆုံးရှိ၏၊ ဤသို့လျှင် "သမ္ဗတ္တိ ဟူသမျှသည် ဝိပတ္တိသာ အဆုံးရှိ၏" ဟု နှလုံးသွင်းမှုသည် သမ္ဗတ္တိ၏ ဝိပတ္တိအားဖြင့် မရဏကို အမှတ်ရနေခြင်းတည်း။

ဥပသံဟရဏတော။ ။ သူတပါးတို့နှင့် အတူ မိမိကို ကပ်ဆောင်ခြင်းကို ဥပသံဟရဏအားဖြင့် မရဏကို အမှတ်ရခြင်းဟု ခေါ်၏၊ ခဲ့ဦးအံ့၊— ထိုသို့ ကပ်ဆောင်ရာဌာ် ယသမဟတ္တာ စသော ရှစ်ပါးဖြင့် ကပ်ဆောင်ရသည်။

ယသမဟတ္တာ။ ။အခြေအရံများကြသော ရှင်ဘုရင်တို့၏ အပေါ်၌သော်မှ ဤသေခြင်းသဘောသည် ကျရောက်သေး၏၊ ထိုမျှလောက် အခြေအရံမရှိသောငါ၏အပေါ်မှာ ဆိုဘွယ်ရာမရှိ, ကေန် ကျရောက်မည်သာ၊ ဤသို့ စသည်ဖြင့် ပုညမဟတ္တာ (ဘုန်းကံကြီးသော ဇောတိက စသော သူဋ္ဌေး), ထာမမဟတ္တာ (အားကောင်းသော စစ်သူကြီးများ), ဣဒ္ဓိမဟတ္တာ (တန်ခိုးကြီးတော်မူသော အရှင်မဟာမောဂ္ဂလ္လာန်), ပညာမဟတ္တာ (ပညာကြီးတော်မူသော အရှင်သာရိပုတြာ), ပစ္စေကဗုဒ္ဓ, သမ္မာသမ္ဗုဒ္ဓအားဖြင့်လည်း မိမိကို ကပ်ဆောင်၍ သေခြင်းကို နှလုံးသွင်းရသည်။

ကာယဗဟုသာဓာရဏာ။ ။ ဤကိုယ်၏ အတွင်းဝယ် ရှစ်ဆယ်သော ပိုးအမျိုးအစားတို့ရှိ၏၊ အရေပါးမှီသောပိုးတို့က အရေပါးကို စားကြ၏၊ အရေထူမှီသော ပိုးတို့က အရေထူကို စားကြ၏၊ ထို့အတူ အသား အကြော အရိုး ရိုးတွင်းခြင်ဆီကို မှီသောပိုးတို့ကလည်း မိမိတို့မှီရာကို ခဲစားကြ၏၊ ထိုပိုးတို့ကြောင့်လည်း ဤကိုယ်သည် သေနိုင်၏၊ အပြင်ကလည်း ရောဂါများစွာ ကျရောက်နိုင်, ကူးစက်နိုင်၏၊ ထို ရောဂါကြောင့်လည်း သေနိုင်၏၊ မြွေကင်းစသော သတ္တဝါတို့ကြောင့်လည်း သေနိုင်၏၊ ဤသို့ ကိုယ်ကာယ၏ အများဘေးရန်တို့နှင့် ဆက်ဆံနေပုံကိုလည်း ဆင်ခြင်သောအားဖြင့်လည်း မရဏကို သတိရနိုင်သည်။

အာယုဒုဗ္ဗလတော။ ။အသက်ဟု ခေါ်အပ်သော ဤဇီဝိတသည် အလွန်အားနည်း၏၊ ထွက်သက် ဝင်သက်နှင့်စပ်၏၊ ထွက်သက်က ပြန်မဝင်နိုင်လျှင်ရင်း ဝင်သက်က ပြန်မထွက်နိုင်လျှင်ရင်း သေတော့၏၊ ဤရိယာပုထ် ၄-ပါးနှင့်လည်း စပ်၏၊ ဤရိယာပုထ်တပါးပါးပျက်လျှင် (မသွားနိုင်လျှင်, မထိုင်နိုင်လျှင် စသည်ကြောင့်)သေရ၏၊ အအေး အပူ ဥတုနှင့်လည်း စပ်၏၊ အအေးလွန်လျှင်ဖြစ်စေ အပူလွန်လျှင် ဖြစ်စေ သေနိုင်၏၊ မဟာဘုတ် ၄-ပါးနှင့်လည်း စပ်၏၊ မဟာဘုတ်တပါးပါးလွန်လျှင် သေနိုင်၏၊ အာဟာရနှင့်လည်းစပ်၏၊ အာဟာရမစားရလျှင်ရင်း အာဟာရလွန်သွားလျှင်ရင်း မတဲ့သောအာဟာရကို စားမိလျှင်ရင်း သေနိုင်၏၊ ဤသို့ အသက်၏ အားနည်းပုံကို ဆင်ခြင်၍လည်း မရဏ

ကို နှလုံးသွင်းရသည်၊ နောက်၌လာမည့် "အပ္ပမာယု မနုဿာနံ" စသော ဂါထာကို ဤ၌ ရွတ်ပါ။

အနိမိတ္တတေဝ။ ။အပိုင်းအခြားအမှတ်အသား၏ မရှိခြင်းကို "အနိမိတ္တ" ဟု ခေါ်၏၊ "အသက်မည်မျှရှိမှ သေလိမ့်မည်" ဟု ဇီဝိတ အပိုင်းအခြား, "မည်သည့် အနာရောဂါဖြင့် သေလိမ့်မည်" ဟု ဗျာဓိအပိုင်းအခြား, "မည်သည့်အချိန်ကာလ၌ သေလိမ့်မည်" ဟု ကာလအပိုင်းအခြား, "မည်သည့်နေရာ၌ အလောင်းကို ချရလိမ့်မည်" ဟု အလောင်းချရာဌာန အပိုင်းအခြား, "သေပြီးသောအခါ မည်သည့်ဂတိသို့ ရောက်လိမ့်မည်" ဟု ဂတိအပိုင်းအခြား ဤအပိုင်းအခြား အမှတ်အသား ၅-မျိုးလုံး မရှိခြင်းကို ဆင်ခြင်သောအားဖြင့်လည်း သေခြင်းကို နှလုံးသွင်းရသည်၊ ဤနေရာဝယ် နောက်၌ပြမည့် "အဇ္ဇဝကိစ္စံ" စသော ဂါထာကို ရွတ်ပါ။

အဒ္ဓါနပရိစ္ဆေဒတေဝ။ ။အသက်ရှည်ရာ ကာလ အပိုင်းအခြားကို "အဒ္ဓါနပရိစ္ဆေဒ" ဟု ခေါ်၏၊ ယခုခေတ်၌ လူတို့၏ အသက်ရှည်ရာကာလသည် ကံအထူးမပါလျှင် အနှစ်တရာသည် အလွန်ဆုံးတည်း၊ ကံအထူးပါစေကာမူ တရာထက် အနည်းငယ်သာ လွန်နိုင်၏၊ နှစ်ရာသို့ကား မရောက်နိုင်ဟု မိန့်တော်မူ၏၊ ထို့ကြောင့် မိမိ၏ အလွန်ဆုံး အသက်ကိုပင် ဆင်ခြင်ကာ မရဏကို အောက်မေ့နိုင်ပါသည်။

ခဏပရိတ္တတေဝ။ ။ဤ၌ မပါသော ခဏပရိတ္တအားဖြင့်လည်း နှလုံးသွင်းနိုင်ပါသည်၊ ဇီဝိတရုပ် ဇီဝိတ စေတသိက်နာမ်သည် စိတ္တက္ခဏနှင့် စပ်၏၊ ဇီဝိတရုပ်သည် စိတ္တက္ခဏ ၁၇-ချက်ပြည့်လျှင် ချုပ်၏၊ နာမ်ဇီဝိတသည် စိတ္တက္ခဏတချက်မျှသာ ကြာ၏၊ ထို့ခဏတွေ့ တိုသလောက် ဇီဝိတ အသက်လည်း တို၏၊ ဤနည်းအားဖြင့် မရဏ၏ အလွန်မြန်ပုံကို ဆင်ခြင်နိုင်ပါသည်။

အပ္ပမာယု မနုဿာနံ၊ ဟီဠေယျ နံ သုပေါဓိသော။
စရေယျာဒိတ္တသီသော၀၊ နတ္ထိ မစ္စုဿ နာဂမော။

မနုဿာနံ – ယခုလိုလူ ဆုတ်ကပ်သူတို့၏၊ အာယု – ကြောက်စရာ့လမ်းအသက်တမ်းသည်၊ အပ္ပံ – ရေတွက်လေလေ တိုလှချေ၏၊ သုပေါဓိသော –

သိမြင်ကျိုးကြောင်း ပညာရှိ သူတော်ကောင်းသည်၊ နံ (အာယဴ) – ကြောက်စရာအချက် ထိုအသက်ကို၊ ဟိဋ္ဌေယျ – နေ့ရော ညဉ့်ပါ ရွတ်ချရာ၏၊ (ဟိဋ္ဌေတွာ – အချိန် ရှိသမျှ ရွတ်ချပြီး၍၊) အာဒိတ္တသိသော၀ – ဦးခေါင်းဦးသျှောင် မီးလောင်ခံရသူကဲ့သို့၊ စရေယျ – တရားအမြတ် မလစ်လပ်အောင် မပြတ်ပုံသေ ကျင့်၍ နေရာ၏၊ မစ္စုဿ – ဓမ္မတာမင်း သေရခြင်း၏၊ နံ အာဂမော – မရောက်လာရာ သတ္တ၀ါ မည်သည်၊ နတ္ထိ – လူ့ဘုံ နတ်ရောက်အကုန်ပေါက်အောင် မွေ့နှောက်ရှာဖွေ မရှိနိုင်ချေတကား။

အန္ဓော၀ဿသတံ သဗ္ဗေ၊ လောကေ သကမ္မန်သိတာ။
မရဏံ ၀ေ ဂမိဿန္တိ၊ ဇာတာနံ ဟိ မတံ ဓုဝံ။

လောကေ – မျက်မြင်တွေ့ရ လူ့လောက၌၊ သကမ္မနိသိတာ – စားရေးဝတ်ရေး နေထိုင်ရေးဟူ ကိုယ်ရေးတွေ့ရှုပ် ကိုယ့်အလုပ်ကို မှီကြကုန်သော၊ သဗ္ဗေ – ရဟန်း ရှင် လူ ခပ်သိမ်းသူတို့သည်၊ အန္ဓော၀ဿသတံ-တနေ့ တရက် တနံနက်ဟု အသက်ကုန်ဆင်း အနှစ်တရာအတွင်း၌၊ ၀ေ (ကေန္တေန)–စင်စစ်ကေန် အမှန်မလွဲ တပုံစံထဲသာလျှင်၊ မရဏံ ဂမိဿန္တိ – သေတွင်းသို၀သေပေါက်ကြအောင် ရောက်ရကုန်လတ္တံ့၊ ဟိ (သစ္စံ) – သူတော်အများလက်ကိုင်ထား၍ စကားဆိုဟန် အမှန်ပင် ဖြစ်ပါပေ၏၊ ဇာတာနံ – ရှေးကံအရ တဘ၀၌ ဖြစ်ကြရသူ အများလူတို့၏၊ မတံ – အသက်တမ်းနှင့် ကံစွမ်းအရှိန် ကုန်ချိန်ရောက်က သေပျောက်ရခြင်းသည်၊ ဓုဝံ – မြေလက်ခတ်နဲ့ မြောက်သည့်ခဲသို့ မလွဲမသွေ အမြဲပင် ဖြစ်ပေသတည်း။

အဇ္ဇေ၀ ကိစ္စံ အာတပ္ပံ၊ ကော ဇညာ မရဏံ သုဝေ။
နု ဟိ နော သင်္ဂရံ တေန၊ မဟာသေနေန မစ္စုနာ။

အဇ္ဇေ၀ – နက်ဖန် မရွှေ ယခုနေ့၌ပင်၊ အာတပ္ပံ – ကိလေသာ အမှိုက်မီးဖြင့်တိုက်သို့ လောင်မြိုက်ဘို့ရန် အဖန်ဖန် အားထုတ်မှုကို၊ ကိစ္စံ ကာတဗ္ဗံ – မနားမနေ ပြုသင့်ပေ၏၊ သုဝေ – ယနေ့မှနောက် နက်ဖန်ရောက်မှ၊ မရဏံ – သေရမည်ကို၊ ကော – အဘယ်သူသည်၊ ဇညာ – ကောင်းစွာပိုင်ပိုင် သိနိုင်ပါအံ့နည်း၊ ဟိ (ယုတ္တံ) – ထိုကဲ့သို့သော အခါခါဖြင့် မှန်စွာပုံသေ တွေးသင့်ပေ၏၊

မဟာသေနေန – တွင်းပန္နစ်တန် ရောဂါဒဏ်ဖြင့် ဘေးရန်ပတ်လည် များသော စစ်သည်ရှိသော၊ တေန မစ္စုနာ – ထိုသေမင်းနှင့်၊ သင်္ဂံ – ကိုယ်ကသာအောင် ညှာတာအောင်ဟု လက်ဆောင်ချွေမြှူ တိုက်၍ယှဉ်ခြင်းသည်၊ နနော အတ္ထိ (နတ္ထိ ၈၀) – မရှိကေန် အမှန်ပင် ဖြစ်ပေတော့သတည်း။

အချုပ်။ ။ငါနှင့်ရှယ်တူ၊ ငါ့အောက်လူ၊ ကြီးသူသေကြ များလှပြီ။
ခဏမစဲ၊ အိုစမြဲ၊ ကိုယ်လဲ သေဖက် နီးခဲ့ပြီ။
မသေရမီ၊ ပါရမီ၊ ငါသည် ဖြည့်မှသင့်တော့မည်။

[ဆောင်] ရေဒဏ်ဒုတ်ရေး၊ တူတွေးရေပွက်၊ တောင်ထက်မြစ်တူ၊ အာရှိသူထွေး၊ တံတွေးသားတစ်၊ သံအိုးခြစ်၌၊ ချပစ်အလား၊ သတ်မည့်နွားနှင့်၊ မြက်ဖျားမှာနှင်း၊ ပုံမယွင်းခဲ့၊ နီးမင်းအာယု၊ ကောင်းသည့်မှုကို၊ ပြုသင့်လက်ငင်း ခုချက်ချင်း။

ဝိပဿနာဒီပနီ

ဝိပဿနာတိ၊ "ဝိပဿနာ"ဟူသော ဥဒ္ဒေသ၏။ (နိဒ္ဒေသော၊ နိဒ္ဒေသကား—)

ဝိပဿနာ။ ။ဝိ-အနိစ္စဟူ၎င်း ဒုက္ခဟူ၎င်း အနတ္တဟူ၎င်း အထူးထူး အပြားပြား + ပဿနာ-ရှုတတ်သောဉာဏ်၊ မဟာကုသိုလ်၌ယှဉ်သောဉာဏ်တည်း၊ ထိုဝိပဿနာဉာဏ်ကို မိမိစိတ်အစဉ်၌ တိုးပွါးစေခြင်း (တိုးပွါးအောင်အားထုတ်ခြင်း)ကို "ဝိပဿနာဘာဝနာ"ဟု ခေါ်သည်။

အခြေခံ။ ။ထိုဝိပဿနာဘာဝနာကို အားထုတ်လိုသော ယောဂီပုဂ္ဂိုလ်သည် သီလနှင့်သမာဓိကို အခြေခံပြု၍၊ သီလမစင်ကြယ်လျှင် သမာဓိမရနိုင်၊ သမာဓိမရလျှင် ဝိပဿနာဉာဏ် အစစ်မဖြစ်နိုင်၊ သီလစင်ကြယ်လျှင်ကား ဝိပဿီသာရ (စိတ်နှလုံးမသာယာမှု) မဖြစ်တော့ဘဲ စိတ်သည်ရွှင်လန်း၏၊ စိတ်ရွှင်လန်းလျှင် အနည်းငယ်နှစ်သက်မှု-နုသောပီတိဟူသော ပါမောဇ္ဇဖြစ်၏၊ ထိုနုသော ပီတိဖြစ်လျှင် တဖြည်းဖြည်း ရင့်ကာ အားရှိသောပီတိ ဖြစ်၏၊ ထိုပီတိဖြစ်လျှင် ကိုယ်စိတ် ၂-ပါးလုံး အေးငြိမ်းမှု ပဿဒ္ဓိ, လဟုတာ, မုဒုတာ, ကမ္မညတာတို့ ဖြစ်ကြ၏။

ထိုသို့ ပဿဒ္ဓိ စသည်ဖြစ်လျှင် ကိုယ်စိတ် ၂-ဖြာ ချမ်းသာမှုသုခဖြစ်၏၊ ထိုသို့သုခဖြစ်မှသာ ကောင်းသောအာရုံ၌ စိတ်တည်ကြည်၍ သမာဓိရနိုင်၏၊ ထိုသို့သမာဓိရမှသာ ဝိပဿနာဖြစ်နိုင်သည်၊ ထို့ကြောင့် ဤကျမ်းဆရာသည် ရှေးဦးစွာ ပါတိမောက္ခသံဝရ စသော သီလ ၄-မျိုးကိုပြ၍ ထို့နောက် စတုရာရက္ခဘာဝနာဟူသော သမာဓိကို ပြခဲ့သည်၊ ဤသို့ အခြေခံ သီလသမာဓိကို ပြပြီးမှ ယခုအခါ ဝိပဿနာပညာကို ဆက်၍ပြသည်။

ဟောတာဝိပဿီသာရာယ၊ သီလံ ပါမောဇ္ဇဟေတု သော။
တံ ပီတိဟေတု သာ စာယံ၊ ပဿဒ္ဓျာဒိပသိဒ္ဓိယာ။

သီလံ-သီလသည်၊ အဝိပ္ပဋိသာရာယ-နှလုံးမသာမယာ မဖြစ်ခြင်းငှါ၊ ဟောတိ-ဖြစ်၏၊ သော (အဝိပ္ပဋိသာရော)- ထို နှလုံးမသာမယာ မဖြစ်ခြင်းသည်၊ ပါမောဇ္ဇဟေတု - ဝမ်းမြောက်ခြင်း၏ အကြောင်းသည်၊ ဝါ - နုသောပီတိ၏ အကြောင်းသည်၊ ဟောတိ-ဖြစ်၏၊ တံ (ပါမောဇ္ဇံ)- ထိုဝမ်းမြောက်ခြင်းသည်၊ ပီတိဟေတု-အားကြိုးသောပီတိ၏ အကြောင်းသည်၊ ဟောတိ- ဖြစ်၏၊ သာ စ အယံ (ပီတိ)- ထိုသို့သဘောရှိသော ဤပီတိသည်လည်း၊ ပဿဒ္ဓျာဒိပသိဒ္ဓိယာ-ပဿဒ္ဓိ အစရှိသည်တို့၏ ပြီးစီးခြင်းငှါ၊ ဟောတိ-ဖြစ်၏။

သံဝေဂ။ ။သီလနှင့် သမာဓိကို အခြေခံရုံသာမက လောကကြီး၌ ငြိုးငွေ့သော သံဝေဂဉာဏ် ထက်သန်လာအောင် (၁) အမိဝမ်း၌ ဆယ်လည်ောင်းမျှ အောင်းခဲ့ရပုံ, လူ့ပြည် လူ့ရွာ၌ (၂) အိုရပုံ, (၃) နာရပုံ, (၄) သေရပုံ, (၅) ထိုသို့ သေပြီးနောက် လူအမျှားစုက အပါယ် ၄-ပါးသို့ရောက်ကြရပုံ, (၆) အတိတ်ဘဝများစွာတုန်းကလည်း ဤကဲ့သို့ ဝဋ်ဒုက္ခဘေးတွေနှင့် ကြုံခဲ့ရပုံ, (၇) အနာဂတ်ဘဝများစွာ၌လည်း နိဗ္ဗာန်မရမချင်း ဤကဲ့သို့ ဝဋ်ဘေး ဒုက္ခနှင့် ကြုံလတ့ံဖြစ်ပုံ, (၈) ယခုဘဝဖြစ်ဆဲမှာလည်း (ဝတ်စားနေမှုအတွက်) အာဟာရ ပရိယေသနကြောင့် ဒုက္ခများပုံ ဤရှစ်ပါးကို အထပ်ထပ်မြင်ကာ လောကကြီး၌ ငြိုးငွေ့မှုသံဝေဂကို ဖြစ်စေရပါသေးသည်။

[**ဆောင်**] အမိဝမ်းခေါင်း၊ ဆယ်လည်ောင်းမျှ၊ အောင်းခဲ့ရပေ၊ တည်သန္ဓေနှင့်၊ လူ့ပြေ လူ့ရွာ၊ ရောက်ပြန်ပါလည်း၊ အိုနာသေရေး၊ ဒုက္ခဘေးကြောင့်၊ စိတ်အေးကိုယ်ခိုင်၊ မနေနိုင်ခဲ့၊ ဆိုင်ဆိုင်ဒုက္ခ၊ ခံပြီးမှလည်း၊ မျှားလှပါယ်ရွာ၊ ရောက်ကြရှာ၏၊ အတိတ်ဘာရှေး၊ ဤဝဋ်ဘေးနှင့်၊ နောင်ရေးနာဂတ်၊ ဒုက္ခထပ်လိမ့်၊ မပြတ်စုခါ၊ ဖြစ်တုန်းမှာလည်း၊ အစာရှာရ၊ ထို ဒုက္ခကြောင့်၊ နေ့ညမဟူ၊ ကိုယ်စိတ်ပူ၍၊ သူသူ ငါငါ၊ မသက်သာသည်၊.... ရှစ်ဖြာသံဝေရကြောင်းတည်း။

၄၇၁။ နာမရူပံ ပရိဂ္ဂယ္ဟ၊ တတော တဿ စ ပစ္စယံ။
ဟုတ္ဝာ အဘာဝတောနိစ္စာ၊ ဥဒယဗ္ဗယပီဠနာ။

၄၇၂။ ဒုက္ခာ အဝသဝတ္တိတ္တာ၊ အနတ္တာတိ တိလက္ခဏံ။
အာရောပေတ္ဝာန သခ်ၤါရေ၊ သမ္မသန္တော ပုနပ္ပုနံ။
ပါပုဏေယျာနုပုဗ္ဗေန၊ သဗ္ဗသံယောဇနက္ခယန္တိ။

၄၇၁,၂။ နာမရူပံ၊ တေဘူမက သခ်ၤါရဟု နာမ်ရုပ်အစုကို။ ပရိဂ္ဂယ္ဟ၊ ဉာဏ်ဖြင့် ပိုင်းခြားကာ ယူပြီး၍၎င်း။ ဝါ၊ သိမ်းဆည်းပြီး၍၎င်း။ တတော၊ ထိုနာမရူပ ပရိဂ္ဂဟဉာဏ်မှ။ (ပရံ၊ နောက်၌)၊ တဿ၊ ထိုနာမ်ရုပ်၏။ ပစ္စယံ၊ အဝိဇ္ဇာ တဏှာ ကံ စသော အကြောင်းကို။ ပရိဂ္ဂယ္ဟ စ၊ ဉာဏ်ဖြင့် ပိုင်းခြားကာယူပြီး၍၎င်း။ ဝါ၊ သိမ်းဆည်းပြီး၍၎င်း။ ဟုတ္ဝာ၊ ဖြစ်ပြီး၍။ အဘာဝတော၊ မရှိခြင်းကြောင့်။ အနိစ္စာ၊ မမြဲကုန်တကား။ ဥဒယဗ္ဗယ-ပီဠနာ၊ အဖြစ်အပျက်တို့၏ နှိပ်စက်ခြင်းကြောင့်။ ဝါ၊ အဖြစ်အပျက်ဒဏ်ကို

နာမရူပံ ပရိဂ္ဂယ္ဟ။ ။ဝိပဿနာဉာဏ်ဖြင့် အနိစ္စ ဒုက္ခ အနတ္တ ဟု မရှုမီ ရုပ်တရား နာမ်တရားကို ခွဲခြားရသည်၊ ထို့ကြောင့် ခန္ဓာ ၅-ပါးတွင် ခံစားမှု ဟူသမျှ ဝေဒနာကွန်ရှာ, မှတ်သားမှုဟူသမျှ သညာကွန်ရှာ, စေတနာပဓာန ဖြစ်သော စေတသိက်အားလုံးသည် သခ်ၤါရကွန်ရှာ, စိတ်ဟူသမျှသည် ဝိညာ-ဏကွန်ရှာ ဤ ခန္ဓာ ၄-ပါးကို အာရုံသို့ညွတ်တတ်သောကြောင့် ပါဠိလို "နာမ" မြန်မာလို "နာမ်" ဟု ခေါ်၏။ ကိုယ်တွင်းကိုယ်ပ ရုပ်အားလုံးသည် ရူပကွန်ရှာ တည်း၊ ဤ ရူပကွန်ရှာကို အအေးအပူစသည်ကြောင့် ဖောက်ပြန်တတ်သည့်အတွက် ပါဠိလို "ရူပ" မြန်မာလို "ရုပ်" ဟု ခေါ်၏။ ဤသို့ အဘိဓမ္မတ္ထသင်္ဂဟဋီ-လာသည့်အတိုင်း သရုပ်ကဲ့အောင် ခွဲပြီးလျှင် ထို ရုပ်နာမ်တို့၏ သဘောကို နားလည်အောင် ဝိထီအစဉ်အားဖြင့် ဆင်ခြင်ရ၏၊ ထိုသို့ ဆင်ခြင်နိုင်သော အခါကျမှ "နာမရူပ ပရိဂ္ဂဟ (နာမ်ရုပ်ကို ပိုင်းခြား၍ ယူနိုင် သိနိုင်သော) ဉာဏ်ကို ရပြီ" ဟု ဆိုရပါသည်။

ခံနေရခြင်းကြောင့်။ ဒုက္ခာ၊ ဒုက္ခတို့ပါတကား။ အဝသဝတ္တိတ္တာ၊ အလိုဠ်မဖြစ်ကုန်သည်၏ အဖြစ်ကြောင့်။ အနတ္တာ၊ အတ္တာမဟုတ်ကုန်တကား။ ဝါ အတ္တာမရှိကုန်တကား။ ဣတိ၊ ဤသို့။ တိလက္ခဏံ၊ သုံးပါးသော လက္ခဏာသို့။ အာရောပေတွာန၊ တင်၍။ ပုနပ္ပုနံ၊ အဖန်ဖန် အထပ်ထပ်။ သခ်ါရေ၊ ရုပ်နာမ်ခန္ဓာ၈ သခ်ါရတို့ကို။ သမ္မသန္တော၊ သုံးသပ်သော ရဟန်းသည်။ အနုပုဗ္ဗေန၊ ဝိပဿနာဉာဏ်တို့၏ အစဉ်အားဖြင့်။ သဗ္ဗသံယောဇနက္ခယံ၊ အလုံးစုံသော သံယောဇဉ်တို့၏ ကုန်ကြောင်းဖြစ်သော အရဟတ္တာမဂ်သို့။ ပါပုဏောယျ၊ ရောက်နိုင်၏။ .... ဣတိ၊ ဝိပဿနာနှင့် စပ်၍ မှတ်ဘွယ်အပြီးတည်း။ (ဝိသုဒ္ဓိ ၂-၂၂၂)

အတ္တာဒိဋ္ဌိကင်းပြီ။ ။ဤသို့ နာမ်ရုပ်ကို ပိုင်ပိုင်နိုင်နိုင် သိသောအခါ မျက်စိဖြင့်မြင်ရာ၌ စက္ခုဝိညာဉ်စသော နာမ်နှင့် ရူပါရုံဟူသော ရုပ်သာရှိ၏၊ မြင်တတ်သော အတ္တာ (အကောင်) ကလေးမရှိ၊ ထို့အတူ ကြားမှု, နံမှု, အရသာခံမှု, ထိတွေ့မှု, မနောဖြင့် သိမှုတို့၌ စိတ်စေတသိက် နာမ်နှင့် ရုပ်တရားပညတ်တရားတွေသာရှိ၏၊ ကြားတတ်, နံတတ်, အရသာခံတတ်, ထိတွေ့တတ်, သိတတ်သော အတ္တာမရှိ၊ ဤသို့ ကိုယ်ပိုင်ဉာဏ်ဖြင့် ဆုံးဖြတ်နိုင်ရကား "ခန္ဓာကိုယ်အတွင်း၌ အတ္တာ (အကောင်) ရှိ၏" ဟု အယူမှားခဲ့သော အတ္တာဒိဋ္ဌိသည် အလိုအလျောက် ကင်းပျောက်ရတော့၏။

ဒိဋ္ဌိဝိသုဒ္ဓိ။ ။ဤဉာဏ်ကိုပင် နာမ်နှင့်ရုပ်ကို ခွဲခြားတတ်သောကြောင့် "နာမရူပဝဝတ္ထာနဉာဏ်" ဟုဂုဏ်း ရုပ်နာမ်သခ်ါရတို့ကို ပိုင်းခြား၍ သိတတ်သောကြောင့် "သခ်ါရပရိစ္ဆေဒဉာဏ်" ဟုဂုဏ်း ခေါ်သည်၊ နာမရူပပရိဂ္ဂဟဉာဏ်ကို ရလျှင် အတ္တာဒိဋ္ဌိမှ စင်ကြယ်သောကြောင့် "ဒိဋ္ဌိဝိသုဒ္ဓိဖြစ်ပြီ" ဟု မှတ်ပါ။

ပုဂ္ဂိုလ်သတ္တဝါမရှိ။ ။ရုပ်ခန္ဓာနှင့် နာမ်ခန္ဓာ ၄-ပါးတို့ ပေါင်းမိသောအခါ ငါဟုဂုဏ်း သူဟုဂုဏ်း ပုဂ္ဂိုလ်ဟုဂုဏ်း သတ္တဝါဟုဂုဏ်း ယောကျ်ားဟုဂုဏ်း မိန်းမဟုဂုဏ်း နာမည်အခေါ်အဝေါ် ဖြစ်ရသည်၊ "ရုပ်နာမ်မှတပါး ပုဂ္ဂိုလ်

သတ္တဝါ ငါ သူတပါး ယောကျ်ား မိန်းမ မရှိပါတကား”ဟု ပိုင်ပိုင် နိုင်နိုင် ဆုံးဖြတ်နိုင်တော့၏။

ယထာပိ အင်္ဂသမ္ဘာရာ၊ ဟောတိ သဒ္ဒါ ရထော ဣတိ။
ဧဝံ ခန္ဓေသု သန္တေသု၊ ဟောတ သတ္တောတ သမ္မုတိ။

အင်္ဂသမ္ဘာရာ-ဝင်ရိုးစက်ဘီး အသီးသီးတို့ ဖဲ့စည်းပေါင်းဆုံ အဆောက် အအုံကြောင့်၊ ရထော ဣတိ သဒ္ဒါ-လူသူအများ စီးနင်းသွားဘို့ ရထား ခေါ်အပ် နာမည် ပညတ်သည်၊ ဟောတိ ယထာ-ဖြစ်ပေါ်လာသကဲ့သို့၊ ဧဝံ-ဤအတူ၊ ခန္ဓေသု-ရုပ်နာမ်နှစ်ဖြာ ခန္ဓာ ၅-ပါးတို့သည်၊ သန္တေသု-ထင်ရှားပေါင်းဆုံ ရှိကြကုန်သော်၊ သတ္တောတိ သမ္မုတိ-သတ္တဝါဟု ခေါ်ဝေါ်ပြုဘို့ သမ္မုတိမှတ် နာမည် ပညတ်သည်၊ ဟောတိ-ရုပ်နာမ် နှစ်ပါး မကဲ့ပြားက ထင်ရှားဘွယ်ရာ ဖြစ်ပေါ်၍လာပေသည်တကား။

ရဇ္ဇုယောဂါ ဒါရုယန္တံ၊ သဗ္ဗာပါရံဝ ခါယတိ။
ဧဝံ သုညံ နာမရူပံ၊ အညမညသမာယုတံ။

ရဇ္ဇုယောဂါ-အရုပ်ကြိုးနှင့် အသင့်ဆဲတပ် တဲ့စပ်မိခြင်းကြောင့်၊ ဒါရုယန္တံ-သစ်သားဖြင့်လုပ် မင်းသို့မင်းသားရုပ်သည်၊ အဗ္ဗာပါရံဝ-သွား ရပ် ကခုန် ဗျာပါရရှိပုံကဲ့သို့၊ ခါယတိ-ရှုသူစိတ်တွင် မှတ်ထင်ရလေ၏။ ဧဝံ-ဤအတူ၊ သုညံ-အနှစ်သာရ အတ္တမဖက် အသက်မှ ကင်းဆိတ်သော၊ နာမရူပံ-နာမ်ရုပ်နှစ်ဖြာ ငါးခန္ဓာသည်၊ အညမညသမာယုတံ-အချင်းချင်းကပ် ပေါင်းစပ်မိသည်ဖြစ်၍၊ သဗ္ဗာပါရံဝ-သွားရပ် ထိုင်လျောင်း လိုရာပြောင်းလျက် အကြောင်း အား လျော်စွာ ဗျာပါရရှိနေသကဲ့သို့၊ ခါယတိ-ရုပ်နာမ်နှစ်ပါး မကဲ့ပြားက အများ စိတ်တွင် ထင်မြင်စဲ့လမ်းရလေသည်တကား။

တဿ စ ပစ္စယံ။ ။ထိုသို့ နာမရူပပရိဂ္ဂဟဉာဏ်ဖြင့် နာမ်ရုပ်တို့ကို ပိုင်းပိုင်း ခြားခြားသိသောအခါ “ဤ နာမ်ရုပ်သည် အဘယ်အကြောင်းကြောင့် ဖြစ်ပါလိမ့်မည်နည်း”ဟု နာမ်ရုပ်၏အကြောင်းကိုရှာရ၏၊ ထိုသို့ရှာသောအခါ ဤဘဝ ပဋိသန္ဓေစိတ် စေတသိက်ဟူသော နာမ်ဖြစ်ခြင်း၏ အကြောင်းသည် အတိတ်က အဝိဇ္ဇာ တဏှာနှင့် ကံတို့သာတည်း–ဟု တွေ့ရ၏၊ အဝိဇ္ဇာသည် ဇာတိဒုက္ခ

ဇရာဒုက္ခစသော ဘဝ၏အပြစ်ကို ဖုံးထား၏၊ ထိုသို့ ဘဝအပြစ်ကို မမြင်သောကြောင့် ဘဝဟောင်း ချုပ်ခါနီးတွင် တဏှာသည် ဘဝအသစ်ကို ညွှတ်နေ၏၊ ထို့ကြောင့် ရှေးကပြုအပ်ခဲ့သော ကံသည် ဘဝသစ်၌ ရုပ်နာမ်အသစ်ကို ဖြစ်စေရသည်၊ ထို့နောက်၌ အစာအာဟာရကြောင့် အသက်ရှည်ရ၏၊ ဖဿကြောင့် ဝေဒနာစသော နာမ်တရားတွေ့ ဖြစ်ရ၏၊ စိတ်ဝိညာဉ်၏ ခေါင်းဆောင်မှုကြောင့် စေတသိက် နာမ်တရားများ ဖြစ်ကြ၏၊ ဤသို့ စသည်ဖြင့် နာမ်တရား၏ အကြောင်းကိုရှာလျှင် အဝိဇ္ဇာ, တဏှာ, ကံ, အာဟာရ, ဖဿ, ဝိညာဉ်တို့ကိုတွေ့ရ၏၊ ရုပ်၏ အကြောင်းကို ရှာသောအခါ ကံ, စိတ်, ဥတု, အာဟာရတို့ကို တွေ့ရ၏၊ [ရုပ်ပိုင်း ရူပသမုဋ္ဌာန် အခန်းကို သတိပြုပါ။]

ကခ်ါဝိတရဏဝိသုဒ္ဓိ။ ။ဤသို့ ရုပ်နာမ်၏ အကြောင်းကို ပိုင်ပိုင်နိုင်နိုင်သိသော အခါ "ဤရုပ်နာမ်သည် ဗြဟ္မာဗိဿနိုးစသော နှုတ်ကြီးတွေ့ ဖန်ဆင်းမှုကြောင့် ဖြစ်ရသည်မဟုတ်, အဝိဇ္ဇာတဏှာကံစသော အကြောင်းကြောင့်သာ ဖြစ်ရ၏" ဟု မိမိကိုယ်တိုင် ဆုံးဖြတ်နိုင်၏၊ "စက္ခုပသာဒ, ရူပါရုံ, အာလောက, မနသိကာရ" ဟူသောအကြောင်း ၄-ပါးစုံလျှင် ထိုနှတ်မင်းကြီးတွေက စက္ခုဝိညာဏဝိထိမဖြစ်အောင် တားဆီးသော်လည်းမရ, ကောန်ဖြစ်မည်သာ၊ ထို ၄-ပါးမစုံသော မျက်မမြင်၌ စက္ခုဝိညာဉ်ဖြစ်အောင် မည်သူမျှ မဖန်ဆင်းနိုင်၊ ဤသို့ စသည်ဖြင့် ဆင်ခြင်သောအခါ "တန်ခိုးကြီးဟူ တယောက်ယောက်က ဖန်ဆင်းထားလေသလား" ဟု ယုံမှားနေသော မမှန်မကန် ကြံဖန်ထားသော ဝိသမဟေတုဒိဋ္ဌိ, "အကြောင်းမရှိဘဲ ရုပ်နာမ်ဖြစ်၏" ဟု ထင်မှားနေသော အဟေတုကဒိဋ္ဌိတို့မှ စင်ကြယ်၍ ယုံမှားခြင်း ကခ်ါအားလုံးမှ လွတ်မြောက်ကြောင်း ဖြစ်သော ကခ်ါဝိတရဏဝိသုဒ္ဓိသို့ ရောက်ရပေတော့သည်။

နဟေတ္ထ ဒေဝေါ ဗြဟ္မာ ဝါ၊ သံသာရသုတ္ထိ ကာရကော။
သုဒ္ဓမမ္မာ ပဝတ္တန္တိ၊ ဟေတုသမ္ဘာရပစ္စယာ။

ဇော်ဂျီ-ဤ ရုပ်နာမ်အပေါင်း အကြောင်းသင့်စွာ ဖြစ်ပေါ်၍ နေရာ၌၊ သံသာရသု-အဆက်မပြတ် ဖက်စပ်တုန့်ပြန် ရုပ်နာမ်ခန္ဓာ သံသရာကို၊ ကာရကော-မဖြစ် ဖြစ်အောင် တည်ထောင်ဖန်ဆင်းနိုင်သော၊ ဒေဝေါ ဝါ၊

ကျေးဇူးကိုတင် ဂုဏ်အင်ကိုမှတ် ပျပ်ဝပ်ရှိခိုးဘို့ ဗိသဏ်းနတ်မင်းကြီးသည်၎င်း၊ ဗြဟ္မာ ဝါ–ကမ္ဘာကို စနိုင်သည့် ထာဝရသခင် အရှင်ဗြဟ္မာမင်းကြီးသည်၎င်း၊ နဟိ အတ္ထိ–ရွေနောက်ပေါင်းလစ် အကြောင်းစစ်ကာ စံနစ်ကေန် မရှိရိုး အမှန်ပင်တည်း၊ သုဒ္ဓမမွာ–အနှစ်သာရ အတ္တမဖက် သက်သက်ရုပ်နာမ် တရားတို့သည်သာ၊ ဟေတုသမ္ဘာရပစ္စယာ–အကြောင်း အဆောက်အအုံ လောက်လုံသိုက်မြိုက် တိုက်ဆိုက်ခြင်းဟူသော အကြောင်းကြောင့်သာလျှင်၊ ပဝတ္တန္တိ–အမျှားမျက်မြင် အထင်အရှား ဖြစ်ပွါးပေါ်ပေါက် ကြရပေကုန်သတည်း။

စုဠဋ္ဌသောတာပန်။ ။ဤဝိသုဒ္ဓိကို ရသော ပုဂ္ဂိုလ်သည် သီလ ဝိသုဒ္ဓိဖြင့် သီလ စင်ကြယ်ပြီး ဖြစ်ရကား အပါယ် ရောက်ကြောင်း မကောင်းမှု အကုသိုလ် အကြီးစားတွေကို မပြုတော့၊ စိတ္တဝိသုဒ္ဓိဖြင့် သမာဓိ ရပြီးဖြစ်ရကား လောကီ အာရုံ ကာမဂုဏ် အကြံ သူတပါး ပျက်စီးကြောင်း အကြံကိုလည်း မကြံစည်တော့၊ ဒိဋ္ဌဝိသုဒ္ဓိ ကင်္ခါဝိတရဏဝိသုဒ္ဓိ ၂-ပါးကြောင့် ရုပ်နာမ် အပေါ် ၌ဉာဏ်း ဘုရား တရား အရိယာ သံဃာတော်များ အပေါ် ၌ဉာဏ်း ယုံမှား သံသယ မရှိတော့၊ အဝိဇ္ဇာ တဏှာ မကုန်သေးသမျှ ကံဂုလည်း ဘဝသစ် အကျိုးကို ပေးမည်သာဟု ယုံကြည်ပြီးဖြစ်ရကား ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာသည် ကင်းကွာလေတော့၏၊ ထို့ကြောင့် ရုပ်နာမ်တို့ကို "အနိစ္စ, ဒုက္ခ, အနတ္တ" ဟု ဝိပဿနာ မရှုသေးသောကြောင့် သောတာပန် အကြီးစား (သောတာပန် အစစ် မဟာသောတာပန်) မဖြစ်သေးသော်လည်း လာမည့်ဘဝ၌ ကောင်းမှုခြွေ အပါယ်မကျဘို့ သေချာလှသောကြောင့် စုဠဋ္ဌသောတာပန်(သောတာပန် နောင်တော်ကြီး၏ ညီငယ်, သောတာပန် အမတော်ကြီး၏ ညီမငယ် သောတာပန်ကား)ကောင်ဖြစ်နေပြီဟု မတ်ပါ။

ဝိသုဒ္ဓသီလစိတ္တော်ဟိ၊ ကင်္ခါဝိတရဏာဂါကော။
စုဠဋ္ဌသောတာပန္နော နာမ၊ တဒတ္ထံ ဝါယမေ တတော။

ဝိသုဒ္ဓသီလစိတ္တော်ဟိ - ညစ်ကြေးမတင် လွန်သန့်စင်သည့် လေးအင်သီလ သမထကြောင့် တောက်ပလှုံဖိတ် စင်ကြယ်သောစိတ်တို့နှင့်တကွ၊ ကင်္ခါဝိတရဏာဂါကော– ဒိဋ္ဌိ ဝိစိကိစ္ဆာ ပယ်ခွါနိုင်ဘိ ဝိသုဒ္ဓိဉာဏ် အမြင်သန်

သော ယောဂီသည်၊ စူဠဒုက္ခက္ခန္ဓော နာမ-သောတာပန်ဖြစ် ပုဂ္ဂိုလ်စစ်နှင့် စံနစ်တူတန် စူဠမှန်သည့် သောတာပန် မည်နိုင်ပေပြီ၊ တတော-ထို့ကြောင့်၊ တဒတ္ထံ-ထိုစူဠဒုက္ခတာ ဖြစ်စိမ့်ငှါဖြင့် ကခ်ါလွန်မြောက် ဝိသုဒ္ဓိ ရောက်ဘို့ အကျိုးငှါ၊ ဝါယမေ အခါန်ကောင်းဆဲ အားကုန်လွှဲ၍ တပ်ဝံတလမ်း လွန် ကြိုးပမ်းလျက် စမ်းသပ်အားထုတ် သင့်လေတော့သတည်း။

ဟုတ္ဝာ၊ ပေ၊ ပုနပ္ပုနံ။ ။ နာမရူပပရိဂ္ဂဟဉာဏ်, ပစ္စယပရိဂ္ဂဟဉာဏ်တို့ကို ပြပြီး၍ ယခုအခါ သမ္မသနဉာဏ်ကို ပြလိုသောကြောင့် "ဟုတ္ဝာ၊ ပေ၊ ပုနပ္ပုနံ" ဟု မိန့်သည်၊ အနိစ္စ ဒုက္ခ အနတ္တဟု ရုပ်နာမ် သင်္ခါရစုကို သုံးသပ်တတ်သော ဉာဏ်ကို "သမ္မသနဉာဏ်" ဟု ခေါ်သည်၊ ထိုဉာဏ်ရအောင် ရုပ်နာမ် သင်္ခါရစုကို "အနိစ္စ ဒုက္ခ အနတ္တ" ဟု ထင်မြင်လာအောင် ဒဖန်ဖန်ရှုပါ-ဟူလို၊ ဤသို့ ရှုနေခြင်းကို "ဝိပဿနာ ဘာဝနာ" ဟု ခေါ်သည်။

ဟုတ္ဝာ အဘာဝတောနိစ္စာ။ ။ဤ စကားဖြင့် အနိစ္စ လက္ခဏာ (မမြဲပုံ အမှတ်အသား)ကို ပြ၏၊ ဤခန္ဓာကိုယ်၌ ရုပ်နာမ် တရားတို့သည် ဖြစ်ပြီးလျှင် ချက်ချင်း ပျက်ကြ၏၊ ထိုသို့ ပျက်ခြင်းသည် မမြဲသော အနိစ္စ ရုပ်နာမ်၏ အမှတ် လက္ခဏာပင်ဖြစ်သည်၊ ခဲ့ပြီးအံ့— ကံ စသော အကြောင်းတို့ကြောင့် ဖြစ်ရသော ရုပ်နာမ်သည် ဖြစ်ပြီးလျှင် ချက်ချင်းပျက်၍ မရှိတော့၊ အကြောင်း ရှိသမျှ ဆက်၍ဆက်၍ ဖြစ်နေသောကြောင့်သာ အလုံးစုံကွယ်ပျောက်မသွားဘဲ တွေ့နေရ၏၊အသက်ရှူရှိုက်ရာ၌ လေသည် ဝါယောဓာတ်လွန်ကဲသော ရုပ်ကလာပ် (ရုပ်အစု)တည်း၊ စိတ်ကြောင့်ဖြစ်၏၊ ထို့ကြောင့် ထွက်သက်လေသည် အတော် ရှည်ရှည် ဆက်၍ ဆက်၍ ဖြစ်နေသော်လည်း ထွက်စေလို (ရှိုက်လို)သောစိတ် ရပ်လျှင် ထို့ထွက်သက်လေပြတ်၏၊ ဝင်စေလို(ရှူလို)သောစိတ်ကြောင့် ရှူသက် (ဝင်သက်)ဖြစ်ပြန်၏၊ ထို့ရှူသက်လည်း ဆက်၍ဆက်၍ ဖြစ်ပြီးနောက် ရှူလိုသော စိတ်ရပ်လျှင်ပြတ်၏။

စကားပြောသံသည်စိတ်ကြောင့်ဖြစ်၏၊ ပြောလိုသောစိတ်အတိုင်း စကားလုံး (သဒ္ဒ) ရုပ်ကလာပ်တွေ့ စိတ်ဖြစ်သမျှ ဖြစ်နေ၏၊ ပြောလိုစိတ် ရပ်လျှင် ထိုသဒ္ဒ ရုပ်ကလာပ်လည်း ပြတ်၏၊ မိမိအသံထွက်ပုံကို စဉ်းစားပါ၊ ထိုထွက်သက်ဝင်သက်

လေ, ထိုအသံတို့ကဲ့သို့ တကိုယ်လုံး ရုပ်ကလာပ်ကလေးတို့လည်း ကံ စိတ် ဥတု အာဟာရ အကြောင်းကြောင့် ဆက်၍ ဆက်၍ဖြစ်, ဖြစ်တိုင်းလည်း ချုပ်၍ ချုပ်၍ ပျောက်ကွယ်သွားကြလေသည်၊ ဤသို့ဖြစ်တိုင်းဖြစ်တိုင်း ပျက်၍ပျက်၍ နေရခြင်းသည် ဖြစ်သမျှရုပ်တို့ မမြဲခြင်း၏ အထိမ်းအမှတ် လက္ခဏာပင်တည်း။

ဆက်ဦးအုံ။ ။ထိုသို့ ဖြစ်သမျှ ရုပ်နှင့်နာမ်တို့သည် အဆင်သင့် ဖြစ်ဘို့ရန် တနေရာ၌ စုပုံနေကြသည်လည်းမဟုတ်, ချုပ်ပျက်သောအခါ တနေရာ၌ သွားရောက်ကြသည်လည်းမဟုတ်၊ အကြောင်းအားလျော်စွာ ချက်ချင်းဖြစ်၍ ချက်ချင်းပျက်ကာ ပျောက်၍ကုန်ကြသည်သာ၊ ဥပမာ–စောင်းတီးရာ၌ စောင်းသံသည် တီးလျှင်ပေါ်လာ၍, အတီးရပ်လျှင် ဘယ်နေရာမှ မရောက်ဘဲထိုနေရာ၌ပင် ပျောက်သွားသကဲ့သို့တည်း၊ ထို့ကြောင့် ရုပ်နာမ်တို့သည် အမြဲ အသစ် အသစ်တို့သာ ဖြစ်ကြလေသည်။

အနုပ္ပန္နာဝုပ္ပဇ္ဇန္တိ ဥပ္ပန္နာပိ နိရုဇ္ဈရေ။
နိစ္စံ နဝါဝ သခ်ါရာ၊ ဝိဏာသဒ္ဒသမူပမာ။

သခ်ါရာ-ရုပ်နာမ် ၂-ပါး သခ်ါရတရားတို့သည်၊ အနုပ္ပန္နာဝ-စုဆောင်းသိမ်းဆည်း ဖြစ်ပြီးမဟုတ်ကုန်ဘဲသာလျှင်၊ ဥပ္ပဇ္ဇန္တိ-အကြောင်းကိုစဲ၍ ရုတ်ခနဲ ဖြစ်ပေါ်လာကြကုန်၏၊ ဥပ္ပန္နာပိ-အကြောင်းအားလျော်စွာ ပေါ်လာကုန်ပြီး၍လည်း၊ နိရုဇ္ဈရေ-ချက်တဖြုတ် ရုတ်တရက် ချုပ်ပျက်ကြလေကုန်၏၊ နိစ္စံ နဝါဝ-ခဏမစဲ အမြဲဖြစ်လျက် အသစ်စက်စက်တို့သာလျှင်တည်း၊ ဝိဏာသဒ္ဒသမူပမာ-စောင်းကြိုး စောင်းခွက် တီးမှုတ်တွက်ကြောင့် ပေါ်ထွက်ပျောက်ဟန် စောင်းသန့်စင်တူလေကုန်စုတကား။

ဥဒယဗ္ဗယပီဠနာ ဒုက္ခာ။ ။ဤစကားဖြင့် ဒုက္ခလက္ခဏာကို ပြ၏၊ ရုပ်နာမ်တို့၏ အဖြစ်အပျက် အနှိပ်အစက်ဒဏ်ကို ခံနေရခြင်းသည်မကောင်း ဒုက္ခ၏အမှတ် လက္ခဏာပင် ဖြစ်သည်၊ ခဲ့ဦးအုံ၊–လောက၌ ဖြစ်ရခြင်းဟူသမျှသည် မဖြစ်ဘဲ ငြိမ်နေရသလောက် မသက်သာပါ၊ ဖြစ်ပြန်လျှင် မပျက်သော် တော်ပါသေး၏၊ ဖြစ်တုန်းက ဖြစ်ပြီးနောက် ချက်ခြင်းပျက်ရခြင်းမှာ သာ၍ဒဏ်နာပါသေးသည်၊ ပျက်မည့်အတူဖြင့် မဖြစ်ရခြင်းက ကောင်းပါသည်၊ ဥပမာ–သေမည့်သား

မသေသော်လည်း မိုက်နေမည့်သားကို မမွေးရခြင်းက ကောင်းသေးသကဲ့သို့တည်း။

မှတ်ချက်။ ။ "ဒုက္ခဒုက္ခ, ဝိပရိဏာမဒုက္ခ, သင်္ခါရဒုက္ခ" ဟု ဒုက္ခသုံးမျိုး ရှိ၏၊ ထိုတွင် တကယ် ဒုက္ခဝေဒနာ (ကျင်နာကိုက်ခဲမှု) ကို "ဒုက္ခ ဒုက္ခ (ဒုက္ခအစစ်) ဟု ခေါ်၏၊ သုခတို့၏ဂုဏ်း ဥပေက္ခာတို့၏ဂုဏ်း အပြောင်းအလဲဖြစ်ခြင်း ပျက်စီးခြင်းကို "ဝိပရိဏာမဒုက္ခ" ဟု ခေါ်၏၊ ရုပ်နာမ်တိုင်းဌ အဖြစ်အပျက်ရှိနေခြင်း အဖြစ်အပျက် အနှိပ်စက်ခံရခြင်းကို "သင်္ခါရဒုက္ခ" ဟု ခေါ်သည်၊ ဤ ဥဒယဗ္ဗယ ပီဠနာဖြင့် သင်္ခါရဖြစ်သော ရုပ်နာမ်အားလုံး၏ သင်္ခါရဒုက္ခလက္ခဏာကို ပြသည်။

အဝသဝတ္တိတာ အနုတ္တာ။ ။ ဤ စကားဖြင့် အနတ္တလက္ခဏာကို ပြ၏၊ ရုပ်တရား နာမ်တရားတို့၏အလိုသို့ မလိုက်ခြင်းသည် အနတ္တဖြစ်ကြောင်း အမှတ်လက္ခဏာပင် ဖြစ်ပါသည်၊ ခဲ့ပြီးအံ့၊— ဗုဒ္ဓမြတ်စွာ၏ လေးနက်သော ရုပ်နာမ်တရားကို မကြားရ မနာရ ရုပ်နာမ်တရားကို ကဲ့ကဲ့ပြားပြား ဟောပြနိုင်သော သူတော်ကောင်းများကို မဆည်းကပ်ရသော ပုထုဇဉ် အများသည် ခန္ဓာကိုယ်အတွင်း၌ "အတ္တဟုဌင်း အသက်ဟုဌင်း အကောင်ဟုဌင်း ခေါ်ဝေါ်အပ်သော အရာဝတ္ထု ရှိ၏" ဟု ယူဆကြ၏။

ကာရကော။ ။ ပြုစုရာအလုပ်ကို ထို အကောင်လုပ်၏၊ အကောင်ကလေး၏ အလိုအတိုင်း ခန္ဓာကိုယ်နှင့်တကွ လက်ခြေတို့က လှုပ်ရှားပေးရ၏။

ဝေဒကော။ ။ အကောင်း အဆိုး အာရုံအမျိုးမျိုးကို ထို အတ္တအကောင်ကလေးသည် ခံရ - စံရ၏၊ မျက်စိဖြင့် မြင်ရာ၌ အတ္တ အကောင်က မြင်၏၊ မျက်လုံးမှာ အတ္တကမြင်ဘို့ အဆောက်အဦသာတည်း၊ ဇောတ, ဃာန, ဇိဝှါ, ကာယ တို့၌လည်း ဤနည်း အတိုင်းပင်တည်း၊ သိစရာဟူသမျှကို အတ္တအကောင်ကလေးသည် သိ၏၊ အတ္တ အကောင်ကလေးသည် မိမိပြုလုပ်ခဲ့သော ကံအားလျော်စွာ ဉာဏ် ထက် မထက် ရှိ၏၊ ဉာဏ်မထက်လျှင် အသိညံ့၏၊ ဉာဏ်ထက်လျှင် အသိကျယ်ပြန့်၏။

သာမိ။ ။ထို အတ္တအကောင်ကလေးသည် ခန္ဓာအိမ်၏ အရှင်သခင်ဖြစ်၏၊ အိမ်ရှင်သည် အိမ်မှ ထွက်သွားသော်လည်း အိမ်သို့သာပြန်လာသကဲ့သို့ အတ္တကလေးလည်း မိမိခန္ဓာအိမ်မှ တရံတခါ ထွက်သွားသော်လည်း ထို ခန္ဓာအိမ် မပျက်သေးသမျှ ခန္ဓာအိမ်သို့သာ ပြန်လာ၏။

နိဝါသီ။ ။အတ္တကလေးသည် ခန္ဓာအိမ်၌ အမြဲနေလေ့ရှိ၏၊ အဟောင်း ခန္ဓာအိမ်ပျက်ချိန်ကျလျှင် မိမိကံအားလျော်စွာ ရအပ်သော ခန္ဓာအိမ်အသစ်သို့ ပြောင်းရွှေ့သွား၏၊ ထို့ကြောင့် သတ္တဝါတိုင်းပင် မိမိပြုအပ်သောကံကို မိမိသည်ပင် ခန္ဓာအိမ်အသစ်၌ ခံရ-စံရ ပြန်သည်။

သယံဝသီ။ ။ခန္ဓာအိမ်နှင့်ဆိုင်ရာကိစ္စ၌ မိမိ၏အလိုသို့လိုက်စေနိုင်သောသတ္တိရှိ၏၊ ဤသို့ "အတ္တဟူသော အကောင်ကလေးသည် ခန္ဓာကိုယ်အတွင်း၌ရှိသေး၏" ဟု ယူဆ၍ ထိုအတ္တ၏ ကာရက, ဝေဒက စသော သတ္တိအမျိုးမျိုးကိုလည်း ကြံစည်ခဲ့ကြလေသည်၊ ဗုဒ္ဓဘာရုံးတော်အလိုအားဖြင့် ထို တိတ္ထိတို့ ကြံစည်သည့် အတိုင်း အလိုကိုလိုက်စေနိုင်သော အတ္တမရှိရကား "အဝသဝတ္တိတ္တာ အနတ္တာ" ဟု မိန့်သည်၊ မိမိအလိုသို့ ရုပ်နာမ်ခန္ဓာကို မလိုက်စေနိုင်၊ ကံ စသော အကြောင်းအားလျော်စွာ ဖြစ်၏၊ အတ္တကလုပ်ကိုင်သောကြောင့်ဖြစ်သည်မဟုတ်၊ ဖြစ်ပြီးလျှင် ချက်ချင်းပျက်၏၊ အတ္တက မပျက်အောင် မတားဆီးနိုင်၊ ဤသို့ဘယ်နေရာမှ အလိုပါအောင် မလိုက်စေနိုင်သောကြောင့် ရုပ်သည် အတ္တမဟုတ်, ရုပ်၌ အတ္တမရှိ၊ နာမ်လည်း အတ္တမဟုတ်, နာမ်၌ အတ္တမရှိ၊ ရုပ်နာမ်အားလုံး အနတ္တချည်းသာ၊ ရုပ်နာမ်မှအလွတ်လည်း အတ္တတမျိုးမရှိ၊ ထို့ကြောင့်.... "သဗ္ဗေ ဓမ္မာ အနတ္တာ – ရုပ်ဓမ္မ နာမ်ဓမ္မ ပညတ်ဓမ္မ နိဗ္ဗာန်ဓမ္မ ဟူသော ဓမ္မအားလုံးပင် အတ္တလည်း မဟုတ်, အတ္တလည်း မရှိကြ" ဟု ဟောတော်မူသည်။

သတ္တိယာ ယဿ အတ္တာဿ၊ လောကော ဝတ္တတိ မည်တော်။
ကာရကော ဝေဒကော သာမိ၊ နိဝါသီ သော သယံဝသီ။

ယဿ အတ္တာဿ-ပုဂ္ဂိုလ်သတ္တဝါ မှတ်ရာမြားမြောင် လိပ်ပြာဟု ခေါ်ဆိုကြသော အကြင်အသက်ကောင်၏၊ သတ္တိယာ-စွမ်းရည်သတ္တိ မပြတ်ရှိခြင်းကြောင့်၊ လောကော-ယခုမျက်မြင် များဖြင့်သောင်းသောင်း သတ္တဝါ

အပေါင်းသည်၊ ဝတ္ထုတိ-ထိုဤအမှု ကိုယ်စီပြုလျက် ယခုအနေ တည်နိုင်ပေ၏၊ ဣတိမညိတော-ဤကဲ့သို့ပင် ပုထုဇဉ်တို့ အစဉ်မပြား အထင်မှားအပ်သော၊ သော ဇီဝေါ-ထိုအသက်ကောင်သည်၊ ကာရကော-ပြုရေးပြုရာ ပေါ်ပေါက်လာလျှင် လျော်စွာတခုခုဖြင့် ပြုလည်းပြုတတ်ပေ၏၊ ဝေဒကော-ကောင်းကောင်း ဆိုးဆိုး အမျိုးမျိုးကို အကျိုးလျော်ကန် ပေါ်လာပြန်လျှင် ခံစံလည်း ခံစံတတ်ပေ၏၊ သာမိ-ခန္ဓာအိမ်ဆိုင်သမျှ၌ ပိုင်သအုပ်စီး အရှင်သခင်ကြီးပေတည်း၊ နိဝါသီ-ဟောင်းခန္ဓာအိမ် ပျက်သည့်ချိန်ဝယ် ခန္ဓာအိမ်အသစ်လဲ၍ အမြဲတည်နိုင်ပေ၏၊ သယံဝသီ-ခန္ဓာအိမ်မှု အစုစု၌ တခုမကျန် စီမံခဲ့ဝေ မိမိအလိုသို့ လိုက်ပါစေနိုင်တဲ့ သဘောပေတည်း။

[ဆောင်] မအိုပါလို၊ ငါကဆိုလည်း၊ ငါဆိုမရ၊ အိုကြလျှ၊ အနတ္တာခန္ဓာကိုယ်၊
မနာပါလို၊ ငါကဆိုလည်း၊ ငါဆိုမရ၊ နာကြလျှ၊ အနတ္တာခန္ဓာကိုယ်၊
မသေပါလို၊ ငါကဆိုလည်း၊ငါဆိုမရ၊သေကြလျှ၊ အနတ္တာခန္ဓာကိုယ်။

ပါပုဏ္ဏေယျ၊ ပေ၊ ခယံ။ ။"ဤသို့ ရုပ်ရော နာမ်ပါ လောကီသင်္ခါရတွေကို အနိစ္စချည်း ဒုက္ခချည်း အနတ္တာချည်း"ဟု အဖန်ဖန်သုံးသပ်မှုကို "သမ္မသနဉာဏ်"ဟု ခေါ်၏၊ ထိုဉာဏ်သည် ရုံ့၍ ရုံ့၍ လာသောအခါ ဥဒယဗ္ဗယဉာဏ်မှစ၍ သောတာပတ္တိမဂ်ဉာဏ်တိုင်အောင် အဆင့်ဆင့် အစဉ်အတိုင်း တက်၍ တက်၍ လာရာ အရဟတ္တမဂ်ဉာဏ်သို့ ရောက်သောအခါ ကာမရာဂသံယောဇဉ် ဘဝရာဂသံယောဇဉ် စသော သံယောဇဉ် အားလုံး ကုန်ခန်း၍ ရဟန္တာဖြစ်လေတော့၏။ [ထို ဥဒယဗ္ဗယ စသော ဉာဏ်အစဉ်ကို သင်္ဂီဟ်ဘာသာဋီကာ၌ အကျယ်ပြထားပြီ။] ရဟန္တာဖြစ်သောအခါ ဘုရားသခင် အပြစ်မြင်အပ်သော ဘဝကို ဆက်သွယ် ပေးတတ်သော ဘဝတဏှာလည်း အရင်းကစ၍ ပြတ်တော့ရကား နောက်ဆုံးစုတိကျလျှင် ပရိနိဗ္ဗာန် စံရပါတော့သည်။

ဘဝေဝါဟံ ဘယံ ဒိသွာ၊ ဘဝဉ္စ ဝိဘဝေသိနံ။
ဘဝံ နာဘိဝဒိ ံ ကိဉ္စိ၊ နန္ဒိဉ္စ န ဥပါဒိယိ ံ ။

အဟံ – သင်လိုထပ်တူ နတ်လူပြဟ္မာ သတ္တဝါတို့၏ ဆရာတဆူ ဖြစ်တော်မူသော ငါဘုရားသည်၊ ဘဝေ – ဖြစ်လျှင် ပျက်မြဲ မလွဲတံထွာ သံသရာနှောင်

တဉ်း ထောင်အကျဉ်း၌၊ ဘယံ – အိုနာသေရေး ဒုက္ခဘေးမှ စ၍ ရန်စဉ်ယ် အန္တရာယ်ဟု ဘေးအစုကို၊ ဒိသွာ ဓေ – ကောင်းစွာပိုင်နင်း သိမြင်တော်မူခြင်း ကြောင့်သာလျှင်၊ ဘဉ္ဇ – ကာမရူပ အရူပဟု လောကသုံးဘုံ အလုံးစုံကိုဌင်း၊ ဝိဘဝေသိနံ – ဘဝကင်းရာ ရှာကြံပါလည်း သုံးဖြာဘဝ ကျင်လည်ရသည့် မျှားလှသောင်းသောင်း သတ္တဝါအပေါင်းကိုဌင်း၊ ဒိသွာ – ဆုံးစကုန်စင် သိမြင်တော်မူသည်ဖြစ်၍၊ ကိဉ္စိ ဘဝံ – လူ့ဘုံ နတ်ဘုံ ဗြဟ္မာ့ဘုံဟု သုံးဘုံဌာန တစုံတခုသောဘဝကို၊ နာဘိဝဒိ – စုံစုံမက်မက် နှစ်သက်ခင်မင် လိုချင် တောင့်တတောင်မမူ၊ နန္ဒိဉ္စ – လူ့ဘုံ နတ်ဘုံ ဗြဟ္မာ့ဘုံဝယ် စုံစုံမက်မက် နှစ်သက် တွယ်တာ ဘဝတဏှာကိုလည်း၊ နံ ဥပါဒိယိ – စွဲလမ်းလွတ်ကင်း အမြစ်ရင်းက အလျှင်းပြတ်စေ ဖြတ်တောက်တော်မူခဲ့ပေသတည်း။

ဝိညာဏံ အနိဒဿနံ၊ အနန္တံ သဗ္ဗတောပဘံ။
ဧတ္ထ အာပေါ စ ပထဝီ၊ တေဇော ဝါယော န ဂါဓတိ။
ဝ်ညာဏဿ နိရောဓေန၊ ဧတ္ထေတံ ဥပရုဇ္ဈတိ။

ဝိညာဏံ – အရိယာမှန် ပုဂ္ဂိုလ်ချုန်တို့ ဉာဏ်လွန်ဉာဏ်မြတ် ဉာဏ်ထူးဓာတ် ဖြင့် သိအပ်သိပိုင် သိနိုင်ကောင်းထသော၊ အနိဒဿနံ – အရာဝတ္ထု မဟုတ်မှု ကြောင့် စက္ခုဖြင့်ဆိုင် မမြင်အပ် မမြင်နိုင်ထသော၊ အနိဒဿနံ- ငြိမ်သက်အေးမြ မှုန်မြတ်လှသဖြင့် လောကဥပမာ ပြစရာလည်း မရှိထသော၊ အနန္တံ – ဖြစ်ခြင်း ရင့်ခြင်း ပျက်ကွက်ခြင်းဟု အခြင်းသုံးပါး ပိုင်းအခြားဖြင့် ကွဲပြားမထင် အမြဲသစ်လွင်၍ တည်ထသော၊ သဗ္ဗတောပဘံ – သမုဒ္ဒါ ဆိပ်ကမ်းသာသို့ ဝင်ရာဖုံဖုံ အားလုံးစုံအောင် ဖုံဖုံကမ္မဋ္ဌာန်း ဆိပ်ကမ်းအဝင်ဝလည်း ရှိထသော၊ သဗ္ဗတောပဘံ – ကိလေသာညစ် မမြှေးရစ်သဖြင့် ဝင်းသစ်သည့်ပုံ အလုံးစုံ အရောင်ရှိထသော၊ ယံ နိဗ္ဗာနံ – ဒုက္ခပြတ်ကိန်း ဝဋ်ဇာတ်သိမ်း၍ ငြိမ်းရာ အမှန် အကြင် နိဗ္ဗာန်သည်၊ အတ္ထိ – ပရမတ်တရား ဓာတ်တပါးဖြင့် ထင်ရှား မသွေ ရှိပါပေ၏။

ဧတ္ထ နိဗ္ဗာနေ – ဒုက္ခပြတ်ကိန်း ဝဋ်ဇာတ်သိမ်း၍ ငြိမ်းရာအမှန် ဤနိဗ္ဗာန် ကြောင့်၊ အာပေါ စ – စိမ့်ဝင်သောအား မလွှင့်ပါးအောင် ရုပ်မျှားပေါင်းစပ်

ဖွဲ့စည်းသော အာပေါဓာတ်သည်ရင်း၊ ပထဝီ စ-အတူဖြစ်ငြား ရုပ်အမျှားကို ခံထားနိုင်စွာ ခိုင်မာသော ပထဝီဓာတ်သည်ရင်း၊ တေဇော စ-မီးကြောင့် ဖယောင်း ပြော့၍ပျော်းသို့ ပြော့ပျော်းပြကတော့ ရုပ်တိုင်း တွေ့အောင် အင့်သဘော တေဇောဓာတ်သည်ရင်း၊ ဝါယော စ-အတူဖြစ်လာ ရုပ်မျှား စွာကို တောင့်မာစေမှု ရှေ့အောင်ပြုသော ဝါယောဓာတ်သည်ရင်း၊ နဂါဓတိ-မထောက်မမှီ မတည်မခိုင် မဖြစ်နိုင်တော့ချေ။

ဝိညာဏသ - ဘဝတဖန် ပြုစီမံမည့် ကံဟု ခေါ်တွင် ရှေးဝိညာဉ်၏၊ နိရောဓေန - အရဟတ္တမဂ် ဉာဏ်ဖြင့်ဖျက်၍ ကွယ်ပျက်ချုပ်ငြိမ်း ရုပ်သိမ်းသည့် အတွက်၊ ဝိညာဏသ-ရဟန္တာအရှင် နိဗ္ဗာန်ဝင်ဘို့ ဝိညာဏ်ဟုခေါ် စုတိ စိတ်တော်၏၊ နိရောဓေန-ဥပါဒ် ဌီဘင် အစဉ်စေ့ရောက် ချုပ်ပျောက်သည့် အတွက်၊ တွေ့ နိဗ္ဗာနေ-ဒုက္ခပြတ်ကိန်း ဝဋ်ဇာတ်သိမ်းဘို့ အေးငြိမ်းရာမှန် ဤ နိဗ္ဗာန်ကြောင့်၊ တေ နာမရူပံ-အိုနာသေရေး ဒုက္ခဘေးနှင့် ရောထွေပိုက်ထုပ် ဤ နာမ်နှင့် ရုပ်သည်၊ ဥပရုဇ္ဈတိ-မီးတောက်မီးလှဲ ချုပ်ငြိမ်းဟန်သို့ ကောန် မသွေ ချုပ်ငြိမ်းရပေသတည်း။ [သီလက္ခန်, ကေဝဋ္ဋသုတ် ပါဠိတော်။]

ကျမ်းရင်းနိဒါန်း

၄၇၃။ အဓိသီလာဓိစိတ္တာနံ၊ အဓိပညာယ သိက္ခနာ။
ဘိက္ခုကိစ္စမတော ခုဒ္ဒ-သိက္ခာယံ သမုဒါဟဋာ။

၄၇၃။ အဓိသီလာဓိစိတ္တာနံ၊ ဗုဒ္ဓမြတ်စွာ ပေါ်ထွန်းခါမှ ကြုံပါရသည့် အဓိသီလ အဓိစိတ္တတို့ကိုငင်း။ အဓိပညာယ၊ ကမ္မဿကတာ ဉာဏ်ပညာထက် ကဲသာလွန်ဘိ ဝိပဿနာ ဉာဏ်ပညာကိုငင်း။ သိက္ခနာ၊ အမြဲမှန်မှန် နောက်မပြန်အောင် ကျင့်ကြံကြိုးကုတ် အားထုတ်ခြင်းသည်သာ။ ဘိက္ခု-ကိစ္စံ၊ သာသနာ့ဝန် အားသွန်ကြိုးပမ်း ထမ်း၍မွေ့လျော် ရဟန်းတော်၏ အလုပ်ပေတည်း။ အတော၊ ထိုသို့သိက္ခာ ကျင့်ခြင်းသာလျှင် သာသနာ့ဝန်ထမ်း ရဟန်းအလုပ်၏ အဖြစ်ကြောင့်။ အယံ ခုဒ္ဒသိက္ခာ၊ ပိဋကသုံးသွယ် သိက္ခာကျယ်၏ ကျဉ်းငယ်စိတ်ဖြာ ဤ ခုဒ္ဒသိက္ခာကို။ သမုဒါဟဋာ၊ ဂါထာန္နန်းဖွဲ့။ အသုံးတဲ့အောင် ထုံးနဲ့မသွေ ထုတ်ဆောင်အပ်ပေပြီတကား။

အဓိသီလာဓိစိတ္တာနံ။ ။ဝိနည်းပိဋကဋ္ဌကထာသော ပါတိမောက္ခသံဝရသီလ အားလုံးသည် အဓိသီလမည်၏၊ ငါပဿနာဉာဏ်၏ အခြေခံ ဖြစ်သော စျာန်သမာပတ် စိတ်သည် အဓိစိတ္တမည်၏၊ ခဲ့ဦးအံ့–

အဓိသီလ။ ။ငါးပါး ရှစ်ပါး ဆယ်ပါးသီလတို့သည် သာသနာပ ကာလဋ္ဌလည်း ရသေ့ပညာရှိ လူပညာရှိတို့ ထုတ်ဖော်ပညတ်ကြသဖြင့် လူကောင်းသူကောင်းတို့သည် ထို သီလတို့ကို စောင့်သုံးနိုင်ကြ၏၊ ပါတိမောက္ခ သံဝရသီလဟူသော အကျဉ်း ၂၂၇, အကျယ် ကုဋ္ဌေကိုးထောင်ကျော် သီလတော်ကိုကား ဘုရားရှင်သာ ထုတ်ဖော်နိုင်၍ သာသနာ့ဝန်ထမ်း ရဟန်းကောင်းတို့သာ စောင့်သုံးနိုင်ကြ ကျင့်နိုင်ကြ၏၊ ထို့ကြောင့် ပါတိမောက္ခသံဝရသီလကို “အဓိ-သီလ=လွန်ကဲမြင့်မြတ်သောသီလ” ဟု ဆိုရပေသည်။ [အဓိ-ငါးပါး, ရှစ်ပါး,

---

ဆယ်ပါးသီလတို့ထက် သာလွန်သော+သီလံ-သီလ။] နိဒါန်းဋ္ဌလည်း ဤသီလ၏ အဓိပ္ပါယ်ကို ပြခဲ့ပြီ။

အဓိစိတ္တာ။ ။စိတ်ကို နာမည်တပ်သော်လည်း သမာဓိကို ဆိုလိုရင်း ဖြစ်၏၊ ဝိပဿနာ၏ အခြေခံမဟုတ်သော မဟာကုသိုလ်စိတ်, လောကီစျာန်သမာပတ် စိတ်တို့ကို "စိတ္တ" ဟုသာ ဆိုနိုင်၏၊ သာသနာပကာလဋ္ဌလည်း ထိုစိတ်တို့သည် သူတော်ကောင်းများ, စျာန်ရ ရသေ့များ၏ သန္တာန်၌ဖြစ်နိုင်ကြ၏၊ ဝိပဿနာဘာဝနာ၏ အခြေခံဖြစ်သော စျာန်သမာပတ်စိတ်တို့ကိုသာ(မဂ်ဖိုလ်တိုင်အောင် ဆောင်နိုင်သောကြောင့်) "အဓိစိတ္တ" ဟု ဆိုရပေသည်။ [အဓိ-သာမန်ကုသိုလ် သာမန်စျာန်စိတ်တို့ထက် သာလွန်သော+စိတ္တံ-စိတ်၊ (သမာဓိ)။]

အဓိပညာ။ ။ကံနှင့် ကံ၏အကျိုးကို သိသော ကမ္မဿကတာဉာဏ်သည် ပညာသာမန်ဖြစ်၏၊ သာသနာပဋ္ဌလည်း ပညာရှိတို့ ဟောပြောနိုင်ကြ, ကုသိုလ်ပညာ ဖြစ်အောင်လည်း အားထုတ်နိုင်ကြ၏၊ ရုပ်နာမ်သင်္ခါရစုကို အနိစ္စ ဒုက္ခ အနတ္တဟု ရှုတတ်သော ဝိပဿနာပညာသည်ကား ဘုရားပင့်တော်မူမှ ဟောပြတော်မူအပ်သော ပညာဖြစ်၍ မဂ်ပညာ ဖိုလ်ပညာတိုင်အောင် ရွက်ဆောင်နိုင်ရကား "အဓိပညာ" ဟု ဆိုရပေသည်။ [အဓိ-ကမ္မဿကတာဉာဏ် ပညာထက် သာလွန်သော+ပညာ-ဝိပဿနာပညာ။]

သိက္ခာနာ။ ။အဓိသီလ အဓိစိတ္တ အဓိပညာ ဤ ၃-ဖြာသည်ပင် "သိက္ခာ ၃-ရပ်ဟူသော သာသနာတော်" ဖြစ်ပေသည်၊ သာသီယတေ– ဘုရားရှင်သည် သွန်သင်ပြသ ဆုံးမတော်မူအပ်၏၊ ဣတိ- ထို့ကြောင့်၊ သာသနံ-သာသနာတော်မည်၏၊ ဤသာသနာတော် ၃-ရပ် မကွယ်မပအောင် ကျင့်ကြံ ကြိုးကုတ် အားထုတ်နေသော ရဟန်းတော်များကို "သာသနာ့ဝန်ထမ်း ရဟန်းတော်များ" ဟု အသိအမှတ် ပြုကြရပေသည်။

ဘိက္ခုကိစ္စ။ ။ဝိနည်းပါဠိတော်၌ လာသည့် အတိုင်း သီလသိက္ခာကို စောင့်စည်းခြင်းအလုပ်, ဝိပဿနာ၏အခြေခံ(မဟဂ္ဂုတ်စျာန်မရသေးစေကာမူ) ကာမာဝစရသမာဓိမျှကို ရအောင် ဘာဝနာတပါးပါးကို နေ့စဉ်မှန်မှန် ပွါးများခြင်းအလုပ်, ရုပ်နာမ်အစုကို "အနိစ္စ ဒုက္ခ အနတ္တ"ဟု ဝိပဿနာရှုခြင်းအလုပ်,

ဤ ၃-မျိုးသည်သာ ဘိက္ခုကိစ္စ (သာသနာ့ဝန်ထမ်း ရဟန်းအလုပ်) ဖြစ်ပါပေသည်။

အကျိုးအပြစ်။ ။ဤရဟန်းကိစ္စကို လုပ်သွားလျှင်ကား ယခုဘဝအတွက် စား ဝတ် နေနိုင်ရုံမျှဖြစ်သော ပစ္စည်း ၄-ပါးရဘို့မှာ သေချာပါသည်၊ မိမိသည် စာပေတတ်မြောက်ပါလျက် မိမိ၏နောက်၌ သူတော်ကောင်းတပည့်များ ရောက်လာကာ သာသနာကို တရားတော်အတိုင်း ကူညီလိုသူ ဒါယကာ ဒါယိကာမများ ရောက်လာ၍ သာသနာ့ဝန်ကို ဆောင်နိုင်ပါလိမ့်မည်၊ နောင် သံသရာ အတွက်လည်း စိတ်ချလက်ချ နိဗ္ဗာန်ရသည့်တိုင်အောင် လမ်းဖြောင့်နေပါလိမ့်မည်၊ ရဟန်းအလုပ်ကို မလုပ်လျှင်မူ ရခဲ့ဘူးသော အပြစ်တို့မှာ ကဿပဘုရားရှင်၏ နောက်ပိုင်း သာသနာတော်သမိုင်းက ညွှန်ပြအပ်ပြီးဖြစ်ပါသည်၊ ထို့ကြောင့် မိမိတို့အတွက်လည်း ထိုသမိုင်းကိုပင် ဆက်လက်၍ စဉ်းစားကြရပါလိမ့်မည်။

ရေကပတ္တ နဂါးမင်း။ ။ထို နဂါးမင်းသည် ကဿပဘုရားရှင်၏ သာသနာတော်ဝယ် တောကျောင်း၌ သီတင်းသုံးသော ရဟန်းတော်ပေတည်း၊ထိုခေတ်က အနှစ် ၂-သောင်း အသက်ရှည်၏၊ ထိုရဟန်းသည် ထိုအသက် အတွင်းဝယ် တနေ့သ၌ လှေဖြင့်ခရီးသွားစဉ် ပိန်းရွက်ကို ဆဲကိုင်လိုက်၏၊ လှေက ပြေးသွားသော်လည်း မလှတ်သောကြောင့် ပိန်းရွက်ပြတ်သွား၏၊ "အာပတ်ကလေးဘဲ မဖြစ်လောက်ပါ" ဟု ယူဆ၍ ဒေသနာ မကြားခဲ့၊ အနှစ် ၂-သောင်းခန့် ရဟန်းတရားကို အားထုတ်နေပါသော်လည်း သေခါနီး၌ ထိုအာပတ်သည် ထင်လာ၏၊ တောကျောင်းဖြစ်၍ ဒေသနာကြားစရာ အဖော်ရဟန်းလည်း မရှိ, စိတ်မချမ်းမသာဖြင့် စုတေလေရာ အားထုတ်ခဲ့သော ရဟန်းတရားကြောင့် အောက်အပါယ်သို့ မသွားရသော်လည်း တိရစ္ဆာန်နဂါးဘဝ၌ ဖြစ်ရရှာလေသည်။ [ဓမ္မပဒ, ဗုဒ္ဓဝဂ် ရေကပတ္တ နာဂရာဇဝတ္ထု။]

ကပိလမစ္ဆ။ ။ကဿပဘုရားရှင်၏ သာသနာတော်နောက်ပိုင်း၌ ကပိလမည်သော ရဟန်းတပါးသည် ပိဋကတ ၃-ပုံ၌ ကျွမ်းကျင်သော ရဟန်းတည်း၊ စာတတ်မှုကို အကြောင်းပြု၍ တပည့် အခြေအရံလည်း များ၏၊ လာဘ်လည်း ပေါ၏၊ သူကိုယ်သူလည်း ပညာရှိဟု အထင်ကြီး၏၊ သီလရှိသော သူတော်

ကောင်း ရဟန်းတော်များ၏ စကားကိုလည်း နားမထောင်၊ ဝိနည်းတော်နှင့် မအပ်သော အရာကိုငင်း အပြစ်ရှိသော အရာကိုငင်း "အပ်၏ အပြစ်မရှိ" ဟု ဆုံးဖြတ်လေ့ရှိ၏၊ သူ၏ နောင်တော်ဖြစ်သော ရဟန္တာပုဂ္ဂိုလ်က ဆုံးမသည် ကိုလည်း ဂရုမစိုက်၊ သူ၏ အမိန့်နှင့် နှစ်မတို့လည်း ဘိက္ခုနီပြုကာ သူဘက်သို့ ပါကြ၏၊ သေလွန်သောအခါ ထို ၃-ယောက်လုံး အဝီစိဋ္ဌကျ၍ ကပိလသည် ၌ ဘုရားလက်ထက်တော်ဝယ် ထိုအဝီစိမှ ခေတ္တမျှလွှတ်၍ ဂင်္ဂါမြစ်၌ ရွေငါးကြီး ဖြစ်လာ၏၊ တံငါသည်တို့မိ၍ ရှင်ဘုရင်အထံ ပို့ကြ, ရှင်ဘုရင်မှတဆင့် ဘုရား အထံရောက်၍ ဘုရားရှင် မေးတော်မူသောအခါ အဖြစ်မှန်ကိုလျှောက်ပြီးနောက် စုတေ၍ အဝီစိသို့ပင် ပြန်ရလေသည်။ [ဓမ္မပဒ, တဏှာဝဂ် ကပိလမစ္ဆဝတ္ထု။]

သာတာဂိရနှင့် ဟေမဝတ။ ။ကဿပဘုရားရှင်၏ သာသနာတော်၌ တပါး လျှင် တပည့်ပရိသတ်ငါးရာစီ အခြံအရံရှိကြသော ဆရာတော် ၂-ပါးသည် ပဋ္ဌကတ်ကိုလည်း ပို့ချကြ၏၊ ဝိနည်း အဆုံးအဖြတ်ကို တရားတော်အတိုင်း ဆုံးဖြတ်နိုင်သော ဝိနည်းဓိုရ် ပုဂ္ဂိုလ်ကြီးများလည်း ဖြစ်ကြ၏၊ သီလလည်း စင်ကြယ်ကြ၏၊ ၂-ပါး အချင်းချင်းလည်း အတူနေ အတူသွား ဖြစ်ကြ၏၊ ထို အခြေအနေ အတိုင်းသာဆိုလျှင် (အရိယာ မဖြစ်စေကာမူ) အထက်နတ်ပြည်၌ ဖြစ်ကြဘို့ရန် သေချာ၏၊ သို့သော် အခါတပါး၌ကား အဓမ္မကိုပြောလေ့ရှိသော ရဟန်းတပါး၏ သူအပြစ်ကိုကာကွယ်လို၍ ထိုဆရာတော်များအထံ တပည့်အခံ လာလေရာ, ထိုသူနှင့်စပ်၍ ဝိနည်းအဆုံးအဖြတ်ကို မပေးဘဲ ဘက်လိုက်ခြင်း ဟူသော အဂတိတရားကြောင့် ဓမ္မဝါဒီ ရဟန်းကလေးသည် အဆုံးအဖြတ် အမှန်ကို မရတော့သဖြင့် "ယခုမှ ဘုရားသာသနာတော် ကွယ်ပါပေါ့" ဟု ငိုကြွေးရှာလေသည်၊ ထိုအမှုကို အကြောင်းပြု၍ စိတ်မချမ်းမသာ ဖြစ်ရကား စုတေသောအခါ အထက် နတ်ပြည်သို့မရောက်ဘဲ ယက္ခနတ်မျိုး၌ဖြစ်၍ တပါး သည် ဟိမဝန္တာတောင်၌ ဟေမဝနတ်, တပါးက သာတာဂိရတောင်၌ သာတာ ဂိရနတ် ဖြစ်ရလေသည်။ [သုတ္တနိပါတ်, ဥရဂဝဂ် ဟေမဝတသုတ်။]

မဟာကဿပဿာတ်။ ။ကဿပဘုရားရှင်၏ သာသနာတော်သည် သာ၍ ဆုတ်ယုတ်လာသော အခါ၌ကား ရဟန်းတို့သည် လယ်ကိုပင် ထွန်ကြ၍ သား သမီးများပင် ပေါက်ဖွားကြသတတ်၊ ထိုအခါမျိုးလောက်ပင် ဖြစ်စရာရှိသော

နောက်ပိုင်းသာသနာဝယ် အမျိုးမျိုးသော မကောင်းမှုဖြင့် နေထိုင်ကြသော ဘိက္ခု ဘိက္ခုနီ သာမဏေ သာမဏေမတို့သည် ငရဲ၌ ကြာမြင့်စွာ ကျက်ရပြီး နောက် ဤ ဘုရားလက်ထက်တော်သို့ ရောက်သောအခါ ဂိဇ္ဈကူဋ်တောင်၌ သင်္ဃန်းဝတ်ပြိတ္တာများ ဖြစ်လာကြလေသည်။ [စတုတ္ထ ပါရာဇိကနှင့် လက္ခဏ သံယုတ် ပါဠိတော်။]

ရဟန်းတော် ၇-ပါး။ ။ ကဿပဘုရားရှင်၏ သာသနာတော်သည် အတော်များစွာ ဆုတ်ယုတ်လာသောအခါ သီတင်းသုံးဖော်တို့၏ အကျင့်ဖောက်ပြန်ပုံကို မြင်ရ၍ ရဟန်းတော် ၇-ပါးတို့သည် "သာသနာတော် မကွယ်မီ မိမိတို့၏ ထောက်တည်ရာ တရားထူးကို ရအောင်ပြုကုန်အံ့" ဟု ကြံ၍ လှေကား ဖြင့် တောင်ပေါ်သို့ တက်ကြပြီးလျှင် ရောက်သောအခါ လှေကားကို ဖြုတ်ချ၍ အသက်စွန့်လျက် တရားအားထုတ်ကြလေသည်၊ အကြီးဆုံးထေရ်သည် တည်ခိုလွန်လျှင် ရဟန္တာဖြစ်၍၊ နောက်တနေ့၌ ဒုတိယထေရ်သည် အနာဂါမ်ဖြစ်၍ ဗြဟ္မာ့ပြည်သို့ ရောက်၏၊ ကျန် ၅-ပါးသည် တရားထူးမရဘဲ စုတေ၍ နတ်ပြည်သို့ ရောက်ကြလေသည်၊ ထို ၅-ပါးသည် ဤ ဘုရားရှင်လက်ထက်တော်သို့ ရောက်သောအခါ ပုက္ကုသာတိမင်း, အရှင်ကုမာရကဿပ, ဒါရုစီရိယ, မလ္လာမင်းသား အရှင်ဒဗ္ဗ, သဘိယပရိဗ္ဗိုဇ် အဖြစ်ဖြင့် တရားထူးရကြသည်။ [ဓမ္မပဒ, သဟဿဝဂ် ဗာဟိယ ဒါရုစီရိယတ္ထေရဝတ္ထု။]

စဉ်းစားဘွယ်။ ။ ဤသို့ ကဿပဘုရားရှင်၏ နောက်ပိုင်း သာသနာတော် သမိုင်းကို စဉ်းစားသောအခါ မိမိတို့၏လက်ရှိသာသနာကို သတိပြုစရာ ဖြစ်လာပါသည်၊ နိဿဂ္ဂိယဋ္ဌေဖြင့် ဝယ်ယူအပ်သော ပစ္စည်း ၄-ပါးသည်ရင်း ကုလဒူသန အနေသန မိစ္ဆာဇီဝကြောင့် ရအပ်သော ပစ္စည်း ၄-ပါးသည်ရင်း ထို ပုဂ္ဂိုလ် တပါးသာ အာပတ်သင့်သည်မဟုတ်, သုံးစွဲသော အခြား ရဟန်းများမှာလည်း အာပတ်သင့်ကြောင်းကို ဆိုင်ရာအခင်း၌ ဖော်ပြပြီး ဖြစ်ပါသည်။

ယခုအခါ နိဿဂ္ဂိပစ္စည်း, ကုလဒူသန အနေသနမှုကြောင့် ရအပ်သော ပစ္စည်းတို့သည် ပြီးပြီး ပျောက်ပျောက်မျှ မကတော့ဘဲ ကျောင်းကြီး တိုက်ကြီး များပင် ဖြစ်နေတတ်ပါသည်၊ ထိုကျောင်း ထိုတိုက်၌ နေသူ(ဥစ္စာရှင်သာမက)

အားလုံးပင် နေ့စဉ် အပြစ်မလွတ်တော့ပါ၊ ထို အာပတ်မျှားသည် ဒေသနာ ကြားရုံဖြင့် မပြေ, ပစ္စည်းကို စွန့်ပစ်နိုင်မှသာ ပြေပါသည်၊ အာပတ်မပြေလျှင်ကား ဥပုသ်ပဝါရဏာ ပြုရာ၌ပင် ထပ်မံ၍ အပြစ်သင့်ပါသည်၊ ဥပုသ်ပဝါရဏာ မပြုဘဲနေလျှင်လည်း အပြစ်တမျိုး ထပ်၍ သင့်ပြန်ပါသည်၊ သို့ဖြစ်လျှင် နေ့စဉ် နေ့စဉ် ဖြ၍ မပျောက်နိုင်သော အာပတ်မျှား သင့်ရောက်နေရကား နောက် ဘဝနှင့် သံသရာအဆက်ဆက်ပင် သက်သာခွင့် ရနိုင်ပါတော့မည်လော။

ထို့ကြောင့် မိမိ၏ သံသရာနောင်ရေးကို တွေးမိသောပုဂ္ဂိုလ်တိုင်း မိမိကိုယ်ကို ချစ်ခင်ပါလျှင် ဤရဟန်းဘဝ၌ သီလစင်ကြယ်စွာဖြင့် သမထဝိပဿနာကိုလည်း ကြိုးစားရင်းသာ ထိုသိက္ခာ ၃-ရပ်ကို ကျန်စွာဖေ်ပြနေသော ပရိယတ်ကိုလည်း သင်ယူ–ပို့ချသောအားဖြင့် နေသင့်ကြပါသည်၊ အရှင် ဒေရဟံတို့ ခေတ်မှ စ၍ မင်းတုန်းမင်း၏ခေတ်တိုင်အောင် အလွန်မဝေးသော ရှေးကာလ၌မျှားစွာသော ဘုန်းတော်ကြီးမျှားသည် တရားသဖြင့် ရအပ်သော ပစ္စည်း ၄-ပါးကိုသာ သုံးစွဲတော်မူကာ နေ့အခါ၌ စာချ၍,ည၌အခါ၌ ဘာဝနာဖြင့် မွေ့လျော်ကြပါသည်တဲ့၊ ထို့ကြောင့် အလွန်ရခဲသော ဗုဒ္ဓုပ္ပါဒကာလနှင့် မိမိ၏ မနုဿတ္တဒုလ္လဘကို အတူတွဲ၍ စဉ်းစားကာ ဤဘဝ၌ပင် ပါရမီမျိုးစေ့အောင်မြင်အောင် သဒ္ဓါပညာ ဝီရိယအစွမ်းဖြင့် အားသွန် ကြိုးပမ်းနိုင်ကြပါစေ သတည်း။

အတ္တာနံ စေ ပိယံ ဇညာ၊ ရက္ခေယျ နံ သုရက္ခိတံ။
တိဏ္ဏမညတရံ ယာမံ၊ ပဋိဇဂ္ဂေယျ ပဏ္ဍိတော။

အတ္တာနံ– ဘဝဖန်ခါ သံသရာက ငါဟုစွဲဆို မိမိကိုယ်ကို၊ ပိယံ – အရင်းစစ်လျှင် ပြစ်မတင်ဘို့ နှစ်စဉ်မမှုန်း အချစ်ခင်ဆုံးဟူ၍၊ စေ ဇညာ–အခါအခါ အရာရာဝယ် စာနာထောက်ထား အကယ်၍ နားလည်ငြားအံ့၊ ဧဝံ သတိ–ကိုယ့်ကိုသာလျှင် အခင်မင်ဆုံး အချစ်ဆုံးဟု လုံးလုံး ခွဲခြား နားလည်သည်ရှိသော်၊ နံ အတ္တာနံ–ခုလဲ ကိုယ့်ကို နောင် ကိုယ့်ကိုဟု သို့ကလို သိရှိ ထိုမိမိကို၊ သုရက္ခိတံ-တရားကြောင်းအရာ မစောင်းပါဘဲ ကောင်းစွာမပြတ် စောင့်ရှောက်အပ်သည်မည်လောက်အောင်၊ ရက္ခေယျ– သတိတရား လက်ကိုင်ထား၍ မခြားပုံသေ စောင့်ရှောက်ပေရာ၏၊ ပဏ္ဍိတော– ပြုသမျှ အသစ် ဖြစ်သမျှ အဟောင်း

၄၇၄။ မဟာတော ကိတ္တိသဒ္ဒဿ၊ ယဿ လောကဝိစာရိနော။
ပရိဿမော န သမ္ဘောတိ၊ မာလုတဿေဝ နိစ္စသော။

၄၇၄။ နိစ္စသော၊ အမြဲမသွေ ပုံသေအားဖြင့်။ လောကဝိစာရိနော၊ လူ့ပြည် နတ်ရပ် လောကဓာတ်၌ တိုက်ခတ်အရှည် လှည့်လည်၍နေသော။ မာလုတဿ၊ သာသာညှင်းညှင်း တပြင်းပြင်းနှင့် အတင်းလည်းမှေ့ ဝါ-ယောလေ၏။ပရိဿမော၊ အရှိန်ကုန်ခန်း အားအင်နွမ်း၍ ပင်ပန်းခြင်းသည်။ န သမ္ဘောတိ ဣဝ၊ တရုံတဆစ်မျှ မဖြစ်ရသကဲ့သို့။ တထာ၊ ပုံစံထားယူ မခြားအတူသာလျှင်။ ယဿ (ထေရဿ)၊ ကံ ဉာဏ် လုလွ အသုံးချ၍ လုံးဝ မွေ့လျော် အကြင် ဆရာတော်၏။ နိစ္စသော၊ နှစ် လ မခဲ့ အမြဲမသွေ ပုံသေ အားဖြင့်သာလျှင်။ လောကဝိစာရိနော၊ လူ့ပြည် နတ်ရပ် လောကဓာတ်၌ နှံ့စပ်အရှည် လှည့်လည်၍နေထသော။ မဟာတော၊ မသေးမသိမ် မမှေး မှိန်ဘဲ အရှိန်ခံထယ် လွန်ပြန့်ကျယ်ထသော။ ကိတ္တိသဒ္ဒဿ၊ လူရော နတ်ရော မပြတ်ပြောသည့် ကျော်စောထုံသင်း ဂုဏ်သတင်း၏။ ပရိဿမော၊ အရှိန်ကုန်ခန်း အားအင်နွမ်း၍ ပင်ပန်းခြင်းသည်။ န သမ္ဘောတိ၊ တရုံတဆစ်မျှ မဖြစ်ရခေ့။ [လေသည် အရပ်တိုင်းသို့ လှည့်လည်ရာ၌ ပင်ပန်း ရပ်နားခြင်း မရှိသကဲ့သို့ အရှင်ဓမ္မသိရီဆရာတော်၏ ကျော်စောခြင်း ဂုဏ်သတင်းလည်း ပင်ပန်းရပ်နားခြင်းမရှိဘဲ အမြဲပျံနှံ့၍ နေပါသည်-ဟူလို။]

မကောင်းလဲ ငါ ကောင်းလဲ ငါဟု ကောင်းစွာ မြင်သိ ပညာရှိသည်၊ တိဏ္ဏ-သက်ဘမ်း၏နှစ် သင့်အောင်ဆစ်၍ သုံးရစ်ပိုင်းခြား အရွယ်သုံးပါးတို့တွင်၊ အညတရံ ယာမံ-ယုတ်စွဉ့်အဆုံး နောက်ပိတ်တုံးဟု ခေါ်ထုံးအရ ပစ္ဆိမအရွယ်ကို၊ ပဋိဇဂ္ဂေယျ-အပြစ်မနှော စင်းလုံးချောအောင် ဆေးကြော သုတ်သင်ရာသတည်း။

၄၇၅။ တေန ဓမ္မသိရီကေန၊ တမ္မပဏ္ဍိယကေတုနာ။
ထေရေန ရစိတာ ဓမ္မ-ဝိနယညူပသံသိတာ။

၄၇၆။ ဇေတ္ဌာဝတာယံ နိဋ္ဌာနံ၊ ခုဒ္ဒသိက္ခာ ဥပါဂတာ။
ပဥ္စမတ္တေဟိ ဂါထာနံ၊ သတေဟိ ပရိမာဏတောတိ။

၃၇၅။ ဓမ္မသိရီကေန၊ ဓမ္မသိရီ ကိုယ်အမည်ဖြင့် ဂုဏ်ရည်ပို့လေး အနုံမွေးထသော။ တမ္မပဏ္ဍိယကေတုနာ၊ ကျန်းသီဟိုဠ်ဖွဲး သံဃာများ၏ အားထားဘို့ရန် သာသနာ့အောင်လံလည်း ဖြစ်ပေထသော။ တေန ထေရေန၊ သာသနာ့အဓေရး ငါ့အရေးဟု အတွေးဖြင့်ပျော် ထိုဆရာတော် သည်။ ရစိတာ၊ နေ့စဉ်မပန်း အမြဲလန်း၍ ကြိုးပမ်းတည်ထွင် စီရင်အပ်ထ သော။ ဓမ္မဝိနယညူပသံသိတာ၊ ဓမ္မ ဝိနယ ၂-ဌာန၌ ကျနသိမြင် ပညာရှင်တို့ အစဉ်မပြတ် ချီးမွမ်းအပ်ထသော။ အယံ ခုဒ္ဒသိက္ခာ၊ ပိဋကသုံးသွယ် သိက္ခာကျယ်ကို ကျဉ်းငယ်ထုတ်ပြ သမုတ်ရသည့် ခုဒ္ဒသိက္ခာ ဤကျမ်းစာ သည်။ (ဥပဂတာဒ္ဓစပ်။)

၄၇၆။ ဇေတ္ဌာဝတာ၊ အစအဆုံး အဖုံးကမွတ် အပြီးသတ်ငြား ဤအပိုင်း အခြားဟူသော။ ပရိမာဏတော၊ ဤရွေ့ ဤမျှ ဂဏန်းပြဘို့ ပမာဏပိုင်း အတိုင်းအရှည်အားဖြင့်။ ဂါထာနံ၊ ရှစ်သုံးတပါဒ လေးပါဒ တဂါထာ ခေါ်ရာထုံးဟောင်း ဂါထာအပေါင်းတို့၏။ ပဥ္စမတ္တေဟိ သတေဟိ၊ အရကျက်လဲ့ မခက်ခဲဘို့ ဆက်တွဲကုံးသီ ရာငါးလီတို့ဖြင့်။ နိဋ္ဌာနံ၊ ဝန်းကျင်ပတ်ကုံး ကမွတ်ဖုံး၍ နိဂုံးအရောက် ပြီးမြောက်ခြင်းသို့။ ဥပါဂတာ၊ တွင်းပန္နစ်တန် ဘေးရန်မနှောက် မှန်းတိုင်းပေါက်အောင် ကပ်ရောက်ပေပြီတကား၊....ဤတို၊ ဤတွင် ခုဒ္ဒသိက္ခာအပြီးတည်း။ [“ဂါထာငါးရာ” ဟူရာ၌ ၆ ပါဒ ဂါထာ တို့မှ အပို ၂-ပါဒကို ယူ၍ရင်း စုဤကိုယအဖြစ်ဖြင့် ပြဆားအပ်သော ဂဏန်းများနှင့် က-ခ စသည်ကို စာလုံး ၃၂-လုံးလျှင် တစ်ဂါထာဟု ယူ၍ရင်း ရေတွက်ဟန်တူပါသည်။]

ခုဒ္ဒသိက္ခာ အဖွင့် ပြီးပြီ။

ဘာသာဋီကာနိဒါန်း

ကျမ်းပြီးပုံ။ ။ဤကျမ်းစာကို ဝါဆိုပြီးကစ၍ ပို့ချရင်း ရေးသားခဲ့ရာ ပြာသိုလဆန်း ၉-ရက်နေ့၌ ပြီးဆုံးသောကြောင့် ၆-လနီးနီး ကြာပါသည်။ ဤကျမ်းသည် အမျှားသင်ရိုးကျမ်းမဟုတ်သောကြောင့် ရေးသားလိုသော ဆန္ဒမရှိပါ၊ သို့သော် မြောင်းမြဆရာတော်ဘုရားကြီးသည် "ဤကျမ်း၏ ဂုဏ်ကျေးဇူးကို ကျေးဇူးတော်ရင် မဟာဝိသုဒ္ဓါရုံဆရာတော်ကြီး မိန့်တော်မူလေ့ရှိကြောင်း ဤကျမ်းကို အခွင့်ရ၍ ရေးနိုင်လျှင် ကောင်းကြောင်း" ကို မကြာမကြာ မိန့်တော်မူပါသည်၊ ထို့ကြောင့် "မိမိမှာ ဆန္ဒမရှိသော်လည်း ရေးသားမှသာ တာဝန်ကြတော့မည်" ဟု ယူဆ၍ ပို့ချရင်း ရေးသားသောအခါ အဘိဓမ္မာ ၇-ကျမ်းကို အဘိဓမ္မတ္ထသင်္ဂဟကျမ်းက စုံအောင် ခံုးထားသကဲ့သို့ ဝိနည်းငါးကျမ်းလုံးကို အထူးအားဖြင့် မဟာဝဂ် စူဠဝဂ် ခန္ဓက ၂-ပါးကို စုံအောင် ခံုးထားပုံကို ဝမ်းမြောက်စွာ တွေ့ရပါသည်။ ထို့ကြောင့် ပို့ချရင်း ပို့ချရင်း နောင်လာနောက်သားတို့ အရကျက်၍ နှုတ်တက်ဆောင်ဘို့ အလွန်သင့်လျော်သော ကျမ်းငယ်ကလေး ဖြစ်ကြောင်းကို ကိုယ်တိုင်သိရသဖြင့် အားတက်သရော ရေးသားပို့ချခဲ့ရာ ဆုံးခါနီး၌ အကျဉ်းပြထားသော သမထဝိပဿနာ ဘာဝနာတို့ကြောင့် သာသနာ့အရသာ မြိန်ရှက်စွာ စားသုံး၍ နိဂုံးအုပ်နိုင်ပါသည်။

သိဇ္ဈတ္ထ ဘော ဘာသာဋီကာ၊ ဒေသဘာသာယ သခ်္ခတာ။
ဝဏ္ဏနာ ခုဒ္ဒသိက္ခာယ၊ ဂုရုနာ မမ ကတ္ထိတာ။

ခုဒ္ဒသိက္ခာယ၊ ပိဋကဒ္ဝယ-သဒ္ဒသိက္ခာကျယ်ကို ကျဉ်းငယ်ထုတ်ပြ သမုတ်ရသည့် ခုဒ္ဒသိက္ခာ ကျမ်းရှေစာ၏။ ဝဏ္ဏနာ၊ ဖွင့်ကြောင်း ဖွင့်ရာ ဋီကာတမျိုး

ဖြစ်ထသော။ ဒေသဘာသာယ၊ ကိုယ့်နယ်ဒေသ ပြောနေကျသည့် မြန်မာ့ဆိုင်ရာ အမိဘာသာဖြင့်။ သခ်ၤတာ၊ တသန့်တသန့် အကန့်ကန့်လျက် ခဲ့ခဲ့စီရှရီတည်ကြည်စွာ စီရင်အပ်ထသော။ မမ ဂုရုနာ၊ ငါ့ကျေးဇူးရင် ဆရာရှင်ဟု အစဉ်ထင်ရှား ဆရာတော်ဘုရားသည်။ ဣစ္ဆိတာ၊ ဝိနည်းဓိုရ်များ အဆို အားဖြင့် လိုလားလေးမြတ် တောင့်တအပ်ထသော။ ဘာသာဋီကာ၊ ဘာသာဋီကာ အမည်သာသည့် မှီရာသိပ်သည်း နိဿယည်းသည်လည်း။ သိဇ္ဈိတ္ထ ဘော၊ ထောင့်သုံးရာကယ် သုံးဆယ်နှင့်တစ် သကရာဇ်ဆို လပြာသို၏ ခွါညိုလ္ဘမ်းစ ဆန်းနဝမ၌ မှန်းဆသလောက် ပြီးမြောက်ပြန်ပြီတကား။

ယဒိ အညာ ဥပဓ္ဍေထ၊ ဣတောပိ သုခသမ္မတာ။
တထောကာသံ ပဒါနာယ၊ အယံ အန္တရဓာယတံ။

ဣတောပိ၊ အများမှိုးလောက် ခရိုးရောက်၍ ပြီးမြောက်ခဲ့ရာ ဤဘာသာဋီကာထက်လည်း။ သုခသမ္မတာ၊ ကြည့်ရှုပို့ချ လွယ်ကူလှသဖြင့် အားရဘွယ်တောင်း အကောင်းဟု သမုတ်အပ်သော။ အညာ၊ ခုဒ္ဒသိက္ခာ ကျမ်းရှေစာ၏ မှီရာကျစ်လစ် ဋီကာသစ်တမျိုးသည်။ ယဒိ ဥပဓ္ဍေထ၊ ပညာလိုလား နောက် နောက်သားတို့ ကြိုးစားရစ်သော် အကယ်၍ ဖြစ်ပေါ်လာအံ့။ တဿာ၊ ထိုသို့ဖြစ်ရစ် ဋီကာသစ်၏။ ဣကာသံ ပဒါနာယ၊ ထွန်းတောက်တင့်ရေး အခွင့်ပေးခြင်းငှါ။ အယံ၊ လ ပေါင်းမြားမြောက် လွန်အားဆောက်မှ ထွန်းတောက်ထွက်လာ ဤဋီကာသည်။ အန္တရဓာယတံ၊ ရိုးရာမတဲ့ တိုးကာငဲ့၍ ကပ်ဖဲ့မနေ ကွယ်ပျောက်ရစ်ပါစေသတည်း။

သမ္မဒ္ဓေယာမိ ထေရာနံ၊ ယေသာဟံ သမ္မဂ္ဂဟိတော။
သုဝိနီတော ဝိနယေပိ၊ ပတ္တောမှိ ပကတညုတံ။

ယေသံ ထေရာနံ၊ အထက်ဝေဟင် နေအသွင်သို့ မြေပြင် ထင်ရှား အကြင် ဆရာတော်ဘုရားတို့သည်။ သမ္မဂ္ဂဟိတော၊ အထူးစောင့်ရှောက် ချီးမြှောက်

အပ်သော။ အဟံ၊ ငါသည်။ ဝိနယေပိ၊ ဗုဒ္ဓမြတ်စွာ သာသနာ၏ တည်ရာ ကြောင်းမှန် ဝိနည်းကံဥ္စလည်း။ သုဝိနီတော၊ ဆရာမြတ်တို့ ကျင့်အပ်သိပ်သည်း နိဿယည်းကို မှီးဘို့မပြတ် ဆုံးမတော်မူအပ်သည်ဖြစ်၍။ ပကတညူတံ၊ သဘောသကန် ရှေးထုံးစံကို အမှန်သိမြင် ကျမ်းကျင်သူ၏ အဖြစ်သို့။ ပတ္တော+အမို့၊ ခေတ်အလျောက် လေးစားလောက်အောင် မဖောက်မသွေ ရောက်ရပေ၏။ တေသံ ထေရာနံ၊ ကျေးဇူးတော်ရင် ဂုဏ်အင်ကြီးမား ထို ဝိနည်းဓိုရ်ဆရာတော် ဘုရားတို့အား။ သမ္မုဇ္ဇယာမိ၊ ကျမ်းစာရေးသား ကောင်းမှုများဖြင့် လေးစားကော်ရော် ပူဇော်ပါ၏။

ဆရာတော်အများ။ ။မိမိဆရာတော်မျာ းသာ မက ဘုရားရှင်၏သာသ နာတော်မြတ်ကြီးကို မကွယ်မပျောက်အောင် ဆောင်ရွက်တော်မူခဲ့ကြ ယခု လည်း ဆောင်ရွက်တော်မူနေကြပေသော ဆရာတော်များလည်း ရှိကြပေ သေး၏၊ ထိုဆရာတော်များ၏ ကိုယ်ပန်း စိတ်ပန်းနှင့် ချမ်းသာခွင့်မရကြပုံကို အလုံးစုံလောက်အောင်ပင် မြော်မြင်မိပါသည်၊ ထို့ကြောင့်....

ရဇောဟာရော့မို့ ထေရာနံ၊ သာသနံ ယေသမာဘတံ။
ပါဒဋ္ဌိနိ စ သဗ္ဗာနိ၊ သမ္ပဋ္ဌိစ္ဆာမိ မတ္ထကေ။

ယေသံ ထေရာနံ၊ သာသနဒ့ဝန် အားသွန်ကြိုးပမ်း ထမ်းကြပျော်ပျော် အကြင်ဆရာတော်တို့သည်။ သာသနံ၊ ဘခင်ဘုရား တည်ထောင်ထားသည့် အများတွက်တာ သာသနာတော်ကြီးကို။ အာဘတံ၊ ပင်ပန်းသမှု လျစ်လျူ ရှု၍ အမှုပါအောင် ထမ်းဆောင်တော်မူအပ်လေပြီ။ တေသံ ထေရာနံ၊ သားကောင်းပီပီ ဇာနည်စစ်စစ် ရှေးခေတ်ခုပေါ် ထိုဆရာတော်ဘုရား တို့၏။ ရဇောဟာရော၊ ခြေဥ်ကပ်တွယ် မြူမှုန်ပယ်ဘို့ အလွယ်ချိတ်ထား ခြေသုတ်အလားသည်။ အမို့၊ အမှန်စိတ်ထား နှိမ့်သောအားဖြင့် လေးစား လျက်သာ ဖြစ်ရိုးပါတည်း။ သဗ္ဗာနိ၊ ကြွင်းမဲ့ညဿံ အလုံးစုံကုန်သော။ ပါဒဋ္ဌိနိ

စ၊ သာသနာ့ဝန်ဆောင် အခေါင်ထုတ်မြတ် ခြေရိုးဓာတ်တို့ကိုလည်း။
မတ္ထကေ၊ ဆရာ့တံဆိပ် ခြေစုံနှိပ်သည့် ဦးထိပ်ရတနာ မြတ်အင်္ဂါဖြင့်။
သမ္ဗုဒ္ဓိစ္ဆာမိ၊ သရဖူအလား စိတ်ဝယ်ထား၍ လေးစားတမူ ခံယူပါသတည်း။

ဉာဏ် ဝိရိယ။ ။မိမိ၏ သမ္ဗတ္တိစက် ၄-ပါး လည်နေပုံကို ကစ္စည်းဘာသာဋီကာနိဂုံး၌ ပြခဲ့ပါပြီ၊ ထိုသမ္ဗတ္တိစက် ၄-ပါးတွင် ပယောဂသမ္ဗတ္တိဟူသည် ဉာဏ် ဝိရိယပင်တည်း၊ ယခုဘဝ၌ ကောင်းမှုပါရမီဘက်က အချက်ကျအောင် ဉာဏ်ဝိရိယ ထူထောင်လိုက်လျှင် အစဉ်တစိုက် လိုက်ကာ လိုက်ကာ နိဗ္ဗာန်အထိ ထိုသမ္ဗတ္တိစက်တို့ လည်နေကြမည့်အရေးကိုလည်း တွေးမိတိုင်း အားရလှပါသောကြောင့် "ဝိရိယဝတော ကိ နာမ နသိဇ္ဈတိ၊ ဝိရိယအား ကြီးမားပြင်းပြသူမှာ မပြီးနိုင်သော အရာမရှိ၊ အားလုံးပင် ပြီးစီးရမည်သာ" ဟူသော အမိန့်တော်ကို ဦးထိပ်ထားသူ ဖြစ်သည်အားလျော်စွာ မိမိ၏ သဒ္ဓါ ပညာ ဝိရိယ သတိ သမာဓိ ဟူသော ဗိုလ်ချုပ်တရား ငါးပါးတို့သည် သမ္ဗတ္တိ စက်ခေါင်း ၄-ခုတပ်ထားသော ခန္ဓာအစဉ် မဂ္ဂင်ယာဉ်ကို နိဗ္ဗာနဓာတ် တဘက်ကမ်းကပ်အောင် မပြတ်အုပ်စီးလျက် အပြီးတိုင်လည်စေနိုင်ဘို့ရာ ဉာဏ်နှင့် တကွ ဝိရိယကို အဆင့်ဆင့် ထူထောင်ပါအံ့သတည်း။

စတုစက္ကံ ဝတ္တိယာန၊ ယာနံ ဗလပရိဂ္ဂဟံ။
ယာနဿ အမတံ ပါရံ၊ ကဿံ ပုရိသကာရိယံ။

စတုစက္ကံ၊ သမ္ဗတ္တိစက် ၄-ချက်စုပေါင်း စက်ခေါင်း ၄-ခုရှိထသော။ ဗလ-ပရိဂ္ဂဟံ၊ ရန်ပေါင်းခွင်းဖြို ငါးဦးဗိုလ်တို့, ကိုယ်စီစောင့်ကြပ် အုပ်ချုပ်အပ်ထသော။ ယာနံ၊ အသွားလျင်လျင် အများတင်လည်း အားအင်ခိုင်ဖြိုး မဂ္ဂင်တည်းဟူသော ယာဉ်ပို့တော်ကြီးကို။ ဝတ္တိယာန၊ မတိမ်းမစောင်း လည်စေကြောင်းဖြင့် ကောင်းစွာအစဉ် မောင်းကာနှင်၍။ အမတံ ပါရံ၊ ဤဘက်မှာနေ အားလုံးသေလျက် ဟိုပြေရောက်မှ ဘေးကင်းရမည့် အမတခေါ် နေပြည်

တော်သို့။ ယာနဘယ၊ ကိလေသာဟူ ရန်သူပစ်ဖောက် ဗုံးအမြောက်တို့ မကြောက်မနား အရောက်သွားခြင်းငှါ။ ပုရိသကာရိယံ၊ ယောကျွန်းမှုန်က ပြုရဲရမည့် ကမ္မဉ့်လက်ရိုး လုံ့လမျိုးကို။ ကဿံ၊ ငါးဦးဗိုလ်ချုပ် အဖော်လုပ်၍ မဆုတ်ရစေ ···ပြုလုပ်ပေအံ့သတည်း။

ခုဒ္ဒသိက္ခာ ဘာသာဋီကာ ပြီးပြီ။

ပ-မ-ဗ-သ-စ—၁၅၁၆—JJ-J-2၃—J၀၀၀။

အဂ္ဂမဟာပဏ္ဍိတ

အရှင်ဇနကာဘိဝံသဆရာတော် ရေးသော စာအုပ်များ

၁။ ရတနာဂုဏ်ရည်
၂။ အခြေပြုသဒ္ဒါ
၃။ အခြေပြုသဒ္ဒါ
၄။ သဒ္ဒါဘာသာဋီကာ
၅။ ဝိထီနှင့် ၃-ချက်စုဘာသာဋီကာ
၆။ ကိုယ်ကျင့် အဘိဓမ္မာ
၇။ ပါတိမောက် ဘာသာဋီကာ
၈။ ရူပသိဒ္ဓိ ဘာသာဋီကာ (ပ-ဒု)
၉။ ကစ္စည်း ဘာသာဋီကာ (ပ-ဒု)
၁၀။ အနာဂတ် သာသနာရေး
၁၁။ ရုပ်ပုံ ရှင်ကျင့်ဝတ်
၁၂။ အခြေပြု မင်္ဂလသုတ်
၁၃။ ဇြဟ္မဇာလသုတ် မြန်မာပြန်
၁၄။ သာမညဖလသုတ် မြန်မာပြန်
၁၅။ ဗုဒ္ဓဝင် အမေးအဖြေ
၁၆။ မူလတန်းသဒ္ဒါနှင့် အမေးအဖြေ
၁၇။ ကခ်ီ ဘာသာဋီကာ (ပ-ဒု)
၁၈။ အလင်္ကာရ ဘာသာဋီကာ
၁၉။ ဘုရား ဥပဒေတော်ကြီး
၂၀။ ဘာသာသွေး
၂၁။ ပါရာဇိကဏ် ဘာသာဋီကာ
၂၂။ သဒ္ဒတ္ထဘေဒစိန္တာ ဘာသာဋီကာ
၂၃။ ကစ္စာယနသာရ ဘာသာဋီကာ
၂၄။ ဋီကာကျော် နိဿယ
၂၅။ (က) မူလတန်း ဘာသာရေး
(ခ) ပါစိတ် ဘာသာဋီကာ
၂၆။ မယာဝါ ဘာသာဋီကာ
၂၇။ အဋ္ဌသာလိနီ ဘာသာဋီကာနှင့် မူလဋီကာနိဿယ (ပ-ဒု-တ-စ)
၂၈။ သီလက္ခန် ဘာသာဋီကာ (ပ-ဒု-တ)
၂၉။
၃၀။ ခုဒ္ဒသိက္ခာ ဘာသာဋီကာ
၃၁။ ပရိဝါရ ဘာသာဋီကာ

အဂ္ဂမဟာပဏ္ဍိတ

အရှင်ဇနကာဘိဝံသဆရာတော် ရေးသော စာအုပ်များ

၁။ ရတနာဂုဏ်ရည်
၂။ အခြေပြုသဒ္ဒါ
၃။ သဒ္ဒါဘာသာဋီကာ
၄။ ဝိထိနှင့် ၃-ချက်စုဘာသာဋီကာ
၅။ ကိုယ်ကျင့် အာဘိဓမ္မာ
၆။ ပါတိမောက် ဘာသာဋီကာ
၇။ ရူပသိဒ္ဓိ ဘာသာဋီကာ (ပ-ဒု)
၈။ ကစ္စည်း ဘာသာဋီကာ (ပ-ဒု)
၁၀။ အနာဂတ် သာသနာရေး
၁၁။ ရုပ်ပုံ ရှင်ကျင့်ဝတ်
၁၂။ အခြေပြု မင်္ဂလသုတ်
၁၃။ ဗြဟ္မဇာလသုတ် မြန်မာပြန်
၁၄။ သာမညဖလသုတ် မြန်မာပြန်
၁၅။ ဗုဒ္ဓဝင် အမေးအဖြေ
၁၆။ မူလတန်းသဒ္ဒါနှင့် အမေးအဖြေ
၁၇။ ကင်္ခါဘာသာဋီကာ (ပ-ဒု)
၁၈။ အလင်္ကာရ ဘာသာဋီကာ
၁၉။ ဘုရား ဥပဒေတော်ကြီး
၂၀။ ဘာသာသွေး
၂၁။ ပါရာဇိကဏ် ဘာသာဋီကာ
၂၂။ သဒ္ဒတ္ထဘေဒစိန္တာ ဘာသာဋီကာ
၂၃။ ကစ္စာယနသာရ ဘာသာဋီကာ
၂၄။ ဋီကာကျော် နိဿယ
၂၅။ (က) မူလတန်း ဘာသာရေး
(ခ) ပါစိတ် ဘာသာဋီကာ
၂၆။ မဟာဝါ ဘာသာဋီကာ
၂၇။ အဋ္ဌသာလိနီ ဘာသာဋီကာနှင့် မူလဋီကာနိဿယ (ပ-ဒု-တ-စ)
၂၈။ သီလက္ခန် ဘာသာဋီကာ (ပ-ဒု-တ)
၂၉။ ဘာသာရေးပြဿနာများအဖြေနှင့် စစ်တပ်တရားတော်
၃၀။ ခုဒ္ဒသိက္ခာ ဘာသာဋီကာ
၃၁။ ပရိဝါရ ဘာသာဋီကာ